www.burmeseclassic.com

ဗုဒ္ဓအလိုတော်ကျ

BURMESE CLASSIC .com

# ကျင့်သုံးနေထိုင်နည်း

(ဒုတိယတွဲ)

အရှင်ကုမာရ
ပြုစုသည်

သာသနာသက္ကရာဇ် ၂၅၃၉
မြန်မာသက္ကရာဇ် ၁၃၅၇
ခရစ်သက္ကရာဇ် ၁၉၉၅

www.burmeseclassic.com

www.burmeseclassic.com

# နိဒါန်း

ဤဗုဒ္ဓအလိုတော်ကျ ကျင့်သုံးနေထိုင်နည်း ဒုတိယတွဲတွင်— ၁–လူသားတွေရဲ့ တာဝန်, ၂–ခုရောနောင်ပါ ချမ်းသာရေး, ၃–ကံအကြောင်း သိကောင်းစရာအားဖြင့် အပိုင်း ၃–ပိုင်း ပါဝင်နေပါသည်။

၁။ လောကလူသား–ဟူသည်မှာ ပတ်ဝန်းကျင် အသိုင်းအဝိုင်းထဲမှာ တာဝန် ကိုယ်စီဖြင့် လှုပ်ရှားသွားလာ ပြုမူလုပ်ကိုင်နေရသော သက်ရှိသတ္တဝါ တစ်မျိုးပင် ဖြစ်ပါသည်။

BURMESE CLASSIC .com

ယင်းပတ်ဝန်းကျင် အသိုင်းအဝိုင်းထဲမှာ ၁။ သားသမီးနှင့်မိဘများလည်း ပါဝင်သည်၊ ၂။ တပည့်နှင့်ဆရာလည်း ပါဝင်သည်၊ ၃။ လင်နှင့်မယားလည်း ပါဝင်သည်၊ ၄။ သူငယ်ချင်းနှင့်မိတ်ဆွေလည်း ပါဝင်သည်၊ ၅။ အလုပ်ရှင်နှင့် အလုပ်သမားလည်း ပါဝင်သည်၊ ၆။ ဒကာ ဒကာမနှင့် ရဟန်းသံဃာလည်း ပါဝင်သည်၊ ဤသို့ အုပ်စု ၆–မျိုး ပါဝင်နေကြသည်။

ဤအုပ်စု ၆–မျိုး၌ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်က အခိုက်အတန့်အားလျော်စွာ သားသမီးလည်း ဖြစ်နိုင်သည်၊ မိဘလည်း ဖြစ်နိုင်သည်၊ တပည့်လည်း ဖြစ်နိုင်သည်၊ ဆရာလည်း ဖြစ်နိုင်သည်၊ အမျိုးသားဖြစ်က လင်လည်း ဖြစ်နိုင်သည်၊ အမျိုးသမီး ဖြစ်က မယားလည်း ဖြစ်နိုင်သည်၊ သူငယ်ချင်းလည်း ဖြစ်နိုင်သည်၊ မိတ်ဆွေလည်း ဖြစ်နိုင်သည်၊ အလုပ်ရှင်လည်း ဖြစ်နိုင်သည်၊ အလုပ်သမားလည်း ဖြစ်နိုင်သည်၊ ဒကာ ဒကာမလည်း ဖြစ်နိုင်သည်၊ ရဟန်းသံဃာလည်း ဖြစ်နိုင်သည်။

သို့ဖြစ်သည်အားလျော်စွာ သားသမီးဖြစ်ခိုက် အမေအဖေများ၏အပေါ်မှာ ပြုလုပ်ရမည့် သားသမီးတာဝန်ကို ထမ်းဆောင်ရမည်၊ အမေအဖေဖြစ်ခိုက် သား သမီးများအပေါ်မှာ ပြုလုပ်ရမည့် အမေအဖေ့တာဝန်ကို ထမ်းဆောင်ရမည်၊ တပည့်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ခိုက် ဆရာအပေါ်မှာ ပြုလုပ်မည့် တပည့်တာဝန်ကို ထမ်းဆောင်ရမည်၊ ဆရာဖြစ်ခိုက် တပည့်အပေါ်မှာ ပြုလုပ်ရမည့် ဆရာ့တာဝန်ကို ထမ်းဆောင်ရမည်၊ လင်ဖြစ်ခိုက် မယားအပေါ်မှာ ပြုလုပ်ရမည့် လင့်တာဝန်ကို ထမ်းဆောင်ရမည်၊ မယားဖြစ်ခိုက် လင့်အပေါ်မှာပြုလုပ်ရမည့် မယားတာဝန်ကို ထမ်းဆောင်ရမယ်၊ သူငယ်ချင်းဖြစ်ခိုက် မိတ်ဆွေအပေါ်မှာ ပြုလုပ်ရမည့် သူငယ်ချင်းတာဝန်ကို ထမ်းဆောင်ရမည်၊ မိတ်ဆွေဖြစ်ခိုက် သူငယ်ချင်းအပေါ်မှာ ပြုလုပ်ရမည့် မိတ်ဆွေ့တာဝန်ကို ထမ်းဆောင်ရမည်၊ အလုပ်ရှင်ဖြစ်ခိုက် အလုပ်သမားအပေါ်မှာ ပြုလုပ်ရမည့် အလုပ်ရှင့်တာဝန်ကို ထမ်းဆောင်ရမည်၊ အလုပ်သမားဖြစ်ခိုက် အလုပ်ရှင်အပေါ်မှာ ပြုလုပ်ရမည့် အလုပ်သမားတာဝန်ကို ထမ်းဆောင်ရမည်၊ ဒကာ ဒကာမဖြစ်ခိုက် ရဟန်းသံဃာ့အပေါ်မှာ ပြုလုပ်ရမည့် ဒကာ ဒကာမ၏တာဝန်ကို ထမ်းဆောင်ရမည်၊ ရဟန်းသံဃာဖြစ်ခိုက် ဒကာ ဒကာမများ၏အပေါ်မှာ ပြုလုပ်ရမည့် ရဟန်းသံဃာ၏တာဝန်များကို ထမ်းဆောင်ရမည်။

BURMESE CLASSIC .com

ဤသို့လျှင် လူပုဂ္ဂိုလ်အသီးသီးတို့က ထမ်းဆောင်ရမည့်, ပြုလုပ်ရမည့် တာဝန်တွေကို ထမ်းဆောင်ပြုလုပ်ကြပြီး ရှောင်ကြဉ်ရမည့်တာဝန်တွေကို ရှောင်ကြဉ်ကြပါလျှင် ဤလူ့လောကကြီးတစ်ခုလုံးက သာယာချမ်းမြေ့ ပျော်မွေ့စရာကောင်းသော လူ့လောက, စိတ်ဓာတ်ကြည်လင် နေချင်စရာကောင်းသော လူ့လောကကြီး ဖြစ်လာပါလိမ့်မည်။

ယခုအခါမှာမူ အလွှာအသီးသီးမှာ ပါဝင်နေကြတဲ့ လူပုဂ္ဂိုလ်များက အများအားဖြင့် တာဝန်ပျက်ကွက်နေကြတဲ့အတွက် သားသမီးနှင့်မိဘဆက်ဆံရေးလည်း အဆင်မပြေလှပါ၊ ဆရာတပည့်ဆက်ဆံရေးလည်း အဆင်မပြေလှပါ၊ လင်မယားဆက်ဆံရေးလည်း အဆင်မပြေလှပါ၊ သူငယ်ချင်းမိတ်ဆွေဆက်ဆံရေးလည်း အဆင်မပြေလှပါ၊ အလုပ်ရှင်အလုပ်သမားဆက်ဆံရေးလည်း အဆင်မပြေလှပါ၊ ဒကာဒကာမနှင့်ရဟန်းသံဃာဆက်ဆံရေးလည်း အဆင်မပြေလှပါ၊ အကုန်လုံးလိုလိုကစဉ့်ကရဲ ကမောက်ကမ ဖြစ်နေကြပါသည်။

အများအားဖြင့် ယခုခေတ်လူငယ်များသည် အမိအဘများကိုလည်း မရိုသေကြပါ၊ မလေးစားကြပါ၊ အစ်ကို,အစ်မ–စသူများကိုလည်း မရိုသေကြပါ၊ မလေးစားကြပါ၊ လူကြီးသူမများကိုလည်း မရိုသေကြပါ၊ မလေးစားကြပါ၊ ဆရာသမားများကိုလည်း မရိုသေကြပါ၊ မလေးစားကြပါ၊ ရဟန်းသံဃာများကိုလည်း မရိုသေကြပါ၊ မလေးစားကြပါ၊ မကောင်းသောအလုပ်ကို လုပ်ရန်လည်း ဝန်မလေးကြပါ၊ မကောင်း

www.burmeseclassic.com

www.burmeseclassic.com


သောသူများနှင့်ပေါင်းသင်းရန်လည်း ဝန်မလေးကြတော့ပါ၊ အမိအဘ, ဆရာသမား–စသူများ၏ အဆုံးအမကိုလည်း နားမထောင်ကြတော့ပါ၊ သို့ဖြင့် လောင်းကစားသမားတွေ, အရက်သမားတွေ, ဘိန်းဖြူစွဲသူတွေ ဖြစ်နေကြပါသည်၊ အုပ်စုဖွဲ့ပြီး မြို့ထဲ,ရွာထဲမှာ သောင်းကျန်းမှုမျိုးစုံဖြင့် သောင်းကျန်းနေကြပါတော့သည်။

ဤသို့ အမိမြန်မာပြည်၏ သားကောင်းရတနာတွေ, သမီးကောင်းရတနာတွေ အများအပြား ပျက်စီးနေကြရသည်မှာ လူငယ်များ၏အပြစ်ချည်း ဟုတ်မည်မထင်ပါ၊ အုပ်ထိန်းသူ မိဘများနှင့် ဆရာသမားများ၏ အပြစ်လည်း ပါသင့်သလောက် ပါနေလိမ့်မည် ထင်ပါသည်၊ ဆိုခဲ့ပြီးသည့်အတိုင်း သားသမီးများနှင့်မိဘအုပ်စု–မျှသာ မဟုတ်သေးပါ၊ အခြားဆရာ,တပည့်–စသော အုပ်စုများမှာလည်း အလားတူ တာဝန်မကျေမှုအပြစ်တွေ အများအပြား ရှိနေပါလိမ့်မည်။

ယင်းသို့ တာဝန်မကျေခြင်းမှာလည်း တာဝန်ကို မသိနားမလည်သည့်အတွက်လည်း ဖြစ်နိုင်ပါသည်၊ တာဝန်ကို သိနားလည်စေကာမူ မလိုက်နာ မလုပ်ကိုင်လို့တဲ့အတွက်လည်း ဖြစ်နိုင်ပါသည်၊ ယင်း ၂–မျိုးအနက် သိလျက်သားနဲ့ မလိုက်နာ မလုပ်ကိုင်လိုသူတွေကိုတော့ အထူးစဉ်းစားနေစရာ မလိုတော့ပါ၊ မသိနားမလည်လို့ တာဝန်မကျေသူများအတွက်မူ သိနားလည်အောင် လုပ်ပေးရမည့်တာဝန် ရှိနေသည်ဟု ယူဆပါသည်။

သို့ဖြစ်သည်အားလျော်စွာ သိင်္ဂါလသုတ်ကို အခြေခံထားပြီး "လူသားတွေရဲ့ တာဝန်" ဟူသောအပိုင်းကို စာမျက်နှာ ၅–မှ ၁၀၉–အထိ ရေးသားတင်ပြထားပါသည်၊ ယင်းလူသားတွေရဲ့တာဝန်ကို ရှောင်တာဝန်ပိုင်း, ဆောင်တာဝန်ပိုင်း–ဟု ၂–ပိုင်းခွဲထားပါသေးသည်၊ ထို့ပြင် ကလေးသူငယ်များပါ စိတ်ပါဝင်စားမှုရှိအောင် သင်တန်းပြသည့်သဘောဖြင့် တင်ပြထားပါသည်။

၂။ လူသားတွေရဲ့ တာဝန်ထဲမှာ စီးပွားရေးနှင့် ပတ်သက်တာတွေလည်း ပါဝင်နေပါသည်၊ လူသားလို့ဖြစ်လာရင် စီးပွားရေးကို ရှောင်လွှဲလို့ မရပါ၊ တစ်နည်းနည်းဖြင့် (တစ်နည်းမဟုတ် တစ်နည်းဖြင့်) လုပ်ကြရမည်သာ ဧကန်ဖြစ်ပါသည်။

ယင်းသို့ စီးပွားရေးကို လုပ်သည့်အခါမှာ မရသေးသောပစ္စည်းဥစ္စာကိုရနိုင်, ရပြီးသောပစ္စည်းဥစ္စာကိုတိုးပွားအောင်လုပ်နိုင်သည့်အပြင် အပြစ်ရှိမှု,မရှိမှုကို ဝေဖန်သိမြင်နိုင်သော အသိဉာဏ်မျိုး မရှိလျှင် မဖြစ်ပါ၊ ယင်းအသိဉာဏ်မျိုး မိမိသန္တာန်မှာ ရှိလာအောင် လက်ဦးဆုံး ထူထောင်ပေးရပါမည်၊ ထို့နောက် လူတိုင်းအလိုရှိ၍ ဖို့

www.burmeseclassic.com

www.burmeseclassic.com


မလွယ်သော ချမ်းသာ ၄–ပါးကို ရနိုင်ခြင်း၏ အကြောင်း ၄–ပါးကိုလည်း ပြုလုပ်ပေးရမည်၊ ထို့ပြင် ပရိသတ်ကို စုစည်းရေး၊ အဂတိတရား မလိုက်စားရေး၊ အလုပ်ရှင် အလုပ်သမားဆက်ဆံရေး၊ လူဆိုးလူကောင်း အကဲခတ်နည်းတို့ကိုလည်း သိထားရမည်သာ ဖြစ်ပါသည်၊ ထို့နောက် သမ္ပရာယိကစက် ၄–ပါး အဆက်မပြတ် လည်နေအောင် ဘယ်လိုလုပ်မှ ခုရော–နောင်ပါချမ်းသာနိုင်ကြောင်းကို အလေးအနက်ထားကာ လိုက်နာပြုကျင့်ရပါမည်။

ဤသည်တို့ကို အခြေခံထားကာ လိုက်နာပြုကျင့်မှ ပစ္စည်းဥစ္စာ ရှာဖွေစုဆောင်းသူများ ယခုပစ္စုပ္ပန်ဘဝမှာချမ်းသာပြီး နောင်တမလွန်ဘဝမှာလည်း သာယာဖွယ်ရာရှိပါသည်၊ သို့ဖြစ်သည်အားလျော်စွာ "ခုရောနောင်ပါ ချမ်းသာရေး"အပိုင်းကို စာမျက်နှာ ၁၁၀–မှ ၁၉၂–အထိ သက်ဆိုင်ရာ သုတ်များကို အခြေခံထားကာ တင်ပြထားပါသည်။

၃။ ဗုဒ္ဓဘာသာဝင် ရှင်လူအများတို့က ကံကိုယုံကြည်ကြသည်၊ ကံကိုအားကိုးအားထားပြုကြသည်၊ မိမိတို့ ယခုခံစားနေရသော ချမ်းသာ,ဆင်းရဲများမှာ ကံကပင် ပဋိသန္ဓေတည်လာသည်၊ ကံကြောင့်ပင် ဖြစ်လာရသည်၊ ကောင်းသော အလုပ်ကိုလုပ်က ကောင်းသောအကျိုးကို ခံစားရမည်၊ မကောင်းသောအလုပ်ကို လုပ်က မကောင်းသော အကျိုးကို ခံစားရမည်၊ အများအားဖြင့် ရှေးဘဝက ကောင်းသောအလုပ်ကို လုပ်ခဲ့သူတွေက ယခုဘဝမှာချမ်းသာနေကြသည်၊ ယခုဘဝက ကောင်းသောအလုပ်ကိုလုပ်လျှင် နောင်ဘဝမှာ ချမ်းသာမည်၊ မကောင်းသော အလုပ်ကိုလုပ်လျှင် နောင်ဘဝမှာ ဆင်းရဲဒုက္ခရောက်မည်၊ ဤသို့သဘောထားကြပြီး ဗုဒ္ဓဘာသာဝင် ရှင်လူအများတို့က အလှူဒါနကိုလည်း ပေးလှူကြသည်၊ သီလကိုလည်း စောင့်ထိန်းကြသည်၊ ဥပုသ်လည်း စောင့်ကြသည်၊ သမထဝိပဿနာ ဘာဝနာများကိုလည်း ပွားများအားထုတ်ကြသည်။

သို့သော် ကံ၏သဘောကို တကယ်နားလည်ကြရဲ့လား ?–လို့ တီးခေါက်ကြည့်ပါက လူတစ်ရာမှာ ကိုးဆယ့်ကိုးယောက်လောက် (သို့မဟုတ်) ကိုးဆယ့်ကိုးယောက်သာသာ နားမလည်ကြောင်းကို တွေ့ကြရပါလိမ့်မည်။

မည်သို့ပင်ဖြစ်စေကာမူ ဗုဒ္ဓဘာသာဝင်ဖြစ်သူတိုင်း ကံ၏သဘောကို သေရေး, ရှင်ရေးမက နားလည်သင့်လှသည်မှာ အမှန်ပင်ဖြစ်ပါသည်၊ သို့ဖြစ်စေကာမူ ယင်းကံအကြောင်းများသည် အရပ်သူ,အရပ်သားများ လက်လှမ်းမီသော စာပေထဲမှာ အပြည့်အဝ မရှိပါ၊ အထက်နိကာယ်ကျမ်းစာများမှာသာ အပြည့်အဝ ရှိနေပါသည်၊

www.burmeseclassic.com

www.burmeseclassic.com



ဓမ္မကထိကဆရာတော်များကလည်း အဟောခက်, အမှတ်ခက်သော အကြောင်းအရာများ ဖြစ်သည်–ဟု သဘောထားပြီး အပြည့်အစ ဟောပြတော်မမူကြပါ။

ထို့ကြောင့် လူတိုင်းလေ့လာနိုင်အောင် "ကံအကြောင်း သိကောင်းစရာ" အပိုင်းကို စာမျက်နှာ ၁၉၃–မှ ၃၆၈–အထိ ပြည့်ဝစုံလင်စွာ တင်ပြထားပါသည်။

ယင်း "ကံအကြောင်း သိကောင်းစရာ"အပိုင်း၌ ရှေးဦးစွာ အခြေခံရအောင် အဘိဓမ္မတ္ထသင်္ဂဟကျမ်း ကမ္မစတုက္ကကို ဖွင့်ပြထားပါသည်၊ ထို့နောက် သုတ္တန်ပိဋကတ်က ကံ ၁၁–ပါးကို စူဠကမ္မဝိဘင်္ဂသုတ်, နိဒါနသုတ်တို့ကို အခြေခံထားကာ ဖွင့်ပြထားပါသည်၊ ထို့ပြင် အဘိဓမ္မာပိဋကတ်လာ ကံ ၁၆–ပါးနှင့် ပဋိသမ္ဘိဒါမဂ်ပါဠိတော်နည်းအရ ကံ ၁၂–ပါးတို့ကို သက်ဆိုင်ရာ ပါဠိတော်,အဋ္ဌကထာ, ဋီကာများကို အခြေခံထား၍ ဖွင့်ပြထားပါသည်၊ အဆုံးမှာ မဟာကမ္မဝိဘင်္ဂသုတ်, မလ္လိကာဒေဝီသုတ်–စသည်တို့ကို အခြေခံထား၍ ကံအကြောင်းနှင့် သက်ဆိုင်သမျှကို ဖွင့်ပြထားပါသည်။

ဤမျှဖြင့်ပင် ဤဗုဒ္ဓအလိုတော်ကျ ကျင့်သုံးနေထိုင်နည်းဒုတိယတွဲနှင့် စပ်လျဉ်း၍ ကြိုတင်သိထားစရာ အချက်အလက်များ ပြည့်စုံလုံလောက်ပြီ–ဟု ယူဆပါသည်။

ရေးသားတင်ပြထားရာ၌ ချွတ်ချော်လွဲမှားချက် တွေ့ရှိပါက စာရေးသူ၏ တာဝန်သာ ဖြစ်ပါသည်၊ မည်သည့်နေရာမှာ ချွတ်ချော်လွဲမှားနေကြောင်းကို လူကိုယ်တိုင် လာရောက်၍လည်း ညွှန်ကြားနိုင်ပါသည်၊ ရပ်ဝေးမှဖြစ်ပါက စာဖြင့်လည်း ညွှန်ကြားနိုင်ပါသည်၊ အထူးကျေးဇူးတင်စွာဖြင့် လက်ခံပြုပြင်သွားပါမည့်အကြောင်းကိုလည်း ပန်ကြားအပ်ပါသည်။

အရှင်ကုမာရ
သာသနာ့ဝန်ဆောင်ကျောင်းတိုက်
မှော်ဘီ၊ ရန်ကုန်
၁၃၅၇–ခုနှစ်၊ ဝါဆိုလ

www.burmeseclassic.com

www.burmeseclassic.com

# ဗုဒ္ဓအလိုတော်ကျ

# ကျင့်သုံးနေထိုင်နည်း (ဒုတိယတွဲ)

## မာတိကာ


| နံပါတ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | နိဒါန်း | (က) |
| | ဝါသနာတူ ဖနီးမောင်နှံ .... .... .... | ၁ |
| | သင်တန်းပေးရန် လျှောက်တောင်းပန် .... .... | ၁ |
| | ယဉ်ကျေးမှုသင်တန်း .... .... .... | ၄ |
| | ဘုရားဂုဏ်တော် ၉-ပါး .... .... .... | ၄ |
| | တရားဂုဏ်တော် ၆-ပါး .... .... .... | ၅ |
| | သံဃာ့ဂုဏ်တော် ၉-ပါး .... .... .... | ၅ |
| ၁။ | လူသားတွေရဲ့တာဝန် .... | ၅ |
| | ဥယျောဇဉ် .... .... .... | ၅ |
| | အကျဉ်းဥဒ္ဒေသ .... .... .... | ၆ |
| | အကျယ်ဝိတ္ထာရ .... .... .... | ၇ |
| | ရှောင်တာဝန်ပိုင်း .... | ၇ |
| | ညစ်ညူးကြောင်း ကံ ၄-ပါး .... .... | ၇ |
| | သူ့သက်သတ်မှု .... .... .... | ၈ |
| | သူ့ဥစ္စာခိုးမှု .... .... .... | ၁၀ |
| | မိစ္ဆာစာရ .... .... .... | ၁၁ |
| | ကုန်းတိုက်လှုည့်ပတ်တတ်တဲ့ တရားသူကြီး.... .... | ၁၂ |
| | ပုဏ္ဏား ၅-ယောက်နှင့် ကံ ၅-ပါး .... .... | ၁၄ |
| | အကြောင်း ၄-ပါး .... .... .... | ၁၅ |
| | ရှင်းလင်းချက် .... .... .... | ၁၆ |
| | လာဘ်စားကြသော တရားသူကြီးများ .... .... | ၁၇ |


www.burmeseclassic.com

www.burmeseclassic.com




| နံပါတ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | ချွတ်ချွတ်ယွင်းယွင်းဆုံးဖြတ်သူ .... | ၁၈ |
| | လာဘ်ယူစားတတ် နှာခေါင်းပြတ် .... .... | ၁၉ |
| | ခိုကိုးရာမဲ့သော ကောသလမင်း .... .... | ၂၀ |
| | မှန်မှန်ကန်ကန် တရားဆုံးဖြတ်ခြင်းအကျိုး .... .... | ၂၅ |
| | စည်းစိမ်ပျက်ကြောင်း ၆-ပါး .... .... | ၂၆ |
| | သေရည်အရက်သောက်စားခြင်းအပြစ် ၆-ပါး .... | ၂၇ |
| | လူကိုဖျက် အရက် .... .... .... | ၂၈ |
| | အရက်သမားကို သိကြားမကယ်နိုင် .... .... | ၂၉ |
| | အချိန်မတော်သွားလာခြင်းအပြစ် ၆-ပါး .... .... | ၃၀ |
| | ပွဲလမ်းသဘင်ကြည့်ရှုခြင်းအပြစ် ၆-ပါး .... .... | ၃၂ |
| | လောင်းကစားခြင်းအပြစ် ၆-ပါး .... .... | ၃၃ |
| | မကောင်းသောအဆွေခင်ပွန်းတို့နှင့် ပေါင်းသင်းခြင်းအပြစ် ၆-ပါး | ၃၄ |
| | ပြိတ္တာဖြစ်ရသော အိမ်ထောင်စု .... .... | ၃၅ |
| | ပျင်းရိခြင်းအပြစ် ၆-ပါး .... .... .... | ၃၆ |
| | မိတ်ဆွေတု၊ မိတ်ဆွေစစ် .... .... .... | ၃၇ |
| | လူကိုဖျက်ဆီးတတ်သောအကြောင်း ၆-ပါး .... | ၃၈ |
| | စီးပွားချမ်းသာ ဆုတ်ယုတ်ကြောင်း .... .... | ၃၈ |
| | ပစ္စုပ်တမလွန် နှစ်တန်လုံးမှာ ပျက်စီးသူ .... .... | ၃၈ |
| | လူကိုဖျက်ဆီးတတ်သောအကြောင်း ၈-မျိုး .... | ၃၉ |
| | ကြွေးပင်လယ်မြုပ် ကိုယစ်ထုပ် .... .... | ၃၉ |
| | အိမ်ထောင်မထိန်းနိုင်သူများ .... .... .... | ၄၀ |
| | အကျိုးစီးပွားရဲ့နောက်မှာ ကျန်နေသူ .... .... | ၄၀ |
| | စီးပွားချမ်းသာကို အရအမိ သိမ်းပိုက်နိုင်သူ .... | ၄၀ |
| | မိတ်ဆွေတု .... .... .... | ၄၁ |
| | မကောင်းသူနှင့်ပေါင်းသင်းခြင်းအပြစ် .... .... | ၄၂ |
| | ယူရုံသာ ယူတတ်သူ -၄ .... .... .... | ၄၃ |
| | ကျေးဇူးမသိတတ်သူ .... .... .... | ၄၆ |
| | နှုတ်ဖြင့်သာပေးသူ -၄ .... .... .... | ၄၈ |
| | အကြိုက်ကိုလိုက်လို့ ပြောတတ်သူ .... .... | ၄၉ |
| | ပစ္စည်းဥစ္စာပျက်စီးကြောင်းမှာအဖော်ဖြစ်သူ -၄ .... | ၅၀ |
| | မိတ်ဆွေတုနိဂုံး .... .... .... | ၅၁ |


www.burmeseclassic.com

www.burmeseclassic.com



| နံပါတ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|

ဆောင်တာဝန်ပိုင်း


| | | |
|---|---|---|
| မိတ်ဆွေစစ် | .... .... .... | ၅၁ |
| ၁။ ကျေးဇူးသိတတ်သူ –၄ | .... .... .... | ၅၂ |
| မိတ်ဆွေကောင်း ကိုဆိုးပေ | .... .... .... | ၅၃ |
| ၂။ တူမျှတဲ့ချမ်းသာဆင်းရဲရှိသူ | .... .... | ၅၅ |
| လျှို့ဝှက်ချက်ကို မပြောရ | .... .... .... | ၅၅ |
| ၃။ အကျိုးစီးပွားကို ပြောကြားတတ်သူ –၄ | .... | ၅၇ |
| ၄။ အစဉ်သနားစောင့်ရှောက်တတ်သူ –၄ | .... .... | ၅၈ |
| မိတ်ဆွေတု, စစ် ၁၆–စီ | .... .... .... | ၅၉ |
| သခ်သူဌေးနှင့် ပိဋ္ဌိယသူဌေး | .... .... .... | ၆၁ |
| မိတ်ဆွေပြစ်မှား ပြစ်ကြီးမား | .... .... .... | ၆၅ |
| မိတ်ဆွေစစ်နိဂုံး | .... .... .... | ၆၆ |
| သားမိပမာ ချဉ်းကပ်ရာ | .... .... .... | ၆၆ |
| တရားသဖြင့် ပစ္စည်းဥစ္စာ စုဆောင်းနည်း | .... .... | ၆၇ |
| ပစ္စည်းဥစ္စာသုံးစွဲနည်း | .... .... .... | ၆၇ |
| အုပ်စု ၆–မျိုးနှင့် တာဝန်များ | .... .... | ၆၈ |
| သားသမီးတွေရဲ့ တာဝန် –၅ | .... .... | ၆၉ |
| အဖေအတွက် ဓိဝဘတ်အလှူ | .... .... .... | ၇၀ |
| မိအို,ဘအိုကို လုပ်ကျွေးရကျိုး | .... .... | ၇၃ |
| မိဘတွေရဲ့ တာဝန် –၅ | .... .... .... | ၇၄ |
| ပိုက်ဆံပေးလို့ ဥပုသ်စောင့်ခိုင်း | .... .... | ၇၅ |
| ငယ်ကပညာ မသင်ပါ ကြီးခါပျက်စီးရ | .... .... | ၇၈ |
| မသေခင် အမွေအကုန်ပေးသူ | .... .... .... | ၈၂ |
| နောင်တပူပန်မှု ကြောင်းဆယ်ခု | .... .... | ၈၅ |
| အမျက်ဒေါသကြီးသူ | .... .... .... | ၈၇ |
| တပည့်တာဝန် –၅ | .... .... .... | ၈၉ |
| ဆရာ့တာဝန် –၅ | .... .... .... | ၉၁ |
| လင့်တာဝန် –၅ | .... .... .... | ၉၂ |
| မယားတာဝန် –၅ | .... .... .... | ၉၄ |
| လင့်အပေါ်မှာ သစ္စာရှိသောမိန်းမ | .... .... | ၉၅ |
| မယားလိမ္မာ | .... .... .... | ၉၆ |


www.burmeseclassic.com

www.burmeseclassic.com



| နံပါတ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | မယားဆိုး သူခိုးဓားရိုးကမ်း .... .... .... | ၉၈ |
| | အမျိုးကောင်းသားရဲ့တာဝန် -၅ .... .... | ၁၀၁ |
| | အဆွေခင်ပွန်းရဲ့တာဝန် -၅ .... .... .... | ၁၀၂ |
| | အလုပ်ရှင်ရဲ့တာဝန် -၅ .... .... .... | ၁၀၂ |
| | အလုပ်သမားရဲ့တာဝန် -၅ .... .... .... | ၁၀၄ |
| | ဥပါသကာရဲ့တာဝန် -၅ .... .... .... | ၁၀၅ |
| | ရဟန်းတော်တွေရဲ့တာဝန် -၆ .... .... | ၁၀၆ |
| | ခြောက်ရပ်ပေါ်များ ကျော်စောထင်ရှားကြောင်း .... .... | ၁၀၇ |
| | ကျေးဇူးသိ .... .... .... | ၁၀၈ |
| | သင်္ဂဟတရား ၄-ပါး .... .... .... | ၁၀၈ |
| ၂။ | ခုရောနောင်ပါ ချမ်းသာရေး .... | ၁၁၀ |
| | ၁။ မျက်ကန်းပုဂ္ဂိုလ် .... .... | ၁၁၀ |
| | ၂။ တစ်ဖက်မြင်ပုဂ္ဂိုလ် .... .... | ၁၁၁ |
| | ၃။ ၂-ဖက်မြင်ပုဂ္ဂိုလ် .... .... | ၁၁၁ |
| | ရှောင်သင့်သူ, ပေါင်းသင့်သူ .... | ၁၁၁ |
| | ရဖို့မလွယ်တဲ့တရား ၄-ပါး .... .... | ၁၁၂ |
| | အကြောင်းတရား ၄-ပါး .... .... | ၁၁၃ |
| | ၁။ သဒ္ဓါသမ္ပဒါ .... .... | ၁၁၃ |
| | ၂။ သီလသမ္ပဒါ .... .... | ၁၁၄ |
| | ၃။ စာဂသမ္ပဒါ .... .... | ၁၁၄ |
| | ၄။ ပညာသမ္ပဒါ .... .... | ၁၁၅ |
| | သုံးစွဲမှု ၄-မျိုး.... .... .... | ၁၁၆ |
| | ချမ်းသာ ၄-ပါး .... .... .... | ၁၁၈ |
| | ၁။ အတ္ထိသုခ .... .... .... | ၁၁၉ |
| | ၂။ ဘောဂသုခ.... .... .... | ၁၁၉ |
| | ၃။ အာနဏျသုခ .... .... | ၁၁၉ |
| | ၄။ အနဝဇ္ဇသုခ.... .... .... | ၁၁၉ |
| | ယခုပြုထား နောင်ကြီးပွား .... .... .... | ၁၂၁ |
| | စည်းရုံးရေး .... .... .... | ၁၂၁ |
| | စည်းရုံးနည်း .... .... .... | ၁၂၂ |


www.burmeseclassic.com

www.burmeseclassic.com



| နံပါတ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


အဂတိတရား လွန်ဆိုးဝါး .... .... ၁၂၄
ဆန္ဒာဂတိ .... .... .... ၁၂၅
ဒေါသာဂတိ .... .... .... ၁၂၅
မောဟာဂတိ .... .... .... ၁၂၅
ဘယာဂတိ .... .... .... ၁၂၅
လူယုတ်, လူကောင်း .... .... .... ၁၂၆
အလုပ်ရှင်နှင့်အလုပ်သမားဆက်ဆံရေး .... ၁၂၈
လူယုတ်နှင့်လူကောင်း ခြားနားချက် .... ၁၂၈
ဥစ္စာတည်မှု, မတည်မှု .... .... ၁၂၉
သမ္ပတ္တိစက် ၄–ပါး .... .... .... ၁၃၀
မသေရဲသူနှင့် သေရဲသူ .... .... ၁၃၂

ကုရုဒဿသုတ်တရားတော် .... ၁၃၅
ခါဏုမတရွာသား ပုဏ္ဏားသူကြွယ်များ .... ၁၃၆
ကူဋဒန္တပုဏ္ဏား၏ဂုဏ် .... .... ၁၃၇
ဘုရားရှင်ရဲ့ဂုဏ်တော် .... .... .... ၁၃၉
မဟာဝိဇိတမင်း ယဇ်ပူဇော်ပုံ .... .... ၁၄၄
၃–ပါးသော စိတ်ထား .... .... ၁၄၉
စိတ်ထား ၃–ခု သတိပြု .... .... ၁၅၀
အပုတ္တကသူဌေး.... .... .... ၁၅၁
နှလုံးမသာမယာဖြစ်ရခြင်း .... .... ၁၅၂
အခြင်းအရာ ၁၀–ပါး.... .... .... ၁၅၂
စိတ်ကြည်လင်မှု .... .... ၁၅၅
၁၆–ပါးသော အကြောင်းတရား .... .... ၁၅၆
၁။ သဒ္ဓါရှိသူ .... .... .... ၁၆၀
၂။ ရက်ရက်ရောရောပေးလှူသူ .... ၁၆၀
၃။ အလှူရှင်ဖြစ်သူ .... .... ၁၆၀
ကာလ ၃–ပါးကို ကြံစည်ပုံ .... ၁၆၁
သဘောတူ အသင်းအပင်းတွေရဲ့အလှူ .... ၁၆၄
အတုခိုးနည်းယူရန် .... .... ၁၆၅
ဘုရားရှင်က ယဇ်ပွဲမှာ ပါဝင်ခဲ့သလား? .... ၁၆၆
ကိစ္စနည်းပြီး အကျိုးကြီးသော အဆင့်ဆင့်အလှူများ.... ၁၆၇


www.burmeseclassic.com

www.burmeseclassic.com




| နံပါတ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| | မျိုးရိုးစဉ်ဆက်အလှူ .... .... | ၁၆၈ |
| | ဒါနဝတ်ကို မဖြတ်သူ .... .... | ၁၆၉ |
| | ကိစ္စနည်းပြီး အကျိုးကြီး .... .... | ၁၆၉ |
| | ကောင်းမှုအလျဉ် .... .... | ၁၇၀ |
| | ကျောင်းအလှူ ကိစ္စနည်းပုံ .... .... | ၁၇၀ |
| | ကျောင်းအလှူက အကျိုးကြီးပုံ .... .... | ၁၇၀ |
| | သရဏဂုံဆောက်တည်မှု .... .... | ၁၇၂ |
| | သရဏဂုံ .... .... .... | ၁၇၂ |
| | သိက္ခာပုဒ်ကို ဆောက်တည်ထားမှု .... .... | ၁၇၃ |
| | ၅-ပါးသီလ .... .... .... | ၁၇၃ |
| | ဇဂ္ဂနဥပါသကာ .... .... | ၁၇၄ |
| | ဥဇ္ဇရဝမှမာနဥပါသကာ .... .... | ၁၇၅ |
| | သိက္ခာပုဒ်ဆောက်တည်မှု .... .... | ၁၇၆ |
| | ၅-ပါးသီလ ကိစ္စနည်း အကျိုးကြီး .... | ၁၇၆ |
| | သာကေ .... .... .... | ၁၇၇ |
| | ၅-ပါးသီလထက် သရဏဂုံမြတ် .... | ၁၇၇ |
| | ဈာန်အဘိညာဉ်နှင့် အာသဝက္ခယ .... .... | ၁၇၈ |
| | ပထမဈာန်-စသည် .... .... | ၁၇၉ |
| | ကူဋဒန္တပုဏ္ဏား ဥပါသကာဖြစ်ခြင်း .... | ၁၈၁ |
| | အနုပုဗ္ဗိကထာ .... .... .... | ၁၈၂ |
| | ဒါနကထာ .... .... .... | ၁၈၂ |
| | သီလကထာ .... .... .... | ၁၈၄ |
| | ရှင်မဟာကဿပထေရပိဏ္ဍပါတဒါနဝတ္ထု .... | ၁၈၄ |
| | သဂ္ဂကထာ .... .... .... | ၁၉၁ |
| | ကာမဂုဏ်ရဲ့အပြစ် .... .... | ၁၉၁ |
| | ရဟန်းအဖြစ်၌အကျိုး .... .... | ၁၉၁ |
| | ကူဋဒန္တပုဏ္ဏား ဆွမ်းကျွေး .... .... | ၁၉၂ |
| ၃။ | ကံအကြောင်း သိကောင်းစရာ .... | ၁၉၃ |
| | ကံအကြောင်းဟောရန် လျှောက်တောင်းပန် .... | ၁၉၃ |
| | ကံ .... .... .... | ၁၉၄ |


www.burmeseclassic.com

www.burmeseclassic.com




| နံပါတ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | ကိစ္စဘေဒ .... .... .... | ၁၉၅ |
| | ဇနကကံ .... .... .... | ၁၉၅ |
| | ဥပတ္ထမ္ဘကကံ .... .... .... | ၁၉၆ |
| | ဥပပီဠကကံ .... .... .... | ၁၉၇ |
| | ဥပဃာတကကံ .... .... | ၁၉၈ |
| | မျက်စိကုဆေးဆရာ .... .... | ၁၉၉ |
| | သာမာဝတီအမှူးရှိတဲ့ မိန်းမငါးရာ .... | ၂၀၀ |
| | ခန္တိဝါဒီဇာတ် .... .... .... | ၂၀၁ |
| | ကလာဗုမင်း .... .... .... | ၂၀၁ |
| | ပါကဒါနပရိယာယ .... .... .... | ၂၀၆ |
| | ဂရုကကံ .... .... .... | ၂၀၇ |
| | အာသန္နကံ .... .... .... | ၂၀၈ |
| | အာစိဏ္ဏကံ .... .... .... | ၂၀၈ |
| | ကဋတ္တာကံ .... .... .... | ၂၀၈ |
| | အကျိုးပေးစဉ် .... .... .... | ၂၀၉ |
| | ပါကကာလ .... .... .... | ၂၀၉ |
| | ဒိဋ္ဌဓမ္မဝေဒနီယကံ .... .... | ၂၀၉ |
| | ဥပပဇ္ဇဝေဒနီယကံ .... .... | ၂၁၀ |
| | အပရာပရိယဝေဒနီယကံ .... .... | ၂၁၀ |
| | အဟောသိကံ .... .... .... | ၂၁၀ |
| | ပါကဋ္ဌာန .... .... .... | ၂၁၀ |
| | အကုသိုလ်ကံ .... .... .... | ၂၁၀ |
| | ကာမာဝစရကုသိုလ်ကံ .... .... | ၂၁၂ |
| | ပုညကြိယဝတ္ထု .... .... | ၂၁၃ |
| | ကာမာဝစရကုသိုလ်ကံရဲ့ပါကဋ္ဌာန .... | ၂၁၃ |
| | ကာမာဝစရကုသိုလ်ကို ခွဲစိတ်ဝေဖန်ချက် .... | ၂၁၅ |
| | ရူပါဝစရကုသိုလ်ကံ .... .... .... | ၂၁၆ |
| | အရူပါဝစရကုသိုလ်ကံ.... .... .... | ၂၁၆ |


www.burmeseclassic.com

www.burmeseclassic.com




| နံပါတ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | စူဠကမ္မဝိဘင်္ဂသုတ် .... | ၂၁၇ |
| | တောဒေယျ .... .... .... | ၂၁၇ |
| | လောဘကြောင့် ခွေးဖြစ် .... .... | ၂၁၇ |
| | ငါ့အဖေ ခွေးမဖြစ်နိုင်.... .... .... | ၂၁၈ |
| | ခွေးကပဲ သက်သေခံ .... .... .... | ၂၁၈ |
| | ပြဿနာမေးရခြင်းအကြောင်း .... .... | ၂၂၀ |
| | ပြဿနာ ၁၄–ချက် .... .... .... | ၂၂၁ |
| | ကံသာအမိ, ကံသာအဘ .... .... | ၂၂၂ |
| ၁+၂။ | အသက်တိုမှု, ရှည်မှု .... .... .... | ၂၂၃ |
| | အသက်တိုမှုကို ဖြစ်စေတတ်တဲ့အကျင့် .... | ၂၂၃ |
| | အသက်တိုမှုကို ဖြစ်စေပုံ .... .... | ၂၂၃ |
| | ၁။ ဥပပီဠကကံ .... .... | ၂၂၄ |
| | ၂။ ဥပစ္ဆေဒကကံ .... .... | ၂၂၅ |
| | ၃။ ဇနကကံ .... .... .... | ၂၂၅ |
| | ၄။ ဥပတ္ထမ္ဘကကံ .... .... | ၂၂၅ |
| | ကုသိုလ်, အကုသိုလ် .... .... | ၂၂၅ |
| | ကုသိုလ်ဥပပီဠက, ဥပစ္ဆေဒကကံလည်းရှိ .... | ၂၂၆ |
| | အသက်ရှည်မှုကို ဖြစ်စေတတ်တဲ့အကျင့် .... | ၂၂၇ |
| | ကုသိုလ်ကံ ထောက်ပံ့ကူညီပုံ .... | ၂၂၇ |
| ၃+၄။ | အနာရောဂါများမှု, နည်းမှု .... .... | ၂၂၈ |
| | ညှဉ်းဆဲမှု .... .... .... | ၂၃၀ |
| ၅+၆။ | အဆင်းမလှမှု, လှမှု .... .... .... | ၂၃၀ |
| ၇+၈။ | တန်ခိုးနည်းမှု, ကြီးမှု .... .... | ၂၃၁ |
| ၉+၁၀။ | ဥစ္စာနည်းမှု, များမှု .... .... .... | ၂၃၂ |
| ၁၁+၁၂။ | အမျိုးယုတ်မှု, မြတ်မှု .... .... | ၂၃၃ |
| ၁၃+၁၄။ | ပညာနည်းမှု, ပညာကြီးမှု .... .... | ၂၃၄ |
| နိဂုံး | .... .... .... .... | ၂၃၄ |
| | နိဒါနသုတ် .... .... | ၂၃၇ |
| | ကံဖြစ်ကြောင်း .... .... .... | ၂၃၇ |
| | ကမ္မဝိဘတ္တိ .... .... .... | ၂၃၈ |
| | ၁။ ဒိဋ္ဌဓမ္မဝေဒနီယကံ .... .... | ၂၃၉ |


www.burmeseclassic.com

www.burmeseclassic.com




| နံပါတ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | ကာကဝဠိယ .... .... .... | ၂၃၉ |
| | ပုဏ္ဏ .... .... .... | ၂၄၂ |
| | မလ္လိကာဒေဝီ .... .... .... | ၂၄၄ |
| | နန္ဒလုလင် .... .... .... | ၂၄၅ |
| | နန္ဒနှားသတ်သမား .... .... | ၂၄၆ |
| | နန္ဒဘီလူး .... .... .... | ၂၄၆ |
| | သားမုဆိုးဥပမာ .... .... | ၂၄၆ |
| ၂။ | ဥပပဇ္ဇဝေဒနီယကံ.... .... .... | ၂၄၇ |
| ၃။ | အပရာပရိယဝေဒနီယကံ .... .... | ၂၄၇ |
| | ခွေးမုဆိုးဥပမာ.... .... .... | ၂၄၇ |
| ၄။ | ယဂ္ဂရုကကံ .... .... .... | ၂၄၇ |
| ၅။ | ယဗ္ဗဟုလကံ .... .... .... | ၂၄၈ |
| | ဒုဋ္ဌဂါမဏိအဘယမင်းရဲ့ကံ .... | ၂၄၈ |
| ၆။ | ယဒါသန္နကံ .... .... .... | ၂၅၂ |
| | ဒမယ်လှူမျိုးတံခါးစောင့် .... .... | ၂၅၂ |
| | မဟာဝါစကာလဥပါသကာ .... .... | ၂၅၄ |
| ၇။ | ကဋတ္တာကံ .... .... .... | ၂၅၄ |
| ၈+၉။ | ဇနကကံနှင့် ဥပတ္ထမ္ဘကကံ .... .... | ၂၅၄ |
| ၁၀။ | ဥပပီဠကကံ .... .... .... | ၂၅၅ |
| | သုနက္ခတ္တ .... .... .... | ၂၅၅ |
| | ခိုးသူသတ်ယောကျ်ား .... .... | ၂၅၆ |
| ၁၁။ | ဥပဃာတကကံ .... .... .... | ၂၅၈ |
| | အဘိဓမ္မာလာ ကံ ၁၆–ပါး .... | ၂၅၉ |
| | အကျဉ်းဖွင့်ပြချက် .... .... .... | ၂၆၀ |
| | အကျယ်ဖွင့်ပြချက် .... .... .... | ၂၆၀ |
| ၁။ | ဂတိသမ္ပတ္တိနှင့် အကုသိုလ်ကံ .... .... | ၂၆၀ |
| ၂။ | ဥပဓိသမ္ပတ္တိနှင့် အကုသိုလ်ကံ .... .... | ၂၆၀ |
| | ရုပ်လှလို့ ချမ်းသာရ .... .... | ၂၆၁ |
| ၃။ | ကာလသမ္ပတ္တိနှင့် အကုသိုလ်ကံ .... | ၂၆၁ |
| ၄။ | ပယောဂသမ္ပတ္တိနှင့် အကုသိုလ်ကံ .... | ၂၆၂ |
| ၅။ | ဂတိဝိပတ္တိနှင့် အကုသိုလ်ကံ .... .... | ၂၆၂ |


www.burmeseclassic.com

www.burmeseclassic.com




| နံပါတ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | ၆။ ဥပမိဝိပတ္တိနှင့် အကုသိုလ်ကံ .... .... | ၂၆၃ |
| | ၇။ ကာလဝိပတ္တိနှင့် အကုသိုလ်ကံ .... .... | ၂၆၃ |
| | ၈။ ပယောဂဝိပတ္တိနှင့် အကုသိုလ်ကံ .... | ၂၆၄ |
| | မျောက်က ထမင်းထုပ်ရသလို .... | ၂၆၄ |
| | ၉။ ဂတိဝိပတ္တိနှင့် ကုသိုလ်ကံ .... .... | ၂၆၆ |
| | ၁၀။ ဥပမိဝိပတ္တိနှင့် ကုသိုလ်ကံ .... | ၂၆၆ |
| | ဒီပရာဇဝတ္ထု .... .... .... | ၂၆၆ |
| | ၁၁။ ကာလဝိပတ္တိနှင့် ကုသိုလ်ကံ .... .... | ၂၆၇ |
| | ၁၂။ ပယောဂဝိပတ္တိနှင့် ကုသိုလ်ကံ .... .... | ၂၆၈ |
| | ၁၃။ ဂတိသမ္ပတ္တိနှင့် ကုသိုလ်ကံ .... .... | ၂၆၈ |
| | ၁၄။ ဥပမိသမ္ပတ္တိနှင့် ကုသိုလ်ကံ .... .... | ၂၆၉ |
| | ၁၅။ ကာလသမ္ပတ္တိနှင့် ကုသိုလ်ကံ .... .... | ၂၆၉ |
| | မဟာသောဏထေရ် .... .... | ၂၇၀ |
| | ဝတ္တဗ္ဗကနိဂြောဓထေရ် .... .... | ၂၇၄ |
| | ၁၆။ ပယောဂသမ္ပတ္တိနှင့် ကုသိုလ်ကံ.... .... | ၂၇၉ |
| | စူဠသုဓမ္မထေရ် .... .... | ၂၈၀ |
| | တိပိဋကစူဠနာဂထေရ် .... .... | ၂၈၀ |
| | အဇ္ဈတ္တာပမာ .... .... | ၂၈၁ |
| | ပဋိသမ္ဘိဒါမဂ်ဒေသနာနည်း ကံ ၁၂-ပါး .... | ၂၈၂ |
| | ၁။ အတိတ်မှာဖြစ်ပြီး အတိတ်မှာ အကျိုးပေး .... | ၂၈၂ |
| | ၂။ အတိတ်မှာဖြစ်ပြီး အတိတ်မှာ အကျိုးမပေး .... | ၂၈၃ |
| | ၃။ အတိတ်မှာဖြစ်ခဲ့ပြီး ပစ္စုပ္ပန်မှာ အကျိုးပေး .... | ၂၈၃ |
| | ၄။ အတိတ်မှာဖြစ်ခဲ့ပြီး ပစ္စုပ္ပန်မှာ အကျိုးမပေး .... | ၂၈၃ |
| | ၅။ အတိတ်ကဖြစ်ခဲ့ပြီး အနာဂတ်မှာ အကျိုးပေး.... | ၂၈၃ |
| | ၆။ အတိတ်ကဖြစ်ခဲ့ပြီး အနာဂတ်မှာ အကျိုးမပေး | ၂၈၃ |
| | ၇။ ပစ္စုပ္ပန်မှာဖြစ်၍ ပစ္စုပ္ပန်မှာ အကျိုးပေး .... | ၂၈၃ |
| | ၈။ ပစ္စုပ္ပန်မှာဖြစ်၍ ပစ္စုပ္ပန်မှာ အကျိုးမပေး .... | ၂၈၄ |
| | ၉။ ပစ္စုပ္ပန်မှာဖြစ်၍ အနာဂတ်မှာ အကျိုးပေး .... | ၂၈၄ |
| | ၁၀။ ပစ္စုပ္ပန်မှာဖြစ်၍ အနာဂတ်မှာ အကျိုးမပေး .... | ၂၈၄ |
| | ၁၁။ အနာဂတ်မှာဖြစ်၍ အနာဂတ်မှာ အကျိုးပေး .... | ၂၈၄ |
| | ၁၂။ အနာဂတ်မှာဖြစ်၍ အနာဂတ်မှာ အကျိုးမပေး.... | ၂၈၅ |


www.burmeseclassic.com

www.burmeseclassic.com




| နံပါတ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | ကံ ၃-ပါး .... .... .... | ၂၈၄ |
| | ကံ ၃-ပါးရဲ့သဘော .... .... | ၂၈၅ |
| | ကံကိုပိုင်းပုံ .... .... .... | ၂၈၅ |
| | အကျိုးပေးရာ .... .... .... | ၂၈၅ |
| | ကောကာလိက .... .... | ၂၈၆ |
| | သုခသာမဏေ .... .... | ၂၉၁ |
| | ထမင်းတစ်နပ်အတွက် ၃-နှစ်ကျွန်ခံသူ .... | ၂၉၃ |
| | ပစ္စေကဗုဒ္ဓါ ကြွရောက်လာ .... .... | ၂၉၆ |
| | ဘတ္တဘတိကသူဌေး .... .... | ၂၉၈ |
| | သမ္ပဒါ ၄-ပါးနှင့် ဒိဋ္ဌဓမ္မဝေဒနီယ .... | ၂၉၉ |
| | မဟာကမ္မဝိဘင်္ဂသုတ် .... | ၃၀၆ |
| | အခြေခံစကားဦး .... .... .... | ၃၀၉ |
| | ဒိဗ္ဗစက္ခုရသူတို့၏ အယူဖြစ်ကြောင်း .... | ၃၁၀ |
| | ဒိဗ္ဗစက္ခုဉာဏ်ရသူတို့၏ အယူကို စိစစ်ချက် .... | ၃၁၂ |
| | မဟာကမ္မဝိဘင်္ဂဉာဏ်တော် .... .... | ၃၁၄ |
| | မဟာကမ္မဝိဘင်္ဂဉာဏ် ရှင်းလင်းချက် .... | ၃၁၆ |
| | ပထမကမ္မဝိဘင်္ဂ .... .... | ၃၁၆ |
| | ဒုတိယကမ္မဝိဘင်္ဂ .... .... | ၃၁၇ |
| | တတိယကမ္မဝိဘင်္ဂ .... .... | ၃၁၇ |
| | စတုတ္ထကမ္မဝိဘင်္ဂ .... .... | ၃၁၈ |
| | ကံ ၄-မျိုး .... .... .... | ၃၁၈ |
| | ၁။ ကျီးပြိတ္တာ .... .... | ၃၁၉ |
| | ၂။ ခေမကသူဌေးသား .... .... | ၃၂၀ |
| | ၃။ ပတိပူဇိကာ .... .... | ၃၂၂ |
| | မလ္လိကာမိဖုရား .... .... | ၃၂၇ |
| | မလ္လိကာဒေဝီသုတ် .... | ၃၂၂ |
| | ရုပ်ဆိုး ဆင်းရဲ .... .... .... | ၃၂၂ |
| | ရုပ်ဆိုး ချမ်းသာ .... .... .... | ၃၃၃ |
| | ရုပ်ချော ဆင်းရဲ .... .... .... | ၃၃၄ |
| | ရုပ်ချော ချမ်းသာ .... .... .... | ၃၃၄ |
| | မလ္လိကာ ဝန်ခံလျှောက်ထားချက် .... .... | ၃၃၅ |


www.burmeseclassic.com

www.burmeseclassic.com




| နံပါတ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | အမျိုးသမီးများ အပါယ်ရောက်ကြောင်း .... | ၃၃၆ |
| | အလှူ့အန္တရာယ် .... .... | ၃၃၇ |
| | ဒါနကို ညစ်နွမ်းစေတတ်သော တရားများ.... | ၃၃၇ |
| | မစ္ဆရိယရှိမှု အပြစ်စု .... .... | ၃၃၈ |
| | မစ္ဆေရပယ်ရှား ကျိုးကြီးမား.... .... | ၃၃၈ |
| | အညတိတ္ထိယသုတ် .... | ၃၃၉ |
| | လောဘ အပြစ်နည်း .... .... | ၃၄၀ |
| | နှေးနှေး ပြေပျောက် .... .... | ၃၄၀ |
| | မရိုးနှင့်မတတ် လင်ကိုသတ် .... .... | ၃၄၁ |
| | ဒေါသ အပြစ်ကြီး .... .... | ၃၄၂ |
| | မြန်မြန် ပြေပျောက် .... .... | ၃၄၄ |
| | မောဟ အပြစ်ကြီး .... .... | ၃၄၄ |
| | ဖြည်းဖြည်း ပြေပျောက် .... .... | ၃၄၄ |
| | အညတြဗြာဟ္မဏသုတ် .... | ၃၄၇ |
| | ကမ္မပထပေယျာလ .... | ၃၄၉ |
| | အရက္ခိကသုတ် .... | ၃၅၀ |
| | ဒုတိယဒွေဗြာဟ္မဏသုတ် .... | ၃၅၃ |
| | ပုဗ္ဗဏှသုတ် .... .... | ၃၅၄ |
| | တရားကျင့်ပုံ ၄-မျိုး .... | ၃၅၆ |
| | နိယာမ ၅-ပါး .... .... .... | ၃၆၀ |
| | ၁။ ဗီဇနိယာမ .... .... | ၃၆၀ |
| | ၂။ ဥတုနိယာမ .... .... | ၃၆၁ |
| | ၃။ ကမ္မနိယာမ .... .... | ၃၆၁ |
| | တယောဇနဝတ္ထု .... .... | ၃၆၁ |
| | ၄။ ဓမ္မနိယာမ .... .... .... | ၃၆၂ |
| | ၅။ စိတ္တနိယာမ .... .... | ၃၆၂ |
| | လောဘကြီးသူ-စသည် ဖြစ်ရပုံ .... .... | ၃၆၃ |
| | သတိပြုရန် .... .... .... | ၃၆၄ |
| | ကံနှင့် ကံရဲ့အကျိုး .... .... | ၃၆၅ |


www.burmeseclassic.com

www.burmeseclassic.com



# အရှင်ကုမာရ

## ရေးသားပြုစုသော ကျမ်းစာများ

ရိုက်ပြီး–

၁။ အလင်္ကာပန်းကုံး -- -- -- ၆–ကြိမ်၊
၂။ ယမကပန်းကုံး -- -- -- ၃–ကြိမ်၊
၃။ ကဗျာ့အုတ်မြစ် စနစ်သစ် -- -- -- ၁–ကြိမ်၊
၄။ အဘိဓမ္မတ္ထသင်္ဂဟပန်းကုံး -- -- -- ၂–ကြိမ်၊
၅။ မြောင်းမြဆရာတော် သာသနာ ဘယ်လိုပြုခဲ့သလဲ -- ၁–ကြိမ်၊
၆။ ဗုဒ္ဓအလိုတော်ကျ ကျင့်သုံးနေထိုင်နည်း -- -- ၄–ကြိမ်၊
၇။ ဗုဒ္ဓအလိုတော်ကျ သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး ၁–ကြိမ်၊
၈။ ဓမ္မပဒပန်းကုံး -- -- -- ၁–ကြိမ်၊

ရိုက်ဆဲ–

၁။ မာတိကာ ဓာတုကထာပန်းကုံး -- -- ၇–ကြိမ်၊
၂။ ဗုဒ္ဓအလိုတော်ကျ ကျင့်သုံးနေထိုင်နည်း ဒုတိယတွဲ -- ၁–ကြိမ်၊
၃။ ပဋ္ဌာနပန်းကုံး -- -- -- ၂–ကြိမ်၊

ရိုက်လတ္တံ့

၁။ ဝိနယသင်္ဂဟအဋ္ဌကထာပန်းကုံး
၂။ ဓာတွတ္ထပန်းကုံး

ဗုဒ္ဓအလိုတော်ကျ
သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး–အတွက်
ဤကျမ်းစာများကို ရိုက်နှိပ်ဖြန့်ချီပါသည်။

ဂေါပကအဖွဲ့
သာသနာ့ဝန်ဆောင်ကျောင်းတိုက်
မှော်ဘီ–ရန်ကုန်။

www.burmeseclassic.com

www.burmeseclassic.com



## ဝါသနာတူ စနီးမောင်နှံ

မကြည်သင်းနှင့်မောင်သောင်းညွန့်တို့သည် ထိမ်းမြားလက်ထပ်ပြီးသည့်နောက် မိဘဖြစ်သူ ဦးအင်ဖား+ဒေါ်တင်ကြည်တို့၏ ၁၁–လမ်းအိမ်မှာပင် မိဘများနှင့်အတူ နေထိုင်ကြသည်။

ဦးအင်ဖား+ဒေါ်တင်ကြည်တို့က အချို့အလုပ်သမားများကို **အလုပ်မှ ထုတ်ပစ်၍** သမီးနှင့်သမက်တို့ကို သူတို့၏အလုပ်မှာပင် ဝင်ရောက်လုပ်ကိုင်**စေလိုကြသည်။**

သမီးနှင့်သမက်တို့ကမူ အစကပင် ရိုးရိုးသားသား လုပ်ကိုင်လာကြသော အလုပ်သမားများကိုလည်း ငဲ့ညှာကြသည်၊ မိမိတို့မြို့ရွာမှာ ရှိနေကြသည့် ကလေးသူငယ်တွေ၏ အကျင့်စာရိတ္တကိုလည်း ထိန်းသိမ်းပြုပြင်ပေးလိုကြသည်၊ မိမိတို့ သင်ယူထားသော ပညာဖြင့် တိုင်းပြည်ကိုလည်း ပြန်လည်ကျေးဇူးဆပ်လိုကြသည်။

သို့ဖြစ်သည်အားလျော်စွာ အမေအဖေတို့ ကျေနပ်လက်ခံအောင် ခွင့်တောင်းပြီး မြောင်းမြမြို့နှင့် နီးစပ်ရာ အထက်တန်းကျောင်းများမှာ ကျောင်းဆရာ ဝင်လုပ်နေကြသည်၊ မောင်သောင်းညွန့်က အမှတ်–၁ အထက်တန်းကျောင်းမှာ လုပ်၍ မကြည်သင်းက အမှတ်–၆ အထက်တန်းကျောင်းမှာ လုပ်သည်။

## သင်တန်းပေးရန် လျှောက်တောင်းပန်

နွေကျောင်းပိတ်ရက်အတွင်းမှာ မောင်သောင်းညွန့်နှင့်မကြည်သင်းတို့က ကွယ်လွယ်ဘက်ကို ကူးလာကြသည်၊ ဝါသနာတူ အတန်းပိုင်ဆရာ ဆရာမများကိုလည်း စုရုံးခေါ်လာခဲ့ကြပါသည်၊ အားလုံး ၁၅–ယောက်ခန့် ရှိနေသည်၊ မောင်မျိုးသန့်+မကြည်ဝင်းတို့အိမ်၌ ဝင်ရောက်စားသောက်ကြသည်၊ ကိစ္စပြီးသည့်အခါ မောင်မျိုးသန့်နှင့်မကြည်ဝင်းတို့ကိုပါ ခေါ်ယူပြီး ဓမ္မိကာရုံကျောင်းတိုက်ကို ထွက်လာခဲ့ကြသည်။

ဓမ္မိကာရုံကျောင်းတိုက် ဧည့်ခန်းဆောင်မှာ ဆရာတော်ဦးဓမ္မိကကို ဖူးတွေ့ကြသည်၊ အကုန်လုံး နေသားတကျ ထိုင်မိကြသည့်အချိန်မှာ မောင်သောင်းညွန့်က ဆရာတော်ဦးဓမ္မိကကို လျှောက်ထားပါသည်။

"ဆရာတော်ဘုရား ! ဆရာတော် အားလပ်ခွင့်ရလို့ သင်ပေးနိုင်မယ်ဆိုရင် တပည့်တော်တို့ ဝါသနာတူ ဆရာဆရာမတွေနှင့်အတူ ကျောင်းသူကျောင်းသားတွေပါ ဆရာတော်ဘုရားထံ လာရောက်ပြီး ယဉ်ကျေးမှုသင်တန်း တက်လိုကြပါတယ်"။

www.burmeseclassic.com

www.burmeseclassic.com


"အေး– တပည့်ကြီးတွေကို့ပညာရေးဘက်မှာ လွှဲအပ်ထားလို့ရနေတော့ တို့က အခုနေအချိန်မှာ အတော်လေး အားလပ်ခွင့် ရနေပါတယ်၊ ဒါနဲ့ သင်ပေးနိုင်ပါလိမ့်မယ်၊ မင်းတို့ဆရာဆရာမတွေကိုတော့ အထွေအထူးပြောစရာလိုမယ်မထင်ပါဘူး၊ သင်ယူမဲ့ ကျောင်းသားတွေက ဘယ်လိုဟာတွေလဲ၊ အကြီးတွေလား အငယ်တွေလား ?၊ အုပ်ထိန်းသူမိဘတွေနဲ့ သူတို့ကိုယ်တိုင်က ဝါသနာပါကြရဲ့လား ?၊ အရေအတွက်က ဘယ်လောက်ရှိမလဲ ?၊ ဒါတွေကို ကြိုတင်သိထားမှ ဖြစ်မှာပါ"။

"မိဘတွေရော ကျောင်းသူကျောင်းသားတွေကပါ ကျေနပ်နှစ်သက်ကြတဲ့ အပြင် သင်လို့ပြလို့ ဖြစ်နိုင်လောက်တဲ့သူတွေကိုသာ တပည့်တော်တို့က ရွေးချယ်လက်ခံထားကြပါတယ်၊ အထက်တန်းကျောင်းသူကျောင်းသားတွေ ၅၀– လောက် ပါပါတယ်၊ မိဘတွေက အတင်းတောင်းပန်တာနဲ့ အလယ်တန်းကလဲ အဆင့်အတန်းမီမယ်ထင်လို့ လက်ခံထားရတဲ့ ကျောင်းသူကျောင်းသားတွေလဲ ဆယ်ယောက်လောက် ပါပါတယ်၊ ဒီတော့ ကျောင်းသူကျောင်းသားတွေက ၆၀, တပည့်တော်တို့ ဆရာဆရာမတွေက ၁၅–ယောက်ဆိုတော့ သင်တန်းသူသင်တန်းသား ၇၅–ယောက် ရှိပါလိမ့်မယ်အရှင်ဘုရား"။

"ဒီတော့ သင်မဲ့ရက်ကို သတ်မှတ်ဖို့ လိုသေးတယ်၊ မင်းတို့ရဲ့ ကျောင်းပိတ်ရက်မှာ သင်မှ ဖြစ်မှာပါ၊ မင်းတို့ကျောင်းတွေက ဘယ်ရက်တွေမှာ ပိတ်သလဲ ?"။

"ဝါတွင်းမှာတော့ ဥပုသ်နေ့နှင့် တနင်္ဂနွေနေ့မှာ ပိတ်ပါတယ်၊ ဝါပမှာတော့ စနေနှင့်တနင်္ဂနွေနေ့မှာ ပိတ်ပါတယ်"။

"ဒါဖြင့်ရင် မင်းတို့လဲ အိမ်မှုကိစ္စ, လူမှုကိစ္စတွေ ဆောင်ရွက်လို့ရအောင် ဥပုသ်နေ့နှင့် စနေနေ့တွေမှာ မလာကြနှင့်၊ တနင်္ဂနွေနေ့တိုင်း နေ့ ၁–နာရီ အရောက်လာပြီး သင်ယူနိုင်ကြပါတယ်၊ ယခုနှစ်ဝါတွင်း အစဦးဆုံးတနင်္ဂနွေနေ့ကစပြီး လာကြတာပေါ့၊ ကျေနပ်ကြရဲ့လား ?"။

"ကျေနပ်ကြပါတယ်အရှင်ဘုရား"။

ပါလာသမျှ ဆရာဆရာမတွေက တစ်သံတည်း ထွက်လာကြပါသည်၊ ထို့နောက် မောင်မျိုးသန့်နှင့်မကြည်ဝင်း တို့က ဆရာတော်ဦးဓမ္မိကကို ခွင့်တောင်းလျှောက်ထားကြပါသည်။

"ဆရာတော်ဘုရား ! ယဉ်ကျေးမှုသင်တန်းသူသင်တန်းသားများအား တပည့်တော်တို့က ဧည့်ခံကျွေးမွေးလိုပါတယ်၊ တပည့်တော်တို့အား ဧည့်ခံကျွေးမွေးရန် ခွင့်ပြုတော်မူပါ"။

www.burmeseclassic.com

www.burmeseclassic.com



"အေး အေး– ကောင်းတယ်၊ ဆူဆူညံညံတော့ မဖြစ်စေနှင့်၊ ပြီးတော့ မင်းတို့သားကလေး မောင်းမျိုးဝင်းက သင်တန်းမှာ ပါအုံးမှာလား ?"။

"ကလေးက ငယ်ပါသေးတယ်ဘုရား၊ ယခုမှ ရှစ်နှစ်ကိုးနှစ်အရွယ် မူလတန်းအဆင့်မျှသာ ရှိပါသေးတယ်၊ ဒါပေမဲ့ ကလေးက ဉာဏ်ထက်ပါတယ်၊ သွက်လက်ချက်ချာပါတယ်၊ အထိုက်အလျောက်တော့ လိုက်နိုင်ပါလိမ့်မယ်၊ ကျောင်းကို ခေါ်လာပြီး သင်တန်းအတက်ခိုင်းပါ့မယ်၊ ရွာထဲက အဆင့်အတန်းရှိတဲ့ ကလေးတွေကိုလဲ တပည့်တော်က စုရုံးပေးပါ့မယ်၊ ပြီးတော့ သင်တန်းတိုင်းမှာ အသံဖမ်းယူခွင့်လဲ ပြုတော်မူပါ၊ မြို့ဘက်က အမှတ်–၁ အထက်တန်းကျောင်းအတွက်တစ်လုံး, အမှတ်–၆ အထက်တန်းကျောင်းအတွက်တစ်လုံး, တပည့်တော်တို့ကျေးရွာအတွက်တစ်လုံး= ပေါင်း အသံဖမ်းစက်သုံးလုံးနှင့် အသံဖမ်းယူလိုကြပါတယ်"။

"မင်းတို့ဆရာတွေက ငါ့ကို ပြောပြကြပါအုံး၊ အသံဖမ်းယူထားကြပြီး မင်းတို့က ဘယ်လိုအသုံးပြုကြမလဲ ?"။

"တပည့်တော်တို့က ညနေ ကျောင်းအားချိန်အတွင်း တစ်နေရာမှာ စုဆုံလို့ ကက်ဆက်ဖွင့်ပြီး နားထောင်ကြပါ့မယ်၊ အချို့နေရာမှာ တပည့်တော်တို့ ဆရာ ဆရာမတွေက တစ်ဆင့် ရှင်းလင်းပြပါ့မယ်၊ ဆရာတော်ဘုရားက သင်တန်းမှာ သင်ပေးလိုက်သမျှကို နားလည်ရုံ မှတ်မိရုံမျှသာ မဟုတ်ပါ၊ လူတိုင်းလူတိုင်း လိုက်နာကျင့်သုံးတတ်အောင် လုပ်ပေးပါ့မယ်"။

"မင်းတို့က ဒီလို လုပ်နိုင်လို့ရှိရင် တို့ကလဲ သင်တန်းပေးရကျိုးနပ်ပါတယ်၊ မင်းတို့ကလဲ ဝန်ခံကတိပေးထားတဲ့အတိုင်း အောင်မြင်စွာ လုပ်နိုင်ကြပါစေလို့ ဆုတောင်းပါတယ်၊ အသွားအလာကတော့ ဇက်ရှိနေတဲ့အတွက် ပိုပြီးလွယ်ပါတယ်၊ နောင်– တံတားပြီးလာတော့ ဒီထက်ပိုပြီး လွယ်လာပါလိမ့်မယ်၊ လျှောက်ထားစရာ ကျန်သေးသလား၊ ပြည့်စုံကြပြီလား ?"။

"ပြည့်စုံပါပြီအရှင်ဘုရား–"။

"ဒါဖြင့်ရင် ပြန်လိုက ပြန်ကြပေတော့"။

အကုန်လုံးပင် ဆရာတော်ဦးဓမ္မိကကို ဝပ်ချပြီး ကျောင်းဝင်းထဲက ထွက်လာကြသည်၊ မောင်မျိုးသန့်နှင့်မကြည်ဝင်းတို့အိမ်မှာ ခဏနားပြီး မြို့ဘက်ကမ်းကို ပြန်ကူးလာကြသည်။

www.burmeseclassic.com

www.burmeseclassic.com



## ယဉ်ကျေးမှုသင်တန်း

ဝါဆိုလပြည့်ကျော် ၅–ရက်

ကျောင်းပြန်ဖွင့်လို့ မကြာလှသောအချိန်အတွင်းမှာပင် ဝါဆိုလပြည့်ကျော် ၅–ရက်နေ့ကို ရောက်ရှိလာပါသည်၊ မောင်သောင်းညွန့်+မကြည်သင်းတို့ ဆရာဆရာမအဖွဲ့က စည်းရုံးထားသော လက်ရွေးစင် ကျောင်းသူကျောင်းသားများကို ခေါ်ယူလို့ ကွယ်လွယ်ဘက်ကို ခပ်စောစောကပင် ကူးလာခဲ့ကြပါသည်၊ မောင်မျိုးသန့်နှင့်မကြည်ဝင်းတို့အိမ်မှာ ခေတ္တနားနေကြပြီး ၁–နာရီသင်တန်းမီအောင် တန်းစီထွက်လာခဲ့ကြသည်၊ ၁–နာရီထိုးခါနီးမှာ သင်တန်းပို့ချမည့် ဓမ္မာရုံထဲတွင် စနစ်တကျနေရာယူပြီး ဖြစ်နေကြသည်။

၁–နာရီထိုးသည်နှင့်တစ်ပြိုင်နက် ဆရာတော်ဦးဓမ္မိကက ဓမ္မာရုံပေါ်ကို ကြွရောက်လာပါသည်၊ သင်တန်းသူသင်တန်းသားများက ဆရာတော်ကို ဝပ်ချပြီး ဆရာတော်၏အမိန့်ကို ရှိသေလေးစားစွာ နားစိုက်နေကြသည်။

"သင်တန်းမစခင် ဘုရားဂုဏ်တော်, တရားဂုဏ်တော်, သံဃာ့ဂုဏ်တော်တွေကို အာရုံပြုကြရအောင် ဘောမှာရေးထားတဲ့ ဘုရားဂုဏ်တော်ကို မကြည်သင်းက, တရားဂုဏ်တော်ကို မနီလာစိုးက, သံဃာ့ဂုဏ်တော်ကို ဆရာမမစိုးစိုးတင့်က တိုင်ပေးပါ၊ သင်တန်းသူသင်တန်းသားတွေက ညီညီညာညာလိုက်ဆိုကြပါ၊ ပြီးတော့ ဘုရားဂုဏ်တော်တွေရဲ့အဆုံး, တရားဂုဏ်တော်တွေရဲ့အဆုံး, သံဃာ့ဂုဏ်တော်တွေရဲ့အဆုံးမှာ ရှိခိုးဦးချကြပါ။

ကိုင်း– စကြရအောင်–"

### ဘုရားဂုဏ်တော် ၉–ပါး

၁။ အပူဇော်မွန်, အလှူခံ, ထိုက်တန်လွန်ပင်– ဘုရားရှင်။
၂။ သိထိုက်သမျှ, များဓမ္မ, တိကျသိမြင်– ဘုရားရှင်။
၃။ သိဉာဏ်အကျင့်, ဘက်စုံတင့်, ဂုဏ်မြင့်ပေါ်လွင်– ဘုရားရှင်။
၄။ အပြစ်ကင်းငြား, ကောင်းစကား, မြွက်ကြားအစဉ်– ဘုရားရှင်။
၅။ သတ္တဝါစုံ, ဘုံအနန္တ, သင်္ခါရ, တိကျသိမြင်– ဘုရားရှင်။
၆။ ဆုံးမသင့်သူ, ဆုံးမမှု, အတူကင်းစင်– ဘုရားရှင်။
၇။ နတ်လူပြဟ္မာ, သတ္တဝါ, ဆရာသခင်– ဘုရားရှင်။
၈။ သစ္စာလေးပါး, မြတ်တရား, ပိုင်းခြားသိမြင်– ဘုရားရှင်။
၉။ ဘုန်းတန်ခိုးများ, လွန်ကြီးမား, ထင်ရှားရပ်ခွင်– ဘုရားရှင်။
ဤဂုဏ်ကိုးပါး, ထုံမွှမ်းထား, ဘုရားသခင်– ရှိဦးတင်။

www.burmeseclassic.com

www.burmeseclassic.com



**တရားဂုဏ်တော် ၆-ပါး**

၁။ စ-လယ်-အဆုံး, သုံးပါးလုံး, ကောင်းဆုံးဟောဖော်- တရားတော်။
၂။ အရိယာမွန်, ပုဂ္ဂိုလ်မှန်, မြင်ပြန်ထင်ပေါ်- တရားတော်။
၃။ ကာလမခြား, ကျိုးပေးထား, ထင်ရှားဂုဏ်ပေါ်- တရားတော်။
၄။ ကိုယ်တွေ့ပြရန်, လွန်ထိုက်တန်, အလွန်ထင်ပေါ်- တရားတော်။
၅။ စိတ်ဖွဲ့သန်သန်, အားထုတ်ရန်, အလွန်သင့်လျော်- တရားတော်။
၆။ အသီးအခြား, ရိယာများ, ခံစားသင့်လျော်- တရားတော်။
ဤဂုဏ်ခြောက်မျိုး, စုံပြည့်ဖြိုး, ရှိခိုးပူဇော်- တရားတော်။

**သံဃာ့ဂုဏ်တော် ၉-ပါး**

၁။ ဘုရားဟောထား, သိက္ခာများ, ကြိုးစားကျင့်သော်- သံဃာတော်။
၂။ ဖြောင့်မတ်မှန်ကန်, ကျင့်တုံပြန်, ခေါ်ရန်သင့်လျော်- သံဃာတော်။
၃။ နိဗ္ဗာန်လိုလား, ကျင့်တုံငြား, ခေါ်ထားသင့်လျော်- သံဃာတော်။
၄။ ရိုသေလေးစား, ကျင့်တုံငြား, ခေါ်ထားသင့်လျော်- သံဃာတော်။
၅။ ဝေးမှဆောင်ထား, ပစ္စည်းများ, ခံထားသင့်လျော်- သံဃာတော်။
၆။ ထူခြားကဲလွန်, လက်ဆောင်မွန်, လှူရန်သင့်လျော်- သံဃာတော်။
၇။ တမလွန်ကျိုးများ, လိုရှိငြား, လှူထားသင့်လျော်- သံဃာတော်။
၈။ ရိုသေမြတ်နိုး, လက်စုံမိုး, ရှိခိုးသင့်လျော်- သံဃာတော်။
၉။ တုမဲ့ကုသိုလ်, မျိုးစေ့ကိုလျှင်, ကြည်ညိုကြဲထား, လွန်ပြန့်ပွား, လယ်အား
တူလျော်- သံဃာတော်။
ဤဂုဏ်တော်ကိုး, စုံပြည့်ဖြိုး, ရှိခိုးပူဇော်- သံဃာတော်။

# ၁-လူသားတွေရဲ့တာဝန်

**ဥယျောဇဉ်-**

သင်တန်းကို ဂုဏ်တော်တွေနဲ့ပဲ ဖွင့်ပြီးပါပြီ၊ သင်တန်းစကြစို့ရဲ့၊ ဒီသင်တန်းမှာ လူသားတွေရဲ့တာဝန်ကိုပဲ ပို့ချသွားပါ့မယ်။

ဒီလောကမှာရှိနေကြတဲ့ သတ္တဝါတွေမှာ တာဝန်အသီးအသီး ရှိနေကြပါတယ်၊ ခွေးတွေကလဲ ခွေးတွေရဲ့တာဝန်ကို ထမ်းဆောင်နေကြရပါတယ်၊ နွားတွေကလဲ နွားတွေရဲ့တာဝန်ကို ထမ်းဆောင်နေကြရပါတယ်၊ ကြက်တွေကလဲ ကြက်တွေရဲ့ တာဝန်ကို ထမ်းဆောင်နေကြရပါတယ်၊ ဘယ်သတ္တဝါမျိုးဖြစ်ဖြစ် တာဝန်ကို ရှောင်လွှဲလို့ မရနိုင်ပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



ဒီတော့ သင်တန်းသားများဖြစ်ကြတဲ့ ဆရာဆရာမများ, ကျောင်းသူ ကျောင်းသားများနှင့်တကွ လူသားတွေကလဲပဲ လူရယ်လို့ ဖြစ်လာတယ်ဆိုရင်ပဲ လူသားတွေရဲ့တာန်ကို ထမ်းဆောင်ကြရတော့မှာပါ၊ ဘယ်သူမှ ရှောင်လွှဲလို့ မရပါဘူး။

လူဖြစ်လာရက်ကယ်နဲ့ လူသားတွေရဲ့တာဝန်ကို မထမ်းဆောင်ဘဲ ရှောင်လွှဲလို့ ရှိရင် ဒီဘဝမှာပဲ အောက်ကျနောက်ကျ ဖြစ်တတ်ပါတယ်၊ ထမ်းဆောင်လို့ရှိရင် ထမ်းဆောင်သလောက် အထက်တန်းကို ရောက်တတ်ပါတယ်။

လက်ရှိဘဝကို စွန့်ခွာလို့ နောင်ဘဝကို ပြောင်းသွားရတဲ့ အခါမှာလဲပဲ လူ့တာဝန် ပျက်ကွက်သူတွေ, လူ့တာဝန်ကို မထမ်းဆောင်သူတွေဟာ အပါယ်လေးပါးမှာ ဖြစ်ရတတ်ပါတယ်၊ ဒီတော့ အပါယ်ဆင်းရဲ အမျိုးမျိုးတို့ကို ရရှိခံနေရပါတော့တယ်။

လူ့တာဝန် မပျက်ကွက်သူတွေ, လူ့တာဝန်ကို အပြည့်အဝ ထမ်းဆောင်သူတွေကတော့ လက်ရှိဘဝကို စွန့်ခွာလိုက်တာနှင့်တစ်ပြိုင်နက် လူ့ပြည်နတ်ပြည်မှာ ဖြစ်ရတတ်ပါတယ်၊ ဒီတော့ ထိုက်သည်အားလျော်စွာ လူ့စည်းစိမ်ချမ်းသာ, နတ်စည်းစိမ် ချမ်းသာကို ခံစားရတတ်ပါတယ်။

ဒါကြောင့် ဒီသင်တန်းဟာ သင်တန်းသူ သင်တန်းသားများအတွက် အတိုင်းထက်အလွန် ကျေးဇူးများပါလိမ့်မယ်၊ ပြီးတော့ ဒီသင်တန်းက ညွှန်ပြတဲ့အတိုင်းသာ လူတွေအကုန်လုံးက လိုက်နာကျင့်သုံးနေကြမယ်ဆိုရင် အင်မတန် အေးမြကြည်လင် နေချင်စရာကောင်းတဲ့ လူ့လောကမျိုး ဖြစ်လာပါလိမ့်မယ်။

ဆရာမ မနီလာစိုးက ဘောမှာ ရေးပေးထားတာကို တိုင်ပေးပါအုံး၊ ပြီးတော့ သင်တန်းကို ခဏရပ်နားပြီး ၂-နာရီခွဲမှ ပြန်စကြစို့ရဲ့။

* လူလို့ဖြစ်လာ-မောင်မယ်များတို့ , လူ့တာဝန်များ-ထမ်းဆောင်ရာ၊
မထမ်းဆောင်သူ-လူ့အောက်ကျလို့ , ထမ်းဆောင်သူက-ထက်တန်းမှာ။
လက်ရှိဘဝ-စွန့်ပယ်ခွာ , နောင်ဘဝသာ-ပြောင်းရွှေ့သွား၊
မထမ်းဆောင်သူ-ဆင်းရဲထူ , ထမ်းဆောင်သူများ-ချမ်းသာပွား။

"အကျဉ်းဥဒ္ဒေသ"

"ကိုင်း- ၂-နာရီခွဲပြီ သင်တန်းပြန်စကြစို့ရဲ့။

လူတွေဆိုတာဟာ ရှောင်သင့်တာကို ရှောင်ရမယ်၊ လုပ်သင့်တာကို လုပ်ရမယ်၊ ဒါတွေကိုပဲ လူသားတွေရဲ့တာဝန်လို့ဆိုရပါတယ်၊ ဒီတော့ ရှောင်သင့်တာကို အရင်ပြပြီး, လုပ်သင့်တာကိုတော့ နောက်မှပြပါ့မယ်"။

www.burmeseclassic.com

www.burmeseclassic.com


လူသားတစ်ဦးတစ်ယောက်က–*

၁။ ညစ်ညူးကြောင်းကံလေးပါးကို ပယ်မယ်၊

၂။ အကြောင်းလေးပါးနဲ့ မကောင်းမှုကို မပြုလုပ်ဘူး။ [အဂတိလေးပါး မလိုက်စားဘူး။]

၃။ စည်းစိမ်ပျက်ကြောင်း ၆–ပါးကို မမှီဝဲ, မပြုလုပ်ဘူး–

ဆိုကြပါစို့ရဲ့၊ ဒီတော့ အဲဒီပုဂ္ဂိုလ်ဟာ ဒီ ၁၄–ပါးသော မကောင်းမှုကလဲ ကင်းမယ်၊ လုပ်ရမဲ့ လူ့တာဝန်တွေကိုလဲ ကျေပွန်စွာ ထမ်းဆောင်မယ်ဆိုရင် ဒီဘဝမှာဖြစ်တဲ့ အကျိုးမဲ့တွေ, နောင်ဘဝမှာဖြစ်မဲ့ အကျိုးမဲ့တွေကို ရှောင်ကြဉ်ပြီး ဖြစ်ပါတယ်၊ အဲဒီလို ရှောင်ကြဉ်ပြီးဖြစ်တဲ့အတွက် ဒီဘဝအကျိုး, နောင်ဘဝအကျိုးနှစ်ပါးကို ပြည့်စုံစေပါတယ်၊ အပြီးအပိုင် ရရှိပြီးဖြစ်ပါတယ်။

ဒါနဲ့ ဒီဘဝနှင့်နောင်ဘဝကို အောင်မြင်အောင်, လွှမ်းမိုးနိုင်အောင် ကျင့်ရာ ရောက်ပါတယ်။

အဲဒီပုဂ္ဂိုလ်ဟာ ဒီဘဝနှင့်နောင်ဘဝကို ပြီးစေပြီးပဲ ဖြစ်ပါတယ်၊ ဒီဘဝက သေသွားလို့ရှိရင် နောင်ဘဝမှာ နတ်ပြည်ကို ရောက်ရပါတော့တယ်။

"ဘောမှာ ရေးထားတာကို ဆရာမ မစိုးစိုးတင့်က တိုင်ပေးလိုက်ပါအုံး"။

*ညစ်ညူးလေးတန်–ကြောင်းလေးပါးနှင့် , စည်းစိမ်ပျက်ပြား–ကြောင်းခြောက်ဖြာ၊
မကောင်းမှုတွေ–ဆယ့်လေးကင်းလို့ , တာဝန်မယွင်း–ထမ်းဆောင်ပါ။
ဒီပုဂ္ဂိုလ်က–ပြီးစေပါ့ , ဘဝနှစ်မှာ–ကျိုးစီးပွား၊
ဘဝစွန့်ခွာ–ပြောင်းသောခါ , လူ့ရွာမနား–နတ်ရွာသွား။

**"အကျယ်ဝိတ္ထာရ"**

ခုနက အကျဉ်းပြောလာခဲ့တာတွေကို တစ်ခုချင်း အကျယ်ချဲ့ ပြောပြသွားပါ့မယ်၊ သင့်တော်တဲ့နေရာမှာ ပုံဝတ္ထုတွေကိုလဲ ထည့်သွင်းပြောပြသွားပါ့မယ်၊ ဒီတော့ ညစ်ညူးကြောင်းကံလေးပါးက စကြစို့ရဲ့။

## ရှောင်တာဝန်ပိုင်း

**ညစ်ညူးကြောင်းကံလေးပါး**

၁။ သူ့အသက်သတ်တာဟာ ညစ်ညူးကြောင်းကံမည်ပါတယ်၊

၂။ သူ့ဥစ္စာခိုးတာလဲ ညစ်ညူးကြောင်းကံမည်ပါတယ်၊

* ဒီ–၃–ပါ၊ ၁၄၇။ ဋ၊ ၁၂၆။ ဋီ၊ ၁၂၈။

www.burmeseclassic.com

www.burmeseclassic.com



၃။ ကာမဂုဏ်တို့မှာ မှားမှားယွင်းယွင်း ကျင့်တာလဲ ညစ်ညူးကြောင်းကံ မည်ပါတယ်၊

၄။ မဟုတ်မမှန် ပြောဆိုခြင်းဟာလဲ ညစ်ညူးကြောင်းကံ မည်ပါတယ်။

ဒီညစ်ညူးကြောင်းဖြစ်တဲ့ ကံလေးပါးကို ပယ်ရမယ်၊ ဒီညစ်ညူးကြောင်းကံလေးပါးကို မပြုလုပ်ရဘူး။

ဆရာမ မမြင့်မြင့်ဝေက ဘောမှာ ရေးပေးထားတာကို တိုင်ပေးလိုက်ပါအုံး၊ ပြီးမှ သက်ဆိုင်ရာ ပုံဝတ္ထုတွေကို ပြောပြပါ့မယ်။

*သူ့သက်သတ်မျိုး–ခိုးဥစ္စာ ， ကာမမှိုဝဲ–လွဲမှားစွာ။
လှည့်ပတ်လိမ်ညာ–ပြောစကား ， ညစ်ညူးကံများ–ဤလေးပါး။

**သူ့သက်သတ်မှု**

အခု သက်ဆိုင်ရာ ပုံဝတ္ထုတွေကို ပြောပြသွားပါ့မယ်၊ ကျောင်းသားတွေရော, ကျောင်းသူတွေရော စူးစူးစိုက်စိုက် နားထောင်မှတ်သားကြပါ၊ အဲဒီလို နားထောင်ထားမှ ဒီဝတ္ထုထဲက ဘာသင်ခန်းစာ ရကြသလဲ ?–လို့ ပြန်မေးတဲ့အခါမှာ ပြန်လည်ဖြေပြနိုင်မှာ ဖြစ်ပါတယ်၊ ကိုင်း– ဝတ္ထုကို စကြစို့ရဲ့။

*တစ်ချိန်မှာ ဗုဒ္ဓမြတ်စွာက သာဝတ္ထိမြို့တွင်းကို ဆွမ်းခံဝင်လာပါတယ်၊ ကလေးတွေက ထန်းမြွေမျိုးဖြစ်တဲ့ မြွေတစ်ကောင်ကို တုတ်နဲ့ရိုက်သတ်နေကြပါတယ်၊ ဒါကို တွေ့ရတော့ ဗုဒ္ဓမြတ်စွာက ကလေးတွေကို မေးပါတယ်။

"ဟေ့–ကလေးတွေရဲ့ ! ဘာလုပ်နေကြသလဲ ?"။

"မြွေကို တုတ်နဲ့ ရိုက်သတ်နေကြပါတယ် အရှင်ဘုရား"။

"ဘာ့ကြောင့် ရိုက်ကြရသလဲ ?"။

"ကိုက်မှာကို ကြောက်လို့ပါဘုရား"။

"မင်းတို့က ကိုယ့်ကိုချမ်းသာစေမယ်၊ သက်သာရာ ရစေမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဒီမြွေကို ရိုက်ကြလို့ရှိရင် ရောက်ရာဘဝမှာ ချမ်းသာသုခ ရကြမယ်မဟုတ်ဘူး၊ ကိုယ့်ချမ်းသာကို အလိုရှိသူက သူတစ်ပါးကို မရိုက်သင့်ဘူး"။

ကလေးတွေကို ဖျောင်းဖျပြောဆိုတော်မူပြီးသည့်နောက် ဗုဒ္ဓမြတ်စွာက ဆက်လက် မိန့်ကြားတော်မူပြန်တယ်။

---

* ခံ–၅–၂၊ ၃၃။

www.burmeseclassic.com

www.burmeseclassic.com



"သတ္တဝါတွေဆိုတာဟာ ချမ်းသာကို အလိုရှိကြတာချည်းပဲ၊ ကိုယ့်ချမ်းသာကို အလိုရှိတာနဲ့ ကိုယ့်လိုပဲ ချမ်းသာကို အလိုရှိနေကြတဲ့ သတ္တဝါတွေကို ညှဉ်းဆဲတဲ့သူဟာ နောင်ဖြစ်ရာဘဝမှာ ချမ်းသာသုခကို မရနိုင်ဘူး။

သတ္တဝါတွေ–ဆိုတာဟာ ချမ်းသာသုခကို အလိုရှိကြတာချည်းပါပဲ၊ ကိုယ့်ချမ်းသာကို အလိုရှိတာနဲ့ ကိုယ့်လိုပဲ ချမ်းသာကို အလိုရှိနေကြတဲ့ သတ္တဝါတွေကို မညှဉ်းဆဲ မနှိပ်စက်တဲ့သူကသာ နောက်ဘဝတွေမှာ ချမ်းသာသုခကို ရနိုင်ကြပါတယ်"။

*သတ္တဝါဆိုတာ–ချမ်းသာခြင်းကို , အလွန်အမင်း–လိုရှိတာ၊
ကိုယ်ချမ်းသာရန်–မျှော်မှန်းထားလို့ , ချမ်းသာလိုလား–သူ့ကိုသာ။
ညှဉ်းဆဲသူများ–နောင်အခါ , ကိုယ့်မှာချမ်းသာ–မဖြစ်ပွား၊
ညှဉ်းဆဲကင်းကွာ–သူကသာ , နောင်ခါကြီးပွား–ချမ်းသာများ။

သတ္တဝါတွေဆိုတာဟာ ဒဏ်ကိုလဲ ကြောက်ကြပါတယ်၊ သေရမှာကိုလဲ ကြောက်ကြပါတယ်၊ ကိုယ်ချမ်းသာပြီး သူ့ကို မညှဉ်းဆဲသင့်၊ မသတ်ဖြတ်သင့်။

*လုံးစုံသတ္တဝါ–ရိုက်မှာကြောက်လို့ , သေပျောက်မှာလဲ–ကြောက်သည်သာ၊
ကိုယ်နှင့်နှိုင်းစာ–ကြင်နာတတ်လို့ , ရိုက်ပုတ်သတ်ဖြတ်–မပြုရာ။
ရိုက်ပုတ်သတ်ဖြတ်–ရှောင်သူမှာ , သက်ရှည်ကျန်းမာ–ချမ်းသာပွား၊
မရှောင်သူမှာ–နောင်အခါ , ရောဂါတိုးပွား–ဆင်းရဲများ။

"မောင်ဇော်ထွန်းကပဲ ပြောပြပါအုံး၊ မင်းတို့ ဒီဝတ္ထုထဲက ဘာသင်ခန်းစာများ ရလိုက်သလဲ ?"။

"သတ္တဝါတွေအပေါ်မှာ ကိုယ်ချင်းစာရမယ်၊ မညှဉ်းဆဲ မနှိပ်စက်ရဘူး၊ ညှဉ်းဆဲနှိပ်စက်က နောင်ဖြစ်ရာဘဝ ချမ်းသာသုခ မရနိုင်၊ မနှိပ်စက်သူကသာ ချမ်းသာသုခ ရနိုင်ပါတယ်၊ ပြီးတော့ကာ သတ္တဝါတွေကို ကိုယ်ချင်းစာပြီး သတ်လဲမသတ်ရပါ၊ သတ်ဖြတ်က နောင်ဘဝမှာ ရောဂါများမယ်၊ ဆင်းရဲမယ်၊ မသတ်ဖြတ်က အသက်ရှည်မယ်၊ ကျန်းမာမယ်၊ ဒီသင်ခန်းစာကို ရပါတယ် ဘုန်းဘုန်း"။

ဒီလောက်ပြောတတ်ရင်တော်ပါပြီ၊ နောက်လူတွေလဲ ဒီလိုပြောတတ်အောင် ကြိုးစားထားကြ၊ နောက်သူ့ဥစ္စာကို ခိုးမှုကို ဆက်ကြစို့ရဲ့။

www.burmeseclassic.com

www.burmeseclassic.com



## *သူ့ဥစ္စာကို ခိုးမှု

ရာဇဂြိုဟ်မြို့သူ အမျိုးသမီး ၄–ယောက်တို့က မမှန်ကန်တဲ့ ခြင်ခွက်–စသည်နဲ့ ထောပတ်, ပျား, ဆီ, စပါး–စသည်တို့ကို ရောင်းဝယ်မှု ပြုကြပါတယ်၊ မမှန်မကန်တဲ့ နည်းနဲ့ ပစ္စည်းဥစ္စာတွေကို စုဆောင်းထားကြပါတယ်၊ အဲဒီလို လုပ်ကိုင်ပြီး အသက် မွေးလာကြပါတယ်။

သူတို့က သေဆုံးလို့ ဘဝကူးပြောင်းသွားတဲ့အခါ မြို့ပြင်ဘက် ကျုံးဘောမှာ ပြိတ္တာမတွေ ဖြစ်နေကြပါတယ်၊ သူတို့က ညဥ့်အချိန်မှာ ဆင်းရဲဒုက္ခကို သည်းမခံနိုင် တာနဲ့ပဲ ကြောက်စရာ လန့်စရာ အသံတွေနဲ့ ဟစ်အော်နေကြပါတယ်။

"ငါတို့က တရားတဲ့နည်းနဲ့ရော, မတရားတဲ့နည်းနဲ့ရော ပစ္စည်းဥစ္စာတွေကို စုဆောင်းခဲ့ကြတယ်၊ အဲဒါတွေကို အခြားလူတွေကပဲ သုံးစွဲစားသောက်နေကြ တော့တယ်၊ တို့ကတော့ ဆင်းရဲဒုက္ခ ရောက်နေကြရတယ်"။

သနားစရာတွေပဲနော် လုပ်တုံးကတော့ ပိုက်ဆံရရေးတစ်ခုကလေးကို ကြည့်ပြီး နောင်–ဘာကိုမှ မကြည့်ခဲ့ကြဘူး။

*မမှန်မကန်–ခြင်ခွက်များဖြင့်, ရောင်းဝယ်ဖောက်ကား–ပြုလုပ်ပါ၊
မပေးအလှူ–ကိုယ်သေသွားလို့, ချန်ကာထားတဲ့–ထိုဥစ္စာ။
အခြားသူများ–ချမ်းသာစွာ, လိုရှိတိုင်းသာ–သုံးစားကြ၊
ကိုယ်မူရောက်ရာ–ဘဝမှာ, ချမ်းသာကင်းပ–ဆင်းရဲရ။

"ကိုင်း– မနီနီစိုးက ပြောစမ်းပါ၊ ဘာသင်ခန်းစာများ ရလိုက်တယ် ဆိုတာကို"။

"ချိန်စဉ်းလဲ, တောင်းစဉ်းလဲနဲ့ မမှန်မကန် အရောင်းအဝယ်လုပ်တာဟာလဲ ခိုးခြင်းတစ်မျိုးပဲ၊ ကိုယ်က အဲဒီလို ပစ္စည်းဥစ္စာကို စုရင် ကိုယ်သေသွားတော့ ပစ္စည်းဥစ္စာက ကိုယ့်နောက်ကို တစ်ပြားတစ်ချပ်မှ ပါလာတာ မဟုတ်ပါ၊ ရောက်ရာဘဝမှာ ကိုယ်က ဒုက္ခခံရပြီး ကျန်နေတဲ့ လူတွေကသာ သုံးစွဲနေကြရ ပါတယ်၊ ဒါ့ကြောင့် ချိန်စဉ်းလဲ, တောင်းစဉ်းလဲနဲ့ အရောင်းအဝယ် မလုပ် သင့်ဘူး၊ အလေးမခိုးသင့်ဘူး–ဆိုတဲ့ သင်ခန်းစာကို ရပါတယ်"။

အေး– ပြောသွားသူနှစ်ဦးလုံးပဲ တော်ပါပေတယ်၊ နောက်လူတွေလဲ သူတို့လို ပြောတတ်အောင် ကြိုးစားကြ၊ အခု မိစ္ဆာစာရကို ပြောကြအုံးစို့ရဲ့။

* ပေတ–၄၊ ၂၆၀။

www.burmeseclassic.com

www.burmeseclassic.com



## * "မိစ္ဆာစာရ"

အနာထပိဏ်သူဌေးမှာ တူတစ်ယောက် ရှိနေပါတယ်၊ သူ့အမည်က ခေမက ပါတဲ့၊ အဲဒီ ခေမကဟာ ရုပ်ရေအဆင်း အင်မတန် ချောမောခန့်ညားသူ ဖြစ်ပါတယ်၊ အများအားဖြင့် မိန်းမတွေက သူ့ကို တွေ့ရတဲ့အခါ ရာဂရဲ့ လွှမ်းမိုးမှုကို ခံရတဲ့အတွက် စိတ်ကို ထိန်းမထားနိုင်ကြဘူးတဲ့၊ သူကိုယ်တိုင်ကလဲ သူများမိန်းမတွေနဲ့ ပျော်ပါးမှုကို နှစ်သက်နေသူပဲ ဖြစ်ပါတယ်။

ဒီတော့ ညဥ့်အချိန်မှာ မင်းမှုထမ်းတွေက သူ့ကို ဖမ်းမိပြီး ဘုရင့်ရှေ့တော်မှောက်ကို သွင်းကြပါတယ်၊ ကောသလမင်းက အနာထပိဏ်သူဌေးရဲ့ ဂုဏ်အသရေကို စောင့်ထိန်းတဲ့အနေနဲ့ သူ့ကို အလွှတ်ခိုင်းလိုက်ပါတယ်။

ခေမကကတော့ မရှောင်ကြဉ်ပါဘူး၊ ကျူးလွန်နေကြအတိုင်း ကျူးလွန်နေတာ ပါပဲတဲ့၊ ဒီတော့ မင်းမှုထမ်းတွေက ၂–ကြိမ် ၃–ကြိမ်ဖမ်းမိပြီး ကောသလမင်းရဲ့ ရှေ့တော်မှောက်ကို သွင်းကြပြန်တယ်၊ အဲဒီအကြိမ်တွေမှာလဲ ကောသလမင်းက အလွှတ်ခိုင်းတာပါပဲတဲ့။

အနာထပိဏ်သူဌေးက ဒီအကြောင်းကို ကြားရတော့ ခေမကကို ခေါ်ပြီး ဗုဒ္ဓမြတ်စွာထံ သွားပါတယ်၊ အဖြစ်အပျက်တွေကိုလဲ လျှောက်ထားပါတယ်၊ တစ်ဆက်တည်းပဲ–

"ရှင်တော်မြတ်ဘုရား ! ဒီတပည့်တော်ရဲ့ တူကလေးအား တရားစကား မိန့်ကြားတော်မူပါ"။

ဒီလိုလဲ လျှောက်ထားပါတယ်၊ ဘုရားရှင်က ထိတ်လန့်စရာ စကားတွေကို မိန့်ကြားပြီး သူတစ်ပါးမယားနှင့် ကျူးလွန်ပျော်ပါးခြင်းရဲ့ အပြစ်ကိုလဲ မိန့်တော်မူပါတယ်။

"မေ့လျော့သော့ဆတာနဲ့ သူများမယားကို ကျူးလွန်မှီဝဲတဲ့လူဟာ မကောင်းမှု အကုသိုလ်ကို ရခြင်း, အလိုရှိတိုင်း မအိပ်ရခြင်း, ကဲ့ရဲ့ခံရခြင်း, ငရဲသို့ ရောက်ရခြင်း–ဆိုတဲ့ အကြောင်းလေးပါးတို့သို့ ရောက်ရပါတယ်။

အဲဒီ သူတစ်ပါးမယားကို ကျူးလွန်တဲ့သူမှာ အကုသိုလ်ကိုလဲ ရရှိပါတယ်၊ အဲဒီ အကုသိုလ်ကြောင့် အောက်တန်းကျတဲ့ ငရဲကိုလဲ ရောက်ရပါတယ်၊ ထိတ်လန့်နေတဲ့ယောကျ်ားရဲ့ ထိတ်လန့်နေတဲ့မိန်းမနှင့် မွေ့လျော်ရတာဟာလဲ အနည်းငယ်မျှသာ ဖြစ်ပါတယ်၊ ပြည်ပိုင်အစိုးရများကလဲ ကြီးလေးတဲ့အပြစ်

---

* ၆–၅–၂။ ၃၀၀။

www.burmeseclassic.com

www.burmeseclassic.com



ဒဏ်ကို ပေးတတ်ကြပါတယ်၊ ဒီလို အပြစ်များလှတဲ့အတွက် ယောကျ်ား ဖြစ်သူက သူ့မိန်းမကို မလွန်ကျူး မမှီဝဲသင့်"။

ဘုရားရှင်ရဲ့ တရားတော်အဆုံးမှာ ခေမကသူဌေးသားက တရားထူးရသွားပါတယ်၊ အဲဒီအချိန်ကစပြီး လူတွေကလဲ ချမ်းချမ်းသာသာ နေလာကြရပါတယ်။

*ထိန်းချုပ်ကင်းကွာ–စိတ်လွှတ်ထားလို့ ၊ သူ့အိမ်ရာများ–ကျူးလွန်ပါ၊
ဆိုးညစ်ပြစ်ဆာ–အိပ်မဝနှင့် ၊ ကဲ့ရဲ့ခံရ–ငရဲရွာ။
ဤဆင်းရဲခြင်း–ကြောင်းလေးဖြာ ၊ မလွဲသေချာ–ရောက်လာသင့်၊
ထို့ကြောင့်ဝေးစွာ–သူ့အိမ်ရာ ၊ ရှောင်ပါဂုဏ်တင့်–တန်ခိုးမြင့်။

*အိမ်ရာကျူးလွန်–မကောင်းမှုကြောင့် ၊ ငရဲဖြောင့်ဖြောင့်–သွားရပါ၊
ထိတ်လန့်ခြင်းတူ–သူနှစ်ဦးတို့ ၊ မွေ့လျော်ပျော်မြူး–နည်းလှပါ။
အစိုးရများ–သိသောခါ ၊ ကြီးလေးပြစ်ဆာ–ပေးအပ်နှင်း၊
ထို့ကြောင့်ဝေးစွာ–သူ့အိမ်ရာ ၊ ကွယ်ရာပေါင်းသင်း–မြဲရှောင်ကွင်း။

"မောင်လှသန်းက ပြောပြစမ်းပါအုံး၊ ဒီဝတ္ထုက ဘာသင်ခန်းစာတွေကို ရလိုက်တယ်ဆိုတာကို"။

"သူများမိန်းမကို ခိုးယူပေါင်းသင်းသူဟာ ထိတ်ထိတ်လန့်လန့်နဲ့ ပေါင်းသင်းရတဲ့အတွက် အပြည့်အဝ သာယာမှုကို မရနိုင်ပါ၊ ဒီဘဝမှာပဲ လူတွေရဲ့ ကဲ့ရဲ့မှုကိုလဲ ခံရပါတယ်၊ ကြီးလေးတဲ့ ရာဇဝတ်ပြစ်မှုကို ကျူးလွန်ရာလဲ ရောက်ပါတယ်၊ စိတ်ချလက်ချအိပ်လို့ မရပါ၊ အဲဒီအကုသိုလ်ကြောင့် သေပြီးတဲ့နောက် ငရဲကိုလဲ ရောက်ရပါတယ်– ဒီသင်ခန်းစာကို ရရှိပါတယ်"။

"အေး– ဟုတ်ပြီ၊ အခုပဲ မုသာဝါဒအတွက် ဆက်ကြအုံးစို့ရဲ့"။

## ကုန်းတိုက်လှည့်ပတ်တတ်တဲ့ တရားသူကြီး

ဗိမ္ဗိသာရမင်းက တစ်လမှာခြောက်ရက် ဥပုသ်စောင့်လေ့ရှိပါတယ်၊ မင်းကို အတုလိုက်ပြီး လူများကလဲ ဥပုသ်စောင့်ကြပါတယ်၊ ဗိမ္ဗိသာရမင်းက ကိုယ့်အနားကို ရောက်လာသမျှလူတွေကို "ဥပုသ်စောင့်သလား၊ မစောင့်ဘူးလား ?" လို့ မေးတတ်ပါတယ်။

တရားသူကြီးတစ်ယောက်က ဗိမ္ဗိသာရမင်းအနားကို ရောက်လာပါတယ်၊ အဲဒီတရားသူကြီးဟာ ချောပစ်ကုန်းတိုက်တတ်ပါတယ်၊ လာဘ်စားမှုကိုလဲ ပြုတတ်ပါတယ်၊ သူက "မစောင့်ဘူး" လို့ မပြောရဲတာနဲ့ "စောင့်ပါတယ် အရှင်မင်းမြတ်"

www.burmeseclassic.com

www.burmeseclassic.com



လို့ ပြောထားခဲ့ပါတယ်၊ နန်းတော်ကထွက်လာလို့ အပြင်ကိုရောက်တဲ့ အခါ သူငယ်ချင်း တစ်ယောက်က သူ့ကို မေးပါတယ်။

"မိတ်ဆွေ ! ခင်ဗျားက ဒီနေ့ ဥပုသ်စောင့်ရဲ့လား ?"။

"ကြောက်တာနဲ့ပဲ ကျွန်တော်က ဘုရင့်ရှေ့မှာ ဒီလို ပြောခဲ့တာပါ မိတ်ဆွေ !၊ ကျုပ် ဥပုသ်မစောင့်ပါဘူး"။

"ဒါဖြင့်ရင် ဒီနေ့ နေ့ထက်ဂုဏ်ဥပုသ် ခင်ဗျားမှာ ဖြစ်ပါစေတော့၊ ဥပုသ် ဆောက်တည်ထားစမ်းပါ"။

အဲဒီတရားသူကြီးက မိတ်ဆွေပြောတာကို ဝန်ခံပြီး အိမ်ကိုပြန်သွားပါတယ်၊ မစား သောက်တော့ဘဲ ပါးစပ်ကို ဆေးကြောပြီး ဥပုသ်ဆောက်တည်ထားလိုက်ပါတယ်၊ ညဥ့်အချိန်မှာ လေဖြတ်ပြီး စုတေ့သွားပါတော့တယ်၊ စုတေ့တာနှင့် တစ်ပြိုင်နက် တောင်ဝှမ်းမှာ ဝေမာနိကပြိတ္တာ ဖြစ်နေပါတယ်။

သူဟာ ညဥ့်အချိန်မှာ ဥပုသ်စောင့်ရုံမျှနဲ့ ဘုံဗိမာန်နှင့် နတ်သမီးတစ်သောင်း အခြံအရံရှိတဲ့ နတ်စည်းစိမ်ကို ရရှိပါတယ်၊ မမှန်မကန် တရားဆုံးဖြတ်မှုနှင့် ကုန်းတိုက် တတ်မှုကြောင့် ကျောသားတွေကို ကိုယ်တိုင်ပဲ ခွာစားနေရပါတယ်။

"ဘုန်းဘုန်းဘုရား ! ဝေမာနိကပြိတ္တာ–လို့ ဘာကို ခေါ်ပါသလဲ ?"။

ဆရာတော်ဦးဓမ္မိကဏ်ဳ စကားအဆုံးမှာပင် မတင့်တင့်ဝေက လျှောက်ထားပါသည်။

"အေး– တော်တယ်ဟေ့၊ ကိုယ်က နားမလည်လို့ရှိရင် ဒီလို မေးတတ် မှပေါ့၊ ဝေမာနိက–ဆိုတာက [ ဝိမာန+ဏိက ]ဆိုတဲ့ ၂–ပုဒ်ကို ပါဠိသဒ္ဒါ နည်းနဲ့ ပေါင်းစပ်ထားတာပဲ ဖြစ်တယ်၊ ဒီတော့ ဝိမာန–ဆိုတာက ဘုံဗိမာန်ရဲ့ ဏိက–ဆိုတာက ရှိတယ်–လို့ အဓိပ္ပာယ်ရတယ်ကွဲ့၊ ဒါကြောင့် ဘုံဗိမာန်ရှိတဲ့ ပြိတ္တာမျိုးကို ဝေမာနိကပြိတ္တာ–လို့ ခေါ်တယ်၊ ပြီးတော့ မတင့်တင့်ဝေကပဲ ဒီဝတ္ထုက ဘာသင်ခန်းစာ ရတယ်–ဆိုတာကို ပြောပြပါအုံး"။

"အုပ်ချုပ်သူက ကောင်းလို့ရှိရင် ပြည်သူပြည်သားတွေကပါ ကောင်းလာ တတ်တယ်–ဆိုတာရယ်, မိတ်ဆွေကောင်းနှင့် ပေါင်းရတာ သိတ်အကျိုးရှိတယ် ဆိုတာရယ်, မမှန်ကန်တဲ့ တရားဆုံးဖြတ်မှုနှင့် ကုန်းတိုက်မှုကို ပြုလုပ်လို့ ရှိရင် ပြိတ္တာဖြစ်လို့ ကိုယ့်ကျောသားကို ခွာစားရတတ်တယ်–ဆိုတာရယ် ဒါတွေကိုပဲ ဒီဝတ္ထုထဲက သင်ခန်းစာထုတ်ယူလို့ ရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



### *ပုဏ္ဏား ၅-ယောက်နှင့် ကံ ၅-ပါး

ဒီလောက်နဲ့ပဲ ညစ်ညူးကြောင်းကံလေးပါးနှင့် သက်ဆိုင်တဲ့ ပုံဝတ္ထုတွေ ပြည့်စုံလုံလောက်ပြီး ဖြစ်ပါတယ်၊ ဒါပေမဲ့ အကုန်လုံးနှင့်သက်ဆိုင်တဲ့ ပုံဝတ္ထုတစ်ခုကို ဆက်လက်ပြောပြပါအုံးမယ်။

ဘုရားရှင် ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးနေတော်မူပါတယ်၊ အဲဒီအခါတုံးက သာဝတ္ထိမြို့မှာ ဒကာငါးယောက် ရှိနေကြပါတယ်၊ တစ်ယောက်က သူ့အသက်ကို မသတ်ဘူး၊ တစ်ယောက်က သူ့ဥစ္စာကို မခိုးဘူး၊ တစ်ယောက်က ကာမဂုဏ်တွေမှာ မှားမှားယွင်းယွင်း မကျင့်ဘူး၊ တစ်ယောက် မုသားမပြောဘူး၊ တစ်ယောက်က အရက်သေစာ မသောက်စားဘူး၊ ဒီလိုပဲ သူတို့ငါးယောက်က သိက္ခာပုဒ်တစ်ခုတစ်ခုစီကိုသာ ထိန်းကြပါတယ်၊ တစ်နေ့မှာ သူတို့က-

"ကျုပ်ကသာ ခဲယဉ်းတဲ့အလုပ်ကို လုပ်နေတယ်၊ ခဲယဉ်းတာကို စောင့်ရှောက်နေတယ်"။

ဒီလို ငြင်းခုံနေကြပါတယ်၊ တစ်ယောက်နှင့်တစ်ယောက် အနိုင်မခံ, အရှုံးမပေး ဖြစ်နေကြပါတယ်၊ ဒါနဲ့ ဘုရားရှင်ထံသွားပြီး ဒီအကြောင်းကို လျှောက်ထားကြတယ်။

ဘုရားရှင်က သူတို့ရဲ့စကားကို ကြားရတော့ ဘယ်သိက္ခာပုဒ်ကိုမှ အောက်တန်းကျတယ်-လို့ မိန့်တော်မမူပါ၊ သိက္ခာပုဒ်အကုန်လုံးပဲ အစောင့်အရှောက် ခက်လှတယ်လို့ မိန့်တော်မူပြီး- တရားစကား ဆက်လက်ဟောကြားတော်မူပါတယ်။

လူတစ်ဦးတစ်ယောက်က သူ့အသက်ကို သတ်မယ်, သူ့ဥစ္စာကို ခိုးမယ်, သူ့မယားကို သွားလာလွန်ကျူးမယ်, မမှန်မကန် လိမ်ညာပြောမယ်, အရက်သေစာ သောက်မယ်-ဆိုရင် အဲဒီလူဟာ ဒီဘဝမှာပဲ မိမိရဲ့ လယ်ယာ-စတဲ့ အရင်းအမြစ်ကို ဖျက်ဆီးပစ်ပါတော့တယ်။

ယုတ်မာတဲ့ အကုသိုလ်တရားတွေကြောင့် သတ္တဝါတွေဟာ ကိုယ်ကိုလဲ မစောင့်စည်းကြဘူး၊ နှုတ်ကိုလဲ မစောင့်စည်းကြဘူး၊ လောဘ, ဒေါသ-ဆိုတဲ့ ဒီတရားတွေရဲ့ ညှဉ်းပန်းနှိပ်စက်မှုကို မခံကြရစေနှင့်။

*သူ့သက်မညှာ-သတ်ဖြတ်ထားလို့ , သူ့ဥစ္စာများ-ခိုးယူငင်၊
သူ့မယားကို-လွန်ကျူးတတ်လို့ , လိမ်ညာလှည့်ပတ်-ပြောဆိုလျှင်။
မူးယစ်ဆေးဝါး-အမြဲပင် , သောက်စားနေလျှင်-ကေ႒၊
လယ်ယာအိမ်ခြံ-ရင်းမြစ်မှန် , ပေါင်နှံ့ရောင်းချ-ပျက်စီးရ။

---

* ခံ-၅-၂။ ၂၂၆။

www.burmeseclassic.com

www.burmeseclassic.com



"ကိုင်း– ဒီဝတ္ထုထဲက ဘာသင်ခန်းစာကို ရတယ်ဆိုတာကို မောင်ထွန်းရွှေက ပြောပြစမ်းပါအုံး"။

"လောဘ, ဒေါသဆိုတဲ့ တရားဆိုးတွေ နှိပ်စက်ထားလို့ သတ္တဝါတွေဟာ ကံငါးပါးကို မထိန်းနိုင်ကြပါဘူး၊ ကံငါးပါးကို မထိန်းနိုင်ကြတဲ့သူဟာ ဒီဘဝမှာပဲ ကိုယ့်စည်းစိမ်ဥစ္စာ အရင်းအမြစ်တွေကို ဖျက်ဆီးပစ်တတ်ပါတယ်၊ ဒါကြောင့် ကံငါးပါးလုံစေလိုရင် လောဘ, ဒေါသ–ဆိုတဲ့ တရားဆိုးတွေ နည်းနိုင်သမျှ နည်းအောင်ထိန်းရမယ်–ဆိုတာဟာ ဒီဝတ္ထုထဲကရတဲ့ သင်ခန်းစာဖြစ်ပါတယ်"။

"ဒီနေ့တော့ ဒီလောက်နဲ့ပဲ တော်ကြစို့ရဲ့၊ သင်တန်းဖွင့်ဂုဏ်တော်တွေနဲ့ပဲ သင်တန်းသိမ်းပါ့မယ်၊ နောက်အပတ်တွေမှာလဲ ဂုဏ်တော်တွေနဲ့ သင်တန်းဖွင့်လို့ ဂုဏ်တော်တွေနဲ့ပဲ သင်တန်းသိမ်းပါ့မယ်၊ ဒါကြောင့် သင်တန်းသူသင်တန်းသားတွေက ဂုဏ်တော်တွေကို အရကျက်ထားကြပါ၊ ဒီနေ့တော့ ဆရာတစ်ယောက်က တိုင်ပေးပြီး တပည့်တွေက ညီညီညာညာ လိုက်ဆိုကြ၊ ပြီးတော့ ပြန်နိုင်ကြပါပြီ"။

## အကြောင်း ၄–ပါး

ဝါဆိုလပြည့်ကျော် ၁၂–ရက်၊ တနင်္ဂနွေနေ့။

ရှေ့အပတ်ကလိုပဲ တစ်နာရီထိုးခါနီးမှာ သင်တန်းသူသင်တန်းသားတွေက နေရာယူပြီး ဖြစ်နေကြပါသည်၊ ဆရာတော် ကြွရောက်လာချိန်မှာ ဆရာတော်ကို ပြိုင်တူဦးချကြပါတယ်၊ ဂုဏ်တော်တွေကို သံပြိုင်ရွတ်ဆိုပြီး သင်တန်းကိုလဲ ဖွင့်လိုက်ကြပါတယ်။

"ရှေ့အပတ်က ညစ်ညူးကြောင်းကံလေးပါး ပြီးသွားတော့ ဒီနေ့ အကြောင်း ၄–ပါးကိုပဲ ပြောပြပါ့မယ်။

၁။ ချစ်တာနဲ့ မလိုက်ပါသင့်တာကို လိုက်ပါပြီး မကောင်းမှုကို ပြုလုပ်တတ်ပါတယ်၊

၂။ မုန်းတာနဲ့ မလိုက်ပါသင့်တာကို လိုက်ပါပြီး မကောင်းမှုကို ပြုလုပ်တတ်ပါတယ်၊

၃။ မသိနားမလည်တာနဲ့ မလိုက်ပါသင့်တာကို လိုက်ပါပြီး မကောင်းမှုကို ပြုလုပ်တတ်ပါတယ်၊

၄။ ကြောက်တာနဲ့ မလိုက်ပါသင့်တာကို လိုက်ပါပြီး မကောင်းမှုကို ပြုလုပ်တတ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အမှန်ကတော့—

၁။ ချစ်တာနဲ့ မလိုက်ပါသင့်တာကို လိုက်ပါပြီး မကောင်းမှုကို မပြုရ၊
၂။ မုန်းတာနဲ့ မလိုက်ပါသင့်တာကို လိုက်ပါပြီး မကောင်းမှုကို မပြုရ၊
၃။ မသိတာနဲ့ မလိုက်ပါသင့်တာကို လိုက်ပါပြီး မကောင်းမှုကို မပြုရ၊
၄။ ကြောက်တာနဲ့ မလိုက်ပါသင့်တာကို လိုက်ပါပြီး မကောင်းမှုကို မပြုရ။

ချစ်တဲ့အတွက်ပဲဖြစ်ဖြစ်, မုန်းတဲ့အဲတွက်ပဲဖြစ်ဖြစ်, မသိနားမလည်တဲ့အတွက်ပဲဖြစ်ဖြစ်, ကြောက်တဲ့အတွက်ပဲဖြစ်ဖြစ် တရားတော်ကို ကျော်လွန်ကျင့်သူရဲ့ အခြံအရံ အကျော်အစောဟာ လဆုတ်ပက္ခလလို တစ်နေ့တခြားဆုတ်ယုတ်လာတတ်ပါတယ်။

ချစ်တဲ့အတွက်ပဲဖြစ်ဖြစ်, မုန်းတဲ့အတွက်ပဲဖြစ်ဖြစ်, မသိနားမလည်တဲ့အတွက်ပဲဖြစ်ဖြစ်, ကြောက်တဲ့အတွက်ပဲဖြစ်ဖြစ် တရားတော်ကို ကျော်လွန်မကျင့်သူရဲ့ အခြံအရံ အကျော်အစောဟာ လဆန်းပက္ခလလို တစ်နေ့တခြားပြည့်ဖြိုးတိုးပွားလာရပါတော့တယ်။

ဆရာမ မစိုးစိုးတင့်က ဘောမှာရေးထားတာကို တိုင်ပေးလိုက်အုံး"။

*ချစ်မုန်းတွေဝေ—ကြောက်ရွံ့မှုတဲ့ , ဤလေးခုကို—ကြောင်းပြုကာ၊
မလိုက်သင့်တာ—လိုက်မှားမိတော့ , ခြွေရံပျက်ပြား—ထိုသူမှာ၊
ချစ်မုန်းတွေဝေ—ကြောက်ရွံ့မှုတဲ့ , ဤလေးခုကို—ကြောင်းပြုကာ၊
မလိုက်သင့်တာ—ပယ်ရှောင်ရှားတော့ , ခြွေရံတိုးပွား—ထိုသူမှာ။

**ရှင်းလင်းချက်** ချစ်တာနဲ့ မလိုက်ပါသင့်တာကို လိုက်ပါတယ်—ဆိုတာက ချစ်တဲ့အတွက် မလိုက်ပါသင့်တာကို လိုက်ပါပြီး မလုပ်သင့်တွေကို လုပ်တာပဲ ဖြစ်ပါတယ်၊ ကျန်တာတွေကိုလဲ ဒီအတိုင်းပဲ မှတ်သင့်ပါတယ်။

၁။ ဒီလူဟာ ငါ့မိတ်ဆွေဖြစ်တယ်လို့ပဲဖြစ်ဖြစ်, ဒီလူဟာ ငါ့သူငယ်ချင်းဖြစ်တယ်လို့ပဲဖြစ်ဖြစ်, ဒီလူဟာ ငါ့ဆွေမျိုးဖြစ်တယ်လို့ပဲဖြစ်ဖြစ်, ဒီလူဟာ ငါ့ကိုတံစိုးလက်ဆောင် ပေးထားတယ်လို့ပဲဖြစ်ဖြစ် ချစ်ခင်မှုကို အကြောင်းပြုပြီး ပိုင်ရှင်မဟုတ်သူကို ပိုင်ရှင်ဖြစ်အောင် လုပ်ပေးတဲ့သူဟာ ချစ်တာကိုအကြောင်းပြုပြီး မလိုက်ပါသင့်တာကို လိုက်ပါလို့ မကောင်းမှုကို ပြုသူမည်ပါတယ်။

၂။ ဒီလူဟာ ငါ့ရန်သူပဲလို့ နဂိုက ရန်ငြိုးရှိတဲ့အတွက်ကြောင့်ဖြစ်စေ, အဲဒီခဏမှာ ဖြစ်ပေါ်လာတဲ့ အမျက်ထွက်မှုအတွက်ကြောင့်ဖြစ်စေ ပိုင်ရှင်ဖြစ်သူကို ပိုင်ရှင်မဟုတ်အောင် လုပ်ပေးသူကတော့ မုန်းတာနဲ့ မလိုက်ပါသင့်တာကို လိုက်ပါပြီး မကောင်းမှုကို ပြုလုပ်သူမည်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



၃။ တွေဝေမိုက်မဲ မသိနားမလည်တဲ့အတွက် တော်အောင်လျော်အောင် ပြောဆိုပြီး ပိုင်ရှင်မဟုတ်သူကို ပိုင်ရှင်ဖြစ်အောင် ပြုလုပ်ပေးသူကတော့ မသိတာနဲ့ မလိုက်ပါသင့်တာကို လိုက်ပါပြီး မကောင်းမှုကို ပြုလုပ်သူမည်ပါတယ်။

၄။ ဒီလူဟာ မင်းကျွမ်းဝင်သူဖြစ်တယ်၊ ဒါကြောင့် ငါ့အကျိုးမဲ့ကို ပြုလုပ်မှာပဲလို့ဖြစ်ဖြစ်၊ ဒီလူဟာ လူဆိုးတွေနဲ့ ဆက်ဆံနေသူဖြစ်တယ်၊ ဒါကြောင့် ငါ့အကျိုးမဲ့ကို ပြုလုပ်မှာပဲလို့ပဲဖြစ်ဖြစ် ကြောက်တဲ့အတွက် ပိုင်ရှင်မဟုတ်သူကို ပိုင်ရှင်ဖြစ်အောင် လုပ်ပေးလိုက်တဲ့သူကတော့ ကြောက်တာနဲ့ မလိုက်ပါသင့်တာကို လိုက်ပါပြီး မကောင်းမှုကို ပြုလုပ်သူမည်ပါတယ်။

ပစ္စည်းတစ်စုံတစ်ခုကို ဝေဖန်တဲ့အခါမှာ ဒီလူဟာ ငါ့မိတ်ဆွေပဲ, ငါ့သူငယ်ချင်းပဲလို့ ချစ်တဲ့အတွက် အပိုအလွန်ပေးသူ,

ဒီလူကတော့ ငါ့ရန်သူပဲလို့ မုန်းတဲ့အတွက် လျှော့ပေးသူ,

ပေးပြီး မပေးရသေးကို မသိတဲ့အတွက် အချို့အား အနည်းငယ်ပေးပြီး, အချို့အား အများအပြားပေးသူ,

ဒါကို မပေးလို့ရှိရင် ဒီလူက ငါ့ရဲ့အကျိုးမဲ့ကို ပြုလုပ်တော့မှာပဲလို့ ကြောက်တဲ့အတွက် အချို့ပုဂ္ဂိုလ်အား အပိုအလွန်ပေးသူ,

ဒီသူတွေလဲ ဆန္ဒာဂတိ–စသည်ကိုလိုက်ပြီး မကောင်းမှုကို ပြုသူတို့မည်ပါတယ်။

## *လာဘ်စားကြသော တရားသူကြီးများ

ဗုဒ္ဓမြတ်စွာက သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးနေတော်မူပါတယ်၊ တစ်နေ့မှာ ရဟန်းတော်တွေက သာဝတ္ထိမြို့ရဲ့ မြောက်တံခါးရွာမှာ ဆွမ်းခံဝင်ကြပါတယ်၊ ဆွမ်းခံပြန်လာလို့ မြို့လယ်ကိုရောက်တဲ့အချိန်မှာ မိုးရွာလာပါတယ်၊ ဒါနဲ့ နီးရာတရားရုံးကို ဝင်ပြီး မိုးခိုကြပါတယ်၊ တရားသူကြီးတွေက တံစိုးလက်ဆောင်ယူပြီး ပိုင်ရှင်မဟုတ်သူကို ပိုင်ရှင်ဖြစ်အောင် လုပ်ပေးနေကြပါတယ်၊ ဒါကိုတွေ့ရတော့ ရဟန်းတော်တွေက—

"ဒီအမတ်တွေဟာ သိပ်မတရားလုပ်ကြတာပဲ၊ ငါတို့က ဒီလူတွေဟာ တရားဥပဒေနှင့်အညီ တရားဆုံးဖြတ်နေကြတယ်လို့ ထင်မှတ်ခဲ့ကြပါတယ်"။

ဒီလို တအံ့တဩနဲ့ မိုးစဲသွားတဲ့အခါ ကျောင်းကို ပြန်လာခဲ့ကြပါတယ်၊ ဘုရားရှင်ကို ရှိခိုးဝပ်ချပြီး သင့်တော်ရာက ထိုင်နေကြတယ်၊ ထို့နောက် ဘုရားရှင်အား ဒီအကြောင်းကို လျှောက်ထားကြပါတယ်။

---

* ခံ–၅–၂၊ ၂၄၁။

www.burmeseclassic.com

www.burmeseclassic.com



"ရဟန်းတို့ ! ချစ်ခြင်း–စသည်တို့ရဲ့အလိုကို လိုက်ပါပြီး ချွတ်ချွတ်ယွင်းယွင်း တရားဆုံးဖြတ်သူတွေဟာ တရားဥပဒေကို စောင့်ထိန်းသူတို့ မဟုတ်ကြဘူး၊ အပြစ်ကို စစ်ဆေးပြီး အပြစ်အားလျော်စွာ မှန်မှန်ကန်ကန် တရားဆုံးဖြတ်သူတွေကသာ တရားဥပဒေကို စောင့်ထိန်းသူတို့ မည်ကြပါတယ်"။

ဗုဒ္ဓမြတ်စွာက ဒီစကားကို မိန့်ကြားပြီးတဲ့နောက် ဆက်လက်ပြီး မိန့်ကြားတော်မူပြန်ပါတယ်။

"ဆုံးဖြတ်ရမဲ့ အကြောင်းအရာကို မမှန်မကန် ချွတ်ချွတ်ယွင်းယွင်း ဆုံးဖြတ်သူဟာ အဲဒီလို ဆုံးဖြတ်တဲ့အတွက် တရားဥပဒေကို စောင့်ထိန်းသူ မဟုတ်တော့ပါ၊ ဟုတ်မှန်တဲ့အကြောင်း, မဟုတ်မှန်တဲ့အကြောင်း နှစ်ပါးစုံကို စစ်ဆေးပြီး တရားနှင့်အညီ မှန်မှန်ကန်ကန် ဆုံးဖြတ်သူကသာ တရားဥပဒေကို စောင့်ထိန်းသူ ဖြစ်ပါတယ်၊ ထိုးထွင်းဉာဏ်ရှိတဲ့ ပညာရှိလဲ မည်ပါတယ်။

**ချွတ်ချွတ်ယွင်းယွင်း ဆုံးဖြတ်သူ**

ချစ်ခင်မှု–စသည်တို့ကို အကြောင်းပြုပြီး မှားမှားယွင်းယွင်း ဆုံးဖြတ်သူဟာ တရားဥပဒေကို စောင့်ထိန်းသူ မဟုတ်ပါ။

ချစ်ခင်မှုကို အကြောင်းပြုပြီး ဒီလူဟာ ငါ့ဆွေမျိုးဖြစ်တယ်လို့ပဲဖြစ်ဖြစ်, ဒီလူဟာ ငါ့မိတ်ဆွေဖြစ်တယ်လို့ပဲဖြစ်ဖြစ် မမှန်မကန်ပြောဆိုပြီး ပိုင်ရှင်မဟုတ်သူကို ပိုင်ရှင်ဖြစ်အောင် လုပ်ပေးသူဟာ ချွတ်ချွတ်ယွင်းယွင်း ဆုံးဖြတ်သူ မည်ပါတယ်။

စိတ်ဆိုးတဲ့အတွက် မမှန်မကန်ပြောဆိုပြီး ကိုယ့်ရန်သူအား ပိုင်ရှင်ဟုတ်ရဲ့သားနဲ့ ပိုင်ရှင်မဟုတ်အောင် ဆုံးဖြတ်ပေးသူလဲ ချွတ်ချွတ်ယွင်းယွင်း ဆုံးဖြတ်သူ မည်ပါတယ်။

ဆင်ခြင်ဉာဏ်မရှိတဲ့အတွက် တံစိုးလက်ဆောင် ယူထားတာနဲ့ပဲ ဆုံးဖြတ်တဲ့အခါ အခြားကို နှလုံးသွင်းသလို ဟိုဟိုဒီဒီကြည့်နေရင်း မှသားစကား ပြောကြားပြီး ဒီလူက နိုင်စေ၊ ဒီလူက ရှုံးစေ–လို့ လာဘ်မပေးသူကို အရှုံးပေးသူလဲပဲ ချွတ်ချွတ်ယွင်းယွင်း ဆုံးဖြတ်သူ မည်ပါတယ်။

ကြောက်တဲ့အတွက် အာဏာလက်ကိုင်ရှိသူ တစ်ဦးတစ်ယောက်အား အရှုံးပေးသင့်ပေမဲ့ နိုင်စေလို့ ဆုံးဖြတ်သူလဲပဲ ချွတ်ချွတ်ယွင်းယွင်း ဆုံးဖြတ်သူ မည်ပါတယ်။

ဒီလူတွေဟာ တရားဥပဒေကို စောင့်ထိန်းကြသူတွေ မဟုတ်ကြဘူး။

www.burmeseclassic.com

www.burmeseclassic.com



*အဂတိသာ–လိုက်ပါမှားလို့ , မမှန်တရား–စီရင်လာ၊
တရားဥပဒေ–မပျက်ပြားအောင် , စောင့်ထိန်းသူများ–မမည်ပါ။
အဂတိလေးပါး–မလိုက်ပါ , မှန်ကန်စွာသာ–ဆုံးဖြတ်ထား၊
တရားဥပဒေ–မပျက်စေ , စောင့်နေသူကား–လွန်ထင်ရှား။

"ဒီဝတ္ထုက ဘာသင်ခန်းစာ ရတယ်ဆိုတာကို မအုံးမြင့်က ပြောပြစမ်းပါအုံး"။

"တရားသူကြီးလုပ်မဲ့သူဟာ လာဘ်မယူရပါဘူး၊ ချစ်ခြင်း, မုန်းခြင်း, တွေဝေခြင်း, ကြောက်ခြင်းတို့ကို ဘေးဖယ်ထားရပါမယ်၊ ပြီးတော့ကာ တရားလို တရားခံတွေကို သေချာစွာ စစ်ဆေးရပါ့မယ်၊ သူတို့ရဲ့ ထွက်ဆိုချက်အပေါ်မှာ အခြေခံပြီး မှန်မှန်ကန်ကန် ဆုံးဖြတ်ပေးရမယ်၊ အဂတိတရား လိုက်စားလို့ မမှန်ကန် မဆုံးဖြတ်ရဘူး–ဆိုတာဟာ ဒီဝတ္ထုကရတဲ့ ဘဝသင်ခန်းစာပဲ ဖြစ်ပါတယ်"။

### *လာဘ်ယူစားတတ် နှာခေါင်းပြတ်

ဝတ္ထုကလေးတစ်ခု ဆက်ပြောပါအုံးမယ်၊ ကောသလမင်းမှာ သံလျက်လက္ခဏာ ဖတ်တတ်တဲ့ ပုဏ္ဏားတစ်ယောက် ရှိနေပါတယ်၊ ပန်းပဲသမားတွေက ကောသလမင်းအား သံလျက်ကို လာဆက်တဲ့အခါ အဲဒီပုဏ္ဏားက သံလျက်ကို နန်းကြည့်ပြီးမှ သံလျက်လက္ခဏာကို ဖတ်တတ်ပါတယ်။

ပုဏ္ဏားက လာဘ်ပေးထားသူတွေရဲ့ သံလျက်ကို "ဒီပန်းပဲဆရာတွေရဲ့ သံလျက်က လက္ခဏာနဲ့ ပြည့်စုံတယ်၊ မင်္ဂလာနှင့်ယှဉ်တယ်"လို့ ပြောဆိုတတ်ပါတယ်၊ "လာဘ်မပေးသူတွေရဲ့ သံလျက်ကိုတော့ ယုတ်ညံ့တဲ့လက္ခဏာရှိတယ်"လို့ ကဲ့ရဲ့တတ်ပါတယ်။

အဲဒီအချိန်မှာပဲ ပန်းပဲဆရာတစ်ယောက်က သံလျက်တစ်ခုကို အကျအန ပြုလုပ်ထားပါတယ်၊ သံလျက်အိမ်ထဲမှာ မှုန့်နေအောင်ထောင်းထားတဲ့ ငရုတ်မှုန့်ကို ထည့်ထားပါတယ်၊ အဲဒီလို လုပ်ထားပြီးမှ ကောသလမင်းအား သံလျက်ကို လာဆက်ပါတယ်၊ ပုဏ္ဏားကိုတော့ တံစိုးလက်ဆောင် ပေးထားဟန် မတူပါဘူး။

ကောသလမင်းက ပုဏ္ဏားကို အခေါ်ခိုင်းလိုက်ပါတယ်၊ ရောက်လာတဲ့အခါမှာ "သံလျက်ကို စုံစမ်းစစ်ဆေးအုံး"လို့ အမိန့်ရှိလိုက်ပါတယ်၊ ပုဏ္ဏားက သံလျက်ကို အိမ်ကဆွဲထုတ်လို့ နန်းလိုက်တယ်ဆိုရင်ပဲ ငရုတ်မှုန့်တွေက နှာခေါင်းထဲကို ဝင်သွားပြီး

* ဇာတ်–၅–၁၊ ၄၈၀။

www.burmeseclassic.com

www.burmeseclassic.com



နှာနုကို ကလိတာနဲ့ ချေဆတ်လာပါတယ်၊ ချေလိုက်တယ်ဆိုရင်ပဲ နှာခေါင်းကို သံလျက်သွားက ထိခိုက်မိတာနဲ့ နှာခေါင်းဖျား ပြတ်ထွက်သွားပါတော့တယ်။

"ဒီဝတ္ထုထဲက ဘာသင်ခန်းစာ ရတယ်ဆိုတာကို မောင်သိန်းလွင်က ပြောပြစမ်းပါအုံး"။

"ဒီ ဝတ္ထုထဲက သူ့ကိုမကောင်းကြံ ကိုယ့်ကိုပြန်ပြီး ဘေးဒဏ်ထိ–ဆိုတဲ့ သင်ခန်းစာကို ရပါတယ်"။

"အေး– ဒီမှာပဲ သင်တန်းကို ခေတ္တနားပြီး ၂–နာရီခွဲမှ ပြန်စကြစို့ရဲ့"။

**နိုကိုးရာမဲ့သော ဏောသလမင်း**

ယခုပြောမဲ့ဝတ္ထုက တရားဆုံးဖြတ်တာထက် လာဘ်ယူပြီး မသင့်တော်တာကို ခွင့်ပြုတာနဲ့ ဆိုင်ပါတယ်၊ ဝတ္ထုက နည်းနည်းရှည်ပါတယ်၊ သတိထားပြီး မှတ်မှတ်သားသား နားထောင်ကြပါ။

*ပထမဗောဓိ(ဝါ–၂၀)အတွင်းမှာ ဗုဒ္ဓမြတ်စွာနှင့် ဘိက္ခုသံဃာမှာ လာဘ်ပူဇော်သကာ ပေါများပါတယ်၊ တိတ္ထိတွေ လာဘ်ပူဇော်သကာ ဆုတ်ယုတ်လာပါတယ်၊ ဒါနဲ့ တိတ္ထိတွေက နေ့ညဥ့်ပတ်လုံး လျှို့ဝှက်အစည်းအဝေးလုပ်ပြီး တိုင်ပင်ဆွေးနွေး ကြပါတယ်။

"ရဟန်းဂေါတမ ဖြစ်လာတဲ့ အချိန်အခါကစပြီး ကျုပ်တို့မှာ လာဘ်ပူဇော်သကာ ယုတ်လျော့ပျက်စီးလာရပါတယ်၊ ရဟန်းဂေါတမမှာတော့ ပူဇော်သကာ ပေါများလာခဲ့ပါတယ်၊ ဘယ်လိုအကြောင်းကြောင့် ဒီလိုပြည့်စုံမှုမျိုး ဖြစ်လာရ သလဲ ?၊ ဒါကို စဉ်းစားကြရမယ်"။

တိတ္ထိတစ်ဦးက ဒီလို အဆိုပြုလိုက်တဲ့အခါ ပရိသတ်ထဲက ထပြီး အချို့က ပြောကြ ပါတယ်။

"ရဟန်းဂေါတမက ဇမ္ဗူဒိပ်တစ်ကျွန်းလုံးရဲ့ အထက်တန်းအကျဆုံး ဖြစ်တဲ့ မြေနေရာမှာ ရပါတယ်၊ ဒါကြောင့် သူ့မှာ လာဘ်ပူဇော်သကာ အများ အပြား ဖြစ်ပေါ်လာရတာပါပဲ"။

ဒီစကားကို ကြားရတဲ့အခါ ကျန်တဲ့တိတ္ထိတွေက ထောက်ခံ အတည်ပြုလိုက်ကြ ပါတယ်။

"ဒါဟုတ်တယ်ဟေ့၊ ကျုပ်တို့လဲပဲ ဇေတဝန်ကျောင်းတော်ရဲ့ အပြင် ဘက်မှာ တိတ္ထိတို့ရဲ့ ကျောင်းတိုက်တစ်ခု ဆောက်လုပ်နိုင်းကြစို့ရဲ့၊ ဒီလို လုပ်လိုက်လို့ရှိရင် တို့မှာလဲ လာဘ်ပေါများလာပါလိမ့်မယ်"။

* ဇာတ်–၄–၂၊ ၁၅၅။

www.burmeseclassic.com

www.burmeseclassic.com



ဒီစကားကို ကြားရတော့ သူတို့အကုန်လုံးကပဲ 'ဒါဟာ ဟုတ်တယ်'လို့ ဆုံးဖြတ်ကြပါတယ်။

"ကျုပ်တို့က ကောသလဘုရင်အား အကြောင်းမကြားဘဲ ကျောင်းတိုက်ကို အလုပ်ခိုင်းကြလို့ရှိရင် ရဟန်းတွေက ကန့်ကွက်တားမြစ်ကြလိမ့်မယ်၊ တံစိုးလက်ဆောင်ရလို့ရှိရင် မပျက်စီးတဲ့လူဆိုတာ မရှိနိုင်ပါဘူး၊ ဒါ့ကြောင့် ကောသလမင်းအား တံစိုးလက်ဆောင်ပေးပြီး ကျောင်းတိုက်တည်ရာဌာနကို အပိုင်ယူကြစို့ရဲ့"။

တိတ္ထိတွေက ဆက်လက်တိုင်ပင်ကြပါတယ်၊ ဒကာတွေဆီက ငွေတစ်သိန်း တောင်းယူကြပါတယ်၊ အဲဒီငွေတွေကို ကောသလမင်းအား ပေးကြပါတယ်။

"မဟာရာဇာ ! ကျုပ်တို့က ဇေတဝန်ကျောင်းတိုက်ရဲ့ အပြင်ဘက်မှာ တိတ္ထိကျောင်းတိုက် ဆောက်လုပ်လိုကြပါတယ်၊ ရဟန်းတွေက ဆောက်လုပ်ခွင့် မပြုနိုင်ဘူးလို့ အရှင်မင်းမြတ်တို့အား ပြောကြားလာလို့ရှိရင် စကားတုံ့ပြန်မှုကို မပေးကြပါနှင့်"။

ဒီလိုလဲ ဆက်လက်ပြောကြားကြပါတယ်၊ ပသေနဒီကောသလမင်းက တံစိုးလက်ဆောင်ကို မက်တာနဲ့ ကောင်းပါပြီလို့ လက်ခံထားလိုက်ပါတယ်။

*တိတ္ထိတွေက ပသေနဒီကောသလမင်းကို စည်းရုံးသိမ်းသွင်းပြီးတဲ့နောက် သစ်ဝါးအဆောက်အဦးတို့ကို စုဆောင်းခိုင်းထားကြပါတယ်၊ တိုင်ထူမှု–စသည်တို့ကို ပြုလုပ်တဲ့အခါမှာ ကျယ်လောင်စူးဝါးစွာ ဆူဆူညံညံ လုပ်နေကြပါတယ်။

ဘုရားရှင်က ဂန္ဓကုဋိတိုက်တော်ရဲ့ အဦးစမုခ်မှာ ရပ်တော်မူပြီး အရှင်အာနန္ဒာကို မေးတော်မူပါတယ်။

"အာနန္ဒာ ! ဘယ်သူတွေက ဆူဆူညံညံ လုပ်နေကြသလဲ ?၊ တံငါတွေ ငါးလုနေတာနဲ့ တူလှချည့်လား"။

"ရှင်တော်မြတ်ဘုရား ! တိတ္ထိတွေက ဇေတဝန်ကျောင်းတိုက်နားမှာ တိတ္ထိတွေရဲ့ ကျောင်းတိုက်ကို ဆောက်လုပ်နေကြပါတယ်"။

"အာနန္ဒာ ! တိတ္ထိတွေ–ဆိုတာဟာ သာသနာတော်ရဲ့ ဆန့်ကျင်ဘက် ဖြစ်ကြတယ်၊ ရဟန်းသံဃာ မချမ်းသာအောင် ကျောင်းကို ပြုလုပ်ကြလိမ့်မယ်၊ ကောသလမင်းအား ပြောကြားပြီး တားမြစ်ခိုင်းရမယ်"။

---

* သံယုတ်–၅–၁၊ ၃၀၄။

www.burmeseclassic.com

www.burmeseclassic.com



ဘုရားရှင်ရဲ့အမိန့်ကို ဦးထိပ်ရွက်ပန်ဆင်ကာ အာနန္ဒာမထေရ်က ရဟန်းသံဃာကို ခေါ်ပြီး ထွက်သွားပါတယ်၊ နန်းတော်တံခါးနားမှာ ရပ်နေကြပါတယ်။

"မထေရ်တွေ ကြွလာနေကြပါတယ် အရှင်မင်းမြတ် !"။

လူတွေက သွားရောက်သံတော်ဦးတင်ကြပေမဲ့ တိတ္ထိတွေဆီမှ တံစိုးလက်ဆောင် ယူထားပြီး ဖြစ်တဲ့အတွက် ကောသလမင်းက အပြင်ကို ထွက်မလာပါဘူး။

မထေရ်တွေက ကျောင်းကိုပြန်ကြွပြီး ဘုရားရှင်အား လျှောက်ထားကြပါတယ်၊ ဘုရားရှင်က ရှင်သာရိပုတ္တရာနှင့် ရှင်မောဂ္ဂလ္လာန်တို့ကို နောက်ထပ် စေလွှတ်တော်မူပြန်တယ်၊ ကောသလမင်းက ရှင်သာရိပုတ္တရာနှင့် ရှင်မောဂ္ဂလ္လာန်တို့အားလဲ တွေ့ခွင့်မပေးပါ၊ ဒါနဲ့ ရှင်သာရိပုတ္တရာနှင့် ရှင်မောဂ္ဂလ္လာန်တို့ကလဲ ပြန်လာပြီး လျှောက်ထားကြပါတယ်။

"ရှင်တော်မြတ်ဘုရား ! ကောသလမင်းက ထွက်မလာပါ"။

"သာရိပုတ္တရာ ကောသလမင်းဟာ ကိုယ့်နိုင်ငံမှာနေပြီး နတ်ရွာစံကံကုန်ခွင့် ရမယ်မဟုတ်"။

ဘုရားရှင်က အဲဒီခဏမှာပဲ အမိန့်ရှိလိုက်ပါတော့တယ်။

နောက်တစ်နေ့ နံနက်ပိုင်းအချိန်မှာ ရဟန်းငါးရာနှင့်အတူ ဘုရားရှင်ကိုယ်တော်တိုင် ကောသလမင်းရဲ့ နန်းတော်တံခါးနားကို ကြွတော်မူပါတယ်၊ ဘုရားရှင် ကြွလာကြောင်းကို ကြားရတဲ့အခါ ကောသလမင်းက အောက်ကို ဆင်းလာပါတယ်၊ ဘုရားရှင်ရဲ့ သပိတ်တော်ကို လှမ်းယူပါတယ်၊ နန်းတော်ပေါ်ကို ပင့်တင်ပြီး ဘုရား အမှူးရှိတဲ့ သံဃာတော်အား ဆံပြုတ်နှင့် မုန့်ပဲသရေစာကို ကပ်လှူပါတယ်၊ ဘုရားရှင်ကို ရှိခိုးပြီး သင့်တော်ရာက ထိုင်နေပါတယ်။

ဗုဒ္ဓမြတ်စွာက ကောသလမင်းအား တိုက်ရိုက်မိန့်တော်မမူဘဲ ပရိယာယ်အားဖြင့် မိန့်တော်မူပါတယ်။

"မဟာရာဇာ ! ရှေးမင်းတွေက တံစိုးယူပြီး သီလရှိတဲ့ ပုဂ္ဂိုလ်တွေကို အချင်းချင်း ခိုက်ရန်ဖြစ်အောင် အလုပ်ခိုင်းကြပါတယ်၊ ဒါနဲ့ ကိုယ့်တိုင်းနိုင်ငံကို အစိုးမရတော့ဘဲ မပိုင်ဆိုင်ကြတော့ဘဲ အကြီးအကျယ် ပျက်စီးခြင်းသို့ ရောက်ဘူး ကြပါတယ်"။

ဒီစကားကို ကြားရတော့ ကောသလမင်းက တောင်းပန်တဲ့အတွက် ဘရုဇာတ်ကို ဟောတော်မူပါတယ်၊ တရားပြီးဆုံးသွားတဲ့ အခါမှာ ဘုရားရှင်တို့ရဲ့ စကားဟာ

www.burmeseclassic.com

www.burmeseclassic.com



ယုံကြည်ထိုက်တဲ့အတွက် ငါဟာ မစဉ်းစား မဆင်ခြင်ဘဲ မလုပ်သင့်တာကို လုပ်မိခဲ့တာပဲလို့ ကိုယ့်အပြုအမူကို ပြန်လှန်စဉ်းစားပါတယ်၊ အမောင်တို့ ! သွားကြ၊ တိတ္ထိတွေကို နှင်ထုတ်ကြလို့ ပြောဆိုနှင်ထုတ်ခိုင်းလိုက်ပါတယ်၊ ထို့နောက် ကြံစည်စဉ်းစားနေပါတယ်။

"ငါဆောက်လုပ်ထားတဲ့ ကျောင်းရယ်လို့ တစ်ကျောင်းမှ မရှိသေးဘူး၊ အဲဒီနေရာမှာပဲ ကျောင်းဆောက်လုပ်ခိုင်းရတော့မယ်"။

စဉ်းစားပြီးတဲ့နောက် တိတ္ထိတွေရဲ့ သစ်ဝါးအဆောက်အဦတွေကို ပြန်မပေးတော့ဘဲ ကျောင်းအဆောက်ခိုင်းထားပါတယ်၊ အဲဒီကျောင်းကို မင်းက ဆောက်လုပ်ထားတဲ့ ကျောင်းဖြစ်လို့ ရာဇကာရာမလို့ ခေါ်ပါတယ်။

*တစ်ချိန်မှာ ကောသလမင်းက အမတ်အချို့ရဲ့ ကုန်းတိုက်စကားကို ယုံကြည်ပြီး အပြစ်မရှိတဲ့ ဗန္ဓုလစစ်သူကြီးနှင့် သားသုံးကျိပ်နှစ်ယောက်တို့ကို အသတ်ခိုင်းခဲ့ပါတယ်၊ အဲဒီအချိန်ကစပြီး စိတ်နှလုံး မသာမယာ ဖြစ်နေပါတယ်၊ စိတ်သက်သာမှုကို အနည်းငယ်မှ မရခဲ့ပါဘူး၊ မင်းစည်းစိမ်ချမ်းသာကိုလဲ မခံစားနိုင်တော့ဘူး။

အဲဒီအချိန်မှာ ဗုဒ္ဓမြတ်စွာက သာကီဝင်မင်းတွေရဲ့ မေဒဠုပဆိုတဲ့ ဈေးမြို့ကလေးမှာ သီတင်းသုံးနေတော်မူပါတယ်၊ ကောသလမင်းက အဲဒီမေဒဠုပဈေးမြို့ကို ထွက်လာခဲ့ပါတယ်၊ ကျောင်းတိုက်ရဲ့ အနီးမှာ စစ်တပ်ကို နေရာချထားခဲ့ပါတယ်၊ ဘုရားဖူးရအောင်လို့ အခြံအရံ အနည်းငယ်နဲ့ ကျောင်းတိုက်ထဲကို ဝင်လာခဲ့ပါတယ်၊ မင်းမြောက်တန်ဆာငါးပါးတို့ကို နောက်ကလိုက်ပါလာတဲ့ စစ်ဗိုလ်ချုပ်ဖြစ်သူ ဒီဃကာရာယနအား အပ်ထားခဲ့ပါတယ်၊ ဂန္ဓကုဋိတိုက်တော်သို့ ဝင်ပြီး ဘုရားရှင်နှင့် ဝမ်းမြောက်ဝမ်းသာ ပြောနေပါတယ်။

ကောသလမင်းက ဂန္ဓကုဋိတိုက်တော်ကို ဝင်သွားတယ်ဆိုရင်ပဲ ဒီဃကာရာယနက မင်းမြောက်တန်ဆာငါးပါးတို့ကို ယူသွားပြီး ဝိဋူဍဘကို မင်းမြောက်လိုက်ပါတော့တယ်၊ ကောသလမင်းအတွက် မြင်းတစ်စီးနှင့် အလုပ်အကျွေးမိန်းမတစ်ယောက်မျှကိုသာ ချန်ထားခဲ့ပါတယ်၊ ထို့နောက် တပ်ကိုရုတ်သိမ်းပြီး သာဝတ္ထိမြို့ကို ပြန်သွားပါတော့တယ်။

ကောသလမင်းက မြတ်စွာဘုရားနှင့် ချစ်ခင်မြတ်နိုးစရာ စကားတွေကို ပြောနေပါတယ်၊ ထို့နောက် ဘုရားကို ရှိခိုးဝပ်ချပြီး ထွက်လာခဲ့ပါတယ်၊ စစ်တပ်ကို မတွေ့ရတဲ့အခါ ချန်ထားခဲ့တဲ့ အမျိုးသမီးကို မေးကြည့်ပါတယ်၊ အကြောင်းစုံကို

* မ-၄-၁၊ ၂၂၅။

www.burmeseclassic.com

www.burmeseclassic.com



သိရတယ်ဆိုရင်ပဲ ငါဟာ တူဖြစ်တဲ့ အဇာတသတ်မင်းကို ခေါ်သွားပြီး ဝိဋူဋဘကို ဖမ်းယူရတော့မယ်–ဆိုတဲ့ အကြံနဲ့ ရာဇဂြိုဟ်မြို့ဘက်ကို ထွက်လာခဲ့ပါတယ်။

မိုးချုပ်လို့ မြို့တံခါးတွေကို ပိတ်ပြီးမှ ရာဇဂြိုဟ်မြို့ကို ရောက်သွားပါတယ်၊ မြို့ပြင်ဘက် သာလာယံဇရပ်တစ်ဆောင်မှာ အိပ်နေရပါတော့တယ်၊ လေဒဏ်၊ နေဒဏ်ကြောင့် ပင်ပန်းလာတဲ့အတွက် ညဥ့်အချိန်ဝယ် အဲဒီသာလာယံဇရပ်မှာပဲ နတ်ရွာစံ ကံတော်ကုန်သွားပါတော့တယ်။

ကိုယ့်နိုင်ငံမှာနေပြီး နတ်ရွာစံ ကံတော်ကုန်ခွင့်ရမယ်မဟုတ်ဘူးလို့ ဗုဒ္ဓမြတ်စွာက အမိန့်ရှိထားခဲ့တဲ့အတိုင်း သူများနိုင်ငံ သာလာယံဇရပ်မှာ နတ်ရွာစံ ကံတော်ကုန် သွားရတာပါပဲ။

"ဒီလောက်နဲ့ပဲ ဝတ္ထုကို အဆုံးသတ်ကြစို့ရဲ့၊ ဒီဝတ္ထုထဲက ဘာသင်ခန်းစာ တွေကို ရသလဲ ?၊ မအုန်းပွင့်က ပြောပြပါအုံး"။

"ကောသလမင်းက တိတ္ထိတွေဆီက တံစိုးလက်ဆောင်ကိုယူပြီး ဇေတဝန် ကျောင်းတိုက်နားမှာ တိတ္ထိတွေအား ကျောင်းဆောက်လုပ်ခွင့် အမိန့်ပေးထား ပါတယ်၊ ဆူဆူညံညံနဲ့ ကျောင်းဆောက်လာတဲ့အခါ တိတ္ထိတွေကို တားမြစ်ပေး ရအောင် ဘုရားရှင်က ပထမအကြိမ်မှာ အရှင်အာနန္ဒာကို လွှတ်ပါတယ်၊ ကောသလမင်းက အတွေ့မခံဘူး၊ ဒါနဲ့ အရှင်အာနန္ဒာက ပြန်လာရပါတယ်၊ ဒုတိယအကြိမ် အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလ္လာန်တို့ကို လွှတ်ပါတယ်၊ ကောသလမင်းက အတွေ့မခံပါဘူး၊ အလားတူပဲ ပြန်ကြွလာရပါတယ်၊ ဒီလို သီလရှိတဲ့ သံဃာတွေကို အလေးမပြုတဲ့အတွက် သူများနိုင်ငံ သာလာယံဇရပ်မှာ ခိုကိုးရာမဲ့ သေရပါတယ်၊ ဒါကိုထောက်လိုက်တော့ သီလရှိတဲ့ပုဂ္ဂိုလ်တွေကို အာဏာမာန်ယစ်ပြီး မထီလေးစား မပြုရဘူးဆိုတဲ့ သင်ခန်းစာကို ရပါတယ်။

ကောသလမင်းဟာ ရှင်ဘုရင်တစ်ဦး ဖြစ်ပါလျက်ကယ်နဲ့ ကျကျနန မစုံစမ်း မစစ်ဆေးဘဲ သူများတွေက ကုန်းတိုက်တာနဲ့ တိုင်းနိုင်ငံမှာ သိပ်ကျေးဇူးများတဲ့ အတူပညာသင်ဖက် သူငယ်ချင်းဖြစ်သူ ဗန္ဓုလစစ်သူကြီးနှင့် သားသုံးကျိပ် နှစ်ယောက်တို့ကို အသတ်ခိုင်းမိတဲ့အတွက် မင်းစည်းစိမ်ကို မခံစားနိုင် လောက်အောင် စိတ်နှလုံး မသာမယာ ဖြစ်နေရပါတယ်၊ ဒါကိုထောက်တော့ သူများပြောတိုင်း မယုံရ, မဆင်မခြင် မလုပ်ရ–ဆိုတဲ့ သင်ခန်းစာကိုလဲ ရပါတယ်"။

"အေး– ဟုတ်ပါတယ်၊ ဒီလောက်ပြောတတ်ရင် တော်ပါပြီ၊ အခု အဂတိ မလိုက်စားဘဲ တရားဆုံးဖြတ်ခြင်းရဲ့အကျိုးကို ပြောပြပါအုံးမယ်"။

www.burmeseclassic.com

www.burmeseclassic.com



***မှန်မှန်ကန်ကန် တရားဆုံးဖြတ်ခြင်းအကျိုး**

တစ်နေ့မှာ ကောသလမင်းက အဂတိလိုက်စားပြီး မှားမှားယွင်းယွင်း ဆုံးဖြတ်ထားတဲ့ တရားတစ်ခုကို ပြန်လည်စစ်ဆေး ဆုံးဖြတ်ခဲ့ပါတယ်၊ နံနက်စာစားပြီး လက်မခြောက်ခင်မှာဘဲ ရထားစီလို့ ဘုရားရှင်ထံကို ထွက်လာခဲ့ပါတယ်၊ ပွင့်နေတဲ့ ပဒုမာကြာလို ကျက်သရေရှိလှတဲ့ ခြေတော်များမှာ တုပ်ဝပ်ငံ့လျှိုး ဘုရားရှင်ကို ရှိခိုးပါတယ်၊ ပြီးတော့ သင့်တော်ရာက ထိုင်နေပါတယ်၊ အဲဒီအခါမှာ ဗုဒ္ဓမြတ်စွာက မေးတော်မူပါတယ်။

"မဟာရာဇာ ! သိပ်နေမြင့်မှ ဘယ်ကလာခဲ့သလဲ ?"။

"ယနေ့ အဂတိလိုက်စားပြီး မမှန်မကန် ဆုံးဖြတ်ထားတဲ့ တရားတစ်ခုကို ပြန်လည်စစ်ဆေး ဆုံးဖြတ်နေခဲ့ရပါတယ်၊ ဒါနဲ့ အခွင့်မရခဲ့ပါ၊ အခုဘဲ အဲဒီ တရားကို ဆုံးဖြတ်ပြီးလို့ နေမြင့်မှ စားသောက်ခဲ့ရတဲ့အတွက် လက်မခြောက်ခင်မှာဘဲ ရှင်တော်မြတ်ဘုရားကို ခစားဆည်းကပ်ရန် လာရောက်ခဲ့ရပါတယ်"။

"မဟာရာဇာ ! တရားဥပဒေနှင့်အညီ တရားဆုံးဖြတ်တယ်ဆိုတာဟာ ကောင်းတဲ့အလုပ်ဖြစ်တယ်၊ အဲဒီလို တရားဥပဒေနှင့်အညီ ဆုံးဖြတ်တာဟာ နတ်ရွာရောက်ကြောင်း ဖြစ်တယ်၊ သင်တို့က တို့လို အကုန်လုံးကို သိတော်မူ၊ မြင်တော်မူတဲ့ ဘုရားရှင်ထံက ဩဝါဒကိုရလို့ တရားဥပဒေနှင့်အညီ တရားဆုံးဖြတ်တာဟာ အံ့ဩစရာ မကောင်းလှပါဘူး၊ ရှေးမင်းတွေက အကုန်လုံးကို မသိမြင်တဲ့ ပညာရှိတွေရဲ့ စကားကို လိုက်နာပြီး တရားဆုံးဖြတ်တာကသာ အံ့ဩစရာ ကောင်းလှပါတယ်၊ အဲဒီရှေးမင်းတွေက အဂတိတရား လေးပါးကို ရှောင်ကြဉ်ပြီး မင်းကျင့်တရား ဆယ်ပါးကို မပျက်စေဘဲ တရားနှင့်အညီ မင်းပြုကြတဲ့အတွက် နတ်ပြည်ပြည့်ကျပ်နေအောင် သွားရောက်ကြရပါတယ်"။

စကားအဆုံးမှာ ကောသလမင်းက တောင်းပန်တဲ့အတွက် ဘုရားရှင်က ရာဇောဝါဒ ဇာတ်ကို ဟောပြတော်မူပါသေးတယ်၊ ဒါပေမဲ့ ဒီနေရာမှာတော့ ဒါလောက်နဲ့ပဲ ရပ်ထားလိုက်ကြစို့ရဲ့။

"ဒီဝတ္ထုထဲက ဘာသင်ခန်းစာ ရတယ်ဆိုတာကို မသူဇာက ပြောပြစမ်းပါအုံး"။

တရားနှင့်အညီ အဂတိတရား မလိုက်စားဘဲ တရားဆုံးဖြတ်တာဟာ ကောင်းတဲ့အလုပ် ဖြစ်ပါတယ်၊ နတ်ပြည်ရောက်ကြောင်း ဖြစ်ပါတယ်ဆိုတာနှင့်

---

* ဇာတ်-၅-၂၊ ၁။

www.burmeseclassic.com

www.burmeseclassic.com



အဲဒါကို ပြောင်းပြန်လှန်လိုက်တော့ တရားနှင့်မညီဘဲ အဂတိတရား လိုက်စားလို့ တရားဆုံးဖြတ်တာကတော့ မကောင်းတဲ့အလုပ် ဖြစ်ပါတယ်၊ အပါယ်ရောက်ကြောင်း ဖြစ်ပါတယ်ဆိုတာဟာ ဒီဝတ္ထုထဲက ရတဲ့ သင်ခန်းစာပဲ ဖြစ်ပါတယ်"။

"အေး- ဟုတ်တယ်ဟေ့၊ ဂုဏ်တော်တွေ ပြိုင်တူရွတ်ပြီး ဒီနေ့သင်တန်းကို သိမ်းကြစို့ရဲ့၊ ဂုဏ်တော်ရွတ်ပြီးက ပြန်နိုင်ကြပါပြီ"။

**စည်းစိမ်ပျက်ကြောင်း ၆-ပါး**

ဝါခေါင်လဆန်း ၄-ရက်၊ တနင်္ဂနွေနေ့-

နေ့ ၁-နာရီထိုးခါနီးမှာ သင်တန်းသူသင်တန်းသားတွေက ဓမ္မာရုံပေါ်မှာ နေရာယူပြီး ဖြစ်နေကြပါသည်၊ ၁-နာရီထိုးသည်နှင့် တစ်ပြိုင်နက် ဆရာတော် ကြွရောက်လာပါသည်၊ သင်တန်းသူသင်တန်းသားတွေက ဆရာတော်ကို ညီညီညာညာ ဦးသုံးကြိမ်ချကြပါတယ်၊ ထို့နောက် ဂုဏ်တော်တွေကို သံပြိုင်ရွတ်ဆိုပြီး သင်တန်းကို ဖွင့်လှစ်လိုက်ကြပါတယ်။

"ရှေးအပတ်တွေက ညစ်ညူးကြောင်းကံလေးပါးနှင့် အကြောင်းလေးပါးတို့ ပြီးသွားပါပြီ၊ ဒါနဲ့ ဒီအပတ်မှာတော့ စည်းစိမ်ဥစ္စာပျက်ကြောင်းကို ပြောပြပါ့မယ်"။

၁။ သေရည်အရက် သောက်စားခြင်း၊
၂။ အချိန်မတော် သွားလာခြင်း၊
၃။ ပွဲလမ်းသဘင် ကြည့်ရှုခြင်း၊
၄။ လောင်းကစားခြင်း၊
၅။ မကောင်းသော အဆွေခင်ပွန်းတို့နှင့် ပေါင်းခြင်း၊
၆။ ပျင်းရိခြင်း။

ဒီခြောက်ပါးက ပစ္စည်းဥစ္စာ ပျက်စီးခြင်းရဲ့ အကြောင်းတွေပဲ ဖြစ်ပါတယ်။

ဒီအကြောင်းခြောက်ပါးကို စိတ်ပါဝင်စားစွာ ပြုလုပ်နေတဲ့သူတွေမှာ ဖြစ်ပြီးတဲ့ ပစ္စည်းဥစ္စာတွေလဲ ဆုတ်ယုတ်ကြပါတယ်၊ မဖြစ်သေးတဲ့ ပစ္စည်းဥစ္စာတွေလဲ မဖြစ်ကြပါဘူး၊ ဒါ့ကြောင့် ပစ္စည်းဥစ္စာတွေရဲ့ ပျက်စီးကြောင်းလို့ ဆိုရပါတယ်။

"ဆရာမ မစိုးစိုးတင့်က ဘောမှာ ရေးထားတာကို တိုင်ပေးလိုက်ပါအုံး"။

*အရက်သေစာ-သောက်စားတတ်လို့ , သွားလာလှည့်ပတ်-ချိန်မတော်၊
ပွဲလမ်းသဘင်-မြဲကြည့်ရှုလို့ , လောင်းကစားမှု-လွန်မွေ့လျော်။
မကောင်းသူနှင့်-မြဲပေါင်းဖော် , မရလုပ်ဘော်-အလွန်ပျင်း၊
စီးပွားပျက်ရန်-ကြောင်းခြောက်တန် , ဧကန်မယွင်း-မှတ်လေမင်း။

www.burmeseclassic.com

www.burmeseclassic.com



"ဒီခြောက်ပါးထဲက တစ်ပါး,တစ်ပါးကို နောက်ထပ် ခြောက်ပါး, ခြောက်ပါးစီ ခွဲပြီး ပြထားပါတယ်၊ ဒါကြောင့် ဒီလောက်နဲ့ပဲ တော်ထားပြီး ရှေ့ကို ဆက်ကြစို့ရဲ့"။

**သေရည်အရက်သောက်စားခြင်းအပြစ် ၆–ပါး**

၁။ မျက်မှောက်ဘဝမှာ စီးပွားဥစ္စာပျက်စီးခြင်း၊
၂။ ခိုက်ရန်ဖြစ်ပွားခြင်း၊
၃။ ကျန်းမာရေး ချို့ယွင်းပျက်စီးခြင်း၊
၄။ မကောင်းသတင်း ထွက်ပေါ်ခြင်း၊
၅။ လျှို့ဝှက်အပ်သည်ကို (အင်္ဂါဇာတ်ကို) ဖော်ပြခြင်း၊
၆။ ပညာအားနည်းမှုကို ပြုခြင်း။

ဒီခြောက်ပါးတို့က သေရည်အရက် သောက်စားခြင်းရဲ့ အပြစ်တွေပဲ ဖြစ်ပါတယ်။

၄။ အကုန်လုံးကို ရှင်းမပြတော့ဘဲ လိုမယ်ထင်တဲ့ နေရာတွေလောက်သာ ရှင်းပြသွားပါ့မယ်၊ အရက်မူးလာလို့ရှိရင် အမေကိုလဲ ရိုက်နှက်တတ်ပါတယ်၊ အဖေကိုလဲ ရိုက်နှက်တတ်ပါတယ်၊ မပြောသင့်တဲ့စကား အများအပြားကိုလဲ ပြောမိတတ်ပါတယ်၊ မလုပ်သင့်တာကိုလဲ ပြုလုပ်တတ်ပါတယ်၊ ဒါနဲ့ ကဲ့ရဲ့လဲ ခံရတတ်ပါတယ်၊ ဒဏ်တပ်မှု–စသည်တို့ကိုလဲ ခံရတတ်ပါတယ်၊ မင်းပြစ်မင်းဒဏ် အမျိုးမျိုးကိုလဲ ခံရတတ်ပါတယ်၊ ဒီဘဝမှာရော နောင်ဘဝမှာရော (ကျော်စောမှုကို ဖြစ်စေတတ်တဲ့ ကံတို့ကို ပွားစေတတ်တဲ့အတွက်) မကောင်းသတင်း ထွက်ပေါ်လာတတ်ပါတယ်၊ ဒီလိုပဲ သေအရက်က မကောင်းသတင်းထွက်ခြင်းကို ဖြစ်စေတတ်ပါတယ်။

၅။ အရက်မူးလာသူဟာ ထိုထိုအင်္ဂါကို ဖွင့်လှစ်ပြီး လှည့်လည်သွားလာတတ်ပါတယ်၊ ဒါ့ကြောင့် လျှို့ဝှက်တာကိုလဲ ဖော်ပြပြီး ဖြစ်နေပါတော့တယ်။

၆။ အရက်ဟာ လောကီပညာကို အားနည်းအောင် ပြုလုပ်တတ်ပါတယ်၊ မဂ်ပညာကိုတော့ အားနည်းအောင် မလုပ်နိုင်တော့ပါ၊ မဂ်ရပြီးတဲ့ပုဂ္ဂိုလ်တွေရဲ့ ခံတွင်းထဲကိုပဲ ဒီသေရည်အရက်က မဝင်တော့တဲ့အတွက် ဖြစ်ပါတယ်။

"ဆရာမ မမြင့်မြင့်ဝေက ဘောမှာ ရေးထားတာကို တိုင်ပေးလိုက်ပါအုံး"။

*စီးပွားဥစ္စာ–ပျက်စီးသွားလို့ , ခိုက်ရန်အများ–ဖြစ်ပွားလာ၊
ကျန်းမာရေးတွေ–လွန်ချို့ယွင်းလို့ , မကောင်းသတင်း–ထွက်ပေါ်လာ။
လျှို့ဝှက်ရာရပ်–မလုံပါ , အားနည်းပညာ–လွန်လျော့ပါး၊
အရက်ကိုပင်–စွဲသောက်လျှင် , ပေါ်လွင်ဖြစ်ပွား–ပြစ်ခြောက်ပါး။

www.burmeseclassic.com

www.burmeseclassic.com


**လူကိုဖျက် အရက်**

"ဒီနေရာမှာ ဝတ္ထုလေး တစ်ပုဒ်,နှစ်ပုဒ်လောက် ထည့်သွင်းပြောပြပါအုံးမယ်"။

အနာထပိဏ်သူဌေးရဲ့ တူတစ်ယောက် မိဘတွေရဲ့ ကုဋေလေးဆယ်သော ဥစ္စာကို အရက်သောက်တာနဲ့ပဲ ကုန်သွားစေပါတယ်၊ ဒီတော့ အနာထပိဏ်သူဌေး ထံကို လာပါတယ်၊ အနာထပိဏ်သူဌေးက ဒါနဲ့ ကူးသန်းရောင်းဝယ်မှုကို လုပ်တာ ပေါ့လို့ ပြောပြီး ငွေတစ်ထောင် ပေးလိုက်ပါတယ်၊ အဲဒီ ငွေတစ်ထောင်ကိုလဲ အရက် သောက်တာနဲ့ပဲ ကုန်စေပါတယ်၊ နောက်ထပ် အနာထပိဏ်သူဌေးထံကို သွားပြန် တယ်၊ အနာထပိဏ်သူဌေးက နောက်ထပ်ငွေငါးရာ ပေးလိုက်ပြန်တယ်၊ အဲဒီငွေငါးရာ ကိုလဲ အရက်သောက် ဖျက်ဆီးပစ်ပြန်တယ်။

နောက်ထပ်လာတဲ့ အခါကျတော့ အနာထပိဏ်သူဌေးက ထူထဲတဲ့ အဝတ် နှစ်ထည်ကို အပေးခိုင်းပြန်တယ်၊ အဲဒီ အဝတ်နှစ်ထည်ကိုလဲ အရက်နှင့်လဲသောက် ပစ်လိုက်ပါတယ်၊ နောက်ထပ်လာတဲ့အခါမှာတော့ လည်ပင်းကိုကိုင်ပြီး အိမ်က နှင်ထုတ်ခိုင်းလိုက်ပါတော့တယ်၊ အဲဒီ အရက်သမားဟာ ခိုကိုးအားထားစရာ မရှိ တော့ဘဲ သူများရဲ့အိမ်နံရံကို မှီပြီး ဘဝပြောင်းသွားရပါတော့တယ်။

"ဒီဝတ္ထုက ဘာသင်ခန်းစာရတယ်ဆိုတာကို မောင်ဝေထွန်းက ပြောပြ ပါအုံး"။

"အရက်ဟာ ဘိန်းလိုပဲ သောက်ဖန်များတော့ စွဲသွားတတ်ပါတယ်၊ အရက် စွဲလာတဲ့လူဟာ မသောက်ဘဲ မနေနိုင်တော့ပါ၊ ရသမျှပစ္စည်းဟာ အရက်ဖိုးနဲ့ပဲ ကုန်သွားရပါတယ်၊ အရက်သမားကို မည်သူကမှ ထောက်ပံ့ကူညီလို့ မရ တော့ပါ၊ အဆုံးမှာ အနေမလှ,အသေမလှနဲ့ ဘဝဇာတ်သိမ်းသွားရတတ်ပါတယ်၊ ဒါ့ကြောင့် အရက်ကို ဆေးဝါးအဖြစ်နဲ့တောင်မှ မသောက်သင့်ဘူးဆိုတာဟာ ဒီဝတ္ထုကရတဲ့ သင်ခန်းစာပဲ ဖြစ်ပါတယ်"။

***အရက်သမားကို သိကြားမကယ်နိုင်**

ဗာရာဏသီပြည်မှာ ဗြဟ္မဒတ်မင်း မင်းပြုနေပါတယ်၊ အဲဒီအချိန်မှာ ဘုရား လောင်းက သူဌေးမျိုးမှာ ဖြစ်လာပါတယ်၊ အဘကွယ်လွန်သွားတဲ့အခါ သူဌေး ရာထူးကို ဆက်ခံထားပါတယ်။

အဲဒီ သူဌေးမှာ မြေမြှုပ်ဥစ္စာ ကုဋေလေးဆယ် ရှိပါတယ်၊ သားကတော့ တစ်ယောက်တည်းသာ ရှိပါတယ်၊ ဘုရားလောင်းသူဌေးက ဒါန-စတဲ့ ကုသိုလ် ကောင်းမှုကို ပြုလုပ်ပါတယ်၊ ကွယ်လွန်သွားတဲ့အခါ သိကြားဖြစ်နေပါတယ်။

* ဇာတ်-၅-၂၊ ၃၈၈။

www.burmeseclassic.com

www.burmeseclassic.com



အဖေမရှိတဲ့နောက် ဘုရားလောင်းသူဌေးရဲ့သားက လမ်းကိုပိတ်ပြီး မဏ္ဍပ် ဆောက်လုပ်ခိုင်းထားပါတယ်၊ လူများခြံရံပြီး ထိုင်နေပါတယ်၊ အရက်သောက်မယ်လို့ လုပ်နေပါတယ်။

အဲဒီ သူဌေးသားက ကျွမ်းထိုးသမားကို တစ်ထောင်ပေးပါတယ်၊ အပြေးသမား ကိုလဲ တစ်ထောင်ပေးပါတယ်၊ အကသမားကိုလဲ တစ်ထောင်ပေးပါတယ်၊ အဆို သမားကိုလဲ တစ်ထောင်ပေးပါတယ်၊ တီးမှုတ်သမားတွေကိုလဲ တစ်ထောင်စီ, တစ်ထောင်စီ ပေးပါတယ်၊ ဒီလိုလုပ်ရင်း မိန်းမလိုက်စားမှု, သေသောက်ကြူးမှု, သားစားကြူးမှု–စသည်တို့သို့ ရောက်လာပါတော့တယ်။

ဒီသူဌေးသားက သီချင်းဆိုပွဲကိုလဲ သွားပါတယ်၊ ကပွဲကိုလဲ သွားပါတယ်၊ တီးမှုတ်ပွဲကိုလဲ သွားပါတယ်၊ ဒီလို ပွဲကြိုက်တာနဲ့ပဲ မေ့မေ့လျော့လျော့ ပေါ့ပေါ့ ဆဆ လှည့်လည်နေပါတော့တယ်၊ မကြာလှသော အချိန်အတွင်းမှာပင် ကုဋေ လေးဆယ်သော အတွင်းပစ္စည်း, အပြင်ပစ္စည်း ရှိရှိသမျှ ကုန်ဆုံးသွားပါတော့တယ်၊ ဆင်းရဲနွမ်းပါး တစ်ကောင်ကြွက် တစ်မျက်နှာဆိုသလို ဖြစ်ပြီး ပုဆိုးနွမ်းကိုဝတ်လို့ သွားလာလှည့်ပတ်နေရပါကော့တယ်။

သိကြားမင်းက ဆင်ခြင်ကြည့်ရှုလိုက်တဲ့အခါ သူ့သားရဲ့ ဆင်းရဲနွမ်းပါးနေ ကြောင်းကို သိရပါတယ်၊ သားဆိုတဲ့ ချစ်ခင်ခြင်းနဲ့ နတ်ပြည်က ဆင်းလာခဲ့ပါတယ်၊ အလိုရှိသမျှ အကုန်လုံးကို ပေးနိုင်တဲ့ အိုးတစ်လုံးကိုလဲ ပေးထားခဲ့ပါတယ်၊ အရက် သမားကို စိတ်မချတာနဲ့ ဆုံးမဩဝါဒလဲ ပေးထားခဲ့ပါတယ်။

> "သားရေ ! ဒီအိုးကို မကွဲရအောင် စောင့်ရှောက်ထားပါ၊ မင်းမှာ ဒီအိုး ရှိနေသမျှ ပစ္စည်းဥစ္စာဆိုတာဟာ မရှားတော့ပါဘူး၊ လိုသမျှ ရပါလိမ့်မယ်၊ မမေ့မလျော့ မပေါ့မဆ စောင့်ရှောက်ထားပါ"။

သိကြားမင်းက ဩဝါဒအဆုံးမှာပဲ နတ်ပြည်ကို ပြန်သွားပါတယ်။

သူဌေးသား လူမိုက်က အဲဒီ သိကြားပေးတဲ့အိုးကို ရတဲ့အချိန်ကစပြီး အရက် သောက်ရင်း လှည့်လည်နေပါတော့တယ်၊ တစ်နေ့မှာ အရက်မူးလာတော့ အိုးကို ကောင်းကင်သို့ မြှောက်တင်လိုက်, ဖမ်းထားလိုက် လုပ်နေပါတယ်၊ တစ်ကြိမ်မှာ ဖမ်းလို့ မမိဘဲ အိုးက မြေပေါ်ကိုကျပြီး ကွဲသွားပါတော့တယ်။

အဲဒီအခါကစပြီး နောက်ထပ် ဆင်းရဲလာပြန်တယ်၊ ပုဆိုးနွမ်းကိုဝတ်ပြီး ခွက် လက်စွဲကာ တောင်းစားနေရပါတော့တယ်၊ ဒီလို အသက်မွေးရင်း သူများအိမ် နံရံကို မှီပြီး လက်ရှိဘဝ အဆုံးသတ်သွားရပါတော့တယ်။

www.burmeseclassic.com

www.burmeseclassic.com



သေသောက်ကြူးက အလိုရှိသမျှ အကုန်လုံးကို ပေးနိုင်တဲ့ အိုးကို စောင့်ရှောက်နိုင်သလောက်သာ ချမ်းသာကို ရရှိပါတယ်။

အရက်မူးလို့ ဟောင့်ရမ်းလာတဲ့အခါမှာ မေ့လျော့တာနဲ့ အိုးကို ခွဲပစ်လိုက်ပါတယ်၊ အိုးကွဲသွားပြီးတဲ့နောက်ပိုင်းမှာတော့ အရက်သမား လူမိုက်က ရံခါ အဝတ်မပါ ဗလာကိုယ်တည်း, ရံခါ အဝတ်နွမ်းကို ဝတ်ပြီး ပင်ပန်းနေရပါတော့တယ်။

အရက်သမားက အိုးကိုခွဲပြီးတဲ့နောက် ပူပန်ရသလို ဥစ္စာရလို့ မေ့မေ့လျော့လျော့ သုံးဆောင်တဲ့ လူမိုက်လဲပဲ နောက်အခါမှာ စိုးရိမ်ပူပန်ရပါတော့တယ်။

"ဒီဝတ္ထုထဲက ဘာသင်ခန်းစာများ ရတယ်ဆိုတာကို မနီနီစိုးက ပြောပြစမ်းပါအုံး"။

"သူဌေးသားဟာ ပျင်းရိခြင်း, မကောင်းသူတွေနှင့် ပေါင်းသင်းခြင်း, ပွဲလမ်းသဘင်ကြည့်ရှုခြင်း, အရက်သောက်ခြင်းဆိုတဲ့ ပစ္စည်းဥစ္စာ ပျက်စီးကြောင်းတွေကို ပြုလုပ်ပါတယ်၊ ဒါနဲ့ မကြာခင်မှာဘဲ ပစ္စည်းဥစ္စာ ကုန်ခန်းသွားပါတယ်၊ ဒါကို အထောက်အထားပြုပြီး အခုကာလမှာလဲ ပစ္စည်းဥစ္စာ ချမ်းသာတဲ့ သားသမီးဖြစ်ပေမဲ့ ပစ္စည်းဥစ္စာ ပျက်စီးကြောင်းတွေကို လုပ်လို့ရှိရင် မကြာခင်မှာဘဲ ဆင်းရဲဒုက္ခ ရောက်ရှိနိုင်တယ်ဆိုတာနှင့် အရက်သမားက သိကြားမတောင် မချမ်းသာနိုင်ဆိုတာတွေဟာ ဒီဝတ္ထုထဲက ရနိုင်တဲ့ သင်ခန်းစာတွေပဲ ဖြစ်ပါတယ်"။

### အချိန်မတော် သွားလာခြင်းအပြစ် ၆-ပါး

သေရည်အရက် သောက်စားခြင်းရဲ့ အပြစ်ခြောက်ပါးကို ပြောပြပြီးတဲ့နောက် အခု အချိန်မတော်သွားလာခြင်းရဲ့ အပြစ်ခြောက်ပါးကို ပြောပြပါအုံးမယ်။

၁။ မိမိကိုလဲ မကာကွယ် မစောင့်ရှောက်နိုင်ခြင်း၊

၂။ သားမယားကိုလဲ မကာကွယ် မစောင့်ရှောက်နိုင်ခြင်း၊

၃။ ပစ္စည်းဥစ္စာကိုလဲ မကာကွယ် မစောင့်ရှောက်နိုင်ခြင်း၊

၄။ သူများလုပ်ထားတဲ့ မကောင်းမှုတွေမှာ ယုံမှားခံရခြင်း၊

၅။ မဟုတ်မမှန် စွပ်စွဲခံရခြင်း၊

၆။ ဆင်းရဲဒုက္ခအများအပြားရဲ့ ရှေ့သွားဖြစ်ခြင်း။

ဒါတွေဟာ အချိန်မတော် သွားလာခြင်းရဲ့ အပြစ်တွေပဲ ဖြစ်ပါတယ်။

၁။ အချိန်မတော် သွားလာနေတဲ့ ပုဂ္ဂိုလ်ဟာ သစ်ငုတ်ကိုလဲ နင်းမိတတ်ပါတယ်၊ ဆူး-စသည်တို့ကိုလဲ နင်းမိတတ်ပါတယ်၊ မြွေကိုက်ခံရတတ်ပါတယ်၊ အစိမ်းသူရဲတွေနဲ့လဲ တွေ့ရတတ်ပါတယ်၊ သူသွားနေကျနေရာကိုသိရတော့

www.burmeseclassic.com

www.burmeseclassic.com



ရန်သူတွေကလဲ သူ့ကို ပုန်းအောင်းပြီး ရိုက်နှက်တတ်ကြပါတယ်၊ ဖမ်းယူတတ်ကြပါတယ်၊ ဒီလို မိမိကိုလဲ ကာကွယ်စောင့်ရှောက်မှု မရှိနိုင်တော့ပါ။

၂။ သူရဲ့ သားတွေ, သမီးတွေ, မယားတွေကလဲ တို့အဖေက ညဥ့်အချိန်မှာ သွားလာလှည့်လည်နေတာပဲ၊ တို့လင်ယောကျ်ားက ညဥ့်အချိန်မှာ သွားလာလှည့်လည်နေတာပဲ၊ တို့ကျတော့ ဘာ့ကြောင့် မသွားလာ မလှည့်လည်ဘဲ အိမ်မှာ ကုတ်နေရတော့မလဲ၊ ဒီလိုအပြင်ဘက်မှာ လှည့်လည်မှုကို တောင့်တပြီး ညဥ့်အချိန်မတော် သွားလာလှည့်လည်နေကြတဲ့အတွက် အချည်းနှီးပျက်စီးခြင်းသို့ ရောက်တတ်ပါတယ်၊ ဒီလို သားမယားကိုလဲ ကာကွယ်စောင့်ရှောက်မှု မရှိတော့ပါ။

၃။ အိမ်သူအိမ်သားအကုန်လုံးက ညဥ့်အချိန်မှာ သွားလာလှည့်လည်နေကြောင်းကို သိရတော့ ခိုးသူတွေက လူမရှိတဲ့အိမ်ထဲကို ဝင်ပြီး အလိုရှိရာကို ယူသွားကြပါတော့တယ်၊ ဒီလိုပဲ ပစ္စည်းဥစ္စာကိုလဲ ကာကွယ်စောင့်ရှောက်မှု မရှိနိုင်တော့ပါ။

၄။ အခြားလူတွေက လုပ်ထားတဲ့ မကောင်းမှုတွေမှာလဲ ဒီလူလုပ်တာ ဖြစ်လိမ့်မယ်လို့ တွေးထင်ယုံမှားစရာ ဖြစ်လာတတ်ပါတယ်၊ ဒီလိုပဲ သူတစ်ပါးလုပ်ထားတဲ့ မကောင်းမှုတွေမှာလဲ ယုံမှားခံရတတ်ပါတယ်။

၅။ သူက အိမ်တံခါးဝတွေက ဖြတ်သန်းသွားလာနေကျအိမ်တွေမှာ သူတစ်ပါးက လုပ်ထားတဲ့ ခိုးမှု, သူ့မယားကို သွားလာလွန်ကျူးမှုတွေဟာ ဒီလူလုပ်တာပဲလို့ ပြောလို့ရှိရင်လဲ မဟုတ်ပွေမဲ့ ထိုသူ့အပေါ်မှာပဲ ကျရောက်ပါတော့တယ်၊ ဒီလိုလဲ မဟုတ်မမှန် စွပ်စွဲခံရတတ်ပါတယ်။

၆။ ဆင်းရဲဒုက္ခဟာ ဒီလောက်ရှိတယ်, နှလုံးမသာယာမှုဟာ ဒီလောက်ရှိတယ်လို့ ပြောမပြနိုင်တဲ့ အကုန်လုံးဟာ အခြားပုဂ္ဂိုလ်မရှိရင် အချိန်မဲ့အခါမဲ့ သွားလာလှည့်လည်နေတဲ့ ပုဂ္ဂိုလ်မှာပဲ ကျရောက်နေပါတော့တယ်၊ ဒီလိုပဲ အချိန်မဲ့ အခါမဲ့ သွားလာနေတဲ့ ပုဂ္ဂိုလ်ဟာ ဆင်းရဲဒုက္ခအများအပြားရဲ့ ရှေ့သွားလဲ ဖြစ်ပါတယ်။

"အောမှာ ရေးထားတာကို ဆရာမ မမြင့်မြင့်ဝေက တိုင်ပေးလိုက်ပါအုံး"။

*မိမိကိုယ်တိုင်–သားမယားနှင့် , ဥစ္စာစီးပွား–မလုံပါ၊
သူများကျူးလွန်–အပြစ်များမှာ , ထင်လွဲယုံမှား–ခံရတာ။
လုပ်ကြံစွပ်စွဲ–ခံရပါ , နှလုံးမသာ–ဆင်းရဲများ၊
မတော်ချိန်ခါ–လှည့်လည်ပါ , ရလာထင်ရှား–ပြစ်ခြောက်ပါး။

www.burmeseclassic.com

www.burmeseclassic.com



### ပွဲလမ်းသဘင် ကြည့်ရှုခြင်းအပြစ် ၆-ပါး

အချိန်မတော် သွားလာခြင်းအပြစ် ၆-ပါးကို ပြောပြပြီးတဲ့နောက် ပွဲလမ်းသဘင် ကြည့်ရှုခြင်းရဲ့ အပြစ် ၆-ပါးကို ပြောပြပါအုံးမယ်။

၁။ ကပွဲသို့ သွားခြင်း၊
၂။ သီချင်းဆိုပွဲသို့ သွားခြင်း၊
၃။ တီးမှုတ်ပွဲသို့ သွားခြင်း၊
၄။ ကွက်စိပ်ဟောပွဲသို့ သွားခြင်း၊
၅။ လက်ခုပ်တီးပွဲသို့ သွားခြင်း၊
၆။ အိုးစည်တီးပွဲသို့ သွားခြင်း။

ဒီဟာတွေဟာ ပွဲလမ်းသဘင် ကြည့်ရှုခြင်းမှာ အပြစ်တွေပဲ ဖြစ်ကြပါတယ်။

၁။ ဘယ်မှာကပွဲရှိသလဲလို့ မေးပြီး ဘယ်မှာရှိတယ်လို့ ကြားရတော့ ကပွဲရှိတဲ့နေရာကို သွားရတော့မယ်လို့ ကြံစည်နေတဲ့ ပုဂ္ဂိုလ်မှာ နက်ဖန်ခါ ကပွဲကို သွားမယ်လို့ ဒီနေ့ကစပြီး အဝတ်, နံ့သာ, ပန်း-စသည်တို့ကို စီစဉ်ပြင်ဆင်နေရတာနဲ့ပဲ တစ်နေ့လုံး အလုပ်ပျက်ပါတော့တယ်၊ ပြီးတော့ ပွဲရှိတဲ့ ရပ်ကွက်မှာပဲ ၂-ရက်, ၃-ရက် ပွဲကြည့်နေပါတော့တယ်။

ဒီတော့ မိုးရေပြည့်စုံမှု-စသည်တို့ကို ရပေမဲ့ စိုက်ပျိုးချိန်-စသည်တို့မှာ စိုက်ပျိုးမှုကို မပြုလိုက်ရတဲ့အတွက် မဖြစ်သေးတဲ့ ပစ္စည်းဥစ္စာတွေလဲ ဖြစ်ပေါ်မလာတော့ဘူး။

သူက အပြင်ကိုသွားနေတယ်ဆိုတာကို သိရတော့ အစောင့်အရှောက်မရှိတဲ့ အိမ်မှာ ခိုးသူတွေက အလိုရှိသလို ပြုလုပ်သွားကြပါတော့တယ်၊ ဒါ့ကြောင့် ဖြစ်ပြီးရှိပြီး ပစ္စည်းဥစ္စာတွေလဲ ဆုံးရှုံးပျက်စီးရပါတော့တယ်။

သီချင်းဆိုပွဲ-စသည်ကို သွားရာမှာလဲ ဒီသဘောအတိုင်းပဲ ဖြစ်ပါတယ်။

"ဘောမှာ ရေထားတာကို ဆရာမ မသန်းဌေးက တိုင်ပေးလိုက်ပါအုံး"။

*ကခုန်သီဆို-တီးမှုတ်ပွဲနှင့် , ကွက်စိပ်ဟောပွဲ-လက်ခုပ်ပါ၊
အိုးစည်တီးရာ-ထိုပွဲများသို့ , ကြည့်ရှုရန်သွား-လူများမှာ။
လုပ်ကိုင်ပျက်ပြား-ရက်များစွာ , ပစ္စည်းဥစ္စာ-ကုန်ပျက်ပြား၊
ပွဲလမ်းမြဲစွာ-ကြည့်သူမှာ , ရလာထင်ရှား-ပြစ်ခြောက်ပါး။

"သင်တန်းကို ခေတ္တနားပြီး ၂-နာရီခွဲမှ ပြန်စကြစို့ရဲ့"။

www.burmeseclassic.com

www.burmeseclassic.com



### လောင်းကစားခြင်းအပြစ် ၆–ပါး

ပွဲလမ်းသဘင် ကြည့်ရှုခြင်းရဲ့ အပြစ် ၆–ပါးကို ပြောပြပြီးတဲ့နောက် လောင်းကစားခြင်းရဲ့ အပြစ် ၆–ပါးကို ပြောပြပါအုံးမယ်။

၁။ နိုင်လို့ရှိရင် ရန်ပွားခြင်း၊

၂။ ရှုံးလို့ရှိရင် ပူဆွေးရခြင်း၊

၃။ ယခုဘဝမှာ ဥစ္စာဆုတ်ယုတ်ခြင်း၊

၄။ တရားရုံးမှာ သူ့ရဲ့ထွက်ဆိုချက်ကို အတည်မပြုခြင်း၊

၅။ အဆွေခင်ပွန်းတို့က အရေးမစိုက်ခြင်း၊

၆။ သမီးပေး,သားယူ မလုပ်လိုခြင်း။

ဒီ ၆–ပါးကတော့ လောင်းကစားခြင်းရဲ့ အပြစ်တွေပဲ ဖြစ်ပါတယ်။

၁။ ငါအောင်တယ်, နိုင်တယ်လို့ ပရိသတ်အလယ်မှာ သူတစ်ပါးရဲ့အဝတ်ကိုပဲဖြစ်ဖြစ်, ဦးထုပ်ကိုပဲဖြစ်ဖြစ် ယူတတ်ပါတယ်၊ ဒီတော့ အယူခံရတဲ့ ပုဂ္ဂိုလ်က လူပုံအလယ်မှာ ငါ့ကို အရှက်ခွဲတာပဲ၊ နေပစေအုံး၊ သူ့ကို နားလည်သွားအောင် လုပ်ရတော့မယ်လို့ ယူတဲ့သူအပေါ်မှာ ရန်ငြိုးဖွဲ့ပါတော့တယ်၊ ဒီလိုပဲ နိုင်တဲ့ပုဂ္ဂိုလ်က ရန်ကို တိုးပွားစေပါတော့တယ်။

၂။ အခြားသူကနိုင်လို့ ကိုယ်ကရှုံးသွားလို့ရှိရင် နိုင်သူရဲ့ အသိမ်းအယူခံရတဲ့ အဝတ်ကိုဖြစ်စေ, ဦးထုပ်ကိုဖြစ်စေ, အခြားရွှေငွေ–စတဲ့ ပစ္စည်းဥစ္စာကို ဖြစ်စေ အကြောင်းပြုပြီး ဒါတွေဟာ ရှေးတုံးကတော့ ငါ့ဥစ္စာတွေပဲ၊ အခု ငါ့မှာ မရှိတော့ပါပဲလားလို့ စိုးရိမ်ပူပန်နေရပါတော့တယ်၊ ဒီလိုပဲ အဲဒီပုဂ္ဂိုလ်က ရှုံးလို့ရှိရင် ရှုံးတဲ့ဥစ္စာကို အကြောင်းပြုပြီး စိုးရိမ်ပူပန်နေရပါတော့တယ်။

၃။ ယခုဘဝမှာ ဥစ္စာဆုတ်ယုတ်ခြင်းဆိုတာက အကျယ်ချဲ့ပြီး ပြောစရာ လိုမယ်မထင်တော့ပါဘူး၊ သိသာထင်ရှားလှပါတယ်။

၄။ တရားရုံးမှာ သူ့ရဲ့ထွက်ဆိုချက်ကို အယုံအကြည် မရှိကြပါဘူး၊ ဒီလူဟာ လောင်းကစားသမားပဲ၊ သူ့စကားကို အတည်မယူကြပါနှင့်၊ ဒီလိုအပြော အဆို ခံရတတ်ပါတယ်။

၅။ သူ့ကို မိတ်ဆွေ သူငယ်ချင်းတွေက "မိတ်ဆွေ ! သင်လိုအမျိုးကောင်းသား တစ်ယောက်က မရှက်မကြောက်ဘဲ လောင်းကစားမှုကိုပြုရင်း လှည့်လည် နေပါဘိတယ်၊ ဒါဟာ မိတ်ဆွေရဲ့ အမျိုးအနွယ်နှင့် မသင့်တော်လှပါဘူး၊ ဒီနေ့က စပြီး ဒီအလုပ်ကို မလုပ်ပါနှင့်တော့"လို့ ပြောဆိုကြပါတယ်၊ ဒီလိုပြောပေမဲ့ သူက

www.burmeseclassic.com

www.burmeseclassic.com



မိတ်ဆွေတွေရဲ့ ပြောစကားကို မလိုက်နာတော့ပါဘူး၊ ဒီတော့ မိတ်ဆွေ သူငယ်ချင်းတွေက သူနှင့်အတူ သွားလာနေထိုင်မှုကို မပြုတော့ပါဘူး၊ သူ့မှာ အပြစ်တစ်စုံတစ်ရာ ဖြစ်ပေါ်လာလို့ သက်သေအနေနဲ့ စာရင်းသွင်းထားပေမဲ့ ဘာမှ မထွက်ဆိုကြတော့ဘူး၊ ဒီလို မိတ်ဆွေ သူငယ်ချင်းတွေရဲ့ အရေးမစိုက်မှုကိုလဲ ခံရတတ်ပါတယ်။

၆။ ဒီလူက ကစားသမားပဲ၊ ဘယ်လိုလုပ်ပြီး သားမယားကို ကျွေးမွေးနိုင်မှာတဲ့လဲ ?၊ သူ့အိမ်သို့ တို့သမီးကို ထည့်လိုက်ပေမဲ့ သူ့အိမ်ကပြန်လာလို့ ရှိရင်လဲ တို့ကပဲ ကျွေးမွေးနေရတော့မှာပဲ၊ ဒီလိုတွေးပြီး လူတွေက သမီးပေး၊ သားယူမှုကို မလုပ်လိုတော့ပါ။

"ဆရာမ မသန်းဝင်းက ဘောမှာ ရေးထားတာကို တိုင်ပေးလိုက်ပါအုံး"။

*ကိုယ်ကနိုင်ပြန်–ရန်တွေများလို့ , ကိုယ်ကရှုံးသွား–ပူရမှာ၊
ဆုတ်ယုတ်ဥစ္စာ–ပြိုကာပျက်လို့ , သက်သေထွက်ချက်–မခိုင်မာ။
အရေးမပြု–မိတ်သဟာ , ထိမ်းမြားဖို့ရာ–ပယ်ရှောင်ရှား၊
ကစားသူမှာ–ဇာကန်ပါ , ရလာထင်ရှား–ပြစ်ခြောက်ပါး။

## မကောင်းသော အဆွေခင်ပွန်းတို့နှင့် ပေါင်းသင်းခြင်းအပြစ် ၆–ပါး

လောင်းကစားခြင်းရဲ့ အပြစ် ၆–ပါးကို ပြောပြပြီးတဲ့နောက် မကောင်းသော အဆွေခင်ပွန်းတို့နှင့် ပေါင်းသင်းခြင်းရဲ့ အပြစ် ၆–ပါးကို ပြောပြပါအုံးမယ်။

၁။ လောင်းကစားကြူးသူ၊
၂။ ကာမနှင့်အစားကြူးသူ၊
၃။ သေသောက်ကြူးသူ၊
၄။ အတုအယောင်နဲ့ လှည့်ပတ်တတ်သူ၊
၅။ မျက်မြင်လိမ်ညာတတ်သူ၊
၆။ အနိုင်အထက်ပြုတတ်သူ။

ဒီအဆွေခင်ပွန်းမျိုးတွေနှင့် ပေါင်းသူဟာ ယခုဘဝ၊နောင်ဘဝ နှစ်ပါးလုံးမှာ ပျက်စီးခြင်းသို့ ရောက်ရပါတယ်။

ဒီမိတ်ဆွေမျိုးတွေနှင့်သာ အတူပျော်ပိုက်ပြီး အခြားသူတော်ကောင်းတွေနှင့် မမွေ့လျော် မပျော်ပိုက်သူဟာ မစင်တွင်းမှာသာ ပျော်ပိုက်ပြီး ပန်း၊နံ့သာ–စသည်တွေနဲ့ တန်ဆာဆင်ထားတဲ့ အိပ်ရာပေါ်မှာ တင်ထားတဲ့ ဝက်ကြီးလို ဖြစ်ပါတယ်၊

www.burmeseclassic.com

www.burmeseclassic.com



ဒါ့ကြောင့် ဒီပုဂ္ဂိုလ်မျိုးဟာ ဒီဘဝမှာရော နောင်ဘဝမှာပါ များပြားတဲ့ အကျိုးမဲ့ကို ရရှိပါတော့တယ်။

"ဒီဘာမှာ ရေးထားတာကို ဆရာမ မသန်းတင့်က တိုင်ပေးလိုက်ပါအုံး"။

*လောင်းကစားရာ–လွန်ပျော်မြူးလို့ , ကာမ စားကြူး–သူတစ်ဖြာ၊
လှည့်ပတ်လိမ်ညာ–နိုင်ထက်ပြုတဲ့ , ဤပုဂ္ဂိုလ်စု–လွန်ယုတ်မာ။
ထိုမိတ်ဆွေမျိုး–ပေါင်းသင်းပါ , သူတို့မူရာ–ကူးစက်သွား၊
ပစ္စုပ်သံသရာ–နှစ်ပါးမှာ , လွန်စွာဆိုးဝါး–ဆင်းရဲများ။

### *ပြိတ္တာဖြစ်ကြရသော အိမ်ထောင်စု

ဒီနေရာမှာ သံဝေဂ ရစရာကောင်းတဲ့ အိမ်ထောင်စု တစ်ခုအကြောင်းကို ပြောပြပါအုံးမယ်။

သာဝတ္ထိမြို့ရဲ့အနားမှာ ရွာတစ်ရွာ ရှိနေပါတယ်၊ အဲဒီရွာသား မရိုးဖြောင့်တဲ့ ကုန်သည်တစ်ဦးက မမှန်ကန်တဲ့ ခြင်ခွက်–စသည်တို့နဲ့ ရောင်းဝယ်ပြီး အသက်မွေးမှုကို ပြုနေပါတယ်၊ အဲဒီကုန်သည်က စပါးဖွဲခွံတွေကို ယူပြီး မြေနီနှင့် ရောနယ်လို့ လေးလံအောင် လုပ်ပါတယ်၊ ပြီးတော့ကာ သလေးနီတွေ ရောပြီး ရောင်းပါတယ်။

သူ့သားက အိမ်ကို အလည်လာကြတဲ့ ငါ့မိတ်ဆွေ သူငယ်ချင်းတွေကို ကောင်းကောင်းမွန်မွန် မပြုစု မလုပ်ကျွေးဘူးဆိုပြီး စိတ်ဆိုးပါတယ်၊ လှည်းစီးကုံးသားရေကြိုးနဲ့ အမိခေါင်းကို ရိုက်ပါတယ်။

အဲဒီကုန်သည်ရဲ့ ချွေးမက တစ်အိမ်သားလုံးအတွက်ထားတဲ့ အမဲသားကို ခိုးစားပစ်ပါတယ်၊ အိမ်သူအိမ်သားတွေက စစ်ဆေးတဲ့အခါ ကျုမကသာ ဒီအမဲသားကို စားလို့ရှိရင် ဘဝတိုင်း ဘဝတိုင်း ကိုယ့်ကျောသားကို လှီးဖြတ်ပြီး စားရပါစေသား၊ ဒီလို မဟုတ်မမှန် ကျိန်စာဆိုပါတယ်။

အဲဒီကုန်သည်ရဲ့ မိန်းမကတော့ လက်နက်ကိရိယာ တစ်စုံတစ်ခု လာငှားတဲ့ လူတွေကို မရှိပါဘူးလို့ ညာပြောတတ်ပါတယ်၊ သူတို့က အတင်းအကြပ်တောင်းတဲ့ အခါမှာ–

"ကျုမက ရှိရက်သားနဲ့ မရှိဘူးလို့ပြောခဲ့ရင် ဖြစ်ဖြစ်သမျှ ဌာနတိုင်းမှာ မစင်ကို စားရပါစေသား"။

ဒီလို မဟုတ်မမှန် ကျိန်စာဆိုပါတယ်။

---

* ပေတ–၃၊ ၁၇၆။

www.burmeseclassic.com

www.burmeseclassic.com



သူတို့ ၄–ယောက်လုံးပဲ နောက်တစ်ချိန်မှာ ကွယ်လွန်သွားကြလို့ ဝဋ္ဋာဌဝီတောအုပ်မှာ ပြိတ္တာတွေ ဖြစ်နေကြရပါတယ်။

မရိုးဖြောင့်တဲ့ ကုန်သည်က ကံရဲ့အကျိုးအနေနဲ့ တောက်လောင်နေတဲ့ ဖွဲကို လက်နှစ်ဖက်နဲ့ ယူပြီး ကိုယ့်ခေါင်းပေါ်မှာ သွန်းလောင်းနေရပါတယ်၊ ဒါနဲ့ ကြီးကျယ်တဲ့ ဆင်းရဲကို ခံနေရပါတယ်။

အဲဒီကုန်သည်ရဲ့သားက သံတင်းပုတ်ကြီးတွေနဲ့ ကိုယ့်ခေါင်းကို ကိုယ်ရိုက်ခွဲပြီး များပြားလှတဲ့ ဆင်းရဲကို ခံနေရပါတယ်။

အဲဒီကုန်သည်ရဲ့ ချွေးမက ကံရဲ့အကျိုးအနေနဲ့ အင်မတန်ထက်ပြီး ကြီးမားကျယ်ပြန့်တဲ့ လက်သည်းတွေနဲ့ ကိုယ့်ကျောသားတွေကို ခွာစားရင်း အတိုင်းအရှည်မရှိတဲ့ ဆင်းရဲကို ခံစားနေရပါတယ်။

အင်မတန် မွှေးကြိုင်သင်းပျံ့ သန့်ရှင်းစင်ကြယ်တဲ့ သလေးထမင်းဟာ အဲဒီသူဌေးကတော်ရဲ့အနားကို ရောက်သွားတယ်ဆိုရင်ပဲ အမျိုးမျိုးသော ပိုးလောက်တွေနှင့် ပြည့်နေပြီး အင်မတန်ရွံစရာကောင်းတဲ့ မစင်ဖြစ်သွားပါတော့တယ်၊ သူဌေးကတော် ပြိတ္တာမက အဲဒီမစင်ကို လက်နှစ်ဖက်နဲ့ ကျုံးယူပြီး စားနေရင်း ကြီးမားသော ဆင်းရဲကို ခံနေရပါတယ်။

*ဖွဲထိုးရောင်းသူ–ကုန်သည်ကြီးက , ဖွဲမီးလောင်ကျွမ်း–ခံရပါ၊
မိကိုရိုက်သူ–သားလူမိုက်က , တူနဲ့ထုရိုက်–ဒုက္ခဖြာ။
ခိုးစားချွေးမ–ကျိန်ဆိုပါ , ခွာလို့စားတာ–ကိုယ့်ကျောသား၊
လွဲမှားကျိန်ပါ–မယားမှာ , လွန်စွာဆိုးဝါး–မစင်စား။

"ဒီဝတ္ထုထဲက ဘာသင်ခန်းစာ ရတယ်ဆိုတာကို မောင်လှသန်းက ပြောပြပါအုံး"။

"အရောင်းအဝယ်လုပ်သူများ မမှန်မကန် မလုပ်ရဘူး၊ ကောင်းရောင်းကောင်းဝယ်သာ လုပ်ရမယ်၊ မိဘကို ကိုယ်ထိလက်ရောက် ကျူးလွန်မှုကို မပြုရဘူး၊ မဟုတ်မမှန် ကျိန်စာ မဆိုရဘူး၊ ကျိန်စာဆိုက ကျိန်တဲ့အတိုင်း ဒုက္ခ ခံစားရတတ်တယ်–ဆိုတာတွေဟာ ဒီဝတ္ထုထဲက ရတဲ့ သင်ခန်းစာတွေ ဖြစ်ပါတယ်"။

### ပျင်းရိခြင်းအပြစ် ၆–ပါး

မကောင်းတဲ့ အဆွေခင်ပွန်းတွေနှင့် ပေါင်းသင်းခြင်းရဲ့ အပြစ် ၆–ပါးကို ပြောပြပြီးတဲ့နောက် ခုနောက်ဆုံးဖြစ်တဲ့ ပျင်းရိခြင်းရဲ့အပြစ် ၆–ပါးကို ပြောပြပါအုံးမယ်။

www.burmeseclassic.com

www.burmeseclassic.com



၁။ အေးလွန်းသည်–ဟု အလုပ်ကိုမလုပ်၊
၂။ ပူလွန်းသည်–ဟု အလုပ်ကိုမလုပ်၊
၃။ မိုးချုပ်လွန်းသည်–ဟု အလုပ်ကိုမလုပ်၊
၄။ စောလွန်းသည်–ဟု အလုပ်ကိုမလုပ်၊
၅။ ဆာလွန်းသည်–ဟု အလုပ်ကိုမလုပ်၊
၆။ ဝလွန်းသည်–ဟု အလုပ်ကိုမလုပ်။

ဒီလို ယိုးမယ်ဖွဲ့ခြင်းကိစ္စများသူမှာ လိုးလွှဲရန် အကြောင်းရှာပြောနေသူမှာ မဖြစ်သေးတဲ့ ပစ္စည်းဥစ္စာတွေလဲ ဖြစ်ပေါ်မလာပါဘူး၊ ဖြစ်ပြီးပစ္စည်းဥစ္စာတွေလဲ ပျက်စီးကုန်ခန်းသွားတတ်ပါတယ်၊ ဒါကတော့ ပျင်းရိခြင်းရဲ့ အပြစ်တွေပါပဲ။

လူတွေက နံနက်စောစောကပဲ ထပြီး မိတ်ဆွေ ! လာ အလုပ်သွားကြစို့ရဲ့လို့ ပြောလို့ရှိရင် သိပ်အေးတာပဲ၊ အရိုးတွေ ကွဲသွားမလို ဖြစ်နေတယ်၊ မိတ်ဆွေတို့ပဲ သွားနှင့်ကြ၊ ကျွန်တော် နောက်မှ လိုက်လာပါ့မယ်လို့ ပြောပြီး မီးလှုံထိုင်နေပါတော့တယ်၊ လူတွေက သွားပြီးအလုပ်လုပ်နေကြပါတယ်၊ သူ့မှာတော့ အလုပ်တွေလစ်ဟင်းကုန်ပါတော့တယ်၊ နောက်ဟာတွေနှင့် စပ်လို့လဲ ဒီလိုပဲ ထိုက်သည်အားလျော်စွာ မှတ်သင့်ပါတယ်။

"ရေးပြထားတာကို ဆရာမ မသန်းမြင့်က တိုင်ပေးလိုက်ပါအုံး"။

*အေးလွန်းသေးပါ–ပူလွန်းလှနှင့် , မိုးချုပ်ပါလှ–စောလွန်းပါ၊
ဆာလွန်းလှပါ–စာဝလွန်းဟု , ထိုထိုရည်ညွှန်း–လုပ်ရှောင်ခွာ။
မဖြစ်သေးလည်း–ဖြစ်မလာ , ဖြစ်ပြီးဥစ္စာ–ပျက်စီးသွား၊
ပျင်းရိသူမှာ–လက်ငင်းသာ , ရလာထင်ရှား–ပြစ်ခြောက်ပါး။

အစက ပြောလာခဲ့တဲ့ ညစ်ညူးကြောင်းကံ ၄–ပါး, အကြောင်း ၄–ပါး, စည်းစိမ်ပျက်ကြောင်း ၆–ပါးဆိုတဲ့ မကောင်းမှု ၁၄–ပါးဟာ ဒီမှာပဲ ပြီးဆုံးသွားပါတယ်၊ ဒါပေမဲ့ အဲဒါတွေနှင့် စပ်လျဉ်းလို့ မှတ်သားစရာ အချက်အလက်တွေကို အကျဉ်းချုံးပြီး ပြောပြပါအုံးမယ်။

### မိတ်ဆွေတု,မိတ်ဆွေစစ်

အရက်ဆိုင်မှာသာ အဖော်ဖြစ်သူက သောက်ဖော်သောက်ဖက် မိတ်ဆွေမည်ပါတယ်၊ ရှေ့မှာသာ မိတ်ဆွေခေါ်ပြီး ကွယ်ရာမှာ ရန်သူသဖွယ် ဖြစ်သူကတော့ ဟန်ဆောင်မိတ်ဆွေ ဖြစ်ပါတယ်၊ အကြောင်းကိစ္စ ဖြစ်ပေါ်လာတဲ့အခါ ကူညီဖော်ရသူကတော့ မိတ်ဆွေအစစ် ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ရေးပေးထားတာကို ဆရာမ မလှကြွေက တိုင်ပေးပါအုံး"။

*ဘုံဆိုင်မှာသာ–တူတွဲဖက်လျှင် ၊ သောက်ဖော်သောက်ဖက်–မိတ်ဆွေပါ၊
တွေ့သည့်ခိုက်သာ–မိတ်ဆွေမြွက်လို့ ၊ မေ့လျော့ပေါ့ပျက်–မမြင်ခါ။
ရန်သူအလား–ဖြစ်သူမှာ ၊ ဟန်ဆောင်မှုသာ–မိတ်မဖြစ်၊
ကိစ္စရှိသော်–ကူညီဘော် ၊ ရသော်ခင်ချစ်–မိတ်ဆွေစစ်။

**လူကိုဖျက်ဆီးတတ်သော အကြောင်း ၆–ပါး**

၁။ နေ့မြင့်အောင်အိပ်ခြင်း၊ ၂။ သူတစ်ပါးမယားကို မှီဝဲခြင်း၊ ၃။ ရန်သူများခြင်း၊ ၄။ အကျိုးမဲ့ပြုလုပ်ခြင်း၊ ၅။ မကောင်းသူနှင့် ပေါင်းသင်းခြင်း၊ ၆။ အလွန်နှမြောခြင်း– ဒါတွေက လူကို ဖျက်ဆီးတတ်တဲ့အကြောင်းတွေပဲ ဖြစ်ပါတယ်။

"ရေးပြထားတာကို ဆရာမ မကြည်သင်းက တိုင်ပေးလိုက်ပါအုံး"။

*နေမြင့်တက်အောင်–အိပ်စက်များလို့ ၊ သူ့မယားကို–မှီဝဲပါ၊
မိတ်ဆွေနည်းကာ–ရန်သူများလို့ ၊ အကျိုးမဲ့များ–ပြုလုပ်ပါ။
မကောင်းသူများ–ပေါင်းသင်းပါ ၊ စေးနဲ့လွန်စွာ–နှမြောတတ်၊
ခြောက်ပါးကြောင်းဟူ–သဘောမူ ၊ လူကိုမချွတ်–ဖျက်ဆီးတတ်။

**စီးပွားချမ်းသာ ဆုတ်ယုတ်ကြောင်း**

လောင်းကစားမှုပြုသူ၊ သေရည်အရက်သောက်သူ၊ ယုတ်ညံ့သူကိုသာ မှီဝဲပြီး လူကြီးလူကောင်းတို့ကို မမှီဝဲသူ၊ သူ့တစ်ပါးတို့ရဲ့ အသက်နှင့်ထပ်တူ ချစ်ခင်မြတ်နိုးတဲ့ မိန်းမတွေကို သွားလာလွန်ကျူးသူ– ဒီလူမျိုးတွေရဲ့ စည်းစိမ်ချမ်းသာဟာ လဆုတ်ပက္ခလလို တစ်နေ့တခြား ဆုတ်ယုတ်ရပါတော့တယ်။

"ဘောမှာ ရေးပြထားတာကို ဆရာမ မနီလာစိုးက တိုင်ပေးလိုက်ပါအုံး"။

*ကက်ဖဲချဲထီ–လောင်းကစားလို့ ၊ သေအရက်များ–သောက်စားလျှင်၊
ယုတ်ညံ့သူသာ–တွဲယှဉ်ပေါင်းလို့ ၊ လူကြီးလူကောင်း–ဖယ်ရှောင်ကြဉ်။
သူများမိန်းမ–ကျူးလွန်လျှင် ၊ ဆုတ်ပက္ခတွင်–လအလား၊
စည်းစိမ်ချမ်းသာ–အဖြာဖြာ ၊ လွန်စွာလျော့ပါး–ပျက်စီးသွား။

**ပစ္စုပ်တမလွန် နှစ်တန်လုံးမှာ ပျက်စီးသူ**

မကောင်းတဲ့မိတ်ဆွေရှိသူ၊ မကောင်းတဲ့လူနှင့် ပေါင်းသင်းသူ၊ မကောင်းသော အလေ့အကျင့်ရှိသူ၊ မကောင်းသောကျက်စားရာရှိသူ– ဒီပုဂ္ဂိုလ်မျိုးတွေကတော့ ဒီလောကမှာရော၊ တမလွန်လောကမှာရော နှစ်ပါးစုံသော လောကမှာ ပျက်စီးလျှော့ကျရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com


"ဆရာမ မစိုးစိုးတင့်က ဘောမှာ ရေးပြထားတာကို တိုင်ပေးပါအုံး"။

*မကောင်းမိတ်ဆွေ–လက်ရှိထားလို့ , မကောင်းသူများ–ပေါင်းဖက်သူ၊
မကောင်းယုတ်မာ–လေ့ကျင့်များနှင့် , မကောင်းကျက်စား–ရှိနေသူ။
ချွတ်ချော်လွဲမှား–ဤသို့သူ , ပျက်ပြားရှေးရှု–မြဲနိစ္စ၊
ပစ္စုပ်တမလွန်–ပေါင်းနှစ်တန် , ကေန်လျှောကျ–ပျက်စီးရ။

## လူကို ဖျက်ဆီးတတ်သော အကြောင်း ၈–မျိုး

၁။ လောင်းကစားလေ့ရှိခြင်း၊ ၂။ မိန်းမလိုက်စားခြင်း၊ ၃။ သေရည်အရက်သောက်လေ့ရှိခြင်း၊ ၄။ ပွဲလမ်းသဘင် ကြည့်ရှုလေ့ရှိခြင်း၊ ၅။ နေ့အချိန်မှာ အိပ်လေ့ရှိခြင်း၊ ၆။ အချိန်မတော် သွားလာလေ့ရှိခြင်း၊ ၇။ မကောင်းသောသူတို့နှင့် ပေါင်းသင်းလေ့ရှိခြင်း၊ ၈။ အလွန်နှမြောခြင်း– ဒါတွေက လူကို ဖျက်ဆီးတတ်တဲ့ အကြောင်းတွေပဲဖြစ်ပါတယ်။

"ဘောမှာ ရေးထားတာကို ဆရာမ မမြင့်မြင့်ဝေက တိုင်ပေးလိုက်ပါအုံး"။

*လောင်းကစားပါ–မ‌လိုက်စားလို့ , သေရည်သောက်စား–ပွဲကြည့်လျှင်၊
နေ့အခါတွင်–အိပ်နေများလို့ , ချိန်မတော်သွား–လှည့်လည်လျှင်။
မကောင်းသူများ–ပေါင်းယှက်တင် , စေးနဲ့လွန်ပင်–နှမြောတတ်၊
ဤကြောင်းရှစ်တန်–လူတွေရန် , ကေန်မချွတ်–ဖျက်ဆီးတတ်။

## ကြွေးပင်လယ်မှာမြုပ် ကိုယ်ယစ်ထုပ်

ဆင်းရဲနွမ်းပါးစေကာမူ သောက်လိုတဲ့အတွက် အရက်ဆိုင်ကိုသွားတဲ့ အရက်သမားဟာ ရေမှာ ကျောက်ခဲနစ်မြုပ်သလို အကြွေးပင်လယ်မှာ နစ်မြုပ်ရပါတော့တယ်၊ မိမိကို ဆွေမရှိ မျိုးမရှိ တစ်ကောင်ကြွက် တစ်မျက်နှာဖြစ်အောင် လျှင်မြန်စွာ ပြုလုပ်နေပါတော့တယ်။

"ဘောမှာ ရေးပေးထားတာကို ဆရာမ မမြင့်မြင့်သန်းက တိုင်ပေးလိုက်ပါအုံး"။

*ဆင်းရဲမွဲပြာ–ဥစ္စာပါးလို့ , တစ်ပြားမရှိ–နေပါစေ၊
အရက်သောက်လို–ဆိုင်ကိုသွားတဲ့ , အရက်သမား–လူတေလေ။
ရေထဲပစ်ချ–ကျောက်ခဲတွေ , ပေါ်လို့မနေ–နစ်သည်လား၊
အကြွေးပင်လယ်–မြစ်ပြင်ကျယ် , ကယ်သူရှားပါး–နစ်မြုပ်သွား၊
တစ်ကောင်ကြွက်မှာ–တစ်မျက်နှာ , ကိုယ်သာလျှင်လျား–ပြုလုပ်ထား။

www.burmeseclassic.com

www.burmeseclassic.com



**အိမ်ထောင် မထိန်းနိုင်သူများ**

နေ့အခါ အိပ်လေ့ရှိသူ၊ ညဥ့်အချိန်မှာ ထလေ့မရှိသူ၊ အမြဲမူးနေသူ၊ ကာမကြူးသူ၊ အစားကြူးသူတွေဟာ အိမ်ထောင်ကို မထိန်းနိုင်ပါဘူး၊ ဒါ့ကြောင့် ဒီအဖြစ်မျိုးသို့ မရောက်အောင် ရှောင်ကြဉ်ရမယ်။

"ဆရာမ မသန်းဌေးက တိုင်ပေးလိုက်ပါအုံး ဘောမှာ ရေးထားတာကို"။

*နေ့အချိန်မှာ–အိပ်နှစ်ချိုက်လို့ , ညဥ့်အချိန်ဌ–မထသူ၊
အမြဲမူးနေ–ဖိုးသမားနှင့် , မိန်းမလိုက်စား–များသည့်သူ။
ဤလူမျိုးများ–ကြွေးတွေထူ , ကြွေးရှင်ဆူပူ–ခိုက်ရန်ပွား၊
အိမ်ထောင်ပိုင်ပိုင်–မထိန်းနိုင် , ယိမ်းယိုင်လူ့ပ်ရှား–ပျက်စီးပွား။

**အကျိုးစီးပွားတွေရဲ့ နောက်မှာ ကျန်နေသူ**

အေးလွန်းတယ်၊ ပူလွန်းတယ်၊ မိုးချုပ်လွန်းတယ်–စသည်ဖြင့် ယိုးမယ်ဖွဲ့ပြီး အလုပ်မလုပ်သူတွေဟာ အကျိုးစီးပွားတွေရဲ့ နောက်မှာ ကျန်နေရစ်ပါတော့တယ်။

"ဘောမှာ ရေးထားတာကို ဆရာမ မသန်းဝင်းက တိုင်ပေးလိုက်ပါအုံး"။

*အေးလွန်းတစ်တန်–ပူအိုက်လွန်းလို့ , မိုးချုပ်လွန်လွန်း–စောလွန်းတယ်၊
စသည်ဖြင့်သာ–ယိုးမယ်ဖွဲ့လို့ , စီးပွားမငဲ့–လုပ်ရှောင်ဖယ်။
ဒီလိုလူအား–ဘေးကိုဖယ် , စီးပွားသွယ်သွယ်–ကျော်လွန်သွား၊
ကျိုးစီးပွားတွေ–နောက်မှာနေ , တွေဝေပျက်ပြား–လူပျင်းများ။

**စီးပွားချမ်းသာကို အရအမိ သိမ်းပိုက်နိုင်သူ**

အအေးအပူကို မြက်မှိုက်လောက်မှ ထိမထင်ဘဲ လုပ်သင့်တဲ့ အလုပ်ကို ကြိုးစားလုပ်တဲ့သူကတော့ စီးပွားချမ်းသာကို အရအမိ သိမ်းပိုက်နိုင်ပါတော့တယ်။

"ဆရာမ မသန်းတင့်က ဘောမှာ ရေးထားတာကို တိုင်ပေးလိုက်ပါအုံး"။

*အေးအပူကို–မြက်မှိုက်လောက်မျှ , မှတ်မထားကြ–ထိမထင်၊
လုပ်ရမှာကို–ကြိုးအားထုတ်လို့ , တကယ်ပြုလုပ်–ကြပါလျှင်။
ဤလူမျိုးတော့–တကယ်ပင် , စီးပွားများဖြင်–ချမ်းသာပွား၊
ရမိသေချာ–သိမ်းပိုက်ပါ , လူ့ရွာတလွှား–ကျော်ထင်ရှား။

"ဂုဏ်တော်တွေကို ပြိုင်တူရွတ်လို့ ဒီနေ့ သင်တန်းကို ဒီမှာပဲရပ်နားကြစို့ရဲ့၊ ဂုဏ်တော်တွေ ရွတ်ပြီးက ပြန်နိုင်ကြပါပြီ"။

www.burmeseclassic.com

www.burmeseclassic:com



## မိတ်ဆွေတု

ဝါခေါင်လဆန်း ၁၁–ရက်၊ တနင်္ဂနွေနေ့။

မကောင်းမှု ၁၄–ပါးနှင့် စပ်လျဉ်းလို့ ပြောလာခဲ့တာ လွန်ခဲ့တဲ့အပတ်က ပြီးသွားပါတယ်၊ အခု မိတ်ဆွေတု၊ မိတ်ဆွေစစ်–ဆိုတဲ့ မပေါင်းသင့်သူ၊ ပေါင်းသင့်သူတွေကို ပြောပြပါအုံးမယ်။

၁။ ယူရုံသာ ယူတတ်သူ၊

၂။ နှုတ်ကသာ ပေးတတ်သူ၊

၃။ အကြိုက်ကိုလိုက်လို့ ဖြေဆိုတတ်သူ၊

၄။ ပစ္စည်းဥစ္စာပျက်စီးကြောင်းမှာ အဖော်ဖြစ်သူ။

ဒီလူလေးယောက်တို့ဟာ မိတ်ဆွေစစ် မဟုတ်ကြဘူး၊ မိတ်ဆွေတုမျှသာ ဖြစ်ကြပါတယ်။

အကျိုးမဲ့တွေ (အကျိုးမရှိတာတွေ)ဆိုတာဟာ လူမိုက်ကို အကြောင်းပြုပြီး ဖြစ်ပေါ်လာကြတာချည်းပါပဲ။

လူမိုက်ကို အကြောင်းပြုပြီး ပစ္စည်းဥစ္စာ ဆုံးရှုံးရတတ်ပါတယ်၊ အခြွေအရံ ပျက်စီးရတတ်ပါတယ်၊ မကောင်းသတင်း ပေါ်ထွက်လာတတ်ပါတယ်၊ ပရိသတ်အလယ်မှာ အရှက်တကွဲ အကျိုးနဲ ဖြစ်ရတတ်ပါတယ်၊ တွေတွေဝေဝေ သေရတတ်ပါတယ်၊ ဒီလိုအစရှိတဲ့ အကျိုးမဲ့တွေက ဒီဘဝမှာ ဖြစ်ပေါ်လာတတ်တဲ့ အကျိုးမဲ့တွေပဲ။

အပါယ်လေးပါးကို ရောက်သွားတော့ နှိပ်စက်ခြင်းမျိုးစုံကိုလဲ ခံရတတ်ပါတယ်၊ လူ့ဘုံမှာ လူဖြစ်ရပြန်ရင်လဲ အသက်တိုတတ်ပါတယ်၊ အနာရောဂါများတတ်ပါတယ်၊ အတိုင်းထက်အလွန် ဆင်းရဲတတ်ပါတယ်၊ ငတ်ငတ်ပြတ်ပြတ်နဲ့ နေရတတ်ပါတယ်၊ ဒီလိုအစရှိတဲ့ အကျိုးမဲ့တွေက နောင်ဘဝမှာဖြစ်ရမယ့် အကျိုးမဲ့တွေပဲ ဖြစ်ပါတယ်။

ကိုယ့်ကိုကိုယ် စွပ်စွဲရခြင်းဘေး၊ သူတစ်ပါးတို့ စွပ်စွဲခြင်းဘေး၊ အပြစ်ဒဏ်ဘေး အစရှိတဲ့ ဘေးအကုန်လုံးဟာလဲပဲ လူမိုက်ကိုပဲအကြောင်းပြုပြီး ဖြစ်ပေါ်လာရပါတယ်၊ အန္တရာယ်အကုန်လုံး၊ ပျက်စီးခြင်းအကုန်လုံးတို့ဟာလဲ လူမိုက်ကိုပဲ အကြောင်းပြုပြီး ဖြစ်ပေါ်လာရပါတယ်။

ဒါ့ကြောင့် ဒီလိုသဘောရှိတဲ့ လူမိုက်တွေကို မပေါင်းသင့်လို့ မိတ်ဆွေတုဖြစ်တဲ့ လူမိုက်တွေကို ပြထားရပါတယ်။

၁။ သူငယ်ချင်းမိတ်ဆွေအိမ်ကို လာတဲ့အခါ ကိုယ့်အိမ်က ဘာမှယူမလာဘဲ အပြန်မှာ မိတ်ဆွေဆီက တစ်စုံတစ်ခုကို ယူသွားတတ်ပါတယ်၊ ဒီလို လူမျိုးကို ယူရုံသာယူတတ်သူလို့ ဆိုထားရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



၂။ နှုတ်ကသာ ပေးတတ်သူဆိုတာကတော့ ပါးစပ်နဲ့သာ ပေးတတ်သလို, လုပ်တတ်သလိုဖြစ်ပြီး ကိုယ်ထိလက်ရောက် မပေးတတ်တဲ့ပုဂ္ဂိုလ်, မလုပ်တတ်တဲ့ ပုဂ္ဂိုလ်မျိုးပဲ ဖြစ်ပါတယ်၊ ကျန်တာတွေကတော့ နားလည်လောက်ပါတယ်။

ဒီ လေးယောက်ထဲက တစ်ယောက်တစ်ယောက်ကို လေးမျိုးစီခွဲလို့ ပြအုံးမှာပဲ၊ ဒါ့ကြောင့် ဒီလောက်နဲ့ပဲ တော်ထားကြစို့ရဲ့။

"ဆရာမ မသန်းမြင့်က ဘောမှာ ရေးထားတာကို တိုင်ပေးလိုက်ပါအုံး"။

*ပေးမရှိပါ–ယူသာရှိလို့ ,, နှုတ်သာပေးဘိ–လက်မပါ၊
အကြိုက်ကိုသာ–လိုက်ပြောကြားလို့ , ဥစ္စပျက်ပြား–သွေးဆောင်ပါ။
ဤလေးယောက်သား–သူတို့မှာ , မိတ်ဆွေတုသာ–ဖြစ်ပါကြ၊
လူမိုက်တွေသာ–မှတ်ကြရာ , ဝေးစွာရှောင်ကြ–မပေါင်းရ။

**မကောင်းသူနှင့်ပေါင်းသင်းခြင်းအပြစ်**

ဒီနေရာမှာ မကောင်းသူနှင့် ပေါင်းသင်းရခြင်းရဲ့ အပြစ်ကိုလဲ နည်းနည်းထည့်သွင်းပြောပြပါ့မယ်။

*ရှေးအခါက ဗာရာဏသီမြို့မှာ ငါးပါးသီလစောင့်ထိန်းတဲ့ သောတ္ထိယအမျိုးဆိုတာ ရှိပါတယ်၊ အဲဒီ အမျိုးမှာ သားကလေးတစ်ယောက် ရှိပါတယ်၊ အဲဒီကလေးဟာ အမိအဘတို့ရဲ့ ချစ်ခင်မြတ်နိုးမှုကို ခံရသူဖြစ်ပါတယ်၊ ပညာရှိပါတယ်၊ လိမ္မာထက်မြက်ပါတယ်၊ ဗေဒင်သုံးပုံကို တစ်ဖက်ကမ်းရောက် တတ်မြောက်ပါတယ်။

အဲဒီ အမျိုးသားကလေးဟာ အရွယ်တူကလေးတွေနှင့် အတူ အုပ်စုဖွဲ့ပြီး လှည့်လည်နေပါတယ်၊ အခြားကလေးတွေက အုပ်စုဖွဲ့ပြီး ငါး,အမဲကို စားရင်း အရက်သောက်ကြပါတယ်၊ အမျိုးသားကလေးက ငါး,အမဲ–စသည်ကိုလဲ မစားပါ၊ အရက်ကိုလဲ မသောက်ပါ။

"ဒီလူဟာ အရက်မသောက်တဲ့အတွက် ငါတို့အား အရက်ဖိုး မပေးဘူး၊ တစ်နည်းနည်းနဲ့ သူ့ကို အရက်တိုက်ကြစို့ရဲ့"။

သူငယ်ချင်းတွေက ဒီလို တိုင်ပင်ထားကြပါတယ်၊ တစ်နေ့မှာ စုဝေးကြပြီး မိတ်ဆွေတို့ ! ပျော်ပွဲစားတစ်ခု လုပ်ကြစို့ရဲ့လို့ ပြောကြပါတယ်။

"မိတ်ဆွေတို့ကပဲ အရက်သောက်ကြပါ၊ ကျွန်တော်က မသောက်ပါဘူး၊ မိတ်ဆွေတို့ပဲ သွားကြတာပေါ့"။

---

* ဇာတ်–၅–၅၊ ၅၀၄။

www.burmeseclassic.com

www.burmeseclassic.com



"မိတ်ဆွေသောက်ရအောင် ကျွန်တော်တို့က နို့ရည် ယူလာပါ့မယ်"။

"ဒီလိုဆိုရင်တော့ အကောင်းသားပဲ"။

အမျိုးကောင်းသားကလေးက ဝန်ခံကတိ ပေးလိုက်ပါတယ်၊ အရက်သမားကလေးတွေက သူ့ကို ခေါ်ပြီး ဥယျာဉ်ကို သွားကြပါတယ်၊ ကြာဖက်တွေနဲ့ အရက်ပြင်းတွေကို ထုပ်ထားကြပါတယ်။

ထို့နောက် သူတို့သောက်တဲ့အခါ အမျိုးသားကလေးအား နို့ရည်ကို ပေးကြပါတယ်၊ အဲဒီအချိန်မှာပဲ အရက်သမားကလေးတစ်ယောက်က ကြာပျားကို ယူခဲ့စမ်းပါအုံးလို့ အယူခိုင်းလိုက်ပါတယ်၊ ကြာရွက်ထုပ်ကို အောက်က အပေါက်ကလေးဖောက်ပြီး ထားလိုက်ပါတယ်၊ လက်တွေနဲ့ ပါးစပ်မှာထားပြီး စုပ်နေကြပါတယ်၊ ဒါကို တွေ့ရတော့ အမျိုးသားကလေးက သူတို့ကို မေးပါတယ်။

"အဲဒါ ဘယ်လိုဟာတဲ့လဲ မိတ်ဆွေတို့ ?"။

"ဒါဟာ ကြာပျားပဲ မိတ်ဆွေရယ် !"။

"ကျုပ်လဲ နည်းနည်း ရနိုင်မှာလား ?၊ ကျုပ်ကိုလဲ ပေးကြပါအုံး"။

အမျိုးသားကလေးက သူတို့ မျှော်မှန်းထားတဲ့အတိုင်း တောင်းလာတော့ သူ့ကိုလဲ ပေးကြပါတယ်၊ သူက ကြာပျားဆိုတဲ့ အမှတ်နဲ့ အရက်ကို သောက်နေပါတယ်၊ အဲဒီအချိန်မှာ သူ့အား အမဲသားကင်ကိုလဲ ပေးကြပါတယ်၊ သူက အမဲသားကင်ကိုလဲ စားတာပါပဲ။

ဒီလို ထပ်ကာထပ်ကာသောက်လို့ မူးလာတဲ့အခါမှာ သူ့အား သူငယ်ချင်းတွေက ပြောကြပါတယ်။

"အဲဒါဟာ ကြာပျား မဟုတ်ဘူး၊ အရက်ပဲ ဖြစ်တယ်"။

"ဒီအချိန်ထိအောင် ဒီလောက်ကောင်းတဲ့ အရသာကို တစ်ခါမှ မတွေ့ဘူးသေးဘူး၊ အဲဒီအရက်ကိုပဲ ယူခဲ့ကြပါအုံး မိတ်ဆွေတို့ရယ် !"။

သူတို့က နောက်ထပ် ယူပေးကြပါသေးတယ်၊ သောက်လိုတဲ့ အာသာက သိပ်ပြင်းထန်လာပါတယ်၊ ဒီတော့ သူ့အား ကုန်ပြီလို့ ပြောကြပါတယ်၊ ရော့ အဲဒီ အရက်ကို ယူခဲ့ကြပါလို့ ပြောပြီး လက်စွပ်ကလေးကို ချွတ်ပေးလိုက်ပါတယ်။

အဲဒီ အမျိုးသားကလေးက သူတို့နှင့်အတူ တစ်နေ့လုံး သောက်တဲ့အတွက် မူးလာပါဘယ်၊ မျက်စိတွေကလဲ နီရဲလာပါတယ်၊ ကိုယ်ကလဲ တုန်လှုပ်လာပါတယ်၊ ပါးစပ်ကလဲ ပြောချင်ရာကို ပြောလာပါတယ်၊ အဲဒီလို အခြေအနေမျိုးနဲ့ပဲ အိမ်ကို ပြန်သွားပြီး လဲလျောင်းနေပါတော့တယ်။

www.burmeseclassic.com

www.burmeseclassic.com


အဲဒီ အချိန်မှာ သူ့အဖေက အရက်သောက်လာကြောင်းကို သိသွားပါတယ်၊ ဒါနဲ့ အရက်မူးပြေလာတဲ့အခါမှာ သူ့ကို ဆုံးမစကား ပြောကြားပါတယ်။

"သားရေ ! သောတ္တိယအမျိုးမှာ မွေးဖွားလာပြီး အရက်သောက်တဲ့ သားဟာ မသင့်တော်တဲ့ အလုပ်ကို လုပ်တာပဲ၊ နောက်ထပ် ဒီလို မလုပ်ပါနှင့်တော့"။

"အဖေရေ ! ကျွန်တော့်မှာ ဘာအပြစ် ရှိပါသလဲ ?"။

"အရက်သောက်တာပဲ အပြစ်ပေါ့သားရယ်"။

"အဖေရေ ! ဘယ်လိုများ ပြောပါလိမ့်၊ ကျွန်တော်က ဒီလိုကောင်းတဲ့ အရသာကို ဒီအချိန်ထိအောင် တစ်ခါမှ မရဘူးပါ"။

ပုဏ္ဏားကလဲ ထပ်ကာထပ်ကာ တောင်းပန်နေပါတယ်၊ သားကလဲ မရှောင်ကြဉ်နိုင်ဘူးလို့ချည်း ပြောနေပါတယ်၊ ဒီလိုဆိုရင် မဖြစ်ချေဘူး၊ ဒို့အမျိုးအနွယ်လဲ ပြတ်စဲသွားလိမ့်မယ်၊ ပစ္စည်းဥစ္စာလဲ ပျက်စီးသွားလိမ့်မယ်၊ ဒီလိုစဉ်းစားပြီး ဖျောင်းဖျ ပြောဆိုပြန်တယ်။—

"သားရေ ! သားဟာ ရုပ်ရေလှပသူလဲ ဖြစ်ပါတယ်၊ သောတ္တိယအမျိုးက မွေးဖွားလာသူလဲ ဖြစ်ပါတယ်၊ ငါ့သားက မသောက်စားထိုက်တာကို သောက်စားဖို့ မထိုက်တန်လှပါဘူး၊ ငါ့သားက ရှောင်ကြဉ်လိုက်ပါ၊ မရှောင်ကြဉ်လို့ရှိရင် သားကို ဒီအိမ်က နှင်ထုတ်ရပါလိမ့်မယ်"။

အဖေက ဘယ်လိုပင် ပြောပြပေမဲ့ သားက နားမထောင်တော့ပါ၊ ငြင်းမြဲတိုင်းသာ ငြင်းပယ်နေပါတော့တယ်။

"အဖေရေ ! ဒီအရက်ဆိုတာ အရသာတွေထဲမှာ တစ်ခု အပါအဝင် ဖြစ်ပါတယ်၊ အဖေက ကျွန်တော့်ကို ဘာကြောင့် တားမြစ်နေရပါသလဲ ?၊ ကျွန်တော်က ဒီလိုအရာမျိုးကို ရနိုင်တဲ့နေရာကို သွားပါတော့မယ်"။

အဖေက ကျွန်တော့်ကို မမြင်ချင်လို့ရှိရင် ကျွန်တော်က ထွက်သွားပါတော့မယ်၊ အဖေ့ဆီမှာ မနေတော့ပါဘူး၊

ကျွန်တော်က အရက်သောက်ခြင်းက မရှောင်နိုင်တော့ပါဘူး၊ အဖေကြိုက်တာကို လုပ်ပါတော့"။

ဒီတော့ အဖေဖြစ်သူက မင်းက တို့ကို စွန့်လို့ရှိရင် တို့ကလဲ စွန့်ရတော့မှာပဲဆိုတဲ့ သဘောနဲ့ ဆက်လက်ပြောပြန်တယ်။

www.burmeseclassic.com

www.burmeseclassic.com



"သားမိုက်ရေ ! တို့က အခြားအမွေစား အမွေခံ သားသမီးတွေကို တကယ်ပဲ ရရှိပါလိမ့်မယ်၊ တို့က မင်းရဲ့သတင်းကို မကြားရတဲ့ နေရာကိုသာ မင်းက သွားပါတော့၊ ဒီလိုပြောဆိုပြီးတဲ့နောက် တရားရုံးတော်ကို ခေါ်သွားပါတယ်၊ သားအဖြစ်က ပယ်ရှားစေပါတယ်။ (အမွေပြတ် ကြေညာလိုက်ပါတယ်။)

အဲဒီသားမိုက်ဟာ နောက်ပိုင်းမှာ တစ်ကောင်ကြွက် တစ်မျက်နှာ ဖြစ်သွားပါတယ်၊ ပုဆိုးနွမ်းကို ဝတ်ပြီး ခွက်လက်စွဲကာ တောင်းစားနေရပါတော့တယ်၊ နံရံတစ်ခုကို အမှီပြုပြီး သေဆုံးသွားရပါတော့သည်။

"မတင့်တင့်ဝေက ဒီဝတ္ထုက ဘာသင်ခန်းစာ ရတယ်ဆိုတာကို ပြောပြစမ်းပါအုံး"။

"မကောင်းတဲ့ လူတွေဆိုတာဟာ လူကောင်းကို သူတို့လိုဖြစ်လာအောင် နည်းအမျိုးမျိုးနဲ့ ဖျားယောင်းသွေးဆောင်တတ်ပါတယ်၊ ဒါ့ကြောင့် သူတို့ကို မြွေပွေးမြွေဟောက်တို့ကိုလို အဝေးကြီးက ရှောင်သင့်ပါတယ်၊ အပေါင်းအဖော် မလုပ်သင့်ပါဘူး။

ပြီးတော့ကာ အကျိုးလိုလားတဲ့ အဖေရဲ့ ပြောစကားကို နားမထောင်တဲ့အတွက် သူ့ခေတ်သူ့အခါမှာ အင်မတန် ပညာတတ်တဲ့သူတစ်ယောက် ပျက်စီးသွားရပါတယ်၊ ဒီတော့ အခုခေတ်မှာလဲပဲ ကိုယ်က ဘယ်လိုပင် ပညာတတ်နေစေကာမူ အကျိုးလိုလို့ ပြောကြားတဲ့ အမေအဖေတွေရဲ့ စကားကို မပစ်ပယ်သင့်ပါဘူး၊ လိုက်နာသင့်တယ်ဆိုတာ ဒီဝတ္ထုထဲကရတဲ့ သင်ခန်းစာဖြစ်ပါတယ်"။

### ယုံရုံသာ ယုတတ်သူ –၄

၁။ အယူသာရှိပြီး အပေးမရှိသူ၊

၂။ အနည်းနဲ့ အများကို အလိုရှိသူ၊

၃။ ကိုယ့်မှာဘေးဖြစ်မှ မိတ်ဆွေရဲ့ ကိစ္စကို ပြုပေးတတ်သူ၊

၄။ အခွင့်အရေးကိုလိုလို့ ပေါင်းသင်းသူ။

ဒါတွေဟာ ယုံရုံသာယုတတ်တဲ့ မိတ်ဆွေစစ် မဟုတ်သူ, မိတ်ဆွေတုဖြစ်သူတွေပဲ ဖြစ်ပါတယ်၊ မိတ်ဆွေတု လေးမျိုးအနက် တစ်မျိုး တစ်မျိုးကို လေးမျိုးစီခွဲလို့ ဝေဖန်ပြထားပါတယ်။

၁။ အယူသာရှိလို့ အပေးမရှိသူဆိုတာက စင်စစ် ယုံရုံသာ ယုတတ်ပါတယ်၊

မိတ်ဆွေရဲ့အိမ်ကို လက်ချည်းလာပြီး ဝတ်ထားတဲ့ အဝတ်–စသည်တို့ကို ချီးမွမ်းပြောဆိုတတ်ပါတယ်၊ ဒီတော့ မိတ်ဆွေဖြစ်သူက မိတ်ဆွေရေ ! မိတ်ဆွေက

www.burmeseclassic.com

www.burmeseclassic.com



ဒီအဝတ်ကို သိပ်ချီးမွမ်းပြောဆိုနေတာပဲလို့ အခြားအဝတ်ကိုဝတ်ပြီး ဝတ်ထားတဲ့ အဝတ်ကို ပေးလိုက်ရပါတော့တယ်၊ ဒီပုဂ္ဂိုလ်မျိုးပဲ ဖြစ်ပါတယ်။

၂။ နည်းနည်းပါးပါး အပွင့်အသီး–စတဲ့ တစ်စုံတစ်ခုကို ပေးပြီး မိတ်ဆွေထံမှ အဖိုးအများအပြား ထိုက်တန်တဲ့ ဝတ်စုံ–စတဲ့ အများကို လိုလားတောင့်တ သူမျိုးကို အနည်းနဲ့ အများကို အလိုရှိသူလို့ ဆိုရပါတယ်။

၃။ မိမိမှာ ဘေးဖြစ်လာတဲ့အခါ အကျိုးမဲ့ကို ရှောင်လွှဲရန်, မိမိရဲ့ မိတ်ဆွေ အဖြစ်ကို ပြရန် ရည်ရွယ်ပြီး မိတ်ဆွေရဲ့ အလုပ်ကိစ္စကို ကျွန်သဖွယ် လုပ်ကိုင်ပေးတတ်သူ, အခါခပ်သိမ်း မလုပ်တတ်သူကို ကိုယ့်မှာဘေးဖြစ်မှ မိတ်ဆွေရဲ့ ကိစ္စကို ပြုပေးတတ်သူလို့ ဆိုရပါတယ်၊ ကိုယ့်မှာဘေးဖြစ်မှ လုပ်ဖော်ရပါတယ်၊ ချစ်ခင်မှုကြောင့် ပေါင်းဖော်တာ မဟုတ်ပါဘူး၊ ဒါ့ကြောင့် မိတ်ဆွေတုလို့ ဆိုရပါတယ်။

၄။ မိတ်ဆွေခင်ပွန်းအနေနဲ့ ပေါင်းသင်းတာ မဟုတ်ဘဲ မိမိရဲ့ အကျိုးစီးပွားကို လိုလားတောင့်တတဲ့အတွက်သာ ပေါင်းသင်းပါတယ်၊ ဒါ့ကြောင့် အခွင့်အရေးကို လိုလို့ ပေါင်းသင်းတဲ့ ဒီပုဂ္ဂိုလ်ကိုလဲ မိတ်ဆွေတုလို့သာ ဆိုရပါတယ်။

"ဆရာမ မသန်းမြင့်က ဘောမှာ ရေးထားတာကို တိုင်ပေးလိုက်ပါအုံး"။

*လက်ချည်းသာ့လာ–ယူကာသွားလို့ , နည်းဖြင့်အများ–လိုလားတာ၊
ကိုယ်ရေးကြုံကာ–ပြုကာပေးလို့ , လိုလားခွင့်ရေး–ပေါင်းသင်းပါ။
ဤသူလေးယောက်–မှုအရာ , သင့်တင့်လျော်စွာ–ချိန်ဆပြု၊
ယူရုံမျှသာ–ယူတတ်ပါ , မှတ်ရာမိတ်တု–လူမိုက်ဟု။

## ကျေးဇူးမသိတတ်သူ

ဒီနေရာမှာ ကိုယ့်အတွက် အခွင့်အရေးကို အရယူပြီး သူများအား အခွင့်အရေး မပေးတတ်တဲ့ မိတ်ဆွေတုအကြောင်းကို ပြောပြပါအုံးမယ်။

အနာထပိဏ်သူဌေးမှာ လူချင်းမတွေ့ဘူးတဲ့ မိတ်ဆွေသူဌေးတစ်ယောက် ရှိနေပါတယ်၊ အဲဒီသူဌေးက ကျေးလက်တောရွာမှာ နေပါတယ်၊ ရံခါ ကျေးလက်တောရွာက ထွက်ကုန်တွေကို လှည်းငါးရာနဲ့ အပြည့်အတင်ခိုင်းပြီး အလုပ်သမားတွေကို ပြောဆိုလွှတ်လိုက်ပါတယ်။

"မင်းတို့က ဒီကုန်တွေကို သာဝတ္ထိမြို့သို့ ယူသွားကြ၊ တို့မိတ်ဆွေ အနာထပိဏ်သူဌေးအား ပေါက်ဈေးနဲ့ ရောင်းထားခဲ့ကြရမယ်၊ အပြန်ကုန်တွေကိုလည်း ယူလာကြရမယ်"။

www.burmeseclassic.com

www.burmeseclassic.com



သူ့အလုပ်သမားတွေကလဲ ပြောဆိုမှာကြားလိုက်တဲ့အတိုင်း သာဝတ္ထိမြို့ကို သွားကြပါတယ်၊ သူဌေးကြီးကို သွားတွေ့ပြီး လက်ဆောင်ပစ္စည်းတွေကို ပေးအပ်ကြပါတယ်၊ အကျိုးအကြောင်းကိုလဲ ပြောပြကြပါတယ်။

အနာထပိဏ်သူဌေးကြီးက ခင်ဗျားတို့ ရောက်လာတာ အကောင်းသားပဲလို့ ပြောပြီး နေရာထိုင်ခင်းနှင့်ရိက္ခာတွေကို အပေးခိုင်းထားပါတယ်၊ မိတ်ဆွေရဲ့ သတင်းကို မေးပြီး ကုန်တွေကို ရောင်းချပေးပါတယ်၊ အပြန်ကုန်တွေကိုလဲ အပေးခိုင်းလိုက်ပါတယ်၊ သူတို့က ကျေးတောလက်ကို ပြန်သွားပြီး ဒီအကြောင်းကို မိမိတို့ရဲ့ သူဌေးအား ပြောပြကြပါတယ်။

နောက်တစ်ချိန်မှာ အနာထပိဏ်သူဌေးကလဲ အလားတူပဲ လှည်းငါးရာတို့ကို အဲဒီကျေးတောသို့ လွှတ်လိုက်ပါတယ်၊ လူတွေက လက်ဆောင်ပစ္စည်းကို ယူပြီး ကျေးတောသူဌေးကို သွားတွေ့ကြပါတယ်၊ ကျေးတောသူဌေးက သူတို့ကို မေးပါတယ်။

"ခင်ဗျားတို့က ဘယ်က လာခဲ့ကြသလဲ ?"။

"သာဝတ္ထိမြို့မှာ အရှင်သူဌေးမင်းရဲ့ သူငယ်ချင်းဖြစ်တဲ့ အနာထပိဏ်သူဌေးထံက လာခဲ့ကြပါတယ်"။

"အနာထပိဏ်ဆိုတာဟာ လူတစ်ဦးတစ်ယောက်ရဲ့နာမည် ဖြစ်ပါလိမ့်မယ်"။

ကုန်သည်တွေရဲ့ စကားကို ကြားရတဲ့အခါ ပြောင်လှောင်ပျက်ရယ်မှုကို ပြုပြီး လက်ဆောင်ပစ္စည်းကို ယူထားလိုက်ပါတယ်၊ ခင်ဗျားတို့ သွားကြတော့လို့ ပြောဆို လွှတ်လိုက်ပါတယ်၊ နေရာထိုင်ခင်းကိုလဲ မပေးပါ၊ ရိက္ခာကိုလဲ အပေးမခိုင်းပါ၊ သူတို့က ကိုယ်တိုင်ပဲ ကုန်တွေကို ရောင်းချကြရပါတယ်၊ အပြန်ကုန်တွေကိုယူပြီး သာဝတ္ထိမြို့ကို ပြန်လာခဲ့ကြပါတယ်၊ သူဌေးကြီးအား ဒီအကြောင်းကို ပြောပြကြပါတယ်။

ကျေးတောသူဌေးက နောက်တစ်ကြိမ် အလားတူပဲ လှည်းငါးရာတို့ကို သာဝတ္ထိမြို့သို့ လွှတ်လိုက်ပြန်တယ်၊ လူတွေက လက်ဆောင်ပစ္စည်းတွေကိုယူပြီး အနာထပိဏ်သူဌေးကြီးကို သွားတွေ့ကြပါတယ်။

အဲဒီလူတွေကို တွေ့ရတော့ အနာထပိဏ်သူဌေးရဲ့ လူတွေက အနာထပိဏ်သူဌေးအား "အရှင်သူဌေးမင်း ! ကျွန်တော်တို့က ဒီလူတွေရဲ့ နေရာထိုင်ခင်းနှင့် ထမင်းရိက္ခာကို တာဝန်ယူပါ့မယ်လို့ ပြောဆိုထားခဲ့ကြပါတယ်၊ သူတို့ရဲ့လှည်းတွေကို

www.burmeseclassic.com

www.burmeseclassic.com



မြို့ပြင်ဘက် လုယက်လို့ကောင်းမဲ့ တစ်နေရာမှာ အချွတ်ခိုင်းထားကြပါတယ်၊ ခင်ဗျားတို့က ဒီမှာပဲ နေကြတာပေါ့၊ ကျွန်တော်တို့ရဲ့အိမ်မှာ ခင်ဗျားတို့အတွက် ယာဂုထမင်းရိက္ခာတွေ ရပါလိမ့်မယ်လို့ ပြောဆိုထားခဲ့ကြပါတယ်၊ မြို့တွင်းကို ဝင်သွားကြပြီး ကျွန်အလုပ်သမားတွေကို စုရုံးထားကြပါတယ်၊ ညဥ့်သန်းခေါင်ကျော် အချိန်မှာ လှည်းငါးရာတို့ကို ဝင်လုကြပါတယ်၊ နွားတွေကို မောင်းထုတ်ပစ်လိုက်ကြပါတယ်၊ လှည်းတွေရဲ့ လှည်းကက်အိမ်တွေကို မြေမှာ ချထားခဲ့ကြပါတယ်၊ ဘီးတွေကိုတော့ ယူသွားကြပါတယ်။

ကျေးတောသားတွေက အဝတ်အရုံမျှ မကျန်တော့ဘဲ ကိုယ်လွတ်ရုံးကာ ကြောက်တာနဲ့ ကျေးလက်ကိုရောက်အောင် ထွက်ပြေးသွားကြရပါတော့တယ်။

"ဒီနေရာမှာ ဇာတ်ပါဠိတော်ရဲ့ အဓိပ္ပာယ်ကို ယူရေးထားတဲ့ ကဗျာ တစ်ပုဒ်ကို ရွတ်ပြပါအုံးမယ်"။

*ရှေးအချိန်ဝယ်–လူတစ်ဦးရဲ့ , ကိုယ့်ပေါ်ပြုဖူး–ကျေးဇူးပါ၊
ကျိုးဆောင်ပေးတာ–များစွာရှိလည်း , ကျေးဇူးမသိ–လူမျိုးမှာ။
တစ်စုံတစ်ခု–ပြုစရာ , ကိစ္စကြုံလာ–နောင်ခါများ၊
ဖြစ်လာထိုထို–ကိစ္စကို , ကူလိုသူများ–အလွန်ရှား။

"မောင်ထွန်းရွှေက ဒီဝတ္ထုက ဘာသင်ခန်းစာရတယ်ဆိုတာ ပြောပြစမ်းပါအုံး"။

"သူက ကောင်းရက်သားနဲ့ ကိုယ်က မကောင်းလို့ရှိရင် သူ့ရဲ့ ဒဏ်ပြန်မှုကို ခံရတတ်တယ်ဆိုတာဟာ ဒီဝတ္ထုကရတဲ့ သင်ခန်းစာဖြစ်ပါတယ်"။

"ဒီနေရာမှာပဲ သင်တန်းနားထားပြီး ၂–နာရီခွဲမှ သင်တန်းပြန်စကြစို့ရဲ့"။

နှတ်ဖြင့်သာ ပေးသူ –၄

၁။ လွန်လေပြီးသောအရာဖြင့် ချီးမြှောက်သူ၊
၂။ မဖြစ်သေးသောအရာဖြင့် ချီးမြှောက်သူ၊
၃။ အချည်းနှီးလောကဝတ်ဖြင့် ချီးမြှောက်သူ၊
၄။ အရေးကြုံလာတဲ့အခါ ပျက်စီးခြင်းကို ပြသူ။

ဒီသူလေးယောက်တို့က နှုတ်နဲ့သာပေးတတ်တဲ့ မိတ်ဆွေတွေ ဖြစ်ပါတယ်၊ မိတ်ဆွေတုတွေချည်းပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



၁။ သူငယ်ချင်းက အိမ်ကို ရောက်လာလို့ရှိရင် မနေ့ကမှ (တမြန်နေ့ကမှ) မလာခဲ့ဘဲကိုး၊ ဒီအကြိမ်မှာ ကျုပ်တို့ရဲ့ ကောက်တွေက သိပ်အောင်မြင်တာပဲ၊ စပါးတွေ, ဂျုံတွေ အများအပြား စုပုံထားပြီး ဘယ်သူလာမလဲလို့ လမ်းကို ကြည့်နေကြပါတယ်၊ ဒီနေ့တော့ ကုန်သွားပြီလို့ လွန်ပြီးတဲ့အရာနဲ့ ချီးမြှောက်တတ်ပါတယ်။

၂။ ဒီအကြိမ်မှာတော့ ကျုပ်တို့ရဲ့ကောက်ဟာ နှစ်လိုဝမ်းသာစရာ ပြည့်စုံလာပါလိမ့်မယ်၊ ကောက်စပါးတွေ, ဂျုံတွေက အသီးဆိုတဲ့ဝန်ကို ဆောင်နေကြပါတယ်၊ ကောက်သိမ်းချိန်ကျတော့ ခင်ဗျားတို့ကို ချီးမြှောက်နိုင်ပါလိမ့်မယ်၊ ဒီလို မဖြစ်သေးတဲ့အရာနဲ့ ချီးမြှောက်တတ်ပါတယ်။

၃။ ဆင်စီးသွားရင်းပဲဖြစ်ဖြစ်, မြင်းစီးသွားရင်းပဲဖြစ်ဖြစ်, ကားစီးသွားရင်းပဲ ဖြစ်ဖြစ် မိတ်ဆွေသူငယ်ချင်းကို တွေ့ရတော့ မိတ်ဆွေ ! လာစမ်းပါ၊ ဒီမှာလာထိုင်လှည့်ပါလို့ ပြောဆိုတတ်ပါတယ်၊ ဝတ်ကောင်းစားလှကို ဝတ်ဆင်ထားပြီး ငါ့သူငယ်ချင်းနဲ့ သိပ်တော်မှာပဲ၊ ဒါပေမဲ့ ငါ့မှာ အခြားအဝတ်တော့ မရှိပါဘူးလို့လဲ ပြောဆိုတတ်ပါတယ်၊ ဒါမျိုးကို အချည်းနှီးလောကဝတ်မှုနဲ့ ချီးမြှောက်တတ်တယ်လို့ ဆိုရပါတယ်။

၄။ မိတ်ဆွေရေ ! ခင်ဗျားလှည်းကို ကျုပ်ခဏအလိုရှိနေပါတယ်လို့ ပြောလာလို့ရှိရင် လှည်းဘီးတွေ ပျက်နေတယ်၊ ဝင်ရိုးကျိုးနေတယ်–စတဲ့ စကားမျိုးကို ပြောဆိုတတ်ပါတယ်၊ ဒါမျိုးကိုပဲ အရေးကြုံလာတဲ့အခါ ပျက်စီးခြင်းကို ပြတတ်တယ်လို့ ဆိုရပါတယ်။

"ဆရာမ မလှကြွေက ဘောမှာရေးထားတာကို တိုင်ပေးလိုက်ပါအုံး"။

*လွန်ပြီးဖြင့်သာ–ချီးမြှောက်ပင့်လို့ , မဖြစ်သေးဖြင့်–ချီးမြှောက်ပါ၊
နှုတ်ကချည်းသာ–ချီးမြှောက်ကြလို့ , ပျက်စီးခြင်းပြ–ရေးကြုံလာ။
ဤသူလေးယောက်–မှုအရာ , သင့်တင့်လျော်စွာ–ချိန်ဆပြု၊
နှုတ်မျှဖြင့်သာ–ပေးတတ်ပါ , မှတ်ရာမိတ်တု–လူမိုက်ဟု။

## အကြိုက်ကိုလိုက်လို့ ပြောတတ်သူ

၁။ မကောင်းမှုကိုလဲ ခွင့်ပြုသူ၊
၂။ ကောင်းမှုကိုလဲ ခွင့်ပြုသူ၊
၃။ ရှေ့မှာချီးမွမ်းစကား ပြောဆိုသူ၊
၄။ ကွယ်ရာမှာ အပြစ်ကို ပြောဆိုသူ။

www.burmeseclassic.com

www.burmeseclassic.com



ဒီလေးယောက်တို့ကို အကြိုက်ကိုလိုက်လို့ ပြောဆိုတတ်တဲ့ မိတ်ဆွေတုတွေလို့ မှတ်ရမယ်။

၁။ သူ့အသက်ကို သတ်ဖြတ်မှု, ခိုးယူလုယက်မှု–စသည်တို့ထဲက တစ်စုံ တစ်ခုကို လုပ်ကြစို့ရဲ့လို့ ပြောလာလို့ရှိရင် အေး– ဟုတ်တယ်မိတ်ဆွေ !၊ လုပ်ကြတာပေါ့လို့ ခွင့်ပြုသူဟာ မကောင်းမှုကိုလဲ ခွင့်ပြုသူ မည်ပါတယ်။

၂။ လူမှုတန်းမှု–စသည်တို့ထဲက တစ်စုံတစ်ခုကို ပြုလုပ်ကြစို့လို့ ပြောလိုက်ရင် အကောင်းသားပဲ၊ လုပ်ကြတာပေါ့ မိတ်ဆွေရယ် !–လို့ ခွင့်ပြုတဲ့သူကတော့ ကောင်းမှုကိုလဲ ခွင့်ပြုသူ မည်ပါတယ်။

ဒီလို ခွင့်ပြုသူဟာ မိတ်ဆွေစစ်သာ ဖြစ်သင့်ပါတယ်၊ မိတ်ဆွေတု မဖြစ်နိုင်ပါဘူး၊ ဒီလို မှတ်ထင်စရာ ရှိနေပါတယ်၊ ဒါပေမဲ့ ဒီလိုခွင့်ပြုတာက အကြိုက်ကို လိုက်လို့ ပြောဆိုခြင်းမျှသာ ဖြစ်ပါတယ်။

သူငယ်ချင်းက ဒေသ, ကာလကိုဖြစ်စေ, အဲဒီကောင်းမှုကို လုပ်ရင် ဖြစ်ပေါ် လာမည့် ဆန့်ကျင်ဘက်ဘေးရန်–စသည်ကိုဖြစ်စေ အမှတ်မထားဘဲ လုပ်ကြစို့လို့ ပြောလိုက်ရင် အဲဒီလို ဖြစ်ပေါ်လာမှာကို သိရက်သားနဲ့ အကောင်းသားပဲမိတ်ဆွေ !၊ လုပ်ကြတာပေါ့လို့ အကြိုက်ကိုလိုက်ပြီး ပြောဆိုပါတော့တယ်၊ ဒါမျိုးကို ရည်ရွယ်ပြီး ကောင်းမှုကိုလဲ ခွင့်ပြုတယ်လို့ ဆိုရပါတယ်။

"ဆရာမ မကြည်သင်းက ဘောမှာ ရေးပေးထားတာကို တိုင်ပေးလိုက် ပါအုံး"။

*မကောင်းလုပ်လို–လိုက်လျောပြုလို့ , ကောင်းသည့်မှုလဲ ခွင့်ပြုပါ၊
ရှေ့မျက်မှောက်တွင်–ဂုဏ်တင်ပြောလို့ , အပြစ်ကိုပြော–ကွယ်ရာမှာ။
ဤလူလေးမျိုး–မူအရာ , သင့်တင့်လျော်စွာ–ချိန်ဆပြု၊
အကြိုက်လိုက်ကာ–ပြောတတ်ပါ , မှတ်ရာမိတ်တု–လူမိုက် ဟု။

**ပစ္စည်းဥစ္စာပျက်စီးကြောင်းမှာ အဖော်ဖြစ်သူ –၄**

၁။ အရက်သောက်ရာမှာ အပေါင်းအဖော်ဖြစ်သူ၊
၂။ အချိန်မတော် သွားလာမှုမှာ အပေါင်းအဖော်ဖြစ်သူ၊
၃။ ပွဲလမ်းသဘင်ကို သွားရာမှာ အပေါင်းအဖော်ဖြစ်သူ။
၄။ လောင်းကစားရာမှာ အပေါင်းအဖော်ဖြစ်သူ

ဒီပုဂ္ဂိုလ် ၄–မျိုးကတော့ ဥစ္စာပျက်စီးကြောင်းမှာ အဖော်သဟဲဖြစ်တဲ့ မိတ်ဆွေတုများ ဖြစ်ကြပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



၁။ ဘယ်နေရာမှာ အရက်သောက်နေကြတယ်၊ လာစမ်းပါ၊ သွားကြစို့လို့ ပြောလိုက်လို့ရှိရင် အကောင်းသားပဲလို့ ပြောပြီး လိုက်ပါလာသူဟာ အရက်သောက်ရာမှာ အဖော်ဖြစ်သူ မည်ပါတယ်၊ ကျန်တာတွေကိုတော့ နားလည်နိုင်လောက်ပါပြီ။

"ဆရာမ မနီလာစိုးက အောမှာ ရေးထားတာကို တိုင်ပေးလိုက်ပါအုံး"။

*အရက်သောက်ရာ–ပေါင်းအသင်းနှင့် , ညချိန်သွားခြင်း–တူလိုက်ပါ၊
ပွဲလမ်းသဘင်–အတူသွားလို့ , အလောင်းအစား–တူသွားလာ။
ဤသူလေးမျိုး–မူအရာ , သင့်တင့်လျော်စွာ–ချိန်ဆပြု၊
ပစ္စည်းပျက်ရာ–ဖော်သဟာ , မှတ်ပါမိတ်တု–လူမိုက်ဟု။

**မိတ်ဆွေတု နိဂုံး**

ယူရုံသာ ယူတတ်သူ၊
နှုတ်ကသာ ပေးတတ်သူ၊
အကြိုက်ကိုလိုက်လို့ ပြောဆိုတတ်သူ၊
ပစ္စည်းဥစ္စာပျက်စီးကြောင်းမှာ အဖော်ဖြစ်သူ။

ဒီလူလေးယောက်ဟာ မိတ်ဆွေတုတွေပဲလို့ သိနားလည်ပြီး ပညာရှိပုဂ္ဂိုလ်က ဘေးရန်ရှိနေတဲ့လမ်းကို ရှောင်ကြဉ်သလို အဝေးက ရှောင်ကြဉ်ရမယ်။

## ဆောင်တာဝန်ပိုင်း

### မိတ်ဆွေစစ်

ရှောင်သင့်တာတွေကို ပြောပြပြီးတဲ့နောက် အခု လိုက်နာလုပ်ကိုင် **ဆောင်ရွက်**ရမယ့်ဟာတွေကို ပြောပြပါအုံးမယ်။

၁။ ကျေးဇူးပြုတတ်သူ၊
၂။ တူမျှတဲ့ ချမ်းသာဆင်းရဲ ရှိသူ၊
၃။ အကျိုးစီးပွားကို ပြောကြားတတ်သူ၊
၄။ အစဉ်သနားစောင့်ရှောက်တတ်သူ။

ဒီလူလေးယောက်ကတော့ ကောင်းသော စိတ်နှလုံးရှိကြတဲ့ မိတ်ဆွေစစ်တွေပဲ ဖြစ်ကြပါတယ်။

မပေါင်းသင်းထိုက်တဲ့ မိတ်ဆွေယုတ်တွေကို ပြောပြပြီးတဲ့နောက် အခု ပေါင်းသင်းထိုက်တဲ့ မိတ်ဆွေကောင်းတွေကို ဆက်လက်ပြောပြပါမယ်။

အဲဒီ အစက ပြောလာခဲ့တဲ့ မိတ်ဆွေစစ် ၄–မျိုးအနက် တစ်မျိုးတစ်မျိုးကို လေးမျိုးစီခွဲလို့ ပြောပြသွားမှာ ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

"ဆရာမ မစိုးစိုးတင့်က ဘောမှာ ရေးထားတာကို တိုင်ပေးလိုက်ပါအုံး"။

*ကျေးဇူးပြုမှု–သူခပဲနှင့် , ချမ်းသာဆင်းရဲ–မခွဲခွာ၊
ကျိုးစီးပွားမှန်–ပြောညွှန်ကြားလို့ , အစဉ်သနား–စောင့်ရှောက်ပါ။
ဤလေးယောက်သား–သူများမှာ , မိတ်ဆွေစစ်သာ–မှတ်ပါကြ၊
လူကောင်းလို့သာ–မှတ်သားကာ , မခွာစိတ်ချ–ပေါင်းသင်းရ။

၁။ ကျေးဇူးပြုတတ်သူ –၄

၁။ မူးယစ်မေ့လျော့နေသော မိတ်ဆွေကို စောင့်ရှောက်သူ၊

၂။ မူးယစ်မေ့လျော့နေတဲ့ မိတ်ဆွေရဲ့ ပစ္စည်းဥစ္စာကို စောင့်ရှောက်တတ်သူ၊

၃။ ကြောက်ရွံ့နေတဲ့ မိတ်ဆွေရဲ့ အားကိုးရာဖြစ်သူ၊

၄။ ပြုဖွယ်ကိစ္စဖြစ်ပေါ်လာလို့ရှိရင် လိုသည်ထက်တစ်ဆတိုးလို့ ပေးတတ်သူ။

ဒီလူ ၄–ယောက်က ကျေးဇူးပြုတတ်သူတွေ ဖြစ်ပါတယ်။

၁။ အရက်သေစာ သောက်စားမိတဲ့အတွက် ရွာအလယ်မှာဖြစ်စေ, ရွာတံခါးမှာဖြစ်စေ, လမ်းပေါ်မှာဖြစ်စေ လဲနေတဲ့ မိတ်ဆွေကို တွေ့ရတော့ ဒီလို မူးလဲနေသူရဲ့ ခါးဝတ်ပုဆိုး, အပေါ်အင်္ကျီ, လက်ပတ်နာရီ, အိပ်ထဲက ပါလာတဲ့ ငွေတွေကို တစ်ဦးတစ်ယောက်သောသူက ယူသွားတော့မှာပဲလို့ အနားမှာ ထိုင်စောင့်ပြီး အတော်လေး အမူးပြေလာတဲ့အခါ ခေါ်သွားတတ်သူဟာ မူးယစ်မေ့လျော့နေတဲ့ မိမိရဲ့ မိတ်ဆွေကို စောင့်ရှောက်တတ်သူ မည်ပါတယ်။

၂။ သူငယ်ချင်းက အပြင်ကိုထွက်သွားလို့ပဲဖြစ်ဖြစ်, မူးယစ်နေလို့ပဲဖြစ်ဖြစ် အိမ်ဟာ အစောင့်အရှောက် မရှိဘဲ ဖြစ်နေတတ်ပါတယ်၊ အဲဒီလို အခါမျိုးမှာ တစ်ဦးတစ်ယောက်က တစ်စုံတစ်ရာကို ယူသွားတော့မှာပဲလို့ အိမ်ထဲကိုဝင်ပြီး မိတ်ဆွေရဲ့ ဥစ္စာကို စောင့်ရှောက်ပေးနေသူကတော့ မူးယစ်မေ့လျော့နေတဲ့ မိတ်ဆွေရဲ့ ပစ္စည်းကို စောင့်ရှောက်တတ်သူ မည်ပါတယ်။

၃။ ဘေးရန်တစ်စုံတစ်ရာ ဖြစ်ပေါ်လာတဲ့အခါမှာ မကြောက်ပါနှင့်၊ ကျုပ်လို သူငယ်ချင်းတစ်ယောက် ရှိရက်သားနဲ့ ဘာ့ကြောင့် ကြောက်ရမှာတဲ့လဲလို့ ဖြစ်ပေါ်လာတဲ့ ဘေးရန်ကို ပယ်ရှားပြီး ကိုးကွယ်အားထားရာ ဖြစ်သူကတော့ ကြောက်နေတဲ့ မိတ်ဆွေရဲ့ အားကိုးရာဖြစ်သူ မည်ပါတယ်။

၄။ ပြုလုပ်စရာ ကိစ္စရှိလို့ သူငယ်ချင်းက ကိုယ့်ဆီကို ရောက်လာတာကို တွေ့ရတော့ ဆီးကြိုပြီး မေးမြန်းစုံစမ်းတတ်ပါတယ်။

"မိတ်ဆွေ ! ဘာ့ကြောင့် လာပါသလဲ ?"။

"ရုံးကိစ္စရှိနေလို့ လာရတာပါပဲ"။

www.burmeseclassic.com

www.burmeseclassic.com


"ဒါဖြင့်ရင် ဘာလိုနေပါသလဲ ?"။

"ငွေလေး တစ်ကျပ်လောက် လိုနေပါတယ်"။

"မြို့မှာ ရုံးကိစ္စဆိုတာဟာ ငွေလေး တစ်ကျပ်နဲ့ ဘယ်ဖြစ်မလဲ၊ ရော့ရော့ နှစ်ကျပ်ယူသွားပါ"။

ဒီလို လိုတာထက် တစ်ဆတိုးပေးသူကတော့ ပြုဖွယ်ကိစ္စ ဖြစ်ပေါ်လာလို့ရှိရင် လိုတာထက် တစ်ဆတိုးပေးတတ်သူ မည်ပါတယ်။

"ဆရာမ မမြင့်မြင့်ဝေက ဘောမှာ ရေးထားတာကို တိုင်ပေးလိုက်ပါအုံး"။

*မူးယစ်နေသူ–မိတ်ဆွေများနှင့် , သူ့ဥစ္စာများ–စောင့်ရှောက်လာ၊
ဘေးရန်ကြုံလာ–အားကိုးရလို့ , လိုငွေတစ်ဆပေးတတ်ပါ။
ဤသည်လေးပါး–သူ့မှုရာ , ကြည့်ရှုကောင်းစွာ–သိမှတ်ကြ၊
ကျေးဇူးကောင်းစွာ–ပြုတတ်ပါ , သူသာမိတ္တ–စစ်မှန်လှ။

***မိတ်ဆွေကောင်း ကိုဆိုးပေ**

ဒီနေရာမှာ ရှေးကဖြစ်ခဲ့တဲ့ အကြောင်းအရာတစ်ခုကို ထည့်သွင်းပြောပြပါအုံးမယ်။

အနာထပိဏ်သူဌေးမှာ ကိုဆိုးပေ(ကာဠကဏ္ဏိ)ဆိုတဲ့ သူငယ်ချင်းတစ်ယောက် ရှိပါတယ်၊ ကလေးဘဝက အတူကစားဖော်ကစားဘက် ဖြစ်ပါတယ်၊ ဆရာတစ်ဦး ထံမှာ အတူပညာသင်ဘက်လည်း ဖြစ်ပါတယ်။

ကိုဆိုးပေဟာ နောက်ပိုင်းမှာ ဆင်းရဲနွမ်းပါးလာပါတယ်၊ စားရေးသောက်ရေး မလွယ်ကူတဲ့အတွက် အနာထပိဏ်သူဌေးထံ ရောက်လာခဲ့ပါတယ်၊ အနာထပိဏ် သူဌေးက သူ့ကို လစာရိက္ခာပေးပြီး ပစ္စည်းဥစ္စာကို အစောင့်ခိုင်းထားပါတယ်၊ သူက သူဌေးကြီးအတွက် သိပ်ကျေးဇူးများပါတယ်၊ လုပ်စရာကိစ္စ အကုန်လုံးကို လုပ်ပေးနေပါတယ်၊ သူဌေးကြီးနားကို လာတဲ့အခါ သူ့ကို–

"နေစမ်းပါအုံး ကိုဆိုးပေ၊ ထိုင်စမ်းပါအုံး ကိုဆိုးပေ၊ စားစမ်းပါအုံး ကိုဆိုးပေ"။

ဒီလို လူတွေက ပြောဆိုနေကြပါတယ်၊ တစ်နေ့မှာ သူဌေးကြီးရဲ့ မိတ်ဆွေတွေက သူဌေးကြီးကို ပြောဆိုကြပါတယ်။

"သူဌေးကြီး ! ဒီလူကို ခင်ဗျားဆီမှာ မထားပါနှင့်၊ ဆိုးပေ, ဆိုးပေဆိုတဲ့ ဒီစကားနဲ့ပဲ ဘီလူးကတောင်မှ လန့်ပြီး ထွက်ပြေးလောက်ပါတယ်၊ ဒီလူဟာ

---

* ဇာတ်–၄–၁၊ ၃၈၅။

www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျားနဲ့ အဆင့်အတန်း မတူပါဘူး၊ ဆင်းရဲနွမ်းပါးပါတယ်၊ မကောင်းတဲ့ သဘော ရှိပါတယ်၊ ဒီလူနဲ့ ခင်ဗျားမှာ ဘာအကျိုးရှိမှာတဲ့လဲ ?"။

"နာမည်ဆိုတာဟာ ခေါ်ဝေါ်ရုံမျှသာ ဖြစ်ပါတယ်၊ နာမည်ကို ပညာရှိတွေက အရေးမထားကြပါဘူး၊ အကြားကို မင်္ဂလာလို့ အယူရှိသူမျိုးဆိုတာ မဖြစ်သင့်ပါဘူး၊ ကျွန်တော်က နာမည်လောက်ကို အလေးပြုပြီး ကစားဘော် ကစားဘက်သူငယ်ချင်း တစ်ယောက်ကို မစွန့်ပစ်နိုင်ပါဘူး"။

မိတ်ဆွေတွေရဲ့ စကားကို ကြားရတဲ့အခါ အနာထပိဏ်သူဌေးက ပြန်လည်ချေပ ပြောဆိုလိုက်ပါတယ်၊ တစ်နေ့မှာ အနာထပိဏ်သူဌေးက ကိုဆိုးပေကို အိမ်စောင့် ထားခဲ့ပြီး မိမိအပိုင်စားရထားတဲ့ ရွာကို ထွက်သွားပါတယ်။

"သူဌေးကြီးက အပိုင်စားရထားတဲ့ရွာကို ထွက်သွားသတဲ့၊ သူ့အိမ်ကို လုယက်တိုက်ဖျက်ကြစို့ရဲ့"။

ခိုးသူတွေက တိုင်ပင်ပြောဆိုကြပြီး လက်နက်အမျိုးမျိုးကို စွဲကိုင်ပြီး ညဉ့်အချိန်အခါမှာ လာကြပါတယ်၊ အိမ်ကို ဝိုင်းရံထားကြပါတယ်။

ကိုဆိုးပေကလဲ ခိုးသူတွေ လာများလာနေမလားလို့ ယုံမှားသံသယရှိနေတဲ့ အတွက် မအိပ်ဘဲ ထိုင်စောင့်နေပါတယ်၊ ခိုးသူတွေ လာနေကြောင်းကို သိရတာနှင့် တစ်ပြိုင်နက် လူတွေနိုးအောင် "မင်းက ခရုသင်းမှုတ်ကွာ၊ မင်းက စည်တီးရမယ်"လို့ ပွဲသဘင်လုပ်နေသလို တစ်အိမ်လုံး ဆူညံသွားအောင် လုပ်ထားလိုက်ပါတယ်။

ခိုးသူတွေက "အိမ်မှာ လူမရှိဘူး"လို့ တို့ကြားတာဟာ မဟုတ်ပါဘူး၊ သူဌေးကြီး ရှိနေတာပဲလို့ ကျောက်, တင်းပုတ်–စသည်တို့ကို အိမ်ရဲ့ ပတ်ဝန်းကျင်မှာပဲ ထားပစ် ခဲ့ကြပြီး ထွက်ပြေးသွားကြပါတော့တယ်။

နောက်တစ်နေ့မှာ လူတွေက ခိုးသူတွေ စွန့်ပစ်ထားခဲ့တဲ့ ကျောက်, တင်းပုတ် –စသည်တို့ကို တွေ့ရတော့ ကြောက်ရွံ့ထိတ်လန့်နေကြပါတယ်။

"ဒီဝတ္ထုက ဘာသင်ခန်းစာ ရတယ်ဆိုတာ မအုန်းမြင့်က ပြောပြစမ်း ပါအုံး"။

"နာမည်တွေ, အမျိုးအနွယ်တွေ, ရုပ်ရေတွေ, ချမ်းသာတာတွေကိုကြည့်ပြီး မိတ်မဖွဲ့သင့်ပါဘူး၊ အကျိုးဆောင်ရွက်လိုတဲ့စိတ်ရှိတာနှင့် အကျိုးဆောင်ပေး နိုင်တာကိုသာ ကြည့်ပြီး မိတ်ဆွေဖွဲ့သင့်တယ် ဆိုတာဟာ ဒီဝတ္ထုထဲကရတဲ့ သင်ခန်းစာ ဖြစ်ပါတယ်"။

"ဒီနေ့သင်တန်းကိုတော့ ဒီနေရာမှာပဲ ရပ်ထားလိုက်ကြစို့ရဲ့၊ ဂုဏ်တော် တွေကို သံပြိုင်ရွတ်ဆိုကြပါအုံး၊ ပြီးတော့ ပြန်နိုင်ကြပါပြီ"။

www.burmeseclassic.com

www.burmeseclassic.com



## ၂။ တူမျှတဲ့ ချမ်းသာဆင်းရဲ ရှိသူ

ဝါခေါင်လပြည့်ကျော် ၃–ရက်၊ တနင်္ဂနွေနေ့

၁။ မိတ်ဆွေအား ကိုယ့်လျှို့ဝှက်ချက်ကို ပြောတတ်သူ၊
၂။ မိတ်ဆွေရဲ့ လျှို့ဝှက်ချက်ကို ဖုံးကွယ်ထားတတ်သူ၊
၃။ ဘေးရန်ဖြစ်ပေါ်လာလို့ရှိရင် မစွန့်ပစ်သူ၊
၄။ မိတ်ဆွေအတွက် အသက်ကိုပင် စွန့်နိုင်သူ။

ဒီလူ ၄–ယောက်ကတော့ တူမျှတဲ့ ချမ်းသာဆင်းရဲ ရှိသူတွေ မည်ပါတယ်။

၁။ မိမိရဲ့ လျှို့ဝှက်ထားတဲ့စကားကို အခြားမည်သူ့ကိုမျှ မပြောဘဲ မိတ်ဆွေဖြစ်သူ(မိမိ)ကိုသာ ပြောကြားသူဟာ မိတ်ဆွေအား ကိုယ့်လျှို့ဝှက်ချက်ကို ပြောတတ်သူ မည်ပါတယ်။

၂။ မိတ်ဆွေက ပြောကြားလာတဲ့ လျှို့ဝှက်ထားရမယ့် စကားကို အခြားမည်သူတစ်ဦးတစ်ယောက်မျှ မသိအောင် စောင့်ရှောက်ထားသူကတော့ မိတ်ဆွေရဲ့ လျှို့ဝှက်ချက်ကို ဖုံးကွယ်ထားတတ်သူ မည်ပါတယ်။

၃။ ဘေးရန်တွေ့ကြုံလာလို့ရှိရင် သေအတူ၊ရှင်အမျှ–ဆိုသလို တစ်ဦးကို တစ်ဦးက မစွန့်လွှတ်ဘဲ ကြံ့ကြံ့ခံပြီး ရင်ဆိုင်တတ်သူကတော့ ဘေးရန်ဖြစ်ပေါ်လာလို့ရှိရင် မစွန့်ပစ်သူ မည်ပါတယ်။

၄။ ကိုယ့်အသက်ကိုတောင်မှ ကိုယ့်သူငယ်ချင်းအတွက် စွန့်လွှတ်ထားသူ၊ ကိုယ်သေမှာကို အရေးမစိုက်ဘဲ မိတ်ဆွေရဲ့အလုပ်ကို ပြုလုပ်ပေးသူကတော့ မိတ်ဆွေအတွက် အသက်ကိုပင် စွန့်နိုင်သူ မည်ပါတယ်။

"ဆရာမ မမြင့်မြင့်သန်းက ဘောမှာ ရေးထားတာကို တိုင်ပေးလိုက်ပါအုံး"။

*ကိုယ့်လျှို့ဝှက်တာ–ဖော်ကာမြွက်လို့ ၊ သူ့လျှို့ဝှက်ချက်–ဖုံးကွယ်လာ၊
ဘေးရန်ကြုံခါ–စွန့်မထွက်ဘဲ ၊ မိတ်ဆွေအတွက်–သက်စွန့်ပါ။
ဤသည်လေးပါး–သူ့မှုရာ ၊ ကြည့်ရှုကောင်းစွာ–သိမှတ်ကြ၊
ဆင်းရဲချမ်းသာ–မခွဲခွာ ၊ သူသာမိတ္တ–စစ်မှန်လှ။

### *လျှို့ဝှက်ချက်ကို မပြောရ

ဒီနေရာမှာ လျှို့ဝှက်ချက်နှင့် စပ်လျဉ်းလို့ နည်းနည်းဖြည့်စွက်ပြောလိုပါတယ်။

ဆွေမျိုးတွေထဲမှာ အမေအဖေတွေဆိုတာဟာ အထက်တန်းအကျဆုံး ဆွေမျိုးများဖြစ်ကြပါတယ်၊ သားသမီးဖြစ်သူအတွက် သုံးယောက်မြောက်ဖြစ်တဲ့ သနားစောင့်

* ဇာတ်–၅–၅၊ ၈၃။

www.burmeseclassic.com

www.burmeseclassic.com



ရှောက်တတ်သူလို့ မရှိတော့ပါဘူး၊ ကိုယ့်လျှို့ဝှက်ချက် မပေါက်ကြားစေလိုတဲ့ ပုဂ္ဂိုလ်ဟာ အဲဒီ အမေအဖေတွေကိုတောင်မှ ထိပ်တန်းလျှို့ဝှက်ချက်ကို မပြောရဘူး။

ကိုယ့်လျှို့ဝှက်ချက် မပေါက်ကြားစေလိုတဲ့ ပုဂ္ဂိုလ်ဟာ အမေ, အဖေ, ဘိုးမ, အစ်မ, ညီ, အစ်ကို, မိတ်ဆွေ, သူငယ်ချင်း, ဦးကြီး, ဦးလေး, အဒေါ်-စတဲ့သူ တွေကိုတောင်မှ ကိုယ့်ထိပ်တန်းလျှို့ဝှက်ချက်ကို မပြောသင့်ဘူး။

မိမိရဲ့မယားဖြစ်သူဟာ ကိုယ့်လင်မှတစ်ပါး အခြားယောကျ်ားကို ရှောင်ကြဉ်မယ်၊ အပျိုဘဝကပင် သိမ်းပိုက်ထားသူ ဖြစ်မယ်၊ ချစ်ဖွယ်သာယာ ပြောဆိုတတ်မယ်၊ သားသမီးနှင့်လဲ ပြည့်စုံမယ်၊ ရုပ်အဆင်းနှင့်လဲ ပြည့်စုံမယ်၊ အခြံအရံနှင့်လဲ ပြည့်စုံမယ်၊ ဆွေမျိုးအသိုင်းအဝိုင်းတွေကလဲ ရှိနေကြမယ်ဆိုကြပါစို့ရဲ့၊ အဲဒီလို မယားမျိုးကို တောင်မှ ကိုယ့်လျှို့ဝှက်ချက် မပေါက်ကြားစေလိုတဲ့ ပုဂ္ဂိုလ်ဟာ ထိပ်တန်းလျှို့ဝှက် ချက်ကို မပြောကြားသင့်ဘူး။

လျှို့ဝှက်ထားရမယ့် အကြောင်းအရာကို ဖွင့်ဖော်မပြောသင့်၊ ရွှေအိုးကို စောင့်ရှောက်သလို စောင့်ရှောက်ထားရမယ်၊ လျှို့ဝှက်တဲ့ အကြောင်းအရာကို ဖွင့်ဖော် ပြောဆိုတဲ့လူကို မချီးမွမ်းသင့်ပါဘူး။

လျှို့ဝှက်ချက်ကို မိန်းမအား မပြောကြားသင့်၊ ရန်သူအားလဲ မပြောကြားသင့်၊ လာဘ်နဲ့ ဖြားယောင်းသွေးဆောင်သူအားလဲ မပြောကြားသင့်၊ အပြောတခြား စိတ်တခြားနဲ့ အတင်းနှိုက်ထုတ်တတ်သူအားလဲ မပြောကြားသင့်။

အသိမပေးထိုက်တဲ့ လျှို့ဝှက်တဲ့အကြောင်းအရာကို သိသွားသူရဲ့ကျွန်သဖွယ် ဖြစ်ပြီး လျှို့ဝှက်ချက် ပေါက်ကြားမှုကို စိုးရိမ်သူက သည်းခံရမယ်။

ကိုယ့်လျှို့ဝှက်ချက်ကို သိထားသမျှလူတွေကို ကိုယ်က ထိတ်လန့်နေရပါတယ်၊ ဒါ့ကြောင့် ကိုယ့်လျှို့ဝှက်ချက်ကို သူတစ်ပါးအား မပြောကြားသင့်။

နေ့အချိန်မှာ ဆိတ်ကွယ်ရာကို လျှို့ဝှက်တိုင်ပင်မှုကို ပြုရမယ်၊ ညဉ့်အချိန်မှာ အသံကျယ်လောင်စွာနှင့် မပြောဆို မတိုင်ပင်သင့်ဘူး၊ ချောင်းမြောင်းနားထောင်တဲ့ သူတွေက အတိုင်အပင်ကို ကြားသွားတတ်ပါတယ်၊ ဒါ့ကြောင့် အတိုင်အပင်ဟာ လျင်မြန်စွာပဲ ပေါက်ကြားသွားတတ်ပါတယ်။

ဒီလိုလဲ အဆိုရှိနေပါတယ်၊ ဒါ့ကြောင့် မိတ်ဆွေအား ကိုယ့်လျှို့ဝှက်ချက်ကို ပြောကြားရမယ် ဆိုပေမယ့် အထူးသတိထားဆင်ခြင်ပြီး ပြောသင့်မှသာ ပြောရ ပါမယ်။

www.burmeseclassic.com

www.burmeseclassic.com



၃။ အကျိုးစီးပွားကို ပြောကြားတတ်သူ –၄

၁။ မကောင်းမှုမှ တားမြစ်တတ်သူ၊

၂။ ကောင်းမှုမှာ သက်ဝင်တည်နေစေသူ၊

၃။ မကြားဘူးတဲ့တရားစကားကို ပြောကြားတတ်သူ၊

၄။ နတ်ပြည်သွားလမ်းကို ညွှန်ကြားတတ်သူ။

ဒီလူ ၄–ယောက်တို့ကတော့ အကျိုးစီးပွားကို ပြောကြားတတ်တဲ့ မိတ်ဆွေစစ်တွေ ဖြစ်ကြပါတယ်။

၁။ ကျွန်တော်တို့ ကြည့်နေတုံးမှာပဲ မိတ်ဆွေက ဒီလိုလုပ်ခွင့် မရပါဘူး၊ သူ့အသက်သတ်မှု, ခိုးဝှက်မှု, မှားမှားယွင်းယွင်း ကာမဂုဏ်မှီဝဲမှု, မမှန်မကန် ပြောဆိုမှု, အရက်သေစာ သောက်စားမှု–ဆိုတဲ့ ရန်ငါးမျိုးတို့ကို မလုပ်ပါနှင့်၊ အကုသလကမ္မပထတရား ဆယ်ပါးတို့ကိုလဲ မလုပ်ပါနှင့်–လို့ တားမြစ်သူဟာ မကောင်းမှုမှ တားမြစ်တတ်သူ မည်ပါတယ်။

၂။ ဥပါသကာဖြစ်အောင် သရဏဂုံနှင့် ငါးပါးသီလတို့ကို ဆောက်တည်ထားပါ၊ ကုသလကမ္မပထတရား ဆယ်ပါးတို့ကို ဖြည့်ကျင့်ပါ၊ အလှူဒါနပေးလှူပါ၊ ကုသိုလ်ကောင်းမှု ပြုလုပ်ပါ၊ တရားနာစမ်းပါ၊ တရားထိုင်စမ်းပါ၊ ကောင်းတဲ့တရားတွေမှာ စိတ်ပါဝင်စားလာအောင် တိုက်တွန်းနှိုးဆော်ပေးတဲ့ သူကတော့ ကောင်းမှုမှာ သက်ဝင်တည်နေစေသူ မည်ပါတယ်။

၃။ တစ်ကြိမ်တစ်ခါမျှ မကြားဘူးသေးတဲ့ သိမ်မွေ့နူးညံ့တဲ့ကမ္မသကတာဉာဏ်–စတဲ့အပြားနှင့်ယှဉ်တဲ့ အကြောင်းကို ပြောပြသူကတော့ မကြားဘူးတဲ့ တရားစကားကို ပြောပြတတ်သူ မည်ပါတယ်။

၄။ ဒါန–စတဲ့ ကုသိုလ်ကံကို ပြုလုပ်လို့ရှိရင် နတ်ပြည်မှာ ဖြစ်ကြရတယ်လို့ ပြောပြသူကတော့ နတ်ပြည်သွားလမ်းကို ညွှန်ကြားတတ်သူ မည်ပါတယ်။

ယုံကြည်မှု–သဒ္ဓါ, ရှက်မှု–ဟိရီ, အပြစ်မရှိတဲ့ ပေးလှူမှု–ဒါနဆိုတဲ့ တရားတွေဟာ သူတော်ကောင်းတို့သို့ အစဉ်လိုက်နေပါတယ်၊ အဲဒီ တရားတွေကို နတ်ပြည်သွားလမ်းလို့ ဆိုကြပါတယ်၊ ဒီတရားတွေနဲ့ပဲ နတ်ပြည်ကို သွားကြရပါတယ်–လို့ (အံ–၁၊ ၆၈–မှာ) ဟောတော်မူထားပါတယ်။

"ဆရာမ မသန်းဌေးက ဘောမှာ ရေးထားတာကို တိုင်ပေးလိုက်ပါအုံး"။

*မကောင်းမှုကို–ပယ်မြစ်တားလို့ , ကောင်းမှုအများ–တည်စေပါ၊
မကြားဘူးတာ–ဟောဖော်ညွှန်းလို့ , နတ်ပြည်စခန်း–လမ်းညွှန်ပါ။
ဤသည်လေးပါး–သူ့မှုရာ , ကြည့်ရှုကောင်းစွာ–သိမှတ်ကြ၊
ကျိုးစီးပွားသာ–ပြောကြားပါ , သူသာမိတ္တ–စစ်မှန်လှ။

www.burmeseclassic.com

www.burmeseclassic.com



**၄။ အစဉ်သနားစောင့်ရှောက်တတ်သူ –၄**

၁။ မိတ်ဆွေရဲ့ ဆုတ်ယုတ်ပျက်စီးမှုကို မနှစ်သက်သူ၊
၂။ မိတ်ဆွေရဲ့ တိုးတက်ကြီးပွားခြင်းကို နှစ်သက်သူ၊
၃။ မိတ်ဆွေအား ကဲ့ရဲ့စကားပြောသူကို တားမြစ်သူ၊
၄။ မိတ်ဆွေအား ချီးကျူးစကားပြောကြားသူကို ထောက်ခံသူ။

ဒီလူ ၄–ယောက်ကတော့ စိတ်သဘောထားကောင်းပြီး အစဉ်သနားစောင့်ရှောက်တတ်တဲ့ မိတ်ဆွေတွေ ဖြစ်ကြပါတယ်။

၁။ မိတ်ဆွေရဲ့ မကြီးပွား မတိုးတက်မှုကို မနှစ်သက်သူ၊ သားမယားရဲ့ ပျက်စီးဆုံးပါးမှုကိုဖြစ်စေ၊ ခြွေရံပရိသတ်ရဲ့ ပျက်စီးဆုံးပါးမှုကိုဖြစ်စေ တွေ့မြင်ရတဲ့အတွက် မနှစ်သက်သူ၊ ကြားရတဲ့အတွက်လဲ မနှစ်သက်သူ၊ နှလုံးမသာမယာသူ၊ အမှန်ကတော့ အဲဒီ ဆုံးပါးပျက်စီးမှုဟာ ကိုယ့်မှာဖြစ်နေသလို ထင်မှတ်သူကတော့ မိတ်ဆွေရဲ့ ဆုံးရှုံးပျက်စီးခြင်းကို မနှစ်သက်သူ မည်ပါတယ်။

၂။ သားမယားနှင့် ခြွေရံပရိသတ်ရဲ့ ပြည့်စုံမှုကိုဖြစ်စေ၊ ရာထူးဌာနန္တရ ရရှိခြင်းကိုဖြစ်စေ မြင်ရလို့ပဲဖြစ်ဖြစ်၊ ကြားရလို့ပဲဖြစ်ဖြစ် နှစ်သက်ကျေနပ်နေသူ၊ နှစ်လိုဝမ်းမြောက်နေသူကတော့ မိတ်ဆွေရဲ့ ကြီးပွားတိုးတက်မှုကို နှစ်သက်နေသူ မည်ပါတယ်။

၃။ ကိုယ့်မိတ်ဆွေကိုညွှန်ပြပြီး ဘယ်သူကတော့ အရုပ်ဆိုးအကျည်းတန်လှတယ်လို့ပဲဖြစ်ဖြစ်၊ မျိုးရိုးမကောင်းဘူးလို့ပဲဖြစ်ဖြစ် တစ်ဦးတစ်ယောက်က ပြောလာလို့ရှိရင် ဒီလို မပြောစမ်းပါနဲ့၊ အဲဒီ ပုဂ္ဂိုလ်ဟာ အဆင်းလဲ လှပါတယ်၊ ကြည်လင်ခြင်းကိုလဲ ဖြစ်စေတတ်ပါတယ်၊ မျိုးရိုးလဲ ကောင်းလှပါတယ်၊ ကိုယ်ကျင့်သီလလဲ ကောင်းလှပါတယ်၊ ဒီလိုအစရှိတဲ့ စကားတွေနဲ့ ကိုယ့်သူငယ်ချင်းရဲ့ ကျေးဇူးမဲ့ကို ပြောဆိုလာတဲ့ တစ်ပါးသူကို တားမြစ်သူကတော့ မိတ်ဆွေအား ကဲ့ရဲ့စကားပြောကြားသူကို တားမြစ်သူ မည်ပါတယ်။

၄။ ဟိုလူဟာ သိပ်ချောတာပဲ၊ သိပ်လှတာပဲ၊ မျိုးရိုးကလဲကောင်း၊ အကျင့်သီလနှင့်လဲ ပြည့်စုံပါပေတယ်လို့ ပြောလာလို့ရှိရင် အလို ! ခင်ဗျားက သိပ်ကောင်းတဲ့ စကားကို ပြောနေတာပဲ၊ ခင်ဗျားပြောတာကောင်းပါတယ်၊ ဒါဟာ ဒီအတိုင်းပဲပေါ့၊ အဲဒီ လူဟာ ချောလဲချောပါတယ်၊ လှလဲလှပါတယ်၊ မျိုးရိုးလဲ ကောင်းပါတယ်၊ အကျင့်သီလနှင့်လဲ ပြည့်စုံပါတယ်လို့ ကိုယ့်မိတ်ဆွေရဲ့ ဂုဏ်ကျေးဇူးကို ပြောကြားနေတဲ့ တစ်ပါးသူကို ချီးမွမ်းတဲ့သူကတော့ မိတ်ဆွေအား ချီးကျူးစကား ပြောကြားသူကို ထောက်ခံသူ မည်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ဆရာမ မသန်းဝင်းက ဘောမှာ ရေးထားတာကို တိုင်ပေးလိုက်ပါအုံး"။

*ဆုတ်ယုတ်တာကို–မနှစ်သက်ဘဲ ၊ ကြီးပွားတိုးတက်–နှစ်သက်ပါ၊
ကဲ့ရဲ့သူကို–ပယ်မြစ်တားလို့ ၊ ချီးကျူးသူအား–ထောက်ခံပါ။
ဤသည်လေးပါး–သူ့မှုရာ ၊ ကြည့်ရှုကောင်းစွာ–သိမှတ်ကြ၊
သနားကြင်နာ–စောင့်ရှောက်ပါ ၊ သူသာမိတ္တ–စစ်မှန်လှ။

***မိတ်ဆွေတု၊စစ် ၁၆–စီ**

အမတ်တစ်ယောက်က ကောသလမင်းရဲ့ အကျိုးစီးပွားကို ပြုကျင့်ပါတယ်၊ ကောသလမင်းအတွက် ကျေးဇူးများသူ ဖြစ်ပါတယ်၊ ကောသလမင်းက အဲဒီအမတ်အား အလွန်မြတ်နိုးမှုကို ပြုပါတယ်၊ ကျန်တဲ့အမတ်တွေက အဲဒါကို သည်းမခံနိုင်ကြတဲ့အတွက် အရှင်မင်းမြတ် ! အဲဒီအမတ်က အရှင်မင်းမြတ်ရဲ့ အကျိုးမဲ့ကို ပြုလုပ်တတ်ပါတယ်လို့ ကုန်းတိုက်ကြပါတယ်။

ကောသလမင်းက အဲဒီအမတ်ကို စုံစမ်းပါတယ်၊ အပြစ်တစ်စုံတစ်ရာ မတွေ့ရတဲ့အတွက် ငါက ဒီအမတ်ရဲ့ အပြစ်တစ်စုံတစ်ရာကိုမျှ မတွေ့ရဘူး၊ ငါက ဒီအမတ်ရဲ့ မိတ်ဆွေစစ်ဖြစ်ကြောင်း၊ မိတ်ဆွေတုဖြစ်ကြောင်းကို ဘယ်လိုလုပ်ပြီး သိနိုင်ပါ့မလဲလို့ စဉ်းစားပြီး ဗုဒ္ဓမြတ်စွာထံ သွားရောက်လျှောက်ထားပါတယ်။

"ရှင်တော်မြတ်ဘုရား ! ယောက်ျားတစ်ယောက်ရဲ့ ကိုယ့်မိတ်ဆွေစစ်ဖြစ်ကြောင်း၊ မိတ်ဆွေတုဖြစ်ကြောင်းကို ဘယ်လိုသိနိုင်ပါသလဲ ?"။

ဗုဒ္ဓမြတ်စွာက ကောသလမင်းရဲ့ ပြဿနာကို ရှေးအခါ ဗြဟ္မဒတ်မင်းက မေးလို့ ဘုရားလောင်း ပညာရှိအမတ်က ဖြေကြားဘူးတာကိုပဲ ပြန်လည်ဖော်ထုတ် မိန့်ကြားတော်မူပါတယ်။

"ဘယ်အလုပ် လုပ်နေသူကို မြင်လို့ပဲဖြစ်ဖြစ်၊ ကြားလို့ပဲဖြစ်ဖြစ် ဒီလူဟာ ငါ့ရဲ့ မိတ်ဆွေတုပဲလို့ ဘယ်လို သိနိုင်ပါသလဲ ?၊ မိတ်ဆွေတုဖြစ်ကြောင်း သိရအောင် ဘယ်လို အားထုတ်ရပါ့မလဲ ?"။

"၁။ မိတ်ဆွေကို တွေ့ရရင် ပြုံးရွှင်မှုကို မပြုသူ၊
၂။ မိတ်ဆွေရဲ့စကားကို မနှစ်သက်သူ၊
၃။ ကိုယ့်ကိုသာကြည့်ပြီး မိတ်ဆွေကို ပြန်မကြည့်သူ၊
၄။ မိတ်ဆွေရဲ့ ဆန့်ကျင်ဘက်ကိုလဲ ပြုကျင့်သူ၊

* ဇာတ်–၅–၄၊ ၁၉၇။

www.burmeseclassic.com

www.burmeseclassic.com



၅။ မိတ်ဆွေရဲ့ ရန်သူတွေနှင့် ပေါင်းသူ၊
၆။ မိတ်ဆွေရဲ့ မိတ်ဆွေတွေနှင့် မပေါင်းသူ၊
၇။ မိတ်ဆွေရဲ့ ဂုဏ်ကျေးဇူးကို ပြောသူအား တားမြစ်သူ၊
၈။ မိတ်ဆွေအား ဆဲရေးသူတို့ကို ချီးကျူးသူ၊
၉။ မိတ်ဆွေအား ကိုယ့်လျှို့ဝှက်ချက်ကို မပြောသူ၊
၁၀။ မိတ်ဆွေရဲ့ လျှို့ဝှက်ချက်ကို မလျှို့ဝှက်သူ၊
၁၁။ မိတ်ဆွေရဲ့အလုပ်ကို မချီးမွမ်းသူ၊
၁၂။ မိတ်ဆွေရဲ့ပညာကို မချီးကျူးသူ၊
၁၃။ မိတ်ဆွေရဲ့ မကြီးပွားတာကို နှစ်သက်သူ၊
၁၄။ မိတ်ဆွေရဲ့ ကြီးပွားခြင်းကို မနှစ်သက်သူ၊
၁၅။ ကောင်းမြတ်တဲ့ အစားအစာကို ရလို့ရှိရင် မိတ်ဆွေအား သတိမရသူ၊
၁၆။ ဒီအထဲက ငါ့မိတ်ဆွေလဲ ရလို့ရှိရင် ကောင်းမှာပဲလို့ မိတ်ဆွေကို နူးညံ့တဲ့ စိတ်ထားနဲ့ မစဉ်းစားသူ။

ဒီအကြောင်း ၁၆–ပါးတို့ဟာ မိတ်ဆွေတုမှာ ရှိနေတတ်ပါတယ်၊ မြင်လို့ပဲ ဖြစ်ဖြစ်, ကြားလို့ပဲဖြစ်ဖြစ် ဒီအကြောင်း ၁၆–ပါးနဲ့ပဲ မိတ်ဆွေတုကို သိနိုင်ပါတယ်"။

" မြင်လို့ပဲဖြစ်ဖြစ်, ကြားလို့ပဲဖြစ်ဖြစ် ဒီလူဟာ မိတ်ဆွေစစ်ပဲလို့ ဘယ်လို သိနိုင်ပါသလဲ ?၊ မိတ်ဆွေစစ်ဖြစ်ကြောင်း သိရအောင် ဘယ်လို အားထုတ်ရပါ့မလဲ ?"။

"၁။ အရပ်တစ်ပါးကို သွားနေတဲ့ မိတ်ဆွေကို သတိရတတ်သူ၊
၂။ မိတ်ဆွေရောက်လာလို့ရှိရင် နှစ်သက်တတ်သူ၊
၃။ မိတ်ဆွေကို အလိုရှိသူ, ချစ်ခင်မြတ်နိုးသူ၊
၄။ စကားနဲ့ နှစ်သက်တတ်သူ၊
၅။ မိတ်ဆွေရဲ့ မိတ်ဆွေကိုသာ ပေါင်းသင်းသူ၊
၆။ မိတ်ဆွေရဲ့ ရန်သူနှင့် မပေါင်းသင်းသူ၊
၇။ မိတ်ဆွေအား ဆဲရေးသူကို တားမြစ်သူ၊
၈။ မိတ်ဆွေရဲ့ဂုဏ်ကျေးဇူးကို ပြောသူများအား ချီးကျူးသူ၊
၉။ မိတ်ဆွေအား ကိုယ့်လျှို့ဝှက်ချက်ကို ပြောကြားသူ၊
၁၀။ မိတ်ဆွေရဲ့ လျှို့ဝှက်ချက်ကို လျှို့ဝှက်ထားသူ၊
၁၁။ မိတ်ဆွေရဲ့ အလုပ်ကို ချီးကျူးတတ်သူ၊

www.burmeseclassic.com

www.burmeseclassic.com



၁၂။ မိတ်ဆွေရဲ့ ဉာဏ်ပညာကို ချီးမွမ်းတတ်သူ၊

၁၃။ မိတ်ဆွေရဲ့ ကြီးပွားခြင်းမှာ နှစ်သက်သူ၊

၁၄။ မိတ်ဆွေရဲ့ မကြီးပွားခြင်းမှာ မနှစ်သက်သူ၊

၁၅။ ကောင်းတဲ့စားစရာကို ရလို့ရှိရင် မိတ်ဆွေအား သတိရတတ်သူ၊

၁၆။ ဒီအထဲက ငါ့မိတ်ဆွေလဲ ရလို့ရှိရင် ကောင်းမှာပဲလို့ မိတ်ဆွေကို နူးညံ့တဲ့ စိတ်နဲ့ စဉ်းစားတတ်သူ။

ဒီအကြောင်း ၁၆–ပါးကတော့ မိတ်ဆွေစစ်မှာ ရှိနေတတ်ကြပါတယ်၊ မြင်လို့ပဲဖြစ်ဖြစ်, ကြားလို့ပဲဖြစ်ဖြစ် ဒီအကြောင်း ၁၆–ပါးနဲ့ပဲ ဒီလူဟာ မိတ်ဆွေစစ် ဖြစ်တယ်ဆိုတာကို သိနိုင်ပါတယ်။

မဟာရာဇာ ! ဒီလိုပဲ ရှေးတုန်းကလဲ ဒီပြဿနာ ဖြစ်ပေါ်ခဲ့ဖူးတာပဲ၊ ပညာရှိတွေကပဲ အဲဒီပြဿနာကို ဖြေဆိုခဲ့ကြပါတယ်၊ ဒီ အကြောင်း ၃၂–ပါးနဲ့ပဲ မိတ်ဆွေတု, မိတ်ဆွေစစ်ကို သိရမယ်"။

"ဒီမှာပဲ သင်တန်းကို ခေတ္တနားထားပြီး ၂–နာရီခွဲမှ ပြန်စကြစို့ရဲ့"။

## *သန်သူဌေးနှင့် ပိဠိယသူဌေး

မိတ်ဆွေစစ်, မိတ်ဆွေတု နှစ်မျိုးစလုံးနှင့်သက်ဆိုင်တဲ့ ဝတ္ထုတစ်ပုဒ်ကို ပြောပြပါအုံးမယ်။

ရှေးအခါက ဘုရားလောင်းဟာ ရာဇဂြိုဟ်မြို့မှာ ကုဋေရှစ်ဆယ် ကြွယ်ဝတဲ့ သူဌေးဖြစ်ခဲ့ဖူးပါတယ်၊ သူ့ရဲ့နာမည်က သန်သူဌေးဖြစ်ပါတယ်၊ ဗာရာဏသီမြို့မှာလဲ ကုဋေရှစ်ဆယ် ကြွယ်ဝတဲ့ ပိဠိယသူဌေးဆိုတာ ရှိနေပါတယ်၊ အဲဒီ သူဌေးနှစ်ဦးတို့ဟာ ရင်းနှီးတဲ့ သူငယ်ချင်းများ ဖြစ်ကြပါတယ်။

တစ်ချိန်မှာ ဗာရာဏသီမြို့က ပိဠိယသူဌေးမှာ အကြောင်းတစ်စုံတစ်ရာကြောင့် ကြီးမားတဲ့ဘေး ဖြစ်လာခဲ့ပါတယ်၊ ရှိသမျှ ပစ္စည်းဥစ္စာတွေ ပျက်စီးသွားပါတယ်၊ အဲဒီ ပိဠိယသူဌေးက ဆင်းရဲနွမ်းပါး ခိုကိုးရာမရှိတော့တဲ့အတွက် မယားကိုခေါ်ပြီး သန်သူဌေးအား အားကိုးတဲ့အနေနဲ့ ဗာရာဏသီမြို့က ခြေကျင်ထွက်လာခဲ့ပါတယ်၊ ရာဇဂြိုဟ်မြို့ကို ရောက်တဲ့အခါ သန်သူဌေးအိမ်ကို သွားပါတယ်။

သန်သူဌေးက သူ့ကိုတွေ့ရတယ်ဆိုရင်ပဲ ငါ့သူငယ်ချင်း ရောက်လာတယ်ဆိုပြီး ဖက်လဲတကင်း ရှိသေမြတ်နိုးမှုကို ပြုပါတယ်၊ ရက်အနည်းငယ်ကြာမှ တစ်နေ့ကျတော့ မေးပါတယ်။

* ဇာတ်–၅–၁၊ ၄၉၁။

www.burmeseclassic.com

www.burmeseclassic.com



"မိတ်ဆွေ ! ဘာကိစ္စနဲ့ လာခဲ့ပါသလဲ ?"။

"မိတ်ဆွေ ! ကျုပ်မှာ ဘေးရန်ဖြစ်ပေါ်လာခဲ့ပါတယ်၊ ရှိရှိသမျှဥစ္စာတွေ ကုန်ဆုံးသွားပါတယ်၊ ကျွန်ုပ်ကို ကူညီ မ-စပါအုံး"။

"ကောင်းပါပြီ မိတ်ဆွေ !၊ ဘာမှ မစိုးရိမ်ပါနှင့်"။

သခ်ံသူဌေးက ဝန်ခံကတိ ပေးပြီးသည့်နောက် ဘဏ္ဍာတိုက်ကို အဖွင့်ခိုင်းပြီး ကုဋေလေးဆယ်သော ရွှေငွေကို အပေးခိုင်းပါတယ်၊ သက်ရှိသက်မဲ့ ကိုယ့်မှာရှိသမျှ ပစ္စည်းတွေကိုလဲ ထက်ဝက်ခွဲပေးလိုက်ပါတယ်၊ ပီဠိယသူဌေးက အဲဒီဥစ္စာတွေကို ယူသွားပြီး ဗာရာဏသီမြို့မှာပဲ နေထိုင်ပါတယ်။

နောက်ပိုင်းကျတော့ သခ်ံသူဌေးမှာလဲ အလားတူဘေး ဖြစ်ပေါ်လာခဲ့ပါတယ်၊ ကိုယ်က ပေးထားခဲ့တဲ့ ကျေးဇူးရှိလို့ အားကိုတဲ့အနေနဲ့ ပီဠိယသူဌေးဆီကို သူဌေးကတော်နှင့်အတူ ခြေကျင်ထွက်လာခဲ့ပါတယ်။

ဗာရာဏသီမြို့ကို ရောက်တဲ့အခါ နောက်မှ ယာဉ်တွေ, အခြံအရံတွေနဲ့ လာခေါ်မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ သူဌေးကတော်ကို မြို့ပြင်ဘက်ဇရပ်မှာ ထားခဲ့ပါတယ်၊ တစ်ယောက်တည်း မြို့တွင်းကို ဝင်သွားပါတယ်၊ ပီဠိယသူဌေးအိမ်သို့ ရောက်တဲ့အခါ သခ်ံသူဌေးရောက်လာကြောင်း အပြောခိုင်းလိုက်ပါတယ်။

ပီဠိယသူဌေးက လာခဲ့ပါလို့ အခေါ်ခိုင်းလိုက်ပါတယ်၊ သခ်ံသူဌေးကို တွေ့ရတော့ နေရာကတောင်မှ ထပေးဖော် မရပါ၊ လောကဝတ်စကား ပြောကြားမှုကိုလဲ မပြုပါ၊ ဘာကိစ္စလာသလဲ ?၊ ဒီလောက်မျှကိုသာ မေးပါတယ်။

"ခင်ဗျားကို တွေ့ရအောင်လို့ လာခဲ့တာပဲ"။

သခ်ံသူဌေးရဲ့စကားကို ကြားရတဲ့အခါ နောက်ထပ်မေးပြန်တယ်။

"ဘယ်မှာ တဲခိုမလို့လဲ ?"။

"တဲခိုစရာတော့ မရှိသေးပါဘူး၊ သူဌေးကတော်ကိုလဲ ဇရပ်မှာပဲ ထားခဲ့ပြီး ခင်ဗျားဆီကို လာခဲ့တာပါပဲ"။

"ခင်ဗျားအတွက် ဒီမှာ နေစရာမရှိဘူး၊ ရိက္ခာကိုယူသွားပါ၊ တစ်နေရာမှာ ချက်ပြုတ်စားသောက်ပြီး သွားကြတာပေါ့၊ နောက်ထပ် ကျုပ်တို့အိမ်ကို ဝင်မလာပါနှင့်"။

စကားအဆုံးမှာပဲ—

"ငါ့သူငယ်ချင်းအား ပုဆိုးစွန်မှာထုပ်ပြီး ကြမ်းတမ်းတဲ့ စပါးဖျင်းတစ်ပြည် ပေးလိုက်ကြ"။

www.burmeseclassic.com

www.burmeseclassic.com



ဒီလိုလဲကျွန်တွေကို စေခိုင်းလိုက်ပါတယ်။

ဒီနေ့မှာပဲ အဲဒီ ပိဋ္ဋိယသူဌေးက လှည်းအစီးတစ်ထောင်တိုက်လောက်ရှိတဲ့ သလေးနီတွေကို အလှေ့ခိုင်းပြီး စပါးကိုဒေါင်မှာ အပြည့်ထည့်ထားခဲ့ပါတယ်၊ ကုဋေ လေးဆယ်သောဥစ္စာကို ယူလာတဲ့ကျေးဇူး မသိတတ်တဲ့ ခိုးသားကြီးက သူငယ် ချင်းအား စပါးဖျင်းတစ်ပြည်လောက်ကို အပေးခိုင်းခဲ့ပါတယ်၊ သူခိုင်းလိုက်တဲ့ ကျွန်က တောင်းမှာ စပါးဖျင်းတစ်ပြည် ထည့်ပြီး ဘုရားလောင်း သခ်သူဌေးထံ လာခဲ့ပါတယ်။

ဘုရားလောင်း သခ်သူဌေးက သူက ငါနှင့် မိတ်ဆွေသဘောကို ဖျက်ပေမဲ့ ငါက အဖျက်မခံနိုင်ဘူး–ဆိုတဲ့ ရည်ရွယ်ချက်နဲ့ စပါးဖျင်းတစ်ပြည်ကို ပုဆိုးစွန်မှာ ထုပ်ပြီး ဇရပ်ကို ထွက်လာခဲ့ပါတယ်။

ဇရပ်နားကို ရောက်လာတဲ့အခါ သူ့ကို သူဌေးကတော်က ဆီးကြိုမေးပါတယ်။–

"ဘာ ရလာခဲ့သလဲ မောင်ရယ် ?"။

"နှမရေ ! တို့သူငယ်ချင်း ပိဋ္ဋိယသူဌေးက စပါးဖျင်းတစ်ပြည်ပေးပြီး တို့ကို ဒီနေ့ပဲ ပြန်လွှတ်လိုက်ပါတယ်"။

"မောင်ရေ ! ဘာကြောင့် ယူလာခဲ့ရပါသလဲ ?၊ ဒါဟာ ကုဋေ ၄၀–ဆယ် သော ဥစ္စာအား လျော်သတဲ့လား ?"။

စကားအဆုံးမှာ သူဌေးကတော်က ငိုမယ်လို့ လုပ်ပါတော့တယ်၊ ဘုရားလောင်းက ဘယ်လိုပင် ပြောဆိုတားမြစ်ပေမဲ့ မရတော့ပါ၊ တအားငိုပစ်လိုက်ပါတော့တယ်။

အဲဒီ အချိန်မှာ သခ်သူဌေးက ပိဋ္ဋိယသူဌေးကို ပေးလိုက်တဲ့ အလုပ်သမား တစ်ယောက်က ဇရပ်တံခါးအနားကို လာနေပါတယ်၊ သူဌေးကတော်ရဲ့ ငိုသံကို ကြားရတော့ ဇရပ်တွင်းကို ဝင်လာခဲ့ပါတယ်၊ ကိုယ့်သခင်တွေကို တွေ့ရတော့ ခြေများပေါ်မှာ တုပ်ဝပ်ပြီး ငိုကြွေးမြည်တမ်းနေပါတယ်၊ တဝကြီး ငိုပစ်လိုက်ပြီးမှ ဘာကိစ္စနဲ့ ရောက်လာကြပါသလဲလို့ မေးပါတယ်။

သခ်သူဌေးက အကုန်လုံးကို ပြန်လည်ပြောပြပါတယ်၊ အဲဒါတွေကို ကြားရတော့ အလုပ်သမားက ရှိပါစေတော့အရှင် !၊ ဘာမှ မစိုးရိမ်ကြပါနှင့်လို့ ပြောဆိုပြီး နှစ်ယောက်လုံးကို သက်သာခွင့် ရစေပါတယ်၊ ထို့နောက် ကိုယ့်အိမ်ကို ခေါ်သွား ပါတယ်၊ နံ့သာရေနှင့် ရေချိုးခိုင်းပြီး ကျွေးမွေးထားပါတယ်။

ခင်ဗျားတို့ရဲ့ အရှင်တွေက လာနေတယ်လို့ ကျန်တဲ့အလုပ်သမားတွေကို စုရုံး ခေါ်ပြပါတယ်၊ ရက်အနည်းငယ် ကျော်လွန်ပြီးတဲ့နောက် အလုပ်သမား အကုန်လုံးကို ခေါ်ယူလိုက်ပါတယ်၊ မင်းရင်ပြင်ကိုသွားပြီး ကြွေးကြော်မှုကို ပြုကြပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဘုရင်မင်းမြတ်က အခေါ်ခိုင်းပြီး ဒါ ဘာလုပ်ကြတာလဲ ? –လို့ မေးပါတယ်၊ အလုပ်သမားများက အကြောင်းကိစ္စအကုန်လုံးကို ဘုရင်မင်းမြတ်အား သံတော်ဦး တင်ကြပါတယ်၊ ဘုရင်မင်းမြတ်က အလုပ်သမားတွေရဲ့ တင်ပြချက်ကို သူဌေး နှစ်ယောက်လုံးကို အခေါ်ခိုင်းပြီး သင်္ခသူဌေးကို မေးပါတယ်။

"သင်က ပိင်္ဂိယသူဌေးအား ကုဋေလေးဆယ်သော ဥစ္စာကို ပေးခဲ့တယ် ဆိုတာ မှန်ရဲ့လား ?"။

"မှန်ပါတယ် အရှင်မင်းမြတ်၊ ကျွန်တော်မျိုးကို အားကိုးအာထားအနေနဲ့ ရာဇဂြိုဟ်မြို့ကို ရောက်လာတဲ့ ကျွန်တော်မျိုးရဲ့ သူငယ်ချင်းအား ကုဋေ လေးဆယ်သော ဥစ္စာမျှသာ မဟုတ်သေးပါ၊ ရှိရှိသမျှ သက်ရှိသက်မဲ့ ဥစ္စာ အကုန်လုံးကို နှစ်ဖို့ အညီအမျှ ခွဲဝေပေးခဲ့ပါတယ်"။

သင်္ခသူဌေးရဲ့ ထွက်ဆိုချက်ကို ကြားနာပြီးတဲ့နောက် ဘုရင်မင်းမြတ်က ပိင်္ဂိယ သူဌေးကို မေးပြန်တယ်။

"သင်္ခသူဌေး ထွက်ဆိုသွားတာ မှန်ရဲ့လား ?"။

"မှန်ပါတယ် အရှင်မင်းမြတ် !"။

"သင်က သင့်ကို အားကိုးအားထားအနေနဲ့ ရောက်လာတဲ့ သင်္ခသူဌေးအား ရိုသေမြတ်နိုးမှု ပြုခဲ့တာ တစ်စုံတစ်ရာ ရှိရဲ့လား ?"။

ဒီစကားကို ကြားရတော့ ပိင်္ဂိယသူဌေးက တိတ်တိတ်ပဲ နေပါတော့တယ်။

"သင်က သင်္ခသူဌေးအား စပါးဖျင်းတစ်ပြည်လောက်ကို ပုဆိုးစွန်မှာ ထုပ်ပြီး ပေးခဲ့တာ ရှိတယ်မဟုတ်လား ?"။

ဒီစကားကို ကြားရတဲ့အခါမှာလဲ ပိင်္ဂိယသူဌေးက ဆိတ်ဆိတ်ပဲ နေပါတော့တယ်။

ဘုရင်မင်းမြတ်က ဘာလုပ်သင့်သလဲဆိုတာကို အမတ်တွေနှင့် တိုင်ပင်ညှိနှိုင်း ပါတယ်၊ ထို့နောက် ပိင်္ဂိယသူဌေးကို ကြိမ်းမောင်းပြီး အမိန့် ချမှတ်လိုက်ပါ တော့တယ်"။

"သွားကြ၊ ပိင်္ဂိယသူဌေးရဲ့အိမ်မှာ ရှိသမျှ ပစ္စည်းဥစ္စာ အကုန်လုံးကို သင်္ခသူဌေးအား ပေးကြရမယ်"။

ယင်းဆုံးဖြတ်ချက်ကို ကြားရတဲ့အခါ ဘုရားလောင်း သင်္ခသူဌေးက တောင်းပန် လျှောက်ထားပါတယ်။

"အရှင်မင်းမြတ် ! ဘုရားကျွန်တော်မျိုးက သူများဥစ္စာကို အလိုမရှိပါ၊ ဘုရားကျွန်တော်မျိုး ပေးသလောက်ကိုသာ အပေးခိုင်းတော်မူပါ"။

www.burmeseclassic.com

www.burmeseclassic.com



ယင်းစကားကို ကြားရတဲ့အခါ ရှင်ဘုရင်ကလဲ ဘုရားလောင်းရဲ့ ဥစ္စာကို ပြန်ပေးစေပါတယ်၊ ဘုရားလောင်းက မိမိပေးခဲ့သမျှ သက်ရှိသက်မဲ့ ဥစ္စာတွေကို ရသွားပါတယ်၊ ထို့နောက် အလုပ်သမားတွေ ခြံရံပြီး ရာဇဂြိုဟ်မြို့ကို ပြန်သွားပါတော့တယ်။

"ဒီဝတ္ထုက ဘာသင်ခန်းစာ ရတယ်ဆိုတာကို မဒ္ဒခုံးပွင့်က ပြောပြပါအုံး"။

မိတ်ဆွေသူငယ်ချင်းတွေရဲ့ အပေါ်မှာ သခ်သူဌေးလိုသာ ပြုကျင့်သင့်တယ်၊ ဗီဋ္ဌိယသူဌေးလို မပြုကျင့်သင့်၊ အလုပ်သမားနှင့် အလုပ်ရှင် ဆက်ဆံရာမှာလဲ သခ်သူဌေးရဲ့ အလုပ်သမားတွေလို ပြုကျင့်သင့်တယ် ဆိုတာတွေဟာ ဒီဝတ္ထုက ရတဲ့ သင်ခန်းစာတွေပဲ ဖြစ်ပါတယ်။

## *မိတ်ဆွေပြစ်မှား ပြစ်ကြီးမား

"ဒီနေရာမှာ မိတ်ဆွေတွေကို ပြစ်မှားတာနှင့် စပ်လျဉ်းလို့ နည်းနည်းပြောကြားပါအုံးမယ်"။

ဗာရာဏသီမြို့ကျေးလက် ကာသိရွာသား လယ်သမားပုဏ္ဏား တစ်ယောက်က လယ်ထွန်ပြီး နွားတွေကို လွှတ်ထားပါတယ်၊ ပြီးတော့ လယ်ကန်သင်းတွေကို ပေါက်တူးနဲ့ ပေါက်နေပါတယ်၊ နွားတွေက ချုံတစ်ချုံမှာ သစ်ရွက်တွေကို စားရင်း တဖြေးဖြေး တောထဲကို ဝင်ပြေးသွားကြပါတယ်။

ပုဏ္ဏားက အလုပ်သိမ်းချိန် ရောက်လာတဲ့အခါ ပေါက်တူးကို ချထားခဲ့ပါတယ်၊ နွားတွေကို ကြည့်လိုက်တဲ့ အခါမှာ မတွေ့ရတော့ပါ၊ နွားတွေကို လိုက်ရှာရင်း တောအုပ်ထဲကို ဝင်သွားပါတယ်၊ လှည့်လည်ရှာဖွေရင်း ဟိမဝန္တာတောကို ရောက်သွားပါတယ်၊ အဲဒီ ဟိမဝန္တာတောထဲမှာပဲ မျက်စိလည်လမ်းမှား ဖြစ်နေပါတော့တယ်၊ ၇–ရက်လုံးလုံး အစာမစားရဘဲ လှည့်လည်ရင်း တည်ပင်တစ်ပင်ကို တွေ့ရပါတယ်၊ အပင်ပေါ်ကိုတက်ပြီး အသီးတွေကိုစားရင်း တည်ပင်ပေါ်က လိမ့်ကျပြီး အတောင် ၆၀–လောက်နက်တဲ့ ချောက်ထဲကို ကျသွားပါတယ်၊ အဲဒီချောက်ထဲမှာပဲ ၁၀–ရက် လွန်လာခဲ့ပါတယ်။

အဲဒီအချိန်မှာ ဘုရားလောင်းက မျောက်မျိုးမှာဖြစ်နေပါတယ်၊ သစ်သီးကြီးငယ်တွေကို ရှာစားရင်း အဲဒီယောက်ျားကို တွေ့ပါတယ်၊ ကျောမှာ နွယ်ကြိုးကြီးကို ချည်ထားပြီး အဲဒီယောက်ျားကို ချောက်ထဲက ထုတ်ဆယ်ပေးပါတယ်၊ ကျောက်ပေါ်မှာ အထိုင်ခိုင်းထားပြီး ကျုပ်ပင်ပန်းနေပါတယ်၊ ခဏလောက် အိပ်ပါရစေ၊ ကျုပ်ကို စောင့်ရှောက်ပါလို့ ပြောပြီး အိပ်နေပါတယ်။

* ဇာတ်–၄–၅၊ ၆၉။

www.burmeseclassic.com

www.burmeseclassic.com



ပုဏ္ဏားက အိပ်နေတဲ့ ဘုရားလောင်းမျောက်ရဲ့ ဦးခေါင်းကို ကျောက်နဲ့ ရိုက်ထုလိုက်ပါတယ်၊ ဘုရားလောင်းက သူ့အပြုအမူကို သိရတော့ အပင်ပေါ်ကို ခုန်တက်သွားပါတယ်၊ သစ်ကိုင်းပေါ်မှာ ထိုင်ပြီး ဟေ့လူ ! ခင်ဗျားက အောက်ကသွားပါ၊ ကျုပ်က သစ်ခက်ဖျားကနေပြီး ခင်ဗျားကို လမ်းညွှန်သွားပါ့မယ်လို့ ပြောပြီး အဲဒီယောကျ်ားကို တောထဲက ထုတ်ဆောင်လာခဲ့ပါတယ်၊ လမ်းပေါ်ကို အရောက်ပို့ပြီး တောင်ခြေကိုပဲ ပြန်လာခဲ့ပါတယ်။

အဲဒီယောကျ်ားက ဘုရားလောင်းကို ပြစ်မှားတဲ့အတွက် နူနာရောဂါ စွဲကပ်လာပါတယ်၊ လက်ရှိဘဝမှာပဲ မစားရ မသောက်ရ လူပြိတ္တာ ဖြစ်လာခဲ့ပါတယ်၊ ခုနစ်နှစ်လုံးလုံး ဆင်းရဲဒုက္ခကြီးမားစွာနဲ့ လှည့်လည်နေခဲ့ရပါတယ်၊ ဗာရာဏသီမြို့ မိဂါဇိနဥယျာဉ်ထဲကိုဝင်ပြီး တံတိုင်းကြားမှာ ငှက်ပျောဖက်ခင်းပြီး ဆင်းဆင်းရဲရဲ အိပ်နေခဲ့ပါတယ်။

အဲဒီအချိန်မှာပဲ ဗာရာဏသီမင်းက ဥယျာဉ်ကို ထွက်လာခဲ့ပါတယ်၊ ဥယျာဉ်ထဲမှာ လှည့်လည်ရင်း သူ့ကို သွားတွေ့ပါတယ်၊ ဗာရာဏသီမင်းက မေးမြန်းလို့ သူက နောက်ကြောင်းပြန်ပြောနေတုန်းမှာပဲ စုတေလို့ အဝီစိမှာ သွားဖြစ်ပါတယ်။

"ဒီဝတ္ထုထဲက ဘာသင်ခန်းစာ ရတယ်ဆိုတာကို မောင်သိန်းလွင်က ပြောပြစမ်းပါအုံး"။

"ကိုယ့်ကို ကယ်ဆယ်ဖူး၊ ကျေးဇူးပြုဖူးတဲ့ မိတ်ဆွေကို မပြစ်မှားရ၊ ပြစ်မှားလို့ရှိရင် ဒီဘဝမှာလဲ ဆင်းရဲဒုက္ခရောက်တတ်ပါတယ်၊ နောင်ဘဝမှာလဲ အဝီစိထိအောင် ရောက်နိုင်တယ်-ဆိုတဲ့ သင်ခန်းစာကို ဒီဝတ္ထုထဲက ရနိုင်ပါတယ်"။

## မိတ်ဆွေစစ် နိဂုံး
### သားမိပမာ ချဉ်းကပ်ရာ

ကျေးဇူးပြုတတ်တဲ့မိတ်ဆွေ၊ တူမျှသော ချမ်းသာဆင်းရဲရှိတဲ့ မိတ်ဆွေ၊ အကျိုးစီးပွားကို ပြောကြားတတ်တဲ့ မိတ်ဆွေ၊ အစဉ်သနားစောင့်ရှောက်တတ်တဲ့ မိတ်ဆွေ။

အသိအလိမ္မာ ဉာဏ်ပညာရှိသူက ဒီမိတ်ဆွေ လေးယောက်တို့ကို သိထားပြီး အမိက ရင်မှာဖြစ်တဲ့သားကို ချဉ်းကပ်သလို လေးစားစွာ ချဉ်းကပ်ရမယ်။

သီလနှင့်ပြည့်စုံတဲ့ ပညာရှိက ညဥ့်အခါ တောင်ပေါ်မှာ တောက်လောင်နေတဲ့ မီးလို ထွန်းပတောက်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ဆရာမ မသန်းတင့်က ဘောမှာ ရေးထားတာကို တိုင်ပေးလိုက်ပါအုံး"။

*ကျေးဇူးပြုသူ–သူခပဲနှင့် , ချမ်းသာဆင်းရဲ–မခွဲခွာ၊
ကျိုးစီးပွားမှန်–ပြောညွှန်ကြားလို့ , အစဉ်သနား–စောင့်ရှောက်ပါ။
ဤလေးယောက်သား–မိတ်သဟာ , သားမိပမာ–ချဉ်းကပ်ကြ၊
တောင်ပေါ်မီးပမာ–ပညာဝါ , ရှိန်ဝါမြူးကြွ–ထွန်းတောက်ပ။

## တရားသဖြင့် ပစ္စည်းဥစ္စာ စုဆောင်းနည်း

ပျားသည် ပန်းတွေရဲ့ အနံ့နှင့်အဆင်းကို မထိခိုက်စေဘဲ နူတ်သီးနှင့်ရော, အတောင်တွေနှင့်ရော ပန်းဝတ်ရည်ကိုယူဆောင်ပြီး ဖြည်းဖြည်းချင်း လှည့်ဘီးလောက်ရှိတဲ့ ပျားအုံကို ပြုလုပ်သလို မိမိကိုရော, သူတစ်ပါးကိုရော မညှဉ်းပန်း မနှိပ်စက်ဘဲ တရားသဖြင့် ပစ္စည်းဥစ္စာကို စုဆောင်းရှာမှီးသူရဲ့ ပစ္စည်းဥစ္စာတွေက ခြကောင်လေးတွေက ဖြည်းဖြည်းချင်း တိုးပွားအောင် လုပ်ထားတဲ့ ခြတောင်ပို့ကြီးလို စုဆောင်းပွားများခြင်းသို့ ရောက်ကြရပါတယ်။

"ဆရာမ မသန်းမြင့်က ဘောမှာ ရေးထားတာကို တိုင်ပေးလိုက်ပါအုံး"။

*ပန်းဝတ်ရည်ဆောင်–ပျားကောင်များက , ပျားအုံကြီးမား–အားထုတ်ဟန်၊
တရားလျော်စွာ–ဥစ္စာပေါင်းကို , ရှာဖွေစုဆောင်း–ပြုခဲ့ပြန်။
ခြတွေကဖို့–တောင်ပို့ဟန် , စုဆောင်းမိပြန်–ဥစ္စာများ၊
ကြီးပွားချမ်းသာ–ထိုသူမှာ , ဂုဏ်ဝါကြီးမား–လွှမ်းထင်ရှား။

## ပစ္စည်းဥစ္စာ သုံးစွဲနည်း

အိမ်ရာတည်ထောင် လူ့ဘောင်မှာနေတဲ့ အမျိုးသားက ပစ္စည်းဥစ္စာတွေကို စုဆောင်းပြီး လေးဖို့ခွဲဝေထားရမယ်၊ (အဲဒီလို ကိုယ့်ဥစ္စာကို လေးဖို့ခွဲဝေထားလိုက်တဲ့အတွက်) ဥစ္စာရှိနေတဲ့သူက မိတ်ဆွေကောင်း ၁၆–ယောက်တို့ကို မပျက်စီး မပြိုကွဲစေဘဲ ခိုင်မြဲအောင် ဖွဲ့ထားနိုင်ပါတယ်။ (ကိုယ့်မှာ ပစ္စည်းရှိလို့ ပေးနိုင်ကမ်းနိုင်မှ မိတ်ဆွေတွေကို ထိန်းထားနိုင်ပါတယ်၊ ပစ္စည်းမရှိက ထိန်းမထားနိုင်ပါဘူး။)

အဲဒီလို လေးဖို့ခွဲထားတဲ့ ပစ္စည်းတွေထဲက တစ်ဖို့ကို သုံးဆောင်စားသောက်ရမယ်၊ နှစ်ဖို့ကို ကိုယ့်အလုပ်အကိုင်ထဲမှာ ရင်းနှီးအသုံးချရမယ်၊ ကျန်တစ်ဖို့ကို ဘေးရန်ဖြစ်လာတဲ့အခါ အသုံးချဖို့ သိုမှီးသိမ်းထားရမယ်။ (ငွေစုဘဏ်မှာ အပ်နှံထားရမယ်။)

အိမ်ထောင်စုတွေဆိုတာဟာ အမြဲတမ်း အခြေအနေမပျက် တည်နေရိုး မရှိပါဘူး၊ တစ်ရံတစ်ခါ မင်းဘေး, ရေဘေး, မီးဘေး–စတဲ့ ဘေးရန်တွေလဲ ဖြစ်ပေါ်လာတတ်

www.burmeseclassic.com

www.burmeseclassic.com



ပါတယ်၊ ဒါ့ကြောင့် ဒီလို ဘေးရန်တွေနှင့် ကြုံတွေ့တဲ့အခါ အသုံးပြုဖို့ တစ်ဖို့ကို သိမ်းထားရမယ်လို့ ဆိုလိုပါတယ်။

ကုသိုလ်ကောင်းမှုပြုလိုက သုံးဆောင်စားသောက်ရအောင်ထားတဲ့ အဖို့ထဲက ယူပြီး ပြုလုပ်ရမယ်၊ ရဟန်းတွေ, မရှိဆင်းရဲသူတွေကို ပေးလှူရမယ်၊ ဆံပင်ညှပ်ခ–စသည်တို့ကိုလဲ အဲဒီထဲကပဲ ပေးရမယ်။

"ဆရာမ မလှကြွေက ဘောမှာ ရေးထားတာကို တိုင်ပေးလိုက်ပါအုံး"။

*ရရှိဥစ္စာ–လေးဖို့ခွဲလို့ , တစ်ဖို့သုံးစွဲ–ပြုကြရာ၊
နှစ်စုဥစ္စာ–ရင်းနှီးပြုလို့ , ကျန်သည့်ဖို့စု–သိမ်းထားပါ။
ဘေးရန်အများ–ဖြစ်ပွားလာ , သုံးစွဲစရာ–ရည်ရွယ်ထား၊
ကိုယ့်မှာဥစ္စာ–ရှိမှသာ , ကောင်းစွာထိန်းထား–မိတ်ဆွေများ။

"ဂုဏ်တော်တွေကို ပြိုင်တူရွတ်လို့ ဒီနေ့ သင်တန်းကို ဒီမှာပဲ နားထားကြစို့ရဲ့၊ ဂုဏ်တော်တွေရွတ်ပြီးက ပြန်နိုင်ကြပါပြီ"။

**အုပ်စု ၆–မျိုးနှင့် တာဝန်များ**

ဝါခေါင်လပြည့်ကျော် ၁၀–ရက်၊ တနင်္ဂနွေနေ့

ရှေ့အပတ်တွေက ညစ်ညူးကြောင်းကံ ၄–ပါးကို ပယ်ရမယ်၊ အဂတိ ၄–ပါး မလိုက်စားရဘူး၊ ပစ္စည်းဥစ္စာပျက်ကြောင်း ၆–ပါး(၃၆–ပါး)ကို ရှောင်ကြဉ်ရမယ်၊ မိတ်ဆွေတု ၁၆–ယောက်ကို ရှောင်ကြဉ်ရမယ်၊ မိတ်ဆွေစစ် ၁၆–ယောက်ကို ပေါင်းသင်းဆက်ဆံရမယ်၊ ဒါတွေကို လိုက်နာပြုကျင့်လို့ရှိရင် အိမ်ရာတည်ထောင် လူ့ဘောင်မှာနေတဲ့ ပုဂ္ဂိုလ်ဟာ တရားသဖြင့် အသက်မွေးနေထိုင်ရာရောက်တယ်၊ နတ်လူတို့ရဲ့အလယ်မှာ မီးပုံကြီးသဖွယ် တင့်တယ်ထင်ရှားနိုင်ပါတယ်၊ ဒါ့ကြောင့် ရှောင်ကြဉ်သင့်တဲ့အရာကို ရှောင်ကြဉ်ဖို့ ပေါင်းဖော်မှီဝဲသင့်တာကို ပေါင်းဖော် မှီဝဲဖို့ နည်းလမ်းတွေကို ပြောပြလာခဲ့ပါတယ်။

ပြီးတော့ကာ လူဆိုတာဟာ ဘေးပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေ လှုပ်ရှား သွားလာနေရတဲ့ သက်ရှိသတ္တဝါတစ်မျိုး ဖြစ်ပါတယ်၊ ဒီတော့ကာ အဲဒီလူသားရဲ့ ပတ်ဝန်းကျင်မှာ မိဘတွေ, သားသမီးတွေဆိုတာလဲ ရှိလာပါတယ်၊ ဆရာသမားတွေ, တပည့်တွေဆိုတာလဲ ရှိလာပါတယ်၊ လင်ရယ်, မယားရယ်ဆိုတာလဲ ရှိလာပါတယ်၊ အဆွေခင်ပွန်းတွေ, အမျိုးကောင်းသားတွေဆိုတာလဲ ရှိလာပါတယ်၊ အလုပ်ရှင်တွေ, အလုပ်သမားတွေဆိုတာလဲ ရှိလာပါတယ်၊ ရဟန်းသူတော်ကောင်းတွေ, တပည့် ဒကာတွေဆိုတာလဲ ရှိလာပါတယ်၊ အဲဒီ အုပ်စု ၆–မျိုးတို့က ကိုယ့်တာဝန်နှင့်ကိုယ်

www.burmeseclassic.com

www.burmeseclassic.com



(တာဝန်ကိုယ်စီနဲ့) အချင်းချင်း ဖေးမကူညီ စောင့်ရှောက်နေကြရပါတယ်၊ ဒီလို စောင့်ရှောက်ကူညီနေကြတဲ့အတွက် လောကမှာလဲ ကြီးပွားနိုင်ပါတယ်၊ သံသရာမှာလဲ ကြီးပွားနိုင်ပါတယ်၊ သို့ဖြစ်သည် အားလျော်စွာ ပြုလုပ်ကြရမယ့် တာဝန်အသီးအသီးကို ထိုက်သည်အားလျော်စွာ ပြောပြသွားပါတော့မယ်။

**သားသမီးတွေရဲ့တာဝန် -၅**

၁။ မိမိကို မွေးမြူလာတဲ့ မိဘတွေကို ပြန်မွေးမြူရမယ်၊

၂။ မိဘတွေရဲ့ လုပ်ငန်းကိစ္စကို ပြုလုပ်ပေးရမယ်၊

၃။ အမျိုးအနွယ်ကို တည်စေရမယ်၊

၄။ အမွေခံထိုက်အောင် လိုက်နာပြုကျင့်ရမယ်၊

၅။ ကွယ်လွန်သွားတဲ့ မိဘများကိုရည်မှန်းလျက် ကုသိုလ်ပြုလုပ်ပြီး အလှူရဲ့ အဖို့ကို အမျှပေးဝေရမယ်။

ဒီတာဝန် ၅-ပါးကို သားသမီးတွေက အမိအဘအပေါ်မှာ ပြုလုပ်ရမယ်။

၁။ အမေအဖေတွေက တို့ကို နို့ချိုလဲ တိုက်ကျွေးလာပါတယ်၊ လက်ခြေ-စသည်တို့ကိုလဲ တိုးပွားစေခဲ့ပါတယ်၊ မျက်နှာမှာ ပေကျံနေတဲ့ နှပ်တွေကိုလဲ ပယ်ရှားပေးလာခဲ့ပါတယ်၊ ရေချိုးလို့လဲ ပေးခဲ့ပါတယ်၊ တန်ဆာဆင်လို့လဲ ပေးခဲ့ပါတယ်၊ ဒီလို မွေးကတဲကစပြီး ချမ်းသာစရာ အကြောင်းတွေကို ဖြည့်စွက်ပေးလို့, ဆင်းရဲစရာအကြောင်းတွေကို ပယ်ရှားပေးလို့ တို့တစ်တွေကို ကျွေးမွေးပြုစုလာခဲ့ပါတယ်၊ အခု ငါက အဲဒီ အသက်အရွယ်ကြီးရင့်လာတဲ့ **အမေအဖေတွေကို** ခြေဆေးပေးခြင်း, ရေချိုးပေးခြင်း, စားစရာ သောက်စရာ **ပေးကမ်းခြင်း-စတဲ့** အလုပ်တွေနဲ့ ပြုစုလုပ်ကျွေးရတော့မယ်လို့ မိဘတွေရဲ့ ဂုဏ်**ကျေးဇူးတွေကို** နှလုံးအိမ်အတွင်းက ထွက်ခွာခွင့်မပေးဘဲ အမြဲပြုစုလုပ်ကျွေးရမ**ယ်။**

၂။ ကိုယ့်ကိစ္စတွေကို ရပ်ဆိုင်းထားခဲ့ပြီး မိဘ**တို့မှာ** ဖြစ်ပေါ်လာတဲ့ ရုံးကိစ္စ-စသည်တို့ကို လုပ်ကိုင်ဆောင်ရွက်ပေးရမယ်။

၃။ အမိအဘတို့ ပိုင်ဆိုင်တဲ့ လယ်ယာရွှေငွေ-စသည်တို့ကို မပျက်စီးရအောင် စောင့်ရှောက်သောသူလဲပဲ အမိအဘတို့ရဲ့ အစဉ်အဆက် တည်တံ့ခြင်းရဲ့ အကြောင်းဖြစ်တဲ့အတွက် အမျိုးအနွယ်ကို တည်စေသူ မည်ပါတယ်၊ အမိအဘတို့ကို တရားနှင့်မလျော်တဲ့ အစဉ်အလာမှ ပယ်ရှားပြီး တရားနှင့်လျော်တဲ့ အစဉ်အလာမှာ တည်စေသူလဲ အမျိုးအနွယ်ကို တည်စေသူမည်ပါတယ်၊ အမျိုးအစဉ်အဆက်က ဆင်းသက်လာတဲ့ စာရေးတန်ဘတ်-စသည်ကို မပြတ်စေဘဲ ပေးလှူသူလဲပဲ အမျိုးအနွယ်ကို တည်စေသူမည်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



၄။ အမိအဘတို့က မိမိတို့ရဲ့အဆုံးအမကို မနာခံဘဲ ဆိုးသွမ်းပေတေနေတဲ့ သားသမီးတွေကို တရားရုံးကိုသွားပြီး သားသမီးစာရင်းက ပယ်ဖျက်တတ်ကြပါတယ်၊ အမွေပြတ်ကြေညာတတ်ကြပါတယ်၊ အဲဒီ သားသမီးတွေဟာ အမွေစား အမွေခံထိုက်သူများ မဟုတ်ကြတော့ဘူး၊ အဆုံးအမ ဩဝါဒကို လိုက်နာတဲ့ သားသမီးကိုတော့ မျိုးရိုးစဉ်ဆက်ကလာတဲ့ ပစ္စည်းဥစ္စာတွေရဲ့ ပိုင်ရှင်ဖြစ်အောင် ပြုလုပ်ပေးတတ်ကြပါတယ်၊ ဒါကိုပဲ အကြောင်းပြုပြီး အမွေခံထိုက်အောင် လိုက်နာပြုကျင့်ရမယ်လို့ ဆိုထားပါတယ်။

၅။ အမိအဘများ ကွယ်လွန်သွားလို့ ၃–ရက်မြောက်နေ့ကစပြီး ကုသိုလ်ကောင်းမှု ပြုလုပ်ရမယ်၊ အလှူခံပုဂ္ဂိုလ်ကောင်းကို ရှာဖွေလှူဒါန်းရမယ်၊ အမိအဘတို့အား ရည်ညွှန်းပြီး အမျှအတန်း ပေးဝေရမယ်။

"ဆရာမ မကြည်သင်းက ဘောမှာ ရေးထားတာကို တိုင်ပေးလိုက်ပါအုံး"။

*ပြန်ကာမွေးမြူ–ပြုလုပ်ကြလို့ , မိဘကိစ္စ–ဆောင်ရွက်ပါ၊
အမျိုးအနွယ်–တည်အောင်ပြုလို့ , ဆုံးမပေးမှု–လိုက်နာရာ။
မိဘနှစ်ပါး–သေလွန်ခါ , ပေးလှူဒါန်းကာ–မျှဝေထား၊
ဤငါးပါးမှာ–လုပ်စရာ , လိမ္မာသည့်သား–တာဝန်များ။

## *အပေအတွက် ဓိဝဘတ်အလှူ

ကွယ်လွန်သွားတဲ့ မိဘကို ရည်မှန်းလို့ ဆွမ်းကျွေးတာကို မတကဘတ်–လို့ ခေါ်ပါတယ်၊ ဒါကို ခုခေတ်မှာ လူတိုင်းလိုလို လုပ်နေကြပါတယ်၊ အသက်ထင်ရှား ရှိနေတဲ့ မိဘတွေကို ရည်မှန်းလို့ ဆွမ်းကျွေးတာကိုတော့ ဇီဝဘတ်လို့ ခေါ်ပါတယ်၊ ဒီဇီဝဘတ်ကိုတော့ ခုခေတ်မှာ မည်သူမျှ လုပ်တာမတွေ့ရပါဘူး၊ ဒါ့ကြောင့် ဇီဝဘတ်နှင့် ဆက်စပ်နေတဲ့ ဝတ္ထုတစ်ခု ပြောပြပါအုံးမယ်။

သာဝတ္ထိမြို့မှာ နွားသတ်သမားတစ်ယောက် ရှိပါတယ်၊ အဲဒီနွားသတ်သမားဟာ ၅၅–နှစ်လုံးလုံး နွားသတ်မှုကို ပြုလုပ်လာပါတယ်၊ အမဲသားမပါဘဲ ထမင်းစားလေ့ မရှိပါ၊ တစ်နေ့ကျတော့ ကိုယ့်အတွက်ချက်ရအောင်လို့ အမဲသားပိုင်းကို မယားအား ပေးထားခဲ့ပါတယ်၊ သူကတော့ ရေချိုးရအောင် သွားနေပါတယ်။

အဲဒီအခိုက်မှာပဲ သူ့သူငယ်ချင်းတစ်ယောက်က အိမ်မှာ ဧည့်သည်ရောက်နေလို့ နွားသတ်သမားရဲ့မိန်းမထံက အမဲသားပိုင်းကို အတင်းယူသွားပါတယ်၊ ရေချိုးရာက

* ဓံ–၄–၂၊ ၂၁၃။

www.burmeseclassic.com

www.burmeseclassic.com



ပြန်လာတဲ့ နွားသတ်သမားအား ဇနီးဖြစ်သူက မိမိအတွက် ချက်ထားတဲ့ ဟင်းရွက်ဟင်းနှင့် ထမင်းခူးပြီး ပေးပါတယ်။

နွားသတ်သမားက အမဲသား ဘယ်မှာလဲ ? –လို့ မေးပါတယ်၊ ဇနီးဖြစ်သူက ရှင့်သူငယ်ချင်းက အတင်းယူသွားတယ်လို့ ပြောပါတယ်၊ ငါ အမဲသားမပါဘဲ မစားဘူး၊ မင်း–ထမင်းပွဲကို သိမ်းထားလိုက်လို့ ပြောပြီး ထသွားပါတယ်၊ ဓားကို ယူပြီး အိမ်နောက်ဖေးမှာ ချည်ထားတဲ့နွားရဲ့ ပါးစပ်ထဲသို့ လက်ကို ထိုးသွင်းလိုက်ပါတယ်၊ လျှာကို ဆွဲထုတ်ပြီး ဓားနဲ့ အရင်းက ဖြတ်လာခဲ့ပါတယ်၊ မီးကျီးပေါ်မှာ ကင်ပြီး ထမင်းပွဲပေါ်မှာ တင်ထားလိုက်ပါတယ်၊ ထိုင်ရင်း ထမင်းတစ်လုတ်ကို စားပြီး အသားပိုင်းတစ်ခုကို ပါးစပ်ထဲသို့ ထည့်လိုက်ပါတယ်၊ အဲဒီ ခဏမှာပဲ လျှာပြတ်ပြီး ထမင်းပွဲထဲကို ကျလာပါတော့တယ်။

နွားသတ်သမားလဲ သူက လျှာကိုဖြတ်ယူလာတဲ့ နွားလိုပဲ ပါးစပ်က သွေးတွေ ပန်းဆင်းနေတုန်းမှာ အိမ်တွင်းကိုဝင်ပြီး လေးဘက်ထောက်လှည့်ပတ်ရင်း အော်မြည်နေရပါတော့တယ်။

အဲဒီအချိန်မှာ နွားသတ်သမားရဲ့သားက အဖေကိုကြည့်ရင်း အနားမှာ ရပ်နေပါတယ်၊ အဲဒီလိုကြည့်နေတဲ့ သားကို အမေက သနားကရုဏာနဲ့ ပြောပါတယ်။

သားရေ ! မင်းအဖေနွားသတ်သမားကို ကြည့်စမ်း၊ ဒီဒုက္ခဟာ မင်းအပေါ်ကို ကျရောက်လာလိမ့်မယ်၊ အမေ့ကိုလဲ ငဲ့ညှာမနေနှင့်တော့၊ ကိုယ်ချမ်းသာရာရအောင် သာ ထွက်ပြေးပေတော့။

အမိရဲ့စကားကိုကြားရတော့ သားကကြောက်တာနဲ့ မိခင်ကို ရှိခိုးပြီး တက္ကသိုလ်မြို့ရောက်အောင် ထွက်ပြေးပါတော့တယ်၊ နွားသတ်သမားကတော့ အော်မြည်ရင်း သေဆုံးပြီး အဝီစိမှာ ဖြစ်ပါတယ်၊ နွားလဲ သေဆုံးသွားပါတယ်။

နွားသတ်သမားသားကတော့ တက္ကသိုလ်မြို့မှာ ရွှေပန်းတိမ်အလုပ်ကို သင်ယူနေပါတယ်၊ အဲဒီ အချိန်မှာ သူ့ဆရာက ဒီလိုအဆင်တန်ဆာတစ်ခုကို လုပ်ရမယ်လို့ ပြောဆိုထားခဲ့ပြီး ရွာတစ်ရွာကို ထွက်သွားပါတယ်။

နွားသတ်သမားသားကလဲ ဆရာမှာထားခဲ့တဲ့အတိုင်း အဆင်တန်ဆာကို ပြုလုပ်ထားပါတယ်၊ ဆရာက ပြန်လာလို့ အဆင်တန်ဆာကို တွေ့ရတော့ ဒီလူဟာ ဘယ်အရပ်ကိုရောက်ရောက် အသက်မွေးနိုင်လောက်ပြီလို့ တပည့်အပေါ်မှာ ယုံကြည်စိတ်ချသွားပါတယ်၊ ဒါနဲ့ အရွယ်ရောက်ပြီးဖြစ်တဲ့ ကိုယ့်သမီးနှင့် ထိမ်းမြားလက်ထပ်ပေးထားပါတယ်၊ အဲဒီ နွားသတ်သမားရဲ့သားက တက္ကသိုလ်မြို့မှာပဲ သားတွေ၊ သမီးတွေနှင့် ကြီးပွားနေပါတော့တယ်။

www.burmeseclassic.com

www.burmeseclassic.com



အရွယ်ရောက်လာတဲ့ သူ့သားတွေက အတတ်ကို သင်ယူကြပါတယ်၊ နောက်တစ်ချိန်မှာ သာဝတ္ထိမြို့ကို သွားကြပါတယ်၊ အိမ်ရာတည်ထောင်နေရင်း ရတနာ ၃–ပါးကို ကြည်ညိုသူတွေ ဖြစ်လာကြပါတယ်၊ သူတို့ရဲ့ အဖေကတော့ တက္ကသိုလ်မြို့မှာ ကုသိုလ်တစ်စုံတစ်ခုကိုမှ မပြုလုပ်ဘဲ အိုမင်းလာခဲ့ပါတယ်။

အဲဒီအချိန်မှာ သူ့သားတွေက တို့အဖေဟာ အသက်အရွယ်ကြီးရင့်လှပြီဆိုပြီး အဖေကို အခေါ်ခိုင်းကြပါတယ်၊ ရောက်လာတဲ့အခါ အဖေ့အတွက် အလှူလုပ်ရအောင် ဘုရားအမှူးရှိတဲ့ ဘိက္ခုသံဃာကို ပင့်ထားကြပါတယ်။

နောက်တစ်နေ့မှာ သူတို့က ရိုသေစွာ လုပ်ကျွေးကြပါတယ်၊ ဆွမ်းကိစ္စရဲ့ အဆုံးမှာ ဘုရားရှင်ကို လျှောက်ထားကြပါတယ်။

"ရှင်တော်မြတ်ဘုရား ! တပည့်တော်တို့က အဖေ့အတွက် ဒီဇီဝဘတ်ကို လှူဒါန်းကြပါတယ်၊ တပည့်တော်တို့ရဲ့ အဖေ့အတွက် အနုမောဒနာတရား ချီးမြှင့်တော်မူပါ"။

သားတွေရဲ့ အလိုဆန္ဒအရ ဗုဒ္ဓမြတ်စွာက သူတို့ရဲ့အဖေကိုခေါ်ပြီး အမိန့်ရှိတော်မူပါတယ်။

"ဥပါသကာ ! ဒကာဟာ အသက်အရွယ်ကြီးလှပြီ၊ ဒကာရဲ့ ကိုယ်ခန္ဓာကလဲ မှည့်ရင့်နေခဲ့ပြီ၊ ဖက်ရွက်ရော်လို ဖြစ်နေခဲ့ပြီ၊ တမလွန်ဘဝကို ကူးသွားစရာ ဒကာ့မှာ ကုသိုလ်ရိက္ခာလဲ မရှိသေးဘူး၊ ကိုယ့်အတွက် ထောက်တည်ရာကို လုပ်စမ်းပါ၊ ပညာရှိသူသာ ဖြစ်လိုက်စမ်းပါ၊ ပညာမဲ့လူမိုက် မဖြစ်ပါစေနှင့်"။

စကားအဆုံးမှာ ဘုရားရှင်က ဆက်လက်ပြီး တရားဟောတော်မူပါတယ်၊ တရားအဆုံးမှာ ဥပါသကာက သောတာပတ္တိဖိုလ်ကို ရရှိသွားပါတယ်။

သားတွေက နောက်တစ်ရက်အတွက် ဘုရားရှင်ကို ပင့်ထားကြပါတယ်၊ အလှူဒါန ပေးလှူကြပါတယ်၊ ဆွမ်းကိစ္စပြီးသွားတဲ့အခါ ဘုရားရှင်ကို လျှောက်ထားကြပြန်တယ်။

"ရှင်တော်မြတ်ဘုရား ! ဒါလဲပဲ တပည့်တော်တို့ရဲ့ အဖေ့အတွက် ဇီဝဘတ်ပါပဲ၊ အဖေ့အတွက်သာ အနုမောဒနာတရား ချီးမြှင့်တော်မူပါ"။

ဘုရားရှင်ကလဲ သားတွေရဲ့ အလိုဆန္ဒအတိုင်း ဥပါသကာအတွက် အနုမောဒနာတရား ဟောကြားတော်မူပြန်တယ်၊ တရားအဆုံးမှာ ဥပါသကာက အနာဂါမိဖိုလ်ကို ရရှိသွားပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီဝတ္ထုထဲက ဘာသင်ခန်းစာ ရတယ်ဆိုတာကို မသူဇာက ပြောပြစမ်းပါအုံး"။

"ဒီဝတ္ထုမှာ မကောင်းတဲ့အပိုင်း၊ ကောင်းတဲ့အပိုင်းလို့ ၂-ပိုင်း မှတ်သားရပါတယ်၊ မကောင်းတဲ့အပိုင်းက ယုတ်မာရက်စက်တဲ့ အကုသိုလ်ကို ပြုလုပ်လို့ ရှိရင် ဒီဘဝမှာပဲ အလားတူ ဆင်းရဲဒုက္ခကို ရရှိပြီး၊ သေသွားတဲ့အခါ ငရဲကို ရောက်ရတယ်ဆိုတဲ့ သင်ခန်းစာကို ရပါတယ်။

ကောင်းတဲ့အပိုင်းက သားသမီးတွေ လိမ္မာသလောက် မိဘတွေက ကောင်းကျိုး ရရှိတတ်တယ်ဆိုတဲ့ သင်ခန်းစာကို ရပါတယ်။

### * မိအို့ဘအိုကို လုပ်ကျွေးရကျိုး

ဗုဒ္ဓမြတ်စွာက သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးနေတော်မူပါတယ်၊ အဲဒီအချိန်မှာ သာဝတ္ထိမြို့သား ဥပါသကာတစ်ယောက်ဟာ ဆင်းရဲနွမ်းပါးပါတယ်၊ သူတစ်ပါးထံမှာ နေ့စားအလုပ်လုပ်ပြီး အသက်မွေးနေရပါတယ်၊ ဒါပေမဲ့ သဒ္ဓါတရားကတော့ ရှိပါတယ်၊ ရတနာသုံးပါးကို ကြည်ညိုပါတယ်၊ မိအိုဘအိုတွေကို လုပ်ကျွေးနေပါတယ်။

"မိန်းမတွေဆိုတာဟာ လင့်အိမ်ကို ရောက်လာလို့ရှိရင် ပိုင်စိုးပိုင်နင်း လုပ်တတ်ကြတယ်၊ ယောက္ခမတွေရဲ့ နှစ်လိုဖွယ်ကို ပြုကျင့်တတ်တဲ့ မိန်းမကတော့ ရှားလှပါတယ်"။

ဒီလို မိဘတွေရဲ့ စိတ်ဆင်းရဲမှုကို ရှောင်လွှဲလိုတာနဲ့ အိမ်ထောင်မပြုဘဲ ကိုယ်တိုင် မိဘတွေကို လုပ်ကျွေးနေပါတယ်၊ သီလကိုလဲ စောင့်ထိန်းပါတယ်၊ ဥပုသ်လဲ စောင့်ပါတယ်၊ ကိုယ့်ပစ္စည်းအင်အားနှင့်လျော်တဲ့ အလှူဒါနကိုလဲ ပြုလုပ်ပါတယ်။

သူက နောက်တစ်ချိန်မှာ စုတေသွားပြီး တာဝတိံသာနတ်ပြည်မှာ ၁၂-ယူဇနာ ရှိတဲ့ ဘုံဗိမာန်မှာ ဖြစ်နေရပါတယ်။

"ဒီဝတ္ထုက ဘာသင်ခန်းစာ ရတယ်ဆိုတာ မောင်ဝေထွန်းက ပြောပြစမ်းပါအုံး"။

"မိအိုဘအိုကို လုပ်ကျွေးမယ်၊ ကိုယ်ကျင့်သီလ ကောင်းမယ်၊ ကိုယ်နှင့်တော်ရုံ အလှူဒါနကို ပြုလုပ်မယ်ဆိုရင် နတ်ပြည်ကို ရောက်နိုင်တယ်ဆိုတာဟာ ဒီဝတ္ထုထဲက ရတဲ့သင်ခန်းစာ ဖြစ်ပါတယ်"။

ဒီမှာပဲ သင်တန်းကို ခေတ္တနားထားပြီး ၂-နာရီခွဲမှ ပြန်စကြစို့ရဲ့"။

---

* ဝိမာန-၄၊ ၂၇၉။

www.burmeseclassic.com

www.burmeseclassic.com



### မိဘတွေရဲ့တာဝန် -၅

၁။ မကောင်းမှုမှ တားမြစ်ရမယ်၊

၂။ ကောင်းမှုမှာ တည်နေစေရမယ်၊

၃။ ပညာသင်စေရမယ်၊

၄။ သင့်တော်သူနှင့် ထိမ်းမြားလက်ထပ်ပေးရမယ်၊

၅။ အမွေကို အပ်နှင်းရမယ်။

ဒီတာဝန် ၅-ပါးကို အမေအဖေတွေက သားသမီးတွေအပေါ်မှာ ပြုလုပ်ရမယ်။

၁။ သူ့အသက်ကိုသတ်မှု, သူ့ပစ္စည်းဥစ္စာကို ခိုးယူမှု, လိမ်ညာပြောဆိုမှု -စသည်တို့ရဲ့ ယခုလက်ငင်း ဖြစ်ပေါ်လာမယ့်အပြစ်, နောင်သံသရာ အပြစ်တွေကို ပြောပြပြီး သားသားက လိမ္မာပါတယ်၊ ဒီလိုအပြစ်မျိုးကို မလုပ်ပါနှင့်လို့ တားမြစ်ထားရမယ်၊ သူ့အသက်သတ်မှု-စသည်တို့ကို ပြုလုပ်ထားလို့ရှိရင်လဲ ကဲ့ရဲ့ ရမယ်။

၂။ အနာထပိဏ်သူဌေးကဲ့သို့ လက်ဆောင်ပေးလို့သော်မှလဲ သီလယူမှု -စသည်တို့မှာ တည်နေစေရမယ်၊ ဒီ နေရာမှာ အနာထပိဏ်သူဌေး အကြောင်းကို ထည့်သွင်းပြောပြသွားပါ့မယ်။

၃။ ကျောင်းအပ်ချိန်ကျတော့ ကျောင်းအပ်ပေးရမယ်၊ အိမ်မှာ အလိုလိုက်ပြီး မထားရ၊ ဒါကိုပဲရည်ရွယ်ပြီး ပညာသင်စေရမယ်လို့ ဆိုခဲ့ပါတယ်။

၄။ အမျိုးအနွယ်, အကျင့်စာရိတ္တ, ရုပ်အဆင်း, ပစ္စည်းဥစ္စာ, ဆွေမျိုးအသိုင်း အဝိုင်း-စသည်တို့နှင့် သင့်တော်တဲ့ အိမ်ထောင်ဘက်ကိုရှာပြီး အိမ်ထောင် ချပေးရမယ်။

၅။ အမြဲပြုလုပ်ရမယ့်အခါ, သင့်တော်တဲ့အခါလို့ အချိန်အခါ ၂-မျိုးရှိနေ ပါတယ်၊ ဒီတော့ ထထကြွကြွနဲ့ ယူရမယ့် ဒီဥစ္စာကို ယူသွား၊ ဒါက မင်းရဲ့ အသုံးစရိတ် ဖြစ်ပါစေ၊ ဒါနဲ့တော့ ကုသိုလ်ကောင်းမှုကို ပြုလုပ်ပါလို့ ပေးတာကတော့ အမြဲပြုလုပ်ရမယ့် အခါမျိုးမှာ ပေးတာဖြစ်ပါတယ်၊ ဦးစွန်းပုတ် ထားတဲ့အခါ, ရှင်ပြုတဲ့အခါ, ထိမ်းမြားလက်ထပ်တဲ့အခါ-စတဲ့အခါမျိုးမှာ ပေးတာ ကတော့ သင့်တော်တဲ့ အချိန်အခါမှာ ပေးတာဖြစ်ပါတယ်၊ ဒါကိုပဲ ရည်ရွယ်ပြီး အမွေကို အပ်နှင်းရမယ်လို့ ဆိုထားပါတယ်။

သားသမီးတွေကလဲ ကိုယ့်တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်မယ်, မိဘတွေ ကလဲ ကိုယ့်တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်မယ်-ဆိုရင် ဒီအိမ်ထောင်စုဟာ အင်မတန် သာယာတဲ့ အိမ်ထောင်စု ဖြစ်လာပါလိမ့်မယ်။

www.burmeseclassic.com

www.burmeseclassic.com



သားသမီးတွေက တာဝန်မကျေပဲ အမိအဘတွေကသာ တာဝန်ကျေနေပါရင် ဒီသားသမီးတွေဟာ ဒီအမေအဖေတွေနဲ့ မသင့်တော်ပါဘူးလို့ ပြောစရာ ဖြစ်လာပါလိမ့်မယ်။

သားသမီးတွေက တာဝန်ကျေပြီး အမိအဘတွေက တာဝန်မကျေလို့ရှိရင် ဒီအမေအဖေတွေက ဒီသားသမီးတွေနှင့် မသင့်တော်ပါဘူးလို့ သူများပြောစရာ, ကဲ့ရဲ့စရာ ဖြစ်လာပါလိမ့်မယ်၊ နှစ်ဖက်လုံးက တာဝန်မကျေလို့ရှိရင် ၂-ဖက်လုံးပင် ပြောဆိုကဲ့ရဲ့ခံရမှာပါပဲ။

သားသမီးတွေဘက်ကရော, မိဘတွေဘက်ကရော ၂-ဖက်စုံက တာဝန်ကျေကြပါရင် ဘာမှပြောစရာ, ကဲ့ရဲ့စရာ မရှိတော့ပါ၊ ပြောထားခဲ့တဲ့အတိုင်း အင်မတန်သာယာတဲ့ အိမ်ထောင်စုသာ ဖြစ်လာစရာ ရှိပါတော့တယ်။

"ဆရာမ မနီလာစိုးက ဘောမှာ ရေးထားတာကို တိုင်ပေးလိုက်ပါအုံး"။

*မကောင်းတာကို-ပယ်မြစ်တားလို့ , ကောင်းမှုအများ-ညွှန်ကြားရာ၊
သင့်တော်ချိန်မှာ-ကျောင်းအပ်ထားလို့ , လက်ထပ်ထိမ်းမြား-ပြုပေးပါ။
ဥစ္စာအပ်နှင်း-သင့်တင့်စွာ , နှစ်မျိုးအခါ-မျှော်ထောက်ထား၊
ဘမိနှစ်ဖြာ-လုပ်စရာ , ညွှန်းပါငါးပါး-တာဝန်များ။

## ပိုက်ဆံပေးလို့ ဥပုသ်စောင့်ခိုင်း

အနာထပိဏ်သူဌေးမှာ သားတစ်ယောက်ရှိနေပါတယ်၊ သူ့နာမည်က ကာဠတဲ့၊ အဲဒီကာဠဟာ အဖေက သဒ္ဓါတရားရှိသလောက် သူက လူပေလူတေ့ဖြစ်ပါတယ်၊ ဒီလို သဒ္ဓါတရားနှင့်ပြည့်စုံတဲ့ သူဌေးကြီးရဲ့သား ဖြစ်ပေမဲ့ ဘုရားရှင်ထံသို့လဲ မသွားချင်ဘူး၊ ဘုရားရှင် အိမ်ကိုကြွလာတဲ့အခါလဲ မဖူးလိုဘူး၊ တရားလဲ မနာချင်ဘူး၊ သံဃာ့ဝေယျာဝစ္စကိုလဲ မလုပ်ချင်ဘူး။

သားရေ ! ဒီလိုမလုပ်ပါနှင့်လို့ ပြောပေမဲ့ အဖေ့စကားကိုလဲ နားမထောင်ဘူး၊ ဒါနဲ့ အဖေဖြစ်သူက သားအတွက် စဉ်းစားနေပါတယ်။

"ဒီကလေးဟာ ဒီလိုအယူမျိုးကို ယူပြီး လှည့်ပတ်သွားလာနေလို့ရှိရင် အဝီစိကို ရောက်သွားရတော့မှာပဲ၊ ငါလိုအဖေတစ်ယောက် ရှိရက်သားနဲ့ ငါ့သားက ငရဲကို ရောက်သွားရမယ်ဆိုတာဟာ မသင့်တော်လှဘူး၊ ဒီလောကမှာ ပိုက်ဆံပေးလို့ရှိရင် အလိုကို မလိုက်ပါတဲ့လူဆိုတာဟာ မရှိနိုင်ပါဘူး၊ ပိုက်ဆံပေးပြီး ကိုယ့်အလိုသို့ လိုက်ပါလာအောင် လုပ်မှတော်မယ်"။

သူဌေးကြီးက စဉ်းစားကြံစည်ထားတဲ့အတိုင်းပဲ သားကိုခေါ်ပြီး ပြောပါတော့တယ်။

* ခံ-၅-၂၊ ၁၂၃။

www.burmeseclassic.com

www.burmeseclassic.com



"သားရေ ! ဥပုသ်ဆောက်တည်ပြီး ကျောင်းကိုသွားပါ၊ တရားနာပြီးမှ ပြန်လာခဲ့ပါ၊ သားကို ငွေတစ်ရာပေးပါ့မယ်"။

"တကယ်ပေးမလား အဖေ ?"။

"ပေးမှာပေါ့ သားရယ် !"။

ကာဠက သုံးကြိမ် ဝန်ခံချက်ကို အရအမိ ယူထားပါတယ်၊ ထို့နောက် ဥပုသ်ဆောက်တည်ပြီး ကျောင်းကို သွားပါတယ်၊ တရားနာမှုကိုတော့ မပြုလုပ်ပါဘူး၊ သင့်တော်ရာမှာ အိပ်နေခဲ့ပါတယ်၊ နံနက်စောစောထပြီး အိမ်ကို ပြန်လာပါတယ်။

"ငါ့သားကလေးက ဥပုသ်စောင့်လာခဲ့တယ်၊ ခပ်မြန်မြန်ပဲ သူ့အား ယာဂု–စသည်တို့ကို ပေးကြပါ"။

ဒီလို သူ့အဖေက အပေးခိုင်းပါတယ်၊ သားကတော့ ပိုက်ဆံမရဘဲ မစားဘူးလို့ ယူလာသမျှကို ပယ်ထုတ်နေပါတယ်၊ ဒီတော့ သူ့အဖေက သားနှိပ်စက်တာကို သည်းမခံနိုင်တော့တဲ့အတွက် ဥစ္စာထုပ်ကို အပေးခိုင်းပါတယ်၊ သားဖြစ်သူ ကာဠက ဥစ္စာထုပ် လက်ထဲကိုရောက်မှ အစာအာဟာရကို စားသောက်ပါတော့တယ်။

"သားရေ ! မင်းကို ငွေတစ်ထောင်ပေးမယ်၊ ဘုရားရှင်ရှေ့တော်ကနေပြီး တရားတစ်ပုဒ်ကို သင်ယူရမယ်၊ တရားတစ်ပုဒ်ကိုရမှ အိမ်ကို ပြန်လာရမယ်"။

အဖေက နောက်တစ်နေ့မှာ သားဖြစ်သူကို ပြောပြန်တယ်၊ သားကလဲ ကျောင်းကို ထွက်သွားပါတယ်၊ ဘုရားရှင်ရဲ့ ရှေ့တော်မှာပဲ နေရာယူထားပါတယ်၊ တရားတစ်ပုဒ် သင်ယူပြီးရင် အိမ်ကိုပြန်မယ်ဆိုတဲ့ အလိုဆန္ဒ ရှိနေပါတယ်။

ဒီတော့ ဗုဒ္ဓမြတ်စွာက မမှတ်မိနိုင်အောင် ပြုလုပ်ထားပါတယ်၊ ကာဠက ဒီပုဒ်ကို မမှတ်မိလို့ရှိရင် နောက်ပုဒ်ကို မှတ်မိစေရမယ်လို့ နာနေတာပါပဲ။

မှတ်မိစေရမယ်လို့ တရားနာနေတာပဲ ရိုရိုသေသေတရားနာတာ မည်ပါတယ်၊ ဒီလိုနာတဲ့လူတွေအား တရားက သောတာပတ္တိမဂ်–စသည်ကို ပေးနိုင်ပါတယ်။

ကာဠကလဲ မှတ်မိစေရမယ်လို့ စိတ်အားတင်းပြီး နာနေပါတယ်၊ ဗုဒ္ဓမြတ်စွာကလဲ သူမမှတ်မိအောင် ပြုလုပ်နေပါတယ်၊ ကာဠက နောက်ပုဒ်ကို မှတ်မိစေရမယ်လို့ နာနေရင်း သောတာပတ္တိမဂ်ဖိုလ်ကို ရရှိသွားပါတယ်။

ကာဠက နောက်တစ်နေ့မှာ ဘုရားအမှူးရှိတဲ့ သံဃာနှင့်အတူပဲ သာဝတ္ထိမြို့တွင်းကို လိုက်ပါလာခဲ့ပါတယ်၊ သူဌေးကြီးက သူ့ကိုတွေ့ရတော့ ဒီနေ့တော့ ငါ့သားကလေးရဲ့ အမူအရာကို ကြိုက်တယ်လို့ စိတ်ထဲက ကျေနပ်နေပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



"အဖေက ဘုရားရှင်ရဲ့ရှေ့မှာ ငွေတွေကို မပေးလို့ရှိရင်, ငွေလိုချင်လို့ ငါက ဥပုသ်စောင့်ကြောင်းကို ဖုံးကွယ်ထားလို့ရှိရင် သိပ်ကောင်းမှာပဲ"။

ကာဠကလဲ ဒီလိုစဉ်းစားနေပါတယ်၊ ဘုရားရှင်ကတော့ ငွေလိုချင်လို့ ဥပုသ်စောင့်ကြောင်းကို မနေ့ကပင် သိနေခဲ့ပါတယ်။

သူဌေးကြီးက ဘုရားအမှူးရှိတဲ့ သံဃာတော်အား ယာဂုအကပ်ခိုင်းပါတယ်၊ သားကိုလဲ အပေးခိုင်းပါတယ်၊ ကာဠက ဘာမျှမပြောတော့ဘဲ ထိုင်ပြီး ယာဂုသောက်နေပါတယ်၊ မုံ့ပဲသရေစာတွေကိုလဲ စားပါတယ်၊ ထမင်းလဲ စားပါတယ်။

သူဌေးကြီးက ဘုရားရှင် ဆွမ်းဘုဉ်းပေးပြီးတဲ့အချိန်မှာပဲ သားရဲ့ ရှေ့မှာ ငွေတစ်ထောင်ထုပ်ကို ချထားပါဟယ်။

"သားရေ ! ငါက ငွေတစ်ထောင်ပေးမယ်လို့ပြောပြီး မင်းကိုဥပုသ်ဆောက်တည်ခိုင်းလို့ ကျောင်းကိုသွားစေခဲ့ပါတယ်၊ ဒါဟာ မင်းအတွက် ငွေတစ်ထောင် ဖြစ်ပါတယ်"။

ဒီလိုလဲ ပြောပါတယ်၊ ကာဠက ဘုရားရှင်ရဲ့ရှေ့တော်မှောက်မှာ ငွေတွေကို ပေးနေတာကို တွေ့ရတော့ ကျွန်တော်ငွေမလိုချင်ပါဘူးလို့ ပြောလာပါတော့တယ်၊ ယူသာ ယူပါသားရယ်လို့ ပြောပေမဲ့ မယူတော့ပါ။

အဲဒီအချိန်မှာ သူ့အဖေက ဘုရားရှင်ကို ရှိခိုးပြီး လျှောက်ထားပါတယ်။

"ရှင်တော်မြတ်ဘုရား ! ဒီနေ့ သားကလေးရဲ့ အမူအရာကို တပည့်တော် သဘောကျပါတယ်"။

"ဘာ့ကြောင့် သဘောကျတာလဲ ဒကာကြီး ?"။

"ရှေ့နေ့မှာ တပည့်တော်က သားကလေးကို ငွေတစ်ရာပေးမယ်လို့ ပြောပြီး ကျောင်းကိုလွှတ်ခဲ့ပါတယ်၊ နောက်နေ့မှာ ငွေရမှ စားပါတယ်၊ ဒီနေ့ကတော့ ပေးပေမဲ့ ငွေတွေကို အလိုမရှိတော့ပါ"။

"ဟုတ်တယ်ဒကာကြီး !၊ ဒီနေ့ ဒကာကြီးရဲ့ သားအတွက်ဆိုရင် စကြဝတေးမင်းရဲ့ စည်းစိမ်ထက်လဲ သောတာပတ္တိဖိုလ်ကသာ မြတ်ပါတော့တယ်၊ နတ်ပြည်စည်းစိမ်, ဗြဟ္မာပြည်စည်းစိမ်ထက်လဲ သောတာပတ္တိဖိုလ်ကသာ မြတ်ပါတော့တယ်"။

ဘုရားရှင်က စကားလက်စ မသတ်သေးဘဲ ဆက်လက်မိန့်တော်မူပြန်တယ်။

www.burmeseclassic.com

www.burmeseclassic.com



"စကြဝတေးမင်းစည်းစိမ်ထက်လဲ သောတာပတ္တိဖိုလ်ကသာ မြတ်ပါတယ်၊ နတ်ပြည်ရောက်ရတာထက်လဲ သောတာပတ္တိဖိုလ်ကသာ မြတ်ပါတယ်၊ လောကအကုန်လုံးကို အုပ်စိုးရတာထက်လဲ သောတာပတ္တိဖိုလ်ကသာ မြတ်ပါတယ်"။

ဒီမှာ**လောက်**သော အရပ်ဒေသတွေမှာ မင်းပြုရပေမဲ့ ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသူရ**ကာယ်ဆို**တဲ့ အပါယ်လေးပါးက မလွတ်မြောက်နိုင်ပါဘူး၊ သောတာပန်ကတော့ ပိတ်ထားတဲ့အပါယ်တံခါးရှိသူ ဖြစ်ပါတယ်၊ အားအနည်းဆုံး သောတာပန်ကတောင်မှ ခုနစ်ဘဝသာ ဖြစ်ရပါတော့တယ်၊ ရှစ်ဘဝ မဖြစ်ရတော့ပါဘူး၊ ဒါ့ကြောင့် သောတာပတ္တိဖိုလ်ကသာ မြတ်ပါတယ်။

"ဒီဝတ္ထုက ဘာသင်ခန်းစာရတယ်ဆိုတာ မနီနီစိုးက ပြောပြစမ်းပါအုံး"။

"သားသမီးတွေက ဘယ်လောက်ဆိုးတေချင်ပေမဲ့ အမေအဖေတွေက စနစ်တကျဆုံးမတတ်ရင် လိမ္မာယဥ်ကျေးလာရတယ်ဆိုတဲ့ သင်ခန်းစာကို ဒီဝတ္ထုထဲက ရပါတယ်"။

### * ငယ်ကပညာ မသင်ပါ ကြီးခါပျက်စီးရ

ဗာရာဏသီမြို့မှာ မဟာဓနသူဌေးဆိုတာ ရှိနေတယ်၊ သူ့မှာ ပစ္စည်းဥစ္စာ ကုဋေ ၈၀–ရှိပါတယ်၊ သားကတော့ တစ်ယောက်တည်းသာ ရှိနေပါတယ်၊ သားကလေး လေးနှစ်,ငါးနှစ်အရွယ်လောက် ရှိလာတဲ့အခါ မိဘနှစ်ပါးတို့က နောင်ရေးကို ကြံစည်စဉ်းစားကြပါတယ်။

"ငါတို့ရဲ့အိမ်မှာ များပြားတဲ့ ဥစ္စာတွေ ရှိနေတယ်၊ ဒီဥစ္စာတွေကို လွှဲအပ်ထားပြီး အခြေအနေအားလျော်စွာ သုံးစွဲမှုကို ပြုကြစို့ရဲ့၊ အခြားဘာမှ လုပ်စရာ မလိုတော့ပါဘူး"။

သူတို့ကြံစည်ထားတဲ့အတိုင်း သားကလေကို လိမ္မာရေးခြားရှိအောင် ဘာပညာမှ မသင်စေကြဘူး၊ အဆို, အတီး, အကမှုကိုသာ သင်ယူစေကြပါတယ်။

အဲဒီ ဗာရာဏသီမြို့မှာပဲ ကုဋေ ၈၀–ကြွယ်ဝချမ်းသာတဲ့ အိမ်တစ်အိမ်မှာ သမီးကလေးတစ်ယောက် မွေးဖွားလာပါတယ်၊ အဲဒီ အမျိုးသမီးကလေးရဲ့ မိဘတွေကလဲ အလားတူပဲ ကြံစည်စဉ်းစားကြပါတယ်၊ သမီးကလေး လိမ္မာရေးခြားရှိအောင် ဘာအတတ်ပညာကိုမှ မသင်စေကြဘူး၊ အဆို, အတီး, အကမှုကိုသာ သင်ယူစေကြပါတယ်။

---

* ခံ–၅–၂၊ ၈၁။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီ သူဌေးသားကလေးနှင့် သူဌေးသမီးကလေးတို့က ဒီလိုနှင့်ပဲ အရွယ်ရောက်လာကြပါတယ်၊ အဲဒီအချိန်မှာ နှစ်ဖက်သော မိဘတွေက တိုင်ပင်ညှိနှိုင်းပြီး သူတို့ကို ထိမ်မြားလက်ထပ်ပေးလိုက်ကြပါတယ်၊ နောက်ပိုင်းမှာ သူတို့ရဲ့မိဘတွေက ကွယ်လွန်သွားကြပါတယ်၊ ကုဋေ ၁၆၀–သော ပစ္စည်းဥစ္စာဟာ တစ်အိမ်တည်းမှာပဲ တည်ရှိနေပါတော့တယ်၊ သူဌေးသားက တစ်နေ့မှာ ၃–ကြိမ် မင်းကို ခစားရအောင် သွားနေရပါတယ်။

အဲဒီ အချိန်မှာ အဲဒီ ဗာရာဏသီမြို့မှာ နေကြတဲ့ လူဆိုးတွေ, အကျင့်စာရိတ္တ ပျက်စီးနေသူတွေက တိုင်ပင်ဆွေးနွေးကြပါတယ်။

"ဒီသူဌေးကသာ အရက်သမားဖြစ်လာလို့ရှိရင် တို့တစ်တွေ ချမ်းချမ်းသာသာ သောက်စားကြရမှာပဲ၊ သူ့ကို အရက်သမားဖြစ်လာအောင် သင်ပေးကြစို့ရဲ့"။

သူတို့က ဆွေးနွေးတိုင်ပင်ထားကြတဲ့အတိုင်း အရက်ကို ယူလာကြပါတယ်၊ အရက်နှင့် မြည်းစရာအမဲသားနှင့် ဆားခဲတွေကိုလဲ အဝတ်စွန်းမှာ ထုပ်ထားကြပါတယ်၊ အမြစ်, အဥတွေကိုလဲ ယူလာကြပါတယ်၊ သူဌေးသား ပြန်လာမယ့်လမ်းကို ကြည့်ပြီး ထိုင်နေကြပါတယ်။

သူဌေးသား ပြန်လာတာကို တွေ့ရတော့ အရက်ကို သောက်ပြကြပါတယ်၊ ဆားခဲကို ပါးစပ်ထဲသို့ ပစ်ထည့်လိုက်ပြီး အမြစ်,အဥကို ကိုက်စားနေကြပါတယ်၊ အရှင်သူဌေးသား ! နှစ်ပေါင်းတစ်ရာ အသက်ရှည်ပါစေ၊ အရှင်သူဌေးသားကို မှီပြီး အကျွန်ုပ်တို့က စားနိုင်သောက်နိုင် ရှိကြတော့မှာပါလို့လဲ ပြောဆိုကြပါတယ်။

သူတို့ရဲ့ စကားကို ကြားရတဲ့အခါ သူဌေးသားက နောက်လိုက်ကလေးကို မေးပါတယ်၊

"ဒီလူတွေ ဘာကို သောက်နေသလဲ ?"။

"အဖျော်ယမကာတစ်မျိုးကို သောက်နေကြပါတယ်"။

"အဲဒီအဖျော်ယမကာဟာ ကြိုက်နှစ်သက်စရာ ကောင်းရဲ့လား ?"။

"အရှင်သူဌေးမင်း ! ဒီလူ့လောကမှာ ဒီအဖျော်ယမကာနှင့် တူတဲ့ သောက်သင့်စားအရာဆိုတာဟာ မရှိတော့ပါ"။

နောက်လိုက်ကလေးရဲ့ စကားကို ကြားရတော့ ဒီလိုဆိုရင် ငါတို့လဲ သောက်သင့်တာပေါ့လို့ ပြောကြားလာပါတော့တယ်၊ နည်းနည်း နည်းနည်းယူခိုင်းပြီး သောက်စပြုလာပါတော့တယ်၊ အဲဒီလို သူဌေးသားက အရက်သောက်တတ်လာပြီလို့ သိရတော့

www.burmeseclassic.com

www.burmeseclassic.com



လူဆိုးတွေ, အကျင့်စာရိတ္တ ပျက်စီးနေသူတွေက သူဌေးသားကို ခြံရံနေကြပါတော့တယ်၊ အချိန်ကြာလာလေလေ အခြံအရံများလာလေလေ ဖြစ်နေပါတော့တယ်။

သူဌေးသားက ငွေတစ်ရာပေးလို့လဲ အရက်ကို အယူခိုင်းပြီး သောက်နေပါတော့တယ်၊ ငွေနှစ်ရာပေးလို့လဲ အရက်ကို သောက်နေပါတော့တယ်၊ ဒီလိုလုပ်ရင်းနဲ့ပဲ ထိုင်ရာ, ရပ်ရာတို့မှာ ငွေကို အစုလိုက်ပုံထားပြီး အရက်သောက်ရင်း ဖြုန်းတီးနေပါတော့တယ်။

"ဒီငွေနဲ့ ပန်းတွေကို ယူခဲ့ကြ၊ ဒီငွေနဲ့ နံ့သာတွေကို ယူလာကြ၊ ဒီလူက လောင်းကစားကျွမ်းကျင်တယ်၊ သူ့ကို တစ်ထောင်ပေးကြ၊ သူက အက ကောင်းတယ်၊ သူ့ကိုလဲ တစ်ထောင်ပေးကြ၊ သူက အဆိုကောင်းတယ်၊ သူ့ကိုလဲ တစ်ထောင်ပေးကြ၊ သူက အတီးအမှုတ်ကောင်းတယ်၊ သူ့ကိုလဲ တစ်ထောင် ပေးကြ၊ သူ့ကိုတော့ နှစ်ထောင်ပေးကြ"။

ဒီလို ဖြုန်းတီးရင်း မကြာခင်မှာဘဲ ကိုယ့်ပစ္စည်း ကုဋေ–၈၀ ကုန်သွားပါတော့တယ်။

"အရှင်သူဌေးမင်း ! အရှင်ရဲ့ဥစ္စာတွေ ကုန်သွားပါပြီ"။

ဥစ္စာထိန်းတွေရဲ့ စကားကို ကြားရတဲ့အခါ ပြန်ပြီးမေးပါတယ်။

"ငါ့မိန်းမရဲ့ ဥစ္စာတွေ မရှိဘူးလား ?"။

"ရှိပါတယ် အရှင်သူဌေးမင်း !"။

"ဒါဖြင့်ရင် အဲဒီဥစ္စာတွေကို ယူခဲ့ကြတာပေါ့"။

သူက အမိန့်ရှိထားတဲ့အတိုင်း ယူပေးသမျှ မိန်းမရဲ့ဥစ္စာကိုလဲ အလားတူပဲ ဖြုန်းတီးပစ်လိုက်ပါတော့တယ်။

တစ်စတစ်စနဲ့ လယ်ကိုရောင်းချပြီး စားသောက်ဖြုန်းတီးပါတယ်၊ ဥယျာဉ်ခြံတွေကို ရောင်းချပါတယ်၊ နောက်ပိုင်းမှာ အိုးခွက်ကိုလဲ ရောင်းချပါတယ်၊ ဒီလို တစ်ခုပြီးတစ်ခု ရောင်းချဖြုန်းတီးစားသောက်ပစ်ပါတယ်။

အဲဒီ သူဌေးသား အသက်အရွယ်ကြီးလာတဲ့အခါမှာ အိမ်ကိုဝယ်ထားသူတွေက အိမ်ကိုသိမ်းယူကြပါတယ်၊ သူတို့လင်မယားကို အိမ်ကနှင်ထုတ်ပစ်လိုက်ကြပါတယ်။

အဲဒီ သူဌေးသားက မယားကိုခေါ်ပြီး သူများအိမ်နံရံကို မှီနေရင်း အိုးခြမ်းပိုင်းကို ကိုင်ပြီး ထမင်းကို လှည့်လည်တောင်းနေရပါတယ်၊ သူများရဲ့ ထမင်းကျန်, ဟင်းကျန် ကို စားစပြုရပါတော့တယ်။

တစ်နေ့ကျတော့ ဆွမ်းစားကျောင်းရဲ့ တံခါးနားမှာ ရပ်ပြီး သာမဏေတွေက ပေးတဲ့ ထမင်းကျန်, ဟင်းကျန်ကို ခံယူနေတဲ့ အဲဒီ သူဌေးသားကို တွေ့ရတော့

www.burmeseclassic.com

www.burmeseclassic.com


ဘုရားရှင်က ပြုံးတော်မူပါတယ်၊ အရှင်အာနန္ဒာက ပြုံးတော်မူခြင်းရဲ့အကြောင်းကို လျှောက်ထားတဲ့အတွက် ဘုရားရှင်က မိန့်ကြားတော်မူပါတယ်။

"အာနန္ဒာ ! ဒီမဟာဓနသူဌေးရဲ့သားကို ကြည့်စမ်း၊ ဒီမြို့မှာပဲ ကုဋေ ၁၆၀–သောဥစ္စာကို ဖြုန်းတီးပစ်ခဲ့ပါတယ်၊ မယားကိုခေါ်ပြီး ထမင်းအတွက် လှည့်လည်တောင်းရမ်းနေရပါတယ်။

ဒီသူဌေးသားဟာ ဥစ္စာတွေကို ဖျက်ဆီးမပစ်ဘဲ ပထမအရွယ်မှာ အလုပ်လုပ်မယ်ဆိုရင် ဒီမြို့မှာပဲ အထက်တန်းစားသူဌေး ဖြစ်မှာပဲ၊ ရဟန်းပြုမယ်ဆိုရင် အရဟတ္တဖိုလ်ကို ရမှာပဲ၊ သူ့မိန်းမက အနာဂါမိဖိုလ်ကို ရမှာပဲ။

အလယ်အရွယ်မှာ ဥစ္စာတွေကို ဖျက်ဆီးမပစ်ဘဲ အလုပ်လုပ်မယ်ဆိုရင် ဒုတိယတန်းစားသူဌေး ဖြစ်မှာပဲ၊ ရဟန်းပြုလို့ရှိရင် အနာဂါမ်ဖြစ်မှာပဲ၊ သူ့မိန်းမက သကဒါဂါမိဖိုလ်ကို ရမှာပဲ။

နောက်ဆုံးအရွယ်မှာ ဥစ္စာတွေကို ဖျက်ဆီးမပစ်ဘဲ အလုပ်လုပ်လို့ရှိရင် တတိယတန်းစားသူဌေး ဖြစ်မှာပဲ၊ ရဟန်းပြုလို့ရှိရင် သကဒါဂါမ် ဖြစ်မှာပဲ၊ သူ့မိန်းမက သောတာပတ္တိဖိုလ်ကို ရမှာပဲ။

အခုအချိန်မှာတော့ ဒီသူဌေးသားဟာ လူတွေရဲ့စည်းစိမ်ချမ်းသာကလဲ ယုတ်လျော့ခဲ့ရတယ်၊ ရဟန်းအဖြစ်ဂုဏ်ကျေးဇူးကလဲ ယုတ်လျော့ခဲ့ရတယ်၊ အဲဒီလို ယုတ်လျော့ပြီး ခြောက်သွေ့နေတဲ့ ရေအိုင်မှာ အတောင်ပံကျိုးတဲ့ ကြိုးကြာငှက်အိုလို ဖြစ်နေရတော့တယ်။

တရားအားထုတ်ရမယ်၊ စွမ်းနိုင်တဲ့အရွယ်မှာ ဥစ္စာကိုစုဆောင်းထားရမယ်၊ တရားလဲအားမထုတ်၊ ဥစ္စာကိုလဲ ရှာဖွေစုဆောင်းလို့မထားရင် ငါးကုန်သွားတဲ့ ညွန်အိုင်မှာ အတောင်ကျိုးနေတဲ့ ကြိုးကြာအိုလို ကြံ့မှိုင်နေရတော့တယ်၊ လေးက လွတ်သွား, လေးအရှိန်ကုန်နေတဲ့ မြားဟာ ကျရာအရပ်မှာ ပျက်စီးသွားသလို ရှေးကခံစားဖူးတာတွေကို ပြန်ပြောင်းလို့ ညီးတွားပြောဆိုရင်း သေဆုံးသွားကြရပါတော့တယ်"။

"မောင်လှသန်းက ဒီဝတ္ထုက ဘာသင်ခန်းစာရတယ်ဆိုတာ ပြောပြပါအုံး"။

"ငယ်စဉ်က ပညာမသင်ဘဲ နေမယ်, အရက်သောက်မယ်, မကောင်းသူတွေနှင့်ပေါင်းမယ်ဆိုရင် ဘယ်လောက်ပင် ပစ္စည်းဥစ္စာ ချမ်းသာကြွယ်ဝတဲ့ သူဌေးသားဖြစ်စေကာမူ အဆုံးတစ်နေ့မှာ လူလုံးမလှ ပျက်စီးရတော့တယ်ဆိုတဲ့ သင်ခန်းစာကို ရပါတယ်"။

"ဒီနေ့သင်တန်းကို ဒီမှာပဲ ရပ်နားထားကြစို့ရဲ့၊ ဂုဏ်တော်တွေကိုအော့ပြိုင်တူရွတ်ပါအုံး၊ ဂုဏ်တော်တွေ ရွတ်ပြီးလို့ရှိရင် ပြန်နိုင်ကြပါပြီ"။

www.burmeseclassic.com

www.burmeseclassic.com


## *မသောခင် အမွေအကုန်ပေးသူ

တော်သလင်းလဆန်း ၃–ရက်၊ တနင်္ဂနွေနေ့

အမွေကို အပ်နှင်းရမယ်ဆိုပေမဲ့ မသော်ခင်က ရှိသမျှ ပစ္စည်းဥစ္စာကို သားသမီးတို့အား အကုန်ခွဲဝေပေးလို့ရှိရင် သားသမီးများ မကောင်းက နောင်တစ်ချိန်မှာ ခိုးကိုးရာမဲ့ ဖြစ်တတ်ပါတယ်။

သာဝတ္ထိမြို့သား ပုဏ္ဏားတစ်ယောက်မှာ ပစ္စည်းဥစ္စာ ၈–သိန်းရှိနေပါတယ်၊ အရွယ်ရောက်လာတဲ့ သားလေးယောက်တို့အား ထိမ်းမြားလက်ထပ်ပေးထားပါတယ်၊ ပစ္စည်းဥစ္စာ ၄–သိန်းတို့ကိုလဲ ခွဲဝေပေးထားပါတယ်။

ပုဏ္ဏေးမ ကွယ်လွန်သွားတဲ့အခါ သားတွေက အဖေကို အစွမ်းကုန် ပြုစုလုပ်ကျွေးကြပါတယ်၊ အသက်ထက်ဆုံး ကျွန်တော်တို့က ဒီလိုချည်း ပြုစုလုပ်ကျွေးသွားပါ့မယ်၊ ကျန်တဲ့ပစ္စည်းဥစ္စာကို ကျွန်တော်တို့အား ပေးပါလို့ တောင်းကြပါတယ်။

ပုဏ္ဏားက နောက်ထပ် တစ်ယောက်တစ်သိန်းစီ ပေးပြန်တယ်၊ ထို့နောက် ကိုယ့်အတွက် အဝတ်အရုံလောက်သာ ချန်ထားပြီး အတွင်းအပ အသုံးအဆောင် အကုန်လုံးကို လေးပုံပုံပြီး အပ်နှင်းလိုက်ပါတယ်။

အဲဒီလို အပ်နှင်းလိုက်ပြီးတဲ့နောက် သူ့ကို သားအကြီးက ရက်အနည်းငယ် လုပ်ကျွေးပါတယ်၊ တစ်နေ့မှာ ရေချိုးရာက ပြန်လာတဲ့ပုဏ္ဏားကို ချွေးမဖြစ်သူက တံခါးမှာ်ကနေပြီး ဆီးကြိုပြောဆိုပါတော့တယ်။

"ရှင်က သားကြီးအား တစ်ထောင်,တစ်ရာ ပိုလို့ပေးထားတာ ရှိသလား ?၊ သားအကုန်လုံးအား ၂–သိန်းစီ ၂–သိန်းစီ ပေးခဲ့တာပဲ မဟုတ်လား ?၊ ကျန်တဲ့ သားတွေရဲ့ အိမ်ကို သွားရမယ့်လမ်းကို မသိတော့ဘူးလား ?"။

ဒီစကားကို ကြားရတော့ "ထွီ– အယုတ်တမာမ ! ပျက်စီးတော့–လို့" ပြောလျက် အမျက်ထွက်စိတ်ဆိုးပြီး အခြားသားရဲ့အိမ်ကို သွားပါတယ်၊ အဲဒီသားအိမ်ကလဲ ရက်အနည်းငယ် ကျော်လွန်လာတဲ့အခါ အလားတူပဲ နှင်ထုတ်လိုက်ပြန်တယ်၊ အခြားသားတွေရဲ့အိမ်ကလဲ ဒီနည်းအတိုင်းပဲ နှင်ထုတ်လိုက်ပါတယ်။

အဆုံးမှာ ဘယ်အိမ်ကိုမှ ဝင်ခွင့်မရတော့တဲ့အတွက် အဝတ်ဖြူဝတ်တဲ့ ပရိဗိုဇ်ရဟန်း ပြုလုပ်ပြီး အစားအတွက် လှည့်လည်နေရပါတော့တယ်၊ အသက်ကလဲ ကြီးလာ, အစားကောင်းလဲ မစားရ, အအိပ်ကောင်းလဲ မအိပ်ရတော့တဲ့ အတွက်

* ၆–၅–၂၊ ၃၁။

www.burmeseclassic.com

www.burmeseclassic.com



တစ်ကိုယ်လုံး ပိန်ချုံးပြီး လူလုံးမလှ ဖြစ်နေရပါတော့တယ်၊ သားများထံမှာ မိမိရဲ့ ထောက်တည်ရာကို မတွေ့ရတော့တဲ့အတွက် ထမင်းခွက်ကိုကိုင်ပြီး တောင်ရေး ထောက်ကာထောက်ကာနဲ့ ဗုဒ္ဓမြတ်စွာထံကို ရောက်လာပါတော့တယ်။

ဗုဒ္ဓမြတ်စွာရဲ့အနားကို ရောက်လာတော့ ဗုဒ္ဓမြတ်စွာနှင့် ဝမ်းမြောက်ဝမ်းသာ ပြောနေပါတယ်၊ ဗုဒ္ဓမြတ်စွာကမေးကြည့်လို့ အကြောင်းစုံကို သိရတဲ့အခါ ပုဏ္ဏား ! သင်က ဒီကဗျာတွေကို သင်ယူပြီး သင့်သားတွေပါဝင်တဲ့ အစည်းအဝေးမှာ ရွတ်ဆို ပြပေတော့ဆိုပြီး ကဗျာ ၅-ပုဒ် သင်ပေးလိုက်ပါတယ်။

*၁။ မွေးဖွားလို့လာ-သားတွေတွက်ကြောင့်, ရွှင်လမ်းနှစ်သက်-ရခဲ့ပါ၊
သားကလေးတွေ-ကြီးပွားရေးကို, နေ့စဉ်မျှော်တွေး-တောင့်တလာ။
ငါကျွေးမွေးထား-သားယုတ်မာ, မယားနှင့်သာ-တိုင်ပင်ထား၊
ခွေးက ဝက်ကို-တားသလို, ငါ့ကိုမြစ်တား-မောင်းနှင်ထား။

၂။ ရက်စက်ယုတ်မာ-ဘီလူးများက, သားတွေအလား-ဖန်ဆင်းကာ၊
အဖေ အဖေ-ဖေချင်းထပ်အောင်, ခေါ်ဝေါ်မချွတ်-တူလှပါ။
သားမိုက်လေးယောက်-ခုချိန်ခါ, ရွယ်ကြီးရင့်လာ-ကျွန်ုပ်အား၊
ငယ်ကကျွေးလာ-မထောက်စာ, ကြီးခါပယ်ရှား-စွန့်ပစ်ထား။

၃။ လှည်းဆွဲမြင်းတွေ-အိုမင်းလှလို့, နိုင်းစေမရ-ဖြစ်သောခါ၊
မင့်မညှာ-အစာဖြတ်လို့, ပစ်ပယ်ထားတတ်-လားတူစွာ။
သားမိုက်အများ-ပစ်ထားပါ, အိုမင်းလို့လာ-ကျွန်ုပ်က၊
သူ့အိမ်တွေမှာ-လှည့်ပတ်ကာ, မကွာနိစ္စ-တောင်းစားရ။

၄။ ငါ့တောင်ဝှေးသာ-တကယ်မြတ်လို့, မိဘပြောလတ်-မလိုက်နာ၊
သားဆိုးတစ်တွေ-တောင်ဝှေးလောက်မှ, အားကိုးမရ-မမြတ်ပါ။
ငါ၏တောင်ဝှေး-အရေးပါ, ကြမ်းကြုတ်လှပါ-နွားကိုတား၊
ကြမ်းကြုတ်လွန်ပင်-ခွေးများဖြင့်, မောင်းနှင်ဟန့်တား-ပယ်ရှောင်ရှား။

၅။ မိုက်မှောင်ထဲတွင်-ငါ့တောင်ဝှေးက, ရှေ့ဆောင်လမ်းပြ-ပြုလုပ်ပါ၊
မညီမညာ-ချောက်တွေရှိလည်း, အားကိုးရဘိ-လွန်သက်သာ။
တောင်ဝှေးအစွမ်း-ထက်လှပါ, ချွတ်ချော်သည့်ခါ-ထိန်းချုပ်ထား၊
လေးယောက်သားမှာ-ကျူပ်တွက်တာ, မိုရာကင်းငြား-ပယ်ရှောင်ရှား။

www.burmeseclassic.com

www.burmeseclassic.com



ပုဏ္ဏားကလဲ သားတွေပါဝင်နေတဲ့ ဂုဏ်ရှိ, သရေရှိ ပုဏ္ဏားတွေရဲ့ အစည်းအဝေးကို တွေ့ရတဲ့အခါ အစည်းအဝေးအလယ်ကို ဝင်သွားပါတယ်၊ ခွင့်တောင်းပြီး မတ်တတ်ရပ်ကာ ကဗျာ ၅–ပုဒ်ကို ရွတ်ဆိုပြလိုက်ပါတယ်။

အဲဒီခေတ်ကာလမှာလဲပဲ မိဘတွေရဲ့ဥစ္စာကို စားသောက်ရပါလျက် မိဘတို့အား မလုပ်ကျွေးတဲ့ သားသမီးကို အဆုံးစီရင်ရမယ်ဆိုတဲ့ လူတွေရဲ့ကျင့်ဝတ်ဥပဒေ ရှိနေပါတယ်။

ဒါ့ကြောင့် ဒီပုဏ္ဏားရဲ့သားလေးယောက်တို့က အဖေရဲ့ခြေပေါ်မှာ တုပ်ဝပ်ပြီး တောင်းပန်ကြပါတယ်။

"အဖေရေ ! ကျွန်တော်တို့အား အသက်ကို ပေးသနားတော်မူပါ"။

"မောင်တို့ရေ ! ကျုပ်ရဲ့သားကလေးတွေကို မဖျက်ဆီးကြပါနှင့်၊ ကျုပ်ကို ကျွေးမွေးကြပါလိမ့်မယ်"။

ပုဏ္ဏားအိုက နူးညံ့တဲ့ အဖေရဲ့နှလုံးသားနဲ့ လူတွေကို ပြောဆိုတောင်းပန်ထားပါတယ်၊ အဲဒီအချိန်မှာပဲ ပုဏ္ဏားကြီးရဲ့သားတွေကို လူတွေက သတိပေးစကား ပြောဆိုကြပါတယ်။

"မိတ်ဆွေတို့ ! ခင်ဗျားတို့က ဒီနေ့ကစပြီး အဖေကို ကောင်းမွန်စွာ မပြုစုမလုပ်ကျွေးရင် ခင်ဗျားတို့ကို ထုံးတမ်းစဉ်လာအရ သတ်ကြရမှာပဲ"။

လူတွေရဲ့စကားကို ကြားရတဲ့အခါ သူတို့က ကြောက်တဲ့အတွက် အဖေကို ကုလားထိုင်ပေါ်မှာ အထိုင်ခိုင်းကြပါတယ်၊ သူတို့ကိုယ်တိုင် မြှောက်ချီပြီး အိမ်ကို သယ်ဆောင်သွားကြပါတယ်၊ ကိုယ်ကို ဆီနဲ့ သုတ်လိမ်းပွတ်တိုက်ပေးကြပါတယ်၊ ပြီးမှ နံ့သာမှုန့်တွေနဲ့ ရေချိုးခိုင်းထားကြပါတယ်။

ထို့နောက် သူတို့ရဲ့မိန်းမတွေကို အခေါ်ခိုင်းပြီး "ဒီနေ့ကစပြီး ကျုပ်တို့ရဲ့အဖေကို ကောင်းစွာပြုစုလုပ်ကျွေးကြရမယ်၊ သင်တို့က မေ့လျော့ပေါ့ဆစွာ နေကြလို့ရှိရင် သင်တို့ကို နှိပ်ကွပ်ကြရတော့မှာပဲ"လို့ ပြောဆိုမှာထားကြပြီး ကောင်းမြတ်တဲ့ဘောဇဉ်တွေကို ကျွေးမွေးစေကြပါတယ်။

"ဒီဝတ္ထုကို ဒီမှာပဲ လက်စသတ်လိုက်ကြစို့ရဲ့၊ မတင့်တင့်ဝေက ဒီဝတ္ထုကဘာသင်ခန်းစာ ရတယ်ဆိုတာကို ပြောပြစမ်းပါအုံး"။

"အမွေကို အပ်နှင်းရမယ်ဆိုပေမဲ့ အသက်ထင်ရှားရှိစဉ်က သားသမီးတို့အား ပစ္စည်းဥစ္စာ အကုန်လုံးကို ခွဲဝေပေးလိုက်လို့ရှိရင် သားသမီးမကောင်းကနောင်တစ်ချိန်မှာ ခိုကိုးရာမဲ့ ဖြစ်ရတတ်ပါတယ်၊ သားသမီးတွေဆိုတာဟာ

www.burmeseclassic.com

www.burmeseclassic.com



အများအားဖြင့် ပစ္စည်းနှင့် ကိုယ့်အသက်ကိုလောက် အမေအဖေကို အရေး မပြုကြဘူးဆိုတာ ဒီဝတ္ထုထဲက ရတဲ့သင်ခန်းစာ ဖြစ်ပါတယ်"။

### *နောင်တပူပန်မှု ကြောင်းဆယ်ခု

ဗာရာဏသီမြို့ ဗြဟ္မဒတ်မင်းမှာ ဇနသန္ဓ–ဆိုတဲ့ သားကလေး တစ်ယောက် ရှိပါတယ်၊ အရွယ်ရောက်လာတဲ့အခါ တက္ကသိုလ်မြို့ကို သွားပြီး အတတ်ပညာ သင်ယူပါတယ်၊ ပညာတတ်လို့ ပြန်လာတဲ့အခါမှာ ဗြဟ္မဒတ်မင်းက သားတော် ဇနသန္ဓမင်းသားအား အိမ်ရှေ့မင်းရာထူးကို ပေးထားပါတယ်၊ အကျဉ်းထောင် တွေကိုလဲ ဖွင့်လွှတ်စေပါတယ်၊ ဘခမည်းတော် နတ်ရွာစံ ကံတော်ကုန်တဲ့အခါ ဇနသန္ဓမင်းသားက မင်းဖြစ်လာပါတယ်။

ဇနသန္ဓမင်းက မြို့တံခါးလေးမျက်နှာ မြို့အလယ်နှင့် နန်းတော်တံခါးဆိုတဲ့ ၆–နေရာမှာ အလှူမဏ္ဍပ် ၆–ဆောင်ကို ဆောက်လုပ်ခိုင်းထားပါတယ်၊ တစ်နေ့ တစ်နေ့မှာ ၆–သိန်း ၆–သိန်းစီ စွန့်လွှတ်လှူဒါန်းနေပါတယ်၊ ဇမ္ဗူဒိပ်တစ်ကျွန်းလုံး ချောက်ချားသွားအောင် အလှူကြီးကို ဖြစ်စေပါတယ်၊ ထောင်တွေကို အမြဲဖွင့်ထား ရအောင် လုပ်စေပါတယ်၊ တရားဘဏ္ဍာတိုက်ကို သုတ်သင်စေပါတယ်၊ သင်္ဂဟတရား လေးပါးနဲ့ လူတွေကို ချီးမြှောက်ပါတယ်၊ ငါးပါးသီလကို စောင့်ပါတယ်၊ ဥပုသ်လဲ စောင့်သုံးပါတယ်၊ တရားလမ်းကြောင်း မတိမ်းစောင်းစေဘဲ မင်းပြုနေပါတယ်။

ဇနသန္ဓမင်းက အကြားအကြားမှာလဲ တိုင်းသူပြည်သားတွေကို စုရုံးစေပြီး တရားဟောပါတယ်။

> "အလှူအတန်း ပြုလုပ်ကြ၊ သီလဆောက်တည်ကြ၊ သမထဝိပဿနာ ဘာဝနာတွေကို ပွားများကြ၊ တရားနှင့်အညီ လုပ်ငန်းကိစ္စတွေကို ပြုလုပ်ကြ၊ တရားနှင့်အညီရောင်းဝယ်မှုကို ပြုလုပ်ကြ၊ ငယ်ရွယ်စဉ်အခါကပင် အတတ် ပညာတွေကို သင်ယူကြ၊ ပစ္စည်းဥစ္စာကို စုဆောင်းကြ၊ ရွာသူတို့အပေါ် ကောက်ကျစ်စဉ်းလဲမှုကို မပြုကြနှင့်၊ ကုန်းတိုက်ကုန်းချောတဲ့ စကားကို မပြော ဆိုကြနှင့်၊ ကြမ်းတမ်းသူ၊ ကြမ်းကြုတ်သူ မဖြစ်စေကြနှင့်၊ အမိအား အပြည့် အဝ လုပ်ကျွေးကြ၊ အဘအား အပြည့်အဝ လုပ်ကျွေးကြ၊ အမျိုးမှာ ကြီးသူ တွေကို အရိုအသေပြုကြ"။

ဒီလို တရားဟောပြောပြီး လူများကို သုစရိုက်တရားမှာ တည်စေပါတယ်၊ ကိုယ်ကျင့် တရား ကောင်းစေပါတယ်။

---

* ဇာတ–၅–၄၊ ၁၇၇။

www.burmeseclassic.com

www.burmeseclassic.com



ဇနသန္ဓမင်းက ၁၅–ရက် ဥပုသ်နေ့တစ်နေ့မှာ ဥပုသ်ဆောက်တည်ထားပါတယ်၊ လူတွေမှာ ပိုပြီး စီးပွားချမ်းသာ တိုးတက်အောင်, လူတွေက မမေ့မလျော့နေကြအောင် တရားဟောအုံးမှပဲဆိုတဲ့ အကြံအစည်တွေကို ကြံစည်နေပါတယ်။

ကြံစည်ပြီးတဲ့နောက် မြို့ရွာစည်လည်ခိုင်းထားပါတယ်၊ မိမိရဲ့ အလုပ်အကျွေး မိန်းကလေးတွေကို အစထားပြီး တစ်မြို့လုံးမှာ ရှိသမျှ လူတွေကို စည်းဝေးခိုင်း ထားပါတယ်၊ မင်းရင်ပြင်မှာ မဏ္ဍပ်တစ်ခု ဆောက်လုပ်ခိုင်းထားပါတယ်၊ မဏ္ဍပ် အလယ်မှာ ရတနာပလ္လင်တစ်ခုကို အထားခိုင်းပါတယ်၊ မင်းရင်ပြင်ကိုရော, မဏ္ဍပ် ကိုရော တန်ဆာအဆင်ခိုင်းထားပါတယ်၊ ရတနာပလ္လင်ပေါ်ကနေပြီး မြို့သူမြို့သား တွေကို တရားဟောပါတော့တယ်။

၁။ သုံးစွဲစရာကြိုက ဥစ္စာမရှိလို့ရှိရင် "ငါဟာ အရွယ်ရှိတုန်းက ပစ္စည်းဥစ္စာမရှာဖွေ မစုဆောင်းမိခဲ့ဘူး" ဒီလို နောင်ကြီးလာတဲ့အခါမှာ စိုးရိမ်ပူပန်ရတော့တယ်။

၂။ အတတ်ပညာမတတ်လို့ အသက်မွေးဖို့ ခဲယဉ်းလာခဲ့ရင် "ငါဟာ အစွမ်းအစ ရှိရက်သားနဲ့ ငယ်ငယ်ရွယ်ရွယ်က အတတ်ပညာ မသင်ခဲ့မိဘူး" ဒီလို နောင် အခါမှာ စိုးရိမ်ပူပန်ရတတ်ပါတယ်။

၃။ "ငါဟာ ရှေးအခါက ကောက်ကျစ်စဉ်းလဲခဲ့တယ်၊ ကုန်းတိုက်ကုန်းချောခဲ့တယ်၊ ကြမ်းကြုတ်ခဲ့တယ်" ဒီလို နောင်အခါမှာစိုးရိမ် ပူပန်ရတတ်ပါတယ်။

၄။ "ငါဟာ ရှေးအခါက သူ့အသက်ကို သတ်ခဲ့တယ်၊ ကြမ်းကြုတ်ရက်စက်ခဲ့တယ်၊ လူယုတ်မာ ဖြစ်လာခဲ့တယ်၊ သတ္တဝါတွေကို သနားကျင်နာသမှု မပြုမိခဲ့ဘူး" ဒီလို နောင်အခါမှာ စိုးရိမ်ပူပန်ရတတ်ပါတယ်။

၅။ "သူတစ်ပါးတို့ သိမ်းပိုက်မထားတဲ့ မိန်းမတွေ အများအပြား ရှိရက်သားနဲ့ ငါက သူ့မယားကို မှီဝဲမိပါတယ်" ဒီလို နောင်အခါမှာ စိုးရိမ်ပူပန်ရတတ် ပါတယ်။

၆။ "ထမင်းအဖျော် အများအပြား ရှိရက်သားနဲ့ ငါဟာ ရှေးက အလှူဒါနကို မလှူခဲ့မိပေစွတကား" ဒီလို နောင်အခါမှာ စိုးရိမ်ပူပန်ရတတ်ပါတယ်။

၇။ "ဥစ္စာအားရော, ကိုယ်အားရော ရှိရက်သားနဲ့ ငါဟာ အသက်အရွယ် ကြီးရင့် လာတဲ့ မိအို,ဘအိုကို မလုပ်ကျွေးခဲ့လေစွတကား" ဒီလို နောင်အခါမှာ နောင်တပူပန်ရတတ်ပါတယ်။

၈။ "အဖေဆိုတာဟာ လက်ဦးဆရာလဲ ဖြစ်ပါတယ်၊ ထပ်ကာထပ်ကာလဲ ဆုံးမ တတ်ပါတယ်၊ အဝတ်အစား–စတဲ့ ကာမရသာစုံကို ဆောင်ယူလို့လဲ ကျွေးမွေး

www.burmeseclassic.com

www.burmeseclassic.com



တတ်ပါတယ်၊ ဒီလို အဖေမျိုးကို ငါက မထိလေးစား လုပ်မိခဲ့တယ်၊ ပြောစကားကို နားမထောင်မိခဲ့ဘူး" ဒီလို နောင်အခါမှာ စိုးရိမ်ပူပန်ရတတ်ပါတယ်။

၉။ "သီလလဲရှိ၊ များသောအကြားအမြင်လဲရှိကြတဲ့ ရဟန်းတွေ၊ သူတော်ကောင်းတွေကို ရှေးတုန်းက မဆည်းကပ်မိခဲ့ဘူး" ဒီလို နောင်အခါမှာ ပူပန်ရတတ်ပါတယ်။

၁၀။ "သုစရိုက်ဆယ်ပါးဆိုတဲ့ အကျင့်ဟာ (ကိုယ်၊နှုတ်၊စိတ်တွေကို) ငြိမ်သက်စေတတ်ပါတယ်၊ ကျင့်လဲ ကျင့်သင့်ပါတယ်၊ ကောင်းလဲ ကောင်းလှပါတယ်၊ ငါက ဒီသုစရိုက်ဆိုတဲ့အကျင့်ကို မကျင့်မိခဲ့ဘူး" ဒီလို နောင်အခါမှာ စိုးရိမ်ပူပန်ရတတ်ပါတယ်။

ဒီအကြောင်းဆယ်ပါးကို အသင့်အားဖြင့် ကျင့်တဲ့သူဟာ သူတော်ကောင်းတွေရဲ့ အလုပ်ကို လုပ်ရာရောက်ပါတယ်၊ နောင်အခါလဲ မစိုးရိမ် မပူန်ရတော့ပါ။

ဘုရားလောင်း ဇနသန္ဓမင်းကြီးက ဒီတရား ၁၀-ပါးတို့ကို လခွဲတစ်ကြိမ် လူများအား ဟောပေးပါတယ်၊ လူများကလဲ ဘုရားလောင်းရဲ့ အဆုံးအမကို လိုက်နာကြပါတယ်၊ ဒါနဲ့ပဲ အကုန်လုံးလိုလို နတ်ပြည်ရောက်ကြရပါတယ်။

*ရွယ်ကောင်းတုန်းမှာ-ဥစ္စာစုလို့ ၊ နှုတ်မှု လက်မှု-သင်ရမယ်၊
ဖြောင့်မတ်တစ်ဖြာ-သတ်ဖြတ်ကင်းလို့ ၊ ကာမမှားယွင်း-ကွင်းရှောင်မယ်။
ပေးလှူ မိဘ-လုပ်ကျွေးတယ် ၊ နားထောင်မပယ်-ဖေ့စကား၊
ရဟန်းသံဃာ-ဆည်းကပ်ပါ ၊ ဆယ်ဖြာ သုများ-ပြုကျင့်ထား။
ဤဆယ်ပါးသာ-ချို့ယွင်းလာ၊ နောင်ခါကြီးမား-စိုးရိမ်ပွား။

"မောင်ထွန်းရွှေက ပြောပြစမ်းပါအုံး ဒီဝတ္ထုက ဘာသင်ခန်းစာ ရတယ်ဆိုတာကို"။

"တိုင်းပြည်အုပ်ချုပ် မင်းလုပ်သူတွေ ကောင်းရင်ကောင်းသလောက် တိုင်းသူပြည်သားတွေက အကျိုးခံစားရတယ်ဆိုတာဟာ ဒီဝတ္ထုထဲကရတဲ့ သင်ခန်းစာ ဖြစ်ပါတယ်"။

## *အမျက်ဒေါသကြီးသူ

ဒီနေရာမှာ ရှေးက ဖြစ်ဖူးခဲ့တဲ့ အကြောင်းအရာတစ်ခုကို ထည့်သွင်းပြောပြပါအုံးမယ်။

---

* ဓာတ်-၄-၁၊ ၅၃၀။

www.burmeseclassic.com

www.burmeseclassic.com



ဝေသာလီမြို့မှာ ဒုဋ္ဌလိစ္ဆဝိဆိုတဲ့ မင်းသား တစ်ယောက် ရှိပါတယ်၊ အဲဒီ မင်းသားဟာ အမျက်ကြီးပါတယ်၊ ရုန့်ရင်းကြမ်းတမ်းပါတယ်၊ နှိုင်ထက်စီးနင်း လုပ်တတ်ပါတယ်၊ တုတ်နဲ့ထိလိုက်တဲ့ မြွေဟောက်လို အမြဲအမျက်ထွက်ပါတယ်၊ သူ့ရှေ့မှာ စကားနှစ်ခွန်း,သုံးခွန်း ပြောရဲတဲ့ လူရယ်လို့ မရှိပါဘူးတဲ့၊ သူ့ကို အမေ,အဖေတွေက ဆုံးမပဲ့ပြင်လို့လဲ မရ၊ ဆွေမျိုးတွေက ဆုံးမပဲ့ပြင်လို့လဲ မရ၊ မိတ်ဆွေ,သူငယ်ချင်း ချစ်ကျွမ်းဝင်သူတွေက ပြုပြင်ပေးလို့လဲ မရဘူးတဲ့။

ဒါနဲ့ သူ့အမေ,အဖေတွေက သူ့ကိုခေါ်ပြီး ဘုရားရှင်ထံ သွားကြပါတယ်၊ ဘုရားရှင်အနားကို ရောက်တဲ့အခါ ရှိခိုးပြီး လျှောက်ထားကြပါတယ်။

> "ရှင်တော်မြတ်ဘုရား ! ဒီမင်းသားဟာ ရုန့်ရင်းကြမ်းတမ်းပါတယ်၊ သိသိသာသာ အမျက်ထွက်တတ်ပါတယ်၊ ဒီမင်းသားကလေးအား ဆုံးဩဝါဒ ပေးသနားတော်မူပါ"။

ဘုရားရှင်က အမေ,အဖေတွေရဲ့ စကားအဆုံးမှာပဲ အဲဒီမင်းသားကို ဆုံးမတော်မူပါတယ်။

> "မင်းသား ! ဒီသတ္တဝါတွေရဲ့အပေါ်မှာ ရုန့်ရင်းကြမ်းတမ်းသူမျိုး, နှိုင်ထက်စီးနင်း ပြုလုပ်တတ်သူမျိုး, ညှဉ်းပန်းနှိပ်စက်တတ်သူမျိုးဆိုတာဟာ မဖြစ်သင့်ဘူး၊ ကြမ်းကြမ်းတမ်းတမ်း ပြောဆိုသူကို မွေးမေရင်းကလဲ မနှစ်သက်ဘူး၊ အဖေကလဲ မနှစ်သက်ဘူး၊ မယားကလဲ မနှစ်သက်ဘူး၊ ညီ,အစ်ကိုတွေကလဲ မနှစ်သက်ကြဘူး၊ ညီမ,အစ်မတွေကလဲ မနှစ်သက်ကြဘူး၊ အဆွေခင်ပွန်းတွေကလဲ မချစ်ခင်, မမြတ်နိုးကြဘူး။
>
> ကိုက်မယ်လို့လာတဲ့မြွေလို, တောအုပ်ထဲမှာ ထကြွသောင်းကျန်းနေတဲ့ တောပုန်းဓားပြလို, စားမယ်လို့လာတဲ့ဘီလူးလို ထိတ်လန့်ခြင်းကို ဖြစ်စေတတ်ပါတယ်၊ အဲဒီ ညှဉ်းပန်းနှိပ်စက်တတ်သူဟာ ဒီဘဝက ကွယ်လွန်သွားတာနဲ့ တစ်ပြိုင်နက် ငရဲ-စသည်မှာ ဖြစ်ရတတ်ပါတယ်။
>
> အခုဘဝမှာလဲပဲ အမျက်ဒေါသကြီးတဲ့ ပုဂ္ဂိုလ်ဟာ ဝတ်စားတန်ဆာ ဆင်ယင်ထားပေမဲ့ အရုပ်ဆိုးသူသာ ဖြစ်ရပါတော့တယ်၊ လပြည့်ဝန်းလို ကျက်သရေ ရှိနေတဲ့ သူ့မျက်နှာလဲပဲ မီးလျှံ-ဟပ်ထားတဲ့ ပဒုမာကြာပန်းလို, အညစ်အကြေးတွေ ပေကျံနေတဲ့ အနားကို ရွှေကွပ်ထားတဲ့ မှန်ဝိုင်းလို ကြည့်စရာ မကောင်းအောင် ရုပ်ပျက်ဆင်းပျက် ဖြစ်နေပါတော့တယ်။
>
> သတ္တဝါတွေဟာ အမျက်ဒေါသကို အကြောင်းပြုပြီး ကိုယ့်ကိုကိုယ် ဓားနဲ့လဲ ခုတ်တတ်ကြတယ်၊ အဆိပ်ကိုလဲ သောက်တတ်ကြပါတယ်၊ ကြိုးဆွဲလဲ ချတတ်ကြပါတယ်၊ ရေထဲကိုလဲ ဆင်းသေတတ်ကြပါတယ်၊ ကမ်းပါးပြတ်ကလဲ

www.burmeseclassic.com

www.burmeseclassic.com



ခုန်ချတတ်ကြပါတယ်၊ ဒီလို အမျက်ဒေါသနဲ့ သေသွားလို့ရှိရင် ငရဲ–စသည်တို့မှာ ဖြစ်ကြရပါတယ်။

ညှဉ်းဆဲတတ်သူတွေဟာလဲ ဒီဘဝမှာလဲ ကဲ့ရဲ့ ခံရတတ်ပါတယ်၊ နောင်ဘဝမှာလဲ ငရဲ–စသည်တို့မှာ ဖြစ်ကြရပါတယ်၊ နောင်လူပြန်ဖြစ်လာရင်လဲ မွေးသည်က–စပြီး ရောဂါများသူတွေ ဖြစ်ကြရပါတယ်၊ ပုဂ္ဂိုလ်တစ်ဦးတည်းမှာ ရောဂါမျိုးစုံ စုပုံကျရောက်လာတတ်ပါတယ်၊ ရောဂါက လွတ်တယ်လို့မရှိဘဲ အမြဲဆင်းရဲဒုက္ခ ရောက်နေကြရပါတယ်။

ဒါ့ကြောင့် သတ္တဝါအကုန်လုံးတို့ရဲ့ အပေါ်မှာ မေတ္တာစိတ်ရှိသူ, အကျိုးစီးပွားကို လိုလားတဲ့စိတ်ရှိသူ, နူးညံ့တဲ့စိတ်ရှိသူမျိုး ဖြစ်ရမယ်၊ ဒီလိုသဘောရှိတဲ့ ပုဂ္ဂိုလ်ကတော့ ငရဲ–စသည်တို့က လွတ်မြောက်ရပါတယ်"။

ဒုဋ္ဌလိစ္ဆဝိမင်းသားက ဗုဒ္ဓမြတ်စွာရဲ့ ဩဝါဒကို လေးလေးစားစား နာကြားပါတယ်၊ ဩဝါဒကို တစ်ကြိမ်နာရရုံနဲ့ပဲ မာန်,မာန ကင်းသွားပါတယ်၊ ယဉ်ကျေးလာပါတယ်၊ မေတ္တာစိတ် ရှိလာပါတယ်၊ စိတ်နူးညံ့လာပါတယ်။

အခြားဆဲတဲ့သူကိုလဲ လှည့်မကြည့်တော့ပါ၊ ရိုက်တဲ့သူကိုလဲ လှည့်မကြည့်တော့ပါ၊ အစွယ်ထုတ်ထားတဲ့ မြွေလို, လက်မပြတ်နေတဲ့ ပုစွန်လုံးလို, ဦးချိုကျိုးနေတဲ့ နွားလားဥသဘလို ဖြစ်နေပါတော့တယ်။

"မအုန်းမြင့်က ဒီဝတ္ထုထဲက ဘာသင်ခန်းစာ ရတယ်ဆိုတာကို ပြောပြစမ်းပါအုံး"။

"အခုခေတ်မှာလဲပဲ ပြောဆိုဆုံးမလို့မရတဲ့ သားသမီးကို အကျင့်သီလနှင့်လဲ ပြည့်စုံ, ဗဟုသုတနှင့်လဲပြည့်စုံတဲ့ ဆရာသမားထံ ခေါ်သွားပြီး ဆိုဆုံးမခိုင်းလို့ရှိရင် ယဉ်ကျေးသိမ်မွေ့လာစရာ ရှိတယ်ဆိုတာ ဒီဝတ္ထုထဲကရတဲ့ သင်ခန်းစာ ဖြစ်ပါတယ်"။

"ဒီမှာပဲ သင်တန်းကို ခေတ္တရပ်နားပြီး ၂–နာရီခွဲမှ ပြန်စကြစို့ရဲ့"။

**တပည့်တာဝန်–၅**

၁။ နေရာမှ ထပေးရမယ်၊

၂။ ခစားဆည်းကပ်မှု ပြုရမယ်၊

၃။ ဆရာ့စကားကို ယုံကြည်လိုလားစွာ နားထောင်ရမယ်၊

၄။ ပြုစုလုပ်ကျွေးရမယ်၊

၅။ ရိုသေလေးစားစွာ အတတ်ကို သင်ယူရမယ်။

ဒီတာဝန် ၅–ပါးကတော့ ဆရာ့အပေါ်မှာ တပည့်တွေက လိုက်နာပြုလုပ်ရမယ့် တာဝန်တွေ ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



၁။ ဆရာက အတန်းထဲကို ဝင်လာရင် တပည့်တွေက နေရာက ထပေးကြရမယ်၊ ဆရာအဝေးက လာနေတာကို တွေ့ရလို့ရှိရင် တပည့်က နေရာက ထပြီး ခရီးဦးကြိုဆိုမှု ပြုရမယ်၊ ဆရာ့လက်မှာ ပါလာတဲ့ ပစ္စည်းကို လှမ်းယူရမယ်၊ နေရာခင်းပေးပြီး ထိုင်နေစေရမယ်၊ ယပ်ခတ်မှု, ခြေဆေးမှု, ခြေကိုပွတ်သုတ်ပေးမှု –စသည်တို့ကို ပြုလုပ်ပေးရမယ်၊ ဒါတွေကို ရည်ညွှန်းပြီး နေရာက ထပေးရမယ်လို့ ဆိုထားခဲ့ပါတယ်။

၂။ နံနက်ပိုင်းမှာတစ်ချိန်, နေ့လယ်ပိုင်းမှာတစ်ချိန်, ညနေပိုင်းမှာတစ်ချိန် တစ်နေ့မှာသုံးကြိမ် ခစားမှုကို ပြုရမယ်၊ ပညာသင်ချိန်မှာတော့ မသွားမနေရ, သွားရမှာ ဧကန်ဖြစ်ပါတယ်။

၃။ သင်ယူထားတဲ့ ဒီအတတ်နဲ့ ဒီလိုဂုဏ်မျိုးကို တကယ်ပဲ ရလိမ့်မယ်လို့ ဆရာနှင့် သင်ယူမယ့်အတတ်အပေါ်မှာ ယုံကြည်လေးစားမှု အပြည့်အဝနဲ့ နာယူမှတ်သားရမယ်၊ ယုံကြည်လေးစားမှု မရှိဘဲ နာယူရင်တော့ ထူးချွန်စွာ တတ်မြောက်နိုင်မယ်မဟုတ်ဘူး။

၄။ ကြွင်းကျန်တဲ့ အသေးအမွှားကိစ္စတွေနဲ့ ပြုစုလုပ်ကျွေးရမယ်၊ တပည့်က နံနက်စောစောထပြီး ဆရာအား မျက်နှာသစ်ရေ, သွားပွတ်တန်, သွားတိုက်ဆေးတို့ကို ဆက်ကပ်ရမယ်၊ ထမင်းစားတဲ့ အခါမှာလဲ သောက်ရေကို ယူပေးမှု, နေရာခင်းပေးမှု, ယပ်ခတ်ပေးမှု–စသည်တို့ကို ပြုလုပ်ပေးရမယ်၊ ဆရာကို ရှိခိုးပြီး နေရမယ်၊ ညစ်နွမ်းနေတဲ့ အဝတ်အစား–စသည်တို့ကို ဖွတ်လျှော်ပေးရမယ်၊ ညနေချိန်မှာ ချိုးရေကို တည်ပေးထားရမယ်၊ မကျန်းမမာ ဖြစ်လာတဲ့အခါမှာ ပြုစုလုပ်ကျွေးရမယ်၊ ဒါတွေကို ရည်ညွှန်းလို့ ပြုစုလုပ်ကျွေးရမယ်လို့ ဆိုထားပါတယ်။

၅။ အနည်းငယ် သင်ယူပြီးသည့်နောက် အကြိမ်ပေါင်းများစွာ ပြန်အံထားခြင်း, ကျေညက်အောင် လေ့လာထားခြင်းမျိုးကိုပဲ လေးလေးစားစား သင်ယူထားတယ်လို့ ဆိုရပါတယ်၊ ပုဒ်ကလေးတစ်ပုဒ်ပင် ဖြစ်စေကာမူ သန့်စင်အောင်သာ သင်ယူသင့်ပါတယ်။

"ဆရာမ မစိုးစိုးတင့်က ဘောမှာ ရေးထားတာကို တိုင်ပေးလိုက်ပါအုံး"။

*ဆရာကြွလာ–ထပေးမှုနှင့် , ခိုဆည်းကပ်မှု–ပြုရမှာ၊
လိုလားယုံကြည်–နားထောင်မှုနှင့် , လုပ်ကျွေးပြုစု–လုပ်ကြရာ။
ရိုသေလေးမြတ်–ပြန်လေ့လာ , အတတ်ပညာ–သင်ယူထား၊
တပည့်များမှာ–လုပ်စရာ , ညွှန်းပါငါးပါး–တာဝန်များ။

www.burmeseclassic.com

www.burmeseclassic.com



**ဆရာ့တာဝန်–၅**

၁။ ကောင်းစွာ ဆုံးမရမယ်၊

၂။ ကောင်းစွာ သင်ယူစေရမယ်၊

၃။ အတတ်အကုန်လုံးကို ပြောဆိုသင်ကြားပေးရမယ်၊

၄။ အဆွေခင်ပွန်းတို့ထံမှာ အပ်နှံပေးရမယ်၊

၅။ အရပ်မျက်နှာတို့မှာ အစောင့်အရှောက်ကို လုပ်ပေးရမယ်။

ဒီတာဝန် ၅–ပါးကတော့ တပည့်တွေအပေါ်မှာ ဆရာက ပြုလုပ်ပေးရမယ့် တာဝန်တွေပဲ ဖြစ်ပါတယ်။

၁။ သင်က ဒီလိုထိုင်ရမယ်၊ ဒီလိုလုပ်ရမယ်၊ ဒီလိုစားရမယ်၊ ဒီလိုသောက်ရမယ်၊ မကောင်းတဲ့မိတ်ဆွေတွေကို ရှောင်ကြဉ်ရမယ်၊ ကောင်းတဲ့မိတ်ဆွေတွေနှင့် ပေါင်းသင်းရမယ်၊ ဒီလို မျက်မှောက်အကျိုးစီးပွား, တမလွန်အကျိုးစီးပွားနှင့် သက်ဆိုင်တဲ့အကျင့်တွေကို ကောင်းစွာသင်ပေးရမယ်၊ ညွှန်ကြားဆုံးမရမယ်။

၂။ ကောင်းစွာသင်ပေးရာရောက်အောင် အနက်အဓိပ္ပာယ်တွေကိုရော, သဒ္ဒါကိုရော သုတ်သင်ရှင်းလင်းပြီး ကြိုးကြိုးစားစား သင်ယူစေရမယ်၊ တပည့်များအပေါ်မှာ စေတနာအပြည့်အဝထားပြီး နားမလည်တာကို နားလည်သွားအောင် စိတ်ရှည်လက်ရှည်နဲ့ ကြိုးစားသင်ပေးရမယ်။

၃။ သင်ခန်းစာများကို စာမေးပွဲဖြေဆိုလို့ဖြစ်ရုံ ကွက်ကျော်သင်ပေးမှုကို မပြုသင့်၊ သင်ရိုးညွှန်းတန်းကုန်အောင် အစက အဆုံးထိသာ သင်ပေးသင့်ပါတယ်၊ စာမေးပွဲအောင်ရင်ပြီးရောပေါ့ဆိုတဲ့ သဘောနဲ့ ဖြတ်လမ်းကိုလိုက်ပြီး သင်မပေးသင့်၊ ပညာသင်ကြားရာမှာ ဖြတ်လမ်းလို့ မရှိသင့်ပါ၊ ဖြတ်လမ်းကိုလိုက်က စာမေးပွဲ အောင်ကောင်းအောင်ပါလိမ့်မယ်၊ ပညာကတော့ တတ်မည်မဟုတ်ပါ။

၄။ ငါတို့ရဲ့ ဒီတပည့်ကလေးဟာ လိမ္မာထက်မြက်တယ်၊ ဗဟုသုတရှိတယ်၊ ကျူပ်နှင့် ထပ်တူထပ်မျှ တတ်ပါတယ်၊ ဒီတပည့်ကလေးကို အသိအမှတ်ပြုထားကြပါ၊ လိုတဲ့နေရာမှာ ထည့်သွင်းအသုံးပြုကြပါ၊ သူ့ကို အလုပ်ပေးကြပါလို့ မိတ်ဆွေသူငယ်ချင်းတို့ထံ အပ်နှံပေးရမယ်၊ အလုပ်ရှာပေးရမယ်။

၅။ အတတ်သင်ပေးတာနဲ့ပဲ တပည့်အတွက် အရပ်မျက်နှာအကုန်လုံးမှာ အစောင့်အရှောက်ကို ပြုလုပ်ပေးထားရာရောက်ပါတယ်၊ အတတ်ပညာကို ပြီးဆုံးအောင်သင်ယူထားသူရဲ့ သွားရောက်ပြီးအတတ်ပညာကို ပြသသမျှ အရပ်မျက်နှာတိုင်းမှာ လာဘ်ပူဇော်သက္ကာရတွေ ဖြစ်ပေါ်လာတတ်ပါတယ်၊ အဲဒီ

www.burmeseclassic.com

www.burmeseclassic.com



လာဘ်ပူဇော်သက္ကာရတွေဟာ ဆရာပြုလုပ်ပေးတာပဲ မည်ပါတယ်၊ သူ့ရဲ့ဂုဏ်ကျေးဇူးကို ပြောတဲ့လူအပေါင်းကလဲ ဒီလူဟာ ဆရာ့ခြေတွေကို ဆေးကြောပြီး နေလာခဲ့တဲ့ တပည့်ကောင်း ပီသပါပေစွလို့ လက်ဦးဆုံး ဆရာ့ဂုဏ်ကိုပဲ ပြောဆိုတက်ကြပါတယ်၊ သူ့မှာ ဖြစ်ပေါ်လာတဲ့ အင်မတန် များပြားတဲ့ လာဘ်လာဘဟာ ဆရာ့ဥစ္စာပဲ ဖြစ်ပါတယ်။

နောက်တစ်နည်းကတော့ မန်းမှုတ်ရွတ်ဖတ်ပြီး သွားလို့ရှိရင် တောအုပ်မှာ ခိုးသူတို့ မမြင်နိုင်တဲ့ မန္တန်မျိုး, အစိမ်းသူရဲတွေကပဲဖြစ်ဖြစ်, မြွေ–စသည်တို့ကပဲဖြစ်ဖြစ် မညှဉ်းဆဲ မနှိပ်စက်နိုင်တဲ့ မန္တန်မျိုးကို သင်ပေးတဲ့ ဆရာလဲပဲ အရပ်မျက်နှာတို့မှာ အစောင့်အရှောက်ကို ပြုလုပ်ပေးရာ ရောက်ပါတယ်။

နောက်တစ်နည်း ပြောပြပါအုံးမယ်၊ တပည့်ကလေးရောက်သွားတဲ့ အရပ်မျက်နှာက ယုံမှားသံသယရှိလို့ ကိုယ့်ထံကိုရောက်လာတဲ့ လူတွေကို ခင်ဗျားတို့နေတဲ့ အရပ်မျက်နှာမှာ ကျုပ်တို့ရဲ့တပည့် ရှိနေပါတယ်၊ ဒီအတတ်ပညာမှာ သူနဲ့ကျုပ်ရဲ့ ထူးခြားချက် မရှိပါဘူး၊ ကျုပ်တတ်သလောက် သူကလဲ တတ်တာပါပဲ၊ သူ့ကို မေးကြလို့ တပည့်ကို ချီးမွှမ်းတဲ့ ဆရာကလဲပဲ တပည့်ရဲ့ အဲဒီအရပ်မှာ လာဘ်ပူဇော်သက္ကာရဖြစ်ခြင်းရဲ့ အစောင့်အရှောက် ထောက်တည်ရာကို ပြုလုပ်ပေးရာ ရောက်ပါတယ်။

"ဒီမှာ ဒီလောက်နဲ့ပဲ ကျေနပ်ကြပါ၊ သင်တန်း သိပ်ကြာသွားမှာကိုလဲ စိုးရပါတယ်။

ဆရာမ မမြင့်မြင့်ဝေက သောမှာ ရေးထားတာကို တိုင်ပေးလိုက်ပါအုံး"။

*ယဉ်ကျေးလာအောင်–ဆုံးမထားလို့ , ကြိုးကြိုးစားစား–သင်စေပါ၊
အတတ်မချန်–သင်ပေးထားလို့ , အပ်နှံပေးထား–မိတ်ကောင်းမှာ။
ရှိရှိသမျှ–ရပ်မျက်နှာ , စောင့်ရှောက်ကောင်းစွာ–လုပ်ပေးထား၊
ဆရာများမှာ–လုပ်စရာ , ညွှန်းပါငါးပါး–တာဝန်များ။

### လင့်တာဝန် –၅

၁။ အမြတ်တနိုး ခေါ်ဝေါ်ပြောဆိုရမယ်၊
၂။ နှိမ့်ချပြီး မပြောဆိုရ၊
၃။ အခြားမိန်းမတွေနှင့် မလွန်ကျူးရ၊
၄။ မီးဖိုချောင် အုပ်စိုးမှုကိုလဲ လွှဲအပ်ရမယ်၊
၅။ ဝတ်စားတန်ဆာ ဆင်ပေးရမယ်။

ဒီ ၅–ပါးကတော့ မယားအပေါ်မှာ ပြုကျင့်ရမယ့် လင့်တာဝန်တွေပဲ ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



၁။ မောင်လှရဲ့အမေ, မခင်ရဲ့အမေ, ခင်ရေ–စသည်ဖြင့် ချီးဝှဲဂုဏ်တင် အမြတ်တနိုး ခေါ်ဝေါ်ပြောဆိုရမယ်။

၂။ ကျွန်အလုပ်သမား–စသူတို့ကို ရိုက်နှက်ညှဉ်းဆဲပြီး ပြောဆိုကြသလို ရှုတ်ချမှု, အထင်အမြင်သေးမှုကို မပြုလုပ် မပြောဆိုရ၊ လင်ရဲ့အထင်အမြင်သေးမှုကို ခံရတဲ့မိန်းမတွေကို ခြွေရံပရိသတ် အကုန်လုံးက အထင်သေးအမြင်သေးကြပါတော့တယ်။

၃။ တရားဝင်လက်ထပ်ထားတဲ့ မိန်းမကို ပစ်ပယ်ထားပြီး အပြင်ပမှာ အခြားမိန်းမတွေနှင့် ပျော်ပါးပြီး မနေရ၊ လက်ထပ်ထားတဲ့ မိန်းမနှင့်သာ ပေါင်းသင်းဆက်ဆံ နေထိုင်ရမယ်။

၄။ မိန်းတွေဆိုတာဟာ မဟာလတာနှင့်တူတဲ့ အဆင်တန်ဆာကို ရပေမဲ့ ထမင်းဟင်း ချက်ပြုတ်စီမံခန့်ခွဲမှုကို မရလို့ရှိရင် စိတ်ဆိုးတတ်ပါတယ်၊ ယောက်မကို လက်မှာထည့်ပေးလိုက်ပြီး သင်ကြိုက်သလို လုပ်ပါတော့လို့ မီးဖိုချောင်ကို စွန့်လွှတ်အပ်နှင်းလိုက်လို့ရှိရင် စိုးရပိုင်ဆိုင်မှု အကုန်လုံးကို စွန့်လွှတ်အပ်နှင်းရာ ရောက်ပါတယ်၊ အဲဒီလို စဖိုချောင်အုပ်စိုးမှုကို လွှဲအပ်ထားရမယ်လို့ ဆိုလိုပါတယ်။

အိမ်ကနေပြီး စီမံခန့်ခွဲရတဲ့ လယ်ထွန်မှု, ကုန်သွယ်မှု–စတဲ့ အလုပ်တွေကတော့ အမျိုးသမီးရဲ့တာဝန် မဟုတ်ဘူး၊ လင့်တာဝန်သာ ဖြစ်ပါတယ်၊ အဲဒီလုပ်ငန်းတွေက ရလာတဲ့ ပစ္စည်းဥစ္စာတွေကိုတော့ အမျိုးသမီးကပဲ ထိန်းသိမ်းစောင့်ရှောက်ရပါ့မယ်။

၅။ မိန်းမတွေဆိုတာဟာ သားရခြင်းနဲ့ မရောင့်ရဲသလို အဖိုးထိုက်တန်ပြီးကြီးမားတဲ့ အဆင်တန်ဆာကိုရခြင်းနှင့်လဲ မရောင့်ရဲကြပါဘူး၊ ဒါ့ကြောင့် သူတို့နှစ်သက်ကျေနပ်အောင် မိမိတို့ရဲ့ ပစ္စည်းအင်အားနှင့် သင့်တော်တဲ့ ဝတ်စားတန်ဆာ ဆင်ယင်ပေးရမယ်။

"ဆရာမ မမြင့်မြင့်သန်းက ဘောမှာ ရေးထားတာကို တိုင်ပေးလိုက်ပါအုံး"။

*မြတ်နိုးတနာ–ခေါ်ဝေါ်ပြောလို့ , နှိမ့်ချသဘော–မပြောရာ၊
သစ္စာရှိစွာ–ပေါင်းဖော်ပြုလို့ , မီးဖိုချောင်မှု–လွှဲအပ်ပါ။
ပစ္စည်းအင်အား–သင့်လျော်စွာ , ဝတ်စားတန်ဆာ–ဆင်ပေးထား၊
လင်ဖြစ်သူမှာ–လုပ်စရာ , ညွှန်းပါငါးပါး–တာဝန်များ။

www.burmeseclassic.com

www.burmeseclassic.com



မယားတာဝန် -၅

၁။ လုပ်ငန်းကိစ္စကို ကောင်းစွာစီမံနိုင်ရမယ်၊
၂။ နှစ်ဖက်သော ဆွေမျိုးတွေကို ချီးမြှောက်ရမယ်၊
၃။ ကိုယ့်လင်မှတစ်ပါး အခြားယောကျ်ားနှင့် မဖောက်ပြားရ၊
၄။ ရှာဖွေစုဆောင်းပေးသမျှဥစ္စာကို ထိန်းသိမ်းစောင့်ရှောက်ရမယ်။
၅။ ကိစ္စအကုန်လုံးမှာ ကျွမ်းကျင်ပြီး ပျင်းရိခြင်း ကင်းရမယ်။

ဒီ ၅-မျိုးကတော့ လင့်အပေါ်မှာ ပြုကျင့်ရမယ့် မယားရဲ့ တာဝန်တွေပဲ ဖြစ်ပါတယ်။

၁။ အမျိုးသမီးတွေရဲ့ စီမံခန့်ခွဲရမယ့် အလုပ်တွေဆိုတာဟာ အစာအာဟာရကို ပြည့်စုံအောင် စီမံမှုပဲ ဖြစ်ပါတယ်၊ ဒါက ယေဘုယျအားဖြင့် သတ်မှတ်ချက်မျှသာ ဖြစ်ပါတယ်၊ ဒါ့ကြောင့် လက်ဖက်ရည်အိုးတည်ရမဲ့အချိန်, ထမင်းချက်ရမဲ့အချိန်-စသည်တို့ကို မကျော်လွန်စေဘဲ သက်ဆိုင်ရာအလုပ်ကို စနစ်တကျ ပြုလုပ်သောအားဖြင့် လုပ်ငန်းကိစ္စတွေကို ကောင်းစွာစီမံရမယ်၊ ပြုလုပ်ရမယ်။

၂။ လင်ရဲ့ဆွေမျိုးနှင့် မိမိရဲ့ဆွေမျိုးတို့ကို နှစ်ဖက်သော ဆွေမျိုးလို့ ဆိုရပါတယ်၊ အဲဒီ ဆွေမျိုးတွေကို ထိုက်သည်အားလျော်စွာ ချစ်ဖွယ်သာယာ ပြောဆိုခြင်းနဲ့ဖြစ်စေ, အစားအစာပေးခြင်း-စသည်တို့ဖြင့်ဖြစ်စေ, ပွဲလမ်းသဘင်ရှိနေတဲ့နေ့-စသည်တို့မှာ လက်ဆောင်ပစ္စည်းပို့သောအားဖြင့်ဖြစ်စေ ချီးမြှောက်ရမယ်။

၃။ မိမိရဲ့ကာမပိုင် လင်သားမှတစ်ပါး အခြားယောကျ်ားကို စိတ်နဲ့တောင်မှ မတောင့်တရ၊ ကိုယ့်လင်သားနှင့်သာ ပျော်ပျော်ပါးပါး ပေါင်းသင်း ဆက်ဆံနေထိုင်ရမယ်။

၄။ လယ်ထွန်မှု, ကုန်သွယ်မှု-စသည်တို့ကို ပြုလုပ်ပြီး လင်သားဖြစ်သူက အပြင်ပမှ အိမ်တွင်းကို ယူဆောင်လာသမျှ ပစ္စည်းဥစ္စာကို ထိန်းသိမ်းစောင့်ရှောက်ထားရမယ်၊ အကျိုးမဲ့ သုံးဖြုန်းမပစ်ရ။

၅။ မိန်းဆိုတာဟာ ရှေးဦးစွာ အာဟာရကို စီမံချက်ပြုတ်မှုမှာ လိမ္မာကျွမ်းကျင်ရမယ်၊ အာဟာရကို ပြည့်စုံစေမှုမှာ ကြိုးစားအားထုတ်ရမယ်၊ ထို့နောက် လင်ယောကျ်ားရဲ့ မိန်းမနှင့်သက်ဆိုင်တဲ့ ကိစ္စကြီးငယ်တွေမှာ အားထုတ်ရမယ်၊ ထို့ပြင် သားသမီးတွေနှင့် ခြွေရံပရိသတ်ရဲ့ လုပ်သင့်တဲ့ကိစ္စများမှာ ကြိုးစားအားထုတ်ရမယ်၊ လက်ဖက်ရည်ဖျော်မှု, ထမင်း,ဟင်းချက်မှု-စသည်တို့မှာ လိမ္မာကျွမ်းကျင်ရမယ်၊ ပျင်းရိခြင်း ကင်းရမယ်၊ အခြားအပျင်းထူတဲ့ မိန်းမတွေက ထိုင်မိလို့ရှိရင် မထတော့ဘူး၊ ရပ်မိလို့ရှိရင်လဲ မထိုင်တော့ဘူး၊ အဲဒီလို မဖြစ်စေဘဲ ကျယ်ပြန့်တဲ့စိတ်နဲ့ (အမြင်ကျယ်ကျယ်စိတ်နဲ့) ကိစ္စအကုန်လုံးတို့ကို အပြီးအစီး ဆောင်ရွက်ရမယ်။

www.burmeseclassic.com

www.burmeseclassic.com



*"ဆရာမ မသန်းဒွေးက ဘောမှာ ရေးထားတာကို တိုင်ပေးလိုက်ပါအုံး"။

လုပ်ငန်းကျွမ်းကျင်–စီမံထားလို့ , နှစ်ဖက်မျိုးများ–ချီးမြှောက်ရာ၊
လင်ကိုကျူးကျော်–မဖောက်ပြားဘဲ , ဥစ္စာအပ်ထား–သိမ်းဆည်းပါ။
ကိစ္စအားလုံး–ကျွမ်းကျင်စွာ , ထကြွကောင်းစွာ–ဆောင်ရွက်ထား၊
မယားလိမ္မာ–လုပ်စရာ , ညွှန်းပါငါးပါး–တာဝန်များ။

***လင့်အပေါ်မှာ သစ္စာရှိသောမိန်းမ**

သာဝတ္ထိမြို့သား သူကြွယ်တစ်ယောက်က မိမိရဲ့ဇနီးနှင့်အတူ ကြွေးတောင်းရအောင် တောနယ်ကို သွားပါတယ်၊ ကြွေးတောင်းပြီး ပြန်လာတဲ့အခါ လမ်းခရီးမှာ ခိုးသားတွေရဲ့ ဖမ်းယူမှုကို ခံရပါတယ်။

အဲဒီသူကြွယ်ရဲ့မိန်းမက အဆင်းလှပါတယ်၊ တစ်ဖက်သားကို ဆွဲဆောင်နိုင်ပါတယ်၊ ကြည့်ရှုချင်ဖွယ် တင့်တယ်ပါတယ်၊ ဓားပြဗိုလ်က အဲဒီမိန်းမကို ချစ်ကြိုက်တဲ့အတွက် သူကြွယ်ကို သတ်မယ်လို့ အားထုတ်ပါတယ်။

အဲဒီ မိန်းမက သီလရှိသူဖြစ်ပါတယ်၊ ကိုယ်ကျင့်တရား ပြည့်ဝသူဖြစ်ပါတယ်၊ လင်ကို အိမ်ဦးနတ်သဖွယ် ရိုသေလေးစားပါတယ်၊ ဓားပြဗိုလ်ကြီးရဲ့ ခြေတို့မှာ တုပ်ဝပ်ပြီး တောင်းပန်ပါတယ်။

"ဗိုလ်ကြီးရေ ကျွန်မအပေါ်မှာ ချစ်ခင်လို့ရှိရင် ကျွန်မရဲ့လင်ကို မသတ်ပါနှင့်၊ အကယ်၍သာ ကျွန်မလင်က သေသွားခဲ့ပါရင် ကျွန်မက အဆိပ်စားလို့ သော်လဲ သေမယ်၊ နှာခေါင်းလေကို ချုပ်ထားလို့သော်လဲ သေမယ်၊ ရှင်နှင့်တော့ အတူမလိုက်နိုင်ပါဘူး၊ အကြောင်းမရှိဘဲ ကျွန်မလင်ကို မသတ်ပါနှင့်"။

တောင်းပန်တဲ့ မိန်းမကို သနားတာနဲ့ပဲ သူကြွယ်ကို လွှတ်လိုက်ပါတယ်၊ နှစ်ဦးစလုံး သာဝတ္ထိမြို့သို့ ချမ်းသာစွာ ပြန်လာခဲ့ကြပါတယ်။

"မအုန်းပွင့်က ပြောပြစမ်းပါအုံး ဒီဝတ္ထုက ဘာသင်ခန်းစာ ရတယ်ဆိုတာကို"။

"မိန်းမဆိုတာဟာ လင့်အပေါ်မှာ သစ္စာရှိရမယ်၊ အရေးကြုံက ကိုယ့်အသက်ကို စွန့်လွှတ်ပြီး လင်ရဲ့အကျိုးကို ဆောင်ရွက်ရမယ်ဆိုတဲ့ သင်ခန်းစာကို ဒီဝတ္ထုထဲက ရပါတယ်"။

"ဒီနေ့သင်တန်းကိုတော့ ဒီမှာပဲ နားထားကြစို့ရဲ့၊ ဒါပေမဲ့ ဂုဏ်တော်တွေကိုတော့ ပြိုင်တူရွတ်ကြပါအုံး၊ ဂုဏ်တော်တွေ ရွတ်ပြီးမှ ပြန်ကြတာပေါ့"။

---

* ဓာတ်–၄–၂၊ ၃၀၈။

www.burmeseclassic.com

www.burmeseclassic.com



## *မယားလိမ္မာ

တော်သလင်းလဆန်း ၁၀–ရက်၊ တနင်္ဂနွေနေ့

သာဝတ္ထိမြို့မှာ အမျိုးသမီးကလေး တစ်ယောက် ရှိနေပါတယ်၊ အဲဒီအမျိုးသမီးကလေးဟာ အဂ္ဂသာဝကနှစ်ပါးရဲ့ အလုပ်အကျွေးဖြစ်တဲ့ အိမ်ထောင်စုရဲ့ သမီးဖြစ်ပါတယ်၊ သဒ္ဓါတရား ရှိပါတယ်၊ ရတနာသုံးပါးကို ကြည်ညိုပါတယ်၊ ဘုရားကို မြတ်နိုးပါတယ်၊ တရားကိုမြတ်နိုးပါတယ်၊ သံဃာကိုမြတ်နိုးပါတယ်၊ ကိုယ်ကျင့်ကောင်းပါတယ်၊ ပညာရှိပါတယ်၊ ဒါန–စတဲ့ ကုသိုလ်ကောင်းမှုမှာ မွေ့လျော်ပျော်ပိုက်ပါတယ်။

အဲဒီ အမျိုးသမီးကလေးကို သာဝတ္ထိမြို့မှာပဲ နေထိုင်တဲ့ မိစ္ဆာဒိဋ္ဌိ–အမျိုးကတောင်းရမ်းစေ့စပ်လာပါတယ်၊ ဒီတော့ အမျိုးသမီးကလေးရဲ့ အမေအဖေတွေက ပြောဆိုကြပါတယ်။

"တို့သမီးကလေးက သဒ္ဓါတရားရှိသူ ဖြစ်တယ်၊ ရတနာသုံးပါးကို ကြည်ညိုပါတယ်၊ မြတ်နိုးပါတယ်၊ ဒါန–စတဲ့ ကုသိုလ်ကောင်းမှုမှာ မွေ့လျော်ပျော်ပိုက်ပါတယ်၊ ရှင်တို့က မိစ္ဆာအယူရှိသူတွေ ဖြစ်ကြပါတယ်၊ ဒီတော့ ရှင်တို့က တို့သမီးကလေး အလိုရှိသလို အလှူပေးခွင့်လဲ ပြုကြမယ်မဟုတ်ဘူး၊ တရားနာခွင့်လဲ ပေးကြမယ် မဟုတ်ဘူး၊ သီလစောင့်ခွင့်လဲ ပေးကြမယ် မဟုတ်ဘူး၊ ဥပုသ်စောင့်ခွင့်လဲ ပေးကြမယ် မဟုတ်ဘူး၊ ဒါ့ကြောင့် တို့က ရှင်တို့အား သမီးကလေးကို မပေးနိုင်ပါဘူး၊ မိမိတို့နှင့် အယူတူတဲ့ မိစ္ဆာအယူရှိတဲ့ အိမ်ထောင်စုကပဲ အမျိုးသမီးကလေးကို တောင်းယူကြတာပေါ့"။

အမျိုးသမီးအမေအဖေတွေရဲ့ ပယ်မြစ်တဲ့ စကားကို ကြားရတဲ့ အခါ အမျိုးသားကလေးရဲ့အမေအဖေတွေက သူတို့ရဲ့အလိုကို လိုက်လျောပြီး ဝန်ခံစကား ပြောကြားကြပါတယ်။

"ရှင်တို့ရဲ့သမီးကလေးက ကျမတို့အိမ်ကို ရောက်လာတဲ့အခါ သူ့အလိုရှိသလို ရှင်တို့ပြောတာ အကုန်လုံးကို ပြုလုပ်ရပါ့စေမယ်၊ ကျမတို့က တားမြစ်ကြမယ် မဟုတ်ပါဘူး၊ ရှင်တို့သမီးကလေးကို ကျမတို့အား စိတ်ချလက်ချသာ ပေးကြပါ"။

"ဒီလိုဆိုရင်တော့ ယူကြတာပေါ့"။

အမျိုးသမီးကလေးအမေအဖေတွေရဲ့ ခွင့်ပြုချက်ကို ရတဲ့အခါ သင့်တော်တဲ့နေ့မှာ မင်္ဂလာဆောင်ပြီး အဲဒီအမျိုးသမီးကလေးကို ကိုယ့်အိမ်သို့ ခေါ်သွားကြပါတယ်။

* ဇာတ်–၅–၃၊ ၁၆၉။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီအမျိုးသမီးကလေးက ဝတ်အကျင့်နှင့် ပြည့်စုံပါတယ်၊ လင်ကို အိမ်ဦးနတ်အား ရိုသေလေးစားသလို ရိုသေလေးစားပါတယ်၊ ယောက္ခမတွေရဲ့ဝတ်ကိုလဲ ပြုလုပ်ပါတယ်၊ လင်ရဲ့ဝတ်ကိုလဲ ပြုလုပ်ပါတယ်၊ တစ်နေ့မှာ အမျိုးသမီးကလေးက လင့်ထံမှာ ခွင့်တောင်းပါတယ်။

"မောင်ရေ ! ကျွန်မက ကျွန်မတို့ရဲ့ဆရာဖြစ်တဲ့ မထေရ်တွေကို အလှူပေးလိုပါတယ်"။

"အကောင်းသားပဲ ခင်ရေ !၊ ကိုယ်အလိုရှိသလို အလှူပေးလိုက ပေးတာပေါ့"။

လင့်ထံက ခွင့်ရတယ်ဆိုရင်ပဲ အမျိုးသမီးကလေးက မထေရ်တွေကို အပင့်ခိုင်းလိုက်ပါတယ်၊ များမြတ်တဲ့ ပူဇော်သက္ကာကို ပြုလုပ်ပါတယ်၊ မွန်မြတ်တဲ့ဘောဇဉ်ကို ကျွေးပါတယ်၊ ထို့နောက် သင့်တော်ရာကထိုင်ပြီး မထေရ်တွေကို လျှောက်ထားပါတယ်။

"အရှင်ဘုရားတို့ ! ဒီအိမ်ထောင်စုဟာ မိစ္ဆာအယူရှိနေပါတယ်၊ သဒ္ဓါတရား မရှိပါ၊ ရတနာသုံးပါးရဲ့ဂုဏ်ကိုလဲ နားမလည်ပါ၊ အရှင်ဘုရားတို့ ! တပည့်တော် တောင်းပန်လိုပါတယ်၊ ဒီအိမ်ထောင်စုက ရတနာသုံးပါးရဲ့ ဂုဏ်ကျေးဇူးကို မသိမချင်း ဒီအိမ်မှာပဲ ဆွမ်းကို ခံယူတော်မူကြပါ"။

အမျိုးသမီးကလေးရဲ့ လျှောက်ထားချက်ကို မထေရ်တွေက လက်ခံကြပါတယ်၊ အဲဒီအိမ်မှာပဲ အမြဲဆွမ်းဘုဉ်းပေးနေကြပါတယ်။

အမျိုးသမီးကလေးက လင်ယောကျ်ားကို နောက်ထပ် တောင်းပန်ပြောဆိုပါတယ်။

"မောင်ရေ ! မထေရ်တွေက ဒီအိမ်ကို အမြဲကြွလာနေကြပါတယ်၊ ဘာ့ကြောင့် မောင်တို့က မထေရ်တွေကို မဖူးမြော်ကြပါသလဲ ?"။

"ကောင်းပါပြီကွာ၊ ဖူးမြော်ပါ့မယ်"။

အမျိုးသမီးကလေးက နောက်တစ်နေ့ မထေရ်တွေ ဆွမ်းဘုဉ်းပေးပြီးတဲ့ အချိန်မှာ လင်ဖြစ်သူအား ပြောကြားပါတယ်၊ လင်ဖြစ်သူကလဲ မထေရ်တွေရဲ့အနားကို သွားပါတယ်၊ မထေရ်တွေနှင့်အတူ လောကဝတ်စကား ပြောကြားပြီး သင့်တော်ရာက ထိုင်နေပါတယ်။

အဲဒီ အချိန်မှာ ရှင်သာရိပုတ္တရာက သူ့အား တရားစကား ဟောပြောတော်မူပါတယ်၊ သူက ရှင်သာရိပုတ္တရာရဲ့ တရားစကားကိုလဲ ကြည်ညိုပါတယ်၊ နေပုံ

www.burmeseclassic.com

www.burmeseclassic.com



ထိုင်ပုံကိုလဲ ကြည်ညိုပါတယ်၊ ဒါနဲ့ အဲဒီနေ့ကစပြီး မထေရ်တွေအတွက် နေရာကို ခင်းပေးပါတယ်၊ သောက်ရေကို စစ်ပေးပါတယ်၊ ဆွမ်းမဘုဉ်းပေးမီ ကြားအချိန်မှာ တရားလဲ နာပါတယ်၊ နောက်တစ်ချိန်မှာ မိစ္ဆာအယူဟာ ပျက်စီးသွားပါတော့တယ်။

တစ်နေ့မှာ မထေရ်တွေက သူတို့ဇနီးမောင်နှံနှစ်ဦးအား တရားဟောရင်း သစ္စာတွေကို ပြပါတယ်၊ သစ္စာအဆုံးမှာ ဇနီးမောင်နှံနှစ်ဦးစလုံးပဲ သောတာပန်ဖြစ်သွားကြပါတယ်။

အဲဒီအချိန်ကစပြီး အမျိုးသားကလေးရဲ့ အမေအဖေတွေနှင့်တကွ ကျွန်အလုပ်သမားတွေပါ မိစ္ဆာအယူကို ပယ်စွန့်ကြပါတယ်၊ ဘုရားကို မြတ်နိုးလာကြပါတယ်၊ တရားကို မြတ်နိုးလာကြပါတယ်၊ သံဃာကို မြတ်နိုးလာကြပါတယ်၊ အိမ်ထောင်စု တစ်ခုလုံး ဗုဒ္ဓဘာသာတွေချည်း ဖြစ်လာကြပါတယ်။

တစ်နေ့ကျတော့ အမျိုးသမီးကလေးက မိမိရဲ့အလိုဆန္ဒကို လင်ဖြစ်သူအား ဖွင့်ဖော်ပြောပြပါတယ်။

"မောင်ရေ ! ကျမ အိမ်ရာတည်ထောင် လူ့ဘောင်မှာ မနေချင်တော့ဘူး၊ ရဟန်းသာ ပြုချင်ပါတော့တယ်"။

"နှမရေ ! အကောင်းသားပဲ မောင်လဲ ရဟန်းပြုတော့မယ်"။

အမျိုးသားကလေးက အမျိုးသမီးကလေးရဲ့ အလိုဆန္ဒကို လိုက်လျောခွင့်ပြုလိုက်ပါတယ်၊ များစွာသော အခြံအရံနှင့် အမျိုးသမီးကလေးကို ဘိက္ခုနီမကျောင်းသို့ ပို့ပြီး ရှင်ပြုပေးစေပါတယ်၊ ကိုယ်တိုင်လဲ ဘုရားရှင်ထံ ချဉ်းကပ်ပြီး ရှင်ရဟန်းအဖြစ်ကို တောင်းပန်ပါတယ်၊ ဘုရားရှင်က သူ့ကို ရှင်ပြုပေးခိုင်းလိုက်ပါတယ်။

နှစ်ဦးစလုံးပဲ ဝိပဿနာတရားကို ပွားများအားထုတ်ကြပါတယ်၊ မကြာမီမှာပင် အရဟတ္တဖိုလ်ကို ရရှိသွားကြပါတယ်။

"ဒီဝတ္ထုက ဘာသင်ခန်းစာ ရတယ်ဆိုတာကို မောင်သိန်းလွင်က ပြောပြပါအုံး"။

"မိန်းမဖြစ်သူက လိမ္မာပါးနပ်စွာဖြင့် သိမ်းသွင်းစည်းရုံးနိုင်လို့ရှိရင် အကျင့်စာရိတ္တပျက်စီးနေတဲ့ ယောကျ်ားကိုပင် လူကောင်းသူကောင်း ဖြစ်လာစေနိုင်တယ်–ဆိုတဲ့ သင်ခန်းစာကို ရပါတယ်"။

***မယားဆိုး သူခိုးကို ဓားရိုးကမ်း**

ဗာရာဏသီမြို့မှာနေတဲ့ ပုဏ္ဏားအမျိုးသားတစ်ယောက်က တက္ကသိုလ်မြို့ကို သွားပြီး အတတ်ပညာ သင်ယူပါတယ်၊ လေးအတတ်မှာ တစ်ဖက်ကမ်းရောက်

* ဇာတ်–၄–၃၊ ၂၀၁။

www.burmeseclassic.com

www.burmeseclassic.com


တတ်မြောက်လာပါတယ်၊ စူဠဓနုဂ္ဂဟပဏ္ဍိတဆိုတဲ့ အမည်ကို ရလာခဲ့ပါတယ်၊ ဒီတော့ စူဠဓနုဂ္ဂဟပဏ္ဍိတအား ဆရာဖြစ်သူက ဒီပုဂ္ဂိုလ်ဟာ ငါနှင့်ထပ်တူထပ်မျှ တတ်အောင် အတတ်ပညာကို သင်ယူခဲ့တယ်လို့ သမီးကို ပေးလိုက်ပါတယ်။

ဓနုဂ္ဂဟပဏ္ဍိတက ဇနီးကိုခေါ်ပြီး ဗာရာဏသီမြို့ကို ထွက်လာခဲ့ပါတယ်၊ လမ်းခရီးအကြားမှာ ဆင်တစ်ကောင်က တစ်နေရာကို လူသူကင်းဆိတ်အောင် လုပ်ထားပါတယ်၊ အဲဒီနေရာကို မည်သူမျှ မသွားရဲပါ။

ဓနုဂ္ဂဟပဏ္ဍိတက လူတွေတားမြစ်နေတုန်းမှာပဲ မယားကိုခေါ်ပြီး တောအုပ်အဝင်ဝကို ဝင်သွားပါတယ်၊ တောအုပ်အလယ်ကို ရောက်တဲ့အခါ ဆင်က လိုက်လာပါတော့တယ်၊ ဓနုဂ္ဂဟပဏ္ဍိတက ဆင်ရဲ့ဦးကင်းကို မြားနဲ့ပစ်လိုက်ပါတယ်၊ မြားက ထုတ်ချင်းထွင်းဖောက်ပြီး နောက်ကထွက်သွားပါတယ်၊ ဆင်က အဲဒီနေရာမှာပဲ လဲကျန်ရစ်ပါတယ်။

ဓနုဂ္ဂဟပဏ္ဍိတက အဲဒီနေရာကို ဘေးကင်းအောင် လုပ်ထားခဲ့ပြီး ရှေ့အခြား တောအုပ်တစ်နေရာကို ရောက်သွားပါတယ်၊ အဲဒီတောအုပ်မှာလဲပဲ ခိုးသားငါးရာ တို့က လမ်းသွားလမ်းလာတွေကို လုယူတိုက်ဖျက်နေကြပါတယ်၊ လူတွေက တားမြစ်ပေမဲ့ အဲဒီတောအုပ်ကိုလဲ ဝင်သွားတာပဲ၊ သားသမင်တွေကိုသတ်ဖြတ်ပြီး လမ်းအနီးမှာ အသားကို ကင်စားနေကြတဲ့ ခိုးသူတွေရဲ့အနားကို ရောက်သွားပါတယ်။

အဲဒီအချိန်မှာ ခိုးသူတွေက တန်ဆာဆင်ထားတဲ့ မယားနှင့်အတူလာနေတဲ့ ဓနုဂ္ဂဟပဏ္ဍိတကို တွေ့နေကြပါတယ်၊ ဒီလူကို ဖမ်းမယ်လို့ ကြိုးစားအားထုတ်ကြပါတယ်၊ ခိုးသူကြီးက ယောကျ်ားရဲ့ လက္ခဏာမှာ လိမ္မာကျွမ်းကျင်သူ ဖြစ်ပါတယ်၊ တွေ့ရုံနဲ့ပဲ ဒီလူဟာ မြင့်မြတ်တဲ့ယောကျ်ားဖြစ်တယ်ဆိုတာကို သိပါတယ်၊ တစ်ဦးတစ်ယောက်ကိုမှ ထခွင့်မပေးပါ။

ဓနုဂ္ဂဟပဏ္ဍိတက သွားစမ်း တို့အတွက် အမဲသားတံစို့ တစ်ချောင်းကို ပေးကြလို့ ပြောပြီး အသားကို ယူခဲ့ရမယ်လို့ ခိုးသူတွေဆီသို့ မိန်းမကို လွှတ်လိုက်ပါတယ်၊ မိန်းမက သွားပြီး အမဲသားတံစို့တစ်ချောင်း ပေးကြပါလို့ ပြောပါတယ်။

ခိုးသူကြီးက အင်မတန် တန်ခိုးရှိတဲ့ ယောကျ်ားပဲဆိုပြီး အမဲသားတံစို့ကို အပေးခိုင်းပါတယ်၊ ခိုးသူတွေက တို့က ကျက်တာကို စားမယ်ဆိုပြီး မကျက်သေးတဲ့ အမဲသားတံစို့ကို ပေးလိုက်ပါတယ်။

ဓနုဂ္ဂဟပဏ္ဍိတက ကိုယ်ရည်သွေးပြောဆိုပြီး ငါ့အား မကျက်တဲ့အသားကို ပေးရမလားလို့ ခိုးသူတို့အား အမျက်ထွက်ပါတယ်၊ ခိုးသူတွေ ဒီလူတစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com


ကသာ ယောက်ျားတဲ့လား၊ ငါတို့က မိန်းမတွေတဲ့လား–လို့ ပြန်အမျက်ထွက်ပြီး ထလာကြပါတယ်။

ဓနုဂ္ဂဟပဏ္ဍိတက လူ ၄၉–ယောက်တို့ကို မြား ၄၉–စင်းနဲ့ ပစ်သတ်လိုက်ပါတယ်၊ ခိုးသူကြီးကို ပစ်သတ်စရာ မြားမကျန်တော့ဘူး၊ သူရဲ့မြားကျည်တောက်မှာ မြား ၅၀–သာ ပါလာခဲ့တယ်၊ အဲဒီ မြားတွေထဲက မြားတစ်စင်းနဲ့ ဆင်ကိုပစ်သတ်ခဲ့ပါတယ်၊ မြား ၄၉–စင်းနဲ့ ခိုးသူတွေကို ပစ်သတ်ပြီးတဲ့နောက် ခိုးသူကြီးကို ဖမ်းလှဲပြီး သူ့ရဲ့ရင်ဘတ်ပေါ်မှာ ခွထိုင်ထားပါတယ်၊ ခိုးသူကြီးရဲ့ခေါင်းကို ဖြတ်မယ်လို့ မယားလက်က သံလျက်ကို တောင်းယူလိုက်ပါတယ်။

မယားဖြစ်သူက အဲဒီခဏမှာပဲ ခိုးသူကြီးအပေါ်မှာ တပ်မက်စိတ် ဖြစ်လာခဲ့ပါတယ်၊ ခိုးသူကြီးရဲ့လက်မှာဓားရိုးကို, လင်ရဲ့လက်မှာဓားသွားကို ထည့်ပေးလိုက်ပါတယ်၊ ခိုးသူကြီးက ဓားရိုးကိုကိုင်ပြီး သံလျက်အိမ်ထဲက ဆွဲနုတ်လိုက်ပါတယ်၊ သူ့သံလျက်နဲ့ပဲ ဓနုဂ္ဂဟပဏ္ဍိတရဲ့ ဦးခေါင်းကို ဖြတ်ပစ်လိုက်ပါတယ်။

ခိုးသူကြီးက ဓနုဂ္ဂဟပဏ္ဍိတကို သတ်ထားခဲ့ပြီး မိန်းမကို ခေါ်သွားရင်း အမျိုးအနွယ်ကို မေးပါတယ်။

"ကျမဟာ တက္ကသိုလ်မြို့က ဒိသာပါမောက္ခဆရာကြီးရဲ့ သမီးဖြစ်ပါတယ်"။

"ဒါဖြင့်ရင် ဒီလူက မင်းကို ဘယ်လိုရလာခဲ့သလဲ ?"။

"ကျမရဲ့အဖေက ဒီလူဟာ ငါနှင့်ထပ်တူထပ်မျှ အတတ်ပညာကို သင်ယူခဲ့တယ်လို့ နှစ်သက်ကျေနပ်တာနဲ့ ဒီလူအား ကျမကို ပေးလိုက်ပါတယ်၊ ကျမက ရှင့်ကို ချစ်ခင်မြတ်နိုးတဲ့အတွက် အဖေက ပေးအပ်လိုက်တဲ့လင်ကို အသတ်ခိုင်းခဲ့ရတာပါပဲ"။

အမျိုးသမီးရဲ့ စကားကို ကြားရတဲ့အခါ ခိုးသူကြီးက ဒီအမျိုးသမီးဟာ အဖေက ပေးလိုက်တဲ့ လင်ကိုတောင်မှ အသတ်ခိုင်းခဲ့တာပဲ၊ အခြားယောက်ျားတစ်ယောက်ကို တွေ့တဲ့အခါမှာ ငါ့ကိုလဲ ဒီအတိုင်းပဲ လုပ်လိမ့်မယ်၊ ဒီမိန်းမကို စွန့်ပစ်သင့်တယ်လို့ ဆင်ခြင်စဉ်းစားလာခဲ့ပါတယ်၊ သွားရင်း လမ်းခရီးအကြားမှာ အဲဒီခဏမှာမှ ရေပြည့်နေတဲ့ မြစ်တိမ်ကလေးတစ်ခုကို တွေ့ရတော့ ခိုးသူကြီးက နောက်ပြန်လှည့်ပြီး ပြောလိုက်ပါတယ်။

"နှစ်မရေ ! ဒီမြစ်မှာ မိကျောင်းတွေက အင်မတန် သောင်းကျန်းပါတယ်၊ ဘယ်လိုလုပ်ကြမလဲ ?"။

"မောင်ရေ ! ဒီအဆင်တန်ဆာတွေကို ကျမရဲ့တဘက်နဲ့ထုပ်ပြီး တစ်ဖက်ကမ်းကို ယူသွားပါ၊ ပြီးတော့ နောက်မှ ကျမကို ပြန်ခေါ်ပြီး သွားကြတာပေါ့"။

www.burmeseclassic.com

www.burmeseclassic.com



ခိုးသူကြီးက အမျိုးသမီး ပြောတဲ့အတိုင်း အဆင်တန်ဆာတွေကို ယူပြီး မြစ်ထဲကို ဆင်းသွားပါတော့တယ်၊ ကူးသလိုလုပ်ပြီး တစ်ဖက်ကမ်းကို ရောက်တဲ့အခါ အမျိုးသမီးကို စွန့်ထားခဲ့ပြီး ထွက်သွားပါတော့တယ်။

အမျိုးသမီးက မြစ်တစ်ဖက်ကမ်းကနေပြီး ခိုးသူကြီးကို လှမ်းအော်ပြောဆိုနေပါတယ်။

"မောင်ရေ ! ဘာ့ကြောင့် ကျမကို စွန့်သွားသလို လုပ်ရပါသလဲ ?၊ မြန်မြန်ပြန်လာခဲ့ပါ၊ ကျမကိုလဲ ခေါ်သွားပါအုံး"။

"ဟေ့အမျိုးသမီး ! မင်းက ကြာရှည်လေးမြင့် ပေါင်းဖော်လာတဲ့လင်နဲ့ မပေါင်းဖော်ဘူးသေးတဲ့ငါ့ကို လဲလှယ်ခဲ့တာပဲ၊ ခိုင်မြဲတဲ့လင်နဲ့ မခိုင်မြဲတဲ့ငါ့ကို လဲလှယ်ခဲ့တာပဲ၊ မင်းက ငါနဲ့လဲ အခြားလင်တစ်ယောက်ကို လဲလှယ်အုံးမှာပါပဲ၊ တော်ပြီ၊ ငါက အင်မတန်ဝေးတဲ့ အရပ်ကို ထွက်ပြေးတော့မယ်၊ မင်းကျန်ရစ်ပေတော့"။

ခိုးသူကြီးက စကားဆုံးသွားတာနှင့် တစ်ပြိုင်နက် အဲဒီအမျိုးသမီး ငိုနေတုန်းမှာပဲ အဆင်တန်ဆာထုပ်ကို ယူပြီး ပြေးသွားပါတော့တယ်။

မိုက်လှတဲ့ အဲဒီအမျိုးသမီးက အလိုကြီးတဲ့အတွက် ဒီလို ပျက်စီးခြင်းသို့ ရောက်ခဲ့ရပါတယ်၊ ခိုကိုးရာမဲ့ဖြစ်ပြီး အနားမှာရှိနေတဲ့ ချုံတစ်ခုအနားကို သွားပြီး ငိုယိုထိုင်နေရပါတော့တယ်။

"ဒီဝတ္ထုကို ဒီမှာပဲ ရပ်ထားကြစို့ရဲ့၊ မသူဇာက ပြောစမ်းပါအုံး ဒီဝတ္ထုထဲက ဘာသင်ခန်းစာ ရတယ်ဆိုတာကို"။

"အဟောင်းကိုပစ်လို့ အသစ်ကိုကြင်တော့ ထင်သလိုဖြစ်မလာဘဲ ဒုက္ခအကြီးအကျယ် တွေ့ရတတ်တယ်ဆိုတာဟာ ဒီဝတ္ထုက ရတဲ့ သင်ခန်းစာပါပဲ"။

"ဒီမှာပဲ သင်တန်းကို ခေတ္တရပ်နားပြီး ၂-နာရီခွဲမှ ပြန်စကြစို့ရဲ့"။

**အမျိုးကောင်းသားရဲ့ တာဝန် -၅**

၁။ ပေးကမ်းစွန့်ကြဲရမယ်၊
၂။ ချစ်ဖွယ်သောစကားကို ပြောဆိုရမယ်၊
၃။ အကျိုးစီးပွားကို ကျင့်ဆောင်ရမယ်၊
၄။ မိမိနှင့်တန်းတူညီမျှထားရမယ်၊
၅။ မချွတ်မယွင်း ပြောဆိုပေးကမ်းရမယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒီ ၅-ပါးကတော့ အမျိုးကောင်းသားက အဆွေခင်ပွန်းတွေအပေါ်မှာ ပြုလုပ်ရမဲ့ တာဝန်တွေပဲ ဖြစ်ပါတယ်။

၅။ အမည်ထုတ်ဖော် ပြောဆိုသမျှဝတ္ထုကို မချို့ယွင်း မပျက်ကွက်စေဘဲ ဒါလဲတို့အိမ်မှာ ရှိတာပဲ၊ ဒါလဲ ရှိတာပဲ၊ ယူသွားတာပေါ့လို့ မချွတ်မယွင်းစေဘဲ ပေးကမ်းရမယ်။

"ဆရာမ မသန်းဝင်းက သောမှာ ရေးထားတာကို တိုင်ပေးလိုက်ပါအုံး"။

*လိုရှိဥစ္စာ-ပေးစွန့်ထားလို့ , ချစ်ဖွယ်စကား-ပြောကြားပါ၊
ကျိုးစီးပွားကို-ကျင့်ဆောင်ရလို့ , တန်းတူညီမျှ-ထားကြရာ။
ဖော်ပြသမျှ-ရှိဥစ္စာ , မလွဲသေချာ-ပေးကမ်းထား၊
မျိုးကောင်းသားမှာ-လုပ်စရာ , ညွှန်းပါငါးပါး-တာဝန်များ။

**အဆွေခင်ပွန်းရဲ့ တာဝန် -၅**

၁။ မူးယစ်နေတဲ့မိတ်ဆွေကို စောင့်ရှောက်ရမယ်၊
၂။ မူးယစ်နေတဲ့မိတ်ဆွေရဲ့ ပစ္စည်းကို စောင့်ရှောက်ရမယ်၊
၃။ ကြောက်ရွံ့နေတဲ့မိတ်ဆွေရဲ့ အားကိုးရာ ဖြစ်ရမယ်၊
၄။ ဘေးရန်ဖြစ်လာလို့ရှိရင် မစွန့်ပစ်ရ၊
၅။ မိတ်ဆွေရဲ့ သားမြေးအဆက်ဆက်ကို တုံ့ပြန်ချီးမြှောက်ရမယ်။

ဒီ ၅-ပါးကတော့ အဆွေခင်ပွန်းက အမျိုးကောင်းသားအပေါ်မှာ ပြုလုပ်ရမဲ့တာဝန်ဝတ္တရားတွေပဲ ဖြစ်ပါတယ်။

၅။ မိတ်ဆွေရဲ့ မျိုးနွယ်စဉ်ဆက်ဖြစ်တဲ့ သားသမီး၊ မြေးမြစ်-စတဲ့သူတွေကို တုံ့ပြန်ချီးမြှောက်ရမယ်၊ ချစ်ခင်ရမယ်၊ မြတ်နိုးရမယ်၊ ခင်မင်ရမယ်၊ မင်္ဂလာအချိန်-စသည်တို့မှာ သူတို့အတွက် မင်္ဂလာ-စသည်တို့ကို ပြုလုပ်ပေးရမယ်။

"ဆရာမ မသန်းတင့်က သောမှာ ရေးထားတာကို တိုင်ပေးလိုက်ပါအုံး"။

*မူးယစ်နေသူ-မိတ်ဆွေများနှင့် , သူ့ဥစ္စာများ-စောင့်ရှောက်ပါ၊
ကြောက်ရွံ့နေခါ-အားကိုးရလို့ , ဘေးရန်ကြုံက-မစွန့်ခွာ။
သားမြေးစဉ်ဆက်-သူတွေပါ , တုံ့ပြန်ကောင်းစွာ-ချီးမြှောက်ထား၊
ဆွေခင်ပွန်းမှာ-လုပ်စရာ , ညွှန်းပါငါးပါး-တာဝန်များ။

**အလုပ်ရှင်ရဲ့ တာဝန် -၅**

၁။ စွမ်းအားနှင့်တော်တဲ့အလုပ်ကို ခိုင်းရမယ်၊
၂။ လုပ်အားခကို မှန်မှန်ကန်ကန် ပေးရမယ်၊

www.burmeseclassic.com

www.burmeseclassic.com



၃။ မကျန်းမမာတဲ့အခါ ပြုစုရမယ်၊

၄။ စားကောင်းသောက်ဖွယ်များကို ခွဲဝေပေးရမယ်၊

၅။ သင့်တော်တဲ့အခါမှာ အားလပ်ခွင့် ပေးရမယ်။

ဒီ ၅-ပါးကတော့ အလုပ်သမားတွေရဲ့အပေါ်မှာ အလုပ်ရှင်က ပြုလုပ်ပေးရမယ့် တာဝန်တွေပဲ ဖြစ်ပါတယ်။

၁။ လူငယ်တွေကလုပ်ရမယ့်အလုပ်မှာ လူကြီးတွေကို မခိုင်းရ၊ လူကြီးတွေက လုပ်ရမယ့်အလုပ်မှာလဲ လူငယ်တွေကို မခိုင်းရ၊ အမျိုးသမီးတွေလုပ်ရမယ့် အလုပ်မှာ အမျိုးသားတွေကို မခိုင်းရ၊ အမျိုးသားတွေလုပ်ရမယ့် အလုပ်မှာ အမျိုးသမီးတွေကို မခိုင်းရ၊ အလုပ်သမားတွေရဲ့ စွမ်းအားနှင့် သင့်တော်အောင် ထိုထို လုပ်ငန်းကိစ္စကို စီစဉ်ပေးရမယ်၊ အလုပ်ခိုင်းရမယ်။

၂။ ဒီလူမှာ သားငယ်သမီးငယ်တွေ ရှိနေတယ်၊ ဒီလူက တစ်ကိုယ်ရေ တစ်ကာယသမားပဲ-စသည်ဖြင့် အလုပ်သမားတစ်ယောက်တစ်ယောက်ရဲ့ လူမှုရေးနှင့်လုပ်အား သင့်တော်အောင် ချိန်ဆခိုင်းပြီး လုပ်အားခကို မှန်မှန်ကန်ကန် ပေးရမယ်။

၃။ အလုပ်သမား တစ်ဦးတစ်ယောက်က မကျန်းမမာ ဖြစ်လာတဲ့အခါမှာ အလုပ်မခိုင်းဘဲ သင့်တော်တဲ့ ဆေးဝါးစာတ်စာ နေရာထိုင်ခင်း-စသည် တို့ကို ပေးပြီး ပြုစုလုပ်ကျွေးရမယ်၊ ကိုယ်တိုင် မတတ်နိုင်လို့ရှိရင် ဆေးဆရာကို ခေါ်ပေးရမယ်။

၄။ စားကောင်းသောက်ဖွယ်ကို ရလာလို့ရှိရင် ကိုယ်ချည်းသာ မစားသောက်ဘဲ အလုပ်သမားတွေကိုလဲ ဝေဖန်ပေးကမ်းမှုကို ပြုရမယ်။

၅။ အားလပ်ခွင့်ပေးတာက နေ့စဉ်နေ့တိုင်း အားလပ်ခွင့်ပေးတာကတစ်မျိုး၊ အခါအားလျော်စွာ အားလပ်ခွင့် ပေးတာက တစ်မျိုး၊ ဒီလို နှစ်မျိုးရှိ ပါတယ်၊ ဒီတော့ တစ်နေ့လုံး မနားမနေ အလုပ်လုပ်နေရလို့ရှိရင် အလုပ်သမားတွေ ပင်ပန်းကြမှာပဲ၊ ဒါ့ကြောင့် အလုပ်သမားတွေ သက်သာခွင့်ရအောင် အလုပ်နားချိန်ကို သတ်မှတ်ပေးထားရမယ်၊ ဒါကိုတော့ နေ့စဉ်အားလပ်ခွင့်ပေးတာလို့ ဆိုရပါတယ်၊ လွတ်လပ်ရေးနေ့တို့လို နေ့ကြီးရက်ကြီးတွေမှ ဝတ်စားတန်ဆာ, စားစရာ သောက်စရာ တွေကို ပေးပြီး အလုပ်နားခွင့်ပေးတာကတော့ အခါအားလျော်စွာ အားလပ်ခွင့် ပေးတာမျိုး ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



"သောမှာ ရေးထားတာကို ဆရာမ မသန်းမြင့်က တိုင်ပေးလိုက်ပါအုံး"။

*စွမ်းအားညီထွေ–လုပ်စေရေးနှင့် ၊ လုပ်အားခပေး–မှန်ကန်စွာ၊
မကျန်းမာလျှင်–ပြုစုထားလို့ ၊ စားဖွယ်ကောင်းများ–ခွဲဝေပါ။
အလုပ်ရပ်နား–ချိန်အခါ ၊ သတ်မှတ်သေချာ–ခွင့်ပေးထား၊
အလုပ်ရှင်မှာ–လုပ်စရာ ၊ ညွှန်းပါငါးပါး–တာဝန်များ။

**အလုပ်သမားရဲ့ တာဝန် –၅**

၁။ အိပ်ရာက ဦးစွာထရမယ်၊

၂။ နောက်မှ အိပ်ရမယ်၊

၃။ ပေးတာကိုသာ ယူရမယ်၊

၄။ အလုပ်ကို ကောင်းစွာလုပ်ရမယ်၊

၅။ အလုပ်ရှင်ရဲ့ဂုဏ်သတင်းကိုသာ ပြောရမယ်။

ဒီ ၅–ပါးကတော့ အလုပ်ရှင်ရဲ့အပေါ်မှာ အလုပ်သမားတွေက ပြုလုပ်ရမယ့် တာဝန်တွေပဲ ဖြစ်ပါတယ်။

၃။ အလုပ်ရှင် မသိဘဲ ဘာတစ်ခုကိုမျှ မယူရ၊ အလုပ်ရှင် ပေးတာကိုသာ ယူရမယ်။

၄။ တို့က စားလောက်ရုံ, ဝတ်လောက်ရုံမျှမရဘဲ သူ့အလုပ်ကို လုပ်နေလို့ ဘာအကျိုးရှိတော့မလဲ၊ ဒီလိုကဲ့ရဲ့မှုမပြုဘဲ ရွှင်လန်းနှစ်သက်စွာ အလုပ်ကို ကောင်းကောင်းလုပ်ရမယ်။

၅။ ပရိသတ်အလယ်မှာ ပြောခွင့်ကြုံလာလို့ရှိရင် တို့အလုပ်ရှင်နှင့်တူတဲ့ လူကတော့ ရှာမှရှားပေါ့ဗျာ၊ တို့က အလုပ်သမားဖြစ်ကြောင်းကိုလဲ မသိကြရဘူး၊ သူ့ရဲ့အလုပ်ရှင်ဖြစ်ကြောင်းကိုလဲ မသိကြရဘူး၊ ဒီလို အလုပ်ရှင်, သလုပ်သမား မခွဲခြားဘဲ တို့ကို သနားစောင့်ရှောက် ချီးမြှောက်ကြတာပါပဲ၊ ဒီလို အလုပ်ရှင်ရဲ့ ဂုဏ်သတင်းကိုသာ ပြောဆိုရမယ်။

"သောမှာ ရေးထားတာကို ဆရာမ မလှကြွေက တိုင်ပေးလိုက်ပါအုံး"။

*အိပ်ရာမှသာ–ဦးစွာထလို့ ၊ နောက်မှအိပ်ရ–ညဥ့်ချိန်ခါ၊
ပေးတာကိုသာ–ယူငင်ထားလို့ ၊ အလုပ်ကြိုးစား–သေအချာ။
အလုပ်ရှင်ရဲ့–ဂုဏ်ကိုသာ ၊ ပြောသင့်သည့်ခါ–ဖော်ပြောကြား၊
လုပ်သမားမှာ–ဆောင်စရာ ၊ ညွှန်းပါငါးပါး–တာဝန်များ။

www.burmeseclassic.com

www.burmeseclassic.com



**ဥပါသကာရဲ့ တာဝန် -၅**

၁။ မေတ္တာနဲ့ လုပ်ရမယ်၊
၂။ မေတ္တာနဲ့ ပြောရမယ်၊
၃။ မေတ္တာနဲ့ ကြံစည်ရမယ်၊
၄။ တံခါးကို အမြဲဖွင့်ထားရမယ်၊
၅။ အာမိသကို ပေးလှူရမယ်။

ဒီ ၅-ပါးကတော့ ရဟန်းသံဃာတော်တွေရဲ့အပေါ်မှာ ပြုလုပ်ရမယ့် ဥပါသကာရဲ့ တာဝန်ဝတ္တရားတွေပဲ ဖြစ်ပါတယ်။

၁။ မေတ္တာစိတ်ထားပြီး လုပ်တာကိုပဲ မေတ္တာနဲ့လုပ်တယ်လို့ ဆိုပါတယ်၊ ရဟန်းတွေကို ပင့်ဖိတ်မယ်လို့ ကျောင်းကိုသွားတာ, ရေစစ်ကိုယူပြီး ရဟန်းတွေကို ရေစစ်ပေးတာ, ကျောကိုနင်းနှိပ်ပေးတာ, ခြေဆုပ်လက်နယ်ပြုမှု-စတဲ့ အလုပ်တွေဟာ မေတ္တာနဲ့လုပ်တဲ့ အလုပ်တွေပဲ ဖြစ်ပါတယ်။

၂။ မေတ္တာစိတ်ထားပြီး ပြောဆိုတာကိုပဲ မေတ္တာနဲ့ပြောတယ်လို့ ဆိုပါတယ်၊ ဆွမ်းခံဝင်လာတဲ့ ရဟန်းတော်တွေကို တွေ့ရတဲ့အခါ ရိုရိုသေသေ မှံ့ပဲသရေစာကို လှူကြပါ၊ ဆွမ်းလှူကြပါ-စသည်ဖြင့် ပြောဆိုတာဟာ မေတ္တာနဲ့ပြောတဲ့ စကားပဲ ဖြစ်ပါတယ်၊ သာဓုခေါ်ပြီး တရားနာနေတာနှင့် ပျူငှာလောကဝတ် စကားအစေ့အစပ်ပြုမှု-စသည်တို့လဲပဲ မေတ္တာနဲ့ပြောတာချည်း ဖြစ်ပါတယ်။

၃။ မေတ္တာစိတ်ထားပြီး ကြံစည်တာကိုပဲ မေတ္တာနဲ့ကြံစည်တယ်လို့ ဆိုလိုပါတယ်၊ တို့အိမ်ကိုကြွလာတဲ့ ဆရာတော်ဟာ ရန်ကင်းပါစေ၊ အမျက်ဒေါသကင်းပါစေ၊ ဒီလိုကြံစည်တာဟာ မေတ္တာနဲ့ကြံစည်တာ မည်ပါတယ်။

၄။ ဒီနေရာမှာ ပစ္စည်းဥစ္စာကို မခင်တွယ်မှု(အလောဘ)ဟာ ပေးလှူခြင်းဒါနရဲ့ အဦးအစပဲ ဖြစ်တဲ့အတွက် တံခါးမည်ပါတယ်၊ ရှိနေတဲ့လှူဖွယ်ဝတ္ထုကို ပေးလှူလိုတာက တံခါးကိုဖွင့်ထားတာ မည်ပါတယ်၊ ဒါ့ကြောင့် ရှိတာကို လှူမယ်လို့ စိတ်ဆုံးဖြတ်ထားတာကိုပဲ တံခါးကိုဖွင့်ထားရမယ်လို့ ဆိုထားပါတယ်၊ အိမ်တံခါးကိုဖွင့်ထားမှု, ပိတ်ထားမှုမှာ လိုရင်းမဟုတ်ပါ၊ သို့ဖြစ်သည်အားလျော်စွာ ရှိသမျှအိမ်တံခါးတွေကို ဖွင့်ထားပေမဲ့ သီလရှိတဲ့ အလှူခံပုဂ္ဂိုလ်အား မလှူတတ်သူ, ပြုစုလုပ်ကျွေးမှုကို မပြုစုတတ်သူဟာ တံခါးကိုပိတ်ထားသူ မည်ပါတော့တယ်၊ ရှိသမျှတံခါးအကုန်လုံးကို ပိတ်ထားပေမဲ့ သီလရှိတဲ့အလှူခံပုဂ္ဂိုလ်တို့အား ပေးလှူတတ်သူ, ပြုစုလုပ်ကျွေးတတ်သူကတော့ တံခါးကို ဖွင့်ထားသူ မည်ပါတော့တယ်၊ ဒီလို

www.burmeseclassic.com

www.burmeseclassic.com



သီလရှိသူတို့ကို အိမ်တံခါးကို ရောက်လာလို့ရှိရင် ရှိနေတာကိုပဲ မရှိလို့ မပြောဘဲ ပေးလှူရမယ်၊ အဲဒီလို ပေးလှူလို့ရှိရင် တံခါးကိုဖွင့်ထားတာ မည်ပါတယ်။

၅။ နံနက်ပိုင်းမှာ ရဟန်းတော်များ စားကောင်းတဲ့ အရာဝတ္ထုကို အာမိသလို့ ခေါ်ပါတယ်၊ ဒါ့ကြောင့် သီလရှိတဲ့ပုဂ္ဂိုလ်တို့အား မုံ့ပဲသရေစာ, ဆွမ်း, ဆွမ်းဟင်းတို့ကို ပေးလှူရမယ်လို့ ဆိုလိုတာပါပဲ။

"ဆရာမ မကြည်သင်းက သောမှာ ရေးထားတာကို တိုင်ပေးလိုက်ပါအုံး"။

*မေတ္တာဦးဆောင်–ကိုယ်အမှုနှင့် , နှုတ်မှုအများ–ပြုလုပ်ပါ၊
မေတ္တာထားကာ–ကြံစည်းစားလို့ , အမြဲတံခါး–ဖွင့်ထားပါ။
ဆွမ်းဘောဇဉ်များ–သင့်တော်ရာ , ကြည်ဆွသဒ္ဓါ–ပေးလှူထား၊
ဥပါသကာ–ဆောင်စရာ , ညွှန်းပါငါးပါး–တာဝန်များ။

**ရဟန်းတော်တွေရဲ့ တာဝန် –၆**

၁။ မကောင်းမှုက တားမြစ်ရမယ်၊
၂။ ကောင်းမှုမှာ တည်စေရမယ်၊
၃။ စိတ်ကောင်းထားကာ စောင့်ရှောက်ရမယ်၊
၄။ မကြားဘူးသေးတဲ့တရားစကားကို ပြောကြားရမယ်၊
၅။ ကြားဖူးတဲ့တရားစကားကို သန့်စင်အောင်လုပ်ပေးရမယ်၊
၆။ နတ်ပြည်ခရီးကို ပြောကြားရမယ်။

ဒီ ၆–မျိုးကတော့ ဥပါသကာတွေရဲ့အပေါ်မှာ ရဟန်းသံဃာတွေက ပြုလုပ်ပေးရမယ့် တာဝန်တွေ ဖြစ်ပါတယ်။

၃။ လုံးစုံများစွာ, သတ္တဝါ, ချမ်းသာသုခ ရကြပါစေ၊ ရန်မာန်ခပ်သိမ်း, အေးငြိမ်းကြပါစေ၊ ရောဂါခပ်သိမ်း, အေးငြိမ်းကြပါစေ၊ မျက်မာန်ဒေါသ, ကင်းလွတ်ကြပါစေ၊ ဒီလို အကျိုးစီးပွားကို ဖြန့်ခြင်း(မေတ္တာပို့ခြင်း)ဖြင့် စောင့်ရှောက်ရမယ်။

တစ်နည်းအားဖြင့် ပြောရမယ်ဆိုရင် အလုပ်အကျွေးဒကာတွေရဲ့အိမ်သို့ အခြားသီလရှိတဲ့ သီတင်းသုံးဖော်တွေကိုခေါ်ပြီးဝင်တဲ့ ရဟန်းလဲပဲ ကောင်းသောစိတ်နဲ့ သနားစောင့်ရှောက် ချီးမြှောက်ရာ ရောက်ပါတယ်။

၅။ ကြားဖူးတဲ့တရားစကားရဲ့ သဘောမှန်ကို ရှင်းလင်းပြခြင်း, တရားမှာလာတဲ့အတိုင်း ကျင့်စေခြင်းကိုပဲ ကြားဖူးတဲ့တရားစကားကို သန့်စင်အောင် လုပ်ပေးရမယ်လို့ ဆိုထားပါတယ်၊ နောက်တစ်နည်းအားဖြင့် ပြောရမယ်ဆိုရင် မှန်ကန်စွာမကျင့်လို့ရှိရင် တရားနာမှု, သင်ယူမှုဟာ အကျိုးမရှိတဲ့အတွက် တရားကို

www.burmeseclassic.com

www.burmeseclassic.com



နာကြားမှု, သင်ယူမှု–ဆိုတာဟာ မဖောက်မပြန် မှန်ကန်စွာကျင့်ရန် အလို့ငှာသာ ဖြစ်ပါတယ်၊ ထို့ကြောင့် မှန်ကန်စွာကျင့်စေခြင်းကိုပဲ ကြားဖူးတဲ့ တရားစကားကို သန့်စင်အောင် လုပ်ပေးရမယ်လို့ ဆိုရပါတယ်။

"ဘောမှာ ရေးထားတာကို ဆရာမ မနီနီစိုးက တိုင်ပေးလိုက်ပါအုံး"။

*မကောင်းပြုလျှင်–ပယ်မြစ်တားလို့ , ကောင်းမှုအများ–တည်စေပါ၊
စိတ်ကောင်းဖြင့်သာ–စောင့်ရှောက်ထားလို့ , အသစ်တရား–ဟောကြားပါ။
ကြားဖူးတရား–ကျင့်စေပါ , သွားလမ်းနတ်ရွာ–ဟောညွှန်ကြား၊
ရဟန်းသံဃာ–ဆောင်စရာ , ညွှန်းပါငါးပါး–တာဝန်များ။

**ခြွေရံပေါ်များ ကျော်စောထင်ရှားကြောင်း**

၁။ လူသားတွေရဲ့တာဝန်ကို သိနားလည်ရမယ်၊
၂။ ကိုယ်ကျင့်သီလနှင့်ပြည့်စုံရမယ်၊
၃။ သိမ်မွေ့နူးညံ့တဲ့ပညာ ရှိရမယ်၊
၄။ နှိမ့်ချခြင်း ရှိရမယ်၊
၅။ ခက်ထန်ခြင်းကင်းရမယ်၊
၆။ ထကြွလုံ့လဝီရိယ ရှိရမယ်၊
၇။ ပျင်းရိခြင်းကင်းရမယ်၊
၈။ ဘေးရန်ဖြစ်ပေါ်လာလို့ရှိရင် တုန်လှုပ်မှု ကင်းစေရမယ်၊
၉။ အသက်မွေးမှုတစ်ခုခုကို ပြုလုပ်နေရမယ်၊
၁၀။ တခဏုပ္ပတ္တိအသိဉာဏ် ရှိရမယ်၊
၁၁။ သင်္ဂဟဝတ္ထုနဲ့ ချီးမြှောက်တတ်ရမယ်၊
၁၂။ အဆွေခင်ပွန်းဖွဲ့တတ်ရမယ်၊
၁၃။ ကျေးဇူးကို သိတတ်ရမယ်၊
၁၄။ ဝန်တိုမှုကင်းရမယ်၊
၁၅။ အကျိုးဆောင်တတ်သူဖြစ်ရမယ်၊
၁၆။ သွန်သင်ဆုံးမတတ်ရမယ်၊
၁၇။ ခေါင်းဆောင်တတ်ရမယ်။

တကယ်တန်း ခြွေရံပရိသတ်ပေါ်များသူ, နာမည်ကြီးသူ, ကျော်စောထင်ရှားသူ ဖြစ်လိုပါက ဒီဂုဏ်အင်္ဂါ ၁၇–ပါးထဲက ကိုယ့်သန္တာန်မှာ ဘယ်နှစ်ခုရှိနေတယ်၊ ဘယ်ဟာက လိုနေတယ်–ဆိုတာကို သေချာကျန စစ်ဆေးကြည့်ရှုကြရမယ်၊ ရှိနေတာတွေကို ဆက်လက်ထိန်းသိမ်းထားပြီး မရှိသေးတာကို ရှိလာအောင် ဖြည်းဖြည်းချင်း ကြိုးစားအားထုတ်ပါက မိမိတို့ကိုယ်တိုင် မကြာလှတဲ့ရက်အတွင်းမှာ ခြွေရံပရိသတ်ပေါ်များသူ, နာမည်ကြီးသူ, ကျော်စောထင်ရှားသူတွေ ဖြစ်လာပါလိမ့်မယ်။

www.burmeseclassic.com

www.burmeseclassic.com



**ကျေးဇူးသိ** ဒီအထဲမှာပါလာတဲ့ ကျေးဇူးကို သိတတ်ရမယ်ဆိုတာကို နည်းနည်းရှင်လင်းပြောပါအုံးမယ်၊ ကျေးဇူးပြုထားသူရဲ့ စကားကို သိနားလည်ရမယ်၊ သူငယ်ချင်းမိတ်ဆွေရဲ့ အိမ်ကို ရောက်သွားတဲ့အခါ ငါ့သူငယ်ချင်းအား ဦးထုပ်ကို ပေးကြပါအုံးဟော့၊ ပုဆိုးကို ပေးကြပါအုံး၊ လူတွေအတွက် ဆန်ဖိုးလေးဘာလေး ပေးကြပါအုံးလို့ ပြောဆိုတဲ့ စကားကို အမှတ်ရတာနဲ့ပဲ သူက ကိုယ့်အိမ်ကို ရောက်လာတဲ့အခါ သူပေးသလောက်ကိုပဲဖြစ်ဖြစ်, ဒီထက် အပိုအလွန်ကိုပဲဖြစ်ဖြစ် ပြန်ပေးတတ်တယ်လို့ ဆိုလိုပါတယ်။

တစ်နည်းအားဖြင့် ပြောရအုံးမယ်ဆိုရင်– သူငယ်ချင်းရဲ့အိမ်ကို သွားပြီး ဘယ်ဝတ္ထုကို ယူအုံးမှပဲလို့ ရောက်လာပြီး ရှက်တာနဲ့ မယူရဲ,မပြောရဲတဲ့ သူငယ်ချင်းအား သူပြောလိုတဲ့စကားကို ရိပ်မိပြီး သူ့အလိုရှိလို့ လာရတဲ့ဝတ္ထုကို ပေးလိုက်ငို့ ရှိရင်လဲ ကျေးဇူးကို သိတတ်တယ်လို့ပဲ ဆိုရပါတယ်။

သူငယ်ချင်းမှာ လိုနေတဲ့ပစ္စည်းတွေကို ကြည့်ရှုပေးကမ်းသူလဲ ကျေးဇူးကို သိတတ်သူပဲ ဖြစ်ပါတယ်။

"ဆရာမ မစိုးစိုးတင့်က ဘောမှာ ရေးထားတာကို တိုင်ပေးလိုက်ပါအုံး"။

*လူသားတာဝန်–ကျေပွန်ကြလို့ , ကိုယ်ကျင့်သီလ–လွန်သန့်စင်၊
နူးညံ့ပညာ–နှိမ့်ချရှိလို့ , ခက်ထန်ကင်းဘိ–လုံ့လယှဉ်။
ပျင်းရိခြင်းကင်း–ဘေးဖြစ်လျှင် , တုန်လှုပ်ကင်းစင်–ခိုင်စိတ်ဓာတ်၊
ဤဂုဏ်တွေပင်–ရှိနေလျှင် , လူ့ရှင်ရံပတ်–ကျော်စေတတ်။
*သက်မွေးလုပ်ကိုင်–မြဲကြိုးစားလို့ , ဖြတ်ထိုးဉာဏ်များ–ရှိနေလျှင်၊
ချီးမြှောက်တတ်ပါ–မိတ်ဖွဲ့တတ်လို့ , ကျေးဇူးသိတတ်–ဝန်တိုစင်။
အကျိုးဆောင်တတ်–သူ့သွန်သင် , အရာရာတွင်–ခေါင်းဆောင်တတ်၊
ဤဂုဏ်တွေပင်–ရှိနေလျှင် , လူ့ရှင်ရံပတ်–ကျော်စေတတ်။

### သင်္ဂဟတရား ၄–ပါး

တာဝန်ဝတ္တရားတွေထဲမှာ ပါလာတဲ့ ပေးကမ်းမှု, ချစ်ဖွယ်သာယာပြောဆိုမှု, အကျိုးစီးပွားကို ပြုကျင့်မှု, တန်းတူညီမျှတားမှုဆိုတဲ့ ဒီသင်္ဂဟတရားတွေက ထိုထိုချီးမြှောက်ရမယ့်ပုဂ္ဂိုလ်မှာ ထိုက်သည်အားလျော်စွာ ဖြစ်ကြရပါတယ်။

လောကမှာ အဲဒီသင်္ဂဟတရား ၄–ပါးက သွားနေတဲ့လှည်းရဲ့ နားစောင့်လို လူများကို ချီးမြှောက်ကြပါတယ်၊ စုစည်းထိန်းချုပ်ပေးနေကြပါတယ်။

ဒီသင်္ဂဟတရားတွေသာ မရှိခဲ့ပါရင် သားကပြုလုပ်တဲ့ မြတ်နိုးမှု, ပူဇော်မှုကို အမိကလဲ ရနိုင်စရာ မရှိပါ၊ အဘကလဲ ရနိုင်စရာ မရှိပါ။

www.burmeseclassic.com

www.burmeseclassic.com



ဒီသင်္ဂဟတရားတွေကို ပြုထိုက်တယ်လို့ အသိအမှတ်ပြုထားကြတဲ့အတွက် ပညာရှိတွေဟာ ကြီးကျယ်မြင့်မြတ်ခြင်းသို့ ရောက်ကြရပါတယ်၊ ချီးမွမ်းထိုက်သူတွေလဲ ဖြစ်လာကြပါတယ်။

"ဆရာမ မမြင့်မြင့်ဝေကပဲ ဘောမှာရေးထားတာကို တိုင်ပေးလိုက်ပါအုံး"။

*သနားငဲ့ညှာ–ပေးကမ်းထားလို့ ၊ ချစ်ဖွယ်စကား–ပြောကြားပါ၊
ကျိုးစီးပွားသာ–ပြုကျင့်ရလို့ ၊ တန်းတူညီမျှ–ထားကြရာ။
သင်္ဂဟတရား–လုပ်သင့်ရာ ၊ ပုဂ္ဂိုလ်များမှာ–ပြုလုပ်ထား၊
လှည်းနားစောင့်လို–လူများကို ၊ ဗိုမိုထိန်းထား–ဤလေးပါး။

*ဤတရားတွေသာ–ထိန်းမထားရင် ၊ သမီးနှင့်သား–ရှိသေစွာ၊
ပြုလုပ်သေချာ–မြတ်နိုးမှုနှင့် ၊ ပူဇော်ကြမှု–အဖြာဖြာ။
အမိကလည်း–မရရာ ၊ ဘလည်းမရာ–ဝေးကွာသွား၊
ထို့ကြောင့်ကောင်းစွာ–ဤလေးဖြာ ၊ လွန်စွာကြိုးစား–ပြုလုပ်ထား။

*ဒီတရားတွေ–ပြုလုပ်ထိုက်ဟု ၊ သိမြင်နှစ်ခြိုက်သူတွေဟာ၊
ကောင်းမွန်သေချာ–ပြုလုပ်တတ်လို့ ၊ ကြီးကျယ်မြင့်မြတ်–ဖြစ်ရပါ။
ချီးမွမ်းခံထိုက်–သူတွေပါ ၊ မလွဲသေချာ–ဖြစ်လာရ၊
ထို့ကြောင့်ကောင်းစွာ–သင်္ဂဟာ ၊ သေချာကျန–ပြုလုပ်ကြ။

"သင်တန်းကတော့ ဒီမှာပဲ ပြီးဆုံးသွားပါပြီ၊ အခုလို ဆရာ,ဆရာမတွေက ကျောင်းသား,ကျောင်းသူတွေကို စည်းရုံးလို့ ကျောင်းတိုင်း,ကျောင်းတိုင်းမှာ လုပ်ပေးနိုင်လို့ရှိရင် အမိမြန်မာပြည်အတွက် အဖိုးတန်သော သားကောင်း, သမီးကောင်းတွေ အများအပြား ပေါ်ထွက်လာစရာ ရှိပါတယ်။

အခု သင်တန်းတက်ထားကြတဲ့ ဆရာ,ဆရာမတွေနှင့် ကျောင်းသား, ကျောင်းသူတွေကလဲ သင်တန်းပြီးဆုံးသွားမှပဲ၊ ဘာလုပ်စရာ လိုတော့မလဲလို့ ပေါ့ပေါ့ဆဆမနေကြဘဲ အချိန်ရတိုင်း နားလည်သဘောပေါက်အောင် ထပ်ကာ ထပ်ကာ ပြန်လည်လေ့လာထားကြရမယ်၊ နားလည်သလောက် ကြိုးစားပြီး လိုက်နာကျင့်သုံးမှုကို ပြုကြရမယ်၊ ဒါမှလဲ သင်တန်းတက်ရကျိုးကို အပြည့်အဝ ရရှိကြမှာ ဖြစ်ပါတယ်။

ဂုဏ်တော်တွေကိုရွတ်ပြီး သင်တန်းသိမ်းကြစို့ရဲ့၊ နောက်တနင်္ဂနွေနေ့တွေမှာတော့ ကိုယ့်မြို့မှာပဲ ပြန်လေ့လာကြပါ၊ ဒီကို လာစရာ မလိုတော့ပါဘူး"။

---

**သင်တန်း ပြီးပါပြီ။**

www.burmeseclassic.com

www.burmeseclassic.com



## ၂–ခုရောနှောင်ပါ ချမ်းသာရေး

တစ်နေ့မှာ မောင်သန်းညွှန့်နှင့်သူငယ်ချင်းများက ဓမ္မိကာရုံကျောင်းတိုက်ကို ရောက်လာကြသည်၊ အသံဖမ်းစက်တစ်လုံးလဲ ယူလာကြသည်၊ ပရိသတ်မှာ ၃၀–ခန့် ရှိနေပါသည်၊ ရန်ကုန်မှလာသူလည်း ပါသည်၊ ဟင်္သာတမှလာသူလည်း ပါသည်၊ မအူပင်မှလာသူလည်း ပါသည်၊ မြောင်းမြဘက်က သူငယ်ချင်းတွေလည်း ပါသည်၊ အကုန်လုံးပင် မောင်သန်းညွှန့်နှင့် စီးပွားရှာဘက်, လုပ်ဖော်ကိုင်ဘက်များ ဖြစ်ကြပါသည်။

ဆရာတော်ဦးဓမ္မိကကို ဝပ်ချပြီး အသီးအသီး နေသားတကျ ထိုင်ကြပြီးသည့်နောက် မောင်သန်းညွှန့်ကပင် ဦးဆောင်လျှောက်ထားပါသည်။

"ဆရာတော်ဘုရား ! ယခု ပါလာသူများဟာ တပည့်တော်ရဲ့စီးပွားရေးဆိုင်ရာ မိတ်ဆွေတွေဆိုရင်လဲ မှန်ပါတယ်၊ ဓမ္မမိတ်ဆွေတွေဆိုရင်လဲ မလွဲပါ၊ တပည့်တော်တို့အား လောကရေး, ဓမ္မရေးနှင့် ပတ်သက်တဲ့ ဩဝါဒချီးမြှင့် ပေးသနားတော်မူပါ၊ အသံဖမ်းယူခွင့်ကိုလဲ ပေးသနားတော်မူပါ"။

"အေး– မင်းတို့က ဩဝါဒတောင်းခံလာတော့ တို့ကလဲ စာထဲ, ပေထဲက မှတ်သားထားတာလောက်ကို ပြောပြသွားပါ့မယ်၊ မင်းတို့အသံဖမ်းစက်က အဆင်သင့် ဖြစ်ပြီလား ?"။

"ဖြစ်ပါပြီဘုရား"။

"ဒါဖြင့်ရင် စပြောတော့မယ်"။

ဒီလူ့လောကမှာ–

၁။ ပညာမျက်စိအမြင်မရှိတဲ့ မျက်ကန်းပုဂ္ဂိုလ်၊

၂။ တစ်ဖက်မြင်ပုဂ္ဂိုလ်၊

၃။ နှစ်ဖက်မြင်ပုဂ္ဂိုလ်။

ဒီလို ပုဂ္ဂိုလ် ၃–မျိုး ၃–စား ရှိနေပါတယ်။

**၁။ မျက်ကန်းပုဂ္ဂိုလ်** အဲဒီ ၃–မျိုးထဲက မရသေးတဲ့ပစ္စည်းဥစ္စာကို ရနိုင်, ရပြီးတဲ့ပစ္စည်းဥစ္စာကိုလဲ တိုးပွားအောင်လုပ်နိုင်တဲ့အသိအမြင်လဲ မရှိ၊ အကုသိုလ်–ကုသိုလ်=အပြစ်ရှိတဲ့တရား–အပြစ်မရှိတဲ့တရား, ယုတ်တဲ့တရား–မြတ်တဲ့တရား, မည်းညစ်သောအဖို့ရှိသောတရား–ဖြူစင်သောအဖို့ရှိသောတရား၊ ဒါတွေကို

www.burmeseclassic.com

www.burmeseclassic.com



ခွဲခြမ်းဝေဖန် သိမြင်နိုင်တဲ့ အသိအမြင်လဲ မရှိတဲ့ ပုဂ္ဂိုလ်မျိုးကို ပညာမျက်စိအမြင် မရှိတဲ့ မျက်ကန်းပုဂ္ဂိုလ်လို့ ခေါ်တယ်၊ ကိုယ့်စီးပွားရေးနှင့်ကိုယ် လုပ်ကိုင်နေသူတွေ ဆိုတော့ မင်းတို့လူစုထဲမှာ ဒီပုဂ္ဂိုလ်မျိုးတော့ ပါမယ်မထင်ပါဘူး။

**၂။ တစ်ဖက်မြင်ပုဂ္ဂိုလ်** မရသေးတဲ့ ပစ္စည်းဥစ္စာကိုလဲ ရနိုင်, ရပြီးတဲ့ ပစ္စည်းဥစ္စာကိုလဲ တိုးပွားအောင်လုပ်နိုင်တဲ့ အသိအမြင်မျှသာ ရှိပြီး အကုသိုလ်–ကုသိုလ်=အပြစ်ရှိတဲ့တရား–အပြစ်မရှိတဲ့တရား, ယုတ်တဲ့တရား–မြတ်တဲ့တရား, မည်းညစ်သောအဖို့ရှိတဲ့တရား–ဖြူစင်သောအဖို့ရှိတဲ့တရား၊ ဒီတရားတွေကို ခွဲခြမ်းဝေဖန် သိမြင်နိုင်တဲ့အသိဉာဏ် မရှိသူမျိုးကိုတော့ တစ်ဖက်မြင်ပုဂ္ဂိုလ်လို့ ခေါ်ပါတယ်။

ဒီပုဂ္ဂိုလ်က စီးပွားရေးလောကကိုသာ သိမြင်နားလည်ပြီး ဓမ္မရေးအမြင် မရှိသူ ဖြစ်ပါတယ်၊ ဒီပုဂ္ဂိုလ်မျိုးလဲ မဖြစ်ကြစေနဲ့၊ ဘာသာရေးဗဟုသုတကို ရှာဖွေကြပါ၊ စုဆောင်းကြပါ၊ ဆွေးနွေးကြပါ၊ မေးမြန်းကြပါ၊ မောင်သန်းညွှန့်က သူ့ရဲ့ဓမ္မမိတ်ဆွေတွေလို့ ပြောထားတော့ အသင့်အတင့်တော့ နားလည်ပြီးဖြစ်ကြလိမ့်မယ် ထင်ပါတယ်။

**၃။ ၂–ဖက်မြင်ပုဂ္ဂိုလ်** မရသေးတဲ့ ပစ္စည်းဥစ္စာကိုလဲ ရနိုင်, ရပြီးတဲ့ ပစ္စည်းဥစ္စာတွေကိုလဲ တိုးပွားအောင် လုပ်နိုင်တဲ့ ဉာဏ်အမြင်လဲရှိ၊ အကုသိုလ်–ကုသိုလ်=အပြစ်ရှိတဲ့တရား–အပြစ်မရှိတဲ့တရား, ယုတ်တဲ့တရား–မြတ်တဲ့တရား, မည်းညစ်သောအဖို့ရှိသောတရား–ဖြူစင်သောအဖို့ရှိသောတရား၊ ဒီတရားတွေကို ခွဲခြမ်းဝေဖန် သိမြင်နိုင်တဲ့ ဉာဏ်အမြင်လဲ ရှိသူမျိုးကိုတော့ ၂–ဖက်မြင်ပုဂ္ဂိုလ်လို့ ခေါ်ပါတယ်၊ ဒီပုဂ္ဂိုလ်မျိုးက စီးပွားရေးရော, ဓမ္မရေးရော ၂–ဖက်စုံအမြင်ရှိသူ ဖြစ်ပါတယ်၊ ဒီပုဂ္ဂိုလ်မျိုးဖြစ်အောင် ကြိုးစားကြရမယ်။

**ရှောင်သင့်သူ, ပေါင်းသင့်သူ** ပညာမျက်စိအမြင် မရှိတဲ့သူဟာ ဒီဘဝမှာ သား, မယား, မိမိကိုမှီခိုနေသူ, ဆွေမျိုး, မိတ်ဆွေနှင့်တကွ မိမိကိုပါ ချမ်းသာစေနိုင်တဲ့ ပစ္စည်းဥစ္စာတွေကိုလဲ မဖြစ်စေနိုင်၊ နောင်ဘဝသံသရာမှာ အားကိုးအားထားရာဖြစ်တဲ့ ကုသိုလ်ကောင်းမှုကိုလဲ မဖြစ်စေနိုင်ပါဘူး၊ ဒါနဲ့ ဒီလူဟာ ဒီဘဝမှာလဲ ဆုံးရှုံး, နောင်ဘဝမှာလဲ ဆုံးရှုံးရပါတော့တယ်။

တရားတဲ့နည်းနဲ့ရော, မတရားတဲ့နည်းနဲ့ရော ပစ္စည်းဥစ္စာကို ရှာဖွေစုဆောင်းတဲ့ ပုဂ္ဂိုလ်ကိုတော့ (ယခုတစ်ဘဝတည်းကိုသာ ကြည့်ပြီး, နောင်ဘဝသံသရာကို မကြည့်တဲ့အတွက်) တစ်ဖက်မြင်ပုဂ္ဂိုလ်လို့ ခေါ်ရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကာမဂုဏ်ခံစားနေတဲ့ လူသားပုဂ္ဂိုလ်တစ်ဦးက ပစ္စည်းဥစ္စာကို ခိုးဝှက်မှုနဲ့လဲ ရှာဖွေပါတယ်၊ စုဆောင်းပါတယ်၊ ကောက်ကျစ်စဉ်းလဲမှုနဲ့လဲ ရှာဖွေပါတယ်၊ စုဆောင်းပါတယ်၊ မဟုတ်မမှန်ပြောဆိုမှုနဲ့လဲ ရှာဖွေပါတယ်၊ စုဆောင်းပါတယ်၊ ခိုးဝှက်မှု၊ ကောက်ကျစ်စဉ်းလဲမှုနဲ့လဲ ရှာဖွေပါတယ်, စုဆောင်းပါတယ်၊ ခိုးဝှက်မှု, မဟုတ်မမှန်ပြောဆိုမှုနဲ့လဲ ရှာဖွေပါတယ်၊ စုဆောင်းပါတယ်၊ ကောက်ကျစ်စဉ်းလဲမှု, မဟုတ်မမှန်ပြောဆိုမှုနဲ့လဲ ရှာဖွေပါတယ်၊ စုဆောင်းပါတယ်၊ တစ်ဖက်သာအမြင်ရှိတဲ့ ဒီပုဂ္ဂိုလ်ဟာ ဒီလူ့ပြည်က (သေသွားပြီးတဲ့နောက်) ငရဲကို ရောက်ရတဲ့အတွက် ပင်ပန်းဆင်းရဲရပါတယ်။

တရားသဖြင့် ရှာဖွေရထားတဲ့ ပစ္စည်းဥစ္စာတွေနဲ့ပြည့်စုံတဲ့ မြင့်မြတ်သောပုဂ္ဂိုလ်ဖြစ်တဲ့ နှစ်ဖက်အမြင်ရှိတဲ့ ပုဂ္ဂိုလ်ကတော့ ထကြွလုံ့လဝီရိယနဲ့ရထားတဲ့ ပစ္စည်းဥစ္စာကို စွန့်ကြဲပေးကမ်းလှူဒါန်းပါတယ်၊ ယုံမှားသံသယကင်းပြီး မြင့်မြတ်တဲ့ အကြံအစည်ရှိတဲ့ နှစ်ဖက်မြင်သူဟာ စိုးရိမ်သောကမရှိတဲ့ နတ်ပြည်ကို ရောက်ရပါတယ်။

ကန်းတဲ့ပုဂ္ဂိုလ်နှင့် တစ်ဖက်သာအမြင်ရှိတဲ့ပုဂ္ဂိုလ်ကို မပေါင်းသင်းထိုက်ဘူး၊ အဝေးကြီးက ရှောင်ကြဉ်ရမယ်၊ နှစ်ဖက်အမြင်ရှိတဲ့ မြင့်မြတ်တဲ့ ပုဂ္ဂိုလ်မျိုးကိုတော့ မခွဲမခွာ အနွံအတာခံလို့ ပေါင်းသင်းရမယ်၊ ဆက်ဆံရမယ်၊ မှီဝဲရမယ်၊ ဆည်းကပ်ရမယ်။

ဒီလို အင်္ဂုတ္တရနိကာယ် (၁၊ ၁၂။ ၄-၂၊ ၁၉၆။ ၃-၃၊ ၉၅။) အန္ဓသုတ်မှာ မြတ်စွာဘုရား ဟောတော်မူ ထားပါတယ်။

မိမိ ဘယ်လိုပုဂ္ဂိုလ်မျိုးဖြစ်အောင် လုပ်ကိုင်ဆောင်ရွက်ရမယ်၊ ဘယ်လိုပုဂ္ဂိုလ်မျိုးဖြစ်မှ ဘဝကူးကောင်းမယ်၊ ဘယ်လိုပုဂ္ဂိုလ်မျိုးနဲ့မပေါင်းရဘူး၊ ဘယ်လိုပုဂ္ဂိုလ်မျိုးနှင့် ပေါင်းရမယ်ဆိုတာကို ဒီသုတ်က ညွှန်ပြထားပါတယ်။

**ရဖို့မလွယ်တဲ့တရား ၄-ပါး**

အခုဆက်လက်ပြီး လောကမှာ လူတွေက အလိုရှိနေ, နှစ်သက်နေ, မြတ်နိုးနေပေမဲ့ ရဖို့မလွယ်တဲ့ အင်မတန်ခဲယဉ်းတဲ့ တရား ၄-ပါးကို ပြောပြပါအုံးမယ်။

၁။ တရားနှင့်လျော်စွာ ငါ့မှာ ပစ္စည်းဥစ္စာတွေဖြစ်ပေါ်လာလို့ရှိရင်ကောင်းမှာပဲ- ဆိုတဲ့ ဒီရှေးဦးအစပထမ သဘောတရားကို လောကမှာ လူအများကတော့ တောင့်တနေကြပါတယ်၊ အလိုရှိနေကြပါတယ်၊ နှစ်သက်နေကြပါတယ်၊ မြတ်နိုးနေကြပါတယ်၊ ဒါပေမဲ့ ရဖို့မလွယ်လှဘူး၊ အင်မတန်ခဲယဉ်းတယ်။

၂။ အဲဒီသဘောတရားကို ရပြန်ရင် တရားနှင့်လျော်စွာ ငါ့ဆီကို မိတ်ဆွေ သူငယ်ချင်းတွေနှင့်အတူ ခြွေရံပရိသတ်တွေ ရောက်လာလို့ရှိရင် ကောင်းမှာပဲ၊ ဒီနှစ်ခုမြောက်ဖြစ်တဲ့ သဘောတရားကိုလဲ လောကမှာ လူအများက တောင့်တ

www.burmeseclassic.com

www.burmeseclassic.com



နေကြပါတယ်၊ အလိုရှိနေကြပါတယ်၊ နှစ်သက်နေကြပါတယ်၊ မြတ်နိုးနေကြပါတယ်၊ ဒါပေမဲ့ ရဖို့မလွယ်လှဘူး၊ အင်မတန်ခဲယဉ်းပါတယ်။

၃။ ဒါတွေကို ရပြန်ရင် ငါဟာ ဆွေမျိုး၊ မိတ်ဆွေသူငယ်ချင်းတွေနှင့်အတူ အသက်ရှည်လို့ရှိရင် ကောင်းမှာပဲ၊ ဒီသုံးခုမြောက် သဘောတရားကိုလဲ လောကမှာ လူအများက တောင့်တနေကြပါတယ်၊ အလိုရှိနေကြပါတယ်၊ နှစ်သက်နေကြပါတယ်၊ မြတ်နိုးနေကြပါတယ်၊ ဒါပေမဲ့ ရဖို့မလွယ်လှဘူး၊ အင်မတန် ခဲယဉ်းပါတယ်။

၄။ ဒါတွေကို ရပြန်ရင်လဲပဲ ငါဟာ သေပြီးတဲ့နောက် နတ်ပြည်ကိုရောက်ရလို့ရှိရင် ကောင်းမှာပဲ၊ ဒီ ၄-ခုမြောက် သဘောတရားကိုလဲ လောကမှာ လူအများက တောင့်တနေကြပါတယ်၊ အလိုရှိနေကြပါတယ်၊ နှစ်သက်နေကြပါတယ်၊ မြတ်နိုးနေကြပါတယ်၊ ဒါပေမဲ့ ရဖို့မလွယ်လှဘူး၊ အင်မတန် ခဲယဉ်းပါတယ်။

လောကမှာ လူတွေက အလိုရှိနေ၊ နှစ်သက်နေ၊ မြတ်နိုးနေကြပေမဲ့ ရဖို့မလွယ်တဲ့ အင်မတန် ခဲယဉ်းတဲ့တရား ၄-ပါးဆိုတာ ဒါတွေပဲ ဖြစ်ပါတယ်။

**အကြောင်းတရား ၄-ပါး**

ဒီ အကျိုးဖြစ်တဲ့ သဘောတရား ၄-ပါးတို့ကို အကြောင်းတရား ၄-ပါးနှင့် ပြည့်စုံမှ ရနိုင်တယ်၊ ဒီအကြောင်းတရား ၄-ပါးက ဘာတွေလဲဆိုတော့-

၁။ သဒ္ဓါသမ္ပဒါ= သဒ္ဓါတရားနှင့်ပြည့်စုံမှု၊
၂။ သီလသမ္ပဒါ= သီလနှင့်ပြည့်စုံမှု၊
၃။ စာဂသမ္ပဒါ= စွန့်ကြဲပေးကမ်းလှူဒါန်းခြင်းနှင့်ပြည့်စုံမှု၊
၄။ ပညာသမ္ပဒါ= ပညာနှင့်ပြည့်စုံမှု။

ဒီတရား ၄-ပါပဲ ဖြစ်ပါတယ်။

**၁။ သဒ္ဓါသမ္ပဒါ** အဲဒီတရား ၄-ပါးထဲက သဒ္ဓါသမ္ပဒါတရားနှင့်ပြည့်စုံမှုဆိုတာ ဘာလဲဆိုတော့-ဒီသာသနာတော်မှာ ဘုရားတပည့်သား (အရိယသာဝက)တစ်ဦးက ယုံကြည်မှု၊ ကြည်ညိုမှု(သဒ္ဓါ)နှင့် ပြည့်စုံမယ်၊ ဗုဒ္ဓမြတ်စွာဟာ-

၁။ ပူဇော်အထူးကို ခံတော်မူထိုက်တဲ့အတွက် အရဟံ-မည်တော်မူပါတယ်၊
၂။ သိဖွယ်မှန်သမျှ မကျန်ရအောင် လုံးဝကုန်စင် သိမြင်တော်မူတတ်တဲ့အတွက် သမ္မာသမ္ဗုဒ္ဓ-မည်တော်မူပါတယ်၊
၃။ အသိဉာဏ်ဝိဇ္ဇာ၊ အကျင့်စရဏနှင့်ပြည့်စုံတော်မူတဲ့အတွက် ဝိဇ္ဇာစရဏသမ္ပန္န-မည်တော်မူပါတယ်၊

www.burmeseclassic.com

www.burmeseclassic.com



၄။ စကားကောင်းကိုသာ ပြောဆိုတော်မူတတ်တဲ့အတွက် သုဂတ–မည်တော်မူပါတယ်၊

၅။ လောကကို သိတော်မူတတ်တဲ့အတွက် လောကဝိဒူ–မည်တော်မူပါတယ်၊

၆။ ဆုံးမသင့်သူကို ဆုံးမရာမှာ အတုမဲ့ပုဂ္ဂိုလ်ဖြစ်တဲ့အတွက် အနုတ္တရောပုရိသဒမ္မသာရထိ–မည်တော်မူပါတယ်၊

၇။ နတ်လူတွေရဲ့ဆရာ ဖြစ်တော်မူတဲ့အတွက် သတ္ထာဒေဝမနုဿာနံ–မည်တော်မူပါတယ်၊

၈။ သစ္စာ ၄–ပါးတရားများကို ကိုယ်တိုင်လဲ သိတတ်, သူ့ကိုလဲသိစေတတ်တဲ့အတွက် ဗုဒ္ဓ–မည်တော်မူပါတယ်၊

၉။ ဘုန်းတန်ခိုးကြီးမားတော်မူတဲ့အတွက် ဘဂဝါ–မည်တော်မူပါတယ်။

ဒီလို ဗုဒ္ဓမြတ်စွာရဲ့ အရဟတ္တမဂ်ဉာဏ်, သဗ္ဗညုတဉာဏ်တော်ကို ယုံကြည်နေမယ်၊ ကြည်ညိုနေမယ်ဆိုရင် အဲဒီယုံကြည်မှု, ကြည်ညိုမှုရှိနေတာကိုပဲ သဒ္ဓါသမ္ပဒါ= သဒ္ဓါတရားနှင့်ပြည့်စုံမှုလို့ ဆိုရပါတယ်။

**၂။ သီလသမ္ပဒါ** သီလသမ္ပဒါ= သီလနှင့်ပြည့်စုံမှုက ဘာလဲဆိုတော့– ဒီသာသနာတော်မှာ ဘုရားရှင်ရဲ့ တပည့်သား(အရိယသာဝက)တစ်ဦးက–

၁။ သူ့အသက်ကို သတ်ခြင်းက ရှောင်ကြဉ်မယ်၊

၂။ သူ့ဥစ္စာကို ခိုးယူခြင်းက ရှောင်ကြဉ်မယ်၊

၃။ မေထုန်ကာမတွေမှာ မှားမှားယွင်းယွင်း ပြုကျင့်ခြင်းက ရှောင်ကြဉ်မယ်၊

၄။ မဟုတ်မမှန် လိမ်ညာပြောဆိုခြင်းက ရှောင်ကြဉ်မယ်၊

၅။ မူးယစ်ဆေးဝါး သုံးစွဲခြင်းက ရှောင်ကြဉ်မယ်။

ဒီလို သီလစောင့်ထိန်းနေမှုကိုပဲ သီလသမ္ပဒါ= သီလနှင့်ပြည့်စုံမှုလို့ ဆိုရပါတယ်။

**၃။ စာဂသမ္ပဒါ** စာဂသမ္ပဒါ= လှူဒါန်းပေးကမ်း စွန့်ကြဲခြင်းနှင့်ပြည့်စုံမှုဆိုတာက ဘာလဲဆိုတော့–ဘုရားတပည့်သားတစ်ဦးက ဝန်တိုခြင်းအညစ်အကြေးကင်းတဲ့စိတ်နဲ့ အိမ်မှာနေမယ်၊ လွတ်လွတ်ကျွတ်ကျွတ်စွန့်ကြဲပေးကမ်းလှူဒါန်းမယ်၊ ပေးကမ်းလှူဒါန်းဖို့ရန် ဆန့်တန်းထား(ဖြန့်ထား)တဲ့ လက်ရှိနေမယ်၊ စွန့်ကြဲပေးကမ်း လှူဒါန်းမှုမှာ မွေ့လျော်နေမယ်၊ လှူဒါန်းမှု, ခွဲဝေသုံးစွဲမှုမှာ မွေ့လျော်နေမယ်–ဆိုကြပါစို့ရဲ့၊ ဒီသဘောတရားမျိုးကိုပဲ စာဂသမ္ပဒါ=စွန့်ကြဲပေးကမ်း လှူဒါန်းခြင်းနှင့်ပြည့်စုံမှုလို့ ဆိုရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



**၄။ ပညာသမ္ပဒါ** ပညာသမ္ပဒါ= ပညာနှင့်ပြည့်စုံမှုဆိုတာ ဘာလဲဆိုတော့— လူတစ်ဦးတစ်ယောက်ရဲ့ စိတ်ကို အားကြီးတဲ့ လိုချင်မက်မောမှု(အဘိဇ္ဈာဝိသမလောဘ)က လွှမ်းမိုးနှိပ်စက်နေရင် အဲဒီလူဟာ မလုပ်သင့်တဲ့အလုပ်ကို လုပ်မိတတ်ပါတယ်၊ လုပ်သင့်တဲ့အလုပ်ကျတော့ မလုပ်ဘဲနေတတ်ပါတယ်၊ ဒါနဲ့ပဲ အဲဒီလူမှာ အခြံအရံလဲ ဆုတ်ယုတ်ပျက်စီးသွားတတ်တယ်၊ ချမ်းသာစီးပွားလဲ ဆုတ်ယုတ်ပျက်စီးတတ်ပါတယ်။

လူ တစ်ဦးတစ်ယောက်ရဲ့စိတ်ကို သူတစ်ပါးကို ပျက်စီးစေလိုမှု(ဗျာပါဒ)က လွှမ်းမိုးနှိပ်စက်နေရင် အဲဒီလူဟာ မလုပ်သင့်တဲ့ အလုပ်ကို လုပ်မိတတ်တယ်၊ လုပ်သင့်တဲ့အလုပ်ကျတော့ မလုပ်ဘဲ နေတတ်တယ်၊ ဒါနဲ့ပဲ အဲဒီလူမှာ အခြံအရံလဲ ဆုတ်ယုတ်ပျက်စီးတတ်တယ်၊ ချမ်းသာစီးပွားလဲ ဆုတ်ယုတ်ပျက်စီးတတ်တယ်။

လူတစ်ဦးတစ်ယောက်ရဲ့စိတ်ကို လေးလံထိုင်းမှိုင်းမှု(ထိနမိဒ္ဓ)က လွှမ်းမိုးနှိပ်စက်နေရင် အဲဒီလူဟာ မလုပ်သင့်တဲ့ အလုပ်ကို လုပ်မိတတ်တယ်၊ လုပ်သင့်တဲ့အလုပ်ကျတော့ မလုပ်ဘဲ နေတတ်တယ်၊ ဒါနဲ့ပဲ အဲဒီလူမှာ အခြံအရံလဲ ဆုတ်ယုတ်ပျက်စီးတတ်တယ်၊ ချမ်းသာစီးပွားလဲ ဆုတ်ယုတ်ပျက်စီးတတ်တယ်။

လူတစ်ဦးတစ်ယောက်ရဲ့စိတ်ကို ပျံ့လွင့်မှု(ဥဒ္ဓစ္စ), နောင်တပူပန်မှု(ကုက္ကုစ္စ)က လွှမ်းမိုးနှိပ်စက်နေရင် အဲဒီလူဟာ မလုပ်သင့်တဲ့ အလုပ်ကို လုပ်မိတတ်တယ်၊ လုပ်သင့်တဲ့အလုပ်ကျတော့ မလုပ်ဘဲ နေတတ်တယ်၊ ဒါနဲ့ပဲ အဲဒီလူမှာ အခြံအရံလဲ ဆုတ်ယုတ်ပျက်စီးတတ်တယ်၊ ချမ်းသာစီးပွားလဲ ဆုတ်ယုတ်ပျက်စီးတတ်တယ်။

လူတစ်ဦးတစ်ယောက်ရဲ့စိတ်ကို ယုံမှားသံသယရှိမှု(ဝိစိကိစ္ဆာ)က လွှမ်းမိုးနှိပ်စက်နေရင် အဲဒီလူဟာ မလုပ်သင့်တဲ့ အလုပ်ကို လုပ်မိတတ်တယ်၊ လုပ်သင့်တဲ့အလုပ်ကျတော့ မလုပ်ဘဲ နေတတ်တယ်၊ ဒါနဲ့ပဲ အဲဒီလူမှာ အခြံအရံလဲ ဆုတ်ယုတ်ပျက်စီးတတ်တယ်၊ ချမ်းသာစီးပွားလဲ ဆုတ်ယုတ်ပျက်စီးတတ်တယ်။

ဘုရားရှင်ရဲ့ တပည့်သားတစ်ဦးဟာ အားကြီးတဲ့ လိုချင်မက်မောမှု(အဘိဇ္ဈာဝိသမလောဘ)က စိတ်အညစ်အကြေးဖြစ်ကြောင်းကို သိမြင်လာလို့ရှိရင် အားကြီးတဲ့ လိုချင်မက်မောမှုကို ပယ်ပါတော့တယ်။

သူးတစ်ပါးကို ပျက်စီးစေလိုမှု(ဗျာပါဒ)က စိတ်အညစ်အကြေးဖြစ်ကြောင်းကို သိမြင်လာလို့ရှိရင် သူတစ်ပါးကို ပျက်စီးစေလိုမှု(ဗျာပါဒ)ကို ပယ်ပါတော့တယ်။

လေးလံထိုင်းမှိုင်းမှု(ထိနမိဒ္ဓ)က စိတ်အညစ်အကြေးဖြစ်ကြောင်းကို သိမြင်လာလို့ရှိရင် လေးလံထိုင်းမှိုင်းမှု(ထိနမိဒ္ဓ)ကို ပယ်ပါတော့တယ်။

www.burmeseclassic.com

www.burmeseclassic.com



ပျံ့လွင့်မှု(ဥဒ္ဓစ္စ), နောင်တပူပန်မှု(ကုက္ကုစ္စ)က စိတ်အညစ်အကြေးဖြစ်ကြောင်းကို သိမြင်လာလို့ရှိရင် ပျံ့လွင့်မှု(ဥဒ္ဓစ္စ), နောင်တပူပန်မှု(ကုက္ကုစ္စ)ကို ပယ်ပါတော့တယ်။

ယုံမှားသံသယရှိမှု, မဝေခွဲနိုင်မှု(ဝိစိကိစ္ဆာ)က စိတ်အညစ်အကြေးဖြစ်ကြောင်းကို သိမြင်လာလို့ရှိရင် ယုံမှားသံသယရှိမှု, မဝေခွဲနိုင်မှု(ဝိစိကိစ္ဆာ)ကို ပယ်ပါတော့တယ်။

ဒီလို အားကြီးတဲ့လိုချင်က်မောမှု, သူတစ်ပါးတို့ကို ပျက်စီးစေလိုမှု, လေးလံထိုင်းမှိုင်းမှု, ပျံ့လွင့်မှုနှင့်နောင်တပူပန်မှု, ယုံမှားသံသယရှိမှု, မဝေခွဲနိုင်မှုတွေကို ပယ်စွန့်ထားတဲ့ ဘုရားတပည့်သားကို ကြီးမားသောပညာရှိသူ, ကျယ်ပြန့်သောပညာရှိသူ, ဉာဏ်အမြင်ကျယ်သူ, ဉာဏ်အမြင်နှင့်ပြည့်စုံသူလို့ ခေါ်သင့်ပါတော့တယ်၊ ဒီသဘောတရားကိုပဲ ပညာသမ္ပဒါ= ပညာနှင့်ပြည့်စုံမှုလို့ ဆိုရပါတယ်။

ဒီတရား ၄-ပါးဟာ ရဖို့မလွယ်ကူတဲ့ အကျိုးတရား ၄-ပါးကို ရစေနိုင်တဲ့ အကြောင်းတရားတွေ ဖြစ်ပါတယ်။

အမှတ်ရလွယ်အောင် ကဗျာလေးတစ်ပုဒ် ရွတ်ပြပါအုံးမယ်။

*သီလ သဒ္ဓါ-စွန့်ကြဲချနှင့် , ပညာဉာဏ်စု-ပြည့်စုံလျှင်၊
တရားလျော်စွာ-ဥစ္စာများနှင့် , ခြွေရံပွားများ-ချဉ်းကပ်ဝင်။
သက်တန်းကျော်ကာ-ပိုလွန်တက်လို့ , တကယ်အသက်ရှည်မည်ပင်၊
သေပြီးနောက်မှာ-နတ်ရွာရောက်လို့ , ချမ်းသာဖြိုးမောက်-အကျိုးထင်။

**သုံးစွဲမှု ၄-မျိုး**

အဲဒီဘုရားတပည့်သားက ထကြွလုံ့လဝီရိယနှင့်ရလာတဲ့, လက်ရုံးအားကိုး စုဆောင်းလာတဲ့ နဖူးကချွေး ခြေမကျအောင် လုပ်ကိုင်လို့ တရားသဖြင့်ရလာတဲ့ ပစ္စည်းဥစ္စာတွေနဲ့ သင့်တော်တဲ့ (သုံးစွဲမှု)အလုပ် ၄-ခုကို ပြုလုပ်တတ်ပါတယ်၊ ဘယ်လိုအလုပ် ၄-ခုကို ပြုလုပ်သလဲ ?ဆိုတော့-

၁။ မိမိကိုလဲ ချမ်းသာစေတယ်၊ သားရေပြည့်ဖြိုး ခွန်အားတိုးစေတယ်၊ ကောင်းကောင်းချမ်းသာအောင် ဆောင်ရွက်တယ်၊ သား, မယား, ကျေးကျွန်အလုပ်သမားတွေကို ချမ်းသာစေတယ်၊ သားရေပြည့်ဖြိုး ခွန်အားတိုးစေတယ်၊ ချမ်းသာကျေနပ်အောင် ဆောင်ရွက်တယ်၊ ဆွေမျိုး, မိတ်ဆွေသူငယ်ချင်းတွေကို ချမ်းသာစေတယ်၊ သားရေပြည့်ဖြိုး ခွန်အားတိုးစေတယ်၊ ချမ်းသာ ကျေနပ်အောင် ဆောင်ရွက်တယ်၊ ဒါက ရှေးဦးအစပထမ သင့်တော်လျောက်ပတ်တဲ့ သုံးစွဲမှုအလုပ်ကို ပြုလုပ်နေတာ ဖြစ်ပါတယ်။

၂။ ဘုရားတပည့်သားဟာ ကြိုးကြိုးစားစား အပင်ပန်းခံပြီး ရှာဖွေစုဆောင်းထားတဲ့ ပစ္စည်းဥစ္စာတွေနဲ့ မီးဘေး, ရေဘေး, မင်းဘေး, ခိုးသားဓားပြဘေး, မချစ်မနှစ်သက်တဲ့ အမွေခံဆိုးဘေးတွေကို ကာကွယ်တယ်၊ တားမြစ်ပိတ်

www.burmeseclassic.com



ပင်တယ်၊ မိမိကို ဆားရန်ကင်းကွာချမ်းသာအောင်လုပ်တယ်၊ ဒါကတော့ နှစ်ခုမြောက် သင့်တော်လျောက်ပတ်တဲ့(သုံးစွဲမှု)အလုပ်ကို ပြုလုပ်တာ ဖြစ်ပါတယ်။

၃။ ဘုရားတပည့်သားတစ်ဦးက ကြိုးကြိုးစားစား အပင်ပန်းခံပြီး ရှာဖွေ စုဆောင်းထားတဲ့ အဲဒီပစ္စည်းဥစ္စာတွေနဲ့ ဆွေမျိုးတွေကို ပေးကမ်းခြင်း, ဧည့်သည်တွေကို ပေးကမ်းခြင်း, ကွယ်လွန်သွားတဲ့ ဆွေမျိုးသားချင်းတွေအတွက် အလှူဒါနပြုလုပ်ပေးခြင်း, မင်းအား အကောက်အခွန်ပေးခြင်း, နတ်(ဝိသုဒ္ဓိနတ်)တို့အား ပေးလှူပူဇော်ခြင်းဆိုတဲ့ ပေးလှူပူဇော်မှုငါးမျိုး(ပဉ္စဗလိ)ကို ပြုလုပ်နေတယ်၊ ဒါကတော့ သုံးခုမြောက် သင့်တော်လျောက်ပတ်တဲ့ (သုံးစွဲမှု)အလုပ်ကို ပြုလုပ်တာပဲ ဖြစ်တယ်။

၄။ ဒီလောကမှာ ရဟန်းသူတော်ကောင်းတွေဟာ မာန်မူခြင်း, မေ့လျော့ ပေါ့ဆခြင်း ကင်းကြတယ်၊ သည်းခံတတ်တယ်၊ စင်ကြယ်တဲ့သီလနှင့် ပြည့်စုံကြတယ်၊ မိမိကိုဆုံးမတတ်ကြတယ်၊ မိမိကို ကိလေသာအပူ ငြိမ်းအေးအောင် ပြုလုပ်တယ်၊ မိမိကိုယ်မှာရှိနေတဲ့ ကိလေသာတွေကို ငြိမ်းအေးစေတတ်တယ်။

ဘုရားတပည့်သားက အဲဒီလို ရဟန်းသူတော်ကောင်းတွေကို ပြုစုလုပ်ကျွေးတယ်၊ သဒ္ဓါကြည်ဖြူ ပေးလှူတယ်၊ ဒါကတော့ ၄–ခုမြောက် သင့်တော်လျောက်ပတ်တဲ့(သုံးစွဲမှု) အလုပ်ကိုလုပ်တာပဲ ဖြစ်တယ်။

ဘုရားတပည့်သားဟာ ကြိုးကြိုးစားစား အပင်ပန်းခံပြီး ရှာဖွေစုဆောင်းထားတဲ့ ပစ္စည်းဥစ္စာတွေနဲ့ ဒီလို သင့်တော်တဲ့အလုပ် ၄–ခုကို ပြုလုပ်ပါတယ်။

ဒီအလုပ် ၄–ခုမှတစ်ပါး အခြားကိစ္စတွေကြောင့် ပစ္စည်းဥစ္စာကုန်ခန်းမှုကိုတော့ မသင့်တော်တဲ့ကုန်ခန်းမှုမျိုး, မသင့်တော်တဲ့သုံးစွဲခြင်းမျိုးလို့ ဆိုသင့်တယ်။

အမှတ်ရလွယ်ကူအောင် ကဗျာကလေးတစ်ပုဒ် ရွတ်ဆိုပြပါအုံးမယ်။

*တရားညီစွာ–ဖွေရှာထားတဲ့ , ဥစ္စာစီးပွား–များဖြင့်ပင်၊
ကိုယ်သုံးစားပြန်–ခြွေရံကျွေးလို့ , ငါးပါးသောဘေး–ကာကွယ်လျှင်။
ဗလိငါးတန်–မှန်မှန်ပေးလို့ , ပြုစုလုပ်ကျွေး–သူတော်စင်၊
ဤလေးခုသာ–ညီစွာပြုရင် , သင့်တော်သုံးမှု–ဖြစ်သည်ပင်။

ငါဟာ ပစ္စည်းဥစ္စာတွေကို သုံးစားခဲ့ပြီ၊ ကျွေးမွေးသင့်သူတွေကို ကျွေးမွေးခဲ့ပြီ၊ ဘေးရန်တို့ကို လွန်မြောက်စေခဲ့ပြီ၊ နတ်ပြည်သို့ရောက်စေတတ်တဲ့ အလှူကို ပေးလှူခဲ့ရပြီ၊ ငါးမျိုးသောပူဇော်မှု(ပဉ္စဗလိ)ကိုလဲ ပြုလုပ်ခဲ့ပြီ၊ သီလရှိသည့်အပြင် မြင့်မြတ်သော အကျင့်ကို ကျင့်နေသူတို့ကို ပြုစုလုပ်ကျွေးခဲ့ပြီ။

www.burmeseclassic.com

www.burmeseclassic.com



အိမ်မှာနေသူ လူပုဂ္ဂိုလ်တွေရဲ့ လိုလားတောင့်တလျက် ပစ္စည်းဥစ္စာရှာဖွေရခြင်းရဲ့ အကျိုးကို ငါရခဲ့ပြီ၊ မပူပန်ရမဲ့အလုပ်မျိုးကို ငါလုပ်ခဲ့ရပြီ။

ဒီလို အခြေအနေ အရပ်ရပ်ကို အဖန်ဖန်အောက်မေ့တဲ့ အိမ်နေသူ လူပုဂ္ဂိုလ်ဟာ အရိယာတို့ရဲ့တရားမှာ တည်နေပါတယ်၊ ဒီဘဝမှာပဲ ချီးမွမ်းမှုကိုလဲ ခံရပါတယ်၊ နောင်တမလွန်ကျတော့ နတ်ပြည်မှာ မွေ့လျော်ရပါတယ်။

*ပစ္စည်းဥစ္စာ–ဖွေရှာထားလို့ , ကိုယ်လဲသုံးစား–လာခဲ့တယ်၊
ကျွေးသင့်သူတွေ–ဝေငှကျွေးလို့ , ငါးပါးရန်ဘေး–ဝေးစေတယ်။
နတ်ပြည်နတ်ရွာ–ရောက်စေတတ်တဲ့ , အလှူလေးမြတ်–ပေးခဲ့တယ်၊
ငါးပါးပူဇော်–မှုမချွတ်ဘဲ , သူတော်သူမြတ်–လုပ်ကျွေးတယ်။

*အိမ်နေလူတွေ–လိုတောင့်တတဲ့, ဥစ္စာရှာရ–ကျိုးပြည့်ကြွယ်၊
ပူပန်ကင်းကွာ–အလုပ်မျိုးကို, တကယ်အားကြိုး–လုပ်ခဲ့တယ်။
အောက်မေ့စေ့စုံ–ဂုဏ်ပြည့်ဝတော့, ချီးမွမ်းခံရ–လောကဝယ်၊
သေပြီးနောက်မှာ–နတ်ရွာရောက်လို့, ချမ်းသာဖြိုးမောက်–လွန်ကြီးကျယ်။

ဒီလို အင်္ဂုတ္တရနိကာယ် (၁၊ ၃၇၆။ ၅–၂၊ ၃၁၂။ ၄–၂၊ ၃၁၀။) ပတ္တကမ္မသုတ်မှာ ဗုဒ္ဓမြတ်စွာက သူ့ကျောင်းဒကာဖြစ်တဲ့ အနာထပိဏ်သူဌေးကို ဟောထားပါတယ်။

ဒီသုတ်မှာ လူတွေ လိုလားတောင့်နေပေမဲ့ ရဖို့မလွယ်တဲ့ တရား ၄–ပါးကိုလဲ ပြထားပါတယ်၊ အဲဒီ ရဖို့မလွယ်တဲ့ တရား ၄–ပါးကို တကယ်ရလိုက လက်တွေ့လုပ်ရမဲ့ အကြောင်းတရား ၄–ပါးကိုလဲ ပြထားပါတယ်၊ အဲဒီ အကြောင်းတရားတွေကို ပြုလုပ်လို့ရလာတဲ့ ပစ္စည်းဥစ္စာတွေကို ဘယ်လိုသုံးစွဲရမယ်ဆိုတာကိုလဲ ညွှန်ပြထားပါတယ်။

**ချမ်းသာ ၄–ပါး**

ကျန်းရှိနေတဲ့ အချိန်မှာ ဗုဒ္ဓမြတ်စွာက အနားကို ချဉ်းကပ်ရောက်လာတဲ့ ကျောင်းဒကာကြီး အနာထပိဏ်အား ဟောကြားတော်မူတဲ့ ချမ်းသာ ၄–ပါးတရားကိုပဲ ဆက်လက်ပြောပြပါအုံးမယ်။

၁။ အတ္ထိသုခ= ငါ့မှာပစ္စည်းဥစ္စာရှိတယ်ဆိုတဲ့ချမ်းသာ၊
၂။ ဘောဂသုခ= သုံးဆောင်ခံစားရတဲ့အတွက် ဖြစ်တဲ့ချမ်းသာ၊
၃။ အာဏဏျသုခ= ကြွေးမြီကင်းမှုချမ်းသာ၊
၄။ အနဝဇ္ဇသုခ= အပြစ်ကင်းမှုချမ်းသာ။

www.burmeseclassic.com

www.burmeseclassic.com



ကာမဂုဏ်ခံစားနေတဲ့ လူသားပုဂ္ဂိုလ်က အချိန်အခါအားလျော်စွာ ဒီချမ်းသာ ၄–မျိုးကို ရနိုင်ပါတယ်။

**၁။ အတ္ထိသုခ** အဲဒီချမ်းသာ ၄–မျိုးထဲက ငါ့မှာရှိတယ်လို့ဖြစ်တဲ့ ချမ်းသာဟာ ဘာလဲဆိုတော့–အမျိုးသားတစ်ယောက်မှာ ထကြွလုံ့လဝီရိယနဲ့ လက်ရုံးအားကိုးပြီး နဖူးကချွေး ခြေမကျအောင် တရားသဖြင့် လုပ်ကိုင်ရရှိထားတဲ့ ပစ္စည်းဥစ္စာတွေ ရှိနေတယ်ဆိုကြစို့ရဲ့၊ အဲဒီအမျိုးသားက ငါ့မှာပစ္စည်းဥစ္စာတွေ ရှိနေတယ်လို့ တွေးပြီး စိတ်ချမ်းသာလာပါတယ်၊ နှစ်သက်ဝမ်းမြောက်လာပါတယ်၊ ဒါကိုပဲ ငါ့မှာရှိတယ်လို့ဖြစ်တဲ့ ချမ်းသာလို့ ဆိုရပါတယ်။

**၂။ ဘောဂသုခ** သုံးဆောင်ရတဲ့အတွက် ဖြစ်တဲ့ချမ်းသာက ဘာလဲဆိုတော့– ဒီလောကမှာ အမျိုးသားတစ်ဦးက ထကြွလုံ့လ ဝီရိယနဲ့ လက်ရုံးအားကိုးပြီး ချွေးဒီးဒီးကျအောင် တရားသဖြင့်လုပ်ကိုင်ရရှိထားတဲ့ ပစ္စည်းဥစ္စာတွေကို ကိုယ်တိုင်လဲ သုံးဆောင်တယ်၊ အဲဒီပစ္စည်းဥစ္စာတွေနဲ့ပဲ ကုသိုလ်ကောင်းမှုကိုလဲ ပြုလုပ်တယ်၊ ဒါနဲ့ အဲဒီအမျိုးသားက တရားသဖြင့်လုပ်ကိုင်ရရှိထားတဲ့ ပစ္စည်းဥစ္စာတွေကို ငါ့ကိုယ်တိုင်လဲ သုံးဆောင်ရတယ်၊ အဲဒီပစ္စည်းဥစ္စာတွေနဲ့ပဲ ကုသိုလ်ကောင်းမှုကိုလဲ ပြုလုပ်ရတယ်၊ ဒီလိုတွေးပြီး စိတ်ချမ်းသာလာတယ်၊ ဝမ်းမြောက်လာတယ်၊ ဒါကိုပဲ သုံးဆောင်ခံစားရတဲ့အတွက် ဖြစ်တဲ့ချမ်းသာလို့ ဆိုရတယ်။

**၃။ အာနဏျသုခ** ကြွေးမြီကင်းမှုချမ်းသာက ဘာလဲဆိုတော့–အမျိုးသားတစ်ဦးဟာ ကြွေးမြီကင်းတယ်၊ မည်သူတစ်ဦးတစ်ယောက်ကိုမှ ပေးဆပ်စရာ ကြွေးမြီနည်းနည်းကလေးမှ မရှိ၊ ဒီတော့ အဲဒီအမျိုးသားက သူများကိုပေးဆပ်စရာ ကြွေးမြီမရှိဘူး၊ ဒီလိုတွေးပြီး စိတ်ချမ်းသာလာတယ်၊ ဝမ်းမြောက်လာတယ်၊ ဒါကိုပဲ ကြွေးမြီကင်းမှုချမ်းသာလို့ ဆိုရတာပါပဲ။

**၄။ အနဝဇ္ဇသုခ** အပြစ်ကင်းမှုချမ်းသာဆိုတာ ဘာလဲဆိုတော့– ဒီလောကမှာ ဘုရားတပည့်သားတစ်ဦးက အပြစ်ကင်းတဲ့ကိုယ်အမှု၊ အပြစ်ကင်းတဲ့နှုတ်အမှု၊ အပြစ်ကင်းတဲ့ ကြံစည်စိတ်ကူးမှုတွေနှင့် ပြည့်စုံနေတယ်၊ ဒီတော့ ငါဟာ အပြစ်ကင်းတဲ့ကိုယ်မှု၊ နှုတ်မှု၊ ကြံစည်စိတ်ကူးမှုတွေနှင့် ပြည့်စုံနေတယ်၊ ဒီလိုတွေးပြီး စိတ်ချမ်းသာလာတယ်၊ ဝမ်းမြောက်လာတယ်၊ ဒါကိုပဲ အပြစ်ကင်းမှု ချမ်းသာလို့ ဆိုရတာပါပဲ။

ကာမဂုဏ်ခံစား လူသားပုဂ္ဂိုလ်တွေက အချိန်အခါအားလျော်စွာ ရနိုင်တဲ့ချမ်းသာ ၄–ပါးဆိုတာက ဒါတွေပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



ကာမဂုဏ်ခံစား လူသားပုဂ္ဂိုလ်ဟာ သုံးဆောင်မှုချမ်းသာကို ခံစားရင်း ကြွေးမြီကင်းမှုချမ်းသာနှင့် ရှိမှုချမ်းသာကို သိမြင်ပါတယ်၊ အဲဒီနောက်မှာ ပညာနဲ့ အထူးဆင်ခြင်ပါတယ်။

ပညာရှိက အထူးဆင်ခြင်လို့ရှိရင် အဲဒီ(ရှေး)ချမ်းသာသုံးမျိုးဟာ အပြစ်ကင်းမှုချမ်းသာရဲ့ တစ်ဆယ့်ခြောက်စိတ်စိတ် တစ်စိတ်ကိုမျှ မမီနိုင်ဘူးလို့ ချမ်းသာနှစ်ဖို့ကို ခွဲခြားသိမြင်ပါတယ်။

ဒါတွေနဲ့ပတ်သက်လို့ အလွယ်တကူ ကျက်မှတ်ထားစရာ ကဗျာလေးတစ်ပုဒ် ရွတ်ပြပါအုံးမယ်။

*ဥစ္စာရှိနေ–သုံးဆောင်ခြင်းနှင့် , ကြွေးမြီလွတ်ကင်း–ပြစ်ကင်းစင်၊
ချိန်ခါသင့်မူ–လူအများတို့ , ချမ်းသာလေးပါး–ရသည်တွင်။
အပြစ်ကင်းစင်–ချမ်းသာမှုက , ရှေးသုံးခုထက်–ကောင်းသည်ပင်၊
ထို့ကြောင့် အသင်–ပြစ်ကင်းမှုကို , အလေးဂရု–ပြုစေချင်။

ဒီလို (အံ–၁၊ ၃၈၀။ ဌ–၂၊ ၁၁၄။ –မှာ) ရှင်တော်မြတ်ဘုရား ဟောထားပါတယ်။

ဒီလောက်ဆိုရင် ကက်ဆက်တစ်ခွေစာ ပြည့်လောက်ပြီထင်တယ်၊ ဒါနဲ့ ဩဝါဒကို လက်စသတ်ကြစို့ရဲ့။

ပြောခဲ့တဲ့အတိုင်း ၂–ဖက်မြင်ပုဂ္ဂိုလ်မျိုးဖြစ်အောင် အသီးအသီး ကြိုးစားကြပြီး တရားသဖြင့် ရှာဖွေလို့ရလာတဲ့ မိမိတို့ရဲ့ပစ္စည်းဥစ္စာကို တရားနှင့်အညီ သုံးစွဲကြလို့ ချမ်းသာ ၄–ပါးကို အပြည့်အဝခံစားရင်း နိဗ္ဗာန်ရောက်ကြောင်း တရားကောင်းတွေကို အသီးအသီး ကိုယ်စီကိုယ် င ကြိုးစားအားထုတ်နိုင်ကြပါစေ။

ဩဝါဒရဲ့အဆုံးမှာ တခဲနက်ထွက်ပေါ်လာသော သာဓုခေါ်သံက ဩဝါဒကို နှစ်သက်ကြောင်း, သဘောကျကြောင်းကို ထုတ်ဖော်ပြောဆိုသလို ဖြစ်နေပါတော့သည်။

သူငယ်ချင်းတစ်စုတို့က နောက်နေ့မှာလဲ ဆရာတော်ရဲ့ဩဝါဒကို နာကြားလိုပါကြောင်း, မိမိတို့ လူစုမခွဲမီ ကျောင်းရှိသံဃာတော်များအား နံနက်ဆွမ်း–နေ့ဆွမ်းလဲ ကပ်လိုပါကြောင်း, ညတရားလဲ နာလိုကြောင်း ဆရာတော်ဦးခမ္မိကကို လျှောက်ထားကြသည်၊ ဆရာတော်ကလည်း လက်ခံထားလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



## ယခုပြုထား နောင်ကြီးပွား

နောက်တစ်နေ့ အရုံဆွမ်းဘုဉ်းပေးပြီးချိန်မှာ အလှူရှင်များလည်း အစုံအညီ ရောက်နေကြပါသည်၊ ရပ်ရွာထဲမှ ဖိတ်ကြားထားသော လူကြီးများလည်း ရောက်နေကြပါသည်၊ ဆရာတော်ဦးဓမ္မိကလည်း ဩဝါဒပေးရန် အဆင်သင့် ဖြစ်နေပါသည်၊ မောင်သန်းညွန့်ကမူ ကက်ဆက်တစ်လုံးဖြင့် အလုပ်ရှုပ်နေပါသည်၊ ထိုစဉ် ဆရာတော်ဦးဓမ္မိကက စတင်အမိန့်ရှိလိုက်ပါသည်။

"ဟော့– မောင့်သန်းညွန့် ! မင်းတို့ အကုန်လုံး အဆင်သင့်ဖြစ်ပလား ?"။

"မှန်ပါ၊ ဖြစ်ပါပြီအရှင်ဘုရား"။

"ဒါဖြင့် တို့က ဒီနံနက်ပိုင်းမှာ ဩဝါဒကိုပဲ ဆက်လက်ပြောပြပါ့မယ်၊ အဲဒီ ဩဝါဒကို ပြောတဲ့အခါမှာလဲ မင်းတို့က လူအမျိုးမျိုးနှင့် ပေါင်းသင်း ဆက်ဆံနေရတော့ လက်ဦးဆုံး စည်းရုံးရေးတရားကိုပဲ ပြောပြပါ့မယ်"။

**စည်းရုံးရေး**

၁။ ဒါန= ပေးကမ်းခြင်း၊

၂။ ပေယျဝဇ္ဇ= ချစ်ဖွယ်သာယာ ပြောဆိုခြင်း၊

၃။ အတ္ထစရိယာ= အကျိုးစီးပွားကို ပြုကျင့်ခြင်း၊

၄။ သမာနတ္တတာ= ကိုယ်နှင့်တန်းတူညီမျှထားခြင်း။

ဒီ ၄–ပါးကို စည်းရုံးသိမ်းသွင်းရေးတရားလို့ ခေါ်ပါတယ်။

ဒီလောကမှာ ပေးကမ်းခြင်း, ချစ်ဖွယ်သာယာ ပြောဆိုခြင်း, ထိုက်သည်အား လျော်စွာ သူ့အကျိုးကို ဆောင်ရွက်ခြင်း, မိမိနှင့်တန်းတူညီမျှပြုခြင်းဆိုတဲ့ သင်္ဂဟ တရား ၄–ပါးတို့က သွားနေတဲ့လှည်းရဲ့ နားစောင့်လို လူများကို ချီးမြှောက်ကြ ပါတယ်၊ စုစည်းထိန်းချုပ်ပေးတတ်ကြပါတယ်။

အမေအဖေများက သားသမီးများအပေါ်မှာ ဒီစည်းရုံးရေးတရား ၄–ပါးကို မပြုလုပ်လို့ရှိရင် အဲဒီ အမေအဖေမျိုးက သားသမီးတွေရဲ့ မြတ်နိုးပူဇော်မှုကို ခံရစရာ မရှိပါဘူး။

ပညာရှိတွေက ဒီစည်းရုံးရေးတရား ၄–ပါးတို့ကို ရှုဆင်ခြင်ကြ(ပြုလုပ်ကြ) တဲ့အတွက် ကြီးကျယ်မြင့်မြတ်ခြင်းသို့ ရောက်ကြရပါတယ်၊ ချီးမွမ်းထိုက်သူတွေလဲ ဖြစ်လာကြရပါတယ်။

ဒါ့ကြောင့် မင်းတို့တစ်တွေလဲ ကြီးကျယ်မြင့်မြတ်ခြင်းသို့ ရောက်လိုလို့ရှိရင် အဲဒီ စည်းရုံးရေးတရား ၄–ပါးတို့ကို ထိုက်သည်အားလျော်စွာ ပြုလုပ်ကြရမယ်၊ လွယ်လွယ်နှင့် မှတ်မိအောင် ကဗျာလေး ၂–ပုဒ်ကို ရွတ်ပြပါအုံးမယ်။

www.burmeseclassic.com

www.burmeseclassic.com



ပေးကမ်းချစ်ဖွယ်–ပြောစကားနှင့် , အကျိုးစီးပွား–ပြုကျင့်ကာ၊
*သင့်တင့်လျော်စွာ–ကြောင်းကိစ္စမှာ , ကိုယ်နှင့်ညီမျှ–ထားလို့သာ။
သွားနေလှည်းမှာ–နားစောင့်လားသို့ , ဤတရားများ–လောကမှာ၊
ကြီးငယ်မဟူ–လူအားလုံးကို , သိမ်းသွင်းစုရုံး–ပြုနေတာ။

*မိဘတွေသာ–ဒီတရားကို , သမီး သား၌–မပြုရင်၊
သား သမီးတွေ–မိဘဆိုးကို , ရိုသေမြတ်နိုး–မပြုချင်။
ပညာရှိသူ–ဤတရားကို , ကောင်းစွာလေးစား–ရှုဆင်ခြင်၊
ထို့ကြောင့်မြတ်မွန်–ချီးမွမ်းခြင်းကို , သူတို့လက်ငင်း–ရသည်ပင်။

**စည်းရုံးနည်း** ပေးကမ်းခြင်းနဲ့သာ ချီးမြှောက်သင့်တဲ့ ပုဂ္ဂိုလ်မျိုးကို ပေးကမ်းခြင်းနဲ့ပဲ ချီးမြှောက်ရမယ်၊ ထောက်ပံ့ရမယ်။

အချို့သူတွေက ဒီလူဟာ ပေးသင့်တာကိုတော့ ပေးတာပဲ၊ စကားတစ်ခွန်း နှစ်ခွန်းနဲ့ အကုန်လုံးကို ချေမှုန်းဖျက်ဆီးနေတာပဲ၊ သူ ပေးတာ ဘာအသုံးကျတော့ မလဲလို့ ပြောဆိုတတ်ပါတယ်၊ အချို့လူက ဒီလူဟာ ပေးပင်မပေးစေကာမူ ပြောဆို တဲ့အခါ ဆီနဲ့သုတ်လိမ်းထားသလို ချောမောပြေပြစ်လှပါပေတယ်၊ ဒီလူက ပေးပေး, မပေးပေး သူ့စကားကပဲ တစ်ထောင်လောက် ထိုက်တန်နေတယ်လို့ ပြောဆိုတတ် ပါတယ်၊ ဒီလူမျိုးက ပေးတာကို မတောင့်တပါဘူး၊ ချစ်ဖွယ်သာယာ စကားမျိုး ကိုသာ မျှော်လင့်တောင့်တတတ်ပါတယ်၊ ဒီလူမျိုးကတော့ ချစ်ဖွယ်သာယာ စကားမျိုး ကိုသာ ပြောဆိုသင့်ပါတယ်။

အကျိုးစီးပွားကို တိုးပွားစေတတ်တဲ့ စကားမျိုးကိုပဲ အတ္ထစရိယာလို့ခေါ်ပါတယ်၊ အချို့သောပုဂ္ဂိုလ်က ပေးကမ်းခြင်းကိုလဲ မမျှော်လင့်မတောင့်တ၊ ချစ်ဖွယ်သာယာ ပြောဆိုခြင်းကိုလဲ မမျှော်လင့်မတောင့်တ၊ မိမိရဲ့ အကျိုးစီးပွားနှင့်စပ်တဲ့ စကား, ကြီးပွားတိုးတက်ရေးနှင့်စပ်တဲ့ စကားမျိုးကိုသာ မျှော်လင့်တောင့်တတတ်ပါတယ်၊ ဒီပုဂ္ဂိုလ်မျိုးကိုတော့ "သင်က ဒါကိုလုပ်သင့်တယ်၊ ဒါကိုတော့ မလုပ်သင့်ဘူး၊ ဒီလို ပုဂ္ဂိုလ်မျိုးကို မှီဝဲဆည်းကပ်သင့်တယ်၊ ဒီလိုပုဂ္ဂိုလ်မျိုးကို မမှီဝဲမဆည်းကပ်သင့်ဘူး၊" ဒီလို–စသည်ဖြင့် အကျိုးရှိတဲ့ စကားမျိုးကိုသာ ပြောဆိုသင့်ပါတယ်။

ဆင်းရဲအတူ ချမ်းသာအမျှသဘောကိုပဲ သမာနတ္တတာလို့ ခေါ်ပါတယ်၊ အချို့သော ပုဂ္ဂိုလ်ကတော့ ပေးခြင်း–စသည်တို့ထဲက ဘာတစ်ခုကိုမျှ မျှော်လင့် တောင့်တမှု မပြုပါဘူး၊ အတူထိုင်မှု, အတူအိပ်မှု, အတူစားသောက်မှု–စတဲ့ ဆင်းရဲ အတူ ချမ်းသာအမျှသဘောကိုသာ မျှော်လင့်တောင့်တတတ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



လူများအတွက် အဆင့်အတန်းတူသူ ဖြစ်နေရင် သူ့အတွက် ဆင်းရဲအတူ ချမ်းသာအမျှဆိုတဲ့ သဘောကိုပဲ ကျင့်သုံးသင့်ပါတယ်၊ ရဟန်းများအတွက် အကျင့်သီလအားဖြင့် တူမျှပါရင် ဆင်းရဲအတူ ချမ်းသာအမျှသဘောကိုပဲ ကျင့်သုံးသင့်ပါတယ်။

အဲဒီ ပုဂ္ဂိုလ်တွေထဲက အမျိုးဇာတ်ယုတ်နိမ့်ပြီး ပစ္စည်းဥစ္စာ ပေါများသူကို ချီးမြှောက်ရန် ခဲယဉ်းပါတယ်၊ အမျိုးဇာတ်နိမ့်နေတဲ့အတွက် အဲဒီလူနှင့် အတူစားသောက်မှုကို မပြုနိုင်၊ အဲဒီလို အတူသုံးဆောင်စားသောက်မှုကို မပြုရင်လဲ ပစ္စည်းဥစ္စာ ပေါများနေတဲ့အတွက် အတူသုံးဆောင်စားသောက်မှုကို မပြုသူအား စိတ်ဆိုးအမျက်ထွက်တတ်ပါတယ်၊ ဒါ့ကြောင့် ဒီပုဂ္ဂိုလ်မျိုးကို ချီးမြှောက်ရန် ခဲယဉ်းလှပါတယ်။

ပစ္စည်းဥစ္စာအနေနဲ့ ယုတ်နိမ့်ပြီး အမျိုးဇာတ်အားဖြင့် သာလွန်မြင့်မြတ်သူကိုလဲ ချီးမြှောက်ရန် ခဲယဉ်းလှပါတယ်၊ ဘာကြောင့်လဲဆိုတော့ သူက ငါဟာ အမျိုးဇာတ်အနေနဲ့ မြင့်မြတ်သူဖြစ်တယ်၊ ဒီလိုနှလုံးသွင်းပြီး ပစ္စည်းဥစ္စာပြည့်စုံသူနှင့် အတူတကွ သုံးဆောင်စားသောက်ခြင်းကို အလိုမရှိပါဘူး၊ အတူတကွ သုံးဆောင်စားသောက်ရရင် စိတ်ဆိုးအမျက်ထွက်တတ်ပါတယ်။

ဒါ့ကြောင့် အမျိုးဇာတ်, ပစ္စည်းဥစ္စာ ၂–ပါးလုံး ယုတ်နိမ့်နေသူကို ချီးမြှောက်ရလွယ်ကူပါတယ်၊ ဘာ့ကြောင့်လဲဆိုတော့ ဒီပုဂ္ဂိုလ်မျိုးက အမျိုးဇာတ် ယုတ်နိမ့်နေတဲ့အတွက် အခြားသူနှင့် အတူတကွ သုံးဆောင်စားသောက်ခြင်းကို အလိုမရှိပါဘူး၊ ပစ္စည်းဥစ္စာ ယုတ်နိမ့်နေတဲ့အတွက် အတူတကွ သုံးဆောင်စားသောက်မှုကို မပြုရရင်လဲ အမျက်မထွက်တတ်ပါဘူး။

ပစ္စည်းဥစ္စာ, အမျိုးဇာတ် ၂–မျိုးလုံးနဲ့ တူမျှသူကိုလဲ ချီးမြှောက်ရလွယ်ကူတာပါပဲ၊ အဆင့်အတန်း တူမျှနေတဲ့အတွက်ကြောင့်ပဲ အခြားသူနှင့်အတူ သုံးဆောင်စားသောက်ခြင်းကို မျှော်လင့်တောင့်တတတ်ပါတယ်၊ မပြုရရင်လဲ အခြားသူအားစိတ်ဆိုးအမျက်ထွက်မှုကို မပြုတတ်ပါဘူး၊ ဒါ့ကြောင့် ချီးမြှောက်ရလွယ်ကူပါတယ်။

ဒါတွေကိုတော့ စာထဲမှာ ပါနေလို့သာ ပြောနေရတာပါ၊ မြန်မာနိုင်ငံမှာတော့ ဒီလို လူအချင်းချင်း အမျိုးဇာတ်ကို အကြောင်းပြုပြီး အဆင့်အတန်းခွဲခြားမှု မရှိပါဘူး။

ဒုဿီလရဟန်းကို ချီးမြှောက်ရန် ခဲယဉ်းပါတယ်၊ ဒုဿီလရဟန်းနှင့် ရဟန်းကောင်းများက အတူတကွ သုံးဆောင်စားသောက်မှုကို မပြုနိုင်ကြဘူး၊ မပြုကြလို့ရှိရင် စိတ်ဆိုးအမျက်ထွက်တတ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



သီလရှိတဲ့ရဟန်းကတော့ ချီးမြှောက်ရ လွယ်ပါတယ်၊ သီလရှိတဲ့ရဟန်းက အာမိသတစ်စုံတစ်ခုကို မပေးရင်လဲ စိတ်မဆိုးတတ်၊ ချီးမြှောက်မှုကို မပြုရင်လဲ အမျက်မထွက်တတ်၊ မိမိနှင့်အတူ သုံးဆောင်စားသောက်မှုကို မပြုတဲ့ အခြားရဟန်းများကိုလဲ သီလကိုချစ်ခင်တဲ့အတွက် ယုတ်မာစိတ်မျိုးနဲ့ မကြည့်တတ်၊ ဒါ့ကြောင့်ပဲ သီလရှိတဲ့ ရဟန်းနှင့်အတူ သုံးဆောင်မှုကိုလဲ ပြုလွယ်ပါတယ်။

ဒါ့ကြောင့် လူဖြစ်ရင် အမျိုးဇာတ်, ပစ္စည်းဥစ္စာ ၂-ပါးနဲ့ တူမျှသူမျိုးကို ဒီလို မိမိနှင့်တန်းတူထားခြင်းမျိုးနဲ့ ချီးမြှောက်သင့်ပါတယ်၊ ရဟန်းဖြစ်ရင် သီလရှိသော ပုဂ္ဂိုလ်မျိုးကို ဒီလို မိမိနှင့်တန်းတူထားခြင်းနဲ့ ချီးမြှောက်သင့်ပါတယ်။

ဒီလို ဗုဒ္ဓမြတ်စွာက အင်္ဂုတ္တရနိကာယ်မှာ [ အံ-၁၊ ၃၄၁။ ဋ-၂၊ ၂၉၀။ ဋီ-၂၊ ၂၈၀။] ဟောတော်မူထားပါတယ်။

မင်းတို့လို လူအများနှင့် လုပ်ကိုင်နေရသူတွေဟာ ဒီလို လူတွေကို သိမ်းသွင်းပြီးတဲ့နောက် အုပ်စုပြိုကွဲမသွားရအောင် အဂတိလိုက်စားမှုကလဲ ကင်းရှင်းရမယ်၊ ဒါ့ကြောင့် အခုတစ်ဆက်တည်း အဂတိတရားတွေကို ပြောပြပါအုံးမယ်။

**အဂတိတရား လွန်ဆိုးဝါး**

၁။ ဆန္ဒာဂတိ= ချစ်ခြင်းကြောင့် မလိုက်ပါသင့်သည်သို့ လိုက်ပါခြင်း၊
၂။ ဒေါသာဂတိ= မုန်းခြင်းကြောင့် မလိုက်ပါသင့်သည်သို့ လိုက်ပါခြင်း၊
၃။ မောဟာဂတိ= မသိခြင်းကြောင့် မလိုက်ပါသင့်သည်သို့ လိုက်ပါခြင်း၊
၄။ ဘယာဂတိ= ကြောက်ခြင်းကြောင့် မလိုက်ပါသင့်သည်သို့ လိုက်ပါခြင်း။

ဒီ ၄-ပါးဟာ အဂတိလိုက်စားမှု(ဘက်လိုက်မှု)တွေ ဖြစ်တယ်။

၁။ ချစ်ခြင်းကြောင့် မလိုက်ပါသင့်သည်သို့ မလိုက်ပါခြင်း၊
၂။ မုန်းခြင်းကြောင့် မလိုက်ပါသင့်သည်သို့ မလိုက်ပါခြင်း၊
၃။ မသိခြင်းကြောင့် မလိုက်ပါသင့်သည်သို့ မလိုက်ပါခြင်း၊
၄။ ကြောက်ခြင်းကြောင့် မလိုက်ပါသင့်သည်သို့ မလိုက်ပါခြင်း။

ဒီ ၄-ပါးကတော့ အဂတိမလိုက်စားမှု(ဘက်မလိုက်မှု)တို့ပဲ ဖြစ်ပါတယ်။

ချစ်ခြင်းကြောင့်ပဲဖြစ်ဖြစ်, မုန်းခြင်းကြောင့်ပဲဖြစ်ဖြစ်, ကြောက်ခြင်းကြောင့်ပဲ ဖြစ်ဖြစ်, မသိခြင်းကြောင့်ပဲဖြစ်ဖြစ် တရားလမ်းကြောင်းကို ကျော်လွန်ကျင့်သူရဲ့ အခြံအရံ အကျော်အစောဟာ လဆုတ်ပက္ခလလို တစ်နေ့ပြီးတစ်နေ့ ဆုတ်ယုတ် လာရတော့တယ်။

www.burmeseclassic.com

www.burmeseclassic.com



ချစ်ခြင်းကြောင့်ဖြစ်စေ, မုန်းခြင်းကြောင့်ဖြစ်စေ, ကြောက်ခြင်းကြောင့်ဖြစ်စေ, မသိခြင်းကြောင့်ဖြစ်စေ တရားလမ်းကြောင်းကို မကျော်လွန်သူရဲ့ အခြံအရံ အကျော်အစောဟာ လဆန်းပက္ခလလို တစ်နေ့ထက်တစ်နေ့ ပြည့်ဝလာရပါတော့တယ်။

*ချစ်မုန်းတွေဝေ–ကြောက်ရွံ့ခြင်းကြောင့် , တရားကျော်နင်း–ပြုသူမှာ၊
ဆုတ်ပက္ခဝယ်–လသဘောသို့ , ခြွေရံကျော်စော–ဆုတ်ယုတ်လာ။
ချစ်မုန်းတွေဝေ–ကြောက်ရွံ့ခြင်းကြောင့် , တရားမယွင်း–ကျင့်သူမှာ၊
ဆန်းပက္ခဝယ်–လသဘောသို့ , ခြွေရံကျော်စော–ပြည့်ဝလာ။

**ဆန္ဒာဂတိ** ဒီလူဟာ ငါ့သူငယ်ချင်းပဲ ငါ့မိတ်ဆွေပဲ ဆိုတဲ့ရည်ရွယ်ချက်မျိုးနဲ့ပဲ ဖြစ်ဖြစ်, ဒီလူဟာ ငါ့ဆွေမျိုးသားချင်းပဲဆိုတဲ့ ရည်ရွယ်ချက်မျိုးနဲ့ပဲ ဖြစ်ဖြစ်, ဒီလူဟာ ငါ့ကို တံစိုးလက်ဆောင် ပေးထားတာပဲဆိုတဲ့ ရည်ရွယ်ချက်မျိုးနဲ့ပဲ ဖြစ်ဖြစ် ချစ်ခင်ခြင်းနှင့်စပ်လျဉ်းပြီး ပိုင်ရှင်မဟုတ်သူကို ပိုင်ရှင်ဖြစ်အောင် လုပ်ပေးသူဟာ ချစ်ခြင်းကြောင့် မလုပ်သင့်တာကို လုပ်ရာရောက်ပါတယ်။

ဝေဖန်ပေးကမ်းတဲ့ အခါမျိုးမှာ အလားတူရည်ရွယ်ချက်မျိုးနဲ့ အပိုအလွန် ပေးသူလဲပဲ ချစ်ခြင်းကြောင့် မလုပ်သင့်တာကို လုပ်ရာရောက်ပါတယ်။

**ဒေါသာဂတိ** ဒီလူဟာ ငါ့ရဲ့ရန်သူပဲ၊ ဒီလို ကြာမြင့်လှစွာသော ကာလက ဖွဲ့လာတဲ့ ရန်ငြိုးနှင့်စပ်လို့ဖြစ်စေ, အဲဒီခဏမှာ ဖြစ်ပေါ်လာတဲ့ ဒေါသထွက်မှု အမြင်ကပ်မှုနှင့်စပ်လို့ဖြစ်စေ ပိုင်ရှင်ဖြစ်သူကို ပိုင်ရှင်မဟုတ်အောင် လုပ်ပေးသူဟာ မုန်းခြင်းကြောင့် မလုပ်သင့်တာကို လုပ်ရာရောက်ပါတယ်။

ပစ္စည်းများကို ဝေဖန်ပေးကမ်းတဲ့ အခါမျိုးမှာ ဒီအကောင်ဟာ ငါ့ရန်သူပဲလို့ ဒေါသအားလျော်စွာ လျော့လို့ပေးသူလဲပဲ မုန်းခြင်းကြောင့် မလုပ်သင့်တာကို လုပ်ရာ ရောက်ပါတယ်။

**မောဟာဂတိ** အသိဉာဏ်နည်းတဲ့အတွက်, အလွန်ဖျင်းအတဲ့အတွက် မသင့်တော်တဲ့ အကြောင်းကို ပြောဆိုပြီး ပိုင်ရှင်မဟုတ်သူကို ပိုင်ရှင်ဖြစ်အောင်လုပ် ပေးသူဟာ မသိခြင်းကြောင့် မလုပ်သင့်တာကို လုပ်ရာရောက်ပါတယ်။

ပစ္စည်းများကို ဆေဖန်ပေးတဲ့အခါမှာ ဖျင်းအတဲ့အတွက် ပေးပြီး, မပေးရသေးကို မသိလို့ အချို့ကိုပိုပေး အချို့ကိုလျော့ပေးတဲ့သူလဲပဲ မသိခြင်းကြောင့် မလုပ်သင့်တာကို လုပ်ရာရောက်ပါတယ်။

**ဘယာဂတိ** ဒီလူဟာ အုပ်ချုပ်သူလူတန်းစား အာဏာလက်ကိုင်ရှိထားသူများနှင့် အကျွမ်းဝင်တယ်၊ ငါ့ရဲ့အကျိုးစီးပွားပျက်ပြားအောင် လုပ်မှာပဲလို့ ဖြစ်စေ, ဒီလူက သောင်းကျန်းသူ လူဆိုးလူမိုက်များနှင့် ပေါင်းသင်းနေသူဖြစ်တယ်၊

www.burmeseclassic.com

www.burmeseclassic.com



ငါ့အကျိုးစီးပွားပျက်ပြားအောင် လုပ်နိုင်တာပဲလို့ဖြစ်စေ, ဒီလူက အင်မတန် ရက်စက်ကြမ်းကြုတ်တယ်လို့ဖြစ်စေ ကြောက်လန့်တဲ့အတွက် မပိုင်ဆိုင်သူကို ပိုင်ဆိုင်အောင် လုပ်ပေးသူဟာ ကြောက်ခြင်းကြောင့် မလုပ်သင့်တာကို လုပ်ရာရောက်ပါတယ်။

ပစ္စည်းဥစ္စာကို ဝေဖန်တဲ့ အခါမျိုးမှာ ငါရဲ့အကျိုးစီးပွား ပျက်ပြားအောင် လုပ်တော့မှာပဲလို့ ကြောက်လန့်တဲ့အတွက် တစ်ဦးတစ်ယောက်သောပုဂ္ဂိုလ်အား အပိုအလွန်ပေးသူလဲပဲ ကြောက်လန့်တဲ့အတွက် မလုပ်သင့်တာကို လုပ်ရာရောက်ပါတယ်။

ဒီလို အဂတိတရားနိကာယ် [ အံ-၁၊ ၃၂၆။ ဒွ-၂၊ ၂၆၂။ ဒီ-၂၊ ၂၄၁။ ]မှာ ဗုဒ္ဓမြတ်စွာက ဝေဖန်ပြထားပါတယ်။

**လူယုတ်, လူကောင်း**

ပြီးတော့ကာ မင်းတို့လို လူအမျိုးမျိုးနှင့် ပေါင်းသင်းဆက်ဆံနေရသူတွေဟာ လူယုတ်, လူကောင်း ခွဲခြားသိမြင်ရန်လဲ အင်မတန် အရေးပါလှပါတယ်၊ ဒါ့ကြောင့် လူယုတ် ၄-မျိုး, လူကောင်း ၄-မျိုးကိုလဲ ဆက်လက်ပြောပြသွားပါ့မယ်။

၁။ လူတစ်ယောက်ဟာ သူတစ်ပါးရဲ့အပြစ်ကို မမေးပေမဲ့ ဖွင့်ဖော်ပြောပြတတ်ပါတယ်၊ အမေးခံရရင်တော့ ပြောနေစရာပင် မလိုတော့ပါ၊ ပြဿနာတစ်ခုအနေနဲ့ ခေါ်ယူမေးခဲ့ပါရင် မယုတ်မလျော့(မထိန်မချန်) နှုတ်မဆိတ်ဘဲ ပြည့်ပြည့်စုံစုံ အကျယ်တဝင့် သူတစ်ပါးအပြစ်ကို ပြောပြတတ်ပါတယ်၊ ဒါကပဲ ဒီလူရဲ့ လူယုတ်ဖြစ်ကြောင်းကို သိရမဲ့ အချက်အလက် ဖြစ်ပါတယ်။

၂။ လူတစ်ယောက်ကတော့ သူတစ်ပါးရဲ့ ဂုဏ်ကျေးဇူးကို မေးစေကာမူ မဖွင့်ဖော် မပြောဆိုတတ်ပါ၊ မမေးရင်တော့ ပြောနေစရာပင် မလိုတော့ပါ၊ ပြဿနာတစ်ခု အနေနဲ့ ခေါ်ယူ အမေးခံရပါရင် လျော့လျော့ပေါ့ပေါ့ ဆိုင်းဆိုင်းတွတွ မပြည့်မစုံ အကျဉ်းချုံးကာ သူတစ်ပါးရဲ့ဂုဏ်ကျေးဇူးကို ပြောဆိုတတ်ပါတယ်၊ ဒါကပဲ အဲဒီလူရဲ့ လူယုတ်ဖြစ်ကြောင်းကို သိရမဲ့အချက် ဖြစ်ပါတယ်။

၃။ လူတစ်ယောက်က ကိုယ့်အပြစ်ကိုတော့ အမေးခံရပေမဲ့ မဖွင့်ဖော် မပြောဆိုတတ်ဘူး၊ အမေးမခံရရင်တော့ ဘယ်လိုလုပ်ပြီး ပြောတော့မလဲ၊ ပြဿနာတစ်ခုအနေနဲ့ ခေါ်ယူလို့ အမေးခံရပါရင် လျော့လျော့ပေါ့ပေါ့ ဆိုင်းဆိုင်းတွတွ မပြည့်မစုံ အကျဉ်းရုံးကာ ကိုယ့်အပြစ်ကို ပြောဆိုတတ်ပါတယ်၊ ဒါလဲပဲ အဲဒီ လူရဲ့ လူယုတ်ဖြစ်ကြောင်းကို သိရမဲ့အချက် ဖြစ်ပါတယ်။

၄။ လူတစ်ယောက်ကတော့ မိမိရဲ့ဂုဏ်ကျေးဇူးကို အမေးမခံရပေမဲ့ ဖွင့်ဖော်ပြောဆိုတတ်ပါတယ်၊ အမေးခံရလို့ရှိရင်တော့ ဘာပြောစရာ လိုတော့မလဲ၊ ဟုတ်တာရော, မဟုတ်တာရော နှုတ်မဆိတ်ဘဲ ပြောနေတော့မှာပေါ့၊ ပြဿနာတစ်ခု

www.burmeseclassic.com

www.burmeseclassic.com



အနေနဲ့ ခေါ်ယူမေးခဲ့ပါရင် မယုတ်မလျော့ မဆိုင်းမတွ ပြည့်ပြည့်စုံစုံ အကျယ်တဝင့် မိမိရဲ့ဂုဏ်ကို ထုတ်ဖော်ပြောပြတတ်ပါတယ်၊ ဒါလဲပဲ အဲဒီ လူရဲ့ လူယုတ်ဖြစ်ကြောင်းကို သိရမဲ့အချက်ပါပဲ။

ဒီတရား ၄–ပါးနှင့်ပြည့်စုံတဲ့သူကို လူယုတ်လို့ သိသင့်ပါတယ်။

*သူ့အပြစ်ကို–နှုတ်မဆိတ်ဘဲ , ဂုဏ်ကိုသိုသိပ်–လျှော့ပြောရင်၊
ကိုယ့်ပြစ်ဆိုရင်–ဖုံးဖိဝှက်လို့ , ဂုဏ်ကိုဖြည့်စွက်–ပိုပြောရင်။
ဒီလိုလူကို–လူညံ့ယုတ်လို့ , ခေါ်ဝေါ်သမုတ်–ဘုရားရှင်၊
အလားတူပင်–သင့်ပြောလတ်က , သင်လဲမချွတ်–လူယုတ်ပင်။

၁။ လူတစ်ယောက်ဟာ သူတစ်ပါးရဲ့အပြစ်ကို အမေးခံရပေမဲ့ မဖွင့်ဖော် မပြောဆိုတတ်ဘူး၊ အမေးမခံရရင်တော့ ဘယ်လိုဖွင့်ဖော် ပြောဆိုတော့မလဲ၊ ပြဿနာတစ်ခုအနေနဲ့ ခေါ်ယူအမေးခံရပါရင် လျော့လျော့ပေါ့ပေါ့ ဆိုင်းဆိုင်းတွတွ မပြည့်မစုံ အကျယ်မချဲ့ဘဲ တော်သင့်ရုံ သူတစ်ပါးရဲ့အပြစ်ကို ပြောဆိုတတ်ပါတယ်၊ ဒါကပဲ အဲဒီ လူရဲ့ သူတော်ကောင်းဖြစ်ကြောင်းကို သိရမယ့် အချက်ဖြစ်ပါတယ်။

၂။ လူတစ်ယောက်ကတော့ သူတစ်ပါးရဲ့ ဂုဏ်ကျေးဇူးကို အမေးမခံရပေမဲ့ ဖွင့်ဖော်ပြောဆိုတတ်ပါတယ်၊ အမေးခံရရင်တော့ ဘယ်မှာ မပြောဆိုဘဲ ရှိပါတော့မလဲ၊ ပြဿနာတစ်ခုအနေနဲ့ ခေါ်ယူမေးခဲ့ပါရင် မယုတ်မလျော့ မဆိုင်းမတွ ပြည့်ပြည့်စုံစုံ အကျယ်တဝင့် သူတစ်ပါးရဲ့ဂုဏ်ကျေးဇူးကို ပြောပြတတ်ပါတယ်၊ ဒါလဲပဲ အဲဒီလူရဲ့ သူတော်ကောင်းဖြစ်ကြောင်းကို သိရမဲ့အချက် ဖြစ်ပါတယ်။

၃။ လူတစ်ယောက်ကတော့ ကိုယ့်အပြစ်ကို မမေးပေမဲ့ ဖွင့်ဖော်ပြောပြတတ်ပါတယ်၊ အမေးခံရရင်တော့ ဘာပြောစရာ လိုတော့မလဲ၊ ပြဿနာတစ်ခုအနေနဲ့ ခေါ်ယူမေးခဲ့ပါရင် မယုတ်မလျော့ မထိန်မချန် နှုတ်မဆိတ်ဘဲ ပြည့်ပြည့်စုံစုံ အကျယ်တဝင့် မိမိအပြစ်ကို ဝန်ခံပြောဆိုတတ်ပါတယ်၊ ဒါလဲပဲ အဲဒီလူရဲ့ သူတော်ကောင်းဖြစ်ကြောင်းကို သိရမဲ့အချက်ပဲ ဖြစ်ပါတယ်။

၄။ လူတစ်ယောက်ကတော့ ကိုယ့်ဂုဏ်ကျေးဇူးကို မေးစေကာမူ မဖွင့်ဖော် မပြောဆိုတတ်ပါ၊ မမေးရင်တော့ ဘယ်မှာ ပြောဆိုတော့မလဲ၊ ပြဿနာတစ်ခုအနေနဲ့ ခေါ်ယူအမေးခံရရင် လျော့လျော့ပေါ့ပေါ့ ဆိုင်းဆိုင်းတွတွ မပြည့်မစုံ အကျယ်မချဲ့ဘဲ ကိုယ့်ဂုဏ်ကျေးဇူးကို ပြောဆိုတတ်ပါတယ်၊ ဒါလဲပဲ အဲဒီလူရဲ့ သူတော်ကောင်းဖြစ်ကြောင်းကို သိရမဲ့အချက်ပဲ ဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီတရား ၄–ပါးနှင့် ပြည့်စုံသူကိုတော့ သူတော်ကောင်းလို့ သိသင့်ပါတယ်။

*သူ့အပြစ်ကို–ထိန်းသိမ်းချုပ်လို့ , ဂုဏ်သာဖော်ထုတ်–ပြောပြချင်၊
ကိုယ့်ပြစ်ဆိုရင်–ဝန်ခံရဲလို့ , ဂုဏ်မဖော်ဘဲ–နေခဲ့ရင်။
ဒီလိုလူကို–သူတော်ကောင်းလို့ , ဟောဖော်ထပ်လောင်း–ဘုရားရှင်၊
အလားတူပင်–သင်ပြောတတ်က , သင်လဲမချွတ်–သူတော်ပင်။

**အလုပ်ရှင်,အလုပ်သမား ဆက်ဆံရေး**

ယောက္ခမအိမ်ကိုရောက်ခါစ ချွေးမတစ်ယောက်က ရောက်ခါစ နေ့ညဥ့်တွေမှာသာ ယောက္ခမ မိန်းမသူ, ယောကျ်ားသူ, လင်ယောကျ်ား, အယုတ်ဆုံးအနေနဲ့ အလုပ်သမားအခိုင်းအစေတွေ အပေါ်မှာ လွန်ကဲသော ရှက်ကြောက်တဲ့ အမူအရာကို ပြတတ်ပါတယ်။

အဲဒီချွေးမဟာ နောက်အတော်ကြာလာတော့ ပေါင်းသင်းဆက်ဆံ အကျွမ်းဝင်လာတာကို အကြောင်းပြုပြီး ယောက္ခမမိန်းမသူ, ယောကျ်ားသူ, လင်ယောကျ်ားတွေကို အသာနေကြစမ်းပါ၊ ရှင်တို့ ဘာများနားလည်ကြသလဲလို့ ပြောဆိုလာတတ်ပါတယ်။

အလားတူပါပဲ၊ ရောက်သစ်စအလုပ်သမား တစ်ဦးဟာလဲပဲ ရောက်စနေ့ညဥ့်တွေမှာသာ အလုပ်ရှင်, အောက်လက်က စီမံခန့်ခွဲသူ, လုပ်ဖော်ကိုင်ဘက် အလုပ်သမားများ, အယုတ်ဆုံးအနေနဲ့ သန့်ရှင်းရေးလုပ်သူတွေအပေါ်မှာ ရှက်ကြောက်တဲ့ အမူအရာကို ပြတတ်ပါတယ်။

အတော်လေး အချိန်ကြာလာတော့ အဲဒီ အလုပ်သမားဟာ ပေါင်းသင်းဆက်ဆံ အကျွမ်းဝင်လာတာကို အကြောင်းပြုပြီး အလုပ်ရှင်တွေ, စီမံခန့်ခွဲသူတွေ, အခြား အလုပ်သမားတွေကို အသာနေကြစမ်းပါ၊ ဖယ်ကြစမ်းပါ၊ ခင်ဗျားတို့ ဘာများ နားလည်ကြသလဲလို့ ပြောဆိုလာတတ်ပါတယ်။

ဒီအလုပ်သမားမျိုးကို ယုတ်မာတဲ့ အလုပ်သမားမျိုးလို့ မှတ်သင့်ပါတယ်၊ ဘာပဲဖြစ်ဖြစ်ပေါ့ အလုပ်ရှင် အလုပ်သမား ဆက်ဆံရေးကတော့ ယောက္ခမတွေနှင့် ရောက်သစ်စချွေးမရဲ့ ဆက်ဆံမှုမျိုးသာ ဖြစ်သင့်ပါတယ်၊ အလွန်အကျွံ အရော မဝင်သင့်ပါဘူး၊ ဘုန်းကြီးတို့သာသနာတွင်းကို ဝင်လာတဲ့ ရဟန်းတွေဟာလဲပဲ ရောက်သစ်စချွေးမနှင့်တူတဲ့ စိတ်မျိုးနဲ့သာ နေရပါတယ်။

**လူယုတ်နှင့်လူကောင်း ခြားနားချက်**

လူယုတ်က ယုတ်မာသောအလိုရှိတဲ့အတွက် ကိုယ့်အပြစ်ကို ဖုံးလွှမ်းတတ်ပါတယ်၊ သူတော်ကောင်းကတော့ အရှက်ရှိတဲ့အတွက် ကိုယ့်ဂုဏ်ကို ဖုံးလွှမ်းတတ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



လူယုတ်က အရှက်အကြောက်မရှိတဲ့အတွက် အတူပေါင်းသင်း နေထိုင်တာနဲ့ အထင်အမြင်သေးတတ်ပါတယ်၊ သူတော်ကောင်းကတော့ အရှက်အကြောက်နှင့် ပြည့်စုံတဲ့အတွက် အတူပေါင်းသင်းနေထိုင်ရပေမဲ့ အထင်အမြင် မသေးတတ်ပါဘူး။

*လူယုတ်ဆိုတာ–လိုဆိုးရှိလို့ , ဝှက်ထားဖုံးဖိ–ကိုယ့်ပြစ်ကို၊
သူတော်ကောင်းမှ–အရှက်ရှိလို့ , သိထားဖုံးဖိ–ကိုယ့်ဂုဏ်ကို။
လူယုတ်တို့မှာ–ရှက်ကြောက်ကင်းလို့ , အတူပေါင်းသင်း–ထင်သေးလို၊
သူတော်ကောင်းမှာ–ရှက်ကြောက်ပြည့်လို့ , ထင်သေးမရှိ–ပေါင်းသူကို။

ဒီလို အင်္ဂုတ္တရနိကာယ် [အံ–၁၊ ၃၈၉။ ဋ္ဌ–၂၊ ၃၁၈။ ဋီ–၂၊ ၃၁၄။ ]မှာ ဗုဒ္ဓမြတ်စွာ ဟောတော်မူထားပါတယ်။

**ဥစ္စာတည်မှု, မတည်မှု**

ပြီးတော့ မင်းတို့လို ပစ္စည်းဥစ္စာ ရှာဖွေစုဆောင်းနေကြတဲ့လူတွေ သတိပြုရမယ့် အချက်တွေကိုလဲ ဆက်လက်ပြောပြပါအုံးမယ်။

၁။ ပျောက်သောပစ္စည်းဥစ္စာကို မရှာဖွေခြင်း၊
၂။ ဆွေးမြေ့ဟောင်းနွမ်းသည်ကို နောက်ထပ်မပြုပြင်ခြင်း၊
၃။ အတိုင်းအရှည်မရှိ စားသောက်(သုံးစွဲ)ခြင်း၊
၄။ အကျင့်သီလပျက်သူကို ပစ္စည်းထိန်းအရာမှာ ထားခြင်း။

ဒီအကြောင်း ၄–မျိုးလုံးတို့နှင့်ဖြစ်စေ, ဒီအကြောင်း ၄–မျိုးအနက် တစ်မျိုးမျိုးသော အကြောင်းနှင့်ဖြစ်စေ ပြည့်စုံနေတဲ့ အိမ်ထောင်စုမှာ ရှာဖွေစုဆောင်းရရှိထားသမျှ ပစ္စည်းဥစ္စာတွေဟာ ကြာရှည်လေးမြင့် တည်တံ့နိုင်စရာ မရှိတော့ပါ။

၁။ ပျောက်သောပစ္စည်းဥစ္စာကို ရှာဖွေခြင်း၊
၂။ ဆွေးမြေ့ဟောင်းနွမ်းသည်ကို ထပ်မံပြုပြင်ခြင်း၊
၃။ နှိုင်းရှည့်တိုင်းတာ၍ စားသောက်(သုံးစွဲ)ခြင်း၊
၄။ အကျင့်သီလရှိသူကို ပစ္စည်းထိန်းအရာမှာ ထားခြင်း။

ဒီအကြောင်း ၄–မျိုးလုံးနှင့် ပြည့်စုံတဲ့ အိမ်ထောင်စုများမှာ ရှာဖွေစုဆောင်း ရရှိထားသမျှ ပစ္စည်းဥစ္စာတွေဟာ ကြာရှည်လေးမြင့် တည်တံ့နိုင်ပါတယ်။

အမှတ်ရလွယ်အောင် ကဗျာကလေးတစ်ပုဒ် ရွတ်ပြပါအုံးမယ်။

*ပျောက်သည့်ဥစ္စာ–ရှာမထားဘဲ , ဟောင်းနွမ်းပျက်ပြား–မပြုပြင်၊
နှိုင်းရှည့်ကင်းကွာ–လွန်သုံးစားလို့ , ကျင့်ပျက်သူများ–ထိန်းခိုင်းရင်။
စုမိဥစ္စာ–မကြာမြင့်ဘဲ , ပျက်စီးလေလွင့်–ကုန်မည်ပင်၊
ယင်းကိုရှောင်ခွာ–ကောင်းစွာကျင့်က , ကြာရှည်လေးမြင့်–တည်မည်ပင်။

www.burmeseclassic.com

www.burmeseclassic.com



ဒီလို အင်္ဂုတ္တရနိကာယ် [အံ-၁၊ ၅၇၂။] မှာ ဗုဒ္ဓမြတ်စွာက မိန့်ကြားတော်မူခဲ့ပါတယ်။

**သမ္ပတ္တိစက် ၄-ပါး**

ယခုဘဝမှာလဲ ကြီးပွားနိုင်၊ နောင်ဘဝသံသရာအဆက်ဆက်မှာလဲ ကြီးပွားနိုင်တဲ့ သမ္ပတ္တိစက် ၄-ပါးကို အကျဉ်းပြောပြပါအုံးမယ်။

၁။ ပဋိရူပဒေသဝါသ= သင့်တော်သောအရပ်မှာနေခြင်း၊

၂။ သပ္ပုရိသူပနိဿယ= သူတော်ကောင်းကို မှီခိုဆည်းကပ်ရခြင်း၊

၃။ ကလျာဏမိတ္တတာ= မိတ်ကောင်းထားရခြင်း၊

၄။ ပဗ္ဗေစ ကတပုညတာ= ပြုဖူးသောကုသိုလ်ကောင်းမှုရှိခြင်း။

ဒီသမ္ပတ္တိစက် ၄-ပါးနှင့် ပြည့်စုံတဲ့ပုဂ္ဂိုလ်မှာ သမ္ပတ္တိစက် ၄-မျိုးတို့ အဆက်မပြတ်ဖြစ်တတ်ပါတယ်၊ မကြာလှတဲ့အချိန်အတွင်းမှာပဲ စည်းစိမ်ချမ်းသာ များပြားကျယ်ပြန့်လာတတ်ပါတယ်။

ဒီ အထဲမှာပါလာတဲ့ သမ္ပတ္တိစက်-ဆိုတာကို ပါဠိလို သမ္ပတ္တိ+စက္က-လို့ ၂-ပုဒ်ခွဲယူရပါတယ်၊ ပြည့်စုံသော သင့်တော်တဲ့အရပ်မှာ နေရခြင်း-စတဲ့ဂုဏ်ကို သမ္ပတ္တိလို့ခေါ်ပါတယ်၊ အဆက်မပြတ် လည်ပတ်တတ်(ဖြစ်တတ်)တဲ့ သဘောကိုတော့ စက္က(စက်)လို့ ခေါ်ပါတယ်၊ ၂-ပုဒ်ကိုပေါင်းပြီး ပြည့်စုံကောင်းမြတ်သော သင့်တော်ရာအရပ်မှာ နေရခြင်း-စတဲ့ ဂုဏ်တွေရဲ့ အဆက်မပြတ် လည်နေတတ်၊ ဖြစ်နေတတ်တဲ့သဘောတရားကို သမ္ပတ္တိစက်လို့ ခေါ်လာပါတယ်။

၁။ ကုသိုလ်ပြုလုပ်ရန်၊ ကောင်းစွာကျင့်ရန် သင့်တော်တဲ့ ဘိက္ခု၊ ဘိက္ခုနီ၊ ဥပါသက၊ ဥပါသိကာတို့ ရှိနေတဲ့ နေရာဒေသမျိုး၊ မြို့ရွာမျိုးကို သင့်တော်သောအရပ်လို့ ဆိုရပါတယ်၊ ဒီတော့ ယခုခေတ်အနေနဲ့ ပြောရမယ်ဆိုရင် ကမ္ဘာနိုင်ငံများအနက် မြန်မာနိုင်ငံကသာ သင့်တော်တဲ့အရပ် ဖြစ်နေပါတယ်၊ နိုင်ငံခြားကို အထင်ကြီးသူတို့ အထူးသတိထားသင့်ပါတယ်။

၂။ ဘုရား၊ ဘုရားတပည့်သားဖြစ်တဲ့ သံဃာတော်များ ဥပါသက၊ ဥပါသိကာများ အစရှိတဲ့ သူတော်ကောင်းတွေကို မှီခိုမှု၊ သင့်တော်ရာအချိန်အခါမှာ သွားရောက်ဆည်းကပ်မှု၊ ဩဝါဒခံယူမှု၊ တရားဆွေးနွေးမှု၊ တရားစကားကြားနာမှု၊ ပြုစုလုပ်ကျွေးမှုကိုပဲ သူတော်ကောင်းကို မှီခိုဆည်းကပ်ခြင်းလို့ ဆိုပါတယ်၊ မင်းမြှောင်စိုးကပ် လုပ်တာမျိုးကို ဆိုလိုတာ မဟုတ်ပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



၃။ မိမိစိတ်အစဉ်ကို သင့်တော်သောနည်းအားဖြင့်ထားခြင်း, ရတနာသုံးပါး–စသည်တို့မှာ မလေးစားမှု မကြည်ညိုမှု–စသည်တို့ကို ပယ်ဖျောက်ပြီး လေးစားကြည်ညိုမှု သဒ္ဓါ–စသည်တို့ကို ဖြစ်စေခြင်းကိုပဲ စိတ်ကောင်းထားခြင်းလို့ ဆိုရပါတယ်။

၄။ ရှေးရှေးဘဝက ဆည်းပူးပြုလုပ် စုပေါင်းလာခဲ့တဲ့ ကုသိုလ်ကောင်းမှု ရှိနေတာကိုပဲ ပြုဘူးသောကုသိုလ်ကောင်းမှုရှိခြင်း–လို့ ဆိုရပါတယ်။

ပြုလုပ်ဘူးသောကုသိုလ်ကောင်းမှုရှိခြင်းဆိုတဲ့ ဒီသမ္ပတ္တိစက်ကသာ အခြားသမ္ပတ္တိစက်တွေကို ရစေတတ်တဲ့အတွက် အဓိကပဓာနဖြစ်ပါတယ်။

ဉာဏ်နှင့်ယှဉ်တဲ့စိတ်နဲ့ ကုသိုလ်ကောင်းမှု ပြုလုပ်လာခဲ့ပါရင် အဲဒီ ဉာဏ်နှင့်ယှဉ်တဲ့ ကုသိုလ်ကောင်းမှုကပဲ အဲဒီလူကို သင့်တော်ရာအရပ်သို့ ပို့ဆောင်ပေးတတ်ပါတယ်၊ သူတော်ကောင်းတို့ကို မှီခိုဆည်းကပ်စေပါတယ်၊ အဲဒီလူကသာ မိမိစိတ်အစဉ်ကို ကောင်းစွာထားနိုင်ပါတယ်၊ ရှေးကပြုလုပ်ခဲ့တဲ့ကုသိုလ်အခြေခံ မပါရှိသူတွေကတော့ မိမိစိတ်အစဉ်ကိုပင် ကောင်းစွာမထားနိုင်ကြပါ။

ဒါ့ကြောင့် နောင်ဘဝတွေမှာလဲ သမ္ပတ္တိစက် အဆက်မပြတ် လည်နိုင်အောင် အခုအနေက ကြိုတင်ပြီး ဉာဏ်နှင့်ယှဉ်တဲ့ ကုသိုလ်ကောင်းမှုတွေကို များများပြုလုပ်ပေးကြရမယ်။

သင့်တော်လျောက်ပတ်တဲ့ အရပ်မှာနေသူ, သူတော်ကောင်းတွေနှင့်ပေါင်းသင်းသူ, စိတ်ကိုကောင်းစွာထားသူ, ရှေးကကုသိုလ်ကောင်းမှု ပြုလုပ်လာခဲ့သူတို့ကို ဆန်ရေစပါး စီးပွားဥစ္စာ အခြွေအရံ အကျော်အစောနှင့် ချမ်းသာသုခတို့က လွှမ်းခြုံနေကြပါတော့တယ်။

ဒါတွေကို အမှတ်ရလွယ်ကူစေရန် ကဗျာကလေးတစ်ပုဒ် ရွတ်ပြပါအုံးမယ်။

*သင့်တင့်မြို့ရွာ–နေထိုင်ခြင်းနှင့် , သူမြတ်ပေါင်းသင်း–ပြုသည်ပြင်၊
စိတ်အစဉ်ကို–ကောင်းစွာထားလို့ , ရှေးကောင်းမှုများ–ရှိနေရင်။
ထိုသူမျိုးမှာ–ဆန်စပါးနှင့် , ဥစ္စာစီးပွား–များစုံလင်၊
ကျော်စောခြွေရံ–ချမ်းသာပွားလို့ , လွှမ်းခြုံပေါ်များ–လာမည်ပင်။

ဒီလို ဗုဒ္ဓမြတ်စွာက အင်္ဂုတ္တရနိကာယ် [ အံ–၁၊ ၃၄၁။ ဋ–၂၊ ၂၈၉။ ဋီ–၂၊ ၂၈၀။ ] စက္ကသုတ်မှာ ဟောတော်မူပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



**မသေရဲသူ, သေရဲသူ**

ကျန်ရှိနေတဲ့ အချိန်အတွင်းမှာ သေခြင်းသဘောရှိပေမဲ့ သေရမှာကို ကြောက်ရွံ့ထိတ်လန့်သူ, သေရမှာကို မကြောက်ရွံ့ မထိတ်လန့်သူတို့ကို ပြောပြပါအုံးမယ်။

၁။ ဒီလောကမှာ အချို့လူက ကာမဂုဏ်တွေကို တပ်မက်နေတယ်၊ လိုချင်နေတယ်၊ မက်မောနေတယ်၊ ချစ်ခင်နေတယ်၊ အလွန်တောင့်တနေတယ်၊ ပူလောင်နေတယ်၊ မခွဲနိုင် မခွာရက် ဖြစ်နေတယ်၊ ဒါနဲ့ သေလုမျောပါး ပြင်းထန်တဲ့ ရောဂါတစ်ခုခု စွဲကပ်လာတဲ့အခါမှာ အဲဒီလူက "ချစ်ခင်စရာကောင်းလှတဲ့ ကာမဂုဏ်တွေက ငါ့ကို စွန့်ကြတော့မှာပါတကား၊ ငါကလဲပဲ ချစ်ခင်စရာကောင်းလှတဲ့ ကာမဂုဏ်တွေကို စွန့်ရတော့မှာပါတကား၊" ဒီလိုတွေးပြီး စိုးရိမ်နေတတ်တယ်၊ ငိုကြွေးနေတတ်တယ်၊ ရင်ကိုထုပြီးမြည်တမ်းနေတတ်တယ်၊ အပြင်းအထန် တွေဝေနေတတ်တယ်၊ သေခြင်းသဘောရှိပေမဲ့ သေရမှာကို ကြောက်ရွံ့ထိတ်လန့်နေသူဆိုတာဟာ ဒီလိုလူမျိုးပဲ ဖြစ်ပါတယ်။

၂။ ပြီးတော့ကာ- ဒီလောကမှာ အချို့က မိမိရဲ့ကိုယ်ကာယကို တပ်မက်နေတယ်၊ လိုလားနေတယ်၊ ချစ်ခင်နေတယ်၊ အလွန့်အလွန်တောင့်တနေတယ်၊ ပူပန်စိုးရိမ်နေတယ်၊ မခွဲနိုင် မခွာရက် ဖြစ်နေတယ်၊ ဒါနဲ့ သေလုမျောပါး ပြင်းထန်တဲ့ ရောဂါတစ်ခုခု စွဲကပ်လာတဲ့အခါမှာ အဲဒီလူက "ချစ်ခင်စရာကောင်းလှတဲ့ ကိုယ်က ငါ့ကို စွန့်ခွာသွားတော့မှာပါတကား၊ ငါကလဲပဲ ချစ်ခင်စရာကောင်းလှတဲ့ကိုယ်ကို စွန့်ရတော့မှာပါတကား၊" ဒီလိုတွေးပြီး စိုးရိမ်နေတတ်တယ်၊ ပင်ပန်းနေတတ်တယ်၊ ငိုကြွေးနေတတ်တယ်၊ ရင်ကိုထုပြီး မြည်တမ်းနေတတ်တယ်၊ အပြင်းအထန် တွေဝေနေတတ်တယ်၊ ဒီလူလဲပဲ သေခြင်းသဘော ရှိနေပေမဲ့ သေရမှာကို ကြောက်ရွံ့ထိတ်လန့်နေသူ ဖြစ်ပါတယ်။

၃။ ပြီးတော့ကာ- ဒီလောကမှာ လူအချို့က ကြောက်ရွံ့ထိတ်လန့်မှုကို အကာအကွယ်ပေးနိုင်တဲ့ ကုသိုလ်ကောင်းမှုကို မပြုခဲ့ဘူး၊ မကောင်းမှုအကုသိုလ်ကိုပြုလုပ်လာခဲ့တယ်၊ ကြမ်းတမ်းမှုကိုပြုလုပ်လာခဲ့တယ်၊ နိုင်ထက်စီးနင်း(ရက်စက်)မှုကို ပြုလုပ်လာခဲ့တယ်၊ ဒါနဲ့ သေလုမျောပါး ပြင်းထန်တဲ့ ရောဂါတစ်ခုခု စွဲကပ်လာတဲ့အခါမှာ အဲဒီလူက "ကြောက်လန့်မှုကို ကာကွယ်နိုင်တဲ့ ကုသိုလ်ကောင်းမှုကို ငါ မပြုခဲ့မိလေစွတကား၊ ငါဟာ မကောင်းမှု, ကြမ်းကြုတ်ရက်စက်မှုတွေကို ပြုမိခဲ့လေစွတကား၊ အမောင်တို့ ! ကုသိုလ်ကောင်းမှုကို မပြုလုပ်ဘဲ အကုသိုလ်တွေကို ပြုလုပ်လာခဲ့တဲ့သူတို့ လားရောက်ရတဲ့ ဘုံဘဝကို ဘဝပြောင်းတာနဲ့ တစ်ပြိုင်နက် ငါ ရောက်ရတော့မှာပါတကား၊" ဒီလိုတွေးပြီး စိုးရိမ်နေတတ်တယ်၊

www.burmeseclassic.com

www.burmeseclassic.com



ငိုကြွေးနေတတ်တယ်၊ ရင်ကိုထုပြီး မြည်တမ်းနေတတ်တယ်၊ အပြင်းအထန် တွေဝေနေတတ်တယ်၊ ဒီလူလဲပဲ သေရခြင်းသဘော ရှိနေပေမဲ့ သေရမှာကို ကြောက်ရွံ့ထိတ်လန့်နေသူ ဖြစ်ပါတယ်။

၄။ ဒီလောကမှာ လူအချို့ကတော့ သဒ္ဓမ္မသုံးဖြာ သာသနာတော်မှာ ယုံမှားနေတတ်တယ်၊ မဝေခွဲနိုင်, မဆုံးဖြတ်နိုင် ဖြစ်နေတတ်တယ်၊ ဒါနဲ့ သေလုမျောပါး ပြင်းထန်တဲ့ ရောဂါတစ်ခုခု စွဲကပ်လာတဲ့အခါမှာ အဲဒီလူက "ငါဟာ သဒ္ဓမ္မသုံးဖြာ သာသနာတော်မှာ ယုံမှားခဲ့လေစွတကား၊ မဝေခွဲနိုင်, မဆုံးဖြတ်နိုင် ဖြစ်ခဲ့လေစွတကား၊" ဒီလိုတွေးပြီး စိုးရိမ်ရတော့တယ်၊ ငိုကြွေးရတော့တယ်၊ ရင်ကိုထုပြီးမြည်တမ်းနေရတော့တယ်၊ အပြင်းအထန် တွေဝေနေရတော့တယ်၊ ဒီလူလဲပဲ သေရခြင်းသဘော ရှိပေမဲ့ သေရမှာကို ကြောက်ရွံ့ထိတ်လန့်နေသူ ဖြစ်ပါတယ်။

ဒါတွေက သေရခြင်းသဘောရှိပေမဲ့ သေရမှာကို ကြောက်ရွံ့ထိတ်လန့်နေသူ လေးမျိုးတို့ ဖြစ်ကြပါတယ်၊ ဒီမှာလဲ အမှတ်ရလွယ်အောင် ကဗျာကလေးတစ်ပုဒ် ရွတ်ပြပါအုံးမယ်။

* ငါး ကာမဂုဏ်–စွဲမက်ကြလို့ , ကိုယ်ကာယမှာ–ခင်တွယ်နေ၊
အကုသိုလ်သာ–များစွာပြုလို့ , ကုသိုလ်ပြုမှု–နည်းသူတွေ။
သာသာနာတော်–သဒ္ဓမ္မမှာ , ယုံမှားသံသယ–ဖြစ်ပွားနေ၊
သေရမှာကို–ဤလူများတို့ , အလွန်ကြောက်အား–ပိုတတ်ပေ။

၁။ ဒီလောကမှာ လူအချို့က ကာမဂုဏ်တွေကို မမက်မောတော့ဘူး၊ မတပ်မက်တော့ဘူး၊ မလိုလားတော့ဘူး၊ မချစ်ခင်မနှစ်သက်တော့ဘူး၊ မတောင့်တတော့ဘူး၊ မစိုးရိမ် မပူပန်တော့ဘူး၊ ကပ်ငြိမှုမရှိတော့ဘူး၊ ဒီတော့ သေလုမျောပါး ရောဂါဝေဒနာတစ်ခုခု ဖြစ်လာတဲ့အခါ အဲဒီလူက "ချစ်ခင်စရာ မြတ်နိုးစရာကောင်းလှတဲ့ ကာမဂုဏ်တွေက ငါ့ကို စွန့်ခွာသွားကြတော့မှာပါတကား၊ ငါကလဲပဲ ချစ်ခင်စရာ မြတ်နိုးစရာကောင်းလှတဲ့ ကာမဂုဏ်တွေကို စွန့်ရတော့မှာပါတကား၊" ဒီလို မတွေးတော့ဘူး၊ မစဉ်းစားတော့ဘူး၊ ဒါနဲ့ အဲဒီလူက မစိုးရိမ်တော့ဘူး၊ မပင်ပန်းတော့ဘူး၊ မငိုကြွေးတော့ဘူး၊ ရင်ကိုထုပြီး မမြည်တမ်းတော့ဘူး၊ အပြင်းအထန် တွေဝေမှုလဲ မရှိတော့ဘူး၊ ဒီလိုပုဂ္ဂိုလ်မျိုးက သေခြင်းသဘောရှိပေမဲ့ သေရမှာကို မထိတ်လန့် မကြောက်ရွံ့တော့ပါဘူး။

၂။ ပြီးတော့ကာ– ဒီလောကမှာ မိမိရဲ့ကိုယ်ကာယကို မတပ်မက်သူ, မလိုလားသူ, မချစ်ခင်သူ, မတောင့်တသူ, ပူပန်စိုးရိမ်မှုမရှိသူမျိုးကတော့ သေလုမျောပါး ပြင်းထန်တဲ့ ဝေဒနာတစ်ခုခု ဖြစ်လာပေမဲ့ "ချစ်ခင်နှစ်သက်စရာ

www.burmeseclassic.com

www.burmeseclassic.com



ကောင်းလှတဲ့ ငါ့ရဲ့ကိုယ်က ငါ့ကို စွန့်ခွာသွားတော့မှာပါတကား၊ ငါကလဲပဲ ချစ်ခင်စရာကောင်းလှတဲ့ ကိုယ်ကာယကို စွန့်ခွာရတော့မှာပါတကား၊" ဒီလို မတွေးတော မစဉ်းစားတော့ဘူး၊ ဒါနဲ့ ဒီလူက မစိုးရိမ်တော့ဘူး၊ မပင်ပန်းတော့ဘူး၊ မငိုကြွေးတော့ဘူး၊ ရင်ကိုထုပြီး မမြည်တမ်းတော့ဘူး၊ အပြင်းအထန် တွေဝေမှုလဲ မရှိတော့ဘူး၊ ဒီလိုပုဂ္ဂိုလ်မျိုးကလဲ သေခြင်းသဘောရှိပေမဲ့ သေရမှာကို မထိတ်လန့် မကြောက်ရွံ့တော့ပါဘူး။

၃။ ပြီးတော့ကာ– ဒီလောကမှာ မကောင်းမှုတွေ, ကြမ်းကြုတ်မှုတွေ, ရက်စက်မှုတွေကို မလုပ်ခဲ့ဘဲ ကြောက်လန့်မှုကို ကာကွယ်နိုင်တဲ့ ကုသိုလ်ကောင်းမှုတွေကိုသာ ပြုလုပ်လာသူကတော့ သေလုမျောပါး ပြင်းထန်တဲ့ ရောဂါဝေဒနာတစ်ခုခု ဖြစ်ပေါ်လာပေမဲ့ "ငါဟာ မကောင်းမှုတွေ, ကြမ်းကြုတ်မှုတွေ, ရက်စက်မှုတွေကို မပြုလုပ်ခဲ့လေစွတကား၊ ကြောက်လန့်မှုကို ကာကွယ်နိုင်တဲ့ ကုသိုလ်ကောင်းမှုတွေကိုသာ ပြုလုပ်လာခဲ့ပေစွတကား၊ မကောင်းမှုတွေ, ကြမ်းကြုတ်ရက်စက်မှုတွေကို မပြုလုပ်ဘဲ ကုသိုလ်ကောင်းမှုတွေကိုသာ လုပ်လာခဲ့တဲ့လူတွေ လားရောက်ရတဲ့ ဘုံဘဝကို ဘဝကူးတာနှင့်တစ်ပြိုင်နက် ငါ ရောက်ရတော့မှာပါတကား၊" ဒီလို စဉ်းစားလာတတ်ပါတယ်၊ ဒီတော့ သူက မစိုးရိမ်တော့ဘူး၊ မပင်ပန်းတော့ဘူး၊ မငိုကြွေးတော့ဘူး၊ ရင်ကိုထုပြီး မမြည်တမ်းတော့ဘူး၊ အပြင်းအထန်တွေဝေမှုလဲ မရှိတော့ဘူး၊ ဒီလိုလူမျိုးကလဲ သေခြင်းသဘောရှိပေမဲ့ သေရမှာကို မထိတ်လန့် မကြောက်ရွံ့တော့ပါဘူး။

၄။ ပြီးတော့ကာ– သဒ္ဓမ္မသုံးဖြာ သာသနာတော်မှာ မယုံမှားသူ, ဝေခွဲနိုင်သူ, ဆုံးဖြတ်နိုင်သူမျိုးကတော့ သေလုမျောပါး ပြင်းထန်တဲ့ ရောဂါဝေဒနာတစ်ခုခု စွဲကပ်လာပေမဲ့ "ငါဟာ သူတော်ကောင်းတရားမှာ မယုံမှားသူ, ဝေခွဲနိုင်သူ ဖြစ်ရပါပေစွတကား၊"ဒီလို စဉ်းစားလာတတ်ပါတယ်၊ ဒါနဲ့ သူက မစိုးရိမ်တော့ပါဘူး၊ မပင်ပန်းတော့ပါဘူး၊ အလွန့်အလွန်တွေဝေမှုလဲ မရှိတော့ပါဘူး၊ ဒီလို လူမျိုးကလဲပဲ သေခြင်းသဘောရှိပေမဲ့ သေရမှာကို မထိတ်လန့် မကြောက်ရွံ့တော့ပါဘူး။

ဒါတွေကတော့ သေရခြင်းသဘောရှိနေပေမဲ့ သေရမှာကို မထိတ်လန့် မကြောက်ရွံ့သူ လေးမျိုးတို့ ဖြစ်ကြပါတယ်၊ ဒါတွေကို အကျဉ်းချုံးပြီး စီကုံးထားတဲ့ ကဗျာကလေးတစ်ပုဒ် ရွတ်ပြပါအုံးမယ်။

*ကာမအာရုံ–တပ်မက်ကင်းလို့ , ကိုယ်မှာတပ်ခြင်း–ကင်းလွတ်စင်၊
အကုသိုလ်မှာ–လွန်နည်းပါးလို့ , ကုသိုလ်များများ–ပြုထားလျှင်၊
ဗုဒ္ဓပြည့်သွန်–တရားမြတ်မှာ , ယုံမှားကင်းလွတ်–နေခဲ့လျှင်၊
သေဘေးကြုံသော်–ကြောက်လန့်ကင်းလို့ , ရင်ဆိုင်ရဲတင်း–လာမည်ပင်။

www.burmeseclassic.com

www.burmeseclassic.com



ဒါကတော့ ဇာဏုသောဏိပုဏ္ဏားက "အရှင်ဂေါတမ သေခြင်းသဘောတရား ရှိနေပေမဲ့ သေခြင်းက မထိတ်လန့် မကြောက်ရွံ့တဲ့လူရယ်လို့ မရှိနိုင်ပါဘူး၊ အကျွန်ုပ်က ဒီလိုအယူရှိနေပါတယ်"လို့ ဗုဒ္ဓမြတ်စွာကို လာရောက်လျှောက်ထားတဲ့အတွက် ဗုဒ္ဓမြတ်စွာက ရှင်းလင်းဟောပြထားတဲ့တရားတော် ဖြစ်ပါတယ်။

ဇာဏုသောဏိပုဏ္ဏားကလဲ ဝမ်းမြောက်ဝမ်းသာ လက်ခံတဲ့အပြင် သရဏဂုံ ဆောက်တည်ပြီး ဥပါသကာအဖြစ်ကိုလဲ ခံယူသွားပါတယ်။

[ အံ-၁၊ ၄၉၃။ ဋ-၂၊ ၃၅၀။ ဋီ-၂၊ ၃၅၇။ ]

အစက ပြောလာခဲ့တဲ့အတိုင်း လက်ဦးဆုံး စည်းရုံးရေးတရားတွေနဲ့ အပေါင်း အသင်းတွေကို စုစည်းမယ်၊ ပြီးတော့ အဂတိတရားတွေကိုရှောင်ကြဉ်မယ်၊ လူယုတ်ကို ရှောင်ပြီး လူကောင်းကိုပေါင်းမယ်၊ ဥစ္စာမတည်မှုကို ရှောင်ပြီး ဥစ္စာတည်မှုကို ဆောင်မယ်၊ သမ္ပတ္တိစက်လေးပါးအနက် ပဓာန-ဖြစ်တဲ့ ကုသိုလ်ကောင်းမှုရှိခြင်း ဆိုတဲ့ သမ္ပတ္တိစက်ကို လက်ကိုင်ထားမယ်ဆိုရင် သေဘေးနှင့်ကြုံတွေ့ပေမဲ့ မကြောက်ရွံ့ မထိတ်လန့်ရဘဲ နောင်ဘဝသံသရာ တလျှောက်လုံးမှာ ကြီးပွားတိုးတက်နိုင်ပါတယ်၊ သတိပေးတဲ့အတိုင်းလဲ အသီးအသီး ကိုယ်စီကိုယ်င လိုက်နာပြုကျင့်နိုင်ကြပါစေ။

## ကူဋဒန္တသုတ်တရားတော်

နေ့ဆွမ်းကျွေးသည့်အချိန်မှာ လူအတော်များများ ဖိတ်ထားသည်အားလျော်စွာ ကွယ်လွယ်ဘက်က လူတွေလဲ လာကြသည်၊ မြောင်းမြဘက်က လူတွေလဲ လာကြ သည်၊ ကန်ကြီးကျေးရွာကလူတွေလဲ လာကြသည်၊ အနီးအနားရွာလေးတွေကလည်း လာကြသည်၊ ဓမ္မာရုံကြီးတစ်ခုလုံး ပြည့်လုနီးပါး ဖြစ်နေပါတော့သည်။

၁၁-နာရီမှာ သံဃာတော်များကို ဆွမ်းကပ်ကြသည်၊ သံဃာတွေဘုဉ်းပေးပြီးမှ လူပရိသတ်ကို ညှော်ခံကျွေးမွေးကြသည်၊ ၁-နာရီအချိန်မှာ တရားပွဲစတင်ရန် စီစဉ် ထားကြသည်၊ ၁-နာရီထိုးသည်နှင့်တစ်ပြိုင်နက် လူတွေက နေသားတကျ နေရာယူပြီး ဖြစ်နေကြသည်၊ ဆရာတော်ဦးဓမ္မိကလည်း ကြွလာပြီးဖြစ်နေပါတော့သည်၊ ဆရာ တော်ဦးဓမ္မိကက သီလပေးပြီးသည့်နောက် တရားစတင်ဟောကြားတော်မူပါသည်။

ဒီနေ့တရားကိုတော့ ကူဋဒန္တသုတ်ကိုပဲ ၂-ချိန်ခွဲပြီး ဟောပြသွားမယ်လို့ စီစဉ် ထားပါတယ်၊ တရားကတော့ နည်းနည်းရှည်လိမ့်မယ်ထင်ပါတယ်၊ ကြိုးစားပြီး လေးလေးစားစား နာကြားကြစေလိုပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



### *ခါဏုမတရွာသား ပုဏ္ဏားသူကြွယ်များ

တစ်ချိန်မှာ ဗုဒ္ဓမြတ်စွာက နောက်လိုက်နောက်ပါ ရဟန်း ၅၀၀–နှင့်အတူ မဂဓတိုင်းအတွင်း ဒေသစာရီလှည့်လည်တော်မူရင်း ခါဏုမတရွာကို ရောက်သွားပါတယ်၊ ခါဏုမတရွာရဲ့အနီး အမ္ဗလဋ္ဌိကာဉယျာဉ်မှာ သီတင်းသုံးနေတော်မူပါတယ်။

အဲဒီအချိန်မှာပဲ ကူဋဒန္တ ပုဏ္ဏားက ဗိမ္ဗိသာရမင်းက အပိုင်စားပေးထားတဲ့ ခါဏုမတရွာကို အုပ်ချုပ်နေပါတယ်၊ အဲဒီရွာဟာ လူနေအိမ်ခြေထူထပ်ပြီး စည်ကားတဲ့ရွာဖြစ်ပါတယ်၊ အစားအစာနှင့် ထင်းရေတွေကလဲ ပြည့်စုံပါတယ်။

ဘုရားရှင်ကြွလာတဲ့အချိန်မှာပဲ ကူဋဒန္တ ပုဏ္ဏားက ကြီးကျယ်တဲ့ယဇ်ကို ပြင်ဆင်ထားပါတယ်၊ နွားလားဥသဘ–၇၀၀, နွားငယ်–၇၀၀, ဆိတ်–၇၀၀, သိုး–၇၀၀ တို့ကို ယဇ်ပူဇော်ရအောင် ယဇ်တိုင်သို့ ပို့ဆောင်ထားပါတယ်။

ခါဏုမတရွာသား ပုဏ္ဏားသူကြွယ်တွေက ဘုရားရှင် ခါဏုမတရွာသို့ ကြွလာလို့ ရွာရဲ့အနီး အမ္ဗလဋ္ဌိကာဉယျာဉ်မှာ သီတင်းသုံးနေထိုင်ကြောင်းကိုလဲ သိရပါတယ်၊ ဗုဒ္ဓမြတ်စွာရဲ့ဂုဏ်သတင်းကိုလဲ ကြားသိရပါတယ်၊ ဒါ့ကြောင့် အုပ်စုလိုက် အုပ်စုလိုက် ရွာကထွက်ပြီး အမ္ဗလဋ္ဌိကာဉယျာဉ်ကို သွားနေကြပါတယ်။

နေ့အချိန် အိမ်အပေါ်ထပ်မှာ လဲလျောင်းပြီး အနားယူနေတဲ့ ကူဋဒန္တ ပုဏ္ဏားက အဲဒီလို လူတွေက အမ္ဗလဋ္ဌိကာဉယျာဉ်သို့ အုပ်စုလိုက် အုပ်စုလိုက်သွားနေတာကို တွေ့နေရပါတယ်၊ ဒါနဲ့ အတိုင်ပင်ခံအမတ်ကို မေးမြန်းစုံစမ်းပါတယ်။

> “အမတ်ကြီး ! ခါဏုမတရွာသား ပုဏ္ဏားသူကြွယ်တွေဟာ အုပ်စုလိုက် အုပ်စုလိုက် ရွာကထွက်ပြီး အမ္ဗလဋ္ဌိကာဉယျာဉ်သို့ ဘာ့ကြောင့် သွားနေကြရသလဲ ?”။

ဒီစကားကို ကြားရတဲ့အခါ အတိုင်ပင်ခံ အမတ်က အမ္ဗလဋ္ဌိကာဉယျာဉ်ကို ရောက်နေတဲ့ ဘုရားရှင်ထံ သွားကြတဲ့အကြောင်းကိုလဲ ပြောပြပါတယ်၊ ဘုရားရှင်ရဲ့ ဂုဏ်တော်တွေကိုလဲ ကြားဘူးသမျှ ပြောပြပါတယ်။

အဲဒီအချိန်မှာ ၃–ပါးသော စိတ်ထားနှင့် ၁၆–ပါးသော အရံအတားရှိတဲ့ ပြည့်စုံသောယဇ်ကို မေးလိုသောဆန္ဒ ကူဋဒန္တ ပုဏ္ဏားမှာဖြစ်ပေါ်လာပါတယ်။

ဒီတော့ ကူဋဒန္တ ပုဏ္ဏားက သူပါ ဘုရားဖူးလိုက်ပါလိုကြောင်း, ခဏလောက်စောင့်ဆိုင်းကြပါမယ့် အကြောင်းကို ခါဏုမတရွာသား ပုဏ္ဏားသူကြွယ်တို့အား အတိုင်ပင်ခံအမတ်ကို သွားရောက်အပြောခိုင်းထားပါတယ်။

---

* ဒီ–၁၊ ၁၂၁။ ဌ၊ ၂၆၁။ ဋီ၊ ၃၂၃။ ဋီသစ်–၂၊ ။

www.burmeseclassic.com

www.burmeseclassic.com



**ကူဋဒန္တပုဏ္ဏားရဲ့ဂုဏ်**

အဲဒီအချိန်မှာ ရာပေါင်းများစွာသော ပုဏ္ဏားတွေက ကူဋဒန္တပုဏ္ဏားရဲ့ယဇ်ကြီးကို ခံစားရအောင်လို့ ခါဏုမတရွာမှာ တည်းခိုနေထိုင်ကြပါတယ်၊ အဲဒီပုဏ္ဏားတွေက ရဟန်းဂေါတမကို ဖူးမြင်ရအောင်သွားမယ်ဆိုတာကို ကြားသိကြရပါတယ်၊ ဒါနဲ့ ကူဋဒန္တပုဏ္ဏားထံ လာရောက်ပြီး ပြောဆိုကြပါတယ်။

"အရှင်ကူဋဒန္တ ! ရဟန်းဂေါတမကို ဖူးတွေ့ရအောင် သွားမယ်ဆိုတာ မှန်ပါသလား ?"။

"အမောင်တို့ ! မှန်ပါတယ်၊ ငါလဲပဲ ရဟန်းဂေါတမကို ဖူးတွေ့ရအောင် သွားမယ်လို့ စဉ်းစားနေတာပဲ"။

"အရှင်ကူဋဒန္တပုဏ္ဏားက ရဟန်းဂေါတမကို ဖူးတွေ့ရအောင် မသွားပါနှင့်၊ အရှင်ကူဋဒန္တပုဏ္ဏားက ရဟန်းဂေါတမကိုဖူးတွေ့ရအောင် မသွားသင့်ပါ၊ အရှင်ကူဋဒန္တပုဏ္ဏားက ရဟန်းဂေါတမကိုဖူးတွေ့ရအောင် သွားမယ်ဆိုရင် အရှင်ကူဋဒန္တရဲ့ အကျော်အစောဟာ ယုတ်လျော့လာပါလိမ့်မယ်၊ ရဟန်းဂေါတမရဲ့ အကျော်အစောဟာ တိုးပွားလာပါလိမ့်မယ်၊ အရှင်ကူဋဒန္တရဲ့ အကျော်အစော ယုတ်လျော့ပြီး ရဟန်းဂေါတမရဲ့ အကျော်အစော တိုးပွားလာစရာ ရှိတယ်ဆိုတဲ့ ဒီအကြောင်းကြောင့်လဲ အရှင်ကူဋဒန္တက ရဟန်းဂေါတမကို ဖူးတွေ့ရန် မသွားသင့်ပါ၊ ရဟန်းဂေါတမကသာ အရှင်ကူဋဒန္တကို တွေ့မြင်ရအောင် လာသင့်ပါတယ်။

အရှင်ကူဋဒန္တဟာ မိဘက် ဖဘက် နှစ်ဖက်စုံမှ ကောင်းသောဇာတ်ရှိသူ ဖြစ်ပါတယ်၊ စင်ကြယ်သောအမိဝမ်းတိုက်ရှိသူ ဖြစ်ပါတယ်၊ ၇-ခုမြောက် ဘိုးဘွားအစုံတိုင်အောင် အမျိုးဇာတ်နှင့်ပတ်သက်တဲ့ စကားနဲ့ အပယ်မခံရပါ၊ အကဲ့ရဲ့မခံရပါ၊ ဒီအကြောင်းကြောင့်လဲ အရှင်ကူဋဒန္တက ရဟန်းဂေါတမကို တွေ့မြင်ရအောင် မသွားသင့်ပါ၊ ရဟန်းဂေါတမကသာ အရှင်ကူဋဒန္တကို တွေ့မြင်ရအောင် လာသင့်ပါတယ်။

အရှင်ကူဋဒန္တဟာ ကြွယ်ဝပါတယ်၊ များသောဥစ္စာရှိပါတယ်၊ နှစ်သက်ဖွယ်ရာ များသောအသုံးအဆောင် ရှိပါတယ်၊ များသောရွှေငွေ ရှိပါတယ်၊ ဒီအကြောင်းကြောင့်လဲ အရှင်ကူဋဒန္တက ရဟန်းဂေါတမကို တွေ့မြင်ရအောင် မသွားသင့်ပါ၊ ရဟန်းဂေါတမကသာ အရှင်ကူဋဒန္တကို တွေ့မြင်ရအောင် လာသင့်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အရှင်ကုမ္ပဒ္ဒဿက ဝေဒကျမ်းဂန်ကို ရွတ်အံသရဇ္ဈာယ်တတ်ပါတယ်၊ ဝေဒကျမ်းဂန် မန္တန်တွေကို နှုတ်တက်အာဂုံ ဆောင်ရွက်နိုင်ပါတယ်၊ နိဃဏ္ဍု (အဘိဓာန်)ကျမ်း, ကေဋုဘ(အလင်္ကာ)ကျမ်း, သိက္ခာကျမ်း, နိရုတ္တိကျမ်း, ၅-ခုမြောက်ဣတိဟာသ(ရာဇဝင်-သမိုင်း)ကျမ်းနှင့် ပေဒင်သုံးပုံတို့ကို တစ်ဖက်ကမ်းရောက်တတ်မြောက်ပါတယ်၊ ပဒကျမ်းကိုလဲ တတ်ပါတယ်၊ ဝေယျာကရဏကျမ်းကိုလဲ တတ်ပါတယ်၊ လောကာယတကျမ်း, မဟာပုရိသလက္ခဏာ ကျမ်းတို့ကို အကြွင်းမရှိ တတ်မြောက်ပါတယ်၊ ဒီအကြောင်းကြောင့်လဲ အရှင်ကုမ္ပဒ္ဒဿက ရဟန်းဂေါတမကို တွေ့မြင်ရအောင် မသွားသင့်ပါ၊ ရဟန်းဂေါတမကသာ အရှင်ကုမ္ပဒ္ဒဿကို တွေ့မြင်ရအောင် လာသင့်ပါတယ်။

အရှင်ကုမ္ပဒ္ဒဿဟာ အလွန်အဆင်းလှပါတယ်၊ ကြည့်ရှုချင်ဖွယ် တင့်တယ်လှပါတယ်၊ စိတ်ကြည်လင်ခြင်းကို ဖြစ်စေတတ်ပါတယ်၊ မြတ်သော (အဆင်းကိုယ်တို့၏ဖြစ်ကြောင်းဖြစ်ရာ) သန့်ရှင်းတဲ့ လက်ခြေ-စတဲ့ ကိုယ်အင်္ဂါနှင့်ပြည့်စုံပါတယ်၊ မြတ်သောအဆင်းရှိပါတယ်၊ မြတ်သောကိုယ်ရောင်ရှိပါတယ်၊ ခန့်ညားတဲ့ကိုယ်ရှိပါတယ်၊ ဒီအကြောင်းကြောင့်လဲ အရှင်ကုမ္ပဒ္ဒဿက ရဟန်းဂေါတမကို တွေ့မြင်ရအောင် မသွားသင့်ပါ၊ ရဟန်းဂေါတမကသာ အရှင်ကုမ္ပဒ္ဒဿကို တွေ့မြင်ရအောင် လာသင့်ပါတယ်။

အရှင်ကုမ္ပဒ္ဒဿဟာ သီလရှိပါတယ်၊ ကြီးပွားတဲ့သီလ ရှိပါတယ်၊ ကြီးပွားတဲ့သီလနှင့်ပြည့်စုံပါတယ်၊ ဒီအကြောင်းကြောင့်လဲ အရှင်ကုမ္ပဒ္ဒဿက ရဟန်းဂေါတမကို တွေ့မြင်ရအောင် မသွားသင့်ပါ၊ ရဟန်းဂေါတမကသာ အရှင်ကုမ္ပဒ္ဒဿကို တွေ့မြင်ရအောင် လာသင့်ပါတယ်။

အရှင်ကုမ္ပဒ္ဒဿက ကောင်းသောစကား ရှိပါတယ်၊ ကောင်းသောအသံရှိပါတယ်၊ ယဉ်ကျေးပြတ်သား အပြစ်ကင်းပြီး အနက်ကိုသိစေနိုင်တဲ့စကားနှင့်ပြည့်စုံပါတယ်၊ ဒီအကြောင်းကြောင့်လဲ အရှင်ကုမ္ပဒ္ဒဿက ရဟန်းဂေါတမကို တွေ့မြင်ရအောင် မသွားသင့်ပါ၊ ရဟန်းဂေါတမကသာ အရှင်ကုမ္ပဒ္ဒဿကို တွေ့မြင်ရအောင် လာသင့်ပါတယ်။

အရှင်ကုမ္ပဒ္ဒဿဟာ လူများတွေရဲ့ဆရာ, ဆရာ့ဆရာ ဖြစ်ပါတယ်၊ တပည့် ၃၀၀-တို့အား ဝေဒကျမ်းကို ပို့ချနေပါတယ်၊ အမျိုးမျိုးသောအရပ်, အမျိုးမျိုးသော ကျေးလက်တောရွာတို့မှ ဝေဒကျမ်းဂန်ကို လိုလားနေကြတဲ့ တပည့်တွေက အရှင်ကုမ္ပဒ္ဒဿရဲ့အထံမှာ ဝေဒကျမ်းဂန်မန္တန်တွေကို သင်ယူလိုကြတဲ့အတွက် လာကြပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အရှင်ကုဍဒန္တ ဟာ အိမ်းသူဖြစ်ပါတယ်၊ ကြီးရင့်သူဖြစ်ပါတယ်၊ အရွယ်ရင့်သူ ဖြစ်ပါတယ်၊ ကြာမြင့်သောကာလက လူ့ဘဝကို ရလာသူ ဖြစ်ပါတယ်၊ နောက်ဆုံးအရွယ်သို့ ရောက်နေသူလဲ ဖြစ်ပါတယ်။

ရဟန်းဂေါတမကတော့ နုပျိုငယ်ရွယ်သူလဲ ဖြစ်ပါတယ်၊ နုပျိုတဲ့ရဟန်းလဲ ဖြစ်ပါတယ်၊ ဒါ့ကြောင့် အရှင်ကုဍဒန္တက ရဟန်းဂေါတမကို တွေ့မြင်ရအောင် မသွားသင့်ပါ၊ ရဟန်းဂေါတမကသာ အရှင်ကုဍဒန္တကို တွေ့မြင်ရအောင် လာသင့်ပါတယ်။

အရှင်ကုဍဒန္တကို မဂဓတိုင်းရှင် ဘုရင်ဗိမ္ဗိသာရက ရိုသေပါတယ်၊ လေးစားပါတယ်၊ မြတ်နိုးပါတယ်၊ ပူဇော်ပါတယ်၊ ယုယပါတယ်၊ ဒါ့ကြောင့်လဲ အရှင်ကုဍဒန္တက ရဟန်းဂေါတမကို တွေ့မြင်ရအောင် မသွားသင့်ပါ၊ ရဟန်းဂေါတမကသာ အရှင်ကုဍဒန္တကို တွေ့မြင်ရအောင် လာသင့်ပါတယ်။

အရှင်ကုဍဒန္တကို ပေါက္ခရသာတိပုဏ္ဏားက လေးစားပါတယ်၊ မြတ်နိုးပါတယ်၊ ပူဇော်ပါတယ်၊ ယုယပါတယ်၊ ဒါ့ကြောင့် အရှင်ကုဍဒန္တက ရဟန်းဂေါတမကို တွေ့မြင်ရအောင် မသွားသင့်ပါ၊ ရဟန်းဂေါတမကသာ အရှင်ကုဍဒန္တကို တွေ့မြင်ရအောင် လာသင့်ပါတယ်။

အရှင်ကုဍဒန္တဟာ ခါဏုမတရွာကို အုပ်ချုပ်နေရသူ ဖြစ်ပါတယ်၊ အဲဒီခါဏုမတရွာဆိုတာဟာလဲပဲ လူဦးရေထူထပ်ပြီး ကျွဲနွား–စသည်တို့ ပေါများတဲ့ရွာဖြစ်ပါတယ်၊ မြက်,ထင်း,ရေတွေ ပြည့်စုံတဲ့ရွာ ဖြစ်ပါတယ်၊ ဆန်စပါးလဲ ပေါများတဲ့ရွာဖြစ်ပါတယ်၊ မင်းကပေးထားတဲ့ ပစ္စည်းဥစ္စာဖြစ်ပါတယ်၊ မဂဓတိုင်းရှင် ဘုရင်ဗိမ္ဗိသာရက ဆုလာဘ်အနေနဲ့ အပိုင်စားပေးထားတဲ့ရွာလဲဖြစ်ပါတယ်၊ ဒါ့ကြောင့် ဒီလို ရွာကြီးတစ်ရွာကို အုပ်ချုပ်နေတဲ့ အရှင်ကုဍဒန္တက ရဟန်းဂေါတမကို တွေ့ရအောင် မသွားသင့်ပါ၊ ရဟန်းဂေါတမကသာ အရှင်ကုဍဒန္တကို တွေ့ရအောင် လာသင့်ပါတယ်”။

**ဘုရားရှင်ရဲ့ဂုဏ်တော်**

သူတို့ရဲ့စကား ဆုံးသွားတယ်ဆိုရင်ပဲ ကုဍဒန္တပုဏ္ဏားက အဲဒီပုဏ္ဏားတွေကို ပြန်လှန်ပြောကြားပါတယ်။

“မိတ်ဆွေတို့ ! ဂုဏ်ကြီးသူထံသို့ ဂုဏ်ငယ်သူက သွားစတမ်းဆိုရင် ငါတို့ကသာ ရဟန်းဂေါတမထံကိုတွေ့ရအောင် သွားသင့်ပြီး ရဟန်းဂေါတမက ငါတို့ကိုတွေ့ရန် မလာသင့်တဲ့ ငါပြောပြမဲ့အကြောင်းကိုလဲ နားထောင်ကြပါဦး။

www.burmeseclassic.com

www.burmeseclassic.com



မိတ်ဆွေတို့ ! အမှန်ကတော့ ရဟန်းဂေါတမဟာ မိဘက်ဖဘက် နှစ်ဖက်စုံမှ ကောင်းသောဇာတ်ရှိသူ ဖြစ်ပါတယ်၊ စင်ကြယ်တဲ့ အမိဝမ်းတိုက်ရှိသူဖြစ်ပါတယ်၊ ၇-ခုမြောက် ဘိုးဘွားအစုံတိုင်အောင် အမျိုးဇာတ်နှင့်ပတ်သက်တဲ့စကားနဲ့ အပယ်မခံရပါ၊ အကဲ့ရဲ့ မခံရပါ၊ ဒီအကြောင်းကြောင့် ရဟန်းဂေါတမဟာ ငါတို့ကိုတွေ့မြင်ရအောင် မလာသင့်ပါ၊ အမှန်ကတော့ ငါတို့ကသာ ရဟန်းဂေါတမကို တွေ့မြင်ရအောင် သွားသင့်ပါတယ်။

ရဟန်းဂေါတမဟာ များပြားလှတဲ့ ဆွေမျိုးအပေါင်းကို ပယ်စွန့်ပြီး ရဟန်းပြုလာသူ ဖြစ်ပါတယ်၊ ဒါ့ကြောင့်လဲ ရဟန်းဂေါတမက ငါတို့ကို တွေ့မြင်ရအောင် မလာသင့်ပါ၊ အမှန်ကတော့ ငါတို့ကသာ ရဟန်းဂေါတမကို တွေ့မြင်ရအောင် သွားသင့်ပါတယ်။

ရဟန်းဂေါတမဟာ မြေမှာတည်နေ, ကောင်းကင်မှာတည်နေတဲ့ များပြားသော ရွှေငွေကို ပယ်စွန့်ပြီး ရဟန်းပြုလာသူဖြစ်ပါတယ်၊ ဒါ့ကြောင့်လဲ ရဟန်းဂေါတမက ငါတို့ထံ မလာသင့်ပါ၊ ငါတို့ကသာ ရဟန်းဂေါတမထံ သွားသင့်ပါတယ်။

ရဟန်းဂေါတမဟာ ငယ်ရွယ်သူ, နုပျိုသူ, မဲနက်သောဆံပင်-ရှိသူ, ကောင်းသောအရွယ် ပထမအရွယ်နှင့်ပြည့်စုံသူသာ ဖြစ်ပါလျက် ရဟန်းပြုလာခဲ့သူ ဖြစ်ပါတယ်၊ ဒါ့ကြောင့်လဲ ရဟန်းဂေါတမက ငါတို့ထံ မလာသင့်ပါ၊ ငါတို့ကသာ ရဟန်းဂေါတမထံ သွားသင့်ပါတယ်။

ရဟန်းဂေါတမဟာ အမေအဖေတွေ အလိုမတူတဲ့အတွက် မျက်ရည်စွတ်စိုငိုတုန်းမှာပဲ ဆံမုတ်ဆိတ်ကို ပယ်စွန့်ပြီး ဖန်ရည်ဆိုးအဝတ်ကို ဝတ်ရုံလို့ ရဟန်းပြုလာခဲ့သူ ဖြစ်ပါတယ်၊ ဒါ့ကြောင့်လဲ ရဟန်းဂေါတမက ငါတို့ထံ မလာသင့်ပါ၊ ငါတို့ကသာ ရဟန်းဂေါတမထံ သွားသင့်ပါတယ်။

ရဟန်းဂေါတမဟာ အလွန်အဆင်းလှပါတယ်၊ ကြည့်ရှုချင်ဖွယ် တင့်တယ်ပါတယ်၊ စိတ်ကြည်လင်မှုကို ဖြစ်စေတတ်ပါတယ်၊ မြတ်သော(အဆင်းကိုယ်တို့၏ ဖြစ်ကြောင်းဖြစ်ရာ) သန့်ရှင်းသော လက်ခြေ-စတဲ့ ကိုယ်အင်္ဂါနှင့်ပြည့်စုံပါတယ်၊ မြတ်သောအဆင်းရှိပါတယ်၊ မြတ်သောကိုယ်ရောင်ရှိပါတယ်၊ ခန့်ညားထည်ဝါသောကိုယ် ရှိပါတယ်၊ ဒါ့ကြောင့်လဲ ရဟန်းဂေါတမက ငါတို့ထံ မလာသင့်ပါ၊ ငါတို့ကသာ ရဟန်းဂေါတမထံ သွားသင့်ပါတယ်။

ရဟန်းဂေါတမဟာ သီလရှိတယ်၊ မြင့်မြတ်တဲ့သီလရှိတယ်၊ အပြစ်ကင်းတဲ့ သီလရှိတယ်၊ အပြစ်ကင်းတဲ့ သီလနှင့် ပြည့်စုံတယ်၊ ဒါ့ကြောင့်လဲ ရဟန်း

www.burmeseclassic.com

www.burmeseclassic.com



ဂေါတမက ငါတို့ထံ မလာသင့်ပါ၊ ငါတို့ကသာ ရဟန်းဂေါတမထံ သွားသင့်ပါတယ်။

ရဟန်းဂေါတမဟာ ကောင်းသောစကား ရှိပါတယ်၊ ကောင်းသောအသံ ရှိပါတယ်၊ ယဉ်ကျေးပြတ်သား အပြစ်ကင်းပြီး အနက်ကိုသိစေနိုင်တဲ့ စကားနှင့် ပြည့်စုံပါတယ်၊ ဒါ့ကြောင့်လဲ ရဟန်းဂေါတမက ငါတို့ထံ မလာသင့်ပါ၊ ငါတို့ ကသာ ရဟန်းဂေါတမထံ သွားသင့်ပါတယ်။

ရဟန်းဂေါတမဟာ များပြားလှတဲ့ လူနတ်ဗြဟ္မာ သတ္တဝါတွေရဲ့ဆရာ, ဆရာ့ဆရာ ဖြစ်ပါတယ်၊ ဒါ့ကြောင့်လဲ ရဟန်းဂေါတမက ငါတို့ထံ မလာ သင့်ပါ၊ ငါတို့ကသာ ရဟန်းဂေါတမထံ သွားသင့်ပါတယ်။

ရဟန်းဂေါတမဟာ ကာမရာဂကုန်ပြီးသူ, ကိုယ်တသသ အလှပြင်ခြင်း မရှိသူ ဖြစ်ပါတယ်၊ ဒါ့ကြောင့်လဲ ရဟန်းဂေါတမက ငါတို့ထံ မလာသင့်ပါ၊ ငါတို့ကသာ ရဟန်းဂေါတမထံ သွားသင့်ပါတယ်။

ရဟန်းဂေါတမဟာ ကံရှိတယ်လို့အယူရှိသူ(ကမ္မဝါဒီ) ဖြစ်ပါတယ်၊ လုပ်ရင် လုပ်ရာရောက်တယ်လို့ အယူရှိသူ(ကြိယဝါဒီ) ဖြစ်ပါတယ်၊ လောကုတ္တ ရာတရား ကိုးပါးကို ရှေ့သွားပြုတတ်ပါတယ်၊ ဗြာဟ္မဏတွေရဲ့သားဖြစ်တဲ့ ရှင်သာရိပုတ္တရာ–စတဲ့ ပုဂ္ဂိုလ်တွေရဲ့ ရှေ့သွားခေါင်းဆောင် ဖြစ်ပါတယ်၊ ဒါ့ကြောင့်လဲ ရဟန်းဂေါတမက ငါတို့ထံ မလာသင့်ပါ၊ ငါတို့ကသာ ရဟန်း ဂေါတမထံ သွားသင့်ပါတယ်။

ရဟန်းဂေါတမဟာ အမျိုးတစ်ပါးနဲ့ ရောယှက်ခြင်းမရှိတဲ့ မြင့်မြတ်သော မင်းမျိုးက ရဟန်းပြုလာသူ ဖြစ်ပါတယ်၊ ဒါ့ကြောင့်လဲ ရဟန်းဂေါတမက ငါတို့ထံ မလာသင့်ပါ၊ ငါတို့ကသာ ရဟန်းဂေါတမထံ သွားသင့်ပါတယ်။

ရဟန်းဂေါတမဟာ ကြွယ်ဝချမ်းသာ များသောဥစ္စာရှိတဲ့, များသောအသုံး အဆောင်ရှိတဲ့ အမျိုးက ရဟန်းပြုလာသူ ဖြစ်ပါတယ်၊ ဒါ့ကြောင့်လဲ ရဟန်း ဂေါတမက ငါတို့ထံ မလာသင့်ပါ၊ ငါတို့ကသာ ရဟန်းဂေါတမထံ သွားသင့် ပါတယ်။

ရဟန်းဂေါတမကို တိုင်းတစ်ပါး, ကျေးလက်တောရွာတစ်ပါးမှာ နေကြတဲ့ ပညာရှင်တွေက ပြဿနာမေးရအောင် လာကြရပါတယ်၊ ဒါ့ကြောင့်လဲ ရဟန်း ဂေါတမက ငါတို့ထံ မလာသင့်ပါ၊ ငါတို့ကသာ ရဟန်းဂေါတမထံ သွားသင့် ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ရဟန်းဂေါတမကို နတ်ထောင်ပေါင်းများစွာတို့က အသက်ပေးလို့ ဆည်းကပ်ကြပါတယ်၊ ဒါ့ကြောင့်လဲ ရဟန်းဂေါတမက ငါတို့ထံ မလာသင့်ပါ၊ ငါတို့ကသာ ရဟန်းဂေါတမထံ သွားသင့်ပါတယ်။

ရဟန်းဂေါတမဟာ အပူဇော်ခံထိုက်တဲ့အတွက် အရဟံ–မည်တော်မူပါတယ်၊ တရားအကုန်လုံးကို ကိုယ်တိုင်မှန်စွာ သိတော်မူတတ်တဲ့အတွက် သမ္မာသမ္ဗုဒ္ဓ–မည်တော်မူပါတယ်၊ အသိဉာဏ်ဝိဇ္ဇာ, အကျင့်စရဏနှင့် ပြည့်စုံတော်မူတဲ့အတွက် ဝိဇ္ဇာစရဏသမ္ပန္န–မည်တော်မူပါတယ်၊ ကောင်းသောစကားကို ဆိုတော်မူတတ်တဲ့အတွက် သုဂတ–မည်တော်မူပါတယ်၊ လောကကို သိတော်မူတတ်တဲ့အတွက် လောကဝိဒူ–မည်တော်မူပါတယ်၊ ဆုံးမသင့်သူကို ဆုံးမတတ်သည့် အတုမဲ့ပုဂ္ဂိုလ် ဖြစ်တော်မူတဲ့အတွက် အနုတ္တရောပုရိသဒမ္မသာရထိ–မည်တော်မူပါတယ်၊ နတ်လူတွေရဲ့ဆရာတစ်ဆူ ဖြစ်တော်မူတဲ့အတွက် သတ္ထာဒေဝမနုဿာနံ–မည်တော်မူပါတယ်၊ သစ္စာလေးပါး မြတ်တရားကို ကိုယ်တိုင်လဲသိတတ်, သူ့ကိုလဲသိစေတတ်တဲ့အတွက် ဗုဒ္ဓ–မည်တော်မူပါတယ်၊ ဘုန်းတန်ခိုး ကြီးမားတော်မူတဲ့အတွက် ဘဂဝါ–မည်တော်မူပါတယ်၊ ဒီလို ရဟန်းဂေါတမရဲ့ ကောင်းတဲ့ကျော်စောသံဟာ လောကကြီးတစ်ခုလုံးကို လွှမ်းခြုံနေပါတယ်၊ ဒါ့ကြောင့်လဲ ရဟန်းဂေါတမက ငါတို့ထံ မလာသင့်ပါ၊ ငါတို့ကသာ ရဟန်းဂေါတမထံ သွားသင့်ပါတယ်။

ရဟန်းဂေါတမဟာ ၃၂–ပါးသော ယောကျ်ားမြတ်တို့ရဲ့ လက္ခဏာနှင့် ပြည့်စုံတော်မူပါတယ်၊ ဒါ့ကြောင့်လဲ ရဟန်းဂေါတမက ငါတို့ထံ မလာသင့်ပါ၊ ငါတို့ကသာ ရဟန်းဂေါတမထံ သွားသင့်ပါတယ်။

ရဟန်းဂေါတမက လာစမ်းပါ၊ ကောင်းသောလာခြင်းဖြစ်ပါတယ်လို့ ပြောဆိုတတ်ပါတယ်၊ ပြေပြစ်သောစကား ရှိပါတယ်၊ ဝမ်းမြောက်ဝမ်းသာဖြစ်အောင် လုပ်တတ်ပါတယ်၊ ကြည်လင်တဲ့မျက်နှာ ရှိပါတယ်၊ ပေါ်လွင်တဲ့မျက်နှာ ရှိပါတယ်၊ ရှေးဦးစွာ ပြောဆိုလေ့ ရှိပါတယ်၊ ဒါ့ကြောင့်လဲ ရဟန်းဂေါတမက ငါတို့ထံ မလာသင့်ပါ၊ ငါတို့ကသာ ရဟန်းဂေါတမထံ သွားသင့်ပါတယ်။

ရဟန်းဂေါတမကို ပရိသတ်လေးပါးတို့က ရိုသေပါတယ်၊ အလေးပြုပါတယ်၊ မြတ်နိုးပါတယ်၊ ပူဇော်ပါတယ်၊ ယုယပါတယ်၊ ဒါ့ကြောင့်လဲ ရဟန်းဂေါတမက ငါတို့ထံ မလာသင့်ပါ၊ ငါတို့ကသာ ရဟန်းဂေါတမထံ သွားသင့်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ရဟန်းဂေါတမကို များပြားလှတဲ့ နတ်တွေ၊ လူတွေက အလွန်ကြည်ညို ကြပါတယ်၊ ဒါ့ကြောင့်လဲ ရဟန်းဂေါတမက ငါတို့ထံ မလာသင့်ပါ၊ ငါတို့ ကသာ ရဟန်းဂေါတမထံ သွားသင့်ပါတယ်။

ရဟန်းဂေါတမနေတဲ့ ရွာ၊ နိဂုံး(ဈေးမြို့)မှာ နတ်ဘီလူးတွေက လူများကို မညှဉ်းဆဲနိုင်ကြဘူး၊ ဒါ့ကြောင့်လဲ ရဟန်းဂေါတမက ငါတို့ထံ မလာသင့်ပါ၊ ငါတို့ကသာ ရဟန်းဂေါတမထံ သွားသင့်ပါတယ်။

ရဟန်းဂေါတမဟာ နောက်လိုက်နောက်ပါ သံဃာရှိတယ်၊ ဂိုဏ်းရှိတယ်၊ ဂိုဏ်းဆရာလဲ ဖြစ်တယ်၊ အယူကိုပြုတတ်တဲ့ ပုဂ္ဂိုလ်တွေထဲမှာ အမြတ်ဆုံးလို့ ဆိုသင့်ပါတယ်၊ သမဏ ဗြာဟ္မဏအမည်ခံပုဂ္ဂိုလ်တွေရဲ့ အကျော်အစောဟာ တစ်နည်းနည်းနဲ့ ဖြစ်ပေါ်လာသလို ရဟန်းဂေါတမရဲ့ အကျော်အစော ဖြစ်ပေါ် လာတာမဟုတ်၊ အမှန်ကတော့ မိမိထက် မြတ်မွန်သာလွန်သောတရားမရှိတဲ့ အသိဉာဏ်(ဝိဇ္ဇာ)၊ အကျင့်(စရဏ)နှင့် ပြည့်စုံတဲ့အတွက် ရဟန်းဂေါတမရဲ့ အကျော်အစောဟာ ဖြစ်ပေါ်လာရတာ ဖြစ်ပါတယ်၊ ဒါ့ကြောင့်လဲ ရဟန်း ဂေါတမက ငါတို့ထံ မလာသင့်ပါ၊ ငါတို့ကသာ ရဟန်းဂေါတမထံ သွားသင့် ပါတယ်။

ရဟန်းဂေါတမကို မဂဓတိုင်းရှင် ဘုရင်ဗိမ္ဗိသာရက သားတော်၊ သမီး တော်တွေ၊ မိဖုယားတွေ၊ ပရိသတ်တွေ၊ အမတ်တွေနှင့်အတူ အသက်ပေးလို့ ကိုးကွယ်ဆည်းကပ်ပါတယ်၊ ဒါ့ကြောင့်လဲ ရဟန်းဂေါတမက ငါတို့ထံ မလာ သင့်ပါ၊ ငါတို့ကသာ ရဟန်းဂေါတမထံ သွားသင့်ပါတယ်။

ရဟန်းဂေါတမကို ပသေနဒီကောသလမင်းက သားတော်တွေ၊ သမီး တော်တွေ၊ မိဖုယားတွေ၊ ပရိသတ်တွေ၊ အမတ်တွေနှင့်အတူ အသက်ပေးလို့ ကိုးကွယ်ဆည်းကပ်ပါတယ်၊ ဒါ့ကြောင့်လဲ ရဟန်းဂေါတမက ငါတို့ထံ မလာ သင့်ပါ၊ ငါတို့ကသာ ရဟန်းဂေါတမထံ သွားသင့်ပါတယ်။

ရဟန်းဂေါတမကို ပေါက္ခရသာတိပုဏ္ဏားက သားတွေ၊ သမီးတွေ၊ မယား တွေ၊ ပရိသတ်တွေ၊ အမတ်တွေနှင့်အတူ အသက်ပေးလို့ ကိုးကွယ် ဆည်းကပ် ပါတယ်၊ ဒါ့ကြောင့်လဲ ရဟန်းဂေါတမက ငါတို့ထံ မလာသင့်ပါ၊ ငါတို့ကသာ ရဟန်းဂေါတမထံ သွားသင့်ပါတယ်။

ရဟန်းဂေါတမကို မဂဓတိုင်းရှင် ဘုရင်ဗိမ္ဗိသာရက ရိုသေပါတယ်၊ လေးစားပါတယ်၊ မြတ်နိုးပါတယ်၊ ပူဇော်ပါတယ်၊ ယုယပါတယ်၊ ဒါ့ကြောင့်လဲ ရဟန်းဂေါတမက ငါတို့ထံ မလာသင့်ပါ၊ ငါတို့ကသာ ရဟန်းဂေါတမထံ သွားသင့်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ရဟန်းဂေါတမကို ပသေနဒိကောသလသမင်းက ရိုသေပါတယ်၊ လေးစားပါတယ်၊ မြတ်နိုးပါတယ်၊ ပူဇော်ပါတယ်၊ ယုယပါတယ်၊ ဒါ့ကြောင့်လဲ ရဟန်းဂေါတမက ငါတို့ထံ မလာသင့်ပါ၊ ငါတို့ကသာ ရဟန်းဂေါတမထံ သွားသင့်ပါတယ်။

ရဟန်းဂေါတမကို ပေါက္ခရသာတိပုဏ္ဏားက ရိုသေပါတယ်၊ လေးစားပါတယ်၊ မြတ်နိုးပါတယ်၊ ပူဇော်ပါတယ်၊ ယုယပါတယ်၊ ဒါ့ကြောင့်လဲ ရဟန်းဂေါတမက ငါတို့ထံ မလာသင့်ပါ၊ ငါတို့ကသာ ရဟန်းဂေါတမထံ သွားသင့်ပါတယ်။

ရဟန်းဂေါတမက ခါဏုမတရွာကို ရောက်လာပြီး ခါဏုမတရွာ အမ္ဗလဋ္ဌိကာဥယျာဉ်မှာ နေပါတယ်၊ မိတ်ဆွေတို့ ! ငါတို့ရဲ့ဂါမခေတ်ကို ရောက်လာသမျှ သမဏ ဗြာဟ္မဏတွေဟာ ငါတို့ရဲ့ဧည့်သည်များ ဖြစ်ကြပါတယ်၊ ငါတို့က ဧည့်သည်တွေကို (ကောင်းစွာပြုစုသင့်ပါတယ်၊) ရိုသေသင့်ပါတယ်၊ အလေးပြုသင့်ပါတယ်၊ မြတ်နိုးသင့်ပါတယ်၊ ပူဇော်သင့်ပါတယ်၊ ယုယသင့်ပါတယ်၊ ဒီအကြောင်းကြောင့်လဲ ရဟန်းဂေါတမက ငါတို့ထံ မလာသင့်ပါ၊ ငါတို့ကသာ ရဟန်းဂေါတမထံ သွားသင့်ပါတယ်။

မိတ်ဆွေတို့ ! ငါက ရဟန်းဂေါတမရဲ့ ဒီမျှလောက်သော ဂုဏ်တို့ကို ပိုင်းခြားသိမြင်ပါတယ်၊ ဒါပေမဲ့ အမှန်ကတော့ ဒီအရှင်ဂေါတမဟာ ဒီမျှလောက်သာ ဂုဏ်ရှိသူ မဟုတ်ပါ၊ အမှန်ကတော့ အရှင်ဂေါတမဟာ အတိုင်းအရှည်မရှိတဲ့ ဂုဏ်ကို ပိုင်ဆိုင်ထားသူသာ ဖြစ်ပါတယ်"။

ကူဋဒန္တပုဏ္ဏားထံမှ ဘုရားရှင်ရဲ့ဂုဏ်တော်တွေကို ကြားသိရတဲ့အခါမှာ ပုဏ္ဏားတွေက ကူဋဒန္တပုဏ္ဏားကို ပြောဆိုလာကြပါတယ်။

"ရဟန်းဂေါတမရဲ့ဂုဏ်ကို ချီးကျူးပြောကြားတဲ့ အရှင်ကူဋဒန္တရဲ့စကားအတိုင်းဆိုရင် အဲဒီ အရှင်ဂေါတမဟာ ဒီနေရာက ယူဇနာတစ်ရာ ဝေးကွာတဲ့အရပ်မှာ နေစေကာမူ သဒ္ဓါတရားရှိတဲ့ အမျိုးသားက ရိက္ခာထုတ်ကို ဆောင်ယူလို့တောင်မှ ဖူးမြင်ဖို့ သွားသင့်တာပါပဲ၊ ဒါကြောင့် ကျွန်ုပ်တို့ အားလုံးပဲ ရဟန်းဂေါတမကို ဖူးမြော်ရအောင် သွားကြစို့ရဲ့"။

**မဟာဝိဇိတမင်း ယဇ်ပူဇော်ပုံ**

အဲဒီအချိန်မှာပဲ ကူဋဒန္တပုဏ္ဏားက များပြားလှတဲ့ ပုဏ္ဏားအုပ်စုနှင့်အတူ အမ္ဗလဋ္ဌိကာဥယျာဉ်မှာ သီတင်းသုံးနေတော်မူတဲ့ ဗုဒ္ဓမြတ်စွာထံကို သွားပါတယ်၊ ဗုဒ္ဓမြတ်စွာနှင့် ဝမ်းမြောက်ဝမ်းသာ ပြောဆိုပါတယ်၊ ထို့နောက် သင့်တော်ရာက

www.burmeseclassic.com

www.burmeseclassic.com



ထိုင်နေပါတယ်၊ ခါဏာမတရှာသား ပုဏ္ဏားသူကြွယ်တွေကလဲ အလားတူပြောဆိုပြီး သင့်တော်ရာမှာ ထိုင်နေကြပါတယ်။

အဲဒီလို နေသားတကျ ထိုင်ပြီးတဲ့အခါမှာ ကူဋဒန္တပုဏ္ဏားက ဗုဒ္ဓမြတ်စွာကို လျှောက်ထားပါတယ်။

"အို–အရှင်ဂေါတမ ! အရှင်ဂေါတမက ၃–ပါးသော စိတ်ထားနှင့် ၁၆–ပါးသော အရံအတားရှိတဲ့ ပြည့်စုံသောယဇ်ကို သိတယ်လို့ အကျွန်ုပ် ကြားဘူးပါတယ်၊ အကျွန်ုပ်က အဲဒါတွေကို မသိပါ၊ အကျွန်ုပ်ဟာ ယဇ်ကြီး ပူဇော်လိုပါတယ်၊ အကျွန်ုပ်အား အဲဒီ ၃–ပါးသောစိတ်ထားနှင့် ၁၆–ပါးသော အရံအတားရှိတဲ့ ပြည့်စုံသောယဇ်ကို ဟောတော်မူပါ"။

ဒီလို လျှောက်ထားလာတဲ့ အခါမှာ ဗုဒ္ဓမြတ်စွာက မဟာဝိဇိတမင်းရဲ့ ယဇ်ပူဇော်ပုံကို မိန့်ကြားတော်မူပါတယ်။

"ပုဏ္ဏား ! ရှေးအခါက မဟာဝိဇိတမင်း–ဆိုတာ ရှိခဲ့ဘူးတယ်၊ အဲဒီ မဟာဝိဇိတမင်းက ချမ်းသာကြွယ်ဝတယ်၊ များသောဥစ္စာရှိတယ်၊ များသော စည်းစိမ် ရှိတယ်၊ များသော ရွှေငွေရှိတယ်၊ နှစ်သက်စရာ များသောအသုံး အဆောင် ရှိတယ်၊ များသော ဥစ္စာစပါး ရှိတယ်၊ ပြည့်ဝသော ဘဏ္ဍာတိုက် ရှိတယ်"။

မဟာဝိဇိတမင်းက ဆိတ်ကွယ်ရာမှာ တစ်ယောက်တည်း ထိုင်နေရင်း–

"ငါဟာ ပေါများလှတဲ့ လူ့စည်းစိမ်ကို ရရှိထားတယ်၊ ကျယ်ပြန့်လှတဲ့ မြေအဝန်းကို အုပ်စိုးနေရတယ် ငါက ယဇ်ကြီးပူဇော်ရရင် ကောင်းမှာပဲ၊ အဲဒီ ယဇ်ပူဇော်မှုဟာ ကြာမြင့်စွာသော ကာလပတ်လုံး ငါရဲ့စီးပွားချမ်းသာအလို့ငှာ ဖြစ်စရာ ရှိပါတယ်"။

ဒီလို စဉ်းစားမိတဲ့အတွက် တစ်နေ့မှာ ရတနာတွေကို လှည့်လည်ကြည့်ရှုရန် ထွက်လာ ပါတယ်၊ ဘဏ္ဍာတိုက်ကို ရောက်လာတဲ့အခါ ဘဏ္ဍာတိုက်စိုးအမတ်ကို မေးမြန်း စုံစမ်းပါတယ်။

"အမောင် ဒီလောက်များပြားတဲ့ ဥစ္စာတွေကို အဘယ်သူက စုဆောင်း ထားခဲ့ပါသလဲ ?"။

"အရှင်မင်းမြတ်ရဲ့ ဘခမည်းတော်, ဘိုးတော်–စတဲ့ ဆွေမျိုး ၇–ဆက် ပုဂ္ဂိုလ်တွေက စုဆောင်းလာခဲ့ကြပါတယ်"။

"အဲဒီဥစ္စာတွေကို စုဆောင်းထားပြီးတဲ့နောက် အဲဒီ ခမည်းတော်, ဘိုးတော်–စတဲ့ သူတွေက ဘယ်ကို သွားကုန်ကြသလဲ ?"။

www.burmeseclassic.com

www.burmeseclassic.com



"အရှင်မင်းမြတ် ! အဲဒီ ခမည်းတော်, ဘိုတော်–စတဲ့သူတွေ အကုန်လုံးပဲ သေမင်းရဲ့အလိုနိုင်ငံသို့ လိုက်ပါသွားကြရပါတယ်"။

"အမောင် ! ကိုယ့်ဥစ္စာကို မယူဘဲသာ သွားကြရသလော ?"။

"အရှင်မင်းမြတ် ! ဘယ်လိုများ မိန့်တော်မူပါသလဲ ?၊ ဒီပစ္စည်းဥစ္စာဆိုတာကို ပယ်စွန့်ပြီး သွားရတာချည်းပါပဲ၊ ယူသွားလို့ရတာမျိုး မဟုတ်ပါ"။

ဒီပြဿနာတွေရဲ့ အဖြေကို ကိုယ်တိုင်သိပြီးဖြစ်ပေမဲ့ နောင်ဥစ္စာကို စွန့်ကြဲလှူဒါန်းတဲ့အခါ ရင်းနှီးသူ လူအများတို့က ဆူပူမှာကို စိုးတဲ့အတွက် အဲဒီလူတွေ အသံမထွက်နိုင်အောင် ဘဏ္ဍာတိုက်စိုးအမတ်ကို မြေဆိုစေပါတယ်။

ထို့နောက် မဟာဝိဇိတမင်းက ပြန်လှည့်လာပြီး ကျက်သရေတိုက်ခန်းမှာထိုင်ရင်း ကြံစည်စဉ်းစားနေပါတယ်။

"အလှူကိုပေးလှူတဲ့ လူဆိုတာဟာ ပညာရှိတစ်ယောက်နှင့် တိုင်ပင်ပြီး ပေးလှူသင့်တာပဲ၊ မတိုင်ပင်ဘဲလုပ်တဲ့အလုပ်ဟာ နောင်တပူပန်မှုကို ဖြစ်စေတတ်တယ်"။

ဒီလို ကြံစည်စဉ်းစားမိတဲ့အတွက် ပုရောဟိတ်ပုဏ္ဏားကို ခေါ်ယူတိုင်ပင်ပါတယ်။

"ဆရာ ! အကျွန်ုပ်က ယဇ်ကြီးကို ပူဇော်လိုပါတယ်၊ အဲဒီပူဇော်တာဟာ ချမ်းသာအလို့ငှာ ဖြစ်စရာရှိပါတယ်၊ ဆရာက အကျွန်ုပ်ကို နည်းလမ်းညွှန်ကြားတော်မူပါ"။

မဟာဝိဇိတမင်းရဲ့စကားကို ကြားရတဲ့အခါ ပုရောဟိတ်ပဏ္ဏားက–

"ဒီမင်းဟာ အလှူကြီးကို ပေးလှူလိုတယ်၊ ဒါပေမဲ့ ဒီမင်းရဲ့ ကျေးလက်တောရွာ(ဇနပုဒ်)မှာ သူပုန်တွေကလဲ များနေတယ်၊ သူပုန်ရန်ကို မငြိမ်းအေးစေဘဲ အလှူကို ပေးလှူလို့ရှိရင် နို့ရည် နို့ဓမ်းအစရှိတဲ့ အလှူအတွက် လိုနေတဲ့ ပစ္စည်းတွေကို ပို့ဆောင်ကြရတဲ့ လူတွေရဲ့ ယောကျ်ားမရှိတဲ့အိမ်တွေကို သူပုန်တွေက လုယူကြလိမ့်မယ်၊ ကျေးလက်တောရွာက သူပုန်ဘေးကြောင့်ပဲ မငြိမ်မသက် ဆူပွက်လာကြလိမ့်မယ်၊ ဒါ့ကြောင့် ဒီမင်းရဲ့အလှူဟာ ကြာရှည်လေးမြင့်ဖြစ်နိုင်စရာ မရှိဘူး၊ အခုဘဲ ဘုရင်မင်းမြတ်အား ဒီအကြောင်းကို အသိပေးရတော့မယ်"။

ဒီလို ကြံစည်မိတဲ့အတိုင်း ပုရောဟိတ်ပုဏ္ဏားက ပြည်တွင်းငြိမ်းချမ်းရေးရအောင် လုပ်ရမဲ့နည်းလမ်းကို ဦးစွာညွှန်ကြားပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



"အရှင်မင်းမြတ်ရဲ့ ကျေးလက်တောရွာဟာ (သူပုန်ဓားပြဆိုတဲ့)ဆူးငြောင့် ရှိနေပါတယ်၊ သူပုန်ဓားပြနှိပ်စက်မှုကို ခံနေရပါတယ်၊ ရွာကိုလုယက်ဖျက်ဆီး နေတာကိုလဲ တွေ့နေရပါတယ်၊ ကျေးလက်ကို လုယက်ဖျက်ဆီးနေတာကိုလဲ တွေ့နေရပါတယ်၊ မြို့ကို လုယက်ဖျက်ဆီးနေတာကိုလဲ တွေ့နေရပါတယ်၊ ခရီးသွားတွေကို လုယက်ဖျက်ဆီးနေတာကိုလဲ တွေ့နေပါတယ်။

အရှင်မင်းမြတ်က ဒီလို သူပုန်ဓားပြဆိုတဲ့ ဆူးငြောင့်ရှိနေတဲ့ သူပုန်ဓားပြ တွေရဲ့ နှိပ်စက်ခြင်းကို ခံနေရတဲ့ ကျေးလက်တောရွာတွေမှာ အခွန်အတုတ်ကို ကောက်ယူလို့ရှိရင် အဲဒီလို ကောက်ယူတဲ့အတွက် အရှင်မင်းမြတ်က မလုပ် သင့်တာကို လုပ်ရာရောက်မှာပဲ။

'ငါက ဒီသူပုန်ဓားပြဆိုတဲ့အနှောင့်အယှက်ဆူးငြောင့်ကို သတ်ဖြတ်ခြင်းနဲ့ပဲ ဖြစ်ဖြစ်, ချုပ်ချယ်ခြင်းနဲ့ပဲဖြစ်ဖြစ်, ဒဏ်တပ်ခြင်း(ပစ္စည်းဥစ္စာကိုသိမ်းယူခြင်း) နဲ့ပဲဖြစ်ဖြစ်, ကဲ့ရဲ့ရှုတ်ချခြင်းနဲ့ပဲဖြစ်ဖြစ်, တိုင်းပြည်ကနှင်ထုတ်ခြင်းနဲ့ပဲဖြစ်ဖြစ် သုတ်သင်ရှင်းလင်းရတော့မယ်'လို့ စဉ်းစားမယ်ဆိုရင် စဉ်းစားစရာရှိပါတယ်။

ဒါပေမဲ့ ဒီနည်းနဲ့ သူပုန်ဓားပြဆိုတဲ့ ဆူးငြောင့်ကို အကြွင်းမဲ့မပယ်ရှားနိုင်ပါ၊ မသုတ်သင်နိုင်ပါ၊ ကြွင်းကျန်နေတဲ့ သူပုန်ဓားပြတွေက နောင်အခါမှာ အရှင် မင်းမြတ်ရဲ့ ကျေးလက်တောရွာကို ညှဉ်းဆဲလာကြပေလိမ့်မယ်။

အမှန်ကတော့ ဒီလိုစီမံလိုက်လို့ရှိရင် အဲဒီသူပုန်ဓားပြဆိုတဲ့ ဆူးငြောင့်ကို (အနှောင့်အယှက်ကို) အကြွင်းမဲ့ သုတ်သင်ရှင်းလင်းနိုင်ပါတယ်၊ ဒါ့ကြောင့် အရှင်မင်းမြတ်ရဲ့ ကျေးလက်တောရွာမှာ လယ်ထွန်နွားကျောင်းသူတို့အား အရှင်မင်းမြတ်က မျိုးရိက္ခာကို ထောက်ပံ့ပေးသနားတော်မူပါ၊ အရှင်မင်းမြတ်ရဲ့ ကျေးလက်တောရွာမှာ အရောင်းအဝယ်ပြုလုပ်နေသူတို့အား အရှင်မင်းမြတ်က အရင်းအနှီးကို ထောက်ပံ့ပေးသနားတော်မူပါ၊ အရှင်မင်းမြတ်ရဲ့ ကျေးလက် တောရွာမှာ မင်းမှုထမ်းအလုပ်ကို လုပ်နေတဲ့သူတို့အား အရှင်မင်းမြတ်က လစာရိက္ခာကို အလုံအလောက် စီမံပေးတော်မူပါ။

ဒီလိုပြုလုပ်ပေးလိုက်လို့ရှိရင် အဲဒီလူတွေကလဲ ကိုယ့်အလုပ်ကို အားထုတ် နေရတာနဲ့ အရှင်မင်းမြတ်ရဲ့ကျေးလက်တောရွာကို ညှဉ်းဆဲကြတော့မယ် မဟုတ်တော့ပါ၊ အရှင်မင်းမြတ်မှာ များပြားတဲ့ဥစ္စာအစုလဲ ဖြစ်လာပါလိမ့်မယ်၊ ကျေးလက်တောရွာတွေက အေးချမ်းလာလို့ သူပုန်ဓားပြအနှောင့်အယှက် မရှိ တော့တဲ့အတွက်, သူပုန်ဓားပြတွေရဲ့ နှိပ်စက်ခြင်းကို မခံရတော့တဲ့အတွက် လူတွေက ဝမ်းမြောက်ဝမ်းသာနဲ့ ရင်ပေါ်မှာ သားငယ်သမီးငယ်တို့ကို အက ခိုင်းကြလျက် အိမ်တွေကို တံခါးမပိတ်ရသလို နေကြရပါလိမ့်မယ်။

www.burmeseclassic.com

www.burmeseclassic.com



မဟာဝိဇိတမင်းက ပုရောဟိတ်ပုဏ္ဏားရဲ့ ညွှန်ကြားချက်အတိုင်း လိုက်နာပြုလုပ်ပါတယ်၊ ဒါနဲ့ ကျေးလက်တောရွာတွေ အေးချမ်းငြိမ်သက်လာပါတယ်၊ မင်းမှာလဲ ဥစ္စာစပါး အများအပြား ဖြစ်လာပါတယ်၊ လူတွေလဲ ပျော်ရွှင်ဝမ်းသာစွာ သားငယ်၊ သမီးငယ်တို့ကို ရင်ပေါ်မှာ ကစေကြလျက် အိမ်တွေကို တံခါးမပိတ်ဘဲ အိပ်ကြရတဲ့ အခြေအနေသို့ ရောက်လာကြရပါတော့တယ်။

အဲဒီအချိန်မှာ နောက်ထပ် ပုရောဟိတ်ကိုခေါ်ပြီး ယဇ်ပူဇော်ရန် ဆုံးမညွှန်ကြားပါမည့်အကြောင်း ပြောဆိုပြန်တယ်၊ ဒီတော့ ပုရောဟိတ်ပုဏ္ဏားက–

> "ဒီမင်းဟာ အလှူကြီးပြုလုပ်ဖို့ အလွန်အမင်း အားထုတ်နေပါတယ်၊ ဒါ့ကြောင့် ကိုယ့်နောက်လိုက်မင်း–စသတဲ့ သူတွေကို အသိမပေးဘဲ (မတိုင်ပင်ဘဲ) ပေးလှူမယ်ဆိုရင် ဒီမင်းရဲ့အလှူမှာ အရံနောက်လိုက်မင်း–စတဲ့သူတွေက နှစ်သက်ဝမ်းမြောက်ကြမှာ မဟုတ်ဘူး၊ အလှူဒါနမှာ နောက်လိုက်မင်း–စတဲ့ သူတွေက နှစ်သက်ဝမ်းမြောက်အောင် လုပ်ရတော့မယ်"။

ဒီလို စဉ်းစားကြံစည်ပြီး–

၁။ အရှင်မင်းမြတ်ရဲ့ ဈေးမြို့(နိဂုံး)နှင့်ကျေးလက်တောရွာမှာနေကြတဲ့ အရံမင်းတွေ၊
၂။ အရှင်မင်းမြတ်ရဲ့ ဈေးမြို့နှင့် ကျေးလက်တောရွာမှာနေကြတဲ့ အမတ်၊ မင်းအမှုထမ်းတွေ၊
၃။ အရှင်မင်းမြတ်ရဲ့ ဈေးမြို့နှင့် ကျေးလက်တောရွာတွေမှာနေကြတဲ့ ပုဏ္ဏားသူကြွယ်တွေ၊
၄။ အရှင်မင်းမြတ်ရဲ့ ဈေးမြို့နှင့် ကျေးလက်တောရွာမှာနေကြတဲ့ သူဌေးသူကြွယ်တွေ၊

ဒီပုဂ္ဂိုလ်တွေကို ခေါ်ယူတိုင်ပင်ဖို့၊ သူတို့ရဲ့ဆန္ဒကို အရယူဖို့ ညွှန်ကြားပြန်တယ်၊ မဟာဝိဇိတမင်းကလဲ ညွှန်ကြားတဲ့အတိုင်း လုပ်ကိုင်ဆောင်ရွက်ပါတယ်။

ဒီ သဘောတူ အသင်းအပင်း လေးမျိုးတို့က ယဇ်ရဲ့ အရံအတားများ ဖြစ်ကြပါတယ်၊ ပြီးတော့–

၁။ သန့်စင်သောအမျိုးဇာတ်ရှိခြင်း(အမျိုးဇာတ်သန့်စင်ခြင်း၊)
၂။ အဆင်းလှခြင်း၊
၃။ ချမ်းသာကြွယ်ဝခြင်း၊
၄။ သစ္စာရှိသောစစ်တပ်ရှိခြင်း၊

www.burmeseclassic.com

www.burmeseclassic.com



၅။ သဒ္ဓါတရားရှိခြင်း၊
၆။ အကြားအမြင်များခြင်း၊
၇။ စကားရဲ့အနက်အဓိပ္ပာယ်ကို သိခြင်း၊
၈။ ပညာရှိခြင်း–ဆိုတဲ့ မဟာဝိဇိတမင်းမှာရှိနေတဲ့ အင်္ဂါ ၈–ပါး,
၁။ သန့်စင်သောအမျိုးဇာတ်ရှိခြင်း၊
၂။ ဝေဒကျမ်း–စသည်တို့ကို အကြွင်းမဲ့တတ်မြောက်ခြင်း၊
၃။ သီလရှိခြင်း၊
၄။ ပညာရှိခြင်း–ဆိုတဲ့ ပုရောဟိတ်ပုဏ္ဏားမှာရှိနေတဲ့ အင်္ဂါ ၄–ပါး,
ဒါတွေလဲပဲ အဲဒီယဇ်ရဲ့ အရံအတားမျှသာ ဖြစ်ကြပါတယ်။

**၃–ပါးသောစိတ်ထား**

အဲဒီအချိန်မှာ ပုရောဟိတ်ပုဏ္ဏားက မဟာဝိဇိတမင်းအား ယဇ်မပူဇော်ခင် ကြိုတင်ပြီး စိတ်ထား ၃–မျိုး (နှလုံးမသာယာခြင်းကို ပယ်ရှားတတ်တဲ့) နှလုံးသာယာခြင်းတရား ၃–ပါးတို့ကို ညွှန်ကြားထားပါတယ်။

၁။ ယဇ်ကြီးပူဇော်ရန် ကြံစည်တောင့်တနေတဲ့ကာလမှာ အရှင်မင်းမြတ်အား "ငါရဲ့ များပြားတဲ့ဥစ္စာအစုဟာ ကုန်ခန်းတော့မှာပါတကား"လို့ တစ်စုံတစ်ခုသော နှလုံးမသာယာမှုဟာ ဖြစ်မယ်ဆိုရင် ဖြစ်နိုင်စရာ ရှိပါတယ်၊ အရှင်မင်းမြတ်က အဲဒီနှလုံးမသာယာမှုကို မဖြစ်စေသင့်ပါ။ [ပုဗ္ဗစေတနာ စင်ကြယ်စေရမယ်–လို့ ဆိုလိုပါတယ်။]

၂။ ယဇ်ကြီးပူဇော်နေတဲ့အချိန်မှာ အရှင်မင်းမြတ်က "များပြားလှတဲ့ ငါ့ဥစ္စာအစု ကုန်ခန်းနေပါတကား"လို့ တစ်စုံတစ်ခုသော နှလုံးမသာယာခြင်းဟာ ဖြစ်ကောင်းဖြစ်စရာရှိပါတယ်၊ အရှင်မင်းမြတ်က အဲဒီနှလုံးမသာယာမှုကို မဖြစ်စေသင့်ပါ။ [မုဉ္စစေတနာ စင်ကြယ်စေရမယ်–လို့ ဆိုလိုပါတယ်။]

၃။ ယဇ်ကြီးပူဇော်ပြီးတဲ့ အခါမှာလဲပဲ "များပြားလှတဲ့ ငါရဲ့ ဥစ္စာအစုဟာ ကုန်သွားခဲ့လေပြီတကား"လို့ တစ်စုံတစ်ခုသော နှလုံးမသာယာခြင်းဟာ ဖြစ်ကောင်းဖြစ်စရာရှိပါတယ်၊ အရှင်မင်းမြတ်က အဲဒီနှလုံးမသာယာမှုကို မဖြစ်စေသင့်ပါ။ [အပရစေတနာ စင်ကြယ်စေရမယ်–လို့ ဆိုလိုပါတယ်။]

ပုရောဟိတ်ပုဏ္ဏားက မဟာဝိဇိတမင်းအား ယဇ်မပူဇော်ခင် ကြိုတင်ပြီး ဒီစိတ်ထား ၃–ပါးတို့ကို ညွှန်ပြထားပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



**စိတ်ထား ၃-ခု သတိပြု** ယဇ်ပူဇော်တယ်ဆိုတာဟာ အလှူပေးလှူတာပဲ ဖြစ်ပါတယ်၊ စိတ်ထား ၃-ခုဆိုတာကလဲ စေတနာ ၃-တန်ပဲ ဖြစ်ပါတယ်၊ အလှူဒါနပေးလှူတဲ့သူတွေ-ဆိုတာဟာ အစ,အလယ်,အဆုံး-ဆိုတဲ့ ဌာန ၃-ခုအနက် တစ်ခုခုသောဌာနမှာ တုန်လှုပ်တတ်ကြပါတယ်၊ (နှလုံးမသာမယာ ဖြစ်တတ်ကြပါတယ်၊) အဲဒါကို ကြိုတင်ပြီး ပယ်ဖျောက်နိုင်အောင်လုပ်ထားရမယ်။

အလှူဒါနပြုလုပ်တဲ့အခါ ပစ္စည်းဥစ္စာ ကုန်သွားတဲ့အတွက် နောင်တပူပန်မှုကို မပြုသင့်၊ ပုဗ္ဗစေတနာ(ရှေ့အဖို့မှာဖြစ်တဲ့ စေတနာ)ကို မတုန်မလှုပ်အောင် (စေတနာ ပျက်ဖွယ် ရှိစေကာမူ စေတနာမပျက်စေဘဲ ခိုင်မြဲအောင်) ထားရမယ်၊ အဲဒီလို ပုဗ္ဗစေတနာကို မတုန်လှုပ်အောင်(ပုဗ္ဗစေတနာ မပျက်အောင်) ထားနိုင်လို့ရှိရင် ဒါနဟာ အကျိုးကြီးပါတယ်၊ ( ဒါနရဲ့ ရှေ့မှာဖြစ်စေ, နောက်မှာဖြစ်စေ နှလုံးမသာ မယာဖြစ်မှုဆိုတဲ့ အကုသိုလ်ခြံရံရင် အဲဒီဒါနကုသိုလ်ဟာ တိဟိတ်ပင်ဖြစ်စေကာမူ အညံ့စား(ဩမက)ဖြစ်တဲ့အတွက် ဒွိဟိတ်ပဋိသန္ဓေကျိုးကိုသာ ပေးနိုင်ပါတော့တယ်၊) မုဥ္စစေတနာ, အပရစေတနာဆိုတဲ့ ၂-ဌာနမှာလဲ ဒီနည်းအတိုင်းပါပဲ။

ဒါနဝတ္ထုကို စွန့်လွှတ်ကြောင်းဖြစ်တဲ့ အလယ်စေတနာကို မုဥ္စစေတနာလို့ ခေါ်ပါတယ်၊ နှမြောတွယ်တာမှု မရှိတဲ့အတွက် လွတ်လွတ်ကျွတ်ကျွတ် စွန့်လွှတ်ခြင်း (မုတ္တစာဂတာ)ရဲ့ အစွမ်းနဲ့ ထက်ထက်သန်သန် ရှိနေတာကိုလဲ မုဥ္စစေတနာရဲ့ မတုန်လှုပ်မှုလို့ ဆိုရပါတယ်၊ ဒီမုဥ္စစေတနာကိုလဲ မတုန်မလှုပ်အောင် လုပ်ရမယ်။

လှူဒါန်းပြီးတဲ့နောက် ကိုယ့်အလှူကို ပြန်လို့အောက်မေ့ကြောင်း စေတနာကိုပဲ အပရစေတနာလို့ ခေါ်ပါတယ်၊ “ငါဟာ အလှူဒါန(ကြီးကျယ်တဲ့အလှူ)ကို ပေးလှူရပေပြီ၊ အော်ကောင်းလေစွ,ကောင်းလေစွ”လို့ ကိုယ့်အလှူကို လေးလေးပင်ပင် ဆင်ခြင်နိုင်တာကို အပရစေတနာရဲ့ မတုန်လှုပ်ခြင်း(ထက်သန်ခြင်း)လို့ ဆိုရပါတယ်၊ ဒီလို အပရစေတနာကိုလဲ ခိုင်မြဲအောင် လုပ်ရမယ်။

ဒီမုဥ္စစေတနာ, အပရစေတနာတို့ကို ခိုင်မြဲအောင် မပြုရင် အလှူဒါနက အကျိုး မပေးနိုင်တဲ့အတွက် အဲဒီ စေတနာနှစ်ပါးကို ခိုင်မြဲအောင် ပြုသင့်ပါတယ်။

အပရစေတနာချို့တဲ့လို့ရှိရင်(အပရစေတနာမခိုင်မြဲရင်) ဘုရား, ပစ္စေကဗုဒ္ဓါ, ရဟန္တာများကို လှူတဲ့အတွက် မွန်မြတ်သော စည်းစိမ်ချမ်းသာကို ရပေမဲ့ အဲဒီ စည်းစိမ်ချမ်းသာကို ခံစားလိုစိတ်မရှိဘဲ လူဆင်းရဲလို စားသောက်နေထိုင်ရတတ်ပါတယ်၊ မဟာရောရုဝရဲကို ရောက်ရတဲ့ အပုတ္တကသူဌေးလိုပါပဲ၊ အဲဒီအပုတ္တက သူဌေးရဲ့အကြောင်းကို နည်းနည်းပြောပြပါအုံးမယ်။

www.burmeseclassic.com

www.burmeseclassic.com



*အပုတ္တကသူဌေး ရှေးအခါက သူကြွယ်တစ်ယောက်ဟာ "တဂရသိခီ"အမည်ရှိတဲ့ အရှင်ပစ္စေကဗုဒ္ဓါကို ဆွမ်းလှူဒါန်းခဲ့ဖူးတယ်၊ ရဟန်းအား ဆွမ်းလှူဒါန်းကြလို့ ပြောပြီး သူက နေရာက ထွက်ခွာသွားပါတယ်၊ သဒ္ဓါကင်းကွာမလိမ္မာတဲ့ အဲဒီသူကြွယ်က အဲဒီလို ပြောဆိုပြီး ထွက်သွားတယ်ဆိုရင်ပဲ သဒ္ဓါဖြူစွတ်ကြည်ညိုတတ်တဲ့ အဲဒီသူကြွယ်ရဲ့မိန်းမက—

"ဒီလူမိုက်ရဲ့ပါးစပ်က ပေးလှူကြဆိုတဲ့စကားကို ကြာတောင်းကြာမှ ငါကြားသိရပါပေတယ်၊ ယနေ့ ငါရဲ့စိတ်အလို ပြည့်ဝအောင် ဆွမ်းလှူဒါန်းရတော့မယ်"။

ဒီလို ဝမ်းပန်းတသာနဲ့ အရှင်ပစ္စေကဗုဒ္ဓါရဲ့ သပိတ်ကို သွားယူပါတယ်၊ မွန်မြတ်တဲ့ ဘောဇဉ်ကို အပြည့်ထည့်ပြီး လှူဒါန်းလိုက်ပါတယ်။

အဲဒီသူကြွယ်ကလဲ ပြန်လာတဲ့အခါ လမ်းမှာ ပစ္စေကဗုဒ္ဓါကို တွေ့ရပါတယ်၊ "ရဟန်း ဘယ်လိုလဲ၊ တစ်စုံတစ်ရာ ရခဲ့ရဲ့လား ?"လို့ ပြောပြီး သပိတ်ကို ယူကြည့်လိုက်တဲ့အခါ မွန်မြတ်တဲ့ဆွမ်းကို တွေ့ရတဲ့အတွက်—

"ဒီမွန်မြတ်တဲ့ဆွမ်းကို ကျွန်တွေကပဲဖြစ်ဖြစ်၊ အလုပ်သမားတွေကပဲဖြစ်ဖြစ် သုံးဆောင်စားသောက်ရလို့ရှိရင် သူတို့က ဒီဆွမ်းကိုစားပြီး ငါ့အလုပ်ကို လုပ်ပေးကြလိမ့်မယ်၊ ဒီရဟန်းကတော့ ဆွမ်းကိုယူသွား စားပြီးတဲ့နောက် အိပ်နေပါလိမ့်မယ်၊ ငါရဲ့ဒီဆွမ်းဟာ ပျက်စီးခဲ့လေပြီတကား။"

ဒီလိုလဲ စဉ်းစားနေပါတယ်၊ နှလုံးမသာမယာ ဖြစ်လာပါတယ်။

ပြီးတော့ အဲဒီသူကြွယ်ဟာ အစ်ကိုရဲ့သားဖြစ်သူ တူကလေးတစ်ယောက်ကိုလဲ ပစ္စည်းဥစ္စာကို အကြောင်းပြုပြီး သတ်ခဲ့ဖူးပါတယ်။

အဲဒီသူကြွယ်ဟာ တဂရသိခီပစ္စေကဗုဒ္ဓါကို ဆွမ်းလှူခဲ့တဲ့ ကုသိုလ်ကောင်းမှုရဲ့ အကျိုးအနေနဲ့ နတ်ပြည်မှာ ၇–ကြိမ် ဖြစ်ခဲ့ရပါတယ်၊ အဲဒီကုသိုလ်ကံရဲ့ အကျိုးကြွင်းအနေနဲ့ သာဝတ္ထိမြို့မှာပဲ သူဌေး ၇–ကြိမ်ဖြစ်ခဲ့ပါတယ်။

လှူဒါန်းပြီးတဲ့နောက် စိတ်နှလုံးမသာမယာ ဖြစ်ခြင်းရဲ့ အကျိုးအနေနဲ့ (ပစ္စည်းဥစ္စာ ချမ်းသာကြွယ်ဝပေမဲ့) မွန်မြတ်တဲ့ထမင်းကိုလဲ သုံးဆောင်စားသောက်လိုစိတ်မရှိ၊ မွန်မြတ်တဲ့အဝတ်ကိုလဲ ဝတ်လိုစိတ် မရှိ၊ မွန်မြတ်တဲ့ယာဉ်ကိုလဲ စီးလိုစိတ်မရှိ၊ မွန်မြတ်တဲ့ ကာမဂုဏ် ၅–ပါးကိုလဲ သုံးဆောင်ခံစားလိုစိတ် မရှိဘူး–ဆိုဘဲ။

* ခံ–၄–၂၊ ၃၅၄။ သံ–၁၊ ၉၂။

www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုရဲ့ သားငယ်တစ်ယောက်ကို ဥစ္စာကိုအကြောင်းပြုလို့ သတ်ခဲ့တဲ့အကုသိုလ်ကံရဲ့ အကျိုးအနေနဲ့ အဲဒီသူကြွယ်ဟာ နှစ်–ရာပေါင်းများစွာ, ထောင်ပေါင်းများစွာ, သိန်းပေါင်းများစွာသော ကာလပတ်လုံး ငရဲမှာ ကျက်ခဲ့ရပါတယ်။

အဲဒီသူကြွယ်ဟာ သာဝတ္ထိမြို့မှာ သူဋ္ဌေး ၇–ကြိမ် ဖြစ်ခဲ့ရတဲ့အထဲက နောက်ဆုံးဖြစ်တဲ့ ၇–ကြိမ်မြောက်မှာ အပုတ္တကသူဋ္ဌေး လာဖြစ်ပါတယ်၊ အဲဒီအပုတ္တကသူဋ္ဌေး သေသွားတဲ့အခါ အစ်ကိုရဲ့သား (တူ)ကလေးကို သတ်ခဲ့တဲ့ အကုသိုလ်ကံရဲ့ အကျိုးကြွင်းအနေနဲ့ သားသမီးအမွေခံ မရှိတဲ့ ပစ္စည်းဥစ္စာအကုန်လုံးကို ပသေနဒီကောသလမင်းရဲ့ ဘဏ္ဍာတိုက်မှာ ဆောင်ယူထည့်သွင်းထားကြရပါတယ်။

အဲဒီအပုတ္တကသူဋ္ဌေးမှာ ရှေးအတိက်ကုသိုလ်ကံလဲ ကုန်သွားပြီ၊ ယခုဘဝမှာဆည်းပူးပြုလုပ်ထားတဲ့ အသစ်ဖြစ်သောကုသိုလ်ကံလဲ မရှိ၊ ဒါနဲ့ အဲဒီအပုတ္တကသူဋ္ဌေးဟာ ယခုမဟာရောရုဝငရဲမှာ ဖြစ်နေရပါတော့တယ်။

**နှလုံးမသာမယာဖြစ်ရခြင်း** နှလုံးမသာယာခြင်းဆိုတာဟာ အလှူခံပုဂ္ဂိုလ်ကြောင့်သာ ဖြစ်ရတတ်ပါတယ်၊ အားကြီးတဲ့ နှလုံးမသာယာမှု(ဝိပ္ပဋိသာရ)ကို ရည်ရွယ်လို့သာ ဒီစကားကို ဆိုရခြင်းဖြစ်ပါတယ်၊ အလှူခံပုဂ္ဂိုလ်က မကောင်းတဲ့အတွက် (အချို့မှာ အလှူခံပုဂ္ဂိုလ်နှင့် ရန်ဖြစ်ရတတ်သောကြောင့်) နှလုံးမသာယာမှု အကြီးအကျယ် ဖြစ်ရတတ်ပါတယ်။

သေးသေးမွှားမွှား နှလုံးမသာယာခြင်း(ဝိပ္ပဋိသာရ)မျိုးကတော့ အလှူဝတ္ထုရဲ့မပြည့်စုံမှုကြောင့်လဲ ဖြစ်ရတတ်ပါတယ်၊ အခြွေအရံ ဝိုင်းဝန်းကူညီသူတွေက ညံ့ဖျင်းတဲ့အတွက်ကြောင့်လဲ "ငါလှူရတာ မှားပါပေါ့"လို့ နှလုံးမသာယာမှု(ဝိပ္ပဋိသာရ) ဖြစ်တတ်ပါသေးတယ်။

**အခြင်းအရာ ၁၀–ပါး**

စိတ်ထားသုံးမျိုးကို ညွှန်ကြားပြီးတဲ့နောက် ပုရောဟိတ်ပုဏ္ဏားက မဟာဝိဇိတမင်းအား ၁၀–ပါးသောအခြင်းအရာ (အဖြစ်အပျက် အခြေအနေ)များနှင့် အလှူခံတို့အပေါ်မှာ ဖြစ်တတ်တဲ့ နှလုံးမသာယာခြင်းကို ယဇ်မပူဇော်ခင် ကြိုတင်ပြီး ပယ်ဖျောက်ထားပြန်တယ်။

၁။ အရှင်မင်းမြတ်ရဲ့ယဇ်ပွဲသို့ သူ့အသက်ကိုသတ်လေ့ရှိသူတွေလဲ လာကြပါလိမ့်မယ်၊ သူ့အသက်ကိုသတ်ခြင်းက ရှောင်ကြဉ်သူတွေလဲ လာကြပါလိမ့်မယ်၊ အဲဒီပုဂ္ဂိုလ် ၂–မျိုးအနက် အဲဒီလို သူ့အသက်ကို သတ်လေ့ရှိတဲ့အတွက် အဲဒီလို သူ့အသက်ကို သတ်လေ့ရှိသူ တွေမှာသာ မကောင်းကျိုး ဖြစ်လာပါလိမ့်မယ်၊

www.burmeseclassic.com

www.burmeseclassic.com



သူ့အသက်ကို သတ်ခြင်းက ရှောင်ကြဉ်သူတွေကိုသာ အာရုံပြုပြီး အရှင်မင်းမြတ်က ပေးလှူပူဇော်တော်မူပါ၊ အရှင်မင်းမြတ်က စွန့်ကြဲတော်မူပါ၊ အရှင်မင်းမြတ်က ဝမ်းမြောက်တော်မူပါ၊ အရှင်မင်းမြတ်က မိမိသန္တာန်မှာ စိတ်ကိုသာ ကြည်လင်စေတော်မူပါ။

၂။ အရှင်မင်းမြတ်ရဲ့ယဇ်ပွဲသို့ ခိုးယူလေ့ရှိသူတွေလဲ လာကြပါလိမ့်မယ်၊ ခိုးယူခြင်းက ရှောင်ကြဉ်သူတွေလဲ လာကြပါလိမ့်မယ်၊ အဲဒီ ပုဂ္ဂိုလ် ၂–မျိုးအနက် အဲဒီလို ခိုးယူလေ့ရှိတဲ့အတွက် အဲဒီလို ခိုးယူလေ့ရှိသူတွေမှာသာ မကောင်းကျိုး ဖြစ်ပါလိမ့်မယ်၊ ခိုးယူခြင်းက ရှောင်ကြဉ်သူတွေကိုသာ အာရုံပြုပြီး အရှင်မင်းမြတ်က ပေးလှူပူဇော်တော်မူပါ၊ အရှင်မင်းမြတ်က စွန့်ကြဲတော်မူပါ၊ အရှင်မင်းမြတ်က ဝမ်းမြောက်တော်မူပါ၊ အရှင်မင်းမြတ်က မိမိသန္တာန်မှာ စိတ်ကိုသာ ကြည်လင်စေတော်မူပါ။

၃။ အရှင်မင်းမြတ်ရဲ့ယဇ်ပွဲသို့ ကာမဂုဏ်တွေမှာ မှားမှားယွင်းယွင်း ကျင့်နေသူတွေလဲ လာကြပါလိမ့်မယ်၊ ကာမဂုဏ်တွေမှာ မှားမှားယွင်းယွင်းကျင့်ခြင်းက ရှောင်ကြဉ်သူတွေလဲ လာကြပါလိမ့်မယ်၊ အဲဒီပုဂ္ဂိုလ် ၂–မျိုးအနက် ကာမဂုဏ်တွေကို မှားမှားယွင်းယွင်းပြုကျင့်တဲ့အတွက် အဲဒီမှားမှားယွင်းယွင်း ပြုကျင့်သူတွေမှာသာ မကောင်းကျိုး ဖြစ်ပါလိမ့်မယ်၊ ကာမဂုဏ်တွေမှာ မှားမှားယွင်းယွင်းကျင့်ခြင်းက ရှောင်ကြဉ်သူတွေကိုသာ အာရုံပြုပြီး အရှင်မင်းမြတ်က ပေးလှူပူဇော်တော်မူပါ၊ အရှင်မင်းမြတ်က စွန့်ကြဲတော်မူပါ၊ အရှင်မင်းမြတ်က ဝမ်းမြောက်တော်မူပါ၊ အရှင်မင်းမြတ်က မိမိသန္တာန်မှာ စိတ်ကိုသာ ကြည်လင်စေတော်မူပါ။

၄။ အရှင်မင်းမြတ်ရဲ့ယဇ်ပွဲသို့ မမှန်မကန် ပြောဆိုလေ့ရှိသူတွေလဲ လာကြပါလိမ့်မယ်၊ မမှန်မကန်ပြောဆိုခြင်းက ရှောင်ကြဉ်သူတွေလဲလာကြပါလိမ့်မယ်၊ အဲဒီပုဂ္ဂိုလ် ၂–မျိုးအနက် အဲဒီလို မမှန်မကန် ပြောဆိုတဲ့အတွက် အဲဒီလို မမှန်မကန် ပြောဆိုလေ့ရှိသူတွေမှာသာ မကောင်းကျိုးဖြစ်ပါလိမ့်မယ်၊ မမှန်မကန် ပြောဆိုခြင်းက ရှောင်ကြဉ်သူတွေကိုသာ အာရုံပြုပြီး အရှင်မင်းမြတ်က ပေးလှူပူဇော်တော်မူပါ၊ အရှင်မင်းမြတ်က စွန့်ကြဲတော်မူပါ၊ အရှင်မင်းမြတ်က ဝမ်းမြောက်တော်မူပါ၊ အရှင်မင်းမြတ်က မိမိသန္တာန်မှာ စိတ်ကိုသာ ကြည်လင်စေတော်မူပါ။

၅။ အရှင်မင်းမြတ်ရဲ့ယဇ်ပွဲသို့ ချောပစ်ကုန်းတိုက်စကား ပြောဆိုသူတွေလဲ လာကြပါလိမ့်မယ်၊ ချောပစ်ကုန်းတိုက်စကားပြောခြင်းက ရှောင်ကြဉ်သူတွေလဲ လာကြပါလိမ့်မယ်၊ အဲဒီပုဂ္ဂိုလ် ၂–မျိုးအနက် အဲဒီလို ချောပစ်ကုန်းတိုက်စကားကို ပြောဆိုတဲ့အတွက် အဲဒီချောပစ်ကုန်းတိုက်စကားကို ပြောဆိုလေ့ရှိသူ

www.burmeseclassic.com

www.burmeseclassic.com



တွေမှာသာ မကောင်းကျိုးဖြစ်ပါလိမ့်မယ်၊ ချောပစ်ကုန်းတိုက်စကား ပြောခြင်းက ရှောင်ကြဉ်သူတွေကိုသာ အာရုံပြုပြီး အရှင်မင်းမြတ်က ပေးလှူပူဇော်တော်မူပါ၊ အရှင်မင်းမြတ်က စွန့်ကြဲတော်မူပါ၊ အရှင်မင်းမြတ်က ဝမ်းမြောက်တော်မူပါ၊ အရှင်မင်းမြတ်က မိမိသန္တာန်မှာ စိတ်ကိုသာ ကြည်လင်စေတော်မူပါ။

၆။ အရှင်မင်းမြတ်ရဲ့ယဇ်ပွဲသို့ ကြမ်းတမ်းတဲ့စကားကို ပြောဆိုတတ်သူတွေလဲ လာကြပါလိမ့်မယ်၊ ကြမ်းတမ်းတဲ့စကားကို ပြောဆိုခြင်းက ရှောင်ကြဉ်သူတွေလဲ လာကြပါလိမ့်မယ်၊ အဲဒီပုဂ္ဂိုလ် ၂–မျိုးအနက် အဲဒီလို ကြမ်းတမ်းတဲ့စကားကို ပြောဆိုတဲ့အတွက် အဲဒီလို ကြမ်းတမ်းတဲ့စကားကို ပြောဆိုသူမှာသာ မကောင်းကျိုးဖြစ်ပါလိမ့်မယ်၊ ကြမ်းတမ်းတဲ့စကားကို ပြောဆိုခြင်းက ရှောင်ကြဉ်သူတွေကိုသာ အာရုံပြုပြီး အရှင်မင်းမြတ်က ပေးလှူပူဇော်တော်မူပါ၊ အရှင်မင်းမြတ်က စွန့်ကြဲတော်မူပါ၊ အရှင်မင်းမြတ်က ဝမ်းမြောက်တော်မူပါ၊ အရှင်မင်းမြတ်က မိမိသန္တာန်မှာ စိတ်ကိုသာ ကြည်လင်စေတော်မူပါ။

၇။ အရှင်မင်းမြတ်ရဲ့ယဇ်ပွဲသို့ ပြိန်ဖျင်းတဲ့စကား(အကျိုးမရှိတဲ့စကား)ကို ပြောဆိုသူတွေလဲ လာကြပါလိမ့်မယ်၊ ပြိန်ဖျင်းတဲ့စကားကို ပြောဆိုခြင်းက ရှောင်ကြဉ်သူတွေလဲ လာကြပါလိမ့်မယ်၊ အဲဒီပုဂ္ဂိုလ် ၂–မျိုးအနက် အဲဒီလို ပြိန်ဖျင်းတဲ့စကားကို ပြောဆိုတဲ့အတွက် အဲဒီပြိန်ဖျင်းတဲ့စကားကို ပြောဆိုသူတွေမှာသာ မကောင်းကျိုး ဖြစ်ပါလိမ့်မယ်၊ ပြိန်ဖျင်းစကားကို ပြောဆိုခြင်းက ရှောင်ကြဉ်သူတွေကိုသာ အာရုံပြုပြီး အရှင်မင်းမြတ်က ပေးလှူပူဇော်တော်မူပါ၊ အရှင်မင်းမြတ်က စွန့်ကြဲတော်မူပါ၊ အရှင်မင်းမြတ်က ဝမ်းမြောက်တော်မူပါ၊ အရှင်မင်းမြတ်က မိမိသန္တာန်မှာ စိတ်ကိုသာ ကြည်လင်စေတော်မူပါ။

၈။ အရှင်မင်းမြတ်ရဲ့ယဇ်ပွဲသို့ သူ့ဥစ္စာကို ကိုယ့်ဥစ္စာဖြစ်ရန် မတရားကြံစည်မှု (အဘိဇ္ဈာ)ရှိသူတွေလဲလာကြပါလိမ့်မယ်၊ သူ့ဥစ္စာကို ကိုယ့်ဥစ္စာဖြစ်ရန် မတရားကြံစည်မှု(အဘိဇ္ဈာ)မရှိသူတွေလဲ လာကြပါလိမ့်မယ်၊ အဲဒီပုဂ္ဂိုလ် ၂–မျိုး အနက် သူ့ဥစ္စာကို ကိုယ့်ဥစ္စာဖြစ်ရန် မတရားကြံစည်တဲ့အတွက် အဲဒီ သူ့ဥစ္စာကို ကိုယ့်ဥစ္စာဖြစ်ရန် မတရားကြံစည်တဲ့ ပုဂ္ဂိုလ်မှာသာ မကောင်းကျိုးဖြစ်ပါလိမ့်မယ်၊ သူ့ဥစ္စာကို ကိုယ့်ဥစ္စာဖြစ်ရန် မတရားကြံစည်မှု မရှိသူကိုသာ အာရုံပြုပြီး အရှင်မင်းမြတ်က ပေးလှူပူဇော်တော်မူပါ၊ အရှင်မင်းမြတ်က စွန့်ကြဲတော်မူပါ၊ အရှင်မင်းမြတ်က ဝမ်းမြောက်တော်မူပါ၊ အရှင်မင်းမြတ်က မိမိသန္တာန်မှာ စိတ်ကိုသာ ကြည်လင်စေတော်မူပါ။

www.burmeseclassic.com

www.burmeseclassic.com



၉။ အရှင်မင်းမြတ်ရဲ့ယဇ်ပွဲသို့ သူတစ်ပါးကို ပျက်စီးစေလိုသူတွေလဲ လာကြပါလိမ့်မယ်၊ သူတစ်ပါးကို မပျက်စီးစေလိုသူတွေလဲ လာကြပါလိမ့်မယ်၊ အဲဒီပုဂ္ဂိုလ် ၂-မျိုးအနက် သူတစ်ပါးကို ပျက်စီးစေလိုတဲ့အတွက် အဲဒီ သူတစ်ပါးကို ပျက်စီးစေလိုသူတွေမှာသာ မကောင်းကျိုးဖြစ်ပါလိမ့်မယ်၊ သူတစ်ပါးကို မပျက်စီးစေလိုသူတွေကိုသာ အာရုံပြုပြီး အရှင်မင်းမြတ်က ပေးလှူပူဇော်တော်မူပါ၊ အရှင်မင်းမြတ်က စွန့်ကြဲတော်မူပါ၊ အရှင်မင်းမြတ်က ဝမ်းမြောက်တော်မူပါ၊ အရှင်မင်းမြတ်က မိမိသန္တာန်မှာ စိတ်ကိုသာ ကြည်လင်စေတော်မူပါ။

၁၀။ အရှင်မင်းမြတ်ရဲ့ယဇ်ပွဲသို့ မှားသောအယူရှိသူတွေလဲ လာကြပါလိမ့်မယ်၊ မှန်သောအယူရှိသူတွေလဲ လာကြပါလိမ့်မယ်၊ အဲဒီလူ ၂-မျိုးအနက် အဲဒီမှားတဲ့အယူကြောင့် အဲဒီမှားသောအယူရှိတဲ့ ပုဂ္ဂိုလ်တွေမှာသာ မကောင်းကျိုးဖြစ်လာပါလိမ့်မယ်၊ မှန်တဲ့အယူရှိသူတွေကိုသာ အာရုံပြုပြီး အရှင်မင်းမြတ်က ပေးလှူပူဇော်တော်မူပါ၊ အရှင်မင်းမြတ်က စွန့်ကြဲတော်မူပါ၊ အရှင်မင်းမြတ်က ဝမ်းမြောက်တော်မူပါ၊ အရှင်မင်းမြတ်က မိမိသန္တာန်မှာ စိတ်ကိုသာ ကြည်လင်စေတော်မူပါ။

ဒီလို ပုရောဟိတ်ပုဏ္ဏားက မဟာဝိဇိတမင်းအား ဒီ ၁၀-ပါးသော အခြင်းအရာတွေနဲ့ အလှူခံတွေရဲ့အပေါ်မှာ ဖြစ်ပေါ်တတ်တဲ့ နှလုံးမသာယာခြင်းကို ယဇ်မပူဇော်ခင်ကြိုတင်ပြီး ပယ်ဖျောက်ပေးထားပါတယ်။

**စိတ်ကြည်လင်မှု** နှလုံးမသာယာမှု(ဝိပ္ပဋိသာရ) အညစ်အကြေး(လောဘ, ဒေါသ-စတဲ့ အညစ်အကြေးအားလုံး)တို့ ကင်းစင်မှ စိတ်နေကြည်လင်ဖြူစင်ရာ ရောက်ပါတယ်၊ ဒါ့ကြောင့် အလှူဒါနပြုလုပ်ရာမှာ နှလုံးမသာယာမှု(ဝိပ္ပဋိသာရ)အညစ်အကြေးက ဖြစ်ဖို့ရန် အနီးကပ်ဆုံး ဖြစ်နေတဲ့အတွက် နှလုံးမသာယာမှု(ဝိပ္ပဋိသာရ)ကိုသာ ပြဆိုထားရပါတယ်။

မိမိရဲ့ အလှူဒါနကို သူတစ်ပါးတို့က ချီးမွမ်းကြလို့ရှိရင် အလှူရှင်တွေက လွန်စွာရွှင်ပျ ဝမ်းမြောက်ကြပါတယ်၊ ဒါပေမဲ့ အဲဒီ ဝမ်းမြောက်မှုဟာ မဟာကုသိုလ်ပီတိသောမနဿ မဟုတ်ဘဲ လောဘမူပီတိသောမနဿ ဖြစ်နေပါရင် စိတ်နေမဖြူစင်ဘဲ လောဘအညစ်အကြေးနဲ့ ညစ်နွမ်းလာစရာသာ ရှိပါတယ်၊ ဒါ့ကြောင့် ဘုရားရှင်တို့က ဒါနအမှုကို တိုက်ရိုက်မချီးမွမ်းဘဲ အကျိုးကိုသာ ဟောပြတော်မူလေ့ရှိပါတယ်။

နေ့တရားကိုတော့ ဒီနေရာမှာပဲ ရပ်ဆိုင်းထားလိုက်ကြစို့ရဲ့၊ ကျန်တာတွေကိုတော့ ညနေ ၇-နာရီမှာ ဆက်လက်ပြောပြပါ့မယ်။

www.burmeseclassic.com

www.burmeseclassic.com


ဒီသုတ်ရဲ့ အစပိုင်းမှာ ဘုရားရှင်ရဲ့ ဂုဏ်တော်တွေကို ကြားနာကြရပါတယ်၊ ဒါနဲ့ ဘုရားရှင်ရဲ့ ဂုဏ်တော်တွေကိုလဲ အာရုံပြုလာကြရပါတယ်၊ ဒါ့အပြင် စိတ်ထား ၃–မျိုးနှင့် အခြင်းအရာ ၁၀–မျိုးတို့ကိုလဲ ကြားနာလာခဲ့ရပါတယ်၊ ဒါနဲ့ နှလုံးသာယာခြင်း ၃–ပါးနဲ့ မိမိတို့ရဲ့ ကုသိုလ်စိတ်ကိုလဲ ပိုပြီးစင်ကြယ်အောင် ပြုလုပ်နိုင်ကြပါတယ်၊ ဒီလို ဖြစ်ပေါ်လာရတဲ့ ကုသိုလ်စိတ် စေတနာတွေကြောင့် ဒီဘဝမှာလဲ ဘေးအန္တရာယ်ကင်းရှင်းပြီး နောင်ဘဝသံသရာမှာလဲ နိဗ္ဗာန်ရောက်ကြောင်း ကောင်းမှုပါရမီတွေ တိုးတက်အောင် ဆက်လက်ကြိုးစား အားထုတ်နိုင်ကြပါစေသတည်း။

**၁၆–ပါးသော အကြောင်း**

ညနေ ၇–နာရီထိုးချိန်မှာ တရားနာမဲ့သူတွေလဲ နေရာယူပြီး ဖြစ်နေကြပါတယ်၊ တရားဟောမဲ့ပုဂ္ဂိုလ်လဲ တရားဟောပလ္လင်ပေါ်ကို ရောက်နေပြီး ဖြစ်ပါတယ်၊ ဒါနဲ့ သီလအယူခိုင်းပြီး တရားကို ဆက်လက် ဟောတော်မူပါတယ်၊ မနက်က အခြင်းအရာ ၁၀–ပါး ပြီးဆုံးသွားပါတယ်၊ ဒီတော့ အခု ၁၆–ပါးသော အကြောင်းက စပြောပါ့မယ်။

ယဉ်ကြီးပူဇော်နေတဲ့ မဟာဝိဇိတမင်းအား ပုရောဟိတ်ပုဏ္ဏားက ၁၆–ပါးသော အကြောင်းတွေနဲ့ အကျိုးစီးပွားကို ကောင်းစွာ ပြပါတယ်၊ စိတ်ကို ကောင်းစွာ ဆောက်တည်စေပါတယ်၊ ကောင်းစွာထက်သန်စေပါတယ်၊ ကောင်းစွာရွှင်လန်းစေပါတယ်။

၁။ အရှင်မင်းမြတ် ! ယဉ်ပူဇော်နေတဲ့ အရှင်မင်းမြတ်အား မဟာဝိဇိတမင်းက ယဉ်ကြီးပူဇော်နေပါတယ်၊ အဲဒီမင်းက ဈေးမြို့, ကျေးလက်တောရွာမှာ နေတဲ့ အရံမင်းတွေကို မတိုင်ပင်ဘူး၊ သို့ဖြစ်ပါလျက် ဒီလိုသဘောရှိတဲ့ယဉ်ကြီးကို ပူဇော်ပါဘိတယ်၊ ဒီလိုပြောဆိုမဲ့လူ တစ်ဦးတစ်ယောက် ရှိချင်ရင်လဲ ရှိနေမှာပဲ၊ ဒါပေမဲ့ ဒီလို အရှင်မင်းမြတ်အား ပြောဆိုတဲ့သူဟာ တရားသဖြင့် ပြောဆိုသူ မဖြစ်နိုင်တော့ပါ၊ ဘာ့ကြောင့်လဲဆိုတော့ အရှင်မင်းမြတ်က ဈေးမြို့, ကျေးလက်တောရွာမှာနေတဲ့ အရံမင်းတွေကို တိုင်ပင်ပြီးဖြစ်နေလို့ပါပဲ။

ဒီအကြောင်းကြောင့်လဲပဲ ဒီယဉ်ကြီး ပူဇော်သင့်တယ်ဆိုတာကို အရှင်မင်းမြတ်က သိတော်မူပါ၊ ပေးလှူပူဇော်တော်မူပါ၊ စွန့်ကြဲတော်မူပါ၊ ဝမ်းမြောက်တော်မူပါ၊ အရှင်မင်းမြတ်က ကိုယ့်သန္တာန်မှာ စိတ်ကိုသာ ကြည်လင်စေတော်မူပါ။

၂။ အရှင်မင်းမြတ် ! ယဉ်ပူဇော်နေတဲ့ အရှင်မင်းမြတ်အား မဟာဝိဇိတမင်းဟာ ယဉ်ကြီးပူဇော်နေပါတယ်၊ အဲဒီမင်းက ဈေးမြို့, ကျေးလက်တောရွာမှာ နေတဲ့ အမတ်, မင်းမှုထမ်းတွေကို မတိုင်ပင်ဘူး၊ ဒီလိုဖြစ်ရက်သားနဲ့ ဒီလိုသဘောရှိတဲ့ ယဉ်ကြီးကို ပူဇော်ပါဘိတယ်၊ ဒီလိုပြောဆိုမဲ့သူ တစ်ဦးတစ်ယောက် ရှိချင်ရင်လဲ

www.burmeseclassic.com

www.burmeseclassic.com



ရှိနေမှာပဲ၊ ဒါပေမဲ့ အရှင်မင်းမြတ်အား ဒီလိုပြောဆိုသူဟာ တရားသဖြင့်ပြောဆိုသူ မဖြစ်နိုင်ပါ၊ ဘာ့ကြောင့်လဲဆိုတော့ အရှင်မင်းမြတ်က ဈေးမြို့, ကျေးလက်တောရွာမှာနေတဲ့ အမတ်, မင်းမှုထမ်းတွေကို တိုင်ပင်ပြီးဖြစ်နေလို့ပါပဲ။

ဒီအကြောင်းကြောင့်လဲပဲ ဒီယဇ်ကြီး ပူဇော်သင့်တယ်ဆိုတာကို အရှင်မင်းမြတ်က သိတော်မူပါ၊ ပေးလှူပူဇော်တော်မူပါ၊ စွန့်ကြဲတော်မူပါ၊ ဝမ်းမြောက်တော်မူပါ၊ အရှင်မင်းမြတ်က ကိုယ့်သန္တာန်မှာ စိတ်ကိုသာ ကြည်လင်စေတော်မူပါ။

၃။ အရှင်မင်းမြတ် ! ယဇ်ပူဇော်နေတဲ့ အရှင်မင်းမြတ်အား မဟာဝိဇိတမင်းဟာ ယဇ်ကြီးပူဇော်နေပါတယ်၊ အဲဒီမင်းက ဈေးမြို့, ကျေးလက်တောရွာမှာနေတဲ့ ပုဏ္ဏားသူကြွယ်တွေကို မတိုင်ပင်ဘူး၊ ဒီလိုဖြစ်ရက်သားနဲ့ ဒီလိုသဘောရှိတဲ့ ယဇ်ကြီးကို ပူဇော်ပါဘိတယ်၊ ဒီလိုပြောဆိုမဲ့သူ တစ်ဦးတစ်ယောက် ရှိချင်ရင်လဲ ရှိနေမှာပါပဲ၊ ဒါပေမဲ့ အရှင်မင်းမြတ်အား ဒီလိုပြောဆိုသူဟာ တရားသဖြင့်ပြောဆိုသူ မဖြစ်နိုင်တော့ပါ၊ ဘာ့ကြောင့်လဲဆိုတော့ အရှင်မင်းမြတ်က ဈေးမြို့, ကျေးလက်တောရွာမှာနေတဲ့ ပုဏ္ဏားသူကြွယ်တွေကို တိုင်ပင်ပြီးဖြစ်နေလို့ပါပဲ။

ဒီအကြောင်းကြောင့်လဲပဲ ဒီယဇ်ကြီး ပူဇော်သင့်တယ်ဆိုတာကို အရှင်မင်းမြတ်က သိတော်မူပါ၊ ပေးလှူပူဇော်တော်မူပါ၊ စွန့်ကြဲတော်မူပါ၊ ဝမ်းမြောက်တော်မူပါ၊ အရှင်မင်းမြတ်က ကိုယ့်သန္တာန်မှာ စိတ်ကိုသာ ကြည်လင်စေတော်မူပါ။

၄။ အရှင်မင်းမြတ် ! ယဇ်ပူဇော်နေတဲ့ အရှင်မင်းမြတ်အား မဟာဝိဇိတမင်းဟာ ယဇ်ကြီးကို ပူဇော်နေပါတယ်၊ အဲဒီမင်းက ဈေးမြို့, ကျေးလက်တောရွာမှာနေတဲ့ ပစ္စည်းဥစ္စာချမ်းသာတဲ့ သူကြွယ်တွေကို မတိုင်ပင်ဘူး၊ ဒီလိုဖြစ်ပါရက်ကယ်နဲ့ ဒီလိုသဘောရှိတဲ့ယဇ်ကြီးကို ပူဇော်ပါဘိတယ်၊ ဒီလိုပြောဆိုမဲ့သူ တစ်ဦးတစ်ယောက် ရှိကောင်းရှိနေတတ်ပါတယ်၊ ဒါပေမဲ့ အဲဒီလို အရှင်မင်းမြတ်အား ပြောဆိုတဲ့သူဟာ တရားသဖြင့်ပြောဆိုသူ မဖြစ်နိုင်တော့ပါ၊ ဘာ့ကြောင့်လဲဆိုတော့ အရှင်မင်းမြတ်က ဈေးမြို့, ကျေးလက်တောရွာမှာနေတဲ့ ပုဏ္ဏားသူကြွယ်တွေကို တိုင်ပင်ပြီးဖြစ်နေလို့ပါပဲ။

ဒီအကြောင်းကြောင့်လဲပဲ ဒီယဇ်ကြီး ပူဇော်သင့်တယ်ဆိုတာကို အရှင်မင်းမြတ်က သိတော်မူပါ၊ ပေးလှူပူဇော်တော်မူပါ၊ စွန့်ကြဲတော်မူပါ၊ ဝမ်းမြောက်တော်မူပါ၊ အရှင်မင်းမြတ်က ကိုယ့်သန္တာန်မှာ စိတ်ကိုသာ ကြည်လင်စေတော်မူပါ။

၅။ အရှင်မင်းမြတ် ! ယဇ်ပူဇော်နေတဲ့ အရှင်မင်းမြတ်အား မဟာဝိဇိတမင်းဟာ ယဇ်ကြီးကို ပူဇော်နေပါတယ်၊ အဲဒီမင်းဟာ ကောင်းသောဇာတ်ရှိသူ, မျိုးရိုးသန့်စင်သူ မဟုတ်၊ ဒီလို ဖြစ်ရက်သားနဲ့ အရှင်မင်းမြတ်က ဒီလို သဘောရှိတဲ့

www.burmeseclassic.com

www.burmeseclassic.com



ယဇ်ကြီးကို ပူဇော်ပါဘိတယ်၊ ဒီလိုပြောဆိုမဲ့သူ တစ်ဦးတစ်ယောက် ရှိကောင်းရှိနေတတ်ပါတယ်၊ ဒါပေမဲ့ အဲဒီလို အရှင်မင်းမြတ်အား ပြောဆိုတဲ့သူဟာ တရားသဖြင့် ပြောဆိုသူ မဖြစ်နိုင်တော့ပါ၊ ဘာ့ကြောင့်လဲဆိုတော့ အရှင်မင်းမြတ်က ကောင်းသော ဇာတ်ရှိသူ, မျိုးရိုးသန့်စင်သူ ဖြစ်နေတဲ့ အတွက်ကြောင့်ပါပဲ။

ဒီအကြောင်းကြောင့်လဲပဲ ဒီယဇ်ကြီး ပူဇော်သင့်တဲ့အကြောင်းကို အရှင်မင်းမြတ်က သိတော်မူပါ၊ ပေးလှူပူဇော်တော်မူပါ၊ စွန့်ကြဲတော်မူပါ၊ ဝမ်းမြောက်တော်မူပါ၊ အရှင်မင်းမြတ်က ကိုယ့်သန္တာန်မှာ စိတ်ကိုသာ ကြည်လင်စေတော်မူပါ။

၆။ အရှင်မင်းမြတ် ! ယဇ်ပူဇော်နေတဲ့ အရှင်မင်းမြတ်အား မဟာဝိဇိတမင်းဟာ ယဇ်ကြီးကို ပူဇော်နေပါတယ်၊ အဲဒီမင်းဟာ အဆင်းမလှ၊ ရှုချင်ဖွယ်မရှိ၊ စိတ်ကြည်လင်ဖွယ်မရှိ၊ ခံ့ညားထယ်ဝါတဲ့ ကိုယ်ခန္ဓာမရှိ၊ ဒီလို ဖြစ်ရက်သားနဲ့ အရှင်မင်းမြတ်က ဒီလို သဘောရှိတဲ့ ယဇ်ကြီးကို ပူဇော်ပါ ဘိတယ်၊ ဒီလိုပြောဆိုမဲ့သူ တစ်ဦးတစ်ယောက် ပေါ်ပေါက်လာမယ်ဆိုရင် ပေါ်ပေါက်လာစရာရှိပါတယ်၊ ဒါပေမဲ့ ဒီလို အရှင်မင်းမြတ်အား ပြောဆိုသူဟာ ဓမ္မဓိဋ္ဌာန်ကျကျပြောဆိုသူ မဖြစ်နိုင်တော့ပါ၊ ဘာ့ကြောင့်လဲဆိုတော့ အရှင်မင်းမြတ်က အဆင်းလှ ပါတယ်၊ ရှုချင်ဖွယ်ရှိပါတယ်၊ စိတ်ကြည်လင်ဖွယ် ဖြစ်ပါတယ်၊ ခံ့ညားထယ်ဝါတဲ့ ကိုယ်ခန္ဓာရှိပါတယ်၊ ဒီလို အဖက်ဖက်က ပြည့်စုံနေတဲ့ အတွက်ကြောင့်ပါပဲ။

ဒီအကြောင်းကြောင့်လဲပဲ ဒီယဇ်ကြီး ပူဇော်သင့်တဲ့အကြောင်းကို အရှင်မင်းမြတ်က သိတော်မူပါ၊ ပေးလှူပူဇော်တော်မူပါ၊ စွန့်ကြဲတော်မူပါ၊ ဝမ်းမြောက်တော်မူပါ၊ အရှင်မင်းမြတ်က ကိုယ့်သန္တာန်မှာ စိတ်ကိုသာ ကြည်လင်စေတော်မူပါ။

၇။ အရှင်မင်းမြတ် ! ယဇ်ပူဇော်နေတဲ့ အရှင်မင်းမြတ်အား မဟာဝိဇိတမင်းဟာ ယဇ်ကြီးကို ပူဇော်နေပါတယ်၊ အဲဒီမင်းဟာ ကြွယ်ဝသူ , များသောဥစ္စာရှိသူ, များသောစည်းစိမ်ရှိသူ, များသောရွှေငွေရှိသူ, များသောနှစ်သက်စရာ အသုံးအဆောင်ရှိသူ, များသောဥစ္စာစပါးရှိသူ, ပြည့်စုံသောဘဏ္ဍာတိုက်ရှိသူ မဟုတ်ပါ၊ ဒီလိုဖြစ်ရက်သားနဲ့ အရှင်မင်းမြတ်က ဒီလိုသဘောရှိတဲ့ ယဇ်ကြီးကို ပူဇော်ပါဘိတယ်၊ ဒီလိုပြောဆိုမဲ့သူ တစ်ဦးတစ်ယောက် ပေါ်ပေါက်လာမယ်ဆိုရင် ပေါ်ပေါက်လာစရာ ရှိပါတယ်၊ ဒါပေမဲ့ ဒီလို အရှင်မင်းမြတ်အားပြောဆိုသူဟာ ဓမ္မဓိဋ္ဌာန်ကျကျ ပြောဆိုသူ မဖြစ်နိုင်တော့ပါ၊ ဘာ့ကြောင့်လဲဆိုတော့ အရှင်မင်းမြတ်က ကြွယ်ဝသူ , များသော ဥစ္စာရှိသူ, များသောစည်းစိမ်ရှိသူ, များသောရွှေငွေရှိသူ, များသောနှစ်သက်စရာ အသုံးအဆောင်ရှိသူ, များသောဥစ္စာစပါးရှိသူ, ပြည့်စုံသောဘဏ္ဍာတိုက်ရှိသူ ဖြစ်နေတဲ့ အတွက်ကြောင့်ပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



ဒီအကြောင်းကြောင့်လဲပဲ ဒီယဇ်ကြီး ပူဇော်သင့်တဲ့အကြောင်းကို အရှင်မင်းမြတ်က သိတော်မူပါ၊ ပေးလှူပူဇော်တော်မူပါ၊ စွန့်ကြဲတော်မူပါ၊ ဝမ်းမြောက်တော်မူပါ၊ အရှင်မင်းမြတ်က ကိုယ့်သန္တာန်မှာ စိတ်ကိုသာ ကြည်လင်စေတော်မူပါ။

၈။ အရှင်မင်းမြတ် ! ယဇ်ပူဇော်နေတဲ့ အရှင်မင်းမြတ်အား မဟာဝိဇိတမင်းဟာ ယဇ်ကြီးကို ပူဇော်နေပါတယ်၊ အဲဒီမင်းဟာ ဗိုလ်ပါအင်အားရှိသူ, သစ္စာရှိပြီး အမိန့်ကိုရိုသေလိုက်နာတဲ့ အင်္ဂါ ၄-ပါးရှိသောစစ်တပ်နှင့် ပြည့်စုံသူ, စစ်သည်ဗိုလ်ပါအခြံအရံနဲ့ ရန်သူကို ဖိနှိပ်လွှမ်းမိုးနေသကဲ့သို့ ဖြစ်သူ မဟုတ်ပါ၊ ဒီလိုဖြစ်ရက်သားနဲ့ အရှင်မင်းမြတ်က ဒီလိုသဘောရှိတဲ့ ယဇ်ကြီးကို ပူဇော်ပါဘိတယ်၊ ဒီလိုပြောဆိုမဲ့သူ တစ်ဦးတစ်ယောက် ပေါ်ပေါက်လာမယ်ဆိုရင် ပေါ်ပေါက်လာစရာ ရှိပါတယ်၊ ဒါပေမဲ့ ဒီလို အရှင်မင်းမြတ်အားပြောဆိုသူဟာ ဓမ္မဓိဋ္ဌာန်ကျကျ ပြောဆိုသူ မဖြစ်နိုင်တော့ပါ၊ ဘာ့ကြောင့်လဲဆိုတော့ အရှင်မင်းမြတ်က ဗိုလ်ပါအင်အားရှိသူ, သစ္စာရှိပြီး အမိန့်ကို ရိုသေစွာလိုက်နာတဲ့ အင်္ဂါ ၄-ပါးရှိသောစစ်တပ်နှင့်ပြည့်စုံသူ, စစ်သည်ဗိုလ်ပါအခြံအရံနဲ့ ရန်သူကို ဖိနှိပ်လွှမ်းမိုးနေသလိုဖြစ်နေသူ ဖြစ်တဲ့အတွက်ကြောင့်ပါပဲ။

ဒီအကြောင်းကြောင့်လဲပဲ ဒီယဇ်ကြီး ပူဇော်သင့်တဲ့အကြောင်းကို အရှင်မင်းမြတ်က သိတော်မူပါ၊ ပေးလှူပူဇော်တော်မူပါ၊ စွန့်ကြဲတော်မူပါ၊ ဝမ်းမြောက်တော်မူပါ၊ အရှင်မင်းမြတ်က ကိုယ့်သန္တာန်မှာ စိတ်ကိုသာ ကြည်လင်စေတော်မူပါ။

၉။ အရှင်မင်းမြတ် ! ယဇ်ပူဇော်နေတဲ့ အရှင်မင်းမြတ်အား မဟာဝိဇိတမင်းဟာ ယဇ်ကြီးကို ပူဇော်နေပါတယ်၊ အဲဒီမင်းဟာ ၁။ သဒ္ဓါရှိသူ, ၂။ ရက်ရက်ရောရော ပေးလှူတတ်သူ, ၃။ အလှူရှင်ဖြစ်သူ, ရဟန်းပုဏ္ဏား အထီးကျန်မွဲ သူဆင်းရဲ ခရီးသွား ဖုန်းတောင်းယာစကာတို့အတွက် ပိတ်မထားသောတံခါးရှိသူ, ရေတွင်းသဖွယ်ဖြစ်ပြီး ကောင်းမှုတို့ကိုပြုသူ မဟုတ်ပါ၊ ဒီလိုဖြစ်ရက်သားနဲ့ အရှင်မင်းမြတ်က ဒီလိုသဘောရှိတဲ့ ယဇ်ကြီးကို ပူဇော်ပါဘိတယ်၊ ဒီလိုပြောဆိုမဲ့သူ တစ်ဦးတစ်ယောက် ပေါ်ပေါက်လာမယ်ဆိုရင် ပေါ်ပေါက်လာစရာ ရှိပါတယ်၊ ဒါပေမဲ့ ဒီလို အရှင်မင်းမြတ်အား ပြောဆိုသူဟာ ဓမ္မဓိဋ္ဌာန်ကျကျ ပြောဆိုသူ မဖြစ်နိုင်တော့ပါ၊ ဘာ့ကြောင့်လဲဆိုတော့ အရှင်မင်းမြတ်က သဒ္ဓါရှိသူ, ရက်ရက်ရောရော ပေးလှူတတ်သူ, အလှူရှင်ဖြစ်သူ, ရဟန်းပုဏ္ဏား အထီးကျန်မွဲ သူဆင်းရဲ ခရီးသွား ဖုန်းတောင်းယာစကာတို့အတွက် ပိတ်မထားသောတံခါးရှိသူ, ရေတွင်းသဖွယ်ဖြစ်ပြီး ကောင်းမှုတို့ကိုပြုသူ ဖြစ်နေတဲ့ အတွက်ကြောင့်ပါပဲ။

ဒီအကြောင်းကြောင့်လဲပဲ ဒီယဇ်ကြီး ပူဇော်သင့်တဲ့အကြောင်းကို အရှင်မင်းမြတ်က သိတော်မူပါ၊ ပေးလှူပူဇော်တော်မူပါ၊ စွန့်ကြဲတော်မူပါ၊ ဝမ်းမြောက်တော်မူပါ၊ အရှင်မင်းမြတ်က ကိုယ့်သန္တာန်မှာ စိတ်ကိုသာ ကြည်လင်စေတော်မူပါ။

www.burmeseclassic.com

www.burmeseclassic.com



**၁။ သဒ္ဓါရှိသူ** သဒ္ဓါရှိသူဆိုတာ အလှူရှင်က အလှူရဲ့အကျိုးကို ခံစားရတယ်လို့ ယုံကြည်သူမျိုးပဲ ဖြစ်ပါတယ်။

**၂။ ရက်ရက်ရောရော ပေးလှူသူ** အချို့ ပုဂ္ဂိုလ်ကတော့ ဒါနရဲ့ အကျိုးကိုတော့ သိပါတယ်၊ ဒါပေမဲ့ စွန့်ကြဲပေးကမ်း လှူဒါန်းရာမှာ ရက်ရက်ရောရောမရှိ၊ အဲဒီပုဂ္ဂိုလ်ကို ရက်ရက်ရောရော ပေးလှူသူလို့ မခေါ်ရ၊ ဒါနရဲ့အကျိုးကိုလဲသိ၊ သိတဲ့အလျောက် ရက်ရက်ရောရော စွန့်ကြဲပေးကမ်းလှူဒါန်းသူမျိုးကိုသာ ရက်ရက်ရောရော ပေးလှူသူလို့ ခေါ်ရပါတယ်။

**၃။ အလှူရှင်ဖြစ်သူ** မိမိပေးလှူတဲ့ လှူဖွယ်ဝတ္ထုရဲ့အရှင်အနေနဲ့ ပေးလှူတာကို အလှူရှင်ဖြစ်သူ(ဒါနပတိ)လို့ ဆိုရပါတယ်၊ ကျွန်အနေနဲ့ ပေးလှူတာ, သူငယ်ချင်းအနေနဲ့ ပေးလှူတာတွေကို ဒါနပတိလို့ မဆိုရပါ။

၁။ ကိုယ်တိုင် ကောင်းတဲ့အာဟာရကိုစားသုံးပြီး သူတစ်ပါးတို့အား မကောင်းတဲ့ အာဟာရကို ပေးလှူသူဟာ ဒါနဆိုတဲ့ လှူဖွယ်ဝတ္ထုရဲ့ ကျွန်အနေနဲ့ ပေးလှူပါတယ်၊ တဏှာရဲ့ကျွန်သဘောကို ကပ်ရောက်တတ်တဲ့အတွက် ကြောင့်ပါပဲ။ (ဒါနဒါသ။)

၂။ ကိုယ်တိုင်စားတဲ့ အစာအာဟာရကို ပေးလှူသူကတော့ ဒါနဆိုတဲ့ လှူဖွယ်ဝတ္ထုရဲ့ သူငယ်ချင်းအနေနဲ့ ပေးလှူပါတယ်၊ စားဖွယ်ဝတ္ထုက နှစ်သက်စရာ သူငယ်ချင်းနှင့် တူတဲ့အတွက်ကြောင့်ပါပဲ။ (ဒါနသဟာယ။)

၃။ ကိုယ်တိုင်က တော်ရုံတန်ရုံ အာဟာရနဲ့ မျှတပြီး သူတစ်ပါးတို့အား ကောင်းမြတ်တဲ့ အာဟာရကို ပေးလှူတဲ့ ပုဂ္ဂိုလ်ကတော့ ဒါနဆိုတဲ့ လှူဖွယ်ဝတ္ထုရဲ့ အရှင်သခင် အကြီးအကဲ အစိုးတရအနေနဲ့ ပေးလှူပါတယ်၊ အဲဒီ ဒါနမှာ တဏှာဆိုတဲ့ကျွန်သဘောမှ ကိုယ့်ကိုလွတ်မြောက်စေပြီး လွှမ်းမိုးလို့ ဖြစ်နိုင်တဲ့ အတွက်ကြောင့်ပါပဲ။ (ဒါနပတိ။)

၁၀။ ယဇ်ကြီးပူဇော်နေတဲ့ အရှင်မင်းမြတ်အား မဟာဝိဇိတ မင်းက ယဇ်ကြီး ပူဇော်နေပါတယ်၊ အဲဒီမင်းဟာ အထူးထူး အပြားပြား များပြားတဲ့ အကြားအမြင်နှင့် ပြည့်စုံသူမဟုတ်၊ ဒီလိုဖြစ်ရက်သားနဲ့ အရှင်မင်းမြတ်က ဒီ လို သဘောရှိတဲ့ ယဇ်ကြီးကို ပူဇော်ပါဘိတယ်၊ ဒီလိုပြောဆိုမဲ့သူ တစ်ဦးတစ်ယောက် ပေါ်ပေါက်လာမယ်ဆိုရင် ပေါ်ပေါက်လာစရာ ရှိပါတယ်၊ ဒါပေမဲ့ ဒီလို အရှင်မင်းမြတ်အား ပြောဆိုသူဟာ ဓမ္မဓိဋ္ဌာန်ကျကျ ပြောဆိုသူ မဖြစ်နိုင်တော့ပါ၊ ဘာ့ကြောင့်လဲ ဆိုတော့ အရှင်မင်းမြတ်က အထူးထူး အပြားပြား များတဲ့အကြားအမြင်နှင့် ပြည့်စုံသူ ဖြစ်နေတဲ့ အတွက်ကြောင့်ပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



ဒီအကြောင်းကြောင့်လဲပဲ ဒီယဇ်ကြီး ပူဇော်သင့်တဲ့အကြောင်းကို အရှင်မင်းမြတ်က သိတော်မူပါ၊ ပေးလှူပူဇော်တော်မူပါ၊ စွန့်ကြဲတော်မူပါ၊ ဝမ်းမြောက်တော်မူပါ၊ အရှင်မင်းမြတ်က ကိုယ့်သန္တာန်မှာ စိတ်ကိုသာ ကြည်လင်စေတော်မူပါ။

၁၁။ ယဇ်ကြီးပူဇော်နေတဲ့ အရှင်မင်းမြတ်အား မဟာဝိဇိတမင်းက ယဇ်ကြီးပူဇော်နေပါတယ်၊ အဲဒီမင်းဟာ ဒါက ဒီစကားရဲ့ အနက်အဓိပ္ပာယ်ပဲ၊ ဒါက ဒီစကားရဲ့ အနက်အဓိပ္ပာယ်ပဲလို့ ဟိုစကား ဒီစကားရဲ့ အနက်အဓိပ္ပာယ်ကို သိသူမဟုတ်၊ ဒီလိုဖြစ်ရက်သားနဲ့ အရှင်မင်းမြတ်က ဒီလိုသဘောရှိတဲ့ယဇ်ကြီးကို ပူဇော်ပါဘိတယ်၊ ဒီလိုပြောဆိုမဲ့သူ တစ်ဦးတစ်ယောက် ပေါ်ပေါက်လာမယ်ဆိုရင် ပေါ်ပေါက်လာစရာ ရှိပါတယ်၊ ဒါပေမဲ့ ဒီလို အရှင်မင်းမြတ်အား ပြောဆိုသူဟာ ဓမ္မဓိဋ္ဌာန်ကျကျ ပြောဆိုသူ မဖြစ်နိုင်တော့ပါ၊ ဘာ့ကြောင့်လဲဆိုတော့ အရှင်မင်းမြတ်က ဟိုစကားဒီစကားရဲ့အနက်အဓိပ္ပာယ်ကို သိသူဖြစ်နေတဲ့အတွက်ပါပဲ။

ဒီအကြောင်းကြောင့်လဲပဲ ဒီယဇ်ကြီး ပူဇော်သင့်တဲ့အကြောင်းကို အရှင်မင်းမြတ်က သိတော်မူပါ၊ ပေးလှူပူဇော်တော်မူပါ၊ စွန့်ကြဲတော်မူပါ၊ ဝမ်းမြောက်တော်မူပါ၊ အရှင်မင်းမြတ်က ကိုယ့်သန္တာန်မှာ စိတ်ကိုသာ ကြည်လင်စေတော်မူပါ။

၁၂။ ယဇ်ကြီးပူဇော်နေတဲ့ အရှင်မင်းမြတ်အား မဟာဝိဇိတမင်းက ယဇ်ကြီးပူဇော်နေပါတယ်၊ အဲဒီမင်းဟာ ပညာရှိသူ, လိမ္မာသူ, ထက်မြက်တဲ့ဉာဏ်ရှိသူ, ဖြစ်ပြီးဖြစ်ဆဲဖြစ်လာမဲ့အကျိုးတွေကို ကြံစည်နိုင်သူမဟုတ်၊ သို့ဖြစ်ပါလျက် အရှင်မင်းမြတ်က ဒီလိုသဘော ရှိတဲ့ယဇ်ကြီးကို ပူဇော်ပါဘိတယ်၊ ဒီလိုပြောဆိုမဲ့သူ ရှိမယ်ဆိုရင် ရှိနိုင်စရာ ရှိပါတယ်၊ ဒါပေမဲ့ အဲဒီလို အရှင်မင်းမြတ်အား ပြောဆိုသူကလဲ တရားသဖြင့်ပြောဆိုသူ မဖြစ်တော့ပါ၊ ဘာ့ကြောင့်လဲဆိုတော့- အရှင်မင်းမြတ်က ပညာရှိသူ, လိမ္မာသူ, ထက်မြက်တဲ့ဉာဏ်ရှိသူ ဖြစ်နေတဲ့အတွက်ကြောင့်ပါပဲ။

ဒီအကြောင်းကြောင့်လဲ ဒီယဇ်ကြီးပူဇော်သင့်တဲ့အကြောင်းကို အရှင်မင်းမြတ်က သိတော်မူပါ၊ ပေးလှူပူဇော်တော်မူပါ၊ စွန့်ကြဲတော်မူပါ၊ ဝမ်းမြောက်တော်မူပါ၊ အရှင်မင်းမြတ်က ကိုယ့်သန္တာန်မှာ စိတ်ကိုသာ ကြည်လင်စေတော်မူပါ။

**ကာလ ၃-ပါးကို ကြံစည်ပုံ** ဖြစ်ပြီးဖြစ်ဆဲဖြစ်လတ္တံ့အကျိုးတွေကို ကြံစည်နိုင်တယ်ဆိုတာကို အနည်းငယ် ပြောပြပါအုံးမယ်၊ ရှေးရှေးဘဝတွေမှာ ကုသိုလ်ကောင်းမှုကို ပြုလုပ်ခဲ့တဲ့ အတွက်ကြောင့်သာ ဒီလိုပြည့်စုံမှု ဖြစ်လာရတယ်၊ ဒီလိုကြံစည်တဲ့ ပုဂ္ဂိုလ်ဟာ ရှေးလွန်ပြီးအကြောင်းအရာကို ကြံစည်နိုင်သူမည်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ယခု ကုသိုလ်ကောင်းမှုကိုပြုမှသာ နောင်အနာဂတ်ဘဝတွေမှာပြည့်စုံခြင်းသို့ ရောက်နိုင်(စရာရှိ)ပါတယ်၊ ဒီလို ကြံစည်တဲ့ ပုဂ္ဂိုလ်ဟာ နောင်လာမဲ့(အနာဂတ်) အကြောင်းကို ကြံစည်နိုင်သူ မည်ပါတယ်။

ဒီကုသိုလ်ကောင်းမှုကံဆိုတာဟာ သူတော်ကောင်းတွေရဲ့ အလေ့အကျင့်ပဲ၊ ငါ့မှာ စည်းစိမ်ဥစ္စာတွေလဲ ရှိနေတယ်၊ ပေးလှူလိုတဲ့စိတ်(ဆန္ဒ)လဲ ရှိနေတယ်၊ အခုပဲ ငါ ကုသိုလ်ကောင်းမှုတွေကို ပြုလုပ်ရတော့မယ်လို့ ကြံစည်တဲ့ ပုဂ္ဂိုလ်ဟာ ပစ္စုပ္ပန် အကြောင်းကို ကြံစည်နိုင်သူ မည်ပါတယ်။

၁၃။ ယဇ်ကြီးပူဇော်နေတဲ့ အရှင်မင်းမြတ်အား မဟာဝိဇိတမင်းက ယဇ်ကြီး ပူဇော်နေပါတယ်၊ သူ့ပုရောဟိတ်ပုဏ္ဏားဟာ ကောင်းသောဇာတ်ရှိသူ၊ မျိုးရိုးသန့်စင်သူမဟုတ်၊ သို့ဖြစ်ပါလျက် ဘုရင်မင်းမြတ်က ဒီလို သဘောရှိတဲ့ ယဇ်ကြီးကို ပူဇော်ပါဘိတယ်၊ ဒီလိုပြောဆိုမည့်သူ တစ်ဦးတစ်ယောက် ရှိချင်ရှိမှာ ပါပဲ၊ ဒါပေမဲ့ ဒီလို အရှင်မင်းမြတ်အား ပြောဆိုသူကလဲ တရားလမ်းကြောင်းကျကျ ပြောဆိုသူ မဖြစ်ပါ၊ ဘာ့ကြောင့်လဲဆိုတော့ အရှင်မင်းမြတ်ရဲ့ ပုရောဟိတ်ပုဏ္ဏားက ကောင်းသောဇာတ်ရှိသူ၊ မျိုးရိုးသန့်စင်သူ ဖြစ်နေတဲ့အတွက်ကြောင့်ပါပဲ။

ဒီအကြောင်းကြောင့်လဲ ဒီယဇ်ကြီးကိုပူဇော်သင့်တယ်ဆိုတာကို အရှင်မင်းမြတ် သိတော်မူပါ၊ ပေးလှူပူဇော်တော်မူပါ၊ ဝမ်းမြောက်တော်မူပါ၊ အရှင်မင်းမြတ်က ကိုယ့်သန္တာန်မှာ စိတ်ကိုသာ ကြည်လင်စေတော်မူပါ။

၁၄။ ယဇ်ကြီးပူဇော်နေတဲ့အရှင်မင်းမြတ်အား မဟာဝိဇိတမင်းက ယဇ်ကြီး ပူဇော်နေပါတယ်၊ အဲဒီမင်းရဲ့ ပုရောဟိတ်ပုဏ္ဏားက ဝေဒကျမ်းလာ ဂါထာတွေကို ရွတ်ဆိုတတ်သူ၊ ဝေဒကျမ်းကိုဆောင်သူ၊ အခြံအရံကျမ်းတွေနှင့်တကွ ဗေဒင်သုံးပုံတို့ကို တစ်ဖက်ကမ်းရောက် တတ်မြောက်သူ မဟုတ်၊ သို့ဖြစ်ပါလျက် ဘုရင်မင်းမြတ်က ဒီလိုသဘောရှိတဲ့ ယဇ်ကြီးကို ပူဇော်ပါဘိတယ်၊ ဒီလိုပြောဆိုမည့်သူ တစ်ဦးတစ်ယောက် ရှိချင်ရင် ရှိမှာပါပဲ၊ ဒါပေမဲ့ ဒီလို အရှင်မင်းမြတ်အား ပြောဆို သူကလဲ တရားသဖြင့်ပြောဆိုသူမဖြစ်ပါ၊ ဘာ့ကြောင့်လဲဆိုတော့–အရှင်မင်းမြတ်ရဲ့ ပုရောဟိတ်ပုဏ္ဏားက ဝေဒကျမ်းလာ ဂါထာတွေကို ရွတ်ဆိုတတ်သူ၊ ဝေဒကျမ်းကို ဆောင်သူ၊ အခြံအရံကျမ်းတွေနှင့်တကွ ဗေဒင်သုံးပုံကို တစ်ဖက်ကမ်းရောက် တတ်မြောက်သူ ဖြစ်နေတဲ့အတွက်ကြောင့်ပါပဲ။

ဒီအကြောင်းကြောင့်လဲ ဒီယဇ်ကြီးကို ပူဇော်သင့်တယ်ဆိုတာကို အရှင်မင်းမြတ် သိတော်မူပါ၊ ပေးလှူပူဇော်တော်မူပါ၊ ဝမ်းမြောက်တော်မူပါ၊ အရှင်မင်းမြတ်က ကိုယ့်သန္တာန်မှာ စိတ်ကိုသာ ကြည်လင်စေတော်မူပါ။

www.burmeseclassic.com

www.burmeseclassic.com



၁၅။ ယဇ်ကြီးပူဇော်နေတဲ့ အရှင်မင်းမြတ်အား မဟာဝိဇိတမင်းက ယဇ်ကြီးပူဇော်နေပါတယ်၊ အဲဒီမင်းရဲ့ ပုရောဟိတ်ပုဏ္ဏားက သီလရှိသူ၊ တိုးပွားပြီးသော သီလရှိသူ၊ တိုးပွားပြီးသော သီလနှင့်ပြည့်စုံသူ မဟုတ်၊ သို့ဖြစ်ပါလျက် ဘုရင်မင်းမြတ်က ဒီလိုသဘောရှိတဲ့ ယဇ်ကြီးကို ပူဇော်ပါဘိတယ်၊ ဒီလိုပြောဆိုမည့်သူ တစ်ဦးတစ်ယောက် ရှိချင်ရှိနေမှာပဲ၊ ဒါပေမဲ့ ဒီလို အရှင်မင်းမြတ်အား ပြောဆိုသူက ဓမ္မမိဋ္ဌာန်ကျကျ ပြောဆိုသူ မဖြစ်ပါ၊ ဘာ့ကြောင့်လဲဆိုတော့ အရှင်မင်းမြတ်ရဲ့ ပုရောဟိတ်ပုဏ္ဏားက သီလရှိသူ၊ ကြီးပွားသောသီလနှင့်ပြည့်စုံသူ ဖြစ်နေတဲ့အတွက် ကြောင့်ပါပဲ။

ဒီအကြောင်းကြောင့်လဲ ဒီယဇ်ကြီးကို ပူဇော်သင့်တယ်ဆိုတာကို အရှင်မင်းမြတ် သိတော်မူပါ၊ ပေးလှူပူဇော်တော်မူပါ၊ ဝမ်းမြောက်တော်မူပါ၊ အရှင်မင်းမြတ်က ကိုယ့်သန္တာန်မှာ စိတ်ကိုသာ ကြည်လင်စေတော်မူပါ။

၁၆။ ယဇ်ကြီးပူဇော်နေတဲ့ အရှင်မင်းမြတ်အား မဟာဝိဇိတမင်းက ယဇ်ကြီးပူဇော်နေပါတယ်၊ အဲဒီမင်းရဲ့ ပုရောဟိတ်ပုဏ္ဏားက ပညာရှိသူ၊ လိမ္မာသူ၊ ထက်မြက်သူ၊ ယဇ်မွေ့ယောက်မတွေကို ကိုင်သူအနက် ပထမဖြစ်သူ၊ ဒုတိယဖြစ်သူလဲ မဟုတ်၊ ဒီလိုဖြစ်ရက်သားနဲ့ အရှင်မင်းမြတ်က ဒီလိုသဘောရှိတဲ့ ယဇ်ကြီးကို ပူဇော်ပါဘိတယ်၊ ဒီလို ပြောဆိုမဲ့သူ တစ်စုံတစ်ယောက် ရှိချင်ရှိမှာပဲ၊ ဒါပေမဲ့ ဒီလို အရှင်မင်းမြတ်အား ပြောဆိုသူက တရားနှင့်အညီ ပြောဆိုသူ မဖြစ်နိုင်တော့ပါ၊ ဘာ့ကြောင့်လဲဆိုတော့ အရှင်မင်းမြတ်ရဲ့ ပုရောဟိတ်ပုဏ္ဏားက ပညာရှိသူ၊ လိမ္မာသူ၊ ထက်မြက်သူ၊ ယဇ်မွေ့ယောက်မကို ကိုင်သူတွေအနက် ပထမဖြစ်သူ၊ ဒုတိယဖြစ်သူ ဖြစ်နေတဲ့အတွက်ကြောင့်ပါပဲ။

ဒီအကြောင်းကြောင့်လဲ ဒီယဇ်ကြီးကို ပူဇော်သင့်တယ်ဆိုတာကို အရှင်မင်းမြတ် သိတော်မူပါ၊ ပေးလှူပူဇော်တော်မူပါ၊ ဝမ်းမြောက်တော်မူပါ၊ အရှင်မင်းမြတ်က ကိုယ့်အတွင်းစိတ်ကိုသာ ကြည်လင်စေတော်မူပါ။

ဒီလိုပဲ ပုရောဟိတ်ပုဏ္ဏားက ယဇ်ကြီးပူဇော်နေတဲ့ မဟာဝိဇိတမင်းအား ဒီ ၁၆–ပါးသော အကြောင်းတွေနဲ့ အကျိုးစီးပွားကို ကောင်းစွာ ပြပါတယ်၊ စိတ်ကို ကောင်းစွာ ဆောက်တည်စေပါတယ်၊ ကောင်းစွာ ထက်သန်စေပါတယ်၊ ကောင်းစွာ ရွှင်လန်းစေပါတယ်။

အလှူကြီးလုပ်တဲ့အခါ အလှူရှင်နှင့် အတိုင်ပင်ခံပုဂ္ဂိုလ်တွေမှာ ရှိရမဲ့ အရည်အချင်းကို ပြထားပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီယဇ်(အလှူ)ပွဲမှာ နွားတွေကိုလဲ မသတ်ရ၊ ဆိတ်နှင့်သိုးတွေကိုလဲ မသတ်ရ၊ ကြက်ဝက်တို့ကိုလဲ မသတ်ရ၊ အမျိုးမျိုးသော သတ္တဝါတွေကိုလဲ မသတ်ရ၊ ယဇ်တိုင်လုပ်ဖို့ သစ်တွေကိုလဲ မခုတ်ဖြတ်ကြရ၊ ယဇ်အခင်းအတွက် သမန်းမြက်တွေကိုလဲ မရိတ်ကြရ။

အဲဒီ မဟာဝိဇိတမင်းရဲ့ ကျွန်အစေအပါး အလုပ်သမားတွေကလဲ တုတ်နဲ့ ခြိမ်းခြောက်တဲ့အတွက်, ဘေးနဲ့ခြိမ်းခြောက်တဲ့အတွက် မျက်ရည်စွတ်စို ငိုယိုရင်း အလုပ်တွေကို လုပ်နေကြရတာ မဟုတ်၊ အမှန်ကတော့ အလုပ်လုပ်လိုသူတွေကသာ လုပ်ကြရပါရတယ်, မလုပ်လိုသူတွေက မလုပ်ကြရပါဘူး၊ လုပ်လိုတဲ့အလုပ်ကိုသာ လုပ်ကြရပါတယ်၊ မလုပ်လိုတဲ့ အလုပ်ကိုတော့ မလုပ်ကြရပါဘူး၊ အဲဒီယဇ်(အလှူ)ပွဲဟာ ထောပတ်, ဆီဦး, နို့ဓမ်း, ပျား, တင်လဲ, နှံ့သာတွေနဲ့သာ ပြီးဆုံးခြင်းသို့ ရောက်ရပါတယ်။

**သဘောတူ အသင်းအပင်းတွေရဲ့အလှူ**

အဲဒီအချိန်မှာ ဈေးမြို့, ကျေးလက်တောရွာမှာ နေကြတဲ့ အရံမင်းတွေ, အမတ်, မင်းမှုထမ်းတွေ ပုဏ္ဏားသူကြွယ်တွေ, ပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာသူတွေက များပြားလှတဲ့ ဥစ္စာတွေကို ယူလာကြပါတယ်၊ မဟာဝိဇိတမင်းကို ချဉ်းကပ်ပြီး ပြောဆိုလျှောက်ထားကြပါတယ်။

"အရှင်မင်းမြတ် ! အရှင်မင်းမြတ်ကိုပဲ ရည်ရွယ်လို့ ဒီများပြားလှတဲ့ ဥစ္စာတွေကို ယူလာခဲ့ကြပါတယ်၊ အရှင်မင်းမြတ်က ဒီဥစ္စာတွေကို ခံယူတော်မူပါ"။

"အမောင်တို့ ! တော်ပြီ၊ တရားတဲ့ အခွန်အတုတ်နဲ့ စုဆောင်းထားတဲ့ ငါ့ဥစ္စာလဲ များပြားလှပါတယ်၊ အဲဒီ သင်တို့ရဲ့ဥစ္စာတွေကတော့ သင်တို့ရဲ့ ဥစ္စာပဲ ဖြစ်ပါစေ၊ ဒီမှာရှိနေတဲ့ ငါ့ဥစ္စာတွေကလဲ သင်တို့ အလိုရှိသလောက် ယူသွားကြပါအုံး"။

မဟာဝိဇိတမင်းရဲ့ ငြင်းပယ်တဲ့စကားကို ကြားရတဲ့အခါ အဲဒီလူတွေက တစ်နေရာကို ထွက်သွားကြပါတယ်၊ စုဝေးတိုင်ပင်ပြီး တညီတညွတ်တည်း ဆုံးဖြတ်ကြပါတယ်။

"ဒီဥစ္စာတွေကို ကိုယ့်အိမ်ကိုယ့်ရာသို့ ပြန်ယူသွားလို့ရှိရင် တို့အတွက် မသင့်တော်လှဘူး၊ မဟာဝိဇိတမင်းက ယဇ်ကြီးပူဇော်နေပါတယ်၊ ငါတို့လဲပဲ မင်းကိုအတုလိုက်ပြီး ယဇ်ပူဇော်ကြစို့ရဲ့"။

ဒီလို ဆုံးဖြတ်ပြီးတဲ့အခါမှာ အရံမင်းတွေက ယဇ်ဝင်းရဲ့အရှေ့ဘက်မှာ အလှူပွဲတွေကို ဖြစ်စေကြပါတယ်၊ ဈေးမြို့, ကျေးလက်တောရွာမှာ နေကြတဲ့ အမတ်,မင်းမှုထမ်း

www.burmeseclassic.com

www.burmeseclassic.com



တွေက ယဇ်ဝင်းရဲ့တောင်ဘက်မျက်နှာမှာ အလှူပွဲကို ဖြစ်စေကြပါတယ်၊ ဈေးမြို့, ကျေးလက်တောရွာမှာ နေကြတဲ့ ပုဏ္ဏားသူကြွယ်တွေက ယဇ်ဝင်းရဲ့အနောက်မျက်နှာမှာ အလှူပွဲတွေကို ဖြစ်စေကြပါတယ်၊ ဈေးမြို့, ကျေးလက်တောရွာမှာ နေကြတဲ့ ပစ္စည်းဥစ္စာ ချမ်းသာကြွယ်ဝသူတွေက ယဇ်ဝင်းရဲ့မြောက်မျက်နှာ အလှူပွဲကို ဖြစ်စေကြပါတယ်။

အဲဒီယဇ်(အလှူ)ပွဲမှာ နွားတွေကိုလဲ မသတ်ကြရပါ၊ ဆိတ်နှင့်သိုးတွေကိုလဲ မသတ်ကြရပါ၊ ကြက်ဝက်တို့ကိုလဲ မသတ်ကြရပါ၊ အမျိုးမျိုးသောသတ္တဝါတွေကိုလဲ မသတ်ကြရပါ၊ ယဇ်တိုင် လုပ်ရအောင် သစ်ပင်တွေကိုလဲ မခုတ်ဖြတ်ကြရပါ၊ ယဇ်အခင်းလုပ်ရအောင် သမန်းမြက်တွေကိုလဲ မရိတ်ကြရပါ၊ သူတို့ရဲ့ ကျွန်အလုပ်သမား အစေအပါးတွေကလဲ တုတ်နဲ့ခြိမ်းချောက်တဲ့အတွက်, ဘေးနဲ့ခြိမ်းချောက်တဲ့အတွက် မျက်ရည်စွတ်စို ငိုယိုရင်း အလုပ်လုပ်ကြရတာ မဟုတ်ကြပါ၊ အမှန်ကတော့ လုပ်လိုသူတွေကသာ လုပ်ကြရပါတယ်၊ မလုပ်လိုသူတွေက မလုပ်ကြရပါ၊ အလိုရှိတဲ့ အလုပ်ကိုသာ လုပ်ကြရပါတယ်၊ အလိုမရှိတဲ့အလုပ်ကို မလုပ်ကြရပါ၊ အဲဒီယဇ်(အလှူ)ပွဲတွေလဲပဲ ထောပတ်, ဆီဦး, နို့ဓမ်း, တင်လဲ, ပျားတွေနဲ့သာ ပြီးဆုံးခြင်းသို့ ရောက်ကြပါတယ်။

"ပုဏ္ဏား ! ဒီလိုပဲ ၄-မျိုးသော သဘောတူအသင်းအပင်းဆိုတဲ့ ယဇ်ရဲ့အရံအတားတွေ+ မဟာဝိဇိတမင်းမှာရှိနေတဲ့ အင်္ဂါ ၈-ပါးဆိုတဲ့ ယဇ်ရဲ့အရံအတားတွေ+ ပုရောဟိတ်ပုဏ္ဏားမှာရှိနေတဲ့ အင်္ဂါ ၄-ပါးဆိုတဲ့ ယဇ်ရဲ့အရံအတားတွေ (= ၁၆-ပါးသော အရံအတားတွေ), သုံးမျိုးသောစိတ်ထားတွေ, ဒါတွေအကုန်လုံးပါဝင်တဲ့ ယဇ်ကိုပဲ ၃-ပါးသောစိတ်ထားနှင့် ၁၆-ပါးသော အရံအတားရှိတဲ့ ယဇ်ရဲ့ပြည့်စုံခြင်းလို့ ဆိုရပါတယ်"။

ဒီလို ဗုဒ္ဓမြတ်စွာက ဟောပြတော်မူပါတယ်။

**အတုမိုးနည်းယူရန်** အလှူလုပ်သူများ သတိပြုစရာလေးတွေကို ကြားညှပ်ပြောပြသွားပါအုံးမယ်၊ ယခုကာလမှ အလှူဒါနပြုလုပ်လိုသူများက အလှူမလုပ်ခင် ကြိုတင်ပြီး ပညာရှိတွေနှင့် တိုင်ပင်ရမယ်၊ ရင်းနှီးတဲ့ပုဂ္ဂိုလ်တွေကိုလဲ ခေါ်ယူတိုင်ပင်ရမယ်။

အဲဒီ အတိုင်ပင်ခံပုဂ္ဂိုလ်ကလဲ မျိုးရိုးသန့်သူ, ဘာသာရေးဗဟုသုတ ပြည့်ဝသူ, သီလရှိသူ, ပညာရှိသူ ဖြစ်ရပါ့မယ်၊ ရင်းနှီးတဲ့ပုဂ္ဂိုလ်တွေကတော့ မိမိအလှူမှာ ပါဝင်ကူညီသူတွေ, ဝေယျာဝစ္စဆောင်ရွက်နိုင်သူတွေ ဖြစ်ရမယ်။

www.burmeseclassic.com

www.burmeseclassic.com



အလှူလုပ်မည့်ပုဂ္ဂိုလ်ကလဲ ပစ္စည်းဉစ္စာ အလုံအလောက်ရှိသူ၊ သဒ္ဓါရှိသူ၊ ဗဟုသုတရှိသူ၊ လိမ္မာပါးနပ်သူ၊ ပညာရှိသူ ဖြစ်ရမယ်။

မလှူခင်မှာလဲ ဝမ်းမြောက်ဝမ်းသာ ဖြစ်နေစေရမယ်၊ လှူတဲ့အခိုက်မှာလဲ စိတ်ကြည်လင်စေရမယ်၊ လှူပြီးတဲ့နောက်မှာလဲ ကိုယ့်အလှူကို သတိရတိုင်း ဝမ်းမြောက်ဝမ်းသာ ဖြစ်နေရမယ်။

မလှူခင်၊ လှူဆဲ၊ လှူပြီး မည်သည့်အခိုက်အတန့်မှာမှ အလှူကိုအကြောင်းပြုပြီး စိတ်နှလုံးမသာယာမှု၊ နောင်တပူပန်မှု၊ စေတနာပျက်ကွက်မှု မဖြစ်စေရ။

အဲဒီ စိတ်နှလုံးမသာယာမှု၊ နောင်တပူပန်မှု၊ စေတနာပျက်ကွက်မှုဟာ အလှူခံပုဂ္ဂိုလ်ဟန်မရမှု၊ လှူဖွယ်ဝတ္ထု မပြည့်စုံမှု၊ ကူညီလုပ်ကိုင်ပေးသူများ ညံ့ဖျင်းမှုတို့ကြောင့် ဖြစ်ရတတ်ပါတယ်။

မိမိရဲ့အလှူပွဲမှာ အလှူခံပုဂ္ဂိုလ်ဆိုး၊ အလှူခံပုဂ္ဂိုလ်ကောင်း ၂-မျိုးပါဝင်နေပါရင် အလှူခံပုဂ္ဂိုလ်ကောင်းကိုသာ အာရုံပြုလို့ ပေးလှူရမယ်။

မဟာဝိဇိတမင်းရဲ့ ယဇ်ပူဇော်ခန်းက ဒါတွေကို အတုခိုးနည်းယူပြီး အလှူဒါနကို ပြုလုပ်ကြရမယ်၊ အဲဒီလို လုပ်နိုင်မှသာ အလှူရဲ့အကျိုးကို အပြည့်အဝ ရရှိနိုင်မယ် ဆိုတာကို အလှူဒါနနှင့် မကင်းကွာသူတိုင်း သတိပြုသင့်ပါတယ်။

**ဘုရားရှင်က ယဇ်ပွဲမှာ ပါဝင်ခဲ့သလား ?**

ဗုဒ္ဓမြတ်စွာရဲ့စကားအဆုံးမှာ ကူဋဒန္တပုဏ္ဏားနှင့်အတူလိုက်ပါလာကြတဲ့ ပုဏ္ဏားတွေက—

"သြော်-အံ့သြစရာကောင်းတဲ့ ယဇ်ပူဇော်ပွဲပါတကား၊ သြော်-အံ့သြစရာကောင်းတဲ့ ယဇ်ပူဇော်ပွဲပါတကား"။

ဒီလို ပြင်းပြကျယ်လောင်တဲ့ အသံနဲ့ ပုံတင်ထပ်မျှ ပြောဆိုနေကြပါတော့တယ်။

ကူဋဒန္တပုဏ္ဏားကတော့ ဆိတ်ဆိတ်သာ ထိုင်နေပါတယ်၊ ဒီတော့ ပုဏ္ဏားတွေက ကူဋဒန္တပုဏ္ဏားကို ပြောဆိုလာကြပါတယ်။

"အရှင်ကူဋဒန္တပုဏ္ဏားက ရဟန်းဂေါတမရဲ့ ကောင်းတဲ့ စကားကို ကောင်းတဲ့စကားအနေနဲ့ ဘာ့ကြောင့် ကောင်းချီးမခေါ်ရပါသလဲ ?"။

ပုဏ္ဏားတွေရဲ့စကားကို ကြားရတဲ့အခါ ကူဋဒန္တပုဏ္ဏားက သဘောမှန်ကို ပြန်လှန်ပြောဆိုရပါတော့တယ်။

www.burmeseclassic.com

www.burmeseclassic.com



"အမောင်တို့ ! ငါက ရဟန်းဂေါတမရဲ့ ကောင်းတဲ့စကားကို ကောင်းတဲ့စကားအနေနဲ့ ကောင်းချီးမခေါ်တာ မဟုတ်ပါ၊ ရဟန်းဂေါတမရဲ့ ကောင်းတဲ့စကားကို ကောင်းတဲ့စကားအနေနဲ့ ကောင်းချီးမခေါ်သူရဲ့ ဦးခေါင်းသော်မှ ပြတ်ကျစရာ ရှိပါတယ်၊ အမောင်တို့ ! အမှန်မှာ ငါက ဒီလို စဉ်းစားနေပါတယ်။

'ရဟန်းဂေါတမက ဒီလို ငါကြားဖူးတယ်လို့လဲ မပြောဆို၊ ဒီလိုဖြစ်သင့်တယ်လို့လဲ မပြောဆို၊ အဲဒီလို မပြောဆိုပါဘဲ အဲဒီအခါမှာ ဒီလိုဖြစ်ဖူးတယ်၊ ဒီလိုအခြေအနေတွေ ဖြစ်ခဲ့တယ်လို့သာ ပြောဆိုပါတယ်။

တကယ်ပဲ ရဟန်းဂေါတမဟာ အဲဒီအခါတုန်းက ယဇ်ရဲ့အရှင်ဖြစ်တဲ့ မဟာဝိဇိတမင်းသော်လဲ ဖြစ်မှာပဲ၊ ဒါမှမဟုတ် အဲဒီယဇ်ပူဇော်ရာမှာ ပုရောဟိတ်ပုဏ္ဏားသော်လဲ ဖြစ်မှာပဲ'၊ ဒီလို ငါက စဉ်းစားနေပါတယ်"။

ကူဋဒန္တပုဏ္ဏားက ပုဏ္ဏားတွေကို ချေပပြောဆိုပြီးတဲ့နောက် အဂါရဝကို ရှောင်လွှဲကာ ဗုဒ္ဓမြတ်စွာကို လျှောက်ထားပါတယ်။

"အရှင်ဂေါတမ ! ဒီယဇ်ပူဇော်လို့ပဲဖြစ်ဖြစ်, ပူဇော်ရာမှာ ညွှန်ကြားလို့ပဲဖြစ်ဖြစ် ခန္ဓာပျက်ကျေ သေပြီးတဲ့နောက် နတ်ပြည်ကို ရောက်ခဲ့ရတယ်ဆိုတာကို အမှတ်ရပါသလား ?"။

"ပုဏ္ဏား ! အဲဒီယဇ်ကို ပူဇော်လို့ပဲဖြစ်ဖြစ်, ပူဇော်ရာမှာ ညွှန်ကြားလို့ပဲဖြစ်ဖြစ် ခန္ဓာပျက်ကျေ သေပြီးတဲ့နောက် နတ်ပြည်ကိုရောက်ခဲ့ရတာကို ငါ အမှတ်ရပါတယ်၊ အဲဒီအခါတုန်းက ငါဟာ ယဇ်ပူဇော်ရာမှာ ညွှန်ကြားတဲ့ ပုရောဟိတ်ပုဏ္ဏား ဖြစ်ခဲ့တယ်"။

**ကိစ္စနည်းပြီး အကျိုးကြီးသော အဆင့်ဆင့်အလှူများ**

"အရှင်ဂေါတမ ! ဒီ ၃-ပါးသောစိတ်ထားနှင့် ၁၆-ပါးသောအရံအတားရှိတဲ့ ပြည့်စုံသောယဇ်(အလှူ)ထက် ပိုလို့လဲကိစ္စနည်း, ပိုလို့လဲအားထုတ်ရနည်းပြီး ပိုလို့လဲအကျိုးရှိ *, ပိုလို့လဲအာနိသင်ရှိတဲ့ * အခြားယဇ် ရှိပါသေးသလား ?"။

"ရှိသေးတယ်ပုဏ္ဏား"။

"အရှင်ဂေါတမ ! ဒါဖြင့်ရင် အဲဒီယဇ်က ဘယ်ဟာဖြစ်ပါသလဲ ?"။

---

**အကျိုး,အာနိသင်** အကျိုးဆိုတာက ဝိပါကလို့ခေါ်ရတဲ့ တိုက်ရိုက်အကျိုးရင်းပါပဲ၊ အာနိသင်ဆိုတာကတော့ စည်းစိမ်ချမ်းသာ-စတဲ့ အကျိုးဆက်အကျိုးများတွေပဲ ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ပုဏ္ဏား ! သီလရှိတဲ့ ရဟန်းတို့အား ရည်ညွှန်းပြီး အမြဲတမ်းလှူနေတဲ့ မျိုးရိုးစဉ်ဆက်ယဇ်(အလှူ)တွေ ရှိနေကြပါတယ်၊ အဲဒီယဇ်(အလှူ)ဟာ ၃–ပါးသောစိတ်ထားနှင့် ၁၆–ပါးသောအရံအတားရှိတဲ့ ပြည့်စုံသောယဇ်ထက် ပိုလို့နည်းတဲ့ကိစ္စလဲရှိ, ပိုလို့နည်းတဲ့အားထုတ်မှုလဲရှိပြီး ပိုလို့များတဲ့အကျိုးရှိ, ပိုလို့များတဲ့အာနိသင်လဲ ရှိတယ်"။

"ဒီလို ဖြစ်ရတာဟာ ဘာ့ကြောင့်ပါလဲ အရှင်ဂေါတမ ?"။

"ပုဏ္ဏား ! ဒီ ၃–ပါးသောစိတ်ထားနှင့် ၁၆–ပါးသောအရံအတားရှိတဲ့ ယဇ်(အလှူ)ပွဲသို့ ရဟန္တာတွေ, ရဟန္တာဖြစ်အောင်ကျင့်နေသူတွေ မလာရောက်ကြဘူး၊ ဘာ့ကြောင့်လဲဆိုတော့ အဲဒီယဇ်ပွဲမှာ တုတ်နဲ့ရိုက်နှက်လို့ အပြင်သို့နှင်ထုတ်ရတာတွေ, လည်ပင်းကိုကိုင်ဆွဲလို့ ထုတ်ရတာတွေကို တွေ့ရတတ်ပါတယ်၊ ဒါ့ကြောင့် ရဟန္တာတွေ, ရဟန္တာဖြစ်အောင်ကျင့်နေသူတွေ မလာရောက်ကြပါဘူး။

ပုဏ္ဏား ! သီလရှိတဲ့ရဟန်းတွေကို ရည်ညွှန်းပြီး အမြဲတမ်းလှူနေတဲ့ မျိုးရိုးစဉ်ဆက်ယဇ်(အလှူ)တွေ ရှိနေကြပါတယ်၊ အဲဒီယဇ်(အလှူ)ပွဲသို့ ရဟန္တာပုဂ္ဂိုလ်တွေလဲ လာရောက်ကြပါတယ်၊ ရဟန္တာဖြစ်အောင်ကျင့်နေသူတွေလဲ လာရောက်ကြပါတယ်၊ အဲဒီလို ချဉ်းကပ်လာရောက်ကြတာဟာ ဘာ့ကြောင့်လဲ ဆိုတော့ အဲဒီယဇ်(အလှူ)ပွဲမှာ ဘုတ်နဲ့ရိုက်ပုတ်လို့နှင်ထုတ်ရတာကိုလဲ မတွေ့ရ၊ လည်ပင်းကိုကိုင်ဆွဲလို့ နှင်ထုတ်ရတာကိုလဲ မတွေ့ရပါ၊ ဒါ့ကြောင့် ဒီလိုသဘောရှိတဲ့ ယဇ်(အလှူ)ပွဲသို့ ရဟန္တာတွေလဲ လာကြပါတယ်၊ ရဟန္တာဖြစ်အောင်ကျင့်နေသူတွေလဲ လာကြပါတယ်။

ပုဏ္ဏား ! ဒီလိုအကြောင်းအထောက်အပံ့တွေကြောင့် အမြဲတမ်းအလှူဖြစ်တဲ့ အဲဒီမျိုးရိုးစဉ်ဆက်ယဇ်(အလှူ)ဟာ ၃–ပါးသောစိတ်ထားနှင့် ၁၆–ပါးသောအရံအတားရှိတဲ့ ပြည့်စုံသောယဇ်ထက် ပိုနည်းတဲ့ကိစ္စလဲရှိ, ပိုနည်းတဲ့အားထုတ်ရမှုလဲရှိပြီး ပိုများတဲ့အကျိုးလဲ ရှိပါတယ်၊ ပိုများတဲ့အာနိသင်လဲ ရှိပါတယ်"။

**မျိုးရိုးစဉ်ဆက်အလှူ** သီလရှိတဲ့ ပုဂ္ဂိုလ်တွေကို ရည်စူးလို့ သားစဉ်မြေးဆက်အနေနဲ့ အမြဲပေးလှူလာတဲ့အလှူ, အမြဲပေးလှူလာတဲ့ ဆွမ်းဝတ်မျိုးကို မျိုးရိုးစဉ်ဆက်အလှူလို့ ခေါ်ပါတယ်၊ အမျိုးအနွယ်တွေက တဖြည်းဖြည်း ဆင်းရဲနွမ်းပါးလာပေမဲ့ ငါတို့ရဲ့အဘ,အဘိုး အစရှိတဲ့ ရှေးလူကြီးတွေက အဆက်မပြတ်လှူလာခဲ့တာပဲ၊ တို့လက်ထက်ကျမှ ဖြတ်ပစ်လို့ မတော်ဘူးလို့ နှလုံးသွင်းပြီး ဆင်းရဲ

www.burmeseclassic.com

www.burmeseclassic.com



နှမ်းပါးတဲ့ သူတွေကတောင်မှ အဲဒီအလှူမျိုးကို စောင့်ထိန်းကြပါတယ်၊ မပြတ်စေကြပါဘူး၊ တတ်နိုင်သလောက် ဆက်လက်လှူဒါန်းနေတတ်ကြပါတယ်။

**ဒါနဝတ်ကို မဖြတ်သူ**

အနာထပိဏ်သူဌေးရဲ့အိမ်မှာ အမြဲတမ်းဆွမ်းအလှူ ၅၀၀–တို့ကို ပေးလှူခဲ့ပါတယ်၊ ဆင်စွယ်စာရေးတံ ၅၀၀–တို့လဲ ရှိခဲ့ကြပါတယ်၊ နောက်ပိုင်းမှာ အဲဒီအနာထပိဏ်အမျိုးကို တဖြည်းဖြည်းနဲ့ ဆင်းရဲနွမ်းပါးခြင်းက လွှမ်းမိုးဖိစီးလာပါတယ်။

အဲဒီ အမျိုးမှာ အမျိုးသမီးကလေးတစ်ယောက်က မျိုးရိုးစဉ်ဆက် အလှူကို စောင့်ရှောက်တဲ့ အနေနဲ့ လှူပေမဲ့ စာရေးတံတစ်ခုထက်ပိုပြီး မတတ်နိုင်ပါဘူးတဲ့၊ အဲဒီအမျိုးသမီးကလေးက နောက်ပိုင်းမှာ သေတဝါဟန–တိုင်းပြည်ကို သွားပြီး တလင်းချေးခါလို့ရတဲ့ စပါးနဲ့ အဲဒီစာရေးတံကို ပေးလှူရပါတယ်။

မထေရ်တစ်ပါးက သေတဝါဟနမင်းအား (ဒီအကြောင်းကို) ပြောပြခဲ့ပါတယ်၊ သေတဝါဟနမင်းဟာ အဲဒီအမျိုးသမီးကို ဆောင်ယူပြီး မိဖုရားကြီးအရာမှာ ထားခဲ့ပါတယ်၊ အဲဒီအမျိုးသမီးက မိဖုရားကြီးဖြစ်လာတဲ့အခါကစပြီး နောက်ထပ်စာရေးတံဆွမ်း ၅၀၀–တို့ကို ပေးလှူခဲ့ပါတယ်။

**ကိစ္စနည်းပြီး အကျိုးကြီး**

ယဇ်ကြီးမှာလို အဲဒီစာရေးတံဆွမ်းမှာ ဝေယျာဝစ္စပြုသူ အများအပြားမလိုပါ၊ အလှူဝတ္ထုလဲ အများအပြားမလိုပါ၊ ဒါ့ကြောင့် စာရေးတံဆွမ်းအလှူဟာ ပိုနည်းတဲ့ကိစ္စလဲရှိပါတယ်၊ (ကိစ္စပိုနည်းပါတယ်။)

ဒီစာရေးတံဆွမ်းမှာ လူအများရဲ့အလုပ်ပျက်အောင် နှိပ်စက်ခြင်းဆိုတဲ့ လွန်စွာအားထုတ်ရကြောင်းလဲ မရှိပါ၊ စာရေးတံဆွမ်းအလှူဟာ အားထုတ်ရမှုလဲ ပိုနည်းပါတယ်။

ဒီစာရေးတံဆွမ်းကို သံဃာအား စွန့်လွှတ်လှူဒါန်းထားရပါတယ်၊ ဒါ့ကြောင့် ယဇ်လို့လဲ ဟောတော်မူထားပါတယ်။

အလှူရှင်ရဲ့ ပုဗ္ဗ၊ မုဉ္စ၊ အပရ–စေတနာဆိုတဲ့ အင်္ဂါ ၃–ပါးနှင့် ပြည့်စုံခြင်း၊ အလှူခံပုဂ္ဂိုလ်ရဲ့ ရာဂကင်းခြင်း၊ ဒေါသကင်းခြင်း၊ မောဟကင်းခြင်းဆိုတဲ့ အင်္ဂါ ၃–ပါးနှင့်ပြည့်စုံခြင်းရှိတဲ့ အလှူဟာ အင်္ဂါ ၆–ပါးနှင့် ပြည့်စုံတဲ့အလှူ မည်ပါတယ်။

အဲဒီအင်္ဂါ ၆–ပါးနှင့်ပြည့်စုံတဲ့အလှူရဲ့ ကောင်းမှုအလျဉ်ရဲ့ပမာဏကို (မဟာသမုဒ္ဒရာမှာ ရှိတဲ့ရေရဲ့ အတိုင်းအရှည်ကို နှိုင်းချင့်တိုင်းတာရန် မလွယ်ကူသလို) နှိုင်းချင့်တိုင်းတာရန် မလွယ်ကူလှပါ။

www.burmeseclassic.com

www.burmeseclassic.com



ဒီစာရေးတံဆွမ်းအလှူဟာလဲပဲ အဲဒီအင်္ဂါ ၆–ပါးရှိတဲ့အလှူနှင့် သဘောတူနေပါတယ်၊ ဒါ့ကြောင့် ဒီစာရေးတံဆွမ်းအလှူကို ပိုများတဲ့အကျိုးရင်းရှိတယ်၊ ပိုများတဲ့အာနိသင် ရှိတယ်လို့ မှတ်သင့်ပါတယ်။

**ကောင်းမှုအလျှဉ်** ဒီလို အလှူဒါနရဲ့အကျိုးပမာဏကို ယူလို့မရနိုင်၊ မဟာသမုဒ္ဒရာမှာ ရှိနေတဲ့ ရေရဲ့ပမာဏကို ယူလို့ မရနိုင်သလို အပရစေတနာ အဆက်မပြတ်ဘဲ ကောင်းမှုအလျှဉ် တသွင်သွင်စီးနေရကား အဲဒီဒါနရဲ့ ပမာဏက ယူလို့ မရနိုင်လောက်အောင် မြင့်ခေါင်ကြီးမားလှပါတယ်။

"အရှင်ဂေါတမ ! ဒီ ၃–ပါးသောစိတ်ထားနှင့် ၁၆–ပါးသော အရံအတားရှိတဲ့ ဒီယဇ်နှင့် ဒီအမြဲတမ်းလှူနေတဲ့ မျိုးရိုးစဉ်ဆက်အလှူတွေထက် ကိစ္စပိုနည်း, အားထုတ်ရမှုလဲပိုနည်းပြီး အကျိုးလဲပိုများ,အာနိသင်လဲပိုများတဲ့ အခြားယဇ် (အလှူ) ရှိပါသေးသလား ?"။

"ပုဏ္ဏား ! ဒီယဇ်အလှူတွေထက်ပိုတဲ့ အခြားယဇ်(အလှူ) ရှိသေးတယ်"။

"ပုဏ္ဏား ! အရပ် ၄–မျက်နှာမှာရှိတဲ့ သံဃာကို ရည်ညွှန်းပြီး ကျောင်းဆောက်လုပ်လှူဒါန်းသူရဲ့ ဒီယဇ်(ဒီကျောင်းအလှူ)က ရှေးယဇ်(အလှူ)တွေထက် ကိစ္စလဲပိုနည်း, အားထုတ်ရမှုလဲပိုနည်းပြီး အကျိုးလဲ ပိုများပါတယ်၊ အာနိသင်လဲ ပိုများပါတယ်"။

**ကျောင်းအလှူ ကိစ္စနည်းပုံ** စာရေးတံဆွမ်း(နိစ္စဘတ်)မှာ အလုပ်ပြီးဆုံးတယ်လို့ မရှိပါဘူး၊ တယောက်က ထထကြွကြွနဲ့ အခြားအလုပ်ကို မလုပ်ဘဲ စီမံနေရတာပါပဲ၊ ကျောင်းအလှူမှာတော့ အလုပ်ပြီးဆုံးမှု ရှိနိုင်ပါတယ်၊ သစ်ရွက်မိုးကျောင်းကိုပဲလှူလှူ, တစ်ကုဋေသောဥစ္စာကို စွန့်လွှတ်ပြီး ကျောင်းကြီးကိုပဲလှူလှူ တစ်ကြိမ်ဥစ္စာကို စွန့်လွှတ်ပြီး ဆောက်လုပ်ထားလို့ရှိရင် ၇–နှစ် ၈–နှစ် သို့မဟုတ် အနှစ်တစ်ရာ, သို့မဟုတ် အနှစ်တစ်ထောင်ပတ်လုံး တည်ရှိနိုင်တာပါပဲ၊ အမှန်ကတော့ ဆွေးမြေ့လာတဲ့နေရာ ပြုပြင်ရုံမျှကိုသာ လုပ်ရပါတော့တယ်၊ ဒါ့ကြောင့် ဒီကျောင်းအလှူက စာရေးတံဆွမ်း(နိစ္စဘတ်) အလှူထက် ကိစ္စကလဲပိုနည်းပါတယ်၊ အားထုတ်ရမှုလဲ ပိုနည်းပါတယ်။

**ကျောင်းအလှူက အကျိုးကြီးပုံ**

ပြီးတော့ ဒီကျောင်းအလှူမှာ သုတ္တန်ဒေသနာတော်နည်းအနေနဲ့–

၁။ သီတံ= အချမ်းကို ကာကွယ်ခြင်း၊

၂။ ဥဏှံ= အပူကို ကာကွယ်ခြင်း၊

www.burmeseclassic.com

www.burmeseclassic.com



၃။ ဒွံသ= မှက်ကိုက်တာကို ကာကွယ်ခြင်း၊
၄။ မကသ= ခြင်ကိုက်တာကို ကာကွယ်ခြင်း၊
၅။ ဝါတ= လေတိုက်တာကို ကာကွယ်ခြင်း၊
၆။ အာတပ= နေပူတာကို ကာကွယ်ခြင်း၊
၇။ သရီသပသမ္ဖဿ= မြွေကင်းအတွေ့ကို ပယ်ဖျောက်ခြင်း၊
၈။ ဥတုပရိဿယဝိနောဒန= ဥတုဘေးရန်ကို ပယ်ဖျောက်ခြင်း၊
၉။ ပဋိသလ္လာနာရာမ= တစ်ယောက်တည်း ကိန်းအောင်းမွေ့လျော်ခြင်း ဆိုတဲ့ အာနိသင် ၉–ပါးကို ဗုဒ္ဓမြတ်စွာက ဟောထားပါတယ်။

ခန္ဓကဒေသနာတော်နည်းနဲ့ဆိုရင်–

၁။ သီတ= အအေးကို ပယ်ဖျောက်ခြင်း၊
၂။ ဥဏှ= အပူကို ပယ်ဖျောက်ခြင်း၊
၃။ ဝါဠမိဂ= သားရဲကို ပယ်ဖျောက်ခြင်း၊
၄။ သရီသပ= မြွေကင်းသန်းတို့ကို ပယ်ဖျောက်ခြင်း၊
၅။ မကသ= ခြင်တို့ကို ပယ်ဖျောက်ခြင်း၊
၆။ သိသိရ= လေအေးတို့ကို ပယ်ဖျောက်ခြင်း၊
၇။ ဝုဋ္ဌိ= မိုးပေါက်တို့ကို ပယ်ဖျောက်ခြင်း၊
၈။ ဝါတ= လေပြင်းကို ပယ်ဖျောက်ခြင်း၊
၉။ အာတပ= ပြင်းတဲ့အပူကို ပယ်ဖျောက်ခြင်း၊
၁၀။ လေနတ္ထ= ကိန်းအောင်းရခြင်း၊
၁၁။ သုခတ္ထ= ချမ်းသာသုခရခြင်း၊
၁၂။ ဈာယိတုံ= ဈာန်ဝင်စားရန်ဖြစ်ခြင်း၊
၁၃။ ဝိပဿိတုံ= ဝိပဿနာရှုရန်ဖြစ်ခြင်း၊
၁၄။ အန္နပါနဝတ္ထသေနာသန= ထမင်း, အဖျော်, အဝတ်, ခုတင်ကုလားထိုင်တို့ကို ရခြင်း၊
၁၅။ ဓမ္မဒေသနံ့အရ= တရားနာရခြင်း၊
၁၆။ ပရိနိဗ္ဗာယန= အာသဝေါတရား ငြိမ်းအေးခြင်း–

ဆိုတဲ့ ဤအာနိသင် ၁၇–ပါးတို့ကို ဗုဒ္ဓမြတ်စွာ ဟောထားပါတယ်၊ ဒါ့ကြောင့် ဒီကျောင်းအလှူကို စာရေးတံဆွမ်းအလှူထက် အကျိုးကြီးတယ်လို့လဲ မှတ်သင့်ပါတယ်၊ အာနိသင်ကြီးတယ်လို့လဲ မှတ်သင့်ပါတယ်။

ပြီးတော့ကာ သံဃာအား စွန့်လွှတ်(လှူဒါန်း)ထားတဲ့အတွက် ယဇ်လို့လဲ ဆိုရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



**သရဏဂုံ ဆောက်တည်မှု**

"အရှင်ဂေါတမ ! ဒီ ၃-ပါးသောစိတ်ထားနှင့် ၁၆-ပါးသောအရံအတား ရှိတဲ့ယဇ်, ဒီအမြဲတမ်းလှူနေတဲ့ မျိုးရိုးစဉ်ဆက်အလှူနှင့် ဒီကျောင်းအလှူထက် ကိစ္စလဲပိုနည်း, အားထုတ်ရမှုလဲပိုနည်းပြီး အကျိုးကလဲပိုများ, အာနိသင်ကလဲ ပိုများတဲ့ အခြားယဇ်(အလှူ) ရှိပါသေးသလား ?"။

"ပုဏ္ဏား ! ဒီ ယဇ်(အလှူ)တွေထက် သာတဲ့ အခြား ယဇ်(အလှူ) ရှိသေးတယ်"။

"အရှင်ဂေါတမ ! အဲဒီယဇ်(အလှူ)ဟာ ဘာပါလဲ ?"။

"ပုဏ္ဏား ! ကြည်လင်သောစိတ်နဲ့ ဘုရားကို ကိုးကွယ်ရာလို့ ဆည်းကပ်သူ, တရားကို ကိုးကွယ်ရာလို့ ဆည်းကပ်သူ, သံဃာကို ကိုးကွယ်ရာလို့ ဆည်းကပ်သူရဲ့ သရဏဂုံဆောက်တည်မှုဆိုတဲ့ ယဇ်ဟာ ရှေးယဇ်တွေထက် ကိစ္စလဲပိုနည်း, အားထုတ်ရမှုလဲပိုနည်းပြီး အကျိုးကလဲပိုများပါတယ်၊ အာနိသင်ကလဲပိုများပါတယ်"။

**သရဏဂုံ** ကျောင်းကို တစ်ကြိမ်စွန့်လွှတ်လှူဒါန်းထားပေမဲ့ ထပ်ကာထပ်ကာ မိုးရခြင်း, ကျိုးပြတ်တဲ့နေရာ ကျိုးပျက်(ပေါက်ကွဲ)တဲ့နေရာတွေကို ပြုပြင်ရခြင်း-စတဲ့ဟာတွေနှင့်စပ်ပြီး လုပ်စရာတွေ ရှိနေသေးတာပဲ ဖြစ်ပါတယ်။

သရဏဂုံကို ရဟန်းတစ်ပါးရဲ့အထံမှာပဲဖြစ်ဖြစ်, သံဃာတော်ရဲ့အထံမှာပဲ ဖြစ်ဖြစ်, ဂိုဏ်း(ရဟန်း၂-ပါး ၃-ပါးတို့)ရဲ့ အထံမှာပဲဖြစ်ဖြစ် ယူထားလို့ရှိရင် ယူပြီးပဲ ဖြစ်ပါတော့တယ်။

ဒီသရဏဂုံမှာ ထပ်ကာထပ်ကာပြုလုပ်စရာလဲ မရှိပါ၊ ဒါကြောင့် သရဏဂုံက ကျောင်းဆောက်လုပ်လှူဒါန်းတာထက် ကိစ္စလဲပိုနည်းပါတယ်၊ အားထုတ်ရမှုလဲ ပိုနည်းပါတယ်။

သရဏဂုံဆိုတာဟာ ရတနာမြတ်သုံးပါးတို့အား အသက်ကိုစွန့်ကြောင်း စေတနာဖြစ်တဲ့ ကောင်းမှုကံဖြစ်တဲ့အတွက် နတ်ပြည်စည်းစိမ်ကို ပေးနိုင်ပါတယ်၊ ဒါ့ကြောင့် ပိုလို့လဲအကျိုးကြီးပါတယ်၊ ပိုလို့လဲအာနိသင်ရှိပါတယ်။

ရတနာမြတ်သုံးပါးတို့အား အသက်ကို စွန့်လွှတ်တဲ့အတွက် ယဇ်လို့လဲ ဆိုနိုင်ပါတယ်။

သရဏဂုံကို ယူရာမှာ ရတနာမြတ်သုံးပါးကို ယုံကြည်လို့ယူသူဟာ ပုထုဇဉ် အဖြစ်၌ပင် ရှိစေဦးတော့ သင်ကယူထားတဲ့ သရဏဂုံကို မဖျက်ရင် သင့်အသက်ကို

www.burmeseclassic.com

www.burmeseclassic.com



သတ်မယ်လို့ တစ်စုံတစ်ယောက်က ခြိမ်းခြောက်ပေမဲ့ အသက်ကိုသာ အသေခံမယ်၊ သရဏဂုံကိုကား မဖျက်တော့၊ ဒီမျှလောက် စွဲစွဲမြဲမြဲယူထားတဲ့သရဏဂုံကို ရည်ရွယ်ပြီး သံဃိကကျောင်းအလှူထက် အကျိုးကြီးတယ်လို့ မိန့်တော်မူပါတယ်။

**သိက္ခာပုဒ်ကို ဆောက်တည်ထားမှု**

"အရှင်ဂေါတမ ! ဒီ ၃-ပါးသောစိတ်ထားနှင့် ၁၆-ပါးသောအရံအတား ရှိတဲ့ယဇ်, ဒီ အမြဲတမ်းလှူနေတဲ့ မျိုးရိုးစဉ်ဆက်အလှူ, ဒီကျောင်းအလှူနှင့် ဒီသရဏဂုံထက် ကိစ္စလဲပိုနည်း, အားထုတ်ရမှုလဲပိုနည်းပြီး အကျိုးကလဲပိုများ, အာနိသင်ကလဲပိုများတဲ့ အခြားယဇ်(အလှူ) ရှိပါသေးသလား ?"။

"ပုဏ္ဏား ! အဲဒီယဇ်(အလှူ)တွေထက် ကိစ္စလဲပိုနည်း, အားထုတ်ရမှုလဲ ပိုးနည်းပြီး အကျိုးကလဲပိုများ, အာနိသင်ကလဲပိုများတဲ့ အခြားယဇ်(အလှူ) ရှိသေးတယ် ရှိသေးတယ်"။

"အရှင်ဂေါတမ ! အဲဒီယဇ်(အလှူ)ဟာ ဘာပါလဲ ?"။

"ပုဏ္ဏား ! ကြည်လင်တဲ့စိတ်နဲ့ ပါဏာတိပါတာ ဝေရမဏီ= သူ့အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်မှု, အဒိန္နာဒါနာ ဝေရမဏီ= အရှင်မပေးအပ်သော သူ့ဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်မှု, ကာမေသု မိစ္ဆာစာရာ ဝေရမဏီ= မေထုန်ကာမတို့၌ မှားမှားယွင်းယွင်း ပြုကျင့်ခြင်းမှ ရှောင်ကြဉ်မှု, မုသာဝါဒါ ဝေရမဏီ= မဟုတ်မမှန်ပြောခြင်းမှ ရှောင်ကြဉ်မှု, သုရာမေရယမဇ္ဇပမာဒဋ္ဌာနာ ဝေရမဏီ= မူးယစ်ဆေးဝါး မျိုသုံးစားသောက်ခြင်းမှ ရှောင်ကြဉ်မှု-ဆိုတဲ့ သိက္ခာပုဒ်တွေကို ဆောက်တည်ထားသူရဲ့ ဒီယဇ်ဟာ ရှေးယဇ်တွေထက် ကိစ္စလဲပိုနည်း, အားထုတ်ရမှုလဲပိုနည်းပြီး အကျိုးလဲပိုများတယ်, အာနိသင်လဲ ပိုများတယ်"။

**၅-ပါးသီလ**

ပါဏာတိပါတာ ဝေရမဏီ-စသည်မှာလာတဲ့ ဝေရမဏီဆိုတာဟာ ရှောင်ကြဉ်ခြင်းဝိရတိပဲ ဖြစ်ပါတယ်၊ အဲဒီဝိရတိ-ဟာ သမ္ပတ္တဝိရတိ, သမာဒါနဝိရတိ, သေတုဃာတဝိရတိ(သမုစ္ဆေဒဝိရတိ)လို့ ၃-ပါးရှိပါတယ်။

အဲဒီ ၃-ပါးအနက် တစ်ဦးတစ်ယောက်သော ပုဂ္ဂိုလ်က သိက္ခာပုဒ်ကို မဆောက်တည်ဘဲ မိမိရဲ့ ငဲ့စရာဖြစ်တဲ့ ဇာတ်, အနွယ်, အမျိုး, အရွယ်-စသည်တို့ကို အဖန်ဖန် အောက်မေ့သတိရပြီး ဒီ(သူ့အသက်ကိုသတ်မှု-စတဲ့)အလုပ်ဟာ ငါနှင့် မသင့်တော် မလျောက်ပတ်ဘူး၊ ဒီအလုပ်မျိုးကို ငါလုပ်လို့ မတော်ဘူး၊ ဒီလိုစဉ်းစားပြီး သူ့အသက် သတ်မှု-စတဲ့ အလုပ်တွေကို မလုပ်၊ ရောက်လာတဲ့ ဝတ္ထုကို ရှောင်လွှဲပါတယ်၊

www.burmeseclassic.com

www.burmeseclassic.com



မကျူးလွန်တော့ဘူး၊ အဲဒီ သူ့အသက်သတ်မှု–စသည်က ဝေးစွာရှောင်ကြဉ်ပါတယ်၊ ဒီလိုပုဂ္ဂိုလ်မျိုးရဲ့ အဲဒီဝိရတိဟာ ရောက်လာတဲ့ဝတ္ထုက ရှောင်ကြဉ်ကြောင်း သမ္ပတ္တဝိရတိ မည်ပါတယ်။

***ဇဂ္ဂနဥပါသကာ** ဒီနေရာမှာ နည်းယူစရာ သီဟိုဠ်ကျွန်းသား ဇဂ္ဂနဥပါသကာအကြောင်းကို ပြောပြပါအုံးမယ်၊ ဇဂ္ဂနဥပါသကာ ငယ်ရွယ်စဉ်အခါမှာပဲ ဇဂ္ဂနရဲ့မိခင်မှာ ရောဂါဝေဒနာ ဖြစ်နေပါတယ်၊ ဆေးဆရာက ယုန်သားလတ်လတ်ဆတ်ဆတ်ကို ရမှဖြစ်မယ်လို့ ပြောထားပါတယ်၊ ဒါနဲ့ အစ်ကိုဖြစ်သူက "ညီလေးရယ် ! လယ်တောကို သွားရောက်လှည့်လည်စမ်းပါအုံး"လို့ ဇနဂ္ဂကို ယုန်ရှာဖို့ လွှတ်လိုက်ပါတယ်။

ဇဂ္ဂနလဲ အစ်ကို့စကားကို နာခံပြီး လယ်တောကို ထွက်သွားပါတယ်၊ အဲဒီအချိန်မှာ ယုန်ကလေးတစ်ကောင်က ကောက်နုကို စားရအောင် လာခဲ့ပါတယ်၊ အဲဒီ ယုန်က ဇဂ္ဂနကို တွေ့တယ်ဆိုရင်ပဲ တစ်ဟုန်တိုး ထွက်ပြေးသွားတဲ့အခါ နွယ်မှာငြိနေပါတယ်၊ ဒါနဲ့ ကိရိကိရိ–လို့အော်နေပါတယ်။

ဇဂ္ဂနက အသံကြားရာဘက်ကို လိုက်သွားပြီး အဲဒီယုန်ကို ဖမ်းယူလိုက်ပါတယ်၊ အမေ့အတွက် ဆေးဝါးခတ်စာ လုပ်ရတော့မယ်လို့ ဦးစွာပထမ စဉ်းစားပြီးတဲ့နောက် ကိုယ့်အမေ အသက်ရှင်အောင်လို့ သူ့အသက်ကိုသတ်တာဟာ ငါ့အား မသင့်တော်လှပါတကားလို့ ထပ်မံစဉ်းစားပြန်တယ်။

"သွားတော့ကွာ၊ တောထဲမှာ အခြားယုန်တွေနှင့်အတူ မြက်ရေတွေကို သုံးဆောင်စားသောက်နေချေတော့"။

ဒီလိုပြောပြီး ယုန်ကလေးကို လွှတ်လိုက်ပါတယ်။

"ညီလေးရေ ! ယုန်ရခဲ့သလား ?"။

အိမ်ကိုပြန်ရောက်လို့ အစ်ကိုက အရေးတကြီး မေးတဲ့အခါ ဇနဂ္ဂက အဲဒီအကြောင်းကို အမှန်အတိုင်း ပြောပြပါတယ်၊ အကြောင်းစုံကို သိရတော့ အစ်ကိုက ဇဂ္ဂနကို ကြိမ်းမောင်းပါတယ်၊ ခြိမ်းခြောက်ပါတယ်။

"ငါဟာ မွေးသည်ကစပြီး သတ်လိုတဲ့စိတ်နဲ့ သတ္တဝါကို သတ်ဖူးတယ်ဆိုတာကို မသိဘူးပါ"။

ဇဂ္ဂနက အမေ့အနားကိုသွားလျက် မှန်ကန်တဲ့စကားကို ပြောဆိုပြီး ရပ်နေပါတယ်။

* အဘိ–ဋ္ဌ–၁၊ ၁၄၆။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီခဏမှာပဲ သူ့အမေ ရောဂါပျောက်ကင်း ချမ်းသာသွားပါတယ်။

ဒီနေ့ကစပြီး ကိုယ့်အသက် သေချင်သေပါစေ၊ သူ့အသက်ကိုတော့ မသတ်တော့ပါဘူး၊ (အဇ္ဇတဂ္ဂေ ဇီဝိတပေတံ ပါဏံ န ဟနာမိ၊) ဒီလိုပဲဖြစ်ဖြစ်, ဒီနေ့ကစပြီး ကိုယ့်အသက်စွန့်လို့ ပါဏာတိပါတက ရှောင်ကြဉ်ပါတယ်၊ အဇ္ဇတဂ္ဂေ ဇီဝိတပေတံ ပါဏာတိပါတာ ဝိရမာမိ၊) ဒီလိုပဲဖြစ်ဖြစ်, ပါဏာတိပါတက ရှောင်ကြဉ်ကြောင်း သိက္ခာပုဒ်ကို ဆောက်တည်ပါတယ်၊ ပါဏာတိပါတာ ဝေရမဏီ သမာဒိယာမိ၊) ဒီလိုပဲဖြစ်ဖြစ် သိက္ခာပုဒ်ကိုယူတဲ့ ပုဂ္ဂိုလ်ရဲ့ ရှောင်ကြဉ်ခြင်းကို သမာဒါနဝိရတိ-(သီလဆောက်တည်ခြင်းကြောင့်ဖြစ်တဲ့ ရှောင်ကြဉ်ကြောင်းဝိရတိ)လို့ ခေါ်ပါတယ်။

***ဥတ္တရဝဍ္ဍမာနဥပါသကာ** ဒီနေရာမှာလဲ နည်းယူလိုက်နာစရာ ဥတ္တရဝဍ္ဍမာန ဥပါသကာရဲ့အကြောင်းကို ပြောပြပါအုံးမယ်၊ ဥတ္တရဝဍ္ဍမာန-တောင်မှာနေတဲ့ ဥပါသကာတစ်ယောက်က အမ္ဗတိသကျောင်းမှာနေတဲ့ ပိင်္ဂလဗုဒ္ဓရက္ခိတထေရ်ရဲ့အထံမှာ သိက္ခာပုဒ်တို့ကို ယူပြီး လယ်ထွန်နေပါတယ်။

နေ့လယ်ပိုင်းမှာ ထွန်ကဖြုတ်ထားတဲ့နွားတွေက ပျောက်သွားပါတယ်၊ ဒါနဲ့ ဥပါသကာက နွားတွေကိုရှာရင်း ဥတ္တရဝဍ္ဍမာနတောင်ပေါ်ကို ရောက်သွားပါတယ်၊ အဲဒီတောင်ပေါ်မှာပဲ ဥပါသကာကို စပါးကြီးမြွေကြီးတစ်ကောင်က ဖမ်းယူထားပါတယ်။

"ဒီမြွေရဲ့ဦးခေါင်းကို ဒီထက်လှတဲ့ဓားနဲ့ ဖြတ်ရတော့မယ်"။

မြွေအဖမ်းခံရတယ်ဆိုရင်ပဲ ဥပါသကာက စဉ်းစားမိပါတယ်။

"လူတွေရဲ့ ကြည်ညိုလေးစားမှုကို ခံနေရတဲ့ဆရာ့အထံက သိက္ခာပုဒ်တွေကို ခံယူပြီးတဲ့နောက် သိက္ခာပုဒ်ကို ဖျက်ဆီးခြင်းဟာ ငါ့အား မသင့်တော်မလျောက်ပတ်လှပါဘူး"။

ထို့နောက် အခြေအနေအရပ်ရပ်ကို သုံးသပ်ဆင်ခြင်နေပြန်တယ်။

"အသက်ကိုသာ အသေခံတော့မယ်၊ သိက္ခာပုဒ်ကိုတော့ မဖျက်တော့ဘူး"။

နောက်ဆုံးမှာ ခိုင်မြဲတဲ့ ဆုံးဖြတ်ချက်ချပြီး ပခုံးနဲ့ ထမ်းလာတဲ့ ထက်လှတဲ့ဓားကို တောထဲသို့ လွှင့်ပစ်လိုက်ပါတယ်၊ အဲဒီခဏမှာပဲ ဥပါသကာကို စပါးကြီးမြွေကြီးက လွှတ်ပြီး ထွက်သွားပါတော့တယ်။

အရိယာသာဝကတွေရဲ့ မဂ်နှင့်ယှဉ်တဲ့ ဝိရတိကတော့ သေတုဃာတဝိရတိ (သမုစ္ဆေဒဝိရတိ) မည်ပါတယ်။

---

* အဘိ-ဋ္ဌ-၁၊ ၁၄၆။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီ ဝိရတိ ၃–ပါးထဲက ရှေးသမ္ပတ္တဝိရတိ, သမာဒါနဝိရတိ ၂–ပါးတို့က သတ်ဖြတ်မှု–စသည်နှင့် ပတ်သက်ပြီး ကျူးလွန်ထိုက်တဲ့ ဇီဝိတိန္ဒြေ–စတဲ့ဝတ္ထုကို အာရုံပြုလို့ ဖြစ်ကြပါတယ်၊ နောက်သေတုဃာတဝိရတိကတော့ နိဗ္ဗာန်ကို အာရုံပြုလို့သာ ဖြစ်ပါတယ်။

**သိက္ခာပုဒ် ဆောက်တည်မှု** သိက္ခာပုဒ်ဆောက်တည်ရာမှာ သိက္ခာပုဒ် ၅–ခုတို့ကို ပဉ္စင်္ဂသမန္နာဂတံ သီလံ သမာဒိယာမိ(အင်္ဂါ ၅–ပါးနှင့် ပြည့်စုံသောသီလကို ဆောက်တည်ပါတယ်)လို့ တပေါင်းတည်းယူထားတဲ့ပုဂ္ဂိုလ်ရဲ့ သိက္ခာပုဒ်တစ်ခုပျက်ရင် အကုန်လုံးပျက်ပါတယ်၊ တပေါင်းတည်း ဆောက်တည်ထားပေမဲ့ ပါဏာတိပါတကရှောင်ကြဉ်ခြင်း, အဒိန္နာဒါနကရှောင်ကြဉ်ခြင်း အစရှိတဲ့ ကိစ္စအနေနဲ့ ၅–မျိုးကွဲပြားနေတဲ့အတွက် ၅–ပါးသီလလို့ပဲ ဆိုရပါတယ်။

ဆောက်တည်တုန်းက တပေါင်းတည်းဆောက်တည်ခဲ့တဲ့အတွက် တစ်ပါးပျက်ရင် ၅–ပါးလုံးပျက်ပါတယ်၊ သို့သော် အကုသိုလ်ကံအနေနဲ့တော့ ကျူးလွန်ထားတဲ့ သိက္ခာပုဒ်အတွက်သာ ကမ္မပထမြောက်ပါတယ်။

ယခုခေတ်မှာ ဆောက်တည်နေကြသလို တစ်ပါးစီတစ်ပါးစီခွဲလို့ ဆောက်တည်တဲ့ ပုဂ္ဂိုလ်မှာတော့ လွန်ကျူးတဲ့သိက္ခာပုဒ်သာ ပျက်ပါတယ်။

သေတုဃာတဝိရတိကတော့ ပျက်တယ်လို့ မရှိပါဘူး၊ နောက်ဘဝတွေမှာတောင်မှ အရိယာသာဝကဖြစ်တဲ့ ပုဂ္ဂိုလ်က အသက်ကို အသတ်ခံရမယ်ဆိုတဲ့ အကြောင်းကြောင့်တောင်မှ သတ္တဝါကို မသတ်တော့ပါဘူး၊ သေရည်ကို မသောက်တော့ပါဘူး။

သေရည်နှင့်နို့ရည်ကို ရောပြီး အရိယာသာဝကရဲ့ ခံတွင်းထဲကို ထည့်စေဦးတော့ (ထည့်မယ်ဆိုရင်) နို့ရည်သာ ဝင်ပါတယ်၊ သေရည် မဝင်တော့ဘူး။

နို့ရည်နှင့်ရေကို ရောစပ်လို့တိုက်ရင် ကြိုးကြာငှက်ရဲ့ခံတွင်းသို့ နို့ရည်သာဝင်ပြီး ရေမဝင်သလိုပဲ ဖြစ်ပါတယ်။

ကြိုးကြာငှက်တို့ရဲ့ ခံတွင်းထဲသို့ နို့ရည်သာဝင်ပြီး ရေမဝင်ခြင်းဟာ အမျိုးဇာတ်ကြောင့် ပြီးစီးပါတယ်၊ ဒီလို တစ်ဦးတစ်ယောက်သောသူက ပြောမယ်ဆိုရင် အရိယာသာဝကတွေရဲ့ ခံတွင်းထဲသို့ နို့ရည်သာဝင်ပြီး သေရည်မဝင်ခြင်းဟာ မဂ်တရား၏အာနုဘော်ကြောင့် ပြီးပါတယ်၊ ဒီလိုဖြေရှင်းသင့်ပါတယ်။

**၅–ပါးသီလ ကိစ္စနည်း အကျိုးကြီး**

သရဏဂုံမှာ အယူကို ဖြောင့်မတ်အောင်ပြုရခြင်းဆိုတာ ဝန်လေးလှပါတယ်၊ သိက္ခာပုဒ်ကို ဆောက်တည်တာမှာတော့ ရှောင်ကြဉ်ရုံမျှသာ ဖြစ်ပါတယ်၊ ဒါ့ကြောင့်

www.burmeseclassic.com

www.burmeseclassic.com



ဒီကွာပုဒ်ကို ဆောက်တည်တာက ဘယ်လိုပဲဖြစ်ဖြစ် တစ်နည်းနည်းနဲ့ ယူတဲ့ပုဂ္ဂိုလ်အတွက်ရော, လေးလေးစားစားယူတဲ့ပုဂ္ဂိုလ်အတွက်ပါ ကိစ္စကလဲပိုနည်းပါတယ်၊ အားထုတ်ရမှုကလဲ ပိုနည်းပါတယ်၊ ဒီ ၅–ပါးသီလနှင့်တူတဲ့ ဒါန မရှိတော့တဲ့အတွက် သရဏဂုံထက် သီလက အကျိုးကြီးပါတယ်၊ အာနိသင်ကြီးပါတယ်။

* **သာ၀က** ရဟန်းတို့ ! ဒီအလှူ ၅–မျိုးတို့ဟာ မြတ်တဲ့အလှူများ ဖြစ်ကြပါတယ်၊ အမြတ်လို့သိသင့်ပါတယ်၊ ကြာမြင့်လှတဲ့ နေ့ညဥ့်ပတ်လုံးသိသင့်ပါတယ်၊ အရိယာသူတော်ကောင်းတွေရဲ့ အဆက်အနွယ်လို့ သိသင့်ပါတယ်၊ ရှေးလူကြီးသူမတွေရဲ့ ဥစ္စာဖြစ်ပါတယ်၊ ပယ်ဖို့ရန်လဲ မထိုက်တန်လှပါ၊ ရှေးကလဲ မပယ်ခဲ့ကြပါ၊ ယခုလဲ မပယ်သင့်၊ နောင်အခါလဲ ပယ်ကြမှာ မဟုတ်၊ သမဏပညာရှိတွေ, ဗြာဟ္မဏပညာရှိတွေက တစ်ရံတစ်ခါမှ မပယ်စွန့်ပါကုန်၊ အဘယ် ၅–ပါးတို့နည်းဟူမူကား—

ရဟန်းတို့ ! ဒီဘုရားရဲ့ သာသနာတော်မှာ အရိယာသာ၀ကက အတိုင်းအရှည်မရှိတဲ့ (ရေတွက်လို့မရနိုင်အောင်များတဲ့) သတ္တ၀ါတို့အား ဘေးမရှိခြင်းကို ပေးပါတယ်၊ ရန်မရှိခြင်းကို ပေးပါတယ်၊ ဆင်းရဲမရှိခြင်းကို ပေးပါတယ်၊ အတိုင်းအရှည်မရှိတဲ့ သတ္တ၀ါတွေအား ဘေးမရှိခြင်းကိုပေးတဲ့အတွက်, ရန်မရှိခြင်းကို ပေးတဲ့အတွက်, ဆင်းရဲမရှိခြင်းကို ပေးတဲ့အတွက် အတိုင်းအရှည်မရှိတဲ့ ဘေးမရှိခြင်းဆိုတဲ့အကျိုး, ရန်မရှိခြင်းဆိုတဲ့အကျိုး, ဆင်းရဲမရှိခြင်းဆိုတဲ့အကျိုးကို ရနိုင်ပါတယ်။

ရဟန်းတို့ ! အစဆုံးဖြစ်တဲ့ သူ့အသက်ကိုသတ်ခြင်းက ရှောင်ကြဉ်မှုဆိုတဲ့ ဒီဒါနဟာ မြတ်တဲ့ဒါန ဖြစ်ပေတယ်၊ အမြတ်လို့ သိသင့်ပါတယ် ။ပ။ ရဟန်းပညာရှိတွေ, ဗြာဟ္မဏပညာရှိတွေက တစ်ရံတစ်ခါမှ မတားမြစ် မပယ်စွန့်ပါ။

ရဟန်းတို့ ! နောက်ထပ်တစ်မျိုးကတော့ အရိယာသာ၀ကဟာ သူများဥစ္စာကိုခိုးယူခြင်းကို ပယ်စွန့်ပြီး ။ပ။ ရဟန်းတို့ ! ဒီအလှူ ၅–မျိုးတို့ဟာ မြတ်တဲ့အလှူတွေဖြစ်ကြပါတယ် ။ပ။ ရဟန်းပညာရှိ,ဗြာဟ္မဏပညာရှိတွေက တစ်ရံတစ်ခါမှ မတားမြစ်မပယ်စွန့်ကြပါ။

ဒီ ၅–ပါးသီလကို မိမိဌချစ်ခင်မှု,အသက်ဌချစ်ခင်မှုကို စွန့်လွှတ်ပြီး စောင့်ရှောက်မယ်လို့ နှလုံးသွင်းပြီး ကောင်းစွာဆောက်တည်ထားတဲ့အတွက် ယဇ်လို့လဲ ဆိုသင့်ပါတယ်။

**၅–ပါးသီလထက် သရဏဂုံမြတ်** အဲဒီ ၅–ပါးသီလနှင့်သရဏဂုံ ၂–မျိုးအနက် ၅–ပါးသီလထက် သရဏဂုံကသာ အထူးအားဖြင့် မွန်မြတ်စေကာမူ ဒီ ၅–ပါးသီလကို သရဏဂုံမှာတည်ပြီးမှသာ စောင့်ရှောက်

* အံ–၃၊ ၇၆။

www.burmeseclassic.com



တဲ့သီလနှင့်ဆက်စပ်ပြီး များသောအကျိုးရှိတယ်လို့ ဟောထားပါတယ်။ [ သရဏဂုံနှင့် ပဥ္စသီလကို တစ်ပါးချင်းသာ ယှဉ်ပြိုင်ပါရင် သရဏဂုံက ပိုလို့အကျိုးကြီးပါတယ်၊ ပါဠိတော်မှာတော့ သရဏဂုံမှာတည်ပြီးတဲ့ ပုဂ္ဂိုလ်ရဲ့ ၅–ပါးသီလကို ရည်ရွယ်ပြီး သရဏဂုံထက် ၅–ပါးသီလက အကျိုးကြီးတယ်လို့ ဟောတော်မူပါတယ်။

ပဥ္စသီလသည် ဘုရားပွင့်တော်မူရာ ဗုဒ္ဓုပ္ပာဒကာလ, သာသနာပကာလအားဖြင့် အလုံးစုံသောကာလ၌ ပညာရှိတို့ ဆောက်တည်အပ်သည် မဟုတ်ပါလော ?၊ အရဟတ္တဖိုလ်ဝိမုတ္တိ၏အကြောင်းဖြစ်ဖို့ရန် ဧကန်လည်းမဟုတ်၊ ဘာ့ကြောင့်နည်း ?၊ အရဟတ္တဖိုလ် မရနိုင်ရာ သာသနာပ၌လည်း ဆောက်တည်နိုင်သောကြောင့်တည်း၊ သရဏဂုံ ၃–ပါးကား ဘုရားပွင့်ခြင်းလျှင် အရင်းခံရှိ၏၊ သို့ဖြစ်ပါလျက် အဘယ် နည်းဖြင့် သရဏဂုံထက် ၅–ပါးသီလက မဟပ္ဖလဖြစ်ရသနည်း ?–ဟု စောဒနာဖွယ် ရှိနေပါသည်၊ စောဒနာသည့်အတိုင်း မှန်ပါပေ၏၊ သို့သော် သရဏဂုံ၌တည်၍ စောင့်အပ်သော ၅–ပါးသီလအတွက် မဟပ္ဖလဖြစ်၏–ဟု ဆိုရပါသည်။

**ရှာန်အဘိညာဉ်နှင့် အာသဝက္ခယ**

"အရှင်ဂေါတမ ! ဒီ ၃–ပါးသောစိတ်ထားနှင့် ၁၆–ပါးသောအရံအတား ရှိတဲ့ယဇ်, ဒီအမြဲတမ်းလှူနေတဲ့ မျိုးရိုးစဉ်ဆက်အလှူ, ဒီကျောင်းအလှူ, ဒီသရဏ ဂုံနှင့် ဒီသိက္ခာပုဒ်ဆောက်တည်ခြင်းထက် ကိစ္စလဲပိုနည်း, အားထုတ်ရမှုလဲ ပိုနည်းပြီး အကျိုးကလဲပိုများ, အာနိသင်ကလဲပိုများတဲ့ အခြားယဇ်(အလှူ) ရှိပါသေးသလား ?"။

"ပုဏ္ဏား ! အဲဒီယဇ်(အလှူ)တွေထက် ကိစ္စကလဲပိုနည်း, အားထုတ်ရမှု ကလဲပိုနည်းပြီး အကျိုးကလဲပိုများ, အာနိသင်ကလဲပိုများတဲ့ အခြားယဇ်(အလှူ) ရှိသေးတယ်"။

"အရှင်ဂေါတမ ! အဲဒီယဇ်(အလှူ)ဟာ ဘာပါလဲ ?"။

"ပုဏ္ဏား ! ဘုရားပွင့်တော်မူလာတဲ့အခါ စူဠသီလ, မဇ္ဈိမသီလ, မဟာ သီလဆိုတဲ့ ဒီသီလ ၃–ပါးမှာ တည်ပြီး သူ့ရဲ့အဆင့်ဆင့် အားထုတ်လို့ရလာတဲ့ ဒီပထမဈာန်(ယဇ်)ဟာ ရှေးယဇ်တွေထက် ကိစ္စလဲပိုနည်း, အားထုတ်ရမှုလဲ ပိုနည်းပြီး အကျိုးလဲပိုများတယ်၊ အာနိသင်လဲပိုများတယ်"။

ထို့နောက် ဗုဒ္ဓမြတ်စွာက ပုဏ္ဏားမေးသမျှကို တစ်ဆင့်ပြီးတစ်ဆင့် ဖြေရှင်းပြတော် မူပါတယ်။

"ရှေးယဇ်တွေနှင့် ဒီပထမဈာန်ထက် ဒုတိယဈာန်ဆိုတဲ့ယဇ်က ကိစ္စလဲ ပိုနည်း, အားထုတ်ရမှုလဲပိုနည်းပြီး အကျိုးလဲပိုများတယ်၊ အာနိသင်လဲ ပိုများတယ်။

www.burmeseclassic.com

www.burmeseclassic.com



ရှေးယဇ်တွေနှင့် ဒီဒုတိယဈာန်(ယဇ်)ထက် တတိယဈာန်က ကိစ္စလဲ ပိုနည်း, အားထုတ်ရမှုလဲပိုနည်းပြီး အကျိုးလဲပိုများတယ်၊ အာနိသင်လဲ ပိုများတယ်။

ရှေးယဇ်တွေနှင့် ဒီတတိယဈာန်ဆိုတဲ့ယဇ်ထက် စတုတ္ထဈာန်(ယဇ်)က ကိစ္စလဲပိုနည်း, အားထုတ်ရမှုလဲပိုနည်းပြီး အကျိုးလဲပိုများတယ်၊ အာနိသင်လဲ ပိုများတယ်။

ရှေးယဇ်တွေနှင့် ဒီစတုတ္ထဈာန်ဆိုတဲ့ယဇ်ထက် ဝိပဿနာဉာဏ်အမြင်က ကိစ္စလဲပိုနည်း, အားထုတ်ရမှုလဲပိုနည်းပြီး အကျိုးလဲပိုများတယ်၊ အာနိသင်လဲ ပိုများတယ်။

ရှေးယဇ်တွေနှင့် ဒီဝိပဿနာဉာဏ်အမြင်ထက် မနောမယိဒ္ဓိဉာဏ်က ကိစ္စလဲပိုနည်း, အားထုတ်ရမှုလဲပိုနည်းပြီး အကျိုးလဲပိုများတယ်၊ အာနိသင်လဲ ပိုများတယ်။

ရှေးယဇ်တွေနှင့် ဒီမနောမယိဒ္ဓိဉာဏ်ထက် ဣဒ္ဓိဝိဓဉာဏ်က ကိစ္စလဲပိုနည်း, အားထုတ်ရမှုလဲပိုနည်းပြီး အကျိုးလဲပိုများတယ်၊ အာနိသင်လဲပိုများတယ်။

ရှေးယဇ်တွေနှင့် ဒီဣဒ္ဓိဝိဓဉာဏ်ထက် ဒိဗ္ဗသောတဉာဏ်က ကိစ္စလဲပိုနည်း, အားထုတ်ရမှုလဲပိုနည်းပြီး အကျိုးလဲပိုများတယ်၊ အာနိသင်လဲပိုများတယ်။

ရှေးယဇ်တွေနှင့် ဒီဒိဗ္ဗသောတဉာဏ်ထက် စေတောပရိယဉာဏ်က ကိစ္စလဲ ပိုနည်း, အားထုတ်ရမှုလဲပိုနည်းပြီး အကျိုးလဲပိုများတယ်၊ အာနိသင်လဲပို များတယ်။

ရှေးယဇ်တွေနှင့် ဒီစေတောပရိယဉာဏ်ထက် ပုဗ္ဗေနိဝါသာနုဿတိ ဉာဏ်က ကိစ္စလဲ ပိုနည်း, အားထုတ်ရမှုလဲ ပိုနည်းပြီး အကျိုးလဲပိုများတယ်၊ အာနိသင်လဲပိုများတယ်။

ရှေးယဇ်တွေနှင့် ဒီပုဗ္ဗေနိဝါသာနုဿတိဉာဏ်ထက် အာသဝက္ခယ ဉာဏ်က ကိစ္စလဲပိုနည်း, အားထုတ်ရမှုလဲပိုနည်းပြီး အကျိုးလဲပိုများတယ်၊ အာနိသင်လဲပိုများတယ်။

ပုဏ္ဏား ! ဒီပြည့်စုံသောယဇ်(အာသဝက္ခယဉာဏ်)ထက် သာလို့ပိုလွန်တဲ့, သာလို့မြတ်တဲ့ အခြားပြည့်စုံသောယဇ်ဆိုတာ မရှိတော့ပါဘူး"။

ဒီလို ဖြေရှင်းရင်း အရဟတ္တဖိုလ်မှာပဲ ပြီးဆုံးစေပါတယ်။

**ပထမဈာန်–စသည်** အောက်အောက်က ဟောတော်မူထားတဲ့ သရဏဂုံ, သီလ, ဣန္ဒြိယေသု ဂုတ္တဒွါရတာ အစရှိတဲ့ ဂုဏ်တွေနှင့် ပြည့်စုံတဲ့ ပုဂ္ဂိုလ်ဟာ ပထမဈာန်ကို ဖြစ်စေလိုလို့ရှိရင် မပင်မပန်းတော့ဘူး။

www.burmeseclassic.com

www.burmeseclassic.com



ပထမဈာန်–စသည်မှာတည်တဲ့ ပုဂ္ဂိုလ်က ဒုတိယဈာန်–စသည့်တို့ကို ဖြစ်စေလိုလို့ရှိရင် မပင်ပန်းတော့ဘူး။

ဒါ့ကြောင့် အဲဒီ ပထမဈာန် အစရှိသည်တို့ဟာ နည်းတဲ့ကိစ္စလဲ ရှိကြပါတယ်၊ နည်းတဲ့အားထုတ်ရမှုလဲ ရှိကြပါတယ်။

အဲဒီ ပထမဈာန်–စသည်တို့အနက် ပထမဈာန်က အသင်္ချေယျတစ်ကပ်ပတ်လုံး ဗြဟ္မပြည်မှာ အသက်ကို ပေးပါတယ်။

ဒုတိယဈာန်က မဟာကပ် ၈–ကပ်တို့ပတ်လုံး ဗြဟ္မပြည်မှာ အသက်ကို ပေးပါတယ်။

တတိယဈာန်က မဟာကပ် ၆၄–ကပ်တို့ပတ်လုံး ဗြဟ္မပြည်မှာ အသက်ကို ပေးပါတယ်။

စတုတ္ထဈာန်က မဟာကပ် ၅၀၀–တို့ပတ်လုံး ဗြဟ္မပြည်မှာ အသက်ကို ပေးပါတယ်။ [ ပဉ္စမဈာန်ကိုပဲ စတုက္ကနည်းနဲ့ စတုတ္ထဈာန်လို့ ဆိုထားရပါတယ်။]

အဲဒီ စတုတ္ထဈာန်ကိုပဲ အာကာသာနဉ္စာယတနသမာပတ်အနေနဲ့ ဖြစ်စေလိုလို့ရှိရင် မဟာကပ် ၂–သောင်းတို့ပတ်လုံး ဗြဟ္မပြည်မှာ အသက်ကို ပေးပါတယ်၊ ဝိညာဏဉ္စာယတနသမာပတ်အနေနဲ့ ဖြစ်စေလိုလို့ရှိရင် မဟာကပ် ၄–သောင်းတို့ပတ်လုံး ဗြဟ္မပြည်မှာ အသက်ကို ပေးပါတယ်၊ အာကိဉ္စညာယတနသမာပတ်အနေနဲ့ ဖြစ်စေလိုလို့ရှိရင် မဟာကပ် ၆–သောင်းတို့ပတ်လုံး ဗြဟ္မပြည်မှာ အသက်ကို ပေးပါတယ်၊ နေဝသညာနာသညာယတနသမာပတ်အနေနဲ့ ဖြစ်စေလိုလို့ရှိရင် မဟာကပ် ၈–သောင်း ၄–ထောင်တို့ပတ်လုံး ဗြဟ္မပြည်မှာ အသက်ကို ပေးပါတယ်၊ ဒါ့ကြောင့် များသောအကျိုးလဲ ရှိပါတယ်၊ များသောအာနိသင်လဲ ရှိပါတယ်၊ ပြီးတော့ကာ–

နီဝရဏအစရှိတဲ့ ဆန့်ကျင်ဘက်တရားတွေကို စွန့်လွှတ်တတ်တဲ့အတွက် အဲဒီဈာန်ကို ယည(ယဇ်)လို့လဲ ခေါ်ပါတယ်။

ဝိပဿနာဉာဏ်ဟာလဲပဲ ၃–ပါးသောသီလအစ စတုတ္ထဈာန်အဆုံးရှိတဲ့ ဂုဏ်တွေမှာတည်ပြီးမှ ဖြစ်စေလို့ရှိရင် မပင်ပန်းတော့ပါဘူး၊ ဒါ့ကြောင့် နည်းတဲ့ကိစ္စလဲ ရှိပါတယ်၊ နည်းတဲ့အားထုတ်ရမှုလဲ ရှိပါတယ်။

ပြီးတော့ ဝိပဿနာချမ်းသာနှင့်တူတဲ့ချမ်းသာ မရှိတော့တဲ့အတွက် အကျိုးလဲ ကြီးပါတယ်၊ အာနိသင်လဲ ကြီးပါတယ်၊ ထို့ပြင် ဆန့်ကျင်ဘက် ကိလေသာတွေကို စွန့်နိုင်တဲ့အတွက် ယည(ယဇ်)လဲ မည်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



မနောမယိဒ္ဓိဉာဏ်လဲပဲ ဝိပဿနာဉာဏ်မှာတည်ပြီး ဖြစ်စေရလို့ရှိရင် မပင်ပန်းတော့ပါဘူး၊ ဒါ့ကြောင့် နည်းတဲ့ကိစ္စလဲရှိပါတယ်၊ နည်းတဲ့အားထုတ်ရမှုလဲရှိပါတယ်၊ မိမိနှင့်တူတဲ့ရူပါရုံကို ဖန်ဆင်းနိုင်တဲ့အတွက် များတဲ့အကျိုးရှိပါတယ်၊ မိမိရဲ့ဆန့်ကျင်ဘက် ကိလေသာတွေကို စွန့်လွှတ်တတ်တဲ့အတွက် ယဇ်လဲ မည်ပါတယ်။

ဣဒ္ဓိဝိဓဉာဏ်–စသည်တို့ဟာလဲပဲ မနောမယိဒ္ဓိဉာဏ်–စသည်တို့မှာတည်ပြီး ဖြစ်စေလိုလို့ရှိရင် မပင်ပန်းတော့ပါဘူး၊ ဒါ့ကြောင့် နည်းတဲ့ကိစ္စလဲရှိပါတယ်၊ နည်းတဲ့အားထုတ်ရမှုလဲ ရှိပါတယ်၊ မိမိ မိမိရဲ့ဆန့်ကျင်ဘက် ကိလေသာကို ပယ်စွန့်တတ်တဲ့အတွက် ယဇ်လဲ မည်ပါတယ်။

ဒီဉာဏ်တွေထဲမှာပါတဲ့ ဣဒ္ဓိဝိဓဉာဏ်ဟာ အထူးထူး အပြားပြားရှိတဲ့ ဆင်ရုပ်, နွားရုပ်–စသည်တို့ကို ပြုလုပ်ဖန်ဆင်းခြင်း, ပြခြင်းငှာ စွမ်းနိုင်တဲ့အတွက် အကျိုးကြီးပါတယ်။

ဒိဗ္ဗသောတအဘိညာဉ်က နတ်လူတွေရဲ့ အသံကို ကြားနိုင်တဲ့အတွက် အကျိုးကြီးပါတယ်။

စေတောပရိယဉာဏ်က သူတစ်ပါးတွေရဲ့ ၁၆–ပါး အပြားရှိတဲ့စိတ်ကို သိနိုင်တဲ့အတွက် အကျိုးကြီးပါတယ်။

ပုဗ္ဗေနိဝါသာနုဿတိဉာဏ်က အလိုရှိအပ်, အလိုရှိအပ်သော ရှေးရှေးဘဝတို့၌ ခန္ဓာအစဉ်ဟူသော အရပ်ရပ်ကို အောက်မေ့နိုင်တဲ့အတွက်ကြောင့် အကျိုးကြီးပါတယ်။

အာသဝက္ခယဉာဏ်က အလွန်မွန်မြတ်တဲ့ မဂ်ဖိုလ်ချမ်းသာကို ဖြစ်စေနိုင်တဲ့အတွက် များသောအကျိုးရှိပါတယ်၊ ပြီးတော့ကာ–

အရဟတ္တဖိုလ်ထက် ပိုလွန်ထူးခြားတဲ့ အခြားယဇ်ဆိုတာ မရှိတော့ပါဘူး၊ ဒါ့ကြောင့် အရဟတ္တဖိုလ်ဆိုတဲ့ အထွတ်နဲ့ပဲ ဒေသနာတော်ကို လက်စသတ်လိုက်တဲ့အတွက် ဒီအာသဝက္ခယဉာဏ်ထက် သာလို့ပိုလွန်တဲ့, သာလို့လွန်မြတ်တဲ့ အခြားပြည့်စုံသောယဇ်ဆိုတာ မရှိတော့ဘူး–ဆိုတဲ့ စကားကို မိန့်တော်မူရပါတယ်။

**ကူဋဒန္တပုဏ္ဏား ဥပါသကာဖြစ်ခြင်း**

မေးသမျှကို တစ်ဆင့်ပြီးတစ်ဆင့် ဖြေရှင်းပြတော်မူတဲ့ ဗုဒ္ဓမြတ်စွာရဲ့ စကားအဆုံးမှာ ကူဋဒန္တပုဏ္ဏားက ဆက်လက်လျှောက်ထားပြန်တယ်။

"အရှင်ဂေါတမ ! တရားတော်ဟာ အလွန်နှစ်သက်ဖွယ် ရှိပါတယ်၊ အရှင်ဂေါတမ ! တရားတော်ဟာ အလွန်နှစ်သက်ဖွယ် ရှိပါတယ်၊ အရှင်ဂေါတမ ! မှောက်ထားတာကို လှန်ပြလိုက်သလို, ဖုံးထားတာကို ဖွင့်လှစ်ပြလိုက်သလို, မျက်စိလည်လမ်းမှားနေသူအား လမ်းမှန်ကို ပြောပြလိုက်သလို, မျက်စိအမြင်

www.burmeseclassic.com

www.burmeseclassic.com



ရှိသူတွေက မြင်ကြရလိမ့်မယ်လို့ အမိုက်မှောင်ထဲမှာ မီးတုတ်ကြီးကို ညှိထွန်း ဆောင်ပြလိုက်သလို အရှင်ဂေါတမက အကြောင်းပေါင်းများစွာနဲ့ တရားကို ဟောပြတော်မူပါပေတယ်။

အရှင်ဂေါတမ ! အကျွန်ုပ်က အရှင်ဂေါတမကို ကိုးကွယ်ရာလို့ ဆည်းကပ်ပါတယ်၊ တရားတော်ကိုလဲ ကိုးကွယ်ရာလို့ ဆည်းကပ်ပါတယ်၊ သံဃာတော်ကိုလဲ ကိုးကွယ်ရာလို့ ဆည်းကပ်ပါတယ်၊ အရှင်ဂေါတမက အကျွန်ုပ်ကို ဒီနေ့ကစပြီး အသက်ထက်ဆုံး ကိုးကွယ်ဆည်းကပ်တဲ့ ဥပါသကာလို့ အသိအမှတ်ပြုတော်မူပါ။

အရှင်ဂေါတမ ! အကျွန်ုပ်က ယဇ်ပူဇော်ရအောင် ယဇ်တိုင်သို့ ပို့ဆောင်ထားတဲ့ နွားလား ၇-ရာ, နွားလားငယ် ၇-ရာ, နွားမငယ် ၇-ရာ, ဆိတ် ၇-ရာ, သိုး ၇-ရာတို့ကို လွှတ်ပါတယ်၊ အဲဒီသတ္တဝါတွေအား အသက်ချမ်းသာခွင့်ပေးပါတယ်၊ အဲဒီသတ္တဝါအကုန်လုံးပဲ စိမ်းစိုတဲ့မြက်တွေကို စားကြပါစေ၊ အေးမြတဲ့ရေတွေကို သောက်ကြပါစေ၊ အဲဒီသတ္တဝါတွေအား အေးမြတဲ့ လေပြေလေညင်းတွေက တိုက်ခတ်ကြပါစေ"။

**အနုပုဗ္ဗိကထာ**

ကူဋဒန္တပုဏ္ဏားရဲ့ စကားအဆုံးမှာ ဗုဒ္ဓမြတ်စွာက အနုပုဗ္ဗိကထာ(အစဉ်အတိုင်း ဟောပြောနေကျ စကားတော်)ကို ဟောတော်မူပါတယ်။

အဲဒီ အနုပုဗ္ဗိကထာဆိုတာဟာလဲပဲ ဒါနနဲ့စပ်တဲ့စကား, သီလနဲ့စပ်တဲ့စကား, နတ်ပြည်နဲ့စပ်တဲ့စကား, ကာမဂုဏ်တွေရဲ့အပြစ်ပြစကား ယုတ်ညံ့ပုံကိုပြတဲ့စကား ညစ်နွမ်းပုံကိုပြတဲ့စကား, ကာမဂုဏ်က ထွက်မြောက်ခြင်းမှာ အကျိုးကိုပြတဲ့စကား တွေပဲ ဖြစ်ပါတယ်။

**ဒါနကထာ** အဲဒီအထဲမှာ ပါလာတဲ့ ဒါနနှင့်စပ်သောစကားဆိုတာက ဒါနဆိုတာဟာ မျက်မှောက်, တမလွန်, နိဗ္ဗာန်တိုင်အောင်သော ချမ်းသာသုခတွေရဲ့အကြောင်း(နိဒါန) ဖြစ်ပါတယ်။

ဒါနဆိုတာဟာ လူ့စည်းစိမ်, နတ်စည်းစိမ် အကြိမ်ကြိမ်တို့ရဲ့ အရင်းမူလအစဖြစ်ပါတယ်။

ဒါနဆိုတာဟာ သုံးဆောင်ခံစားဖွယ်ရာ ၅-ဖြာအာရုံ ကာမဂုဏ်တို့ရဲ့ တည်ရာအကြောင်း(ပတိဋ္ဌာ)လဲ ဖြစ်ပါတယ်။

ဒီဒါနဆိုတာဟာ မညီမမျှ ဉာတိဗျသန အစရှိတဲ့ ဗျသန(ပျက်စီးခြင်း)သို့ ရောက်တဲ့ပုဂ္ဂိုလ်ကို စောင့်ရှောက်တတ်တဲ့တရား, ပျက်စီးခြင်းသို့ရောက်တဲ့ ပုဂ္ဂိုလ်ရဲ့ ပုန်းအောင်းရာ, လည်းလျောင်းရာ ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒီပစ္စုပ္ပန်လောက, တမလွန်လောကတွေမှာ ဒါနနှင့်တူတဲ့မှီရာ, တည်ရာ, ဆွဲကိုင်ရာ, စောင့်ရှောက်တတ်သောအရာ, ပုန်းအောင်းရာ, ရောက်သင့်ရာရယ်လို့ မရှိပါဘူး။

ဒါနဆိုတာဟာ သတ္တဝါတို့ အားထားမှီခိုရာ ဖြစ်နေတဲ့အတွက် ရတနာအတိ ပြီးတဲ့ သီဟာသနပလ္လင်နှင့် တူပါတယ်၊ တည်ရာဖြစ်နေတဲ့အတွက် မြေကြီးနှင့်လဲ တူပါတယ်၊ ဆွဲကိုင်စရာဖြစ်နေတဲ့အတွက် ကြိုးနှင့်လဲ တူပါတယ်။

ဒါနဟာ ဒုဂ္ဂတိဘဝ, ဆင်းရဲဒုက္ခတို့က ထုတ်ဆောင်တတ်တဲ့အတွက် လှေ သင်္ဘောနှင့်လဲ တူပါတယ်၊ လောဘရန်, မစ္ဆရိယ(ဝန်တိုမှု)ရန်တို့မှ လွန်စွာသက်သာ စေဝတ်တဲ့အတွက် စစ်မြေပြင်မှာ သူရဲကောင်းနှင့်လဲ တူပါတယ်။

[ ဒါနမရှိရင် လောဘကြီးပါတယ်၊ သူတစ်ပါးကိုလဲ ဝန်တိုတတ်ပါတယ်၊ ဒါနရှိသူကတော့ အရာရာ ပြည့်စုံနေတဲ့အတွက် လောဘကြီးစရာလဲ မလို၊ ဝန်တိုစရာလဲ မလို၊ အဲဒီ လောဘနှင့် ဝန်တိုမှုရန်သူတွေက သက်သာရာ ရပါတယ်၊ ဒါ့ကြောင့် စစ်မြေပြင်မှာ သူရဲကောင်းက ကိုယ့်ဘက်သားတို့ကို သက်သာရာရစေတာနှင့် တူပါတယ်။ ]

ဒါနဟာ လူနုံ့, လူမွဲ, လူဆင်းရဲအဖြစ်ဆိုတဲ့ဘေးမှ ထက်ဝန်းကျင်စောင့်ရှောက် တတ်တဲ့အတွက် ကောင်းစွာပြုပြင်ထားတဲ့မြို့နှင့် တူပါတယ်၊ မပေးရက်လို ဝန်တိုခြင်း ဆိုတဲ့ အညစ်အကြေး-စသည်တို့ရဲ့ လိမ်းကျံမှုကို မခံရတဲ့အတွက် ပဒုမာကြာနှင့်လဲ တူပါတယ်။

ဒါနဟာ အဲဒီ မစ္ဆေရအညစ်အကြေး-စသည်တို့ကို လောင်မြိုက်တတ်တဲ့အတွက် မီးနှင့်လဲ တူပါတယ်၊ မစ္ဆေရအညစ်အကြေး-စသည်တို့က မကပ်ရောက်နိုင်တဲ့အတွက် လျင်သောအဆိပ်ရှိတဲ့ မြွေနှင့်လဲတူပါတယ်၊ မထိတ်လန့်စေတတ်တဲ့အတွက် ခြင်္သေ့ နှင့်လဲ တူပါတယ်၊ [ ဒါနက ခြင်္သေ့နှင့်တူပါတယ်၊ ဒါနရှင်ကို မကြောက်ရွံ့ မထိတ် လန့်စေတတ်, ရဲရင့်စေတတ်ပါတယ်၊ ] အခြေအရုံ အားကောင်းတဲ့အတွက် ဆင်ပြောင် ကြီးနှင့်လဲ တူပါတယ်၊ အလွန်ကောင်းမြတ်တဲ့ မင်္ဂလာလို့ သမုတ်ထိုက်တဲ့အတွက် ဖြူဖွေးသော နွားလားဥသဘနှင့် တူပါတယ်၊ ဝိပတ္တိဘဝက သမ္ပတ္တိဘဝဆိုတဲ့ ဘေးရန် ကင်းရာ မြေအရပ်သို့ ရောက်စေတတ်တဲ့အတွက် ကောင်းကင်လွှားလွှား ပျံသွားနိုင်တဲ့ မြင်းပျံရတနာနှင့်လဲ တူပါတယ်။

မှန်ပါတယ်၊ ဒါနဟာ လောကမှာ သိကြားရဲ့စည်းစိမ်ကိုလဲ ပေးနိုင်ပါတယ်၊ မာရ်နတ်ရဲ့စည်းစိမ်ကိုလဲ ပေးနိုင်ပါတယ်၊ ဗြဟ္မာရဲ့စည်းစိမ်ကိုလဲ ပေးနိုင်ပါတယ်၊ စကြဝတေးမင်းရဲ့စည်းစိမ်ကိုလဲ ပေးနိုင်ပါတယ်၊ သာဝကပါရမီဉာဏ်ကိုလဲ ပေးနိုင်

www.burmeseclassic.com

www.burmeseclassic.com



ပါတယ်၊ ပစ္စေကဗောဓိဉာဏ်ကိုလဲ ပေးနိုင်ပါတယ်၊ အဘိသမ္ဗောဓိဉာဏ်(သဗ္ဗညုတဉာဏ်)ကိုလဲ ပေးနိုင်ပါတယ်။

ဒီလိုအစရှိတဲ့ ဒါနရဲ့ဂုဏ်နှင့်စပ်သော တရားစကားကိုလဲ ဟောပြတော်မူပါတယ်။

**သီလကထာ** အလှူဒါန ပေးလှူတဲ့ပုဂ္ဂိုလ်က သီလဆောက်တည်ရန်စွမ်းနိုင်တဲ့အတွက် ဒါနကထာရဲ့နောက်မှာ သီလကထာကို ဟောတော်မူပါတယ်။

ဒီသီလဆိုတာဟာ မှီရာလဲ ဖြစ်ပါတယ်၊ တည်ရာလဲ ဖြစ်ပါတယ်၊ ဆွဲကိုင်ရာလဲ ဖြစ်ပါတယ်၊ စောင့်ရှောက်တတ်တဲ့တရားလဲ ဖြစ်ပါတယ်၊ ပုန်းအောင်းရာလဲ ဖြစ်ပါတယ်၊ လည်းလျောင်းရာလဲ ဖြစ်ပါတယ်။

ဒီလောကစည်းစိမ်, တမလွန်စည်းစိမ်တွေရဲ့ သီလနှင့်တူတဲ့မှီရာ, တည်ရာ, ဆွဲကိုင်ရာ, စောင့်ရှောက်တတ်သောအရာ, လည်းလျောင်းရာဆိုတာ မရှိပါဘူး၊ သီလနှင့်တူတဲ့ တန်ဆာလဲ မရှိ၊ သီလပန်းနှင့်တူတဲ့ ပန်းလဲ မရှိ၊ သီလအနံ့နှင့်တူတဲ့ အနံ့လဲ မရှိ။

သီလဆိုတဲ့အဆင်တန်ဆာနှင့် ဆင်ယင်ထားတဲ့, သီလဆိုတဲ့ပန်းကို ပန်ဆင်ထားတဲ့, သီလဆိုတဲ့အနံ့နှင့် လိမ်းကျံထားတဲ့ ပုဂ္ဂိုလ်ကို နတ်နှင့်တကွသော သတ္တဝါအပေါင်းက ကြည့်ရှုလို့ တင်းတိမ်ခြင်းသို့ မရောက်နိုင်ပါဘူးတဲ့။

ဒီလို အစရှိတဲ့ သီလဂုဏ်နှင့်စပ်တဲ့ စကားကို ဟောပြောတော်မူပါတယ်။

ဒီနေရာမှာ သီလဂုဏ်နှင့်စပ်တဲ့ ဝတ္ထုကြောင်းတစ်ခုကို ထည့်သွင်းပြောပြပါ့မယ်။

### *ရှင်မဟာကဿပတွေ့ရပိဏ္ဍပါတဒီနဝတ္ထု

ဗုဒ္ဓမြတ်စွာက ရာဇဂြိုဟ်မြို့ ဝေဠုဝန်ကျောင်းတော်မှာ သီတင်းသုံးနေတော်မူပါတယ်၊ အဲဒီအချိန်မှာပဲ အရှင်မဟာကဿပက ပိပ္ပလိဂူမှာ ၇–ရက် နိရောဓသမာပတ်ဝင်စားနေတော်မူပါတယ်၊ နိရောဓသမာပတ်က ထတဲ့နေ့မှာပဲ ရာဇဂြိုဟ်မြို့မှာ အိမ်စဉ်အတိုင်း ဆွမ်းခံလှည့်လည်ရန် ထွက်ကြွလာပါတယ်။

တာဝတိံသာနတ်ပြည်မှာ သိကြားမင်းရဲ့ အလုပ်အကျွေးဖြစ်တဲ့ နတ်သမီး ၅၀၀–တို့က အဲဒီ နေ့မှာပဲ အရှင်မဟာကဿပအား ဆွမ်းလှူဒါန်းရန် ကြိုးစားအားထုတ်နေကြပါတယ်၊ အဆင်သင့် ပြင်ဆင်ထားတဲ့ ဆွမ်းခွက် ၅၀၀–တို့ကို

* ဓံ–႑–၁၊ ၂၆၈။

www.burmeseclassic.com

www.burmeseclassic.com



အသီးအသီး ယူလာကြပြီး လမ်းခရီးက ရပ်စောင့်နေကြပါတယ်၊ အရှင်မဟာကဿပ အနားကို ရောက်လာတဲ့အခါ ဆွမ်းလှူရပါမယ့်အကြောင်း တောင်းပန်လျှောက်ထား ကြပါတယ်။

"အရှင်ဘုရား ! ဒီဆွမ်းကို အလှူခံတော်မူပါ၊ တပည့်တော်တို့အား ချီးမြှောက်တော်မူပါ"။

"နင်တို့ သွားကြ၊ ငါက ဆင်းရဲနွမ်းပါးတဲ့သူတွေကို ချီးမြှောက်ရပေ လိမ့်မယ်"။

"အရှင်ဘုရား ! တပည့်တော်တို့ကို မဖျက်ဆီးပါနှင့်၊ တပည့်တော်တို့အား ချီးမြှောက်တော်မူပါ"။

နတ်သမီးတွေက ဘယ်လိုပင် တောင်းပန်နေပေမဲ့ အကြောင်းမထူးတော့ပါ၊ အရှင် မဟာကဿပက နောက်ထပ် ပယ်မြစ်တော်မူပြန်တယ်၊ နတ်သမီးများကလဲ ပြန်မသွားကြဘဲ နောက်ထပ် တောင်းပန်နေကြပြန်တယ်။

"နင်တို့ ကိုယ့်ပမာဏကို မသိကြဘူး၊ သွားကြတော့"။

အရှင်မဟာကဿပက ပြောလဲပြော လက်ဖျစ်လဲတီးလျက် နှင်လိုက်ပါတော့တယ်။

မထေရ်ရဲ့ လက်ဖျစ်တီးသံကို ကြားရတဲ့အခါ နတ်သမီးများ မထေရ်ရဲ့ ရှေ့တော်မှောက်မှာ ရပ်တည်မနေနိုင်ကြတော့ဘဲ နတ်ပြည်ကို ပြန်လာကြရပါ တော့တယ်။

သိကြားမင်းကလဲ မိမိရဲ့အလုပ်အကျွေး နတ်သမီးများကို လှမ်းမျှော်ကြည့်နေ ပါတယ်၊ အရေးမလှဘဲ သုတ်သီးသုတ်ပျာနဲ့ ပြန်လာကြရတဲ့ နတ်သမီးတွေကို တွေ့ရတဲ့အခါ သိကြားမင်းက လမ်းခရီးက ဆီးလို့မေးနေပါတော့တယ်။

"နင်တို့ ဘယ်ကိုသွားနေကြသလဲ ?"။

"နိရောဓသမာပတ်ကထလာတဲ့ ရှင်မဟာကဿပထေရ်ကို ဆွမ်းလှူရ အောင်လို့ သွားကြတာပါပဲ အရှင်မင်းမြတ် !"။

"ဒါဖြင့် သင်တို့က လှူခဲ့ကြရရဲ့လား ?"။

"ကျမတို့ရဲ့ဆွမ်းကို မခံယူလိုပါဘူး"။

"မထေရ်မြတ်က မင်းတို့ကို ဘယ်လိုပြောလွှတ်လိုက်သလဲ ?"။

"ငါက မရှိဆင်းရဲသူတွေကို ချီးမြှောက်ရလိမ့်မယ်လို့ ပြောလွှတ်လိုက် ပါတယ် အရှင်မင်းမြတ် !"။

www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့က ဘယ်လိုပုံပန်းသဏ္ဌာန်မျိုးနဲ့ သွားကြသလဲ ?"။

"အခုတွေ့ရတဲ့ ပုံပန်းသဏ္ဌာန်မျိုးနဲ့ သွားကြတာပါပဲ"။

"ဒီလိုပုံစံမျိုးနဲ့တော့ မင်းတို့လို အကောင်မတွေက ဘယ်လိုလုပ်ပြီး ဆွမ်းလှူရမှာတဲ့လဲ"။

သိကြားမင်းက နတ်သမီးတွေကို ပြောကြားပြီးတဲ့နောက် မိမိကိုယ်တိုင် ဆွမ်းလှူလိုတဲ့အတွက် ရက်ကန်းသည်တို့နေထိုင်ရာ လမ်းတစ်ခုကို ဖန်ဆင်းထားလိုက်ပါတယ်၊ မိမိက ရက်ကန်းသည်အဖိုးအိုကြီးသဏ္ဌာန် ဖန်ဆင်းပြီး သုဇာကိုတော့ အဖွားအိုသဏ္ဌာန် ဖန်ဆင်းခိုင်းထားပါတယ်၊ သူတို့ ၂-ယောက်လုံးမှာပဲ သွားတွေကလဲ မရှိတော့ပါ၊ ဆံပင်တွေကလဲ ဖွေးဖွေးဖြူနေကြပါတယ်၊ ခါးကလဲ ကုန်းနေတဲ့အပြင် ဘေးကိုပါ ကိုင်းညွတ်နေလိုက်ပါသေးတယ်။

နတ်သမီးများကို နှင်လွှတ်လိုက်ပြီးတဲ့နောက် အရှင်မဟာကဿပကလဲ ဆင်းရဲနွမ်းပါးသူတွေကို ချီးမြှောက်ရတော့မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ရာဇဂြိုဟ်မြို့ဘက်ကို ကြွလာနေပါတယ်၊ မြို့နားကို ရောက်လာတဲ့အခါ သိကြားမင်းဖန်ဆင်းထားတဲ့ ရက်ကန်းသည်လမ်းကို တွေ့ရပါတယ်၊ လမ်းထဲကို မဝင်မီ လှမ်းကြည့်လိုက်တဲ့အခါ ရက်ကန်းသည်အဖိုးကြီး ဇနီးမောင်နှံကို တွေ့နေရပါတယ်၊ အဲဒီအချိန်မှာ သိကြားမင်း (အဖိုးအို)က ရက်ကန်းရှယ်နေပါတယ်၊သုဇာက ရက်ဖောက်ကို ရောက်နေပါတယ်။

"ဒီလူအိုဇနီးမောင်နှံက ဒီအသက် ဒီအရွယ်ထိအောင် အလုပ်လုပ်နေကြတုန်းပဲ ရှိသေးတယ်၊ ဒီမြို့မှာ သူတို့ထက်ဆင်းရဲတဲ့ လူရယ်လို့ ရှိမယ်မဟုတ်တော့ပါဘူး၊ သူတို့လှူတဲ့ ယာဂုတစ်မှုတ်, ဟင်းရွက်တစ်ဆုတ်လောက်ကို ယူပြီး သူတို့အား ချီးမြှောက်မှုကို ပြုရတော့မယ်"။

ရှင်မဟာကဿပလဲ ဆင်ခြင်စဉ်းစားရင်း သူတို့အိမ်ဖက်ကို ကြွလာနေပါတယ်။

"ရှင်မရေ ! တို့အရှင်မြတ်တော့ ကြွလာနေပြီဟေ့၊ မင်းက မမြင်သယောင်ဟန်ဆောင်ပြီး တိတ်တိတ်ဆိတ်ဆိတ် အသာကလေးနေပါ၊ ခဏချင်း မထေရ်ကို လှည့်ပတ်ပြီး ဆွမ်းလှူကြစို့ရဲ့"။

သိကြားမင်းက မထေရ်ကြွလာတာကို တွေ့ရတဲ့အခါ သုဇာကို တိုးတိုးပြောလိုက်ပါတယ်၊ ရှင်မဟာကဿပကလဲ အိမ်တံခါးအနီးမှာ ရပ်နေတော်မူပါတယ်၊ သူတို့ကလဲ မမြင်သလို ကိုယ့်အလုပ်ကိုသာ လုပ်နေကြရင်း အနည်းငယ် ဆိုင်းငံ့နေကြပါတယ်၊ ထို့နောက် သိကြားမင်းက သုဇာကို လှမ်းပြောလိုက်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



"အိမ်တံခါးနားမှာ မထေရ်တစ်ပါး ရပ်နေဟန်တူတယ်၊ ဟုတ်သလား၊ မဟုတ်သလား သွားကြည့်စမ်းပါအုံး အမေကြီးရဲ့"။

"ကိုယ်တိုင်ပဲ သွားကြည့်လိုက်ပါတော့တော်၊ ကျုပ်လက်မအားသေးဘူး"။

သူဇာရဲ့ စကားကို ကြားရတဲ့အခါ သိကြားမင်းက ရက်ကန်းရှယ်နေရာက ထလာခဲ့ပါတယ်၊ မထေရ်ကို တည်ခြင်းငါးပါးနဲ့ ရှိခိုးလိုက်ပါတယ်၊ လက်နှစ်ဖက်နှင့် ဒူးကိုထောက်ကာ ညီးတွားထလာခဲ့ပါတယ်၊ အရှင်မြတ်က ဘယ်မထေရ်များ ဖြစ်ပါလိမ့်မလဲလို့ ပြောဆိုပြီး နောက်ကို အနည်းငယ်ဆုတ်လိုက်ပါတယ်၊ အလို ! မျက်စိတွေကလဲ အခိုးတွေထ အားနည်းလှပါဘိတယ်လို့ ပြောဆိုရင်း နဖူးပေါ်မှာ လက်ကိုတင်ထားလျက် ကြည့်လိုက်ပါတယ်။

"ဩော်– ဒုက္ခပါပဲ၊ တို့ရဲ့အရှင်မဟာကဿပမထေရ်မြတ်က ကြာတောင်းကြာမှ တို့အိမ်တံခါးဝကို ကြွရောက်လာပါပေတယ်၊ အိမ်မှာ လှူစရာ တန်းစရာလေး တစ်ခုခုမှ ရှိရဲ့လား အမေကြီးရဲ့"။

သိကြားမင်းရဲ့ စကားကို ကြားရတဲ့အခါ သူဇာက အထဲဝင်လိုက်၊ အပြင်ထွက်လိုက် ရှာဖွေသလိုလုပ်ပြီးမှ လှမ်းပြောလိုက်ပါတယ်။

"ရှိတယ်တော်"။

သူဇာရဲ့စကားကို ကြားရတဲ့အခါ သိကြားမင်းက အရှင်ဘုရား ! မကောင်းဘူး၊ ကောင်းတယ်ဆိုတာကို ကြံစည်စဉ်းစားမှု မပြုဘဲ တပည့်တော်တို့အား ချီးမြှောက်မှုကို ပြုတော်မူပါလို့ လျှောက်ထားပြီး သပိတ်ကို လှမ်းကိုင်လိုက်ပါတယ်။

ရှင်မဟာကဿပကလဲ သူတို့လှူတဲ့ဝတ္ထုဟာ ဟင်းရွက်မြုတ်ပဲဖြစ်ဖြစ်၊ ဆန်ကွဲ (ထမင်း)တစ်ဆုပ်ပဲဖြစ်ဖြစ်၊ သူတို့ကို ချီးမြှောက်ရတော့မယ် ဆိုတဲ့ သဘောထားနဲ့ သပိတ်ကို ပေးလိုက်ပါတယ်။

သပိတ်ကို ရသည်နှင့်တစ်ပြိုင်နက် သိကြားမင်းက အိမ်ထဲကို တန်းဝင်သွားပါတယ်၊ အိုးထဲကထမင်းကို ခူးခပ်ပြီး သပိတ်ပြည့်အောင် ထည့်ပါတယ်၊ အကုန်လုံး အဆင်ပြေအောင် လုပ်ကိုင်ပြီးမှ ယူလာပြီး မထေရ်ကို ဆက်ကပ်လိုက်ပါတယ်၊ အဲဒီဆွမ်းက များသောဟင်းလျာ ပါရှိနေတဲ့ဆွမ်း ဖြစ်ပါတယ်၊ မွှေးကြိုင်သင်းပျံ့ ဆွမ်းရဲ့အနံ့က ရာဇဂြိုဟ်တစ်မြို့လုံးကို ဖုံးလွှမ်းသွားပါတော့တယ်။

"ဒီလူဟာ လူပုံကတော့ ဂုဏ်သိရ်ဖျင်းယုတ် သေးနုတ်လှပေတယ်၊ ဆွမ်းကတော့ ဂုဏ်သရေရှိ ပုဂ္ဂိုလ်တွေရဲ့ အသုံးအဆောင်မျိုး ဖြစ်နေပါတယ်၊ သိကြားရဲ့အသုံးအဆောင်နှင့်သာ တူတော့တယ်၊ ဒီလူဟာ ဘယ်သူများ ဖြစ်ပါလိမ့်မလဲ ?"။

www.burmeseclassic.com

www.burmeseclassic.com



မထေရ်က စဉ်းစားဆင်ခြင်တဲ့အခါမှာ သိကြားဖြစ်နေကြောင်းကို သိမြင်တော်မူတဲ့အတွက် ပြစ်တင်စကား မိန့်ကြားတော်မူပါတယ်။

"ဆင်းရဲနွမ်းပါးသူတွေရဲ့ စည်းစိမ်ချမ်းသာကို လုယူဖျက်ဆီးတဲ့သင်ဟာ အင်မတန် ဝန်လေးတဲ့အလုပ်ကို လုပ်တာပဲ၊ ယနေ့ ငါ့အား အလှူဒါန ပေးလှူရလို့ရှိရင် ဆင်းရဲနွမ်းပါးသူ တစ်ဦးတစ်ယောက်က စစ်ဗိုလ်ချုပ်ရာထူးကိုပဲ ဖြစ်ဖြစ်, သူဌေးရာထူးကိုပဲဖြစ်ဖြစ် ရနိုင်လောက်ပေတယ်"။

"တပည့်တော်ထက် ဆင်းရဲတဲ့သူရယ်လို့ မရှိတော့ပါအရှင်ဘုရား !"။

"နတ်ပြည်မှာ နတ်မင်းစည်းစိမ်ကို ခံစားနေရတဲ့ သင်က ဘာ့ကြောင့် ဆင်းရဲရမှာတဲ့လဲ ?"။

"ဒါက ဒီလိုပါအရှင်ဘုရား !၊ တပည့်တော်ဟာ ဘုရားပွင့်တော်မမူခင် အချိန်က ကုသိုလ်ကောင်းမှုကို ပြုလာခဲ့ရပါတယ်၊ ဘုရားပွင့်တော်မူလာတဲ့ အချိန်အခါမှာ ကုသိုလ်ကောင်းမှုကို ပြုလုပ်လာကြတဲ့ စူဠရထနတ်သား, မဟာရထနတ်သား, အနေကဝဏ္ဏနတ်သား–ဆိုတဲ့ အဲဒီ ဂုဏ်ရည်တူနတ်သား သုံးယောက်တို့က တပည့်တော်နဲ့ နီးကပ်တဲ့ နေရာဌာနမှာ ဖြစ်လာကြပါတယ်၊ အဲဒီနတ်သား သုံးယောက်တို့က တပည့်တော်ထက် တန်ခိုးကြီးကြပါတယ်၊ အဲဒီနတ်သားတွေက ပွဲလမ်းသဘင် ပျော်ရွှင်ကစားရအောင်လို့ အလုပ်အကျွေးနတ်သမီးတွေကိုခေါ်ပြီး လမ်းမပေါ်ကို ထွက်လာကြတဲ့အခါမှာ တပည့်တော်က ပြေးပြီး အိမ်ထဲကို ဝင်နေရပါတယ်၊ သူတို့ရဲ့ကိုယ်က ထွက်လာတဲ့ တန်ခိုးအရှိန်အဝါက တပည့်တော်ရဲ့ကိုယ်ကို လွှမ်းခြုံသွားပါတော့တယ်၊ တပည့်တော်ရဲ့ ကိုယ်ကထွက်တဲ့ တန်ခိုးအရှိန်အဝါကတော့ သူတို့ရဲ့ကိုယ်ကို မလွှမ်းခြုံနိုင်ပါဘူး၊ ဒီတော့ တပည့်တော်ထက် ဆင်းရဲတဲ့ သူရယ်လို့ ဘယ်မှာရှိပါတော့မလဲဘုရား"။

"ဒါပေမဲ့ ဒီနေ့ကစပြီး ငါ့ကို လိမ်ညာလှည့်ပတ်လို့ အလှူဒါနကို မပေးလှူနှင့်တော့"။

"အရှင်ဘုရားတို့ကို လှည့်ပတ်လို့ အလှူဒါနကိုပေးလှူလို့ရှိရင် တပည့်တော်တို့မှာ ကုသိုလ်ရပါသလား ?"။

"ကုသိုလ်တော့ ရတာပါပဲ ဒကာရေ"။

"ဒီလိုသာ ဖြစ်ရိုးမှန်ရင် ကုသိုလ်ပြုခြင်းဆိုတာက တပည့်တော်တို့ရဲ့ တာဝန်ပါပဲဘုရား"။

www.burmeseclassic.com

www.burmeseclassic.com



သိကြားမင်းက မထေရ်မြတ်ကို လျှောက်ထားရှိခိုးပါတယ်၊ အရိုအသေပြုပါတယ်၊ ထို့နောက် သူ့ဇာကိုခေါ်ပြီး လမ်းတစ်လျှောက်လုံးမှာ ဥဒါန်းကျူးရင်း တာဝတိံသာသို့ ပြန်သွားနေပါတော့တယ်။

"ရှင်မဟာကဿပအား လှူရတာ တို့အလှူဟာ အမြတ်ဆုံးပဲ၊
ရှင်မဟာကဿပအား လှူရတာ တို့အလှူဟာ အမြတ်ဆုံးပဲ"၊

ဘုရားရှင်က ဝေဠုဝန်ကျောင်းတော်မှာ နေထိုင်ရင်းပဲ သိကြားမင်းရဲ့ ဥဒါန်းကျူးသံကို ကြားတော်မူပါတယ်၊ ဒါနဲ့ ရဟန်းတို့ကို အမိန့်ရှိပါတယ်။

"ရဟန်းတို့ ! ဥဒါန်းကျူးပြီး ကောင်းကင်ခရီးနဲ့သွားနေတဲ့ သိကြားနတ်မင်းကို သင်တို့ တွေ့ကြရဲ့လား ?"။

"ရှင်တော်မြတ်ဘုရား ! အဲဒီသိကြားက ဒီလိုဥဒါန်းကျူးရလောက်အောင် ဘယ်လိုကုသိုလ်တွေကို ဘယ်လိုများ လုပ်ခဲ့ပါသလဲ ?"။

"အဲဒီသိကြားမင်းက လှည့်ပတ်ပြီး ငါ့သားတော် ကဿပအား ဆွမ်းအလှူကို ပေးလှူခဲ့တယ်၊ အဲဒီလို ဆွမ်းလှူပြီးတဲ့နောက် ရွှင်လန်းဝမ်းမြောက်လှတဲ့အတွက် ဥဒါန်းကျူးရင်း သွားနေတယ်"။

"ရှင်တော်မြတ်ဘုရား ! ရှင်မဟာကဿပအား ဆွမ်းလှူသင့်တယ်ဆိုတာကို အဲဒီသိကြားမင်းက ဘယ်လိုလုပ် သိပါသလဲ ?"။

"ရဟန်းတို့ ငါ့သားတော်နဲ့တူတဲ့ ပိဏ္ဍပါတ်ဓုတင်ဆောင် ရဟန်းမျိုးကို နတ်တွေကလဲ ချစ်ခင်မြတ်နိုးကြတယ်၊ လူတွေကလဲ ချစ်ခင်မြတ်နိုးကြတာပါပဲ"။

ဘုရားရှင်က ရဟန်းတို့အား ရှင်းလင်းမိန့်ကြားတော်မူပြီး ကိုယ်တော်တိုင်လဲ ဥဒါန်းကျူးတော်မူပါတယ်"။

** ကိလေအပူ–မြူမရှိဘဲ , အမြဲသတိ–ရှိသည့်ပြင်၊
ကိုယ့်ကိုကိုယ်သာ–မွေးမြူကြလို့ , သူမမွေးရ–ကျင့်ဖြူစင်။
ပိဏ္ဍပါတ်ဓုတင်–အကျင့်မြတ်ကို , အမြဲဖြည့်တတ်–ရဟန်းရှင်၊
လောကစံကြို–မတုန်လှုပ်တော့ , နတ်လူအဟုတ်–လွန်ချင်ခင်။

"ရဟန်းတို့ ! သိကြားမင်းက ငါ့သားတော်ရဲ့ သီလအနံ့ကို ရတာနဲ့ လာရောက်ပြီး ဆွမ်းလှူခဲ့တာပဲ"။

ဥဒါန်းအဆုံးမှာ ရဟန်းတို့အား မိန့်ကြားတော်မူပြီးတဲ့နောက် တရားစကား မိန့်ကြားတော်မူပြန်တယ်။

www.burmeseclassic.com

www.burmeseclassic.com



** စန္ဒကူးနံ့သာ–အမျိုးဇာတ်နှင့် , တောင်ဇလပ်တို့–အနံ့မှာ၊
ဝေးနီးလေညာ–ဆန်မသွားလို့ , အလွန်နည်းပါး–လှသည်သာ။
သီလရှိသူ–ဂုဏ်နံ့များတော့ , လွန်စွာထူးခြား–မြတ်လှပါ၊
လူ့ဘုံနတ်ဘုံ–အကုန်လုံးပင် , ဝန်းကျင်လွှမ်းဖုံး–ပျံ့လှိုင်ဖြာ။

သီလရှိသူရဲ့ သီလနံ့ဟာ စန္ဒကူးနံ့ တောင်ဇလပ်ပန်းနံ့တို့လို နည်းပါးလှတာ မဟုတ်ပါဘူး၊ အလွန်ပင်မြင့်မြတ်လှပါတယ်၊ အလွန်ထူးခြားစွာ ပျံ့နှံ့လှပါတယ်၊ ဒါ့ကြောင့် လူ့ဘုံနတ်ဘုံ အကုန်လုံးမှာ ပျံ့လှိုင်နေပါတော့တယ်၊ လူ့ဘုံနတ်ဘုံ အကုန်လုံးကို လွှမ်းခြုံသွားပါတော့တယ်။

** မွှေးပျံ့သင်းထုံ–ပန်းနံ့များတို့ , လေထက်မသွား–လေအောက်သာ၊
ကြက်ရုံးစပယ်–တောင်ဇလပ်နှင့် , နံ့သာမျိုးဇာတ်–မထူးပါ။
သူတော်ကောင်းမှု–သီလနံ့ဖြင့် , ဝန်းကျင်အနှံ့–ပျံ့လှိုင်ဖြာ၊
ထို့ကြောင့်သူတော်–ဂုဏ်နံ့များက , လေဆန်တက်သွား–နိုင်ပေတာ။
စန္ဒကူးနံ့သာ–တောင်ဇလပ်နှင့် , ကြာညိုမျိုးဇာတ်–မြတ်လေးပါ၊
ဤသည့်နံ့သာ–ရှိသမျှထက် , သီလနံ့က–သာလွန်တာ။

တာဝတိံသာနတ်ပြည်မှာရှိတဲ့ ပင်လယ်ကသစ်ပင်ဟာ ယူဇနာတစ်ရာ ကျယ်ပြန့်ပါတယ်၊ အဲဒီ ပင်လယ်ကသစ်ပန်း အရောင်က ယူဇနာငါးဆယ်တိုင်အောင် သွားပါတယ်၊ ထိန်လင်းတောက်ပြောင်ပါတယ်၊ အနံ့က ယူဇနာတစ်ရာတိုင်အောင် သွားပါတယ်၊ အဲဒီပင်လယ်ကသစ်ပန်းရဲ့ အနံ့ကတောင်မှ လေအောက်ကိုသာ သွားပါတယ်၊ လေထက်ကိုတော့ လက်ရှစ်သစ်လောက်တောင်မှ မသွားနိုင်ပါ၊ ဒီလိုသဘောရှိတဲ့ ပန်းရဲ့အနံ့ကတောင်မှ လေထက်ကို မသွားနိုင်ပါရင် အခြားပန်းတွေရဲ့ အနံ့မှာ ပြောစရာပင် မရှိတော့ပါ။

အနှစ်နံ့သာတို့ထက် အမြတ်ဆုံးဖြစ်တဲ့ စန္ဒကူးနီရဲ့အနံ့, စပယ်ပန်းအနံ့, ကြက်ရုံးပန်းအနံ့, တောင်ဇလပ်ပန်းအနံ့တို့ကလဲ အလားတူပဲ လေအောက်ကိုသာ သွားနိုင်ကြပါတယ်၊ လေထက်ကိုကား မသွားနိုင်ကြပါ။

သူတော်ကောင်းကတော့ မိမိရဲ့ သီလအနံ့နဲ့ အရပ်မျက်နှာ အကုန်လုံးကိုပဲ လွှမ်းခြုံနိုင်ပါတယ်၊ ဒါ့ကြောင့် သူတော်ကောင်းတွေရဲ့ ဂုဏ်နံ့က လေထက်ကိုလဲ ရောက်နိုင်ပါတယ်၊ လေအောက်ကိုလဲ ရောက်နိုင်ပါတယ်။

ဒီလို အစရှိတဲ့ သီလရဲ့ ဂုဏ်နှင့်စပ်တဲ့စကားကို ဟောပြောတော်မူပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



**သဂ္ဂကထာ** ဒီသီလကို အမှီပြုလို့ နတ်ပြည်ကို ရနိုင်ပါတယ်–ဆိုတဲ့ သဘောကို ပြရအောင်လို့ သီလရဲ့နောက်မှာ နတ်ပြည်ရဲ့ဂုဏ်နှင့်စပ်တဲ့စကားကို ဟောတော်မူပါတယ်။

ဒီနတ်ပြည်ဆိုတာဟာ အလိုရှိသင့်တဲ့ ဌာနဖြစ်ပါတယ်၊ နှစ်သက်စရာကောင်းပါတယ်၊ မြတ်နိုးစရာကောင်းပါတယ်၊ အမြဲစည်းစိမ်ချမ်းသာကို ရနိုင်ပါတယ်။

စာတုမဟာရာဇ်ဘုံမှာ ဖြစ်တဲ့နတ်တွေဟာ နှစ်ပေါင်း ၉–သန်းတို့ပတ်လုံး နတ်၌ဖြစ်တဲ့ ကာယိကသုခ, စေတသိကသုခ, နတ်၌ဖြစ်တဲ့ စည်းစိမ်ချမ်းသာကို ရကြပါတယ်။

တာဝတိံသာဘုံမှာ ဖြစ်တဲ့နတ်တွေက နှစ်ပေါင်း ၃–ကုဋေ ၆–သန်းတို့ပတ်လုံး နတ်၌ဖြစ်သော စည်းစိမ်ချမ်းသာကို ရကြပါတယ်။

ဒီလိုအစရှိတဲ့ နတ်ပြည်ရဲ့ ဂုဏ်နှင့်စပ်ယှဉ်တဲ့ စကားကို ဟောပြောတော်မူပါတယ်၊ ဒါ ဟုတ်ပါတယ်၊ နတ်ပြည်ရဲ့ စည်းစိမ်ချမ်းသာကို ဟောတော်မူတဲ့အခါမှာ ဘုရားရှင်တို့ရဲ့ ခံတွင်းတော်ဟာ မလောက်မင ဖြစ်နေပါသတဲ့။

ထို့ကြောင့်ပင် "ရဟန်းတို့ ! ငါဘုရားက အကြောင်းပေါင်းများစွာနဲ့ (ပရိယာယ် အမျိုးမျိုးနဲ့) နတ်ပြည်နှင့်စပ်တဲ့ စကားကို ဟောတော်မူနိုင်တယ်"လို့ မိန့်ဆိုထားပါတယ်။

**ကာမဂုဏ်ရဲ့အပြစ်** ဒီလို သဂ္ဂကထာနဲ့ ဖြားယောင်းတော်မူပြီးတဲ့အခါ ဆင်ကို တန်ဆာဆင်ပြီးတဲ့နောက် ဆင်ရဲ့နှာမောင်းကို ဖြတ်ပစ်လိုက်သလို ဒီနတ်ပြည်လဲပဲ မမြဲဘူး၊ မခိုင်ခံ့ဘူး၊ ဒီနတ်ပြည်မှာ လိုလားတပ်မက်တဲ့ သဘောကို မပြုထိုက်၊ ဒီအနက်သဘောကို ပြရအောင်လို့ အပ္ပဿာဒါ ကာမာ ။ပ။ ဘိယျော အစရှိတဲ့နည်းနဲ့ ကာမဂုဏ်တွေရဲ့အပြစ် ယုတ်ညံ့ပုံနှင့် ညစ်နွမ်းပုံတို့ကို ဟောတော်မူပါတယ်။

ဝတ္ထု, ကိလေသာ နှစ်ဖြာသောကာမတွေဟာ အနည်းငယ်မျှသာ သာယာဖွယ် ရှိကြပါတယ်၊ များသောဒုက္ခ ရှိကြပါတယ်၊ များသောပင်ပန်းခြင်း ရှိကြပါတယ်၊ ဒီဝတ္ထု, ကိလေသာ နှစ်ဖြာသောကာမတို့မှာ အပြစ်တွေက များလှပါတယ်။

**ရဟန်းအဖြစ်၌အကျိုး** ဒီလို ကာမတွေရဲ့ အပြစ်နဲ့ ခြိမ်းခြောက်တော်မူပြီးနောက် ကာမကထွက်မြောက်ကြောင်းဖြစ်တဲ့ ရဟန်းအဖြစ်မှာ အာနိသင်(အကျိုးဂုဏ်)ကို ပြတော်မူပါတယ်။

ဗုဒ္ဓမြတ်စွာက ကူငှဒဏ္ဍပုဏ္ဏားမှာ သင့်တော်တဲ့ နူးညံ့တဲ့စိတ်, အပိတ်အပင် အဆီးအတား(နီဝရဏ)ကင်းတဲ့စိတ်, တက်ကြွတဲ့စိတ်, ယုံကြည်တဲ့စိတ် ရှိလာပြီလို့

www.burmeseclassic.com

www.burmeseclassic.com



သိတော်မူတဲ့အခါ ဆင်းရဲခြင်း(ဒုက္ခ), ဆင်းရဲကြောင်း(သမုဒယ), ဆင်းရဲချုပ်ရာ (နိရောဓ), ဆင်းရဲချုပ်ရာသို့ရောက်ကြောင်းလမ်းစဉ်(မဂ္ဂ)ဆိုတဲ့ ကိုယ်တော်တိုင် ဉာဏ်နဲ့ထုတ်ယူထားတဲ့ (သာမုက္ကံသိက)တရားဒေသနာတော်ကို ပြတော်မူပါတယ်။

အဲဒီအချိန်မှာ ကူဠဒန္တပုဏ္ဏားက သစ္စာလေးပါးကို ထိုးထွင်းသိမြင်ပြီး သောတာပတ္တိမဂ်, သောတာပတ္တိဖိုလ်ကို ရရှိသွားပါတယ်။

**ကူဠဒန္တပုဏ္ဏား ဆွမ်းကျွေး**

"အရှင်ဂေါတမ ! ရဟန်းသံဃာနှင့်အတူ နက်ဖန်အတွက် အကျွန်ုပ်ရဲ့ ဆွမ်းကို အလှူခံတော်မူပါ"။

တရားထူးကို ကိုယ်တိုင်သိမြင်ရရှိပြီးတဲ့ ကူဠဒန္တပုဏ္ဏားက ဘုရားရှင်ကို ဆွမ်းစားပင့်ပြီး အိမ်ကို ပြန်သွားပါတယ်။

ကူဠဒန္တပုဏ္ဏားက နောက်နေ့ကျတော့ မိမိရဲ့ယဇ်ဝင်းမှာ မွန်မြတ်တဲ့ ခဲဖွယ်ဘောဇဉ်တွေကို စီမံထားပါတယ်၊ ထို့နောက် ဆွမ်းပြင်ဆင်ပြီးဖြစ်ကြောင်းကို ဘုရားရှင်ထံ သွားရောက်လျှောက်ထားစေပါတယ်။

ဘုရားရှင်က ကူဠဒန္တပုဏ္ဏားရဲ့ယဇ်ဝင်းသို့ ကြွတော်မူလာပြီး ပြင်ထားတဲ့ နေရာမှာ ရဟန်းသံဃာနှင့်အတူ ထိုင်နေတော်မူပါတယ်။

ကူဠဒန္တပုဏ္ဏားက ဘုရားအမှူးရှိတဲ့ သံဃာတော်ကို မွန်မြတ်တဲ့ ခဲဖွယ်ဘောဇဉ်နဲ့ ရောင့်ရဲသည်တိုင်အောင်, တားမြစ်ရသည်တိုင်အောင် ကိုယ်တိုင်လုပ်ကျွေးပါတယ်။

ဘုရားရှင်ဆွမ်းဘုဉ်းပေးပြီးတဲ့အခါ ကူဠဒန္တပုဏ္ဏားက နိမ့်တဲ့နေရာတစ်ခုကို ယူပြီး သင့်တော်ရာက ထိုင်နေပါတယ်။

ဘုရားရှင်က ကူဠဒန္တပုဏ္ဏားအား ဆွမ်းအနုမောဒနာတရား ဟောတော်မူပြီး ပြန်ကြွလာပါတယ်။

ကူဠဒန္တသုတ်ကတော့ ဒီမှာပဲ ပြီးဆုံးသွားပါတယ်၊ ဒါနဲ့ တရားပွဲကို သိမ်းကြစို့ရဲ့၊ အခုညနေပိုင်းမှာတော့ အဆင့်ဆင့် ကိစ္စနည်းပါး, အကျိုးကြီးမားတဲ့ အလှူအမျိုးမျိုးကို ကြားနာကြရသည်အားလျော်စွာ တရားနာပရိသတ်အပေါင်း သူတော်ကောင်းတွေကလဲ အဆင့်ဆင့် ကိစ္စနည်းပါး, အကျိုးကြီးမားတဲ့ အလှူတွေကို ပြုလုပ်ကြလို့ ကိုယ်စီကိုယ်ငနိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ကြပါစေသတည်း။

www.burmeseclassic.com

www.burmeseclassic.com



# ၃–ကံအကြောင်း သိကောင်းစရာ

**ကံအကြောင်းဟောရန် လျှောက်တောင်းပန်**

တစ်နေ့မှာ ဦးရာကျော်နှင့် ကွယ်လွယ်ရွာမှလူကြီးများ, ဦးအင်ဖားနှင့် ဘာသာရေးကိုစိတ်ဝင်စားကြသော မြောင်းမြို့မှလူကြီးများက ဦးရာကျော်တို့အိမ်မှာ စုဝေးညှိနှိုင်းတိုင်ပင်ကြသည်၊ လူ ပေါင်း ၄၀–ခန့် ရှိနေသည်။

ယခုနှစ်ဝါတွင်းမှာ ဆရာတော်ဦးဓမ္မိကထံမှ ကံအကြောင်းနှင့်စပ်တဲ့ တရားကို နာယူကြရန် ဆုံးဖြတ်ကြသည်၊ သို့ဖြင့် ဦးရာကျော်ကို ခေါင်းဆောင်လုပ်ပြီး ဓမ္မိကာရုံကျောင်းတိုက်သို့ ထွက်လာကြသည်၊ ဆရာတော်ကို ဝပ်ချပြီး နေသားတကျ ထိုင်မိကြသောအခါ ဦးရာကျော်ကပင် လျှောက်ထားပါသည်။

"ဆရာတော်ဘုရား ! ယခုနှစ် လာမယ့်ဝါတွင်း ဥပုသ်နေ့တွေမှာ တပည့်တော်တို့အား ကံအကြောင်းနှင့်စပ်လျဉ်းလို့ ကျယ်ကျယ်ပြန့်ပြန့် ဟောကြားချီးမြှင့်တော်မူပါ"။

"ဟင် ! ဖြစ်ပါ့မလား ဒကာကြီး၊ အပြောခက်, အမှတ်ခက် ဖြစ်နေကြလိမ့်မယ် ထင်တယ်၊ ဒကာကြီးတို့က ဘာ့ကြောင့် ကံတရားကိုမှ နာလိုကြရသလဲ ?"။

"တပည့်တော်တို့ ဗုဒ္ဓဘာသာဝင် ပုဂ္ဂိုလ်တွေဟာ ကမ္မဝါဒီပုဂ္ဂိုလ်တွေဖြစ်ကြပါတယ်၊ ကမ္မဝါဒီဖြစ်ရက်သားနဲ့ ကံအကြောင်းကိုမှ နားမလည်ဘူးဆိုပါရင် ဗုဒ္ဓဘာသာဝင်ဖြစ်ရကျိုး နပ်မယ်မထင်ပါ၊ ဒါ့ကြောင့် တပည့်တော်တို့က ကံတရားကို နာလိုကြတာဖြစ်ပါတယ်"။

"ဒကာကြီးပြောတာ မှန်ပါတယ်၊ ဒီတော့ ဘုန်းကြီးကလဲ ကြိုးစားပြီးပြောပေးပါ့မယ်၊ ဒကာကြီးတွေ အကုန်လုံး နားလည်ရမယ်ဆိုတာကိုတော့ ဘုန်းကြီးက တာဝန်မယူနိုင်ဘူး"။

"ဒါက ဆရာတော်ရဲ့တာဝန် မဟုတ်ပါ၊ ပြည့်ပြည့်စုံစုံ ဟောပြောမှုကသာ ဆရာတော်ရဲ့တာဝန် ဖြစ်ပါတယ်၊ ဒီလူစုထဲမှာ ဗုဒ္ဓစာပေကို အတော်အသင့်လေ့လာဘူးတဲ့ ပုဂ္ဂိုလ်တွေလဲ ပါနေပါတယ်၊ တပည့်တော်တို့က ဆရာတော်ဟောပြောသမျှကို အသံဖမ်းယူထားပါ့မယ်၊ ပြီးတော့ကာ တပည့်တော်တို့အိမ်မှာတစ်လှည့် ဦးအင်ဖားတို့အိမ်မှာတစ်လှည့် ကက်ဆက်ဖွင့်ပြီး စုဝေးနာယူကြပါ့မယ်၊

www.burmeseclassic.com

www.burmeseclassic.com



နားမရှင်းဘူးထင်တဲ့နေရာမှာ ကက်ဆက်ကိုပိတ်ထားပြီး ဆရာကြီးတွေနှင့် အကျေအလည် ဆွေးနွေးသွားပါ့မယ်၊ ဒီလို ထပ်ကာထပ်ကာ ကြိုးစားကြလို့ရှိရင် တပည့်တော်တို့ရဲ့တာဝန် ကျေလိမ့်မယ်ထင်ပါတယ်"။

"ဒါဖြင့်ရင် အခုကဆုန်လပြည့်ဆိုတော့ စာကြည့်ချိန် အတော်လေးရပါ လိမ့်မယ်၊ ဝါဆိုလပြည့်နေ့ကစပြီး လပြည့်နေ့၊ လကွယ်နေ့တိုင်း နေ့ ၁-နာရီ အချိန်ကစပြီး ဟောပြောပေးသွားပါ့မယ်၊ ကျေနပ်ကြရဲ့လား ?"။

"ကျေနပ်ကြပါတယ်ဘုရား"။

ဒကာများက ပြိုင်တူလျှောက်ထားကြပြီး ဆရာတော်ကို ဝပ်ချကာ ဓမ္မိကာရုံကျောင်း တိုက်က ထွက်လာကြပါတယ်။

ဝါဆိုလပြည့်နေ့-

ကံ စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ၊ စေတယိတွာ ကမ္မံ ကရောတိ ကာယေန ဝါစာယ မနသာ။ [ အံ-၂၊ ၃၆၃။ ] ကံဆိုတာဟာ စေတနာပါပဲ၊ စေတနာ ကိုပဲ ကံလို့ ခေါ်ပါတယ်၊ စေတနာနဲ့ တိုက်တွန်းနှိုးဆော်လို့ ကိုယ်နဲ့လဲ လုပ်တတ် ပါတယ်၊ နှုတ်နဲ့လဲ ပြောတတ်ပါတယ်၊ စိတ်နဲ့လဲ ကြံစည်တတ်ပါတယ်။

အဲဒီလို ကိုယ်နဲ့လုပ်တဲ့ အလုပ်ကိုတော့ ကာယကံလို့ ခေါ်ပါတယ်၊ နှုတ်နဲ့ ပြောတာကိုတော့ ဝစီကံလို့ ခေါ်ပါတယ်၊ ကိုယ်နှုတ်မပါ စိတ်နဲ့ကြံစည်တာကိုတော့ မနောကံလို့ ခေါ်ပါတယ်။

အဲဒီကာယကံ, ဝစီကံ, မနောကံ ဆိုတာဟာလဲပဲ ကောင်း, မကောင်း ၂-မျိုး ရှိနေကြပါတယ်၊ ကောင်းတာက ကုသိုလ်, မကောင်းတာက အကုသိုလ် ဖြစ်ပါတယ်၊ အဲဒီ ကောင်းတဲ့ကိုယ်မှု နှုတ်မှု စိတ်မှု, မကောင်းတဲ့ကိုယ်မှု နှုတ်မှု စိတ်မှု(ကုသိုလ်, အကုသိုလ်)တွေဟာ စေတနာမပါရင် ကမ္မပထမမြောက်နိုင်, မအောင်မြင်နိုင်ပါဘူး၊ စေတနာပါမှသာ ကမ္မပထမြောက်နိုင်ပါတယ်၊ အောင်မြင်နိုင်ပါတယ်၊ ကာယကံ, ဝစီကံ, မနောကံနှင့်ဆိုင်တဲ့အကျိုးကို ပေးတတ်ပါတယ်၊ စေတနာမပါဘဲ လုပ်မိ ကိုင်မိ, ပြောမိဆိုမိက အကျိုးမပေးနိုင်တော့ပါ။

အဲဒီ ကုသိုလ်, အကုသိုလ် ၂-မျိုးထဲက အကုသိုလ်ကံကြောင့်-

၁။ ငရဲမှာလဲ ဖြစ်ရတတ်ပါတယ်၊
၂။ တိရစ္ဆာန်အမျိုးဇာတ်တွေမှာလဲ ဖြစ်ရတတ်ပါတယ်၊
၃။ ပြိတ္တာ(အစိမ်းသူရဲ)လဲ ဖြစ်ရတတ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကုသိုလ်ကံကြောင့်–

၁။ လူ့ဘုံမှာ ဖြစ်ရတတ်ပါတယ်၊

၂။ နတ်ပြည်မှာ ဖြစ်ရတတ်ပါတယ်။

ဗုဒ္ဓမြတ်စွာကလဲ ကံတွေရဲ့ ထူးခြားချက်ရယ်လို့–

၁။ ငရဲမှာ အကျိုးခံစားရမယ့်ကံ၊

၂။ တိရစ္ဆာန်အမျိုးမှာ အကျိုးခံစားရမယ့်ကံ၊

၃။ ပြိတ္တာတို့ရဲ့ဖြစ်ရာမှာ အကျိုးခံစားရမယ့်ကံ၊

၄။ လူ့ဘုံမှာ အကျိုးခံစားရမယ့်ကံ၊

၅။ နတ်ပြည်မှာ အကျိုးခံစားရမယ့်ကံ။

ဒီလို ခွဲခြားဟောပြထားပါသေးတယ်။

ဒီတော့ ဒီဘဝက စုတေမနေ သေသွားလို့ရှိရင် ကောင်းမှုကုသိုလ်ကံရဲ့အကျိုးကို ခံစားရမည့်သူက လူ့ပြည်၊ နတ်ပြည်မှာဖြစ်မယ်၊ မကောင်းမှုအကုသိုလ်ကံရဲ့အကျိုးကို ခံစားရမယ့်သူက ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာဆိုတဲ့ နေရာဌာနတွေမှာ ဖြစ်ရမယ်၊ ဒီလို အကြမ်းစားအနေနဲ့ မှတ်သားသင့်ပါတယ်။

ကံအကြောင်းကို ပြောတဲ့အခါ အခြေခံရထားနှင့်အောင် ပထမအဆင့်အနေနဲ့ အဘိဓမ္မတ္ထသင်္ဂြိုဟ်ကျမ်းမှာ ပြထားတဲ့ ကံတွေကိုပဲ ဦးစွာပြောပြပါ့မယ်၊ အချို့နေရာတွေမှာတော့ အနည်းငယ် ထပ်သွားပါလိမ့်မယ်။

**ကိစ္စဘေဒ**

အဲဒီကံဟာ ကိစ္စနှင့်စပ်လို့ ဇနကကံ၊ ဥပတ္ထမ္ဘကကံ၊ ဥပပီဠကကံ၊ ဥပဃာတက ကံရယ်လို့ ၄–ပါးရှိပါတယ်။

**ဇနကကံ** အဲဒီအထဲမှာပါလာတဲ့ ဇနကကံဆိုတာက ဖြစ်စေတတ်တဲ့ သဘောပါပဲ၊ [ ဇနေတီတိ–ဇနကံ၊ ] ဘာကို ဖြစ်စေတတ်သလဲဆိုတော့ ပဋိသန္ဓေ အခါမှာ ဝိပါက်စိတ်၊ စေတသိက်၊ ကမ္မဇရုပ်ကလာပ်ကိုလည်း ဖြစ်စေတတ်ပါတယ်၊ နတ်ပြည်မှာ နတ်တွေရဲ့ ဘုံဗိမာန်များ၊ ငရဲပြည်မှာ သင်ခုန်းစက်–စတဲ့ ကမ္မပစ္စယ ဥတုဇရုပ်များကိုလဲ ဖြစ်စေပါတယ်။

ပဝတ္တိအခါမှာ ပဉ္စဝိညာဉ်၊ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏ၊ တဒါရုံ–စတဲ့ နာမ်ဝိပါက် များနှင့် ကမ္မဇရုပ်တွေကို ဖြစ်စေပါတယ်။

အကုသိုလ်ကံကြောင့် နဂါး၊ ဂဠုန်၊ ဆင်၊ မြင်း–စသည် ဖြစ်နေရပေမဲ့ ပဝတ္တိ အခါမှာ လုပတဲ့အဆင်းနှင့် ဘုံဗိမာန်–စသည်တို့ကို ရရှိအောင် ပဝတ္တိကုသိုလ် ဇနကကံက စီမံနိုင်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကုသိုလ်ကံကြောင့် လူဖြစ်နေရပေမဲ့ ပဝတ္တိအခါမှာ မလှမပ အကျည်းတန် အရုပ်ဆိုးတွေဖြစ်အောင်, ဝေမာနိကပြိတ္တာတွေလို နေ့ဘက်မှာ ချမ်းသာသုခခံစားရပေမဲ့ ညဘက်မှာ ဆင်းရဲဒုက္ခခံစားရအောင် ဇနကကံက စီမံနိုင်ပါတယ်။

ကမ္မပထမြောက်တဲ့ ဇနကကံက ပဋိသန္ဓေအကျိုး, ပဝတ္တိအကျိုး ၂–မျိုးလုံးကို ပေးနိုင်တယ်၊ ကမ္မပထမမြောက်တဲ့ ဇနကကံက ပဝတ္တိအကျိုးကိုသာ ပေးနိုင်တယ်၊ ဒါက လယ်တီဆရာတော်ဘုရားရဲ့ အယူအဆဖြစ်ပါတယ်။

ဇနကကံက ပဋိသန္ဓေကျိုးကိုသာ ဖြစ်စေနိုင်ပါတယ်၊ ပဝတ္တိကျိုးကို မဖြစ်စေနိုင်ပါ၊ ဒီလိုလဲ မိန့်ဆိုကြပါသေးတယ်။ [ အ–ဌ–၂၊ ၁၈၉။ ]

**ဥပတ္ထမ္ဘကကံ** ဇနကကံနှင့် ဇနကကံကြောင့်ဖြစ်တဲ့ အကျိုးကို ထောက်ပံ့ကူညီတတ်တဲ့ ကုသိုလ်, အကုသိုလ် စေတနာကို ဥပတ္ထမ္ဘကကံလို့ ခေါ်ပါတယ်။

သေခါနီးကာလမှာ ကုသိုလ်ဇောစောရင် နောက်ဘဝမှာ ကုသိုလ်ကံအကျိုးပေးခွင့် ရပါတယ်၊ အကုသိုလ်ဇောစောရင် အကုသိုလ်ကံအကျိုးပေးခွင့် မရဏာသန္န ကုသိုလ်, အကုသိုလ်ဇောများက ကိုယ်တိုင်အကျိုးမပေးကြဘဲ ရေလာမြောင်းပေး ဆိုသလို အခြားကံများ အခွင့်ရအောင် ထောက်ပံ့ကူညီရုံမျှသာ ဖြစ်ကြပါတယ်။

ပဝတ္တိအခါမှာလဲပဲ ကုသိုလ်တရားတွေကို များစွာပြုလုပ်နေမယ်ဆိုရင် အဲဒီ ကုသိုလ်တွေက ထောက်ပံ့ကူညီတဲ့အတွက် ရှေးကုသိုလ်တွေ အကျိုးပေးခွင့်ရကြပါတယ်၊ အကုသိုလ်အများအပြား ပြုလုပ်နေရင်လဲ အဲဒီအကုသိုလ်ကံတွေက အခွင့်ရအောင် ထောက်ပံ့ကူညီတဲ့အတွက် ရှေးရှေးအကုသိုလ်ကံတွေက အကျိုးပေးခွင့် ရကြပါတယ်။

ဇနကကံကြောင့် ဖြစ်နေတဲ့ကောင်းကျိုး, မကောင်းကျိုးတွေကို ကြာရှည်စွာ တည်တံ့ခိုင်မြဲအောင်လဲ ဥပတ္ထမ္ဘကကံက ထောက်ပံ့ကူညီတတ်ပါတယ်၊ ကုသိုလ် ဇနကကံကြောင့် လူနတ်ခန္ဓာအစဉ်, အကုသိုလ်ဇနကကံကြောင့် တိရစ္ဆာန်ခန္ဓာ အစဉ်ကို ရရှိလာရာ ယင်းခန္ဓာအစဉ် တည်မြဲအောင် အသက်သိက္ခာ ဂုဏ်ဝါကြီးသူ တို့အား ရိုသေလေးစားမှု–စတဲ့ ကုသိုလ်ဥပတ္ထမ္ဘကကံများက အသက်ရဲ့ ဘေးအန္တရာယ်ကို ကာကွယ်ပေးတတ်ပါတယ်၊ အသက်ရှည်ကြောင်း ဆေးဝါးကောင်းတွေကို မှီဝဲခွင့်ရအောင်လဲ ထောက်ပံ့ကူညီတတ်ပါတယ်။

အကုသိုလ်ဇနကကံကြောင့် နဂါး, ဂဠုန်–စတဲ့ ခန္ဓာအစဉ်ကို ရရှိလာကြရာ ပဝတ္တိအခါမှာ ရှေးကပြုခဲ့ဖူးတဲ့ ကုသိုလ်ဥပတ္ထမ္ဘကကံရဲ့ ကူညီထောက်ပံ့မှုကြောင့်

www.burmeseclassic.com

www.burmeseclassic.com



တန်ခိုးအာနုဘော်ကြီးခြင်း-စတဲ့ အကျိုးတွေကို ရရှိလာပါတယ်၊ ဒါဟာ ကုသိုလ် ဥပတ္ထမ္ဘကကံက အကုသိုလ်ဇနကကံကြောင့်ဖြစ်တဲ့ ရုပ်နာမ်ခန္ဓာအစဉ်ကို ထောက်ပံ့တာ ဖြစ်ပါတယ်။

ကုသိုလ်ဇနကကံကြောင့် ဝိနိပါတိက အသုရာခန္ဓာအစဉ်ကို ရရှိလာရာ ပဝတ္တိအခါ ရေးကပြုဖူးတဲ့အကုသိုလ်ဥပတ္ထမ္ဘကကံရဲ့ ကူညီထောက်ပံ့မှုကြောင့် ကြာမြင့်စွာ ဆင်းရဲခံရခြင်း-စသော အလိုမရှိသင့်တဲ့ အကျိုးတွေကို ရရှိလာပါတယ်၊ ဒါကတော့ အကုသိုလ်ဥပတ္ထမ္ဘကကံက ကုသိုလ်ဇနကကံကြောင့်ဖြစ်တဲ့ ရုပ်နာမ်ခန္ဓာအစဉ်ကို ထောက်ပံ့တာပဲ ဖြစ်ပါတယ်။

**ဥပပီဠကကံ** တစ်ပါးသောကံနှင့် တစ်ပါးသောကံကြောင့်ဖြစ်တဲ့ အကျိုးအစဉ်ကို ဆုတ်ယုတ်လျော့ပါး ညှိုးနွမ်းသိမ်ငယ်သွားအောင် နှောင့်ယှက်ဖိစီးနှိပ်စက်တတ်တဲ့ ကုသိုလ်, အကုသိုလ်စေတနာကိုပဲ ဥပပီဠကကံလို့ ခေါ်ပါတယ်။

ယင်းသို့ ဖိစီးနှိပ်စက်ရာမှာ အခြားကံက အကျိုးပေးခွင့်မရအောင် တားမြစ်တာမျိုးလဲ ရှိပါတယ်၊ အိပ်ရာဝင် အိပ်ရာထမှာ ဘုရားရှိခိုး, မေတ္တာပို့, ကမ္မဋ္ဌာန်းထိုင်-စတဲ့ ကုသိုလ်တွေက အခြားအကုသိုလ်ကံတွေ အကျိုးပေးခွင့်မရအောင် ဖိစီးနှိပ်စက်တာမျိုး, ယခုကာလမှာ ဆရာမိဘကို ပြစ်မှားမှု, သူတော်သူမြတ်တွေကို ပြစ်မှားမှု-စသည်တို့က အခြားကုသိုလ်ကံတွေ အကျိုးပေးခွင့် မရအောင် ဖိစီးနှိပ်စက်တာမျိုး-စတဲ့ဟာတွေပဲ ဖြစ်ပါတယ်။

အခြားကံတွေ အကျိုးပေးခွင့်ရနေပြန်ရင် အကျိုးပေးမထက်သန်အောင် တားမြစ်နှိပ်စက်တာမျိုးလဲ ရှိပါတယ်၊ ပင်ကိုယ်က မျက်စိနားနှာ အင်္ဂါစုံညီတဲ့လူ့ဘဝကို ပေးနိုင်ပေမဲ့ အကုသိုလ်ဥပပီဠကကံရဲ့ တားမြစ်နှိပ်စက်မှုကြောင့် သန္ဓေကန်း-စတဲ့ အကျိုးကိုသာ ပေးရတာမျိုး, အဇာတသတ်မင်းရဲ့ ဘခမည်းတော်ကိုသတ်မှု အကုသိုလ်ကံက အဝီစိတိုင်အောင် အကျိုးပေးနိုင်ပေမဲ့ ဘုရားရှင်နှင့် ဘုရားရှင်ရဲ့ သာသနာတော်ကို ကြည်ညိုတဲ့ကုသိုလ်ကံတွေက တားမြစ်နှိပ်စက်တဲ့အတွက် အဝီစိရဲ့ အရံဖြစ်တဲ့ ဥဿဒငရဲငယ်မှာသာ အကျိုးပေးတာမျိုးတွေပဲ ဖြစ်ပါတယ်။

ကံတစ်ပါးက ပေးထားတဲ့ အကျိုးဝိပါက်အစဉ်ကို မစည်ပင်အောင်, ကြာရှည်လေးမြင့် မတည်နိုင်အောင် နှိပ်စက်တာမျိုးလဲ ရှိပါတယ်။

ကုသိုလ်ဇနကကံကြောင့် လူ့ခန္ဓာကို ရရှိထားစေကာမူ ပဝတ္တိအခါမှာ အကုသိုလ်ကံရဲ့ နှိပ်စက်မှုကြောင့် ရောဂါအနာထူပြောခြင်း, ဆွေမျိုး ဂုဏ်သိန် စည်းစိမ်ရာထူးများ ပျက်ပြားလို့ စိတ်မကြည်မသာဖြစ်ခြင်း-စသည်ကတော့ ကုသိုလ်ကံရဲ့ အကျိုးကို အကုသိုလ်ကံက နှိပ်စက်တာပဲ ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒီလိုအကုသိုလ်ဆိုင်ရာကို ကုသိုလ်ကံက နှိပ်စက်ပုံ၊ ကုသိုလ်ဆိုင်ရာကို အကုသိုလ်ကံက နှိပ်စက်ပုံတွေကိုသာ ကျမ်းဂန်တွေမှာ ပြဆိုထားပေမဲ့ အကုသိုလ်ကံကြောင့်ဖြစ်တဲ့ အကျိုးဝိပါက်အစဉ်ကို အကုသိုလ်ကံကပဲ ထပ်မံနှိပ်စက်တာမျိုးလဲ ရှိပါသေးတယ်၊ အကုသိုလ်ကြောင့်ဖြစ်ရတဲ့ ခွေးခန္ဓာမှာ အစာငတ်လို့ ခွေးပိန်ခွေးနာ ဖြစ်အောင် အကုသိုလ်ကံတစ်မျိုးက နှိပ်စက်ပုံမျိုးပါပဲ။

**ဥပဃာတကကံ** တစ်ပါးသောကံနှင့် တစ်ပါးသောကံကြောင့်ဖြစ်တဲ့ အကျိုးကို သတ်ဖြတ်တဲ့ကုသိုလ်၊ အကုသိုလ်စေတနာကို ဥပဃာတကကံလို့ ခေါ်ပါတယ်၊ ဒီဥပဃာတကကံကိုပဲ ဥပစ္ဆေဒကကံလို့လဲ ခေါ်ပါသေးတယ်။

ဥပပီဠကကံက ကံကိုနှိပ်စက်ရာမှာ ယခုလတ်တလော အကျိုးမပေးရုံသာ နှိပ်စက်ပါတယ်၊ နောင်ခါလုံးလုံးအကျိုးမပေးအောင် မနှိပ်စက်နိုင်၊ ဥပဃာတကကံကတော့ နောင်ခါလုံးလုံး အကျိုးမပေးအောင် တစ်ခါတည်း သတ်ဖြတ်လိုက်ပါတယ်။

ဥပပီဠကကံက ကံတစ်ပါးရဲ့အကျိုးကို နှိပ်စက်ရာမှာ ချိနဲ့ပိန်ချုံး လူလုံးမလှ ရောဂါထူပြောရုံမျှသာ နှိပ်စက်ပါတယ်၊ တစ်ခါတည်း အသေမသတ်နိုင်ပါ၊ ဥပဃာတကကံကတော့ တစ်ခါတည်းသေအောင် သတ်ဖြတ်နိုင်ပါတယ်။

အင်္ဂုလိမာလရဲ့ လူဆိုးလူသွမ်း လူသရမ်းဖြစ်စဉ်က ပြုလုပ်ခဲ့သမျှ အကုသိုလ်ကံတွေဟာ မဂ်စေတနာ–ဆိုတဲ့ ကုသိုလ်ကံကြီးရဲ့ ဖျက်ဆီးသတ်ဖြတ်မှုကို ခံရတဲ့အတွက် နောက်နောက်ဘဝမှာ အကျိုးပေးခွင့် မရတော့ဘဲ လုံးဝပျက်စီးသွားရခြင်း၊ ရှင်ဒေဝဒတ်ရဲ့ မဟဂ္ဂုတ်ဈာန်ကုသိုလ်စေတနာတွေက အဇာတသတ်ကို ဖြားယောင်းသွေးဆောင်ချိန်က စပြီး နောက်အဆက်ဆက် ဖြစ်ပွားလာတဲ့ အကုသိုလ်ကံရဲ့ သတ်ဖြတ်မှုကို ခံရတဲ့အတွက် နလံထူခွင့်မရတော့ဘဲ လုံးဝပျက်စီးသွားရခြင်း၊ ဒါတွေက ကံတစ်ပါးကို သတ်ဖြတ်တတ်တဲ့ ဥပဃာတက–ကံရဲ့ အစွမ်းသတ္တိဖြစ်ပါတယ်။

ကံတစ်ပါးရဲ့ အကျိုးအစဉ်ကို သတ်ဖြတ်ရာမှာတော့–

၁။ သတ်ရုံသာ သတ်တဲ့အရာ၊

၂။ သတ်ပြီးနောက် အခြားသော ဇနကကံကို အကျိုးပေးခွင့်ပြုတဲ့အရာ၊

၃။ သတ်ပြီးနောက် မိမိကိုယ်တိုင် ပဋိသန္ဓေကျိုးကိုဆက်လက်ပေးတဲ့အရာ။

ဒီလို ၃–မျိုး ရှိနေပါတယ်၊ ဒီ ၃–မျိုးနှင့်ပတ်သက်လို့ သက်ဆိုင်ရာ ဝတ္ထုသာဓကများကို သိသာရုံ ပြောပြသွားပါ့မယ်။

www.burmeseclassic.com

www.burmeseclassic.com



**မျက်စိကု ဆေးဆရာ**

ရှေးအခါတုန်းက ဗာရာဏသီမြို့သား ဆေးဆရာတစ်ဦးဟာ ရွာစဉ်လျှောက်ပြီး ဆေးကုသမှုကို ပြုနေပါတယ်၊ ရွာတစ်ရွာမှာ မျက်စိအားနည်းနေတဲ့ မိန်းမတစ်ယောက်ကို တွေ့ရတော့ မေးမြန်းစုံစမ်းပါတယ်။

"ငါ့တူမမှာ ဘာရောဂါဖြစ်နေသလဲ ?"။

"မျက်စိအားနည်းနေပါတယ် ဆရာရေ !"။

"သင့်ကို ဆေးကုသပေးလို့ရှိရင် ငါ့ကို ဘာပေးမလဲ ?"။

"ကျွန်မမျက်စိကို ရှေးတုန်းကလို ပြန်မြင်အောင် ကုသပေးနိုင်ရင် ကျွန်မက သားသမီးတွေနှင့်အတူ ဆရာ့ထံမှာ ကျွန်ခံပါ့မယ်"။

ဆေးဆရာက သဘောတူလက်ခံပြီး ဆေးဝါးဖော်စပ်ပါတယ်၊ တစ်ကြိမ်ခတ်ရုံနဲ့ပဲ ရှေးတုန်းကလို ပြန်မြင်လာပါတယ်၊ ဒါပေမဲ့ အဲဒီအမျိုးသမီးက ကျွန်ခံရမှာကို စိုးတာနဲ့ ဆရာက လာရောက်မေးမြန်းတဲ့အခါ လိမ်ညာပြောဆိုပါတော့တယ်။

"တူမရေ ! တူမမျက်စိ ဘယ်လိုနေသေးသလဲ ?"။

"ဆရာရေ ! ရှေးတုန်းကတော့ ကျွန်မမျက်စိတွေဟာ နည်းနည်းလေးသာ နာကျင်ကိုက်ခဲပါတယ်၊ အခုတော့ ပိုပြီး နာကျင်လာပါတယ်၊ ကိုက်ခဲလာပါတယ်"။

ဒီစကားကို ကြားရတော့ ဆေးဆရာက ဒီမိန်းမဟာ ဆေးဖိုးဝါးခ မပေးလိုတာနဲ့ ငါ့ကို ညာနေတာပဲ၊ သူပေးတဲ့ ဆေးဖိုးဝါးခကို ဘာလုပ်တော့မှာလဲ၊ အခုပဲ ဒီမိန်းမကို ကန်းအောင်လုပ်ရတော့မယ်၊ ဒီလိုစိတ်ဆိုးပြီး အိမ်ကိုပြန်သွားပြီး မိန်းမဖြစ်သူအား ဒီအကြောင်းကို ပြောပြပါတယ်၊ မိန်းမဖြစ်သူက ဆိတ်ဆိတ်ပဲ နေလိုက်ပါတယ်။

ဆေးဆရာက ဆေးတစ်ဖုံဖော်စပ်ပြီး အဲဒီမိန်းမထံကို ပြန်သွားပါတယ်။

"တူမရေ ! ဒီဆေးကို မျက်စဉ်းခပ်ပေးပါအုံး"။

ဒီလိုပြောပြီး မျက်စဉ်းအခတ်ခိုင်းလိုက်ပါတယ်၊ မျက်စဉ်းခပ်လိုက်တာနဲ့တစ်ပြိုင်နက် ဆီမီးလျှံငြိမ်းသလို ငြိမ်းသွားကြပါတယ်။

အဲဒီဆေးဆရာက တို့ဘုရားရှင်လက်ထက်မှာ စက္ခုပါလထေရ်ဖြစ်လာပါတယ်၊ အဲဒီ ဆေးဆရာရဲ့ဘဝတုန်းက ပြုလုပ်ခဲ့တဲ့ အကုသိုလ်ကံရဲ့ သတ်ဖြတ်မှုကြောင့် ကုသိုလ်ဇနကကံက စီမံထားတဲ့ စက္ခုပါလထေရ်ရဲ့ စက္ခုပသာဒပျက်စီးရခြင်းဟာ

www.burmeseclassic.com

www.burmeseclassic.com



ကံတစ်ပါးရဲ့အကျိုးကို သတ်ရှံသာသတ်ပြီး နောက်ထပ်အကျိုးမပေးတဲ့ ဥပဃာတကကံ ဖြစ်ပါတယ်။

ရှင်မောဂ္ဂလ္လာန်ထေရ်ရဲ့ အမိကို သတ်ခဲ့တဲ့ အကုသိုလ်ကံကြောင့် ခိုးသားငါးရာတို့ရဲ့ လက်ချက်နဲ့ ပရိနိဗ္ဗာန် စံတော်မူရတာလဲပဲ ကံတစ်ပါးရဲ့အကျိုးကို သတ်ရှံသာသတ်ပြီး နောက်ထပ် မဆက်တဲ့ ဥပဃာတကကံ ဖြစ်ပါတယ်။

**သာမာဝတီအမူးရှိတဲ့ မိန်းမငါးရာ**

ဗာရာဏသီမြို့မှာ ဗြဟ္မဒတ်မင်း မင်းပြုစဉ်က ဘုရင့်နန်းတော်မှာ ပစ္စေကဗုဒ္ဓါ ၈–ဆူတို့က အမြဲဆွမ်းဘုဉ်းပေးကြပါတယ်၊ နန်းတွင်းသူ ၅၀၀–တို့က အဲဒီပစ္စေကဗုဒ္ဓါတွေကို ပြုစုလုပ်ကျွေးကြပါတယ်၊ အဲဒီပစ္စေကဗုဒ္ဓါ ၈–ဆူတို့အနက် ၇–ဆူသောပစ္စေကဗုဒ္ဓါ အရှင်မြတ်တွေက ဟိမဝန္တာသို့ ကြွတော်မူကြပါတယ်၊ တစ်ဆူကတော့ မြက်ချုံတစ်ခုအတွင်းမှာ ဈာန်သမာပတ်ဝင်စားပြီး နေတော်မူပါတယ်။

တစ်နေ့မှာ ဗြဟ္မဒတ်မင်းက ပစ္စေကဗုဒ္ဓါတို့ ကြွသွားပြီးတဲ့နောက် အဲဒီမိန်းမတွေကို ခေါ်ပြီး မြစ်ထဲမှာ ရေကစားရအောင် သွားပါတယ်၊ အဲဒီမိန်းမတွေက တစ်နေ့လုံး မြစ်ဆိပ်မှာ ရေကစားကြပါတယ်၊ ရေကတက်လာတဲ့အခါ သိပ်ချမ်းနေကြပါတယ်၊ မီးလှုံလိုကြတဲ့အတွက် မီးမွေးမဲ့နေရာကို လှည့်ပတ်ရှာဖွေကြတဲ့အခါ ပစ္စေကဗုဒ္ဓါအရှင်မြတ် ဈာန်သမာပတ်ဝင်စားနေတဲ့ မြက်ချုံကို တွေ့ကြရပါတယ်၊ မြက်ပုံကြီးပဲလို့ ထင်မှတ်ကြပါတယ်၊ အဲဒီမြက်ချုံကို ဝိုင်းအုံရပ်နေကြပြီး မီးရှို့ကြပါတယ်၊ မြက်တွေကို လောင်ကျွမ်းသွားတဲ့ အခါမှာ ပစ္စေကဗုဒ္ဓါကို တွေ့ကြရပါတယ်၊ ဒါနဲ့ တိုင်ပင်ဆုံးဖြတ်ကြပါတယ်။

တို့တစ်တွေဟာ ပျက်စီးကြရတော့မယ်၊ တို့အရှင်မင်းမြတ်ရဲ့ ပစ္စေကဗုဒ္ဓါကို မီးရှို့မိပါပေတယ်၊ အရှင်မင်းမြတ်က သိလို့ရှိရင် တို့တစ်တွေဟာ ဖျက်ဆီးခံရတော့မှာပဲ၊ ဒီပစ္စေကဗုဒ္ဓါကို ကောင်းကောင်းလောင်ကျွမ်းသွားအောင် လုပ်ကြစို့ရဲ့။

အဲဒီမိန်းမ အကုန်လုံးတို့က ထင်းတွေကို ဟိုက ဒီက ယူလာကြပါတယ်၊ ပစ္စေကဗုဒ္ဓါအရှင်မြတ်ရဲ့ အပေါ်မှာ စုပုံထားကြပါတယ်၊ ကြီးမားတဲ့ ထင်းပုံကြီးဖြစ်နေပါတော့တယ်၊ အဲဒီလို ဖြစ်လာတော့မှ ထင်းပုံကြီးကို မီးရှို့ပြီး "အခုတော့ ဘာမှမကျန်အောင် လောင်ကျွမ်းသွားတော့မှာပဲ"ဆိုတဲ့အထင်နဲ့ ထွက်သွားကြပါတော့တယ်။

အဲဒီမိန်းမတွေရဲ့ အလုပ်ဟာ အစတုန်းကတော့ စိတ်စေတနာ မပါရှိတဲ့အတွက် ကံမထိုက်ပါ၊ (ကမ္မပထမမြောက်ပါ၊) နောက်အကြိမ်မှာတော့ စိတ်စေတနာ ပါရှိလာတဲ့အတွက် ကံထိုက်ပါတယ်၊ (ကမ္မပထမြောက်ပါတယ်။)

www.burmeseclassic.com

www.burmeseclassic.com



အရှင်ပစ္စေကဗုဒ္ဓါကတော့ ရျာန်သမာပတ်ရဲ့အတွင်းမှာ လှည်းအစီးထောင်ပေါင်းများစွာနဲ့ ထင်းတွေကို တိုက်ယူစုပုံပြီး မီးရှို့ခံရစေကာမူ ပူနွေးရုံမျှပင် မဖြစ်စေနိုင်တော့ပါ၊ မီးငွေ့လဲ မသင့်နိုင်ပါ၊ မီးလဲ မစွဲလောင်နိုင်ပါ၊ ဒါကြောင့် ပစ္စေကဗုဒ္ဓါအရှင်မြတ်က ၇–ရက်မြောက်နေ့မှာ ရျာန်သမာပတ်ကထတော်မူပြီး အလိုရှိတဲ့အတိုင်း ချမ်းချမ်းသာသာ ကြွသွားတော်မူပါတယ်။

အဲဒီမိန်းမ ၅၀၀–တို့ဟာ ပစ္စေကဗုဒ္ဓါကို မီးရှို့တဲ့ အဲဒီမကောင်းမှုအကုသိုလ်ကံကို ပြုလုပ်ခဲ့တဲ့အတွက် နှစ်သိန်းပေါင်းများစွာသော ကာလပတ်လုံး ငရဲမှာ ဖြစ်ကြရပါတယ်၊ အဲဒီအကုသိုလ်ကံရဲ့ အကျိုးကြွင်းအနေနဲ့ ဘဝ ၅၀၀–တို့လုံးလုံး နေအိမ်ကို မီးသင့်လောင်လို့ သူတို့ကိုယ်တိုင် မီးလောင်သေဆုံးကြရပါတယ်။

အဲဒီ ဘဝ ၅၀၀–အနက် နောက်ဆုံးဘဝမှာတော့ ကောသမ္ဗီပြည်မှာ ဥတေနမင်းရဲ့ နန်းတော်တွင်းမှာ သာမာဝတီအမှူးရှိတဲ့ မောင်းမ ၅၀၀–ဖြစ်လာကြပါတယ်၊ သူတို့တစ်တွေဟာ ရှေးအကုသိုလ် ဥပဃာတကကံကြောင့် မီးလောင်ခံရလို့ အသက်ဆုံးပြီးတဲ့နောက် ကုသိုလ်ဇနကကံကြောင့် နတ်ပြည်ကို ရောက်ကြရပါတယ်။

ထို့ပြင် ဗိမ္ဗိသာရမင်းကြီးက ဘုရားရင်ပြင်တော်မှာ ဖိနပ်စီးသွားခဲ့ဖူးသော အကုသိုလ်, သံဃာတွေ ထိုင်ရအောင်လို့ ခင်းထားတဲ့ဖျာကို ခြေမဆေးဘဲ နင်းသွားခဲ့ဖူးတဲ့ အကုသိုလ်ကံရဲ့ လက်ချက်ကြောင့် ခြေဖဝါးကို ဓားခွဲခံရပြီးတဲ့နောက် အခြားကုသိုလ်ဇနကကံကြောင့် စာတုမဟာရာဇ်နတ်ပြည်မှာ ဇနဝသဘဆိုတဲ့ နတ်သားဖြစ်ရပါတယ်။

ဒါတွေက ကံတစ်ပါးရဲ့ အကျိုးအစဉ်ကို သတ်ရုံသာသတ်ပြီး အခြားဇနကကံအား အကျိုးပေးခွင့်ပြုတဲ့ ဥပဃာတကကံတွေ ဖြစ်ကြပါတယ်။

## *စန္ဒဝါဒီဇာတ်

**ကလာဗုမင်း**

ရှေးအခါက ဗာရာဏသီမြို့မှာ ကလာဗုဆိုတဲ့မင်း မင်းပြုနေပါတယ်၊ အဲဒီအချိန်မှာ ဘုရားလောင်းက ကုဋေ ၈၀–ကြွယ်ဝတဲ့ ပုဏ္ဏားမျိုးမှာ ဖြစ်ပါတယ်၊ သူ့ကို ကုဏ္ဍလလုလင်လို့ အမည်ပေးထားကြပါတယ်၊ အရွယ်ရောက်တဲ့အခါ တက္ကသိုလ်မြို့ကိုသွားပြီး အတတ်အကုန်လုံးတို့ကို သင်ယူခဲ့ပါတယ်၊ ဥစ္စာကိုလဲ တည်တဲ့အောင် လုပ်ပါတယ်၊ အမေအဖေများ သေလွန်သွားတဲ့အခါ ဥစ္စာအစုကို ကြည့်ရှုပြီး ကြံစည်စဉ်းစားပါတယ်။

---

* ဇာတက–၄–၃၊ ၃၇၈။

www.burmeseclassic.com

www.burmeseclassic.com



"ဒီဥစ္စာတွေကို စုဆောင်းထားခဲ့ပြီး ငါ့ဆွေမျိုးတွေက မယူဘဲသာ သွားကြပါတယ်၊ ငါကတော့ ဒီဥစ္စာတွေကို ယူပြီးသွားသင့်တယ်"။

ကြံစည်စဉ်းစားမိသည့်အတိုင်းပင် ဥစ္စာအကုန်လုံးကို စိစစ်ရွေးချယ်လှူဒါန်းတဲ့အနေနဲ့ လိုတဲ့သူအား လိုတဲ့ဥစ္စာကို ပေးလှူပြီး ဟိမဝန္တာသို့ တောထွက်သွားပါတယ်၊ ရသေ့လုပ်ပြီး သစ်သီးကြီးငယ်တွေနဲ့ ကြာမြင့်စွာ မျှတနေပါတယ်၊ ချဉ်ဆားမှီဝဲရအောင်လို့ လူတွေရဲ့နေရာဌာနကို ပြန်လာခဲ့ပါတယ်၊ သွားရင်းသွားရင်းနဲ့ ဗာရာဏသီမြို့ကို ရောက်လာပြီး မင်းရဲ့ဥယျာဉ်မှာ နေပါတယ်၊ နောက်တစ်နေ့ မြို့ထဲမှာ ဆွမ်းခံလှည့်လည်ရင်း စစ်သူကြီးအိမ်တံခါးကို ရောက်သွားပါတယ်၊ စစ်သူကြီးက ဘုရားလောင်းရဲ့ ဣရိယာပုတ်မှာ ကြည်ညိုတဲ့အတွက် အိမ်ပေါ်ကို ပင့်တင်ထားပါတယ်၊ ကိုယ့်အတွက် စီမံထားတဲ့ဘောဇဉ်ကို ကျွေးမွေးပါတယ်၊ ရှင်ရသေ့ထံမှ ဝန်ခံချက်ရအောင်တောင်းပန်လျှောက်ထားပြီး မင်းဥယျာဉ်ထဲမှာပဲ နေစေပါတယ်။

ရှင်ရသေ့က မင်းဥယျာဉ်မှာ သီတင်းသုံးနေထိုင်တဲ့ အချိန်မှာပဲ တစ်နေ့မှာ ကလာဗုမင်းက အရက်မူးနေပါတယ်၊ ကျွမ်းကျင်တဲ့ကချေသည်တွေခြံရံကာ များပြားသော အခြံအရံနဲ့ ဥယျာဉ်ကို ထွက်လာခဲ့ပါတယ်၊ မင်္ဂလာကျောက်ဖျာပေါ်မှာ အိပ်ရာကို အခင်းခိုင်းပါတယ်၊ ချစ်ခင်မြတ်နိုးတဲ့ မိန်းမတစ်ယောက်ရဲ့ရင်ခွင်မှာ အိပ်နေပါတယ်၊ အဆိုကျော်တွေက သီချင်းဆိုနေကြပါတယ်၊ တီးမှုတ်သူတွေကလဲ တီးမှုတ်နေကြပါတယ်၊ အကကျွမ်းကျင်သူတွေကလဲ ကနေကြပါတယ်၊ သိကြားမင်းရဲ့ စည်းစိမ်ချမ်းသာလို ကြီးမားတဲ့ စည်းစိမ်ချမ်းသာ ဖြစ်နေပါတယ်၊ ထိုစဉ် မင်းက အိပ်ပျော်သွားပါတယ်။

ဒီတော့ အဲဒီမိန်းမများက တို့တစ်တွေဟာ အရှင်မင်းမြတ်အတွက်ပဲ သီချင်းဆိုနေကြရတယ်၊ တီးမှုတ်နေကြရတယ်၊ ကနေကြရတယ်၊ အဲဒီအရှင်မင်းမြတ်က အိပ်ပျော်နေပါတယ်၊ တို့ဆိုနေ, တီးမှုတ်နေ, ကနေလို့ ဘာအကျိုးရှိတော့မလဲဆိုတဲ့ အတွေးကိုယ်စီနဲ့ စောင်း-စတဲ့ တူရိယာတွေကို ဟိုဟိုဒီဒီ နေရာတွေမှာ ထားပစ်ခဲ့ကြပြီး ဥယျာဉ်ထဲကို ထွက်သွားကြပါတယ်၊ အပွင့်တွေ, အသီးတွေ, ရွက်နုကလေးတွေက ဖြားယောင်းသွေးဆောင်ထားတဲ့အတွက် ဥယျာဉ်ထဲမှာပဲ မွေ့လျော်ပျော်ပါးနေကြပါတယ်။

အဲဒီအချိန်မှာ ဘုရားလောင်းက အဲဒီဥယျာဉ်ထဲမှာ ပင်လုံးကျွတ်ပွင့်နေတဲ့ အင်ကြင်းပင်ရင်းမှာ ရသေ့ရဟန်းတို့ရဲ့ ချမ်းသာနဲ့ ကျော်လွန်စေရင်း အမုန်ယစ်တဲ့ ဆင်လို ထိုင်နေတော်မူပါတယ်၊ အဲဒီအချိန်မှာပဲ အဲဒီမိန်းမတွေက ဥယျာဉ်ထဲမှာ လှည့်လည်ရင်း အဲဒီရသေ့ကို တွေ့ကြရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



"သူငယ်ချင်းမတို့ရေ ! လာကြဟေ့ လာကြ၊ ဟိုသစ်ပင်ရင်းမှာ ရသေ့တစ်ပါး ထိုင်နေတယ်၊ တို့ရဲ့အရှင်မင်းကြီး မနိုးမချင်း အဲဒီရသေ့ထံမှာ တစ်စုံတစ်ခုသော တရားကို ကြားနာနေကြစို့ရဲ့"။

ပြောပြောဆိုဆို ရသေ့အနားကိုသွားပြီး ရှိခိုးလျက် ခြံရံထိုင်နေကြပါတယ်။

"တပည့်တော်တို့အား ဟောပြောသင့်တဲ့ တရားတစ်စုံတစ်ခုကို ဟောတော်မူပါ"။

ဒီလိုလဲ လျှောက်ထားကြပါတယ်၊ ဘုရားလောင်းရသေ့က အဲဒီမိန်းမများအား တရားဟောနေခဲ့ပါတယ်။

အဲဒီခဏမှာပဲ မင်းကြီးရဲ့အချစ်တော်ဖြစ်တဲ့ မိန်းမက ရင်ခွင်ကိုလှုပ်ပြီး မင်းကြီးနိုးအောင် လုပ်လိုက်ပါတယ်၊ အိပ်ရာကနိုးလာတဲ့အခါ မင်းကြီးက အဲဒီမိန်းမတွေကို မတွေ့ရတဲ့အတွက် မေးပါတယ်။

"အယုတ်တမာမတွေ ဘယ်ကိုသွားကုန်ကြသလဲ ?"။

"အရှင်မင်းကြီး ! အဲဒီအကောင်မတွေက ရသေ့တစ်ပါးထံ သွားပြီး ခြံရံထိုင်နေကြပါတယ်"။

ကလာဗုမင်းက စိတ်ဆိုးတဲ့အတွက် သံလျက်ကိုယူပြီး ဒီရသေ့စဉ်းလဲကို မှတ်လောက်သားလောက် လုပ်ရပေတော့မယ်ဆိုပြီး ကမန်းကတန်း ထွက်သွားပါတော့တယ်။

အမျက်ထွက်လာနေတဲ့မင်းကို တွေ့ရတော့ အဲဒီမိန်းမတွေထဲက အရင်းနှီးအကျွမ်းဝင်ဆုံးဖြစ်တဲ့ မိန်းမတွေက မင်းရဲ့လက်ကသံလျက်ကို ယူထားကြပြီး အမျက်ဒေါသကို ငြိမ်းအေးစေကြပါတယ်၊ ကလာဗုမင်းက အနားမှာရပ်ပြီး ဘုရားလောင်းကို မေးပါတယ်။

"အရှင်ရသေ့ ! သင်က အဘယ်ဝါဒရှိပါသလဲ ?"။

"ခန္တီဝါဒရှိတယ် မဟာရာဇာ !"။

"အဲဒီ 'ခန္တီ'ဆိုတာဟာ ဘာလဲ ?"။

"ဆဲရေးတဲ့လူတွေ၊ ကြိမ်းမောင်းတဲ့လူတွေ၊ ရိုက်နှက်တဲ့လူတွေမှာ အမျက်မထွက်တာဟာ 'ခန္တီ'ပါပဲ"။

ဒီစကားကိုကြားရတော့ ကလာဗုမင်းက ယခု သင့်မှာ 'ခန္တီ'ရှိနေတဲ့အကြောင်းကို သိရတော့မယ်လို့ ပြောပြီး ခိုးသူသတ်ယောက်ျားကို အခေါ်ခိုင်းလိုက်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ခိုးသူသတ်ယောက်ျားက ထုံးတမ်းစဉ်လာအတိုင်း ပုဆိန်နှင့်အဆူးတပ်တဲ့ ကြိမ်လုံးကိုလဲ ယူပါတယ်၊ ဖန်ရည်ဆိုးတဲ့ အဝတ်ကိုလဲ ဝတ်ပါတယ်၊ နီမြန်းတဲ့ ပန်းတွေကိုလဲ ပန်ဆင်ပါတယ်၊ အဲဒီလို ဝတ်စုံအပြည့်အဝနဲ့ ရောက်လာပါတယ်၊ ကလာဗုမင်းကို ရှိခိုးပြီး မေးမြန်းပါတယ်။

"အရှင်မင်းမြတ် ! ဘာလုပ်ပေးရပါ့မလဲ ?"။

"ဒီ ခိုးသူဖြစ်တဲ့ ရသေ့ပျက်ကို ဖမ်းယူရမယ်၊ ဆွဲယူပြီး မြေပေါ်မှာ လဲလျောင်းအောင် လုပ်ရမယ်၊ ရှေ့ဘက်, နောက်ဘက်, လက်ဝဲဘက်, လက်ျာဘက်ဆိုတဲ့ လေးဘက်လုံးမှာပဲ ကြိမ်ဒဏ်အချက်နှစ်ထောင် ရိုက်နှက်ပေးရမယ်"။

ခိုးသူသတ်ယောက်ျားက ကလာဗုမင်းရဲ့ အမိန့်အတိုင်း ရိုက်နှက်ပါတယ်၊ ဘုရားလောင်းရဲ့အပေါ်အရေပါးလဲ စုတ်ပြတ်သွားပါတယ်၊ အတွင်းအရေထူလဲ စုတ်ပြတ်သွားပါတယ်၊ အသားလဲ ပေါက်ပြဲသွားပါတယ်၊ တစ်ကိုယ်လုံး သွေးခြင်းခြင်းနီနေပါတော့တယ်၊ အဲဒီအချိန်မှာပဲ ကလာဗုမင်းက ထပ်မေးပြန်တယ်။

"အရှင်ရသေ့ ! သင်က အဘယ်ဝါဒရှိပါသလဲ ?"။

"ခန္တီဝါဒရှိတယ် မဟာရာဇာ !၊ သင်ကတော့ ငါရဲ့အရေကြားမှာ ခန္တီရှိတယ်လို့ မှတ်ထင်ပါဘိတယ်၊ ငါရဲ့ခန္တီဟာ အရေကြားမှာ မရှိပါဘူး၊ အမှန်ကတော့ သင်မမြင်နိုင်တဲ့ နှလုံးသားအတွင်းမှာ ငါရဲ့ခန္တီက ရှိနေပါတယ် မဟာရာဇာ !"။

ရသေ့ရဲ့စကားဆုံးသွားတယ်ဆိုရင်ပဲ ခိုးသူသတ်ယောက်ျားက ကလာဗုမင်းကို မေးပြန်တယ်။

"အရှင်မင်းမြတ် ! ဘာလုပ်ရအုံးမလဲ ?"။

"ဒီရသေ့စဉ်းလဲရဲ့ လက်နှစ်ဖက်တို့ကို ဖြတ်လော့"။

ကလာဗုမင်းရဲ့အမိန့်ကို ကြားရတဲ့အခါ ခိုးသူသတ်ယောက်ျားက ပုဆိန်ကို ယူလာပါတယ်၊ စဉ်းတီတုံးပေါ်၌ လက်နှစ်ဖက်တို့ကို တင်ထားစေပြီး ပုဆိန်နဲ့ ခုတ်ဖြတ်လိုက်ပါတယ်။

"ခြေနှစ်ဖက်တို့ကိုလဲ ဖြတ်ရအုံးမယ်"။

ဘုရင့်အမိန့်ကို ကြားရသည့်နှင့်တစ်ပြိုင်နက် ခိုးသူသတ်ယောက်ျားက အလားတူပဲ ခြေနှစ်ဖက်တို့ကိုလဲ ဖြတ်လိုက်ပါတယ်၊ ဖြတ်ထားတဲ့ လက်အစွန်း, ခြေအစွန်းတွေက

www.burmeseclassic.com

www.burmeseclassic.com



အိုးအပါက်က ချိတ်ရေတွေ ယိုစီးထွက်ကြသလို သွေးတွေက ယိုစီးထွက်ကျနေပါတယ်၊ ကလာဗုမင်းက ရှင်ရသေ့ကို နောက်ထပ်မေးပြန်တယ်။

"သင် အဘယ်ဝါဒရှိသလဲ ?"။

"ခန္တီဝါဒရှိတယ် မဟာရာဇာ !၊ သင်ကတော့ ငါရဲ့ လက်ဖျား, ခြေဖျားတွေမှာ ခန္တီ ရှိတယ်လို့ မှတ်ထင်ပါဘိတယ်၊ ငါရဲ့ခန္တီဟာ လက်ဖျား, ခြေဖျားတွေမှာ မရှိပါဘူး၊ ငါရဲ့ခန္တီဟာ နက်ရှိုင်းလှတဲ့ နေရာဌာနမှာ တည်နေပါတယ်"။

ရှင်ရသေ့ရဲ့ စကားအဆုံးမှာပဲ ကလာဗုမင်းက နောက်ထပ် အမိန့်ပေးလိုက်ပြန်တယ်။

"ဒီရသေ့ရဲ့ နားရွက်နဲ့ နှာခေါင်းတွေကို ဖြတ်ရမယ်။

အမိန့်ချမှတ်လိုက်သည်နှင့် တစ်ပြိုင်နက် ခိုးသူသတ်ယောကျ်ားက နားရွက်နှင့် နှာခေါင်းတို့ကို ဖြတ်ပစ်လိုက်ပြန်တယ်၊ တစ်ကိုယ်လုံးမှာ သွေးခြင်းခြင်းနီနေပါတော့တယ်။

ကလာဗုမင်းက ဒီမျှလောက်နဲ့ မကျေနပ်သေးပါ၊ ဘုရားလောင်း ရှင်ရသေ့ကို နောက်ထပ် မေးပြန်တယ်။

"ရသေ့ ! သင်ဟာ အဘယ်ဝါဒရှိသူမည်သလဲ ?"။

"ခန္တီ ဝါဒရှိသူမည်တယ် မဟာရာဇာ !၊ သင်ကတော့ နားရွက်ဖျား, နှာခေါင်းဖျားတွေမှာ ခန္တီတည်ရှိနေတယ်လို့ မထင်မှတ်ပါနှင့်၊ ငါ့ခန္တီဟာ အင်မတန်နက်ရှိုင်းလှတဲ့ နှလုံးသားအတွင်းမှာ တည်ရှိနေပါတယ်"။

ဘုရားလောင်း ရသေ့ရဲ့စကားကို ကြားရတဲ့အခါ ကလာဗုမင်းက 'ရသေ့စဉ်းလဲ ! သင့်ခန္တီကို သင်ကပဲ ချီပိုးရွက်ဆောင်ပြီး နေရစ်တော့'လို့ ပြောဆိုပြီး ဘုရားလောင်း ရှင်ရသေ့ရဲ့ရင်ကို ခြေနဲ့ကန်ကျောက်ပြီး ထွက်ခွာသွားပါတော့တယ်။

ကလာဗုမင်း ထွက်သွားတယ်ဆိုရင်ပဲ စစ်သူကြီးက ဘုရားလောင်း ရှင်ရသေ့ရဲ့ ကိုယ်ပေါ်မှာရှိနေတဲ့ သွေးတွေကိုလဲ သုတ်ပါတယ်၊ လက်ဖျား, ခြေဖျား, နားရွက်ဖျား, နှာခေါင်းဖျားတွေကိုလဲ အဝတ်စွန်မှာ တင်ထားပါတယ်၊ ညင်သာစွာ မ–ပြီး ရှင်ရသေ့ကိုလဲ ထိုင်နေစေပါတယ်၊ ထို့နောက် သင့်တော်ရာက ထိုင်ပြီး ရှိခိုးတောင်းပန်ပါတယ်။

"အရှင်ရသေ့ ! အရှင်ရသေ့ရဲ့ လက်, ခြေ, နားရွက်, နှာခေါင်းတွေကို ဖြတ်တဲ့ ကလာဗုမင်းကိုသာ အမျက်ထွက်လိုက ထွက်တော်မူပါ၊ ဒီတိုင်းနိုင်ငံကို မပျက်စီးပါစေနှင့်"။

www.burmeseclassic.com

www.burmeseclassic.com



စစ်သူကြီးရဲ့တောင်းပန်စကားကို ကြားရတဲ့အခါ ဘုရားလောင်းရှင်ရသေ့က ပြန်လည် မိန့်ကြားလိုက်ပါတယ်။

"ငါ့ရဲ့ လက်၊ ခြေ၊ နားရွက်၊ နှာခေါင်းတွေကိုဖြတ်တဲ့ ကလာဗုမင်းဟာ ကြာရှည်လေးမြင့် အသက်ရှည်ပါစေ၊ တို့လို ပညာရှိတွေက အမျက်မထွက်ကြ ပါဘူး"။

ကလာဗုမင်းက ဥယျာဉ်ကထွက်လို့ ဘုရားလောင်း မမြင်လောက်တဲ့ အရပ်ကို ရောက်လို့ရှိရင် ၂-သိန်း ၄-သောင်းအထုရှိတဲ့ ဒီမြေကြီးဟာ အတိုင်းထက်အလွန် ကော်တင်ထားတဲ့ အဝတ်ပုဆိုးလို အက်ကွဲပြီး အဝီစိက မီးလျှံထွက်လာပါတော့တယ်၊ ကလာဗုမင်းကို ဆွေမျိုးတွေကပေးထားတဲ့ ကမ္ဗလာနီ နဲ့ရုံသလို လွှမ်းခြုံပြီး ယူသွားပါ တော့တယ်၊ ကလာဗုမင်းက ဥယျာဉ်တံခါးမှာပဲ မြေမျိုပြီး အဝီစိငရဲမှာ ဖြစ်နေရ ပါတော့တယ်။

ဘုရားလောင်းလဲ ထိုနေ့မှာပဲ သေဆုံးသွားပါတယ်၊ မင်းပရိသတ်နှင့် မြို့သူ မြို့သားတွေက နံ့သာ၊ ပန်း၊ အခိုးအထုံတွေ ယူလာကြပြီး ဘုရားလောင်းရှင်ရသေ့ရဲ့ ကြွင်းကျန်ရစ်တဲ့ ရုပ်ကလာပ်ကို သင်္ဂြိုဟ်မှု ပြုကြပါတယ်။

ဒီဝတ္ထုမှာ ကလာဗုမင်းက အလောင်းတော် ခန္တိဝါဒီရှင်ရသေ့ကို သေကျေအောင် နှိပ်စက်ပါတယ်၊ ကလာဗုမင်းရဲ့ အဲဒီခန္တိဝါဒီရှင်ရသေ့ကို နှိပ်စက်တဲ့ အကုသိုလ်ကံက ကလာဗုမင်းရဲ့ ခန္ဓာအစဉ်ကို သတ်ဖြတ်ပြီး အဲဒီအကုသိုလ်ကံကြောင့်ပဲ အဝီစိငရဲမှာ ဖြစ်ရပါတယ်။

အလားတူပင် ကဿပဘုရားရှင်ရဲ့ လက်ျာတော်ရဲ့ အရှင်ဝိဓုရရဲ့ ဦးခေါင်း တော်ကို ကျောက်ခဲနဲ့ပေါက်တဲ့ ဒူသီမာရ်နတ်ရဲ့အကုသိုလ်၊ ရှင်သာရိပုတ္တရာရဲ့ ရိတ်ပြီးကာစ ဦးခေါင်းပြောင်ပြောင်ကို လက်နဲ့ခေါက်တဲ့ နန္ဒနတ်ဘီလူးရဲ့အကုသိုလ် တွေကလဲ အဲဒီမာရ်နတ်နှင့် နတ်ဘီလူးတွေရဲ့ ခန္ဓာအစဉ်ကို သတ်ဖြတ်ပြီး အဲဒီ အကုသိုလ်တွေကြောင့်ပဲ အဝီစိငရဲမှာ ဖြစ်ကြရပါတယ်။ [ဒူသီမာရ်နတ်-မဇ-၁၊ ၄၀၇၊ ၄၁၅။ မဇ-၅-၂၊ ၃၁၂၊ ၃၂၀။ နန္ဒဘီလူး အကြောင်းကို နောက်မှာရှု။]

**ပါကဒါနပရိယာယ**

အကျိုးပေးစဉ်အနေနဲ့ ပြောရမယ်ဆိုရင် ကံဟာ- ၁။ ဂရုကံ၊ ၂။ အာသန္နကံ၊ ၃။ အာစိဏ္ဏကံ၊ ၄။ ကဋတ္တာကံရယ်လို့ ၄-မျိုးရှိနေပါတယ်၊ အဲဒီကံ ၄-မျိုးကိုပဲ အဋ္ဌကထာ၊ ဋီကာတွေမှာ ၁။ ယဂ္ဂရုကကံ၊ ၂။ ယဗ္ဗဟုလကံ၊ ၃။ ယဒါသန္နကံ၊ ၄။ ကဋတ္တာကံလို့ မိန့်ဆိုထားကြပါသေးတယ်။

www.burmeseclassic.com

www.burmeseclassic.com



**ဂရုကကံ** အခြားကံတွေက မတားမြစ်နိုင်တဲ့အတွက် သေပြီးသည်ရဲ့အခြားမဲ့မှာ အကျိုးပေးမြဲတဲ့ကံကို ဂရုကကံလို့ခေါ်ပါတယ်၊ ကုသိုလ်အရာမှာ အစွမ်းသတ္တိက ထက်မြက်တဲ့ မဟဂ္ဂုတ်ကံနှင့် အကုသိုလ်အရာမှာ အပြစ်ကြီးလေးတဲ့ ပဉ္စာနန္တရိယကံ, နိယတမိစ္ဆာဒိဋ္ဌိကံတွေပဲ ဖြစ်ပါတယ်။

အဲဒီထဲမှာပါလာတဲ့ မဟဂ္ဂုတ်ကံဆိုတာက ရူပါဝစရကုသိုလ်စေတနာ, အရူပါဝစရကုသိုလ်စေတနာ ဖြစ်ပါတယ်။

ပဉ္စာနန္တရိယကံဆိုတာ စုတိရဲ့အခြားမဲ့ ဒုတိယဘဝမှာ အကျိုးပေးတဲ့ အကုသိုလ်စေတနာ ၅–ပါး ဖြစ်ပါတယ်။

အဲဒါတွေကတော့—

၁။ မာတုဃာတကကံ= အမိကိုသတ်ကြောင်းစေတနာ
၂။ ပိတုဃာတကကံ= အဖကိုသတ်ကြောင်းစေတနာ၊
၃။ အရဟန္တဃာတကကံ= ရဟန္တာကိုသတ်ကြောင်းစေတနာ၊
၄။ လောဟိတုပ္ပာဒကကံ= ဘုရားရှင်မှာ သွေးကိုဖြစ်စေတဲ့စေတနာ၊
၅။ သံဃဘေဒကကံ= သံဃာသင်းခွဲကြောင်းစေတနာ။

ဒီစေတနာတွေပဲ ဖြစ်ပါတယ်။

ဒီအာနန္တရိကံ ၅–ပါးအနက် တစ်ပါးပါးကို ပြုမိရင် သေပြီးသည်မှနောက် အဝီစိကို ကျရောက်ရပါတယ်၊ အဲဒီကံ ၅–ပါးအနက် သံဃဘေဒကကံက အပြစ်အကြီးလေးဆုံးဖြစ်ပါတယ်၊ အဝီစိငရဲမှာ အဝီစိငရဲရဲ့သက်တမ်းနှင့်အမျှ ခံရတဲ့ ကပ္ပဋ္ဌိတိယကံ ဖြစ်ပါတယ်၊ ကျန်တဲ့ကံ ၄–ပါးမှာ ကပ္ပဋ္ဌိတိယလို့ အဆိုမရှိပါ၊ ထိုက်သင့်သမျှသာ ခံကြရပါတယ်။

ဒါကြောင့် ကံ ၅–ပါးလုံးကို ပြုမိရင် ၄–ပါးကို လွှမ်းမိုးပြီး သံဃဘေဒကကံကသာ အကျိုးပေးပါတယ်၊ အခြားကံများအတွက် အဝီစိမှာ ဖြစ်စရာ မရှိတော့ပါ၊ ဒါပေမဲ့ နောင်အခွင့်သင့်ရာ ဘဝမှာ ပဝတ္တိကျိုးကိုတော့ ခံစားရပါလေအုံးမယ်။

ရှေးကံ ၄–ပါးကိုပြုမိရင် လောဟိတုပ္ပာဒကကံက အကျိုးပေးပါတယ်၊ ရှေးကံ ၃–ပါးကိုပြုမိရင် အရဟန္တဃာတကကံက အကျိုးပေးပါတယ်၊ ရှေးကံ ၂–ပါးကို ပြုမိရင် မိဘ ၂–ဦး သီလရှိမှု, မရှိမှု, တန်းတူညီမျှပါမှု အမိက ပိုပြီးကျေးဇူးများတဲ့ အတွက် မာတုဃာတကကံက အကျိုးပေးပါတယ်၊ သီလလဲ အမိကသာနေပါရင် ပြောစရာပင် မလိုတော့ပါ၊ အဖက အမိထက် သီလသိက္ခာ သာလွန်နေပါရင် ပိတုဃာတကကံက အကျိုးပေးပါတယ်၊ ဒီကံတွေနဲ့ ပတ်သက်လို့ ဒီလောက်နဲ့ပဲ ရပ်ထားလိုက်ကြစို့ရဲ့။

www.burmeseclassic.com

www.burmeseclassic.com



**အာသန္နကံ** သေခါနီးကာလမှာ (မရဏာသန္နဝီထိသို့ မရောက်ခင်) အောက်မေ့သတိရသောကံမျိုးဟာ အာသန္နကံမည်ပါတယ်၊ သေခါနီးကာလမှာ ပြုလုပ်တဲ့ကံမျိုးလဲ အာသန္နကံ မည်ပါတယ်။

အချို့ကုသိုလ်ကံ,အကုသိုလ်ကံများကို မသေမီ အတော်ကလေး အလှမ်းကွာဝေးတဲ့အခါက ပြုလုပ်ထားပြီးတဲ့နောက် ထပ်ကာထပ်ကာ သတိမရဘဲ သေခါနီးကျမှ သတိရလာတတ်ပါတယ်၊ အဲဒီကံဟာ သေခါနီးမှာ အောက်မေ့သတိရတဲ့ အာသန္နကံ မည်ပါတယ်။

အချို့ကံများကိုတော့ တရားနာခြင်း, ပန်းပူဇော်ခြင်း, တစ်ယောက်နှင့်တစ်ယောက် သတ်ပုတ်ခြင်း-စသည်ဖြင့် သေခါနီးကျမှ ပြုလုပ်ပါတယ်၊ အဲဒီကံမျိုးဟာ သေခါနီးကာလမှာ ပြုလုပ်တဲ့ အာသန္နကံ မည်ပါတယ်၊ ပါဠိတော်များမှာတော့ ယဒါသန္နလို့ ဟောထားပါတယ်။

**အာစိဏ္ဏကံ** အကုသိုလ်အရာမှာ သူ့အသက်ကိုသတ်လို့ အသက်မွေးမှု, ခိုးယူတိုက်ခိုက် ခါးပိုက်နှိုက်လို့ အသက်မွေးမှု, ကုသိုလ်အရာမှာ အမြဲလှူဒါန်းမှု, သီလစောင့်မှု, တရားအားထုတ်မှု, စာပေပို့ချမှု-စသည်ဖြင့် အမြဲမပြတ်လေ့ကျက်အပ် တိုးပွားစေအပ်တဲ့ကံမျိုးကို အာစိဏ္ဏကံလို့ ခေါ်ပါတယ်။

အကုသိုလ်ကံတစ်ခုကို ပြုလုပ်ပြီးတဲ့နောက် ခဏခဏသတိရလို့ နောင်တပူပန်မှုဆိုတဲ့ ဝိပ္ပဋိသာရကုက္ကုစ္စနှင့် နှလုံးမသာယာမှုဒေါမနဿတို့ ထပ်ကာထပ်ကာ တိုးပွားနေပြန်ရင် အဲဒီတစ်ကြိမ်တစ်ခါပြုလုပ်တဲ့ အကုသိုလ်ကံကပဲ အာစိဏ္ဏကံဖြစ်ပြန်တယ်။

ကုသိုလ်တစ်ခုခုကို အားရပါးရ စိတ်ပါလက်ပါ ပြုပြီးတဲ့နောက် အဲဒီကုသိုလ်ကို ခဏခဏသတိရလို့ ဝမ်းမြောက်ဝမ်းသာ သောမနဿဖြစ်နေပါရင် အဲဒီ တစ်ကြိမ်တစ်ခါလုပ်ထားတဲ့ ကုသိုလ်ကပဲ အာစိဏ္ဏကံမည်ပါတယ်။

ပင်ကိုသဘောအနေနဲ့ ကြည့်မယ်ဆိုရင် အာသန္နကံထက် အာစိဏ္ဏကံက အားရှိကြောင်းကို တွေ့ရပါလိမ့်မယ်၊ ဒါပေမဲ့ ဒုတိယဘဝ ပဋိသန္ဓေကျိုးကို ပေးရာမှာတော့ မရဏာသန္နဇောနှင့် နီးကပ်နေတဲ့ အာသန္နကံကပဲ အရေးပါ အရာရောက်ပါတယ်၊ ပိုပြီးအခွင့်ရနိုင်ပါတယ်။

**ကဋတ္တာကံ** ရှေးရှေးဘဝတို့က ပြုအပ်ပြီးသော စေတနာနှင့် ယခုဘဝမှာ ဂရုက, အာသန္န, အာစိဏ္ဏ အခြေအနေသို့ မရောက်ဘဲ အမှတ်မဲ့ ပြုလုပ်ထားတဲ့ ကုသိုလ်, အကုသိုလ်စေတနာကို ကဋတ္တာကံလို့ ခေါ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



**အကျိုးပေးစဉ်** ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်မှာ ဒီကံ ၄–မျိုးလုံး ရှိနေခဲ့ပါရင် နောက်ဘဝမှာ ဂရုကကံက ပဋိသန္ဓေကျိုးကို ပေးပါတယ်၊ ဂရုကကံမရှိဘဲ အာသန္နကံ–စတဲ့ ကံ ၃–မျိုးသာ ရှိနေပါရင် အာသန္နကံက ပဋိသန္ဓေကျိုးကို ပေးပါတယ်၊ အာသန္နကံလဲ မရှိဘဲ အာစိဏ္ဏကံ, ကဋတ္တာကံ ၂–မျိုးသာ ရှိရင် အာစိဏ္ဏကံက ပဋိသန္ဓေကျိုးကို ပေးပါတယ်၊ ရှေးကံ ၃–ပါးမရှိရင် ကဋတ္တာကံက ပဋိသန္ဓေကျိုးကို ပေးပါတယ်။

ဒီကံ ၄–ပါးအနက် ဂရုက, အာသန္န, အာစိဏ္ဏဆိုတဲ့ ရှေ့ကံ ၃–ပါးဟာ ယခုဘဝမှာလုပ်ထားတဲ့ ကံများဖြစ်ကြပါတယ်၊ ကဋတ္တာကံကတော့ ရှေးရှေးဘဝက လုပ်ထားခဲ့တဲ့ ကံများနှင့် ယခုဘဝမှာ အမှတ်တမဲ့ ပြုလုပ်ထားတဲ့ ကံများဖြစ်ပါတယ်၊ ဒါ့ကြောင့် ကဋတ္တာကံနှင့် မည်သူမျှ မကင်းပါ။

သို့အတွက် နောက်ဘဝမှာ ကောင်းတဲ့ဘဝကို ရောက်လိုပါက ယခုဘဝမှာ အားရပါးရ ကောင်းတဲ့ကံများကို အားထုတ်ထားသင့်ပါတယ်၊ ယခုဘဝ အားထုတ်ထားတဲ့ကံ မရှိရင် ရှေးဘဝကကံများ အကျိုးပေးခွင့် ရသွားတတ်ပါတယ်။

**ပါကကာလ**

ကံဟာ အကျိုးပေးရာကာလနှင့် စပ်လို့လဲ ၄–ပါးရှိပါတယ်၊ အဲဒါတွေကတော့—

၁။ ဒိဋ္ဌဓမ္မဝေဒနီယကံ= ပြုလုပ်တဲ့ဘဝမှာပဲ ပဝတ္တိကျိုးမျှကို ပေးတဲ့ကံ၊

၂။ ဥပပဇ္ဇဝေဒနီယကံ= သေပြီးတဲ့နောက် ဒုတိယဘဝမှာ ပဋိသန္ဓေကျိုး, ပဝတ္တိကျိုးကို ပေးတဲ့ကံ၊

၃။ အပရာပရိယဝေဒနီယကံ= တတိယဘဝကစလို့ ဘဝမဆုံးမချင်း ပဋိသန္ဓေကျိုး, ပဝတ္တိကျိုးကို ပေးတဲ့ကံ၊

၄။ အဟောသိကံ= အကျိုးမပေးတဲ့ကံ။

ဒီလို ၄–မျိုးပဲ ဖြစ်ပါတယ်။

**ဒိဋ္ဌဓမ္မဝေဒနီယကံ** ကုသိုလ်, အကုသိုလ်ဇောစိတ် ၇–ကြိမ်အနက် ပထမဇော စေတနာဟာ ဒိဋ္ဌဓမ္မဝေဒနီယကံ မည်ပါတယ်၊ အဲဒီပထမ ဇောစေတနာဟာ အစဦးဆုံးဖြစ်ရတဲ့အတွက် ရှေ့ကအာသေဝနသတ္တိနဲ့ ထောက်ပံ့ ကူညီမှုကို မရသောကြောင့် ဒုတိယ–စတဲ့ ဇောစေတနာများလောက် အားမကောင်း လှပါ၊ ဒါ့ကြောင့် ပဋိသန္ဓေကျိုးကိုပေးလို့ ဘဝသစ်တစ်ခုဖြစ်အောင် မထူထောင်နိုင်ပါ၊ မျက်မှောက်ဘဝမှာပဲ အဟိတ်ကုသလဝိပါက်, အကုသလဝိပါက်အကျိုးများနှင့် ကမ္မဇရုပ် အကျိုးတရားများကိုသာ ဖြစ်ထွန်းစေနိုင်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



**ဥပပဇ္ဇဝေဒနီယကံ** ကုသိုလ်, အကုသိုလ်ဇောစိတ် ၇-ကြိမ်အနက် သတ္တမဇော စေတနာဟာ ဥပပဇ္ဇဝေဒနီယကံ မည်ပါတယ်၊ ဒါန-စတဲ့ ကုသိုလ်အမှု, ပါဏာတိပါတ-စတဲ့ အကုသိုလ်အမှုတွေဟာ ဒီသတ္တမဇောအခိုက်ကျမှ အထမြောက်ကြပါတယ်၊ ရှေးဇောများကတော့ သတ္တမဇော အားရှိအောင် အကူအညီ အထောက်အပံ့တွေသာ ဖြစ်ကြပါတယ်၊ ဒါ့ကြောင့် ဒီသတ္တမဇောစေတနာကို သန္နိဋ္ဌာပကစေတနာလို့လဲ ခေါ်ပါတယ်။

**အပရာပရိယဝေဒနီယကံ** ကုသိုလ်,အကုသိုလ်ဇောစိတ် ၇-ကြိမ်အနက် အလယ်ဇော ၅-ချက်စေတနာဟာ အပရာပရိယဝေဒနီယကံ မည်ပါတယ်။

ဒီအပရာပရိယဝေဒနီယကံဟာ တတိယဘဝကစပြီး နိဗ္ဗာန်ရောက်တဲ့ဘဝတိုင်အောင် ပဋိသန္ဓေကျိုးကိုလဲ ပေးနိုင်ပါတယ်၊ ပဝတ္တိကျိုးကိုလဲ ပေးနိုင်ပါတယ်၊ လောကမှာ ဒီအပရာပရိယဝေဒနီယကံက လွတ်တဲ့သတ္တဝါရယ်လို့ မရှိနိုင်ပါဘူး။

**အဟောသိကံ** အကျိုးလုံးဝမပေးတဲ့ကံကတော့ အဟောသိကံ မည်ပါတယ်၊ မိမိတို့ရဲ့သက်ဆိုင်ရာကာလမှာ အကျိုးပေးခွင့် မရတဲ့ ဒိဋ္ဌဓမ္မဝေဒနီယ-စတဲ့ ရှေ့က ၃-ပါးဟာ အဟောသိကံ ဖြစ်သွားပါတယ်၊ အကျိုးမပေးတော့ပါဘူး။

မျက်မှောက်ဘဝဆိုတဲ့ကာလ, ဒုတိယဘဝဆိုတဲ့ကာလ, တတိယဘဝမှ နိဗ္ဗာန်ရသည့်ဘဝတိုင်အောင်ကာလတို့မှ အလွတ်ဖြစ်တဲ့ အကျိုးမပေးရာကာလဆိုတဲ့ ကာလ ၄-မျိုးနှင့်စပ်လို့ ကံ ၄-မျိုး ကွဲပြားပါတယ်။

**ပါကဋ္ဌာန** ကံဟာ အကျိုးပေးရာ ဘုံဋ္ဌာနနှင့်စပ်လို့လဲ ၄-ပါးကွဲပြားပါတယ်၊ အဲဒါတွေကတော့- ၁။ အကုသိုလ်ကံ, ၂။ ကာမာဝစရကုသိုလ်ကံ, ၃။ ရူပါဝစရကုသိုလ်ကံ, ၄။ အရူပါဝစရကုသိုလ်ကံတွေပဲ ဖြစ်ပါတယ်။

**အကုသိုလ်ကံ** အဲဒီ ၄-မျိုးထဲက အကုသိုလ်ကံဟာ ကမ္မဒွါရနှင့်စပ်လို့ ၃-မျိုး ကွဲပြားပါတယ်၊ ကမ္မဒွါရ-ဆိုတာက ကံတွေရဲ့ ဖြစ်ကြောင်းပဲ ဖြစ်ပါတယ်၊ အဲဒီ ကံတွေရဲ့ဖြစ်ကြောင်း ကမ္မဒွါရက-

၁။ ကာယဝိညတ်ဆိုတဲ့ ကာယဒွါရ၊

၂။ ဝစီဝိညတ်ဆိုတဲ့ ဝစီဒွါရ၊

၃။ အတူဖြစ်ရာဇောစိတ်ဆိုတဲ့ မနောဒွါရ။

ဒီလို ၃-မျိုးရှိနေတဲ့အတွက် အဲဒီကမ္မဒွါရနှင့်စပ်လို့ အကုသိုလ်ကံကလဲပဲ ကာယကံ, ဝစီကံ, မနောကံလို့ ၃-မျိုးကွဲပြားလာရပါတယ်၊ အဲဒီ ၃-မျိုးထဲက-

www.burmeseclassic.com

www.burmeseclassic.com



၁။ ပါဏာတိပါတ= သူ့အသက်ကိုသတ်မှု၊

၂။ အဒိန္နာဒါန= သူ့ဥစ္စာကို တိုက်ခိုက်လုယက်ပတ် ခိုးယူမှု၊

၃။ ကာမေသုမိစ္ဆာစာရ= ကာမဂုဏ် မေထုန်မှုများမှာ မှားမှားယွင်းယွင်း ပြုကျင့်မှု၊

ဒီ ၃-ပါးက ကာယဝိညတ်ဆိုတဲ့ ကာယဒွါရမှာ အဖြစ်များလို့ ကာယကံမည်ပါတယ်။

၁။ မုသာဝါဒ= မဟုတ်မမှန် လိမ်ညာဝါဖြန်းပြောဆိုမှု၊

၂။ ပိသုဏာဝါစာ= ချစ်သူနှစ်ဦး ကွဲပြားအောင်ကုန်းတိုက်မှု၊

၃။ ဖရုသဝါစာ= ကြမ်းကြမ်းတမ်းတမ်းပြောဆိုမှု, ဆဲရေးတိုင်းထွာမှု၊

၄။ သမ္ဖပ္ပလာပ= အကျိုးမဲ့ပြိန်ဖျင်းတဲ့စကားကို ပြောဆိုမှု။

ဒီ ၄-ပါးက ဝစီဝိညတ်ဆိုတဲ့ ဝစီဒွါရမှာ အဖြစ်များလို့ ဝစီကံမည်ပါတယ်။

၁။ အဘိဇ္ဈာ= သူတစ်ပါးစည်းစိမ်ကို မတရားကြံစည်မှု၊

၂။ ဗျာပါဒ= သူတစ်ပါးကို သေကျေပျက်စီးစေလိုမှု၊

၃။ မိစ္ဆာဒိဋ္ဌိ= မှားမှားယွင်းယွင်းယူမှု, အယူမှားမှု။

ဒီ ၃-ပါးကတော့ ကိုယ်လဲမလှုပ်, နှုတ်လဲမပါ, (အတူတကွဖြစ်ရာ အကုသိုလ်ဇော စိတ်ဆိုတဲ့)မနောဒွါရမှာသာ အဖြစ်များလို့ မနောကံမည်ပါတယ်။

ပြောလာခဲ့တဲ့ ကာယကံ ၃-ပါး, ဝစီကံ ၄-ပါး, မနောကံ ၃-ပါးတို့ကို အပါယ်ရောက်ကြောင်း လမ်းခရီးသဖွယ် ဖြစ်တဲ့အတွက် အကုသလကမ္မပထတရား ၁၀-ပါးလို့ ခေါ်ပါတယ်။

မကောင်းသောအကျင့်စရိုက်ဖြစ်တဲ့အတွက် ဒုစရိုက် ၁၀-ပါးလို့လဲ ခေါ်ကြပါတယ်။

ဒီ အကုသိုလ်ကံတွေဟာ စိတ်အနေနဲ့တော့ အကုသိုလ်စိတ် ၁၂-ပါးပဲ ဖြစ်ပါတယ်၊ ဒါကို ကံနှင့်စပ်လို့ ပြောမယ်ဆိုရင် အကုသိုလ်ကံ ၁၂-ပါးလို့ ပြောသင့်ပါတယ်၊ အကြမ်းစားအနေနဲ့ ဒီလောက်ပဲ မှတ်သားထားပါ၊ အသေးစိတ်ကိုတော့ ဗုဒ္ဓအဘိဓမ္မာကို လေ့လာဖူးမှ သိနိုင်ပါတယ်။

အဲဒီအကုသိုလ် ၁၂-ပါးထဲက ဉဒ္ဓစ္စမှတစ်ပါး အကုသိုလ်စေတနာ ၁၁-ပါးဟာ အပါယ်လေးပါးမှာ (အကုသလဝိပါက်သန္တီရဏဆိုတဲ့) ပဋိသန္ဓေကို ဖြစ်စေပါတယ်။

ပဝတ္တိအခါကျတော့ ဉဒ္ဓစ္စနှင့်တကွ အကုသိုလ်စေတနာ ၁၂-ပါးလုံးကပဲ ကာမ ၁၁-ဘုံ, အသညသတ်ကြဉ်တဲ့ ရူပ ၁၅-ဘုံ, (ပဉ္စဝေါကာရ ၂၆-ဘုံ)မှာ အကုသလ ဝိပါက် ၇-ပါးဆိုတဲ့ အကျိုးကို ထိုက်သည်အားလျော်စွာ ဖြစ်စေပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အပါယ် ၄–ဘုံမှာ ဖြစ်နေရတဲ့ ငရဲသူ ငရဲသားတွေ, တိရစ္ဆာန်တွေ, ပြိတ္တာတွေ, အသူရကာယ်တွေဟာ ဥဒ္ဒစ္စမှတစ်ပါး အကုသိုလ်စေတနာ ၁၁–ပါးထဲက တစ်ပါးပါးကြောင့် ဖြစ်နေကြရတာ ဖြစ်ပါတယ်၊ သူတို့ဟာ အကုသလဝိပါက် သန္တီရဏ စိတ်နှင့် ပဋိသန္ဓေနေလာကြရပါတယ်၊ သူတို့ရဲ့ဖြစ်ရာဘုံက ဒုဂ္ဂတိ+ ပဋိသန္ဓေက အဟိတ်= ဒီ ၂–ခုကိုပေါင်းစပ်ပြီး သူတို့ကို ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်လို့ ခေါ်ပါတယ်။

ပဝတ္တိအခါမှာ အပါယ်ဘုံသားတွေရော, လူတွေ နတ်တွေ ဗြဟ္မာတွေရော မကောင်းတဲ့အာရုံကို တွေ့ကြုံခံစားရတာဟာ အကုသိုလ်စေတနာ ၁၂–ပါးလုံးရဲ့ အကျိုးဖြစ်ပါတယ်။

ဒီလိုပဲ ပဋိသန္ဓေကျိုးအတွက် အပါယ် ၄–ဘုံ, ပဝတ္တိကျိုးအတွက် ပဉ္စဝေါကာရ ၂၆–ဘုံဟာ အကုသိုလ်ကံရဲ့ အကျိုးပေးရာဌာနတွေ ဖြစ်ပါတယ်။

**ကာမာဝစရကုသိုလ်ကံ** ကာမာဝစရကုသိုလ်ကံလဲပဲ ၁။ ကာယဒွါရမှာဖြစ်တဲ့ ကာယကံ, ၂။ ဝစီဒွါရမှာဖြစ်တဲ့ ဝစီကံ, ၃။ မနောဒွါရမှာဖြစ်တဲ့ မနောကံလို့ ၃–ပါးရှိပါတယ်၊ အဲဒီ ၃–ပါးထဲက–

၁။ ပါဏာတိပါတဝိရတိ= သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်မှု၊
၂။ အဒိန္နာဒါနဝိရတိ= သူ့ဥစ္စာကို လုယ့်ပတ်ခိုးယူခြင်းမှ ရှောင်ကြဉ်မှု၊
၃။ ကာမေသုမိစ္ဆာစာရဝိရတိ= ကာမဂုဏ် မေထုန်မှုမှာ မှားမှားယွင်းယွင်း ပြုကျင့်ခြင်းမှ ရှောင်ကြဉ်မှု။

ဒါတွေကတော့ ကာယကံ ၃–ပါးဖြစ်ပါတယ်။

၁။ မုသာဝါဒဝိရတိ= မဟုတ်မမှန်ပြောဆိုခြင်းမှ ရှောင်ကြဉ်မှု၊
၂။ ပိသုဏာဝါစာဝိရတိ= ချောပစ်ကုန်းတိုက်မှုမှ ရှောင်ကြဉ်မှု၊
၃။ ဖရုသဝါစာဝိရတိ= ကြမ်းကြမ်းတမ်းတမ်းပြောဆိုခြင်းမှ ရှောင်ကြဉ်မှု၊
၄။ သမ္ဖပ္ပလာပဝိရတိ= ပြိန်ဖျင်းတဲ့စကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်မှု။

ဒါတွေကတော့ ဝစီကံ ၄–ပါးဖြစ်ပါတယ်။

၁။ အနဘိဇ္ဈာ= အဘိဇ္ဈာမဖြစ်အောင် စောင့်စည်းမှု၊
၂။ အဗျာပါဒ= ဗျာပါဒမဖြစ်အောင် စောင့်စည်းမှု၊
၃။ သမ္မာဒိဋ္ဌိ= မှန်မှန်ကန်ကန်ယူမှု, အယူမှန်မှု။

ဒါတွေကတော့ မနောကံ ၃–ပါးဖြစ်ပါတယ်။

ကာယကံ ၃–ပါး, ဝစီကံ ၄–ပါး, မနောကံ ၃–ပါးအားဖြင့် ဒီ ၁၀–ပါးကိုပဲ သုဂတိဘုံဘဝသို့ရောက်ကြောင်း လမ်းကြောင်းသဖွယ်ဖြစ်တဲ့အတွက် ကုသလကမ္မပထတရားလို့ ခေါ်ကြပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကောင်းသောအမူအကျင့်များ ဖြစ်တဲ့အတွက် သုစရိုက်တရားလို့လဲ ခေါ်ကြပါတယ်။

ဒီကာယကံကုသိုလ်, ဝစီကံကုသိုလ်, မနောကံကုသိုလ်တွေဟာ ဒါန, သီလ, ဘာဝနာလို့ ၃–ပါး ကွဲပြားကြပြန်တယ်။

ဒီကံတွေဟာ စိတ်အနေနဲ့တော့ မဟာကုသိုလ်စိတ် ၈–ပါးပဲ ဖြစ်ပါတယ်၊ ဒါကိုပဲ ကံနှင့်စပ်လို့ပြောမယ်ဆိုရင် ကာမာဝစရကုသိုလ်ကံ ၈–ပါးလို့ ပြောရပါတယ်။

မဟာကုသိုလ်စိတ် ၈–ပါးကပဲ ကာယကံ–စတဲ့ အနေနဲ့လဲ ဖြစ်တယ်၊ ဒါန–စတဲ့အနေနဲ့လဲ ဖြစ်တယ်လို့ ဆိုလိုပါတယ်။

**ပုညကြိယဝတ္ထု**

မဟာကုသိုလ်စိတ် ၈–ပါးကပဲ ပုညကြိယဝတ္ထုနှင့်စပ်လို့လဲ ဖြစ်နိုင်ပါသေးတယ်၊ ပုညကြိယဝတ္ထုနဲ့စပ်လို့လဲ ကာမာဝစရကုသိုလ်ကံ ၈–ပါး ဖြစ်လာတယ်လို့ ပြောလိုပါတယ်။

ကောင်းတဲ့အကျိုးရဲ့တည်ရာဖြစ်လို့ ပြုသင့်ပြုထိုက်တဲ့ ကောင်းမှုကုသိုလ်မျိုးကိုလဲ ပုညကြိယဝတ္ထုလို့ ခေါ်ပါတယ်၊ အဲဒီ ပုညကြိယဝတ္ထုကတော့–

၁။ ဒါန= စွန့်ကြဲပေးကမ်းလှူဒါန်းမှု၊

၂။ သီလ= ၅–ပါး, ၈–ပါး, ၁၀–ပါးစတဲ့သီလကို ထိန်းသိမ်းစောင့်ရှောက်မှု၊

၃။ ဘာဝနာ= သမထဝိပဿနာ ဘာဝနာကမ္မဋ္ဌာန်း စီးဖြန်းအားထုတ်မှု၊

၄။ အပစာယန= အသက်သိက္ခာဂုဏ်ကြီးသူတို့အား အရိုအသေပြုမှု၊

၅။ ဝေယျာဝစ္စ= သူများကုသိုလ်ကိစ္စမှာ ကူညီဆောင်ရွက်မှု၊

၆။ ပတ္တိဒါန= မိမိရထားသောကုသိုလ်အဖို့ကို အမျှပေးဝေမှု၊

၇။ ပတ္တာနုမောဒန= မိမိသို့ရောက်လာသော ကုသိုလ်အဖို့ကို ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်မှု၊

၈။ ဓမ္မဿဝန= တရားနာမှု၊

၉။ ဓမ္မဒေသနာ= လာဘ်လာဘကို မငဲ့ဘဲ တရားဟောမှု၊

၁၀။ ဒိဋ္ဌိဇုကမ္မ= အယူကို ဖြောင့်မတ်စွာပြုမှု။

ဒီ ၁၀–ပါးပဲ ဖြစ်ပါတယ်။

**ကာမာဝစရကုသိုလ်ကံရဲ့ ပါကဋ္ဌာန**

ကာမာဝစရကုသိုလ်ကံက လူ့ဘုံ, နတ်ပြည် ၆–ထပ်ဆိုတဲ့ ကာမသုဂတိ ၇–ဘုံမှာသာ မဟာဝိပါက် ၈–ခု, အဟိတ်ကုသလဝိပါက် ဥပေက္ခာသန္တီရဏ ၁–ခုအားဖြင့် ၉–ပါးသော အကျိုးကို ပေးပါတယ်၊ မဟာဝိပါက် ၈–ခုဆိုတဲ့ ပဝတ္တိကျိုးကိုလဲ

www.burmeseclassic.com

www.burmeseclassic.com



ကာမသုဂတိ ၇–ဘုံမှာသာ ပေးပါတယ်၊ အဟိတ်ကုသလဝိပါက် ၈–ခုဆိုတဲ့ ပဝတ္တိကျိုးကိုတော့ ကာမ ၁၁–ဘုံ, အသညသတ်ကြဉ်တဲ့ ရူပ ၁၅–ဘုံဆိုဟဲ့ ပဉ္စဝေါကာရ ၂၅–ဘုံမှာ ထိုက်သည်အားလျော်စွာ ပေးပါတယ်။

**ကာမာဝစရကုသိုလ်ကို ခွဲစိတ်ဝေဖန်ချက်**

ဒါန–စတဲ့ ကုသိုလ်အလုပ်ကို ပြုလုပ်နေတုန်းမှာ ကံရဲ့အကျိုးကို သိမြင်နားလည်တတ်တဲ့ ကမ္မသကတာဉာဏ် တွဲယှဉ်ပါဝင်လာတဲ့ကုသိုလ်မျိုးကို အလောဘ, အဒေါသ, အမောဟဆိုတဲ့ဟိတ် ၃–ပါး ပါရှိနေတဲ့အတွက် တိဟိတ်ကုသိုလ်လို့ ခေါ်ပါတယ်၊ မဟာကုသိုလ်ဉာဏ သမ္ပယုတ် ၄–ပါးပဲ ဖြစ်ပါတယ်။

ဒါန, သီလ–စတဲ့ကုသိုလ်အလုပ်ကို ပြုလုပ်နေတုန်းမှာ ကံရဲ့အကျိုးကို သိမြင်နားလည်တဲ့ ကမ္မသကတာဉာဏ် တွဲယှဉ်ပါဝင်မှုမရှိတဲ့ ကုသိုလ်မျိုးကို အလောဘ, အဒေါသဆိုတဲ့ဟိတ် ၂–ပါးမျှသာ ပါရှိနေတဲ့အတွက် ဒွိဟိတ်ကုသိုလ်လို့ ခေါ်ပါတယ်၊ မဟာကုသိုလ်ဉာဏဝိပ္ပယုတ် ၄–ပါးပဲ ဖြစ်ပါတယ်။

ဒါန သီလ–စတဲ့ ကုသိုလ်တွေကို မလုပ်ခင်မှာပဲဖြစ်ဖြစ်, လုပ်ပြီးတဲ့နောက်ပိုင်းမှာပဲဖြစ်ဖြစ် ကုသိုလ်စိတ်များခြံရံနေရင် ပိုလွန်မြင့်မြတ် ဥက္ကဋ္ဌအဖြစ်သို့ ရောက်ပါတယ်၊ ပြုလုပ်ပြီးသော ကုသိုလ်ကို သတိရတိုင်း ဝမ်းမြောက်ဝမ်းသာ ဖြစ်နေပြန်ရင် အလွန့်အလွန် မြင့်မြတ်တော့တယ်။

ဒါန, သီလ–စတဲ့ကုသိုလ်တွေကို မလုပ်ခင်မှာပဲဖြစ်ဖြစ်, လုပ်ပြီးတဲ့နောက်ပိုင်းမှာပဲဖြစ်ဖြစ် အကုသိုလ်တွေခြံရံနေရင် အညံ့စားဩမက ဖြစ်သွားပါတယ်၊ ပြုလုပ်ပြီးတဲ့ကုသိုလ်ကို သတိရတိုင်း နှလုံးမသာမယာ ဖြစ်နေရင်တော့ ပိုလို့ပင် ယုတ်ညံ့ပါတော့တယ်။

အဲဒါတွေကို ပေါင်းစပ်လိုက်တော့–

၁။ တိဟိတ်ဥက္ကဋ္ဌကုသိုလ်၊
၂။ တိဟိတ်ဩမကကုသိုလ်၊
၃။ ဒွိဟိတ်ဥက္ကဋ္ဌကုသိုလ်၊
၄။ ဒွိဟိတ်ဩမကကုသိုလ်။

ဤသို့ ကုသိုလ် ၄–မျိုး ဖြစ်လာပါတယ်၊ ဒီလေးမျိုးထဲက–

၁။ တိဟိတ်ဥက္ကဋ္ဌကုသိုလ်ဟာ မဟာဝိပါက်ဉာဏသမ္ပယုတ် ၄–ပါးဆိုတဲ့ ပဋိသန္ဓေကျိုးကို ပေးပြီး, မဟာဝိပါက် ၈–ပါး+အဟိတ်ကုသလဝိပါက် ၈–ပါး= ပေါင်း ၁၆–ပါးသော ပဝတ္တိကျိုးကို ပေးပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



တိဟိတ်အထက်တန်းစား (တိဟိတ်ဥက္ကဋ္ဌ)ဖြစ်အောင် လုပ်ထားတဲ့ ဒါန, သီလ–စတဲ့ ကုသိုလ်ကံကြောင့် လူ့ပြည်နှင့် နတ်ပြည် ၆–ထပ်မှာ မဟာဝိပါက်ဉာဏသမ္ပယုတ်စိတ်နှင့် တိဟိတ်ပဋိသန္ဓေ နေရမယ်၊ တိဟိတ်ပုဂ္ဂိုလ် ဖြစ်လာမယ်၊ ဘုရားသာသနာနှင့် ကြုံတွေ့လို့ တရားအားထုတ်ပါက မဂ်ဖိုလ်ကိုရနိုင်မယ်၊ ဒါ့ကြောင့် ကာမာဝစရကုသိုလ်အရာမှာ ဒီတိဟိတ်ဥက္ကဋ္ဌကုသိုလ်ကသာ အားကိုးအားထားစရာ ဖြစ်ပါတယ်၊ လူတိုင်းလူတိုင်းက တိဟိတ်ဥက္ကဋ္ဌကုသိုလ်ဖြစ်အောင် ကြိုးစားပြုလုပ်ကြရမယ်။

၂+၃။ တိဟိတ်ဩမကကုသိုလ်နှင့် ဒွိဟိတ်ဥက္ကဋ္ဌကုသိုလ်က မဟာဝိပါက် ဉာဏဝိပ္ပယုတ် ၄–ပါးဆိုတဲ့ ပဋိသန္ဓေကျိုးကို ပေးပြီး, မဟာဝိပါက် ဉာဏဝိပ္ပယုတ် ၄–ပါး+ အဟိတ်ကုသလဝိပါက် ၈–ပါး= ပေါင်း ၁၂–ပါးသော ပဝတ္တိကျိုးကို ပေးပါတယ်။

တိဟိတ်အောက်တန်းစား, ဒွိဟိတ်အထက်တန်းစားဖြစ်တဲ့ ဒါန, သီလ–စတဲ့ ကုသိုလ်ကံကြောင့် လူ့ပြည်နှင့် နတ်ပြည် ၆–ထပ်မှာ မဟာဝိပါက်ဉာဏဝိပ္ပယုတ်စိတ်နဲ့ ဒွိဟိတ်ပဋိသန္ဓေ နေရမယ်၊ ဒွိဟိတ်ပုဂ္ဂိုလ် ဖြစ်လာရမယ်၊ ပဋိသန္ဓေပညာ ပါမလာတဲ့အတွက် ဘုရားသာသနာနှင့်တွေ့လို့ တရားအားထုတ်ပေမဲ့ မဂ်ဖိုလ်ကို မရနိုင်တော့ဘူး၊ အဓမ္မဝါသနာသောက်ပဲ ဖြစ်မယ်၊ ဒါ့ကြောင့် ဒီတိဟိတ်အောက်တန်းစားကုသိုလ်နှင့် ဒွိဟိတ်အထက်တန်းစားကုသိုလ်က တကယ်အားထားစရာ မဖြစ်နိုင်တော့ပါ။

၄။ ဒွိဟိတ်အောက်တန်းစားဖြစ်တဲ့ ကုသိုလ်ကံက အဟိတ်ကုသလဝိပါက် ဥပေက္ခာသဟဂုတ်သန္တီရဏဆိုတဲ့ ပဋိသန္ဓေကျိုးကို ပေးပြီး, အဟိတ်ကုသလဝိပါက် ၈–ပါးဆိုတဲ့ ပဝတ္တိကျိုးကို ပေးပါတယ်။

ဒွိဟိတ်အောက်တန်းစားဖြစ်တဲ့ ကုသိုလ်ကံကြောင့် ပဋိသန္ဓေကပင် ကန်းလာ, နားထိုင်းလာ, ထိုင်းမှိုင်းဖျင်းအလာ, ရူးသွပ်လာတဲ့လူတွေနှင့် ဘုမ္မစိုးနတ်ကြီးတွေကို မှီခိုကပ်ရပ်နေကြရတဲ့ ဝိနိပါတိကအသုရာတွေ ဖြစ်လာကြရပါတယ်၊ အဲဒီပုဂ္ဂိုလ်တွေဟာ အဟိတ်ကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်နဲ့ ပဋိသန္ဓေ နေလာကြရပါတယ်၊ ဖြစ်ရာဘုံသုဂတိ+ပဋိသန္ဓေအဟိတ်= ဒီ ၂–ခုကိုပေါင်းစပ်ပြီး အဲဒီပုဂ္ဂိုလ်တွေကို သုဂတိအဟိတ်ပုဂ္ဂိုလ်လို့ ခေါ်လာပါတယ်၊ ဒါန, သီလ, ဘာဝနာ ဆိုတဲ့ ကုသိုလ်ကောင်းမှုကို ပြုလုပ်ပေမဲ့ ဒီဒွိဟိတ်အောက်တန်းစားကုသိုလ်မျိုး မဖြစ်ရအောင် အထူးသတိထားပြီး လုပ်သင့်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



**ရူပါဝစရကုသိုလ်ကံ**

ရူပဝစရကုသိုလ်ကံကတော့ ကာမာဝစရကုသိုလ်ကံလို ကာယကံ, ဝစီကံ, မနောကံလို့ ၃–ပါး မရှိပါဘူး၊ မနောကံတစ်မျိုးတည်းသာ ဖြစ်ပါတယ်၊ ကာမာဝစရကုသိုလ်ကံလို ဒါန, သီလ, ဘာဝနာလို့ ၃–မျိုးလဲ မကွဲပြားတော့ပါ၊ ဘာဝနာတစ်မျိုးတည်းသာ ဖြစ်ပါတယ်၊ အဲဒီလို မနောကံ, ဘာဝနာဖြစ်သေမဲ့ ကာမာဝစရမနောကံမျိုး မဟုတ်ပါ၊ အပ္ပနာသို့ရောက်တဲ့ ဘာဝနာမျိုးသာ ဖြစ်ပါတယ်၊ ဈာန်အင်္ဂါတွေ ယှဉ်ပုံနှင့်စပ်လို့ ၄–မျိုး (တစ်နည်း= ၅–မျိုး) ကွဲပြားလာပါတယ်၊ အဲဒီရူပါဝစရကုသိုလ်ကံကြောင့် ရူပါဝစရ ၁၆–ဘုံမှာ ဖြစ်ရပါတယ်။

**အရူပါဝစရကုသိုလ်ကံ**

အရူပါဝစရကုသိုလ်ကံလဲပဲ မနောကံ, ဘာဝနာမျှသာ ဖြစ်ပါတယ်၊ အပ္ပနာသို့ ရောက်ပါတယ်၊ အာရုံက ၄–ပါးပြားတဲ့အတွက် အရူပါဝစရကုသိုလ်ကံကလဲပဲ ၄–မျိုး ပြားလာရပါတယ်၊ အဲဒီ အရူပါဝစရကုသိုလ်ကံကြောင့် အရူပါဝစရဘုံမှာ ဖြစ်ရပါတယ်။

"ဒီနေ့တရားကို ဒီမှာပဲ ရပ်နားကြစို့ရဲ့၊ ဒါတွေကတော့ အခြေခံရအောင်လို့ ပွဲဦးထွက်အနေနဲ့ ကြိုတင်ပြောထားရတဲ့ အဘိဓမ္မတ္ထသင်္ဂဟကျမ်းလာ ကံတွေပဲ ဖြစ်ပါတယ်။

အဲဒီကံတွေထဲက မကောင်းတဲ့ကံတွေကို ရှောင်ကြလို့ ကောင်းတဲ့ကံတွေကို ကြိုးစားပြုလုပ်ပြီး မဂ်,ဖိုလ်,နိဗ္ဗာန်ကို ဘဝတိုတိုနဲ့ မျက်မှောက်ပြုနိုင်ကြပါစေ"။

www.burmeseclassic.com

www.burmeseclassic.com



ဝါဆိုလပြည့်ကျော် ၁၅–ရက်

ဒီနေ့တော့ စူဠကမ္မဝိဘင်္ဂသုတ်ကိုပဲ အခြေခံထားပြီး ဟောပြောပေးပါ့မယ်။

## *စူဠကမ္မဝိဘင်္ဂသုတ်

**တောဒေယျ** သာဝတ္ထိပြည်ရှင် ဘုရင်ကောလသမင်းမှာ ပုရောဟိတ်ပုဏ္ဏားတစ်ယောက် ရှိနေပါတယ်၊ အဲဒီပုဏ္ဏားက သာဝတ္ထိမြို့ရဲ့အနီးမှာရှိနေတဲ့ "တုဒိ"ဆိုတဲ့ရွာရဲ့ အကြီးအမှူး အရှင်သခင်ဖြစ်တဲ့အတွက် တောဒေယျဆိုတဲ့အမည်ကို ရလာပါတယ်။

ပစ္စည်းဥစ္စာကတော့ ပေါများကြွယ်ဝသူ ဖြစ်ပါတယ်၊ ၈၇–ကုဋေတောင်ရှိနေတယ်ဆိုပဲ၊ ဒါပေမဲ့ ပစ္စည်းဥစ္စာပေါများသလောက် ဝန်တိုမှု(မစ္ဆရိယ)ကတော့ များပြားအားကြီးလှပါတယ်။

"ပေးလှူတဲ့ပုဂ္ဂိုလ်မှာ ပစ္စည်းဥစ္စာ ကုန်မသွားဘူးရယ်လို့ မရှိနိုင်ပါဘူး"။

ဒါဟာ သူ့ရဲ့အကြံ၊ သူရဲ့နှလုံးသွင်း ဖြစ်ပါတယ်၊ ဒီလိုအကြံ၊ ဒီလိုနှလုံးသွင်းမျိုးနဲ့ တစ်စုံတစ်ယောက်သောသူအား တစ်စုံတစ်ခုသော ပစ္စည်းဥစ္စာကိုမျှ မပေးဘူးပါဘူးတဲ့။

"မျက်စဉ်းတွေက ခပ်ဖန်များလို့ရှိရင် ကုန်သွားတာရယ်၊ ခြတွေကဖြည်းဖြည်းချင်းစုပေါင်းလို့ရှိရင် တောင်ပို့ကြီးတွေဖြစ်လာတာရယ်၊ ပျားကောင်ကလေးတွေက ပန်းရက်တွေကို သယ်ယူစုပေါင်းလိုက်တော့ ပျားအုံကြီး ဖြစ်လာတာရယ် ဒါတွေကိုကြည့်ပြီး ပညာရှိအမျိုးကောင်းသားက အနည်းငယ်မျှ ဖျက်စီးမှုကိုမပြုဘဲ တိုးပွားမှုကိုသာ ဖြစ်စေပြီး အိမ်ရာတည်ထောင် လူ့ဘောင်မှာ နေရမယ်"။

ဒီလိုစကားမျိုးတွေနဲ့ မပေးလှူမှုကိုသာ သင်ကြားလမ်းညွှန်နေပါတော့တယ်။

**လောဘကြောင့် ခွေးဖြစ်**

ရွာဦးကျောင်းမှာ သီတင်းသုံးနေတော်မူတဲ့ ဗုဒ္ဓမြတ်စွာအား ယာဂုကလေးတစ်မှုတ်လောက်ပဲဖြစ်ဖြစ်၊ ဆွမ်းကလေးတစ်ဖွန်းလောက်ပဲဖြစ်ဖြစ် မပေးလှူခဲ့ပါဘူး၊ ပစ္စည်းဥစ္စာတွေကို တပ်မက်တဲ့ လောဘနဲ့သေသွားပြီး အဲဒီအိမ်မှာပဲ ခွေးဖြစ်နေပါတယ်၊ လောဘရဲ့အလိုကို လိုက်ပါနေတဲ့ ပုဂ္ဂိုလ်ဟာ အဲဒီလောဘဖြစ်နေတုန်းမှာ သေသွားမယ်ဆိုရင် ငရဲနှင့်တိရစ္ဆာန်ဆိုတဲ့ ဘဝ ၂–မျိုးအနက် တစ်မျိုးမျိုးကို ရောက်ရတတ်ပါတယ်တဲ့။

---

* မဇ်–၃၊ ၂၄၃။ ဒ–၄၊ ၁၇၅။ ဋီ–၃၊ ၃၇၁။

www.burmeseclassic.com

www.burmeseclassic.com



ဘဝဟောင်းက သူ့ရဲ့သားဖြစ်သူ သုဘလုလင်က အဲဒီခွေးကို အင်မတန် ချစ်တယ်ဆိုပဲ၊ ကိုယ်တိုင်စားတဲ့အစားအစာမျိုးကိုပဲ ကျွေးနေပါတယ်၊ ချိုပွေ့ မ–ယူလာပြီး မြင့်မြတ်တဲ့ အိပ်ရာမှာ အိပ်စေပါတယ်။

ဗုဒ္ဓမြတ်စွာက တစ်နေ့သောအခါကျတော့ အရုဏ်တက်ခါနီး အချိန်မှာ လောကကို ကြည့်လိုက်တော့ အဲဒီခွေးကို တွေ့ရပါတယ်၊ အဲဒီခွေးက ဉာဏ်တော်ကွန်ရက်မှာ ထင်လာပါတယ်။

"တောဒေယျပုဏ္ဏားက ပစ္စည်းဥစ္စာကိုတပ်မက်မောတဲ့လောဘနဲ့ သေသွားပြီးတဲ့နောက် ကိုယ့်အိမ်မှာပဲ ခွေးဖြစ်နေတယ်၊ ယနေ့ငါဘုရားက သုဘလုလင်ရဲ့ အိမ်ကိုသွားလို့ရှိရင် ငါ့ကိုတွေ့ရတော့ ခွေးက ဟောင်လိမ့်မယ်၊ အဲဒီအခါမှာ ငါဘုရားက အဲဒီခွေးအား စကားတစ်ခွန်း ပြောရလိမ့်မယ်၊ ခွေးက 'ငါ့ကို ရဟန်းဂေါတမ သိနေပါပေါ့လား' လို့ တွေးတောပြီး ဖိုခုံလောက်ကြားမှာ သွားအိပ်နေပေလိမ့်မယ်၊ ဒါကို အကြောင်းပြုပြီး သုဘလုလင်က ငါဘုရားနှင့် အတူ တစ်ခုသောစကားပြောစရာ ဖြစ်လာလိမ့်မယ်၊ သုဘလုလင်က တရားစကား ကြားနာရလို့ရှိရင် သရဏဂုံတည်လိမ့်မယ်၊ ခွေးကတော့ သေသွားပြီးတဲ့နောက် ငရဲမှာ ဖြစ်ရပေလိမ့်မယ်"။

ဒီလို သုဘလုလင် သရဏဂုံတည်မဲ့အကြောင်းကိုလဲ သိတော်မူ၊ မြင်တော်မူပါတယ်။

ဒီတော့ ဗုဒ္ဓမြတ်စွာက အဲဒီနေ့မှာပဲ ကိုယ့်လက်သုတ်သင်မှုကို ပြုတော်မူပြီး တစ်ပါးတည်းပဲ ရွာထဲကို ဝင်တော်မူလာပါတယ်၊ သုဘလုလင် အိမ်ထဲက အပြင်ကို ထွက်သွားနေတဲ့အချိန်မှာ အဲဒီအိမ်သို့ ဆွမ်းအလို့ငှာ ဝင်တော်မူပါတယ်။

ခွေးက ဗုဒ္ဓမြတ်စွာကို တွေ့ရတော့ ဟောင်ရင်းနဲ့ ဗုဒ္ဓမြတ်စွာရဲ့အနားကို ရောက်သွားပါတယ်၊ ဒါနဲ့ ဗုဒ္ဓမြတ်စွာက အဲဒီခွေးကို မိန့်တော်မူလိုက်ပါတယ်။

"တောဒေယျ ! သင်ဟာ ရှေးလူ့ဘဝတုန်းကလဲပဲ ငါဘုရားကို 'ခင်ဗျားကြီး, ခင်ဗျားကြီး–(ဘောဘော)' လို့ လွှမ်းမိုးပြောဆိုခဲ့တဲ့အတွက် ခွေးဖြစ်နေရတာပဲ၊ အခုလဲပဲ ငါဘုရားကို ဟောင်တဲ့အတွက် အဝီစိကို သွားရပေလိမ့်မယ်"။

ခွေးက ဗုဒ္ဓမြတ်စွာရဲ့စကားကို ကြားရတဲ့အခါမှာ "ငါ့ကို ရဟန်းဂေါတမက သိနေတာပဲ" လို့ နှလုံးမသာမယာ ဖြစ်လာခဲ့ပါတယ်၊ ခေါင်းငုံ့(သွား)ပြီး ဖိုခုံလောက်ကြားပြာပုံမှာ အိပ်နေခဲ့ပါတယ်၊ လူတွေက မ–ယူပွေ့ချီပြီး အိပ်ရာမှာ မအိပ်စေနိုင်ကြတော့ပါ။

"ဘယ်သူက ဒီခွေးကို အိပ်ရာက မောင်းချထားရသလဲ ?"။

www.burmeseclassic.com

www.burmeseclassic.com


သုဘာလုလင်က အိမ်ကိုပြန်ရောက်လို့ မေးတဲ့အခါ လူတွေက "ဘယ်သူကမှ မောင်းချထားတာ မဟုတ်ပါဘူး" လို့ ပြောကြပြီးတဲ့နောက် ဗုဒ္ဓမြတ်စွာက ခွေးအား ပြောထားခဲ့တဲ့ စကားကိုလဲ ပြန်ပြောကြပါတယ်။

**ငါ့အဖေ ခွေးမဖြစ်နိုင်**

ယင်းစကားကို ကြားရတဲ့အခါ သုဘာလုလင်က အနာပေါ်တုတ်ကျဆိုသလို မခံချိမခံသာ ဖြစ်လာပါတော့တယ်။

"ငါ့အဖေဟာ ဗြဟ္မပြည်မှာ ဖြစ်နေတာပဲ၊ တောဒေယျဆိုတဲ့ခွေးဟာ မရှိနိုင်ပါဘူး၊ ရဟန်းဂေါတမကတော့ ငါ့အဖေကို ခွေးဖြစ်အောင် လုပ်နေတာပဲ၊ ဒီရဟန်းဂေါတမဟာ တော်ရိလျော်ရိ နှုတ်တက်ရာကို ပြောနေတာပဲ"။

ဒီလိုတွေးပြီး စိတ်ဆိုးအမျက်ထွက်လာပါတယ်၊ ဗုဒ္ဓမြတ်စွာကို မုသာဝါဒနဲ့ နှိပ်ကွပ်ရအောင်လို့ ကျောင်းကိုလိုက်သွားပြီး အဲဒီအကြောင်းကို မေးပါတယ်။

**ခွေးကပဲ သက်သေခံ**

ဗုဒ္ဓမြတ်စွာကလဲ သုဘာလုလင်အား အိမ်မှာပြောလာခဲ့တဲ့အတိုင်းပဲ ပြောပြပါတယ်၊ ထို့နောက် ပြောထားသမျှစကားတွေ မှန်ကန်ကြောင်း သက်သေသာဓက ဖြစ်အောင် ဆက်လက်မိန့်တော်မူပါတယ်။

"သုဘ ! သင့်အဖေက ပြောမပြခဲ့တဲ့ ပစ္စည်းဥစ္စာတွေများ ရှိနေသေးသလား"။

"ရှိပါတယ် အရှင်ဂေါတမ !၊ အဲဒါတွေကတော့ အဖိုးတစ်သိန်းထိုက်တန်တဲ့ ရွှေပန်းခိုင်တစ်ခု၊ အဖိုးတစ်သိန်းထိုက်တန်တဲ့ ရွှေခြေနင်းတစ်ခု၊ အဖိုးတစ်သိန်းထိုက်တန်တဲ့ ရွှေခွက်တစ်ခုနဲ့ ငွေတစ်သိန်း၊ ဒါတွေပဲ ဖြစ်ပါတယ်"။

"ဒါဖြင့်ရင် သင်သွားလိုက သွားတော့၊ အဲဒီခွေးကို ရေအနည်းငယ်သာ ထည့်ကျိုထားတဲ့ နို့ဃနာကို ကျွေးပါ၊ ပြီးတော့ အိပ်ရာပေါ်တင်ထားပါ၊ အနည်းငယ် အိပ်ပျော်လာတဲ့အခါမှာ မေးကြည့်ပါ၊ သင့်အား အကုန်လုံးကို ပြောပြပါလိမ့်မယ်၊ အဲဒီလိုပြောပြတဲ့ အခါကျတော့မှ အဲဒီခွေးက ကိုယ့်အဖေ ဖြစ်တယ်ဆိုတာကို ယုံပါတော့"။

ဗုဒ္ဓမြတ်စွာရဲ့ စကားကို ကြားရတဲ့အခါ သုဘာလုလင်က—

"မှန်လို့ရှိရင် ဥစ္စာရလိမ့်မယ်၊ မမှန်လို့ရှိရင် ရဟန်းဂေါတမကို မုသာဝါဒနဲ့ နှိပ်ကွပ်ရလိမ့်မယ်"။

ဒီအကြောင်း ၂–ပါးလုံးနဲ့ပဲ နှစ်သက်ကျေနပ်လာပါတယ်၊ ဒါနဲ့အိမ်ကိုပြန်လာပြီး ဗုဒ္ဓမြတ်စွာက အမိန့်ရှိလိုက်တဲ့အတိုင်း ပြုလုပ်ပါတော့တယ်၊ ဒီတော့ ခွေးက

www.burmeseclassic.com

www.burmeseclassic.com



"ငါ့သားက ငါ့ကိုသိသွားပါပေါ့လား"လို့ ငိုကြွေးပြီး "ဝုတ်,ဝုတ်"လို့ အသံပြုလျက် ဥစ္စာမြှုပ်ထားတဲ့နေရာကို ထွက်သွားပါတော့တယ်၊ ရောက်တဲ့အခါမှာ ခြေနဲ့ မြေကို ယက်ပြီး အမှတ်သညာကို ပေးပါတယ်၊ သုဘလုလင်က ဥစ္စာတွေကိုလဲ ဖော်ယူပါတယ်။

"ဘဝတွေက ဖုံးလွှမ်းထားတဲ့ ဒီလိုသိမ်မွေ့နက်နဲတဲ့ ပဋိသန္ဓေအထူးကိုတောင်မှ ရဟန်းဂေါတမက ထင်ရှားစေနိုင်ပါတယ်၊ ဒီရဟန်းဂေါတမဟာ တကယ်ပဲ သဗ္ဗညုဖြစ်ပါပေတယ်"။

ဒီလိုလဲ မြတ်စွာဘုရားအပေါ်မှာ စိတ်ထဲက ကြည်ညိုလာတဲ့အတွက် ပြဿနာ ၁၄–ချက်ကို စီရင်ပါတော့တယ်။

**ပြဿနာမေးရခြင်းအကြောင်း**

အချို့ပုဂ္ဂိုလ်တွေက ဒီလိုလဲ ပြောဆိုကြပါသေးတယ်၊ ဒီသုဘလုလင်ဟာ အင်္ဂဝိဇ္ဇာကျွမ်းတတ် ပညာရှင်တစ်ဦးဖြစ်ပါတယ်၊ ဒါ့ကြောင့် အသက်တိုမှု, အသက်ရှည်မှု–စတဲ့ဟာတွေနဲ့စပ်လို့ ပြဿနာ ၁၄–ချက်ကို စီရင်ထားခဲ့ပါတယ်။

"ဒီသတ္တဝါတွေရဲ့ အသက်တိုမှု, အသက်ရှည်မှု–စတဲ့ ထူးခြားချက်တွေကို အင်္ဂါကြီးငယ်နှင့်ပတ်သက်လို့ မှတ်သားလာခဲ့ကြပါတယ်၊ အင်္ဂါကြီးငယ်တွေက ဟိုဟိုဒီဒီ အသက်တိုမှု, အသက်ရှည်မှု–စသည်တို့ရဲ့ အစစ်အမှန်အကြောင်း ဖြစ်တယ် ဆိုတာကတော့ မသင့်တော်လှပေဘူး၊ ဒါ့ကြောင့် အဲဒီအသက်တိုမှု, အသက်ရှည်မှု–စသည်တို့မှာ အင်္ဂါကြီးငယ်မှတစ်ပါး အခြားအကြောင်း ရှိသင့်တယ်၊ ရဟန်းဂေါတမက အဲဒီအကြောင်းကို ဝေဖန်ဟောကြားပေ လိမ့်မယ်၊ အဲဒီလို ဟောလိုက်လို့ရှိရင် ဒီရဟန်းဂေါတမဟာ သဗ္ဗညုပါပဲလို့ ငါ့ဆုံးဖြတ်ချက်ဟာ မချွတ်မယွင်း ဖြစ်လာပါလိမ့်မယ်"။

ဒီလိုလဲ အဲဒီသုဘလုလင်က ကြံစည်ထားပါသတဲ့၊ ပြီးတော့ နောက်တစ်မျိုးကတော့–

"တိရစ္ဆာန်ကိုပဲဖြစ်ဖြစ်, လူကိုပဲဖြစ်ဖြစ် ဝင်ပူးလို့ အလိုရှိတဲ့စကားကို ပြောဆိုစေတယ် ဆိုတာဟာ ကြီးမြတ်တဲ့ မန္တန်အတတ်ရဲ့ စွမ်းအင်သတ္တိကြောင့် ဖြစ်ပါတယ်၊ ဒါ့ကြောင့် ဒီမျှလောက်နဲ့ ရဟန်းဂေါတမရဲ့ သဗ္ဗညုဖြစ်တယ် ဆိုတာကို အတိအကျ မဆုံးဖြတ်နိုင်သေးပါဘူး၊ ငါက ရဟန်းဂေါတမအား ကံရဲ့အကျိုးကို ရည်ရွယ်ပြီး ပြဿနာမေးရရင် ကောင်းမှာပဲ၊ အဲဒီ ကံရဲ့အကျိုးနဲ့ စပ်နေတဲ့ ပြဿနာမှာလဲပဲ ငါစိတ်ကျေနပ်အောင် ဖြေနိုင်ပါလိမ့်မယ်၊ ဒီလို ဖြေဆိုနိုင်လို့ရှိရင် ဒီရဟန်းဂေါတမဟာ သဗ္ဗညုပဲလို့ ငါကဆုံးဖြတ်နိုင်ပါလိမ့်မယ်"။

www.burmeseclassic.com

www.burmeseclassic.com



ဒီလိုရည်ရွယ်ချက်နဲ့ ပြဿနာ ၁၄–ခုကိုစီရင်ခဲ့ပါသတဲ့၊ အဲဒီပြဿနာ ၁၄–ချက်ကို စီရင်ပြီးသည့်နောက်–

"ဒီတရားလက်ဆောင်ပဏ္ဏာကို ယူပြီး ရဟန်းဂေါတမကို ပြဿနာ မေးရတော့မယ်"။

ဒီလိုကြံစည်စဉ်းစားပြီး ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးနေတော်မူတဲ့ ဗုဒ္ဓမြတ်စွာထံသို့ ဒုတိယအကြိမ် သွားပြန်တယ်။

ပြဿနာ ၁၄–ချက်

သင့်တော်ရာက ရှိခိုးထိုင်နေပြီး မြတ်စွာဘုရားကို လျှောက်ထားပါတယ်။

"အရှင်ဂေါတမ ! လူတွေဟာ လူသားချင်းတော့ တူကြပါတယ်၊ ဒါပေမဲ့ အချို့က ယုတ်ညံ့ကြပါတယ်၊ အချို့က မြင့်မြတ်ကြပါတယ်၊ ဘာ့ကြောင့် ဒီလို ကွဲပြားခြားနားရပါသလဲ ?။–

၁။ အချို့က အသက်တိုကြပါတယ်၊
၂။ အချို့က အသက်ရှည်ကြပါတယ်၊
၃။ အချို့က အနာရောဂါများကြပါတယ်၊
၄။ အချို့က အနာရောဂါနည်းကြပါတယ်၊
၅။ အချို့က အရုပ်ဆိုးကြပါတယ်၊ (အဆင်းမလှ။)
၆။ အချို့က အဆင်းလှကြပါတယ်၊
၇။ အချို့က တန်ခိုးနည်းကြပါတယ်၊
၈။ အချို့က တန်ခိုးကြီးကြပါတယ်၊
၉။ အချို့က စည်းစိမ်ဥစ္စာနည်းကြပါတယ်၊
၁၀။ အချို့က စည်းစိမ်ဥစ္စာပေါများကြပါတယ်၊
၁၁။ အချို့က အမျိုးယုတ်ကြပါတယ်၊
၁၂။ အချို့က အမျိုးမြတ်ကြပါတယ်၊
၁၃။ အချို့က ပညာနည်းကြပါတယ်၊
၁၄။ အချို့က ပညာရှိကြပါတယ်။

လူချင်းတူပါလျက် ဘာ့ကြောင့် ဒီလို အယုတ်အမြတ် ကွဲပြားခြားနားရပါသလဲ ?"။

အသက်–အနာ, ဆင်းဝါ–တန်ခိုး, စည်းစိမ်မျိုးနှင့်, အမျိုး–ပညာ, ခုနစ်ဖြာ, ခွဲပါယုတ်အမြတ်။

ဒီလို အကျဉ်းမှတ်သားကြပါ။

www.burmeseclassic.com

www.burmeseclassic.com



**ကံသာအမိ, ကံသာအဘ**

"သုဘ ! သတ္တဝါတွေဆိုတာဟာ ကံဆိုတဲ့ ကိုယ်ပိုင်ဥစ္စာ ရှိကြတယ်၊ ကံရဲ့အမွေစား, အမွေခံတွေ ဖြစ်ကြတယ်၊ ကံဆိုတဲ့အကြောင်းကြောင့် ဖြစ်လာကြရတယ်၊ ကံဆိုတဲ့ဆွေမျိုး ရှိကြတယ်၊ 'ကံဆိုတဲ့မှီခိုအားထားရာ ရှိကြတယ်၊ အယုတ်အမြတ်ဖြစ်အောင် သတ္တဝါတွေကို ကံကပဲ ဝေဖန်ပေးနေပါတယ်"။

[ မင်းက ယုတ်ညံ့သူဖြစ်ပါ၊ မင်းက မြင့်မြတ်သူဖြစ်ပါ၊ မင်းက အသက်တိုသူဖြစ်ပါ၊ မင်းက အသက်ရှည်သူဖြစ်ပါ၊ မင်းက အနာရောဂါများသူဖြစ်ပါ၊ မင်းက အနာရောဂါနည်းသူဖြစ်ပါ၊ မင်းက အဆင်းမလှသူဖြစ်ပါ၊ မင်းက အဆင်းလှသူဖြစ်ပါ၊ မင်းက တန်ခိုးနည်းသူဖြစ်ပါ၊ မင်းက တန်ခိုးကြီးသူ ဖြစ်ပါ၊ မင်းက ပစ္စည်းဥစ္စာနည်းသူဖြစ်ပါ၊ မင်းက ပစ္စည်းဥစ္စာပေါများသူ ဖြစ်ပါ၊ မင်းက အမျိုးယုတ်ညံ့သူဖြစ်ပါ၊ မင်းက အမျိုးမြတ်သူဖြစ်ပါ၊ မင်းက ပညာနည်းသူဖြစ်ပါ၊ မင်းက ပညာရှိသူဖြစ်ပါ၊ ဒီလို အယုတ်အမြတ်အနေနဲ့ ဝေဖန်တာကို အခြားဘယ်သူကမှ လုပ်ပေးတာ မဟုတ်ဘူး၊ ကံကံသာ လုပ်ပေးနေတယ်လို့ ဆိုလိုပါတယ်။ ]

သုဘလုလင်က မြတ်စွာဘုရား ဟောတော်မူတဲ့ စကားရဲ့ အနက်အဓိပ္ပာယ်ကို ဒီလို နားမလည်နိုင်ပါဘူးတဲ့၊ ထူထဲတဲ့အဝတ်ပြားနဲ့ မျက်နှာကိုစီးပြီး ရှေ့မှာချထားတဲ့ ချိုသောအရသာရှိတဲ့ ဝတ္ထုလို ဖြစ်နေပါတော့တယ်။

[ အဲဒီသုဘလုလင်ဆိုတာဟာ ကိုယ့်ကိုကိုယ် ပညာရှိကြီးထင်ပြီး ဘဝင်မြင့်နေသူ(မာနကြီးနေသူ) ဖြစ်တယ်ဆိုပဲ၊ ကိုယ်နှင့်တန်းတူညီမျှတဲ့လူ ရှိတယ်လို့တောင် မထင်ပါဘူးတဲ့၊ အဲဒီတော့ သူ့မှာ "ရဟန်းဂေါတမက ဘာတွေကို ထူးထူးခြားခြား ပြောနိုင်မှာတဲ့လဲ၊ ငါသိနေတာကိုပဲ ပြောပေမပေါ့" ဆိုတဲ့ ဒီလိုမာနမျိုး မဖြစ်ပါစေနဲ့လို့ မာနကို ချိုးနှိမ်ဖျက်ဆီးလိုတဲ့အတွက် ဗုဒ္ဓမြတ်စွာက စကတဲကပဲ မသိနားမလည်နိုင်အောင်လုပ်ပြီး ဟောတော်မူပါတယ်။

အဲဒီလို မသိနားမလည်တော့ "အရှင်ဂေါတမ ! အကျွန်ုပ် နားမလည်ပါဘူး၊ အကျွန်ုပ် နားလည်အောင် အကျယ်တဝင့် ဟောတော်မူပါ၊" ဒီလို ငါ့ကို တောင်းပန်လာလိမ့်မယ်၊ အဲဒီလို တောင်းပန်တဲ့ အခါကျမှ ငါဘုရားက သူ့အား ဟောပြောပြသရပေလိမ့်မယ်၊ အဲဒီလို ဟောပြမှ သူ့မှာ အကျိုးရှိလာလိမ့်မယ်"လို့ စဉ်းစားဆင်ခြင်တော်မူပြီး သုဘလုလင် နားမလည်အောင် ဟောတော်မူပါတယ်တဲ့။ ]

www.burmeseclassic.com

www.burmeseclassic.com



"အရှင်ဂေါတမက အကျဉ်းဟောထားပြီး အနက်အကျယ်မဝေဖန်သေးတဲ့ ဒီတရားစကားရဲ့ သဘောအဓိပ္ပာယ်ကို အကျယ်အနေနဲ့ အကျွန်ုပ် မသိနားမလည်ပါ၊ တောင်းပန်ပါရစေ၊ အရှင်ဂေါတမက အကျဉ်းအနေနဲ့ ဟောထားပြီး သဘောအဓိပ္ပာယ်ကို အကျယ်ဝေဖန် မပြရသေးတဲ့ ဒီတရားရဲ့ သဘောအဓိပ္ပာယ်ကို အကျွန်ုပ် သိနားလည်အောင် ဟောတော်မူပါ"။

### ၁+၂။ အသက်တိုမှု၊ ရှည်မှု

ဒီလို တောင်းပန်မှ ဗုဒ္ဓမြတ်စွာက အကျယ်တဝင့် ရှင်းလင်းမိန့်ကြားတော်မူပါတယ်။

**အသက်တိုမှုကို ဖြစ်စေတတ်တဲ့အကျင့်**

"လုလင် ! ဒီလောကမှာ မိန်းမပဲဖြစ်ဖြစ်၊ ယောကျ်ားပဲဖြစ်ဖြစ် အချို့သောသူဟာ သူ့အသက်ကိုသတ်တတ်တယ်၊ ကြမ်းကြုတ်ရက်စက်တယ်၊ သွေးစွန်းတဲ့လက်ရှိနေတယ်၊ သတ်ပုတ်ညှဉ်းဆဲမှုမှာ စိတ်ပါဝင်စားတယ်၊ သက်ရှိသတ္တဝါတွေမှာ သနားခြင်း ကင်းမဲ့တယ်၊ အဲဒီ သူ့အသက်ကို သတ်လေ့ရှိသူဟာ ဒီလိုပြည့်စုံတဲ့ (စွမ်းနိုင်တဲ့၊ အကျိုးပေးအောင်ပြုလုပ်ထားတဲ့၊ ဆည်းပူးထားတဲ့)၊ ဒီလို ဆောက်တည်ထားတဲ့ (တဏှာဒိဋ္ဌိတွေနဲ့ ယူထားတဲ့၊ မှားမှားယွင်းယွင်း သုံးသပ်ထားတဲ့) အဲဒီ သူ့အသက်ကို သတ်တဲ့ အကုသိုလ်ကံကြောင့် ဒီဘဝက သေသွားပြီးတဲ့နောက် ချမ်းသာကင်းကွာ မကောင်းသော လားရောက်ရာဖြစ်တဲ့ ငရဲမှာဖြစ်ရပါတယ်၊ ငရဲမှာမဖြစ်ဘဲ လူ့ဘဝကို ရောက်လာခဲ့ပါရင် ဖြစ်ရာဘဝမှာ အသက်တိုတယ်။

လုလင် ! အဲဒီ သူ့အသက်ကို သတ်ခြင်း၊ ကြမ်းကြုတ်ခြင်း၊ သွေးစွန်းတဲ့လက်ရှိခြင်း၊ သတ်ပုတ်ညှဉ်းဆဲမှုမှာ စိတ်ပါဝင်စားခြင်း၊ သတ္တဝါအကုန်လုံးတို့ရဲ့အပေါ်မှာ သနားကြင်နာမှု ကင်းမဲ့ခြင်းဟာ အသက်တိုခြင်းကို ဖြစ်စေတတ်တဲ့ အကျင့်ပါပဲ"။

**အသက်တိုမှုကို ဖြစ်စေပုံ** ဒီသူ့အသက်ကို သတ်ဖြတ်ခြင်းဆိုတဲ့အကျင့်(ပါဏာတိပါတ)က ဘယ်လို အသက်တိုမှုကို ဖြစ်စေနိုင်ပါသလဲ ဆိုတော့=

ကံတွေဟာ—

၁။ ဥပပီဠကကံ= ကပ်လို့နှိပ်စက်တတ်တဲ့ကံ၊

၂။ ဥပစ္ဆေဒကကံ= ကပ်လို့သတ်ဖြတ်တတ်တဲ့ကံ၊

၃။ ဇနကကံ= ပဋိသန္ဓေကျိုး၊ ပဝတ္တိကျိုးကို ဖြစ်စေတတ်တဲ့ကံ၊

၄။ ဥပတ္ထမ္ဘကကံ= ထောက်ပံ့ကူညီတတ်တဲ့ကံ။

ဒီလို ၄–မျိုး ရှိနေပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



**၁။ ဥပပီဠကကံ** အားကောင်းတဲ့ ကုသိုလ်ကံကြောင့် လူ့နတ်ဆိုတဲ့ သုဂတိဘုံမှာ ဖြစ်နေသူ၊ ကြွယ်ဝချမ်းသာတဲ့ အမျိုးမှာ ဖြစ်နေသူကို ပဝတ္တိအခါ (အကုသိုလ်)ဥပပီဠကကံက လာရောက်ပြီး သဘောအနေနဲ့ ဒီလို ပြောဆိုသလို ဖြစ်နေပါတယ်။

"အကျွန်ုပ်(အကုသိုလ်ကံ)ကသာ အစကတဲက သိရလို့ရှိရင် သင့်ကို ဒီသုဂတိဘုံမှာ ကြွယ်ဝချမ်းသာတဲ့အမျိုးမှာ ဖြစ်ခွင့်မပေးနိုင်ဘူး၊ သင့်ကို အပါယ် ၄–ဘုံမှာသာ ဖြစ်စေမယ်၊ နေပစေအုံး၊ သင်က ဘယ်မှာပဲဖြစ်ဖြစ် ဥပပီဠက(ကပ်လို့နှိပ်စက်တတ်တဲ့)ကံဆိုတာဟာ ကျုပ်ပါပဲ၊ သင့်ကို နှိပ်စက်ပြီး ဩဇာ(တန်ခိုးအရှိန်အဝါ) မရှိအောင်၊ အဆီအစေး မရှိအောင်၊ အမှိုက်သရိုက် ဖြစ်သွား(အနှစ်သာရမရှိ)အောင် လုပ်ရတော့မယ်"။

ဒီလို ကြုံးဝါးပြောဆိုတဲ့အခါကစပြီး သုဂတိဘုံမှာဖြစ်နေတဲ့ သတ္တဝါကို ဒီလိုဆင်းရဲစေတဲ့အလုပ်ကို ပြုလုပ်ပါတော့တယ်၊ ဘေးရန်အမျိုးမျိုးဖြစ်အောင် လုပ်ပါတော့တယ်၊ စည်းစိမ်ဥစ္စာတွေပျက်စီးအောင် လုပ်ပါတော့တယ်။

သုဂတိဘုံမှာ အကုသိုလ်ကံရဲ့ နှိပ်စက်မှုကို ခံနေရတဲ့ ကလေးသူငယ်ရဲ့ ပဋိသန္ဓေ တည်နေတာကစပြီး အမိဖြစ်သူမှာ သာယာမှုလဲမဖြစ်၊ ချမ်းသာမှုလဲ မဖြစ်တော့ပါ၊ အမိအဖတို့မှာ နှိပ်စက်ခံရခြင်းသာ ဖြစ်ပါတော့တယ်၊ ဒီလို ဘေးရန်သို့ ကပ်ဆောင်တတ်ပါတယ်။

ထို့ပြင် အကုသိုလ်ကံရဲ့ နှိပ်စက်မှုကို ခံနေရတဲ့ ကလေးသူငယ် ပဋိသန္ဓေ တည်နေတာက စပြီးတော့ အိမ်မှာ ရှိနေတဲ့ ပစ္စည်းဥစ္စာတွေဟာ ရေထိဆားလို မင်း–စသူတို့ကြောင့် ပျက်စီးရပါတယ်၊ အိုးတစ်လုံးပြည့်အောင် နို့ထွက်တဲ့ နို့စား နွားမတွေက နို့မထွက်တော့ပါဘူး၊ ယဉ်တဲ့နွားတွေက ရိုင်းလာကြပါတယ်၊ အချို့ နွားတွေက မျက်စိကန်းကြပါတယ်၊ အချို့နွားတွေက ကုန်းကြပါတယ်၊ နွားအုပ်မှာ ရောဂါကျရောက်လာပါတယ်၊ ကျွန်–စသူတို့ကလဲ စကားကို နားမထောင်ကြ တော့ပါ၊ စိုက်ပျိုးထားတဲ့ ကောက်ပဲသီးနှံတွေကလဲ မဖြစ်ထွန်းတော့ပါ၊ အိမ်မှာရှိတဲ့ ပစ္စည်းဥစ္စာဟာ အိမ်မှာပဲ ပျက်စီးသွားပါတယ်၊ တောမှာရှိနေတဲ့ ပစ္စည်းဥစ္စာတွေဟာ တောမှာပဲ ပျက်စီးသွားကြပါတော့တယ်၊ ဖြည်းဖြည်းချင်း စားလောက်ရုံ့ ဝတ်လောက် ရုံမျှ ပစ္စည်းဥစ္စာကိုပဲ ရရှိရန် ခဲယဉ်းလာပါတော့တယ်၊ ကိုယ်ဝန်စောင့်ရှောက်မှုကိုလဲ မရနိုင်ပါ၊ မွေးလာတဲ့အခါမှာ အမိမှ နို့မထွက်တော့ပါ၊ သူငယ်က အစောင့် အရှောက်ကို မရတဲ့အတွက် နှိပ်စက်ခံနေရပါတယ်၊ ဩဇာ(တန်ခိုးအရှိန်အဝါ) မရှိတော့ပါ၊ အဆီအစေး မရှိတော့ပါ၊ ကြုံလှီနေပါတော့တယ်၊ ဒီကံမျိုးကို ကပ်လို့ နှိပ်စက်တတ်တဲ့(အကုသိုလ်ဥပပီဠက)ကံလို့ ခေါ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



**၂။ ဥပစ္ဆေဒကကံ** ထို့ပြင် အသက်ရှည်စေတတ်တဲ့ ကုသိုလ်ကံကြောင့် ဖြစ်လာရတဲ့ ပုဂ္ဂိုလ်ရဲ့ အသက်ကို အကုသိုလ်ဥပစ္ဆေဒက(ကပ်လို့ဖြတ်တောက်ပစ်တတ်တဲ့)ကံက လာရောက်ပြီး ဖြတ်တောက်ပစ်တတ်ပါတယ်၊ ပြောပြပါအုံးမယ်၊ ယောကျ်ားတစ်ယောက်က ၈–ဥသဘာသွားနိုင်အောင်လုပ်ပြီး မြားကိုပစ်နေတဲ့အခါမှာ အဲဒီမြားကို အခြားလူတစ်ယောက်က လာရောက်ပြီး လေးမှလွတ်ရင်လွတ်ချင်း တင်းပုတ်ကြီးနဲ့ရိုက်ပြီး အဲဒီနေရာမှာပဲ ကျစေသလို အသက်ရှည်မှုကို ဖြစ်စေတတ်တဲ့ ကုသိုလ်ကံကြောင့်ဖြစ်နေရတဲ့ သတ္တဝါရဲ့အသက်ကို ကပ်လို့ဖြတ်တတ်တဲ့ (ဥပစ္ဆေဒက)အကုသိုလ်ကံက ဖြတ်တောက်ပစ်တတ်ပါတယ်။

ဘယ်လိုလုပ်ပြီး ဖြတ်တောက်ပစ်သလဲဆိုတော့– ခိုးသားဓားပြတွေ နေထိုင်တဲ့တောအုပ်ကို ဝင်စေပါတယ်၊ ငါးဆိုးငါးကြမ်းတွေရှိတဲ့ ရေထဲကို ဆင်းစေပါတယ်၊ ထို့ပြင် အဲဒီအကုသိုလ်ကံရဲ့ သတ်ဖြတ်မှုကို ခံရတဲ့သတ္တဝါကို ဘေးရန်ရှိနေတဲ့နေရာတစ်ခုခုသို့ ပို့ဆောင်တတ်ပါတယ်၊ ဒီကံမျိုးကို ကပ်လို့ဖြတ်တတ်တဲ့ (ဥပစ္ဆေဒက)ကံလို့ ခေါ်ပါတယ်၊ ကပ်လို့သတ်တတ်တဲ့(ဥပဃာတက)ကံ ဆိုတာဟာလဲ ဒီကံပဲ ဖြစ်ပါတော့တယ်၊ မထူးခြားတော့ပါဘူး။

**၃။ ဇနကကံ** ထို့ပြင် ပဋိသန္ဓေ(နာမက္ခန္ဓာ ကဋတ္တာရုပ်)ကို ဖြစ်စေတတ်တဲ့ ကုသိုလ်ကံ, အကုသိုလ်ကံကတော့ ဇနကကံ မည်ပါတယ်။

**၄။ ဥပတ္ထမ္ဘကကံ** နည်းသောဥစ္စာရှိတဲ့ အမျိုး–စသည်တို့မှာ ဖြစ်နေတဲ့ သတ္တဝါရဲ့ စည်းစိမ်ဥစ္စာ ပြည့်စုံမှု–စသည်ကို ပြုသဖြင့် ထောက်ပံ့ကူညီမှုကို ပြုတတ်တဲ့ ကုသိုလ်ကံဟာ ဥပတ္ထမ္ဘကကံ မည်ပါတယ်။

**ကုသိုလ်, အကုသိုလ်** ဒီကံ ၄–မျိုးထဲက ရှေးဥပပီဠကကံ, ဥပစ္ဆေဒကကံ ၂–ပါးတို့ဟာ အကုသိုလ်တွေချည်းသာ ဖြစ်ကြပါတယ်၊ ဇနကကံကတော့ ကုသိုလ်လဲ ဖြစ်နိုင်ပါတယ်၊ အကုသိုလ်လဲ ဖြစ်နိုင်ပါတယ်၊ ဥပတ္ထမ္ဘကကံကတော့ ကုသိုလ်တစ်မျိုးတည်းသာ ဖြစ်ပါတယ်။

အဲဒီကံ ၄–မျိုးထဲက ပါဏာတိပါတ(သူ့အသက်ကိုသတ်မှုအကုသိုလ်)ကံဟာ ရှည်သောအသက်ကို ဖြတ်တောက်တတ်တဲ့သဘောနဲ့ အသက်တိုမှုကို ဖြစ်စေတတ်ပါတယ်၊ နောက်တစ်နည်းအနေနဲ့ ပြောရမယ်ဆိုရင် သူ့အသက်ကို သတ်လေ့ရှိသူက ပြုလုပ်ထားတဲ့ ကုသိုလ်ကံဟာ အစွမ်းသတ္တိ မထက်မြက်ပါဘူး၊ အသက်ရှည်တဲ့ ပဋိသန္ဓေကို မဖြစ်စေနိုင်ပါဘူး၊ ဒီလိုပဲ သူ့အသက်ကိုသတ်တဲ့ အကုသိုလ်ကံဟာ အသက်တိုမှုကို ဖြစ်စေတတ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နည်းကတော့ ပဋိသန္ဓေကိုသာ သူ့အသက်ကိုသတ်မှု ပါဏာတိပါတ အကုသိုလ်ကံက အသက်တိုတဲ့သဘောရှိအောင် သတ်မှတ်ပြီး အသက်တိုအောင် ပြုလုပ်တတ်ပါတယ်၊ နောက်တစ်နည်း ပြောရမယ်ဆိုရင် ဆုံးဖြတ်ကြောင်းဖြစ်တဲ့ သူ့အသက်ကိုသတ်မှု(သန္နိဋ္ဌာပက)စေတနာကြောင့် ငရဲမှာ ဖြစ်ရပါတယ်၊ ရှေ့အဖို့မှာဖြစ်တဲ့ စေတနာ, နောက်အဖို့မှာဖြစ်တဲ့ စေတနာတွေနဲ့ ပြောလာခဲ့တဲ့ အတိုင်း အသက်တိုတတ်ပါတယ်။

**ကုသိုလ်ဥပပီဠကကံ, ဥပစ္ဆေဒကကံလည်းရှိ**

ဇနကကံက ကုသိုလ်သဘော, အကုသိုလ်သဘော ၂–မျိုး ရှိနေသလို အခြားကံတွေရဲ့ ကုသိုလ်သဘော, အကုသိုလ်သဘော ၂–မျိုးရှိကြောင်းကိုဆိုရင် တစ်စုံတစ်ရာဆန့်ကျင်မှု မရှိပါဘူး။

ဒီအဆိုပြုချက်ဟာ မှန်ပါတယ်၊ ဒေဝဒတ်–စတဲ့ ပုဂ္ဂိုလ်တွေ, နဂါး–စတဲ့ တိရစ္ဆာန်တွေ, ဒီလူ့ဘဝနှင့် မကင်းကွာနိုင်ကြတဲ့ ပြိတ္တာ–စတဲ့သူတွေရဲ့ ငရဲ–စသည်တို့မှာ အကုသိုလ်ကံရဲ့အကျိုးကို ထောက်ပံ့ကူညီခြင်း, ကပ်လို့နှိပ်စက်ခြင်း, ကပ်လို့သတ်ဖြတ်ခြင်းတွေဟာ ဖြစ်သင့်ကြတာပါပဲ။

ဒါ့ကြောင့် အောက်က အာနန္တရိယကံအများထဲက ကံတစ်ခုခုကြောင့် ပဋိသန္ဓေနေရတဲ့ ပုဂ္ဂိုလ်ရဲ့ အဲဒီပဋိသန္ဓေကျိုးကို ပေးတဲ့ကံအား အခြားကံတွေက အားပေးကူညီကြောင်းကို မိန့်ဆိုထားခဲ့ပါတယ်၊ အဲဒီ အားပေးကူညီခြင်းကိုလဲ ပြုနိုင်ပါတယ်။

ကံတစ်ပါးကို ပြုလုပ်ထားပါရင် ဇနကကံက ဖြစ်စေတဲ့ ကုသိုလ်အကျိုးကိုပဲဖြစ်ဖြစ်, အကုသိုလ်အကျိုးကိုပဲဖြစ်ဖြစ် အနာရောဂါနှင့် ဓာတ်ညီညွတ်(ကျန်းမာ)မှု–စတဲ့ အကြောင်းက တားမြစ်ကန့်ကွက်တတ်ပါတယ်၊ ဒါဟာ ဥပတ္ထမ္ဘကကံဖြစ်ပါတယ်။

ပြုလုပ်ထားရင် ပဋိသန္ဓေကို ဖြစ်စေနိုင်တဲ့ကံရဲ့ ပဋိသန္ဓေအခါမှာပဲဖြစ်ဖြစ်, ပဝတ္တိအခါမှာပဲဖြစ်ဖြစ် ဝိပါက်နာမက္ခန္ဓာ ကဋတ္တာရုပ်တွေကို ဖြစ်စေတတ်တဲ့ ကံဟာ ဇနကကံ မည်ပါတယ်။

ထို့ပြင် ပြုလုပ်ထားလို့ရှိရင် အခြားသောကံကြောင့် ဖြစ်နေတဲ့ အလိုရှိအပ်တဲ့ အကျိုးကိုပဲဖြစ်ဖြစ်, အလိုမရှိအပ်တဲ့ အကျိုးကိုပဲဖြစ်ဖြစ် နှိပ်စက်ခြင်းရဲ့အကြောင်း, ပြတ်စဲခြင်းရဲ့အကြောင်းဖြစ်သဖြင့်လည်းကောင်း, တိုးပွားခြင်း၏အကြောင်းရဲ့ ဖြစ်ခြင်းကြောင့်လည်းကောင်း ဇနကကံရဲ့ အစွမ်းသတ္တိအားလျော်စွာ ကြာမြင့်စွာ ဖြစ်အောင် ဖွဲ့စပ်တတ်တဲ့ကံဟာ ဥပတ္ထမ္ဘကကံ မည်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ပြင် ပြုလုပ်ထားလို့ရှိရင် ဇနကကံကြောင့်ဖြစ်တဲ့ ကုသိုလ်ကျိုးကိုပဲဖြစ်ဖြစ်၊ အကုသိုလ်ကျိုးကိုပဲဖြစ်ဖြစ် နာဖျားခြင်း၊ ကျန်းမာခြင်း–စတဲ့အကြောင်းကို တားမြစ်တတ်တဲ့ကံဟာ ဥပပီဠကကံ မည်ပါတယ်။

ထိုမှတစ်ပါး ပြုလုပ်ထားလို့ရှိရင် ဇနကကံရဲ့ အစွမ်းသတ္တိကြောင့် အလွန်ကြာမြင့်စွာ တည်နေသင့်တဲ့အကျိုးကို ဖြတ်တောက်ပစ်တတ်တဲ့ကံကတော့ ဥပဃာတကကံ မည်ပါတယ်။

ဒါကတော့ ဒီကံနှင့်ပက်သက်တဲ့အရာမှာ အနှစ်သာရပါပဲ။ [ ဋီ၊ ၃၇၄။ ]

အသက်တိုမှုကို ဖြစ်စေတတ်တဲ့ အရာမှာ အဋ္ဌကထာဆရာ၊ ဋီကာဆရာတွေရဲ့ မိန့်ဆိုချက်ကို ဒီလောက်နဲ့ပဲ လက်စသတ်ပြီး ပါဠိတော်မိန့်ဆိုချက်ကို ပြန်ကောက်ကြစို့ရဲ့။

**အသက်ရှည်မှုကို ဖြစ်စေတတ်တဲ့အကျင့်**

"လုလင် ! ဒီလောကမှာ မိန်းမပဲဖြစ်ဖြစ်၊ ယောကျ်ားပဲဖြစ်ဖြစ် အချို့သော ပုဂ္ဂိုလ်က အသက်သတ်ခြင်းကို ပယ်စွန့်ထားပါတယ်၊ အသက်သတ်ခြင်းက ရှောင်ကြဉ်တယ်၊ တုတ်ကို ချထားပါတယ်၊ လက်နက်ကို ချထားပါတယ်၊ ရှက်ခြင်းရှိတယ်၊ သနားကြင်နာခြင်း ရှိတယ်၊ သတ္တဝါအကုန်လုံးရဲ့ အကျိုးစီးပွားကို လိုလားနေပါတယ်၊ တောင့်တနေပါတယ်၊ အဲဒီလို အသက်သတ်ခြင်းက ရှောင်ကြဉ်တဲ့သူဟာ ဒီလိုပြည့်စုံတဲ့၊ ဒီလိုဆောက်တည်ထားတဲ့ အဲဒီကံကြောင့် ဒီဘဝက သေသွားပြီးတဲ့နောက် ကောင်းသောလားရာ နတ်ပြည်နတ်ရွာကို ရောက်ရပါတယ်၊ သေပြီးတဲ့နောက် နတ်ပြည်နတ်ရွာကို မရောက်ဘဲ လူဖြစ်လာခဲ့ပါရင် ဖြစ်ရာဘဝမှာ အသက်ရှည်ရပါတယ်။

လုလင် ! အဲဒီ အသက်သတ်ခြင်းကို ပယ်ပြီး အသက်သတ်ခြင်းက ရှောင်ကြဉ်ခြင်း၊ တုတ်ကိုချထားခြင်း၊ လက်နက်ကိုချထားခြင်း၊ အရှက်ရှိခြင်း၊ သနားညှာတာမှုရှိခြင်း၊ သတ္တဝါအကုန်လုံးရဲ့ အစီးအပွားကို လိုလားခြင်းဟာ အသက်ရှည်ခြင်းကို ဖြစ်စေတတ်တဲ့ အကျင့်ပါပဲ"။

**ကုသိုလ်ကံက ထောက်ပံ့ကူညီပုံ**

ဒီနေရာမှာ ဘုရားဟော စကားတော်ကို ရပ်ထားပြီး အဋ္ဌကထာဆရာရဲ့ မိန့်ဆိုချက်ကို ဆက်လက်ပြောပြပါအုံးမယ်။

ယခု ပြောလာခဲ့တဲ့ ပါဠိတော်စကားရပ်မှာ နည်းပါးတဲ့ ကုသိုလ်ကံကြောင့် လူ့ပြည်မှာ ဖြစ်နေရတဲ့ သတ္တဝါကိုလဲပဲ ပဝတ္တိအခါမှာ ပါဏာတိပါတက ရှောင်ကြဉ်တဲ့ ကုသိုလ်ကံက လာရောက်ပြီး သဘာဝအားဖြင့် ဒီလို ပြောဆိုသလို ဖြစ်အနေပါတော့တယ်။

www.burmeseclassic.com

www.burmeseclassic.com



"ငါက စကတဲက သိမယ်ဆိုရင် သင့်ကို ဒီလူပြည်မှာ ဖြစ်ခွင့်မပေးနိုင်ပါဘူး၊ နတ်ပြည်မှာသာ ဖြစ်စေရမှာပဲ၊ ရှိပစေတော့၊ သင်က ဖြစ်လိုရာမှာ ဖြစ်ပေ့၊ ထောက်ပံ့ကူညီတတ်တဲ့ (ဥပတ္ထမ္ဘက)ကံဆိုတာ ကျုပ်ပါပဲ၊ သင့်ကို ထောက်ပံ့ကူညီရပေလိမ့်မယ်"။

တကယ်မပြောပေမဲ့ ပြောသလိုဖြစ်ပြီး ထောက်ပံ့ကူညီမှုကို ပြုပါတော့တယ်၊ ဘယ်လို လုပ်သလဲဆိုတော့– ဘေးရန်ကို ဖျက်ဆီးပါတယ်၊ စည်းစိမ်ဥစ္စာတွေကို ဖြစ်စေပါတယ်။

အဲဒီအမျိုးမှာ ကလေးပဋိသန္ဓေ တည်နေချိန်ကစပြီး အမိအဘတို့မှာ ချမ်းသာမှုသာ ဖြစ်ပါတယ်၊ သာယာဖွယ်သာ ဖြစ်ပါတယ်၊ ဖြစ်ရိုးဖြစ်စဉ်ဖြစ်တဲ့ လူသားတွေရဲ့ဘေးရန် အကုန်လုံးပင် ကင်းပျောက်သွားကြရပါတယ်၊ ဒီလို ဘေးရန်ကို ဖျက်ဆီးတတ်ပါတယ်။

ထို့ပြင် ကလေးပဋိသန္ဓေ တည်နေသည်ကစပြီး ပစ္စည်းဥစ္စာတွေရဲ့ အတိုင်းအရှည် ပမာဏဟာ မရှိတော့ပါဘူး၊ ရွှေအိုးတွေက ရှေ့ဘက်ကရော, နောက်ဘက်ကရော အိမ်ထဲကို လိမ့်ဝင်လာတတ်ပါတယ်၊ ရှေးက သူတစ်ပါးတို့ယူထားတဲ့ ပစ္စည်းဥစ္စာကိုလဲ အမေအဖေတွေက ပြန်လည်ရရှိတတ်ကြပါတယ်၊ နွားတွေကလဲ ချမ်းသာတဲ့အလေ့ ရှိကြပါတယ်၊ စိုက်ပျိုးထားတဲ့ ကောက်ပဲသီးနှံတွေကလဲ ဖြစ်ထွန်းကြပါတယ်၊ အတိုးပေးထားတဲ့ဥစ္စာ, ငှားရမ်းထားတဲ့ ပစ္စည်းဥစ္စာတွေကိုလဲ ပြန်၍ မတောင်းရပဲ အလိုအလျောက် ပေးလာကြပါတယ်၊ ကျွန်–စတဲ့ သူတွေကလဲ ပြောသမျှ, ဆိုသမျှကို လိုက်နာကြပါတယ်၊ လုပ်ငန်းကိစ္စတွေလဲ ဆုတ်ယုတ်မှု မရှိကြပါဘူး။

ကလေးသူငယ်က အမိဝမ်းထဲကစပြီး အစောင့်အရှောက်ကို ရပါတယ်၊ ကလေးကုသမားတော်တွေက စုဝေးလာရောက်ကြပါတယ်၊ သူကြွယ်မျိုးမှာ ဖြစ်လာတဲ့သူဟာ သူဌေးသူကြွယ်ရာထူးကို ရပါတယ်၊ အမတ်မျိုး–စသည်တို့မှာ ဖြစ်တဲ့သူကတော့ စစ်သူကြီးရာထူး–စသည်ကို ရတတ်ပါတယ်၊ ဒီလို ပစ္စည်းဥစ္စာတွေကို ဖြစ်စေပါတယ်။

အဲဒီ သူ့အသက်ကို သတ်ဖြတ်ခြင်းက ရှောင်ကြဉ်တဲ့သူဟာ ဘေးရန်ကင်းပါတယ်၊ ပစ္စည်းဥစ္စာလဲ ချမ်းသာကြွယ်ဝပါတယ်၊ အသက်လဲရှည်ပါတယ်၊ ဒီလိုပဲ သူ့အသက်ကို သတ်ဖြတ်ခြင်းက ရှောင်ကြဉ်လာတဲ့ ကုသိုလ်ကံဟာ အသက်ရှည်မှုကို ဖြစ်စေတတ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



သူ့အသက်ကို သတ်ဖြတ်လေ့မရှိသူက ပြုလုပ်ထားတဲ့ အခြားကုသိုလ်ကံလဲပဲ မွန်မြတ်လှပါတယ်၊ ပြန့်ပြောကြီးကျယ်ပါတယ်၊ အသက်ရှည်တဲ့ပဋိသန္ဓေကို ဖြစ်စေနိုင်ပါတယ်၊ ဒီလိုလဲ အသက်ရှည်ခြင်းကို ဖြစ်စေတတ်ပါတယ်။

တစ်နည်းပြောရမယ်ဆိုရင် ပဋိသန္ဓေကိုသာ အသက်ရှည်ခြင်းမှာ မှတ်သားပြီး အသက်ရှည်အောင် ပြုတတ်ပါတယ်၊ သူ့အသက်ကို သတ်ဖြတ်ခြင်းက ရှောင်ကြဉ်တဲ့ ကုသိုလ်ကံကြောင့် ပဋိသန္ဓေနေလာသူဟာ အသက်ရှည်တတ်တယ်လို့ ဆိုလိုပါတယ်။

နောက်တစ်နည်းကတော့—ဆုံးဖြတ်ကြောင်းဖြစ်တဲ့ (အဆုံးဖော)စေတနာကြောင့် နတ်ပြည်မှာ ဖြစ်ရပါတယ်၊ ရှေ့မှာဖြစ်တဲ့စေတနာ, နောက်မှာဖြစ်တဲ့စေတနာတွေက အသက်ရှည်အောင် ထောက်ပံ့ကူညီတတ်ပါတယ်။

### ၃+၄။ အနာရောဂါများမှု, နည်းမှု

အဋ္ဌကထာဆရာရဲ့ အဆိုအမိန့်ကို ရပ်ထားပြီး ပါဠိတော်ကို ဆက်ကြအုံးစို့။

"လုလင် ! ဒီလောကမှာ မိန်းမပဲဖြစ်ဖြစ်, ယောကျ်ားပဲဖြစ်ဖြစ် အချို့သောသူဟာ လက်နဲ့လဲ သတ္တဝါတွေကို ညှဉ်းဆဲတတ်တယ်၊ ခဲနဲ့လဲ ညှဉ်းဆဲတတ်တယ်၊ တုတ်နဲ့လဲ ညှဉ်းဆဲတတ်တယ်၊ ဓားလက်နက်နဲ့လဲ ညှဉ်းဆဲတတ်တယ်၊ အဲဒီလို သတ္တဝါတွေကို ညှဉ်းဆဲနှိပ်စက်လေ့ရှိသူဟာ အဲဒီလို ပြည့်စုံတဲ့, အဲဒီလို မှားမှားယွင်းယွင်း ဆောက်တည်ထားတဲ့ အဲဒီကံကြောင့် ဒီဘဝက သေသွားပြီးတဲ့နောက် ချမ်းသာကင်းကွာ မကောင်းသော လားရောက်ရာဖြစ်တဲ့ ငရဲမှာ ဖြစ်ရပါတယ်၊ ငရဲမှာ မဖြစ်ရဘဲ လူ့ဘဝကို ရောက်လာခဲ့ပါရင် ဖြစ်လေရာရာ အမျိုးမှာ အနာရောဂါများပါတယ်။

လုလင် ! လက်နဲ့ပဲဖြစ်ဖြစ်, ခဲနဲ့ပဲဖြစ်ဖြစ်, တုတ်နဲ့ပဲဖြစ်ဖြစ်, ဓားလက်နက်နဲ့ပဲဖြစ်ဖြစ် သတ္တဝါတွေကို ညှဉ်းဆဲလေ့ရှိခြင်းဟာ အနာရောဂါများခြင်းကို ဖြစ်စေတတ်တဲ့ အကျင့်ပါပဲ။

လုလင် ! ဒီလောကမှာ မိန်းမပဲဖြစ်ဖြစ်, ယောကျ်ားပဲဖြစ်ဖြစ် အချို့သောသူဟာ သတ္တဝါတွေကို လက်နဲ့လဲ ညှဉ်းဆဲလေ့မရှိ၊ ခဲနဲ့လဲ ညှဉ်းဆဲလေ့မရှိ၊ တုတ်နဲ့လဲ ညှဉ်းဆဲလေ့မရှိ၊ ဓားလက်နက်နဲ့လဲ ညှဉ်းဆဲလေ့မရှိ၊ အဲဒီ သတ္တဝါတွေကို ညှဉ်းဆဲလေ့မရှိသူဟာ အဲဒီလိုပြည့်စုံတဲ့ အဲဒီလိုဆောက်တည်ထားတဲ့ အဲဒီကံကြောင့် ဒီဘဝက သေသွားပြီးတဲ့နောက်မှာ ကောင်းသောလားရောက်ရာ နတ်ပြည်သို့ ရောက်ရပါတယ်၊ နတ်ပြည်ကို မရောက်ဘဲ လူ့ဘဝကို ရောက်ခဲ့ပါရင် ဖြစ်လေရာရာဘဝမှာ အနာရောဂါကင်းပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



လုလင် ! သတ္တဝါတွေကို လက်နဲ့လဲ မညှဉ်းဆဲ မနှိပ်စက်ခြင်း, ခဲနဲ့လဲ မညှဉ်းဆဲ မနှိပ်စက်ခြင်း, တုတ်နဲ့လဲ မညှဉ်းဆဲ မနှိပ်စက်ခြင်း, ဓားလက်နက်နဲ့လဲ မညှဉ်းဆဲ မနှိပ်စက်ခြင်းဟာ အနာရောဂါနည်းခြင်းကို ဖြစ်စေတတ်တဲ့ အကျင့်ပါပဲ"။

**ညှဉ်းဆဲခြင်း** ဒီနေရာမှာ အဋ္ဌကထာဆရာရဲ့ အဆိုပြုချက်ကို အနည်းငယ်ထည့်သွင်း ပြောပြပါအုံးမယ်၊ ညှဉ်းဆဲနှိပ်စက်မှုကို ပြုတတ်တဲ့ ကံ-စသည်တို့ ကလဲ ပဝတ္တိအခါမှာ လာရောက်ပြီး အနက်သဘောအားဖြင့် ပါဏာတိပါတကံက ပြောသလိုပဲ ပြောပြီးတော့ ကပ်လို့နှိပ်စက်တတ်တဲ့(ဥပပီဠက)ကံကြောင့် ပစ္စည်းဥစ္စာ မရှိခြင်းသို့ ရောက်ရတတ်ပါတယ်၊ အလုပ်အကျွေးကို မရတဲ့သူမှာ ရောဂါဖြစ်ခြင်း -စသည်တွေနဲ့ပဲဖြစ်ဖြစ်, ညှဉ်းဆဲနှိပ်စက်တတ်သူ-စသည်တို့က ပြုလုပ်ထားတဲ့ အကုသိုလ်ကံရဲ့ မမွန်မြတ် မထက်သန်တဲ့သဘောနဲ့ပဲဖြစ်ဖြစ်, အစကပင် ပဋိသန္ဓေကို အသက်တိုခြင်းမှာ မှတ်ခြင်းနဲ့ပဲဖြစ်ဖြစ်, ပြောလာခဲ့တဲ့အတိုင်းပဲ ရှေ့အဖို့မှာဖြစ်တဲ့ စေတနာ, နောက်အဖို့မှာဖြစ်တဲ့ စေတနာရဲ့ အစွမ်းနဲ့ပဲဖြစ်ဖြစ် အနာရောဂါများခြင်း -စသည်တို့ကို ပြုတတ်ကြပါတယ်၊ သူ့အသက်ကို မသတ်ခြင်းလိုပဲ မညှဉ်းဆဲခြင်း -စသည်တို့ကလဲ အနာရောဂါနည်းမှု-စသည်တို့ကို ပြုတတ်ပါတယ်။

### ၅+၆။ အဆင်းမလှမှု, လှမှု

"လုလင် ! ဒီလောကမှာ မိန်းမပဲဖြစ်ဖြစ်, ယောကျ်ားပဲဖြစ်ဖြစ် အချို့သော သူဟာ အမျက်ဒေါသထွက်တတ်ပါတယ်၊ ပြင်းစွာပင်ပန်းခြင်းများတယ်၊ အနည်းငယ်မျှ အပြောခံရလို့ရှိရင် လွန်စွာစွဲမြဲငြိကပ်တတ်တယ်၊ (အခဲမကျေ ဖြစ်တတ်တယ်၊) အမျက်ထွက်တတ်တယ်၊ ဖောက်ပြန်ပျက်စီးတတ်တယ်၊ အမျက်ထွက်ခြင်း, စိတ်ဆိုးခြင်း, မကျေနပ်ခြင်းကို ထင်စွာပြုတတ်တယ်၊ အဲဒီလို ဒေါသကြီးတဲ့လူဟာ ဒီလိုပြည့်စုံတဲ့, ဒီလိုမှားမှားယွင်းယွင်း ဆောက်တည် ထားတဲ့ အဲဒီကံကြောင့် ဒီဘဝက သေသွားပြီးတဲ့နောက် ချမ်းသာကင်းကွာ မကောင်းသော လားရောက်ရာဖြစ်တဲ့ ငရဲမှာ ဖြစ်ရတတ်ပါတယ်၊ ငရဲမှာ မဖြစ်ရဘဲ လူ့ဘဝကိုရောက်ခဲ့ပါရင် ဖြစ်လေရာရာအမျိုးမှာ အရုပ်ဆိုးပါတယ်။

လုလင် ! အမျက်ဒေါသထွက်ခြင်း, ပြင်းစွာပင်ပန်းခြင်း, အနည်းငယ်မျှ အပြောခံရရင် အခဲမကျေခြင်း, အမျက်ထွက်ခြင်း, ဖောက်ပြန်ပျက်စီးခြင်း, ထော်လော်ကန့်လန့်လုပ်ခြင်း, စိတ်ဆိုးခြင်း, မကျေနပ်မှုကို ထင်စွာပြုခြင်းဟာ အရုပ်ဆိုးခြင်းကို ဖြစ်စေတတ်တဲ့ အကျင့်ပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



လုလင် ! ဒီလောကမှာ မိန်းမပဲဖြစ်ဖြစ်, ယောက်ျားပဲဖြစ်ဖြစ် အချို့သော သူဟာ အမျက်ဒေါသထွက်လေ့မရှိ၊ ပြင်းစွာပင်ပန်းခြင်းများလေ့မရှိ၊ အများ အပြား အပြောအဆိုခံရပေမဲ့ စွဲစွဲမြဲမြဲမကပ်ငြိတတ်၊ (အခဲမကျေ မဖြစ်တတ်၊) အမျက်မထွက်တတ်၊ မဖောက်ပြန် မပျက်စီးတတ်၊ ထော်လော်ကန့်လန့် မလုပ်တတ်၊ အမျက်ထွက်ခြင်း, စိတ်ဆိုးခြင်း, မကျေနပ်ခြင်းကို ထင်စွာ မပြုတတ်၊ အဲဒီလို ဒေါသမကြီးတဲ့သူဟာ အဲဒီလိုပြည့်စုံတဲ့, အဲဒီလိုဆောက် တည်ထားတဲ့ အဲဒီကံကြောင့် ဒီဘဝက သေသွားပြီးတဲ့နောက် ကောင်းသော လားရာဖြစ်တဲ့ နတ်ပြည်ကို ရောက်ရပါတယ်၊ နတ်ပြည်ကို မရောက်ဘဲ လူ့ဘဝကို ရောက်လာခဲ့ပါရင် ဖြစ်လေရာရာအမျိုးမှာ လှပတဲ့အဆင်းကို ရရှိ တတ်ပါတယ်၊ (အဆင်းလှတတ်ပါတယ်။)

လုလင် ! အမျက်ထွက်မှုမရှိခြင်း, ပြင်းစွာပင်ပန်းမှုမများခြင်း, အများ အပြား အပြောအဆိုခံရပေမဲ့ စွဲစွဲမြဲမြဲမကပ်ငြိခြင်း(အခဲမကျေမဖြစ်ခြင်း),အမျက် မထွက်ခြင်း, မဖောက်ပြန် မပျက်စီးခြင်း, ထော်လော်ကန့်လန့် မလုပ်ခြင်း, အမျက်ထွက်မှု, စိတ်ဆိုးမှု, မကျေနပ်မှုကို ထင်စွာ မပြုခြင်းဟာ လှပတဲ့ အဆင်းကို(အဆင်းလှခြင်းကို) ဖြစ်စေတတ်တဲ့ အကျင့်ပါပဲ။

## ၇+၈။ တန်ခိုးနည်း, ကြီးမှု

လုလင် ! ဒီလောကမှာ မိန်းမပဲဖြစ်ဖြစ်, ယောက်ျားပဲဖြစ်ဖြစ် အချို့သော သူဟာ ငြူစူတဲ့စိတ်ရှိပါတယ်၊ သူတစ်ပါးတို့ရဲ့လာဘ်ရခြင်း, အရိုအသေ အလေးပြုခံရခြင်း, မြတ်နိုးခံခြင်း, ရှိခိုးခံရခြင်း, အပူဇော်ခံရခြင်းတွေမှာ ငြူစူ ပါတယ်၊ (မလိုလား, မရှုဆိတ်, မကြည်ဖြူဖြစ်တတ်ပါတယ်၊) ဆဲရေးပြစ်မှား ပါတယ်၊ စွဲစွဲမြဲမြဲငြူစူပါတယ်၊ အဲဒီငြူစူသူဟာ အဲဒီလိုပြည့်စုံတဲ့, အဲဒီလို ဆောက်တည်ထားတဲ့, အဲဒီကံကြောင့် ဒီဘဝက သေသွားပြီးတဲ့နောက် ချမ်းသာ ကင်းကွာ မကောင်းသော လားရောက်ရာဖြစ်တဲ့ ငရဲမှာ ဖြစ်ရတတ်ပါတယ်၊ ငရဲမှာ မဖြစ်ဘဲ လူ့ဘဝကို ရောက်လာခဲ့ပါရင် ဖြစ်လေရာရာအမျိုးမှာ တန်ခိုး နည်းတတ်ပါတယ်။

လုလင် ! ငြူစူသောစိတ်ရှိခြင်း, သူတစ်ပါးတို့ရဲ့လာဘ်ရမှု, အရိုအသေ အလေးပြုခံရမှု, မြတ်နိုးခံရမှု, ရှိခိုးခံရမှု, ပူဇော်ခံရမှုတွေမှာ ငြူစူခြင်း, ဆဲရေး ပြစ်မှားခြင်း, စွဲစွဲမြဲမြဲငြူစူခြင်းဟာ တန်ခိုးနည်းမှုကို ဖြစ်စေတတ်တဲ့အကျင့်ပါပဲ။

လုလင် ! ဒီလောကမှာ မိန်းမပဲဖြစ်ဖြစ်, ယောက်ျားပဲဖြစ်ဖြစ် အချို့သော သူဟာ ငြူစူစိတ်မရှိဘူး၊ သူတစ်ပါးတို့ရဲ့လာဘ်ရမှု, အရိုအသေ အလေးပြု ခံရမှု, မြတ်နိုးခံရမှု, ရှိခိုးခံရမှု, ပူဇော်ခံရမှုတွေမှာ မငြူစူ, မဆဲရေး, မပြစ်မှား,

www.burmeseclassic.com

www.burmeseclassic.com



စွဲစွဲမြဲမြဲ ပြုစုမှုမရှိ၊ အဲဒီလို မပြုစုခြင်း၊ မနာလိုခြင်းကင်းသူဟာ ဒီလိုပြည့်စုံတဲ့၊ ဒီလိုဆောက်တည်ထားတဲ့ အဲဒီကံကြောင့် ဒီဘဝက သေသွားပြီးတဲ့နောက် ကောင်းသောလားရာ နတ်ပြည်သို့ရောက်ရပါတယ်၊ နတ်ပြည်ကို မရောက်ဘဲ လူ့ပြည်မှာ ဖြစ်ခဲ့ရပါရင် ဖြစ်လေရာရာအမျိုးမှာ တန်ခိုးကြီးတတ်ပါတယ်။

လုလင် ! ပြုစုတဲ့စိတ်မရှိခြင်း၊ သူတစ်ပါးတို့ရဲ့လာဘ်ရမှု၊ အရိုအသေ အလေးပြုခံရမှု၊ မြတ်နိုးခံရမှု၊ ရှိခိုးခံရမှု၊ ပူဇော်ခံရမှုတွေမှာ မပြုစုမှု၊ မဆဲရေး မပြစ်မှားမှု၊ စွဲစွဲမြဲမြဲမပြုစုမှုဟာ တန်ခိုးကြီးခြင်းကို ဖြစ်စေတတ်တဲ့ အကျင့်ပါပဲ။

### ၉+၁၀။ ဥစ္စာနည်းမှု၊ များမှု

လုလင် ! ဒီလောကမှာ မိန်းမပဲဖြစ်ဖြစ်၊ ယောကျ်ားပဲဖြစ်ဖြစ် အချို့သောသူဟာ ရဟန်းအားပဲဖြစ်ဖြစ်၊ သူတော်သူမြတ်(ဗြာဟ္မဏ)အားပဲဖြစ်ဖြစ် ထမင်း၊ အဖျော်၊ အဝတ်၊ ယာဉ်၊ ပန်း၊ နံ့သာ၊ နံ့သာပျောင်း၊ အိပ်ရာ၊ နေရာကျောင်း၊ မီးထွန်းစရာဆီတို့ကို မပေးလှူတတ်၊ အဲဒီလူဟာ ဒီလိုပြည့်စုံတဲ့၊ ဒီလိုဆောက်တည်ထားတဲ့ အဲဒီကံကြောင့် ဒီဘဝက သေသွားပြီးတဲ့နောက် ချမ်းသာကင်းကွာ မကောင်းသော လားရောက်ရာဖြစ်တဲ့ ငရဲမှာ ဖြစ်ရတတ်ပါတယ်၊ ငရဲမှာ မဖြစ်ဘဲ လူ့ဘဝကို ရောက်လာခဲ့ပါရင် ဖြစ်လေရာရာအမျိုးမှာ စည်းစိမ်ဥစ္စာနည်းပါးတတ်ပါတယ်။

လုလင် ! ရဟန်းအားပဲဖြစ်ဖြစ်၊ သူတော်သူမြတ်အားပဲဖြစ်ဖြစ် ထမင်း၊ အဖျော်၊ အဝတ်၊ ယာဉ်၊ ပန်း၊ နံ့သာ၊ နံ့သာပျောင်း၊ အိပ်ရာ၊ နေရာကျောင်း၊ မီးထွန်းစရာဆီတို့ကို မပေးလှူခြင်းဟာ စည်းစိမ်ဥစ္စာနည်းပါးခြင်းကို ဖြစ်စေတတ်တဲ့ အကျင့်ပါပဲ။

လုလင် ! ဒီလောကမှာ မိန်းမဖြစ်စေ၊ ယောကျ်ားဖြစ်စေ အချို့သောသူဟာ ရဟန်းအားပဲဖြစ်ဖြစ်၊ သူတော်သူမြတ်အားပဲဖြစ်ဖြစ် ထမင်း၊ အဖျော်၊ အဝတ်၊ ယာဉ်၊ ပန်း၊ နံ့သာ၊ နံ့သာပျောင်း၊ အိပ်ရာ၊ နေရာကျောင်း၊ မီးထွန်းစရာဆီတို့ကို ပေးလှူတတ်ပါတယ်၊ အဲဒီသူဟာ အဲဒီလိုပြည့်စုံတဲ့၊ အဲဒီလိုဆောက်တည်ထားတဲ့ အဲဒီကံကြောင့် ဒီဘဝက သေသွားပြီးတဲ့နောက် ကောင်းသောလားရာဖြစ်တဲ့ နတ်ပြည်ကို ရောက်ရပါတယ်၊ နတ်ပြည်ကို မရောက်ဘဲ လူ့ပြည်မှာ ဖြစ်ခဲ့ရပါရင် ထိုထိုဖြစ်ရာအမျိုးမှာ စည်းစိမ်ဥစ္စာ ပေါများတတ်ပါတယ်။

လုလင် ! ရဟန်းကိုပဲဖြစ်ဖြစ်၊ သူတော်သူမြတ်ကိုပဲဖြစ်ဖြစ် ထမင်း၊ အဖျော်၊ အဝတ်၊ ယာဉ်၊ ပန်း၊ နံ့သာ၊ နံ့သာပျောင်း၊ အိပ်ရာ၊ နေရာကျောင်း၊ မီးထွန်းစရာ ဆီတို့ကို ပေးလှူခြင်းဟာ စည်းစိမ်ဥစ္စာပေါများခြင်းကို ဖြစ်စေတတ်တဲ့ အကျင့်ပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



## ၁၁+၁၂။ အမျိုးယုတ်မှု, မြတ်မှု

လုလင် ! ဒီလောကမှာ မိန်းမပဲဖြစ်ဖြစ်, ယောက်ျားပဲဖြစ်ဖြစ် အချို့သော သူဟာ ခက်ထန်ပါတယ်၊ အင်မတန် ထောင်လွှားတက်ကြွ မာန်မာနကြီး ပါတယ်၊ ရှိခိုးထိုက်သူကို ရှိမခိုး၊ ခရီးဦးကြိုဆိုထိုက်သူကို ခရီးဦးမကြိုဆို၊ နေရာပေးထိုက်သူကို နေရာမပေး၊ လမ်းခရီးပေးထိုက်သူကို လမ်းခရီးမပေး၊ အရိုအသေပြုထိုက်သူကို အရိုအသေမပြု၊ မြတ်နိုးထိုက်သူကို မမြတ်နိုး၊ ပူဇော် ထိုက်သူကို မပူဇော်၊ အဲဒီလူဟာ ဒီလိုပြည့်စုံတဲ့, ဒီလိုမှားယွင်းစွာ ဆောက်တည် ထားတဲ့ အဲဒီကံကြောင့် ဒီဘဝက သေသွားပြီးတဲ့နောက် ချမ်းသာကင်းကွာ မကောင်းသော လားရောက်ရာဖြစ်တဲ့ ငရဲမှာ ဖြစ်ရတတ်ပါတယ်၊ ငရဲမှာ မဖြစ်ဘဲ လူ့ဘဝကို ရောက်လာခဲ့ပါရင် ဖြစ်လေရာရာအမျိုးမှာ အမျိုးယုတ်ညံ့ တတ်ပါတယ်။

လုလင် ! အဲဒီခက်ထန်ခြင်း, ထောင်လွှားတက်ကြွ မာန်မာနကြီးခြင်း, ရှိခိုးထိုက်သူကို ရှိမခိုးခြင်း, ခရီးဦးကြိုဆိုထိုက်သူကို ခရီးဦးမကြိုဆိုခြင်း, နေရာ ပေးထိုက်သူကို နေရာမပေးခြင်း, လမ်းခရီးပေးထိုက်သူကို လမ်းခရီး မပေးခြင်း, အရိုအသေပြုထိုက်သူကို အရိုအသေ မပြုခြင်း,အလေးပြုထိုက်သူကို အလေး မပြုခြင်း, မြတ်နိုးထိုက်သူကို မမြတ်နိုးခြင်း, ပူဇော်ထိုက်သူကို မပူဇော်ခြင်းဟာ ယုတ်ညံ့တဲ့အမျိုးမှာ ဖြစ်စေတတ်တဲ့ အကျင့်ပါပဲ။

လုလင် ! မိန်းမပဲဖြစ်ဖြစ်, ယောက်ျားပဲဖြစ်ဖြစ် ဒီလောကမှာ အချို့သူဟာ မခက်ထန်, မထောင်လွှားမတက်ကြွ(မာန်မာနမကြီး၊) ရှိခိုးထိုက်သူကို ရှိခိုး ပါတယ်၊ ခရီးဦးကြိုဆိုထိုက်သူကို ခရီးဦးကြိုဆိုပါတယ်၊ နေရာပေးထိုက်သူကို နေရာပေးပါတယ်၊ လမ်းခရီးပေးထိုက်သူကို လမ်းခရီးပေးပါတယ်၊ အရို အသေပြုထိုက်သူကို အရိုအသေပြုပါတယ်၊ အလေးပြုထိုက်သူကို အလေးပြု ပါတယ်၊ မြတ်နိုးထိုက်သူကို မြတ်နိုးပါတယ်၊ ပူဇော်ထိုက်သူကို ပူဇော်ပါတယ်၊ အဲဒီလူဟာ ဒီလိုပြည့်စုံတဲ့, ဒီလိုကောင်းစွာဆောက်တည်ထားတဲ့ အဲဒီကံကြောင့် ဒီဘဝက သေသွားပြီးတဲ့နောက် ကောင်းသော လားရာဖြစ်တဲ့ နတ်ပြည်ကို ရောက်ရပါတယ်၊ နတ်ပြည်ကို မရောက်ဘဲ လူ့ဘဝကို ရောက်လာခဲ့ပါရင် ထိုထိုဖြစ်လေရာအမျိုးမှာ အမျိုးမြတ်ပါတယ်။

လုလင် ! အဲဒီမခက်ထန်ခြင်း, မထောင်လွှား မတက်ကြွခြင်း, ရှိခိုးထိုက် သူကို ရှိခိုးခြင်း, ခရီးဦးကြိုဆိုထိုက်သူကို ခရီးဦးကြိုဆိုခြင်း, နေရာပေးထိုက်သူကို နေရာပေးခြင်း, လမ်းခရီးပေးထိုက်သူကို လမ်းခရီးပေးခြင်း, အရိုအသေပြု

www.burmeseclassic.com

www.burmeseclassic.com



ထိုက်သူကို အရိုအသေပြုခြင်း, အလေးပြုထိုက်သူကို အလေးပြုခြင်း, မြတ်နိုးထိုက်သူကို မြတ်နိုးခြင်း, ပူဇော်ထိုက်သူကို ပူဇော်ခြင်းဟာ မြင့်မြတ်တဲ့အမျိုးမှာ ဖြစ်စေတတ်တဲ့ အကျင့်ပါပဲ။

**၁၃+၁၄။ ပညာနည်းမှု, ပညာကြီးမှု**

လုလင် ! ဒီလောကမှာ မိန်းမပဲဖြစ်ဖြစ်, ယောက်ျားပဲဖြစ်ဖြစ် အချို့သောသူဟာ ရဟန်းကိုဖြစ်စေ, သူတော်သူမြတ်ကိုဖြစ်စေ ချဉ်းကပ်ပြီး 'အရှင်ဘုရား ! ကုသိုလ်ဆိုတာ ဘယ်ဟာပါလဲ ?၊ အကုသိုလ်ဆိုတာ ဘယ်ဟာပါလဲ ?၊ အပြစ်ရှိတာဟာ ဘယ်ဟာပါလဲ ?၊ အပြစ်မရှိတာဟာ ဘယ်ဟာပါလဲ ?၊ ဘာကိုမှီဝဲသင့်ပါသလဲ ?၊ ဘာကို မမှီဝဲသင့်ပါသလဲ ?၊ (တပည့်တော်တို့က) ဘာကိုလုပ်လို့ရှိရင် ရှည်မြင့်လှတဲ့ကာလပတ်လုံး စီးပွားမဲ့ရန်, ဆင်းရဲရန် ဖြစ်ပါသလဲ ?၊ တပည့်တော်တို့က ဘာကိုလုပ်လို့ရှိရင် ကြာမြင့်လှတဲ့ကာလပတ်လုံး စီးပွားချမ်းသာ တိုးတက်ရန် ဖြစ်ပါသလဲ ?၊' ဒီလို မမေးမြန်း မလျှောက်ထားတတ်၊ အဲဒီလူဟာ ဒီလိုပြည့်စုံတဲ့, ဒီလို မှားမှားယွင်းယွင်းဆောက်တည်ထားတဲ့ အဲဒီကံကြောင့် ဒီဘဝက သေသွားပြီးတဲ့နောက် ချမ်းသာကင်းကွာ မကောင်းသော လားရောက်ရာဖြစ်တဲ့ ငရဲမှာ ဖြစ်ရတတ်ပါတယ်၊ ငရဲမှာမဖြစ်ဘဲ လူ့ဘဝမှာ ဖြစ်လာခဲ့ပါရင် ဖြစ်လေရာရာအမျိုးမှာ ပညာနည်း(ပညာမဲ့)တတ်ပါတယ်။

လုလင် ! ရဟန်းကိုပဲဖြစ်ဖြစ်, သူတော်သူမြတ်ကိုပဲဖြစ်ဖြစ် ချဉ်းကပ်ပြီး 'အရှင်ဘုရား ! ဘာကို ကုသိုလ်ခေါ်ပါသလဲ ?၊ ဘာကို အကုသိုလ်ခေါ်ပါသလဲ ?၊ ဘယ်ဟာက အပြစ်ရှိပါသလဲ ?၊ ဘယ်ဟာက အပြစ်မရှိပါသလဲ ?၊ ဘယ်တရားက အပြစ်ကင်းပါသလဲ ?၊ ဘယ်တရားကဟာ မှီဝဲထိုက်ပါသလဲ ?၊ ဘာကိုလုပ်လို့ရှိရင် တပည့်တော်မှာ ကြာမြင့်စွာသောကာလပတ်လုံး စီးပွားမဲ့ရန်, ဆင်းရဲရန် ဖြစ်ပါသလဲ ?၊ ဘယ်လိုလုပ်လို့ရှိရင် တပည့်တော်မှာ ကြာမြင့်လှတဲ့ ကာလပတ်လုံး စီးပွားချမ်းသာတိုးတက်ရန် ဖြစ်ပါသလဲ ?၊' ဒီလို အဖန်ဖန် မေးမြန်းမှုကို မပြုခြင်းဟာ ပညာနည်း(ပညာမဲ့)ခြင်းကို ဖြစ်စေတတ်တဲ့ အကျင့်ပါပဲ။

လုလင် ! ဒီလောကမှာ မိန်းမပဲဖြစ်ဖြစ်, ယောက်ျားပဲဖြစ်ဖြစ် အချို့သောသူဟာ ရဟန်းကိုဖြစ်စေ, သူတော်သူမြတ်ကိုဖြစ်စေ ချဉ်းကပ်ပြီး 'အရှင်ဘုရား ! ဘယ်တရားဟာ ကုသိုလ်ပါလဲ ?၊ ဘယ်တရားဟာ အကုသိုလ်ပါလဲ ?၊ ဘယ်တရားဟာ အပြစ်ရှိပါသလဲ ?၊ ဘယ်တရားဟာ အပြစ်မရှိပါသလဲ ?၊ အဘယ်

www.burmeseclassic.com

www.burmeseclassic.com



တရားဟာ မှိဝဲထိုက်ပါသလဲ ?၊ အဘယ်တရားဟာ မမှိဝဲထိုက်ပါသလဲ ?၊ ဘာကိုလုပ်လို့ရှိရင် တပည့်တော်မှာ ကြာမြင့်စွာသော ကာလပတ်လုံး စီးပွား မရှိရန်, ဆင်းရဲရန် ဖြစ်ပါသလဲ ?၊ ဘာကိုလုပ်လို့ရှိရင် တပည့်တော်မှာ ကြာမြင့်စွာသော ကာလပတ်လုံး စီးပွားချမ်းသာ တိုးတက်ရန် ဖြစ်ပါသလဲ ?၊' ဒီလို အဖန်ဖန် မေးမြန်းစုံစမ်းတတ်ပါတယ်၊ အဲဒီလူဟာ ဒီလိုပြည့်စုံတဲ့, ဒီလို ကောင်းစွာ ဆောက်တည်ထားတဲ့ အဲဒီကံကြောင့် ဒီဘဝက သေသွားပြီးတဲ့ နောက်မှာ ကောင်းတဲ့လားရောက်ရာ နတ်ပြည်သို့ ရောက်ရပါတော့တယ်၊ နတ်ပြည်ကို မရောက်ဘဲ လူ့ပြည်ကို ရောက်လာခဲ့ပါရင် ဖြစ်လေရာရာအမျိုးမှာ ပညာကြီး(ပညာရှိ)တတ်ပါတယ်။

လုလင် ! ရဟန်းကိုဖြစ်စေ, သူတော်သူမြတ်ကိုဖြစ်စေ ချဉ်းကပ်ပြီး 'အရှင်ဘုရား ! အဘယ်တရားဟာ ကုသိုလ်ဖြစ်ပါသလဲ ?၊ အဘယ်တရားဟာ အကုသိုလ်ဖြစ်ပါသလဲ ?၊ အဘယ်တရားဟာ အပြစ်ရှိပါသလဲ ?၊ အဘယ်တရားဟာ အပြစ်မရှိပါသလဲ ?၊ အဘယ်တရားဟာ မှိဝဲထိုက်ပါသလဲ ?၊ အဘယ်တရားဟာ မမှိဝဲထိုက်ပါသလဲ ?၊ ဘာကိုလုပ်လို့ရှိရင် ကြာမြင့်စွာသော ကာလပတ်လုံး စီးပွားချမ်းသာကင်းကွာရန်, ဆင်းရဲရန် ဖြစ်ပါသလဲ ?၊ ဘာကို လုပ်လို့ရှိရင် တပည့်တော်မှာ ကြာမြင့်လှစွာသော ကာလပတ်လုံး စီးပွားချမ်းသာ တိုးတက်ရန် ဖြစ်ပါသလဲ ?၊' ဒီလို အဖန်ဖန် မေးမြန်းစုံစမ်းမှုဟာ ပညာကြီး (ပညာရှိ)ခြင်းကို ဖြစ်စေတတ်တဲ့ အကျင့်ပါပဲ။

**နိဂုံး**

လုလင် ! ဒီလိုပဲ အသက်တိုခြင်းကို ဖြစ်စေတတ်တဲ့အကျင့်က အသက်တိုခြင်းကို ဆောင်ပါတယ်၊ အသက်ရှည်ခြင်းကို ဖြစ်စေတတ်တဲ့အကျင့်က အသက်ရှည်ခြင်းကို ဆောင်ပါတယ်။

အနာရောဂါများခြင်းကို ဖြစ်စေတတ်တဲ့အကျင့်က အနာရောဂါများခြင်းသို့ ဆောင်ပါတယ်၊ အနာရောဂါကင်းခြင်းကို ဖြစ်စေတတ်တဲ့ အကျင့်က အနာရောဂါကင်းခြင်းသို့ ဆောင်ပါတယ်။

အဆင်းမလှခြင်းကို ဖြစ်စေတတ်တဲ့ အကျင့်က အဆင်းမလှခြင်းကို ဆောင်တတ်ပါတယ်၊ အဆင်းလှခြင်းကို ဖြစ်စေတတ်တဲ့အကျင့်က အဆင်းလှခြင်းကို ဆောင်တတ်ပါတယ်။

တန်ခိုးနည်းခြင်းကို ဖြစ်စေတတ်တဲ့ အကျင့်က တန်ခိုးနည်းခြင်းသို့ ဆောင်တတ်ပါတယ်၊ တန်ခိုးကြီးခြင်းကို ဖြစ်စေတတ်တဲ့အကျင့်က တန်ခိုးကြီးခြင်းသို့ ဆောင်တတ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



စည်းစိမ်ဥစ္စာနည်းခြင်းကို ဖြစ်စေတတ်တဲ့ အကျင့်က စည်းစိမ်ဥစ္စာနည်းခြင်းကို ဆောင်ပါတယ်၊ စည်းစိမ်ဥစ္စာ များခြင်းကို ဖြစ်စေတတ်တဲ့ အကျင့်က စည်းစိမ်ဥစ္စာများခြင်းကို ဆောင်ပါတယ်။

အမျိုးယုတ်ခြင်း ဖြစ်စေတတ်တဲ့အကျင့်က အမျိုးယုတ်ခြင်းကို ဆောင်ပါတယ်၊ အမျိုးမြတ်ခြင်းကို ဖြစ်စေတတ်တဲ့ အကျင့်က အမျိုးမြတ်ခြင်းကို ဆောင်ပါတယ်။

ပညာနည်း(ပညာမဲ့)ခြင်းကို ဖြစ်စေတတ်တဲ့ အကျင့်က ပညာနည်း(ပညာမဲ့)ခြင်းကို ဆောင်ပါတယ်၊ ပညာကြီး(ပညာရှိ)ခြင်းကို ဖြစ်စေတတ်တဲ့ အကျင့်က ပညာကြီး(ပညာရှိ)ခြင်းကို ဆောင်ပါတယ်။

လုလင် ! သတ္တဝါတွေဟာ ကံသာလျှင် မိမိဥစ္စာ ရှိကြပါတယ်၊ ကံရဲ့ အမွေခံတွေသာ ဖြစ်ကြပါတယ်၊ ကံသာလျှင် အကြောင်း ရှိကြပါတယ်၊ ကံသာလျှင် ဆွေမျိုး ရှိကြပါတယ်၊ ကံသာလျှင် မှီခိုရာ ရှိကြပါတယ်၊ အယုတ်အမြတ်ဖြစ်အောင် သတ္တဝါတွေကို ကံကသာ ဝေဖန်ပါတယ်။

ဗုဒ္ဓမြတ်စွာရဲ့စကားတော် ပြီးဆုံးသွားတဲ့အခါ တောဒေယျပုဏ္ဏားရဲ့သား သုဘလုလင်က တရားတော်ရဲ့ နှစ်သက်ဖွယ်ရှိကြောင်းကိုလဲ လျှောက်ထားပါတယ်၊ သရဏဂုံဆောက်တည်ပြီး ဥပါသကာအဖြစ်ကိုလဲ ခံယူသွားပါတယ်။

“ဒီမှာပဲ ဒီနေ့တရားပွဲကို နာကြစို့ရဲ့၊ အခုတရားနာနေကြတဲ့ ဒကာဒကာမတွေက ဒီသုတ်မှာ ဟောထားတဲ့အသက်တိုမှု၊ ရောဂါများမှု၊ အဆင်းမလှမှု၊ တန်ခိုးနည်းမှု၊ ဥစ္စာနည်းမှု၊ အမျိုးယုတ်မှု၊ ပညာနည်းမှုတို့ကို ဖြစ်စေတတ်တဲ့ ကံမျိုးကို မပြုလုပ်ကြဘဲ အသက်ရှည်မှု၊ ရောဂါကင်းမှု၊ အဆင်းလှမှု၊ တန်ခိုးကြီးမှု၊ ဥစ္စာများမှု၊ အမျိုးမြတ်မှု၊ ပညာကြီးမှုတွေကို ဖြစ်စေတတ်တဲ့ ကံတွေကို ကြိုးကြိုးစားစား ပြုလုပ်ကြပြီး ဘဝတိုတိုနဲ့ မဂ်၊ဖိုလ်၊နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ကြပါစေ”။

www.burmeseclassic.com

www.burmeseclassic.com



ဝါခေါင်လဆန်း ၁၅–ရက်

ဒီနေ့တရားကိုတော့ နိဒါနသုတ်ကိုပဲ အခြေခံထားပြီး ပြောပြသွားပါ့မယ်။

## *နိဒါနသုတ်

**ကံဖြစ်ကြောင်း**

ဝဋ်ဆင်းရဲကို ရောက်စေတတ်တဲ့ ကံတွေရဲ့ ဖြစ်ပေါ်ကြောင်းတရားတွေဟာ ၃–မျိုး ရှိနေတယ်၊ အဲဒါတွေကတော့–

၁။ တပ်မက်မှု(လောဘ)ဟာ ကံတွေရဲ့ ဖြစ်ပေါ်ကြောင်း တစ်မျိုးပဲ၊

၂။ ပြစ်မှားမှု(ဒေါသ)ဟာ ကံတွေရဲ့ ဖြစ်ပေါ်ကြောင်း တစ်မျိုးပဲ၊

၃။ တွေဝေမှု(မောဟ)ဟာ ကံတွေရဲ့ ဖြစ်ပေါ်ကြောင်း တစ်မျိုးပဲ။

ဒါတွေပဲ ဖြစ်ပါတယ်။

လောဘကြောင့်ဖြစ်တဲ့ ကံရှိနေသူ တစ်ဦးတစ်ယောက်ရဲ့ အတ္တဘော(ကိုယ်ခန္ဓာတွေ) ဖြစ်ရာမှာ လောဘကပြုလုပ်ထားတဲ့, လောဘကြောင့်ဖြစ်တဲ့, လောဘဆိုတဲ့ အကြောင်းရှိနေတဲ့ ကံက အကျိုးပေးပါတယ်၊ အဲဒီကံရဲ့ အကျိုးပေးရာ ဘုံဌာ အဲဒီကံရဲ့အကျိုးကို မျက်မြင်ဘဝ(ပြုလုပ်တဲ့ဘဝ)မှာပဲဖြစ်ဖြစ်, ဒုတိယဘဝမှ ဖြစ်ဖြစ်, အဆက်ဆက်သော ဘဝမှာပဲဖြစ်ဖြစ် ခံစားရပါတယ်။

ဒေါသကြောင့်ဖြစ်တဲ့ ကံရှိနေသူ တစ်ဦးတစ်ယောက်ရဲ့ အတ္တဘော(ကိုယ်ခန္ဓာတွေ) ဖြစ်ရာမှာ ဒေါသကပြုလုပ်ထားတဲ့, ဒေါသကြောင့်ဖြစ်တဲ့, ဒေါသဆိုတဲ့ အကြောင်းရှိနေတဲ့ ကံက အကျိုးပေးပါတယ်၊ အဲဒီကံရဲ့ အကျိုးပေးရာ ဘုံဌာနမှာ အဲဒီကံရဲ့အကျိုးကို မျက်မြင်ဘဝ(ပြုလုပ်တဲ့ဘဝ)မှာပဲဖြစ်ဖြစ်, ဒုတိယဘဝမှာပဲ ဖြစ်ဖြစ်, အဆက်ဆက်သော ဘဝမှာပဲဖြစ်ဖြစ် ခံစားရပါတယ်။

မောဟကြောင့်ဖြစ်တဲ့ ကံရှိနေသူ တစ်ဦးတစ်ယောက်ရဲ့ အတ္တဘော(ကိုယ်ခန္ဓာတွေ) ဖြစ်ရာမှာ မောဟကပြုလုပ်ထားတဲ့, မောဟကြောင့်ဖြစ်တဲ့, မောဟဆိုတဲ့ အကြောင်းရှိနေတဲ့ ကံက အကျိုးပေးပါတယ်၊ အဲဒီကံရဲ့ အကျိုးပေးရာ ဘုံဌာနမှာ အဲဒီကံရဲ့အကျိုးကို မျက်မြင်ဘဝ(ပြုလုပ်တဲ့ဘဝ)မှာပဲဖြစ်ဖြစ်, ဒုတိယဘဝမှာပဲ ဖြစ်ဖြစ်, အဆက်ဆက်သော ဘဝမှာပဲဖြစ်ဖြစ် ခံစားရပါတယ်။

မကျိုးရအောင်, မအောက်ရအောင် ကောင်းစွာသိမ်းဆည်းထားတဲ့ အနှစ်အဆန် ပြည့်ဝတဲ့(အောင်မြင်တဲ့) မျိုးစေ့တွေကို ကောင်းစွာပြုပြင်ထားတဲ့ လယ်ကောင်း, မြေကောင်းမှာ စိုက်ပျိုးထားမယ်၊ မိုးကလဲ မှန်မှန်ရွာမယ်ဆိုရင် အဲဒီမျိုးစေ့တွေဟာ

---

* အံ–၁၊ ၁၃၄။ ဌ–၂၊ ၁၀၃။ ဋီ–၂၊ ၁၁၀။

www.burmeseclassic.com

www.burmeseclassic.com



ကြီးပွားစည်ပင်လာသလို လောဘကြောင့်ဖြစ်တဲ့ကံ ရှိနေသူ တစ်ဦးတစ်ယောက်ရဲ့ ခန္ဓာတွေ ဖြစ်ရာဘဝမှာ လောဘကပြုလုပ်ထားတဲ့, လောဘကြောင့်ဖြစ်တဲ့, လောဘ ဆိုတဲ့ အကြောင်းရှိနေတဲ့ ကံက အကျိုးပေးပါတယ်၊ အဲဒီကံရဲ့ အကျိုးပေးတဲ့ ဘုံဌာနမှာ အဲဒီကံရဲ့ အကျိုးကို မျက်မြင်ဘဝမှာပဲဖြစ်ဖြစ်, ဒုတိယဘဝမှာပဲဖြစ်ဖြစ်, အဆက်ဆက်သော ဘဝမှာပဲဖြစ်ဖြစ် ခံစားရပါတယ်။

ဒေါသကြောင့်ဖြစ်တဲ့ ကံရှိနေသူ တစ်ဦးတစ်ယောက်ရဲ့ ခန္ဓာတွေဖြစ်ရာဘဝမှာ ဒေါသကပြုလုပ်ထားတဲ့, ဒေါသကြောင့်ဖြစ်တဲ့, ဒေါသဆိုတဲ့အကြောင်းရှိနေတဲ့ ကံက အကျိုးပေးပါတယ်၊ အဲဒီကံရဲ့ အကျိုးပေးတဲ့ ဘုံဌာနမှာ အဲဒီကံရဲ့ အကျိုးကို မျက်မြင်ဘဝမှာပဲဖြစ်ဖြစ်, ဒုတိယဘဝမှာပဲဖြစ်ဖြစ်, အဆက်ဆက်သော ဘဝမှာပဲ ဖြစ်ဖြစ် ခံစားရပါတယ်။

မောဟကြောင့်ဖြစ်တဲ့ ကံရှိနေသူ တစ်ဦးတစ်ယောက်ရဲ့ ခန္ဓာတွေဖြစ်ရာဘဝမှာ မောဟကပြုလုပ်ထားတဲ့, မောဟကြောင့်ဖြစ်တဲ့, မောဟဆိုတဲ့အကြောင်းရှိနေတဲ့ ကံက အကျိုးပေးပါတယ်၊ အဲဒီကံရဲ့ အကျိုးပေးတဲ့ ဘုံဌာနမှာ အဲဒီကံရဲ့ အကျိုးကို မျက်မြင်ဘဝမှာပဲဖြစ်ဖြစ်, ဒုတိယဘဝမှာပဲဖြစ်ဖြစ်, အဆက်ဆက်သော ဘဝမှာပဲ ဖြစ်ဖြစ် ခံစားရပါတယ်။

လောဘ, ဒေါသ, မောဟကို အကြောင်းခံပြီး ဒိဋ္ဌဓမ္မဝေဒနီယကံ, ဥပပဇ္ဇ ဝေဒနီယကံ, အပရာပရိယဝေဒနီယကံ ၃–မျိုး ဖြစ်ပေါ်လာကြောင်းကို ဒီသုတ်က ဖော်ညွှန်းပြဆိုပါတယ်။

အဋ္ဌကထာဆရာက ထုတ်ပြထားတဲ့ ကံအမျိုးမျိုးကိုလဲ ဆက်လက်ပြီး ပြောပြ သွားပါ့မယ်။

**ကမ္မဝိဘတ္တိ**

မျက်မြင်ဘဝမှာပဲဖြစ်ဖြစ်–စတဲ့ စကားရပ်တွေမှာ မတွေဝေရအောင်, အသိဉာဏ် ရှင်းသွားအောင် ဒီနေရာမှာ ကမ္မဝိဘတ္တိ(ကံကိုခွဲစိတ်ဝေဖန်ခြင်း) ဆိုတာကို ပြောပြ သင့်ပါတယ်။

သုတ္တန်မှာလာတဲ့ နည်းပရိယာယ်နဲ့–

၁။ ဒိဋ္ဌဓမ္မဝေဒနီယကံ၊
၂။ ဥပပဇ္ဇဝေဒနီယကံ၊
၃။ အပရာပရိယဝေဒနီယကံ၊
၄။ ယဂ္ဂရုကကံ၊

www.burmeseclassic.com

www.burmeseclassic.com



၅။ ယဗ္ဗဟုလကံ၊
၆။ ယဒါသန္နကံ၊
၇။ ကဋတ္တာကံ၊
၈။ ဇနကကံ၊
၉။ ဥပတ္ထမ္ဘကကံ၊
၁၀။ ဥပပီဠကကံ၊
၁၁။ ဥပဃာတကကံ–

ရယ်လို့ ၁၁–မျိုး ဝေဖန်ထားပါတယ်။

**၁။ ဒိဋ္ဌဓမ္မဝေဒနီယကံ**

ဒီကံ ၁၁–မျိုးထဲက ဇောအစဉ်တစ်ခုမှာ စိတ် ၇–ကြိမ်ဖြစ်ပါတယ်၊ အဲဒီ ၇–ကြိမ်ထဲက ကုသိုလ်ပဲဖြစ်ဖြစ်, အကုသိုလ်ပဲဖြစ်ဖြစ် ပထမဇောစေတနာဟာ ဒိဋ္ဌဓမ္မဝေဒနီယကံ မည်ပါတယ်၊ အဲဒီဒိဋ္ဌဓမ္မဝေဒနီယကံက ဒီဘဝမှာသာ အကျိုးပေးပါတယ်။

ဒီဒိဋ္ဌဓမ္မဝေဒနီယကံကိုပဲ ပရိပက္ကဝေဒနီယကံ(ရင့်ပြီးဖြစ်တဲ့ အတ္တဘောမှာ အကျိုးပေးတတ်တဲ့ကံ)လို့လဲ အမည်တစ်မျိုးနဲ့ ပြဆိုထားကြပါသေးတယ်၊ ဒါပေမဲ့ ဒီနေရာမှာ ပထမအရွယ်မှာ ပြုလုပ်လို့ရှိရင် ပထမအရွယ်မှာပဲဖြစ်ဖြစ်, မဇ္ဈိမ(အလယ်) အရွယ်မှာပဲဖြစ်ဖြစ်, ပစ္ဆိမ(အဆုံး)အရွယ်မှာပဲဖြစ်ဖြစ် အကျိုးပေးတဲ့ကံမျိုး– မဇ္ဈိမ အရွယ်မှာ ပြုလုပ်လို့ရှိရင် မဇ္ဈိမအရွယ်မှာပဲဖြစ်ဖြစ်, ပစ္ဆိမ(နောက်ဆုံး)အရွယ်မှာပဲ ဖြစ်ဖြစ် အကျိုးပေးမဲ့ကံမျိုး– ပစ္ဆိမအရွယ်မှာပြုလုပ်လို့ရှိရင် ပစ္ဆိမအရွယ်မှာ အကျိုးပေးတဲ့ကံမျိုး–ဟာ ဒိဋ္ဌဓမ္မဝေဒနီယကံ မည်ပါတယ်။

(ပြုလုပ်ပြီးတဲ့နောက်) ၇–ရက်အတွင်းမှာ အကျိုးပေးတဲ့ကံကတော့ ပရိပက္ကဝေဒနီယကံ မည်ပါတယ်–လို့လဲ မိန့်ဆိုကြပါတယ်၊ (မဓိ–၅–၄၊ ၃။) အင်္ဂုတ္တိုရ် အဋ္ဌကထာမှာတော့ ဘာမှအထူးအခြား မိန့်ဆိုထားတာကို မတွေ့ရပါဘူး၊ ဒိဋ္ဌဓမ္မဝေဒနီယကံလို့သာ မိန့်ဆိုထားပါတယ်၊ အဲဒီဒိဋ္ဌဓမ္မဝေဒနီယကံရဲ့ အကျိုးပေးပုံကို ဝတ္ထုသာကေ သင့်တော်ရုံ ထည့်သွင်းပြောပြသွားပါ့မယ်။

***ကာကဝဠိယ** ရာဇဂြိုဟ်မြို့မှာ ကာကဝဠိယဆိုတဲ့ သူဆင်းရဲတစ်ယောက် ရှိနေပါတယ်၊ သူ့ရဲ့မိန်းမဖြစ်သူက ဟင်းရွက်တွေကို ရက်တက်ရည်တွေနဲ့ ရောပြီး ယာဂုကျိုနေပါတယ်၊ မဟာကဿပထေရ်က နိရောဓသမာပတ်မှ

* ပဏ်–၅–၄၊ ၄။ ဓိသုဒ္ဓိ–၅–၂၊ ၃၃။ ကာကဝလိယ။ အံ–၅–၂၊ ၁၀၄။ ကာကဝဠိယ။

www.burmeseclassic.com

www.burmeseclassic.com



ထလာခဲ့ပါတယ်၊ "ဘယ်သူ့ကို ချီးမြှောက်ရပါ့မလဲ"လို့ ဆင်ခြင်လိုက်တော့ အဲဒီ ကာကဝဠိယသူဆင်းရဲကို တွေ့ရပါတယ်၊ ဒါနဲ့ ကြွသွားပြီး အိမ်တံခါးမှာ ရပ်တော်မူပါတယ်။

ကာကဝဠိယရဲ့ ဇနီးဖြစ်သူက မထေရ်မြတ်ထံမှ သပိတ်ကို ယူလာခဲ့ပါတယ်၊ ယာဂုအကုန်လုံးကို သပိတ်ထဲမှာထည့်ပြီး မထေရ်ကို ဆက်ကပ်ပါတယ်၊ ရှင်မဟာပဿပထေရ်က ကျောင်းကိုသွားယူပြီး ဘုရားရှင်အားဆက်ကပ်ပါတယ်၊ ဘုရားရှင်က မိမိအတွက် မျှတရုံလောက်ကိုသာ ခံယူပါတယ်၊ ကြွင်းကျန်တဲ့ ယာဂုဟာ ရဟန်း ၅၀၀–တို့အား လောက်ပါတယ်၊ ယာဂုဝေရာဌာနကို ရောက်လာတဲ့ ကာကဝဠိယ သူဆင်းရဲကလဲ အနည်းငယ်သော အဖို့ကို ရပါသေးတယ်၊ အရှင်မဟာကဿပ ထေရ်က ကာကဝဠိယ၏အလှူရဲ့အကျိုးကို ဘုရားရှင်အား မေးမြန်းလျှောက်ထား ပါတယ်၊ ဘုရားရှင်က "ဒီနေ့မှ ၇–ရက်မြောက်နေ့မှာ သူဌေးတို့ဆောင်းရတဲ့ ထီးကို ရလိမ့်မယ်"လို့ မိန့်တော်မူပါတယ်၊ ကာကဝဠိယသူဆင်းရဲက အဲဒီစကားကို ကြားရ တော့ အိမ်ကိုပြန်သွားပြီး မိန်းမဖြစ်သူအား ပြောပြပါတယ်။

အဲဒီအချိန်မှာလဲပဲ ဘုရင်မင်းမြတ်က မြို့ကိုလှည့်လည်ရင်း မြို့ပြင်ဘက်က သုသာန်နားမှာ အရှင်လတ်လတ် တံကျင်အလျှိုခံထားရတဲ့ လူတစ်ယောက်ကို တွေ့ပါတယ်၊ တံကျင်အလျှိုခံနေရတဲ့လူက ဘုရင်မင်းမြတ်ကို တွေ့ရတော့ အသံကုန် ဟစ်အော်ပြောဆိုပါတယ်။

"အရှင်မင်းမြတ် ! အရှင်မင်းမြတ်စားတဲ့ ပွဲတော်ထမင်းကို ပို့တော်မူပါ"။

"အေး– ပို့လိုက်ပါ့မယ်"။

ညစာစားရန် ပွဲတော်ထမင်းကို ဆက်သလာတဲ့အချိန်ရောက်မှ သတိရတဲ့အတွက် "ဒီထမင်းကို သွားပို့နိုင်မယ့်လူကို ရှာကြရမယ်"လို့ အမိန့်ရှိလိုက်ပါတယ်၊ ဘုရင် မင်းမြတ်ရဲ့ အမိန့်ကို ကြားရတဲ့အခါ မှူးကြီးမတ်ရာ သေနာပတိတွေက–

"မြို့ပြင်ဘက်က သုသာန်နားမှာ တံကျင်လျှိုထားတဲ့လူထံသို့ ဘုရင် မင်းမြတ်ရဲ့ စားတော်ထမင်းကို သွားပို့ဝံ့တဲ့လူများရှိပါက ဒီဥစ္စာထောင်ထုပ်ကို ယူကြပါ"။

ပထမတစ်ကြိမ် မြို့ထဲမှာ စည်လည်ခိုင်းပါတယ်၊ ဥစ္စာထုပ်ကို ယူမဲ့လူ တစ်ဦး တစ်ယောက်မျှ မပေါ်ထွက်ခဲ့ပါ။

"မြို့ပြင်ဘက်က သုသာန်နားမှာ တံကျင်လျှိုထားတဲ့လူ့ထံသို့ ဘုရင်မင်း မြတ်ရဲ့ စားတော်ထမင်းကို သွားပို့ဝံ့တဲ့လူများ ရှိနေပါက ဒီဥစ္စာထောင်ထုပ်ကို ယူထားပြီး သွားပို့ကြရမယ်"။

www.burmeseclassic.com

www.burmeseclassic.com



ဒုတိယအကြိမ် စည်လည်တဲ့အခါမှာလဲ ဥစ္စာထုပ်ယူမဲ့လူ တစ်ဦးတစ်ယောက်မျှ မပေါ်ထွက်ခဲ့ပါ။

"တိုင်းသူပြည်သား လူအများတို့လေ ! မြို့ပြင်သုသာန်နားမှာ တံကျင်လျှိုထားတဲ့လူ ထံသို့ ဘုရင်မင်းမြတ်ရဲ့ ပွဲတော်ထမင်းကို သွားပို့ဝံ့တဲ့လူများ ရှိနေပါက ဒီဥစ္စာထောင်ထုပ်ကို ယူပြီး ထမင်းသွားပို့ကြရမယ်"။

တတိယအကြိမ် စည်လည်တဲ့ အခါမှာတော့ ကာကဝဋ္ဋိယရဲ့ ဇနီးက ဥစ္စာထုပ်ကို ယူထားလိုက်ပါတယ်၊ အဲဒီလို ယူထားလိုက်တဲ့အခါမှာ အဲဒီကာကဝဋ္ဋိယရဲ့ဇနီးကို ရာဇဂြိုဟ်မင်းမြတ်ရဲ့ ရှေ့တော်မှောက်ကို သွင်းကြပါတယ်။

အဲဒီကာကဝဋ္ဋိယရဲ့ ဇနီးက ယောကျ်ားအသွင်ကို ယူလိုက်ပါတယ်၊ လက်နက် ၅-ပါးကို လက်တစ်ဖက်နဲ့, ထမင်းခွက်ကို အခြားလက်တစ်ဖက်နဲ့ ယူဆောင်ပြီး ရာဇဂြိုဟ်မြို့ထဲက ထွက်လာခဲ့ပါတယ်၊ မြို့ပြင်ဘက် ထန်းပင်ကိုစောင့်နေတဲ့ ဒီဃတာလဆိုတဲ့ ဘီလူးက ထန်းပင်နားက ဖြတ်သွားနေတဲ့ အဲဒီ ကာကဝဋ္ဋိယရဲ့ဇနီးကို တွေ့ရတော့ ထန်းပင်ပေါ်က လှမ်းပြောလိုက်ပါတယ်။

"ဟော့- ရပ်စမ်း, ရပ်စမ်း၊ မင်းဟာ ငါ့အစာဖြစ်ပြီ"။

"ကျုပ်က ခင်ဗျားအစာ မဖြစ်ပါဘူး၊ ကျုပ်ဟာ ဘုရင်မင်းမြတ်ရဲ့ တမန်တော်ပဲ-"

"မင်းက ဘယ်ကို သွားနေသလဲ ?"။

"သုသာန်နားမှာ အရှင်လတ်လတ် တံကျင်လျှိုထားတဲ့ လူ့ဆီကို သွားနေတယ်"။

"ဒါဖြင့် ကျုပ်ရဲ့ သတင်းစကားတစ်ခုကိုလဲ ယူသွား နိုင်ပါ့မလား ?"။

"အေး- ယူသွားနိုင်ပါလိမ့်မယ်"။

"ဒီဃတာလဘီလူးရဲ့ဇနီး သုမနနတ်မင်းကြီးရဲ့သမီးဖြစ်တဲ့ ကာဠီဆိုတဲ့ မိန်းမဟာ သားကလေးတစ်ယောက်မွေးဖွားခဲ့ပါပြီ၊ ခင်ဗျားက ဒီလိုအော်ဟစ်ပြီး သွားပါ၊ ဒီထန်းပင်ရင်းမှာ ရွှေအိုး ၇-လုံး ရှိနေပါတယ်၊ အဲဒီ ရွှေအိုးတွေကို ခင်ဗျားက တူးဖော်ယူပါတော့"။

ဘီလူးရဲ့ စကားကို ကြားရတော့ ကာကဝဋ္ဋိယရဲ့ ဇနီးက-

"ဒီဃတာလရဲ့ဇနီး သုမနနတ်မင်းကြီးရဲ့သမီးဖြစ်တဲ့ ကာဠီဆိုတဲ့မိန်းမက သားကလေးကို မွေးဖွားထားပါတယ်"။

လမ်းတစ်လျှောက်လုံးမှာ ကြွေးကြော်အော်ဟစ်ပြီး သွားနေပါတော့တယ်။

www.burmeseclassic.com

www.burmeseclassic.com



သုမနနတ်မင်းကြီးက ဘီလူးတွေနှင့်စည်းဝေးထိုင်နေရင်း အဲဒီကြွေးကြော်သံကို ကြားရပါတယ်။

"လူတစ်ယောက်က ငါတို့ရဲ့ နှစ်သက်စရာအကြောင်းကို ဆောင်ပို့နေပါတယ်၊ အဲဒီလူကို သွားခေါ်ကြအုံး"။

အခေါ်ခိုင်းလိုက်လို့ အနားကို ရောက်လာတဲ့အခါ သတင်းစကားကို ကြားရလို့ နှစ်သက်လှတဲ့အတွက်–

"ဒီငါနေတဲ့ သစ်ပင်ရဲ့ မွန်းတည့်ချိန် အရိပ်ပြန့်နံ့ရာအရပ်မှာ ရှိနေတဲ့ ရွှေအိုးကြီးတွေကို ခင်ဗျားအား ပေးပါတယ်"။

ကာကဝဠိယရဲ့ ဇနီးဖြစ်သူက သုမနနတ်မင်းကြီးရဲ့ စကားကို ကြားရတဲ့အခါ ဝမ်းမြောက်ဝမ်းသာစွာနှင့် ထွက်လာခဲ့ပြီး တံကျင်လျှိုထားသူကို ထမင်းသွားပို့ပါတယ်၊ အရှင်လတ်လတ် တံကျင်အလျှိုခံထားရတဲ့ ယောကျ်ားက ထမင်းကို စားပြီး မျက်နှာကို ပွတ်သပ်ကြည့်လိုက်တဲ့အခါမှာ "မိန်းမအတွေ့အထိပဲ"လို့ သိသွားတဲ့အတွက် ဆံထုံးကို ဖမ်းကိုင်ထားပါတယ်၊ ကာကဝဠိယရဲ့ဇနီးဖြစ်သူက သံလျက်နဲ့ ဆံထုံးကို ဖြတ်ထားခဲ့ပြီး ဘုရင်မင်းမြတ်ဆီကိုပဲ ပြန်သွားပါတော့တယ်၊ အနားကို ရောက်လာတဲ့အခါ ဘုရင်မင်းမြတ်က သူ့ကို မေးမြန်းစစ်ဆေးပါတယ်။

"သင်က ထမင်းကျွေးခဲ့တယ်ဆိုတာကို ဘယ်လိုလုပ် သိရမှာလဲ ?"။

"ဆံထုံးအမှတ်အသားနဲ့ပဲ သိနိုင်လောက်ပါတယ် အရှင်မင်းမြတ် !"။

ဒီလို သံတော်ဦးတင်ပြီးသည့်နောက် ဒီဃတာလဘီလူးနှင့် သုမနနတ်မင်းကြီးတို့မှာကြားလိုက်သမျှကိုလဲ သံတော်ဦးတင်ပါတယ်။

ဘုရင်မင်းမြတ်က ဒီဃတာလဘီလူးနှင့် သုမနနတ်မင်းကြီးတို့ ညွှန်ပြလိုက်တဲ့ ဥစ္စာတွေကို အယူခိုင်းပါတယ်။

"ကာကဝဠိယမှတစ်ပါး အခြားသူမှာ ဒီလောက်များတဲ့ဥစ္စာ ရှိရဲ့လား ?"။

"မရှိပါ အရှင်မင်းမြတ် !"။

ပြန်လည်လျှောက်ထားတဲ့ မှူးမတ်တွေရဲ့ စကားကို ကြားရတဲ့အခါ ဘုရင်မင်းမြတ်က အဲဒီမိန်းမရဲ့ လင်ဖြစ်သူ ကာကဝဠိယအား ရာဇဂြိုဟ်မြို့မှာ သူဌေးရာထူးကို ပေးလိုက်ပါတယ်။

*ပုဏ္ဏ ပုဏ္ဏဆိုတဲ့ သူဆင်းရဲတစ်ဦးဟာ ရာဇဂြိုဟ်မြို့မှာ သုမနသူဌေးကို မှီခိုပြီး နေထိုင်ပါတယ်၊ တစ်နေ့မှာ ရာဇဂြိုဟ်မြို့မှာ နက္ခတ်ပွဲလမ်းသဘင် ရှိနေကြောင်း ကြော်ငြာသံ ကြားရတော့ သုမနသူဌေးက ပုဏ္ဏကို မေးပါတယ်။

---

* ပဏ်–၅–၄၊ ၃။

www.burmeseclassic.com

www.burmeseclassic.com



"မင်းက ဒီနေ့ လယ်ထွန်မယ်ဆိုရင် နွား ၂–ကောင်နှင့် ထွန်တစ်တုံးကို ရပါလိမ့်မယ်၊ နက္ခတ်ပွဲမှာ ပါဝင်ဆင်နွဲမှာလား, လယ်ထွန်မှာလား ?"။

"ကျွန်တော်လိုလူက နက္ခတ်ပွဲမှာ ပါဝင်ဆင်နွဲလို့ ဘာအကျိုးရှိမှာတဲ့လဲ ?၊ လယ်ထွန်ပါ့မယ်"။

"ဒါဖြင့်ရင် မင်းကြိုက်တဲ့နွားတွေကို ယူသွားပြီး ထွန်ပေတော့"။

သူမနသူဌေးရဲ့ ခွင့်ပြုချက်ကို ရတဲ့အခါ ပုဏ္ဏက လယ်ထွန်ရန် ထွက်သွားပါတော့တယ်။

အဲဒီနေ့မှာပဲ ရှင်သာရိပုတ္တရာမထေရ်က နိရောဓသမာပတ်မှ ထလာခဲ့ပါတယ်၊ 'ဘယ်သူ့ကို ချီးမြှောက်ရပါ့မလဲ"လို့ ဆင်ခြင်ကြည့်ရှုတဲ့အခါမှာ ပုဏ္ဏကို တွေ့ရပါတယ်၊ ဒါနဲ့ သပိတ်သင်္ကန်းကို ယူပြီး ပုဏ္ဏရဲ့ လယ်ထွန်နေတဲ့နေရာအနီးကို ထွက်သွားပါတယ်၊ မထေရ်မြတ်ကို တွေ့ရတော့ ပုဏ္ဏက လယ်ထွန်နေတာကို ရပ်ဆိုင်းထားခဲ့ပါတယ်၊ မထေရ်မြတ်အား ဒန်ပူနှင့်မျက်နှာသစ်ရေကို ပေး[illegible]ကပ်ပါတယ်။

ရှင်သာရိပုတ္တရာမထေရ်က ကိုယ်လက်သုတ်သင်မှုကို ပြုလုပ်ပြီးသည့် လုပ်ငန်းကိစ္စရဲ့ ခပ်လှမ်းလှမ်းအရပ်မှာ ထမင်းပို့လာတာကို ကြည့်ရှုရင်း ထိုင တော်မူပါတယ်၊ ထို့နောက် ထမင်းပို့လာနေတဲ့ ပုဏ္ဏရဲ့မိန်းမကို တွေ့ရတော့ လမ်းခရီး အကြားမှာပဲ ကိုယ်တော်ကို ပြပါတယ်။

သူမက လင်ယောကျ်ားအတွက် ဆောင်ယူလာတဲ့ထမင်းကို မထေရ်ရဲ့သပိတ် ထဲမှာ လောင်းထည့်ထားခဲ့ပါတယ်၊ အိမ်ကိုပြန်သွားပြီး နောက်ထပ် ထမင်းချက် ပါတယ်၊ ဒါနဲ့ နေမြင့်မှ ထမင်းပို့ရန် သွားရပါတယ်၊ ပုဏ္ဏဆိုတဲ့ သူဆင်းရဲကလဲ တစ်ကြိမ်ထွန်ပြီးသည့်နောက် (ထမင်းဆာတာနဲ့) ထိုင်နေပါတယ်၊ ဇနီးဖြစ်သူကလဲ ထမင်းပို့လာရင်း (ပုဏ္ဏစိတ်ဆိုးမှာကို စိုးတဲ့အတွက်) အဝေးမှလှမ်းပြောနေပါတယ်။

"မောင်ရေ ! စောစောကပဲ မောင့်အတွက် ထမင်းကို ယူလာခဲ့ပါတယ်၊ လမ်းခရီးအကြားမှာ ရှင်သာရိပုတ္တရာမထေရ်မြတ်ကို တွေ့ရတော့ မောင့်အတွက် ယူလာသမျှထမင်းကို ရှင်သာရိပုတ္တရာမထေရ်မြတ်အား ပေးလှူခဲ့ပါတယ်၊ ကျွန်မက နောက်ထပ်ချက်ပြီးမှ လာပို့ရတဲ့အတွက် နေမြင့်သွားတာပါ၊ စိတ်မဆိုးပါနှင့်၊ အမျက်မထွက်ပါနှင့် မောင်ရယ် !"။

"နှမရေ ! မင်းက ကောင်းတဲ့အလုပ်ကို လုပ်ခဲ့တာပဲ၊ မောင်ကလဲ မထေရ်အား နံနက်စောစောကပဲ ဒန်ပူနှင့်မျက်နှာသစ်ရေကို ပေးလှူခဲ့ပါတယ်၊

www.burmeseclassic.com

www.burmeseclassic.com



အဲဒီရှင်သာရိပုတ္တရာက ဆွမ်းဆိုပြန်တော့လဲ အကျွန်ုပ်တို့ဆွမ်းကိုပဲ ဘုဉ်းပေးသုံးဆောင်ခဲ့ပါတယ်၊ ဒီနေ့ တို့နေ့မောင်နှံက ရှင်သာရိပုတ္တရာထေရ် ပြုကျင့်လာတဲ့ရဟန်းတရားရဲ့ ထေရာရသူတွေ ဖြစ်နေပါပေါ့လား"။

မောင်ပုဏ္ဏက စိတ်မဆိုးတဲ့အပြင် ပိုလို့ပင် စိတ်ကြည်လင်နေခဲ့ပါတယ်၊ တစ်ကြိမ်ထွန်ထားတဲ့အရပ်တွေဟာ ရွှေတုံးရွှေခဲတွေချည်းသာ ဖြစ်နေပါတော့တယ်။

ပုဏ္ဏက ထမင်းစားပြီးသည့်နောက် ထွန်ထားတဲ့နေရာကို ကြည့်လိုက်တဲ့အခါမှာ တပြောင်ပြောင် တဝင်းဝင်း ထွန်းလင်းတောက်ပနေတာကို တွေ့မြင်ရပါတယ်၊ ဒါနဲ့ နေရာကထပြီး နှင်တန်တံဖျားနဲ့ ရိုက်ကြည့်လိုက်တော့ ရွှေဖြစ်နေတာကို တွေ့ရပါတယ်။

"ဘုရင်မင်းမြတ်အား မပြောဆို မတိုင်ကြားပဲ မသုံးစွဲနိုင်ဘူး"။

ဒီလို ကြံစည်စဉ်းစားကာ သွားရောက်ပြီး ဘုရင်မင်းမြတ်အား သံတော်ဦးတင်ပါတယ်၊ ဘုရင်မင်းမြတ်က အကုန်လုံးကို လှည်းတွေနဲ့ အတိုက်ခိုင်းပြီး မင်းရင်ပြင်မှာ အပုံခိုင်းထားပါတယ်။

"ဒီမြို့မှာနေတဲ့ ဘယ်ပုဂ္ဂိုလ်မှာ ဒီ လောက်များတဲ့ရွှေ ရှိနေသလဲ ?"။

"ဘယ်ပုဂ္ဂိုလ်မှာမှ မရှိပါ အရှင်မင်းမြတ် !"။

ဒီစကားကို ကြားရတော့ ဘုရင်မင်းမြတ်က ပုဏ္ဏအား သူဌေးရာထူးကို ပေးပါတယ်၊ သူဆင်းရဲပုဏ္ဏဟာ ပုဏ္ဏသူဌေးဆိုတာ ဖြစ်လာပါတယ်။

***မလ္လိကာဒေဝီ** မလ္လိကာဟာ သာဝတ္ထိမြို့မှာနေတဲ့ ပန်းသည်ကြီးတစ်ဦးရဲ့သမီး ဖြစ်ပါတယ်၊ ၁၆–နှစ်အရွယ် ရှိလာပါတယ်၊ တစ်နေ့မှာ အဖော်မိန်းမပျိုကလေးတွေနှင့်အတူ ပန်းခြံကို သွားရင်း မုယောမုန့် ၃–ထုပ်တို့ကို ပန်းတောင်းမှာ ထည့်ပြီး ယူလာပါတယ်။

မလ္လိကာက မြို့ပြင်ဘက်ကို ရောက်လာတဲ့အချိန်မှာပဲ ရောင်ခြည်တော်တွေကို လွှတ်ပြီး ရဟန်းတော်တွေခြံရံလျက် မြို့ထဲကို ဝင်လာတဲ့မြတ်စွာဘုရားကို တွေ့ရတော့ မုယောမုန့်တွေကို ဆက်ကပ်လှူဒါန်းပါတယ်၊ မြတ်စွာဘုရားက စတုမဟာရာဇ်နတ်မင်းကြီး ၄–ယောက်တို့က လှူဒါန်းထားတဲ့ သပိတ်အနားကို ညွတ်စေပြီး ခံယူပါတယ်။

မလ္လိကာလဲ မြတ်စွာဘုရားခြေတော်တို့ကို ဦးခိုက်ရှိခိုးပါတယ်၊ ဘုရားရှင်ကို အာရုံပြုလို့ ဖြစ်ပေါ်လာတဲ့ပီတိကိုယူပြီး သင့်တော်ရာက ရပ်နေခဲ့ပါတယ်၊ ဘုရား

* ဇာတက–၅–၃၊ ၃၈၄။

www.burmeseclassic.com

www.burmeseclassic.com



ရှင်က မလ္လိကာကို ကြည့်တော်မူပြီး ပြုံးတော်မူပါတယ်၊ အဲဒီပြုံးတော်မူတာကို တွေ့ရတော့ အရှင်အာနန္ဒာက မေးမြန်းလျှောက်ထားပါတယ်။

"ရှင်တော်မြတ်ဘုရား ! ဘာ့ကြောင့် ပြုံးတော်မူရပါသလဲ ?၊ ပြုံးတော်မူရခြင်းရဲ့အကြောင်းဟာ ဘာပါလဲ ?"။

"အာနန္ဒာ ! ဒီအမျိုးသမီးကလေးဟာ ဒီမုယောမုန့်တွေကို လှူရခြင်းရဲ့ အကျိုးအနေနဲ့ ဒီနေ့ပဲ ကောသလမင်းရဲ့ မိဖုယားကြီး ဖြစ်ပေလိမ့်မယ်"။

မြတ်စွာဘုရားက ပြုံးတော်မူရခြင်းရဲ့အကြောင်းကို မိန့်တော်မူနေတုန်းမှာပဲ အမျိုးသမီးကလေးက ပန်းခြံကို ထွက်သွားပါတယ်။

အဲဒီနေ့မှာပဲ ကောသလမင်းက အဇာတသတ်မင်းနှင့် စစ်တိုက်ရင်း စစ်ရှုံးလို့ မြင်းစီးပြီး ထွက်ပြေးလာတဲ့အခါမှာ မလ္လိကာရဲ့သီချင်းသံကို ကြားရပါတယ်၊ တပ်မက်သောစိတ် ရှိတဲ့အတွက် မြင်းကို ဥယျာဉ်ရှိရာဘက်သို့ စိုင်းနှင်သွားပါတယ်။

ဘုန်းကံရှိတဲ့ အမျိုးသမီးကလေးက ရှင်ဘုရင်ကို တွေ့ပေမင့် ထွက်မပြေးဘဲ မြင်းရဲ့ဇက်ကြိုးကို ဖမ်းကိုင်ထားပါတယ်၊ ရှင်ဘုရင်က မြင်းစီးရင်းပဲ– ကာမပိုင်လင်ရှိသူလား, ကာမပိုင်လင်မရှိသူလား ?–လို့ မေးပါတယ်၊ ကာမပိုင်လင်မရှိကြောင်းကို သိရတော့ မြင်းပေါ်ကဆင်းပြီး လေဒဏ်,နေဒဏ်ကြောင့် ပင်ပန်းလာတဲ့အတွက် မလ္လိကာရဲ့ရင်ခွင်မှာ အိပ်ရင်း ခဏခေတ္တ အပန်းဖြေ နားနေပါတယ်၊ ထို့နောက် မလ္လိကာကို မြင်းပေါ်တင်ပြီး မိုလ်ပါအပေါင်းခြံရံလျက် မြို့ထဲကို ဝင်သွားပါတယ်၊ မြို့ထဲကို ရောက်တဲ့အခါ မလ္လိကာကို ပြန်ပို့ခိုင်းပါတယ်၊ ညနေချမ်းအချိန်မှာ ယာဉ်ကိုစေလွှတ်ပြီး များမြတ်သောပူဇော်မှု, မြတ်နိုးမှုနဲ့ မိဘအိမ်မှ ဆောင်ယူခိုင်းပါတယ်၊ ရတနာပုံမှာထားပြီး အဘိသိက်သွန်းလို့ မိဖုရားကြီးအရာမှာ ထားပါတယ်။

အဲဒီအချိန်ကစပြီး မလ္လိကာဟာ ကောသလမင်းရဲ့ချစ်ခင်မြတ်နိုးသူမ ဖြစ်လာပါတယ်၊ လင်ရဲ့ရှေးဦးစွာထခြင်း–စတဲ့ ကောင်းခြင်းတရား ၅–ပါးတို့နှင့် ပြည့်စုံပါတယ်၊ လင်ကို နတ်ကဲ့သို့ လုပ်ကျွေးပါတယ်၊ ဘုရားရှင်တို့နှင့်လဲ အကျွမ်းဝင်ပါတယ်၊ မြတ်စွာဘုရားအား မုယောမုန့် ၃–ဆုပ်တို့ကို ပေးလှူတဲ့အတွက် မလ္လိကာရဲ့ အဲဒီစည်းစိမ်ချမ်းသာကိုရတဲ့အကြောင်းဟာ တစ်မြို့လုံးကို လွှမ်းခြုံသွားပါတော့တယ်။

ဒါတွေက ကုသိုလ်ဒိဋ္ဌဓမ္မဝေဒနီယကံအရာမှာ သက်သေသာဓက ဝတ္ထုတွေပါပဲ။

**နန္ဒလုလင်**

အကုသိုလ်ကံကိုပြုကျင့်လို့ မျက်မှောက်ဘဝမှာ ခံစားရတဲ့ ဝတ္ထုတွေကို အကျဉ်းမျှ ပြောပြသွားပါ့မယ်၊ နန္ဒလုလင်က ဥပ္ပလဝဏ်ထေရီမကို ဖောက်ဖောက်ပြန်ပြန် ပြုကျင့်ခဲ့ပါတယ်၊ ခုတင်ပေါ်ကထပြီး အပြင်ထွက်

www.burmeseclassic.com

www.burmeseclassic.com



သွားနေတုန်းမှာပဲ အဲဒီနန္ဒလုလင်ကို မြေမျိုပါတယ်၊ အဲဒီနေရာကပဲ အဝီစိကို ရောက်သွားပါတယ်။ [ မြေမျိုတာ ဒိဋ္ဌဓမ္မအကျိုး။ ]

**နန္ဒနွားသတ်သမား** နန္ဒဆိုတဲ့နွားသတ်သမားလဲပဲ နှစ်ပေါင်း ၅၀–လုံးလုံး နွားသတ်မှုကို ပြုလုပ်နေခဲ့ပါတယ်၊ တစ်နေ့ကျတော့ ထမင်းစားချိန်မှာ အမဲသားကို မရလို့ အရှင်လတ်လတ် နွားတစ်ကောင်ရဲ့လျှာကို ဖြတ်ယူပါတယ်၊ မီးမှာကင်ပြီး စားမယ်လို့လုပ်ပါတယ်၊ အဲဒီခဏမှာပဲ အဲဒီနွားသတ်သမားရဲ့လျှာက အရင်းကပြတ်ပြီး ထမင်းခွက်ထဲကို ကျလာပါတယ်၊ အဲဒီ နွားသတ်သမားဟာ အော်မြည်ရင်း သေဆုံးသွားပြီး ငရဲမှာ ဖြစ်ပါတယ်။ [ လျှာပြတ်တာ ဒိဋ္ဌဓမ္မအကျိုး။]

**နန္ဒဘီလူး** နန္ဒဆိုတဲ့ ဘီလူးကလဲပဲ အခြားဘီလူးတစ်ကောင်နှင့်အတူ ကောင်းကင်က သွားနေရင်း ဆံချထားကာစ ခေါင်းပြောင်ကြီးနဲ့ ညဥ့်ဘက်ကွင်းပြင်မှာ ထိုင်နေတဲ့ ရှင်သာရိပုတ္တရာထေရ်ကို တွေ့ရတော့ ခေါင်းကိုရိုက်လိုကြောင်း အတူလာတဲ့ အခြားဘီလူးကို ပြောပြပါတယ်၊ အဲဒီ အဖော်ဘီလူးက တားမြစ်ပေမဲ့ နားမထောင်ဘဲ ရိုက်ပုတ်လိုက်တဲ့အတွက် ပူလှချေရဲ့, ပူလှချေရဲ့လို့ အော်မြည်တမ်းရင်း အဲဒီနေရာမှာပဲ မြေမျိုခံရပါတယ်၊ ထို့နောက် အဝီစိငရဲမှာ သွားဖြစ်ပါတယ်။

ကောကာလိယ, သုပ္ပဗုဒ္ဓ, ဒေဝဒတ္တ, စိဉ္စမာနဝိကာတို့ရဲ့ ဝတ္ထုကြောင်းတွေကိုတော့ ရှည်သွားမှာစိုးတဲ့အတွက် မပြောတော့ပါဘူး။

ဒါတွေကတော့ အကုသိုလ်ဒိဋ္ဌဓမ္မဆေဒနီယကံရဲ့ အကျိုးကိုပြတဲ့ ဝတ္ထုတွေဖြစ်ကြပါတယ်။

အဲဒီလို ပြုလုပ်တဲ့ဘဝမှာ အကျိုးမပေးလို့ရှိရင် အဟောသိကံဖြစ်ပါတော့တယ်၊ အကျိုးမပေးခြင်းဘဲ ပြည့်စုံပါတော့တယ်၊ အဲဒီ ဒိဋ္ဌဓမ္မဝေဒနီယကံကို သားမုဆိုး ဥပမာနဲ့ ချိန်ထိုးပြသင့်ပါတယ်။

**သားမုဆိုးဥပမာ** သားမုဆိုးက သမင်(သားကောင်)ကို တွေ့ရတဲ့အခါ လေးကို တင်ပြီး ပစ်လိုက်ပါတယ်၊ အဲဒီ ပစ်လိုက်တဲ့မြားက လွဲချော်မသွားဘဲ ထိမှန်ခဲ့ပါရင် အဲဒီသမင်(သားကောင်)ကို အဲဒီနေရာမှာပဲ လဲစေပါတယ်၊ အဲဒီအခါ သားမုဆိုးက အဲဒီသားကောင်ကို အရေခွာပြီး အပိုင်းအပိုင်း ဖြတ်ပါတယ်၊ အသားတွေကို ယူသွားပြီး သားမယားတွေကို နှစ်သိမ့်ကျေနပ်စေပါတယ်။

မထိမှန်ဘဲ လွဲချော်သွားခဲ့ပါရင် သားကောင်းက ထွက်ပြေးသွားပြီး အဲဒီနေရာကို နောက်ထပ်ကြည့်တောင် မကြည့်တော့ပါဘူး၊ ဒီဥပမာနှင့် နှိုင်းချိန်ကြည့်သင့်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



မြားက လွဲချော်မသွားဘဲ သားကောင်ကို ထိမှန်သကဲ့သို့ ဒိဋ္ဌဓမ္မဝေဒနီယ (ယခုမျက်ဘဝအကျိုးကို ခံစားရတဲ့)ကံရဲ့ အကျိုးပေးလှည့် ရခြင်းကို မှတ်သင့်ပါတယ်၊ ပစ်လိုက်တဲ့မြားက သားကောင်ကို မထိမှန်ဘဲ လွဲချော်သွားသကဲ့သို့ အကျိုးမပေးခြင်းရဲ့ ပြည့်စုံမှုကို မှတ်သင့်ပါတယ်။

## ၂။ ဥပပဇ္ဇဝေဒနီယကံ

အလှူပေးခြင်း–စတဲ့ကိစ္စ, သူ့အသက်သတ်ခြင်း–စတဲ့ကိစ္စကို ပြီးစေတတ်တဲ့ သတ္တမဇောစေတနာဟာ ဥပပဇ္ဇဝေဒနီယကံ မည်ပါတယ်၊ အဲဒီ ဥပပဇ္ဇဝေဒနီယ ကံဟာ အခြားမဲ့ဖြစ်တဲ့ဘဝ(ဒုတိယဘဝ)မှာ အကျိုးပေးပါတယ်၊ အဲဒီဥပပဇ္ဇဝေဒနီယ ကံကို ကုသိုလ်အရာမှာ သမာပတ် ၈–ပါး, အကုသိုလ်အရာမှာ အာနန္တရိယကံ ၅–ပါးနှင့်စပ်ပြီး မှတ်သားသင့်ပါတယ်။

အဲဒီ ၂–မျိုးထဲက သမာပတ် ၈–ပါးကို ရထားတဲ့ ပုဂ္ဂိုလ်ဟာ သမာပတ် တစ်ပါးပါးကြောင့် ဗြဟ္မပြည်မှာ ဖြစ်ရပါတယ်၊ အာနန္တရိယကံ ၅–ပါးကို ပြုထားတဲ့ ပုဂ္ဂိုလ်ကတော့ ကံတစ်ပါးပါးကြောင့် ငရဲမှာ ဖြစ်ရပါတယ်၊ ကျန်တဲ့သမာပတ်တွေ, ကျန်တဲ့အာနန္တရိယကံတွေက အကျိုးမပေးတော့ပါဘူး၊ ဒီအနက်အဓိပ္ပာယ်ကိုလဲပဲ ရှေးသားမုဆိုးဥပမာနဲ့ပဲ သိမှတ်သင့်ပါတယ်။

## ၃။ အပရာပရိယဝေဒနီယကံ

ပထမဇောစေတနာ, သတ္တမဇောစေတနာ ၂–ခုတို့ရဲ့ အလယ်မှာဖြစ်တဲ့ဇော စေတနာ ၅–ပါးတွေဟာ အပရာပရိယဝေဒနီယကံ မည်ပါတယ်၊ အဲဒီ အပရာပရိယ ဝေဒနီယကံဟာ (တတိယဘဝကစပြီး) နောင်အခွင့်ရတဲ့အခါမှာ အကျိုးပေးပါတယ်၊ ပြုလုပ်ထားတဲ့ပုဂ္ဂိုလ်က သံသရာမှာဖြစ်နေသမျှ အဟောသိကံဆိုတာဟာ မဖြစ်သေး ပါဘူး၊ ဒါအကုန်လုံးကို ခွေးမုဆိုးဥပမာနှင့် ချိန်ထိုးကြည့်သင့်ပါတယ်။

**ခွေးမုဆိုးဥပမာ** သားသမင်ကို တွေ့ရတဲ့အတွက် ခွေးမုဆိုးက လွှတ်ပေးလိုက်တဲ့ ခွေးဟာ သားသမင်နောက်ကိုလိုက်ပြီး မိတဲ့နေရာမှာပဲ ကိုက်သတ်သလို ဒီအပရာပရိယဝေဒနီယကံကလဲပဲ အခွင့်ရတဲ့ဌာနမှာပဲ အကျိုးပေးပါတယ်၊ ဒီအပရာပရိယဝေဒနီကံက လွတ်တဲ့သတ္တဝါဆိုတာ မရှိနိုင်ပါဘူး။

## ၄။ ယဂ္ဂရုကကံ

အလေးအပေါ့လို့ဆိုရတဲ့ ကုသိုလ်, အကုသိုလ်တွေထဲက လေးတဲ့(အပြစ်ရှိတဲ့) ကံဟာ ယဂ္ဂရုကကံ မည်ပါတယ်၊ အဲဒီ ယဂ္ဂရုကကံဆိုတာဟာ ကုသိုလ်ဘက်မှာ မဟဂ္ဂုတ်ကံဖြစ်ပါတယ်၊ အကုသိုလ်ဘက်မှာတော့ ပဉ္စာနန္တရိယကံ ဖြစ်ပါတယ်၊ ဒီကံကို ဂရုကကံလို့လဲ ခေါ်ကြပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီ ကုသိုလ်, အကုသိုလ်ဂရုကကံ ရှိနေပါရင် ကုသိုလ်ပဲဖြစ်ဖြစ်, အကုသိုလ်ပဲ ဖြစ်ဖြစ် ကျန်တဲ့ကံတွေက အကျိုးမပေးနိုင်တော့ပါဘူး၊ အဲဒီ ကုသိုလ်, အကုသိုလ် ဂရုကကံ ၂-မျိုးကပဲ ပဋိသန္ဓေကျိုးကို ပေးပါတော့တယ်၊ ဥပမာသဘောနှင့်ပြရမယ် ဆိုရင် မှုညင်းစေ့လောက်ရှိတဲ့ ကျောက်စရစ်ခဲပဲဖြစ်ဖြစ်, သံတွေခဲပဲဖြစ်ဖြစ် ရေအိုင် ထဲကို ပစ်ထည့်လိုက်ရင် ရေမျက်နှာပြင်ပေါ်မှာ မပေါ်နိုင်သလို, အောက်ကိုသာ နစ်မြုပ်သွားသလို၊ ကုသိုလ်မှာပဲဖြစ်ဖြစ်, အကုသိုလ်မှာပဲဖြစ်ဖြစ် ဂရုကဖြစ်တဲ့ကံ ကသာ ယူသွားပါတော့တယ်၊ အကျိုးပေးပါတော့တယ်။

၅။ ယဗ္ဗဟုလကံ

ကုသိုလ်ကံ, အကုသိုလ်ကံတွေအနက် များစွာလေ့ကျက်ထားတဲ့ကံက ယဗ္ဗဟုလ ကံမည်ပါတယ်၊ ဒီကံကိုပဲ အာစိဏ္ဏကံလို့လဲ ခေါ်ပါတယ်၊ ဒီယဗ္ဗဟုလကံဆိုတာဟာ ရှည်မြင့်စွာသောနေ့ညဥ့်ပတ်လုံး အာသေဝနပစ္စည်းကိုရနေတဲ့ ကံမျိုးပဲ ဖြစ်ပါတယ်။

နောက်တစ်နည်းအနေနဲ့ ပြောရမယ်ဆိုရင်– အားကြီးတဲ့ကုသိုလ်ကံတွေအနက် ဝမ်းမြောက်ဝမ်းသာဖြစ်စေတတ်တဲ့ ကံမျိုးနှင့် အကုသိုလ်ကံတွေအနက် နောင်တ တစ်ဖန် ပူပန်မှုကို ဖြစ်စေတတ်တဲ့ကံမျိုးဟာ ယဗ္ဗဟုလကံမည်ပါတယ်၊ အဲဒီ ယဗ္ဗ ဟုလကံဟာ လက်ဖွေ့သမား ၂-ယောက်တို့က လက်ဖွေ့ထိုးသတ်ရာ စည်းဝိုင်းသို့ ရောက်သွားလို့ရှိရင် အားကောင်း(ပြီး လေ့ကျင့်မှုများ)တဲ့ လက်ဖွေ့သမားက အားက လဲနည်း, လေ့ကျင့်မှုကလဲနည်းတဲ့ လက်ဖွေ့သမားကို အလဲထိုးသတ်ပြီး ထွက်သွား သလို ထို့အတူပါပဲ အခြားအားနည်းတဲ့ကံကို လွှမ်းဖိပြီး အာသေဝနပစ္စည်းကို ရတဲ့အတွက် အားကောင်းတဲ့ကံနှင့် နီးနီးကပ်ကပ်ပြုလုပ်တဲ့အတွက် အားကောင်းတဲ့ ကံက ဒုဋ္ဌဂါမဏိအဘယမင်းရဲ့ကံလို အကျိုးပေးပါတော့တယ်။

**ဒုဋ္ဌဂါမဏိ အဘယမင်းရဲ့ကံ**

ဒုဋ္ဌဂါမဏိအဘယမင်းဟာ ဧဠာရမင်းနဲ့စစ်ပွဲမှာ စစ်ရှုံးတာနဲ့ မြင်းစီးပြီး ထွက်ပြေးလာရပါတယ်၊ သူ့နောက်က တိဿ အမတ်ဆိုတဲ့ အလုပ်အကျွေးတစ်ယောက်မျှသာ လိုက်ပါလာ ပါတယ်၊ တောအုပ်တစ်ခုအတွင်း ဝင်ရောက်ပြီး ပုန်းအောင်းထိုင်နေရင်း အပြင်း အထန် ဆာလောင်မွတ်သိပ်လာတဲ့–အတွက် တိဿအမတ်ကို လှမ်းပြောလိုက် ပါတယ်။

"နောင်တော်တိဿရေ ! ကျုပ်သိပ်ဆာနေတယ်၊ ဘယ်လိုလုပ်ကြမလဲ ?"။

"အရှင်မင်းမြတ် ! ဘုရားကျွန်တော်မျိုးက ပုဆိုးကြားမှာ ထည့်ယူလာ ခဲ့တဲ့ ထမင်းတစ်ခွက်တော့ ရှိနေပါတယ်"။

"ဒါဖြင့် အဲဒီထမင်းကို ယူခဲ့စမ်းပါ"။

www.burmeseclassic.com

www.burmeseclassic.com



ဒုဋ္ဌဂါမဏိအဘယမင်းရဲ့ အမိန့်ကို ကြားရတာနှင့်တစ်ပြိုင်နက် တိဿအမတ်က ထမင်းခွက်ကို ပုဆိုးကြားကထုတ်ပြီး ဘုရင်မင်းမြတ်ရဲ့ ရှေ့တော်မှောက်မှာ ထားလိုက်ပါတယ်၊ ဘုရင်မင်းမြတ်က ထမင်းခွက်ကို တွေ့ရတယ်ဆိုရင်ပဲ အမိန့်ရှိလိုက်ပါတယ်။

"နောင်တော်တိဿ ! အဲဒီထမင်းကို ၄-ပုံ အညီအမျှ ခွဲဝေလိုက်ပါ"။

"ကျွန်တော်တို့က မြင်းပါထည့်ရေတွက်ပါမှ ၃-ယောက်တည်းသာ ဖြစ်ပါတယ်၊ ဘာ့ကြောင့် အရှင်မင်းမြတ်က ၄-ပုံ အညီအမျှ ခွဲဝေခိုင်းရပါသလဲ ?"။

"နောင်တော်တိဿ ! အကျွန်ုပ်ဟာ ကိုယ့်ကိုကိုယ် မှတ်မိ(သတိရ)တဲ့ အချိန်ကစပြီး အရှင်မြတ်တို့အား မပေးလှူဘဲ အစာအာဟာရကို မစားဘူးပါ၊ အခုလဲ အကျွန်ုပ်ဟာ မပေးလှူဘဲ စားမယ်မဟုတ်ပါ"။

ဘုရင်မင်းမြတ်က အမိန့်ရှိတဲ့အတိုင်း တိဿအမတ်က ထမင်းကို ၄-ပုံအညီအမျှ ခွဲဝေထားလိုက်ပါတယ်၊ အဲဒီလို ခွဲဝေပြီးတဲ့အခါမှာ ဘုရင်မင်းမြတ်က ဆက်လက် မိန့်တော်မူပြန်တယ်။—

"နောင်တော်တိဿရေ ! ဆွမ်းစားတဲ့အချိန်အခါကို ကြွေးကြော်လိုက်ပါအုံး"။

"လူတွေက စွန့်လွှတ်ထားတဲ့(လူသွားလူလာ ပြတ်နေတဲ့) တောအုပ်ကြီးထဲမှာ ဘယ်လိုလုပ်ပြီး အရှင်မြတ်တွေကို ရနိုင်ပါ့မလဲ အရှင်မင်းမြတ် ?"။

"တိဿ ! ဒါက သင့်တာဝန်မဟုတ်ဘူး၊ တကယ်ပဲ ကျုပ်မှာ သဒ္ဓါတရား ရှိမယ်ဆိုရင် အရှင်မြတ်တွေကို ရပါလိမ့်မယ်၊ ရဲရဲဝံ့ဝံ့သာ အချိန်အခါကို ကြွေးကြော်လိုက်စမ်းပါ"။

ဘုရင်မင်းမြတ်က အမိန့်ရှိတဲ့အတိုင်း တိဿအမတ်က—

"အရှင်မြတ်တို့ ! ဆွမ်းဘုဉ်းပေးချိန် ရောက်လာပါပြီ၊ အရှင်မြတ်တို့ ! ဆွမ်းဘုဉ်းပေးချိန် ရောက်လာပါပြီ"။

ဒီလို ၃-ကြိမ် ကြွေးကြော်လိုက်ပါတယ်၊ အဲဒီခဏမှာပဲ ဗောဓိမာတုမဟာတိဿ ထေရ်က တိဿအမတ်ရဲ့ ကြွေးကြော်လိုက်တဲ့အသံကို ဒိဗ္ဗသောတအဘိညာဉ်နဲ့ ကြားရတဲ့အတွက် "ဒီအသံဟာ ဘယ်ကအသံဖြစ်သလဲ"လို့ ဆက်လက်ဆင်ခြင် တော်မူတဲ့အခါမှာ—

www.burmeseclassic.com

www.burmeseclassic.com



"ဒီနေ့ ဒုဋ္ဌဂါမဏိအဘယမင်းဟာ စစ်ရှုံးတာနဲ့ တောထဲကိုဝင်ပြီး ထိုင်နေခဲ့တယ်၊ ထမင်းတစ်ခွက်ကို ၄-ပုံ အပုံခိုင်းထားတယ်၊ ငါတစ်ဦးတည်းသာ မစားနိုင်ဘူးဆိုတဲ့ အဓိဋ္ဌာန်နဲ့ အချိန်အခါကို ကြွေးကြော်ခိုင်းခဲ့တာပဲ"။-

ဆိုတာကို သိနားလည်သွားပါတယ်၊ ဒါနဲ့ "ဒီနေ့ ငါဟာ ဘုရင်မင်းမြတ်အား ချီးမြှောက်သင့်တယ်"လို့ စိတ်ထဲက ကြံစည်မိတာနဲ့ တစ်ပြိုင်နက် ရောက်လာခြင်း မျိုးနဲ့ ရောက်လာခဲ့ပါတယ်၊ ဘုရင်မင်းမြတ်ရဲ့ရှေ့မှာ ရပ်ရက်သား ဖြစ်နေပါတော့တယ်။

ဘုရင်မင်းမြတ်က မထေရ်ကို တွေ့ရတော့ စိတ်ကြည်လင်သွားပါတယ်၊ "နောင်တော်တိဿရေ ! ကြည့်စမ်းပါအုံး"လို့လဲ ပြောဆိုပြန်တယ်၊ မထေရ်ကို ရှိခိုးပြီး "သပိတ်ကို ပေးသနားတော်မူပါ အရှင်ဘုရား !"လို့ လျှောက်ထားပါတယ်၊ မထေရ်မြတ်ကလဲ သပိတ်ကို အိပ်ထဲက ထုတ်ပေးလိုက်ပါတယ်၊ ဘုရင်မင်းမြတ်က မိမိရဲ့အဖို့နဲ့အတူ မထေရ်ရဲ့အဖို့ကိုပါ သပိတ်ထဲမှာ လောင်းထည့်ပြီးတဲ့နောက် "အရှင်ဘုရား ! အာဟာရနှင့် ဆက်စပ်နေတဲ့ ဘေးရန်ဆိုတာ(အာဟာရပရိယေသန)ဟာ မည်သည့်အခါမှ မဖြစ်ပါစေနှင့်"လို့ ဆုတောင်းရင်း မထေရ်ကို ရှိခိုးပြီး ရပ်နေပါတယ်။

တိဿအမတ်ကလဲ "ငါ့အရှင်ရဲ့ရှေ့မှာ (ငါ့အရှင်ကြည့်နေတုန်းမှာ) ငါက မစားနိုင်တော့ပါဘူး"လို့ စဉ်းစားပြီး မိမိရဲ့အဖို့ကို မထေရ်ရဲ့ သပိတ်ထဲမှာပဲ လောင်းထည့်လိုက်ပါတယ်၊ မြင်းကလဲ "ငါ့အဖို့ကိုလဲပဲ မထေရ်ကိုပဲ ပေးလှူသင့်တယ်"လို့ စဉ်းစားနေပါတယ်၊ ဘုရင်မင်းမြတ်က မြင်းကိုကြည့်ပြီး "ဒီ မြင်းလဲပဲ ကိုယ့်အဖို့ကို မထေရ်ရဲ့ သပိတ်ထဲမှာပဲ လောင်းထည့်တာကို တောင့်တနေတာပဲ"လို့ သိနားလည်တဲ့အတွက် မြင်းရဲ့အဖို့ကိုလဲပဲ လောင်းထည့်လိုက်ပါတယ်၊ ပြီးတော့ ရှိခိုးပြီး ရပ်နေတုန်းမှာပဲ မထေရ်မြတ်က ကြွသွားပါတယ်၊ ကျောင်းကိုရောက်တဲ့ အခါ မထေရ်က အဲဒီဆွမ်းကို မထေရ်ကြီးနေရာက(အာဒိတော)စပြီး ဘိက္ခုသံဃာအား တစ်ပါးကိုတစ်ဆုပ်စာ, တစ်လုပ်စာအနေနဲ့ ပေးလှူခဲ့ပါတယ်။

"သိပ်ဆာနေတာပဲ ကျန်နေတဲ့ ဆွမ်းကို ပို့လိုက်လို့ရှိရင် သိပ်ကောင်းမှာပဲ"။

ဘုရင်မင်းမြတ်ရဲ့ စဉ်းစားကြံစည်မိတဲ့ စိတ်အကြံကို သိရတာနဲ့ မထေရ်မြတ်က ကျန်နေတဲ့ဆွမ်းကို သူတို့ ၃-ဦး မျှတရုံမျှထည့်ပြီး သပိတ်ကို ကောင်းကင်သို့ ပစ်တင်လိုက်ပါတယ်၊ သပိတ်က ကောင်းကင်ခရီးကသွားပြီး ဘုရင်ရဲ့လက်ထဲမှာ တည်နေပါတယ်၊ ထမင်းက ၃-ယောက်လုံး-အတွက်ပဲ လုံလောက်ပါတယ်၊ ၃-ယောက်လုံးပင် ဝအောင်စားရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



စားပြီးတဲ့အခါမှာ ဘုရင်မင်းမြတ်က "သပိတ်ချည်း မပို့တော့ဘူး"လို့ စဉ်းစားဆင်ခြင်ပါတယ်၊ အပေါ်ရုံအဝတ်ကို ချွတ်လို့ ရေကိုသုတ်ပါတယ်၊ အဝတ်ကို သပိတ်ထဲမှာ အကျအနထည့်ပါတယ်၊ ပြီးတော့ "ဒီသပိတ်ဟာ သွားပြီး ငါ့သခင်ရဲ့ လက်ပေါ်မှာ တည်နေပါစေ"လို့ အဓိဋ္ဌာန်ပြီး ကောင်းကင်ကို မြှောက်တင်လိုက်ပါတယ်၊ သပိတ်က သွားပြီး မထေရ်မြတ်ရဲ့ လက်ပေါ်မှာ တည်နေပါတယ်။

နောက်တစ်ချိန်မှာ မြတ်စွာဘုရား သရီရဓာတ်တော်တွေရဲ့ ၈–ပုံတစ်ပုံကို ဌာပနာပြီး အတောင် ၁၂၀–ရှိတဲ့ မဟာစေတီတော်ကို တည်ခိုင်းနေတုန်း စေတီတော် မပြီးခင်မှာဘဲ ဒုဋ္ဌဂါမဏိအဘယမင်းရဲ့ နတ်ရွာစံကံတော်ကုန်မဲ့အချိန်ဟာ ရောက်လာခဲ့ပါတယ်၊ အဲဒီအချိန်မှာပဲ ဒုဋ္ဌဂါမဏိအဘယမင်းက မဟာစေတီရဲ့တောင်ဘက်ဘေးမှာ လဲလျောင်းနေရတုန်း ဘိက္ခုသံဃာက နိကာယ် ၅–ရပ်ကို ရွတ်ပေးနေတဲ့ အချိန်မှာပဲ နတ်ပြည် ၆–ထပ်ကနတ်ရထား ၆–စီး ရောက်လာပြီး (ဘုရင်မင်းမြတ်ရဲ့) ရှေ့ဘက် ကောင်းကင်မှာ တည်နေလာကြပါတယ်။

ဒုဋ္ဌဂါမဏိအဘယမင်းက ကုသိုလ်စာရင်းစာအုပ်(ပုညပေါတ္ထက)ကို အယူခိုင်းပြီး အစဆုံးကစပြီး အဖတ်ခိုင်းပါတယ်၊ ယင်းသို့ ဖတ်ပြပေမဲ့ ဘယ်ကုသိုလ်ကံကမျှ သူ့ကို မနှစ်သက် မကျေနပ်စေနိုင်ပါဘူး၊ သူက ရှေ့ကိုဆက်ပြီး အဖတ်ခိုင်းနေပါတယ်။

"အရှင်မင်းမြတ် ! စူဠင်္ဂဏိယစစ်ပွဲမှာ စစ်ရှုံးလာတဲ့အတွက် အရှင်မင်းမြတ်က တောထဲကို ဝင်ရောက်ခိုအောင်း နေခဲ့ရပါတယ်၊ အဲဒီ အချိန်မှာ ထမင်းကလေး တစ်ခွက်ကို ၄–ပုံ အပုံခိုင်းထားပါတယ်၊ အဲဒီလို အပုံခိုင်းထားပြီးတဲ့နောက် ဇောတိမာတုမဟာတိဿထေရ်အား ဆွမ်းလှူခဲ့ဘူးပါတယ်"။

ဒီအလှူစာရင်းကို ကြားရတယ်ဆိုရင်ပဲ ဘုရင်မင်းမြတ်က "ရပ်ထားလိုက်တော့ဟေ့"လို့ အမိန့်ပေးလိုက်ပါတယ်၊ ပြီးတော့ အနားမှာရှိနေတဲ့ ရဟန်းတော်တွေကို မေးမြန်းလျှောက်ထားပါတယ်။

"အရှင်မြတ်တို့ဘုရား ! အဘယ်နတ်ပြည်ဟာ မွေ့လျော်စရာ အကောင်းဆုံးပါလဲ ?"။

"ဘုရားလောင်းအားလုံးတို့ရဲ့ နေထိုင်ရာဖြစ်တဲ့ တုသိတာနတ်ပြည်ဟာ မွေ့လျော်စရာ အကောင်းဆုံးပါပဲ မဟာရာဇာ !"။

ရဟန်းတော်တွေရဲ့စကား အဆုံးမှာပဲ ဒုဋ္ဌဂါမဏိအဘယမင်းက နတ်ရွာစံ ကံတော်ကုန်သွားပါတယ်၊ တုသိတာနတ်ပြည်က လာခဲ့တဲ့နတ်ရထားကို တက်ရောက်ပြီး တုသိတာနတ်ပြည်ကို ရောက်သွားပါတော့တယ်။

www.burmeseclassic.com

www.burmeseclassic.com



**၆။ ယဒါသန္နကံ**

ပြီးတော့ ကုသိုလ်ကံ, အကုသိုလ်ကံတွေထဲက သေခါနီးကာလမှာ အမှတ်ရနိုင်တဲ့ကံဟာ ယဒါသန္နကံ မည်ပါတယ်၊ ဒီကံကို အာသန္နကံလို့လဲ ခေါ်ကြပါတယ်၊ ဒီယဒါသန္နကံဟာ (နွားတွေနဲ့ ပြည့်နှက်နေတဲ့ နွားခြံရဲ့တံခါးကို ဖွင့်လိုက်လို့ရှိရင် နောက်ပိုင်းမှာ နွားသိုးတွေ, အားကောင်းထွားကျိုင်းတဲ့ ခိုင်းနွားကြီးတွေ ရှိနေပေမဲ့ ခြံတံခါးဝနှင့် အနီးကပ်ဆုံးဖြစ်တဲ့ နွားက, ကုန်ကုန်ပြောရမယ်ဆိုရင် အားနည်းနေတဲ့နွားအိုကြီးကသော်မှ လက်ဦးဆုံး ထွက်ရသလိုပါပဲ၊ ထို့အတူ အခြားကုသိုလ်ကံတွေ, အကုသိုလ်ကံတွေ ရှိနေပေမဲ့ သေမဲ့အခါနဲ့ နီးကပ်နေတဲ့အတွက်) သူကပဲ အကျိုးပေးပါတယ်။

**ဒမယ်လူမျိုး တံခါးစောင့်** အဲဒီ အာသန္နကံနှင့် ပတ်သက်နေတဲ့ ဝတ္ထုသာဓကအနည်းငယ် ပြောပြပါအုံးမယ်၊ မစုအင်္ဂဏရွာမှာ ဒမယ်(ကျည်း)လူမျိုး တံခါးစောင့်တစ်ယောက်က နံနက်စောစောကပဲ ငါးမျှားချိတ်ကို ယူသွားပြီး မျှားလို့ရလာသမျှ ငါးတွေကို ၃–ပုံ ပုံပါတယ်၊ တစ်ပုံကို ဆန်နှင့် လဲလှယ်ပါတယ်၊ တစ်ပုံကို နို့ဓမ်းနှင့် လဲလှယ်ပါတယ်၊ တစ်ပုံကိုတော့ ချက်ပြုတ်စားသောက်ပါတယ်။

ဒီနည်းအတိုင်းပဲ နှစ်ပေါင်း ၅၀–လုံးလုံး ပါဏာတိပါတ(အသက်သတ်မှု)ကံကို ပြုလုပ်လာခဲ့ပါတယ်၊ နောက်ပိုင်းမှာ အသက်အရွယ် ကြီးရင့်လာတဲ့အတွက် အိပ်ရာက မထနိုင်တော့ပါ၊ အိပ်ရာထဲမှာပဲ လဲလျောင်းနေရပါတော့တယ်၊ အဲဒီအချိန်မှာပဲ တောင်ပေါ်ကျောင်းမှာ သီတင်းသုံးနေတော်မူတဲ့ စူဠပိဏ္ဍပါတိကတိဿ မထေရ်က ဒီသတ္တဝါဟာ ငါ့မျက်စိအောက်မှာ မပျက်စီးပါစေလင့်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ သွားပြီး တံငါရဲ့ အိမ်တံခါးမှာ ရပ်နေပါတော့တယ်၊ တံငါရဲ့ မိန်းမက ထေရ်ကို တွေ့ရတဲ့အခါ သူ့လင်ကြားအောင် လှမ်းပြောလိုက်ပါတယ်။

"မောင်ရေ ! မထေရ်တစ်ပါး ကြွလာနေတယ်"။

"ငါ့အား နှစ်ပေါင်း ၅၀–လုံးလုံး မထေရ်ဆီကို သွားဖူးတာမှမဟုတ်ဘဲပဲ၊ ငါ့ရဲ့ ဘယ်လိုဂုဏ်ထူးကြောင့် မထေရ်က ကြွလာရမှာတဲ့လဲ ?၊ အဲဒီ မထေရ်ကို 'သွားတော့'လို့သာ ပြောလိုက်ပါတော့ကွာ"။

လင်ဖြစ်သူရဲ့ စကားကို ကြားရတဲ့အခါ မိန်းမဖြစ်သူက မထေရ်အနားကိုလာပြီး "ကန်တော့ဆွမ်းပါဘုရား"လို့ လျှောက်ထားလိုက်ပါတယ်၊ မထေရ်က ထွက်မသွားသေးဘဲ ကန်တော့ဆွမ်းလောင်းတဲ့ဒကာမကို သတင်းမေးနေပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ဥပါသကာရဲ့ ကျန်းမာရေးအခြေအနေ ဘယ်လိုနေသလဲ ?"။

"အားနည်းနေပါတယ် အရှင်ဘုရား !"။

ဒီစကားကို ကြားရတော့ မထေရ်က အိမ်ထဲကို ဝင်ပြီး သတိပေးစကား ပြောဆို မေးမြန်းပါတယ်။

"သီလယူမလား ?"။

"မှန်ပါဘုရား ပေးသနားတော်မူပါ"။

ဒကာရဲ့ဝန်ခံချက်ကို ရတဲ့အခါ မထေရ်က သရဏဂုံကို စတင်ပေးပါတယ်၊ ထို့နောက် ငါးပါးသီလပေးမယ်လို့ စတင်အားထုတ်ပါတယ်၊ "ပဉ္စသီလာနိ"လို့ ဆိုတဲ့စကား မှာပဲ အဲဒီကျည်းအမျိုးသားမှာ လျှာထွက်လာပါတော့တယ်၊ မထေရ်က "ဒီသရဏဂုံ လောက်နဲ့ပဲ သင့်တော်လှပါပြီ"လို့ စဉ်းစားပြီး ထွက်ကြွလာခဲ့ပါတယ်။

ကျည်းအမျိုးသား တံခါးစောင့်လဲ အဲဒီခဏမှာပဲ သေဆုံးသွားပြီး စာတုမဟာရာဇ် နတ်ပြည်မှာ သွားဖြစ်ပါတယ်။

"ငါဟာ ဘယ်ကုသိုလ်ကောင်းမှုကို ပြုလုပ်ခဲ့လို့ ဒီစည်းစိမ်ချမ်းသာ ရလာပါလိမ့်မလဲ ?"။

နတ်ပြည်မှာဖြစ်တဲ့ ခဏမှာပဲ စဉ်းစားဆင်ခြင်ကြည့်လိုက်တော့ မထေရ်ကို အမှီ ပြုလို့ရလာတဲ့အကြောင်းကို သိရတဲ့အတွက် လူ့ပြည်ကို သက်ဆင်းလာခဲ့ပါတယ်၊ မထေရ်ကို ရှိခိုးပြီးရပ်နေတာတွေ့ရတော့ မထေရ်က မေးမြန်းစုံစမ်းပါတယ်။

"ဒါ ဘယ်သူလဲ ?"။

"တပည့်တော် ကျည်းလူမျိုး တံခါးစောင့်ပါဘုရား"။

"အခု သင် ဘယ်မှာဖြစ်နေသလဲ ?"။

"စာတုမဟာရာဇ်နတ်ပြည်မှာ ဖြစ်နေပါတယ်ဘုရား"။

မထေရ်မေးသလောက်ကို ပြန်လည်လျှောက်ထားပြီး ဆက်လက်လျှောက်ထား ပြန်တယ်။

"အရှင်ဘုရားက ၅-ပါးသီလကို ပေးမယ်ဆိုရင် တပည့်တော်က အထက် နတ်ပြည်မှာ ဖြစ်ရမှာပါပဲ"။

"ငါ ဘယ်နှယ်လုပ်မလဲ ?၊ သင်ကမှ မယူနိုင်တာကို"။

မထေရ်ရဲ့စကားအဆုံးမှာ နတ်သားက မထေရ်ကို ရှိခိုးပြီး နတ်ပြည်ကို ပြန်သွားပါ တော့တယ်၊ ဒါဟာ ကုသိုလ်ကံနှင့် သက်ဆိုင်တဲ့ ဝတ္ထုပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



**မဟာဝါစကာလဥပါသကာ**

ထို့ပြင် ဂင်္ဂါမြစ်ဘေးမှာ မဟာဝါစကာလ–ဆိုတဲ့ ဥပါသကာတစ်ယောက် ရှိနေပါတယ်၊ အဲဒီ ဥပါသကာဟာ နှစ်ပေါင်း ၃၀–လုံးလုံး သောတာပတ္တိမဂ်အလို့ငှာ ဒွတ္တိံသာကာရကို သရဇ္ဈာယ်ပါတယ်၊ ရွတ်အံပါတယ်။

"ငါဟာ ဒီလို ဒွတ္တိံသာကာရကို ရွတ်အံပေမဲ့ မဂ်ရဲ့အရိပ်အရောင် ကလေးကိုတောင်မှ မဖြစ်စေနိုင်ဘူး၊ မြတ်စွာဘုရားရဲ့ သာသနာတော်ဟာ ဝဋ်ဆင်းရဲက ထွက်မြောက်ကြောင်း မဟုတ်တာ ဖြစ်ပါလိမ့်မယ်"။

ဥပါသကာက စဉ်းစားတွေးတောရင်း အယူရဲ့ဖောက်ပြန်ခြင်းကို ရောက်သွားပါတယ်၊ သေဆုံးသွားတဲ့အခါ ဂင်္ဂါမြစ်ကြီးထဲမှာ ၉–ဥသဘရှိတဲ့ မိကျောင်းပြိတ္တာ ဖြစ်နေပါတယ်၊ တစ်ချိန်မှာ ကစ္ဆကဆိပ်ကမ်းက ကျောက်တိုင်လှည်း ၆၀–သွားကြပါတယ်၊ အဲဒီမိကျောင်းပြိတ္တာက နွားတွေ, ကျောက်တွေ အကုန်လုံးကို စားပစ်လိုက်ပါတယ်၊ ဒါကတော့ အကုသိုလ်ကံနှင့်ဆက်စပ်နေတဲ့ ဝတ္ထုပါပဲ။

### ၇။ ကဋတ္တာကံ

ထို့ပြင် ဂရုကကံ–စတဲ့ ကံ ၃–မျိုးကလွတ်တဲ့ အသိဉာဏ်မပါဘဲ ပြုလုပ်ထားတဲ့ ကံဟာ ပြုထားကာမျှဖြစ်တဲ့ ကဋတ္တာကံ မည်ပါတယ်၊ အရူးက ပစ်လွှင့်လိုက်တဲ့ တုတ်ဟာ အမှတ်မထင် တစ်နေရာကို ရောက်သွားသလို အလားတူပါပဲ၊ ဂရုက ကံ–စသတဲ့ ကံ ၃–ပါးတို့ မရှိခဲ့ပါရင် အမှတ်မထင် ဘဝတစ်ခုခုမှာ အကျိုးပေးပါ တော့တယ်။

### ၈+၉။ ဇနကကံနှင့် ဥပတ္ထမ္ဘကကံ

ဇနကကံဆိုတာဟာ တစ်ပါးသော ပဋိသန္ဓေကို ဖြစ်စေပြီးတဲ့နောက် ပဝတ္တိ အကျိုးကို မဖြစ်စေနိုင်တော့ပါ၊ ပဝတ္တိအခါမှာ တစ်ပါးသောကံက အကျိုးကို ဖြစ်စေပါတယ်၊ ထင်ရှားအောင် ပြောပြရမယ်ဆိုပါရင် အမိက မွေးရုံသာ မွေးပေး တတ်ပါတယ်၊ အမှန်ကတော့ အထိန်းတော်ကသာ သုတ်သင်စောင့်ရှောက်ရသလို အလားတူပါပဲ အမိကဲ့သို့ ပဋိသန္ဓေကိုဖြစ်စေတတ်တဲ့ ကံဟာ ဇနကကံ မည်ပါတယ်၊ အထိန်းကဲ့သို့ ပဝတ္တိအခါမှာ စောင့်ရှောက်လာခဲ့တဲ့ကံဟာ ဥပတ္ထမ္ဘကကံ မည်ပါတယ်၊ ဒီဥပတ္ထမ္ဘကကံကို ကုသိုလ်မှာရော, အကုသိုလ်မှာရော ရသင့်ပါတယ်။

အချို့သောပုဂ္ဂိုလ်ဟာ ကုသိုလ်ကံကို ပြုလုပ်တဲ့အတွက် သုဂတိဘုံမှာ ဖြစ်ရ ပါတယ်၊ အဲဒီပုဂ္ဂိုလ်ဟာ သုဂတိဘုံမှာ တည်နေရက်ပဲ ထပ်ကာထပ်ကာ ကုသိုလ် ကံကို ပြုပြန်တယ်၊ အဲဒီ ပဋိသန္ဓေကို ဖြစ်စေတတ်တဲ့ ဇနကကံကို ထောက်ပံ့ကူ ညီပြီး နှစ်–သိန်းပေါင်းများစွာသော ကာလပတ်လုံး သုဂတိဘုံမှာပဲ လှည့်လည်နေရ ပါတော့တယ်။

www.burmeseclassic.com

www.burmeseclassic.com


အချို့သောပုဂ္ဂိုလ်က အကုသိုလ်ကံကို ပြုလုပ်တဲ့အတွက် ဒုဂ္ဂတိဘုံမှာ ဖြစ်ရပါတယ်၊ အဲဒီပုဂ္ဂိုလ်က ဒုဂ္ဂတိဘုံမှာတည်နေရင်း ထပ်ကာထပ်ကာ အကုသိုလ်ကံကို ပြုလုပ်ပါတယ်၊ အဲဒီ ပဋိသန္ဓေကို ဖြစ်စေတတ်တဲ့ ဇနကကံကို ထောက်ပံ့ကူညီပြီး နှစ်-သိန်းပေါင်းများစွာ ကာလပတ်လုံး ဒုဂ္ဂတိဘုံမှာပဲ ကျင်လည်ရပါတော့တယ်။

နောက်တစ်နည်း ပြောပြပါအုံးမယ်၊– ဇနကကံဆိုတာဟာ ကုသိုလ်ကံလဲ ရှိပါတယ်၊ အကုသိုလ်ကံလဲ ရှိပါတယ်၊ အဲဒီဇနကကံဟာ ပဋိသန္ဓေအခါမှာရော, ပဝတ္တိအခါမှာရော ရုပ်နာမ်ဝိပါက်ခန္ဓာတွေကို ဖြစ်စေပါတယ်၊ ဥပတ္ထမ္ဘကကံကတော့ ဝိပါက်ခန္ဓာကို မဖြစ်စေနိုင်ပါ၊ (ပဋိသန္ဓေကျိုးကို မပေးနိုင်ပါ၊) တစ်ပါးသောကံက ပေးထားတဲ့ ပဋိသန္ဓေမှာဖြစ်စေတဲ့ အကျိုးမှာ ဖြစ်ပေါ်လာပေမဲ့ ချမ်းသာဆင်းရဲကို ထောက်ပံ့ကူညီတတ်ပါတယ်၊ ရှည်စွာသောကာလပတ်လုံး ဖြစ်စေတတ်ပါတယ်။

**၁၀။ ဥပပီဠကကံ**

ဥပပီဠကကံဆိုတာဟာ အခြားသောကံက ပေးထားတဲ့ ပဋိသန္ဓေမှာ ဖြစ်စေသင့်တဲ့ အကျိုးမှာ ဖြစ်ပေါ်လာမဲ့ ချမ်းသာဆင်းရဲကို နှိပ်စက်တတ်ပါတယ်၊ ရှည်ကြာလှစွာသော ကာလပတ်လုံး ဖြစ်ခွင့်မပေးပါ။

ဒါကတော့ အဲဒီစကားရပ်နဲ့ပတ်သက်လို့ သိနားလည်စရာ နည်းညွှန်လမ်းပြဖြစ်ပါတယ်၊ ကုသိုလ်ကံက အကျိုးပေးရင် အကုသိုလ်ကံက ကပ်လို့နှိပ်စက်ပြီး အဲဒီအကျိုးပေးတတ်တဲ့ ကုသိုလ်ကံအား အကျိုးပေးခွင့် မပေးပါဘူး၊ အကုသိုလ်ကံက အကျိုးပေးလို့ရှိရင် ကုသိုလ်ကံက ကပ်လို့ ညှဉ်းပန်းနှိပ်စက်မှုကို ပြုပြီး အဲဒီအကျိုးပေးတဲ့ အကုသိုလ်ကံအား အကျိုးပေးခွင့် မပေးပါ။

ကြီးပွားနေတဲ့ သစ်ပင်ကိုပဲဖြစ်ဖြစ်, ချုံကိုပဲဖြစ်ဖြစ်, နွယ်ကိုပဲဖြစ်ဖြစ် တစ်ဦးတစ်ယောက်သောသူက တုတ်နဲ့သော်လဲ ဖျက်ဆီးမယ်, ဓားနဲ့သော်လဲ ဖြတ်တောက်ပစ်မယ်– ဆိုကြပါစို့ရဲ့၊ အဲဒီအခါမှာ အဲဒီအဖျက်အဆီးခံရတဲ့ သစ်ပင်ချုံနွယ်ဟာ မကြီးပွားနိုင်တော့သလို အဲဒီသဘောသွားအတိုင်းပါပဲ၊ ကုသိုလ်က အကျိုးပေးမယ်လို့လုပ်လာရင် အကုသိုလ်က ကပ်လို့နှိပ်စက်တတ်တဲ့အတွက် အကျိုးမပေးနိုင်တော့ပါဘူး၊ အကုသိုလ်ကံက အကျိုးပေးမယ်လုပ်လာရင် ကုသိုလ်ကံက ကပ်လို့နှိပ်စက်တတ်တဲ့အတွက် အကျိုးမပေးနိုင်တော့ပါဘူး၊ အဲဒီ ကုသိုလ်ကံ, အကုသိုလ်ကံ ၂–ပါးထဲက သုနက္ခတ်ရဲ့အကုသိုလ်ကံက ကုသိုလ်ကို ကပ်လို့နှိပ်စက်တတ်ပါတယ်။

**သုနက္ခတ္တ**

သုနက္ခတ္တရဟန်းက ဗုဒ္ဓမြတ်စွာ ညွှန်ကြားတော်မူတဲ့အတိုင်း လိုက်နာအားထုတ်လာတဲ့အတွက် ဒိဗ္ဗစက္ခုအဘိညာဉ်ကို ရထားပါတယ်၊ ဒိဗ္ဗသောတအဘိညာဉ်ကိုရအောင် အားထုတ်ရမယ့်လမ်းစဉ်ကို ဘုရားရှင်အား

www.burmeseclassic.com

www.burmeseclassic.com



လျှောက်ထားမေးမြန်းပါတယ်၊ ဘုရားရှင်က ဒိဗ္ဗသောတအဘိညာဉ်ကို ရရန်အကြောင်း မရှိတာကို သိတော်မူတဲ့အတွက် ဟောပြတော်မမူပါ၊ ဒါနဲ့ သုနက္ခတ္တက ဘုရားရှင်ကို ရန်ငြိုးဖွဲ့လာပါတယ်၊ သင်္ကန်းတွေကို ချွတ်ထားခဲ့ပြီး လူဝတ်လဲသွားပါတော့တယ်၊ လူဖြစ်ပြီးတဲ့နောက်ပိုင်းမှာလဲ ငြိမ်သက်စွာ မနေပါ၊ ဘုရားရှင်ကို မဟုတ်မမှန် စွပ်စွဲပြောဆို လှည့်လည်နေပါတော့တယ်။

သုနက္ခတ္တရဲ့ အဲဒီအကုသိုလ်တွေက ရထားတဲ့ ဈာန်အဘိညာဉ်–စသည်တို့ကို ကပ်လို့နှိပ်စက်ပစ်လိုက်ပါတယ်။

**နိုးသူသတ်ယောက်ျား** ရာဇဂြိုဟ်မြို့မှာ ဝါတကာဠက–ဆိုတဲ့လူဟာ နှစ်ပေါင်း ၅၀–တို့ကာလပတ်လုံး ခိုးသူသတ်တဲ့အလုပ်ကို လုပ်ကိုင်လာခဲ့ပါတယ်၊ အဲဒီအချိန်မှာ လူတွေက ဘုရင်မင်းမြတ်ကို သံတော်ဦးတင်ကြပါတယ်။

"အရှင်မင်းမြတ် ! ဝါတကာဠကဟာ အသက်အရွယ် ကြီးလှပါပြီ၊ ခိုးသားတွေကို မသတ်နိုင်တော့ပါ"။

"သူ့ကို အဲဒီ ခိုးသူသတ်ရာထူးက ဖယ်ရှားလိုက်ကြတာပေါ့"။

ဘုရင်မင်းမြတ်ရဲ့ အမိန့်တော်အတိုင်း အမတ်တွေက ဝါတကာဠကကို ဖယ်ရှားပြီး အခြားသူတစ်ယောက်ကို ခိုးသူသတ်ရာထူးမှာ ခန့်ထားလိုက်ကြပါတယ်။

ဝါတကာဠကလဲ ခိုးသူသတ်အလုပ်ကို လုပ်နေရသမျှ ကာလပတ်လုံး အဝတ်သစ်တွေကိုလဲ မဝတ်ရရှာပါ၊ အနံ့ကောင်းတဲ့ ပန်းတွေကိုလဲ မပန်ဆင်ရပါ၊ ဃနာနို့ကိုလဲ မစားရပါ၊ နံ့သာမှုန့်–စတဲ့ဟာတွေနဲ့ ပွတ်သတ်လိမ်းကျံခြင်း၊ ရေချိုးခြင်းကိုလဲ မသုံးဆောင် မခံစားရပါ၊ ဒါနဲ့ ခိုးသူသတ်ရာထူးက ဖယ်ရှားခံရတဲ့နေ့မှာပဲ ဝါတကာဠကက–

"ငါက ကြာမြင့်လှတဲ့ နေ့ညဥ့်တို့ပတ်လုံး ညစ်နွမ်းတဲ့ အသွင်အပြင်နဲ့ လှည့်လည်နေခဲ့ရတယ်၊ ဒါကြောင့် ငါ့အတွက် ဒီနေ့ နို့ဃနာကျိုချက်ထားစမ်းပါ မိန်းမရယ် !"။

ဇနီးဖြစ်သူကို စေခိုင်းထားခဲ့ပါတယ်၊ ထို့နောက် ရေချိုးရာမှာ အသုံးပြုတဲ့ ပစ္စည်းတွေကို ယူပြီး ရေချိုးဆိပ်ကို ထွက်သွားပါတယ်၊ ခေါင်းဆုံးခြေဆုံး ရေချိုးပါတယ်၊ ထို့နောက် အဝတ်သစ်တွေကို ဝတ်ဆင်ပါတယ်၊ နံ့သာလိမ်းကျံမှုကိုလဲ ပြုလုပ်ပါတယ်၊ ပန်းလဲ ပန်ပါတယ်၊ အိမ်ကိုပြန်လာရင်း လမ်းမှာ ရှင်သာရိပုတ္တရာကို တွေ့ရပါတယ်၊ ဒီတော့–

www.burmeseclassic.com

www.burmeseclassic.com



"ငါဟာ ညစ်နွမ်းတဲ့အလုပ်ကလဲ ကင်းလွတ်ခဲ့ရပါတယ်၊ အရှင်မြတ်ကိုလဲ ငါက ယခုတွေ့မြင်နေရပါတယ်"။

အင်မတန် နှစ်သက်ရွှင်လမ်းတဲ့စိတ်နဲ့ ရှင်သာရိပုတ္တရာထေရ်ကို အိမ်သို့ ပင့်ဆောင်သွားပါတယ်၊ ထောပတ်သစ်, သကြားမှုန့်တွေနဲ့ ပြုပြင်စီမံထားတဲ့နို့ဃနာနဲ့ လုပ်ကျွေးပါတယ်။

ရှင်သာရိပုတ္တရာက ဝါတကာဋကအား ဆွမ်းအနုမောဒနာတရား ဟောကြားတော်မူပါတယ်၊ အနုမောဒနာတရားကို ကြားနာရတော့ ဝါတကာဋကက သောတာပတ္တိမဂ်ရဲ့ရှေ့ ဝိပဿနာအားလျော်တဲ့ (အနုလောမိကခန္တိ)ဉာဏ်ကို ရရှိပါတယ်၊ ရှင်သာရိပုတ္တရာမထေရ်ကို လိုက်ပို့ပြီး ပြန်လာတဲ့အခါ လမ်းခရီးအကြားမှာ သားငယ်ရှိနေတဲ့ နွားမတစ်ကောင်က နင်းသတ်ပစ်လိုက်ပါတယ်၊ သေဆုံးသွားသည်နှင့်တစ်ပြိုင်နက် တာဝတိံသာနတ်ပြည်မှာ သွားဖြစ်ပါတယ်။

ရဟန်းတွေက ဒီအကြောင်းကို ကြားရတော့ ဘုရားရှင်ကို မေးမြန်းလျှောက်ထားကြပါတယ်။

"ရှင်တော်မြတ်ဘုရား ! ခိုးသူသတ်ယောကျ်ားဟာ ဒီနေ့ပဲ ညစ်နွမ်းတဲ့အလုပ်က အပယ်ရှားခံရပါတယ်၊ ဒီနေ့ပဲ သေဆုံးသွားခဲ့ရပါတယ်၊ အဘယ်မှာ ဖြစ်ပါသလဲ ?"။

"တာဝတိံသာနတ်ပြည်မှာ ဖြစ်တယ် ရဟန်းတို့ !"။

"ရှင်တော်မြတ်ဘုရား ! ခိုးသူသတ်ယောကျ်ားဟာ ရှည်လျားလှတဲ့နေ့ညဥ့်ပတ်လုံး လူယောကျ်ားတွေကို သတ်လာခဲ့ပါတယ်၊ ရှင်တော်မြတ်ဘုရားကလဲပဲ တာဝတိံသာနတ်ပြည်မှာ ဖြစ်တယ်လို့ မိန့်တော်မူပါတယ်၊ အကုသိုလ်ကံရဲ့ အကျိုးဟာ မရှိလေရော့သလား ?"။

"ရဟန်းတို့ ! ဒီလိုမပြောကြနဲ့၊ ဝါတကာဋကဟာ အားအင်ပြည့်ဝတဲ့ မိတ်ဆွေကောင်းဆိုတဲ့ မှီရာကို ရရှိခဲ့တယ်၊ တရားမိုလ်ချုပ် ရှင်သာရိပုတ္တရာကို ဆွမ်းလှူခဲ့ပါတယ်၊ ဆွမ်းအနုမောဒနာတရားကို ကြားနာရလို့ သောတာပတ္တိမဂ်ရဲ့ရှေ့ ဝိပဿနာအားလျော်တဲ့ (အနုလောမိကခန္တိ)ဉာဏ်ကို ရရှိခဲ့ပါတယ်၊ ဒါနဲ့ပဲ အဲဒီလူသတ်သမား ယောကျ်ားဟာ တာဝတိံသာနတ်ပြည်မှာ ဖြစ်ရတာပါပဲ။

ဘုရားရှင်က ရှင်းလင်းဖြေဆိုပြီးတဲ့နောက် ရဟန်းတို့အား ဆက်လက်မိန့်ကြားတော်မူပြန်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ရာဇဂြိုဟ်မြို့သား ခိုးသူသတ်ယောက်ျားဟာ ရှင်သာရိပုတ္တရာက ကောင်းစွာ ဟောကြားတော်မူတဲ့ တရားတော်ကို ကြားနာရတဲ့အတွက် သောတာပတ္တိမဂ်ရဲ့ရှေ့ ဝိပဿနာအားလျော်တဲ့ ဉာဏ်ကိုရရှိလို့ တာဝတိံသာနတ်ပြည်မှာ သွားရောက် မွေ့လျော်ပါတယ်။

**၁၁။ ဥပဃာတကကံ**

ဥပဃာတကကံလဲပဲ ကုသိုလ်လဲရှိပါတယ်၊ အကုသိုလ်လဲရှိပါတယ်၊ အဲဒီ ဥပဃာတကကံက အခြားအားနည်းတဲ့ကံကို ပယ်ရှားသတ်ဖြတ်ပြီး အဲဒီ အားနည်းတဲ့ ကံရဲ့အကျိုးကို တားမြစ်လို့ ကိုယ်တိုင်အကျိုးပေးတတ်ပါတယ်၊ ဒီလိုကံက အခွင့်ကို ပြုထားလို့ရှိရင် အဲဒီ ဖြစ်ပေါ်လာတဲ့အကျိုးကို ဥပ္ပန္နလို့ ဆိုသင့်ပါတယ်၊ ဒီကံ ကိုပဲ ဥပစ္ဆေဒက(ကပ်လို့ဖြတ်တတ်တဲ့)ကံလို့လဲ ခေါ်ကြပါသေးတယ်။

အဲဒီ စကားရပ်နဲ့ပတ်သက်လို့ သိမှတ်စရာနည်းအမြွက်ကို ပြောပြပါအုံးမယ်၊ ကုသိုလ်ကံက အကျိုးပေးနေတဲ့အခါမှာ အကုသိုလ်ကံတစ်ခုက ပေါ်ထွက်လာပြီး အဲဒီ ကုသိုလ်ကံကို ဖြတ်တောက်ပစ်တတ်ပါတယ်၊ အဲဒီ ကံဟာ ဥပစ္ဆေဒကကံ မည်ပါတယ်။

အဇာတသတ်မင်းရဲ့ အကုသိုလ်ကံက ကုသိုလ်ကံကို ဖြတ်တောက်ပစ်ပါတယ်၊ အင်္ဂုလိမာလမထေရ်ရဲ့ ကုသိုလ်ကံက အကုသိုလ်ကံကို ဖြတ်တောက်ပစ်ပါတယ်၊ ဒီဝတ္ထု ၂–ခုလုံးက အများသိပြီးဖြစ်တဲ့အတွက် အကျယ်ချဲ့ထွင် မပြောကြားတော့ ပါဘူး။

ဒီလို သုတ္တန်ဒေသနာတော်နည်းနဲ့ ကံ ၁၁–ပါးတို့ကို ဝေဖန်ထားပါတယ်။

"ဒီနေ့တရားပွဲကို ဒီမှာပဲ သိမ်းကြစို့ရဲ့၊ သုတ္တန်နည်းနဲ့ ဝေဖန်ထားတဲ့ ဒီကံ ၁၁–မျိုးထဲမှာ မကောင်းတဲ့ကံတွေလဲ ပါဝင်နေကြပါတယ်၊ ကောင်းတဲ့ ကံတွေလဲ ပါဝင်နေကြပါတယ်၊ ဒီတော့ မကောင်းတဲ့ကံတွေကို ရှောင်ကြဉ်ပြီး ကောင်းတဲ့ကံတွေကို ကြိုးစားပြုလုပ်ကြရမယ်၊ ပြုလုပ်ပြီးဖြစ်တဲ့ မကောင်းတဲ့ ကံတွေ ရှိနေရင်လဲ အဲဒီအကုသိုလ်ကံတွေက အကျိုးမပေးနိုင်အောင် ကုသိုလ်ဥပ ဃာတကကံ, ဥပပီဠကကံတွေကို များများပြုလုပ်ပေးရမယ်၊ အဲဒီလို ပြုလုပ် ပေးလို့ရှိရင်လဲ အကုသိုလ်ကံရဲ့အကျိုးက သက်သာခွင့် ရနိုင်ပါတယ်။

ဒီလို ကိုယ့်ကိုကိုယ် ပြုပြင်ကြပြီး မဂ်, ဖိုလ်, နိဗ္ဗာန်ရသည်တိုင်အောင် သံသရာစခန်း အထက်တန်းက သွားနိုင်ကြပါစေ။

www.burmeseclassic.com

www.burmeseclassic.com



ဝါခေါင်လပြည့်ကျော် ၁၄–ရက်

***အဘိဓမ္မာလာ ကံ ၁၆–ပါး**

၁။ ဂတိသမ္ပတ္တိ(ကောင်းတဲ့ဂတိ)က တားမြစ်ထားလို့ အကျိုးမပေးတဲ့ အကုသိုလ်ကံ၊
၂။ ဥပဓိသမ္ပတ္တိ(လှပတဲ့အဆင်း)က တားမြစ်ထားလို့ အကျိုးမပေးတဲ့ အကုသိုလ်ကံ၊
၃။ ကာလသမ္ပတ္တိ(ပြည့်စုံတဲ့ကာလ)က တားမြစ်ထားလို့ အကျိုးမပေးတဲ့ အကုသိုလ်ကံ၊
၄။ ပယောဂသမ္ပတ္တိ(ကောင်းတဲ့အားထုတ်မှု)က တားမြစ်ထားလို့ အကျိုးမပေးတဲ့ အကုသိုလ်ကံ၊
၅။ ဂတိဝိပတ္တိ(ပျက်စီးတဲ့ဂတိ)မှာ ဖြစ်ရတဲ့အတွက် အကျိုးပေးတဲ့ အကုသိုလ်ကံ၊
၆။ ဥပဓိဝိပတ္တိ(ပျက်စီးတဲ့ရုပ်အဆင်း)ကို ရရှိတဲ့အတွက် အကျိုးပေးတဲ့ အကုသိုလ်ကံ၊
၇။ ကာလဝိပတ္တိ(ပျက်စီးတဲ့ကာလ)ကို ရရှိတဲ့အတွက် အကျိုးပေးတဲ့ အကုသိုလ်ကံ၊
၈။ ပယောဂဝိပတ္တိ(ပျက်စီးတဲ့အားထုတ်မှု)သို့ ရောက်တဲ့အတွက် အကျိုးပေး အကုသိုလ်ကံ၊
၉။ ဂတိဝိပတ္တိ(ပျက်စီးတဲ့ဂတိ)က တားမြစ်ထားတဲ့အတွက် အကျိုးမပေးတဲ့ ကုသိုလ်ကံ၊
၁၀။ ဥပဓိဝိပတ္တိ(ပျက်စီးတဲ့ရုပ်အဆင်း)က တားမြစ်ထားတဲ့အတွက် အကျိုးမပေးတဲ့ ကုသိုလ်ကံ၊
၁၁။ ကာလဝိပတ္တိ(ပျက်စီးတဲ့ကာလ)က တားမြစ်ထားတဲ့အတွက် အကျိုးမပေးတဲ့ ကုသိုလ်ကံ၊
၁၂။ ပယောဂဝိပတ္တိ(ပျက်စီးတဲ့ အားထုတ်မှု)က တားမြစ်ထားတဲ့အတွက် အကျိုးမပေးတဲ့ ကုသိုလ်ကံ၊
၁၃။ ဂတိသမ္ပတ္တိ(ကောင်းတဲ့ဂတိ)ကို ရလို့ အကျိုးပေးတဲ့ ကုသိုလ်ကံ၊
၁၄။ ဥပဓိသမ္ပတ္တိ(ပြည့်စုံတဲ့အဆင်း)ကို ရလို့ အကျိုးပေးတဲ့ ကုသိုလ်ကံ၊
၁၅။ ကာလသမ္ပတ္တိ(ပြည့်စုံတဲ့ကာလ)ကို ရလို့ အကျိုးပေးတဲ့ ကုသိုလ်ကံ၊
၁၆။ ပယောဂသမ္ပတ္တိ(ကောင်းတဲ့ အားထုတ်မှု)ကို ရလို့ အကျိုးပေးတဲ့ ကုသိုလ်ကံ။

ဒီလို အဘိဓမ္မာဒေသနာတော်နည်းနဲ့ ကံ ၁၆–ပါးကို ဝေဖန်ထားပါတယ်။

---

* အဘိ–၂၊ ၁၅၁။ ဠ–၂၊ ၄၂၁။

www.burmeseclassic.com

www.burmeseclassic.com



## အကျဉ်းဖွင့်ပြချက်

အဲဒီ အထဲမှာ ပါလာတဲ့–

ဂတိသမ္ပတ္တိ= ကောင်းတဲ့ဂတိဆိုတာက နတ်လောက, ဗြဟ္မာလောကနှင့် လူ့လောကတို့ပဲ ဖြစ်ကြပါတယ်။

ဥပဓိသမ္ပတ္တိ= ဆိုတာက ရုပ်အဆင်းသဏ္ဌာန် လှပချောမောတာပဲ ဖြစ်ပါတယ်။

ကာလသမ္ပတ္တိ= ဆိုတာက ကောင်းတဲ့မင်း, ကောင်းတဲ့လူတွေရဲ့ ကာလဆိုတဲ့, ပြည့်စုံတဲ့ကာလပဲ ဖြစ်ပါတယ်။

ပယောဂသမ္ပတ္တိ= ဆိုတာက ကောင်းတဲ့ အားထုတ်မှုပဲ ဖြစ်ပါတယ်။

ဂတိဝိပတ္တိ= ဆိုတာက ပျက်စီးနေတဲ့ဂတိ= အပါယ်လေးပါးပဲ ဖြစ်ပါတယ်။

ဥပဓိဝိပတ္တိ= ဆိုတာက ရုပ်ဆင်းသဏ္ဌာန် မလှပခြင်း, အရုပ်ဆိုးခြင်းပဲ ဖြစ်ပါတယ်။

ကာလဝိပတ္တိ= ဆိုတာက မကောင်းတဲ့မင်း, မကောင်းတဲ့လူတွေရဲ့နေထိုင်ရာ ပျက်စီးနေတဲ့ကာလပဲ ဖြစ်ပါတယ်။

ပယောဂဝိပတ္တိ= ဆိုတာက မှားယွင်းတဲ့ အားထုတ်ခြင်းပဲ ဖြစ်ပါတယ်။

## အကျယ်ဖွင့်ပြချက်

### ၁။ ဂတိသမ္ပတ္တိနှင့် အကုသိုလ်ကံ

အဲဒီ ဂတိသမ္ပတ္တိ–စတဲ့ စကားရပ်တွေထဲက ဂတိသမ္ပတ္တိနှင့် အကုသိုလ်ကံကို ရှေးဦးစွာ ပြောပြပါ့မယ်၊ ပြီးတော့မှ တစ်ခုပြီးတစ်ခု ပြောပြသွားပါ့မယ်။

အချို့ပုဂ္ဂိုလ်မှာ မကောင်းမှုအကုသိုလ် အများအပြား ရှိနေတတ်ပါတယ်၊ အဲဒီ မကောင်းမှုတွေဟာ ပျက်စီးတဲ့ဂတိမှာ ဖြစ်နေရတဲ့ ပုဂ္ဂိုလ်ရဲ့သန္တာန်မှာ အကျိုးပေးကြမှာပဲ၊ ဒါပေမဲ့ အဲဒီ မကောင်းမှုအကုသိုလ် အများအပြား ရှိနေတဲ့ပုဂ္ဂိုလ်က ကောင်းမှုကုသိုလ်ကံ တစ်ခုခုကြောင့် ပြည့်စုံတဲ့ဂတိမှာ (နတ်ဘဝမှာပဲဖြစ်ဖြစ်, လူ့ဘဝမှာပဲဖြစ်ဖြစ်) ဖြစ်နေတယ်ဆိုကြပါစို့ရဲ့၊ အဲဒီ အရပ်ဒေသမျိုးမှာလဲပဲ အကုသိုလ်ကံရဲ့ အကျိုးပေးလှည့် မရှိနိုင်ပါဘူး၊ အမှန်ကတော့ ကုသိုလ်ကံရဲ့ အကျိုးပေးလှည့်သာ ရှိတတ်ပါတယ်၊ ဒီလိုပဲ အဲဒီပုဂ္ဂိုလ်မှာ အဲဒီအကုသိုလ်ကံတွေဟာ ပြည့်စုံတဲ့ဂတိရဲ့ တားမြစ်မှုကို ခံရတဲ့အတွက် အကျိုးမပေးကြတော့ပါဘူး၊ ဒီလိုပဲ ဗုဒ္ဓမြတ်စွာက သိတော်မူပါတယ်။

### ၂။ ဥပဓိသမ္ပတ္တိနှင့် အကုသိုလ်ကံ

အခြားသော ပုဂ္ဂိုလ်မှာလဲပဲ များပြားလှတဲ့ အကုသိုလ်ကံတွေ ရှိနေကြပါတယ်၊ အဲဒီမကောင်းမှုအကုသိုလ်ကံတွေက အရုပ်ဆိုး အကျည်းတန်တဲ့ပုဂ္ဂိုလ်ရဲ့ သန္တာန်မှာ

www.burmeseclassic.com

www.burmeseclassic.com



အကျိုးပေးကြမှာပဲ၊ ဒါပေမဲ့ အဲဒီပုဂ္ဂိုလ်က တစ်ခုသောကုသိုလ်ကံကြောင့် ရုပ်ဆင်း သဏ္ဌာန် ကြန်အင်လက္ခဏာနှင့် ပြည့်စုံနေပါတယ်၊ လှပချောမောပါတယ်၊ အင်္ဂါ ကြီးငယ်တို့ ကောင်းသောပုံသဏ္ဌာန် ရှိနေပါတယ်၊ လွန်ကဲသောအဆင်း ရှိပါတယ်၊ ရှုချင်စဖွယ် တင့်တယ်ပါတယ်၊ ဗြဟ္မာမင်းရဲ့ ကိုယ်နှင့်တူတဲ့ကိုယ် ရှိနေပါတယ်၊ ကျွန်မရဲ့ဝမ်းက မွေးဖွားလာတဲ့ ကျွန်ပင်ဖြစ်စေဦးတော့၊ ဒီ လောက်လှပတဲ့ကိုယ် သဏ္ဌာန် အတ္တဘောဟာ ညစ်ပေတဲ့အလုပ်နှင့် မတော်ပါဘူး၊ ဒီလိုနှလုံးသွင်းပြီး ဆင်ထိန်း, မြင်းထိန်း, နွားကျောင်း–စတဲ့ အလုပ်တွေကို အဲဒီရုပ်အဆင်းလှတဲ့ သူကို အလုပ်မခိုင်းကြပါဘူး၊ သိမ်မွေ့တဲ့အဝတ်တွေကို ဝတ်ဆင်စေပြီး ဘဏ္ဍာစိုး အရာ–စသည်တို့မှာ ထားတတ်ကြပါတယ်။

မိန်းမဖြစ်မယ်ဆိုရင် ဆင်စာကျိုချက်မှု–စသည်တို့ကို မလုပ်စေကြဘဲ ဝတ်စား တန်ဆာ ပေးပြီး အဲဒီ လှပချောမောတဲ့ မိန်းမကို အိပ်ရာစောင့်ကိုသော်လဲ အလုပ် ခိုင်းတတ်ကြပါတယ်၊ သာမဒေဝီကိုလို အကျွမ်းဝင်တဲ့အရာမှာသော်လဲ ထားတတ် ကြပါတယ်။

**ရုပ်လှလို့ ချမ်းသာရ** အဲဒီ သာမဒေဝီအကြောင်းကို အနည်းငယ် ပြောပြပါအုံးမယ်၊ သီဟိုဠ်ကျွန်း ဘာတိကမင်းလက်ထက်မှာ နွားသားစားကြတဲ့ လူအများအပြားကို ဖမ်းယူပြီး မင်းထံကို ပို့ကြပါတယ်၊ "အဲဒီနွားသားစားသူတွေကို ဒဏ်ပေးပြီးပလား" လို့ မေးတော့ "မပေးကြရသေးပါ" လို့ သံတော်ဦးတင်ကြပါတယ်၊ ဒီတော့ အဲဒီ နွားသားစားသူတွေကို နန်းတော်ရဲ့အောက် ပတ်ဝန်းကျင်မှာ အမှိုက်လှည်း ခိုင်းထား(သုတ်သင်ရှင်းလင်းခိုင်းထား)ကြပါတယ်။

အဲဒီနွားသားစားသူတွေရဲ့ သမီးတစ်ယောက်ဟာ လွန်ကဲတဲ့အဆင်း ရှိပါတယ်၊ ရှုချင်စဖွယ် တင့်တယ်ပါတယ်၊ စိတ်ကြည်လင်မှုကို ဖြစ်စေတတ်ပါတယ်၊ အဲဒီအမျိုး သမီးကို တွေ့မြင်ရတော့ မင်းက နန်းတော်တွင်းကို ခေါ်ပြီး အကျွမ်းဝင်သူတွေရဲ့ အရာမှာ ထားပါတယ်၊ "သာမဒေဝီ" လို့လဲ အမည်ပေးထားပါတယ်၊ ကျန်တဲ့လူတွေ လဲပဲ အဲဒီအမျိုးသမီးရဲ့ အရှိန်အဝါကြောင့် ချမ်းသာစွာ အသက်မွေးကြရပါတယ်။

အဲဒီလို လှပကျော့ရှင်းတဲ့သဘောရှိတဲ့ ကိုယ်ခန္ဓာမှာလဲပဲ မကောင်းမှုအကုသိုလ် ကံတွေက အကျိုးမပေးနိုင်ကြပါဘူး၊ ဒီလို ရုပ်ဆင်းသဏ္ဌာန် ကြန်အင်လက္ခဏာ လှပမှုက တားမြစ်ထားတဲ့အတွက် အကုသိုလ်ကံတွေက အကျိုးမပေးကြပါဘူးလို့ ဗုဒ္ဓမြတ်စွာက သိတော်မူ, မြင်တော်မူပါတယ်။

### ၃။ ကာလသမ္ပတ္တိနှင့် အကုသိုလ်ကံ

လူတစ်ယောက်မှာ များပြားလှတဲ့ မကောင်းမှုအကုသိုလ်ကံတွေ ရှိနေတတ် ပါတယ်၊ အဲဒီကံတွေက ပျက်စီးတဲ့ကာလမှာ အသက်ထင်ရှားရှိနေတဲ့ ပုဂ္ဂိုလ်ရဲ့

www.burmeseclassic.com

www.burmeseclassic.com



သန္တာန်မှာ အကျိုးပေးကြမှာပါပဲ၊ ဒါပေမဲ့ အဲဒီ မကောင်းမှုအကုသိုလ်ကံ အများအပြား ရှိနေတဲ့လူက ကုသိုလ်တစ်စုံတစ်ရာကြောင့် ကမ္ဘာဦးလူတွေရဲ့ လက်ထက်လိုအခါမျိုး, စကြဝတေးမင်းရဲ့ လက်ထက်လိုအခါမျိုး, ဘုရားရှင်ပွင့်တော်မူရာအခါမျိုးတွေထဲက တစ်ခုခုသောအခါမျိုးဖြစ်တဲ့ ကောင်းသောမင်း, ကောင်းသောလူတွေ ရှိနေတဲ့အခါမျိုးမှာ ဖြစ်နေခဲ့ပါတယ်၊ ဒီလိုအခါမျိုးမှာ ဖြစ်နေတဲ့ပုဂ္ဂိုလ်ရဲ့ သန္တာန်မှာ အကုသိုလ်ကံရဲ့ အကျိုးပေးခွင့် မရှိပါ၊ အမှန်ကတော့ ကုသိုလ်ကံရဲ့ အကျိုးပေးခွင့်သာ ရှိပါတော့တယ်၊ ဒီလိုပြည့်စုံတဲ့ကာလက တားမြစ်ထားတဲ့အတွက် အကုသိုလ်ကံတွေက အကျိုးမပေးတော့ပါဘူး၊ အဲဒီလို ဗုဒ္ဓမြတ်စွာက သိမြင်တော်မူပါတယ်။

### ၄။ ပယောဂသမ္ပတ္တိနှင့် အကုသိုလ်ကံ

အခြားလူတစ်ဦးမှာလဲပဲ အကုသိုလ်ကံတွေ အများအပြား ရှိနေတတ်ပါတယ်၊ အဲဒီအကုသိုလ်ကံတွေက မှားယွင်းတဲ့အားထုတ်မှုမှာ တည်နေတဲ့ပုဂ္ဂိုလ်ရဲ့ သန္တာန်မှာ အကျိုးပေးကြမှာပါပဲ၊ အဲဒီမကောင်းမှုအကုသိုလ် အများအပြားရှိနေတဲ့သူကတော့ တစ်စုံတစ်ခုသော ကောင်းမှုကုသိုလ်ကံကြောင့် ကောင်းတဲ့အားထုတ်မှုမှာ တည်နေတတ်ပါတယ်၊ ပါဏာတိပါတ(သူ့အသက်သတ်မှု)စသည်တို့က ရှောင်ကြဉ်ပါတယ်၊ ဒါနဲ့ ကာယသုစရိုက်, ဝစီသုစရိုက်, မနောသုစရိုက်တွေကို ပြည့်စေပါတယ်၊ ဒီလိုသဘောရှိတဲ့ အရာဌာနမှာ အကုသိုလ်ကံရဲ့အကျိုးပေးခွင့် မရှိတော့ပါ၊ အမှန်ကတော့ ကုသိုလ်ကံရဲ့ အကျိုးပေးခွင့်သာ ရှိပါတော့တယ်၊ ဒီလို ပြည့်စုံတဲ့အားထုတ်မှုက တားမြစ်ထားတဲ့အတွက် အကုသိုလ်ကံတွေက အကျိုးမပေးတော့ပါဘူး၊ ဒီလို ဗုဒ္ဓမြတ်စွာက သိတော်မူ, မြင်တော်မူပါတယ်။

### ၅။ ဂတိဝိပတ္တိနှင့် အကုသိုလ်ကံ

အခြားလူတစ်ဦးမှာလဲ အကုသိုလ်ကံတွေက အများအပြား ရှိနေတတ်ပါတယ်၊ အဲဒီအကုသိုလ်ကံတွေက ကောင်းတဲ့ဂတိမှာ တည်နေတဲ့ပုဂ္ဂိုလ်ရဲ့သန္တာန်မှာ အကျိုးမပေးတော့ဘူး၊ ဒီအကုသိုလ်ကံအများအပြား ရှိနေတဲ့ပုဂ္ဂိုလ်ကတော့ မကောင်းမှုအကုသိုလ်ကံ တစ်ခုခုကြောင့် ပျက်စီးတဲ့ဂတိဖြစ်တဲ့ အပါယ်လေးဘုံမှာပဲ ဖြစ်နေပါတော့တယ်၊ အဲဒီပျက်စီးတဲ့ဂတိဆိုတဲ့ အပါယ်လေးဘုံမှာ အဲဒီပုဂ္ဂိုလ်ရဲ့ မကောင်းမှုအကုသိုလ်ကံတွေက ကပ်ရောက်ပြီး အလှည့်ကျ, အလှည့်ကျအနေနဲ့ မကောင်းကျိုးကိုပေးကြပါတော့တယ်၊ ရံခါ တိရစ္ဆာန်အမျိုးဇာတ်မှာ ဖြစ်စေကြပါတယ်၊ ရံခါ ပြိတ္တာတွေရဲ့နယ်မြေမှာ ဖြစ်စေကြပါတယ်၊ ရံခါ အသုရာတွေရဲ့အပေါင်းမှာ ဖြစ်စေကြပါတယ်၊ ချိန်ခါကာလ ရှည်ကြာလှတောင်မှ အပါယ်က ခေါင်းထောင်မြောက်ခွင့်ကို မပေးကြတော့ပါဘူး၊ ဒီလိုကောင်းတဲ့ဂတိက တားမြစ်ထားတဲ့အတွက် အကျိုး

www.burmeseclassic.com

www.burmeseclassic.com



မပေးနိုင်တဲ့ အကုသိုလ်ကံတွေက ပျက်စီးတဲ့ဂတိကို ရောက်လာလို့ရှိရင် အကျိုးပေး နိုင်ကြပါတယ်၊ ဒီလိုလဲ ဗုဒ္ဓမြတ်စွာက သိတော်မူ၊ မြင်တော်မူပါတယ်။

## ၆။ ဥပဓိဝိပတ္တိနှင့် အကုသိုလ်ကံ

အခြားလူတစ်ဦးမှာလဲပဲ အကုသိုလ်ကံတွေ အများအပြား ရှိနေကြပါတယ်၊ အဲဒီ အကုသိုလ်ကံတွေက ရုပ်ဆင်းသဏ္ဌာန် ကြန်အင်လက္ခဏာ လှပခြင်းမှာ တည်နေတဲ့ ပုဂ္ဂိုလ်ရဲ့သန္တာန်မှာ အကျိုးပေးစရာ မရှိပါဘူး၊ အဲဒီ အကုသိုလ်ကံတွေ အများအပြားရှိနေတဲ့ပုဂ္ဂိုလ်က အကုသိုလ်ကံတစ်ခုခုကြောင့် အရုပ်ဆိုး အကျည်း တန်ပါတယ်၊ မကောင်းတဲ့အဆင်း ရှိနေပါတယ်၊ မကောင်းတဲ့ရုပ် ရှိနေပါတယ်၊ မကောင်းတဲ့သဏ္ဌာန် ရှိပါတယ်၊ စက်ဆုပ်ဖွယ်ရှိပါတယ်၊ တစ္ဆေမြေဘုတ်နှင့်သာ တူနေပါတော့တယ်၊ အဲဒီလူဟာ ကျွန်မကမွေးတဲ့ ကျွန်သားပေါက် ဖြစ်နေပါရင် ဒီအလုပ်တွေဟာ ဒီအကောင်နှင့် သင့်တော်တယ်လို့ ညစ်နွမ်းတဲ့အလုပ် အကုန်လုံး တို့ကို အဲဒီလူကို အလုပ်ခိုင်းကြပါတယ်၊ အယုတ်ဆုံးအနေနဲ့ ပန်းမှိုက်သွန်မှု(မစင် ကျုံးမှု)ကို အစပြုပြီး ညစ်နွမ်းတဲ့အလုပ်တွေကိုပဲ အလုပ်ခိုင်းကြပါတယ်။

အမျိုးသမီးဖြစ်နေပါရင် ဒီအလုပ်တွေဟာ ဒီအကောင်မနှင့် သင့်တော်တယ်လို့ အဲဒီအမျိုးသမီးကို ဆင်စာကျုံးမှုအစရှိတဲ့ ညစ်နွမ်းတဲ့အလုပ် အကုန်လုံးတို့ကို လုပ်စေ ကြပါတယ်၊ အမျိုးကောင်းတွေရဲ့အိမ်မှာ ဖြစ်နေပေမဲ့ အခွန်ကောက်ကြတဲ့ မင်းမှုထမ်း ယောကျ်ားတွေက အိမ်ကျွန်မဆိုတဲ့ အမှတ်သညာနဲ့ နှောင်ဖွဲ့ပြီး သွားတတ်ကြ ပါတယ်၊ ကောတလဝါပီရွာမှာ သူကြွယ်ကြီးရဲ့ အိမ်ရှင်မလိုပါပဲ။

ဒီလို ရုပ်ဆင်းလှပမှုက တားမြစ်ထားတဲ့အတွက် အကျိုးမပေးနိုင်တဲ့ အကုသိုလ် ကံတွေက အရုပ်ဆိုး အကျည်းတန်မှုကို အကြောင်းပြုပြီး အကျိုးပေးလာကြပါတယ်၊ ဒီလိုလဲ ဗုဒ္ဓမြတ်စွာက သိတော်မူပါတယ်။

## ၇။ ကာလဝိပတ္တိနှင့် အကုသိုလ်ကံ

အခြားလူတစ်ဦးမှာလဲပဲ အကုသိုလ်ကံတွေအများအပြား ရှိနေကြပါတယ်၊ အဲဒီ အကုသိုလ်ကံတွေက ပြည့်စုံတဲ့ကာလမှာဖြစ်တဲ့ ပုဂ္ဂိုလ်ရဲ့သန္တာန်မှာ အကျိုးမပေးနိုင် ကြပါဘူး၊ ဒါပေမဲ့ အဲဒီအကုသိုလ်ကံအများအပြား ရှိနေတဲ့လူက မကောင်းမှု အကု သိုလ်ကံ တစ်စုံတစ်ရာကြောင့် ပျက်စီးတဲ့ကာလမှာ မကောင်းတဲ့မင်း၊ မကောင်းတဲ့ လူတွေရဲ့ လက်ထက်မှာ အဖတ်အကာဖြစ်တဲ့၊ အဆီမရှိတဲ့၊ ဆယ်နှစ်တန်းအခါ ကာလမှာ ဖြစ်လာရပါတယ်၊ အဲဒီအခါမှာ ၅-မျိုးသော နွားနို့အရသာတွေဟာ ပြတ်ကုန်ပါတော့တယ်၊ လူးထမင်းဟာ အကောင်းစားဘောဇဉ် ဖြစ်နေပါတော့တယ်၊ လူ့လောကမှာ ဖြစ်ပေမဲ့ သမင်တွေ၊ သားကောင်တွေနှင့်တူတဲ့ အသက်မွေးခြင်း

www.burmeseclassic.com

www.burmeseclassic.com



ရှိနေပါတော့တယ်၊ ဒီလိုသဘောရှိတဲ့အခါမျိုးမှာ ကုသိုလ်ကံရဲ့အကျိုးပေးခွင့် မရှိပါဘူး၊ အမှန်ကတော့ အကုသိုလ်ကံရဲ့ အကျိုးပေးခွင့်သာ ရှိပါတော့တယ်။

ဒီလိုပြည့်စုံတဲ့ကာလက တားမြစ်ထားတဲ့အတွက် အကျိုးမပေးနိုင်တဲ့ အကုသိုလ်ကံတွေဟာ ပျက်စီးတဲ့ကာလကိုရောက်လာတဲ့အခါ အကျိုးပေးပါတော့တယ်၊ ဒီလိုလဲ ဗုဒ္ဓမြတ်စွာက သိတော်မူပါတယ်။

**၈။ ပယောဂဝိပတ္တိနှင့် အကုသိုလ်ကံ**

အခြားလူတစ်ဦးမှာလဲပဲ အကုသိုလ်ကံတွေအများအပြား ရှိနေကြပါတယ်၊ အဲဒီအကုသိုလ်ကံတွေက ကောင်းသောအားထုတ်မှုရှိနေတဲ့ ပုဂ္ဂိုလ်ရဲ့သန္တာန်မှာ အကျိုးပေးစရာ မရှိပါဘူး၊ ဒါပေမဲ့ မကောင်းမှု အများအပြား ရှိနေတဲ့ အဲဒီပုဂ္ဂိုလ်ဟာ မကောင်းသောအားထုတ်မှုမှာ တည်ပြီး သူ့အသက်သတ်မှုအစရှိတဲ့ အကုသိုလ်အလုပ်တွေကို ပြုလုပ်နေမယ်ဆိုရင် အဲဒီလူကို ခိုးထုတ်ခိုးထယ်နှင့်တကွ လက်ပူးလက်ကြပ် ဖမ်းယူပြီး မင်းအား ပြကြပါတယ်၊ မင်းက ညှဉ်းပန်းနှိပ်စက်မှုအများအပြားကို ပြုလုပ်စေပြီး သတ်စေပါတယ်။

ဒီလို ကောင်းတဲ့အားထုတ်မှုက တားမြစ်ထားတဲ့အတွက် အကျိုးမပေးနိုင်တဲ့ အကုသိုလ်ကံတွေက အားထုတ်မှုပျက်စီးလာတဲ့အခါ အကျိုးပေးကြပါတော့တယ်၊ ဒီလိုလဲ ဗုဒ္ဓမြတ်စွာက သိတော်မူ၊ မြင်တော်မူပါတယ်။

ဒီလို သမ္ပတ္တိ(ပြည့်စုံမှု)လေးပါးတို့ရဲ့ တားမြစ်မှုကို ခံနေရတဲ့ အကုသိုလ်ကံက အကျိုးမပေးဘဲ ဝိပတ္တိ(ပျက်စီးမှု)လေးပါးတို့သို့ ရောက်တဲ့အခါ အကျိုးပေးလာပါတော့တယ်။

**မျောက်က ထမင်းထုပ်ရသလို**

ဒါကို ထင်ရှားအောင် ဥပမာသွင်းပြီး ရှင်းပြပါအုံးမယ်၊ တစ်ဦးတစ်ယောက်သောသူက အလုပ်တစ်စုံတစ်ခုနဲ့ မင်းကို နှစ်သက်ကျေနပ်အောင်လုပ်မယ်၊ ဒီတော့ အဲဒီယောကျ်ားအားမင်းက ရာထူးကိုပေးပြီး ဇနပုဒ်ကိုပေးမယ်၊ သူက အဲဒီဇနပုဒ်ကို မခံစားနိုင်တဲ့အတွက် မျောက်ရလာတဲ့ ထမင်းထုပ်ကိုကဲ့သို့ ဖျက်ဆီးပစ်မယ်၊ လူတွေမှာရှိနေတဲ့ ယာဉ်ကောင်းတွေကိုပဲဖြစ်ဖြစ်, ဆင်ကောင်းတွေကိုပဲဖြစ်ဖြစ်, မြင်းကောင်းတွေကိုပဲဖြစ်ဖြစ်, ကျွန်ယောကျ်ားကောင်းကိုပဲဖြစ်ဖြစ်, ကျွန်မိန်းမကောင်းကိုပဲဖြစ်ဖြစ်, ဥယျာဉ်ကောင်းကိုပဲဖြစ်ဖြစ်, ယာကောင်းကိုပဲဖြစ်ဖြစ် တွေ့သမျှ မြင်သမျှ အကုန်လုံးကို အနိုင်အထက်သိမ်းယူမယ်၊ ဇနပုဒ်သူ ဇနပုဒ်သားတွေက ဒီလူဟာ မင်းကျွမ်းဝင်သူပဲလို့ တစ်စုံတစ်ရာ မပြောရဲ မဆိုရဲ ဖြစ်နေကြမယ် ဆိုကြပါစို့ရဲ့။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီလူက အခြား မိမိထက်မင်းကျွမ်းဝင်တဲ့ မင်းရဲ့အမတ်ကြီးကို စော်ကားခဲ့ပါရင် အဲဒီစော်ကားခံရတဲ့ အမတ်ကြီးက သူ့ကိုဖမ်းယူပြီး ခပ်နာနာ ရိုက်နှက်ထုထောင်းမှုကို ပြုစေမယ်၊ မြေမှာ ဒရွတ်တိုက်ပြီး ဆွဲယူနိုင်းမယ်၊ ထို့နောက် မင်းထံချဉ်းကပ်ပြီး အရှင်မင်းမြတ် ! ဇနပုဒ်ကို ဖျက်ဆီးနေပါတယ်လို့ သံတော်ဦးတင်ပြီး အဖမ်းခိုင်းမယ်၊ မင်းက အချုပ်ထောင်မှာ အချုပ်ခိုင်းထားပြီး ဘယ်သူက ဘယ်သူ့ရဲ့ ဥစ္စာကို အနိုင်အထက် လုယက်ယူခဲ့သလဲလို့ မြို့ထဲမှာ စည်လည်ကြော်ငြာခိုင်းမယ်၊ လူတွေက လာရောက်ပြီး—

ကျွန်တော်မျိုးရဲ့ဒီဥစ္စာကို ယူသွားပါတယ်၊ ကျွန်တော်မျိုးရဲ့ဒီဥစ္စာကို ယူသွားပါတယ်၊ ဒီလို ပါးစပ်ပေါက်တစ်ထောင်က အော်မြည်လာကြမယ်၊ ရှင်ဘုရင်က အတိုင်းထက်အလွန် စိတ်ဆိုးအမျက်ထွက်ပြီး အချုပ်ထောင်ထဲမှာ အမျိုးမျိုး အဖုံဖုံ ညှဉ်းပန်းနှိပ်စက် သတ်ဖြတ်စေပြီး သွားကြ ဒီအလောင်းကောင်ကို သုသာန်မှာ စွန့်ထားခဲ့ပြီး သံခြေချင်းတွေကို ယူလာခဲ့ကြလို့ ပြောဆိုမယ် ဆိုကြပါစို့ရဲ့။

ဒီနေရာမှာ ဥပမာနှင့်ဥပမေယျ(အနှိုင်းဝတ္ထုနှင့်အနှိုင်းခံဝတ္ထု)ကို နှီးနှောဆက်စပ်ပြပါအုံးမယ်၊ ယောက်ျားတစ်ယောက်ယောက်ရဲ့ တစ်စုံတစ်ခုသောအလုပ်နဲ့ မင်းကိုနှစ်သက်ကျေနပ်အောင်လုပ်ပြီး ရာထူးဌာနန္တရကို ရရှိတဲ့အခါက ပုထုဇဉ်ပုဂ္ဂိုလ်ရဲ့ တစ်စုံတစ်ခုသောကုသိုလ်ကံကြောင့် နတ်ပြည်မှာဖြစ်ရတဲ့အခါ တူပါတယ်။

ဒီယောက်ျားက ဇနပုဒ်ကိုဖျက်ဆီးပြီး လူတွေရဲ့ဥစ္စာကို ယူလို့ရှိရင် တစ်ဦးတစ်ယောက်သောသူက တစ်စုံတစ်ရာကို မပြောဆိုဝံ့တဲ့အခါက ဒီပုထုဇဉ်ပုဂ္ဂိုလ်ဟာ နတ်ပြည်မှာဖြစ်လို့ရှိရင် အကုသိုလ်ကံရဲ့ အကျိုးပေးခွင့် မရတဲ့အခါ တူပါတယ်။

အဲဒီ ယောက်ျားက တစ်နေ့မှာ ကိုယ့်ထက်မင်းကျွမ်းဝင်သူတစ်ယောက်ကို စော်ကားမိတဲ့အတွက် အဲဒီလူက စိတ်ဆိုးအမျက်ထွက်တာနဲ့ သူ့ကိုထောင်းထုနှိပ်စက်ပြီးတဲ့နောက် မင်းအား သံတော်ဦးတင်ပြီး အချုပ်ထောင်ထဲမှာ ချုပ်နှောင်ထားတဲ့အခါက ပုထုဇဉ်ပုဂ္ဂိုလ်ရဲ့ နတ်ပြည်ကစုတေပြီး ငရဲမှာဖြစ်နေရာအခါဟာ တူပါတယ်။

လူတွေက "ကျွန်တော်မျိုးရဲ့ဒီဥစ္စာကို ယူခဲ့ပါတယ်၊ ကျွန်တော်မျိုးရဲ့ဒီဥစ္စာကို ယူခဲ့ပါတယ်၊"လို့ ကြွေးကြော်ပြောဆိုရာအခါက အဲဒီပုထုဇဉ်ပုဂ္ဂိုလ်က ငရဲမှာဖြစ်လို့ရှိရင် ပြုထားသမျှ အကုသိုလ်ကံအကုန်လုံးက စုဝေးလာကြပြီး အကျိုးပေးရာအခါ တူပါတယ်။

သုသာန်မှာ စွန့်ပစ်ထားခဲ့ပြီး သံခြေချင်းတွေကို ယူလာခဲ့ရာအခါက ကံတစ်ခုတစ်ခုက ကုန်သွားလို့ရှိရင် အခြားကံရဲ့အကျိုးအနေနဲ့ ငရဲမှာ ခေါင်းမထောင်နိုင်တော့ဘဲ (မလွတ်မြောက်နိုင်တော့ဘဲ) ကမ္ဘာပတ်လုံး ငရဲမှာ ကျက်ရရာ အခါ တူပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒါဟာ မယုံကြည်စရာ မရှိပါဘူး၊ ကမ္ဘာပတ်လုံး ငရဲမှာတည်နေရတဲ့ကံကို ပြုလုပ်ထားတဲ့အတွက် တစ်ကမ္ဘာပတ်လုံး ငရဲမှာ ကျက်နေရတဲ့ သတ္တဝါတွေဟာ တစ်ယောက်လဲမဟုတ်၊ နှစ်ယောက်လဲမဟုတ်၊ တစ်ရာလဲမဟုတ်၊ တစ်ထောင်လဲ မဟုတ်၊ ဒီလို ငရဲမှာခံနေရတဲ့ သတ္တဝါတွေဟာ ရေတွက်လို့တောင်မှမရအောင် များပြားတယ်ဆိုပဲ။

**၉။ ဂတိဝိပတ္တိနှင့် ကုသိုလ်ကံ**

ဒီလောကဝယ် အချို့သောပုဂ္ဂိုလ်မှာ ကုသိုလ်ကံအများအပြား ရှိနေပါတယ်၊ အဲဒီကုသိုလ်ကံတွေဟာ ပြည့်စုံတဲ့ဂတိမှာ တည်နေတဲ့ပုဂ္ဂိုလ်ရဲ့ သန္တာန်မှာ အကျိုးပေးကြမှာပဲ၊ ဒါပေမဲ့ အဲဒီကုသိုလ်ကံအများကြီးရှိနေတဲ့လူဟာ အကုသိုလ်ကံတစ်ခုခုကြောင့် ပျက်စီးတဲ့ဂတိမှာပဲဖြစ်ဖြစ်, အသူရကာယ်မှာပဲဖြစ်ဖြစ် ဖြစ်နေရတတ်ပါတယ်၊ အဲဒီလိုနေရာဌာနမျိုးမှာ ကုသိုလ်ကံက အကျိုးပေးခွင့် မရနိုင်ပါဘူး၊ အမှန်ကတော့ အကုသိုလ်ကံကသာ အကျိုးပေးခွင့် ရနိုင်ပါတယ်၊ ဒီလိုပဲ အဲဒီပုဂ္ဂိုလ်ရဲ့ အဲဒီကုသိုလ်ကံတွေဟာ ပျက်စီးတဲ့ဂတိက တားမြစ်ထားတဲ့အတွက် အကျိုးမပေးကြတော့ပါဘူးလို့ ဗုဒ္ဓမြတ်စွာက သိတော်မူ, မြင်တော်မူပါတယ်။

**၁၀။ ဥပဓိဝိပတ္တိနှင့် ကုသိုလ်ကံ**

နောက်အခြားလူတစ်ဦးမှာလဲပဲ ကုသိုလ်ကံတွေ အများအပြား ရှိနေကြပါတယ်၊ အဲဒီကုသိုလ်ကံတွေက ရုပ်ဆင်းသဏ္ဌာန် ကြန်အင်လက္ခဏာ ပြည့်စုံတဲ့ပုဂ္ဂိုလ်ရဲ့ သန္တာန်မှာ အကျိုးပေးကြမှာပဲ၊ ဒါပေမဲ့ အဲဒီကုသိုလ်ကံအများအပြား ရှိနေတဲ့ ပုဂ္ဂိုလ်က မကောင်းမှုအကုသိုလ်ကံ တစ်ခုခုကြောင့် ပျက်စီးတဲ့ ရုပ်ဆင်းသဏ္ဌာန် ရှိနေပါတယ်၊ အရုပ်ဆိုး အကျည်းတန်လှပါတယ်၊ မြေဘုတ်ဘီလူးနှင့်သာ တူပါတော့တယ်၊ ဒီပုဂ္ဂိုလ်ဟာ မင်းမျိုးမင်းနွယ်မှာပင် ဖြစ်စေဦးတော့ အဖေကွယ်လွန်သွားတဲ့အခါမှာ ကျက်သရေမင်္ဂလာ မရှိတဲ့ ဒီပုဂ္ဂိုလ်အား တိုင်းပြည်နဲ့ ဘာအကျိုးရှိမှာတဲ့လဲ–လို့ ပြောဆိုကြပြီး တိုင်းပြည်ကိုမရနိုင်ပါဘူး၊ စစ်မိုလ်ချုပ်အိမ်–စသည်တို့မှာ ဖြစ်တဲ့သူလဲ စစ်မိုလ်ရာထူး –စသည်တို့ကို မရနိုင်ပါဘူး၊ ဒီအကြောင်း ထင်ရှားအောင် ဒီပရာဇဝတ္ထုကို ပြောပြပါအုံးမယ်။

**ဒီပရာဇဝတ္ထု** ရှင်ဘုရင်က သားကလေး မွေးဖွားလာချိန်မှာ ကျေနပ်အားရတာနဲ့ မိဖုရားအား ဆုပေးပါတယ်၊ မိဖုရားက ဆုကို လက်ခံရုံသာ လက်ခံထားပါတယ်၊ သားကလေးက ၇–နှစ်, ၈–နှစ်အရွယ်မှာပဲ နန်းတော်ရင်ပြင်မှာ ကြက်တိုက်ကစားပါတယ်၊ ကြက်တစ်ကောင်က ပျံတက်ပြီး မင်းသားကလေးရဲ့ မျက်လုံးတွေကို ဖောက်ခွဲပစ်လိုက်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



မင်းသားရဲ့မယ်တော်ဖြစ်တဲ့ မိဖုရားက မင်းသားကလေး ၁၅-နှစ် ၁၆-နှစ် အရွယ် ရောက်လာတဲ့အခါမှာ ငါ့သားကို ထီးဖြူဆောင်းပြီး မင်းလုပ်စေရမယ်ဆိုတဲ့ အကြံနဲ့ ရှင်ဘုရင်ကို ချဉ်းကပ်ပြောဆိုပါတယ်။

"အရှင်မင်းမြတ် ! အရှင်မင်းမြတ်တို့က မင်းသားကလေး မွေးဖွားတဲ့ အချိန်မှာ ဆုပေးခဲ့ပါတယ်၊ နှမတော်က အဲဒီဆုကို လက်ခံရုံသာ ယူထားခဲ့ပါတယ်၊ အခု အဲဒီဆုကို ယူပါတော့မယ်"။

"နှမတော် ! ကောင်းပြီ ယူ တော့"။

"အရှင်မင်းမြတ် ! နှမတော်က အရှင်မင်းမြတ်တို့ထံက မရတာရယ်လို့ တစ်စုံတစ်ခုမျှ မရှိပါ၊ ယခုအချိန်မှာတော့ နှမတော်ရဲ့ သားကလေးအား တိုင်းပြည်ကို လွှဲအပ်ပေးသနားတော်မူပါ"။

"နှမတော် ! နှမတော်ရဲ့သားကလေးက အင်္ဂါချို့ယွင်းနေတယ်၊ သူ့အား တိုင်းပြည်ကို မလွှဲအပ်နိုင်ဘူး"။

"အရှင်မင်းမြတ်တို့က နှမတော်အား နှစ်သက်တဲ့ဆုကို မပေးနိုင်ဘဲနဲ့ ဘာ့ကြောင့် ဆုပေးခဲ့ရပါသလဲ ?"။

ဒီလို ရှင်ဘုရင်က အတိုင်းထက်အလွန် နှိပ်စက်ခံနေရတဲ့အတွက် မတတ်သာတဲ့ အဆုံးမှာ—

"နှမတော်ရဲ့သားကလေးအား သီဟိုဠ်တစ်ကျွန်းလုံးမှာ မင်းအဖြစ်ကိုတော့ မပေးနိုင်ပါ၊ ဒါပေမဲ့ နာဂကျွန်းမှာ ထီးဖြူစိုက်ထူပြီး နေပါစေတော့"။

အမိန့်ချမှတ်ပြီး နာဂကျွန်းကို စေလွှတ်လိုက်ပါတယ်၊ အဲဒီမင်းသားက ဒီပမင်းဆိုတာ ဖြစ်လာပါတယ်။

အကယ်၍သာ မျက်စိမပျက်ခဲ့ပါရင် ယူဇနာသုံးရာရှိတဲ့ သီဟိုဠ်တစ်ကျွန်းလုံးမှာ အလုံးစုံပြည့်စုံမှု အခြံအရံရှိတဲ့ မင်းအဖြစ်ကို ရရှိမှာပါပဲ။

ဒီလိုပျက်စီးတဲ့ရုပ်ဆင်းအင်္ဂါက တားမြစ်ခံရတဲ့ ကုသိုလ်ကံတွေဟာ အကျိုးမပေးကြပါဘူး၊ ဒီလိုလဲပဲ ဗုဒ္ဓမြတ်စွာက သိတော်မူ မြင်တော်မူပါတယ်။

**၁၁။ ကာလဝိပတ္တိနှင့် ကုသိုလ်ကံ**

အခြားသူတစ်ဦးမှာလဲပဲ ကုသိုလ်ကံတွေအများအပြား ရှိနေကြပါတယ်၊ အဲဒီလို ကုသိုလ်ကံတွေဟာ ပြည့်စုံတဲ့ကာလမှာ ဖြစ်နေရသူရဲ့ သန္တာန်မှာ အကျိုးပေးကြမှာပါပဲ၊ ဒါပေမဲ့ အဲဒီ ကုသိုလ်ကံအများအပြားရှိနေတဲ့သူက မကောင်းမှုအကုသိုလ်ကံ

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုခုကြောင့် ပျက်စီးနေတဲ့ကာလ, မကောင်းတဲ့ မင်း မကောင်းတဲ့ လူတွေရဲ့ လက်ထက်မှာ အမိုက်သရိုက်လိုဖြစ်နေတဲ့ အခါမှာ, အဆိုးဖြစ်ဖြစ်မရှိတဲ့ အခါမှာ, အသက်တိုတဲ့အခါမှာ ဖြစ်နေရပါတယ်၊ ဒီလိုအခါမျိုးမှာလဲပဲ ကုသိုလ်ကံက အကျိုးမပေးနိုင်ပါဘူး။

ဒီလို ပျက်စီးတဲ့ကာလရဲ့ တားမြစ်နှောင့်ယှက်မှုကို ခံနေရတဲ့ ကုသိုလ်ကံတွေဟာ အကျိုးမပေးနိုင်ကြဘူး၊ ဒီလိုလဲ ဗုဒ္ဓမြတ်စွာက သိတော်မူပါတယ်။

၁၂။ ပယောဂဝိပတ္တိနှင့် ကုသိုလ်ကံ

အခြားသူတစ်ဦးမှာလဲပဲ ကုသိုလ်ကံတွေအများအပြား ရှိနေကြပါတယ်၊ အဲဒီ ကုသိုလ်ကံတွေက ကောင်းမြတ်တဲ့အားထုတ်မှုမှာတည်နေတဲ့ ပုဂ္ဂိုလ်ရဲ့သန္တာန်မှာ အကျိုးပေးကြမှာပါပဲ၊ ဒါပေမဲ့ အဲဒီကုသိုလ်ကံ အများအပြားရှိနေတဲ့ ပုဂ္ဂိုလ်ကတော့ မကောင်းတဲ့အားထုတ်မှုမှာတည်ပြီး သူ့အသက်ကိုသတ်ပါတယ်၊ သူ့ဥစ္စာကို ခိုးယူပါတယ်၊ ကာမဂုဏ်မေထုန်မှုမှာ မှားမှားယွင်းယွင်း ပြုကျင့်ပါတယ်၊ လိမ်ညာပြောပါတယ်၊ မူးယစ်ဆေးဝါး သောက်စားပါတယ်၊ အကုသိုလ်ကံအကုန်လုံးကို ပြည့်စေပါတယ်။

ထို့ပြင် အဲဒီလူနှင့်အတူ အဆင့်အတန်းတူနေတဲ့ အမျိုးတွေကတောင်မှ ထိမ်းမြားလက်ထပ်မှုကို မပြုကြဘူး၊ ဒီလူဟာ မိန်းမလိုက်စားသူပဲ၊ အရက်သမားပဲ၊ ကစားသမားပဲ၊ ယုတ်မာတဲ့လူပဲ၊ ဒီလို ပြောဆိုပြီး အဝေးကြီးက ရှောင်ကြဉ်ကြပါတယ်၊ ဒီပုဂ္ဂိုလ်ရဲ့သန္တာန်မှာ ကုသိုလ်တွေက အကျိုးမပေးနိုင်ကြတော့ဘူး။

ဒီလိုပျက်စီးတဲ့အားထုတ်မှုက တားမြစ်ထားတဲ့ ကုသိုလ်ကံတွေဟာ အကျိုးမပေးနိုင်ကြတော့ပါဘူး၊ ဒီလိုလဲ ဗုဒ္ဓမြတ်စွာက သိတော်မူပါတယ်။

ဒီလိုပဲပြည့်စုံမှု ၄-မျိုးတို့သို့ ရောက်လာလို့ရှိရင် အကျိုးပေးတတ်တဲ့ ကုသိုလ်ကံတွေဟာ ပျက်စီးခြင်း ၄-ပါးတို့က တားမြစ်မှုကို ခံရတဲ့အတွက် အကျိုးမပေးကြတော့ပါဘူး။

၁၃။ ဂတိသမ္ပတ္တိနှင့် ကုသိုလ်ကံ

အခြားသူတစ်ယောက်မှာလဲပဲ ကုသိုလ်ကံတွေ အများအပြား ရှိနေကြပါတယ်၊ အဲဒီကုသိုလ်ကံတွေဟာ ပျက်စီးတဲ့ဂတိမှာ တည်နေတဲ့ပုဂ္ဂိုလ်ရဲ့ သန္တာန်မှာ အကျိုးပေးကြမယ်မဟုတ်ပါဘူး၊ ဒါပေမဲ့ အဲဒီပုဂ္ဂိုလ်က ကုသိုလ်ကံတစ်စုံတစ်ခုကြောင့် ပြည့်စုံတဲ့ဂတိမှာ ဖြစ်နေပါတယ်၊ အဲဒီလို ပြည့်စုံတဲ့ဂတိမှာဖြစ်ရတဲ့ အဲဒီပုဂ္ဂိုလ်ရဲ့ ကုသိုလ်ကံတွေက အလှည့်နဲ့ အလှည့်နဲ့ အကျိုးပေးကြပါတယ်၊ ရံခါ လူ့ပြည်မှာ ဖြစ်စေကြပါတယ်၊ ရံခါ နတ်ပြည်မှာ ဖြစ်စေကြပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒီလို ပျက်စီးတဲ့ဂတိရဲ့တားမြစ်မှုကို ခံရတဲ့အတွက် အကျိုးမပေးနိုင်တဲ့ ကုသိုလ်ကံတွေဟာ ပြည့်စုံတဲ့ဂတိကို ရလာလို့ရှိရင် အကျိုးပေးလာကြပါတယ်၊ ဒီလိုလဲ ဗုဒ္ဓမြတ်စွာက သိတော်မူပါတယ်။

## ၁၄။ ဥပဓိသမ္ပတ္တိနှင့် ကုသိုလ်ကံ

အခြားလူတစ်ဦးမှာလဲပဲ ကုသိုလ်ကံတွေအများအပြား ရှိနေကြပါတယ်၊ အဲဒီကုသိုလ်ကံတွေဟာ ရုပ်ဆင်းသဏ္ဌာန်မပြည့်စုံတဲ့ ပုဂ္ဂိုလ်ရဲ့သန္တာန်မှာ အကျိုးပေးကြမှာ မဟုတ်ပါဘူး၊ ဒါပေမဲ့ အဲဒီ ကုသိုလ်ကံတွေအများအပြား ရှိနေတဲ့လူက ရုပ်ဆင်းသဏ္ဌာန် ပြည့်စုံမှုမှာပဲ တည်နေပါတယ်၊ လွန်ကဲတဲ့အဆင်း ရှိပါတယ်၊ ကြည့်ရှုချင်စရာ ရှိနေပါတယ်၊ ကြည်လင်ခြင်းကို ဖြစ်စေတတ်ပါတယ်၊ ဗြဟ္မာမင်းရဲ့ကိုယ်နှင့်တူတဲ့ကိုယ် ရှိနေပါတယ်၊ ကိုယ်အဆင်းပြည့်စုံမှုမှာ တည်တဲ့အတွက် အဲဒီပုဂ္ဂိုလ်ရဲ့ ကုသိုလ်ကံတွေဟာ အကျိုးပေးကြပါတယ်၊ မင်းမျိုးမှာဖြစ်မယ်ဆိုရင် အခြားနောင်တော်ကြီးတွေ ရှိနေကြပေမဲ့ ဒီမင်းသားကလေးရဲ့ ကိုယ်ခန္ဓာဟာ ပြည့်စုံလှပါတယ်၊ ဒီမင်းသားကလေးက ထီးဖြူကိုမိုး တိုင်းပြည်ကိုအုပ်စိုးလို့ရှိရင် လူတွေချမ်းသာလာကြလိမ့်မယ်လို့ တိုင်ပင်ကြပြီး အဲဒီရုပ်ချောတဲ့ မင်းသာကလေးကိုပဲ မင်းအဖြစ်မှာ အဘိသိက်သွန်းလောင်းတတ်ကြပါတယ်။

အိမ်ရှေ့မင်းရဲ့အိမ်–စသည်တို့မှာဖြစ်လို့ရှိရင် အဖဖြစ်တဲ့အိမ်ရှေ့မင်း–စသူတို့ကွယ်လွန်သွားတဲ့အခါမှာ အိမ်ရှေ့မင်းရာထူးကိုပဲဖြစ်ဖြစ်, စစ်သူကြီးရာထူးကိုပဲဖြစ်ဖြစ်, ဘဏ္ဍာစိုးရာထူးကိုပဲဖြစ်ဖြစ်, သူဌေးရဲ့အရာကိုပဲဖြစ်ဖြစ် ရတတ်ပါတယ်။

အဲဒီလို အရုပ်ဆိုး အကျည်းတန်မှုက တားမြစ်ထားတဲ့အတွက် အကျိုးမပေးနိုင်တဲ့ ကုသိုလ်ကံတွေဟာ ရုပ်ဆင်းသဏ္ဌာန် ချောမောလှပမှုကို ရလာတဲ့အခါ အကျိုးပေးတတ်ကြပါတယ်၊ ဒီလိုလဲ ဗုဒ္ဓမြတ်စွာက သိတော်မူပါတယ်။

## ၁၅။ ကာလသမ္ပတ္တိနှင့် ကုသိုလ်ကံ

အခြားလူ တစ်ဦးမှာလဲပဲ ကုသိုလ်ကံတွေ အများအပြား ရှိနေကြပါတယ်၊ အဲဒီကုသိုလ်ကံတွေက ပျက်စီးတဲ့အခါကာလမှာတည်နေတဲ့ ပုဂ္ဂိုလ်ရဲ့သန္တာန်မှာ အကျိုးပေးနိုင်စရာ မရှိပါဘူး၊ ဒါပေမဲ့ အဲဒီပုဂ္ဂိုလ်က တစ်စုံတစ်ခုသော ကောင်းမှုကုသိုလ်ကံကြောင့် ပြည့်စုံတဲ့ကာလမှာ, ကောင်းတဲ့အခါကာလမှာ, ကောင်းတဲ့မင်း ကောင်းတဲ့လူတွေရဲ့ လက်ထက်မှာ ဖြစ်နေရပါတယ်။

ဒီလို ပြည့်စုံတဲ့ အခါကာလမျိုးမှာ ဖြစ်ရတဲ့ပုဂ္ဂိုလ်ရဲ့ သန္တာန်မှာ ကုသိုလ်ကံအကျိုးပေးပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကုသိုလ်ကံတွေက ကာလဝိပတ္တိအခါမှာ အကျိုးမပေးဘဲ ကာလသမ္ပတ္တိဖြစ်လာမှ အကျိုးပေးကြောင်းနဲ့ ဆက်သွယ်ပြီး (စပ်လျဉ်းပြီး) မဟာသောဏထေရ်ဝတ္ထုနှင့် ဝတ္တဗ္ဗနိဂြောဓထေရ်ဝတ္ထုတို့ကို ပြောပြပါအုံးမယ်။

**မဟာသောဏထေရ်** ဗြာဟ္မဏတိဿသူပုန်ဘေး ဖြစ်ချိန်မှာ သီဟိုဠ်ကျွန်းရဟန်းတော်များက အိန္ဒိယကျွန်းဆွယ်ဘက်ကိုကူးရအောင် နာဂကျွန်း ဇမ္ဗုကောလဆိပ်ကမ်းမှာ စုဝေးကြပါတယ်၊ သံယုတ္တနိကာယ်ဆောင် စူဠသိဝထေရ်၊ ဣသိဒတ္တထေရ်၊ မဟာသောဏထေရ်တို့က အဲဒီရဟန်းပရိသတ်မှာ ဦးစီးခေါင်းဆောင်များ ဖြစ်ကြပါတယ်၊ ဖောင်ထွက်ခါနီးမှာ မထေရ် ၃-ပါးတို့က အချင်းချင်း တိုက်တွန်းစကား ပြောကြားနေကြပါတယ်။

“ငါ့ရှင်သောဏ ! ဖောင်ကြီးပေါ်ကို တက်စမ်းပါ”။

“အရှင်ဘုရားတို့ကော (မတက်ကြဘူးလား ?”။)

စူဠသိဝထေရ်နှင့် ဣသိဒတ္တထေရ်တို့က တိုက်တွန်းစကား ပြောကြားလာတဲ့အခါ မဟာသောဏထေရ်က ပြန်လည်မေးမြန်းလျှောက်ထားပါတယ်။

“ငါ့ရှင်တို့ ! ရေမှာသေတာပဲဖြစ်ဖြစ်၊ ကုန်းမှာသေတာပဲဖြစ်ဖြစ် မထူးလှပါဘူး၊ တပည့်တော်တို့ ၂-ပါးကတော့ မလိုက်တော့ပါ၊ ဒါပေမဲ့ ငါ့ရှင်ကို အမှီပြုပြီး နောင်အခါ သာသနာတော်ရဲ့ အစဉ်အဆက် တည်လာပါလိမ့်မယ်၊ ဒါနဲ့ ငါ့ရှင်ကသာ လိုက်သွားပါတော့”။

“အရှင်ဘုရားတို့ ၂-ပါးကမှ မလိုက်ရင် တပည့်တော်လဲ မလိုက်လိုတော့ပါဘူး”။

မထေရ် ၂-ပါးရဲ့ အလိုဆန္ဒကို ကြားရတဲ့အခါ မဟာသောဏထေရ်ကလဲ မိမိရဲ့ အလိုဆန္ဒကို ဖွင့်ဟပြောဆိုလိုက်ပါတယ်၊ မထေရ် ၂-ပါးကလဲ မဟာသောဏထေရ်ကို ဖောင်ပေါ်တက်ရန် ၃-ကြိမ်တိုင်အောင် တောင်းပန်ကြပါသေးတယ်၊ အကြောင်းမထူးတော့ပါ၊ ပြောမရတဲ့အဆုံးမှာ ၃-ပါးလုံးပဲ ပြန်လာခဲ့ကြပါတယ်။

စူဠသိဝထေရ်က ဣသိဒတ္တထေရ်ကို မဟာသောဏထေရ်နှင့် မခွဲခွာရန် ပြောဆိုမှာထားခဲ့ပြီး မဟာစေတီကို ဖူးမြော်ရန် ထွက်ခွာလာခဲ့ပါတယ်။

ဣသိဒတ္တထေရ်လည်း မဟာသောဏထေရ်နှင့်အတူလှည့်လည်သွားလာရင်း အင္ဂဇနပုဒ်ကို ရောက်လာခဲ့ပါတယ်၊ တစ်နေရာမှာ လူတွေက ကောင်းကောင်း မမှည့်သေးတဲ့ သစ်မည်စည်သီးများကို ခွဲပြီး အစေ့မျှကိုသာ ယူသွားကြပါတယ်၊ အခွံတွေကိုတော့ စွန့်ပစ်ထားခဲ့ကြပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ငါ့ရှင်သောဏ ! ဆွမ်းအတွက် စားစရာ တွေ့နေတယ်"။

ဣသိဒတ္တထေရ်က မဟာသောဏထေရ်ကို လှမ်းပြောလိုက်ပါတယ်၊ သပိတ်ကိုလဲ တောင်းယူလိုက်ပါတယ်၊ သင်္ကန်းရုံပြီး သပိတ်ကို ပွေ့ပိုက်ကာ ရပ်နေပါတော့တယ်။ ကလေးသူငယ်တွေက သပိတ်ပိုက်ကာ ရပ်နေတဲ့ ဣသိဒတ္တထေရ်ကို တွေ့ရတော့ ဒီ အခွံတွေကို တစ်နေရာရာမှာ အသုံးပြုလိုတာဖြစ်ပါလိမ့်မယ် ဆိုတဲ့ အတွေးနဲ့ သဲတွေကိုသုတ်ပြီး သစ်မည်စည်သီးခွံတွေကို သပိတ်ထဲမှာ လောင်းထည့်ပေးလိုက်ကြပါတယ်၊ မထေရ် ၂-ပါးတို့လဲ ၇-ရက်မျှ သစ်မည်စည်သီးခွံအာဟာရနှင့်ပဲ မျှတနေကြရပါတယ်။

ဆက်လက်ကြွတော်မူရင်း စောရိယအိုင်နားကို ရောက်သွားကြပြန်တယ်၊ လူတွေက ကုမုဒြာကြာတွေကို နုးယူကြပြီး အရိုးတွေကို စွန့်ပစ်ထားခဲ့ကြပါတယ်။

"ငါ့ရှင်သောဏ ! ဆွမ်းအာဟာရ တွေ့နေပြန်ပြီ"။

အရှင်ဣသိဒတ္တထေရ်က မဟာသောဏထေရ်ကို ပြောကြားပြီး သပိတ်ကို တောင်းယူလိုက်ပါတယ်၊ သင်္ကန်းရုံပြီး သပိတ်ပိုက်ကာ ရပ်နေပြန်ပါတယ်။

ရွာသားသူငယ်တွေက သုတ်သင်ရှင်းလင်းပြီး သပိတ်ထဲမှာ လောင်းထည့်ပေးလှူကြပါတယ်၊ မထေရ် ၂-ပါးတို့လဲ အဲဒီ ကုမုဒြာကြာရိုးတွေကို ဘုဉ်းပေးသုံးဆောင်ကြပါတယ်၊ ၇-ရက်မျှ အဲဒီအာဟာရနဲ့သာ မျှတနေကြရပါတယ်။

တဖြည်းဖြည်းရှေ့ကို ဆက်လက်ကြွတော်မူကြရင်း သစ်ရွက်စားနေသူတို့ရဲ့ နေရာ ရွာတံခါးတစ်ခုကို ရောက်သွားကြပါတယ်။

"သမီးရေ ! အရှင်မြတ်တစ်ပါးပါး ဒီကိုကြွလာလို့ရှိရင် အခြားဘယ်ကိုမှ ထွက်သွားခွင့် မပေးပါနှင့်၊ အရှင်မြတ်အတွက် နေရာဌာနကို ညွှန်ကြားလျှောက်ထားလိုက်ပါ"။

အဲဒီရွာတံခါးနားမှာ နေထိုင်ကြတဲ့ ဇနီးမောင်နှံ ၂-ဦးတို့က တောကို သွားခါနီးမှာ သမီးကလေးကို ပြောဆိုမှာထားခဲ့ကြပါတယ်။

အဲဒီအမျိုးသမီးကလေးက မထေရ်များကို တွေ့ရတဲ့အခါ သပိတ်ကို လှမ်းယူလိုက်ပါတယ်၊ မထေရ်များကိုလဲ အိမ်ပေါ်သို့ ပင့်တင်ထားပါတယ်၊ အိမ်မှာလဲပဲ ဆန်စပါးတွေဆိုတာဟာ မှုးလို့တောင် ရှုစရာမရှိပါဘူး၊ ဒါနဲ့ အမျိုးသမီးကလေးက စားကလေးတစ်ချောင်းကိုယူပြီး ချင်ရွှေးပင်နှင့် တောင်ကပ်ပျောခွံတွေကို ချင်ရွှေးနွယ်၊ ချင်ရွှေးရွက်တွေနှင့် ရောနှောပြီး နုတ်နုတ်စဉ်းနေပါတယ်၊ အဆုပ် ၃-ဆုပ် ပြုလုပ်ထားပါတယ်၊ ပြီးတော့ကာ မထေရ်များအား တစ်ပါးတစ်ဆုပ် ဆက်ကပ်ပေးလှူ

www.burmeseclassic.com

www.burmeseclassic.com



ပါတယ်၊ ကျန်တစ်ဆုပ်ကို ဣသိဒတ္တထေရ်ရဲ့ သပိတ်ထဲကို လောင်းလှူမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ လက်ကိုဆန့်ပြီး လောင်းလှူလိုက်တဲ့အခါ မဟာသောဏထေရ်ရဲ့ သပိတ်ထဲကို လောင်းလှူမိရက်သား ဖြစ်နေပါတော့တယ်၊ ဒါကိုတွေ့ရတော့ ဣသိဒတ္တထေရ်က တအံ့တသြနဲ့ ပြောဆိုချီးကျူးနေပါတော့တယ်။

"ပြာဟ္မဏတိုသသူပုန်ဘေး ဖြစ်နေတဲ့အခါမှာတောင်မှ ချင်ရွေးရွက်နှင့် ငှက်ပျောခွံဆုပ်ဆိုတဲ့ အကျိုးကိုပေးနိုင်တဲ့ ကုသိုလ်ကံဟာ ဒေသသမ္ပတ္တိ၊ ကာလသမ္ပတ္တိ ဖြစ်လာတဲ့အခါကျတော့ ဘယ်လောက်ကြီးကျယ်တဲ့အကျိုးကို ပေးပါလိမ့်မလဲ"။

မထေရ် ၂-ပါးတို့လဲ ဘုဉ်းပေးမှုကိစ္စ ပြီးတဲ့အခါ အမျိုးသမီးကလေးရဲ့ လမ်းညွှန်ချက်နဲ့ နေထိုင်ရမဲ့ဌာနကို ကြွသွားကြပါတယ်။

"အမေရေ ! မထေရ် ၂-ပါး ကြွလာကြပါတယ်၊ အဲဒီ မထေရ်များအား သီတင်းသုံးနေထိုင်ရမဲ့ . နေရာဌာနကိုလဲ သမီးက လျှောက်ထားညွှန်ကြားလိုက်ပါတယ်"။

သမီးကလေးရဲ့ ဆီးကြိုပြောဆိုတဲ့စကားကို ကြားရတဲ့အခါ တောကပြန်လာတဲ့ ဇနီးမောင်နှံ ၂-ဦးတို့က မထေရ်များထံ လိုက်သွားကြပါတယ်။

"တပည့်တော်တို့ ရှာဖွေရရှိတဲ့ အာဟာရနဲ့ပဲ အရှင်ဘုရားတို့ကို ပြုစုလုပ်ကျွေးပါ့မယ်၊ တပည့်တော်တို့ကို ချီးမြှောက်တဲ့အနေနဲ့ ဒီမှာပဲ သီတင်းသုံးတော်မူကြပါဘုရား"။

ဇနီးမောင်နှံ ၂-ဦးတို့ရဲ့ ရိုသေကျိုးနွံစွာ ရှိခိုးဝပ်ချ တောင်းပန်လျှောက်ထားလာတဲ့ စကားကို မထေရ်များက ပယ်စွန့်လို့ မဖြစ်တော့ပါ၊ ဝန်ခံကတိ ပေးလိုက်ရပါတော့တယ်၊ ဘေးရန်ရှိနေသမျှ အဲဒီ ဒကာ ဒကာမတို့ကို မှီခိုနေထိုင်လာခဲ့ကြပါတယ်။

ဘေးရန်အေးငြိမ်းပြီး သာယာဝပြောလာတဲ့အခါ အိန္ဒိယကျွန်းဆွယ်ဘက်ကို ကြွသွားကြတဲ့ ရဟန်းတော်များ ကြိုရာလေ့၊ သဘော်နဲ့ သီဟိုဠ်ကို ပြန်ကြွလာပြီး မဟာတိတ္ထဆိပ်မှာ ဆင်းကြပါတယ်။

"မဟာသောဏထေရ် ဘယ်မှာသီတင်းသုံး နေထိုင်ပါသလဲ ?"။

အိန္ဒိယကျွန်းဆွယ်က ပြန်ကြွလာတဲ့ ရဟန်းတော်များက မဟာသောဏထေရ်ရဲ့ နေရာအရပ်ကို စုံစမ်းမေးမြန်းပြီး မဟာသောဏထေရ်ထံကို သွားကြပါတယ်၊ အဲဒီ နောက်လိုက်နောက်ပါ ရဟန်း ၅၀၀-နှင့်အတူ မဟာသောဏထေရ်က ကာလကရွာ မဏ္ဍလာရာမကျောင်းတိုက်ကို ကြွရောက်လာခဲ့ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီအခါတုန်းက ကာလကရွာမှာ အိမ်ခြေ ၇၀၀–ရှိနေပါတယ်၊ အိမ်ထောင်ရှင်ပေါင်း ၇၀၀–ကျော် နေထိုင်ကြပါတယ်။

"မဟာသောဏထေရ်က ရဟန်း ၅၀၀–နှင့်အတူ မဟာမင်္ဂလာရာမကျောင်းတိုက်ကို ကြွရောက်လာပါတယ်၊ အိမ်ထောင်စု တစ်စုတစ်စုက ကိုးတောင်ရှိတဲ့ အဝတ်နှင့်အတူ တစ်ကျပ်တန်ဆွမ်းကို ပေးလှူကြရမယ်"။

ညအချိန်ကပင် ကြိုတင်ပြီး နတ်တွေက ရွာထဲမှာ လှည့်လည်ကြေညာထားကြပါတယ်၊ နောက်နေ့နံနက်ချိန်မှာ မထေရ်များက ကာလကရွာသို့ ဆွမ်းခံဝင်ကြပါတယ်၊ လူတွေက ထိုင်တော်မူပါမယ့်အကြောင်း လျှောက်ထားတောင်းပန်ပြီး ယာဂုဆက်ကပ်ကြပါတယ်၊ မင်္ဂလာရာမကျောင်းတိုက်မှာ သီတင်းသုံးနေထိုင်တဲ့ တိဿဘူထေရ်က သံဃထေရ်နေရာမှာ ထိုင်နေတော်မူပါတယ်။

"မဟာသောဏထေရ်ဆိုတာ ဘယ်ပုဂ္ဂိုလ်ပါလဲဘုရား ?"။

ဥပါသကာကြီးတစ်ယောက်က တိဿဘူထေရ်နားကို ချဉ်းကပ်ဝပ်ချပြီး လျှောက်ထားပါတယ်၊ အဲဒီအချိန်မှာ မဟာသောဏထေရ်ဟာ သီတင်းငယ်မျှသာ ဖြစ်ပါတယ်၊ ပရိသတ်ရဲ့အစွန်မှာ ထိုင်နေတော်မူပါတယ်။

"ဒါယကာ ! မဟာသောဏထေရ်ဆိုတာ ဒီ ပုဂ္ဂိုလ်ပါပဲ"။

တိဿဘူထေရ်က လက်ကိုဆန့်တန်းပြီး လက်ညှိုးထိုးကာ ညွှန်ပြလိုက်ပါတယ်၊ ဥပါသကာကြီးက မဟာသောဏထေရ်ကို ရှိခိုးဝပ်ချပြီး သပိတ်ကို တောင်းပါတယ်၊ မဟာသောဏထေရ်က (တစ်ဦးတစ်ယောက်ရဲ့ ဝစီဝိညတ်များ ပါနေရော့သလား–ဆိုတဲ့ အထင်နဲ့) သပိတ်ကို မပေးဘဲ နေပါတယ်။

"ငါ့ရှင်သောဏ ! ငါ့ရှင်မသိသလို ငါတို့လဲ မသိနိုင်ကြပါ၊ ဘုန်းရှိသူအတွက် နတ်များက တိုက်တွန်းနှိုးဆော်ပေးတတ်ကြပါတယ်၊ သပိတ်ကို ပေးလိုက်ပါ၊ သီတင်းသုံးဖော်တို့အား ချီးမြှောက်မှုကို ပြုပါ"။

တိဿဘူမထေရ်ရဲ့ အမိန့်ကို နာခံတဲ့အနေနဲ့ မဟာသောဏထေရ်က သပိတ်ကို ပေးလိုက်ပါတယ်၊ ဥပါသကာကြီးက သပိတ်ကို ယူသွားပြီး တစ်ကျပ်တန်ဆွမ်းနဲ့ ပြည့်စေပါတယ်၊ ကိုးတောင်ရှိတဲ့အဝတ်ကို သပိတ်ခြေလုပ်ပြီး ယူလာပါတယ်၊ အကုန်လုံးကို မဟာသောဏထေရ်အား ဆက်ကပ်လှူဒါန်းပါတယ်။

အခြားဒကာတွေက ရဟန်းတော်တွေရဲ့ သပိတ်ကို အသီးအသီး တောင်းယူသွားကြပါတယ်၊ အလားတူပင် ပြုလုပ်လာကြပြီး မဟာသောဏထေရ်ကိုပင်

www.burmeseclassic.com

www.burmeseclassic.com



ဆက်ကပ်လှူဒါန်းကြပါတယ်၊ အဝတ် ၇၀၀–နှင့် ဆွမ်း ၇၀၀–တို့ကို မဟာသောဏထေရ် တစ်ပါးတည်းကိုသာ ပေးလှူကြပါတယ်၊ မဟာသောဏထေရ်က ဘိက္ခုသံဃာအား ခွဲခြမ်းဝေဖန် ပေးလှူမှုကိုပြုပြီး သုံးဆောင်ပါတယ်။

မဟာဝိဟာရကို ရောက်သွားတဲ့အခါမှာလဲ မဟာသောဏထေရ်ဟာ နံနက်စောစော မျက်နှာသစ်ပြီး မဟာဗောဓိနှင့် မဟာစေတီကို ဝပ်ချပါတယ်၊ ထူပါရာမမှာ ရပ်တန့်လျက် သင်္ကန်းရုံပါတယ်၊ ရဟန်းတော်တွေနှင့်အတူ တောင်တံခါးမှ မြို့တွင်းကို ဝင်လာပါတယ်၊ တံခါးနှင့် ဝဍ္ဍနကဆိုတဲ့ ဇရပ်ကြားမှာ ငွေ ၆၀–တန် ဆွမ်းကို ရပါတယ်၊ အဲဒီအချိန်အခါကစပြီး မဟာသောဏထေရ်မှာ အတိုင်းအရှည်ပမာဏ မရှိအောင် လာဘ်ပူဇော်သကာ ပေါများလာခဲ့ပါတယ်။

ဒီလိုပဲ ကာလဝိပတ္တိအခါမှာ သစ်မည်စည်သီးခွံနှင့်ကုမုဒြာကြာရိုးတို့ကိုတောင်မှ ခဲယဉ်းပင်ပန်းစွာ ရရှိလာခဲ့ပါတယ်၊ ကာလသမ္ပတ္တိဖြစ်လာတော့ ဒီလိုသဘောရှိတဲ့ လာဘ်လာဘတွေ ဖြစ်ပေါ်လာရပါတယ်။

**ဝတ္တဗ္ဗကနိဂြောဓထေရ်** ဗြာဟ္မဏတိဿသူပုန်ဘေး ဖြစ်ပေါ်လာချိန်မှာ ဝတ္တဗ္ဗကနိဂြောဓထေရ်ဟာ သာမဏေဝတ်နှင့်သာ ရှိပါသေးတယ်၊ ဝတ္တဗ္ဗကနိဂြောဓသာမဏေနှင့် ဥပဇ္ဈာယ်ဖြစ်သူတို့က အိန္ဒိယဘက်ကို လိုက်ပါမသွားကြပါ၊ သစ်ရွက်စားသူတို့ကို မှီခိုနေကြမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ တိုင်းစွန်ပြည်ဖျားကို ထွက်ခွာလာခဲ့ကြပါတယ်။

ဆရာတပည့် အစာမစားရသည်မှာ ၇–ရက်ခန့် ရှိလာခဲ့ပါတယ်၊ သွားရင်းသွားရင်းနဲ့ ရွာဆိုးကုန်းတစ်နေရာတွင် ထန်းပင်ပေါ်မှာ ထန်းသီးတွေကို တွေ့ရတော့ သာမဏေက ဥပဇ္ဈာယ်ဆရာကို လျှောက်ထားပါတယ်။

"အရှင်ဘုရား ! ခေတ္တခဏ ဆိုင်းငံ့တော်မူပါအုံး၊ ထန်းသီးတွေကို ချွေချပေးပါရစေ"။

"ကိုရင်ရယ် ! ကိုရင်က အားနည်းလှတယ်၊ မတက်ချင်စမ်းပါနဲ့"။

"တက်နိုင်ပါလိမ့်မယ် အရှင်ဘုရား"။

သာမဏေက ခွင့်တောင်းလျှောက်ထားပြီးတဲ့နောက် ဓားငယ်ကိုယူပြီး ထန်းပင်ပေါ်ကို တက်သွားပါတယ်၊ ထန်းသီးခိုင်ကို ဖြတ်မယ်လို့ ဓားနဲ့ခုတ်လိုက်ပါတယ်၊ ဓားက အရိုးကကျွတ်ထွက်ပြီး မြေကြီးပေါ်ကို ရောက်သွားပါတယ်။

"ဒီသာမဏေဟာ အင်မတန်ပင်ပန်းနေတုန်း ထန်းပင်ပေါ်ကို တက်နေခဲ့တယ်၊ အခု ဘာလုပ်နိုင်တော့မလဲ ?"။

www.burmeseclassic.com

www.burmeseclassic.com



မထေရ်က စဉ်းစားနေတုန်းမှာပဲ သာမဏေက ထန်းရွက်တွေကို အစိတ်စိတ် အမွှာမွှာ ခွဲစိတ်လိုက်ပါတယ်၊ ထန်းရွက်စိတ်တွေကို တစ်စနှင့်တစ်စ ဆက်ပါတယ်၊ ဓားရိုးကို ချည်ပြီး မြေပေါ်သို့ ချပေးလိုက်ပါတယ်။

"ဓားကလေးကို ဒီအရိုးမှာ တပ်ပေးလိုက်ရင် ကောင်းပါလိမ့်မယ်ဘုရား"။

သာမဏေလျှောက်ထားတဲ့အတိုင်းပဲ မထေရ်က ဓားကလေးကို အရိုးမှာ တပ်ပေးလိုက်ပါတယ်၊ သာမဏေက ဓားကို ဆွဲတင်ပြီး ထန်းသီးခိုင်တွေကို ခုတ်ချလိုက်ပါတယ်၊ ထန်းသီးခိုင်တွေ ကုန်သွားတဲ့အခါ မထေရ်က ဓားငယ်ကို အချခိုင်းလိုက်ပါတယ်။

ဓားကို လိမ့်သွားတဲ့ ထန်းသီးတွေကို ကောက်ယူပြီး ခွဲထားနှင့်ပါတယ်၊ သာမဏေလဲ ထန်းပင်ပေါ်က ဆင်းလာခဲ့ပါတယ်။

"ကိုရင်ရေ ! ကိုရင်က အားနည်းလှတယ်၊ ဒီထန်းသီးဆန်ကို စားစမ်းပါအုံး"။

"တပည့်တော်က အရှင်ဘုရားမဘုဉ်းပေးခင် မစားလိုပါဘုရား"။

ဥပဇ္ဈာယ်ဆရာက ကြင်နာစွာ ပြောဆိုအစားခိုင်းပေမဲ့ သာမဏေက မစားသေးပါ၊ ဓားငယ်ကိုယူပြီး ထန်းသီးကို ခွဲပါတယ်၊ ထန်းသီးဆန်ကို သပိတ်ထဲမှာထည့်ပါတယ်၊ မထေရ်ကို ဦးစွာဆက်ကပ်လိုက်ပါတယ်၊ မထေရ်ဘုဉ်းပေးပြီးမှ ကိုယ်တိုင်စားပါတယ်။

ဆရာတပည့် ၂-ဦးလုံး ထန်းသီးမကုန်မချင်း အဲဒီနေရာမှာပဲ နေကြပါတယ်၊ ထန်းသီးကုန်မှ ထွက်လာခဲ့ကြပါတယ်၊ ၇-ရက်ခန့် သွားမိတဲ့အခါ သစ်ရွက်ကို ရှာဖွေစားနေသူတွေရဲ့ နေရာအရပ်ကို ရောက်သွားကြပါတယ်၊ ရဟန်းများ စွန့်ခွာထွက်သွား ထားပစ်ခဲ့တဲ့ ကျောင်းတစ်ကျောင်းကို တွေ့ကြပါတယ်၊ သာမဏေက မထေရ်အတွက် အိပ်ရာနေရာကို သုတ်သင်ရှင်းလင်းပါတယ်၊ မထေရ်က သာမဏေအား ဩဝါဒပေးပြီး ကျောင်းတွင်းသို့ ဝင်သွားပါတယ်။

"မသေသင့်ဘဲ သေရတဲ့နေရာဌာနမျိုးမှာ ပျက်စီးသေဆုံးရတဲ့ ဘဝတွေကို ရေတွက်လို့တောင် ရနိုင်စရာ မရှိတော့ပါဘူး၊ ငါ့အသက် သေချင်သေသွားပါစေ၊ ဘုရားရှင်ကိုတော့ မပြုစု မလုပ်ကျွေးဘဲ မနေနိုင်ပါဘူး၊ ပြုစုလုပ်ကျွေးအုံးမှပဲ"။

သာမဏေက စိတ်အားတင်းထားလိုက်ပါတယ်၊ စေတီရင်ပြင်ကို သွားပြီး သုတ်သင်ရှင်းလင်းနေပါတယ်၊ ၇-ရက်မျှ အစာမစားခဲ့ရတဲ့အတွက် ကတုန်ကရင် လဲလျောင်းရက်ပဲ မြက်တွေကို နုတ်နေပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီအချိန်မှာပဲ လူတွေက တောထဲမှ ပျားရည်နှင့်ထင်း, သစ်ရွက်တို့ကို ယူပြီး ပြန်လာကြပါတယ်၊ စေတီရင်ပြင်မှာ မြက်ပင်များလှုပ်နေတာကို တွေ့ရတဲ့အတွက် သားကောင်ဆိုတဲ့ အမှတ်နှင့် စေတီရင်ပြင်ကို တက်ရောက်လာကြပါတယ်၊ သာမဏေကို တွေ့ရတော့ တအံ့တသြ မေးမြန်းလျှောက်ထားကြပါတယ်။

"ကိုရင် ဘာလုပ်နေတာလဲ ?"။

"မြက်ပုတ်ကြီးတွေကို နုတ်နေတယ် ဒကာတို့ !"။

"ကိုရင့်အပြင် အခြားသူများ ရှိသေးသလား ?"။

"အေး–ကိုရင့်ဥပဇ္ဈာယ်ဆရာ ကျောင်းခန်းတွင်းမှာ ရှိနေတယ်၊ ဒါဖြင့် ဆရာတော်ကိုဆက်ကပ်ပြီး အရှင်ဘုရားလဲ ဘုဉ်းပေးတာပေါ့ဘုရား၊ တပည့်တော်တို့က သစ်ခက်ကျိုးတွေကို ချကာချကာ လမ်းပြတဲ့အနေနဲ့ ရှေ့ကသွားနှင့်ပါ့မယ်၊ အဲဒီ သစ်ခက်ကျိုးအမှတ်အသားနဲ့ပဲ ဆရာတော်ကိုပါ ပင့်ဆောင်ပြီး ကြွလာခဲ့ကြတာပေါ့ဘုရား"။

ဒကာတွေက ပြောပြောဆိုဆို သာမဏေအား ပျားရည်လှူသွားကြတဲ့အပြင် မိမိတို့ရဲ့ နေရာအရပ်ကိုလဲ ညွှန်ကြားလျှောက်ထားသွားကြပါတယ်။

သာမဏေက ဒကာများလှူသွားတဲ့ ပျားရည်ကိုယူပြီး မထေရ်ဆီကို သွားပါတယ်၊ အခန်းပြင်ဘက်က ရပ်ရက်ပဲ "ဦးချပါတယ်ဘုရား"လို့ လျှောက်ထားလိုက်ပါတယ်။

သာမဏေက ဆာလောင်မွတ်သိပ်မှုဒဏ်ကို မခံနိုင်တာနဲ့ လာတာဖြစ်မှာပဲဆိုတဲ့ အထင်နဲ့ မထေရ်က တိတ်တိတ်နေလိုက်ပါတယ်။

"ရှိခိုးဦးချပါတယ်ဘုရား၊ ရှိခိုးဦးချပါတယ်ဘုရား"။

"ကိုရင်ရေ ! အားနည်းနေတဲ့ရဟန်းကို ဘာ့ကြောင့် သက်သောင့်သက်သာ လဲလျောင်းနေခွင့် မပေးရသလဲ ?"။

သာမဏေရဲ့ နောက်ထပ်လျှောက်ထားတဲ့ စကားကို ကြားရတဲ့အခါ မထေရ်က အိပ်ရာကနေပြီး လှမ်းပြောလိုက်ပါတယ်။

"တံခါးကို ဖွင့်ပေးရင် သင့်တော်လိမ့်မယ်ထင်ပါတယ်ဘုရား"။

သာမဏေရဲ့ ပန်ကြားလျှောက်ထားချက်အရ မထေရ်က ထလာပြီး တံခါးကိုလဲ ဖွင့်ပေးပါတယ်၊ သာမဏေကိုလဲ မေးပါတယ်။

"ကိုရင်ရေ ! ကိုရင်က ဘာတွေကို ရလာခဲ့သလဲ ?"။

www.burmeseclassic.com

www.burmeseclassic.com



"ဒကာတွေက ပျားရည်လှူသွားကြပါတယ်ဘုရား၊ ဘုဉ်းပေးရန် အဆင်သင့်ပါပဲ"

"ကိုရင်ရေ ! ဒီအတိုင်းစားရင် ပင်ပန်းကြလိမ့်မယ်၊ အဖျော်ရည်လုပ်ပြီး သောက်ကြစို့ရဲ့"။

ဆရာရဲ့ အလိုဆန္ဒကို ကြားရတဲ့အခါ သာမဏေက အဖျော်ရည်လုပ်ပြီး ဆက်ကပ်လိုက်ပါတယ်၊ အဖျော်ရည်သောက်ပြီးတဲ့ အခါ မထေရ်က သာမဏေကို မေးပြန်တယ်"။

"လူတွေရဲ့နေရာအရပ်ကို မေးထားလိုက်ရဲ့လား ကိုရင် ?"။

"သူတို့ကိုယ်တိုင် အလိုအလျောက် လမ်းညွှန်ပြောပြသွားကြပါတယ် အရှင်ဘုရား"။

"ဒါဖြင့် နံနက်စောစောမှ သွားနေရရင် တို့ပင်ပန်းကြလိမ့်မယ်၊ အခုပဲ သွားကြစို့ရဲ့"။

သာမဏေရဲ့စကားကို ကြားရတဲ့အခါ မထေရ်က ကိုယ့်ဆန္ဒကို ထုတ်ဖော်မိန့်ကြားလိုက်ပါတယ်၊ သပိတ်သင်္ကန်းကို အယူခိုင်းပြီး သာမဏေနှင့်အတူ ကျောင်းက ထွက်ကြလာခဲ့ပါတယ်၊ လူတို့နေထိုင်တဲ့ရွာအနီးကိုရောက်မှ ဆရာတပည့် အိပ်ကြပါတယ်။

"ငါဟာ ရှင်ဖြစ်တဲ့အချိန်ကစပြီး ရွာအနီးမှာ အရုဏ်တက်အောင် တစ်ခါမှ မနေဖူးဘူး"။

ညဉ့်လယ်လောက်ရောက်တဲ့အခါ သာမဏေက ကြံစည်စဉ်းစား သတိထားမိတာနဲ့ သပိတ်ကိုယူပြီး အရုဏ်ခံရန် တောထဲကို ဝင်သွားခဲ့ပါတယ်။

မထေရ်က သာမဏေကို အိပ်ရာမှာ မတွေ့ရတဲ့အခါ လူသားစားသူတို့ ဖမ်းယူသွားတာ ဖြစ်မှာပါပဲလို့ မှတ်ထင်နေခဲ့ပါတယ်၊ သာမဏေကတော့ တောထဲမှာ အရုဏ်တက်ပြီး သပိတ်နဲ့ ရေကိုရော, ဒန်ပူကိုရော ယူပြီးပြန်လာပါတယ်။

"ကိုရင် ! ဘယ်ကိုသွားနေသလဲ ?၊ ကိုရင်က သက်ကြီးရွယ်အို ရဟန်းတွေ တောင်တောင်ဤဤ ကြံစည်နေရအောင် လုပ်နေတာပဲ၊ ဒဏ်ထမ်းရမယ်"။

"ထမ်းပါ့မယ် အရှင်ဘုရား !"။

ရေနှင့်ဒန်ပူကို ဆက်ကပ်လာတဲ့အခါ မထေရ်က အပြစ်တင်ပေမဲ့ သာမဏေက စိတ်မခုပါ၊ ရိုသေစွာပဲ ပြန်လည်လျှောက်ထားလိုက်ပါတယ်၊ သိပ်ပြီးတော့ တပည့်ကောင်း ပီသတာပဲ။

www.burmeseclassic.com

www.burmeseclassic.com



မထေရ်က သာမဏေယူလာတဲ့ ရေနဲ့ပဲ မျက်နှာသစ်ပါတယ်၊ သင်္ကန်းရုံ၊ သပိတ်ကိုယူပြီး ဆရာတပည့် ၂–ဦးလုံး လူတို့နေထိုင်တဲ့ ရွာထဲကို ကြွကြပါတယ်။

လူတွေကလဲ မိမိတို့သုံးဆောင်စားသောက်နေကြတဲ့ သစ်ဥ, သစ်မြစ်, သစ်သီး, သစ်ရွက်တို့ကို ပေးလှူကြပါတယ်၊ မထေရ်လဲ ဆွမ်းကိစ္စပြီးမှ သာမဏေနှင့်အတူ ကျောင်းကို ကြွလာပါတယ်၊ သာမဏေက ရေခပ်ပြီး "ခြေတို့ကို ဆေးကြောပေးပါရစေဘုရား"လို့ လျှောက်ထားပါတယ်၊ ခပ်ယူထားတဲ့ရေနဲ့ ခြေတို့ကို ဆေးကြောသုတ်သင်ပေးနေပါတယ်။

"ကိုရင် ! ညတုန်းက ဘယ်ကို သွားနေခဲ့သလဲ ?၊ ကိုရင်က တို့ကို တောင်တောင်ဤဤ ကြံစည်ရအောင် လုပ်တာပဲ"။

"အရှင်ဘုရား ! တပည့်တော်ဟာ ရှင်ဖြစ်လာတဲ့အချိန်ကစပြီး တစ်ခါမျှ ရွာအနီးမှာ အရဏ်မတက်စေဘူးပါ၊ ဒါနဲ့ အရဏ်ခံရအောင် တောထဲကို ထွက်သွားနေခဲ့ပါတယ်"။

"ကိုရင်ရေ ! ဒဏ်ဟာ ကိုရင်နှင့် မတော်တော့ပါဘူး"။

နေသားတကျ ထိုင်မိတဲ့အခါ မထေရ်က ကိုရင်ညအိပ်ရာမှ ထွက်ပျောက်နေတဲ့ အကြောင်းကို စစ်ဆေးမေးမြန်းတော်မူပါတယ်၊ ကိုရင်ကလဲ အမှန်အတိုင်းပဲ လျှောက်ထားလိုက်ပါတယ်၊ မထေရ်က ကိုရင်ကို ဒဏ်မပေးတဲ့အပြင် ချီးကျူးစကားပင် မိန့်ကြားလိုက်ပါသေးတယ်။

ကိုရင်ရေ ! တို့က အသက်အရွယ်ကြီးရင့်ကုန်ပြီ၊ နောက်ဘယ်လိုဖြစ်လာမယ်ဆိုတာကို ဘယ်သူကမှ သိနိုင်တာမဟုတ်ဘူး၊ အဲဒီ အရပ်မှာပဲ ဆက်လက်နေထိုင်ကြရင်း မထေရ်က သာမဏေကို ကြိုတင်သတိပေးထားပါတယ်၊ မထေရ်ဟာ အနာဂါမ်အရိယာဖြစ်တယ်၊ နောက်ပိုင်းတစ်ချိန်မှာ လူသားစားသူတွေရဲ့ ဖမ်းယူစားသောက်မှုကို ခံယူသွားရတယ်ဆိုပဲ၊ နောင် ဒီလို ဖြစ်လာမှာကို ကြိုတင်သိထားတဲ့အတွက် သာမဏေကို ဆုံးမထားနှင့်ပါတယ်လို့လဲ ဋီကာဆရာက မိန့်ဆိုထားပါတယ်။

သာမဏေကလဲ ကိုယ့်ကိုကိုယ် စောင့်ရှောက်လာခဲ့ပါတယ်၊ သင့်တော်ရာမှာ ဥပဇ္ဈာယ်ယူပြီး ရဟန်းဖြစ်လာခဲ့ပါတယ်၊ ဓမ္မဝိနယကိုလဲ သင်ယူထားပါတယ်၊ ဗြာဟ္မဏတိဿသူပုန်ဘေး ငြိမ်းအေးသွားတဲ့အခါမှာ တိပိဋကဝတ္တဗ္ဗကနိဂြောဓ မထေရ်လို့ ထင်ရှားလာခဲ့ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ပိတုရာဇာ မင်းဖြစ်လာခဲ့ပါတယ်၊ အိန္ဒိယဘက်က ကြွလာကြတဲ့ ရဟန်းတော်များက ဝတ္တဗ္ဗကနိဂြောဓထေရ် ဘယ်မှာလဲ ?၊ ဝတ္တဗ္ဗကနိဂြောဓထေရ် ဘယ်မှာလဲ ?၊ ဒီလို တမေးတည်းမေးလာကြပြီး ဝတ္တဗ္ဗကနိဂြောဓထေရ်ကို ခြံရံနေကြပါတယ်။

ဝတ္တဗ္ဗကနိဂြောဓထေရ်က နောက်လိုက်နောက်ပါ ရဟန်းပေါင်းများစွာနှင့်အတူ မဟာဝိဟာရကို ကြွလာခဲ့ပါတယ်။

မဟာဗောဓိစေတီနှင့် ထူပါရာမစေတီတို့ကို ရှိခိုးဖူးမြော်ပြီး မြို့တွင်းကို ဝင်တော်မူပါတယ်၊ တောင်တံခါးသို့ သွားနေတုန်းမှာပဲ ကိုးနေရာ ကိုးဌာနတို့က တိစီဝရိတ်သင်္ကန်း ရတော်မူပါတယ်၊ မြို့တွင်းကို ဝင်လာတဲ့အခါကစပြီး များစွာသော လာဘ်ပူဇော်သကာ ဖြစ်ပေါ်လာခဲ့ပါတယ်။

ကာလပျက်စီးနေတဲ့အခါမှာ ထန်းသီးနှင့် သစ်ဥ, သစ်မြစ်, သစ်ရွက်တို့ကို တောင်မှ ခဲယဉ်းပင်ပန်းစွာ ရှာဖွေစားသောက်လာရတဲ့ပုဂ္ဂိုလ်မှာ ကောင်းတဲ့ကာလကို ရောက်လာတဲ့အခါမှာ ဒီလို လာဘ်လာဘတွေ ဖြစ်ပေါ်လာခဲ့ရပါတယ်။

အဲဒီလိုပဲ ကာလဝိပတ္တိက တားမြစ်ထားတဲ့အတွက် အကျိုးမပေးနိုင်တဲ့ ကုသိုလ်ကံတွေဟာ ကာလသမ္ပတ္တိကို ရောက်လာတဲ့အခါမှာ အကျိုးပေးကြပါတော့တယ်၊ အဲဒီလိုလဲ ဗုဒ္ဓမြတ်စွာက သိတော်မူပါတယ်။

**၁၆။ ပယောဂသမ္ပတ္တိနှင့် ကုသိုလ်ကံ**

အခြားတစ်ဦးတစ်ယောက်သောပုဂ္ဂိုလ်မှာလဲ ကောင်းမှုကုသိုလ်ကံတွေ အများအပြား ရှိနေကြပါတယ်၊ အဲဒီ ကုသိုလ်ကံတွေဟာ ပျက်စီးသော အားထုတ်မှုမှာ တည်နေတဲ့ ပုဂ္ဂိုလ်ရဲ့ သန္တာန်မှာ အကျိုးပေးကြမှာ မဟုတ်ပါဘူး၊ ဒါပေမဲ့ အဲဒီ ပုဂ္ဂိုလ်က တစ်စုံတစ်ခုသော ကောင်းမှုကုသိုလ်ကံကြောင့် ကောင်းတဲ့အားထုတ်မှုမှာ တည်နေပါတယ်၊ သုစရိုက်တရား ၃-ပါးတို့ကို ဖြည့်ကျင့်ပါတယ်၊ ၅-ပါးသီလ, ၁၀-ပါးသီလတို့ကို စောင့်ပါတယ်။

ပြည့်စုံသောအားထုတ်မှုရှိတဲ့ ပုဂ္ဂိုလ်ရဲ့ထံသို့ မင်းတွေက ဝတ်စားတန်ဆာ အပြည့်အစုံ ဆင်ယင်ထားကြတဲ့ မင်းသမီးတွေဟာ ဒီပုဂ္ဂိုလ်နှင့် သင့်တော်တယ်၊ လျောက်ပတ်တယ်လို့ ပြောဆိုပြီး ဆောင်ပေးကြပါတယ်၊ ရထား, ဆင်ယာဉ်, မြင်းယာဉ်, ပတ္တမြား, ရွှေ, ငွေ-စသည်အပြားရှိတဲ့ ထိုထိုလက်ဆောင်ဟာ ဒီလူအား သင့်တော်လျောက်ပတ်တယ်လို့ ပြောပြီး ပို့ပေးကြပါတယ်။

(ပြည့်စုံတဲ့အားထုတ်မှု ရှိတဲ့အတွက်) ရှင်ရဟန်းပြုပေမဲ့ အခြံအရံများတတ်ပါတယ်၊ တန်ခိုးကြီးတတ်ပါတယ်၊ အဲဒီ အခြံအရံများတာ, တန်ခိုးကြီးတာနှင့် ပတ်သက်ပြီး ဝတ္ထုလေးတွေကို ပြောပြပါအုံးမယ်။

www.burmeseclassic.com

www.burmeseclassic.com



**စူဠသုဓမ္မထေရ်** ကူဋကဏ္ဍမင်းက ဂိရိဂါမကဏ္ဍအရပ်မှာ သီတင်းသုံးနေထိုင်တဲ့ စူဠသုဓမ္မထေရ်ကို မြတ်နိုးပါတယ်၊ ကြည်ညိုပါတယ်၊ အဲဒီကူဋကဏ္ဍမင်းက ဥပ္ပလဝါပိအရပ်မှာနေခိုက် မထေရ်ကို အပင့်ခိုင်းပါတယ်၊ မထေရ်က ကြွလာပြီး မာလာရာမကျောင်းတိုက်မှာ သီတင်းသုံးနေတော်မူပါတယ်၊ ကူဋကဏ္ဍမင်းက မထေရ်ရဲ့ မယ်တော်ကို မေးပါတယ်။

"မထေရ်က ဘာကို ကြိုက်တတ်ပါသလဲ ?"။

"သစ်ဥကို ကြိုက်တတ်ပါတယ် မဟာရာဇာ !"။

ကူဋကဏ္ဍမင်းက သစ်ဥကို အယူခိုင်းပြီး ကျောင်းကိုသွားပါတယ်၊ မထေရ်အား ပေးလှူတဲ့အခါ မျက်နှာကို မော့မကြည့်ရဲပါဘူး၊ ကူဋကဏ္ဍမင်းက ကျောင်းဝိုင်းက ထွက်ပြီး ခြစ်စည်းရိုးအပြင်ကို ရောက်တဲ့အခါ အတူပါလာတဲ့ မိဖုရားကို မေးပါတယ်။

"မထေရ်က ဘယ်လိုနေသလဲ ?၊ (ဖြူသလား မဲသလား ?၊) အရှင်မင်းမြတ်က ယောက်ျားဖြစ်ရဲ့သားနဲ့ မော့မကြည့်ရဲဘူး၊ ဒီတော့ နှမတော်က ဘယ်လိုလုပ်ပြီး မော့ကြည့်ရဲပါ့မလဲ ?၊ နှမတော်ကလဲ ဘယ်လိုနေတယ်ဆိုတာ မသိပါဘူး"။

ကူဋကဏ္ဍမင်းက ငါ့နိုင်ငံမှာ အခွန်ဆက်နေရတဲ့ သူကြွယ်ရဲ့သားကို ငါက မော့မကြည့်ရဲပါဘူး၊ အမောင်တို့ ! ဗုဒ္ဓမြတ်စွာ သာသနာတော်ဆိုတာဟာ ကြီးကျယ်မြင့်မြတ်လှပါပေစွတကား၊ ဒီလိုပြောဆိုပြီး လက်ခမောင်းခတ်ပါသတဲ့။

**တိပိဋကစူဠနာဂထေရ်** ကူဋကဏ္ဍမင်းက တိပိဋကစူဠနာဂထေရ်ကိုလဲ မြတ်နိုးပါတယ်၊ ကြည်ညိုပါတယ်၊ အဲဒီတိပိဋကစူဠနာဂထေရ်ရဲ့ လက်ချောင်းမှာ သွေးစုနာတစ်ခု ပေါက်နေပါတယ်။

ကူဋကဏ္ဍမင်းက မထေရ်ကို ဖူးမြော်ရအောင် ကျောင်းကို သွားပါတယ်၊ အားကြီးတဲ့ ချစ်ခင်မြတ်နိုးခြင်းနဲ့ လက်ချောင်းကို ပါးစပ်နဲ့ ငုံထား လိုက်ပါတယ်၊ ပါးစပ်ထဲမှာပဲ ပြည်ပေါက်သွားပါတယ်၊ ပြည်တွေ, သွေးတွေကို ထွေးမပစ်ဘဲ မထေရ်ကို ချစ်ခင်မြတ်နိုးတဲ့အတွက် အမြိုက်ရေကိုလို မျိုချလိုက်ပါတယ်။

အဲဒီ တိပိဋကစူဠနာဂထေရ်ပဲ နောက်တစ်ချိန်မှာ ပျံတော်မူခါနီး ခုတင်ပေါ်မှာ လဲလျောင်းနေပါတယ်၊ ရှင်ဘုရင်က ရောက်လာပါတယ်၊ ကျင်ကြီးခွက်ကိုလဲ ခေါင်းနဲ့ ရွက်ထားလိုက်ပါတယ်။

"တရားဆိုတဲ့ လှည်းကြီးရဲ့ ဝင်ရိုးဟာ ကျိုးပေါ့၊ ဝင်ရိုးဟာ ကျိုးပေါ့"။

ဒီလိုလဲ ပြောဆို ငိုယိုလှည့်လည်နေပါတယ်၊ မြေကိုအစိုးရတဲ့မင်းရဲ့ ကျင်ကြီးခွက်ကို

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းနဲ့ရွက်ပြီး လှည့်လည်မှုဆိုတာဟာ ဘာရဲ့သွားရာလမ်းပါလဲ ?၊ သမ္ပာပယောဂနဲ့ ပြီးစေအပ်တဲ့ အကျင့်ရဲ့ သွားရာလမ်းပါပဲ။

[ သမ္ပာပယောဂ–အရ သမ္ပာပယောဂနဲ့ပြီးစေအပ်တဲ့ အကျင့်တိုင်အောင် ယူပါ၊ ကူရုကဏ္ဍမင်းက အဲဒီအကျင့်ကို လေးစားတဲ့အနေနဲ့ မစင်ခွက်ကို ဦးခေါင်းနဲ့ရွက်ပြီး လှည့်လည်ပါတယ်၊ အဲဒီလှည့်လည်ခြင်းနဲ့ တိပိဋကစူဠနာဂ ထေရ်မှာ ထိုမျှလောက်လေးစားလောက်တဲ့ သမ္ပာပယောဂရှိနေတယ်လို့ သိရပါတယ်။ ဋီကာ။ ]

ဒီလို ပယောဂဝိပတ္တိက တားမြစ်ထားတဲ့အတွက် အကျိုးမပေးနိုင်တဲ့ ကုသိုလ်ကံတွေဟာ ပြည့်စုံတဲ့အားထုတ်မှုကို အကြောင်းပြုပြီး အကျိုးပေးကြပါတယ်၊ အဲဒီလိုလဲ ဗုဒ္ဓမြတ်စွာက သိတော်မူပါတယ်။

ဒီလို ပျက်စီးခြင်း ၄–မျိုးတို့ရဲ့ တားမြစ်မှုကို ခံနေရတဲ့ ကောင်းမှုကုသိုလ်ကံက အကျိုးမပေးဘဲ ပြည့်စုံခြင်း ၄–မျိုးတို့သို့ ရောက်လာလို့ရှိရင် အကျိုးပေးပါတယ်။

**အဘ္ဘုတောပမာ** ဒီနေရာမှာ ဥပမာကလေးတစ်ခု ဆောင်ပြပါ့မယ်၊ မင်းတစ်ဦးက အမတ်တစ်ဦးအား အပြစ်အနည်းငယ်ကြောင့် အမျက်ထွက် စိတ်ဆိုးပြီး အချုပ်ထောင်မှာ အချုပ်အနှောင်ခိုင်းထားပါတယ်၊ အမတ်ရဲ့ဆွေမျိုးတွေက မင်းရဲ့စိတ်ဆိုးနေကြောင်းကို သိရတဲ့အတွက် ဘာစကားကိုမျှ မပြောကြားဘဲ ကြမ်းတမ်းတဲ့အမျက်ဒေါသ ကင်းကွာသွားတဲ့အခါ ရှင်ဘုရင်အား အဲဒီအမတ်ရဲ့ အပြစ်မရှိကြောင်းကို အသိပေးကြပါတယ်၊ မင်းက ထောင်ကလွှတ်ပြီး နဂိုရာထူးမှာပဲ သူ့ကို ခန့်ထားပါတယ်၊ အဲဒီအချိန်မှာ အဲဒီအမတ်ရဲ့ ဟိုအရပ် ဒီအရပ်ကလာတဲ့ လက်ဆောင်ပဏ္ဏာတွေဟာ အတိုင်းအရှည်မရှိအောင် များပြားနေပါတော့တယ်၊ အမတ်ရဲ့ဘဏ္ဍာထိန်းတွေက များလွန်းတဲ့အတွက် လက်မခံနိုင်လောက်အောင် ဖြစ်နေပါတော့တယ်။

အဲဒီဥပမာစကားရပ်မှာ မင်းရဲ့အနည်းငယ်မျှနဲ့ စိတ်ဆိုးပြီး အမတ်ကို အချုပ်ထောင်မှာ ချုပ်နှောင်ထားရာ အခါက ပုထုဇဉ်ပုဂ္ဂိုလ်ရဲ့ ငရဲမှာဖြစ်ရတဲ့အခါနှင့် တူပါတယ်။

အချုပ်အနှောင်ခံနေရတဲ့အချိန်မှာ အချုပ်အနှောင်ခံနေရတဲ့ အမတ်ရဲ့ဆွေမျိုးတွေက မင်းကို သိနားလည်စေပြီး ရာထူးပြန်ရအောင် လုပ်တဲ့အခါက ပုထုဇဉ်ပုဂ္ဂိုလ်ရဲ့ နတ်ပြည်မှာဖြစ်ရာအခါနှင့် တူပါတယ်။

လက်ဆောင်ပဏ္ဏာကို လက်မခံနိုင်ရာအခါက ပြည့်စုံမှု ၄–မျိုးတို့ ရောက်ပြီး ကောင်းတဲ့ကံတွေရဲ့ နတ်ပြည်ကလူ့ပြည်သို့ ဒီလိုချမ်းသာရာအရပ်က ချမ်းသာရာ

www.burmeseclassic.com

www.burmeseclassic.com



အရပ်သို့ ပို့ဆောင်ပြီး ကမ္ဘာတစ်သိန်းကာလပတ်လုံးလဲ ချမ်းသာတဲ့ အကျိုးကို ပေးပြီး နိဗ္ဗာန်သို့ ရောက်စေခြင်းနှင့် တူပါတယ်။

"ဒီနေ့ တရားပွဲကို ဒီမှာပဲ လက်စသတ်ကြစို့ရဲ့၊ ပြောလာခဲ့တဲ့အတိုင်း သမ္မတ္တိ ၄-ပါးနှင့် ပြည့်စုံအောင် အားထုတ်ကြပြီး ကောင်းတဲ့ကံတွေရဲ့ အကျိုးကို ခံစားရင်း အဆုံးမှာ မဂ်, ဖိုလ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ကြ ပါစေသတည်း"။

တော်သလင်းလဆန်း ၁၅-ရက်

ဒီနေ့တော့ ပဋိသမ္ဘိဒါမဂ်ဒေသနာတော်နည်းအရ ကံ ၁၂-ပါးကို အခြေခံထားပြီး ဟောပြသွားပါ့မယ်။

## ပဋိသမ္ဘိဒါမဂ်ဒေသနာနည်း
## ကံ ၁၂-ပါး

၁။ အတိတ်ကဖြစ်ခဲ့ပြီး အတိတ်မှာ အကျိုးပေးခဲ့သောကံ၊
၂။ အတိတ်ကဖြစ်ခဲ့ပြီး အတိတ်မှာ အကျိုးမပေးခဲ့သောကံ၊
၃။ အတိတ်ကဖြစ်ခဲ့ပြီး ပစ္စုပ္ပန်မှာ အကျိုးပေးသောကံ၊
၄။ အတိတ်ကဖြစ်ခဲ့ပြီး ပစ္စုပ္ပန်မှာ အကျိုးမပေးသောကံ၊
၅။ အတိတ်ကဖြစ်ခဲ့ပြီး အနာဂတ်မှာ အကျိုးပေးမယ့်ကံ၊
၆။ အတိတ်ကဖြစ်ခဲ့ပြီး အနာဂတ်မှာ အကျိုးမပေးမယ့်ကံ၊
၇။ ပစ္စုပ္ပန်မှာဖြစ်၍ ပစ္စုပ္ပန်မှာ အကျိုးပေးသောကံ၊
၈။ ပစ္စုပ္ပန်မှာဖြစ်၍ ပစ္စုပ္ပန်မှာ အကျိုးမပေးသောကံ၊
၉။ ပစ္စုပ္ပန်မှာဖြစ်၍ အနာဂတ်မှာ အကျိုးပေးမယ့်ကံ၊
၁၀။ ပစ္စုပ္ပန်မှာဖြစ်၍ အနာဂတ်မှာ အကျိုးမပေးမယ့်ကံ၊
၁၁။ အနာဂတ်မှာဖြစ်၍ အနာဂတ်မှာ အကျိုးပေးမယ့်ကံ၊
၁၂။ အနာဂတ်မှာဖြစ်၍ အနာဂတ်မှာ အကျိုးမပေးမယ့်ကံ၊

ဒီလို ပဋိသမ္ဘိဒါမဂ်ပါဠိတော်မှာ ကံ ၁၂-ပါး ဝေဖန်ပြထားပါတယ်။

**၁။ အတိတ်မှာဖြစ်ပြီး အတိတ်မှာအကျိုးပေး**

အဲဒီကံ ၁၂-မျိုးထဲက အတိတ်ဘဝမှာ အားထုတ်ခဲ့ပြီး အတိတ်ဘဝမှာပဲ အကျိုး ပေးလှည့်ရတဲ့- ပဋိသန္ဓေကိုဖြစ်စေနိုင်တဲ့ကံက ပဋိသန္ဓေကို ဖြစ်စေပြီး, ရုပ်ကိုဖြစ်စေ

www.burmeseclassic.com

www.burmeseclassic.com



နိုင်တဲ့ကံက ရုပ်ကိုဖြစ်စေတဲ့ကံဟာ "အတိတ်မှာဖြစ်ခဲ့ပြီး အတိတ်မှာ အကျိုးပေးခဲ့တဲ့ကံ" မည်ပါတယ်။

**၂။ အတိတ်မှာဖြစ်ပြီး အတိတ်မှာအကျိုးမပေး**

အတိတ်ဘဝက အားထုတ်ခဲ့ပြီး အတိတ်ဘဝမှာ အကျိုးပေးလှည့်မရတဲ့– ပဋိသန္ဓေကို ဖြစ်စေတဲ့ကံက ပဋိသန္ဓေကို မဖြစ်စေနိုင်, ရုပ်ကိုဖြစ်စေတတ်တဲ့ကံက ရုပ်ကို မဖြစ်စေနိုင်တဲ့ကံကတော့ "အတိတ်ဘဝမှာဖြစ်ခဲ့ပြီး အတိတ်ဘဝမှာ အကျိုးမပေးခဲ့တဲ့ကံ" မည်ပါတယ်။

**၃။ အတိတ်ဘဝမှာဖြစ်ခဲ့ပြီး ပစ္စုပ္ပန်မှာအကျိုးပေး**

အတိတ်ဘဝက အားထုတ်ခဲ့ပြီး ယခုပစ္စုပ္ပန်ဘဝကျမှ အကျိုးပေးလှည့်ရတဲ့– ပဋိသန္ဓေကို ဖြစ်စေနိုင်တဲ့ကံက ပဋိသန္ဓေကို ဖြစ်စေပြီး, ရုပ်ကိုဖြစ်စေနိုင်တဲကံက ရုပ်ကိုဖြစ်စေတဲ့ကံဟာ "အတိတ်ဘဝကဖြစ်ခဲ့ပြီး ယခုပစ္စုပ္ပန်ဘဝမှာ အကျိုးပေးတဲ့ကံ" မည်ပါတယ်။

**၄။ အတိတ်ဘဝမှာဖြစ်ခဲ့ပြီး ပစ္စုပ္ပန်မှာအကျိုးမပေး**

အတိတ်ဘဝက အားထုတ်ခဲ့ပြီး ပစ္စုပ္ပန်ဘဝမှာ အကျိုးပေးလှည့်မရတဲ့– ပဋိသန္ဓေကို ဖြစ်စေတတ်တဲ့ကံက ပဋိသန္ဓေကို မဖြစ်စေနိုင်, ရုပ်ကိုဖြစ်စေတတ်တဲ့ကံက ရုပ်ကို မဖြစ်စေနိုင်တဲ့ကံကတော့ "အတိတ်ဘဝကဖြစ်ခဲ့ပြီး ပစ္စုပ္ပန်ဘဝမှာ အကျိုးမပေးတဲ့ကံ" မည်ပါတယ်။

**၅။ အတိတ်ကဖြစ်ခဲ့ပြီး အနာဂတ်မှာအကျိုးပေး**

အတိတ်ကပြုလုပ်ခဲ့ပြီး အနာဂတ်ဘဝကျတော့မှ အကျိုးပေးလှည့်ကိုရတဲ့– ပဋိသန္ဓေကို ဖြစ်စေတတ်တဲ့ကံက ပဋိသန္ဓေကို ဖြစ်စေနိုင်, ရုပ်ကိုဖြစ်စေတတ်တဲ့ကံက ရုပ်ကိုဖြစ်စေနိုင်တဲ့ကံကတော့ "အတိတ်ကဖြစ်ခဲ့ပြီး အနာဂတ်မှာ အကျိုးပေးမဲ့ကံ" မည်ပါတယ်။

**၆။ အတိတ်ကဖြစ်ခဲ့ပြီး အနာဂတ်မှာအကျိုးမပေး**

အတိတ်ကပြုလုပ်ခဲ့ပြီး အနာဂတ်ဘဝကျတော့ အကျိုးပေးခွင့်မရတဲ့– ပဋိသန္ဓေကို ဖြစ်စေတတ်တဲကံက ပဋိသန္ဓေကို မဖြစ်စေနိုင်, ရုပ်ကိုဖြစ်စေတတ်တဲ့ကံက ရုပ်ကို မဖြစ်စေနိုင်မဲ့ကံဟာ "အတိတ်ဘဝကဖြစ်ခဲ့ပြီး အနာဂတ်ဘဝမှာ အကျိုးမပေးမဲ့ကံ" မည်ပါတယ်။

**၇။ ပစ္စုပ္ပန်မှာဖြစ်၍ ပစ္စုပ္ပန်မှာအကျိုးပေး**

ယခုပစ္စုပ္ပန်ဘဝမှာ အားထုတ်ထားပြီး ယခုပစ္စုပ္ပန်ဘဝမှာပဲ အကျိုးပေးလှည့်ကိုရတဲ့ကံကတော့ "ပစ္စုပ္ပန်ဘဝမှာဖြစ်၍ ပစ္စုပ္ပန်ဘဝမှာပဲ အကျိုးပေးသောကံ" မည်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



**၈။ ပစ္စုပ္ပန်မှာဖြစ်၍ ပစ္စုပ္ပန်မှာအကျိုးမပေး**

ယခုပစ္စုပ္ပန်ဘဝမှာ အားထုတ်ထားပြီး ယခုပစ္စုပ္ပန်ဘဝမှာ အကျိုးပေးလှည့်ကို မရတဲ့ ကံကတော့ "ပစ္စုပ္ပန်ဘဝမှာ ဖြစ်၍ ပစ္စုပ္ပန်ဘဝမှာ အကျိုးမပေးတဲ့ကံ" မည်ပါတယ်။

**၉။ ပစ္စုပ္ပန်မှာဖြစ်၍ အနာဂတ်မှာအကျိုးပေး**

ယခုပစ္စုပ္ပန်ဘဝမှာ အားထုတ်ထားပြီး အနာဂတ်ဘဝကျမှ အကျိုးပေးလှည့်ကို ရမဲ့— ပဋိသန္ဓေကို ဖြစ်စေတတ်တဲ့ကံက ပဋိသန္ဓေကို ဖြစ်စေနိုင်, ရုပ်ကိုဖြစ်စေတတ်တဲ့ ကံက ရုပ်ကို ဖြစ်စေနိုင်တဲ့ကံကတော့ "ပစ္စုပ္ပန်မှာဖြစ်၍ အနာဂတ်မှာ အကျိုး ပေးမဲ့ကံ" မည်ပါတယ်။

**၁၀။ ပစ္စုပ္ပန်မှာဖြစ်၍ အနာဂတ်မှာအကျိုးမပေး**

ယခုပစ္စုပ္ပန်ဘဝမှာ အားထုတ်ထားပြီး အနာဂတ်ဘဝမှာ အကျိုးပေးလှည့်ကို မရမဲ့— ပဋိသန္ဓေကို ဖြစ်စေတတ်တဲ့ကံက ပဋိသန္ဓေကို ဖြစ်စေနိုင်, ရုပ်ကိုဖြစ်စေ တတ်တဲ့ကံက ရုပ်ကိုပြစ်စေနိုင်တဲ့ကံကတော့ "ပစ္စုပ္ပန်မှာဖြစ်၍ အနာဂတ်မှာ အကျိုးမပေးမဲ့ကံ" မည်ပါတယ်။

**၁၁။ အနာဂတ်မှာဖြစ်၍ အနာဂတ်မှာအကျိုးပေး**

အနာဂတ်ဘဝမှာ အားထုတ်ပြီးအနာဂတ်ဘဝမှာပဲ အကျိုးပေးလှည့်ကိုရမဲ့— ပဋိသန္ဓေကိုဖြစ်စေတတ်တဲ့ကံက ပဋိသန္ဓေကိုဖြစ်စေနိုင်, ရုပ်ကိုဖြစ်စေတတ်တဲ့ ကံက ရုပ်ကိုဖြစ်စေနိုင်မဲ့ကံမျိုးကတော့ "အနာဂတ်မှာဖြစ်၍ အနာဂတ်မှာပဲ အကျိုး ပေးမဲ့ကံ" မည်ပါတယ်။

**၁၂။ အနာဂတ်မှာဖြစ်၍ အနာဂတ်မှာအကျိုးမပေး**

အနာဂတ်ဘဝမှာ အားထုတ်ပြီး အနာဂတ်ဘဝမှာ အကျိုးပေးလှည့် မရမဲ့— ပဋိသန္ဓေကို ဖြစ်စေတတ်တဲ့ကံက ပဋိသန္ဓေကို မဖြစ်စေနိုင်, ရုပ်ကိုဖြစ်စေတတ်တဲ့ ကံက ရုပ်ကိုမဖြစ်စေနိုင်မဲ့ကံကတော့ "အနာဂတ်ဘဝမှာ ဖြစ်၍ အနာဂတ်မှာ အကျိုးမပေးမဲ့ကံ" မည်ပါတယ်။

ဒီလို ပဋိသမ္ဘိဒါမဂ်ပါဠိတော်နည်းအနေနဲ့ ကံ ၁၂–ပါးတို့ကို ဝေဖန်ထားကြ ပါတယ်။

**ကံ ၃–ပါးသာ** ပဋိသမ္ဘိဒါမဂ်ပါဠိတော်နည်းနဲ့ ဝေဖန်ထားတဲ့ ကံ ၁၂–မျိုးနှင့် အဘိဓမ္မာနည်းနဲ့ ဝေဖန်ထားတဲ့ ကံ ၁၆–မျိုးတို့ကို ချန်လှပ် ထားလိုက်တော့ သုတ္တန်ဒေသနာနည်းနဲ့ ဟောတော်မူထားတဲ့ကံ ၁၀–မျိုးတို့သာ ရှိနေကြပါတော့တယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီကံ ၁၁–ပါးထဲကလဲ ၈–ပါးကို ချန်လှပ်ပြီး ဒိဋ္ဌဓမ္မဝေဒနီယကံ, ဥပပဇ္ဇဝေဒနီယကံ, အပရာပရိယဝေဒနီယကံ ၃–ပါးတို့ကိုသာ ယူသင့်ပါတယ်၊ ဒီကံ ၃–ပါးထဲမှာပဲ ကျန်တဲ့ကံတွေက ထိုက်သလို ပါဝင်သွားကြပါတယ်။

**ကံ ၃–ပါးရဲ့သဘော** အဲဒီ ကံတွေဟာ ကိုယ့်သဘောမှာသာ ကိုယ်တည်နေကြပါတယ်၊ ဒိဋ္ဌဓမ္မဝေဒနီယကံက ဥပပဇ္ဇဝေဒနီယကံ, အပရာပရိယဝေဒနီယကံ–သဘောကို မပြောင်း၊ ဥပပဇ္ဇဝေဒနီယကံက အပရာပရိယဝေဒနီယကံ, ဒိဋ္ဌဓမ္မဝေဒနီယကံ–သဘောကို မပြောင်း၊ အပရာပရိယဝေဒနီယကံက ဒိဋ္ဌဓမ္မဝေဒနီယကံ, ဥပပဇ္ဇဝေဒနီယကံ–သဘောကို မပြောင်းပါဘူး၊ ကိုယ်နှင့်သက်ဆိုင်ရာမှာသာ အကျိုးပေးကြပါတယ်၊ အနည်းငယ်ရှင်းပြပါအုံးမယ်။

**ကံကိုပိုင်းပုံ** ဒိဋ္ဌဓမ္မဝေဒနီယ အပရာပရိယဝေဒနီယ ဥပပဇ္ဇဝေဒနီယ

ဘဝင် မနော, ဇော, ဇော, ဇော, ဇော, ဇော, ဇော, ဇော, ဘဝင်

**အကျိုးပေးရာ** ယခုဘဝ တတိယဘဝမှ နိဗ္ဗာန်တိုင်အောင် ဒုတိယဘဝ

တစ်ခုသောဇောစိတ်အစဉ်မှာ ကုသိုလ်ပဲဖြစ်ဖြစ်, အကုသိုလ်ပဲဖြစ်ဖြစ် ဇောစိတ် ၇–ကြိမ်ထဲက ပထမဇောစေတနာဟာ ဒီဘဝ( ပြုလုပ်တဲ့ဘဝ )မှာပဲ အကျိုးပေးပါတယ်၊ ဒီကံမျိုးကိုပဲ အတိတ်ကဖြစ်ခဲ့ပြီး အတိတ်မှာ အကျိုးပေးတဲ့ကံ, ပစ္စုပ္ပန်မှာဖြစ်ပြီး ပစ္စုပ္ပန်မှာ အကျိုးပေတဲ့ကံ, အနာဂတ်မှာဖြစ်ပြီး အနာဂတ်မှာ အကျိုးပေးတဲ့ကံလို့ အခါကာလအားလျော်စွာ ဆိုရပါတယ်။

အဲဒီလို အကျိုးမပေးနိုင်လို့ရှိရင် အဟောသိကံ ဖြစ်သွားပါတယ်၊ အကျိုးမပေးတော့ပါဘူး၊ ဒီကံမျိုးကိုပဲ အတိတ်ကဖြစ်ခဲ့ပြီး အတိတ်မှာ အကျိုးမပေးတဲ့ကံ, အတိတ်မှာဖြစ်ခဲ့ပြီး ပစ္စုပ္ပန်မှာ အကျိုးမပေးတဲ့ကံ, အတိတ်ကဖြစ်ခဲ့ပြီး အနာဂတ်မှာ အကျိုးမပေးတဲ့ကံ–စသည် ခေါ်ဆိုရပါတယ်။

ဒါန–စတဲ့ကိစ္စ, ပါဏာတိပါတ–စတဲ့ကိစ္စကို ပြီးစေတတ်တဲ့ အထမြောက်စေတတ်တဲ့ သတ္တမဇောစေတနာကတော့ ဥပပဇ္ဇဝေဒနီယကံ မည်ပါတယ်၊ ဒီသတ္တမဇောစေတနာဟာ ဒီဘဝကသေသွားရင် နောက်ဘဝ( ဒုတိယဘဝ )မှာ အကျိုးပေးပါတယ်၊ ဒါကိုပဲ အတိတ်ကဖြစ်ခဲ့ပြီး ပစ္စုပ္ပန်မှာ အကျိုးပေးတဲ့ကံ, ပစ္စုပ္ပန်မှာဖြစ်ပြီး အနာဂတ်မှာ အကျိုးပေးမဲ့ကံလို့ အခါကာလအားလျော်စွာ ဆိုရပါတယ်၊ ဒီလို အကျိုးမပေးနိုင်ရင် အဟောသိကံ ဖြစ်သွားပါတယ်၊ အကျိုးမပေးတော့ပါဘူး။

အစ(ပထမ)ဇောနှင့် သတ္တမဇောတို့၏အကြား အလယ်ဇောစေတနာ ၅–ပါးကတော့ အပရာပရိယဝေဒနီယကံ မည်ပါတယ်၊ အဲဒီ အလယ်ဇော ၅–ချက် စေတ

www.burmeseclassic.com

www.burmeseclassic.com



နာဟာ နောင်အခွင့်ရတဲ့အခါမှာ အကျိုးပေးပါတယ်၊ အဲဒီကံကို ပြုလုပ်ထားတဲ့ ပုဂ္ဂိုလ်က သံသရာမှာ ဖြစ်နေသမျှ အဟောသိကံဆိုတာ မဖြစ်ပါဘူး၊ ရဟန္တာဖြစ်လို့ နိဗ္ဗာန်သွားမှပဲ အဟောသိကံ ဖြစ်ပါတော့တယ်။

ဒီကံတွေနဲ့ စပ်လျဉ်းလို့ ပိုပြီး အသိဉာဏ်ရှင်းသွားအောင် ဝတ္ထုသာဓကတွေ အကုသိုလ်အရာမှာရော, ကုသိုလ်အရာမှာရော ထုတ်ပြပါအုံးမယ်၊ အဲဒီ အထဲက အကုသိုလ်နှင့်ဆိုင်တဲ့ ဒိဋ္ဌဓမ္မိကအကျိုးကို ဦးစွာပြောပြပါ့မယ်။

**ကောကာလိက** ဗုဒ္ဓမြတ်စွာက သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံး နေတော်မူပါတယ်၊ တစ်ခုသောဝါတွင်းမှာ အဂ္ဂသာဝက ၂-ပါး တို့က အပေါင်းအသင်းကို ပယ်စွန့်ပြီး အေးဆေးငြိမ်သက်စွာ နေလိုကြတဲ့အကြောင်း ကို ဗုဒ္ဓမြတ်စွာအား ပန်ကြားလျှောက်ထားကြပါတယ်၊ ကောကာလိကတိုင်း ကောကာ လိကနေထိုင်ရာအရပ်ကို သွားကြပြီး ကောကာလိကကို ပြောဆိုကြပါတယ်။

"ငါ့ရှင်ကောကာလိက ! ငါ့ရှင်ကိုအမှီပြုပြီး တပည့်တော်တို့က ချမ်းသာစွာ နေကြရပါလိမ့်မယ်၊ တပည့်တော်တို့ကိုအမှီပြုပြီး ငါ့ရှင်လဲ ချမ်းသာစွာ နေထိုင် ရပါလိမ့်မယ်၊ ဒီဝါတွင်း ၃-လလုံးလုံး တပည့်တော်တို့က ဒီမှာပဲ နေလိုကြ ပါတယ်"။

"အရှင်ဘုရားတို့ ! တပည့်တော်ကို အမှီပြုပြီး အရှင်ဘုရားတို့ ချမ်းချမ်း သာသာ နေရမယ်ဆိုတာဟာ ဘာပါလဲ ?"။

"ငါ့ရှင် ! ငါ့ရှင်က 'အဂ္ဂသာဝက ၂-ပါးတို့ဟာ ဒီမှာ သီတင်းသုံး နေထိုင်ကြတယ်'လို့ ဘယ်သူ့ကိုမှ မပြောလို့ရှိရင် တပည့်တော်တို့ ချမ်းချမ်း သာသာ နေကြရမှာပဲ၊ ဒါက ငါ့ရှင်ကို အမှီပြုပြီး တပည့်တော်တို့ရဲ့ ချမ်းချမ်း သာသာ နေရတာပါပဲ"။

"ပြီးတော့ကော အရှင်ဘုရားတို့ကို အမှီပြုပြီး တပည့်တော်က ချမ်းချမ်း သာသာ နေရမယ်ဆိုတာကကော ဘာပါလဲ ?"။

"တပည့်တော်တို့က အရှင်ဘုရားအား ဝါတွင်း ၃-လပတ်လုံး ပိဋကတ် စာပေပို့ချပေးပါ့မယ်၊ တရားဟောပြောပါ့မယ်၊ ဒါဟာ အရှင်ဘုရားရဲ့ တပည့် တော်တို့ကို အမှီပြုပြီး ချမ်းချမ်းသာသာ နေထိုင်ရခြင်းပေါ့"။

"ငါ့ရှင်တို့ ! အလိုရှိသလို နေတော်မူကြပါ"။

ကောကာလိကက သဘောတူကျေနပ်ပြီး မထေရ်များနှင့် သင့်တော်တဲ့ကျောင်းကို ပေးထားပါတယ်၊ မထေရ်များကလဲ သမာပတ္တိသုခနဲ့ ချမ်းသာစွာ နေထိုင်ကြပါတယ်၊ မည်သူတစ်ဦးတစ်ယောက်မျှ မထေရ်များ အဲဒီနေရာမှာ နေထိုင်ကြောင်းကို မသိ ကြပါ။

www.burmeseclassic.com

www.burmeseclassic.com



မထေရ် ၂–ပါးတို့က သီတင်းဝါလကျွတ်လို့ ပဝါရဏာပြုပြီးတဲ့နောက် ကောကာလိကကို ပန်ပြောကြပါတယ်။

"ငါ့ရှင် ! ငါ့ရှင်ကို အမှီပြုပြီး တပည့်တော်တို့က ချမ်းချမ်းသာသာ နေခဲ့ကြရပါတယ်၊ ယခု ဘုရားဖူးရအောင် သွားကြပါတော့မယ် ?"။

ကောကာလိကက ကျေနပ်လက်ခံပါတယ်၊ မထေရ် ၂–ပါးနှင့်အတူ ကျောင်းနားရွာမှာ ဆွမ်းခံပါတယ်၊ မထေရ်များက ဆွမ်းကိစ္စပြီးတဲ့အခါ ရွာမှ ထွက်လာခဲ့ကြပါတယ်၊ ကောကာလိကက မထေရ် ၂–ပါးကို အတန်ငယ်လိုက်ပို့ပြီး ရွာထဲကို ပြန်လာခဲ့ပါတယ်၊ ထို့နောက် ရွာသူရွာသားတွေကို ဆူပူကြိမ်းမောင်းပါတယ်။

"ဒကာတို့ ! သင်တို့တစ်တွေဟာ တိရစ္ဆာန်တွေနှင့် တူလှချည့်လား၊ အဂ္ဂသာဝက ၂–ပါးတို့ ရွာဦးကျောင်းမှာ ဝါတွင်း ၃–လပတ်လုံး နေသွားကြတာကို မသိကြဘူး၊ အခု သူတို့ပြန်သွားကြပြီ"။

"ဘာ့ကြောင့် အရှင်ဘုရားတို့က တပည့်တော်တို့ကို အမိန့်မရှိကြပါသလဲဘုရား ?"။

ရွာသူရွာသားတွေက ကောကာလိကကိုလဲ အပြစ်တင်ကြပါတယ်၊ များပြားလှဟဲ့ ထောပတ်, ဆီ–စတဲ့ ဆေးတွေ, အဝတ်တွေကိုလဲ ယူပြီး မထေရ်များနောက်ကို လိုက်သွားကြပါတယ်။

"အရှင်ဘုရားတို့ ! တပည့်တော်တို့ကို သည်းခံတော်မူကြပါ၊ တပည့်တော်တို့က အရှင်ဘုရားတို့ရဲ့ အဂ္ဂသာဝကတွေဖြစ်ကြောင်းကို မသိကြပါ၊ ယနေ့ ကျမှ အရှင်ကောကာလိကက ပြောပြလို့ သိကြရပါတယ်၊ တပည့်တော်တို့ကို သနားငဲ့ညှာပြီး ဒီဆေးတွေ, အဝတ်တွေကို အလှူခံတော်မူကြပါ"။

သူတို့က မထေရ်များကို မီတဲ့အခါ ရှိသေစွာ ရှိခိုးဝပ်ချပြီး တောင်းပန်လျှောက်ထားကြပါတယ်။

"မထေရ်တွေဟာ အလိုနည်းတယ်၊ ရှိတာလေးနဲ့ တင်းတိမ်ရောင့်ရဲနေကြတယ်၊ ဒီအဝတ်တွေ, ဆေးတွေကို ကိုယ်တိုင် မခံယူကြဘဲ ငါ့ကိုပေးကြလိမ့်မယ်"။

ကောကာလိကလဲ ယုတ်ညံ့အောက်ကျလှတဲ့, လောဘဦးဆောင်နေတဲ့ အကြံအစည်ကို ရင်ဝယ်ပိုက်ပြီး ဥပါသကာတွေနှင့်အတူပဲ မထေရ်တွေရဲ့အနီးကို ရောက်လာခဲ့ပါတယ်၊ ရဟန်းက စီမံသောဝတ္တုများ ဖြစ်နေကြသည့်အတွက် မထေရ်များက မိမိတို့ကိုယ်တိုင် တစ်စုံတစ်ခုကိုမျှ ခံယူတော်မမူကြပါ၊ ကောကာလိကအားလည်း အလှူမခိုင်းကြပါ။

www.burmeseclassic.com

www.burmeseclassic.com



"အရှင်ဘုရားတို့ ! ယခုအလှူမခံလို့ရှိရင် တပည့်တော်တို့အား သနားချီးမြှောက်တဲ့အနေနဲ့ နောက်ထပ် ဒီအရပ်ကို ကြွတော်မူကြပါ"။

ဒကာတွေက လျှောက်ထားတောင်းပန်ကြပေမဲ့ မထေရ်များက ဝန်မခံကြတော့ပါ၊ ဗုဒ္ဓမြတ်စွာထံသို့သာ ကြွတော်မူကြပါတယ်။

"ဒီမထေရ်တွေဟာ ကိုယ်တိုင်မခံယူကြရင် ငါ့ကို အလှူခိုင်းသင့်တာပဲ၊ အခုတော့ ငါ့ကိုလဲ အလှူမခိုင်းကြဘူး"။

စိတ်ထဲက တစိမ့်စိမ့်တွေးပြီး ကောကာလိကက မထေရ်များအပေါ်မှာ ရန်ငြိုးဖွဲ့ပါတော့တယ်။

မထေရ်များလဲ ဗုဒ္ဓမြတ်စွာရဲ့အနားမှာ ရက်အနည်းငယ်မျှသာ နေထိုင်ကြပါတယ်၊ မိမိတို့ရဲ့တပည့် ရဟန်းငါးရာတို့ကို အသီးအသီး ခေါ်ယူပြီး ရဟန်းတစ်ထောင့်နှင့်အတူ ဒေသစာရီ လှည့်လည်ကြွချီတော်မူရင်း ကောကာလိကတိုင်းကို ရောက်သွားကြပါတယ်။

ဥပါသကာတွေက ဝမ်းမြောက်ဝမ်းသာ ကြိုဆိုကြပြီး မထေရ်များကို ဝါဆိုခဲ့တဲ့ ကျောင်းသို့ပဲ ပင့်ဆောင်သွားကြပါတယ်၊ နေ့တိုင်းနေ့တိုင်း များပြားလှတဲ့ ပူဇော်သက္ကာရကို ပြုကြပါတယ်၊ ဆေး, အဝတ်(သင်္ကန်း) အများအပြား ပေးလှူကြပါတယ်၊ မထေရ်တွေနှင့် အတူ လိုက်ပါလာတဲ့ ရဟန်းတွေက သူတို့အချင်းချင်းအားသာ သင်္ကန်းကို ဝေဖန်ပေးကြပါတယ်၊ ကောကာလိကကို မပေးကြပါ၊ မထေရ်များကလဲ သူ့ကို အပေးမခိုင်းကြပါ။

"သာရိပုတ္တရာနှင့် မောဂ္ဂလ္လာန်တို့ဟာ အလိုဆိုးရှိကြတယ်၊ ရှေးတုန်းက ဆက်ကပ်လှူဒါန်းတဲ့ လာဘ်လာဘကို မခံယူကြဘဲ အခုမှသာ ခံယူနေကြတယ်၊ ဒီပုဂ္ဂိုလ်တွေရဲ့အလိုကို မပြည့်စေနိုင်ပါဘူး၊ အခြားသူကိုလဲ မငဲ့ညှာတတ်ကြပါဘူး"။

ကောကာလိကက သင်္ကန်းမရတဲ့အတွက် မထေရ်တွေကို ဆဲရေးပါတယ်၊ သွားပုပ်လေလွင့် ပြောဆိုပါတယ်၊ မထေရ်တွေက ဒီကောကာလိကဟာ ငါတို့ကို အကြောင်းပြုပြီး အကုသိုလ်တိုးပွားစေပါတယ်လို့ နှလုံးသွင်းပြီး နောက်ပါရဟန်းတွေနှင့်အတူ ထွက်ကြွလာခဲ့ကြပါတယ်၊ "အရှင်ဘုရားတို့ ! နောက်ထပ်ရက်အနည်းငယ် သီတင်းသုံးတော်မူကြပါအုံး"လို့ လူတွေက လျှောက်ထားတောင်းပန်ကြပေမဲ့ မပြန်လိုကြတော့ပါ။

www.burmeseclassic.com

www.burmeseclassic.com



"ဒကာတို့ ! မထေရ်တွေက ဘယ်လိုလုပ်ပြီး ဒီမှာနေကြပါ့မလဲ၊ ဒကာတို့ရဲ့ကျောင်းထိုင်ဆရာတော်က မထေရ်များ ဒီမှာနေတာကို မကျေနပ်ပါဘူး၊ သည်းမခံနိုင်ပါဘူး"။

ဒကာတွေက ကောကာလိကရဲ့အကြောင်းကို ရဟန်းငယ်တစ်ပါးဆီက တစ်ဆင့်ကြားသိကြရပါတယ်၊ သိလျှင်သိချင်း ကောကာလိကထံ သွားရောက်လျှောက်ထားကြပါတယ်။

•

"အရှင်ဘုရား ! အရှင်ဘုရားတို့က မထေရ်များ ဒီမှာသီတင်းသုံးနေထိုင်တာကို မကျေနပ်ဘူးဆိုပဲ၊ ခပ်မြန်မြန် လိုက်သွားစမ်းပါ၊ မထေရ်တွေကို ကန်တော့ပြီး ဒီကို ပြန်ကြွအောင် ပင့်လာခဲ့ပါ၊ ဒီကိုပြန်ကြွအောင် ပင့်မပေးနိုင်ရင်တော့ အရှင်ဘုရား ဒီကျောင်းကထွက်သွားပြီး အခြားတစ်နေရာမှာသာ သီတင်းသုံးနေထိုင်ပါတော့"။

ဒကာတွေရဲ့စကားကို ကြားရတဲ့အခါ ကောကာလိကက ကြောက်ရွံ့တာနဲ့ နောက်က အပြေးအလွှား လိုက်သွားပြီး မထေရ်များကို တောင်းပန်ပါတယ်။

"ငါ့ရှင် ! သွားတော့၊ တပည့်တော်တို့ မပြန်တော့ပါဘူး"။

မထေရ်များက လက်မခံဘဲ ထွက်ခွာသွားကြပါတယ်၊ ကောကာလိကက မထေရ်များ ပြန်ကြွလာအောင် မစွမ်းဆောင်နိုင်တဲ့အတွက် တစ်ပါးတည်း ကျောင်းကိုပဲ ပြန်ကြွလာပါတယ်။

အဲဒီလို တစ်ပါးတည်း ပြန်လာတာကို တွေ့ရတော့ ဒကာများက သူ့ကို မေးမြန်းလျှောက်ထားကြပါတယ်။

"အရှင်ဘုရားက မထေရ်များ ပြန်ကြွအောင် ပင့်လာခဲ့ပါပြီလား ?"။

"မထေရ်တွေကို ပြန်ကြွအောင် ပင့်မရတော့ဘူး ဒကာတို့ !"။

ဒီစကားကို ကြားရတော့ ဒကာတွေက အညီအညွတ် စဉ်းစားဆုံးဖြတ်ကြပါတယ်။

"ယုတ်မာသော သဘောရှိတဲ့ ရဟန်းဆိုးက ဒီကျောင်းမှာ နေထိုင်ပါရင် သီလကို ချစ်ခင်မြတ်နိုးတဲ့ ရဟန်းတွေက နေနိုင်ကြမယ်မဟုတ်၊ ဒီရဟန်းဆိုးကို နှင်ထုတ်ကြစို့ရဲ့"။

ဒကာတွေက မိမိတို့ ကြံစည်ဆုံးဖြတ်ထားသည့်အတိုင်း ကောကာလိကကို လျှောက်ထားကြပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



"အရှင်ဘုရား ! အရှင်ဘုရားက ဒီကျောင်းမှာ မနေပါနှင့်တော့၊ တပည့်တော်တို့ကို မှီခိုနေထိုင်လို့ အရှင်ဘုရားမှာ ဘာအကျိုးမှ ရှိမယ်မဟုတ်တော့ပါဘူး"။

ဒကာတွေက ပြောဆိုနှင်ထုတ်လိုက်တဲ့အတွက် ကောကာလိကက သပိတ်သင်္ကန်းကိုယူပြီး ဇေတဝန်ကျောင်းတော်သို့ ထွက်သွားပါတယ်၊ အနားကို သွားရောက်ဆည်းကပ်ပြီး ဘုရားကို လျှောက်ထားပါတယ်။

"ရှင်တော်မြတ်ဘုရား ! သာရိပုတ္တရာနှင့် မောဂ္ဂလ္လာန်တို့ဟာ စိတ်သဘောထား ဆိုးသွမ်းယုတ်မာလှပါတယ်၊ ယုတ်မာတဲ့ အလိုကို လိုက်နေကြပါတယ်"။

"ကောကာလိက ! ဒီလို မပြောဆိုပါနဲ့၊ ကောကာလိက ! ဒီလို မပြောဆိုပါနဲ့၊ ကောကာလိက သင်က သာရိပုတ္တရာနှင့် မောဂ္ဂလ္လာန်တို့၌ စိတ်ကို ကြည်လင်စေပါ၊ အဲဒီသာရိပုတ္တရာနှင့် မောဂ္ဂလ္လာန်တို့ဟာ သီလကို ချစ်မြတ်နိုးတဲ့ရဟန်းတွေ ဖြစ်ကြပါတယ်"။

မတော်မတရား လျှောက်ထားလာတဲ့ ကောကာလိကကို ဘုရားရှင်က တားမြစ်လိုက်ပါတယ်၊ တားမြစ်ပေမဲ့ မရတော့ပါ၊ ကောကာလိကက အတွန့်တက်ကာ ပြောဆိုလာပြန်ပါတယ်။

"အရှင်ဘုရား ! အရှင်ဘုရားတို့က ကိုယ့်အဂ္ဂသာဝကတွေကို ယုံကြည်ကြပါတယ်၊ တပည့်တော်ကတော့ မျက်မြင်ကိုယ်တွေ့ ဖြစ်ပါတယ်၊ အဲဒီသာရိပုတ္တရာနှင့် မောဂ္ဂလ္လာန်တို့ဟာ စိတ်သဘောထား ယုတ်ညံ့ကြပါတယ်၊ မကောင်းတဲ့အလုပ်တွေကို ဖုံးဖိထားတတ်ကြပါတယ်၊ သီလရှိသူတွေ မဟုတ်ကြပါ"။

ဘုရားရှင်က ဒီလိုမပြောရန် ၃–ကြိမ်တိုင်အောင် တားမြစ်ပါသေးတယ်၊ ဒါပေမဲ့ မရတော့ပါ၊ အလားတူပဲ ပြောဆိုပြီး နေရာက ထသွားပါတော့တယ်။

ထသွားပြီးတယ်ဆိုရင်ပဲ ကောကာလိကရဲ့ တစ်ကိုယ်လုံးမှာ မုန်ညင်းစေ့လောက်ရှိတဲ့ အဖုကလေးတွေ ပေါက်လာပြီး တစ်ခဏတွင်း ကြီးပွားလာကြပါတယ်၊ ဥသျှစ်သီးလောက် ရှိလာတဲ့အခါ ပေါက်ကွဲပြီး သွေးတွေ၊ ပြည်တွေ ယိုစီးထွက်ကျနေကြပါတယ်၊ ကောကာလိကက ညည်းညူလျက် ကြီးမားသော ဆင်းရဲဝေဒနာကို ခံစားရင်း ဇေတဝန်ကျောင်းတိုက်ရဲ့ တံခါးမုခ်မှာ လဲလျောင်းနေရပါတော့တယ်။ [ ဒါဟာ အဂ္ဂသာဝက ၂–ပါးတို့ကို ပြစ်မှားပြောဆိုတဲ့ ဝစီကံကြောင့် မျက်မှောက်ဘဝမှာပင် အကုသိုလ်ရဲ့အကျိုးကို ခံစားနေရတာ ဖြစ်ပါတယ်။ ]

www.burmeseclassic.com

www.burmeseclassic.com


ကောကာလိကက အဂ္ဂသာဝက ၂-ပါးတို့ကို စွပ်စွဲဆဲရေးခဲ့တယ်လို့ ဗြဟ္မပြည် တိုင်အောင် အုတ်အုတ်ကျက်ကျက် ဖြစ်သွားပါတော့တယ်။

အဲဒီအချိန်မှာ ကောကာလိကရဲ့ ဥပဇ္ဈာယ်ဖြစ်တဲ့ တုရူ-မည်တဲ့ ဗြဟ္မာက ဒီအကြောင်းကို သိရတဲ့အတွက် မထေရ်တို့ကို ကန်တော့ခိုင်းမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဗြဟ္မပြည်က ဆင်းလာခဲ့ပါတယ်၊ ကောင်းကင်မှာရပ်ပြီး သတိပေးစကား ပြောကြား ပါတယ်။

"ကောကာလိက ! သင်က ကြမ်းကြုတ်တဲ့အလုပ်ကို ပြုလုပ်ခဲ့ပါတယ်၊ အဂ္ဂသာဝကတွေကို ကြည်ညိုစေပါလော့"။

"ငါ့ရှင် ! သင် ဘယ်သူလဲ ?"။

"တုရူဗြဟ္မာဆိုတာဟာ ကျုပ်ပါပဲ"။

"ငါ့ရှင် ! ငါ့ရှင်ကို ဘုရားက အနာဂါမ်လို့ ပြောကြားခဲ့တယ် မဟုတ်လား ?၊ အနာဂါမ်ဆိုတာဟာလဲပဲ ဗြဟ္မပြည်က ပြန်မလာခြင်းသဘော ရှိတယ်လို့ ဟောတော်မူထားပါတယ်၊ သင်က အမှိုက်ပုံမှာ နေရတဲ့ ဘုတ်ပြိတ္တာ ဖြစ်ပါလိမ့်မယ်"။

တုရူဗြဟ္မာက ကိုယ့်စကားကို နာယူအောင် မပြောဆိုနိုင်တဲ့အပြင် ကောကာလိကရဲ့ ကြိမ်းမောင်းပြောဆိုမှုကိုသာခံရတဲ့အတွက် ကိုယ့်စကားနဲ့ကိုယ်ပဲ ထင်ရှားပါလိမ့်မယ် လို့ ပြောဆိုထားခဲ့ပြီး သုဒ္ဓါဝါသဘုံသို့သာ ပြန်သွားပါတော့တယ်၊ ကောကာလိကလဲ သေသွားပြီးတာနဲ့ တစ်ပြိုင်နက် ပဒုမငရဲမှာ ဖြစ်ရပါတယ်။ [ ဒါက ဥပပဇ္ဇဝေဒနီယ ကံရဲ့ အကျိုးလို့ မှတ်သင့်ပါတယ်။ ]

**သုစသာမဏေ** ရှေးအခါတုန်းက ဗာရာဏသီသူဌေးမှာ ဂန္ဓလုလင်ဆိုတဲ့သား တစ်ယောက်ရှိပါတယ်၊ အဖေဖြစ်သူ ဗာရာဏသီသူဌေး သေဆုံး သွားတဲ့အခါမှာ ရှင်ဘုရင်က ဂန္ဓလုလင်ကို အခေါ်ခိုင်းလိုက်ပါတယ်၊ ကြီးကျယ်သော ပူဇော်သက္ကာရနဲ့ ဂန္ဓလုလင်ကိုပဲ သူဌေးအရာကို ပေးပါတယ်၊ ဂန္ဓလုလင်ဟာ အဲဒီ အချိန်အခါကစပြီး ဂန္ဓသူဌေးလို့ ထင်ရှားလာပါတယ်။

အဲဒီ အချိန်မှာ ဂန္ဓသူဌေးရဲ့ ဘဏ္ဍာထိန်းက ဥစ္စာတိုက်ခန်းကို ဖွင့်လှစ်ပြီး ဥစ္စာတွေကို ထုတ်ပြပါတယ်။

"အရှင်သူဌေးမင်း ! ဒီမျှလောက်သော ဥစ္စာဟာ အရှင်သူဌေးမင်းရဲ့ အဖေက စုဆောင်းထားခဲ့တဲ့ ဥစ္စာပါပဲ၊ ဒီမျှလောက်သော ဥစ္စာကတော့ အရှင် သူဌေးမင်းရဲ့ အဖိုး-စသူတွေက ထားပစ်ခဲ့ကြတဲ့ ဥစ္စာတွေပါပဲ"။

www.burmeseclassic.com

www.burmeseclassic.com



ဘဏ္ဍာထိန်းရဲ့စကားကို ကြားရတဲ့အခါ ဂန္ဓသူဌေးက ဥစ္စာပုံကို ကြည့်ရှုပြီး မေးမြန်းစုံစမ်းပါတယ်။

"အဲဒီ အဖေ, အဖိုး–စသူတွေက ဒီဥစ္စာတွေကို ယူမသွားကြဘူးလား ?"။

"အရှင်သူဌေးမင်း ! ဥစ္စာကို ယူသွားတဲ့လူတွေဆိုတာ မရှိပါဘူး၊ သတ္တဝါတွေဟာ ကိုယ်က လုပ်ထားတဲ့ ကုသိုလ်, အကုသိုလ်တွေကိုသာ ယူသွားကြပါတယ်"။

ဘဏ္ဍာထိန်းရဲ့စကားကို ကြားရတဲ့အခါ ဂန္ဓသူဌေးက ကြံစည်စဉ်းစားနေပါတယ်။

"အဲဒီ အဖေ, အဖိုး–စတဲ့သူတွေက မလိမ္မာတဲ့အတွက် ဥစ္စာကို စုဆောင်းပြီး ပယ်စွန့်သွားကြတာပဲ၊ ငါကတော့ အဲဒီဥစ္စာတွေကို တစ်ပါတည်းသာ ယူသွားရပေလိမ့်မယ်"။

ဒီလို ကြံစည်တဲ့အခါမှာ "အလှူကိုသော်လဲပေးလှူမယ်၊ ပူဇော်မှုကိုသော်လဲပြုမယ်"လို့ မကြံစည်ဘဲ "ဒါအကုန်လုံးကို စားပြီးမှ သွားမယ်"လို့သာ ကြံစည်နေခဲ့ပါတယ်။

ဂန္ဓသူဌေးက တစ်သိန်းတန် ဖန်ရေချိုးရုံ, တစ်သိန်းတန် ဖန်ရေချိုးပျဉ်ချပ်, တစ်သိန်းတန်ထိုင်စရာ ပလ္လင်, တစ်သိန်းတန် ထမင်းစားခွက်, တစ်သိန်းတန် ထမင်းစားရုံ, တစ်သိန်းတန် စားခွက်တင်စရာ အောက်ခံခွက်–တို့ကို အလုပ်ခိုင်းထားပါတယ်၊ ငွေတစ်သိန်းအကုန်အကျခံပြီး အိမ်မှာ လေသာပြတင်းကိုလဲ တပ်ဆင်ခိုင်းထားပါတယ်၊ မိမိရဲ့ နံနက်စာအတွက် တစ်ထောင်ပေးပါတယ်၊ ညနေစာအတွက်လဲ တစ်ထောင်ပေးပါတယ်၊ လပြည့်နေ့မှာတော့ ထမင်းအတွက် တစ်သိန်းပေးပါတယ်၊ အဲဒီ တစ်သိန်းတန်ထမင်းကို သုံးဆောင်တဲ့နေ့ကျတော့ ငွေတစ်သိန်းအကုန်အကျခံပြီး မြို့ကိုတန်ဆာဆင်ကာ စည်လည်ခိုင်းပါတယ်။

"ဂန္ဓသူဌေးရဲ့ ထမင်းသုံးဆောင်ပုံ အမူအရာကို လာရောက်ကြည့်ရှုနိုင်ကြပါသတဲ့"။

လူအပေါင်းက ညောင်စောင်း အဆင့်ဆင့်ဖွဲ့ပြီး (အနိမ့်အမြင့် အဆင့်ဆင့်သောပွဲကြည့်စင်ပေါ်ကနေပြီး) စည်းစေးကြည့်ရှုနေကြပါတယ်။

ဂန္ဓသူဌေးလဲ တစ်သိန်းတန် ဖန်ရေချိုးရုံမှာ ခင်းထားတဲ့ တစ်သိန်းတန် ဖန်ပျဉ်ချပ်ပေါ်မှာ ထိုင်ပြီး နံ့သာရေအိုး ၁၆–လုံးနဲ့ ရေချိုးပါတယ်၊ တစ်သိန်းတန် လေသာပြတင်းကို အဖွင့်အလှစ်ခိုင်းပြီး တစ်သိန်းတန်ပလ္လင်ပေါ်မှာ ထိုင်နေပါတယ်၊ အဲဒီ

www.burmeseclassic.com

www.burmeseclassic.com



အချိန်မှာ ဂန္ဓသူဌေးရဲ့ တစ်သိန်းတန် အောက်ခံခွက်အပေါ်မှာ တစ်သိန်းတန်ထမင်းစားခွက်ကို တင်ထားကြပြီး တစ်သိန်းတန်ထမင်းကို ခူးခပ်ထည့်ထားကြပါတယ်၊ ဂန္ဓသူဌေးက ကချေသည်တွေ ခြံရံလျက် ဒီလိုစည်းစိမ်ချမ်းသာမျိုးနဲ့ အဲဒီတစ်သိန်းတန် ထမင်းကို သုံးဆောင်နေပါတယ်။

**ထမင်းးတစ်နပ်စာအတွက် ၃–နှစ်ကျွန်ခံသူ**

တစ်ချိန်မှာ ကျေးတောသား တစ်ယောက်က မိမိရဲ့ ရိက္ခာကိုဆောင်ယူရအောင် ထင်းစသည်တို့ကို လှည်းနဲ့ တင်ဆောင်လာပါတယ်၊ မြို့ကိုရောက်တဲ့အခါ သူငယ်ချင်း တစ်ယောက်ရဲ့အိမ်မှာ တည်းခိုနေထိုင်ပါတယ်၊ အဲဒီကျေးတောသား ရောက်လာတဲ့နေ့ဟာ လပြည့်နေ့ဖြစ်နေပါတယ်၊ ဂန္ဓသူဌေးလဲ တစ်မြို့လုံးမှာ စည်လည်ခိုင်းထားပါတယ်။

"ဂန္ဓသူဌေးရဲ့ စားသောက်ရာမှာ တင့်တယ်ပုံကို ကြည့်လိုသူတို့ လာရောက်ကြည့်ရှုနိုင်ကြပါတယ်"။

စည်လည်သံကြားရတဲ့အခါ ကျေးတောသားကို သူငယ်ချင်းဖြစ်သူက မေးမြန်းပြောဆိုပါတယ်။

"မိတ်ဆွေ ! ဂန္ဓသူဌေးရဲ့ စားသောက်ရာမှာ တင့်တယ်ပုံကို ခင်ဗျားတွေ့ဖူးရဲ့လား ?"။

"မတွေ့ဖူးပါဘူး မိတ်ဆွေ !"။

"ဒါဖြင့်ရင် လာ, လိုက်ခဲ့, သွားကြစို့ရဲ့၊ ဂန္ဓသူဌေးက မြို့ထဲမှာစည်လည်ခိုင်းထားပါတယ်၊ သူရဲ့ ကြီးကျယ်တဲ့စည်းစိမ်ကို ကြည့်ကြစို့ရဲ့"။

မြို့သားဖြစ်သူက ကျေးတောသားမိတ်ဆွေကို ခေါ်ယူပြီး သွားပါတယ်၊ လူအပေါင်းကလဲ အနိမ့်အမြင့် အဆင့်ဆင့်ခင်းထားတဲ့ ပွဲကြည့်စင်ပေါ်မှာ တက်ရောက်ပြီး ကြည့်နေကြပါတယ်။

ကျေးတောသားက ထမင်းနံ့ကို နမ်းရှုရရုံနဲ့ပဲ မြို့သားမိတ်ဆွေကို ပြောပါတယ်။

"ကျွန်တော့မှာ ဟိုထမင်းခွက်မှာ ထည့်ထားတဲ့ ထမင်းကို စားလိုတဲ့ အလိုအာသာ ဖြစ်နေပါတယ်"။

"မိတ်ဆွေ ! အဲဒီထမင်းကို မတောင့်တပါနှင့်၊ မရနိုင်ပါဘူး"။

"မိတ်ဆွေ ! မရလို့ရှိရင် ကျွန်တော် အသက်ရှင်နိုင်မယ် မဟုတ်တော့ပါဘူး။ (သေရပါလိမ့်မယ်။)"

www.burmeseclassic.com

www.burmeseclassic.com


မြို့သားဖြစ်သူက ကျေးတောသားမိတ်ဆွေကို မတားမြစ်နိုင်တဲ့အတွက် ပရိသတ်အစွန်မှာ ရပ်ပြီး "အရှင်သူဌေးမင်း ! အရှင်သူဌေးမင်းအား ဦးညွတ်ပါတယ်"လို့ ၃-ကြိမ် ကျယ်လောင်စွာ ကြွေးကြော်လိုက်ပါတယ်၊ အဲဒီ အသံကို ကြားရတော့ ဂန္ဓသူဌေးက စုံစမ်းမေးမြန်းပါတယ်။

"ဒါ ဘယ်သူလဲ ?"။

"ကျွန်တော်က မြို့မှာနေသူတစ်ဦးပါ၊ အရှင်သူဌေးမင်း !"။

"ဒီလို ဘာ့ကြောင့် ကျယ်လောင်တဲ့အသံနဲ့ ကြွေးကြော်ရသလဲ ?"။

"ဒီကျေးတောသားတစ်ယောက်က အရှင်သူဌေးမင်းတို့ရဲ့ ခွက်ထဲမှာ ထည့်ထားတဲ့ ထမင်းကို (စားလိုတဲ့အာသာ ဖြစ်စေပါတယ်၊) စားချင်နေပါတယ်၊ ထမင်းတစ်ဆုပ်လောက် ကယ်မပေးသနားတော်မူပါ"။

"မပေးနိုင်ပါဘူးကွာ"။

ဂန္ဓသူဌေးရဲ့ စကားကို ကြားရတဲ့အခါ မြို့သားမိတ်ဆွေက ကျေးတောသားသူငယ်ချင်းကို လှည့်ပြောပြန်တယ်။

"မိတ်ဆွေ ! ခင်ဗျားကြားတယ် မဟုတ်လား ?"။

"ကျွန်တော် ကြားပါတယ်၊ အမှန်မှာ ရမှသာ ကျွန်တော်က အသက်ရှင်မှာပါ၊ မရလို့ရှိရင် ကျွန်တော် သေရပါလိမ့်မယ်"။

ကျေးတောသားမိတ်ဆွေရဲ့ စကားကို ကြားရတော့ မြို့သားသူငယ်ချင်းက နောက်ထပ်ပြောဆိုပြန်ပါတယ်။

"အရှင်သူဌေးမင်း ! ဒီကျွန်တော်ရဲ့ သူငယ်ချင်းဖြစ်သူဟာ မရလို့ရှိရင် တကယ်ပဲ သေရပါလိမ့်မယ်၊ သူ့အား အသက်ကယ်မ ပေးသနားတော်မူပါ"။

"အမောင် ! ထမင်းတစ်ဆုပ်ဆိုတာဟာ တစ်ရာလဲတန်တယ်၊ ၂-ရာလဲ တန်တယ်၊ တောင်းလာသမျှလူအား ပေးနေမယ်ဆိုရင် ကျွန်ုပ်အတွက် ဘာစားစရာ ကျန်တော့မလဲ ?"။

"အရှင်သူဌေးမင်း ! ဒီလူဟာ မရလို့ရှိရင် သေသွားပါလိမ့်မယ်၊ သူ့အား အသက်ကို ပေးသနားတော်မူပါ"။

"အလကား မရနိုင်ဘူး၊ မရလို့ရှိရင် အသက်မရှင်ဘူးဆိုရင် ၃-နှစ်လုံးလုံး အကျွန်ုပ်အိမ်မှာ အခစားအလုပ်ကို လုပ်ရမယ်၊ အဲဒီလိုလုပ်ရင် သူ့အား ထမင်းတစ်ခွက်ကို ပေးမယ်"။

www.burmeseclassic.com

www.burmeseclassic.com



ကျေးတောသားက ဒီစကားကို ကြားရတော့ "သူပြောတဲ့အတိုင်းပဲ ဖြစ်ပါစေတော့ မိတ်ဆွေ !"လို့ ဝမ်းမြောက်ဝမ်းသာ ပြောဆိုပါတယ်၊ သားမယားကို ပယ်စွန့်ပြီး "ထမင်းတစ်ခွက်အတွက် ၃–နှစ်လုံးလုံး အခစားအလုပ်ကို လုပ်တော့မယ်"လို့ သူဌေးရဲ့အိမ်ကို ဝင်သွားပါတော့တယ်၊ အဲဒီ ကျေးတောသားက အခစားလုပ်တဲ့ အခါမှာ အလုပ်အကုန်လုံးတို့ကို လေးလေးစားစားပဲ လုပ်ပါတယ်၊ အိမ်မှာပဲဖြစ်ဖြစ်၊ တောမှာပဲဖြစ်ဖြစ် ညဥ့်အခါမှာရော၊ နေ့အခါမှာရော လုပ်စရာအလုပ် အကုန်လုံးတို့ဟာ လုပ်ပြီးသားချည်းပဲဖြစ်နေပါတယ်၊ "ဘတ္တဘတိက"လို့ ပြောလိုက်လို့ရှိရင် တစ်မြို့လုံးမှာ မသိတဲ့လူရယ်လို့ မရှိတော့ပါ။

ဘတ္တဘတိကရဲ့ အလုပ်လုပ်တဲ့နေ့ ၃–နှစ်ပြည့်လာချိန်မှာ ထမင်းကို စီမံချက်ပြုတ်တဲ့ အိုးသူကြီးဖြစ်သူက ဂန္ဓသူဌေးကို ပြောပါတယ်။

"အရှင်သူဌေးမင်း ! ဘတ္တဘတိကရဲ့ အလုပ်လုပ်လာတဲ့နေ့ဟာ ၃–နှစ်ပြည့်သွားပါပြီ၊ ၃–နှစ်တို့ပတ်လုံး အခစားအလုပ်ကိုလုပ်တဲ့ ဘတ္တဘတိကဟာ သိပ်ခဲယဉ်းတဲ့အလုပ်ကို လုပ်ခဲ့တာပဲ၊ အလုပ်ကလေးတစ်ခုကိုတောင်မှ မချို့ယွင်းမပျက်ကွက်စေဘူးပါ"။

ဒီအကြောင်းကို ကြားသိရတဲ့အခါ သူဌေးက အိုးသူကြီးအား မိမိရဲ့ ည,နံနက်စာအတွက် ၂–ထောင်၊ ဘတ္တဘတိကရဲ့ နံနက်စာအတွက် တစ်ထောင်= ပေါင်း ၃–ထောင်တို့ကို အပေးခိုင်းလိုက်ပါတယ်။

"ဒီနေ့ ငါ့အတွက် ပြုလုပ်ရမဲ့ အဆောင်အရွက်ကို ဘတ္တဘတိက အတွက်သာ ပြုကြရမယ်"။

အိုးသူကြီးအား မှာထားပြီးတဲ့နောက်–

"ကျွန်ုပ်က အင်မတန် ချစ်ခင်မြတ်နိုးတဲ့ စိန္တာမဏိမည်တဲ့ သူဌေးကတော်ကြီးမှတစ်ပါး ကြွင်းကျန်သူအပေါင်းက ဒီနေ့ ဘတ္တဘတိကကိုပဲ ခြံရံကြရမယ်"။

ဆက်လက်ပြောဆိုပြီး စည်းစိမ်အကုန်လုံးကို ဘတ္တဘတိကအား အပ်နှင်းလိုက်ပါတယ်။

ဘတ္တဘတိကက ဂန္ဓသူဌေးရဲ့ချိုးရေနဲ့ ဂန္ဓသူဌေးရဲ့ ရေချိုးရုံထဲမှာ ခင်းထားတဲ့ ဖလ်ပျဉ်ချပ်ပေါ်မှာ အကျအနထိုင်ပြီး ရေချိုးပါတယ်၊ သူဌေးရဲ့အဝတ်ပုဆိုးတွေကိုပဲ ဝတ်ဆင်ပြီး သူဌေးရဲ့ပလ္လင်ပေါ်မှာပဲ ထိုင်နေပါတယ်။

"ဘတ္တဘတိကက ဂန္ဓသူဌေးရဲ့အိမ်မှာ ၃–နှစ်ပတ်လုံး အခစားလုပ်ပြီး ထမင်းတစ်ခွက်ကို ရပါတယ်၊ ဘတ္တဘတိကရဲ့ စားသောက်သုံးဆောင်မှု ပြည့်စုံပုံကို ကြည့်လိုသူတို့ လာရောက်ကြည့်ရှုနိုင်ပါတယ်"။

www.burmeseclassic.com

www.burmeseclassic.com


ဂန္ဓသူဌေးကလဲ မြို့တွင်းမှာ ကြိုတင်ပြီး စည်လည်ခိုင်းထားပါတယ်။

လူအများက နေရာနိမ့်မြင့်အဆင့်ဆင့်လုပ်ထားတဲ့ပွဲကြည့်စင်ပေါ်ကို တက်ကြည့်နေပါတယ်၊ ကချေသည်တွေက ခြံရံပြီး ရပ်နေကြပါတယ်၊ ဘတ္တဘတိကရဲ့ရှေ့မှာ ထမင်းခွက်ကို ထမင်းခူးခပ်ထည့်ပြီး ချထားကြပါတယ်။

**ပစ္စေကဗုဒ္ဓါ ကြွရောက်လာ**

ဘတ္တဘတိကရဲ့လက်ဆေးနေချိန်မှာပဲ ဂန္ဓမာဒနတောင်မှာ ပစ္စေကဗုဒ္ဓါ တစ်ဆူက ၇–ရက်မြောက်နေ့မှာ နိရောဓသမာပတ်က ထလာခဲ့ပါတယ်၊ "ယနေ့ အဘယ်ကို ဆွမ်းခံသွားရပါ့မလဲ ?"လို့ စုံစမ်းဆင်ခြင်လိုက်တဲ့အခါ ဘတ္တဘတိကကို တွေ့ရပါတယ်။

"ဒီဘတ္တဘတိကဟာ ၃–နှစ်တို့ပတ်လုံး အခစားပြုလုပ်ပြီး ထမင်းတစ်ခွက်ကို ရရှိခဲ့တယ်၊ အဲဒီ ဘတ္တဘတိကမှာ သဒ္ဓါတရား ရှိသလား, မရှိဘူးလား ?"။

ပစ္စေကဗုဒ္ဓါအရှင်မြတ်က ဆက်လက်စုံစမ်း ဆင်ခြင်တော်မူလိုက်တော့ သဒ္ဓါတရားရှိတယ်ဆိုတာ သိရပါတယ်။

"သဒ္ဓါတရားရှိပေမဲ့ အချို့လူတွေက မပူဇော်မထောက်ပံ့နိုင်ကြဘူး၊ ငါ့ကို ပူဇော်ထောက်ပံ့နိုင်ပါ့မလား ?"။

ဆက်လက်ပြီး စဉ်းစားဆင်ခြင်ကြည့်လိုက်တော့—

"ငါ့အား ပူဇော်ထောက်ပံ့မှုကို ပြုနိုင်လိမ့်မယ်၊ ငါ့အား ပူဇော်ထောက်ပံ့မှုကို အကြောင်းပြုပြီး ကြီးမားတဲ့ စည်းစိမ်ချမ်းသာကိုလဲ ရလိမ့်မယ်"။

ဒီအကြောင်းကို သိမြင်မှ သင်္ကန်းကိုရုံပါတယ်၊ သပိတ်ကိုယူပြီး ကောင်းကင်ခရီးက ကြွလာခဲ့ပါတယ်၊ ပရိသတ်ကြားက ဝင်သွားပြီး ဘတ္တဘတိကရဲ့ရှေ့မှာ ထင်ထင်ရှားရှားပဲ ရပ်နေပါတော့တယ်။

"ငါဟာ ရှေးက အလှူဒါနမပြုခဲ့တဲ့အတွက် ထမင်းတစ်ခွက်ကို လိုချင်တာနဲ့ ၃–နှစ်လုံးလုံး သူတစ်ပါးအိမ်မှာ အခစားလုပ်ခဲ့ရပါတယ်၊ ယခု ငါရဲ့ ဒီထမင်းတစ်ပွဲဟာ တစ်ညဉ့်နှင့်တစ်နေ့လောက်သာ စောင့်ရှောက်မှာပါပဲ၊ ဒီထမင်းတစ်ခွက်ကို အရှင်မြတ်အား လှူလို့ရှိရင် ထောင်ပေါင်းများစွာသော ကာလပတ်လုံး စောင့်ရှောက်ပေလိမ့်မယ်၊ ဒီ ၃–နှစ်ကျွန်ခံမှ ရလာတဲ့ ထမင်းကလေး တစ်ခွက်ကို အရှင်မြတ်အားသာ ပေးလှူပါတော့မယ်"။

ဘတ္တဘတိကက ပစ္စေကဗုဒ္ဓါကို တွေ့ရတဲ့အခါ စဉ်းစားဆင်ခြင်ပါတယ်၊ ၃–နှစ်လုံးလုံး အခစားလုပ်ပြီးမှ ရလာတဲ့ ထမင်းခွက်ထဲက ထမင်းကလေး တစ်လုံးကိုမျှ

www.burmeseclassic.com

www.burmeseclassic.com



ပါးစပ်ထဲ မထည့်တော့ပါ၊ တဏှာကိုပယ်ဖျောက်ပြီး ကိုယ်တိုင်ပဲ ထမင်းခွက်ကို မ-ယူလာပါတယ်၊ ပစ္စေကဗုဒ္ဓါရဲ့ အနားကိုသွားပြီး ထမင်းခွက်ကို အခြားသူတစ်ဦးရဲ့ လက်ထဲမှာ ထည့်ထားလိုက်ပါတယ်၊ တည်ခြင်း ၅-ပါးနဲ့ ပစ္စေဗုဒ္ဓါကို ရှိခိုးပြီး ထမင်းခွက်ကို လက်ဝဲလက်နဲ့ ကိုင်ထားပါတယ်၊ လက်ယာလက်နဲ့ ပစ္စေကဗုဒ္ဓါရဲ့ သပိတ်ထဲကို လောင်းလှူလိုက်ပါတယ်။

ပစ္စေကဗုဒ္ဓါက ထမင်းတဝက်လောက် ကျန်တဲ့အခါမှာ သပိတ်ကို လက်နဲ့ ပိတ်ထားလိုက်ပါတယ်၊ အဲဒီအချိန်မှာ ပစ္စေကဗုဒ္ဓါကို ဘတ္တဘတိကက လျှောက်ထား ပါတယ်။

"အရှင်ဘုရား ! ထမင်းကလေး တစ်ယောက်စာကို ၂-ဖို့ မခွဲနိုင်ပါဘူး၊ တပည့်တော်ကို ဒီလောကနဲ့ ချီးမြှောက်တော်မမူကြပါနှင့်၊ တမလွန်လောကနှင့် ချီးမြှောက်တော်မူကြပါ၊ ဘာမျှချန်မထားဘဲ အကုန်လုံးသာ ပေးလှူလိုပါတယ်"။

ကိုယ့်အတွက် နည်းနည်းကလေးမျှ ချန်မထားဘဲ လှူတဲ့အလှူဟာ အကြွင်းမဲ့လှူတဲ့ အလှူမည်ပါတယ်၊ အဲဒီအလှူမျိုးဟာ အကျိုးကြီးကျယ်လှပါတယ်။

ဘတ္တဘတိကက အဲဒီလို ပြုလုပ်လျက် အကုန်လုံးကို လှူလိုက်ပါတယ်၊ နောက်ထပ်ရှိခိုးပြီး လျှောက်ထားပါတယ်။

"အရှင်ဘုရား ! ထမင်းကလေးတစ်ခွက်ကို အကြောင်းပြုပြီး ၃-နှစ်တို့ လုံးလုံး သူတစ်ပါးအိမ်မှာ အခစားလုပ်နေရတဲ့ တပည့်တော်ဟာ ဆင်းရဲဒုက္ခကို ခံစားနေရပါတယ်၊ ယခုအချိန်ကစပြီး တပည့်တော်ရဲ့ ဖြစ်လေရာရာ ဘဝ တိုင်းမှာ ချမ်းသာသုခသာ ဖြစ်ပါစေသတည်း၊ အရှင်ဘုရားတို့ သိမြင်ထားတဲ့ တရားကိုသာ သိမြင်သူလဲ ဖြစ်ပါစေသတည်း"။

"သင် တောင့်တတဲ့အတိုင်း ပြည့်စုံပါစေ၊ အလိုရှိသမျှကို ပေးစွမ်းနိုင်တဲ့ စိန္တာမဏိပတ္တမြားကျောက်လို, လပြည့်ဝန်းလို သင့်ရဲ့အကြံအစည်တွေဟာ ပြည့်စုံကြပါစေ"။

ပစ္စေကဗုဒ္ဓါကလည်း အနုမောဒနာပြုပြီး "ဂန္ဓမာဒနတောင်ကို ရောက်သည် တိုင်အောင် ငါ့ကို လူအပေါင်းက မြင်ပါစေ"လို့ အဓိဋ္ဌာန်ပြီး ကောင်းကင်ခရီးနဲ့ ဂန္ဓမာဒနတောင်ကို ကြွသွားတော်မူပါတယ်။

လူအများကလဲ ပစ္စေကဗုဒ္ဓါကို ကြည့်ရှုရင်းပဲ ရပ်နေကြပါတယ်၊ ပစ္စေကဗုဒ္ဓါက ဂန္ဓမာဒနတောင်ကို ရောက်တဲ့အခါ ပစ္စေကဗုဒ္ဓါ ၅၀၀-တို့အား ခွဲစိတ်ဝေဖန်ပေး လှူပါတယ်၊ ပစ္စေကဗုဒ္ဓါအကုန်လုံးတို့က မိမိတို့ မျှတရုံ ခံယူကြပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဆွမ်းအနည်းငယ်က ဘယ်လိုလောက်ပေါလိမ့်မလဲ ?၊ ဒီလို မကြံစည်သင့်ပါဘူး။

၁။ ဘုရားရဲ့အရာကို မကြံစည်သင့်, မကြံစည်ကောင်း၊

၂။ ဈာန်ရဲ့အရာကို မကြံစည်သင့်, မကြံစည်ကောင်း၊

၃။ ကံရဲ့အကျိုးကို မကြံစည်သင့်, မကြံစည်ကောင်း၊

၄။ လောကနှင့်စပ်လို့ ကြံစည်မှုကို မကြံစည်သင့်, မကြံစည်ကောင်း။

ဒီလို ဘုရားဟောထားတဲ့ မကြံစည်သင့်တဲ့အရာ ၄-မျိုးထဲက ဆွမ်းအနည်းငယ်က ပစ္စေကဗုဒ္ဓါ ၅၀၀-မျှတအောင် ရတာဟာ ပစ္စေကဗုဒ္ဓါရဲ့အရာ ဖြစ်ပါတယ်။ [ ပစ္စေကဗုဒ္ဓါဆိုတာဟာ ဘုရားအငယ်စား တစ်မျိုးပါပဲ။ ]

**ဘတ္တဘတိကသူဌေး** လူအများက ပစ္စေကဗုဒ္ဓါတို့အား ဆွမ်းကို ဝေဖန်ပေးဝေနေတာကို တွေ့ရတော့ သာဓု-ခေါ်မှု အများအပြားတို့ကို ဖြစ်စေကြပါတယ်၊ မိုးခြိမ်းသံလို ဖြစ်နေပါတော့တယ်၊ အဲဒီအသံကို ကြားရတော့ ဂန္ဓသူဌေးက စဉ်းစားနေပါတယ်။

"ဘတ္တဘတိကဟာ ငါပေးတဲ့ စည်းစိမ်ကို ဆောင်ထားနိုင်ဟန် မတူဘူး၊ ဒါ့ကြောင့် လူအများက ပြောင်လှောင်ပြက်ရယ်မှုကို ပြုလုပ်ရင်း စုဝေးအော်ဟစ်ကြဟန် တူတယ်"။

စဉ်းစားတဲ့အတိုင်း ဟုတ်သလား, မဟုတ်ဘူးလား ? သိရအောင် ဂန္ဓသူဌေးက လူတွေကို စုံစမ်းခိုင်းလိုက်ပါတယ်၊ လူတွေက ပြန်လာကြပြီး အရှင်သူဌေးမင်း ! စည်းစိမ်ကိုဆောင်တဲ့ လူတွေဆိုတာဟာ ဒီလိုသာ ဖြစ်သင့်ကြပါတယ်၊ ပစ္စေကဗုဒ္ဓါအား ဆွမ်းလှူတဲ့အကြောင်းကိုလဲ ပြောပြကြပါတယ်။

အဲဒီစကားကို ကြားရတာနဲ့ပဲ ဂန္ဓသူဌေးရဲ့ တစ်ကိုယ်လုံးကို ပီတိ ၅-မျိုးတို့က စိမ့်ဝင်ပျံ့နှံ့နေပါတော့တယ်။

"ဘတ္တဘတိကဟာ သိပ်ခဲယဉ်းတဲ့အလုပ်ကို လုပ်ခဲ့ပါပေစွတကား၊ ငါဟာ ဒီမျှလောက်ကာလပတ်လုံး ဒီလိုသဘောရှိတဲ့ စည်းစိမ်မှာ တည်နေပြီး ဘာတစ်ခုကိုမျှ မလှူနိုင်ခဲ့ပါတကား"။

ဘတ္တဘတိကကို စိတ်ထဲက ချီးကျူးပြီး အခေါ်ခိုင်းလိုက်ပါတယ်၊ အနားကိုရောက်လာတဲ့အခါ မေးမြန်းစုံစမ်းပါတယ်။

"သင်က ဒီလိုအလုပ်မျိုးကို လုပ်ခဲ့တယ်ဆိုတာ မှန်ရဲ့လား ?"။

www.burmeseclassic.com

www.burmeseclassic.com



"မှန်ပါတယ် အရှင်သူမြတ်!"။

"ရော့ ဒီငွေတစ်ထောင်ကို ယူပြီး သင့်အလှူမှာ ငါ့ကိုလဲ အဖို့(ဝေစု) ပေးစမ်းပါ"။

ဘတ္တဘတိကက သူဌေးပြောတဲ့အတိုင်းပဲ ပြုလုပ်ပေးပါတယ်၊ သူဌေးကလဲ ဘတ္တဘတိကအား ကိုယ့်ဥစ္စာအကုန်လုံးကို ထက်ဝက်ခွဲပေးပါတယ်။

**သမ္ပဒါ ၄-ပါးနှင့် ဒိဋ္ဌဓမ္မဝေဒနီယ**

၁။ ဝတ္ထုသမ္ပဒါ= ဝတ္ထုရဲ့ ပြည့်စုံခြင်း၊
၂။ ပစ္စယသမ္ပဒါ= ပစ္စည်းရဲ့ ပြည့်စုံခြင်း၊
၃။ စေတနာသမ္ပဒါ= စေတနာရဲ့ ပြည့်စုံခြင်း၊
၄။ ဂုဏာတိရေကသမ္ပဒါ= ဂုဏ်လွန်ကဲမှုရဲ့ ပြည့်စုံခြင်း။-

ဒါတွေကို သမ္ပဒါ(ပြည့်စုံခြင်း) ၄-ပါးလို့ ခေါ်ပါတယ်။

အဲဒီ ၄-မျိုးထဲက နိရောဓသမာပတ် ဝင်စားထိုက်တဲ့ ရဟန္တာနှင့်အနာဂါမ်ဆိုတဲ့ အလှူခံပုဂ္ဂိုလ်ဟာ ဝတ္ထုရဲ့ ပြည့်စုံခြင်း(ဝတ္ထုသမ္ပဒါ) မည်ပါတယ်။

လှူဖွယ်ဝတ္ထုတို့က တရားနှင့်လျော်စွာ ဖြစ်ပေါ်လာခြင်းက ပစ္စည်းရဲ့ပြည့်စုံခြင်း (ပစ္စယသမ္ပဒါ) မည်ပါတယ်။

မလှူခင်ရှေးမှာဖြစ်စေ, လှူတုန်းမှာဖြစ်စေ, လှူပြီးတဲ့နောက်အဖို့မှာဖြစ်စေ-ဒီကာလ ၃-ပါးတို့မှာ စေတနာရဲ့ ဝမ်းမြောက်ဝမ်းသာ ဉာဏ်နှင့်ယှဉ်ခြင်း(သောမနဿသဟဂုတ် ဉာဏသမ္ပယုတ်ဖြစ်ခြင်း)ဟာ စေတနာရဲ့ ပြည့်စုံခြင်း(စေတနာသမ္ပဒါ) မည်ပါတယ်။

အလှူခံပုဂ္ဂိုလ်ရဲ့ နိရောဓသမာပတ်မှ ထခါစ ဖြစ်ခြင်းက ဂုဏ်လွန်ကဲမှုရဲ့ ပြည့်စုံခြင်း(ဂုဏာတိရေကသမ္ပဒါ) မည်ပါတယ်။

ဒီဘတ္တဘတိကမှာ အာသဝကုန်ပြီးတဲ့ အရှင်ပစ္စေကဗုဒ္ဓါဟာ မြတ်တဲ့အလှူခံပုဂ္ဂိုလ်ဖြစ်ပါတယ်။

အခစားလုပ်လို့ ရလာတဲ့အတွက် ပစ္စည်းကလဲ တရားအားလျော်စွာ ဖြစ်ပေါ်လာတဲ့ပစ္စည်း မည်ပါတယ်။

ကာလ ၃-ပါးလုံးမှာ စေတနာရဲ့ ဖြူစင်မှုဟာ စေတနာရဲ့ ပြည့်စုံခြင်း မည်ပါတယ်။

နိရောဓသမာပတ်က ထခါစဖြစ်တဲ့ ရှင်ပစ္စေကဗုဒ္ဓါဟာ ဂုဏ်လွန်ကဲသူ မည်ပါတယ်၊ ဒီလို သမ္ပဒါ ၄-ပါးတို့နှင့် ပြည့်စုံမှုဟာ အပြည့်အဝ ဖြစ်နေပါတယ်၊

www.burmeseclassic.com

www.burmeseclassic.com



အဲဒီလို ပြည့်စုံမှုတွေရဲ့ အာနုဘော်နဲ့ပဲ မျက်မြင်ဘဝ(ပြုလုပ်ဆဲဘဝ)မှာပဲ ကြီးကျယ်တဲ့ စည်းစိမ်ချမ်းသာကို ရရှိပါတယ်၊ ဒါ့ကြောင့် ဘတ္တဘတိကက ဂန္ဓသူဌေးထံက စည်းစိမ်ကို ရပါတယ်။

နောက်တစ်ချိန်မှာ ပြည့်ရှင်မင်းကလဲ ဘတ္တဘတိကပြုလုပ်ထားတဲ့အလုပ်ကို ကြားရတဲ့အတွက် ဘတ္တဘတိကကို အခေါ်ခိုင်းပါတယ်၊ ငွေတစ်ထောင်ပေးပြီး အလှူရဲ့အဖို့ကို ရယူပါတယ်၊ စိတ်ထဲက ကျေနပ်နှစ်သက်လှတဲ့အတွက် များပြားတဲ့ စည်းစိမ်အစုကို အပ်နှင်းပြီး သူဌေးအရာကို ပေးပါတယ်၊ သူ့အား ဘတ္တဘတိက သူဌေးကြီးဆိုတဲ့ အမည်ကိုလဲ ပေးပါတယ်။

ဘတ္တဘတိကသူဌေးက ဂန္ဓသူဌေးနှင့် အဆွေခင်ပွန်းဖြစ်နေကြပါတယ်၊ အတူတကွ စားသောက်ရင်း သက်တန်းရှိသလောက် တည်နေခဲ့ကြပါတယ်၊ အဲဒီဘဝက စုတေမနေ သေလွန်တဲ့အခါ နတ်ပြည်မှာ ဖြစ်ပါတယ်။

၂–ဆူသော ဘုရားရှင်တွေရဲ့ တစ်ခုသောကြားကာလပတ်လုံး နတ်စည်းစိမ်ကို ခံစားနေရပါတယ်။

ဂေါတမဗုဒ္ဓမြတ်စွာ ထင်ရှားပွင့်တော်မူလာတဲ့အခါ သာဝတ္ထိမြို့မှာ ရှင်သာရိပုတ္တရာရဲ့ အလုပ်အကျွေးရဲ့အဘအိမ်မှာ ပဋိသန္ဓေ တည်နေပါတယ်၊ သူ့မိခင်က ကိုယ်ဝန်အစောင့်အရှောက်ကိုရလို့ ရက်အနည်းငယ် ကြာတဲ့အခါမှာ ချင်ခြင်းဖြစ်ပေါ်လာပါတယ်။

"ငါက ရဟန်း ၅၀၀နှင့်အတူ ရှင်သာရိပုတ္တရာအား အရာမက များပြားသော အရသာရှိတဲ့ ဘောဇဉ်ကို ပေးလှူမယ်၊ ဖန်ရည်ဆိုးတဲ့ အဝတ်တွေကို ဝတ်မယ်၊ ရွှေခွက်ကလေးကို ယူပြီး အစွန်အဖျားဖြစ်တဲ့ နေရာမှာထိုင်ရင်း အဲဒီ ရဟန်းတွေရဲ့ အကြွင်းအကျန်ကို စားရရင် ကောင်းမှာပဲ"။

ဖြစ်ပေါ်လာတဲ့အတိုင်း အဲဒီချင်ခြင်းကို ငြိမ်းအေးအောင် လုပ်ပါတယ်။

အဲဒီမိခင်ဖြစ်သူက ကြွင်းတဲ့မင်္ဂလာတွေမှာလဲပဲ အဲဒီလို အလှူမျိုးကိုပဲ ပေးလှူပါတယ်၊ သားဖွားပြီးတဲ့နောက် အမည်မှည့်မယ့်နေ့မှာ ရှင်သာရိပုတ္တရာထေရ်ကို လျှောက်ထားပါတယ်။

"အရှင်ဘုရား ! တပည့်တော်ရဲ့ သားကလေးအား သိက္ခာပုဒ်တွေကို ပေးသနားတော်မူပါ"။

"ကလေးရဲ့နာမည်က ဘာလဲ ?"။

www.burmeseclassic.com

www.burmeseclassic.com



"အရှင်ဘုရား ! တပည့်တော်ရဲ့ သားကလေးရဲ့ပဋိသန္ဓေ တည်နေချိန်က စပြီး ဒီအိမ်မှာရှိနေတဲ့ မည်သူတစ်စုံတစ်ယောက်မှာမှ ဆင်းရဲဒုက္ခဆိုတာ မဖြစ်ဘူးပါ၊ ဒါ့ကြောင့်ပဲ ဒီကလေးရဲ့ သုခလုလင်-ဆိုတဲ့အမည် ဖြစ်ပါ လိမ့်မယ်"။

ဒီစကားကို ကြားရတဲ့အခါ ကလေးကလေးရဲ့ သုခဆိုတဲ့အမည်ကိုပဲယူပြီး ရှင်သာရိပုတ္တရာထေရ်က သိက္ခာပုဒ်တွေကို ပေးပါတယ်။

အဲဒီအချိန်မှာပဲ ကလေးရဲ့ မယ်တော်မှာ ဒီလိုစိတ်မျိုး ဖြစ်ပေါ်လာခဲ့ပါတယ်။

"ငါဟာ သားကလေးရဲ့ အလိုဆန္ဒကို ဖျက်မည်မဟုတ်"။

ကလေးရဲ့ မယ်တော်က နားထွင်းမင်္ဂလာ-စသည်တို့မှာလဲပဲ အလားတူပဲ အလှူဒါနကို ပေးလှူခဲ့ပါတယ်၊ သုခလုလင်က ၇-နှစ်အရွယ် ရှိလာတဲ့အခါ မိမိရဲ့ဆန္ဒကို အမေဖြစ်သူအား ပြောပြပါတယ်။

"အမေရေ ! မထေရ်ဆီမှာ ကျွန်တော် ရှင်ပြုလိုပါတယ်"။

"ကောင်းပါတယ် သားရေ !၊ အမေက သားရဲ့အလိုဆန္ဒကို မဖျက်လို ပါဘူး"။

သားကလေးအား ကျေနပ်စွာ ခွင့်ပြုလိုက်ပါတယ်၊ ထို့နောက် မထေရ်ကို ပင့်ပြီး ဆွမ်းကျွေးပါတယ်။

"အရှင်ဘုရား ! တပည့်တော်ရဲ့ သားကလေးက ရှင်ပြုလိုပါတယ်၊ သားကလေးကို တပည့်တော်က ညနေအချိန်မှာ ကျောင်းကို ခေါ်လာပါ့မယ်"။

မထေရ်ပြန်ကြွခါနီးမှာ လျှောက်ထားလိုက်ပြီး ဆွေမျိုးတွေကို ဖိတ်ခေါ်ပေါင်းစု ထားပါတယ်။

"သားကလေးအတွက် လူ့ဘဝမှာ လုပ်သင့်သမျှကိစ္စကို ဒီနေ့တစ်နေ့ တည်းမှာပဲ လုပ်ရတော့မယ်"။

ဒီလိုပြောဆိုပြီး သားကလေးကို တန်ဆာဆင်ပါတယ်၊ မြင့်မြတ်တဲ့ကျက်သရေ၊ တင့်တယ်ခြင်းအဖို့အစုနဲ့ ကျောင်းကို ခေါ်သွားပြီး ရှင်သာရိပုတ္တရာထေရ်အား အပ်နှင်းလှူဒါန်းလိုက်ပါတယ်။

ရှင်သာရိပုတ္တရာထေရ်ကလဲ သုခလုလင်ကို မေးမြန်းစုံစမ်းမှုကို ပြုလုပ်ပါတယ်။

"တပည့်ရေ ! ရှင်အဖြစ်ဆိုတာဟာ သိပ်ခဲယဉ်းလှပါတယ်၊ ငါ့တပည့်ဟာ မွေ့လျော်နိုင်ပါ့မလား ?"။

www.burmeseclassic.com

www.burmeseclassic.com



"အရှင်ဘုရား ! အရှင်ဘုရားတို့က မိန့်ကြားသမျှ ဆုံးမဩဝါဒကို လိုက်နာ ပြုကျင့်နိုင်ပါလိမ့်မယ်"။

သုခလုလင်ရဲ့ ရဲရဲတောက် လျှောက်ထားတဲ့ စကားကို ကြားရတဲ့အခါ ကမ္မဋ္ဌာန်း ပေးပြီး ရှင်ပြုပေးလိုက်ပါတယ်။

သုခသာမဏေရဲ့ အမေအဖေတွေကလဲ သုခလုလင် ရှင်ပြုတာကို ပူဇော်သက္ကာရ ပြုလိုတဲ့အတွက် ကျောင်းအတွင်းမှာပဲ ၇–ရက်ပတ်လုံး ဘုရားအမှူးရှိတဲ့ ဘိက္ခု သံဃာအား အရာမက များသောအရသာရှိတဲ့ ဘောဇဉ်ကို ပေးလှူပြီး ညနေချမ်း အချိန်မှာ ကိုယ့်အိမ်ကို ပြန်သွားကြပါတယ်။

၈–ရက်မြောက်နေ့မှာ ဘိက္ခုသံဃာက ရွာထဲကို ဆွမ်းခံဝင်သွားလို့ရှိရင် ရှင်သာရိ ပုတ္တရာက ကျောင်းမှာ လုပ်သင့်တဲ့ကိစ္စကို လုပ်နေရစ်ပါတယ်၊ ကိစ္စပြီးတဲ့အခါ သာမဏေကို သပိတ်အယူခိုင်းပြီး ရွာတွင်းသို့ ဆွမ်းခံဝင်လာခဲ့ပါတယ်၊ သာမဏေက လမ်းခရီးအကြားမှာ မြောင်း, လယ်တို့ကိုတွေ့တဲ့အခါ (ပဏ္ဍိတသာမဏေလိုပဲ) မေးမြန်း, လျှောက်ထားပါတယ်၊ မထေရ်ကလဲ သုခသာမဏေအား (အလားတူပင်) ဖြေဆိုခဲ့ပါတယ်၊ သာမဏေက အဲဒီအကြောင်းတွေကို ကြားရတဲ့အခါ မထေရ်ကို လျှောက်ထားပါတယ်။

"အရှင့်ဘုရားတို့က ကိုယ့်သပိတ်သက်နှင်းကို ယူမယ်ဆိုရင် တပည့်တော် ပြန်လိုပါတယ်"။

"သာမဏေ ! ငါ့သက်န်းကို ပေးလိုက ပေးတော့"။

မထေရ်က သာမဏေရဲ့အလိုဆန္ဒကို မဖျက်ဆီးဘဲ ပြန်ယူလိုက်လို့ရှိရင် မထေရ်ကို ရှိခိုးပြီး ပြန်ခါနီးဆဲဆဲမှာ လျှောက်ထားပြန်တယ်။

"အရှင်ဘုရား ! တပည့်တော့်အတွက် အာဟာရကို ယူလာလို့ရှိရင် အရာ မက များသောအရသာရှိတဲ့ ဘောဇဉ်ကို ဆောင်ယူလာခဲ့ပါ"။

"အဲဒီဘောဇဉ်မျိုးကို ဘယ်ကရနိုင်ပါ့မလဲ ?"။

"ကိုယ့်ဘုန်းကံနဲ့ မရလို့ရှိရင် တပည့်တော်ရဲ့ ဘုန်းကံနဲ့ ရပါလိမ့်မယ် အရှင်ဘုရား !"။

စကားအဆုံးမှာ သာမဏေအား သော့ကို ပေးအပ်လိုက်ပြီး မထေရ်က ရွာထဲကို ဆွမ်းခံ ဝင်သွားပါတယ်။

သာမဏေကလဲ ကျောင်းကိုပြန်လာခဲ့ပါတယ်၊ မထေရ်ရဲ့တိုက်ခန်းကို ဖွင့်လှစ်ပြီး ဝင်သွားပါတယ်၊ အတွင်းကို ရောက်တဲ့အခါ မိမိရဲ့ကိုယ်ကာယမှာ ဉာဏ်ကိုချသွင်းပြီး ထိုင်နေပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီအချိန်မှာပဲ သိကြားမင်းက နတ်မင်းကြီး ၄-ယောက်တို့ကို အခေါ်ခိုင်းလိုက်ပြီး အမိန့်ပေးလိုက်ပါတယ်။

"အမောင်တို့ ! သွားနှင့်ကြ၊ ဇေတဝန်ကျောင်းတော်ရဲ့ အနီးပတ်ဝန်းကျင်တောထဲမှာ မကောင်းသောအသံရှိတဲ့ ငှက်တွေကို မောင်းထုတ်ပစ်လိုက်ကြရမယ်"။

နတ်မင်းကြီး ၄-ယောက်တို့က သိကြားမင်း အမိန့်ပေးထားတဲ့အတိုင်း လိုက်နာပြုကျင့်ပြီး ထက်ဝန်းကျင်(လေးဘက်လေးတန်)က စောင့်ရှောက်နေကြပါတယ်။

လနတ်သားနှင့် နေနတ်သားတို့ကိုလဲ "မိမိတို့ရဲ့ ဘုံဗိမာန်ကို ထိန်းချုပ်ထားကြရမယ်လို့"အမိန့်ပေးထားပါတယ်၊ လနတ်သား, နေနတ်သားတို့ကလဲ သိကြားမင်းအမိန့်ပေးတဲ့အတိုင်း ပြုလုပ်ထားကြပါတယ်။

သိကြားမင်းကိုယ်တိုင်ကလဲ တံခါးသံကောက်ကြီးကို ဆွဲငင်ရာအရပ်မှာပဲ စောင့်ရှောက်နေပါတယ်၊ ကျောင်းတိုက်ကြီးတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေပါတယ်။

သာမဏေက တည်ကြည်တဲ့စိတ်နဲ့ ဝိပဿနာကို ပွားများအားထုတ်လိုက်တော့ **အောက်မဂ်** ၃-ပါး, အောက်ဖိုလ် ၃-ပါးတို့သို့ ဆိုက်ရောက်သွားပါတယ်။

ရှင်သာရိပုတ္တရာမထေရ်လဲ သာမဏေက "အရာမက များသောအရသာရှိတဲ့ဆောဇဉ်ကို ဆောင်ယူခဲ့ပါ"လို့ လျှောက်ထားလိုက်တယ်၊ "ဘယ်သူ့အိမ်မှာ ရနိုင်ပါ့မလဲ"လို့ ကြည့်ရှုဆင်ခြင်လိုက်တဲ့အခါ အလိုဆန္ဒ အဇ္ဈာသယနဲ့ပြည့်စုံတဲ့ အလုပ်အကျွေးအိမ်တစ်အိမ်ကို တွေ့ရတော့ အဲဒီအိမ်ကို ကြွတော်မူပါတယ်။

"အရှင်ဘုရား ! အရှင်ဘုရားတို့က ဒီနေ့ တပည့်တော်တို့ရဲ့အိမ်ကို ကြွလာတာဟာ သိပ်ကောင်းတာပဲ"။

အိမ်နေလူတွေက ရွှင်လန်းနှစ်သက်တဲ့ စိတ်ဓာတ်နဲ့ လျှောက်ထားကြပြီး သပိတ်ကိုတောင်းယူကြပါတယ်၊ အိမ်ပေါ်ကို ပင့်ထားပြီး ယာဂုခဲဖွယ်ကို ပေးလှူပါတယ်၊ ဆွမ်းဘုဉ်းပေးချိန် မရောက်ခင် တရားဟောတော်မူရန် တောင်းပန်ကြပါတယ်၊ ဒါနဲ့ သူတို့အား ရှင်သာရိပုတ္တရာထေရ်က အသက်ထက်ဆုံး အောက်မေ့ထိုက်တဲ့တရားစကားကို ဟောကြားတော်မူပါတယ်၊ အချိန်အခါကို မှတ်သားပြီး တရားဒေသနာကို ပြီးဆုံးစေပါတယ်။

တရားပြီးဆုံးသွားတဲ့အချိန်မှာပဲ အလုပ်အကျွေးဒကာတွေက ရှင်သာရိပုတ္တရာမထေရ်အား အရာမက များသောအရသာရှိတဲ့ ဆောဇဉ်ကို ပေးလှူကြပါတယ်၊ အဲဒီဆောဇဉ်ကို မထေရ်က ယူသွားလိုတာကို တွေ့ရတော့-

www.burmeseclassic.com

www.burmeseclassic.com



"အရှင်ဘုရား ! ဒီမှာပဲ ဘုဉ်းပေးတော်မူကြပါ၊ နောက်ထပ်လဲပဲ အရှင်ဘုရားအား တပည့်တော်တို့က ပေးလှူလိုက်ပါအုံးမယ်"။

ဒီလို လျှောက်ထားပြီး ရှင်သာရိပုတ္တရာထေရ်ကို ဆွမ်းကပ်ကြပါတယ်၊ နောက်ထပ်လဲ သပိတ်ပြည့်အောင် ထည့်ပြီး ပေးလှူကြပါတယ်၊ ရှင်သာရိပုတ္တရာထေရ်က အဲဒီဘောဇဉ်ကို ယူပြီး ငါ့သာမဏေကလေးဟာ ဆာလှရော့မယ်ဆိုတဲ့ တွေးထင်ချက်နဲ့ ခပ်မြန်မြန်ပဲ ကျောင်းကို ပြန်ကြွနေပါတယ်။

"ဒီနေ့ သုခသာမဏေကလေးဟာ ဥပဇ္ဈာယ်ဆရာအား သပိတ်သင်္ကန်းကို ပေးထားခဲ့ပြီး ရဟန်းတရား အားထုတ်ရအောင်လို့ ကျောင်းကို ပြန်လာခဲ့တယ်၊ သူ့ရဲ့ရဟန်းကိစ္စဟာ ပြီးဆုံးလေရော့သလား ?"။

အဲဒီနေ့မှာ ဗုဒ္ဓမြတ်စွာက စောစောကပဲ ထွက်ကြွလာပြီး ဂန္ဓကုဋိတိုက်တော်မှာ ထိုင်နေတော်မူရင်း ဆင်ခြင်တော်မူတဲ့အခါ အောက်မဂ် ၃–ပါး, အောက်ဖိုလ် ၃–ပါးတို့သို့ ဆိုက်ရောက်နေတဲ့အကြောင်းကို တွေ့ရပါတယ်၊ ဆက်လက် ဆင်ခြင်တော်မူတဲ့အခါမှာ ဒီနေ့ပဲ အရဟတ္တဖိုလ်ကို ရောက်နိုင်တယ်ဆိုတာကို တွေ့တော်မူပြန်တယ်၊ ဒါပေမဲ့ ရှင်သာရိပုတ္တရာက ငါ့သာမဏေ ဆာလှရော့မယ်–ဆိုတဲ့ စိတ်အကြံနဲ့ အလျင်အမြန် ဆွမ်းကိုယူပြီး ရွာကထွက်လာနေတယ်၊ သာမဏေကလေး အရဟတ္တဖိုလ်ကိုမရောက်ခင် ဆွမ်းကိုယူလာလို့ရှိရင် သာမဏေကလေးမှာ အန္တရာယ် ဖြစ်လာလိမ့်မယ်၊ ငါသွားပြီးတော့ တံခါးမုခ်မှာ စောင့်ရှောက်နေသင့်တယ်လို့ ကြံစည်တော်မူပြီး ဂန္ဓကုဋိတိုက်တော်က ထွက်ကြွလာခဲ့ပါတယ်၊ တံခါးမုခ်မှာ ရပ်တော်မူပြီး စောင့်ရှောက်တော်မူပါတယ်။

ရှင်သာရိပုတ္တရာထေရ်က ဆွမ်းကို ယူလာနေပါတယ်၊ တံခါးမုခ်နားကို ရောက်လာတဲ့အခါ ဗုဒ္ဓမြတ်စွာက ပြဿနာ ၄–ချက်ကို မေးတော်မူပါတယ်။

၁။ သာရိပုတ္တရာ ! သင်က ဘာကို ယူလာခဲ့သလဲ ?၊
အာဟာရကို ယူလာခဲ့ပါတယ် ရှင်တော်မြတ်ဘုရား။

၂။ အာဟာရဆိုတာ ဘာကိုဆောင်သလဲ သာရိပုတ္တရာ ?၊
ဝေဒနာကို ဆောင်ပါတယ် ရှင်တော်မြတ်ဘုရား။

၃။ ဝေဒနာက ဘာကိုဆောင်တတ်သလဲ သာရိပုတ္တရာ ?၊
ရုပ်ကို ဆောင်တတ်ပါတယ် ရှင်တော်မြတ်ဘုရား။

၄။ ရုပ်ကကော ဘာကို ဆောင်တတ်သလဲ သာရိပုတ္တရာ ?၊
ဖဿကို ဆောင်တတ်ပါတယ် ရှင်တော်မြတ်ဘုရား။

www.burmeseclassic.com

www.burmeseclassic.com



၊ ဒီစကားရပ်နှင့်စပ်လို့ အနည်းငယ် ရှင်းပြပါအုံးမယ်။

ဆာလောင်မွတ်သိပ်တဲ့ ပုဂ္ဂိုလ်က စားလိုက်တဲ့ အစာအာဟာရဟာ အဲဒီ စားလိုက်သူရဲ့ ဆာလောင်မွတ်သိပ်ခြင်းကို ပယ်ဖျောက်ပြီး သုခဝေဒနာကို ဆောင်ပါတယ်၊ အာဟာရကို စားသောက်လိုက်တဲ့အတွက် ချမ်းသာလာသူမှာ သုခဝေဒနာ ဖြစ်လာလို့ရှိရင် ကိုယ်မှာအဆင်းပြည့်စုံမှု ဖြစ်လာပါတယ်၊ ဒီလို ဝေဒနာက ရုပ်ကို ဆောင်ပါတယ်၊ ချမ်းသာနေတဲ့ ပုဂ္ဂိုလ်ကတော့ အာဟာရဇ ရုပ်ရဲ့ အစွမ်းသတ္တိကြောင့် သုခဝေဒနာ, သောမနဿဝေဒနာတို့ကို ရရှိပြီး ယခု ငါ့မှာ သက်သာမှု ဖြစ်လာပေတယ်လို့ လဲလျောင်းရင်းပဲဖြစ်ဖြစ်, ထိုင်ရင်းပဲ ဖြစ်ဖြစ်, ချမ်းသာတဲ့ အတွေ့အထိကို ရရှိနေပါတော့တယ်။

ဒီလို ပြဿနာကို ဖြေဆိုပြီးတဲ့အဆုံးမှာ သာမဏေက အရဟတ္တဖိုလ်ကို ဆိုက်ရောက် သွားပါတယ်။

သုခသာမဏေဝတ္ထုကို ဒီနေရာမှာပဲ လက်စသတ်လိုက်ပြီး ပြန်လည်စဉ်းစား ကြည့်ကြစို့ရဲ့။

ဘတ္တဘတိကဖြစ်ခဲ့စဉ်က ဂန္ဓသူဌေးအိမ်မှာ ၃–နှစ်ကျွန်ခံပြီးမှ ရလာတဲ့ ထမင်း ကလေးတစ်ပွဲကို ကိုယ်တိုင်မစားတော့ဘဲ ပစ္စေကဗုဒ္ဓါအရှင်မြတ်အား အကုန်လုံးကိုပဲ လှူလိုက်ပါတယ်၊ အဲဒီလို မလှူခင်, လှူဆဲလှူခိုက်, လှူပြီးတဲ့နောက်မှာ ဇောစိတ် အစဉ်တွေ မရေတွက်နိုင်အောင် ဖြစ်နေပါလိမ့်မယ်။

အဲဒီ ဇောစိတ်အစဉ်တွေထဲက ဇောစိတ်အစဉ်တစ်ခုမှာ ပါလာတဲ့ ပဌမဇော စေတနာ တစ်ခုက ဒိဋ္ဌဓမ္မဝေဒနီယကံအနေနဲ့ ဒီဘဝမှာပဲ အကျိုးပေးလိုက်တဲ့အတွက် ဘတ္တဘတိကသူဌေးရယ်လို့ ဖြစ်လာရပါတယ်၊ ကျန်တဲ့ပဌမဇောစေတနာတွေက အဟောသိကံ ဖြစ်သွားပါတော့တယ်၊ အကျိုးမပေးတော့ပါ။

ဇောစိတ်အစဉ်တစ်ခုမှာ ပါလာတဲ့ သတ္တမဇောစေတနာတစ်ခုက ဥပပဇ္ဇဝေဒ နီယကံအနေနဲ့ အခြားမဲ့ဘဝ(ဒုတိယဘဝ)မှာ အကျိုးပေးလိုက်တဲ့အတွက် ဘတ္တ ဘတိကသူဌေးဘဝက စုတေသွားတဲ့အခါ နတ်ပြည်မှာ ဖြစ်ရပါတယ်၊ အကျိုး မပေးလိုက်ရဘဲ ကျန်နေသမျှ သတ္တမဇောစေတနာတွေက အဟောသိကံ ဖြစ်သွား ရပါတယ်၊ အကျိုးမပေးရတော့ပါ။

အဲဒီ ဇောစိတ်အစဉ်တွေထဲမှာ ပါလာတဲ့ ပဌမဇောစေတနာ, သတ္တမဇော စေတနာတွေရဲ့အကြား အလယ်ဇော ၅–ချက်စေတနာတွေဟာ ရေတွက်လို့ မရနိုင် လောက်အောင် အများအပြား ရှိနေပါတယ်၊ အဲဒီ အပရာပရိယဝေဒနီယကံတွေ

www.burmeseclassic.com

www.burmeseclassic.com



ထဲက တစ်ခုတစ်ခုသောကံကြောင့် ဘုရား ၂–ဆူတို့ရဲ့ တစ်ခုသောကြားကာလပတ်လုံး နတ်ပြည်မှာဖြစ်ပြီးတဲ့နောက် ဂေါတမဗုဒ္ဓမြတ်စွာရဲ့ လက်ထက်မှာ သုခလုလင် ဖြစ်လာရပါတယ်၊ ကျန်နေတဲ့ အပရာပရိယဝေဒနီယကံတွေကတော့ သုခသာမဏေ ရဟန္တာဖြစ်လို့ ဘဝဇာတ်သိမ်းသွားတဲ့အခါ အဟောသိကံ ဖြစ်သွားပါတော့တယ်၊ အကျိုးပေးစရာ မရှိတော့ပါဘူး။

"ဒီနေ့ တရားပွဲကိုတော့ ဒီမှာပဲ ရပ်ထားကြစို့ရဲ့၊ အခု တရားနာနေကြတဲ့ ဒကာ ဒကာမတွေလဲ ကောကာလိကလို ဆိုးဝါးတဲ့ အကုသိုလ်ကံမျိုးကို မပြုလုပ်ကြဘဲ, ဘတ္တဘတိကလို ကောင်းတဲ့ကုသိုလ်ကံတွေကို ကြိုးစားပြုလုပ်ကြပြီး လူ့စည်းစိမ်, နတ်စည်းစိမ်တွေကို စံစားပြီးသည့်အဆုံးမှာ မဂ်ဉာဏ်, ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ကြသူတွေဖြစ်ကြပါစေသတည်း"။

---

တော်သလင်းလပြည့်ကျော် ၁၅–ရက်

ဒီနေ့ကတော့ မဟာကမ္မဝိဘင်္ဂသုတ်ကို ပြောပြသွားပါ့မယ်။

## *မဟာကမ္မဝိဘင်္ဂသုတ်

ဗုဒ္ဓမြတ်စွာက ရာဇဂြိုဟ်မြို့ ဝေဠုဝန်ကျောင်းတော်မှာ သီတင်းသုံးနေတော်မူပါတယ်၊ အဲဒီအချိန်မှာ အရှင်သမိဒ္ဓိက တောကျောင်းကလေးတစ်ကျောင်းမှာ သီတင်းသုံးနေတော်မူပါတယ်။

တစ်နေ့မှာ ပေါတလိပုတ္တပရိဗိုဇ်က အညောင်းပြေလမ်းလျှောက်ရင်း အရှင်သမိဒ္ဓိထံကို ရောက်လာပါတယ်၊ သင့်တော်ရာက ထိုင်ပြီး အရှင်သမိဒ္ဓိနှင့် ပြောဆိုဆွေးနွေးနေပါတယ်။

"ငါ့ရှင်သမိဒ္ဓိ ! ကာယကံဆိုတာဟာ အလကားပဲ၊ ဝစီကံဆိုတာဟာ အလကားပဲ၊ မနောကံကသာ မှန်တယ်၊ ဒီစကားကို ကျွန်ုပ်ကိုယ်တိုင် အရှင်ဂေါတမထံက ကြားလာရတယ်, နာယူလာရတယ်၊ ဝင်စားနေလို့ရှိရင် ဘာကိုမျှ မခံစားရတဲ့ သမာပတ်မျိုး ရှိနေတယ်မဟုတ်လား ?"။

"ငါ့ရှင်ပေါတလိပုတ္တ ! ဒီလို မပြောဆိုပါနှင့်၊ မြတ်စွာဘုရားကို မစွပ်စွဲပါနှင့်၊ မြတ်စွာဘုရားအား စွပ်စွဲတာဟာ မကောင်းပါ၊ မြတ်စွာဘုရားက ငါ့ရှင်ပြောသလို မဟောတန်ရာပါ"။

---

* မဇ်–၃၊ ၂၄၉။ ဋ္ဌ–၄၊ ၁၈၁။ ဋီ–၃၊ ၃၇၆။

www.burmeseclassic.com

www.burmeseclassic.com



"ငါ့ရှင်သမိဒ္ဓိ ! ငါ့ရှင်ရဟန်းပြုလာတာဟာ ဘယ်နှစ်ဝါ ရှိပြီလဲ ?"။

"မကြာလှသေးပါ ငါ့ရှင် !၊ ၃–ဝါမျှသာ ရှိပါသေးတယ်၊ ဒီလို ငယ်ရွယ်တဲ့ ရဟန်းကလေးကတောင်မှ ဆရာဖြစ်တဲ့ မြတ်စွာဘုရားကို (ကဲ့ရဲ့ခြင်းက လွတ်မြောက်အောင်) စောင့်ရှောက်သင့်တယ်လို့ မှတ်ထင်ပါဘိတယ်၊ ထေရ်ကြီး ဖြစ်တဲ့ ရဟန်းတွေကိုတော့ တို့က ဘယ်လိုပြောနိုင်ကြပါတော့မလဲ"။

"ငါ့ရှင်သမိဒ္ဓိ ! စေတနာနှင့်တကွ ကိုယ်နှုတ်စိတ်နဲ့ ကံတစ်စုံတစ်ခုကို ပြုလုပ်တဲ့အတွက် အဲဒီ ပုဂ္ဂိုလ်ဟာ ဘာကို ခံစားရပါသလဲ ?"။

"ငါ့ရှင်ပေါတလိပုတ္တ ! စေတနာနှင့်တကွ ကိုယ်နှုတ်စိတ်နဲ့ ကံတစ်စုံ တစ်ခုကို ပြုလုပ်တဲ့အတွက် အဲဒီပုဂ္ဂိုလ်ဟာ ဆင်းရဲဝေဒနာကို ခံစားရပါတယ်။"

ပေါတလိပုတ္တပရိဗိုဇ်က အရှင်သမိဒ္ဓိရဲ့ စကားကို နှစ်လဲမနှစ်သက်, ကန့်လဲမကန့် ကွက်ဘဲ နေရာက ထသွားပါတယ်။

ပေါတလိပုတ္တပရိဗိုဇ် ထသွားလို့ မကြာခင်မှာဘဲ အရှင်သမိဒ္ဓိက အရှင် အာနန္ဒာထံ လာခဲ့ပါတယ်၊ သင့်တော်ရာကထိုင်ပြီး ပေါတလိပုတ္တပရိဗိုဇ်နှင့် ပြောခဲ့သမျှ စကားအကုန်လုံးကို အရှင်အာနန္ဒာထေရ်အား ပြောပြပါတယ်။

"ငါ့ရှင်သမိဒ္ဓိ ! ဒါဟာ မြတ်စွာဘုရားကို ဖူးမြင်ရဖို့ စကားလက်ဆောင်ပဲ၊ လာ, အခုပဲ မြတ်စွာဘုရားထံ သွားကြစို့ရဲ့၊ မြတ်စွာဘုရားကို လျှောက်ထားပြီး မြတ်စွာဘုရား အမိန့်ရှိလိုက်တဲ့အတိုင်း ဆောင်ရွက်မှတ်သားကြစို့ရဲ့"။

အရှင်အာနန္ဒာက ဝမ်းမြောက်ဝမ်းသာ အရှင်သမိဒ္ဓိအား ပြောကြားပြီး အရှင်သမိဒ္ဓိ နှင့်အတူ မြတ်စွာဘုရားထံ သွားပါတယ်၊ သင့်တော်ရာကထိုင်ပြီး အရှင်သမိဒ္ဓိရဲ့ ပေါတလိပုတ္တပရိဗိုဇ်နှင့် ပြောဆိုခဲ့သမျှ စကားအကုန်လုံးကို မြတ်စွာဘုရားကို လျှောက်ထားပါတယ်။

ဒီတော့ မြတ်စွာဘုရားက အရှင်အာနန္ဒာမထေရ်အား ပြန်လည်မိန့်ကြားတော် မူပါတယ်။

"အာနန္ဒာ ! ငါဘုရားက ပေါတလိပုတ္တပရိဗိုဇ်နှင့် ပေါင်းဆုံတွေ့မြင် ဖူးတယ်ဆိုတာကိုတောင်မှ မမှတ်မိပါဘူး၊ ဒီလို ဆွေးနွေးခြင်းများကတော့ ဘယ်မှာ ရှိနိုင်ပါ့မလဲ ?၊ အာနန္ဒာ ! သမိဒ္ဓိယောကျ်ားဖျင်းက ပေါတလိပုတ္တ ပရိဗိုဇ်ရဲ့ ခွဲစိတ်ဝေဖန် ဖြေဆိုရမယ့်ပြဿနာကို တထစ်ချ(ဧကန်)အနေနဲ့ ဖြေဆိုပါဘိတယ်"။

www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓမြတ်စွာရဲ့ စကားအဆုံးမှာပဲ အရှင်ဥဒါယီက ကြားဝင်မေးမြန်းလျှောက်ထားလိုက်ပါတယ်။

"အရှင်ဘုရား ! ခံစားမှုမှန်သမျှဟာ ဆင်းရဲချည်းပါပဲဆိုတဲ့ ဒီဒုက္ခကို ရည်ရွယ်ပြီး အရှင်သမိဒ္ဓိက ဖြေဆိုတယ် မဟုတ်ပါလား ?"။

အရှင်ဥဒါယီရဲ့ ရှေ့နေလိုက်ကာ လျှောက်ထားတဲ့စကားကို ကြားရတော့ မြတ်စွာဘုရားက အရှင်အာနန္ဒာကို အမိန့်ရှိတော်မူပါတယ်။

"အာနန္ဒာ ! ယောက်ျားဖျင်းဖြစ်တဲ့ ဒီဥဒါယီရဲ့ ပြဿနာကို သင် ကြားရတယ်မဟုတ်လား ?၊ အချည်းနှီးဖြစ်တဲ့ ဒီဥဒါယီဟာ အခုပဲ မသင့်တော်တဲ့အကြောင်းနဲ့ ခေါင်းထောင်ထလာလိမ့်မယ်ဆိုတာကို ငါဘုရားက ကြိုတင်သိမြင်ပြီး ဖြစ်တယ်။

အာနန္ဒာ ! ပေါတလိပုတ္တပရဗိုဇ်က အစကတည်းကပဲ ဝေဒနာ ၃–ပါးကို မေးတယ်၊ အာနန္ဒာ ! ဒီလို မေးလို့ရှိရင် သမိဒ္ဓိယောက်ျားဖျင်းက ပေါတလိပုတ္တပရဗိုဇ်အား–

'ငါ့ရှင်ပေါတလိပုတ္တ ! စေတနာနှင့်တကွ ကိုယ်နှုတ်စိတ်နဲ့ ချမ်းသာကို ခံစားရမယ့်ကံကို ပြုမိတဲ့အတွက် အဲဒီပုဂ္ဂိုလ်ဟာ ချမ်းသာ(သုခဝေဒနာ)ကို ခံစားရတယ်။

ငါ့ရှင်ပေါတလိပုတ္တ ! စေတနာနှင့်တကွ ကိုယ်နှုတ်စိတ်နဲ့ ဆင်းရဲကို ခံစားရမယ့်ကံကို ပြုမိတဲ့အတွက် အဲဒီပုဂ္ဂိုလ်ဟာ ဆင်းရဲ(ဒုက္ခဝေဒနာ)ကို ခံစားရတယ်။

ငါ့ရှင်ပေါတလိပုတ္တ ! စေတနာနှင့်တကွ ကိုယ်နှုတ်စိတ်နဲ့ ဒုက္ခလဲမဟုတ်, သုခလဲမဟုတ်ခံစားရမယ့်ကံကို ပြုမိတဲ့အတွက် အဲဒီပုဂ္ဂိုလ်ဟာ ဒုက္ခလဲမဟုတ်, သုခလဲမဟုတ်တဲ့ ဥပေက္ခာဝေဒနာကို ခံစားရတယ်'။

ဒီလိုသာ ဖြေဆိုလိုက်လို့ရှိရင် ယောက်ျားဖျင်း သမိဒ္ဓိက ပေါတလိပုတ္တပရဗိုဇ်အား မှန်ကန်စွာ ဖြေဆိုရာ ရောက်မှာပဲ။

အာနန္ဒာ ! အမှန်ကတော့ သာသနာပြင်ပဖြစ်တဲ့ အချို့ပရဗိုဇ်တွေဟာ မိုက်မဲကြတယ်၊ မလိမ္မာ, မထက်မြက်ကြဘူး၊ အချို့ပရဗိုဇ်တွေက မြတ်စွာဘုရားရဲ့ များသောကံတို့ကို ဝေဖန်မှု(မဟာကမ္မဝိဘင်္ဂ)ကို သိကြပါလိမ့်မယ်၊ အာနန္ဒာ ! သင်တို့က မဟာကမ္မဝိဘင်္ဂကို ဝေဖန်ပြတဲ့ မြတ်စွာဘုရားရဲ့ တရားတော်ကို နာလိုလို့ရှိရင် နာကြပေတော့။

www.burmeseclassic.com

www.burmeseclassic.com



**အခြေခံစကားဦး**

အာနန္ဒာ ! ဒီလောကမှာ ပုဂ္ဂိုလ် ၄–ယောက်ရှိကြတယ်၊ အဲဒီ ၄–ယောက်ကတော့– အာနန္ဒာ ! ဒီလောကမှာ အချို့သောပုဂ္ဂိုလ်က ဒီမျက်မှောက်ဘဝမှာပဲ

၁။ သူ့အသက်ကို သတ်လေ့ရှိတယ်၊
၂။ ပိုင်ရှင်မပေးတဲ့ သူ့ဥစ္စာကို ခိုးယူလေ့ရှိတယ်၊
၃။ ကာမဂုဏ်မေထုန်မှုမှာ မှားယွင်းစွာ ကျင့်လေ့ရှိတယ်၊
၄။ မဟုတ်မမှန် ပြောဆိုလေ့ရှိတယ်၊
၅။ ချစ်သူ ၂–ဦး ကွဲပြားအောင် ကုန်းတိုက်လေ့ရှိတယ်၊
၆။ ကြမ်းတမ်းတဲ့စကားကို ပြောဆိုလေ့ရှိတယ်၊
၇။ အကျိုးမဲ့ပြိန်ဖျင်းတဲ့စကားကို ပြောဆိုလေ့ရှိတယ်၊
၈။ သူ့စည်းစိမ်ကို မက်မောကြွဲစည်ခြင်းများတယ်၊
၉။ သူတစ်ပါးကို ဖျက်ဆီးလိုစိတ်ရှိတယ်၊
၁၀။ မှားတဲ့အယူကို ယူလေ့ရှိတယ်။

ဒီဒုစရိုက်တရားကို ပြုကျင့်သူဟာ ဒီဘဝက သေပြီးတဲ့နောက် ချမ်းသာကင်းကွာမကောင်းသော လားရောက်ရာဖြစ်တဲ့ ငရဲမှာ ဖြစ်ရတယ်။ (၁)

အာနန္ဒာ ! ဒီလောကမှာ အချို့သောပုဂ္ဂိုလ်ဟာ ဒီဘဝမှာပဲ ဒုစရိုက်တရားကို ပြုကျင့်လေ့ရှိတယ်၊ အဲဒီပုဂ္ဂိုလ်ဟာ ဒီဘဝက သေသွားပြီးတဲ့နောက် ကောင်းသောလားရာ နတ်ပြည်မှာ ဖြစ်နေပါတယ်။ (၂)

အာနန္ဒာ ! ဒီလောကမှာ အချို့သောပုဂ္ဂိုလ်ဟာ ဒီမျက်မှောက်ဘဝမှာပဲ–

၁။ သူ့အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်တယ်၊
၂။ ပိုင်ရှင်မပေးတဲ့ သူ့ဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်တယ်၊
၃။ ကာမဂုဏ်မှာ မှားမှားယွင်းယွင်း ပြုကျင့်ခြင်းမှ ရှောင်ကြဉ်တယ်၊
၄။ မဟုတ်မမှန် ပြောဆိုခြင်းမှ ရှောင်ကြဉ်တယ်၊
၅။ ကုန်းတိုက်, ကုန်းချောခြင်းမှ ရှောင်ကြဉ်တယ်၊
၆။ ကြမ်းတမ်းစွာပြောဆိုခြင်းမှ ရှောင်ကြဉ်တယ်၊
၇။ အကျိုးမဲ့ပြိန်ဖျင်းတဲ့စကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်တယ်၊
၈။ သူတစ်ပါးစည်းစိမ်ကို မက်မောမှု မရှိ၊
၉။ သူတစ်ပါးကို ဖျက်ဆီးလိုစိတ် မရှိ၊
၁၀။ မှန်ကန်တဲ့အယူကို ယူလေ့ရှိတယ်။

ဒီသုစရိုက်တရားကို ပြုကျင့်တဲ့ပုဂ္ဂိုလ်ဟာ သေပြီးတဲ့နောက်မှာ ကောင်းသောလားရာ နတ်ပြည်ကို ရောက်ရတယ်။ (၃)

www.burmeseclassic.com

www.burmeseclassic.com



အာနန္ဒာ ! ဒီလောကမှာ အချို့သောပုဂ္ဂိုလ်ဟာ ဒီဘဝမှာပဲ သုစရိုက်တရားကို ပြုကျင့်လေ့ရှိတယ်၊ အဲဒီပုဂ္ဂိုလ်ဟာ ဒီဘဝက သေသွားပြီးတဲ့နောက် ချမ်းသာကင်းကွာ မကောင်းသော လားရောက်ရာ ဖြစ်တဲ့ ငရဲမှာ ဖြစ်ရတယ်။ (၄)

**ဒိဗ္ဗစက္ခုရသူတို့၏ အယူဖြစ်ကြောင်း**

အာနန္ဒာ ! သမဏပဲဖြစ်ဖြစ်၊ ဗြာဟ္မဏပဲဖြစ်ဖြစ် အချို့သောပုဂ္ဂိုလ်ဟာ ဒိဗ္ဗစက္ခုဉာဏ်ကိုရအောင် အားထုတ်ထားကြတယ်၊ အဲဒီ ဒိဗ္ဗစက္ခုဉာဏ်ဆိုတာဟာ အင်မတန် စင်ကြယ်ပါတယ်၊ လူတွေရဲ့မျက်စိထက် သာလွန်ပါတယ်၊ နတ်တွေရဲ့မျက်စိနှင့်သာ တူပါတယ်၊ အဲဒီ သမဏ၊ ဗြာဟ္မဏက မိမိတို့ရထားတဲ့ ဒိဗ္ဗစက္ခုဉာဏ်နဲ့ ဒီလူ့ပြည်မှာ ဒုစရိုက်ကိုပြုကျင့်လေ့ရှိသူကို ဒီဘဝကသေသွားပြီးတဲ့နောက် ချမ်းသာကင်းကွာ မကောင်းသော လားရောက်ရာဖြစ်တဲ့ ငရဲမှာ ဖြစ်နေကြတာကို တွေ့ရပါတယ်။

အဲဒီပုဂ္ဂိုလ်က 'အချင်းတို့ ! မကောင်းတဲ့ကံတွေ ရှိသတဲ့၊ ဒုစရိုက်ရဲ့အကျိုးရှိသတဲ့၊ ငါက လူ့ပြည်မှာ ဒုစရိုက်ပြုကျင့်နေတဲ့ ပုဂ္ဂိုလ်ကို သေပြီးသည်မှာနောက် ငရဲမှာ ဖြစ်နေတာကို မြင်တယ်'လို့ ပြောတယ်။

အဲဒီပုဂ္ဂိုလ်က 'အချင်းတို့ ! ဒုစရိုက်ကို ပြုကျင့်လေ့ရှိသူ အကုန်လုံးဟာ သေပြီးသည်မှနောက် ငရဲကို ရောက်ရပါတယ်၊ ဒီလိုသိတဲ့ လူတွေဟာ အမှန်ကို သိကြပါတယ်၊ အခြားတစ်မျိုးတစ်ဖုံ သိသူတွေက အမှားကို သိကြတယ်'လို့လဲ ပြောဆိုပြန်တယ်။

အဲဒီပုဂ္ဂိုလ်က သူကိုယ်တိုင်သိတာ၊ သူကိုယ်တိုင်မြင်တာ၊ သူ့ဉာဏ်မှာ ထင်ရှားတာလောက်ကိုပဲ ဒါကသာ မှန်တယ်၊ အခြားအယူဟာ အမှားချည်းပဲ၊ ဒီလို ခိုင်မာစွဲမြဲတဲ့ သဘောနဲ့ ပြောဆိုပါတော့တယ်။ (၁)

အချို့ပုဂ္ဂိုလ်က မိမိတို့ရထားတဲ့ ဒိဗ္ဗစက္ခုဉာဏ်နဲ့ ဒီလူ့ပြည်မှာ ဒုစရိုက်ကို ပြုကျင့်လေ့ရှိသူကို ဒီဘဝက သေသွားပြီးတဲ့နောက် နတ်ပြည်သို့ ရောက်နေတာကို တွေ့နေရတယ်။

အဲဒီပုဂ္ဂိုလ်က 'အချင်းတို့ ! မကောင်းတဲ့ကံတွေဟာ မရှိဘူးတဲ့၊ ဒုစရိုက်အကျိုးဟာ မရှိဘူးတဲ့၊ ငါက လူ့ပြည်မှာ ဒုစရိုက်ကို ပြုကျင့်နေသူကို သေပြီးသည်မှနောက် နတ်ပြည်မှာ ဖြစ်နေတာကို မြင်ရတယ်'လို့ ပြောတယ်။

အဲဒီ ပုဂ္ဂိုလ်က 'အချင်းတို့ ! ဒုစရိုက်ကို ပြုကျင့်လေ့ရှိသူ အကုန်လုံးဟာ သေပြီးသည်မှနောက် နတ်ပြည်ကို ရောက်ရပါတယ်၊ ဒီလို သိတဲ့လူတွေက

www.burmeseclassic.com

www.burmeseclassic.com



အမှန်ကိုသိကြပါတယ်၊ အခြားတစ်မျိုးတစ်ဖုံသိသူတွေက အမှားကို သိကြတယ်' လို့လဲ ပြောဆိုပြန်တယ်။

အဲဒီ ပုဂ္ဂိုလ်က သူကိုယ်တိုင်သိတာ, သူကိုယ်တိုင်မြင်တာ, သူ့ဉာဏ်မှာ ထင်ရှားတာလောက်ကိုပဲ ဒါကသာ မှန်တယ်၊ အခြားအယူက မှားတယ်လို့ ခိုင်မာစွဲမြဲတဲ့ သဘောထားနဲ့ ပြောဆိုနေပါတော့တယ်။ (၂)

အာနန္ဒာ ! ဒီလောကမှာ ဒိဗ္ဗစက္ခုဉာဏ်ကို ရထားသူတစ်ဦးက မိမိရထားတဲ့ ဒိဗ္ဗစက္ခုဉာဏ်နဲ့ ဒီလူ့ပြည်မှာ သုစရိုက်ကို ပြုကျင့်လေ့ရှိသူကို ဒီဘ၀က သေသွားပြီးတဲ့နောက် နတ်ပြည်မှာ ဖြစ်နေတာကို တွေ့ရတယ်။

အဲဒီ ပုဂ္ဂိုလ်က 'အချင်းတို့ ! ကောင်းတဲ့ကံတွေ ရှိနေကြသတဲ့၊ သုစရိုက်ရဲ့ အကျိုးဟာ ရှိနေပါသတဲ့၊ ငါက ဒီလူ့ပြည်မှာ သုစရိုက်ကို ပြုကျင့်နေတဲ့ ပုဂ္ဂိုလ်ကို သေသွားပြီးတဲ့နောက် နတ်ပြည်မှာ ဖြစ်နေတာကို မြင်နေရတယ်'လို့ ပြောတယ်။

အဲဒီပုဂ္ဂိုလ်က 'အချင်းတို့ ! သုစရိုက်ကို ပြုကျင့်သူ အကုန်လုံးဟာ သေပြီးသည်မှနောက် နတ်ပြည်ကို ရောက်ရပါတယ်၊ ဒီလို သိသူတွေကသာ အမှန်ကို သိကြပါတယ်၊ အခြားတစ်မျိုးတစ်ဖုံ သိသူတွေက အမှားကို သိကြတယ်'လို့လဲ ပြောဆိုပြန်တယ်။

အဲဒီ ပုဂ္ဂိုလ်က သူကိုယ်တိုင်သိတာ, သူကိုယ်တိုင်မြင်တာ, သူ့ဉာဏ်မှာ ထင်ရှားလာတာလောက်ကိုပဲ ဒါကသာ မှန်တယ်၊ အခြားအယူက မှားတယ်လို့ ခိုင်မာစွဲမြဲတဲ့သဘောနဲ့ ပြောဆိုနေပါတော့တယ်။ (၃)

အာနန္ဒာ ! ဒီလောကမှာ ဒိဗ္ဗစက္ခုဉာဏ်ကို ရထားသူတစ်ဦးက မိမိရထားတဲ့ ဒိဗ္ဗစက္ခုဉာဏ်နဲ့ ဒီလူ့ပြည်မှာ သုစရိုက်ကို ပြုကျင့်လေ့ရှိသူကို ဒီဘ၀က သေပြီးတဲ့နောက် ငရဲမှာ ဖြစ်နေတာကို တွေ့ရတယ်။

အဲဒီပုဂ္ဂိုလ်က 'အချင်းတို့ ! ကောင်းတဲ့ကံတွေဟာ မရှိကြဘူးတဲ့၊ သုစရိုက်ရဲ့ အကျိုးဟာ မရှိဘူးတဲ့၊ ငါက လူ့ပြည်မှာ သုစရိုက်ကို ပြုကျင့်နေသူကို သေသွားပြီးတဲ့နောက် ငရဲမှာ ဖြစ်နေတာကို မြင်ရတယ်'လို့ ပြောတယ်။

အဲဒီ ပုဂ္ဂိုလ်က 'အချင်းတို့ ! သုစရိုက်ကို ပြုကျင့်နေသူ အကုန်လုံးဟာ သေပြီးသည်မှနောက် ငရဲကို ရောက်ကြရပါတယ်၊ ဒီလိုသိသူတွေက အမှန်ကို သိကြပါတယ်၊ အခြားတစ်မျိုးတစ်ဖုံ သိသူတွေက အမှားကို သိကြတယ်'လို့လဲ ပြောဆိုနေပြန်တယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီ ပုဂ္ဂိုလ်က သူကိုယ်တိုင်သိတာ, သူကိုယ်တိုင်မြင်တာ, သူ့ဉာဏ်မှာ ထင်ရှားလာတာလောက်ကိုပဲ ဒါကသာ မှန်တယ်၊ အခြားအယူက မှားတယ်လို့ ခိုင်မာစွဲမြဲတဲ့ သဘောထားနဲ့ ပြောဆိုနေပါတော့တယ်။ (၄)

**ဒိဗ္ဗစက္ခုဉာဏ်ရသူတို့၏အယူကို စိစစ်ချက်**

အာနန္ဒာ! အဲဒီပုဂ္ဂိုလ် ၄-ယောက်အနက် 'အချင်းတို့ ! မကောင်းတဲ့ ကံတွေ ရှိသတဲ့၊ ဒုစရိုက်ရဲ့အကျိုး ရှိသတဲ့' ဒီလိုပြောဆိုတဲ့သူတို့ရဲ့ စကားကို ငါဘုရား ခွင့်ပြုပါတယ်။

လူ့ပြည်မှာ ဒုစရိုက်ပြုကျင့်နေတဲ့ ပုဂ္ဂိုလ်ကို သေသွားပြီးသည့်မှနောက် ငရဲမှာ ဖြစ်နေတာကို မြင်တယ်ဆိုတဲ့ ပုဂ္ဂိုလ်ရဲ့ စကားကိုလဲ ငါဘုရား ခွင့်ပြုပါတယ်။

'အချင်းတို့ ! ဒုစရိုက်ကို ပြုကျင့်လေ့ရှိသူ အကုန်လုံးဟာ ငရဲကို ရောက်ကြရပါတယ်'လို့ ဆိုတဲ့ ပုဂ္ဂိုလ်ရဲ့စကားကို ငါဘုရား ခွင့်မပြုနိုင်။

ဒီလိုသိသူတွေဟာ အမှန်ကို သိကြပါတယ်၊ အခြားတစ်မျိုးတစ်ဖုံ သိသူတွေက အမှားကို သိကြတယ်လို့ ဆိုတဲ့ ပုဂ္ဂိုလ်ရဲ့ စကားကိုလဲ ငါဘုရား ခွင့်မပြုနိုင်။

အဲဒီပုဂ္ဂိုလ်က သူကိုယ်တိုင်သိတာ, သူကိုယ်တိုင်မြင်တာ, သူ့ဉာဏ်မှာ ထင်ရှားလာတာလောက်ပဲ ဒီအယူသာမှန်တယ်၊ အခြားအယူဟာ အမှားချည်းပဲ၊ ဒီလိုခိုင်မာစွဲမြဲတဲ့ သဘောနဲ့ ပြောဆိုတဲ့ စကားကိုလဲ ငါဘုရား ခွင့်မပြုနိုင်။

ဘာ့ကြောင့်လဲဆိုတော့ များစွာသောကံတို့ကို ဝေဖန်ရာမှာ ငါဘုရားရဲ့ ဉာဏ်တော်က တစ်မျိုးတစ်ဖုံ ဖြစ်နေတဲ့ အတွက်ကြောင့်ပါပဲ။ (၁)

အာနန္ဒာ ! အဲဒီပုဂ္ဂိုလ် ၄-ယောက်တို့အနက် 'အချင်းတို့ ! မကောင်းတဲ့ ကံတွေဟာ မရှိကြဘူးတဲ့၊ ဒုစရိုက်ရဲ့အကျိုးဟာ မရှိဘူးတဲ့၊' ဒီလို ပြောဆိုတဲ့ ပုဂ္ဂိုလ်ရဲ့ စကားကို ငါဘုရား ခွင့်မပြုနိုင်။

'လူ့ပြည်မှာ ဒုစရိုက်ကို ပြုကျင့်နေသူကို သေပြီးသည်မှာနောက် နတ်ပြည်မှာ ဖြစ်နေရတာကို မြင်ရတယ်၊' ဒီလို ပြောဆိုတဲ့ ပုဂ္ဂိုလ်ရဲ့ စကားကို ငါဘုရား ခွင့်ပြုတယ်။

'အချင်းတို့ ! ဒုစရိုက်ကို ပြုကျင့်လေ့ရှိသူ အကုန်လုံးဟာ သေပြီးသည်မှ နောက် နတ်ပြည်ကို ရောက်ရပါတယ်၊' အဲဒီလိုပြောဆိုတဲ့ ပုဂ္ဂိုလ်ရဲ့ စကားကို ငါဘုရား ခွင့်မပြုနိုင်။

www.burmeseclassic.com

www.burmeseclassic.com



'ဒီလိုသိတဲ့လူတွေက အမှန်ကိုသိကြပါတယ်၊ အခြားတစ်မျိုးတစ်ဖုံ သိသူတွေက အမှားကို သိကြပါတယ်၊' ဒီလို ပြောဆိုတဲ့ ပုဂ္ဂိုလ်ရဲ့ စကားကိုလဲ ငါဘုရား ခွင့်မပြုနိုင်။

အဲဒီ ပုဂ္ဂိုလ်က သူကိုယ်တိုင်သိတာ, သူကိုယ်တိုင်မြင်တာ, သူ့ဉာဏ်မှာ ထင်ရှားလာတာလောက်ကိုပဲ ဒါကသာ မှန်တယ်၊ အခြားအယူတွေက မှားတယ်လို့ ခိုင်မာစွဲမြဲတဲ့ သဘောထားနဲ့ ပြောဆိုတဲ့ စကားကိုလဲ ငါဘုရား ခွင့်မပြုနိုင်။

ဘာ့ကြောင့်လဲဆိုတော့ များစွာသောကံတို့ကို ဝေဖန်ရာမှာ ငါဘုရားရဲ့ ဉာဏ်တော်က တစ်မျိုးတစ်ဖုံ ဖြစ်နေတဲ့အတွက်ကြောင့်ပါပဲ။ (၂)

အာနန္ဒာ ! အဲဒီပုဂ္ဂိုလ် ၄-ယောက်တို့အနက် 'အချင်းတို့ ! ကောင်းသောကံတွေ ရှိနေကြသတဲ့၊ သုစရိုက်ရဲ့အကျိုး ရှိနေပါသတဲ့၊' ဒီလို ပြောဆိုတဲ့ ပုဂ္ဂိုလ်ရဲ့ စကားကို ငါဘုရားက ခွင့်ပြုပါတယ်။

'အချင်းတို့ ! ဒီလူ့ပြည်မှာ သုစရိုက်ကို ပြုကျင့်နေတဲ့ ပုဂ္ဂိုလ်ကို သေသွားပြီးတဲ့နောက် နတ်ပြည်မှာ ဖြစ်နေတာကို မြင်တွေ့ရတယ်၊' ဒီလိုပြောဆိုတဲ့ ပုဂ္ဂိုလ်ရဲ့ စကားကိုလဲ ငါဘုရားက ခွင့်ပြုပါတယ်။

'အချင်းတို့ ! သုစရိုက်ပြုကျင့်နေသူ အကုန်လုံးဟာ သေပြီးသည့်မှနောက် နတ်ပြည်ကို ရောက်ရပါတယ်၊' ဒီလိုပြောဆိုတဲ့ စကားကို ငါဘုရား ခွင့်မပြုနိုင်။

'ဒီလိုသိသူတွေကသာ အမှန်ကို သိကြပါတယ်၊ အခြားတစ်မျိုးတစ်ဖုံ သိသူတွေက အမှားကို သိကြပါတယ်၊' ဒီလို ပြောဆိုတဲ့ ပုဂ္ဂိုလ်စကားကိုလဲ ငါဘုရား ခွင့်မပြုနိုင်။

အဲဒီ ပုဂ္ဂိုလ်က သူကိုယ်တိုင်သိတာ, သူကိုယ်တိုင်မြင်တာ, သူ့ဉာဏ်မှာ ထင်ရှားတာလောက်ကိုပဲ ဒါကသာ မှန်တယ်၊ အခြားအယူက မှားတယ်လို့ ခိုင်မာစွဲမြဲတဲ့ သဘောနဲ့ ပြောဆိုတဲ့ စကားကိုလဲ ငါဘုရားက ခွင့်မပြုနိုင်။

ဘာ့ကြောင့်လဲဆိုတော့ များစွာသောကံတို့ကို ဝေဖန်ရာမှာ ငါဘုရားရဲ့ ဉာဏ်တော်က တစ်မျိုးတစ်ဖုံ ဖြစ်နေတဲ့ အတွက်ကြောင့်ပါပဲ။ (၃)

အာနန္ဒာ ! အဲဒီ ပုဂ္ဂိုလ် ၄-ယောက်တို့အနက် 'အချင်းတို့ ! ကောင်းတဲ့ကံတွေဟာ မရှိကြဘူးတဲ့၊ သုစရိုက်ရဲ့အကျိုးဟာ မရှိဘူးတဲ့၊' ဒီလို ပြောဆိုတဲ့ ပုဂ္ဂိုလ်ရဲ့ စကားကို ငါဘုရားက ခွင့်မပြုနိုင်။

www.burmeseclassic.com

www.burmeseclassic.com



'အချင်းတို့ ! လူ့ပြည်မှာ သုစရိုက်ပြုကျင့်နေသူကို သေသွားပြီးတဲ့နောက် ငရဲမှာ ဖြစ်နေတာကို မြင်ရတယ်၊' ဒီလိုပြောဆိုတဲ့ ပုဂ္ဂိုလ်ရဲ့စကားကို ငါဘုရားက ခွင့်ပြုပါတယ်။

'အချင်းတို့ ! သုစရိုက်ကို ပြုကျင့်နေသူ အကုန်လုံးဟာ သေပြီးသည်မှနောက် ငရဲကို ရောက်ကြရတယ်၊' ဒီလို ပြောဆိုတဲ့ ပုဂ္ဂိုလ်ရဲ့ စကားကို ငါဘုရားက ခွင့်မပြုနိုင်။

'ဒီလိုသိသူတွေကသာ အမှန်ကို သိကြပါတယ်၊ အခြားတစ်မျိုးတစ်ဖုံ သိသူတွေက အမှားကို သိကြပါတယ်၊' ဒီလို ပြောဆိုတဲ့ ပုဂ္ဂိုလ်ရဲ့ စကားကိုလဲ ငါဘုရားက ခွင့်မပြုနိုင်။

အဲဒီ ပုဂ္ဂိုလ်က သူကိုယ်တိုင်သိတာ, သူကိုယ်တိုင်မြင်တာ, သူ့ဉာဏ်မှာ ထင်ရှားတာလောက်ကိုပဲ ဒါကသာ မှန်တယ်၊ အခြားအယူက မှားတယ်လို့ ခိုင်မာစွဲမြဲတဲ့ သဘောထားနဲ့ ပြောဆိုနေတဲ့ စကားကိုလဲ ငါဘုရားက ခွင့်မပြုနိုင်။

ဘာ့ကြောင့်လဲဆိုတော့ များစွာသောကံတို့ကို ဝေဖန်ရာမှာ ငါဘုရားရဲ့ ဉာဏ်တော်က တစ်မျိုးတစ်ဖုံ ဖြစ်နေတဲ့ အတွက်ကြောင့်ပါပဲ။ (၄)

**မဟာကမ္မဝိဘင်္ဂဉာဏ်တော်**

အာနန္ဒာ ! အဲဒီ ပုဂ္ဂိုလ် ၄–ယောက်တို့အနက် တစ်ယောက်သော ပုဂ္ဂိုလ်က ဒီလူ့ပြည်မှာ ဒုစရိုက်ကို ပြုကျင့်ပြီး သေပြီးသည်မှနောက် ငရဲမှာ ဖြစ်နေရပါတယ်၊ အဲဒီ ပုဂ္ဂိုလ်က ဒုစရိုက်ကို မပြုကျင့်ခင် ရှေ့အဖို့မှာလဲ ဒုက္ခဝေဒနာရဲ့ အကြောင်းဖြစ်တဲ့ မကောင်းမှု အကုသိုလ်ကံကို ပြုလုပ်ပါတယ်၊ သေခါနီးကာလမှာလဲ မှားယွင်းတဲ့ အယူကို အပြည့်အဝဆောက်တည်ထားပါတယ်၊ အဲဒီ ပုဂ္ဂိုလ်ဟာ အဲဒီ မကောင်းမှု အကုသိုလ်ကံကြောင့် သေပြီးသည်နောက် ငရဲကို ရောက်ရပါတယ်။

ဒီလူ့ပြည်မှာ ဒုစရိုက်ကို ပြုကျင့်လေ့ရှိသူဟာ အဲဒီကံရဲ့အကျိုးကို ပြုလုပ်နေတဲ့ ဘဝမှာပဲဖြစ်ဖြစ်, ဒုတိယဘဝမှာပဲဖြစ်ဖြစ်, ဒုတိယဘဝမှတစ်ပါးသော ဘဝအဆက်ဆက်မှာပဲဖြစ်ဖြစ် ခံစားရတတ်ပါတယ်။ (၁)

အာနန္ဒာ ! အဲဒီ ပုဂ္ဂိုလ် ၄–ယောက်တို့အနက် တစ်ယောက်သော ပုဂ္ဂိုလ်က ဒီလူ့ပြည်မှာ ဒုစရိုက်ကို ပြုကျင့်လေ့ရှိပြီး သေပြီးသည်မှနောက် နတ်ပြည်ကို ရောက်ရပါတယ်၊ အဲဒီ ပုဂ္ဂိုလ်ဟာ ဒုစရိုက်ကို မပြုကျင့်ခင် ရှေ့ပိုင်းမှာလဲ သုခဝေဒနာရဲ့ အကြောင်းဖြစ်တဲ့ ကောင်းမှုကုသိုလ်ကံကို ပြုလုပ်ထားပါတယ်၊ ဒုစရိုက်ကို ပြုပြီးတဲ့ နောက်ပိုင်းမှာလဲ သုခဝေဒနာရဲ့ အကြောင်းဖြစ်တဲ့ ကောင်းမှုကုသိုလ်ကံကို ပြုလုပ်

www.burmeseclassic.com

www.burmeseclassic.com



ထားပါတယ်၊ သေခါနီးကာလမှာလဲ မှန်ကန်တဲ့အယူကို အပြည့်အဝ ဆောက်တည်ထားပါတယ်၊ အဲဒီ ပုဂ္ဂိုလ်ဟာ အဲဒီ ကောင်းမှုကုသိုလ်ကံကြောင့် သေပြီးသည်မှနောက် နတ်ပြည်ကို ရောက်ရပါတယ်။

ဒီလူ့ပြည်မှာ ဒုစရိုက်ကို ပြုကျင့်လေ့ရှိသူဟာ အဲဒီ ဒုစရိုက်ကံရဲ့ အကျိုးကို ပြုလုပ်တဲ့ဘဝမှာလဲ ခံစားရတတ်ပါတယ်၊ ဒုတိယဘဝမှာလဲ ခံစားရတတ်ပါတယ်၊ ဒုတိယဘဝမှတစ်ပါး တတိယဘဝ–စတဲ့ ဘဝအဆက်ဆက်မှာလဲ ခံစားရတတ်ပါတယ်။ (၂)

အာနန္ဒာ ! ဒီပုဂ္ဂိုလ် ၄–ယောက်တို့အနက် တစ်ယောက်သောပုဂ္ဂိုလ်က ဒီလူ့ပြည်မှာ သုစရိုက်ကို ပြုကျင့်လေ့ရှိပြီး သေသည်မှနောက် နတ်ပြည်ကို ရောက်ရပါတယ်၊ အဲဒီ ပုဂ္ဂိုလ်ဟာ သုစရိုက်ကို မပြုကျင့်ခင် ရှေ့ပိုင်းမှာလဲ သုခဝေဒနာရဲ့ အကြောင်းဖြစ်တဲ့ ကောင်းမှုကုသိုလ်ကံကို ပြုလုပ်ထားပါတယ်၊ သုစရိုက်ကို ပြုလုပ်ပြီးတဲ့ နောက်ပိုင်းမှာလဲ သုခဝေဒနာရဲ့ အကြောင်းဖြစ်တဲ့ ကောင်းမှုကုသိုလ်ကံကို ပြုလုပ်ထားပါတယ်၊ သေခါနီး ကာလမှာလဲ မှန်ကန်တဲ့ အယူကို အပြည့်အဝ ဆောက်တည်ထားပါတယ်၊ အဲဒီပုဂ္ဂိုလ်ဟာ အဲဒီကောင်းမှုကံကြောင့် သေပြီးသည်မှနောက် နတ်ပြည်ကို ရောက်ရပါတယ်။

ဒီလူ့ပြည်မှာ သုစရိုက်ကို ပြုကျင့်လေ့ရှိသူဟာ အဲဒီ သုစရိုက်ရဲ့ အကျိုးကို ပြုလုပ်တဲ့ဘဝမှာလဲ ခံစားရတတ်ပါတယ်၊ သေပြီးသည်မှနောက် ဒုတိယဘဝမှာလဲ ခံစားရတတ်ပါတယ်၊ တစ်ပါးသော တတိယ–စတဲ့ ဘဝအဆက်ဆက်မှာလဲ ခံစားရတတ်ပါတယ်။ (၃)

အာနန္ဒာ ! အဲဒီ ပုဂ္ဂိုလ် ၄–ယောက်တို့အနက် တစ်ယောက်သော ပုဂ္ဂိုလ်က သုစရိုက်ကိုလဲ ပြုကျင့်ပါတယ်၊ သေပြီးသည်မှနောက် ငရဲမှာလဲ ဖြစ်ရပါတယ်၊ အဲဒီပုဂ္ဂိုလ်ဟာ သုစရိုက်ကို မပြုခင် ရှေ့ပိုင်းမှာလဲ ဒုက္ခဝေဒနာရဲ့အကြောင်းဖြစ်တဲ့ အကုသိုလ်ကံကို ပြုလုပ်ပါတယ်၊ ဒုစရိုက်ကို ပြုကျင့်ပြီးတဲ့ နောက်ပိုင်းမှာလဲ ဒုက္ခဝေဒနာရဲ့ အကြောင်းဖြစ်တဲ့ မကောင်းမှုအကုသိုလ်ကံကို ပြုလုပ်ပါတယ်၊ သေခါနီး ကာလမှာလဲ မှားယွင်းတဲ့ အယူကို အပြည့်အဝ ဆောက်တည်ထားပါတယ်၊ အဲဒီ ပုဂ္ဂိုလ်ဟာ အဲဒီ မကောင်းမှုအကုသိုလ်ကံကြောင့် သေပြီးသည်မှနောက် ငရဲကို ရောက်ရပါတယ်။

ဒီလူ့ပြည်မှာ သုစရိုက်ကို ပြုကျင့်လေ့ရှိသူဟာ အဲဒီ သုစရိုက်ကံရဲ့အကျိုးကို ပြုလုပ်တဲ့ဘဝမှာလဲ ခံစားရတတ်ပါတယ်၊ သေပြီးသည်မှနောက်ဖြစ်တဲ့ ဒုတိယဘဝမှာလဲ ခံစားရတတ်ပါတယ်၊ တစ်ပါးသော တတိယဘဝအစရှိတဲ့ ဘဝအဆက်ဆက်မှာလဲ ခံစားရတတ်ပါတယ်။ (၄)

www.burmeseclassic.com

www.burmeseclassic.com



အာနန္ဒာ ! –

(က) အားနည်းတဲ့ အကုသိုလ်ကို တားမြစ်ပြီး အကျိုးပေးတဲ့ အားကောင်းတဲ့ အကုသိုလ်၊ [ အဘဗ္ဗ+အဘဗ္ဗာဘာသ။ ]

(ခ) အကုသိုလ်ကို တားမြစ်ပြီး အကျိုးပေးတတ်တဲ့ ကုသိုလ်ကံ၊ [ အဘဗ္ဗ+ဘဗ္ဗာဘာသ။ ]

(ဂ) အားနည်းတဲ့ကုသိုလ်ကို တားမြစ်ပြီး အကျိုးပေးသော အားကောင်းတဲ့ ကုသိုလ်ကံ၊ [ ဘဗ္ဗ+ဘဗ္ဗာဘာသ။ ]

(ဃ) ကုသိုလ်ကို တားမြစ်ပြီး အကျိုးပေးတတ်တဲ့ အကုသိုလ်ကံ၊ [ ဘဗ္ဗ+အဘဗ္ဗာဘာသ။ ]

ဒီလို ကံ ၄–မျိုး ရှိနေတယ်။

မြတ်စွာဘုရားက ဒီတရားဒေသနာကို ဟောတော်မူပါတယ်၊ အရှင်အာနန္ဒာက လွန်စွာနှစ်သက် သဘောကျသွားပါတယ်။

**မဟာဝိဘင်္ဂဉာဏ် ရှင်းလင်းချက်**

**ပထမကမ္မဝိဘင်္ဂ** ကမ္မဝိဘင်္ဂ ၄–ပါးအနက် အစဉ်အတိုင်း တစ်ပါးချင်း, တစ်ပါးချင်း စိစစ်ဝေဖန်ပြသွားပါ့မယ်။

သမဏာပဲဖြစ်ဖြစ်, ဗြာဟ္မဏာပဲဖြစ်ဖြစ် ပထမကမ္မဝိဘင်္ဂမှာ –ဒိဗ္ဗစက္ခုဉာဏ်ကို ရထားတဲ့ ပုဂ္ဂိုလ်က တွေ့မြင်ထားတဲ့ ဒုစရိုက်အကုသိုလ်ကံတစ်မျိုးတည်းကြောင့်သာ ငရဲမှာ ဖြစ်ရတာမဟုတ်ပါ၊ ဒိဗ္ဗစက္ခုဉာဏ်ရထားတဲ့ ပုဂ္ဂိုလ်က တွေ့မြင်ရထဲ့ ဒုစရိုက် အကုသိုလ်ကံရဲ့ ရှေ့ပိုင်းမှာ ပြုလုပ်ထားတဲ့ အကုသိုလ်ကံကြောင့် သေပြီးတဲ့နောက် ငရဲမှာ ဖြစ်ရတတ်ပါတယ်။

ဒိဗ္ဗစက္ခုဉာဏ်ကိုရထားတဲ့ ပုဂ္ဂိုလ်က တွေ့မြင်ထားတဲ့ အကုသိုလ်ကံရဲ့ နောက်မှာ ပြုလုပ်ထားတဲ့ အကုသိုလ်ကံကြောင့်လဲပဲ သေပြီးတဲ့နောက် ငရဲမှာ ဖြစ်ရပါတယ်။

ထို့ပြင် သေခါနီးကာလမှာ ချို့ယွင်းဖောက်ပြန် မမှန်ကန်တဲ့ မိစ္ဆာအယူကို ယူမိတဲ့အတွက်ကြောင့်လဲပဲ သေပြီးတဲ့နောက် ငရဲမှာ ဖြစ်ရတတ်ပါတယ်။

ကံရဲ့အကျိုးကို ပြုလုပ်တဲ့ဘဝမှာလဲ ခံစားရတတ်ပါတယ်ဆိုတာက ဒိဋ္ဌဓမ္မ ဝေဒနီယအကျိုး ဖြစ်ပါတယ်။

သေပြီးသည့်နောက် ဒုတိယဘဝမှာလဲ ခံစားရတတ်ပါတယ်ဆိုတာက ဥပပဇ္ဇ ဝေဒနီယအကျိုး ဖြစ်ပါတယ်။

တစ်ပါးသော တတိယဘဝ–စတဲ့ ဘဝအဆက်ဆက်မှာလဲ ခံစားရတတ်ပါတယ် ဆိုတာက အပရာပရိယဝေဒနီယအကျိုး ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒီလို ရှေ့ကပြောလာခဲ့တဲ့အတိုင်း သမဏပဲဖြစ်ဖြစ်၊ ဗြာဟ္မဏပဲဖြစ်ဖြစ် ဒိဗ္ဗစက္ခုဉာဏ်ကို ရထားတဲ့ပုဂ္ဂိုလ်က တစ်ခုသောကံအစုနှင့် တစ်ခုသော(ဥပပဇ္ဇဝေဒနီယ) အကျိုးအစုကိုသာ မြင်ပါတယ်။

မြတ်စွာဘုရားက အဲဒီ ဒိဗ္ဗစက္ခုအဘိညာဉ်ကိုရတဲ့ ပုဂ္ဂိုလ်က မမြင်နိုင်တဲ့ (ရှေ့မှာဖြစ်တဲ့ကံ၊ နောက်မှာဖြစ်တဲ့ကံ၊ သေခါနီးမှာဖြစ်တဲ့ မိစ္ဆာဒိဋ္ဌိကံ–ဆိုတဲ့) ၃–ပါးသောကံအစုနှင့် (ဒိဋ္ဌဓမ္မဝေဒနီယ၊ အပရာပရိယဝေဒနီယ–ဆိုတဲ့) ၂–ပါးသော အကျိုး အဖို့အစုကိုလဲ မြင်တော်မူပါတယ်။

ထို့ပြင် မြတ်စွာဘုရားက ဒိဗ္ဗစက္ခုဉာဏ်ရထားတဲ့ ပုဂ္ဂိုလ် မြင်နိုင်တာရော၊ မမြင်နိုင်တာရော ၄–ပါးသော ကံအစုနှင့် ၃–ပါးသော အကျိုးအစုတို့ကို မြင်တော်မူပါတယ်။

ဒီ ၇–ပါးသော အရာဌာနတို့ကို သိတတ်တဲ့ဉာဏ်ဟာ မြတ်စွာဘုရားရဲ့ မဟာကမ္မဝိဘင်္ဂဉာဏ် မည်ပါတယ်။

**ဒုတိယကမ္မဝိဘင်္ဂ** ဒုတိယကမ္မဝိဘင်္ဂမှာ– ဤမည်သောကံရဲ့ ဤမည်သောအကျိုး ဖြစ်တယ်လို့ ကံနှင့် ကံရဲ့အကျိုးကို မသိမမြင်တဲ့အတွက် စက္ခုဉာဏ် ရထားတဲ့ပုဂ္ဂိုလ်က တစ်စုံတစ်ခုသောကံအစု၊ ဝိပါက်အစုကိုမှ မမြင်ပ

မြတ်စွာဘုရားကတော့ ၃–ပါးသောကံအစုနှင့် ၂–ပါးသောဝိပါက်အစုတို့ကို မြင်တော်မူပါတယ်။

ဒီ ၅–ပါးသော အသီးအခြားဖြစ်တဲ့ အရာဌာနတွေကို သိတတ်တဲ့ဉာဏ်က မြတ်စွာဘုရားရဲ့ မဟာကမ္မဝိဘင်္ဂဉာဏ် မည်ပါတယ်။

**တတိယကမ္မဝိဘင်္ဂ** တတိယကမ္မဝိဘင်္ဂမှာ– ဒိဗ္ဗစက္ခုဉာဏ်ကို ရတဲ့ပုဂ္ဂိုလ်က တွေ့မြင်တဲ့ သုစရိုက်ကုသိုလ်ကံ တစ်ခုတည်းကြောင့်သာ သေပြီးသည့်နောက်မှာ နတ်ပြည်ကို ရောက်ရတာ မဟုတ်ပါဘူး။

ဒိဗ္ဗစက္ခုဉာဏ်ကို ရထားတဲ့ ပုဂ္ဂိုလ်က တွေ့မြင်တဲ့ သုစရိုက်ကုသိုလ်ကံရဲ့ရှေ့မှာ ပြုလုပ်ခဲ့တဲ့ ကုသိုလ်ကံကြောင့်လဲ သေပြီးတဲ့နောက် နတ်ပြည်ကို ရောက်ရပါတယ်။

ဒိဗ္ဗစက္ခုဉာဏ်ကို ရထားတဲ့ ပုဂ္ဂိုလ်က တွေ့မြင်တဲ့ သုစရိုကုသိုလ်ကံအစုရဲ့ နောက်မှာပြုလုပ်တဲ့ ကုသိုလ်ကံကြောင့်လဲပဲ သေပြီးသည်မှနောက် နတ်ပြည်ကို ရောက်ရပါတယ်။

ထို့ပြင် သေခါနီးကာလမှာ မှန်ကန်တဲ့အယူကို ယူလိုက်တဲ့အတွက်ကြောင့်လဲပဲ သေပြီးသည်မှနောက် နတ်ပြည်ကို ရောက်ရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒီနေရာမှာ ဒိဗ္ဗစက္ခုဉာဏ်ကို ရထားသူက သုစရိုက်ဆိုတဲ့ တစ်ခုသောကံအစုနှင့် ဥပပဇ္ဇဝေဒနီယဖြစ်တဲ့ တစ်ခုသော အကျိုးအစုကိုသာ မြင်ပါတယ်။

မြတ်စွာဘုရားက ဒိဗ္ဗစက္ခုဉာဏ်ကို ရတဲ့ပုဂ္ဂိုလ်က မမြင်နိုင်တဲ့ ၃–ပါးသော ကံအစုနှင့် ၂–ပါးသော အကျိုးအစုတို့ကို မြင်တော်မူပါတယ်။

ထို့ပြင် မြတ်စွာဘုရားက ဒိဗ္ဗစက္ခုဉာဏ်ကို ရတဲ့ပုဂ္ဂိုလ်က မြင်နိုင်တာရော, မမြင်နိုင်တာရော ၄–ပါးသော ကံအစုနှင့် ၃–ပါးသော အကျိုးအစုတို့ကို မြင်တော်မူပါတယ်။

ဒီ ၇–ပါးသော အရာဌာနတို့ကို သိတော်မူတတ်တဲ့ ဉာဏ်တော်ဟာ မြတ်စွာဘုရားရဲ့ မဟာကမ္မဝိဘင်္ဂဉာဏ် မည်တော်မူပါတယ်။

**စတုတ္ထကမ္မဝိဘင်္ဂ** စတုတ္ထကမ္မဝိဘင်္ဂမှာ– ဒိဗ္ဗစက္ခုဉာဏ်ကို ရထားတဲ့ပုဂ္ဂိုလ်က တစ်စုံတစ်ခုသော ကံအစု, အကျိုးအစုကိုမှ မမြင်ပါ။

မြတ်စွာဘုရားကတော့ ၃–ပါးသော ကံအစုနှင့် ၂–ပါးသော အကျိုးအစုတို့ကို မြင်တော်မူပါတယ်။

ဒီ ၅–ပါးသော အသီးအခြား အရာဌာနတွေကို သိတတ်, မြင်တတ်တဲ့ဉာဏ်က မြတ်စွာဘုရားရဲ့ မဟာကမ္မဝိဘင်္ဂဉာဏ် မည်တော်မူပါတယ်။

**ကံ ၄–မျိုး** တစ်ဆက်တည်းပဲ အဆုံးမှာဟောထားတဲ့ ကံ ၄–ပါးကို အတော်အသင့် ရှင်းပြပါအုံးမယ်။

က။ လူတစ်ဦးတစ်ယောက်မှာ အကုသိုလ်ကံ အများအပြား ရှိနေတယ်ဆိုကြပါစို့ရဲ့၊ ဒါပေမဲ့ အဲဒီ အကုသိုလ်ကံအကုန်လုံးက တစ်ခါတည်း စုပေါင်းပြီး အကျိုးပေးကြတာ မဟုတ်ပါ၊ အားကောင်းတဲ့ အကုသိုလ်ကံတစ်ခုက အားနည်းတဲ့ အကုသိုလ်ကံတွေရဲ့ အကျိုးကို လွှမ်းမိုးတားမြစ်ပြီး အကျိုးပေးပါတယ်၊ အဲဒီအားကောင်းတဲ့ အကုသိုလ်ကံကိုပဲ– အဘဗ္ဗ+အဘဗ္ဗာဘာသကံလို့ ခေါ်ပါတယ်။

[ အဘဗ္ဗ– မဖြစ်သင့် မဖြစ်ထိုက်တဲ့ ပါဏာတိပါတ–စတဲ့ ဒုစရိုက်အကုသိုလ်ကို+အဘဗ္ဗာဘာသ– လွှမ်းမိုးတားမြစ်တဲ့ အားကောင်းတဲ့ အကုသိုလ်လို့ ဆိုလိုပါတယ်။ ]

ခ။ တစ်ဦးတစ်ယောက်သောပုဂ္ဂိုလ်က ဒုစရိုက် ၁၀–ပါးတို့ကို အများအပြား ပြုလုပ်ထားတယ်၊ ဒါပေမဲ့ ကုသိုလ်ကို ကြိုးကြားကြိုးကြား ရံခါပြုလုပ်မယ်၊ သေခါနီး ကာလဌ်သော်လည်း အယူမှန်ကို ပြောင်းယူမယ်ဆိုရင် အဲဒီပုဂ္ဂိုလ်ဟာ

www.burmeseclassic.com

www.burmeseclassic.com



သေသည့်ရဲ့ အခြားမဲ့မှာ နတ်ပြည်ကို ရောက်နိုင်ပါတယ်၊ အဲဒီ ပုဂ္ဂိုလ်ရဲ့ကံက အဘဗ္ဗ+ဘဗ္ဗာဘာသကံလို့ ခေါ်ပါတယ်။

[အဘဗ္ဗ–မဖြစ်သင့်တဲ့ အကုသိုလ်ကံကို+ဘဗ္ဗာဘာသ–လွှမ်းမိုးတားမြစ်တတ်တဲ့ ကုသိုလ်ကံလို့ ဆိုလိုပါတယ်။]

ဂ။ လူတစ်ဦးတစ်ယောက်က ပြုလုပ်ထားတဲ့ ကုသိုလ်ကံ အများအပြားတွေက တစ်ခါတည်း စုပြုံပြီး အကျိုးပေးကြတာ မဟုတ်ပါဘူး၊ အားကောင်းတဲ့ ကုသိုလ်ကံတစ်ခုက အားနည်းတဲ့ ကုသိုလ်ကံတွေကို လွှမ်းမိုးတားမြစ်ပြီး အကျိုးပေးပါတယ်၊ ဒီကုသိုလ်ကံမျိုးကိုပဲ ဘဗ္ဗ+ဘဗ္ဗာဘာသကံလို့ ခေါ်ပါတယ်။

[ဘဗ္ဗ–ကြီးပွားတိုးတက်ကြောင်းဖြစ်တဲ့ ကုသိုလ်ကံကို+ဘဗ္ဗာဘာသ–လွှမ်းမိုးတားမြစ်တတ်တဲ့ အားကောင်းသောကုသိုလ်ကံ လို့ ဆိုလိုပါတယ်။]

ဃ။ တစ်ဦးတစ်ယောက်သောသူက ကုသိုလ်ကောင်းမှု အများအပြား ပြုလုပ်ထားပါတယ်၊ ဒါပေမဲ့ သေခါနီးမှာ မှားတဲ့အယူကို ပြောင်းယူမိမယ်၊ သေခါနီးမှာပဲ အကုသိုလ်ကံတစ်ခုခုကို ပြုလုပ်မိမယ်၊ သို့မဟုတ် ရှေးကပြုလုပ်ထားတဲ့ အကုသိုလ်ကံတစ်ခုခု ထင်မြင်လာမယ်ဆိုရင် အဲဒီအကုသိုလ်ကံတစ်ခုခုက ကုသိုလ်ကံရဲ့အကျိုးကို လွှမ်းမိုးတားမြစ်ပြီး သေသည်မှနောက် ငရဲရောက်အောင် အကျိုးပေးနိုင်ပါတယ်၊ ဒီအကုသိုလ်ကံမျိုးကိုပဲ ဘဗ္ဗ+အဘဗ္ဗာဘာသကံလို့ ခေါ်ပါတယ်။

[ဘဗ္ဗ–ကုသိုလ်ကံကို+အဘဗ္ဗာဘာသ–လွှမ်းမိုးတားမြစ်တတ်တဲ့ အကုသိုလ်ကံ လို့ ဆိုလိုပါတယ်။]

***၁။ ကျီးပြိတ္တာ** ဒီကံတွေနှင့် သက်ဆိုင်နေတဲ့ ဝတ္ထုသက်သေများကိုသင့်တော်ရုံမျှ ပြောပြပါအုံးမယ်။

အရှင်မောဂ္ဂလ္လာန်ထေရ်က မေးတဲ့အတွက် ဂိဇ္ဈကုဋ်တောင်ထက်မှာ ဆင်းရဲဒုက္ခခံနေရတဲ့ ကျီးပြိတ္တာက ကိုယ့်အကြောင်းကို ကိုယ်တိုင်ပြန်လည်ပြောပြပါတယ်။

အရှင်ဘုရား ! ကဿပမြတ်စွာဘုရားရဲ့ လက်ထက်တော်မှာ များပြားလှတဲ့ ရဟန်းတော်တွေက ရွာတွင်းကို ဆွမ်းခံဝင်လာကြပါတယ်၊ လူတွေက ရဟန်းတော်တွေကို တွေ့ရတော့ မြတ်နိုးကြည်ညိုလှတဲ့အတွက် ဆွမ်းစားကျောင်းပေါ်ကို ပင့်တင်ထားကြပါတယ်၊ ခြေတွေကို ဆေးကြောပြီး ဆီနဲ့သုတ်လိမ်းပေးကြပါတယ်၊ ရှေးဦးစွာ ယာဂုနှင့်အချိုပွဲကို ဆက်ကပ်လှူဒါန်းကြပါတယ်၊ ဆွမ်းစားချိန်ရောက်သည်တိုင်အောင် တရားနာပြီး ထိုင်နေကြပါတယ်။

* ဓံ–၅–၁၊ ၃၂၁။

www.burmeseclassic.com

www.burmeseclassic.com



တရားပြီးဆုံးသွားတဲ့အခါ ရဟန်းတော်တွေရဲ့ သပိတ်ကိုယူပြီး အသီးအသီး ကိုယ့်အိမ်မှာချက်ထားတဲ့ အမျိုးမျိုး အစားအစာ ကောင်းသောအရသာရှိတဲ့ သောဇဉ်ကို အပြည့်ထည့်ယူလာကြပါတယ်။

အဲဒီ အခါတုန်းက တပည့်တော်ဟာ ကျီးသတ္တဝါ ဖြစ်နေခဲ့ပါတယ်၊ ဆွမ်းစားကျောင်းခေါင်မိုးပေါ်မှာ နားနေရင်း အဲဒီဆောင်ယူလာခဲ့တဲ့ဆွမ်းကို တွေ့နေရပါတယ်၊ လူတစ်ယောက်ယူလာခဲ့တဲ့ သပိတ်ထဲက ၃-ကြိမ်တိုင်တိုင် ပါးစပ်ပြည့်အောင် ဆွမ်း ၃-လုတ်တို့ကို ထိုးသုတ်ယူဆောင်ဖူးပါတယ်ဘုရား။

အဲဒီဆွမ်းကတော့ သံဃာ့ဥစ္စာလဲ မဟုတ်သေးပါ၊ သံဃာအား သတ်မှတ်ပြီး လှူဒါန်းထားတဲ့ဥစ္စာလဲ မဟုတ်သေးပါ၊ ရဟန်းတွေခံယူပြီးလို့ ကြွင်းကျန်နေတာလဲ မဟုတ်ပါ၊ အသီးအသီး ကိုယ့်အိမ်ကယူလာပြီး လှူတွေသုံးဆောင်ထိုက်တဲ့ သံဃာအား ရည်ညွှန်းဆောင်ယူလာကာမျှသာ ဖြစ်ပါတယ်။

အဲဒီ ဆွမ်းထဲက တပည့်တော်ဟာ ဆွမ်း ၃-လုတ်တို့ကိုသာ ယူခဲ့ဖူးပါတယ်၊ တပည့်တော်ရဲ့ ရှေးမကောင်းမှုကံကတော့ ဒီလောက်ကလေးသာ ဖြစ်ပါတယ်။

တပည့်တော်က သေသွားပြီးတဲ့နောက် အဲဒီ အကုသိုလ်ရဲ့အကျိုးကို ခံစားရတဲ့ အနေနဲ့ အဝီစိငရဲမှာ ဖြစ်ခဲ့ရပါတယ်၊ ကြွင်းကျန်တဲ့ အကုသိုလ်ကံရဲ့ အကျိုး အနေနဲ့ ယခု ဂိဇ္ဈကုဋ်တောင်မှာ ကျီးပြိတ္တာဖြစ်ပြီး ဒီဆင်းရဲဒုက္ခကို ခံစားနေရပါတယ်ဘုရား။

*** ၂။ ခေမကသူဌေးသား**

ခေမကဆိုတဲ့ သူဌေးသားဟာ သိပ်အဆင်းလှပါသတဲ့၊ အမျှားအားဖြင့် မိန်းမတွေက သူ့ကိုတွေ့လို့ရှိရင် ရာဂရဲ့ နှိပ်စက်မှုကို ခံရတဲ့အတွက် ဣန္ဒြေမဆည်နိုင်ကြ, ဟန်မလုပ်နိုင်ကြပါ၊ ခေမကဆိုတဲ့ သူဌေးသားကလဲပဲ သူတစ်ပါးရဲ့မယားကို ကြာခိုမှုမှာ မွေ့လျော်ပျော်ပိုက်သူသာ ဖြစ်ပါတယ်။

ညဦးအချိန်မှာ မင်းမှုထမ်းယောကျ်ားတွေက ခေမကသူဌေးသားကို ဖမ်းမိပြီး ဘုရင်မင်းမြတ်၏ ရှေ့တော်ကို သွင်းကြပါတယ်၊ ပသေနဒီကောသလမင်းက အနာထပိဏ်သူဌေး ရှက်မှာကို စိုးတဲ့အတွက် မစစ်ဆေး မမေးမြန်းဘဲ အလွှတ် ခိုင်းလိုက်ပါတယ်၊ ခေမကသူဌေးသားကတော့ ရှောင်ကြဉ်မှုကို မပြုပါဘူး၊ ၂-ကြိမ် ၃-ကြိမ်တိုင်အောင် ခေမကသူဌေးသားကို မင်းမှုထမ်းယောကျ်ားတွေက ဖမ်းမိပြီး ဘုရင့်ရှေ့တော်ကို သွင်းကြပြန်တယ်၊ ပသေနဒီကောသလမင်းက အလွှတ်ခိုင်းလိုက်တာချည်းပါပဲ။

---

* ခံ-၄-၂၊ ၃၀၀။

www.burmeseclassic.com

www.burmeseclassic.com



အနာထပိဏ်သူဌေးကြီးက အဲဒီအကြောင်းကို ကြားရတော့ ခေမကသူဌေးသားကို ခေါ်ပြီး မြတ်စွာဘုရားထံ သွားပါတယ်၊ အဲဒီအကြောင်းကိုလဲ မြတ်စွာဘုရားအား လျှောက်ထားပါတယ်၊ "အရှင်ဘုရား ! ဒီခေမကသူဌေးသားအား တရားဟောတော်မူပါ" လို့လဲ ထပ်ဆင့်လျှောက်ထားပြန်တယ်။

ဘုရားရှင်က ခေမကသူဌေးသားအား ထိတ်လန့်စရာ(သံဝေဂရစရာ) တရားစကားကို ဟောပြတော်မူပါတယ်၊ ထို့နောက် သူတစ်ပါးမယားကို ပြစ်မှားမှီဝဲခြင်းရဲ့ အပြစ်ကို ပြသလျက် တရားစကား ဟောကြားတော်မူပါတယ်။

"သူတစ်ပါးမယားကို ပြစ်မှားမှီဝဲပြီး မေ့လျော့နေတဲ့လူဟာ ၁။ မကောင်းမှု အကုသိုလ်ကိုရခြင်း၊ ၂။ အလိုရှိတိုင်းမအိပ်ရခြင်း၊ ၃။ ကဲ့ရဲ့ခံရခြင်း၊ ၄။ ငရဲသို့ လားရခြင်း= ဒီဆင်းရဲခြင်းအကြောင်း ၄-ပါးတို့ကို ရရှိတတ်တယ်။

ဒီလို သူ့မယားကို ပြစ်မှားမှီဝဲသူမှာ မကောင်းမှုကို ရရှိပါတယ်၊ အဲဒီ မကောင်းမှုကြောင့် အောက်တန်းကျတဲ့ အပါယ်ငရဲကို လားရောက်ရပါတယ်၊ ကြောက်လန့်နေရတဲ့ ယောကျ်ားရဲ့ ကြောက်လန့်နေရတဲ့ မိန်းမရဲ့ မွေ့လျော်ခြင်းဟာလဲ အနည်းငယ်မျှသာ ဖြစ်ပါတယ်၊ မင်းကလဲ ကြီးလေးတဲ့အပြစ်ဒဏ်ကို ပေးတတ်ပါတယ်၊ ဒီလိုအပြစ်များလှတဲ့အတွက် ယောကျ်ားဖြစ်သူဟာ သူတစ်ပါးရဲ့ မယားကို မမှီဝဲသင့်ပါဘူး"။

တရားတော်ရဲ့အဆုံးမှာ ခေမကသူဌေးသားက သောတာပန်ဖြစ်သွားပါတယ်၊ အဲဒီအချိန်ကစပြီး လူအပေါင်းက ချမ်းသာစွာ နေကြရပါတယ်။

ခေမကသူဌေးသားက ကာမေသုမိစ္ဆာစာရ ဒုစရိုက်အကုသိုလ်ကံကို ပြုလုပ်ထားသော်လည်း အပါယ်ငရဲမှာ ဖြစ်စရာမရှိတော့၊ အဲဒီ ကာမေသုမိစ္ဆာစာရကံရဲ့ ရှေ့အဖို့၊ နောက်အဖို့မှာဖြစ်တဲ့ ကုသိုလ်ကံတစ်ခုခုကြောင့် လူ့ပြည်၊ နတ်ပြည် တစ်ခုခုမှာသာ ဖြစ်ရပါတော့တယ်။

ခေမကသူဌေးသားဟာ ကဿပဘုရားရှင်လက်ထက်တော်မှာ လက်ဝှေ့သမားအကျော်အမော်တစ်ယောက် ဖြစ်ခဲ့ပါတယ်၊ ရွှေကုက္ကား ၂-ခုတို့ကို ကဿပမြတ်စွာဘုရားရဲ့ စေတီတော်မှာ တင်လှူပူဇော်ပြီး-

"ဆွေမျိုးသားချင်း မိန်းမတွေမှတစ်ပါး ကြွင်းကျန်သမျှမိန်းမတွေက ငါ့ကိုမြင်ရရင် နှစ်သက်စုံမက်ကြပါစေ"။

ဒီဆုကို တောင်းခဲ့ပါတယ်၊ ဒါက ခေမကသူဌေးသားရဲ့ ရှေးကောင်းမှုပဲ။

www.burmeseclassic.com

www.burmeseclassic.com



ဒါ့ကြောင့် ဖြစ်လေရာရာ အရပ်တိုင်းမှာ သူ့ကို တွေ့ရသမျှ မိန်းတွေက ဣန္ဒြေ မဆည်နိုင်အောင် တပ်မက်ကြပါတယ်။

***၃။ ပတိပူဇိကာ** တာဝတိံသာနတ်ပြည်မှာ မာလဘာရီဆိုတဲ့ နတ်သားက နတ်သမီး တစ်ထောင် ခြံရံပြီး ပန်းဥယျာဉ်ကို ဝင်သွားပါတယ်၊ နတ်သမီး ၅–ရာတို့က ပန်းပင်ပေါ်ကို တက်ပြီး ပန်းများကို ခူးဆွတ်ချပေးနေကြပါတယ်၊ နတ်သမီး ၅–ရာတို့က ကျလာသမျှ ပန်းတွေကို ကောက်ယူပြီး မာလဘာရီ နတ်သား ကို တန်ဆာဆင်ပေးနေကြပါတယ်။

အဲဒီလို လုပ်နေကြရင်း နတ်သမီးတစ်ယောက်က သစ်ကိုင်းပေါ်မှာပဲ စုတေသွား ပါတယ်၊ အဲဒီ နတ်သမီးရဲ့ကိုယ်ဟာ မီးလျှံငြိမ်းသလို ငြိမ်းသွားပါတယ်။ (လူများ စုတေသလို အလောင်းကောင် မကျန်ပါဘူး။)

စုတေသွားတယ်ဆိုရင်ပဲ သာဝတ္ထိမြို့က အိမ်တစ်အိမ်မှာ ပဋိသန္ဓေ တည်နေ ပါတယ်၊ မွေးဖွားလာတဲ့အခါ သူ့ဘဝဟောင်းကို အမှတ်ရနေပါတယ်၊ ငါဟာ တာဝ တိံသာနတ်ပြည်မှာ မာလဘာရီနတ်သားရဲ့ မယားဖြစ်ခဲ့ရတာပဲလို့ သိနေပါတယ်၊ ကိုယ့်လက်, ကိုယ့်ခြေနဲ့ လှုပ်ရှားသွားလာနိုင်တဲ့ အချိန်ကစပြီး လင်၏အထံမှာပဲ ပြန်ဖြစ်ရအောင် တောင့်တရင်း နံ့သာ, ပန်း–စသည်တို့နဲ့ ပူဇော်ပါတယ်။

၁၆–နှစ်အရွယ် ရောက်လာတဲ့အခါ အိမ်ထောင်ကျပြီး လင့်အိမ်သို့ လိုက်သွား ရပါတယ်၊ လင့်အိမ်ကို ရောက်သွားတဲ့အခါမှာလဲ ဆွမ်း, ဝါဆိုသင်္ကန်း–စသည် တို့ကို ပေးလှူနေပါတယ်၊ လှူတဲ့အခါတိုင်းမှာလဲပဲ "ဒီကုသိုလ်ကောင်းမှုဟာ ကျမ လင်ရဲ့အထံမှာ ပြန်ဖြစ်ရန် အကြောင်းအထောက်အပံ့ ဖြစ်ပါစေ"လို မှတ်မြွက် ဆုတောင်းမှုကို ပြုပါတယ်။

ဒီအကြောင်းကို ကြားရ, တွေ့မြင်ရတာ များလာတော့ ရဟန်းတွေက "ဒီကလေးမဟာ တက်တက်ကြွကြွ လင်ကိုပဲ တောင့်တနေတာပဲ"ဆိုပြီး ပတိပူဇိကာ လို့ အမည်ပေးထားကြပါတယ်၊ ပတိပူဇိကာက ရှာတွင်းဆွမ်းစားကျောင်းမှာ လုပ်ကိုင်ဆောင်ရွက်စရာရှိသမျှကို အမြဲတန်း လုပ်ကိုင်ဆောင်ရွက်ပေးနေပါတယ်၊ ဆွမ်းစားကျောင်းမှာ သုတ်သင်ရှင်းလင်းစရာ ရှိသမျှကို သုတ်သင်ရှင်းလင်းပါတယ်၊ သောက်ရေ,သုံးရေ တည်ထားပါတယ်၊ နေရာတွေကို ခင်းထားပါတယ်၊ အလှူဒါန ပြုလိုသူတို့က "သမီးရေ ! ဒါတွေကို ယူသွားပြီး ရဟန်းသံဃာအား ဦးလေးတို့,

* ဓံ–၅–၁၊ ၂၂၉။

www.burmeseclassic.com

www.burmeseclassic.com



အဒေါ်တို့ကိုယ်စား ပေးလှူလိုက်စမ်းပါကွယ်"လို့ ပြောဆိုပြီး အပ်ထားသမျှကိုလဲ ဆွမ်းစားကျောင်းကို ယူလာပြီး ပေးလှူနေပါတယ်။

ပတိပူဇိကာက ဒီနည်းအားဖြင့် လာတိုင်း, သွားတိုင်း ခြေတစ်လှမ်း; ခြေတစ်လှမ်းမှာ ၅၆–ပါးသော ကုသိုလ်တရားတွေကို ရရှိနေပါတယ်။

[ စအာ့=၅၆၊ မဟာကုသိုလ် ၈–ပါးကို ဇော ၇–ကြိမ်နှင့်မြှောက်က ၅၆–ပါး ဖြစ်ပါတယ်၊ ဒါကတော့ ဥပလက္ခဏမျှသာ ဖြစ်ပါတယ်၊ ပုညကြိယ–စသည်နဲ့ မြှောက်က အများအပြား ဖြစ်နိုင်သေးတယ်လို့ မဟာဋီကာမှာ ဆိုထားပါသေးတယ်။ ]

ဒီလို သံဃကိစ္စကို လုပ်ကိုင်ဆောင်ရွက်ပေးနေရင်း ပတိပူဇိကာမှာ သားကလေး တစ်ယောက် မွေးဖွားလာပါတယ်၊ အဲဒီသားကလေး သွားတတ်တဲ့အခါ နောက်တစ်ယောက်, အဲဒီသားကလေးသွားတတ်တဲ့အခါ နောက်တစ်ယောက်အားဖြင့် သား–လေးယောက် မွေးဖွားလာပါတယ်။

တစ်နေ့ကျတော့ ဆွမ်းစားကျောင်းမှာ လုပ်နေကျဖြစ်တဲ့ ဝတ်ကိုလဲ ပြုလုပ်ပါတယ်၊ အလှူဒါနလဲ ပြုလုပ်ပါတယ်၊ ပူဇော်မှုကိုလဲ ပြုလုပ်ပါတယ်၊ တရားလဲ နာပါတယ်၊ သိက္ခာပုဒ်တွေကိုလဲ ဆောက်တည်စောင့်ထိန်းပါတယ်၊ အိမ်ကို ပြန်ရောက်လို့ မိုးချုပ်ခါနီးမှာ လတ်တလောဖြစ်ပေါ်လာတဲ့ ရောဂါနဲ့ ကွယ်လွန်သွားပါတယ်၊ သူ့ဆုတောင်းအတိုင်း လင်ယောက်ျားရဲ့ အနားမှာပဲ ပြန်ဖြစ်ပါတယ်၊ အခြားနတ်သမီးတွေကတော့ ပန်းခူးပြီး မာလဘာရီနတ်သားကို တန်ဆာဆင်ပေးနေတုန်းပဲ ရှိပါသေးတယ်။

မာလဘာရီနတ်သားက ပတိပူဇိကာ နတ်သမီးကို တွေ့ရတဲ့အခါ စုံစမ်းမေးမြန်းနေပါတယ်။

"မင်းကို နံနက်စောစောက စပြီး မတွေ့ရပါလား၊ ဘယ်ကိုများ သွားနေသလဲ ?"။

"ကျမ နတ်ဘဝက စုတေသွားတာပဲ မောင်ရယ် !"။

"ဟင်– မင်း ဘယ်လိုပြောနေတာလဲ ?"။

"ဒါဟာ အမှန်ပါပဲ မောင်ရယ် !"။ (ကျမ မညာတတ်ပါဘူး။)

"ဒါဖြင့်ရင် မင်း ဘယ်မှာ သွားဖြစ်နေသလဲ ?"။

"သာဝတ္ထိမြို့က အိမ်တစ်အိမ်မှာ သွားဖြစ်နေပါတယ်"။

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီ လူ့ဘဝမှာ ဘယ်လောက်ကြာအောင် နေခဲ့ရသလဲ ?"။

"ပဋိသန္ဓေနေလို့ ၁၀–လကြာတဲ့အခါ ကျမကို မွေးပါတယ်၊ ၁၆–နှစ်အရွယ်မှာ ကျမအိမ်ထောင်ကျလို့ ကလေး ၄–ယောက် မွေးဖွားထားခဲ့ပါတယ်၊ ဒါန–စတဲ့ ကုသိုလ်ကောင်းမှုတွေ ပြုလုပ်တိုင်း မောင့်အနားမှာ ပြန်ဖြစ်ရအောင်ပဲ ဆုတောင်းပါတယ်၊ ဒါနဲ့ အခု မောင့်အနားမှာ ပြန်ဖြစ်ရတာပါပဲ"။

"လူတွေရဲ့ အသက်က ဘယ်လောက်ရှိသလဲ ?"။

"အနှစ် ၁၀၀–မျှသာ ရှိပါတယ်"။

"ဒါလောက်တင်လား ?"။

"မှန်ပါတယ် မောင် !"။

"ဒီလောက် အသက်တိုနေတဲ့ လူတွေက မေ့မေ့လျော့လျော့ အိပ်ကာ စားကာနဲ့ အချိန်ဖြုန်းနေကြသလား ?၊ ဒါမှမဟုတ်ရင် ဒါန–စတဲ့ ကုသိုလ်ကောင်းမှုတွေကို ပြုလုပ်နေကြသလား ?"။

"ဘယ်လို ပြောပါလိမ့် မောင်ရယ် !၊ လူတွေအကုန်လုံးလိုလိုပဲ အသက် အသချေင်္ျတမ်းမှာ ဖြစ်နေရသလို၊ မအိုရ မသေရတော့သလို အမြဲတမ်း ပေါ့ပေါ့ဆဆ နေကြတာပါပဲ"။

"နှစ်ပေါင်း ၁၀၀–လောက်သာ ရှိနေတဲ့ အသက်တမ်းမှာ ဖြစ်နေကြတဲ့ လူတွေက မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆ အိပ်ငိုက်နေကြတယ်ဆိုပါလား !၊ ဘယ်တော့များ ဆင်းရဲဒုက္ခက လွတ်နိုင်ကြတော့မှာတဲ့လဲ ?"။

ပတိပူဇိကာ နတ်သမီးစကားကို ကြားရတဲ့အခါ မာလဘာရီနတ်သားမှာ ထိတ်လန့်မှု သံဝေဂ ဖြစ်လာခဲ့ပါတယ်။

လူတွေရဲ့ နှစ် ၁၀၀–က တာဝတိံသာနတ်တွေရဲ့ တစ်ရက်မျှသာ ဖြစ်ပါတယ်၊ အဲဒီ ရက်မျိုးနဲ့ ရက်–၃၀ တစ်လ၊ အဲဒီလမျိုးနဲ့ ၁၂–လ တစ်နှစ်၊ အဲဒီနှစ်မျိုးနဲ့ နှစ်ပေါင်း ၁–ထောင်ဟာ တာဝတိံသာနတ်တွေရဲ့ အသက်တမ်းဖြစ်ပါတယ်။

လူတွေရဲ့ နှစ်အရေအတွက်နဲ့တော့ နှစ်ပေါင်း ၃–ကုဋေ ၆–သန်းဟာ တာဝတိံသာ နတ်တွေရဲ့ အသက်တမ်း ဖြစ်ပါတယ်။

ဒါ့ကြောင့် မာလဘာရီနတ်သားအတွက် တစ်နေ့မျှပင် မကုန်လွန်သေးပါ၊ ခဏမျှကလေးလိုသာ ဖြစ်ခဲ့ရပါတယ်၊ ဒီလောက် အသက်တိုလှတဲ့ လူများအတွက်

www.burmeseclassic.com

www.burmeseclassic.com



ကုသိုလ်ကောင်းမှု မပြုလုပ်ဘဲ မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆ နေခြင်းဆိုတာဟာ အလွန်မသင့်တော် မလျောက်ပတ်တဲ့ အလုပ်ဖြစ်ပါတယ်။

ညဘက်လွန်မြောက်လို့ နေ့ဘက်ကို ရောက်လာပါတော့တယ်၊ ဆွမ်းစားကျောင်းမှာ တမြက်လှည်းသူလဲ မရှိ၊ နေရာခင်းပေးသူလဲ မရှိ၊ သောက်ရေ, သုံးရေ တည်ပေးတဲ့သူလဲ မရှိ၊ ရွာတွင်းကို ဆွမ်းခံဝင်လာတဲ့ ရဟန်းတော်များက အခြေအနေ အရပ်ရပ်ကို အကဲခပ်ပြီး အနားမှာ တွေ့ရသူများကို မေးမြန်းစုံစမ်းကြပါတယ်။

"ပတိပူဇိကာကို မတွေ့ရပါလား !၊ ပတိပူဇိကာ ဘယ်မှာလဲ ?"။

"အရှင်ဘုရားတို့ ! ပတိပူဇိကာကို ဘယ်မှာ တွေ့ကြရတော့မှာလဲဘုရား၊ မနေ့က အရှင်ဘုရားတို့ဆွမ်းဘုဉ်းပေးပြီးလို့ ပြန်ကြွသွားပြီးတဲ့နောက် ညနေဘက်မှာပဲ ကွယ်လွန်သွားခဲ့ပါတယ်"။

ဒီသတင်းဆိုးကို ကြားရတဲ့အခါ ပုထုဇဉ်ရဟန်းများက ပတိပူဇိကာရဲ့ ဂုဏ်ကျေးဇူးကို အောက်မေ့သတိရကြတဲ့အတွက် မျက်ရည်ကိုပင် မဆည်နိုင်ကြတော့ပါ၊ ရဟန္တာပုဂ္ဂိုလ်များကား ဓမ္မသံဝေဂဖြစ်ရုံမျှသာ ဖြစ်ကြပါတယ်။

ရဟန်းတော်များက ဖြစ်သလို ဆွမ်းဘုဉ်းပေးပြီးနောက် ကျောင်းကို ပြန်ကြွလာကြပါတယ်၊ ကျောင်းကိုရောက်တဲ့အခါ ဘုရားရှင်ကို လျှောက်ထားကြပါတယ်။

"ရှင်တော်မြတ်ဘုရား ! ပတိပူဇိကာဆိုတဲ့ ဒကာမလေးဟာ ထထကြွကြွနဲ့ ကုသိုလ်ကောင်းမှု အမျိုးမျိုးကို လုပ်ပြီးတော့ လင်ကိုပဲတောင့်တနေခဲ့ပါတယ်၊ အဲဒီ ပတိပူဇိကာဟာ အခု သေသွားခဲ့ပါပြီ၊ အဘယ်မှာ ဖြစ်နေပါသလဲ အရှင်ဘုရား ?"။

"ရဟန်းတို့ ! ပတိပူဇိကာဟာ သူ့လင်ယောကျ်ားရဲ့ အနားမှာပဲ ဖြစ်နေရတယ်"။

"ရှင်တော်မြတ်ဘုရား ! ပတိပူဇိကာဟာ သူ့လင်ယောကျ်ားအနားမှာ မရှိတော့ပါ"။

"ရဟန်းတို့ ! ပတိပူဇိကာက သင်တို့တွေ့နေရတဲ့ လင်ယောကျ်ားကို တောင့်တနေတာ မဟုတ်ဘူး၊ တာဝတိံသာနတ်ပြည်မှာ မာလဘာရီဆိုတဲ့ သူ့လင်ယောကျ်ား ရှိနေတယ်၊ ပတိပူဇိကာဆိုတဲ့ ဒကာမဟာ မာလဘာရီနတ်သားကို ပန်းခူးပြီး ပန်ဆင်ပေးနေတဲ့ နေရာက စုတေလာပြီးနောက်၊ ဒီဘဝက စုတေသွားတော့ အဲဒီမာလဘာရီနတ်သားရဲ့ အနားမှာပဲ သွားဖြစ်နေတယ်"။

www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုဖြစ်တာ မှန်ပါရဲ့လား ရှင်တော်မြတ်ဘုရား ?"။

"ရဟန်းတို့ ! မှန်တယ်၊ ဒီအတိုင်းပါပဲ"။

"ရှင်တော်မြတ်ဘုရား ! လူတွေရဲ့အသက်ဟာ နည်းပါးတိုတောင်းလှပါတယ်၊ နံနက်ပိုင်းမှာပဲ တပည့်တော်တို့ကို ဆွမ်းလုပ်ကျွေးပြီးတော့ ညနေပိုင်းမှာပဲ ရောဂါဝေဒနာဖြစ်ပြီး ကွယ်လွန်သွားရပါတယ်"။

"ရဟန်းတို့ ! မှန်လှပေတယ်၊ သတ္တဝါတွေရဲ့ အသက်ဟာ အလွန်နည်းပါးလှတယ်၊ ဒါ့ကြောင့်မို့ ဒီသတ္တဝါတွေဟာ ဝတ္ထုကာမတွေ, ကိလေသာကာမတွေနဲ့ မတင်းတိမ် မရောင့်ရဲခင်မှာဘဲ သေမင်းနောက်ကို လိုက်ပါသွားနေကြတာပဲ"။

ဗုဒ္ဓမြတ်စွာက ပြောလက်စ စကားနှင့် ဆက်စပ်ပြီး တရားစကား မိန့်ကြားတော်မူပြန်တယ်။

ပုပ္ဖာနိဟေဝ ပစိနန္တံ , ဗျာသတ္တမာနသံ နရံ၊
အတိတ္တံယေဝ ကာမေသု , အန္တကော ကုရုတေ ဝသံ။

*ပန်းခြံတွင်းဝယ်–ပန်းသည်များက , ဆန်းပြားပန်းများ–ရွေးခူးဟန်၊
လူတို့ထဲတွင်–ရှင်လူပေါင်းက , ကာမသောင်းပြောင်း–ခံစားပြန်။
မရသေးခင်–မျှော်တောင့်တလို့ , ရကတပ်စွဲ–အတန်တန်၊
များကာမဂုဏ်–အာရုံထဲမှာ , မရောင့်ရဲဘဲ–သေရပြန်။

ပန်းသည်များက ပန်းခြံထဲမှာ ပွင့်နေတဲ့ ပန်းမျိုးစုံကို ရွေးချယ်ဆွတ်ခူးနေကြသလို လူတွေကလဲ လူ့ဘုံလောကထဲမှာ ရှိရှိသမျှ ကာမဂုဏ် အာရုံမျိုးစုံကို ခံစားနေကြပေတယ်၊ အဲဒီ ကာမဂုဏ် အာရုံတွေကို မရခင်မှာလဲ မျှော်လင့်တောင့်တနေကြတယ်၊ ရရှိပြန်ရင်လဲ မစွန့်နိုင် မခွာရက် အဖန်ဖန်တပ်စွဲနေကြတယ်၊ စွဲလမ်းနေကြတယ်၊ "မရှိတောင့်တ, ရှိကြောင့်"ဆိုတဲ့ စကားကိုလဲပဲ ဒါကိုပဲ ရည်ရွယ်ဆိုထားခဲ့ကြဟန် တူပါတယ်၊ ဒီလို ကာမဂုဏ် အာရုံများမှာ ရောင့်ရဲတင်းတိမ်မှု အလိုပြည့်ဝမှု မရှိခင်မှာဘဲ တမလွန်ဘဝကို ပြောင်းသွားကြရပါတော့တယ်။

ပတိပူဇိကာမှာ နေ့စဉ်နေ့တိုင်း လုပ်နေတဲ့ ကုသိုလ်ကောင်းမှုတွေက မရေတွက်နိုင်အောင် များပြားလှပါတယ်၊ အဲဒီ ကုသိုလ်ကောင်းမှုတွေထဲက အားကောင်းတဲ့ ကုသိုလ်တစ်ခုက အခြားကုသိုလ်တွေကို လွှမ်းမိုးပြီး တာဝတိံသာမှာပြန်ဖြစ်အောင် အကျိုးပေးပါတယ်။ [ဘဗ္ဗ+ဘဗ္ဗာဘာသ။]

www.burmeseclassic.com

www.burmeseclassic.com



*မလ္လိကာမိဖုရား တစ်နေ့မှာ မလ္လိကာမိဖုရားက ရေချိုးရုံကိုဝင်ပြီး မျက်နှာသစ်ပါတယ်၊ ထို့နောက် ကိုယ်ကိုကိုင်းညွတ်ပြီး ခြေသလုံးကို ရေဆေးမယ်လို့ လုပ်နေပါတယ်၊ မလ္လိကာနှင့်အတူ ပဲ ဝင်လိုက်လာတဲ့ အကျွမ်းဝင်တဲ့ ခွေးတစ်ကောင်က မလ္လိကာ ကိုင်းညွတ်နေတာကို တွေ့ရတော့ မေထုန်မှီဝဲရန် အားထုတ်ပါတော့တယ်၊ မလ္လိကာက အတွေ့ကို သာယာတဲ့အတွက် အသာကလေး ငြိမ်နေလိုက်ပါတယ်။

ကောသလမင်းကြီးကလဲ နန်းတော်အပေါ်ထပ် ပြတင်းပေါက်က ကြည့်နေရင်း အဲဒီအပြုအမူကို တွေ့ရတဲ့အတွက် နန်းတော်ပေါ်ကို ပြန်တက်လာတဲ့အခါ စိတ်ဆိုးမာန်ဆိုးနဲ့ အော်ငေါက်ပြောဆိုလိုက်ပါတယ်။

"ဟဲ့–အယုတ်မာမ ! နင်ဟာ ပျက်စီးပါပေါ့လား၊ ဘာ့ကြောင့် ဒီလို အလုပ်မျိုးကို လုပ်ရသလဲ ?"။

"အရှင်မင်းကြီး ! ကျွန်မက ဘာအလုပ်ကို လုပ်ပါသလဲ ?"။

"နင်ဟာ ရေချိုးရုံထဲမှာ ခွေးနဲ့ ပေါင်းသင်းနေတာပဲ"။

"ဒါဟာ လုံးဝမဟုတ်ပါဘူး အရှင်မင်းမြတ် !"။

"ငါကိုယ်တိုင် တွေ့မြင်နေတာပဲ၊ ငါက နင့် စကားကို မယုံနိုင်ဘူး၊ အယုတ်တမာမ ! နင်ဟာ ပျက်စီးပါပေါ့လား"။

"အရှင်မင်းကြီး ! ဘယ်သူပဲဖြစ်ဖြစ် ဒီရေချိုးရုံကို ဝင်သွားလို့ရှိရင် ဒီပြတင်းပေါက်က ကြည့်တဲ့ပုဂ္ဂိုလ်ရဲ့ မျက်စိအမြင်မှာ တစ်ယောက်တည်း ဖြစ်နေပေမဲ့ ၂–ယောက်တွဲ ထင်လာတတ်ပါတယ်"။

မဟုတ်မမှန် လိမ်ညာပြောလိုက်ပါတယ်၊ ထို့နောက် ဆက်လက်ပြောကြားပြန်တယ်။

"အရှင်မင်းမြတ် ! ကျွန်မရဲ့စကားကို မယုံလို့ရှိရင် အရှင်မင်းမြတ်ကိုယ်တိုင် ဒီရေချိုးရုံထဲကို ဝင်ပါ၊ ကျွန်မက အရှင်မင်းမြတ်ကို ဒီပြတင်းပေါက်ကနေ ကြည့်ပါ့မယ်"။

ကောသလမင်းကြီးက တွေဝေသောသဘောရှိသူ ဖြစ်ပါတယ်၊ မလ္လိကာရဲ့စကားကို ယုံကြည်တဲ့အတွက် ရေချိုးရုံထဲကို ဝင်သွားပါတယ်၊ မလ္လိကာမိဖုရားကလဲ ပြတင်းပေါက်နားက ရပ်ပြီး ကြည့်နေပါတယ်။

"မိုက်ကန်းလှတဲ့အရှင်မင်းမြတ် ! ဒါဟာ ဘယ်လိုဟာတဲ့လဲ !၊ ဆိတ်မနှင့် ပေါင်းဖော်မှီဝဲမှုကို ပြုနေပါဘိတယ်"။

---

* ဓံ–၄–၂၊ ၇၅၀။

www.burmeseclassic.com

www.burmeseclassic.com



"နှမတော် ! ကျုပ်က ဒီလိုအလုပ်မျိုး မလုပ်ပါဘူး"။

ကောသလမင်းက မှန်ကန်စွာ ပြောဆိုနေပေမဲ့ မလ္လိကာက အတင်းအကြပ် ပြောဆိုပြန်တယ်။

"ကျွန်မကိုယ်တိုင် မြင်နေရတာပဲ၊ အရှင်မင်းမြတ်ရဲ့စကားကို ကျွန်မ မယုံနိုင်ပါဘူး"။

"တကယ်ပဲ ဒီရေချိုးရုံထဲ ဝင်ရင် တစ်ယောက်တည်း ဖြစ်နေပေမဲ့ ၂-ယောက်တွဲ ထင်တတ်တာပဲ"။

မလ္လိကာကရဲ့စကားကို ကြားရတဲ့အခါ ဒီလို ယုံကြည်သွားပါတော့တယ်၊ မလ္လိကာမိဖုရားက တစိမ့်စိမ့်တွေးပြီး စိတ်ထဲမှာ ပူပန်လာပါတယ်။

"ဒီမင်းကြီးက မိုက်မဲလှတဲ့အတွက် ငါလှည့်ပတ်သမျှကို ခံနေရပေတယ်၊ ငါ မကောင်းမှုကို ပြုမိပေပြီ၊ ဒီမင်းကြီးကလဲ မဟုတ်မမှန် ငါစွပ်စွဲသမျှကို ခံနေရပေတယ်၊ ငါရဲ့ ဒီအလုပ်ကို မြတ်စွာဘုရားကလဲ သိမှာပဲ၊ အဂ္ဂသာဝက ၂-ပါးနှင့် မဟာသာဝက ၈-ကျိပ်တို့ကလဲသိမှာပဲ၊ ငါဟာ ဝန်လေးတဲ့အလုပ်ကို လုပ်မိပေပြီတကား"။

မလ္လိကာမိဖုရားဟာ ကောသလမင်းရဲ့ အတူမရှိတဲ့အလှူ(အသဒိသဒါန)ကို ပြုလုပ်ရာမှာ အဖော်ဖြစ်ခဲ့ပါတယ်၊ အဲဒီ အသဒိသအလှူကြီးမှာလဲ တစ်နေ့ထဲမှာ စွန့်ကြဲလှူဒါန်း တာဟာ ၁၄-ကုဋေ ကုန်ကျပါတယ်၊ မြတ်စွာဘုရားအတွက် လှူဒါန်းတဲ့ ထီးဖြူ၊ ထိုင်တော်မူရာပလ္လင်၊ သပိတ်ခြေ၊ ခြေဆေးအင်းပျဉ် ဒီဝတ္ထု ၄-ပါးကတော့ အဖိုး မဖြတ်နိုင်အောင် ထိုက်တန်ပါတယ်။

မလ္လိကာမိဖုရားဟာ သေခါနီးကာလမှာ ဒီလို များပြားလှတဲ့ လှူဒါန်းမှုကို သတိမရနိုင်ဘဲ အဲဒီမကောင်းမှုကိုသာ သတိရတဲ့အတွက် စုတေမနေ သေလွန်သွားတဲ့အခါ အဝီစိငရဲမှာ ဖြစ်ရပါတယ်။

ကောသလမင်းကြီးကတော့ မလ္လိကာကို အတိုင်းထက်အလွန် ချစ်ခင်မြတ်နိုးပါတယ်၊ မလ္လိကာမိဖုရား ကွယ်လွန်သွားတဲ့အခါ တောင်ကြီးနဲ့ ဖိထားသလို စိုးရိမ်ပူဆွေးခြင်းရဲ့ဒဏ်ကို အလူးအလိမ့် ခံနေရပါတယ်၊ မလ္လိကာမိဖုရားရဲ့ အလောင်းကို သင်္ဂြိုဟ်မှုကိစ္စကို ပြုစေပြီးသည့်နောက် မလ္လိကာမိဖုရားရဲ့ ဖြစ်ရာဌာနကို မေးမြန်းလျှောက်ထားမယ်လို့ မြတ်စွာဘုရားရဲ့ ထံတော်ပါးကို သွားပါတယ်၊ မြတ်စွာဘုရားက လာရခြင်းရဲ့အကြောင်းကို ကောသလမင်းကြီး သတိမရအောင် လုပ်ထားပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကောသလမင်းကြီးက မြတ်စွာဘုရားရဲ့ အနားမှာ အောက်မေ့အမှတ်ရထိုက်တဲ့ တရားစကားကို ကြားနာရပြီး နန်းတော်ကို ရောက်တဲ့အခါ သတိရလာခဲ့ပါတယ်။

"အချင်းတို့ ! ငါက မလ္လိကာမိဖုရားရဲ့ ဖြစ်ရာဌာနကို လျှောက်ထား မေးမြန်းမယ်လို့ မြတ်စွာဘုရားအနားကို သွားပြီး မေ့လျော့ခဲ့တယ်၊ နက်ဖြန်ကျတော့ မေးဖြစ်အောင် မေးရတော့မယ်"။

ဒီလိုပြောဆိုပြီး နောက်တစ်နေ့မှာလဲ မြတ်စွာဘုရားအနီးကို သွားပြန်တယ်၊ မြတ်စွာဘုရားကလဲ အစဉ်အတိုင်း ၇–ရက်တို့ပတ်လုံး ကောသလမင်းကြီး သတိမရအောင် လုပ်ထားပါတယ်။

မလ္လိကာလဲ ၇–ရက်မျှသာ ငရဲခံရပြီး ၈–ရက်မြောက်နေ့မှာ အဝီစိငရဲက စုတေတာနှင့် တစ်ပြိုင်နက် တုသိတာနတ်ပြည်မှာ ဖြစ်ပါတယ်။

[ ဘာ့ကြောင့် မြတ်စွာဘုရားက ကောသလမင်းကြီး သတိမရအောင် လုပ်ထားရပါသလဲဆိုတော့– ကောသလမင်းကြီးက မလ္လိကာမိဖုရားကို အတိုင်းထက်အလွန် ချစ်ခင်မြတ်နိုးပါသတဲ့၊ ဒါ့ကြောင့် မလ္လိကာ ငရဲမှာဖြစ်ကြောင်းကို ကြားသိရရင် ဒီလိုသဘောရှိတဲ့ သဒ္ဓါတရားနှင့်ပြည့်စုံတဲ့ မလ္လိကာမိဖုရားက ငရဲမှာဖြစ်ရရင် အလှူကိုပေးလှူလို့ ဘာလုပ်တော့မှာတဲ့လဲ၊ ဒီလို မိစ္ဆာအယူကို ယူသွားလိမ့်မယ်၊ ဒါနဲ့ ရဟန်း ၅–ရာအတွက် နန်းတော်အတွင်းမှာ ဝတ်တည်ထားတဲ့ နိစ္စဘတ်ကို ဖြတ်ပစ်လိုက်လိမ့်မယ်၊ ဒါ့ကြောင့် ငရဲမှာ ဖြစ်စရာရှိပါတယ်၊ ဒါ့ကြောင့် မြတ်စွာဘုရားက ၇–ရက်ပတ်လုံး ကောသလမင်းကြီး သတိမရအောင် ပြုလုပ်ထားပါတယ်။ ]

၈–ရက်မြောက်နေ့မှာ မြတ်စွာဘုရားက ဆွမ်းခံလှည့်လည်တော်မူရင်း ကိုယ်တော်တိုင် မင်းနန်းတော်တံခါးကို ကြွသွားတော်မူပါတယ်။

ဘုရားရှင်ကြွလာတော်မူတယ်လို့ ကြားရတာနဲ့ ကောသလမင်းကြီးက ထွက်လာပြီး သပိတ်ကို ယူပါတယ်၊ နန်းတော်ပေါ်ကို တက်မယ်လုပ်ပါတယ်၊ ဘုရားရှင်က ရထားရုံမှာ ထိုင်လိုတဲ့အမူအရာကို ပြတော်မူပါတယ်၊ ကောလမင်းက ရထားရုံမှာပဲ ပင့်ထားပါတယ်၊ ယာဂုအချို့ပွဲတွေနဲ့ အမြတ်တနိုး ပူဇော်ပြီး ထိုင်ရက်ပဲ ရှိခိုးလျှောက်ထားပါတယ်။

"ရှင်တော်မြတ်ဘုရား ! တပည့်တော်က မလ္လိကာမိဖုရားရဲ့ ဖြစ်ရာဌာနကို မေးမြန်းလျှောက်ထားမယ်လို့ သွားပြီးတော့ မေ့လျော့လာခဲ့ပါတယ်၊ ရှင်တော်မြတ်ဘုရား ! အဲဒီ မလ္လိကာမိဖုရားဟာ ဘယ်နေရာဌာနမှာ ဖြစ်နေပါသလဲ ?"။

www.burmeseclassic.com

www.burmeseclassic.com



"တုသိတာဘုံမှာ ဖြစ်နေတယ် မဟာရာဇာ !"။

"အရှင်ဘုရား ! မလ္လိကာမိဖုရားက တုသိတာနတ်ပြည်မှာ မဖြစ်လို့ရှိရင် အခြားဘယ်သူက ဖြစ်နိုင်တော့မလဲ ?၊ ရှင်တော်မြတ်ဘုရား ! မလ္လိကာနဲ့တူတဲ့ မိန်းမဟာ မရှိပါဘုရား၊ မလ္လိကာရဲ့ ထိုင်ရာ, ထရာ–စသည်တို့မှာ "နက်ဖန် မြတ်စွာဘုရားအား ဒါကို လှူမယ်၊ ဒီကောင်းမှုကိုပြုမယ်"လို့ လှူဒါန်းဖို့စီမံတာကို ဖယ်ထားလိုက်တော့ အခြားကိစ္စပဲ မရှိတော့ပါဘူး၊ ရှင်တော်မြတ်ဘုရား ! မလ္လိကာရဲ့ ဘဝတစ်ပါး ပြောင်းသွားတဲ့အခါကစပြီး တပည့်တော်ရဲ့ ကိုယ်ခန္ဓာကြီးဟာ အဘကိုမျှ မရွက်ဆောင်နိုင်တော့ပါဘုရား"။

ကောသလမင်းကြီးရဲ့ လျှောက်ထားချက်ကို ကြားရတဲ့အခါ မြတ်စွာဘုရားက မဟာရာဇာ ! မစိုးရိမ်, မပူပန်ပါနှင့်၊ ဒီ သေရခြင်းသဘောဟာ သတ္တဝါအကုန်လုံးရဲ့ မြဲတဲ့သဘော ဖြစ်တယ်လို့ မိန့်တော်မူပြီး ဆက်လက်မိန့်တော်မူပြန်တယ်။

"မဟာရာဇာ ! ဒီရထားဟာ ဘယ်သူ့ရထားလဲ ?"။

ဒီစကားကို ကြားရတော့ ကောသလမင်းက ခေါင်းပေါ်မှာ လက်အုပ်ကို တည်စေပြီး ပြန်လည်လျှောက်ထားပါတယ်။

"တပည့်တော်ရဲ့ ဘိုးတော်မင်းတရားကြီးရဲ့ ရထားဖြစ်ပါတယ် ရှင်တော်မြတ်ဘုရား !"။

"ဒီရထားက ဘယ်သူ့ရထားလဲ ?"။

"တပည့်တော်ရဲ့ ခမည်းတော့်ရထား ဖြစ်ပါတယ် အရှင်ဘုရား !"။

"ဒီရထားက ဘယ်သူ့ရထားလဲ ?"။

"တပည့်တော်ရဲ့ ရထားဖြစ်ပါတယ် အရှင်ဘုရား !"။

"မဟာရာဇာ ! သင့်ဘိုးတော်မင်းတရားကြီးရဲ့ ရထားဟာ အဲဒီ ပုံစံအတိုင်းဆိုရင် သင့်ခမည်းတော်ရဲ့ ရထားကို မမီတော့ပါဘူး၊ သင့်ခမည်းတော်ရဲ့ ရထားက သင့်ရထားကို မမီတော့ပါဘူး၊ ဒီလို သဘောရှိတဲ့ သစ်သားတုံးမှာတောင်မှ အိုမင်းဆွေးမြေ့ခြင်းသဘော ရောက်လာရသေးတာပဲ၊ သတ္တဝါတွေရဲ့ ကိုယ်ခန္ဓာမှာတော့ဘာပြောစရာ ရှိတော့မလဲ ?၊ မဟာရာဇာ ! သူတော်ကောင်းတရားမှာသာ အိုမင်းဆွေးမြေ့တယ်ဆိုတာ မရှိပါဘူး၊ သတ္တဝါတွေကတော့ မအိုမင်း, မဆွေးမြေ့တဲ့သူဆိုတာ မရှိပါဘူး"။

www.burmeseclassic.com

www.burmeseclassic.com



မြတ်စွာဘုရားက ပြောလက်စ စကားကို ရပ်ဆိုင်းထားလိုက်ပြီး တရားစကား ဆက်လက် မိန့်ကြားတော်မူပြန်တယ်။

"အင်မတန် ဆန်းကြယ်တဲ့ မင်းစီးရထားတွေကလဲ တကယ်ပဲ ဆွေးမြေ့ကြရပါတယ်၊ ထို့ပြင် သတ္တဝါတွေရဲ့ ကိုယ်ခန္ဓာလဲ ဆွေးမြေ့ရပါတယ်၊ သူတော်ကောင်းတွေရဲ့ လောကုတ္တရာတရား ၉-ပါးကတော့ ဆွေးမြေ့ခြင်းသို့ မရောက်ရပါ၊ ဒီလို သူတော်ကောင်းတရားတွေက သူတော်ကောင်းတွေနှင့် တကယ်ပဲ ပြောဟောကြပါတယ်"။

တရားတော်ရဲ့ အဆုံးမှာ လူအများအပြားတို့က တရားထူးကို ရသွားကြပါတယ်။

ဒီဝတ္ထုမှာ မလ္လိကာက ကောသလမင်းနှင့်အတူ ပြုလုပ်လာခဲ့တဲ့ အသဒိသဒါန ကုသိုလ်, နေ့စဉ်ရက်ဆက် လှူလိုက် တန်းလိုက်, သိက္ခာပုဒ်ဆောက်တည်လိုက်-စသည်ဖြင့် ပြုလုပ်လာခဲ့သမျှကုသိုလ်တွေကို လိမ်ညာစွပ်စွဲတဲ့ ဥပပဇ္ဇဝေဒနီယ အကုသိုလ်က အဝီစိငရဲမှာ အကျိုးပေးတာကို တွေ့ရပါတယ်၊ ဒါကို ( ဘဝ္ဗ+အဘဗ္ဗာဘာသ)ကံလို့ ခေါ်ပါတယ်။

ထို့ပြင် မလ္လိကာရဲ့ တစ်သက်တာ ပြုလုပ်လာခဲ့တဲ့ ကောင်းမှုကုသိုလ်တွေ အနက် အားကောင်းတဲ့ အပရာပရိယဝေဒနီယ ကုသိုလ်တစ်ခု ကျန်တဲ့ကုသိုလ်တွေကို တားမြစ်ပြီး တုသိတာနတ်ပြည်မှာ အကျိုးပေးတာကိုလဲ တွေ့ရပါတယ်၊ ဒါကတော့ (ဘဗ္ဗ+ဘဗ္ဗာဘာသ)ကံ ဖြစ်ပါတယ်။

"ဒီနေ့တရားကတော့ ဒီမှာပဲ ပြီးဆုံးသွားပါပြီ၊ ဗုဒ္ဓမြတ်စွာက ဟောပြထားတဲ့ ဒီမဟာကမ္မဝိဘင်္ဂသုတ်လာ ကံသဘောကို သိမြင်နားလည်အောင် လုပ်ပြီး ဘဝကူးကောင်းအောင် ကောင်းတဲ့ကံတွေကို ပြုလုပ်ရင်း မဂ်, ဖိုလ်, နိဗ္ဗာန်ရောက်ကြောင်း သူတော်ကောင်းတရားတို့ကို ကြိုးစားအားထုတ်နိုင်ကြပါစေသတည်း"။

www.burmeseclassic.com

www.burmeseclassic.com



သီတင်းကျွတ်လွန်း ၁၅–ရက်

ဒီနေ့တော့ သတိထားပြီး လိုက်နာပြုကျင့်စရာသုတ်ကလေးတွေ အတော်များများ ဟောပြသွားမယ်လို့ စိတ်ကူးထားပါတယ်၊ လက်ဦးဆုံး မလ္လိကာဒေဝီသုတ်ကိုပဲ စပြောကြစို့ရဲ့။

## *မလ္လိကာဒေဝီသုတ်

ဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံး နေတော်မူပါတယ်၊ အဲဒီအချိန်မှာ မလ္လိကာမိဖုရားက ဘုရားရှင်ထံကို ချဉ်းကပ်ရောက်လာခဲ့ပါတယ်၊ သင့်တော်ရာက ထိုင်ရင်း လက်အုပ်ချီမိုး ရှိခိုးပြီး ပြဿနာလေးချက်ကို လျှောက်ထားပါတယ်။

၁။ ရှင်တော်မြတ်ဘုရား ! ဒီလောကမှာ အမျိုးသမီးအချို့က အဆင်းမလှပါ၊ အရုပ်ဆိုး အကျည်းတန်လှပါတယ်၊ ဆင်းရဲနွမ်းပါးလှပါတယ်၊ ပစ္စည်းဥစ္စာလဲ မရှိ၊ အသုံးအဆောင်လဲ မရှိ၊ သြဇာအာဏာလဲ မရှိပါ၊ ဘယ်လိုအကြောင်း အထောက်အပံ့ကြောင့် ဒီလို ဖြစ်နေရပါသလဲ ?။

၂။ ရှင်တော်မြတ်ဘုရား ! အချို့အမျိုးသမီးကတော့ အဆင်းမလှ၊ အရုပ်ဆိုး အကျည်းတန်ပေမဲ့ ပစ္စည်းဥစ္စာ ချမ်းသာကြွယ်ဝပါတယ်၊ အသုံးအဆောင်လဲ ပေါများပါတယ်၊ သြဇာအာဏာလဲ ရှိပါတယ်၊ ဘယ်လိုအကြောင်းအထောက် အပံ့ကြောင့် ဒီလိုဖြစ်ရပါသလဲ ?။

၃။ ရှင်တော်မြတ်ဘုရား ! အချို့အမျိုးသမီးကတော့ ရုပ်ချောပါတယ်၊ အဆင်း လှပါတယ်၊ ရုပ်ဆင်းသဏ္ဌာန် အလွန်ပြေပြစ်ပါတယ်၊ ဒါပေမဲ့ ဆင်းရဲနွမ်းပါး လှပါတယ်၊ ပစ္စည်းဥစ္စာလဲ မရှိ၊ အသုံးအဆောင်လဲ မရှိ၊ သြဇာအာဏာလဲ မရှိပါ၊ ဘယ်လိုအကြောင်းအထောက် အပံ့ကြောင့် ဒီလိုဖြစ်ရပါသလဲ ?။

၄။ ရှင်တော်မြတ်ဘုရား ! အချို့အမျိုးသမီးကတော့ ရုပ်လဲချောပါတယ်၊ အဆင်းလဲ လှပါတယ်၊ ရုပ်ဆင်းသဏ္ဌာန်လဲ အလွန်ပြေပြစ်ပါတယ်၊ ပစ္စည်းဥစ္စာလဲ ချမ်းသာ ကြွယ်ဝပါတယ်၊ အသုံးအဆောင်လဲ ပေါများပါတယ်၊ သြဇာအာဏာလဲ ရှိပါတယ် ဘယ်လိုအကြောင်းအထောက် အပံ့ကြောင့် ဒီလိုဖြစ်ရပါသလဲ ?။

**ရုပ်မဆိုး ဆင်းရဲ**

၁။ မလ္လိကာ ! ဒီလောကမှာ အမျိုးသမီးအချို့က ဒေါသကြီးတယ်၊ စိတ်ပင်ပန်းမှုများတယ်၊ နည်းနည်းကလေး အပြောခံရရုံနဲ့ စိတ်ခုတတ်တယ်၊ စိတ်ဆိုးတတ်တယ်၊ စိတ်မြန်တယ်၊ ရန်ငြိုးထားတတ်တယ်၊ သိသိသာသာ အမျက်ထွက်လာတတ်တယ်၊ မကျေမချမ်းဖြစ်လာတတ်တယ်။

---

* အံ–၁၊ ၅၂၃။ ဌ–၂၊ ၃၇၂။ ဋီ–၂၊ ၃၆၈။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီအမျိုးသမီးက ရဟန်း, သူတော်ကောင်းတို့အား ထမင်း, အဖျော်, အဝတ်, ဖိနပ်, ပန်း, နံ့သာ, နံ့သာပျောင်း, အိပ်ရာ, နေရာ, မီးထွန်းစရာဆိုတဲ့ ဒါနဝတ္ထု ဆယ်ခုထဲက ဘာတစ်ခုကိုမျှ မပေးလှူဘူး၊ ပြီးတော့ ငြူစူတဲ့စိတ်, (ကိုယ့်ထက်သာ မနာလိုတဲ့စိတ်) များနေတယ်၊ သူများလာဘ်ရတာ, အရိုအသေခံရတာ, အလေးပြု ခံရတာ, မြတ်နိုးခံရတာ, ရှိခိုးခံရတာ, အပူဇော်ခံရတာကို ငြူစူနေတယ်၊ (မနာလို မရှုဆိတ် ဖြစ်နေတယ်၊) စိတ်ပြစ်မှားနေတယ်၊ မနာလိုမရှုဆိတ် အကျိတ်အခဲ ဖြစ်နေတယ်။

အဲဒီအမျိုးသမီးက အဲဒီဘဝက စုတေလို့ ဒီလူ့ဘုံကို ရောက်လာခဲ့ရင် ဖြစ်ရာ ဘဝမှာ အဆင်းမလှ၊ အရုပ်ဆိုး အကျည်းတန်ပြီး ဆင်းရဲနွမ်းပါးရတော့တယ်၊ ကိုယ်ပိုင် ပစ္စည်းလဲ မရှိ၊ အသုံးအဆောင်လဲ မရှိ၊ ဩဇာအာဏာ အရှိန်အဝါလဲ မရှိနိုင် တော့ဘူး။

မလ္လိကာ ! ဒီလို အကြောင်းအထောက်အပံ့ကြောင့် ဒီလောကမှာ အချို့အမျိုး သမီးက အဆင်းမလှ အရုပ်ဆိုး အကျည်းတန်ပြီး ဆင်းရဲနွမ်းပါး ပစ္စည်းဥစ္စာလဲ မရှိ၊ အသုံးအဆောင်လဲ မရှိ၊ ဩဇာအာဏာလဲ မရှိဘဲ ဖြစ်နေရတော့တာပဲ။

**ရုပ်ဆိုး ချမ်းသာ**

၂။ မလ္လိကာ ! ဒီလောကမှာ အမျိုးသမီးအချို့က ဒေါသကြီးတယ်၊ စိတ်ပင် ပန်းမှု များတယ်၊ နည်းနည်းကလေး အပြောခံရရုံနဲ့ စိတ်ခုတတ်တယ်၊ စိတ်ဆိုးတတ်တယ်၊ စိတ်မြန်တယ်၊ ရန်ငြိုးထားတတ်တယ်၊ သိသိသာသာ အမျက် ထွက်လာတတ်တယ်၊ ဒေါသထွက်လာတတ်တယ်၊ မကျေမချမ်း ဖြစ်လာတတ်တယ်။

ဒါပေမဲ့ အဲဒီအမျိုးသမီးက အလှူဒါနကိုတော့ ပေးလှူတတ်တယ်၊ ငြူစူစိတ် (မနာလိုစိတ်)မျိုး မရှိ၊ သူတစ်ပါးလာဘ်ရတာ, အလေးပြုခံရတာ, မြတ်နိုးခံရတာ, ရှိခိုးခံရတာ, အပူဇော်ခံရတာတွေကို မငြူစူ၊ (လိုလားနှစ်သက်တယ်၊) စိတ်မပြစ်မှား၊ မနာလိုမရှုဆိတ် အကျိတ်အခဲ ဖြစ်မနေ။

အဲဒီအမျိုးသမီးက အဲဒီဘဝက စုတေလို့ ဒီလူ့ဘုံကို ရောက်လာခဲ့ရင် ဖြစ်ရာ ဘဝမှာ အဆင်းမလှ, အရုပ်ဆိုး အကျည်းတန်ပေမဲ့ ပစ္စည်းဥစ္စာ ချမ်းသာကြွယ်ဝတယ်၊ အသုံးအဆောင်ပေါများတယ်၊ ဩဇာအာဏာလဲ ရှိလာရပါတော့တယ်။

မလ္လိကာ ! ဒီလို အကြောင်းအထောက်အပံ့ကြောင့် ဒီလောကမှာ အချို့အမျိုး သမီးက အဆင်းမလှ, အရုပ်ဆိုး အကျည်းတန်ပေမဲ့ ပစ္စည်းဥစ္စာချမ်းသာကြွယ်ဝတယ်၊ အသုံးအဆောင် ပေါများတယ်၊ ဩဇာအာဏာလဲ ရှိလာရတော့တာပဲ။

www.burmeseclassic.com

www.burmeseclassic.com



**ရုပ်ချော ဆင်းရဲ**

၃။ မလ္လိကာ ! ဒီလောကမှာ အမျိုးသမီးအချို့က ဒေါသမကြီး၊ စိတ်ပင်ပန်းမှု (စိတ်မကျေနပ်မှု)မများ၊ အများအပြား အပြောခံရပေမဲ့ စိတ်မခုတတ်၊ စိတ်မမြန်တတ်၊ စိတ်မဆိုးတတ်၊ ရန်ငြိုးမထားတတ်၊ သိသိသာသာ ပေါ်ပေါ်လွင်လွင် အမျက်မထွက်တတ်၊ မကျေမချမ်း မဖြစ်တတ်။

အဲဒီ အမျိုးသမီးက အလှူဒါနကိုတော့ မပေးလှူ၊ ငြူစူစိတ်(ကိုယ့်ထက်သာ မနာလိုစိတ်)က များနေတယ်၊ သူများလာဘ်ရတာ, အရိုအသေခံရတာ, အလေးပြု ခံရတာ, မြတ်နိုးခံရတာ, ရှိခိုးခံရတာ, အပူဇော်ခံရတာတွေကို ငြူစူနေတယ်၊ (မနာလိုဘူး၊) စိတ်ပြစ်မှားနေတယ်၊ မနာလို မရှုဆိတ် အကျိတ်အခဲ ဖြစ်နေတယ်။

အဲဒီအမျိုးသမီးက အဲဒီဘဝက စုတေလို့ ဒီလူ့ပြည်ကို ရောက်လာခဲ့ရင် ဖြစ်ရာ ဘဝမှာ ရုပ်ချောတယ်၊ အဆင်းလှတယ်၊ ရုပ်ဆင်းသဏ္ဌာန် ပြေပြစ်တယ်၊ ဒါပေမဲ့ ဆင်းရဲနွမ်းပါးတယ်၊ ကိုယ်ပိုင်ပစ္စည်းဥစ္စာ မရှိ၊ အသုံးအဆောင်လဲ မရှိ၊ ဩဇာအာဏာ အရှိန်အဝါလဲ မရှိတော့ဘူး။

မလ္လိကာ ! ဒီလို အကြောင်းအထောက်အပံ့ကြောင့် ဒီလောကမှာ အချို့အမျိုး သမီးက ရုပ်ချောရတယ်၊ အဆင်းလှရတယ်၊ ရုပ်ဆင်းသဏ္ဌာန် ပြေပြစ်ရတယ်၊ ဒါပေမဲ့ ဆင်းရဲနွမ်းပါးရတယ်၊ ကိုယ်ပိုင်ပစ္စည်းဥစ္စာလဲ မရှိ၊ အသုံးအဆောင်လဲ မရှိတဲ့ အပြင် ဩဇာအာဏာ အရှိန်အဝါ မရှိဘဲ ဖြစ်နေရတော့တာဘဲ။

**ရုပ်ချော ချမ်းသာ**

၄။ မလ္လိကာ ! ဒီလောကမှာ အချို့အမျိုးသမီးက ဒေါသမကြီး၊ စိတ်ပင်ပန်းမှု (စိတ်မကျေနပ်မှု)မများ၊ အများအပြား အပြောခံရပေမဲ့ စိတ်မခုတတ်၊ စိတ်မဆိုးတတ်၊ စိတ်မမြန်တတ်၊ ရန်ငြိုးမထားတတ်၊ သိသိသာသာ အမျက်မထွက် တတ် ဒေါသမထွက်တတ်၊ မကျေမချမ်း မဖြစ်တတ်။

အဲဒီအမျိုးအမီးက အလှူဒါနကိုလဲ ပေးလှူတယ်၊ ငြူစူတဲ့စိတ်(ကိုယ့်ထက်သာ မနာလိုစိတ်) မရှိ၊ သူတစ်ပါးလာဘ်ရတာ, အရိုအသေခံရတာ, အလေးပြုခံရတာ, မြတ်နိုးခံရတာ, ရှိခိုးခံရတာ, အပူဇော်ခံရတာတွေကို မငြူစူ၊ လိုလားနှစ်သက် တတ်တယ်၊) စိတ်မပြစ်မှား၊ မနာလို မရှုဆိတ် အကျိတ်အခဲ ဖြစ်မနေ။

မလ္လိကာ ! အချို့အမျိုးသမီးက အဲဒီဘဝက စုတေလို့ ဒီလူ့ပြည်ကို ရောက်လာ ခဲ့ရင် ဖြစ်ရာဘဝမှာ ရုပ်ချောတယ်၊ အဆင်းလှတယ်၊ ရုပ်ဆင်းသဏ္ဌာန် ပြေပြစ်တယ်၊ ပစ္စည်းဥစ္စာလဲ ချမ်းသာကြွယ်ဝတယ်၊ အသုံးအဆောင်လဲ ပေါများတယ်၊ ဩဇာ အာဏာလဲ ရှိလာရတော့တယ်။

www.burmeseclassic.com

www.burmeseclassic.com



မလ္လိကာ ! ဒီလိုအကြောင်းအထောက်အပံ့ကြောင့် ဒီလောကမှာ အချို့အမျိုးသမီးက ရုပ်ချောရတယ်၊ အဆင်းလှရတယ်၊ ရုပ်ဆင်းသဏ္ဌာန် ပြေပြစ်ရတယ်၊ ပစ္စည်းဉစ္စာ ချမ်းသာကြွယ်ဝရတယ်၊ အသုံးအဆောင်လဲ ပေါများရတယ်၊ သြဇာအာဏာ အရှိန်အဝါလဲ ရှိလာရတော့တာပဲ။

**မလ္လိကာ ဝန်ခံလျှောက်ထားချက်**

ဗုဒ္ဓမြတ်စွာရဲ့ တရားတော်အဆုံးမှာ မလ္လိကာမိဖုရားက ဗုဒ္ဓမြတ်စွာအား လျှောက်ထားပြန်တယ်။

ရှင်တော်မြတ်ဘုရား ! တပည့်တော်က အခြား(ရှေ့)ဘဝမှာ ဒေါသကြီးသူ စိတ်ပင်ပန်းမှုများသူ, နည်းနည်းကလေးအပြောခံရုံနဲ့ စိတ်ခုတတ်သူ, စိတ်ဆိုးတတ်သူ, စိတ်မြန်သူ, ရန်ငြိုးထားတတ်သူ, သိသိသာသာ အမျက်ထွက်တတ်သူ, ဒေါသဖြစ်တတ်သူ ဖြစ်လာခဲ့ဟန် တူပါတယ်၊ ဒါနဲ့ တပည့်တော်က ဒီဘဝမှာ အဆင်းမလှ၊ အရုပ်ဆိုး အကျည်းတန်မ ဖြစ်လာရပါတယ်။

ရှင်တော်မြတ်ဘုရား ! တပည့်တော်က အခြား(ရှေး)ဘဝမှာ ရဟန်း, သူတော်ကောင်းတို့အား ထမင်း, အဖျော်, အဝတ်, ဖိနပ်, ပန်း, နံ့သာ, နံ့သာပျောင်း, အိပ်ရာ, နေရာ, ဆီမီးထွန်းစရာဆီဆိုတဲ့ အလှူဝတ္ထုတွေကို လှူလာခဲ့ဟန်တူပါတယ်၊ ဒါနဲ့ တပည့်တော်ဟာ ဒီဘဝမှာ ချမ်းသာကြွယ်ဝပါတယ်၊ ပစ္စည်းဉစ္စာပေါပါတယ်၊ အသုံးအဆောင် ပေါပါတယ်။

ရှင်တော်မြတ်ဘုရား ! တပည့်တော်က အခြား(ရှေး)ဘဝမှာ ငြူစူစိတ်(ကိုယ့်ထက်သာ မနာလိုစိတ်) ကင်းခဲ့ဟန်တူပါတယ်၊ သူတစ်ပါးလာဘ်ရတာ, အရိုအသေခံရတာ, အလေးပြုခံရတာ, မြတ်နိုးခံရတာ, ရှိခိုးခံရတာ, အပူဇော်ခံရတာတွေကို ငြူစူခဲ့ဟန် မတူပါ၊ (လိုလားနှစ်သက်ခဲ့ဟန် တူပါတယ်၊) စိတ်ပြစ်မှားခဲ့ဟန်မတူပါ၊ မနာလို မရှုဆိတ် အကျိတ်အခဲဖြစ်နေခဲ့ဟန်လဲ မတူပါ၊ (ဒါနဲ့) ဒီဘဝမှာ တပည့်တော် တန်ခိုးအရှိန်အဝါ ကြီးမားလာရပါတယ်။

ရှင်တော်မြတ်ဘုရား ! ဒီကောသလမင်းရဲ့ နန်းတော်အတွင်းမှာ မင်းသမီးကလေးတွေလဲ ရှိနေကြပါတယ်၊ ပုဏ္ဏားသမီးကလေးတွေလဲ ရှိနေကြပါတယ်၊ သူကြွယ်သမီးကလေးတွေလဲ ရှိနေကြပါတယ်၊ တပည့်တော်က အဲဒီအမျိုးသမီးကလေးတွေကို အုပ်စိုးကြီးမှူးနေရပါတယ်။

ရှင်တော်မြတ်ဘုရား ! တပည့်တော်က ဒီနေ့ကစပြီး ဒေါသမကြီးသူ, စိတ်ပင်ပန်းမှု မများသူ, ဖြစ်ပါတော့မယ်၊ အများကြီးအပြောခံရပေမဲ့ စိတ်မခုတော့ပါ၊

www.burmeseclassic.com

www.burmeseclassic.com



စိတ်မဆိုးတော့ပါ၊ စိတ်မပြန်တော့ပါ၊ (သည်းခံပါတော့မယ်၊) ရန်ငြိုးမထားတော့ပါ၊ သိသိသာသာအမျက်ထွက်မှု, ဒေါသဖြစ်မှု, မကျေမချမ်းဖြစ်မှုကိုလဲ မပြုတော့ပါ။

ရဟန်း, သူတော်ကောင်းတို့အား ထမင်း, အဖျော်, အဝတ်, ဖိနပ်, ပန်း, နံ့သာ, နံ့သာပျောင်း, အိပ်ရာ, နေရာ, ဆီမီးထွန်းစရာဆီဆိုတဲ့ အလှူဝတ္ထုတွေကိုလဲ ပေးလှူပါ့မယ်။

ငြူစူစိတ်(ကိုယ့်ထက်သာ မနာလိုစိတ်)ကင်းသူ ဖြစ်ပါတော့မယ်၊ သူတစ်ပါး လာဘ်ရတာ, အရိုအသေခံရတာ, အလေးပြုခံရတာ, မြတ်နိုးခံရတာ, ရှိခိုးခံရတာ, အပူဇော်ခံရတာတွေကို မငြူစူတော့ပါ၊ (လိုလားနှစ်သက်ပါတော့မယ်၊) စိတ်မပြစ်မှားတော့ပါ၊ မနာလို မရှုဆိတ် အကျိတ်အခဲ ဖြစ်မနေတော့ပါ၊ ဒီလို ဝမ်းမြောက်ဝမ်းသာ လျှောက်ထားပြီးတဲ့နောက် မလ္လိကာမိဖုရားက ဗုဒ္ဓမြတ်စွာ ဟောကြားတော်မူတဲ့ တရားတော်ကိုလဲ ချီးကျူးပါတယ်၊ သရဏဂုံဆောက်တည်ပြီး ဥပါသိကာအဖြစ်ကိုလဲ ခံယူသွားပါတယ်။

*ဒေါသမျက်မာန်–ကြီးလွန်းကလျှင် , ရုပ်ဆင်းမလှ–ဖြစ်လိမ့်မယ်၊
မပေးမလှူ–ဝန်တိုများလျှင် , ဆင်းရဲနွမ်းပါး–မျက်နှာငယ်။
သူ့ကိုငြူစူ–စိတ်တွေထားလျှင် , ရှိန်ဝါပါးရှား–အောက်ကျမယ်၊
ရုပ်ချောချမ်းသာ–ရှိန်ဝါတိုးအောင် , တရားဆိုးတွေ–ပယ်သင့်တယ်။

*ဒေါသမျက်မာန်–ထိန်းချုပ်ကြမှ , ရုပ်ရေရှုပ–လှလာမယ်၊
သဒ္ဓါကြည်ဖြူ–ပေးလှူဒါန်းမှ , စီးပွားဖြစ်ထွန်း–ချမ်းသာမယ်။
ကိုယ့်ထက်သာသူ–ငြူစူကင်းမှ , အာဏာထန်ပြင်း–တန်ခိုးကြွယ်၊
သို့မကျင့်လျှင်–ရုပ်ဆိုးဝါးလို့ , ဆင်းရဲနွမ်းပါး–တန်ခိုးကွယ်။

***အမျိုးသမီးများ အပါယ်ရောက်ကြောင်း**

ဒါနဲ့ တစ်ဆက်တည်း အမျိုးသမီးတွေကို အပါယ်သို့ ရောက်စေတတ်တဲ့တရား ၃–ပါးကိုလဲ ပြောကြားပါရစေ။

တစ်ချိန်မှာ အရှင်အနုရုဒ္ဓါက ဘုရားရှင်ထံ လာရောက်လျှောက်ထားပါတယ်။

"ရှင်တော်မြတ်ဘုရား ! တပည့်တော်က ဒိဗ္ဗစက္ခုနဲ့ ကြည့်ရှုတဲ့အခါမှာ အများအားဖြင့် ငရဲကို ရောက်နေတဲ့ မာတုဂါမတွေကို တွေ့ရပါတယ်၊ ဘယ်တရားနှင့် ပြည့်စုံတဲ့ မာတုဂါမက ငရဲကို ရောက်ရပါသလဲ ?။

* အံ–၁၊ ၂၈၄။

www.burmeseclassic.com

www.burmeseclassic.com



"အနုရုဒ္ဓါ ! မာတုဂါမက နံနက်ပိုင်းအချိန်မှာ ဝန်တိုမှုအညစ်အကြေး လွှမ်းမိုးထား(လွှမ်းကဲ)တဲ့ စိတ်နဲ့ အိမ်မှာ နေတယ်၊ နေ့လယ်ပိုင်းအချိန်မှာ သူတစ်ပါးပစ္စည်းဥစ္စာကို (စည်းစိမ်ချမ်းသာကို) ငြူစူမှု(မနာလို မရှုဆိတ်မှု) လွှမ်းကဲတဲ့စိတ်နဲ့ နေတယ်၊ ညနေပိုင်းအချိန်မှာ ကာမဂုဏ်ကို တပ်မက်မှု (ကာမရာဂ)လွှမ်းကဲတဲ့ စိတ်နဲ့ နေတယ်။

အနုရုဒ္ဓါ ! ဒီတရား ၃-ပါးနှင့်ပြည့်စုံတဲ့ မာတုဂါမက အပါယ်ငရဲကို ရောက်ရတာပဲ"။

*အမျိုးသမီးတွေ-နံနက်ခင်းမှာ , သဝန်တိုခြင်း-များတတ်ပေ၊
နေ့လယ်မှာမူ-သူတစ်ပါးရဲ့ , ဥစ္စာစီးပွား-ငြူစူနေ။
ညနေချိန်မှာ-ကာမစုကို , တပ်မက်မှုက-လွှမ်းကဲလေ၊
ဒီတရားတွေ-ပြည့်စုံကြလို့ , ငရဲရောက်ရ-ဒုက္ခပွေ။

**အလှူ့အန္တရာယ်** ဒီသုတ်နှစ်သုတ်အနက် မလ္လိကာဒေဝီသုတ်မှာ ပါလာတဲ့ အလှူဒါနနဲ့စပ်လို့ အနည်းငယ် ပြောပြပါ့မယ်၊ အဲဒီပြောပြတဲ့အထဲမှာပဲ ဒီသုတ်နှစ်သုတ်မှာပါတဲ့ တရားဆိုးတွေ အကုန်လုံး ပါဝင်ပြီး ဖြစ်သွားပါလိမ့်မယ်။

နှမြောဝန်တိုသူတွေဟာ ပစ္စည်းဥစ္စာ အများအပြား ရှိနေကြပေမဲ့ ပေးကမ်းလှူဒါန်းမှုကို မပြုနိုင်ကြပါ၊ မပေးရက် မလှူရက် ဖြစ်နေကြပါတယ်၊
[သံ-၁၊ ၁၈။ ၄-၅၆။]

သူတော်ကောင်းတွေရဲ့ လှူပုံလှူနည်းကို မစွေ့ရပြောထူ နှမြောဝန်တိုသူတွေက အတုလိုက်လို့ မပြုလုပ်နိုင်ကြပါ၊ မလှူနိုင်ကြပါ။ [ သံ-၁၊ ၁၈။ ]

အဲဒီလို မလှူနိုင်ခြင်းဟာ အလှူခံပုဂ္ဂိုလ်တို့အပေါ်မှာ အမျက်ထွက်ခြင်း, မုန်းတီးခြင်း(ဒေါသ), လှူဖွယ်ဝတ္ထုမှာ တပ်မက်ခင်တွယ်ခြင်း(လောဘ)တို့ကြောင့် ဖြစ်တတ်ပါတယ်။ [ ဋီကာတိဝုတ်-၄၊ ၂၂၇။ ]

"ပေးလှူလိုက်ရင် ကုန်သွားလိမ့်မယ်၊ ငါနှင့်တကွ အိမ်သူအိမ်သား လူအများတွေက စားသုံးကြရတော့မယ် မဟုတ်"၊ ဒီလို နှမြောဝန်တိုမှုမစွေ့ရ, မေ့လျော့ပေါ့ဆမှု ပမာဒ-ဆိုတဲ့ အကြောင်းနှစ်ပါးကြောင့်လဲပဲ လှူလိုတဲ့စေတနာဟာ ပျက်သွားတတ်ပါတယ်။ [ သံ-၁၊ ၁၇၊ ၁၉။ ၄၊ ၅၆။ ]

**ဒါနကို ညစ်နွမ်းစေတတ်သော တရားများ** လိုချင်မက်မောမှု(လောဘ), အမျက်ထွက်မှု(ဒေါသ), ပေးလှူခြင်းရဲ့အကျိုး ရှိ-မရှိ မသိတွေဝေမှု(မောဟ), ငြူစူမှု(ဣဿာ), နှမြောဝန်တိုမှု(မစ္ဆရိယ), ထောင်လွှား

www.burmeseclassic.com

www.burmeseclassic.com



တက်ကြွမှု(မာန)စတဲ့ တရားဆိုး တွေဟာ ပေးလှူလိုသောစိတ်ကို ညစ်နွမ်းစေတတ်တဲ့ ဒါနစိတ္တဥပက္ကိလေသတရားတွေ ဖြစ်ကြပါတယ်။ [ ဒီ-ဋီ-၁၊ ၃၂၉။ ]

စည်းစိမ်ဥစ္စာကို ရနိုင်ခြင်းရဲ့အကြောင်းဖြစ်တဲ့ ပေးကမ်းလှူဒါန်းမှုကို တားမြစ်တတ်တဲ့အတွက် နှမြောဝန်တိုမှု(မစ္ဆရိယ)နှင့်တူတဲ့ အခြားယုတ်ညံ့သော တရားဆိုး မရှိတော့ပါ။ [ သံ-ဋီ-၁၊ ၁၂၆။ ]

နှမြောဝန်တိုသူတွေ အကုန်လုံးပဲ ငတ်မှာကြောက်တဲ့အတွက် မပေးလှူကြဘူး၊ မပေးလှူတဲ့အတွက်ကြောင့် ငတ်ကြရပါတယ်၊ အကယ်စင်စစ် ငတ်မည့်ဘေးမှ ကြောက်ရင်နှမြောဝန်တိုမှုမစ္ဆေရကို ပယ်ဖျောက်ဖျက်ဆီးပြီး စွန့်ကြဲပေးကမ်း လှူဒါန်း ရပါမယ်။ [ သံ-၁၊၁၈။ ၄၊ ၅၆။ ]

**မစ္ဆရိယရှိမှု အပြစ်ဝ** ကိုယ်ပစ္စည်းဥစ္စာကို မပေးရက် မလှူလို နှမြောဝန်တိုသူ၊ မပေးလှူလိုတာနဲ့ အလှူခံပုဂ္ဂိုလ်တို့ကို ခြိမ်းခြောက်ငေါက်ငန်းသူ၊ မိမိကိုယ်တိုင် မပေးလှူရုံသာမက ပေးလှူနေသူတွေကိုပင် အန္တရာယ်ပြုတတ်သူများဟာ ငရဲ၊ တိရစ္ဆာန် ယမမင်းရဲ့အလိုနိုင်ငံသို့ ရောက်ကြရပါတယ်၊ လူ့ပြည်ကို ရောက်လို့ ရှိရင်လဲပဲ ဆင်းရဲနွမ်းပါး ဥစ္စာရှားတဲ့ အမျိုးမှာ ဖြစ်ရတတ်ပါတယ်၊ အဝတ်၊ ပုဆိုး၊ ထမင်း၊ မွေ့လျော်ဖွယ်၊ ကိုယ်နှုတ်စိတ်တွေနဲ့ရွှင်မြူးဖွယ်အမျိုးမျိုးကို ဆင်းဆင်းရဲရဲသာ ရရှာပါတယ်၊ ဒီလိုပြောဆိုလာခဲ့တဲ့ မျက်မှောက်ပစ္စုပ္ပန် အပြစ်ဆိုး မကောင်းကျိုး အမျိုးမျိုးကို ခံစားရပြီးတဲ့နောက် ဒုဂ္ဂတိဘဝသို့ လားရောက်ရတတ်ပါတယ်။

[ သံ-၁၊ ၃၁၊ ၆၉။ ၄၊ ၈၄။ ဋီ၊ ၂၆။ ]

မစ္ဆေရကြောင့်ခွေးဖြစ်ရတဲ့ တောဒေယျပုဏ္ဏားရဲ့ အကြောင်းကိုတော့ ပြောခဲ့ပြီးပါပြီ။

**မစ္ဆေရပယ်ရှား ကျိုးကြီးမား** မစ္ဆေရအညစ်အကြေးကို ပယ်ရှားပြီး ကံ၊ ကံရဲ့အကျိုးနှင့် ရတနာသုံးပါးရဲ့ဂုဏ်ကို ယုံကြည်ကာ အလွန်ကြည်လင်တဲ့စိတ်နဲ့ ကိလေသာတို့မှ ကင်းပြီးတဲ့ အရိယာပုဂ္ဂိုလ်၊ သီလ သမာဓိ ပညာဂုဏ်တို့နှင့် ပြည့်စုံတဲ့ပုဂ္ဂိုလ်တို့အား ပေးလှူတဲ့ အလှူဒါနဟာ နည်းပင်နည်းစေကာမူ ကြီးကျယ်များမြတ်တဲ့ အကျိုးကို ပေးနိုင်ပါတယ်။

[ ဣတိဝုတ်-၄၊ ၈၄။ ]

ဒီနေရာမှာတော့ ပြောလာခဲ့တဲ့အတိုင်း အကျဉ်းမျှသာ မှတ်သားထားပါအုံး၊ နောင်အကြောင်းသင့်တဲ့အခါမှာ ဒါနနဲ့ပတ်သက်လို့ အကျယ်တဝင့် ပြောပြပေးပါမယ်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ဒီသုတ် နှစ်သုတ်မှာ ပါဝင်နေတဲ့ တရားဆိုးတွေရဲ့ ဦးစီးခေါင်းဆောင်ဖြစ်တဲ့ ရာဂ, ဒေါသ, မောဟဆိုတဲ့ တရားတွေနှင့် ပတ်သက်နေတဲ့ အညတိတ္ထိယသုတ်, အညတရဗြာဟ္မဏသုတ် ဒီနှစ်သုတ်ကို ပြောပြပါအုံးမယ်။

## *အညတိတ္ထိယသုတ်

"ငါ့ရှင်တို့ ! တပ်မက်ခြင်း(ရာဂ), အမျက်ထွက်ခြင်း(ဒေါသ), တွေဝေခြင်း(မောဟ)ဆိုတဲ့တရား ၃-ပါးတို့ရဲ့ ထူးခြားချက်ဟာ ဘာလဲ ?၊ လွန်ကဲတဲ့စွမ်းရည်သတ္တိက ဘာလဲ ?၊ ကွဲပြားခြားနားချက်က ဘာလဲ ?"။

"ရဟန်းတို့ ! အယူဝါဒ မတူမျှကြတဲ့ ပရိဗိုဇ်တွေက ဒီလိုမေးလာလို့ရှိရင် သင်တို့ ဘယ်လိုဖြေကြမလဲ ?"။

"ရှင်တော်မြတ်ဘုရား ! တပည့်တော်တို့ရဲ့ ဒီတရားတွေကို ရှေးအခါက ကဿပရှင်တော်မြတ်ဘုရား ဖြစ်စေခဲ့ပါတယ်၊ ကဿပရှင်တော်မြတ်ဘုရား ပရိနိဗ္ဗာန် စံလွန်တော်မူပြီးတဲ့နောက် ကြားကာလမှာ အခြားမည်သူတစ်ဦးတစ်ယောက်ကမျှ ဒီတရားတော်တွေကို မဖြစ်စေနိုင်ခဲ့ပါ၊ အမှန်ကတော့ အခုအချိန်မှာ ရှင်တော်မြတ်ဘုရားကသာ ဒီတရားတွေကို ဖြစ်စေခဲ့ပါတယ်၊ ရှင်တော်မြတ်ဘုရားကို အမှီပြုလို့ တပည့်တော်တို့က ဒီတရားတော်တွေကို နားလည်ကြရပါတယ်၊ ထိုးထွင်းသိမြင်ကြရပါတယ်၊ ဒါ့ကြောင့် တပည့်တော်တို့ရဲ့ တရားတော်တွေဟာ ရှင်တော်မြတ်ဘုရားကသာ အကြောင်းရင်း ဖြစ်နေပါတယ်။

ပြီးတော့ ရှင်တော်မြတ်ဘုရားက မှီဝဲသင့်တဲ့ တရားတွေကို ဝေနေယျတို့သန္တာန်သို့ ပို့ဆောင်တတ်ပါတယ်၊ မမှီဝဲသင့်တဲ့ တရားတွေကို ဝေနေယျတို့သန္တာန်မှ ကင်းကွာစေတတ်ပါတယ်၊ ကိလေသာကို ဖျက်ဆီးနိုင်တဲ့ ဉာဏ်အမြင်ထူးကိုရအောင် အထူးအားဖြင့် ဆောင်တတ်ပါတယ်၊ သဘာဝကျကျသီးခြားသီးခြား အမည်တပ်လို့လဲ ပြတတ်ပါတယ်၊ ဒါကြောင့်မို့ ရှင်တော်မြတ်ဘုရားကသာ ဦးဆောင်နေပါတယ်။

ထို့ပြင် ဘုံလေးပါးမှာဖြစ်တဲ့ တရားတွေက သဗ္ဗညုတဉာဏ်တော်မှာထင်လာလို့ရှိရင် ရှင်တော်မြတ်ဘုရားမှာ သက်ဝင်ပေါင်းစုတယ်လို့ ဆိုရတာပါပဲ၊ တစ်နည်းအားဖြင့် လျှောက်ထားရမယ်ဆိုပါရင် ဗောဓိမဏ္ဍိုင်မှာ ထိုင်နေတော်မူတဲ့ ရှင်တော်မြတ်ဘုရားရဲ့ အထံတော်သို့ ဖဿ-စတဲ့ တရားတွေက 'ရှင်တော်

* အံ-၁၊ ၁၉၉။ ဠ-၂၊ ၁၈၈။ ဋီ-၂၊ ၁၆၉။

www.burmeseclassic.com

www.burmeseclassic.com



မြတ်ဘုရား ! တပည့်တော်က ဘာအမည်ရှိပါသလဲ ?' ဒီလို လာရောက်လျှောက်ထားကြတယ် ဆိုကြပါစို့၊ ဒီတော့ ရှင်တော်မြတ်ဘုရားက ပဋိဝေဓဉာဏ်တော်ရဲ့ အစွမ်းသတ္တိနဲ့ သင်က တွေ့ထိတတ်တဲ့အနက်သဘောကြောင့် ဖဿမည်တယ်၊ သင်က ခံစားတတ်တဲ့အနက်သဘောကြောင့် ဝေဒနာမည်တယ်၊ သင်ကတော့ အမှတ်ပြုလို့ သိတတ်တဲ့အနက်သဘောကြောင့် သညာမည်တယ်၊ သင်ကတော့ ပေါင်းစုပြုပြင်တတ်တဲ့အနက်သဘောကြောင့် သင်္ခါရမည်တယ်၊ သင်ကတော့ ထူးထူးခြားခြား သိတတ်တဲ့အနက်သဘောကြောင့် ဝိညာဉ်မည်တယ်၊ ဒီလို ဘုံလေးပါးမှာဖြစ်တဲ့ တရားတွေရဲ့သဘောမှန်အတိုင်း အသီးအခြား အသီးအခြား အမည်များကို ရှင်တော်မြတ်ဘုရားက စုဆောင်းပေးတော်မူတတ်ပါတယ်၊ ဒါကြောင့် ရှင်တော်မြတ်ဘုရားမှာသာ သက်ဝင်စုပေါင်းကြပါတယ်။

ဒါ့ကြောင့် တပည့်တော်များ တောင်းပန်ပါရစေ၊ ရှင်တော်မြတ်ဘုရားကိုယ်တော်တိုင်ပဲ ဝေဖန်ဟောကြားတော်မူပါ၊ တပည့်တော်များ ဆောင်ရွက်မှတ်သားကြရပါလိမ့်မယ်။

ရဟန်းတို့ ! အယူဝါဒ မတူကြတဲ့ ပရဗိုဇ်တွေက အဲဒီလို ရာဂ, ဒေါသ, မောဟရဲ့အထူးကို မေးလာလို့ရှိရင် သင်တို့က 'ငါ့ရှင်တို့ ! ရာဂက အပြစ်သေးတယ်၊ ဖြည်းဖြည်းနှေးနှေး ပြေပျောက်တတ်တယ်၊ ဒေါသကတော့ အပြစ်ကြီးတယ်၊ မြန်မြန်ပြေပျောက်တတ်တယ်၊ မောဟကတော့ အပြစ်လဲကြီးတယ်၊ ဖြည်းဖြည်းနှေးနှေး(ကြာမှ)လဲ ပြေပျောက်တတ်တယ်'လို့ ဒီလို ဖြေကြရမယ်"။

ဒီမှာပဲ ပါဠိတော် ခဏရပ်ဆိုင်းထားပြီး သက်ဆိုင်ရာ အဓိပ္ပာယ်တွေကို ရှင်းလင်းပြောပြပါအုံးမယ်။

**လောဘ အပြစ်နည်း** လောက(ထုံးတမ်းစဉ်လာအရ ကဲ့ရဲ့သင့်တဲ့) အပြစ်အနေနဲ့ပဲဖြစ်ဖြစ်, အကျိုးပေးတဲ့ (အပါယ်မှာ ဖြစ်စေတတ်တဲ့) အပြစ်အနေနဲ့ပဲဖြစ်ဖြစ် အပြစ်နှစ်မျိုးလုံးပဲ သေးငယ်ပါတယ်၊ မိဘများနဲ့ အစ်ကို, အစ်မ–စတဲ့သူတွေက သားသမီးတွေ, ညီတွေ, မောင်တွေကို အိမ်ထောင်ချပေးနေကြပါတယ်၊ ဒီလိုလုပ်တာကို အပြစ်တစ်ခုအနေနဲ့ မယူဆကြတော့ပါဘူး၊ ဒီလိုပဲ ရာဂဟာ လောကပြစ်အနေနဲ့လဲပဲ သေးပါတယ်၊ ကိုယ့်မယား ကိုယ့်လင်နဲ့ ကျေကျေနပ်နပ် ပေါင်းသင်းနေတဲ့အတွက် အပါယ်ဘုံသို့ မရောက်ရပါဘူး၊ ဒီလို အကျိုးပေးတဲ့ အပြစ်အနေနဲ့လဲပဲ အပြစ်သေးပါတယ်။

**နှေးနှေး ပြေပျောက်** ဒီရာဂဆိုတဲ့ လောဘဟာ တပ်စွဲမိလို့ရှိရင် ဖြည်းဖြည်းနှေးနှေး (ကြာမှ) ပြေပျောက်တတ်တယ်၊ မြန်မြန်မပြေပျောက်နိုင်ဘူး၊ မှင်ကြောင်ဆေး ထိုးထားသလို ကြာရှည်လေးမြင့် လိုက်နေတော့တယ်၊ ၂–ဘဝ,

www.burmeseclassic.com

www.burmeseclassic.com



၃–ဘဝကူးတောင်မှ မကင်းပျောက်နိုင်ဘူး၊ ဒါ့ကြောင့် ဖြည်းဖြည်းနှေးနှေးမှ ပျောက်တယ်လို့ ဆိုရတာပါပဲ၊ ဒီနေရာမှာ ဝတ္ထုကလေးတစ်ခု ပြောပြပါအုံးမယ်။

**မရီးနှင့်မတ် လင်ကိုသတ်** ယောကျ်ားတစ်ယောက်က မရီးနှင့် ဖောက်ပြန်နေပါတယ်၊ မရီးကလဲ လင်ယောကျ်ားကိုထက် မတ်ကိုပဲ ပိုပြီးချစ်နေပါတယ်၊ ဒီတော့ မရီးဖြစ်သူက မတ်ဖြစ်သူအား အစ်ကိုဖြစ်သူကို သတ်ပစ်ဖို့ ပြောဆိုလာပါတော့တယ်။

"ဒီအကြောင်းကို လူတွေသိသွားရင် တို့အကြီးအကျယ် အကဲ့ရဲ့ခံရတော့မှာပဲ၊ မင်းအစ်ကိုကို သတ်ပစ်လိုက်ပါတော့ကွာ"။

"နင်က တယ်မိုက်ပါလား၊ နောက်ထပ် ဒီစကားမျိုး ငါ့ကို လာမပြောနဲ့၊ မကြားချင်ဘူး"။

မိမိရဲ့ ပြောစကားကို မလိုက်နာဘဲ မတ်ရဲ့အကြိမ်းအမောင်းကို ခံရတဲ့အခါ မရီးဖြစ်သူက နှုတ်ပိတ်သွားပါတယ်၊ ထို့နောက် ရက်အနည်းငယ် ကြာလာတဲ့အခါ ဒီအကြောင်းကိုပဲ ထပ်ပြောပြန်တယ်၊ ဒါနဲ့ မတ်ဖြစ်သူမှာ "အစ်ကိုကို သတ်ရမလား၊ မသတ်ဘဲထားရမလား" ဝေခွဲမရ၊ စိတ်နှစ်ခွ ဖြစ်လာပါတော့တယ်။

မကြာမြင့်သောကာလအတွင်းမှာပဲ မရီးဖြစ်သူက အဲဒီအကြောင်းကို ထပ်ပြောပြန်တယ်၊ ပြောဖန်များလာတဲ့အခါ မတ်ဖြစ်သူကလဲ နားဝင်လာပါတော့တယ်။

"ဘယ်လိုလုပ်ပြီး သတ်ခွင့်ရမလဲ ?၊ ပြောစမ်းပါအုံး"။

"ဒါကတော့ မခက်လှပါဘူးကွာ၊ မင်းက ငါပြောသလိုသာ လုပ်ပါ၊ ဟိုခပ်လှမ်းလှမ်းက ရေခတက်ပင်ကြီးအနားမှာ ရေချိုးဆိပ်တစ်ခု ရှိနေတယ်၊ အသွားထက်လှတဲ့ ဒီပဲကွပ်ကြီးကို ယူသွားပြီး အဲဒီအနားက စောင့်ပေါ့ကွာ"။

မတ်ဖြစ်သူက မရီးပြောကြားတဲ့အတိုင်း ပဲကွပ်ကြီးကိုထမ်းပြီး အစ်ကိုအလာကို စောင့်နေပါတော့တယ်။

သူ့အစ်ကိုကလဲ တောမှာ တစ်နေ့လုံး အလုပ်လုပ်နေခဲ့ပါတယ်၊ မိုးချုပ်ခါနီးမှ အိမ်ကို ပြန်ရောက်လာပါတယ်၊ သူ့မိန်းမကလဲ သူ့အပေါ်မှာ စိတ်နူးညံ့သလို ဟန်ဆောင်ပြီး–

"မောင်ရေ ! လာစမ်းပါအုံး၊ မောင့်ရဲ့ခေါင်းကို ဖီးပေးပါ့မယ်"။

ဒီလိုပြောဆိုလျက် ခေါင်းကိုဖီးပေးရင်း–

"မောင်ရဲ့ခေါင်းက ညစ်ပတ်နေတာပဲ၊ ရော့ရော့ ဆီးဖြူသီးမှုန့်လုံးကလေးတွေကို ယူသွားပြီး ဟိုခတက်ပင်နားက ရေဆိပ်မှာ ခေါင်းလျှော်ပြီးမှ ပြန်လာခဲ့တာပေါ့"။

www.burmeseclassic.com

www.burmeseclassic.com



ဒီလို ပြောဆိုစေလွှတ်လိုက်ပါတယ်။

လင်ယောက်ျားကလဲ သူ့မိန်းမ ပြောဆိုညွှန်ကြားလိုက်တဲ့ ရေဆိပ်ကိုပဲ သွားပါတော့တယ်၊ ဆီးဖြူသီးမှုန့်နဲ့ ခေါင်းကိုသုတ်လိမ်းပြီး ရေထဲကိုဆင်းကာ ခေါင်းငုံ့လျက် ခေါင်းလျှော်နေပါတော့တယ်၊ အဲဒီအတောအတွင်းမှာ ညီဖြစ်သူက သစ်ပင်ကြားမှ ထွက်လာပြီး အစ်ကိုရဲ့ပခုံးကို ပဲကွပ်နဲ့ တအားခုတ်ဖြတ်လိုက်ပါတယ်၊ အစ်ကိုကို အသေသတ်ပြီးသည့်နောက် အိမ်ကို ပြန်လာခဲ့ပါတယ်။

သေဆုံးသွားတဲ့ လင်ယောက်ျားကလဲ မယားအပေါ်မှာ ချစ်ခင်မှုကို မစွန့်နိုင်တဲ့အတွက် အဲဒီအိမ်မှာပဲ ကြွက်စားငန်းမြွေကြီး ဖြစ်နေပါတယ်၊ အဲဒီမြွေကြီးက မယားဟောင်းရပ်နေတဲ့အခါမှာလဲ ကိုယ်ပေါ်သို့ ကျလာတတ်ပါတယ်၊ ထိုင်နေတဲ့အခါမှာလဲ ကိုယ်ပေါ်သို့ ကျလာတတ်ပါတယ်၊ မယားဟောင်းက ဒီမြွေဟာ သေသွားတဲ့ လင်ကြီးပဲဖြစ်ရမှာပါဆိုပြီး မြွေကို အသတ်ခိုင်းပြန်တယ်။

လင်ကြီးဖြစ်ဖူးတဲ့ အဲဒီမြွေက မယားဟောင်းအပေါ်မှာ ချစ်ခင်နေတဲ့အတွက် အဲဒီအိမ်မှာပဲ ခွေးဖြစ်လာပြန်တယ်၊ အဲဒီ ခွေးကလဲ သွားတတ်တဲ့အရွယ်ကစပြီး မယားဟောင်းရဲ့နောက်ကို တကောက်ကောက် လိုက်ပါနေတော့တယ်၊ မယားဟောင်းက တောကို သွားတဲ့အခါမှာလဲ အတူလိုက်သွားတတ်ပါတယ်၊ ဒါကို တွေ့ရတော့ လူတွေက ပြောင်လှောင်ပြောဆိုတတ်ကြပါတယ်။

“ခွေးမုဆိုးကြီး ထွက်လာပြီဟေ့၊ ဘယ်ကိုများ သွားမလဲ မသိဘူး”။

ပြောင်လှောင်ခံရဖန်များတော့ မယားဟောင်းက နောက်ထပ် ခွေးကိုလဲ အသတ်ခိုင်းပြန်တယ်။

လင်ကြီးဖြစ်ဖူးတဲ့ အဲဒီခွေးကလဲ အဲဒီအိမ်မှာပဲ နွားဖြစ်လာပြန်တယ်၊ အဲဒီနွားကလဲ ခွေးလိုပဲ မယားဟောင်းသွားရာနောက်ကို တကောက်ကောက် လိုက်နေပြန်တယ်၊ အဲဒါကို တွေ့ကြရ မြင်ကြရတဲ့ လူတွေက ပြောင်လှောင်ကြပြန်တယ်။

“နွားကျောင်းသားကြီး ထွက်သွားပြီဟေ့၊ နွားတွေကို ဘယ်နေရာမှာများ သွားကျောင်းအုံးမလို့လဲ မသိဘူး”။

ပြောင်လှောင်ခံရဖန်များတော့ မယားဟောင်းက နွားကိုလဲ အသတ်ခိုင်းပြန်တယ်။

အဲဒီအချိန်ထိအောင် လင်ကြီးကလဲ မယားဟောင်းအပေါ်မှာ ချစ်ခင်မှုကို မဖြတ်နိုင်သေးပါဘူး၊ ၄-ခုမြောက်ဘဝ ရောက်လာတဲ့အခါ မယားဟောင်းဝမ်းထဲမှာ ပဋိသန္ဓေ တည်နေလာပါတော့တယ်။

မွေးဖွားလာတဲ့အခါ ကလေးက နောက်ဘဝတွေကို အမှတ်ရနေပါတယ်၊ အဲဒီကလေးဟာ မယားဟောင်းဖြစ်ခဲ့ဖူးတဲ့ ယခုဘဝအမေက အစဉ်အတိုင်း ၄-ဘဝ

www.burmeseclassic.com

www.burmeseclassic.com



လုံးမှာ အသတ်ခိုင်းခဲ့တာကို တွေ့မြင်နေရပါတယ်၊ အမှတ်ရနေပါတယ်၊ ဒါနဲ့ ငါဟာ "ဒီလို ရန်သူရဲ့ဝမ်းမှာ ဖြစ်မှဖြစ်ရပလေတယ်"လို့ တွေးပြီး နောင်တရနေပါတယ်၊ အဲဒီအချိန်ကစပြီး သူ့ကို အမေဖြစ်သူရဲ့လက်နဲ့ ထိတွေ့တာကိုတောင်မှ ခွင့်မပေးတော့ပါဘူး၊ အမေဖြစ်သူက သူ့ကို တွေ့ထိလာရင် တက်လှုမတတ် ငိုနေပါတော့တယ်။

ဒါနဲ့ အဲဒီကလေးကို အဖိုးဖြစ်သူကပဲ ကျွေးမွေးပြုစုနေရပါတယ်၊ ကလေးကလဲ တဖြည်းဖြည်း ကြီးထွားလာပါတယ်၊ စကားပြောတတ်တဲ့ အရွယ်ကို ရောက်လာပါတယ်၊ အဲဒီအချိန်မှာ အဖိုးဖြစ်သူက မြေးကလေးကို မေးမြန်းစုံစမ်းပါတယ်။

"ဟဲ့လူကလေးရဲ့ ! မင်းက ဘာ့ကြောင့်မို့ ကိုယ့်ကို အမိလက်နဲ့ ထိတွေ့ခွင့် မပေးရသလဲ ?၊ တွေ့ထိလို့ရှိရင်လဲ ကျယ်လောင်စွာ ငိုနေတော့ပဲ၊ မြည်တမ်းနေတော့တာပဲ"။

"ဖိုးဖိုးရေ ! ဒါဟာ ကျွန်တော့အမေ မဟုတ်ပါဘူး၊ ဒါဟာ ကျွန်တော်ရဲ့ ရန်သူမပဲ ဖြစ်ပါတယ်"။

အစချီပြီး အကြောင်းစုံကို အဖိုးဖြစ်သူအား ပြန်ပြောပြလိုက်ပါတယ်၊ အဖိုးကလဲ မြေးကလေးကို ကောက်ယူပွေ့ချီပြီး အားရပါးရ ငိုပစ်လိုက်ပါတယ်။

"ဟဲ့လူကလေးရဲ့ ! လာပါတော့ကွာ၊ ဒီလိုနေရာမျိုးမှာ တို့မနေသင့်တော့ပါဘူး"။

အဖိုးက မြေးကလေးကို ပြောဆိုပြီး မြေးကလေးကို ခေါ်ယူထွက်လာပါတော့တယ်၊ ကျောင်းတစ်ကျောင်းကို ရောက်တဲ့အခါ ရှင်ရဟန်းပြုကြပါတယ်၊ မြေး–အဖိုး နှစ်ယောက်စလုံးပဲ အဲဒီကျောင်းမှာ နေထိုင်ပြီး တရားအားထုတ်ကြတဲ့အခါ ရဟန္တာ ဖြစ်သွားကြပါတော့တယ်။

ဒီဝတ္ထုကပဲ ရာဂ(လောဘ)ရဲ့ ပြေပျောက်နိုင်ခဲတဲ့ အကြောင်းကို သက်သေခံနေပါတော့တယ်။

**ဒေါသ အပြစ်ကြီး** လောကပြစ်အနေနဲ့ပဲဖြစ်ဖြစ်၊ အကျိုးပေးတဲ့ (တမလွန်)အပြစ်အနေနဲ့ပဲဖြစ်ဖြစ် အကြောင်းနှစ်ပါးတို့ကြောင့် ဒေါသဟာ အပြစ်ကြီးလှပါတယ်၊ ဒေါသရဲ့ အဖျက်အဆီးကို ခံနေရသူဟာ အမေအဖေကိုလဲ ပြစ်မှားတတ်ပါတယ်၊ ရသေ့၊ ရဟန်း၊ သူတော်တွေကိုလဲ ပြစ်မှားတတ်ပါတယ်၊ ဒီတော့ အဲဒီလူမျိုးဟာ–

"ဒီလူက အမေကိုလဲ ပြစ်မှားတာပဲ၊ အဖေကိုလဲ ပြစ်မှားတာပဲ၊ အစ်ကို အစ်မ–စတဲ့ သူတွေကိုလဲ ပြစ်မှားတာပဲ၊ ရသေ့၊ ရဟန်း၊ သူတော်ကောင်းတွေကိုလဲ ပြစ်မှားတာပဲ"။

www.burmeseclassic.com

www.burmeseclassic.com



ဒီလို ရောက်လေရာရာ အရပ်တကာမှာ အကြီးအကျယ် ကဲ့ရဲ့ခံရပါတော့တယ်၊ ဒီလို လောကပြစ်အနေနဲ့လဲ အပြစ်ကြီးလှပါတယ်။

ဒေါသအလျောက် ပြုလုပ်မိတဲ့ အာနန္တရိယကံကြောင့် ကမ္ဘာပတ်လုံး အဝီစိငရဲမှာ ခံရတတ်ပါတယ်၊ ဒီလို အကျိုးပေးတဲ့ အပြစ်အနေနဲ့လဲ အပြစ်ကြီးလေးလှပါတယ်။

**မြန်မြန်ပြေပျောက်** ဒေါသရဲ့အဖျက်အဆီးကို ခံနေရတဲ့လူတစ်ဦးတစ်ယောက်ဟာ အမေအဖေကိုလဲ ပြစ်မှားတတ်ပါတယ်၊ စေတီတွေ, ဗောဓိပင်တွေကိုလဲ ပြစ်မှားတတ်ပါတယ်၊ ရဟန်းတွေ, သူတော်ကောင်းတွေကိုလဲ ပြစ်မှားတတ်ပါတယ်၊ အကျွန်ုပ်ရဲ့အပြစ်ကို သည်းခံတော်မူကြပါလို့ ကိုယ့်အပြစ်ကို ပြောဆိုတောင်းပန်လိုက်လို့ရှိရင် ပြစ်မှားခံရသူက သည်းခံခွင့်လွှတ်လိုက်တာနဲ့ တစ်ပြိုင်နက် အဲဒီ ပြစ်မှားထားတဲ့ အကုသိုလ်ကံဟာ ပြေပျောက်သွားရတော့တာပဲ။

**မောဟ အပြစ်ကြီး** မောဟလဲပဲ လောကပြစ်, အကျိုးပေးတဲ့(တမလွန်)အပြစ်ဆိုတဲ့ ၂–မျိုးလုံးနှင့်စပ်လို့ အပြစ်ကြီးလေးလှပါတယ်၊ မောဟကြောင့် တွေဝေမိုက်မဲတဲ့အတွက် အမေအဖေကိုလဲ ပြစ်မှားမိတတ်တယ်၊ စေတီတော်ကိုလဲ ပြစ်မှားမိတတ်တယ်၊ ဗောဓိပင်ကိုလဲ ပြစ်မှားမိတတ်တယ်၊ ရဟန်း, သူတော်ကောင်းတွေကိုလဲ ပြစ်မှားမိတတ်တယ်၊ ဒါနဲ့ ရောက်လေရာရာ အရပ်တကာမှာ ကဲ့ရဲ့ခံရတတ်တယ်၊ ဒီလို မောဟက လောကပြစ်အနေနဲ့လဲ အပြစ်ကြီးလေးတာပဲ။

တွေဝေလို့, မိုက်မှားလို့ ပြစ်မှားမိက အာနန္တရိယကံကြောင့် ကမ္ဘာပတ်လုံး အဝီစိငရဲမှာ ခံရတတ်ပါတယ်၊ ဒီလို (တမလွန်)အကျိုးအနေနဲ့လဲပဲ အပြစ်ကြီးလေးလှတာပဲ။

**ဖြည်းဖြည်းပြေပျောက်** မောဟနဲ့ တွေဝေမိုက်မှားလို့ ပြုလုပ်မိတဲ့ အကုသိုလ်ကံက ဖြည်းဖြည်းနှေးနှေး လွတ်မြောက်ရတတ်တယ်၊ ဥပမာအနေနဲ့ပြောရမယ်ဆိုရင် ဝက်ဝံအရေကို အကြိမ်တစ်ရာလောက် ဆေးကြောဖွတ်လျှော်ပေမဲ့ ဖြူဖွေးမလာသလို မောဟနဲ့ တွေဝေမိုက်မှားလို့ လုပ်မိတဲ့ အကုသိုလ်ကံကလဲပဲ မြန်မြန်မလွတ်မြောက်နိုင်ပါဘူး၊ ဖြည်းဖြည်းနှေးနှေးမှ လွတ်မြောက်ရပါတော့တယ်။

ဒီလောက်ဆိုရင် ရာဂက အပြစ်သေးငယ်၍ ဖြည်းဖြည်းနှေးနှေး ပြေပျောက်ပုံ, ဒေါသက အပြစ်ကြီးပေမဲ့ အမြန်ပြေပျောက်နိုင်ပုံ, မောဟက အပြစ်ကြီးလေးတဲ့ အပြင် ဖြည်းဖြည်းနှေးနှေးမှ ပြေပျောက်နိုင်ပုံတွေကို သိနားလည်လောက်ပါပြီ၊ အခု ပါဠိတော်ကိုပဲ ဆက်ကြအုံးစို့ရဲ့။

www.burmeseclassic.com

www.burmeseclassic.com



"ငါ့ရှင်တို့ ! မဖြစ်သေးတဲ့ရာဂ ဖြစ်လာအောင်, ဖြစ်ပြီးတဲ့ရာဂ တိုးပွားကျယ်ပြန့်လာအောင် အကြောင်းအထောက်အပံ့ကား ဘာလဲ ?၊ ဒီလို မေးလာလို့ရှိရင် တင့်တယ်တဲ့အာရုံ(တပ်မက်စရာကောင်းတဲ့အာရုံ)လို့ ဖြေဆိုကြရမယ်။

လိုချင်မက်မောစရာကောင်းတဲ့အာရုံကို မသင့်မတင့် နှလုံးသွင်းမိတဲ့ပုဂ္ဂိုလ်မှာ မဖြစ်သေးတဲ့ရာဂလဲ ဖြစ်ပေါ်လာတတ်တယ်၊ ဖြစ်ပြီးတဲ့ရာဂလဲ တိုးပွားကျယ်ပြန့်လာတတ်တယ်။

ငါ့ရှင်တို့ ! လိုချင်မက်မောစရာကောင်းတဲ့ အာရုံကို မသင့်မတင့် နှလုံးသွင်းတာကပဲ မဖြစ်သေးတဲ့ရာဂ ဖြစ်အောင်, ဖြစ်ပြီးတဲ့ရာဂ တိုးပွားကျယ်ပြန့်လာအောင် အကြောင်းအထောက်အပံ့(အထောက်အကူ) ဖြစ်ပေတယ်လို့ ဖြေဆိုကြရမယ်။

ငါ့ရှင်တို့ ! မဖြစ်သေးတဲ့ဒေါသ ဖြစ်အောင်, ဖြစ်ပြီးတဲ့ဒေါသ တိုးပွားကျယ်ပြန့်လာအောင် အကြောင်းအထောက်အပံ့ကား ဘာလဲ ?၊ ဒီလို မေးလာလို့ရှိရင် ဒေါသဖြစ်စရာ, စိတ်ဆိုးစရာအာရုံ(နှစ်လိုဖွယ်မရှိတဲ့အာရုံ)လို့ ဖြေဆိုကြရမယ်။

နှစ်လိုဖွယ်မရှိတဲ့ အာရုံကို မသင့်မတင့် နှလုံးသွင်းတဲ့ပုဂ္ဂိုလ်မှာ မဖြစ်သေးတဲ့ဒေါသ ဖြစ်လာတတ်တယ်၊ ဖြစ်ပြီးတဲ့ဒေါသလဲ တိုးပွားကျယ်ပြန့်လာတတ်တယ်။

ငါ့ရှင်တို့ ! ဒီနှစ်လိုဖွယ်မရှိတဲ့အာရုံကို မသင့်မတင့် နှလုံးသွင်းတာကပဲ မဖြစ်သေးတဲ့ဒေါသ ဖြစ်အောင်, ဖြစ်ပြီးတဲ့ဒေါသ တိုးပွားကျယ်ပြန့်လာအောင် အကြောင်းအထောက်အပံ့ ဖြစ်ပေတယ်လို့ ဖြေဆိုကြရမယ်။

ငါ့ရှင်တို့ ! မဖြစ်သေးတဲ့မောဟ ဖြစ်အောင်, ဖြစ်ပြီးတဲ့မောဟ တိုးပွားကျယ်ပြန့်လာအောင် အကြောင်းအထောက်အပံ့ကား ဘာလဲ ?၊ ဒီလို မေးလာလို့ရှိရင် မသင့်မတင့် နှလုံးသွင်းမှုလို့ ဖြေဆိုကြရမယ်။

မသင့်မတင့် နှလုံးသွင်းတဲ့ ပုဂ္ဂိုလ်မှာ မဖြစ်သေးတဲ့မောဟလဲ ဖြစ်လာတတ်တယ်၊ ဖြစ်ပြီးတဲ့မောဟလဲ တိုးပွားကျယ်ပြန့်လာတတ်တယ်။

ငါ့ရှင်တို့ ! ဒီလို မသင့်မတင့် နှလုံးသွင်းတာကပဲ မဖြစ်သေးတဲ့မောဟ ဖြစ်အောင်, ဖြစ်ပြီးတဲ့မောဟ တိုးပွားကျယ်ပြန့်လာအောင် အကြောင်းအထောက်အပံ့ ဖြစ်ပေတယ်လို့ ဖြေဆိုကြရမယ်။

ငါ့ရှင်တို့ ! မဖြစ်သေးတဲ့ရာဂ မဖြစ်အောင်, ဖြစ်ပြီးတဲ့ရာဂ ကင်းပျောက်အောင် အကြောင်းအထောက်အပံ့ကား ဘာလဲ ?လို့ မေးလာလို့ရှိရင် အသုဘနိမိတ်(မတင့်တယ်တဲ့အာရုံ)လို့ ဖြေဆိုကြရမယ်။

www.burmeseclassic.com

www.burmeseclassic.com



အသုဘအာရုံကို အသင့်အတင့် နှလုံးသွင်းတဲ့ ပုဂ္ဂိုလ်မှာ မဖြစ်သေးတဲ့ ရာဂလဲ မဖြစ်နိုင်ဘူး၊ ဖြစ်ပြီးတဲ့ရာဂလဲ ကင်းပျောက်ရတော့တယ်။

ငါ့ရှင်တို့ ! မတင့်တယ်တဲ့ အသုဘအာရုံကို အသင့်အတင့် နှလုံးသွင်းတာကပဲ မဖြစ်သေးတဲ့ရာဂ မဖြစ်အောင်, ဖြစ်ပြီးတဲ့ရာဂ ကင်းပျောက်အောင် အကြောင်းအထောက်အပံ့ ဖြစ်ပေတယ်၊ ဒီလို ဖြေဆိုကြရမယ်။

ငါ့ရှင်တို့ ! မဖြစ်သေးတဲ့ဒေါသ မဖြစ်အောင်, ဖြစ်ပြီးတဲ့ဒေါသ ကင်းပျောက်အောင် အကြောင်းအထောက်အပံ့ကား ဘာလဲ ?လို့ မေးလာခဲ့ရင် စိတ်ရဲ့ (ဗျာပါဒက) လွတ်မြောက်စရာ မေတ္တာလို့ ဖြေကြရမယ်။

မေတ္တာကို အသင့်အတင့် နှလုံးသွင်းတဲ့ပုဂ္ဂိုလ်မှာ မဖြစ်သေးတဲ့ဒေါသလဲ မဖြစ်နိုင်ဘူး၊ ဖြစ်ပြီးတဲ့ဒေါသလဲ ကင်းပျောက်ရတော့တယ်။

ငါ့ရှင်တို့ ! မေတ္တာကို အသင့်အတင့် နှလုံးသွင်းတာကပဲ မဖြစ်သေးတဲ့ ဒေါသ မဖြစ်အောင်, ဖြစ်ပြီးတဲ့ဒေါသ ကင်းပျောက်အောင် အကြောင်းအထောက်အပံ့ ဖြစ်ပေတယ်၊ ဒီလို ဖြေကြဆိုကြရမယ်။

ငါ့ရှင်တို့ ! မဖြစ်သေးတဲ့မောဟ မဖြစ်အောင်, ဖြစ်ပြီးတဲ့မောဟ ကင်းပျောက်အောင် အကြောင်းအထောက်အပံ့ကား ဘာလဲ ?လို့ မေးလာလို့ရှိရင် (အာရုံမှန်သမျှကို) အသင့်အတင့် နှလုံးသွင်းမှုလို့ ဖြေဆိုကြရမယ်။

အသင့်အတင့် နှလုံးသွင်းတဲ့ပုဂ္ဂိုလ်မှာ မဖြစ်သေးတဲ့မောဟလဲ မဖြစ်နိုင်ဘူး၊ ဖြစ်ပြီးတဲ့မောဟလဲ ကင်းပျောက်ရတော့တယ်။

ငါ့ရှင်တို့ ! အသင့်အတင့် နှလုံးသွင်းတာကပဲ မဖြစ်သေးတဲ့မောဟ မဖြစ်အောင်, ဖြစ်ပြီးတဲ့မောဟ ကင်းပျောက်အောင် အကြောင်းအထောက်အပံ့ ဖြစ်ပေတယ်၊ ဒီလို ဖြေကြရမယ်။

*(က) ကောင်းမြတ်အာရုံ–စိတ်ကူးလွဲက , ဝင်လာမစဲ–ရာဂတွေ၊
ဆိုးဝါးအာရုံ–စိတ်ကူးလွဲက , ဝင်လာမစဲ–ဒေါသတွေ။
အရာရာမှာ–စိတ်ကူးလွဲက , ဝင်လာမစဲ–မောဟတွေ၊
ထို့ကြောင့်လွဲချော်–စိတ်ကူးမှုကို , သတိပြုလို့–ရှောင်သင့်ပေ။

*(ခ) အသုဘသာ–နှလုံးသွင်းရင် , ရာဂဖြစ်ခြင်း–ကင်းပါတယ်၊
မေတ္တာကိုသာ–တကယ်ပွားရင် , ဒေါသတရား–ကင်းပျောက်မယ်။
စိတ်ကူးမှန်အောင်–ကြိုးအားထုတ်ရင် , မောဟအယုတ်–အဲပှတ်ပြယ်၊
ထို့ကြောင့်မှန်အောင်–ကြံစိတ်ကူးလို့ , သင့်တို့အထူး–နေသင့်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ယခု ပြီးဆုံးသွားတဲ့ အညတိတ္ထိယသုတ်မှာ ရာဂ, ဒေါသ, မောဟတို့ရဲ့ သတ္တိထူးခြားချက်ကိုလဲ ပြဆိုထားပါတယ်၊ ရာဂ, ဒေါသ, မောဟဖြစ်ကြောင်း, တိုးပွားကြောင်း တရားတွေကိုလဲ ပြဆိုထားပါတယ်၊ ရာဂ, ဒေါသ, မောဟကင်းကြောင်း, ချုပ်ကြောင်းကိုလဲ ပြဆိုထားပါတယ်။

ယခုဆက်ပြီး ရာဂ, ဒေါသ, မောဟရှိနေတဲ့ပုဂ္ဂိုလ်မှာ ရာဂ, ဒေါသ, မောဟ ဖြစ်ပေါ်လာ, တိုးပွားလာတဲ့အတွက် ရရှိလာတဲ့ အပြစ်များ, ရာဂ, ဒေါသ, မောဟကို ပယ်ထားတဲ့ပုဂ္ဂိုလ်မှာ ရာဂ, ဒေါသ, မောဟချုပ်ပျောက်သွားတဲ့အတွက် ရရှိလာတဲ့ အကျိုးများကို ပြဆိုထားတဲ့ အညတြဗြာဟ္မဏသုတ်ကို ပြောပြပါအုံးမယ်။

### *အညတြဗြာဟ္မဏသုတ်

တစ်ချိန်မှာ ပုဏ္ဏားတစ်ယောက်က ဘုရားရှင်အနားကို ချဉ်းကပ်ရောက်လာပါတယ်၊ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်စကား ပြောကြားပြီး သင့်တော်ရာက ထိုင်လျက် ဘုရားရှင်ကို မေးမြန်းလျှောက်ထားပါတယ်။

အရှင်ဂေါတမ ! ကိုယ်တိုင်မြင်တွေ့နိုင်တဲ့တရား, ကိုယ်တိုင်မြင်တွေ့နိုင်တဲ့ တရား(ကိုယ်တွေ့မျက်မြင်တရား, ကိုယ်တွေ့မျက်မြင်တရား)လို့ ပြောဆိုနေကြပါတယ်၊ ဘယ်လောက်နဲ့ တရားဟာ ကိုယ်တွေ့မျက်မြင် ဖြစ်ပါသလဲ ?၊ အချိန်မဆိုင်းဘဲ အကျိုးပေးပါသလဲ ?၊ လာကြစမ်းပါ, ကြည့်စမ်းပါလို့ ခေါ်ယူပြသင့်ပါသလဲ ?၊ မိမိရဲ့စိတ်ထဲမှာ ဆောင်ထားထိုက်ပါသလဲ ?၊ ပညာရှိတွေက ကိုယ်စီကိုယ်င သိသင့်ပါသလဲ ?။

ပုဏ္ဏား ! တပ်နှစ်သက်နေတဲ့ ပုဂ္ဂိုလ်တစ်ဦးဟာ တပ်နှစ်သက်မှု(ရာဂ)က လွှမ်းမိုးထားတဲ့အတွက် သူ့ရဲ့စိတ်က တပ်စွဲခြင်း(ရာဂ)ရဲ့ ဆွဲဆောင်ရာနောက်ကို လိုက်နေရတဲ့အတွက် မိမိဆင်းရဲအောင်လဲ ကြံစည်တတ်တယ်၊ သူတစ်ပါးဆင်းရဲအောင်လဲ ကြံစည်တတ်တယ်၊ မိမိသူတစ်ပါး နှစ်ဦးသားဆင်းရဲအောင်လဲ ကြံစည်တတ်တယ်၊ စိတ်ဆင်းရဲခြင်း, နှလုံးမသာယာခြင်းကိုလဲ ခံစားရတတ်တယ်။

ရာဂကို ပယ်လိုက်လို့ရှိရင် မိမိဆင်းရဲအောင်လဲ မကြံစည်တော့ဘူး၊ သူများဆင်းရဲအောင်လဲ မကြံစည်တော့ဘူး၊ မိမိသူတစ်ပါး နှစ်ဦးသား ဆင်းရဲအောင်လဲ မကြံစည်တော့ဘူး၊ စိတ်ဆင်းရဲမှု, နှလုံးမသာယာမှုကိုလဲ မခံစားရတော့ဘူး။

ပုဏ္ဏား ! တပ်နှစ်သက်မှုရာဂ ရှိနေတဲ့သူဟာ ကာယဒုစရိုက်ကိုလဲ ကျင့်တတ်ပါတယ်၊ ဝစီဒုစရိုက်ကိုလဲ ကျင့်တတ်ပါတယ်၊ မနောဒုစရိုက်ကိုလဲ ကျင့်တတ်

* အံ-၁၊ ၁၅၅။ ဋ-၂၊ ၁၄၁။ ဋီ-၂၊ ၁၂၈။

www.burmeseclassic.com

www.burmeseclassic.com



ပါတယ်၊ တပ်နှစ်သက်မှု(ရာဂ)ကို ပယ်လိုက်လို့ရှိရင် ကာယဒုစရိုက်ကိုလဲ မပြုကျင့်တော့ဘူး၊ ဝစီဒုစရိုက်ကိုလဲ မပြုကျင့်တော့ဘူး၊ မနောဒုစရိုက်ကိုလဲ မပြုကျင့်တော့ဘူး။

တပ်နှစ်သက်မှု(ရာဂ) ရှိနေတဲ့ လူတစ်ဦးတစ်ယောက်ဟာ ကိုယ့်အကျိုးစီးပွားကိုလဲ အမှန်အကန်မသိ၊ သူ့အကျိုးစီးပွားကိုလဲ အမှန်အကန်မသိ၊ မိမိအကျိုး, သူ့အကျိုး နှစ်မျိုးကိုလဲ အမှန်အကန်မသိ၊ တပ်နှစ်သက်မှု(ရာဂ)ကို ပယ်လိုက်လို့ရှိရင် ကိုယ့်အကျိုးကိုလဲ အမှန်အကန် သိနိုင်တယ်၊ သူ့အကျိုးကိုလဲ အမှန်အကန် သိနိုင်တယ်၊ သူ့အကျိုး, ကိုယ့်အကျိုး နှစ်မျိုးကိုလဲ အမှန်အကန် သိနိုင်တယ်။

ပုဏ္ဏား ! ဒီလောကနဲ့ပဲ တရားတော်ဟာ ကိုယ်တွေ့မျက်မြင် ဖြစ်တော့တယ်၊ အချိန်မဆိုင်းဘဲ လက်ငင်းအကျိုးပေးတော့တယ်၊ လာကြစမ်းပါ, ကြည့်ကြစမ်းပါလို့ ခေါ်ယူပြထိုက်ပါတော့တယ်၊ ကိုယ့်စိတ်ထဲမှာ ဆောင်ထားသင့်ပါတော့တယ်၊ ပညာရှင်တွေက ကိုယ်စီကိုယ်င သိသင့်ပါတော့တယ်။

ပုဏ္ဏား ! အမျက်ထွက်မှု, စိတ်ဆိုးမှု(ဒေါသ)ရဲ့ ဖျက်ဆီးမှုကို ခံနေရတဲ့သူတစ်ဦးက အမျက်ထွက်မှု, စိတ်ဆိုးမှု(ဒေါသ)က လွှမ်းမိုးထားတဲ့အတွက် သူ့စိတ်က ဒေါသရဲ့ဆွဲဆောင်ရာနောက်ကို လိုက်ပါနေရတဲ့အတွက် မိမိဆင်းရဲအောင်လဲ ကြံစည်တတ်ပါတယ်၊ သူတစ်ပါးဆင်းရဲအောင်လဲ ကြံစည်တတ်ပါတယ်၊ မိမိ,သူတစ်ပါး နှစ်ဦးသား ဆင်းရဲအောင်လဲကြံစည်တတ်ပါတယ်၊ စိတ်ဆင်းရဲမှု, နှလုံးမသာယာမှုကိုလဲ ခံစားရတတ်တယ်။

အမျက်ထွက်မှု, စိတ်ဆိုးမှု(ဒေါသ)ကို ပယ်လိုက်လို့ရှိရင် မိမိဆင်းရဲအောင်လဲ မကြံစည်တော့ဘူး၊ သူတစ်ပါးဆင်းရဲအောင်လဲ မကြံစည်တော့ဘူး၊ မိမိ,သူတစ်ပါး နှစ်ဦးသား ဆင်းရဲအောင်လဲ မကြံစည်တော့ဘူး၊ စိတ်ဆင်းရဲမှု, နှလုံးမသာယာမှုကိုလဲ မခံစားရတော့ဘူး။

ပုဏ္ဏား ! ဒီလောကနဲ့ပဲ တရားတော်ဟာ ကိုယ်တွေ့မျက်မြင် ဖြစ်တော့တယ်၊ အချိန်မဆိုင်းဘဲ လက်ငင်းအကျိုးပေးတော့တယ်၊ လာကြစမ်းပါ, ကြည့်ကြစမ်းပါလို့ ခေါ်ယူပြထိုက်ပါတော့တယ်၊ ကိုယ့်စိတ်ထဲမှာ ဆောင်ထားသင့်ပါတော့တယ်၊ ပညာရှင်များ ကိုယ်စီကိုယ်င သိသင့်ပါတော့တယ်။

ပုဏ္ဏား ! တွေဝေနေသူဟာ တွေဝေမှု(မောဟ)က လွှမ်းမိုးထားတဲ့အတွက်, သူ့စိတ်က တွေဝေမှု(မောဟ)ရဲ့နောက်ကို လိုက်ပါနေရတဲ့အတွက် မိမိဆင်းရဲအောင်လဲ ကြံစည်တတ်တယ်၊ သူတစ်ပါးဆင်းရဲအောင်လဲ ကြံစည်တတ်တယ်၊ မိမိ,သူတစ်ပါး နှစ်ဦးသား ဆင်းရဲအောင်လဲ ကြံစည်တတ်တယ်၊ စိတ်ဆင်းရဲမှု, နှလုံးမသာယာမှုကိုလဲ ခံစားရတတ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



တွေဝေမှု(မောဟ)ကို ပယ်လိုက်လို့ရှိရင် မိမိဆင်းရဲအောင်လဲ မကြံစည်တော့ဘူး၊ သူတစ်ပါးဆင်းရဲအောင်လဲ မကြံစည်တော့ဘူး၊ မိမိ၊သူတစ်ပါး နှစ်ဦးသား ဆင်းရဲအောင်လဲ မကြံစည်တော့ဘူး၊ စိတ်ဆင်းရဲမှု၊ နှလုံးမသာယာမှုကိုလဲ မခံစားရတော့ဘူး။

ပုဏ္ဏား ! ဒီလောကနဲ့ပဲ တရားတော်ဟာ ကိုယ်တွေ့မျက်မြင် ဖြစ်တော့တယ်၊ အချိန်မဆိုင်းဘဲ လက်ငင်း အကျိုးပေးတော့တယ်၊ လာကြစမ်းပါ၊ ကြည့်ကြစမ်းပါလို့ ခေါ်ယူပြထိုက်ပါတော့တယ်၊ ကိုယ့်စိတ်ထဲမှာ ဆောင်ထားသင့်ပါတော့တယ်၊ ပညာရှင်တွေက ကိုယ်စီကိုယ်င သိသင့်ပါတော့တယ်။

အရှင်ဂေါတမ ! အလွန်နှစ်သက်ဖွယ် ရှိလှပါပေတယ်၊ အရှင်ဂေါတမ ! အလွန်နှစ်သက်ဖွယ် ရှိလှပါပေတယ်၊ မှောက်ထားတဲ့အရာဝတ္ထုကို လှန်ပြလိုက်သလို၊ ဖုံးထားတဲ့အရာဝတ္ထုကို ဖွင့်လှစ်ပြလိုက်သလို၊ မျက်စိလည် လမ်းမှားနေတဲ့သူ တစ်ဦးအား လမ်းမှန်ကို ပြောပြလိုက်သလို၊ အမိုက်မှောင်ထဲမှာ မီးရှူးကို ထွန်းညှိဆောင်ပြလိုက်သလို အရှင်ဂေါတမက အကြောင်းအမျိုးမျိုးနဲ့ တရားတော်ကို ဟောပြတော်မူပါပေတယ်။

အကျွန်ုပ်က အရှင်ဂေါတမကို ကိုးကွယ်ပါတယ်၊ ဆည်းကပ်ပါတယ်၊ တရားတော်ကို ကိုးကွယ်ပါတယ်၊ ဆည်းကပ်ပါတယ်၊ သံဃာတော်ကို ကိုးကွယ်ပါတယ်၊ ဆည်းကပ်ပါတယ်၊ အရှင်ဂေါတမက အကျွန်ုပ်ကို ယနေ့ကစပြီး အသက်ထက်ဆုံး ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်တဲ့ ဥပါသကာတစ်ယောက်လို့ အသိအမှတ် ပြုတော်မူပါ။

*ရာဂရှိရင်–ဆင်းရဲများလို့ , ရာဂကင်းသွား–ချမ်းသာပေ၊
ဒေါသရှိရင်–ဆင်းရဲများလို့ , ဒေါသကင်းသွား–ချမ်းသာပေ။
မောဟရှိရင်–ဆင်းရဲများလို့ , မောဟကင်းသွား–ချမ်းသာပေ၊
ကိုယ်တွေ့မျက်–မြင်တ်ဓမ္မကို , သန္ဒိဋ္ဌိက–ခေါ်ရပေ။

ကံအကြောင်းနှင့်စပ်လို့ ပြောလာတဲ့အတွက် ကမ္မပထပေယျာလနှင့် ကိုယ်၊နှုတ်၊ စိတ်ကို စောင့်စည်းခြင်းရဲ့ အကျိုးကိုပြတဲ့ အရိက္ခိကသုတ်၊ ဒွေဗြာဟ္မဏသုတ်၊ ပုဗ္ဗဏှသုတ်တို့ကို အစဉ်အတိုင်း ပြောပြပြီး နိဂုံးအုပ်ရပါတော့မယ်။

## *ကမ္မပထပေယျာလ

ကိုယ်တိုင်လဲ သူ့အသက်မသတ်၊ သူတစ်ပါးကိုလဲ သူ့အသက်သတ်ခြင်းမှာ ဆောက်တည်စေမယ်၊ (သူ့ကိုလဲအသတ်ခိုင်းမယ်၊) သူ့အသက်သတ်ခြင်းမှာ အလိုတူမယ်၊ ဒီတရား ၃–ပါးနှင့် ပြည့်စုံတဲ့သူက ငရဲကို ရောက်ရပါတယ်။

* အံ–၁၊ ၃၀၂။ ဋ–၂၊ ၂၄၇။ ဋီ–၂၊ ၂၂၀။

www.burmeseclassic.com

www.burmeseclassic.com



မိမိလဲ သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်မယ်၊ သူတစ်ပါးကိုလဲ သူ့အသက် သတ်ခြင်းမှ ရှောင်ကြဉ်ခြင်းမှာ ဆောက်တည်စေမယ်၊ သူ့အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ခြင်းမှာလဲ သဘောတူမယ်၊ ဒီတရား ၃–ပါးနှင့် ပြည့်စုံတဲ့သူက နတ်ပြည်ကို ရောက်ရပါတယ်။

ကိုယ်တိုင်လဲ သူ့ဥစ္စာကို ခိုးယူမယ်၊ သူ့ကိုလဲ ခိုးယူခိုင်းမယ်၊ သူ့ဥစ္စာကို ခိုးယူခြင်းမှာ အလိုတူမယ်၊ ဒီတရား ၃–ပါးနှင့် ပြည့်စုံတဲ့သူဟာ ငရဲကို ရောက်မယ်။

ကိုယ်တိုင်လဲ သူ့ဥစ္စာကို ခိုးယူခြင်းက ရှောင်ကြဉ်မယ်၊ သူ့ကိုလဲ ခိုးယူခြင်းက ရှောင်ကြဉ်ခိုင်းမယ်၊ ခိုးယူခြင်းက ရှောင်ကြဉ်တာမှာလဲ သဘောတူမယ်၊ ဒီတရား ၃–ပါးနှင့် ပြည့်စုံတဲ့သူက နတ်ပြည်ကို ရောက်ရပါတယ်။

ကိုယ်တိုင်လဲ ကာမဂုဏ် မေထုန်မှုမှာ မှားမှားယွင်းယွင်းကျင့်မယ်၊ သူ့ကိုလဲ အကျင့်ခိုင်းမယ်၊ သူများကျင့်တာကိုလဲ အလိုတူမယ်၊ ဒီတရား ၃–ပါးနှင့် ပြည့်စုံတဲ့ သူက ငရဲကို ရောက်ရပါတယ်။

ကိုယ်တိုင်လဲ ကာမဂုဏ် မေထုန်မှုမှာ မှားမှားယွင်းယွင်း ပြုကျင့်ခြင်းက ရှောင်ကြဉ်မယ်၊ သူ့ကိုလဲ ရှောင်ကြဉ်ခိုင်းမယ်၊ သူများရှောင်ကြဉ်တာကိုလဲ သဘောတူမယ်၊ ဒီတရား ၃–ပါးနှင့် ပြည့်စုံတဲ့သူက နတ်ပြည်ကို ရောက်ရပါတယ်။

ကိုယ်တိုင်လဲ မဟုတ်မမှန် ပြောမယ်၊ သူ့ကိုလဲ အပြောခိုင်းမယ်၊ သူများပြောတာ ကိုလဲ အလိုတူမယ်၊ ဒီတရား ၃–ပါးနှင့် ပြည့်စုံတဲ့သူဟာ ငရဲကို ရောက်ရပါတယ်။

ကိုယ်တိုင်လဲ မဟုတ်မမှန် ပြောဆိုခြင်းက ရှောင်ကြဉ်မယ်၊ သူ့ကိုလဲ ရှောင်ကြဉ် ခိုင်းမယ်၊ သူများရှောင်ကြဉ်တာကိုလဲ သဘောတူမယ်၊ ဒီတရား ၃–ပါးနှင့် ပြည့်စုံ သူဟာ နတ်ပြည်ကို ရောက်ရပါတယ်။

ကိုယ်တိုင်လဲ ကုန်းတိုက်မယ်၊ သူ့ကိုလဲ ကုန်းတိုက်ခိုင်းမယ်၊ သူများကုန်းတိုက် တာကိုလဲ အလိုတူမယ်၊ ဒီတရား ၃–ပါးနှင့် ပြည့်စုံတဲ့သူဟာ ငရဲကို ရောက်ရပါတယ်။

ကိုယ်တိုင်လဲ ကုန်းတိုက်ခြင်းက ရှောင်ကြဉ်မယ်၊ သူ့ကိုလဲ အရှောင်ကြဉ် ခိုင်းမယ်၊ သူများရှောင်ကြဉ်တာကိုလဲ သဘောတူမယ်၊ ဒီတရား ၃–ပါးနှင့် ပြည့်စုံတဲ့ သူဟာ နတ်ပြည်ကို ရောက်ရပါတယ်။

ကိုယ်တိုင်လဲ ကြမ်းတမ်းတဲ့စကားကို ပြောဆိုမယ်၊ သူ့ကိုလဲ အပြောခိုင်းမယ်၊ သူများ ပြောဆိုတာကိုလဲ သဘောတူမယ်၊ ဒီတရား ၃–ပါးနှင့် ပြည့်စုံတဲ့သူဟာ ငရဲကို ရောက်ရပါတယ်။

ကိုယ်တိုင်လဲ ကြမ်းတမ်းတဲ့စကားကို ပြောဆိုခြင်းက ရှောင်ကြဉ်မယ်၊ သူ့ကိုလဲ ရှောင်ကြဉ်ခိုင်းမယ်၊ သူများရှောင်ကြဉ်တာကိုလဲ သဘောတူမယ်၊ ဒီတရား ၃–ပါးနှင့် ပြည့်စုံတဲ့သူဟာ နတ်ပြည်ကို ရောက်ရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တိုင်လဲ ပြိန်ဖျင်းတဲ့စကားကို ပြောမယ်၊ သူ့ကိုလဲ အပြောခိုင်းမယ်၊ သူများ ပြောတာကိုလဲ သဘောတူမယ်၊ ဒီတရား ၃-ပါးနှင့် ပြည့်စုံတဲ့သူဟာ ငရဲကို ရောက်ရ ပါတယ်။

ကိုယ်တိုင်လဲ ပြိန်ဖျင်းတဲ့စကားကို ပြောဆိုခြင်းက ရှောင်ကြဉ်မယ်၊ သူ့ကိုလဲ ရှောင်ကြဉ်ခိုင်းမယ်၊ သူများရှောင်တာကိုလဲ သဘောတူမယ်၊ ဒီတရား ၃-ပါးနှင့် ပြည့်စုံတဲ့သူဟာ နတ်ပြည်ကို ရောက်ရပါတယ်။

ကိုယ်တိုင်လဲ သူ့စည်းစိမ်ကို မက်မောနေမယ်၊ သူ့ကိုလဲ မက်မောစေမယ်၊ သူများမက်မောနေတာကိုလဲ သဘောတူမယ်၊ ဒီတရား ၃-ပါးနှင့် ပြည့်စုံသူဟာ ငရဲကို ရောက်ရပါတယ်။

ကိုယ်တိုင်လဲ သူ့စည်းစိမ်ကို မက်မောခြင်းက ရှောင်ကြဉ်မယ်၊ သူ့ကိုလဲ ရှောင်ကြဉ်ခိုင်းမယ်၊ သူများရှောင်ကြဉ်တာကိုလဲ သဘောတူမယ်၊ ဒီတရား ၃-ပါးနှင့် ပြည့်စုံတဲ့သူဟာ နတ်ပြည်ကို ရောက်ရပါတယ်။

ကိုယ်တိုင်လဲ သူတစ်ပါးကို ဖျက်ဆီးလိုစိတ် ရှိနေမယ်၊ သူတစ်ပါးကိုလဲ ရှိနေစေမယ်၊ သူတစ်ပါး ရှိနေတာကိုလဲ သဘောတူမယ်၊ ဒီတရား ၃-ပါးနှင့် ပြည့်စုံတဲ့သူဟာ ငရဲကို ရောက်ရပါတယ်။

ကိုယ်တိုင်လဲ သူတစ်ပါးကိုဖျက်ဆီးလိုစိတ်ကို ပယ်မယ်၊ သူများကိုလဲ အပယ်ခိုင်းမယ်၊ သူများပယ်တာကိုလဲ သဘောတူမယ်၊ ဒီတရား ၃-ပါးနှင့် ပြည့်စုံသူဟာ နတ်ပြည်ကို ရောက်ရပါတယ်။

ကိုယ်တိုင်လဲ မှားတဲ့အယူကို ယူမယ်၊ သူ့ကိုလဲ အယူခိုင်းမယ်၊ သူများယူနေတာကိုလဲ သဘောတူမယ်၊ ဒီတရား ၃-ပါးနှင့် ပြည့်စုံတဲ့သူဟာ ငရဲကို ရောက်ရပါတယ်။

ကိုယ်တိုင်လဲ မှန်တဲ့အယူကို ယူမယ်၊ သူ့ကိုလဲ အယူခိုင်းမယ်၊ သူများယူနေတာကိုလဲ သဘောတူမယ်၊ ဒီတရား ၃-ပါးနှင့် ပြည့်စုံတဲ့သူဟာ နတ်ပြည်ကို ရောက်ရပါတယ်။

## *အရက္ခိတသုတ်

မိမိထံမှောက်ကို ချဉ်းကပ်ရောက်လာတဲ့ အနာထပိဏ်သူဌေးအား ဘုရားရှင်က မိန့်ကြားတော်မူပါတယ်။

ဒါယကာ ! ခေါင်အုပ်ရှိနေတဲ့ အိမ်ကို ကောင်းကောင်းမမိုးရင် ခေါင်အုပ်ကိုလဲ စောင့်ရှောက်ရာ မရောက်၊ အခြင်တွေကိုလဲ စောင့်ရှောက်ရာ မရောက်၊ နံရံကိုလဲ

* အံ-၁၊ ၂၆၄။ ဋ-၂၊ ၂၃၀။

www.burmeseclassic.com

www.burmeseclassic.com



စောင့်ရှောက်ရာ မရောက်၊ ခေါင်အုပ်ကို မိုးစိုတယ်၊ အခြင်တွေကိုလဲ မိုးစိုတယ်၊ နံရံကိုလဲ မိုးစိုတယ်၊ ဒါနဲ့ ခေါင်လဲ ဆွေးမြေ့လာတယ်၊ အခြင်တွေလဲ ဆွေးမြေ့လာတယ်၊ နံရံတွေလဲ ဆွေးမြေ့လာတယ်။

ဒါယကာ ! ဒီအတိုင်းပါပဲ၊ စိတ်ကို မစောင့်ရှောက်လို့ရှိရင် ကာယကံကိုလဲ စောင့်ရှောက်ရာ မရောက်၊ ဝစီကံကိုလဲ စောင့်ရှောက်ရာ မရောက်၊ မနောကံကိုလဲ စောင့်ရှောက်ရာ မရောက်၊ ကာယကံကို မစောင့်ရှောက်ရင် ကာယကံလဲ (ကိလေသာတွေနဲ့) စိုစွတ်လာတော့တယ်၊ ဝစီကံကို မစောင့်ရှောက်ရင် ဝစီကံလဲ စိုစွတ်လာတော့တယ်၊ မနောကံကို မစောင့်ရှောက်ရင် မနောကံလဲ စိုစွတ်လာတော့တယ်၊ ကာယကံစိုစွတ်ရင် ကာယကံ ဆွေးလာတယ်၊ ဝစီကံ စိုစွတ်ရင် ဝစီကံ ဆွေးလာတယ်၊ မနောကံ စိုစွတ်ရင် မနောကံ ဆွေးလာတယ်၊ ဆွေးမြေ့တဲ့ (ပျက်စီးတဲ့) ကာယကံ, ဝစီကံ, မနောကံ ရှိနေရင် (အပါယ်ပဋိသန္ဓေ တည်နေရခြင်းအကြောင်းဖြစ်နေတဲ့အတွက်) အသေမကောင်းနိုင်၊ ဘဝကူးမကောင်းနိုင်။

ဒါယကာ ! ခေါင်အုပ်ရှိတဲ့ အိမ်ကို ကောင်းကောင်းမိုးထားရင် ခေါင်အုပ်ကိုလဲ စောင့်ရှောက်ရာ ရောက်တယ်၊ အခြင်တွေကိုလဲ စောင့်ရှောက်ရာ ရောက်တယ်၊ နံရံကိုလဲ စောင့်ရှောက်ရာ ရောက်တယ်၊ ခေါင်အုပ်ကိုလဲ မိုးမစိုတော့ဘူး၊ အခြင်တွေကိုလဲ မိုးမစိုတော့ဘူး၊ နံရံကိုလဲ မိုးမစိုတော့ဘူး၊ ခေါင်အုပ်လဲ မဆွေးမြေ့၊ အခြင်တွေလဲ မဆွေးမြေ့၊ နံရံလဲ မဆွေးမြေ့တော့ဘူး။

ဒါယကာ ! ဒီသဘောအတိုင်းပါပဲ စိတ်ကို စောင့်ရှောက်လိုက်ရင် ကာယကံကိုလဲ စောင့်ရှောက်ရာ ရောက်တယ်၊ ဝစီကံကိုလဲ စောင့်ရှောက်ရာ ရောက်တယ်၊ မနောကံကိုလဲ စောင့်ရှောက်ရာ ရောက်တယ်၊ ကာယကံကို စောင့်ရှောက်ရင် ကာယကံလဲ (ကိလေသာနဲ့) မစိုစွတ်တော့ဘူး၊ ဝစီကံကို စောင့်ရှောက်ရင် ဝစီကံလဲ မစိုစွတ်တော့ဘူး၊ မနောကံကို စောင့်ရှောက်ရင် မနောကံလဲ မစိုစွတ်တော့ဘူး၊ ကာယကံ မစိုစွတ်ရင် ကာယကံလဲ မဆွေးမြေ့(မပျက်စီး)တော့ဘူး၊ ဝစီကံ မစိုစွတ်ရင် ဝစီကံလဲ မဆွေးမြေ့တော့ဘူး၊ မနောကံ မစိုစွတ်ရင် မနောကံလဲ မဆွေးမြေ့တော့ဘူး၊ ကာယကံ, ဝစီကံ, မနောကံ မဆွေးမြေ့ရင် (နတ်ပြည်ပဋိသန္ဓေရဲ့အကြောင်းဖြစ်နေတဲ့အတွက်) အသေကောင်းနိုင်တယ်၊ ဘဝကူးကောင်းနိုင်တယ်။

[ဒီစကားဟာ သောတာပန်–စတဲ့ အရိယာ ၃–ယောက်အတွက်သာ ပိုလွန်သင့်မြတ်စရာ ရှိပါတယ်။]

*စိတ်တစ်ခုကို–မစောင့်စည်းရင် , ကံသုံးပါးလည်း–ပျက်စီးလာ၊
ကံပျက်စီးရင်–အပါယ်ကျလို့ , အသေမလှ–ပျက်စီးမှာ။
စိတ်တစ်ခုကို–စောင့်ရှောက်ထားက , ကံသုံးပါးတို့–ကောင်းမွန်လာ၊
ကံကောင်းမွန်ရင်–နတ်ဖြစ်ရလို့ , အသေလည်းလှ–လွန်ချမ်းသာ။

www.burmeseclassic.com

www.burmeseclassic.com



## *ဒုတိယဒွေဗြာဟ္မဏသုတ်

တစ်ချိန်မှာ ပုဏ္ဏားအို ၂-ယောက်တို့က မြတ်စွာဘုရားရဲ့အထံကို ချဉ်းကပ်ရောက်လာကြပါတယ်၊ ဘုရားရှင်နှင့် ဝမ်းမြောက်ဝမ်းသာ ပြောဆိုကြပြီး သင့်တော်ရာက ထိုင်လျက် ဘုရားရှင်ကို လျှောက်ထားကြပါတယ်။

"အရှင်ဂေါတမ ! အကျွန်ုပ်တို့ဟာ အသက် ၁၂၀-ရှိနေကြပါတယ်၊ အိုမင်းကြီးမြင့် အရွယ်ရင့်လာကြပါတယ်၊ နောက်ဆုံးအရွယ်သို့ ရောက်နေကြပါတယ်၊ အကျွန်ုပ်တို့က ဒုဂ္ဂတိဘေးမှ အကာအကွယ်ပေးနိုင်တဲ့ ကုသိုလ်ကောင်းမှုကိုတော့ မပြုမလုပ်ကြရသေးပါ၊ အရှင်ဂေါတမက အကျွန်ုပ်တို့အတွက် ကြာရှည်လေးမြင့် စီးပွားချမ်းသာ ဖြစ်စေနိုင်လောက်တဲ့ ဆုံးမသြဝါဒကို မိန့်ကြားတော်မူပါ"။

"ပုဏ္ဏား ! သင်တို့ဟာ တကယ်ပဲ အသက် ၁၂၀-ရှိနေကြပါတယ်၊ အိုမင်းကြီးမြင့် အရွယ်ရင့်လာကြပါတယ်၊ နောက်ဆုံးအရွယ်သို့ ရောက်နေကြပါတယ်၊ ဒုဂ္ဂတိဘေးက အကာအကွယ်ပေးနိုင်တဲ့ ကုသိုလ်ကောင်းမှုကိုတော့ မပြုကြသေးဘူး။

ပုဏ္ဏားတို့ ! ဒီသတ္တဝါအပေါင်းကို အိုခြင်း(ဇရာ)ဆိုတဲ့မီး, နာခြင်း(ဗျာဓိ)ဆိုတဲ့မီး, သေခြင်း(မရဏ)ဆိုတဲ့မီး- ဒီလို မီး ၃-မျိုးရဲ့ လောင်မြိုက်ခံနေရတာကို အမှတ်တရ ဆင်ခြင်ပြီးတော့ ကိုယ်စောင့်စည်းမှု, နှုတ်စောင့်စည်းမှု, စိတ်စောင့်စည်းမှုကို ပြုလုပ်ကြပါ၊ ဒီဘဝမှာ လုပ်ထားတဲ့ အဲဒီစောင့်စည်းမှု ၃-ခုက တမလွန်ဘဝကို ပြောင်းသွားသူအတွက် ခိုကိုးရာ, ပုန်းအောင်းရာ, မှီခိုရာ, အားထားရာ, လည်းလျောင်းရာ ဖြစ်ပေတယ်။

အိမ်ကို မီးလောင်လို့ရှိရင် ထုတ်ယူထားတဲ့ ဘဏ္ဍာနှင့် မီးမလောင်ဘဲ ကျန်နေတဲ့ပစ္စည်းက အိမ်ရှင်အတွက် အကျိုးသက်ရောက်မှု ရှိတယ်။ (အိမ်ရှင်များက အဲဒါတွေကိုပဲ သုံးစွဲနေကြရတော့တယ်။)

အလားတူပဲ သတ္တဝါများလဲ အိုခြင်း, နာခြင်း, သေခြင်းမီး လောင်မြိုက်မှုကို ခံနေကြရတယ်၊ အလှူဒါနပေးလှူခြင်းနှင့် ကုသိုလ်ကောင်းမှုကို ထုတ်ယူထားကြရမယ်၊ ပေးလှူထားတဲ့ အလှူ(ဒါနစေတနာ)ဟာ ထုတ်ယူထားပြီး ဖြစ်တော့တယ်။

---

* အံ-၁၊ ၁၅၅။ ဠ-၂၊ ၁၄၁။ ဋီ-၂၊ ၁၂၇။

www.burmeseclassic.com

www.burmeseclassic.com



(မီးမလောင်ဘဲ ကျန်နေတဲ့ ပစ္စည်းနှင့်တူတဲ့) ဒီဘဝမှာ ကိုယ်စောင့်စည်းမှု, နှုတ်စောင့်စည်းမှု, စိတ်စောင့်စည်းမှုနှင့် အသက်ရှိတုန်း လုပ်ထားသမျှကုသိုလ်ကောင်းမှုများဟာ တမလွန်ဘဝကို ပြောင်းသွားသူအတွက် ချမ်းသာသုခရရန် ဖြစ်ပေတယ်။

*အိမ်မီးလောင်လျှင်–ကြိုတင်တားလို့ , ထုတ်ယူထားတဲ့–ဘဏ္ဍာတွေ၊
မီးထင်းမလောင်–ရှောင်ကွင်းသွားတဲ့ , ကျန်ပစ္စည်းများ–သုံးစွဲနေ။
ထို့တူသင့်မှာ–ဇာတိမီးနှင့် , အိုနာသေမီး–လောင်စွဲနေ၊
ပေးစွန့်ကြည်ဖြူ–လှူဒါန်းမှုဖြင့် , ကုသိုလ်အရ–ထုတ်သင့်ပေ။
ဒီဘဝမှာ–ကိုယ်နှုတ်စောင့်လို့ , စိတ်ကို စောင့်တဲ့–ကုသိုလ်တွေ၊
နောင်တမလွန်–ပြောင်းကာသွားရင် , ချမ်းသာစီးပွား–ပွားတိုးစေ။

## *ပုဗ္ဗဏှသုတ်

ရဟန်းတို့ ! နံနက်ခင်း၌ ကာယသုစရိုက်, ဝစီသုစရိုက်, မနောသုစရိုက်ကို ပြုကျင့်သူတို့အတွက် ကောင်းသောနံနက်ခင်း ဖြစ်ပါတယ်။

နေ့လယ်ချိန်မှာ ကာယသုစရိုက်, ဝစီသုစရိုက်, မနောသုစရိုက်ကို ပြုကျင့်သူတို့အတွက် ကောင်းသောနေ့လယ်ချိန် ဖြစ်ပါတယ်။

ညနေချမ်းမှာ ကာယသုစရိုက်, ဝစီသုစရိုက်, မနောသုစရိုက်ကို ပြုကျင့်သူတို့အတွက် ကောင်းသောညနေချမ်း ဖြစ်ပါတယ်။

(သုစရိုက် ၃–ပါး ပြည့်စုံသောနေ့မှာ) နက္ခတ်ကောင်းနှင့် ယှဉ်သည်မည်ပါတယ်၊ (အဲဒီ နေ့ကပဲ) ကောင်းသောမင်္ဂလာ ရှိတဲ့နေ့ မည်ပါတယ်၊ ကောင်းသောခဏ မည်ပါတယ်၊ ကောင်းသောမုဟုတ်မည်ပါတယ်၊ (သုစရိုက် ၃–ပါး ပြည့်စုံတဲ့နေ့မှာ) မြတ်တဲ့အကျင့်ကို ကျင့်သူတို့၌ ပေးလှူတဲ့အလှူဟာ ကောင်းစွာပူဇော်အပ်တဲ့ အလှူ မည်ပါတယ်။

(သုစရိုက်နှင့် ပြည့်စုံတဲ့နေ့မှာ) ကိုယ်နဲ့လုပ်သမျှ အလုပ်ဟာ တိုးပွားသော ကာယကံ မည်ပါတယ်၊ နှုတ်နဲ့ပြောသမျှ အလုပ်ဟာ တိုးပွားသော ဝစီကံမည်ပါတယ်၊ စိတ်ကူးကြံစည်သမျှ အလုပ်ဟာ တိုးပွားသော မနောကံ မည်ပါတယ်၊ တိုးပွားသောကံတို့ကို လုပ်ရင် တိုးပွားသောအကျိုးကို ရပါတယ်။

---

* အံ–၁၊ ၂၉၈။ ဋ–၂၊ ၂၄၄။

www.burmeseclassic.com

www.burmeseclassic.com



တိုးပွားသောအကျိုးကို ရသူတွေ ဆွေမျိုးအကုန်လုံးတို့နှင့်တကွ ဗုဒ္ဓမြတ်စွာ သာသနာတော်မှာ ချမ်းသာကြပါစေ, တိုးတက်ကြပါစေ, ရောဂါကင်းရှင်း ချမ်းသာခြင်းသို့ ရောက်ကြပါစေ။

*နံနက် နေ့လယ်–ညနေများဟု , အချိန်ပိုင်းခြား–သုံးပါးတွင်၊
သုစရိုက်သာ–ပြုကျင့်ထားရင် , အချိန်သုံးပါး–ကောင်းသည်ပင်။
ကောင်းမြတ်မင်္ဂလာ–ကိုယ်မှာကပ်လို့ , ကောင်းမြတ်နက္ခတ်–မြဲတွဲယှဉ်၊
အချိန်တိုင်းဟာ–ကောင်းချည်းဖြစ်လို့ , ကောင်းကျိုးဆီနှစ်–ကပ်ခိုဝင်။

"ဒီနေ့တရားကိုတော့ ဒီမှာပဲ ပြီးဆုံးစေကြစို့ရဲ့၊ ကံအကြောင်းနဲ့စပ်လို့ ဝါဆိုလပြည့်နေ့က စပြီး လပြည့်,လကွယ်နေ့တိုင်းမှာ ပြောလာခဲ့တာ ဒီနေ့ သီတင်းကျွတ်လပြည့်နေ့မှာ ပြီးသွားပါပြီ။

ဒီနေ့ နောက်ဆုံးနေ့မှာတော့ သတိထားပြီး လိုက်နာပြုကျင့်စရာ သုတ်ကလေးတွေ အတော်များများ ပြောလာခဲ့ပါတယ်၊ မည်သို့ဖြစ်စေကာမူ ဗုဒ္ဓဘာသာဝင်တို့ရဲ့ ရည်မှန်းချက်မှာ ယခုဘဝကောင်းရန်နှင့် နောင်မဂ်,ဖိုလ်, နိဗ္ဗာန် ရရှိရန်ပဲ ဖြစ်လိမ့်မယ်ထင်ပါတယ်၊ သို့ဖြစ်ရိုးမှန်ပါရင် မိမိတို့ရဲ့စိတ်ကို ကောင်းစွာ စောင့်ထိန်းကြပါ၊ စိတ်ကို စောင့်ထိန်းလိုက်တာနှင့် တစ်ပြိုင်နက် မိမိတို့ရဲ့ ကိုယ်အမှု(ကာယကံ)လဲ စင်ကြယ်လာပါလိမ့်မယ်၊ နှုတ်အမှု(ဝစီကံ)လဲ စင်ကြယ်လာပါလိမ့်မယ်၊ စိတ်အမှု(မနောကံ)လဲ စင်ကြယ်လာပါလိမ့်မယ်၊ အဲဒီလို မိမိတို့ရဲ့ ကိုယ်မှု, နှုတ်မှု, စိတ်မှု(ဆိုတဲ့ ကံ ၃–ပါး) စင်ကြယ်လာပါက ယခုဘဝကူးကောင်းရန်နှင့် နောင်မဂ်,ဖိုလ်,နိဗ္ဗာန်ရရန် အားကြီးတဲ့ အကြောင်း အထောက်အပံ့ ဖြစ်လာပါလိမ့်မယ်။

ဒါ့ကြောင့် အခုဒီအချိန်ကစပြီး မိမိတို့ရဲ့စိတ်ကို အစွမ်းကုန်စောင့်ထိန်းရင်း ကံ ၃–ပါးကို စင်ကြယ်အောင်လုပ်လို့ အသီးအသီး နတ်ရွာ, မဂ်, ဖိုလ်, နိဗ္ဗာန်ကို အရယူနိုင်သူတွေ ဖြစ်ကြပါစေ"။

www.burmeseclassic.com

www.burmeseclassic.com



## *တရားကျင့်ပုံ ၄–မျိုး

သီတင်းကျွတ်လဆန်း ၁၅–ရက်နေ့ ညနေပိုင်းမှာ–

ဦးရာကျော်နှင့်ဒေါ်သဲနုတို့က ဓမ္မိကာရုံကျောင်းတိုက် ဗုဒ္ဓသိမ်၌ ပဝါရဏာပြုတော်မူကြသော သံဃာတော်များအား မျက်နှာသုတ်ပုဝါ, ဆပ်ပြာ–စသော လှူဖွယ်ဝတ္ထုများကိုလည်း ပေးလှူကြသည်၊ အဖျော်ရည်လည်း ဆက်ကပ်လှူဒါန်းကြသည်။

သက်ကြီးရွယ်အို အဖိုးအဖွားများကိုမူ သင့်တော်သော ဝတ်စုံများဖြင့် ကန်တော့ကြသည်၊ ဥပုသ်သည်များနှင့် တရားနာပရိသတ်တို့ကိုလည်း အဖျော်ရည်တိုက်ကြပါသည်၊ ည ၈–နာရီမှာ တရားဟောရန်လည်း ဆရာတော်ဦးဓမ္မိကကို ကြိုတင်လျှောက်ထားပြီး ဖြစ်ပါသည်။

တရားနာပရိသတ်က ၈–နာရီမထိုးမီကပင် ဓမ္မာရုံပေါ်၌ အဆင်သင့် နေရာယူပြီး ဖြစ်နေပါသည်၊ ဆရာတော်ဦးဓမ္မိကကလည်း ၈–နာရီထိုးသည်နှင့်တစ်ပြိုင်နက် တရားဟောပလ္လင်ပေါ်ကို ကြွရောက်လာပါသည်၊ ပရိသတ်က ညီညီညာညာ စပ်ချပြီးတဲ့နောက် တရားစကား စတင်ဟောကြားတော်မူပါသည်။

ဒီနေ့ညတရားကိုတော့ ဝါတွင်းလပြည့်, လကွယ်နေ့တိုင်း ဟောပြောလာတဲ့ကံအကြောင်းနှင့် ဆက်စပ်မိအောင် စူဠဓမ္မသမာဒါနသုတ်*ကို အခြေခံထားပြီး ဟောပြောမယ်လို့ စီစဉ်ထားပါတယ်၊ ဓမ္မသမာဒါနဆိုတာက တရားကို ဆောက်တည်ခြင်း, တရားကျင့်ခြင်းလို့ အဓိပ္ပာယ်ရပါတယ်။

၁။ ယခုဘဝမှာသာချမ်းသာပြီး နောင်ဘဝမှာဆင်းရဲတဲ့ အကျိုးကို ခံစားရတဲ့ တရားကျင့်ခြင်း၊

၂။ ယခုဘဝမှာလဲဆင်းရဲ နောင်ဘဝမှာလဲ ဆင်းရဲတဲ့အကျိုးကို ခံစားရတဲ့ တရားကျင့်ခြင်း၊

၃။ ယခုဘဝမှာသာဆင်းရဲပြီး နောင်ဘဝမှာ ချမ်းသာတဲ့အကျိုးကို ခံစားရတဲ့ တရားကျင့်ခြင်း၊

၄။ ယခုဘဝမှာလဲချမ်းသာ နောင်ဘဝမှာလဲ ချမ်းသာတဲ့အကျိုးကို ခံစားရတဲ့ တရားကျင့်ခြင်း။

ဒီလို လောကမှာ တရားကျင့်ခြင်း ၄–မျိုးရှိနေပါတယ်၊ ဒီ ၄–မျိုးကိုပဲ တစ်ခုပြီး တစ်ခု သိလွယ်ရုံ ပြောပြပါ့မယ်။

* မဇ်–၁၊ ၃၇၉။

www.burmeseclassic.com

www.burmeseclassic.com



၁။ အချို့သော သမဏ,ဗြာဟ္မဏအမည်ခံတဲ့ ပုဂ္ဂိုလ်တွေက ကာမဂုဏ်ခံစားတာဟာ အပြစ်မရှိဘူးလို့ အယူရှိပြီး ကာမဂုဏ်ကို သုံးဆောင်ခံစားနေကြပါတယ်၊ ဆံထုံးထုံးထားတဲ့ ယောဂီမတွေနှင့် မွေ့လျော်ပျော်ပါးနေကြပါတယ်။

အဲဒီ သမဏ,ဗြာဟ္မဏတွေက "မရောက်လာသေးတဲ့ ဘယ်လိုဘေးတွေကို တွေ့မြင်ပြီး ကာမဂုဏ်တို့ကို ပယ်ရမယ်လို့ ပြောဆိုကြပါသလဲ ?၊ ကာမတို့ကို ရှောင်ကြဉ်ရမယ်လို့ ပညတ်ကြပါသလဲ ?၊ နုပျိုတဲ့ ဒီယောဂီမတွေရဲ့ နူးညံ့တဲ့အမွေးရှိနေတဲ့ လက်မောင်းအတွေ့အထိဟာ သိပ်ချမ်းသာတာပဲ"လို့လဲ ပြောဆိုကြပါတယ်။

အဲဒီ သမဏ,ဗြာဟ္မဏတွေဟာ ဒီလို ကာမဂုဏ်တွေကို ခံစားကြတဲ့အတွက် ခန္ဓာပျက်ကျေ သေသည်မှနောက်မှာ ချမ်းသာကင်းကွာ အပါယ်ငရဲကို လားရောက်ကြရပါတယ်၊ အဲဒီငရဲမှာ ကြမ်းတမ်းဆိုးဝါးတဲ့ ဆင်းရဲဝေဒနာကို ခံစားနေကြရပါတယ်။

ဒါမျိုးကိုပဲ ယခုဘဝမှာသာချမ်းသာပြီး နောင်ဘဝမှာဆင်းရဲရတဲ့အကျိုးကို ခံစားရတဲ့ တရားကျင့်ခြင်း–လို့ ဆိုရပါတော့တယ်။

အိမ်ရာတည်ထောင် လူ့ဘောင်မှာ နေသူတွေရဲ့ ကိုယ့်လင်,ကိုယ့်မယားနှင့် ပေါင်းသင်းနေထိုင်တာမျိုးကတော့ အပါယ်ကို ရောက်စေတတ်တဲ့ ကာမဂုဏ်ခံစားမှုမျိုး မဟုတ်ပါဘူး၊ ဒီပုဂ္ဂိုလ်များကတော့ သူများတွေရဲ့အပူဇော်ခံ သမဏ,ဗြာဟ္မဏများ ဖြစ်နေကြတဲ့အပြင် ကာမဂုဏ်ခံစားတာ အပြစ်မရှိဘူးလို့ ယူထားတဲ့ မိစ္ဆာအယူကြောင့် အပါယ်ငရဲကို ရောက်ကြရပါတယ်။

၂။ မိစ္ဆာအယူရှိနေတဲ့ အချို့ပုဂ္ဂိုလ်တွေက အဝတ်မဝတ်ဘဲလဲ နေကြပါတယ်၊ တစ်အိမ်မှာသာ ဆွမ်းခံကြပါတယ်၊ တစ်လုတ်မျှသာ စားကြပါတယ်၊ ၂–အိမ်မှာသာ ဆွမ်းခံကြပါတယ်၊ ၂–လုတ်မျှသာ စားကြပါတယ်၊ ၃–အိမ်မှာသာ ဆွမ်းခံကြပါတယ်၊ ၃–လုတ်မျှသာ စားကြပါတယ် ။ပ။ ၇–အိမ်မှာသာ ဆွမ်းခံကြပါတယ်၊ ၇–လုတ်မျှသာ စားကြပါတယ်၊ တစ်ရက်ခြားလဲ စားကြပါတယ်၊ ၂–ရက်ခြားလဲ စားကြပါတယ်၊ ၃–ရက်ခြားလဲ စားကြပါတယ် ။ပ။ ၇–ရက်ခြားလဲ စားကြပါတယ်၊ လခွဲတစ်ကြိမ်လဲ စားကြပါတယ်၊ ဟင်းရွက်ကိုလဲ စားနေကြပါတယ်၊ ပြောင်းဆန်ကိုလဲ စားနေကြပါတယ်၊ သားရေဖတ်ကိုလဲ စားနေကြပါတယ်၊ ဖွဲနုကိုလဲ စားနေကြပါတယ်၊ ထမင်းရည်ကိုလဲ သောက်နေကြပါတယ်၊ နှမ်းမုန့်ညက်ကိုလဲ စားနေကြပါတယ်၊ မြက်ကိုလဲ စားနေကြပါတယ်၊ နွားချေးကိုလဲ စားနေကြပါတယ်၊ တောသစ်မြစ်, သစ်ဥကိုလဲ စားနေကြပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ထိုင်မှုကို မပြုဘဲ ရပ်လို့လဲနေကြပါတယ်၊ ဆောင့်ကြောင့်လဲ ထိုင်နေကြပါတယ်၊ ဆောင့်ကြောင့်ထိုင်ခြင်းအလုပ်ကိုလဲ အားထုတ်ကြပါတယ်၊ ဆူးအခင်းပေါ်မှာလဲ နေကြပါတယ်၊ ဆူးအခင်းပေါ်မှာလဲ အိပ်ကြပါတယ်၊ ၄–ဘက် ၄–တန်ကမီးပူ၊ အပေါ်ကနေပူကိုခံပြီး ပဉ္စာတပအကျင့်ကိုလဲ ကျင့်ကြပါတယ်၊ နံနက်တစ်ကြိမ်၊ နေ့လည်တစ်ကြိမ်၊ ညနေတစ်ကြိမ် ရေသို့ဆင်းခြင်းအမှုကိုလဲ အားထုတ်နေကြပါတယ်၊ ဒီလိုအစရှိတဲ့ ကိုယ်ကိုလွန်စွာပူပန်စေတတ်တဲ့ အကျင့်ကို အများအပြား မပြတ်မလပ် အားထုတ်နေကြပါတယ်။

အဲဒီပုဂ္ဂိုလ်တွေက ခန္ဓာပျက်ကျေ သေသည်မှနောက်မှာ ချမ်းသာကင်းကွာ မကောင်းသော လားရာဖြစ်တဲ့ အပါယ်ငရဲကို ရောက်ကြရပါတယ်၊ အဲဒီ ငရဲမှာ ကြမ်းတမ်းဆိုးဝါးတဲ့ ဆင်းရဲဝေဒနာကို ခံစားနေကြရပါတယ်။

ဒါကိုပဲ ယခုဘဝမှာလဲဆင်းရဲ၊ နောင်ဘဝမှာလဲ ဆင်းရဲတဲ့အကျိုးကို ခံစားရတဲ့ တရားကျင့်ခြင်းလို့ ဆိုရပါတယ်။

၃။ ဒီလောကမှာ အချို့ပုဂ္ဂိုလ်တွေက ပင်ကိုယ်သဘာဝအနေနဲ့ တပ်မက်မှု (ရာဂ)အားကြီးတဲ့သဘော ရှိကြပါတယ်၊ အဲဒီတပ်မက်မှုရာဂအားကြီးတဲ့ ပုဂ္ဂိုလ်တွေက မြင်မြင်သမျှ ဝိသဘာဂအာရုံကို တပ်မက်နှစ်သက်ကြပါတယ်၊ ဒါကိုအကြောင်းပြုပြီး သူ့တို့ကို ဆရာဥပဇ္ဈာယ်တို့က ဒဏ်ပေးကြပါတယ်၊ သူတို့က မပြတ်မလပ် ဒဏ်ထမ်းနေကြရတဲ့အတွက် ကိုယ်ဆင်းရဲမှု၊ စိတ်ဆင်းရဲမှုကို ခံစားနေကြရပါတယ်၊ လွန်ကျူးမှုကိုတော့ မပြုကြပါဘူး။

ပင်ကိုယ်သဘာဝအနေနဲ့ ပြစ်မှားမှု(ဒေါသ)အားကြီးတဲ့ ပုဂ္ဂိုလ်တွေက မပြော လောက်ပ အနည်းငယ်မျှနဲ့ပဲ စိတ်ဆိုးတတ်ကြပါတယ်၊ ရှင်ငယ်၊ရဟန်းငယ်တွေနဲ့ အတူ လက်နဲ့သုံးသပ်မှု–စသည်တို့ကို ပြုရင်းပဲ ပြောဆိုနေတတ်ကြပါတယ်၊ သူတို့လဲ ဒဏ်ထမ်းနေကြရတဲ့အတွက် ကိုယ်ဆင်းရဲမှု၊ စိတ်ဆင်းရဲမှုကို ခံစားနေကြရပါတယ်။

ပင်ကိုယ်သဘာဝအနေနဲ့ တွေဝေမှု(မောဟ)အားကြီးသော သဘောရှိတဲ့ ပုဂ္ဂိုလ်တွေက လုပ်ပြီးတာကိုလဲ အမှတ်မရကြ၊ မလုပ်ရသေးတာကိုလဲ အမှတ်မရကြဘဲ လုပ်စရာကိစ္စ ရှိသမျှကို ချို့ယွင်းပျက်ကွက်စေတတ်ကြပါတယ်၊ ဒါနဲ့ သူတို့လဲ ဒဏ်ထမ်းနေကြရတဲ့အတွက် ကိုယ်ဆင်းရဲမှု၊ စိတ်ဆင်းရဲမှုကို ခံစားနေကြရပါတယ်။

ဒီပုဂ္ဂိုလ်မျိုးတွေက ကိုယ်ဆင်းရဲမှု၊ စိတ်ဆင်းရဲမှုကို ကြိတ်မှိတ်သည်းခံကာ မြတ်တဲ့အကျင့်ကို ကျင့်နေကြပါတယ်၊ ဒီပုဂ္ဂိုလ်မျိုးတွေဟာ ခန္ဓာပျက်ကျေ သေသည်မှ နောက်မှာ ကောင်းသောလားရောက်ရာဖြစ်တဲ့ နတ်ပြည်ကို ရောက်ကြရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒါကိုပဲ ယခုဘဝမှာသာဆင်းရဲပြီး နောင်ဘဝမှာ ချမ်းသာသောအကျိုးကို ခံစားရတဲ့ တရားကျင့်ခြင်းလို့ ဆိုရပါတယ်။

၄။ ဒီလောကမှာ အချို့သောပုဂ္ဂိုလ်တွေက ပင်ကိုယ်သဘာဝအနေနဲ့ တပ်မက်မှု (ရာဂ)အားကြီးတဲ့သဘောမရှိပါကြ၊ ဒါ့ကြောင့် ဒီလိုပုဂ္ဂိုလ်တွေဟာ တပ်မက်မှု(ရာဂ)ကြောင့်ဖြစ်တဲ့ ကိုယ်ဆင်းရဲမှု, စိတ်ဆင်းရဲမှုကို မခံစားကြရပါ။

ပင်ကိုယ်သဘာဝအနေနဲ့ ပြစ်မှားမှု(ဒေါသ)အားကြီးသော သဘောမရှိတဲ့ ပုဂ္ဂိုလ်ကတွေလဲ ပြစ်မှားမှု(ဒေါသ)ကြောင့်ဖြစ်တဲ့ ကိုယ်ဆင်းရဲမှု, စိတ်ဆင်းရဲမှုကို မခံစားကြရပါ။

ပင်ကိုယ်သဘာဝအနေနဲ့ တွေဝေမှု(မောဟ)အားကြီးသော သဘောမရှိတဲ့ ပုဂ္ဂိုလ်တွေကလဲ တွေဝေမှု(မောဟ)ကြောင့်ဖြစ်တဲ့ ကိုယ်ဆင်းရဲမှု, စိတ်ဆင်းရဲမှုကို မခံစားကြရပါ။

အဲဒီပုဂ္ဂိုလ်တွေက ပထမဈာန်, ဒုတိယဈာန်, တတိယဈာန်, စတုတ္ထဈာန်တွေကို ရရှိအောင် အားထုတ်ထားတဲ့အတွက် ခန္ဓာပျက်ကျေ သေပြီးသည့်မှနောက်မှာ ကောင်းသောလားရောက်ရာဖြစ်တဲ့ ဗြဟ္မပြည်သို့ လားရောက်ကြရပါတယ်။

ဒါကိုပဲ အခုဘဝမှာလဲချမ်းသာ နောင်ဘဝမှာလဲ ချမ်းသာသောအကျိုးကို ခံစားရတဲ့ တရားကျင့်ခြင်းလို့ ဆိုရပါတယ်။

ဒီတရားကျင့်ပုံ ၄–မျိုးဟာ မိစ္ဆာအယူရှိသူတွေရဲ့ တရားကျင့်ပုံနှင့် သမ္မာအယူရှိသူတွေရဲ့ တရားကျင့်ပုံကို နှိုင်းယှဉ်ပြထားတာပဲ ဖြစ်ပါတယ်၊ ၁–နံပါတ်နှင့် ၂–နံပါတ် တရားကျင့်ပုံက မိစ္ဆာအယူ ရှိသူတွေရဲ့ တရားကျင့်ပုံ ဖြစ်ပါတယ်၊ ၃–နံပါတ်နှင့် ၄–နံပါတ် တရားကျင့်ပုံ ကတော့ သမ္မာအယူရှိသူတွေရဲ့ တရားကျင့်ပုံ ဖြစ်ပါတယ်၊ အယုတ်ဆုံးအနေနဲ့ ၃–နံပါတ် တရားကျင့်ပုံမျိုးဖြစ်အောင် ကြိုးစားကြရပါ့မယ်။

"အခု ဒကာကြီးတွေ, ဒကာမကြီးတွေ ဥပုသ်စောင့်နေကြတဲ့အခါ ညနေဘက် ခါတိုင်းစားချိန် ရောက်လာတော့ မဆာကြဘူးလား ?"။

"ဆာကြပါတယ်အရှင်ဘုရား"။

"ဒါကတော့ အခုအခိုက်အတန့်မှာ ဆင်းရဲတာပဲ၊ ဒီဥပုသ်စောင့်တဲ့ ကုသိုလ်ကံကြောင့် နတ်ပြည်ကိုရောက်ကြရပါလိမ့်မယ်၊ ဒီတော့ နောင်ဘဝမှာ ဆင်းရဲမှာလား, ချမ်းသာမှာလား ?"။

"ချမ်းသာမှာပါအရှင်ဘုရား"။

www.burmeseclassic.com

www.burmeseclassic.com



"ဒါ့ကြောင့် ဒီဥပုသ်စောင့်မှုကို ပြုတာဟာ အစုဆင်းရဲပြီး နောင်ချမ်းသာတဲ့ တရားကျင့်ခြင်းမျိုး ဖြစ်တယ်နော်။

ဒကာကြီးတွေ, ဒကာမကြီးတွေက ဝါတွင်း ၃-လ လပြည့်, လကွယ် နေ့တိုင်း တရားနာလာကြပါတယ်၊ တရားနာတဲ့အချိန်မှာ ၂-နာရီနီးပါး ထိုင်နေရတော့ ညောင်းညာပင်ပန်းကြမှာပဲ၊ ဒါလဲ အစုဆင်းရဲပြီး နောင်ချမ်းသာတဲ့ ကုသိုလ် ပြုလုပ်ခြင်းမျိုး ဖြစ်ပါတယ်။

ဒါ့အပြင် ဒီနေ့ ဦးရာကျော်+ဒေါ်သဲနုတို့ အလှူအတန်း ပြုလုပ်နေကြပါတယ်၊ အလှူဝတ္ထုတွေကို ရှာဖွေတဲ့အခါမှာလဲ ပင်ပန်းကြမှာပဲ၊ အခုလှူနေတဲ့ အချိန်မှာလဲ ပင်ပန်းကြမှာပဲ၊ ဒါလဲ အစုဆင်းရဲပြီး နောင်ချမ်းသာတဲ့ အကျင့်ပဲ ဖြစ်ပါတယ်၊ ၄-နံပါတ် တရားကျင့်ပုံကို မီအောင်တော့ တို့လူစုက အတော်ကြိုးစားကြရအုံးမှာဖြစ်ပါတယ်။

အချို့က ၃-နံပါတ်မှာ ပြောခဲ့တဲ့အတိုင်း တပ်မက်မှုရာဂအားကြီးသော သဘောရှိသူ, ပြစ်မှားမှုဒေါသအားကြီးသော သဘောရှိသူ, တွေဝေမှုမောဟ အားကြီးသော သဘောရှိသူဖြစ်ပြီး အချို့က ၄-နံပါတ်မှာ ပြောခဲ့တဲ့အတိုင်း တပ်မက်မှုရာဂအားကြီးသောသဘော မရှိသူ, ပြစ်မှားမှုဒေါသအားကြီးသော သဘော မရှိသူ, တွေဝေမှုမောဟအားကြီးသောသဘော မရှိသူဖြစ်ရတာဟာ ကမ္မနိယာမကြောင့် ဖြစ်ရတာပဲလို့ အဋ္ဌကထာဆရာ မိန့်ဆိုထားပါတယ်။

***နိယာမ ၅-ပါး**

ဒီတော့ ဒီနေရာမှာ နိယာမ ၅-ပါးကို ထည့်သွင်းပြောပြသွားပါအုံးမယ်၊ မြဲတဲ့ အစွမ်းသတ္တိမျိုးကို နိယာမလို့ ခေါ်ပါတယ်၊ ဗီဇနိယာမ, ဥတုနိယာမ, ကမ္မနိယာမ, ဓမ္မနိယာမ, စိတ္တနိယာမ-လို့ နိယာမ ၅-ပါး ရှိနေပါတယ်၊ အဲဒီထဲက-

**၁။ ဗီဇနိယာမ** ပဲပိစပ်ချုံ(ကုလားပဲချုံ)ရဲ့ မြောက်ဘက်သို့ အဖျားလှည့်ခြင်း, လက်ျာနွယ်(ဒက္ခိဏာဝလ္လိ)ရဲ့ သစ်ပင်ကို လက်ျာရစ်နွယ်တက်ခြင်း, နေကြာပန်းရဲ့ နေဘက်ကို ရှေ့ရှုခြင်း, မာလောနွယ်(ခွေးတောက်နွယ်)ရဲ့ သစ်ပင်သို့ ရှေ့ရှုသွားခြင်း, အုန်းသီးထိပ်မှာ အပေါက်ပါရှိခြင်း ဒီလိုပဲ မျိုးစေ့အကုန်လုံးရဲ့ မိမိအားလျော်တဲ့အကျိုး(အသီး)ကို ပေးခြင်းဟာ ဗီဇနိယာမမည်ပါတယ်၊ [မျိုးစေ့က အသီးအား မိမိနှင့်တူအောင် ကျေးဇူးပြုနိုင်ခြင်းဟာ ပကတူပနိဿယ သတ္တိဆိုတဲ့ ဗီဇနိယာမဖြစ်ပါတယ်။ ]

---

* ဘိ-ဋ္ဌ-၁၊ ၃၁၂။ [ နိယာမ-မြဲစေခြင်း, သတ်မှတ်ပြခြင်း။ ]

www.burmeseclassic.com

www.burmeseclassic.com



**၂။ ဥတုနိယာမ** အချိန်အခါအလိုက် ရှိရှိသမျှ သစ်ပင်တွေက တစ်ပြိုင်နက်အနေနဲ့ ပွင့်မှု၊ သီးမှု၊ ရွက်ညွန့်ထွက်မှုဟာ ဥတုနိယာမမည်ပါတယ်။ [ နွေ၊ မိုး၊ ဆောင်းဆိုတဲ့ ဥတုရဲ့ အပွင့်အသီး-စသည်တို့ ဖြစ်အောင် ကျေးဇူးပြုနိုင်ခြင်းဟာ ပကတူပနိဿယသတ္တိဆိုတဲ့ ဥတုနိယာမဖြစ်ပါတယ်။ ]

**၃။ ကမ္မနိယာမ** တိဟိတ်ကံက တိဟိတ်ဝိပါက်၊ ဒွိဟိတ်ဝိပါက်၊ အဟိတ်ဝိပါက် အကျိုးကို ပေးနိုင်ပါတယ်၊ ဒွိဟိတ်ကံက ဒွိဟိတ်ဝိပါက်၊ အဟိတ်ဝိပါက်အကျိုးကို ပေးနိုင်ပါတယ်၊ တိဟိတ်ဝိပါက်အကျိုးကို မပေးနိုင်ပါ၊ ဒီလို ထိုထိုကံရဲ့ မိမိအားလျော်တဲ့ အကျိုးကို ပေးခြင်းဟာလဲ ကမ္မနိယာမ မည်ပါတယ်။ [ကမ္မပစ္စယသတ္တိကိုပဲ ကမ္မနိယာမလို့ ဆိုပါတယ်။]

ဒါ့အပြင် ကံနှင့်တူတဲ့အကျိုးအနေနဲ့ ဖြစ်တတ်တဲ့ ကမ္မနိယာမလဲ ရှိပါသေးတယ်၊ အဲဒီ ကမ္မနိယာမနှင့်စပ်လို့ ဝတ္ထုကလေးတစ်ခု ပြောပြပါအုံးမယ်။

**တယောဇနဝတ္ထု** ဗုဒ္ဓမြတ်စွာလက်ထက်တော်အခါက သာဝတ္ထိမြို့တံခါးနားက ရွာကို မီးလောင်ပါတယ်၊ မီးလောင်ထားတဲ့ မြက်ကရွတ်ခွေ တစ်ခုက အပေါ်ကို လွင့်တက်လာပြီး ပျံသွားနေတဲ့ ကျီးတစ်ကောင်ရဲ့ လည်ပင်းမှာ စွပ်မိပါတယ်၊ အဲဒီကျီးက အော်မြည်ရင်းပဲ မြေပေါ်ကိုကျလာပြီး သေသွားပါတယ်။

မဟာသမုဒ္ဒရာထဲမှာလဲ လှေတစ်စင်းက မလှုပ်မယှက် တည်နေပါတယ်၊ အောက်မှာ အနှောင့်အယှက် တစ်စုံတစ်ရာကို မတွေ့ရတဲ့အတွက် လှူယုတ်မာမဲ ချကြပါတယ်၊ အဲဒီမဲက လှေသူကြီးကတော်ရဲ့လက်မှာ ကျပါတယ်၊ ဒါ့ကြောင့် တစ်ယောက်အတွက် အကုန်လုံး မပျက်စီးပါစေနဲ့ဆိုတဲ့ သဘောနဲ့ လှေသူကြီးကတော်ကို ရေထဲကို ပစ်ချကြစို့ရဲ့လို့ ပြောဆိုကြပါတယ်၊ လှေသူကြီးက "ဒီမိန်းမ ရေပေါ်မှာ မျောနေတာကို မကြည့်လိုဘူး"လို့ ပြောတဲ့အတွက် သဲအိုးကို လည်ပင်းမှာ ချည်ပြီး ပစ်ချထားခဲ့ကြပါတယ်၊ အဲဒီခဏမှာပဲ လှေက လေးကလွတ်ထွက်လာတဲ့ မြားလို တစ်ရှိန်ထိုး ထွက်သွားပါတယ်။

ရဟန်းတစ်ပါးက လိုဏ်ထဲမှာ နေပါတယ်၊ ကျောက်တောင်ထွတ်တစ်ခုက ပဲ့ကျလာပြီး တံခါးပေါက်ကို ပိတ်ဆို့ထားပါတယ်၊ အဲဒီတောင်ထွတ်က ၇-ရက် ပြည့်တဲ့နေ့မှာ အလိုအလျောက်ပဲ တံခါးပေါက်က ဖယ်ရှားသွားပါတယ်။

ဝတ္ထု ၃-ခုကို ဘုရားရှင်အား ပြိုင်တူလျှောက်ထားလာကြပါတယ်၊ ဗုဒ္ဓမြတ်စွာက အဲဒီအလုပ်ကို အခြားသူတွေက လုပ်တာမဟုတ်ဘူး၊ သူတို့က လုပ်ခဲ့တာပဲဖြစ်တယ်လို့ မိန့်ကြားတော်မူပြီး ရှေးအကြောင်းကံကို ထုတ်ဖော်မိန့်ကြားတော်မူပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကျီးက ရှေးဘဝမှာ လူဖြစ်ခဲ့ပါတယ်၊ နွားဆိုးတစ်ကောင်ကို မဆုံးမနိုင်တဲ့အတွက် လည်ပင်းမှာ ကောက်ရိုးထုံးကို ဖွဲ့ချည်ပြီး မီးရှို့ခဲ့ဖူးပါတယ်၊ နွားက အဲဒီမီးကြောင့်ပဲ သေသွားရပါတယ်၊ အဲဒီ မကောင်းမှုကံက အဲဒီကျီးအား ကောင်းကင်မှာ ပျံသွားနေပေမဲ့ လွတ်မြောက်ခွင့် မပေးခဲ့ပါ။

လှေသူကြီးကတော်က ရှေးဘဝမှာလဲ မိန်းမပဲ ဖြစ်ခဲ့ပါတယ်၊ ခွေးတစ်ကောင်က အဲဒီမိန်းမနှင့် အကျွမ်းဝင်နေတဲ့အတွက် တောကိုသွားရင်လဲ အတူလိုက်ပါလာတာပဲ၊ ပြန်လာလို့ရှိရင်လဲ အတူပြန်လိုက်လာတာပဲ၊ လူတွေက "အခုပဲ တို့ခွေးမုဆိုးကြီး ထွက်သွားပြီဟေ့"လို့ ပြောင်လှောင်ကြပါတယ်၊ ခွေးကလဲ လိုက်မြဲတိုင်းလိုက်နေတဲ့ အတွက် အပြောင်မခံချင်တာနဲ့ လည်ပင်းမှာ သဲအိုးဆွဲပြီး ခွေးကို ရေထဲသို့ ပစ်ချထားခဲ့ပါတယ်၊ အဲဒီကံက လှေသူကြီးကတော်အား သမုဒ္ဒရာအလယ်ကို ရောက်နေပေမဲ့ လွတ်ခွင့်မပေးပါ။

တောင်ထွတ်အပိတ်ခံရတဲ့ ရဟန်းကလဲ ရှေးဘဝက နွားကျောင်းသားဖြစ်ပြီး တွင်းထဲကိုဝင်သွားတဲ့ ဖွတ်ရဲ့တွင်းဝကို သစ်ခက်ကျိုးတွေနဲ့ ပိတ်ဆို့ထားပါတယ်၊ နွားကျောင်းသားက ၇-ရက်မြောက်နေ့မှာ ကိုယ်တိုင်လာပြီး ဖွင့်ပေးလိုက်ပါတယ်၊ ဖွတ်က ကတုန်ကရင် တုန်တုန်လှုပ်လှုပ် ထွက်လာခဲ့ပါတယ်၊ နွားကျောင်းသားက သနားတာနဲ့ အဲဒီဖွတ်ကို မသတ်တော့ပါ၊ အဲဒီမကောင်းမှုအကုသိုလ်ကံက အဲဒီ ရဟန်းအား တောင်ခေါင်းတွင်းကို ဝင်နေပေမဲ့ လွတ်ခွင့်မပေးခဲ့ပါ။

ဒီလို ကံနှင့်တူတဲ့အကျိုးကို ဖြစ်စေခြင်းဟာလဲပဲ ကမ္မနိယာမမည်ပါတယ်၊ သာမာဝတီအမှူးရှိတဲ့ မောင်းမတွေရဲ့ မီးလောင်ခံရခြင်း၊ ခုဇ္ဇုတ္တရာရဲ့ ခါးကုန်းရခြင်း၊ လကုဏ္ဍကဘဒ္ဒိယထေရ်ရဲ့ ပုရခြင်း-စသည်တို့လဲပဲ ကံနှင့်အလားတူတဲ့ အကျိုးတွေပဲ ဖြစ်ပါတယ်။

**၄။ ဓမ္မနိယာမ** ဘုရားလောင်းတွေရဲ့ ပဋိသန္ဓေယူရာအခါ၊ မွေးဖွားတော်မူရာ အခါ၊ ဘုရားဖြစ်တော်မူရာအခါ၊ ဓမ္မစက္ကပဝတ္တနသုတ်ကို ဟောတော်မူရာအခါ၊ အာယုသင်္ခါရလွှတ်တော်မူရာအခါ၊ ပရိနိဗ္ဗာန်စံတော်မူရာ အခါများမှာ တစ်သောင်းသောစကြဝဠာရဲ့ တုန်လှုပ်ခြင်းဟာ ဓမ္မနိယာမမည်ပါတယ်။ [သဗ္ဗညုတဉာဏ်တော်ဆိုတဲ့ အရင်းခံရှိသော ပဋိသန္ဓေဓမ္မ-စသည်တို့ရဲ့ တစ်သောင်း သော လောကဓာတ်ကို တုန်လှုပ်စေခြင်း၌ မြဲသောအစွမ်းသတ္တိ မည်ပါတယ်။]

**၅။ စိတ္တနိယာမ** အာရုံက ပသာဒကို ထိခိုက်လာလို့ရှိရင် သင်က အာဝဇ္ဇန်း ဆိုတာ ဖြစ်ပါ၊ (သင်က စက္ခုဝိညာဉ်ဆိုတာ ဖြစ်ပါ၊ သင်က သမ္ပဋိစ္ဆိုင်းဆိုတာဖြစ်ပါ၊ သင်က သန္တီရဏဆိုတာဖြစ်ပါ၊ သင်က ဝုဋ္ဌောဆိုတာဖြစ်ပါ၊)

www.burmeseclassic.com

www.burmeseclassic.com



သင်က ဓောဆိုတာဖြစ်ပါ၊ ဒီလို ကိုယ်တိုင်လုပ်သူလဲ မရှိပါ၊ သူတစ်ပါးကို လုပ်စေတတ်သူလဲ မရှိပါ၊ အမှန်ကတော့ မိမိတို့ရဲ့ ထုံးစံအနေနဲ့ပဲ အာရုံက ပသာဒကို ထိခိုက်လာတဲ့အခါကစပြီး ပဉ္စဒွါရာဝဇ္ဇန်းစိတ်က ဘဝင်ကို လည်စေပါတယ်၊ စက္ခုဝိညာဉ်က မြင်ခြင်းကိစ္စကို ပြီးစေပါတယ်၊ သမ္ပဋိစ္ဆိုင်းက လက်ခံခြင်းကိစ္စကို ပြီးစေပါတယ်၊ သန္တီရဏက စုံစမ်းခြင်းကိစ္စကို ပြီးစေပါတယ်၊ ဝုဋ္ဌော(မနောဒွါရာဝဇ္ဇန်း)က ဆုံးဖြတ်ခြင်းကိစ္စကို ပြီးစေပါတယ်၊ ဇောက အာရုံရဲ့ အရသာကို ခံစားပါတယ်၊ ဒီနိယာမကတော့ စိတ္တနိယာမမည်ပါတယ်။ [ စိတ်ကို မိမိဆိုင်ရာကိစ္စပြီးစေခြင်းမှာ မြဲတဲ့အစွမ်းသတ္တိ မည်ပါတယ်။]

**လောဘကြီးသူ–စသည် ဖြစ်ရပုံ**

ဒီနိယာမ ၅–ပါးထဲမှာ ပါလာတဲ့ ကမ္မနိယာမကြောင့် လောဘ(ရာဂ)ကြီးသူ စသည်တို့ ဖြစ်လာကြရပါတယ်၊ ဘယ်လိုဖြစ်လာကြသလဲဆိုတော့–

၁။ ပုဂ္ဂိုလ်တစ်ဦးမှာ ကံကိုပြုလုပ်တုန်းက လောဘအားကောင်းပြီး အလောဘက အားနည်းနေမယ်၊ အဒေါ, အမောဟတို့က အားကောင်းပြီး ဒေါသ မောဟတို့က အားနည်းနေမယ်ဆိုပါရင် အဲဒီ ပုဂ္ဂိုလ်ရဲ့ အားနည်းတဲ့ အလောဘက လောဘကို မလွှမ်းမိုးနိုင်ပါ၊ အဒေါသ အမောဟတို့က အားကောင်း နေတဲ့အတွက် ဒေါသ,မောဟတို့ကို လွှမ်းမိုးနိုင်ကြပါတယ်၊ ဒါ့ကြောင့် အဲဒီပုဂ္ဂိုလ်ဟာ လောဘ အားကြီးတဲ့ကံက ပဋိသန္ဓေကျိုးကို ပေးလိုက်တဲ့အခါမှာ လောဘကြီးသူ ဖြစ်လာရပါတယ်၊ ဒါပေမဲ့ အေးအေးလူလူ နေတတ်ပါတယ်၊ ဒေါသမကြီးပါ၊ ဝရဇိန်ပမာ ထက်မြက်တဲ့ဉာဏ် ရှိပါတယ်။

[ လောဘကြီးတဲ့ကံကြောင့် လောဘကြီးသူ ဖြစ်လာရပါတယ်၊ အဒေါသ (မေတ္တာ)အားကြီးတဲ့ကံကြောင့် အမျက်ကင်းကွာ အေးအေးလူလူနေလေ့ရှိသူ ဖြစ်လာရပါတယ်၊ အမောဟ(ပညာ–ဉာဏ်)ကြီးတဲ့ကံကြောင့် ဝရဇိန်ပမာ ထက်မြက်တဲ့ဉာဏ်ရှိသူ ဖြစ်လာရပါတယ်။]

၂။ ပုဂ္ဂိုလ်တစ်ဦးမှာ ကံကိုပြုလုပ်တုန်းက လောဘနှင့်ဒေါသက အားကောင်း နေပြီး အလောဘနှင့်အဒေါသက အားနည်းနေမယ်၊ အမောဟက အားကောင်းပြီး မောဟက အားနည်းနေမယ်ဆိုပါရင် အဲဒီပုဂ္ဂိုလ်ဟာ ရှေးကပြောလာခဲ့တဲ့အတိုင်း လောဘ,ဒေါသကြီးပြီး ပညာရှိသူ ဒတ္တာဘယထေရ်လို ဝရဇိန်ပမာ ထက်မြက်သော ဉာဏ်ပညာရှိသူ ဖြစ်ရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



၃။ ပုဂ္ဂိုလ်တစ်ဦးမှာ ကံကိုပြုလုပ်စဉ်က လောဘ, အဒေါသ, မောဟတို့က အားကောင်းပြီး အလောဘ, ဒေါသ, အမောဟတို့က အားနည်းနေပါရင် အဲဒီပုဂ္ဂိုလ်ဟာ ရှေးကပြောလာခဲ့တဲ့အတိုင်း လောဘကြီးသူ, ဉာဏ်လေးသူဖြစ်ပြီး အေးအေးလူလူနေလေ့ရှိသူ, အမျက်မထွက်သူ ဖြစ်တတ်ပါတယ်။

၄။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်မှာ ကံကိုပြုလုပ်စဉ်က လောဘ, ဒေါသ, မောဟ ၃-ပါးလုံးက အားကောင်းပြီး အလောဘ, အဒေါသ, အမောဟတို့က အားနည်းနေပါရင် အဲဒီပုဂ္ဂိုလ်ဟာ ရှေးကပြောလာခဲ့တဲ့အတိုင်း လောဘကြီးသူ, ဒေါသကြီးသူ, ထုံထိုင်းဖျင်းအသူ ဖြစ်လာတတ်ပါတယ်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ရဲ့ကံကို ပြုလုပ်တဲ့ခဏမှာ အလောဘ, ဒေါသ, မောဟတို့က အားကောင်းပြီး လောဘ, အဒေါသ, အမောဟ-တို့က အားနည်းနေပါရင် အဲဒီပုဂ္ဂိုလ်ဟာ ရှေးကပြောလာခဲ့တဲ့အတိုင်း ကိလေသာနည်းပြီး နတ်မှာဖြစ်တဲ့ အာရုံကို တွေ့ရတောင်မှ မတုန်မလှုပ်တတ်ပါ၊ ဒါပေမဲ့ အမျက် ဒေါသကြီးသူ, ဉာဏ်လေးသူ ဖြစ်တတ်ပါတယ်။

၆။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ရဲ့ ကံပြုလုပ်တဲ့ခဏမှာ အလောဘ, အဒေါသ, မောဟတို့က အားကောင်းပြီး လောဘ, ဒေါသ, အမောဟတို့က အားနည်း နေပါရင် အဲဒီပုဂ္ဂိုလ်ဟာ ရှေးကပြောလာခဲ့တဲ့အတိုင်း လောဘမကြီးသူ, အေးအေး လူလူ နေလေ့ရှိသူ, ဖြစ်တတ်ပါတယ်၊ ဒါပေမဲ့ ထုံထိုင်းဖျင်းအသူ ဖြစ်တတ်ပါတယ်။

၇။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ရဲ့ ကံကိုပြုလုပ်တဲ့ခဏမှာ အလောဘ, ဒေါသ, အမောဟ-တို့က အားကောင်းပြီး လောဘ, အဒေါသ, မောဟ-တို့က အားနည်းနေပါရင် အဲဒီပုဂ္ဂိုလ်ဟာ ရှေးကပြောခဲ့တဲ့အတိုင်း လောဘမကြီးသူ, ပညာရှိသူ ဖြစ်တတ်ပါတယ်၊ ဒါပေမဲ့ ဒေါသကြီးသူ, အမျက်ထွက်လေ့ရှိသူ ဖြစ်တတ် ပါတယ်။

၈။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ရဲ့ ကံကိုပြုလုပ်တဲ့ ခဏမှာ အလောဘ, အဒေါသ, အမောဟ ၃-ပါးလုံးတို့က အားကောင်းပြီး လောဘ, ဒေါသ, မောဟ ၃-ပါးတို့က အားနည်းနေပါရင် အဲဒီပုဂ္ဂိုလ်ဟာ မဟာသံဃရက္ခိတထေရ်လို လောဘမကြီးသူ, အေးအေးလူလူ နေတတ်သူ, ဉာဏ်ပညာရှိသူ ဖြစ်တတ်ပါတယ်။

**သတိပြုရန်** ပြောလာခဲ့တဲ့အတိုင်း ရှေးရှေးဘဝက ပြုလုပ်ခဲ့တဲ့ကံက လောဘကြီးသူ ဖြစ်အောင်, လောဘမကြီးသူ ဖြစ်အောင်, ဒေါသကြီးသူ ဖြစ်အောင်, ဒေါသမကြီးသူဖြစ်အောင်, ထုံထိုင်းဖျင်းအသူဖြစ်အောင်, ဉာဏ်ပညာ

www.burmeseclassic.com

www.burmeseclassic.com



ကြီးသူ–စသည်ဖြစ်အောင် စီမံပေးနိုင်တာကို ထောက်ဆပါက ယခု ဘဝမှာပြုလုပ်တဲ့ ကံတွေကလဲ နောင်လာမဲ့ဘဝအဆက်ဆက်မှာ ဒီလိုပဲ စီမံပေးလိမ့်မယ်ဆိုတာကို စဉ်းစားဆင်ခြင်ဉာဏ်ရှိသူတိုင်း သိမြင်နိုင်လောက်ပါတယ်။

ဒါကြောင့် သာသနာရေးမှာ ရှေ့ဆောင်လမ်းပြ လုပ်နေကြတဲ့ ပုဂ္ဂိုလ်တွေက မိမိတို့နှင့် သက်ဆိုင်နေသူတို့ ကုသိုလ်ကောင်းမှု ပြုလုပ်ကြတဲ့အခါမှာ လောဘ, ဒေါသ, မောဟခြံရံတဲ့ ကုသိုလ်ကောင်းမှုမျိုး မဖြစ်စေဘဲ တပ်မက်ကင်းကွာ မေတ္တာ ကရုဏာ ဉာဏ်ပညာတို့ ပါရှိသော ကုသိုလ်မျိုးဖြစ်အောင် ပြုလုပ်ရန်သာ နည်းညွှန် လမ်းပြ ပြုလုပ်သင့်ပါတယ်။

ယခုကာလမှာတော့ အကုန်လုံးလိုလိုပဲ ကုသိုလ်ကောင်းမှုကလေး တစ်ခုခုကို ပြုလုပ်ရာမှာ ဂုဏ်ပကာသနကို ဦးစားပေးပြီး ကြွားလို–ထင်ပေါ်လိုတဲ့ လောဘ, လာဘ်လာဘကို မျှော်လင့်တောင့်တတဲ့လောဘ, ဘဝချမ်းသာကို တောင့်တနေတဲ့ လောဘ, အော်လိုက်ငေါက်လိုက်, မာန်လိုက်မဲလိုက်, ဆိုလိုက်ဆဲလိုက် ဖြစ်တတ်တဲ့ ဒေါသ, ဝင့်ဝါလိုတဲ့ မာန်မာနတွေက ခြံရံနေတတ်ပါတယ်။

နောင်ဘဝသံသရာမှာ ဒီဘဝကပြုလုပ်တဲ့ လောဘခြံရံတဲ့ ကုသိုလ်ကြောင့် လောဘကြီးသူ ဖြစ်မယ်၊ ဒေါသခြံရံတဲ့ကုသိုလ်ကြောင့် ဒေါသကြီးသူ ဖြစ်မယ်၊ မောဟခြံရံတဲ့ကုသိုလ်ကြောင့် ထုံထိုင်းဖျင်းအသူ ဖြစ်မယ်–ဆိုတာကို အမြဲသတိ ပြုကြစေလိုပါတယ်၊ ကုသိုလ်ကောင်းမှုကို စနစ်တကျ ပြုလုပ်တတ်မှသာ နောင်ဘဝ သံသရာ အထက်တန်းရောက်နိုင်တယ်ဆိုတာကိုလဲ သတိပြုကြဘို့ လိုပါတယ်။

ဒါကို အဘိဓမ္မာအဋ္ဌကထာ* မှာ ဥဿဒကိတ္တန=(အလောဘ–စတဲ့ ဂုဏ်တွေနှင့် လောဘ–စတဲ့ အပြစ်တွေရဲ့ များတာကို ပြောပြတဲ့စကား)လို့ မိန့်ဆိုထားပါတယ်၊ ဒါ့အပြင် ဟေတုကိတ္တန(ဟိတ်နှင့်ယှဉ်တဲ့ကံနှင့် အကျိုးကို ပြတဲ့စကား)ကိုလဲ ဆက်လက်ပြဆိုထားပါသေးတယ်၊ အဲဒီ ဟေတုကိတ္တနကိုလဲ သိသာရုံမျှ ပြဆိုသွားပါအုံးမယ်။

**ကံနှင့် ကံရဲ့အကျိုး** ကုသိုလ်ကောင်းမှု ပြုလုပ်တဲ့အခါမှာ အလောဘ, အဒေါသ, အမောဟဆိုတဲ့ ဟိတ် ၃–ခုပါဝင်နေတဲ့ ကုသိုလ်ကို တိဟိတ် ကုသိုလ်လို့ ခေါ်ပါတယ်၊ အမောဟ–(ကံနှင့်ကံရဲ့အကျိုးကို သိမြင်တတ်တဲ့ဉာဏ်) မပါဝင်ဘဲ အလောဘ, အဒေါသဆိုတဲ့ ဟိတ် ၂–ခုမျှသာ ပါဝင်တဲ့ ကုသိုလ်မျိုး ကိုတော့ ဒွိဟိတ်ကုသိုလ်လို့ ခေါ်ပါတယ်။

---

* ဘိ–ဋ္ဌ–၁၊ ၃၀၈။

www.burmeseclassic.com

www.burmeseclassic.com



ဒါ့အပြင် မိမိတို့ ပြုလုပ်တဲ့ ကုသိုလ်ကောင်းမှုကို အကြောင်းပြုပြီး မိမိတို့ ပြုလုပ်တဲ့ ကုသိုလ်ကောင်းမှုရဲ့ ရှေ့ပိုင်းမှာရော, နောက်ပိုင်းမှာပါ ကုသိုလ်စိတ်တွေ ထပ်ကာထပ်ကာ ဖြစ်နေမယ်ဆိုရင် အဲဒီကုသိုလ်မျိုးကို ဥက္ကဋ္ဌ(အထက်တန်းစား) ကုသိုလ်လို့ ခေါ်ပါတယ်၊ မိမိတို့ ပြုလုပ်တဲ့ ကုသိုလ်ကောင်းမှုကို အကြောင်းပြုလို့ မိမိတို့ပြုလုပ်တဲ့ ကုသိုလ်ကောင်းမှုရဲ့ ရှေ့ပိုင်းမှာရော, နောက်ပိုင်းမှာပါ အကုသိုလ်တွေ ထပ်ကာထပ်ကာ ဖြစ်နေမယ်ဆိုရင် အဲဒီကုသိုလ်မျိုးကိုတော့ ဩမက(အောက်တန်းစား)ကုသိုလ်လို့ ခေါ်ပါတယ်။

ဒီစကား ၂-ရပ်ကို ပေါင်းစပ်ညှိနှိုင်းလိုက်ပါက ကာမာဝစရနယ်ပယ်မှာ—

၁။ တိဟိတ်ဥက္ကဋ္ဌ= တိဟိတ်အထက်တန်းစားကုသိုလ်၊
၂။ တိဟိတ်ဩမက= တိဟိတ်အောက်တန်းစားကုသိုလ်၊
၃။ ဒွိဟိတ်ဥက္ကဋ္ဌ= ဒွိဟိတ်အထက်တန်းစားကုသိုလ်၊
၄။ ဒွိဟိတ်ဩမက= ဒွိဟိတ်အောက်တန်းစားကုသိုလ်။

ဒီလို ကုသိုလ် ၄-မျိုး ဖြစ်လာပါတယ်။

ဒီ ၄-ပါးထဲမှာ ပါလာတဲ့ တိဟိတ်အထက်တန်းစား ကုသိုလ်ကံကြောင့် လူ့ပြည့်နှင့် နတ်ပြည် ၆-ထပ်ထဲက တစ်ခုခုမှာ မဟာဝိပါက် ဉာဏသမ္ပယုတ်စိတ် ၄-ပါးထဲက တစ်ပါးပါးနဲ့ ပဋိသန္ဓေ တည်နေရတဲ့ တိဟိတ်ပုဂ္ဂိုလ် ဖြစ်ရပါတယ်၊ သူရဲ့ပဋိသန္ဓေစိတ်မှာ အလောဘ, အဒေါသ, အမောဟဆိုတဲ့ ဟိတ် ၃-ပါးပါဝင်နေတဲ့အတွက် တိဟိတ်ပုဂ္ဂိုလ်လို့ ခေါ်ရပါတယ်။

အဲဒီလို တိဟိတ်ပုဂ္ဂိုလ်ဖြစ်မှသာ နောင်အကြောင်းအားလျော်စွာ တရားအားထုတ်ပါက ဈာန်တရား, မဂ်တရား, ဖိုလ်တရားတွေကိုရပြီး နိဗ္ဗာန်ကိုပါ မျက်မှောက်ပြုနိုင်ပါတယ်၊ တရားအားမထုတ်ဘဲ အတတ်ပညာသင်ရင်လဲ အထက်တန်းရောက်အောင် တတ်မြောက်နိုင်ပါတယ်၊ ပစ္စည်းဥစ္စာရှာဖွေမယ်ဆိုရင်လဲ ထူးထူးခြားခြား အောင်မြင်နိုင်ပါတယ်။

ဗုဒ္ဓဘာသာဝင် သူတော်စင်တွေရဲ့ ကုသိုလ်ကောင်းမှု ပြုလုပ်တာကလဲ ဘဝသံသရာ လွတ်မြောက်ရေးနှင့် ဘဝသံသရာမှာ ကောင်းစားရေး အတွက်သာ ဖြစ်ပါတယ်၊ ဘဝသံသရာမှာ နစ်မွန်းရေးအတွက် မဟုတ်ပါ၊ ဒါ့ကြောင့် လူ တိုင်း လူတိုင်းက တိဟိတ်အထက်တန်းစား ကုသိုလ်ဖြစ်အောင်သာ ပြုလုပ်သင့်ကြပါတယ်၊ အခုပြောခဲ့တာက ပဋိသန္ဓေကျိုး ဖြစ်ပါတယ်။

ပဝတ္တိအခါမှာတော့ အဟိတ်ကုသလဝိပါက် ၈-ပါး, မဟာဝိပါက် ၈-ပါး ဆိုတဲ့ အကျိုးကို ပဉ္စဝေါကာရ ၂၆-ဘုံမှာ ထိုက်သည်အားလျော်စွာ အကျိုးပေးနိုင်

www.burmeseclassic.com

www.burmeseclassic.com



ပါတယ်၊ ပဋိသန္ဓေနေပြီးတဲ့နောက် တစ်ဘဝလုံးမှာ ကောင်းတဲ့အဆင်းကို တွေ့ရတာ, ကောင်းတဲ့အသံကို ကြားရတာ, ကောင်းတဲ့အနံ့ကို နမ်းရှူရတာ, ကောင်းတဲ့အရသာကို စားသောက်ရတာ, ကောင်းတဲ့အတွေ့အထိကို တွေ့ထိရတာတွေဟာ ကာမာဝစရကုသိုလ်ကံရဲ့ ပဝတ္တိအကျိုးတွေပဲ ဖြစ်ပါတယ်။

တိဟိတ်အောက်တန်းစားဖြစ်တဲ့ ကုသိုလ်ကံနှင့် ဒွိဟိတ်အထက်တန်းစားဖြစ်တဲ့ ကုသိုလ်ကံကြောင့် လူ့ပြည်နှင့် နတ်ပြည် ၆-ထပ်မှာ မဟာဝိပါက်ဉာဏဝိပ္ပယုတ်စိတ် ၄-ပါးထဲက တစ်ပါးပါးနဲ့ ပဋိသန္ဓေတည်နေရတဲ့ ဒွိဟိတ်ပုဂ္ဂိုလ် ဖြစ်လာပါတယ်၊ သူရဲ့ပဋိသန္ဓေစိတ်မှာ အမောဟဆိုတဲ့အသိဉာဏ် မပါဘဲ အလောဘ, အဒေါသဆိုတဲ့ ဟိတ် ၂-ခုမျှသာ ပါဝင်လို့ ဒွိဟိတ်ပုဂ္ဂိုလ်လို့ ခေါ်ရပါတယ်။

ဒီပုဂ္ဂိုလ်မျိုးဟာ လူ့ဘဝ, နတ်ဘဝကို ရနိုင်ပေမဲ့ ပဋိသန္ဓေစာတ်ခံ အသိဉာဏ် ပါမလာတဲ့အတွက် နောင်အကြောင်းအားလျော်စွာ တရားအားထုတ်ပေမဲ့ ဈာန်မျှကိုတောင်မှ မရနိုင်တော့ပါ၊ မဂ်, ဖိုလ်, နိဗ္ဗာန်ကို ရရန်အရေးမှာတော့ ဝေးကွာလှပါတယ်၊ ဒါ့ကြောင့် ကုသိုလ်ကောင်းမှု ပြုလုပ်တဲ့အခါ တိဟိတ်ဩမကကုသိုလ်နှင့် ဒွိဟိတ်ဥက္ကဋ္ဌကုသိုလ် မဖြစ်အောင် သတိထားကာ ပြုလုပ်သင့်ပါတယ်၊ ဒါကတော့ ပဋိသန္ဓေကျိုးပဲ ဖြစ်ပါတယ်။

ပဝတ္တိအခါမှာတော့ မဟာဝိပါက်ဉာဏဝိပ္ပယုတ် ၄-ပါး, အဟိတ်ကုသလဝိပါက် ၈-ပါး, ပေါင်း ၁၂-ပါးသောဝိပါက်ဆိုတဲ့ ၁၂-ပါးသောအကျိုးကို ကာမ ၁၁-ဘုံ, အသညသတ်ကြဉ်တဲ့ ရူပ ၁၅-ဘုံဆိုတဲ့ ပဉ္စဝေါကာရ ၂၆-ဘုံမှာ ဖြစ်စေပါတယ်။

ဒွိဟိတ်အောက်တန်းစားဖြစ်တဲ့ ကုသိုလ်ကံကြောင့် လူ့ပြည်နှင့် စာတုမဟာရာဇ်ပြည်ထဲက ဘုမ္မစိုးနတ်ကြီးတွေကို မှီခိုနေရတဲ့ ဝိနိပါတိကအသုရာတွေ, သန္ဓေကန်းအစရှိတဲ့လူတွေ ဖြစ်လာရပါတယ်၊ အဲဒီပုဂ္ဂိုလ်မျိုးကို သူတို့ရဲ့ပဋိသန္ဓေက ကုသလဝိပါက် သန္တီရဏစိတ်ဆိုတဲ့အဟိတ် + ဖြစ်ရာဘုံက သုဂတိဘုံဖြစ်တဲ့အတွက်= ၂-မျိုးကို ပေါင်းစပ်လို့ သုဂတိအဟိတ်ပုဂ္ဂိုလ်လို့ ခေါ်ပါတယ်။

အဲဒီ သုဂတိအဟိတ်ပုဂ္ဂိုလ်ဆိုတာဟာ မွေးကတဲက ကန်းလာသူ, နားထိုင်းလာသူ, စကားမပီသသူ, ထစ်အသူ, ထိုင်းမှိုင်း-ဖျင်းအသူ-စတဲ့ လူစဉ်မမီသူတွေဘဲ ဖြစ်ပါတယ်။

ဒါ့ကြောင့် ကုသိုလ်ကောင်းမှု ပြုလုပ်တဲ့အခါမှာ ကန်း, ပင်း, ဆွံ့, အ-စတဲ့ အကျိုးကို ဖြစ်စေတတ်တဲ့ ဒွိဟိတ်ဩမကကုသိုလ်မျိုး မဖြစ်ရအောင် အထူးရှောင်ကြဉ်သင့်ပါတယ်၊ သူတို့ရဲ့ ပဝတ္တိအခါမှာ အဟိတ်ကုသလဝိပါက် ၈-ပါးဆိုတဲ့ အကျိုးမျှသာ ဖြစ်ပါတော့တယ်။

www.burmeseclassic.com

www.burmeseclassic.com



ကံအကြောင်းနှင့်ပတ်သက်လို့ ပြောလာခဲ့တာ အတော်လေး စုံလင်လာပါပြီ၊ မှတ်မှတ်သားသား လိုက်နာပြုကျင့်ပါက မိမိတို့ရဲ့ ဘဝသံသရာအတွက်၊ ဘဝသံသရာ လွတ်မြောက်ရေးအတွက် အားကိုးစိတ်ချရလောက်တဲ့ ပုဂ္ဂိုလ်မျိုးတွေ ဖြစ်နိုင်ကြပါတယ်၊ အနှစ်ချုပ်အနေနဲ့ ပြောရမယ် ဆိုပါရင် ကုသိုလ်ကောင်းမှု ပြုလုပ်တဲ့အခါတိုင်းမှာ—

BURMESE CLASSIC .com

၁။ ကံနှင့်ကံရဲ့အကျိုးကို သိမြင်နားလည်တဲ့ ကမ္မဿကတာ ဉာဏ်ပညာ ပါဝင်ပါစေ၊

၂။ ဂုဏ်ပကာသန ကြွားဝါမှုနှင့် လာဘ်လာဘကို မျှော်လင့်တောင့်တမှုတို့ ကင်းပါစေ၊

၃။ မိမိပြုလုပ်ထားတဲ့ ကုသိုလ်ကံကို အကြောင်းပြုပြီး ရှေ့ပိုင်းမှာရော၊ နောက်ပိုင်းမှာရော အကုသိုလ်တွေ မပါဝင်ပါစေနှင့်၊

၄။ ဗောဓိဆု ၃–ပါးထဲက တစ်ပါးပါးကို တောင့်တပြီး ပြုလုပ်ပါ။

ဒီလို တိဟိတ်အထက်တန်းစား ပါရမီကုသိုလ်မျိုးဖြစ်အောင် ပြုလုပ်မှသာ ကုသိုလ် ပြုရကျိုး နပ်ကြမှာ ဖြစ်ပါတယ်။

ဒါ့ကြောင့် အခု တရားနာနေကြတဲ့ ပရိသတ်နှင့်တကွ အလှူရှင်တွေကလဲ ကုသိုလ်ကောင်းမှု လုပ်တိုင်းလုပ်တိုင်း အမှုမဲ့ အမှတ်မဲ့ မလုပ်ကြဘဲ တိဟိတ်အထက် တန်းစား ပါရမီကုသိုလ်မျိုးဖြစ်အောင် ပြုလုပ်ကြပြီး မိမိတို့မျှော်မှန်းထားတဲ့ ဗောဓိဆုကို အသီးအသီး ကိုယ်စီကိုယ်င ရနိုင်ကြပါစေသောဝ်။

**ဗုဒ္ဓအလိုတော်ကျ ကျင့်သုံးနေထိုင်နည်း (ဒုတိယတွဲ)**
**ပြီးပါပြီ။**

www.burmeseclassic.com